


www.burmeseclassic.com
ရှုမဝ
နိုနိုအောင်စီစဉ်သည်
BURMESE CLASSIC
တံခွန်တိုင်မောက်ရွှေမများ
မဟာဆွေ
ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေး (၃) ပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

၁။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
၂။ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
၃။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
၄။ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

☞ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☞ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☞ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
☞ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

## နတ်နွယ်

# တံခွန်တိုင်ပြောင်နေသူများ

(သုံးအုပ်တွဲ - စဆုံး)

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်စာပေ(၂)၏ စာအုပ် ၁၈
စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၅၀၀၁၇၈၀၅၀၂ ]

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၅၀၀၁၇၃၀၆၀၂

○

**ပုံနှိပ်**
ဒုတိယအကြိမ်၊
အုပ်ရေ (၁၀၀၀)
ရန်အောင်စာပေ(၂)၊ ဖေဖော်ဝါရီလ၊ ၂၀၀၆

**မျက်နှာဖုံးပန်းချီ**
ဝသုန်

**စာအုပ်ချုပ်**
ကိုမြင့်

**ကွန်ပျူတာ**
"မြတ်" ကွန်ပျူတာစာစီ
အမှတ်(၁၄၅)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

○

**ထုတ်ဝေသူ**
ဦးသက်လှိုင်(နီလေးမောင်) မိုးစန္ဒာစာပေတိုက်
အမှတ်(၂၆၇)၊ ခရေပင်လမ်း၊ ၃-ရပ်ကွက်၊ သောဂီမှထုတ်ဝေ၏

○

**အတွင်းပုံနှိပ်**
ဒေါ်မြင့်မြင့်ဦး၊ သင်္ဂဟပုံနှိပ်တိုက်
လမ်း-၄၀(အထက်)၊ ကျောက်တံတား။

**မျက်နှာဖုံးပုံနှိပ်**
Colour Zone Offset ဦးဇော်ဝင်းမြင့်
အမှတ်(၁၈၄-ဘီ)၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**တန်ဖိုး(၂၀၀၀)ကျပ်**

# ရန်အောင်စာပေ-၂၊ နီနီ ဖြန့်ချိရေး မှ ထွက်ရှိပြီးသော စာအုပ်များ

## ထွက်ပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ | ရန်အောင့်စာ၊ ရန်အောင့်ဘဝ | (ရန်အောင်) |
| ၂။ | မြတ်ပန်းဥယျာဉ် | ( ။ ) |
| ၃။ | အညာသူကလေး | ( ။ ) |
| ၄။ | ဝတ္ထုတိုစု(၁) | ( ။ ) |
| ၅။ | အချစ် | (သုမောင်) |
| ၆။ | ၃ နှင့် အခြားဝတ္ထုတိုများ | ( ။ ) |
| ၇။ | စာမျက်နှာ(၁၆) | ( ။ ) |
| ၈။ | အချစ်သစ်ပင် | ( ။ ) |
| ၉။ | အချစ်နှင့်သူ၏ကိုကို | ( ။ ) |
| ၁၀။ | အကြွေး | ( ။ ) |
| ၁၁။ | ရွှေလှံဗိုလ် | (ယုဝတီခင်စိန်လှိုင်) |
| ၁၂။ | ဗိုလ်ရွှေဖြိုင် | ( ။ ) |
| ၁၃။ | တောင်ပံမဲ့သည့် ငှက်ငယ်များ | (မောင်ထွန်းသူ) |
| ၁၄။ | လာရာလမ်းလွမ်းမိပါရဲ့ | ( ။ ) |
| ၁၅။ | မင်းမဆိုးပါဘူး | (မင်းလူ) |
| ၁၆။ | ရင်တွင်းခံစားမှုပုံရိပ်များ | (ရေနံမြေမောင်မောင်ကြည်) |
| ၁၇။ | အဆိပ်နှင့်ကမ္ဘာတစ်သိန်း | (ချစ်ဦးညို) |

## ယခုလ

| | | |
|---|---|---|
| ၁၈။ | တံခွန်တိုင်မောင်နှမများ | (နတ်နွယ်) |

www.burmeseclassic.com

www.burmeseclassic.com

တံခွန်တိုင်မောင်နှမများ
ပထမအကြိမ်၊ ၁၉၇၂၊ စက်တင်ဘာလ
ဒုတိယအကြိမ်၊ ၁၉၇၇၊ မေလ

သည်ခေတ်နှင့်သည်မောင်နှမများ
၁၉၇၂၊ အောက်တိုဘာလ

လောကစား ကြွားတလှုလှုဝေ
၁၉၇၇၊ မေလ

တံခွန်တိုင်မောင်နှမများ
(သုံးအုပ်-စဆုံး)
ပထမအကြိမ်၊ ၂၀၀၆၊ လ

# အမှာ

သူတို့မိသားစုတွင် သူတို့အင်မတန်လေးစားကြည်ညိုသော အစ်ကိုကြီး တစ်ယောက်ရှိသည်။ ထိုအစ်ကိုကြီးအကြောင်းကို ပြော၍မဆုံး ဂုဏ်ယူ၍မဆုံးရှိကြသည်။ ကျွန်တော်မှ ထိုအစ်ကိုကြီးဆိုသူကို မတွေ့ဖူး၊ မမြင်ဖူး၊ ကျွန်တော်နှင့်သူတို့မိသားစု ဆီထွမ်းချိန်က ယင်းအစ်ကိုကြီးသည် ဈေးထဲတွင်ရှိနေသည်။

အစ်ကိုကြီး၏ညီမများသည် ကျောင်းသားလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ကြသည်၊ တိုးတက်သော အသိုင်းအဝိုင်းတွင် ကျင်လည်ကျက်စားကြသည်။ သူတို့အစ်ကိုကြီး၏ခြေရာကို နင်းနိုင်အောင် ကြိုးစားမည်ဟုဆိုကြသည်။

သို့သော် ထိုအချိန်တွင် သူတို့၏အစ်ကိုလတ်ဆိုသူသည် သူတို့၏လှုပ်ရှားမှုများတွင် စိတ်ဝင်စားပုံမရှိ၊ အစ်ကိုကြီးကိုလည်း ငြိတွယ်ဟန်မပြ။ သူနေပုံထိုင်ပုံက သူတို့နှင့် မောင်နှမတော်သည်ဟုပင် ပြောရန်ခက်သည်။ သူတို့က အစ်ကိုလတ်ကို လူဆိုးကြီး၊ လူကြမ်းကြီးသဖွယ် သဘောထားသည်။

သူတို့တွင် အစ်မကြီးတစ်ယောက်ရှိသည်။ သူကလည်းတစ်မျိုး၊ ကျောင်းဆရာမကြီးဖြစ်သည်။ အနေအထိုင်အေးသည်။ သို့သော် သူ၏မျက်လုံးများသည် အမြဲတမ်းပင် တစ်စုံတစ်ခုကို မသက်သာဟန်ရှိသည်။

သူတို့တွင် မောင်အငယ်များလည်းရှိသေးသည်။ ထိုစဉ်က ငယ်သေးသဖြင့် မည်သူက ဘာဆိုသည်ကို အကဲဖမ်း၍မရ၊ သို့သော် ရိုးတိုးရိပ်တိတ်ကလေးများတော့ မြင်သာနေပြီဖြစ်သည်။

နောက် ဘာဖြစ်သနည်း။

အစ်ကိုကြီး အလင်းဝင်လာသည်။ ညီအစ်မများ အိမ်ထောင်ကျသည်။ ကားနှင့် တိုက်နှင့် ရာထူးနှင့်ဖြစ်ကြသည်။ ထို့နောက် သူတို့၏သားသမီးများကို ဒဂုန်အထက (၁)လို နေရာမျိုးတွင်ထားနိုင်ရန် ကြိုးစားကြသည်။

အစ်ကိုလတ်က အရင်ကအတိုင်းပင်ဖြစ်သည်။ ဘာမျှပြောင်းလဲသည် မတွေ့ရ၊ အစ်မကြီးလည်း သည်အတိုင်းပင်။ အပျိုကြီးဘဝ ဆရာမကြီးဘဝနှင့် ရှိနေသည်။ မောင်ငယ်တစ်ယောက်က ထောင်ထဲတွင်ရှိသည်။ မောင်ငယ်တစ်ယောက်က စစ်ဗိုလ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမောင်နှမမျိုးတွေ ကျွန်တော်တို့နိုင်ငံတွင် အများကြီးဖြစ်သည်။ တစ်အူတုံဆင်း၊ တစ်မိရင်းဖြစ်သော်လည်း စရိုက်မတူကြ၊ ရုပ်တည်မှုမတူကြ၊ တူသည့်လူများလည်း ရှိကြသည်။ သည်ပုတ်ထဲက သည်ပဲများ။

သည်အဖြစ်မျိုး ကျွန်တော်တို့ခေတ်တွင်သာရှိသည်မဟုတ်ပါ။ ပြန်ကြည့်ပါ။ အဖေနှင့်ဦးလေး၊ အမေနှင့်အဒေါ်၊ မတူခြားနားသည်များကို တွေ့ရပါမည်။ သည်ကလွန်၍ ကြည့်ပါဦး။ အဖိုးတစ်ယောက်နှင့်တစ်ယောက် မတူပါ။ အဖွားတစ်ယောက်နှင့်တစ်ယောက် မတူပါ။ တူတာတွေလည်း ရှိပါသည်။ ပုတ်ထဲက ပဲများ။

မည်သည့်ခေတ်၊ မည်သည့်သက္ကရာဇ်တွင်ဖြစ်စေ၊ မတူခြားနားသော ရုပ်တည်မှုများရှိသည်။ ရောထွေးယှက်တင်မှုများ ရှိပါသည်။ ပြောင်းလဲဖြစ်ပေါ်မှုများ ရှိပါသည်။

ကျွန်တော်၏ဝန်းကျင်တွင် လူတွေအများကြီးရှိပါသည်။ မောင်နှမတွေ အများကြီးရှိပါသည်။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ စီးပွားရေးဖြစ်ပေါ်မှုများ၊ အားပြိုင်မှုများ၊ ပြောင်းလဲမှုများ၊ တိုးတက်မှုများ၊ ပျက်စီးမှုများ အဆက်မပြတ်ဖြစ်ပေါ်နေသည်။ ယင်းဖြစ်ပေါ်မှုများကို အခြေခံပြီး မောင်နှမများ၏ အခြေအနေရုပ်တည်မှုတို့သည် အမျိုးမျိုးအပုံပုံဖြစ်ကြရကုန်ပါသည်။

သည်သဘောကို ကျွန်တော်ဆင်ခြင်မိသည်မှာ အတော်ကလေးကြာပါပြီ။ စိတ်ပါဝင်စားသည့်အလျောက်လည်း ယင်း၏အတွင်းသဘောနှင့် အနက်အဓိပ္ပာယ်ကို လေ့လာစိစစ်ခဲ့ပါသည်။

ယင်းသို့ဖြင့် ကျွန်တော်သည် တံခွန်တိုင်မောင်နှမများအမည်ရှိသော ဝတ္ထုတစ်ပုဒ်ကိုရေးသားရန် အကြံအစည်ဖြစ်ခဲ့ပါသည်။ သည်အကြောင်း မိတ်ဆွေ စာရေးဆရာတစ်ဦးကို ပြောခဲ့ဖူးပါသည်။ ယင်းစာရေးဆရာတွင်လည်း ညီအစ်ကိုမောင်နှမများ ရှိပါသည်။ ပြဿနာများ ရှိပါသည်။ ကျွန်တော်မြင်တွေ့နေသော မောင်နှမများနှင့် ခေတ်သဘောကို သူလည်း မြင်တွေ့လျက်ရှိပါသည်။ ယင်းကြောင့် သူက ကျွန်တော့်ကို ရေးဖြစ်အောင်ရေးရန် အကြောင်းသင့်တိုင်း ပြောဆိုတတ်ပါသည်။

တံခွန်တိုင်မောင်နှမများဟူသော အမည်ကို ကြံဆမိခြင်းမှာတော့ တော့ဒေါ်စတာဒယက်စကီး၏ **ကရာမာဇော့ညီအစ်ကိုများ** ဝတ္ထုနှင့် ××**ညီအစ်မများ** ဟူသော အမည်ကို ရေဒီယိုတွင် မကြာခဏကြားနေကြရသည်မှ သီးပွင့်လာခြင်းဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်မိတ်ဆွေ ကာတွန်းတင်ဦးလေးနှင့် စကားစပ်မိပါသည်။ သူက သူ၏ကာတွန်းကြေးမုံ အပတ်စဉ်စာစောင်ကလေးကို ခန့်ခန့်သန့်သန့်ကလေး



...သည်ဟုဆိုပါသည်။ ထိုအချိန်က ကာတွန်းများ ပလူပျံနေသည်။ ဈေးကွက်...နေပါသည်။ ထိုအခါ အုတ်အရောရော၊ ကျောက်အရောရော ဖြစ်လာရပါသည်။ ...တွေရှိသလို မသင့်တာတွေလည်း အများကြီးဖြစ်လာပါသည်။

တင်ဦးလေးက သူ၏စာစောင်ကို သန့်သန့်လေးဖြစ်စေလိုပါသည်။ ဇာတ်လမ်း...တလေးများ ဖြစ်ချင်သည်။ လက်ရာကောင်းကလေးများ ဖြစ်ချင်သည်။ ယင်း...ကြောင့် ကျွန်တော်လက်လှမ်းမီရာ စာရေးဆရာအချို့ကို ဇာတ်လမ်းများရေးပေးဖို့ ပြော...ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း မျက်နှာဖုံးဇာတ်လမ်းရှည် ရေးပေးမည်ဟု ...ပေးလိုက်ပါသည်။ ကျွန်တော်၏ဇာတ်လမ်းကို ဆရာကြီးဦးအုန်းလွင်က သရုပ်ဖော်...ဆွဲမည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ကျွန်တော်၏ **နန်းစပယ်၏မာယာတစ်သိန်း**ကို ပန်းချီညိုလှ... မျက်ကျောဖုံးဇာတ်လမ်းရှည်အဖြစ် ရေးဆွဲဖော်ပြမည်ဖြစ်သဖြင့် ရှေ့ဖုံးဇာတ်လမ်း... 'ရာဇဝင်စွန့်စားခန်းဝတ္ထု' ရေးရန် စီစဉ်ရပါသည်။

စာစောင်တစ်ခုတည်းတွင် ကျွန်တော်၏ကလောင်အမည် နှစ်ထပ်မသုံးလိုသဖြင့် ...ဇာတ်လမ်းတွင် ရေးသူအမည်မခံဘဲ အမှတ်အသားပြခဲ့ပါသည်။ ဝတ္ထုအမည်ကို ...ငြင်း အခြားရုပ်ပြဇာတ်လမ်းအမည်များနှင့် ခြားနားစေရန် 'တံခွန်တိုင်မောင်နှမများ' ...ည်ကို သုံးလိုက်ပါသည်။

ဤတွင် မိတ်ဆွေစာရေးဆရာက အမည်ကို နမြောကြောင်းဆိုပါသည်။ သူက ...အမည်ဖြင့် မျက်မှောက်ခေတ်ကို ကျောရိုးပြုသောဝတ္ထုပဲ ရေးစေလိုသည်။ ကျွန်တော် ...ရုပ်ပြဇာတ်လမ်းက သီပေါခေတ်ကို ကျောရိုးပြုထားသည်။

မည်သို့ဆိုစေ၊ ကျွန်တော်၏ဇာတ်လမ်းသည် မောင်နှမများအကြောင်း၊ အဆိုး...ကောင်းများသာ ဖြစ်ချေသည်။

တံခွန်တိုင်မောင်နှမများဇာတ်လမ်းသည် ကာတွန်းကြေးမုံစာစောင်တွင် ဆယ်ပတ်...ဖော်ပြပြီးနောက် တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

ယခုထုတ်ဝေသူက ကာတွန်းကြေးမုံမှ တံခွန်တိုင်မောင်နှမများကို ဝတ္ထုပြန်...ည်ရေးသားပါဟု ဆိုသည်။

မည်သို့ဆိုစေ၊ တံခွန်တိုင်မောင်နှမများကို ကျွန်တော် အစဉ်အမြဲလိုပင် ရေးချင်...တ်ရှိနေသည်ဖြစ်၍ ရေးချလိုက်ပြီဖြစ်သည်။ သို့သော် ကာတွန်းကြေးမုံတွင် ပါဝင်သည့်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကြောင်းဇာတ်ကွက်အတိုင်းကား မဟုတ်ပါချေ။ ရုပ်ပြဇာတ်လမ်းပရိသတ်နှင့် ဝတ္ထုပရိသတ် မတူနိုင်ပါချေ။ ရေးသားဖန်တီးသည့် အတတ်ပညာတွင်လည်း မတူနိုင်ပါချေ။

သို့တစေ လုံးဝကွဲပြားခြားနားသည်ဟုလည်း မဆိုသာပါချေ။ သင့်တင့်လျော်ပတ်သည်များ အားလုံးကိုပင် ပြန်လည်အသုံးပြုထားပါသည်။ အထူးသဖြင့် သီပေါခေတ်ကို နောက်ခံပြုသည်ကိုလည်း မပြောင်းလဲဘဲထားခဲ့ပါသည်။

သို့ရာတွင် ဤဝတ္ထုကို ရာဇဝင်စွန့်စားခန်းဝတ္ထုဟုတော့ ကျွန်တော်မမြင်ပါ။ သမိုင်းနောက်ခံဝတ္ထုဟုလည်း မပြောချင်ပါ။ ဖဆပလခေတ်ကိုရေးလျှင် သမိုင်းနောက်ခံဝတ္ထုလား။ ဂျပန်ခေတ်ကိုရေးလျှင် သမိုင်းနောက်ခံဝတ္ထုလား။ အင်္ဂလိပ်ခေတ်ကိုရေးလျှင် သမိုင်းနောက်ခံဝတ္ထုလား။

မနေ့ကအကြောင်းကို ရေးသည်နှင့် တစ်နေ့ကအကြောင်းကို ရေးသည်မှာ ဘာထူးခြားသနည်း။ မနှစ်က အကြောင်းကို ရေးသည်။ တစ်နှစ်ကအကြောင်းကို ရေးသည်ကော ဘာထူးခြားသနည်း။ အားလုံးလိုပင် ကိုယ် မြင်ခဲ့တွေ့ခဲ့၊ ကြားခဲ့ရသည်များ မဟုတ်ပါလား။ ကိုယ့်မိတ်ဆွေ၊ ကိုယ့်မိဘ၊ ကိုယ့်ဘိုးဘွားတို့ မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့သည်များ မဟုတ်ပါလား။

သီပေါခေတ်တွင် အဘိုးအဘွားများ၏ခေတ်ပင် မဟုတ်ပါလား။ အဘိုးအဘွားများအကြောင်းရေးခြင်းသည် ရာဇဝင်လား၊ သမိုင်းလား။

မည်သို့ပင်ဆိုစေ ကျွန်တော်၏ဝတ္ထုသည် ကျွန်တော် စဉ်းစား ဆင်ခြင်မိသော ညီအစ်ကိုမောင်နှမများအကြောင်းပင် ဖြစ်ပါသည်။ ကျွန်တော် ပြောလိုသည်မှာ ဝတ္ထုပုံသဏ္ဌာန်ဖြင့် ပြောဆိုထားခြင်း ဖြစ်ပါသည်။

ဝတ္ထုသည် ဝတ္ထုသာ ဖြစ်ပါသည်။ ချစ်သောစာဖတ်သူများ မိမိနှစ်သက်သလို စဉ်းစားဆင်ခြင်နိုင်ပါသည်။

နတ်နွယ်

၁၉-၈-၇၂

၁ ၀ ဆည်းဆာ [ က ]

နေသည် ပတ္တမြားရောင်သန်းစပြုချေပြီ။ တောရိပ်တောင်ရိပ်တို့တွင် ငှက်ခါးရောင် ယှက်နေသည်။ တပယ်တောင်တန်းသည် နီပြာရောင်ညို့ညို့။ တောင်ခြေတွင် နေသော ရွာကလေးသည် မှုန်ရီမှိုင်းပျပျ။

မဟူရာရောင် မြင်းနက်ကြီးသည် မြေစာများ တဖွားဖွားထအောင် လွှားခနဲ တော ခုန်ကာ မြားပစ်လွှတ်သည့်ပမာ ဒုန်းသွားနေသည်။ ဝါရောင် ညိုရောင် ရောင် ယုန်ငယ်များသည် ဆောက်ချုံ သန်း ဒဟတ်ချုံများသို့ တိုးဝင်ပြေးကြ ကြောင်လျှာပင်ထက်တွင် မှေးငိုက်နေသော ဘုတ်ဝါကြီးသည်သာ မသိကျိုးကျွံ ည်။

မြင်းစီးလုလင်သည် ဆည်းရီမချုပ်မီတွင် တစ်စုံတစ်ခုသောဌာနသို့ ရောက်ရှိရန် တကောရှိသည့်ဖောဖြင့် မြင်းဇက်ကို အနည်းငယ်မျှ မချုပ်ဘဲ နောက်ဘက်သို့ င်းပြန်ကြည့်သည်။

ပုစွန်ဆီသွေး နေလုံးကြီးသည် တောညို့ညို့ တောင်ရေးရေးထက်တွင် အိမြေနှင့် ကြာနှင့် သံပတ္တိနှင့် ရှိနေသည်။ မကြာမီ ဤမြေဤဒေသနှင့် ခွဲခွာရမည့်အရေးကို ဉ်မျှ ပူပင်ကြောင့်ကြဟန်မရှိ။

မြင်းစီးလုလင်ကသာ နေလုံးကွယ်ပျောက်သွားမည်ကို ချစ်သူ့မျက်နှာ ပျောက် ည့်အလား စိုးရိမ်ပူပန်ခြင်း ဖြစ်နေသည်။ မဟူရာမြင်းကြီး၏တင်ပါးကို လက်ဝါး င်နှင့် ရိုက်ပုတ်ပြီး အသော့နှင်နေသည်။

သူသွားရမည့်ခရီးကို အမှောင်ထုမဖိစီးခင်မှာပင် ရောက်လိုသည်။ ကြားခုလတ် င် သောင်မတင်ချင်။ အေးအေးဆေးဆေးသာဆိုလျှင် သူတွေ့ရမည့်သူတစ်ဦး ရှိသည်။ သော် နောက်မှ တံတားဦးကိုတစ်ခေါက်ပြန်လာမည်။ လောလောဆယ်တွင်မူ အုံ့ဖွယ် ရဲ့ပုဂ္ဂိုလ်ကြီးနှင့် အရင်တွေ့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နောက်ကိုမကြည့်တော့။ ရှေ့သို့သာ တစ်ဟုန်ထိုး။

စစ်ကိုင်းတောင်ရိုးသည်လည်းကောင်း၊ အင်းဝမြို့ဟောင်းသည်လည်းကောင်း၊ မြူမှုန်ဆိုင်းဆိုင်းတွင် ငိုက်မျည်းစပြုနေကြသည်။ ဧရာဝတီမြစ်မကြီးနှင့် ဒုဋ္ဌဝတီမြစ်ငယ် တို့သည်လည်း လေးလံဖင့်တွဲလာကြဟန် ရှိသည်။ ရွှေကြက်ယက်ဝဲသည်ပင် အတ္တမာန် လျော့နေသည့်ထင်ရ၏။

တစ်ခုသော တောင်ကမူထက်သို့အရောက်တွင် တောင်ကျရေပမာ အရှိန်အဟုန် ပြင်းစွာနှင့် ပြေးလွှားနေသော မဟာရာမြင်းနက်ကြီးသည် တုံ့ခနဲရပ်သွားသည်။ မြင်းစီး လုလင်သည် ခါးကိုဆန့်လျက် အောက်ဖက်သို့ ကြည့်လိုက်သည်။ မမျှော်လင့်သော မြင်ကွင်းကို သူ၏ခံရီးစကြဝဠာတံတိုင်းကြီးပမာ ဖိတ်ကာလိုက်ချေပြီတည်း။

သူသည် အနောက်ဖက်ကောင်းကင်မှ ပန်းဖျော့ဖျော့နေကို အမှတ်မရတော့၊ ဝင်လိုကလည်း ဝင်စေချေတော့။

မယုံနိုင်ဖွယ်သောမြင်ကွင်းက သူ့ကိုဖမ်းစားလျက် ရှိချေပြီတည်း။

[ ၁ ]

တောင်ကမူ၏အရှေ့ဘက်အောက်ခြေတွင်ဖြစ်၍ ပိုမိုအုံ့ဆိုင်းသည်။ သူ့နေရာမှဆိုလျှင် အတန်ငယ်လည်း အလှမ်းဝေးသည်။ သို့သော် ဆင်ခြေလျှောမြက်ခင်းစိမ်းတွင် ပုံ့ပွကလေး လဲနေသော မိန်းမငယ်ကို ပြက်ပြက်ထင်ထင် မြင်တွေ့ရသည်။

မိန်းမငယ်သည် အသက်အရွယ်အားဖြင့် နှစ်ဆယ်အောက်တွင် ဖြစ်သည်။ အသားအရေ ဖြူသည်မဲသည် မဆိုသာ။ ညိုစိမ့်စိမ့် ဖြစ်သည်။ ဆံပင်တို့မှာမူ အတိုင်းမသိ နက်မှောက်သည်။ ဆံထုံးပြေလျော့ပြီး ဆံခြည်နက်တို့သည် ကျောဖက်တွင် တစ်ဝက် ရှေ့ဖက်တွင် တစ်ဝက် ဝဲပျံနေကြသည်။ သို့နှင့်တိုင် မိန်းမငယ်၏ရင်ညွန့်ပိုင်း ဝင်းပလျက် ရှိသည်ကို အတိုင်းသားတွေ့မြင်ရသည်။ သူမ၏ကိုယ်မှ အဝတ်အထည်တို့သည် စုတ်ပြဲ ပြတ်သတ်လျက် ရှိကြသည်။ တခြားကိုမကြည့်နှင့်၊ ထဘီအောက်နားသည် ရှစ်စိတ်ကွဲပြီး လွင့်လန်လျက်ရှိသည်။ ညိုဝါသော ပေါင်တဖက်သည် သနပ်ခါးတုံးကြီးပမာ ရှိသည်။

သို့တစေ၊

မိန်းမငယ်၏ ဖွံ့ဖြိုးသောအနေ၊ မလုံမလဲသော အဖြစ်တို့ကို ယင်းကဲ့သို့ ခြားခြား နားနား တွေ့မြင်ရသည့်တိုင် သူ၏စိတ်တွင် တွယ်ငြိခြင်း၊ တုန်လှုပ်ခြင်း၊ ဖောက်ပြန်ခြင်း အလျှင်းမဖြစ်။

အကြောင်းမူ...



အတွယ်အကာ ကင်းမဲ့လျက်ရှိသော မိန်းမငယ်ကို မြင်တွေ့ရသည်နှင့်တစ်ပြိုင် ...ည်းမှာပင် အားခွန်ကြီးမားလှသော ယောကျ်ားသားတဦးကိုလည်း ထိုးထိုး ...ထောင် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

ယင်းယောကျ်ားကြီးသည် သူ့လိုပင် မြင်းထက်တွင် ဖြစ်သည်။ ထိုယောကျ်ား၏ ...သည် သူ့မြင်းထက်ပင် အခန့်အထည် ကောင်းချေသေးသည်။ ပြိုးပြက်တောက်ပ ... ထကြီးတန်ဆာများကြောင့်လည်း ဖြစ်တန်ရာသည်။ မြင်း၏ ပင်ကိုယ်ရောင်က ... နီစွေးစွေး ဖြစ်သည်။ ဆည်းဆာနှင့် ပနံရသည်။ မြင်းရှင်ကလည်း နီနီရဲရဲ ...ဝါဝါပင် ဖြစ်သည်။ ကြည့်ပါ။

ခေါင်းထက်မှာ ရွှေသရဖီကုံးနှင့် ပခုံးထက်မှ ကော့ပျံနေသော ရွှေဇာလီကွေး ...ည် နေရောင်နှုနှုတွင် ပြိုးပြိုးပြက်ပြက် တောက်ပနေသည်။ မျက်စိကျိန်းစပ်ဖွယ်ရာ ... ဖြစ်သည်။

ယင်းထက်ပို၍ အခန့်အထည်ကြီးမားသည်ကား ထိုယောကျ်ား၏လက်မှ ဖွေးဖွေး ...နေသော ငှက်ကြီးတောင် ဓားလွတ်ကြီးပင် ဖြစ်သည်။

မဟာရာမြင်းထက်မှ လုလင်ငယ် ငေးမောနေမိသည့် တစ်ခဏမှာပင် မျဉ်းရှည် ... နီစိမ်းညိုနှင့် ယောကျ်ားကြီးသည် ကြောက်မက်ဖွယ်ရာ ရယ်မောလျက် မြက်ခင်း ...တွင် ခွေစောင်းစောင်းကလေးရှိနေသော မိန်းမငယ်ဆီသို့ မြင်းကို ကဆုန်စိုင်း ...သည်။ မိန်းမငယ်၏အနီးသို့ ရောက်လတ်သော ဓားကို လေထဲတွင် တအားခုတ်ပိုင်း ...လိုက်သည်။ မိန်းမငယ်ကို အထိအသေ ခုတ်သည်တော့ မဟုတ်၊ ကြောက်ရွံ့လန့်ရုံ ...ကလူခြင်း ဖြစ်သည်။

မိန်းကလေးက ခေါင်းကို နောက်ဖက်သို့ တိမ်းလိုက်သည်။ ရှေ့ဖက်တွင်ရှိနေ ... ဆံပင်များ နောက်ဖက်ပို့သွားသည်။ ရင်ညွန့်တခုလုံး ဟင်းလင်းဖြစ်သွားသည်။ ...နစ် ရှန်းကြွ၍တက်လာသည်။ ဓားဖျားတွင် စုတ်ပြဲနေသော အင်္ကျီစပါသွားသည်။

မိန်းမငယ် ထပြေးမည်ပြုသည်။ ထိုစဉ်မှာပင် မြင်းနီကြီး တစ်ပတ်ပြန်ကျော့လာ ... မိန်းမငယ် မြက်ခင်းပြင်ပေါ်သို့ ပက်လက်လန်လဲကျသည်။ ဝါဝါနီနီ ယောကျ်ား ... မိန်းမငယ်၏ထဘီကို ဓားဦးဖြင့် မွှနေသည်။

မဟာရာမြင်းထက်မှ လုလင်ငယ်သည် ရုတ်တရက် သတိဝင်လာပြီး ကုန်းနှီးထက် ... စိုက်ထားသော ရှမ်းဓားမြှောင်လေးကို ဆွဲနုတ်ယူလိုက်သည်။ ထိုနောက် အနီရောင် ...ကွင်းဆီသို့ အားကုန်ပစ်လွှတ်လိုက်သည်။

ဓားမြှောင်ကလေးသည် လေးကြိုးဖြင့်ပစ်လွှတ်သော မြှားပမာ ပြေးသွားပြီး ...တ်ကျားညာဘက်လက်ကောက်ဝတ်တွင် ထိုးစိုက်သည်။ အားခနဲ တစ်ချက်အော်သံ

www.burmeseclassic.com



ကြားရပြီး ၄က်ကြီးတောင်ဓား မြက်ခင်းပေါ်သို့ လွတ်ကျသွားသည်။

မာန်ရစ်နေသော ယောကျ်ားကြီးနှင့် ထိတ်လန့်နေသော မိန်းမငယ်ကို တအံ့တသြ လှမ်းကြည့်ကြစဉ်မှာပင် မဟူရာမြင်းကြီးသည် တောင်ကမူထက်မှနေ၍ ဝါးလုံးထိုး ဒုံးပြေးဆင်းသွားသည်။

မိန်းမငယ်နှင့် မြင်းနီကြီးကြားတွင် မဟူရာမြင်းနက်ကြီး တံ့ခနဲရပ်သည်။

မိန်းမငယ်သည် လူးလဲ၍ထသည်။ မလုံမလဲဖြစ်နေသော သူမ၏ရင်ခွင်ကို လက်နှစ်ဖက်ဖြင့် ယှက်သိုင်းသည်။ သို့သော် ကြောက်၍ပဲလားမသိ၊ ရှက်၍ပဲလားမသိ။ နီမှဲ့ချည်မြင့်ချည်ဖြစ်နေသော ရွှေရင်စုံ ဝင်းဝင်းဝါဝါကို လုံလဲအောင် မဖုံးကွယ်နိုင် ရှိသည်။

မောက်တိုကားကားထောင်ထောင်နှင့် ယောကျ်ားကြီးသည် မြင်းပေါ်မှ အလျှင်အမြန် ခုန်ဆင်းလိုက်သည်။ လက်တွင်စိုက်နေသော ဓားမြှောင်ကို နှုတ်ပစ်လိုက်ပြီး မြက်ခင်းပေါ်မှ ဓားရှည်ကို ကောက်ယူလိုက်သည်။ မြက်ခင်းစိမ်းပေါ်တွင် သွေးစက် နီနီများ ပွင့်နေသည်။

လုလင်ငယ်သည် မဟူရာမြင်းထက်မှ အသာအယာဆင်းပြီး ဝါဝါနီနီ ယောကျ်ား ကြီး မခိုးမခန့် ကြည့်သည်။ ဤတွင်မှ ဓားလွတ်ကိုင် ယောကျ်ားကြီးသည် ကြောက် မက်ဖွယ် အသံကြီးဖြင့် ဟိန်းလိုက်သည်။

''ဟယ်··ငမိုက်သား၊ ဘောက်မဲ့ကြောင့် ဘုရင့်အမှုတော်ကို ဝင်ရောက်စွက်ဖက် ရသလဲ''

''အား···ဟား···ဟား မိန်းမသားတစ်ယောက်ကို နိုင့်ထက်ကလူပြုမှုတာဟာ ဘုရင့်အမှုတော်လား''

လုလင်ငယ်သည် ယင်းသို့ပြောပြီး ကိုယ်ကိုလှုပ်ခါကာရယ်နေသည်။ ယောကျ်ား ကြီးသည် ဒေါသတကြီးဖြင့် မိန်းမငယ်သို့ ဓားဦးဖြင့်ညွှန်ပြကာ···

''ဒီသဘောက်မက သူပုန်ကွ၊ ညောင်အုပ်ရဲ့လူ သူလျှိုမ''

''ကျုပ်ကို သဘောက်မလို့ မခေါ်ပါနဲ့၊ ကျုပ်နာမယ် သူဇာ၊ မသူဇာ''

မိန်းမငယ်က သွက်လက်ရဲရင့်စွာ ပြန်ပြောသည်။

''ဘာ···သူဇာလဲ၊ နင် သူပုန်မ၊ နင့်ကိုဖမ်းရမယ်၊ ဒီအရေးမှာ ဘယ်သူမှ ဝင်ရှုပ်စရာမလိုဘူး၊ ကျုန်ုပ်ဟာ ဘုရင့်အမှုတော်ကို ထမ်းရွက်နေတာ ဖြစ်တယ်၊ နေပြည် တော်မှာ ဟိုးဟိုးကျော်နေတဲ့ ဗိုလ်မှူးဗလကျော်ထင်ဆိုတာ မကြားဖူးကြဘူးလား''

လုလင်ငယ်က ဗလကျော်ထင်၏ဓားဦးနှင့် မသူဇာကြားတွင် ဝင်ရပ်လိုက်ပြီး··

''ဗိုလ်မှူးရဲ့ဓားကြီးကို သိမ်းထားစမ်းပါ၊ ဒီကနမဟာ သူပုန်ပဲဖြစ်ဖြစ်၊ သူကန်ပဲ



အဝတ်ဗလာဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဓားရေးပြနေရတာ ရှက်စရာ ...သုပါတယ်''

လုလင်၏စကားကြောင့် မိန်းမငယ်သည် ရှက်သွေးဖြန်းကာ ပါးပြင်နှစ်ဖက် ...တ်လာသလို၊ ဗိုလ်မှူး၏ မျက်နှာသည်လည်း ဒေါသဖြင့် ရဲရဲတောက်လာသည်။

''သူပုန်ကို ကူညီတဲ့လူဟာ သူပုန်ပဲ။ ကဲကွယ်···သေလေရော့''

ဗလကျော်ထင်က လုလင်၏ရင်ပတ်ကို ဓားဦးဖြင့် အလျှားလိုက် ပက်တင်လိုက် ...သည်။ လုလင်က သွက်လက်စွာရှောင်လိုက်ပြီး သူ၏ဓားကို ဝင်းခနဲနေအောင် ဆွဲထုတ် ...သည်။

ယောကျ်ားနှစ်ဦး၏ လှုပ်ရှားမှုကြောင့် မြင်းနှစ်ကောင်သည် လန့်ဖျတ်၍သွား ...သည်။ မြင်းနီကြီးက တစ်ချက်ဟီလိုက်ပြီး မြင်းနက်ကြီးက မြေကြီးကို ရှေ့ခြေဖြင့် ...တ်သုံးချက် ပေါက်လိုက်သည်။

ဗလကျော်ထင်၏ဓားဦး ဝင်လာပြန်သည်ကို လုလင်က ဓားပြားချင်း ရိုက်ထုတ် ...သည်။ ချွင်ခနဲမြည်ပြီး မီးပွင့်သွားသည်။ မိုးချုန်း၍ လျှပ်လက်သည့်ပမာ ဖြစ်သည်။

ယင်းအခိုက်မှာပင် မသူဇာဆိုသော မိန်းမငယ်သည် လူ့တစ်ရပ်ကျော်ကျော် ...သော ဒုဟတ်ချုံတခုနောက်ကွယ်သို့ ပြေးဝင်ပုန်းလျှိုသည်ကို လုလင်ငယ်၏ မျက်လုံး ...ထောင့်မှ မြင်လိုက်ရသည်။ ဗလကျော်ထင်လည်း မြင်လိုက်ဟန် ရှိသည်။

သို့သော် ယခုအခါတွင် သူတို့နှစ်ဦးသည် မိန်းမငယ်ကို သတိမပြုနိုင်တော့။ ...မျက်စိထဲတွင် လုံးလုံးမို့မို့ ဝင်းဝင်းအိအိများကို မြင်နေ၍မရတော့။ မွေးလက် ...ာ ဓားသွားကိုသာ မလွှတ်တမ်း ကြည့်နေကြရသည်။

အတန်ငယ်ခုတ်မိသောအခါ မိမိနှင့်ယှဉ်ပြိုင်နေသော လုလင်သည် အသက် ...ငယ်သေးသော်လည်း ဓားရေးမည့်လှကြောင်း ဗိုလ်မှူး သတိထားမိသည်။ ထို့ ...ကြောင့် ပထမပိုင်းကလို အထင်မသေးတော့ဘဲ ဂရုပြု၍ တိုက်ခိုက်ရသည်။

သို့နှင့်တိုင် တစ်ချက်တွင် တစ်ကွက်မှားပြီး မိမိလက်မှဓား လွတ်ထွက်သွား ...သည်။ ဓားမြှောင်ထိုးစိုက်ခြင်းခံရသော နေရာမှ သွေးများ တစက်စက်စီးကျနေသည်။ ...ကြောင့်ပင် မိမိအနေနှင့် ဓားကိုမြဲမြဲအောင် မကိုင်နိုင်ကြောင်းကို သတိထားမိသည်။

လုလင်ကလည်း ဗိုလ်မှူး၏အားနည်းချက်ကို သတိထားမိဟန်ဖြင့် သွေးချင်းချင်း ...သော လက်ကောက်ဝတ်ကို အတန်ကြာစိုက်ကြည့်နေသည်။

ဗလကျော်ထင်သည် တစ်ဖက်လူ ဝင်လာလျှင် ရှောင်တိမ်းနိုင်ရန်နှင့် အခွင့်သင့် ...ချိန် သူ့ဓားကို ပြန်ကောက်ယူနိုင်ရန် အကွက်စောင့်နေသည်။

လုလင်ငယ်က သူ၏ဓားကို ရုတ်တရက် ဓားအိမ်ထဲသို့ပြန်သွင်းလိုက်ပြီး··

www.burmeseclassic.com

www.burmeseclassic.com

"ကဲ-ဗိုလ်မှူး တော်ကြဦးစို့၊ ဒဏ်ရာရနေတဲ့ လူနဲ့ စားရေးပြုလို့နိုင်လဲ ကျုပ်အဖို့ ဂုဏ်တက်စရာမရှိဘူး၊ နောင်များမှ တစ်ပွဲတစ်လမ်း စမ်းကြသေးတာပေါ့"

ဗလကျော်ထင်သည် တစ်စုံတစ်ခုပြောမည်ပြုပြီးမှ မပြောတော့ဘဲ သတိနှင့် သူ့ဓားကို ကောက်ယူလိုက်သည်။ ထို့နောက် သူ့မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

"မှတ်ထားပါဗိုလ်မှူး၊ ကျုပ်နာမည် နန္ဒတဲ့၊ ကျုပ်လည်း မကြာခင် နေပြည်တော်ကို ရောက်လာမှာပဲ၊ အဲဒီတော့ တွေ့ကြသေးတာပေါ့၊ ဘယ်သူက ဓားထက်တယ် ဆိုတာ တွေ့ကြသေးတာပေါ့"

"အေး··တွေ့ကြသေးတာပေါ့၊ ဗလဟာ သူများကြွေးကို ဘယ်တော့မှမဆပ်ဘဲ မထားတတ်ဘူး"

ထို့နောက် မြင်းနီကြီးသည် ထိုနေရာမှ ဒေါမာန်ဖြင့် ထွက်ခွာသွားသည်။ နန္ဒက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

[ ၈ ]

ဆည်းဆာသည် ချုပ်ငြိမ်းစပြုချေပြီ။ ကောင်းကင်တွင် ငှက်များအုပ်ဖွဲ့၍ ပျံနေကြသည်။ အိပ်တန်းဝင်ကြရတော့မည်။

နီရောင် ဝါရောင် ပြာရောင်တို့ နှလာကြသလို ခက်ထန်သောလေသည်လည်း ချိုအေးခြင်း ပြုလာသည်။

နန္ဒသည် ဝန်းကျင်ကို အကဲခတ်နေရာမှ ဖြုတ်ချည်း တစ်စုံတရာကို သတိရကာ ဒဟတ်ချုံဆီသို့ ပြေးသွားသည်။

"မသူဇာ··မသူဇာ··"

နန္ဒက မတိုးမကျယ် ခေါ်လိုက်သည်။ တစ်ဖက်မှ တုံ့ပြန်သောအသံ မထွက်လာ။ မိန်းမငယ်၏မလုံလဲသော အဖြစ်ကို အမှတ်ရ၍ အားနာသော အားဖြင့် ခြေလှမ်းတုံ့ဆိုင်းနေသော နန္ဒသည် စိုးရိမ်စိတ်ဝင်လာသဖြင့် ဒဟတ်ချုံ၏တစ်ဘက်သို့ ရောက်အောင် ပြေးသွားသည်။

မသူဇာ မရှိပါ။

နန္ဒရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ မိန်းမငယ်ကို ဗလကျော်ထင်များ ခေါ်ဆောင်သွားချေပြီလား။ သို့သော်··မဖြစ်နိုင်ပါ။ ဗလကျော်ထင်သည် သူ့မျက်စိအောက်တွင် တစ်ယောက်တည်း ပေးပျောက်သွားသည် ဖြစ်၏။ ဗလကျော်ထင်တွင် အပေါင်းအဖော်မပါသည်ကား သေချာ၏။ မိန်းမငယ်ကို တစ်စုံတစ်ယောက်က အနိုင်အထက် ခေါ်သွားသည်တော့ မဖြစ်နိုင်။



"မသူဇာ··မသူဇာ··"

နန္ဒက ခပ်ကျယ်ကျယ်ကလေး ခေါ်သည်။ ဆည်းဆာသည် ဆိတ်ငြိမ်လျက်၊ အော··ခက်ချေပြီ၊ မိန်းမငယ် ဘယ်ကိုသွားသနည်း၊ ရှက်ရွံ့၍ပဲ ထွက်ပြေးချေပြီလား၊ ကြောက်ရွံ့၍ပဲ ထွက်ပြေးချေပြီလား၊ ယင်းသို့ဆိုလျှင် မိန်းမငယ် ဒုက္ခရောက်ချေတော့ မည်း

ဆိတ်ကွယ်ရာအရပ်သည် မိန်းမတို့ကို ဒုက္ခပေးတတ်သည်။ အကာလသည် မိန်းမတို့ကို အန္တရာယ်ပေးတတ်သည်။

နန္ဒသည် မိန်းမငယ်အတွက် စိုးရိမ်ပူပန်နေရာမှ ရုတ်တရက် တစ်စုံတစ်ခုကို [illegible]စားမိသွားပြန်သည်။

နေဦး··ခင်းကလေးဟာ ဟိုသတ္တဝါကြီးပြောသလို သူပုန်မကလေးပဲလား၊ ကျောင်းအုပ်ရဲ့ သူလျှိုမကလေးပဲလား၊ ဒါဆိုရင် ခင်းကလေး ဒီနေရာကို ဘယ်လိုလုပ်ပြီး ဘယ်လိုရောက်လာသလဲ၊ ခင်းကလေး တစ်ယောက်ထဲလား၊ အဖော်ပါသေးသလား ဒီနေရာတစ်ဝိုက်မှာ ခင်းကလေးရဲ့လူတွေရှိနေမလား။

ခင်းကလေးနဲ့ ဟိုသတ္တဝါကြီး ဘယ်လိုလုပ်ပြီး တွေ့ကြသလဲ၊ ငါနဲ့သာ မတွေ့ရင် ခင်းကလေးရဲ့ကံကြမ္မာ အခုနေမှာ ဘာဖြစ်နေမလဲ။

ငါရောက်လာတဲ့ အချိန်မှာ ဟိုသတ္တဝါကြီးမှာ လူစိတ်မရှိတော့ဘူး၊ မှန်ယိုနေပြီ။

အင်း···ခင်းကလေးကလည်း လှပါဘိ၊ ချောပါဘိနဲ့၊ ခင်းကလေးရဲ့ အသားတွေဟာ သနပ်ခါးလို ဝင်းနေတာပဲ၊ ခင်းကလေးရဲ့ ကိုယ်လုံးကိုယ်ထည်ဟာ···အို··ငါ ဘာတွေတွေးနေတာလဲ။

နန္ဒက သူ့အတွေးကိုဖြတ်ပြီး မဟူရာမြင်းကြီးရှိရာသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

နေဝန်းသည် မိုးကုပ်စက်ဝိုင်းအစတွင် ဝိုင်းဝိုင်းရဲရဲကလေး ရှိနေသည်။ သူ့ကို ငေးစိုက်စိုက်ကြည့်သည့်တိုင် ဒေါသဖြစ်ဟန်မရှိ၊ အခိုးအလျှံများ မထွက်၊ ချိုချိုအေးအေး နီနီထွေးထွေးကလေးသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂ ၀ အင်းခွေး [ က ]

အနောက်ဘက်သို့ကြည့်သောအခါ နေလုံးမရှိတော့။ သို့သော် မမှောင်သေး၊ အလင်းရောင်ရှိသေးသည်။

နန္ဒသည် ယာတဲတစ်ခုအနီးတွင် လူရိပ်မြင်သဖြင့် မြင်းကို အပြင်းစိုင်းသွားသည်။ ယာတဲစောင့်အဖိုးကြီးသည် သူလာသည်ကို သိမြင်သော်လည်း အမှတ်မထင်ဟန်ဖြင့် ကွပ်ပျစ်တွင် အေးဆေးစွာ ထိုင်နေသည်။ ပါးစပ်တွင် ကွမ်းဝါးမြုံ့နေသည်။

နန္ဒသည် ယာတဲအနီးတွင် မြင်းဇက်သတ်လိုက်ပြီး··

"တံခွန်တိုင်ရွာ ဘယ်ဆီမှာလဲအဘ"

အဖိုးကြီးက မော့မကြည့်ဘဲ··

"ငါ့တူ အဝေးအလံကလာတယ်ဆိုရင် မြင်းပေါ်ကဆင်းပါဦးလား၊ လက်ဖက်ရည်များ သောက်ပါဦးလား"

"ကိစ္စမရှိပါအဘ၊ တံခွန်တိုင်ရွာကို ကနေ့ညအချိန်နဲ့ ရောက်လိုပါတယ်"

"ယောရှေ့ကဟာ တံခွန်တိုင်ရွာပဲ၊ ဘယ်သူ့အိမ်ကို သွားမလဲ၊ ကျုပ်လည်း တံခွန်တိုင်ရွာကပဲ"

အဖိုးကြီးက တံခွန်တိုင်ရွာမှ ဆိုသဖြင့် နန္ဒသည် ဝမ်းသာအားရ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ကွပ်ပျစ်သို့ ရေးကြီးသုတ်ပျာ လျှောက်သွားပြီး··

"တံခွန်တိုင်ဗိုလ်ကျောက်လုံးကို အဘသိသလား"

ဗိုလ်ကျောက်လုံးဟူသော အသံကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် အဖိုးကြီး သိမ့်ခနဲတုန်သွားသည်။ နန္ဒကို ဖျတ်ခနဲမော့ကြည့်သည်။ အဖိုးကြီး၏မျက်နှာတွင် ဝေခွဲ၍မရသောအမူအရာရှိသည်။

"ကိုရင်က တံခွန်တိုင်ဗိုလ်ကျောက်လုံးအိမ်ကို သွားမှာလား"

"ဟုတ်ပါတယ်"

အဖိုးကြီးက ခေါင်းခါသည်။

"ဘာဖြစ်လို့လဲအဘ"

"ဘာမှမဖြစ်ပါဘူး"

အဖိုးကြီးအသံ အနည်းငယ် တုန်နေသည်။ နန္ဒ သတိပြုမိသည်။ နန္ဒစိတ်ထဲတွင် သံသယဝင်လာသည်။ ထို့ကြောင့် ကွပ်ပျစ်စွန်းတွင် ဝင်၍ထိုင်ရင်း··

"တံခွန်တိုင် ဗိုလ်ကျောက်လုံးကို အဘသိသလား"

"တံခွန်တိုင်အိမ်ကြီးနဲ့ တံခွန်တိုင်ဗိုလ်ကျောက်လုံးကို ဘယ်သူမသိဘဲ ရှိမလဲ"

"ဘာဖြစ်လို့လဲ"



"ဘာမှမဖြစ်ပါဘူး"

"မဟုတ်သေးပါဘူး၊ ပြောစရာရှိရင် ပြောစမ်းပါ၊ လမ်းမှာလည်း ကျွန်တော်မေးတဲ့လူတိုင်းဟာ တံခွန်တိုင်ဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ တစ်မျိုးဖြစ်သွားကြတယ်၊ ဘာမှလဲ မေးလို့မရဘူး"

"ကိုရင်ကိုကြည့်ရတာ ရဲစွမ်းသတ္တိနဲ့ပြည့်စုံပုံရပါတယ်၊ ဉာဏ်ပညာလည်း ထက်မြက်ပုံရပါတယ်၊ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်တဲ့"

"တံခွန်တိုင်အိမ်ကြီးက အန္တရာယ်ရှိလို့လား"

ယာခင်းစောင့် အဖိုးကြီးသည် အတန်ငယ် စဉ်းစားချိန်ဆဟန်ပြုပြီး··

"တံခွန်တိုင်အိမ်ကြီးဟာ အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်၊ တံခွန်တိုင်ဗိုလ်ကျောက်လုံးနဲ့ သူ့ရဲ့ အိမ်သူအိမ်သားတွေကလည်း အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကိုရင်ဟာ တံခွန်တိုင်အိမ်ကြီးကိုသွားဖို့ ဆုံးဖြတ်ထားပြီးတဲ့လူဆိုရင် ဟောဟိုက မြင်ရတာ တံခွန်တိုင်ရွာပဲ၊ ရွာထိပ် တောင်ကုန်းလေးပေါ်က အိမ်ကြီးဟာ မောင်ရင်မေးတဲ့ တံခွန်တိုင်အိမ်ကြီးပဲ၊ ကဲ···သွားပေတော့"

ယင်းသို့ပြောပြီး အဖိုးကြီးသည် ကွမ်းအစ်ကို နှိုက်နေသည်။ နန္ဒက မေးလိုစမ်းလိုသေးသော်လည်း အဖိုးကြီးကို ကြည့်ရသည်မှာ ဘာမျှထပ်မံ၍ ပြောလိုဟန်မရှိသဖြင့် ယာထဲမှထွက်ခဲ့သည်။

မိမိသွားရမည့် နေရာဌာနကို လှမ်းမြင်နေရပြီဖြစ်သဖြင့် နန္ဒသည် မြင်းကို ခုန်းမဆိုင်းတော့။ အသားကျ စီးလာသည်။ သူ့စိတ်တွင်လည်း ရှုပ်ထွေးလျက် အနည်းငယ် ရှိနေသည်။

တံခွန်တိုင်ဗိုလ်ကျောက်လုံးသည် ဘယ်လိုလူကြီးနည်း။ တံခွန်တိုင်အိမ်ကြီးသည် ဘယ်လိုအိမ်ကြီးနည်း။

သို့သော် နန္ဒသည် နောက်ကြောင်းပြန်ရန်မှု လုံးဝစိတ်မကူး၊ သူသည် အသစ်အဆန်းနှင့် စွန့်စားမှုများကို ရှာဖွေရန် ဝေးလံသောအရပ်မှလာခဲ့သည် မဟုတ်ပါလား။

တံခွန်တိုင်အိမ်ကြီးသည် သူ့အဖို့ မိတ်ဆွေဖြစ်လိုကဖြစ်စေ၊ ရန်သူဖြစ်လိုကဖြစ်စေ၊

တံခွန်တိုင်ဗိုလ်ကျောက်လုံးသည် သူလိုငါလို သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ကြောင်း၊ အံ့ဖွယ်သူရဲပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကို သူ့ဖခင်ပြောပြ၍ သိတန်သလောက် သိထားပြီးဖြစ်သည်။ လောကကြီးတွင် သေတာနှင့် ရှင်တာအပြင် ဘာရှိနိုင်သေးသနည်း။

နန္ဒသည် တစ်စစနှင့် တံခွန်တိုင်အိမ်ကြီးအနီးသို့ ချဉ်းကပ်မိလာပြီ ဖြစ်သည်။ အဝေးမှ ခွေးဟောင်သံ သဲ့သဲ့ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ညနေမိုးချုပ်စပင်ရှိသေးသော်လည်း တံခွန်တိုင်ရွာကြီးသည် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ဆင်တစ်ရပ်ခန့်မြင့်သော ရွာစည်းရိုးသည် ဆူးခက်များဖြင့်ပင် ပြုလုပ်ထားသော်လည်း သေသပ်ညီညာလှသဖြင့် ရုတ်ခြည်းကြည့်လျှင် နန်းမြို့ရိုးပမာဖြစ်သည်။

ရွာတံခါးပိတ်ထားသည်။ ကင်းသမားများအသံ ကြားရသည်။ နန္ဒသည် ရွာတွင်းသို့ မဝင်တော့ဘဲ ရွာစည်းရိုးအတိုင်း ကွေ့ပတ်ကာ တံခွန်တိုင်ကုန်းမြင့်ဆီသို့ လာခဲ့သည်။

တံခွန်တိုင်ကုန်းမြင့်သည် ရွာစည်းရိုး၏အပြင်ဘက်တွင် ဖြစ်သည်။ အနီးသို့ရောက်၍ အသေအချာကြည့်သောအခါ ရွာတံခါးနှင့် တံခွန်တိုင်ကုန်းမြင့်သည် တစ်ခေါ်လောက် ကွာလှ၏။ သည်တံခွန်အိမ်ကြီးတွင် ဖြစ်ပျက်နေသည်များကို အတွင်းမှ ကြားနိုင်သိနိုင်ရန် ခဲယဉ်းသည်။

ယင်းအပြင် သည်ဖက်ရွာထိပ်ပိုင်းတွင် စေတီများ၊ ထန်းပင်များ ရှိသည်။ သို့ဖြင့် တံခွန်တိုင်အိမ်ကြီးသည် ရွာနှင့်ပို၍ အလှမ်းကွာသလို ရှိနေသည်။ အမှန်တော့ သူတို့ဆီမှာဆိုလျှင် ဤလိုကုန်းမြင့်မျိုးသည် ဘုရားကုန်းသော်လည်းကောင်း၊ ကျောင်းကုန်းသော်လည်းကောင်း ဖြစ်တန်ရာသည်၊ အဘယ်ကြောင့် သည်မှာမှ လူနေအိမ်ကြီး ဖြစ်နေရသနည်း။

နန္ဒသည် တံခွန်တိုင်ကုန်းမြင့်ရင်းသို့ ရောက်သောအခါ မြင်းကို ခေတ္တရပ်၍ အိမ်ကြီး၏ အခြေအနေကို အကဲခတ်သည်။

တံခွန်တိုင်အိမ်ကြီးသည် ကြီးကျယ်မြင့်မားသည်တော့ အမှန်ပင် ဖြစ်သည်။ သူမြင်ဖူးသော အလုံမြို့ဝန်၏ အိမ်ထက်လည်း ကြီးသည်။ သူ ပညာသင်ကြားခဲ့ရသော မုံရွေးကျောင်းတိုက်ထက်လည်း ကြီးသည်။ မှောင်ရီပိုးဝါးတွင်မို့ အပန့်အထည်ပို၍ ကောင်းနေသည်လည်း ဖြစ်တန်ရာသည်။

တံခွန်တိုင်အိမ်ကြီးသည်လည်း တံခွန်တိုင်ရွာကဲ့သို့ပင် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ တစ်နေရာ နှစ်နေရာလောက်တွင် မီးရောင်လှဲ့လှဲ့ တွေ့ရသည်မှအပ ကုန်းမြင့်တစ်ခုလုံး မှောင်ရီပိုးဝါး ရှိနေသည်။

ကောင်းကင်တွင် ကြယ်ပွင့်ကလေးများ ကျိုးကျဲတွေ့မြင်ရပြီး ဖြစ်သည်။ အချိန်အခါမရောက်သေးသဖြင့် အရောင်အဝါတော့ ဖျော့ဖျော့ပဲရှိကြသေးသည်။

နန္ဒသည် တံခွန်တိုင်အိမ်ကြီးသို့ တက်ရာလမ်းကို ရှာဖွေရင်း ကုန်းမြင့်ရင်းကို လှည့်ချာရစ် ပတ်သည်၊ အတန်ငယ်ပတ်မိလျှင် ကုန်းမြင့်ပေါ်သို့တက်သော လမ်းကလေး တစ်ခုတွေ့ရသည်။ လမ်းကျဉ်းသည်၊ မတ်စောက်သည်၊ လမ်းအဆုံးတွင် တံခါးပေါက် တစ်ခုရှိသည်၊ အိမ်နှင့်စာလျှင် ဝင်းတံခါးသည် သေးငယ်လှသည်။ တံခါးထိပ်တွင် ညောင်ဆီတိုင်တစ်ခု ထွန်းထားသည်။

နန္ဒသည် အထူးအထွေစဉ်းစားမနေတော့ဘဲ တွေ့ရှိသော လမ်းအတိုင်း မြင်းကို အပြင်းစိုင်း၍ တက်သွားသည်။ တံခါးအနီးသို့ ရောက်သောအခါ မြင်းပေါ်မှဆင်းပြီး ဝင်းအတွင်းသို့ လှမ်းမျှော်အကဲခတ်သည်။ လူရိပ်လူခြေမတွေ့ရ၊ ချောင်းတစ်ချက် ဟန့်သည်၊ ဝန်းကျင်သည် တိတ်ဆိတ်မြဲ၊ ငြိမ်သက်မြဲ။

ဝင်းတံခါးကို အတွင်းမှ သာမန်ဒလက်တခုဖြင့်ပင် ပိတ်ထားကြောင်း သိရှိရသဖြင့် လက်တစ်ဖက်ဖြင့်နှိုက်ကာ ဒလက်ကို လှည့်လိုက်သည်။ ထို့နောက် တံခါးကို အသာတွန်းဖွင့်လိုက်သည်။

ခြေသံများ တစ်ပြိုင်နက် ထွက်ပေါ်လာသည်။

အမှတ်မထင်သဖြင့် နန္ဒလန့်သွားသည်။ ဤတံခါးသည် မလွယ်တံခါး ဖြစ်ချေမည်၊ ထောင်ချောက်တံခါး ဖြစ်ချေမည်။ သို့သော် သူ အသိနောက်ကျချေပြီ။ ခြေသံများနှင့် မရှေးမနှောင်းမှာပင် ကြောက်မက်ဖွယ်ရာသော ခွေးဟောင်သံများ ထွက်ပေါ်လာသည်။

ညဦးသည် ချက်တဖြုတ်မှာပင် နိုးကြားဆူညံခြင်း ဖြစ်သွားသည်။

အင်းခွေးတစ်အုပ်သည် ဒေါမာန်ဖြင့် ဟိန်းဟောင်ရင်း ဝင်းတံခါးဆီသို့ တစ်ရှိန်ထိုး ပြေးလာကြသည်။ နန္ဒက တံခါးကို အလျင်အမြန်ပိတ်လိုက်နိုင်သဖြင့် သူ့ကိုယ်မှ အသားများ အစွယ်ဖွေးဖွေးများတွင် ပြတ်ပါမသွားခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် 'ဖြောင်း'ခနဲ အသံတခု ကြားလိုက်ရသည်။ ရုတ်တရက်မှ ဘာသံဖြစ်မှန်း နန္ဒမသိ။ အံ့သြစရာကောင်းသည်မှာ စောစောက ဆူညံနေသော အင်းခွေးများသည် ယတိပြတ် ဆိတ်ငြိမ်သွားခြင်းပင် ဖြစ်သည်။

ဝန်းကျင်သည် မူလကအတိုင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိတော့သည်။ သူ့ရှေ့မှ အင်းခွေးများသည် ပန်းပုရုပ်များသဖွယ် အသက်မရှိသကဲ့သို့ ဖြစ်သည်။

ခြေသံဖွဖွကြားရသဖြင့် 'ဖြောင်း'ခနဲ အသံလာရာဘက်သို့ နန္ဒ ကြည့်လိုက်သည်။ မှောင်ရီပိုးဝါးတွင် မဲမဲရေးရေးသဏ္ဌာန်တစ်ခု ပေါ်လာသည်။ လူတစ်ယောက်..၊ အမျိုးသမီးတစ်ယောက်..၊ မိန်းမငယ်တစ်ယောက်..၊ ဘုရား..ဘုရား၊ မသူဇာများလား။

မသူဇာ မဟုတ်ချေ။ သို့သော် မသူဇာအရွယ်ဖြစ်သည်။ မသူဇာကဲ့သို့ပင် နုပျိုလှပသည်။ မသူဇာထက်ပင် လှပဦးမည်ဟု ထင်ရသည်။ တစ်ခုတော့ရှိသည်။ ဝတ်စားဆင်ယင်မှုကြောင့်လည်း ပိုမိုလှပသည်ဟု ထင်စရာဖြစ်သည်။

ယခု မိန်းမငယ်က..

ပုစွန်ဆီသွေး ထိုင်မသိမ်းနှင့် ဖြစ်သည်။ ရင်ထောင်တွင် ချည်များ ရှိသည်။

www.burmeseclassic.com

ရင်ဖုံးနှစ်ခုသည် ပဒုမ္မာကြာပန်းပွင့်သည့်နှယ် ကွဲအာလျက်ရှိသည်။ အနီစနှစ်ခုသည် ဘယ်ယိမ်းညာနွဲ့နှင့် ဖြစ်သည်။ ထဘီက ရွှေပုစွန်ဆီ၊ ကိုက်စပ်၊ ကြယ်စီ၊ ချုပ်ရိုးအနား ရွှေဇာသက်ရဲရဲ၊ ဆံပင်ထုံးဖွဲ့မှုက ကြာညို့ဝတ်ဆံ၊ လည်တံကြော့ကြော့တွင် ပုလဲသွယ် ခရုပတ်။

နက်မှောင်သော မျက်ခုံး၊ ကော့ပျံ့သော မျက်တောင်၊ တောက်ပကြည်လင်သော မျက်လုံး၊ ဖောင်းမို့ အိထွေးသောပါး၊ ပေါ်လွင်သော နှာတံ၊ ရှုန်းစိုသော နှုတ်ခမ်းအစုံ။

"မြို့စားကြီးနဲ့ တွေ့ချင်လို့ပါ"

နန္ဒက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"သည်ဟာ ညှော်လာချိန် မဟုတ်ဘူး၊ သည်ဟာ ညှော်ဝင်ပေါက်မဟုတ်ဘူး"

အမျိုးသမီး၏အသံသည် ချိုလွင်သည်နှင့်အမျှ ယတိပြတ်သည်။

"မြို့စားကြီးနဲ့တွေ့ဖို့ ရပ်ဝေးက လာပါတယ်"

နန္ဒက တစ်ကြိမ်ထပ်ပြောသည်။ မိန်းမငယ်က သူ့ကို အတန်ကြာ စူးစိုက်၍ ကြည့်နေပြီးနောက်..

"ဘဘုရား ခရီးထွက်နေပါတယ်"

"ဘယ်တော့ ပြန်လာမလဲ"

"မပြောနိုင်ပါ"

နန္ဒ အကြံရကျပ်သွားသည်။ အဘယ်မိန်းမပျိုသည် သူ့အား ဤအိမ်တွင် ညှော်သည်အဖြစ် လက်ခံမည့်ပုံသဏ္ဍာန်မရှိ။ ကုန်ကုန်ပြောရလျှင် ဝင်းထဲသို့ ခေတ္တခဏ အပန်းဖြေဝင်စေလိုသည့် အရိပ်လက္ခဏာမရှိ။ ယင်းသို့ဆိုလျှင် သူ ဘာလုပ်မည်နည်း၊ သူ ဘယ်ကိုသွားရမည်နည်း။

နေပြည်တော်တွင် အသိမရှိ။ တံတားဦးတွင်မူ သူတွေ့ရမည့်သူတစ်ဦး ရှိသည်။ တံတားဦးသို့ပင် နောက်ကြောင်းပြန်ရမည်လား၊ တစ်ခုတော့ရှိသည်။ စောစောက ယာခင်းစောင့်တဲသို့ ပြန်သွားလျှင် ယာခင်းစောင့်အဖိုးကြီးသည် သူ့ကို တစ်ညတန်သည်၊ နှစ်ညတန်သည်တော့ လက်ခံစကောင်း၏။

မိန်းမငယ်သည် ထိုနေရာမှ ထွက်ခွာသည်းတော့မည့်ဟန် ရှိသည်။ ကြာပွတ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်းကို သူ့ကို တစ်ချက်စွေစောင်း၍ ကြည့်သည်။ ထိုအကြည့်သည် မိန်းမူးဘွယ်ရာ ဖြစ်၏။ ရင်မောဘွယ်ရာကောင်း၏။ သို့တစေ မည်သည့်သဘောဖြင့် ကြည့်သည်ဟုကား နန္ဒ အတတ်ပိုင်ပိုင်မဝေခွဲနိုင်။

ယင်းအခိုက်..

တံခွန်တိုင်အိမ်ကြီးဆီမှ မြင်းခွာသံကြားရသည်။ နန္ဒတို့ဘက်သို့ ဒုန်းပြေးလာ



ခဲ့သည်။ အင်းခွေးကြီးများ ခေါင်းထောင်လာကြသည်။ သခင်မ၏အရိပ်အကဲကို ကြည့်နေကြသည်။ သခင်မက မည်သည့်အရိပ်အကဲမျှ မပြ၊ မည်သည့် အခြင်းအရာ ည်ဟု စောင့်ဆိုင်းအကဲခတ်နေဟန်ရှိသည်။ နန္ဒလည်း မည်သူများဖြစ်မည်နည်းဟု မြင်းခွာသံကြားရာသို့ လှမ်းမျှော်ကြည့်နေမိသည်။

တစ်ခဏချင်းမှာပင် မြင်ကွင်း၌ မြင်းနီကြီးတစ်စီး ပေါ်လာသည်။ မြင်းစီး ယောက်ျားကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ဗလကျော်ထင်ဖြစ်ကြောင်း သိလိုက်သည်။ ဗလကျော်ထင်ကလည်း နန္ဒကိုမြင်မြင်ချင်း မှတ်မိသွားဟန်ရှိသည်။ လျှပ်တပြက်အတွင်း ဓားကိုဆွဲထုတ်လိုက်ပြီး..

"ခင်ခင်လေး တံခါးဖွင့်လိုက်ပါ၊ သည်ကျေးတောသားကို ကျုပ်ဆုံးမစမ်းမယ်"

ခင်ခင်လေးက တံခါးမဖွင့်ပါ။ ထိုမျှမက တံခါးအနီးတွင်ရပ်နေရာမှလည်း တံခါးမဖွင့်သဖြင့် ဗလကျော်ထင်သည် ခင်ခင်လေးကို မတိုက်မိစေရန် မြင်းနီကြီးကို နည်းပင်ထိန်းချုပ်လိုက်ရသည်။ မြင်းနီကြီး ပတာပ်ရပ်လိုက်ပုံမှာ အသထိုရ်မြင်း မိုးပေါ် ကျသည့်အလားဖြစ်သည်။

နန္ဒက ခင်ခင်လေး၏အပြုအမူကို နားမလည်နိုင်ရှိသည်။ တံခွန်တိုင်အိမ်ကြီး နှင့် ဗလကျော်ထင် မည်သို့ ပတ်သက်သနည်းဟု မစဉ်းစားတတ်ရှိသည်။

"ဒင်းဟာ ကျုပ်ရန်သူ၊ ကျုပ်လက်က ဒဏ်ရာဟာ ဒင်းလက်ချက်၊ ဒင်းကို ကျုပ်လက်နဲ့ နတ်နတ်စင်းပစ်မယ်"

ဗလကျော်ထင်က ရှူးရှူးရှားရှားဖြစ်နေသလောက် ခင်ခင်လေးက တည်ငြိမ် အေးဆေးလှသည်။ ထိုအခါ ဗလကျော်ထင်သည် ဝင်းတံခါးကို သူ့ကိုယ်တိုင်ဖွင့်ရန် မြင်းနှင့်ယှဉ်လိုက်သည်။ နန္ဒက နောက်တစ်လှမ်းဆုတ်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။

သို့တစေ ခင်ခင်လေးက သူတို့မမျှော်လင့်သော အပြုအမူတစ်ခုကို လုပ်ဆောင် လိုက်သဖြင့် ဗလကျော်ထင်သည် ဝင်းတံခါးကို မဖွင့်နိုင်ဖြစ်သွားသည်။ ခင်ခင်လေး ထုပ်လိုက်ပုံကလည်း ရှင်းရှင်းကလေးပင်ဖြစ်သည်။ သူမ၏လက်ထဲတွင် ကိုင်ထားသော ကြာပွတ်ဖြင့် ဗလကျော်ထင်၏မြင်းတင်ပါးကို ခပ်စပ်စပ်ကလေး တစ်ချက်ရိုက်လိုက် ခြင်းပင် ဖြစ်သည်။

မြင်းကြီးသည် နာကျင်လှသဖြင့် ချစ်ချုပ်ဟစ်ဟီပြီး ခုန်ပေါက်ခုန်ဆွဖြစ်နေသည်။ သခင်၏အရိပ်အကဲကို ကြည့်နေကြသော အင်းခွေးကြီးများကလည်း အခွင့်သာသည်နှင့် တစ်ပြိုင်နက် မြင်းကြီးကို ဝိုင်း၍ ဟောင်ကြ ဆွဲကြ ဟပ်ကြတော့သည်။

ဗလကျော်ထင်သည် ဝက်ရူးပြန်သလိုရှိနေသော မြင်းကြီးပေါ်တွင် မုန်တိုင်းမိ သည့် လှေငယ်ရှင်ပမာ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်လေးက စောစောကအတိုင်း ဖြောင်းခနဲ အသံမြည်အောင် ကြာပွတ်ကို လေထဲတွင် တစ်ချက်ရိုက်လိုက်ရာ အင်းခွေးကြီးများသည် ကြောင်သံကြားသော ကြွက်ကလေးပမာ ငြိမ်သွားကြသည်။

သည်တော့မှ ခင်ခင်လေးက တည်ငြိမ်သောအသံဖြင့်··

"သည်ကမောင်ကြီးဟာ ခင်ခင်လေးတို့ရဲ့ ဧည့်သည်ပါ၊ ဘဘုရားနဲ့တွေ့ရအောင် ရပ်ဝေးကလာတဲ့ဧည့်သည်ပါ၊ ခင်ခင်လေးတို့မှာ အိမ်ရှင်ဝတ္တရားရှိပါတယ်၊ သည်က မောင်ကြီးနဲ့ ဗိုလ်မှူးကြားမှာ တခြားတစ်ပါးသော အရေးကိစ္စရှိရင် နောက်မှ တစ်နေရာမှာ၊ တစ်ချိန်ချိန်မှာ ရှင်းကြပါ၊ အခုတော့ ဗိုလ်မှူးပြန်မယ်ဆိုရင် အိမ်ရှေ့တံခါးမကြီးက ပြန်ပါလို့ ခင်ခင်လေး မေတ္တာရပ်ပါတယ်"

"ရပ်ဝေးကလာတဲ့ဧည့်သည်ဆိုတိုင်း လက်ခံသင့်မသင့် စဉ်းစားဦးနော်၊ တော်ကြာနေ မင်းပြစ်မင်းဒဏ်မလွတ်တဲ့ သူပုန်သူကန်ဖြစ်နေရင် ခင်ခင်လေးတို့မှာ ပတ်ထမ်းတွေ့နေလိမ့်မယ်"

"သည်ကမောင်ကြီးက ခင်ခင်လေးတို့နဲ့ ဧည့်သည်ဆိုပေမယ့် တကယ်တိတိကျကျပြောရရင် ဘဘုရားရဲ့ ဧည့်သည်ပါ၊ သည်တော့ သည်ကိစ္စတွေအားလုံးကို ဘဘုရားပြန်လာမှ ရှင်းပါလိမ့်မယ်၊ ခင်ခင်လေးတို့တာဝန်က ဧည့်သည်ကို အိမ်ရှင်ဝတ္တရားကျေပွန်အောင် ကျွေးမွေးစောင့်ရှောက်ထားဖို့ပဲ ဖြစ်ပါတယ်"

"ကောင်းပါ့များ··သည်လိုဆိုရင်လည်း မြို့စားကြီးပြန်လာမှပဲ အဆိုးအကောင်း စာရင်းပေါင်းကြသေးတာပေါ့၊ ကဲ-သွားပြီ ကျေးတောသားရေ့··သည်ရက်အတွင်း မြို့စားကြီးအိမ်က ဧည့်ဝတ်ပြုတဲ့ စားကောင်းသောက်ဖွယ်တွေကိုသာ မသေခင် စားရတယ်အောက်မေ့ပြီး သွားဖြဲနားဖြဲ စားထားပေတော့"

ဗလကျော်ထင်သည် ပြောပြောဆိုဆိုနှင့် မြင်း၏ဝမ်းဗိုက်ကို ခြေနှစ်ဖက်ဖြင့် ထိုးလိုက်ရာ မြင်းကြီးသည် နေရာတွင် မနေချင်တာကြာပြီဖြစ်သည့်အလား ဇောင်းမှ လွတ်လိုက်သည့်နှယ် ခုန်လွှားကန်ထွက်သွားတော့သည်။ ထိုအခါ အင်းခွေးကြီးများသည် နှုတ်ဆက်သည့်သဘောဖြင့် ဟိန်းကာဟောက်ကာ အစွယ်ကြီးများ ဖြဲထုတ်ကာနှင့် နောက်မှပြေးလိုက်သွားကြသည်။

[ ၈ ]

ကောင်းကင်နှင့်ဝန်းကျင်တွင် ဝါသော နီသောအရောင်များမရှိတော့။ အစိမ်းရင့်ရင့် အပြာမှိုင်းမှိုင်း အမှောင်မည်းမည်းတို့သာရှိသည်။

နီလာရောင် ကမ္ဘလာတွင် ရွှေချည်ပွင့်များ စီခြယ်ထားသည်။

"ဘဘုရား ခရီးသွားနေတုန်း ဧည့်အိပ်ဧည့်သည် လက်ခံရိုးထုံးစံမရှိပါ။ သာ ... မောင်ကြီးဟာ ခရီးဝေးကလာတဲ့ ဧည့်စိမ်းလည်းဖြစ်လို့ ခရီးဦးကြိုဆိုပါတယ်"

ခင်ခင်လေးက မလှမ်းမကမ်းပေါက်တံခါးကိုဖွင့်ပေးရင်း ကြည်လင်ချိုသာသော စကား ... ည်။ နန္ဒက သူ၏မဟူရာမြင်းနက်ကြီးကိုဆွဲ၍ ဝင်းအတွင်းသို့ဝင်သည်။

"ခုအတိုင်းသာဆိုရင်တော့ ဗိုလ်မှူး ဗလကျော်ထင်ဟာ မောင်ကြီးရဲ့ရန်သူ ... တဲ့ မောင်ကြီးရဲ့ ကျေးဇူးရှင်ဖြစ်နေပြီ နှမယ်"

"ဟင်-ဘာဖြုလို့လဲ"

ခင်ခင်လေးက သူ့စကားကို နားမလည်ဟန်ဖြင့် ကလေးငယ်တစ်ယောက်လို ... ပြန်မေးလိုက်သည်။ ခင်ခင်လေး၏ချစ်စဖွယ်အမူအရာကို တွေ့မြင်ရသဖြင့် နန္ဒ ... တ်သည်။ တစ်ချိန်လုံး တည်ငြိမ်ရင့်ကျက်ခြင်းရှိနေသော မိန်းမငယ်ကို မိမိက ... မထင်သော စကားတစ်ခွန်းကို ဆိုလိုက်နိုင်သဖြင့် အသာစီးတစ်ကွက်ရချေပြီဟု ... တ်လိုက်သည်။ ထို့ကြောင့် လေအေးကလေးနှင့် ရှင်းပြသည်။

"သည်လိုလေ··စောစောပိုင်းက ခင်ခင်လေး မောင်ကြီးကို လက်မခံဘူးလုပ် ... ယ်မဟုတ်လား၊ သည်အချိန်မှာ ဗိုလ်မှူးရောက်လာပြီး အခြေအနေပြောင်းသွားလို့ ... ခင်ခင်လေး မောင်ကြီးကို တံခါးဖွင့်ပေးတာမဟုတ်လား၊ သည်တော့ ဗိုလ်မှူးဗလ ... ထင်ဟာ မောင်ကြီးရဲ့ ကျေးဇူးရှင်ပေါ့၊ သူသာ ရောက်မလာဘူးဆိုရင် မောင်ကြီး ... ဟောဟိုက ယာခင်းစောင့်တဲထဲမှာ ခွေခွေကလေး ကွေးနေရပြီ"

နန္ဒက အဝေးတွင် မီးရောင်လက်လက်ဖြင့် မြင်ရသော ယာခင်းစောင့်တဲကို ... ညှိုးထိုးညွှန်ပြသည်။

ခင်ခင်လေးက နန္ဒ၏စကားကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ... ည်။ ထို့နောက် မျက်မှောင်ကုတ်လိုက်ပြီး··

"အဲသည်တဲကိုသိလို့လား"

"အလာတုန်းက တံခွန်တိုင်အိမ်ကြီးကို မသိလို့ အဲဒီတဲမှာ နောက်ဆုံး ဝင်မေး ... ယ်"

"ဘာပြောလိုက်သလဲ"

ခင်ခင်လေး၏ အမေးက အနည်းငယ်ထူးခြားသည်ဟု ထင်ရမည်။ သို့ဖြင့် ... မရှုတ်မလွှန်ဖြေသည်။

"ဘာပြောရမလဲ၊ တံခွန်တိုင်အိမ်ကြီး ဟိုမှာဆိုပြီး ပြလိုက်တာပေါ့၊ ဘာပြု ... အဲသည်အဖိုးကြီးကို သိလို့လား"

"အဘညိုဆိုရင် သည်နယ်မှာ မသိတဲ့သူမရှိဘူး"

www.burmeseclassic.com

"သူတို့ဟာတွေက ဘယ်လိုများပါလိမ့်၊ အဖိုးကြီးက ပြောတော့လည်း တံခွန်တိုင် အိမ်ကြီးနဲ့ တံခွန်တိုင် မိုလ်ကျောက်လုံးကို ဘယ်သူမသိဘဲရှိမလဲတဲ့"

"မသိတဲ့လူမရှိရအောင် သည်အဖိုးကြီးက ဘာလဲ"

"အို‥နောက်တော့ မောင်ကြီးသိမှာပေါ့၊ တစ်ခုတော့ရှိတယ်၊ ခင်ခင်လေးတို့ ဆီမှာ နေမယ်ဆိုရင်တော့ မောင်ကြီးဟာ အဲသည်အဖိုးကြီးနဲ့ အဆက်အဆံမလုပ်ဖို့ လိုတယ်၊ အဘညီနဲ့ ဘဘုရားဟာ ကမ္ဘာ့ရန်တွေပဲ"

"ဘုရား‥ဘုရား‥အဲသည်တဲကလေးက သည်အိမ်ကြီးကို ပြိုင်ရဲတာတော့ နည်းတဲ့သတ္တိမဟုတ်ဘူး"

ခင်ခင်လေးက ဘာမျှပြန်မပြော။

သူတို့နှစ်ယောက် ဘေးချင်းယှဉ်၍ လျှောက်လာကြသည်။ အင်းခွေးကြီးများ သည် သူတို့ထံသို့ ပြန်မလာကြတော့။ ယခုအချိန်အထိ လူရိပ်လူခြေလည်း ခင်ခင်လေး နှင့် ဗလကျော်ထင်မှတစ်ပါး အခြားဘယ်သူ့ကိုမှ မမြင်ရသေး။

တံခွန်တိုင်အိမ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်မြဲ ဖြစ်သည်။ တံခွန်တိုင်အိမ်ကြီး တွင် ခင်ခင်လေးတစ်ယောက်သာရှိသည့်အလားဖြစ်သည်။

"ညဥ့်အိပ်ဧည့်သည် လက်မခံရဘူးလို့ ဘဘုရားက မှာခဲ့တယ်မဟုတ်လား ညီမတော်"

သူတို့အထက်မှ ရုတ်တရက် မိန်းမသံတစ်ခု ထွက်ပေါ်လာသဖြင့် နန္ဒ မော့ ကြည့်လိုက်သည်။ ဇာခန်းစီးတပ်ထားသော ပြတင်းပေါက်တစ်ခုတွင် အမျိုးသမီးတစ် ယောက် ရပ်နေသည်ကိုတွေ့ရသည်။ အလင်းရောင်အားနည်းသဖြင့် မျက်နှာနှင့် ကိုယ် လုံးကိုယ်ထည်ကို ကောင်းစွာမမြင်ရသော်လည်း ခင်ခင်လေး၏ အစ်မဖြစ်မည်ဟု နန္ဒ စဉ်းစားမိသည်။

"သည်ကိစ္စ ခင်ခင်လေး တာဝန်ယူပါတယ်"

ကျိုင်းခနဲအသံမြည်ပြီး ပြတင်းတံခါးပိတ်သွားသည်။

"ခင်ခင်လေးရဲ့ အစ်မတော်နဲ့တူတယ်"

"ဟုတ်တယ် ခင်ခင်လတ်"

"ခင်ခင်ကြီးဆိုတာရော ရှိသေးသလား"

"ဟိုတုန်းက ရှိတယ်၊ ခုတော့ မရှိတော့ဘူး"

ခင်ခင်လေး၏စကားသံ ပြတ်ခြင်းမာခြင်းရှိသဖြင့် နန္ဒ ထပ်မမေးတော့။ ခုတော့ မရှိတော့ဘူးဆိုသည့်အဓိပ္ပာယ် သေဆုံးခြင်းကို ပြောလိုသလား၊ သေခန်းရှင်ခန်း ဖြတ် ထားသည်ကို ဆိုလိုသလား သူမပြောတတ်။



ခင်ခင်လေးသည် အိမ်ကြီးအတွင်းသို့ မဝင်သေးဘဲ အိမ်ကြီးကို ကွေ့ပတ်ဟန် သွားနေသည်။ မကြာမီ အဆောက်အဦတစ်ခုသို့ ရောက်သွားသည်။ မြင်းဇောင်းဖြစ်သည့် ဇောင်းရိပ်ထဲမှ ကျောက်ပေါက်မနှင့် လူတစ်ယောက်ထွက်လာသည်။ နန္ဒလက်မှ မြင်းကို ယူသည်။ ဘာစကားမျှမပြော၊ ခင်ခင်လေးကလည်း ဘာမျှမပြော။ သည်တော့ နန္ဒက ေတာ့ ဘာပြောစရာလိုသေးသနည်း။

ခင်ခင်လေးသည် နန္ဒကို တံခါးပေါက်ကမှနေ၍ အိမ်တွင်းသို့ ခေါ်ဆောင်သွား သည်။ အိမ်ရှေ့တံခါးမကြီးတော့မဟုတ်၊ ဘေးတံခါးပေါက်တစ်ခုပင် ဖြစ်ဟန်ရှိသည်။

ဖယောင်းတိုင်ကိုင်ထားသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့သောအခါ‥

"ဧည့်သည်စားဖို့ ဘာရှိသလဲ ဒေါ်သဲအူ"

"ကျုပ်ဘာမှမစားတော့ပါဘူး၊ လက်ပံပင်ထမင်းဆိုင်မှာ ညနေစာ စားခဲ့ပြီး ပြီ"

ထိုအခါ ဒေါ်သဲအူသည် ဘာမျှမပြောတော့ဘဲ တစ်ဘက်သို့လှည့်ထွက်သွား သည်။ ဤအိမ်မှလူများသည် စကားနည်းကြဟန်ရှိသည်။ တစ်ခွန်းဆိုလျှင် တစ်ခွန်းပဲ ပြောကြဟန်ရှိသည်ဟု နန္ဒတွေးသည်။

ခင်ခင်လေးကလည်း တစ်စုံတစ်ခုကိုစားရန် ထပ်မံတိုက်တွန်းခြင်းမပြုတော့ဘဲ စကြံလမ်းအတိုင်းဆက်သွားသည်။ နန္ဒနောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားသည်။ အိမ်ကြီး၏အနေအထားကို တတ်နိုင်သမျှ လေ့လာအကဲခတ်သည်။ သို့သော် အလင်း ရောင်အားနည်းသဖြင့် သဲကွဲသေချာစွာ မတွေ့ရှိနိုင်။

မကြာမီ အခန်းတစ်ခုရှေ့တွင် ခင်ခင်လေး ရပ်လိုက်သည်။ ကြီးမားလှပသော ကျွန်းတံခါးကို အသာအယာတွန်းဖွင့်သည်။ အခန်းထောင့်တွင် ဖန်မီးတိုင်တစ်ခုရှိသည်။ ဖယောင်းတိုင် စိုက်ထွန်းထားသည်။ အခန်းကျယ်ကြီးတစ်ခုဖြစ်သည်။ အပြောက်အမွှမ်း ဆင်ယင် လှပခမ်းနားခြင်းရှိသည်။ မျက်နှာချင်းဆိုင် နံရံတွင် သံတိုင်များစိုက်ထားသော ပြတင်းပေါက်တစ်ခုရှိသည်ကို တွေ့ရသည်။

"ကဲ-မောင်ကြီးလဲ ခရီးပန်းလှရော့မယ်၊ အေးအေးလူလူ အနားယူပြီး အိပ် တော့"

အခန်းတွင်းသို့ နန္ဒဝင်မိသည်နှင့်တစ်ပြိုင်နက် ခင်ခင်လေးက ကျွန်းတံခါးကြီးကို အပြင်မှပိတ်လိုက်သည်။ ထို့နောက် ခင်ခင်လေး ထွက်ခွာသွားသောခြေသံကို ကြားရ သည်။

ခင်ခင်လေးခြေသံပျောက်သွားပြီး မရှေးမနှောင်းမှာပင် ခြေသံရှုပ်ရှုပ်ကြားရ သည်။ နန္ဒနေရာတွင် မလှုပ်မယှက်ရပ်ပြီး နားစွင့်နေသည်။ ခြေသံမှုသည် သူ့အခန်း

www.burmeseclassic.com

www.burmeseclassic.com

တံခါးရှေ့တွင် ရပ်သွားသည်။ ထို့နောက် မသဲကွဲသောအသံများ ကြားရသည်။ ခြေသံတဖွဖွ ပြန်လည်ထွက်ခွာသွားသည်။

နန္ဒစိတ်ထဲတွင် သံသယမကင်းသဖြင့် အခန်းတံခါးကို တွန်းဖွင့်ကြည့်သောအခါ မရတော့၊ အပြင်ဘက်မှ မောင်းချပြီးပိတ်သွားချေပြီတည်း။

တံခါးကိုပိတ်သွားသူသည် မည်သူနည်း။ ခင်ခင်လေးလော၊ ခင်ခင်လတ်လော၊ ဒေါ်သဲအူလော၊ ကျောက်ပေါက်မနှင့် မြင်းထိန်းလော၊ သို့တည်းမဟုတ် အခြားတစ်စုံတစ်ယောက်လော။

မည်သည့်ရည်ရွယ်ချက်ဖြင့် သူ့ကို ဤအခန်းတွင်း၌ ပိတ်လှောင်ထားကြလေသနည်း။

နန္ဒက ပြတင်းပေါက်မှ အပြင်သို့ကြည့်နိုင်ရန် ကြိုးစားသည်။ ခြံဝင်း တစ်စိတ်တစ်ဒေသကို တွေ့မြင်ရသည်။ မည်သည့် ထူးခြားချက်မျှမရှိ။

ဦးမွေ့ယာခင်းထားသော ကုတင်ပေါ်တွင် နန္ဒ လဲလျောင်းလိုက်သည်။ လောလောဆယ်တွင် ဤအခန်းထဲမှ သူထွက်နိုင်ရန်အကြောင်းမရှိ၊ ထွက်နိုင်အောင်လည်း သူ အားမထုတ်ချင်သေး။

နဖူးလက်တင်ပြီး စဉ်းစားသည်။ မသူဇာနှင့် ခင်ခင်လေးတို့ သူ့မျက်စိထဲတွင် တစ်လှည့်စီပေါ်လာကြသည်။ ဗလကျော်ထင်၊ ခင်ခင်လတ်၊ ဒေါ်သဲအူ၊ ကျောက်ပေါက်မနှင့်လူ၊ အင်းခွေးကြီးများ၊ အဘညိုတို့ကလည်း သူ၏စိတ်ကို ဝင်ရောက် နှောင့်ယှက်ကြသည်။

သို့ဖြင့် သူဘာကိုမျှမတွေးတော့ဘဲ စိတ်ကိုလွှတ်ထားလိုက်သည်။ မျက်လုံးများကို မှိတ်ထားလိုက်သည်။

## ၃ ၀ ဝတ်ရုံစိမ်း [ က ]

နန္ဒ အိပ်ပျော်သွားသည်။ အဘယ်မျှကြာသည်မသိ၊ နားထဲတွင် အသံတစ်ခုကြားသဖြင့် ဆတ်ခနဲလန့်နိုးသည်။ အိပ်ရာမှ ကမန်းကတန်းထထိုင်ပြီး ဟိုဟိုသည်သည် ကြည့်သည်။

လက်ဝဲဘက်ဘေးမှ နံရံကြီး အက်ကြောင်းများ ထင်းလာသည်ကို မြင်ရသည်။ သူကြည့်နေစဉ်မှာပင် နံရံ၏အစိတ်အပိုင်းတစ်ခုမှာ ရှေ့သို့ထွက်လာသည်။ တစ်ချိန်တည်းမှာပင် တစ်နေရာက ချိုင့်ဝင်သွားသည်။ သူ ချက်ချင်းသိလာသည်။ နံရံတွင် လျှို့ဝှက်စွာပြုလုပ်ထားသော တံခါးပေါက်ပွင့်လာခြင်းဖြစ်သည်။ ဆုံလည်တံခါးပေါက်ဖြစ်သည်။

လျှို့ဝှက်ဆုံလည်တံခါးပွင့်လာပြီး ခေါင်းစွပ်ဝတ်ရုံစိမ်းနှင့် လူတစ်ယောက်အခန်းတွင်းသို့ ဝင်လာသည်။ ဝတ်ရုံဖားဖားကြီးနှင့်ဖြစ်၍ ယောကျ်ားလား၊ မိန်းမလားမခွဲပြား၊ လက်တွင် ပြောင်းကိုသေနတ်တစ်လက်ကိုင်ထားသည်။

နန္ဒ ဓားကိုဆွဲပြီး ရုတ်ချည်းထသည်။ ဝတ်ရုံစိမ်းနှင့်လူသည် နန္ဒ နိုးလာသည်ကိုတွေ့သောအခါ သေနတ်ဖြင့် ပစ်မည်ပြုသည်။ သို့သော် တကယ်မပစ်ဘဲ လျှို့ဝှက်ဆုံလည်တံခါးမှ ထွက်ပြေး၏။

နန္ဒက အနည်းငယ်မျှ ဆုတ်ဆိုင်းမနေဘဲ ဝတ်ရုံစိမ်းနှင့်လူနောက်သို့ လျှို့ဝှက်ဆုံလည်တံခါးမှ ထွက်၍လိုက်သည်။

ဆုံလည်တံခါးမှထွက်မိသောအခါ စင်္ကြံတစ်ခုကိုတွေ့ရသည်။ မလင်းမကမ်းတွင်ရှိသော မီးတိုင်မှအပမည်သူ့မျှမတွေ့ရ။ သတိကြီးစွာဖြင့် စင်္ကြံလမ်းအတိုင်း နန္ဒ လျှောက်သွားရာ ဟိုကွေ့သည်ချိုးနှင့် အိမ်အပြင်ဘက်သို့ ရောက်သွားသည်။ ဝတ်ရုံစိမ်းနှင့်လူ၏အရိပ်အယောင်ကိုမျှ မတွေ့ရတော့သဖြင့် အိမ်ထဲသို့ ပြန်ဝင်တော့မည်အပြု ခြံဝင်းတစ်နေရာတွင် မဲမဲသဏ္ဌာန်တစ်ခုကို ရိပ်ခနဲတွေ့မြင်လိုက်ရသည်။

မဲမဲသဏ္ဌာန်ဆီသို့ နန္ဒက လေအဟုန်ဖြင့် ပြေးသွားသည်။ သူပြေးသွားစဉ်မှာပင် မဲမဲသဏ္ဌာန်သည် မြေပြင်သို့ လဲကျသွားသည်။

နန္ဒသည် လဲကျသွားသောသဏ္ဌာန်အနီးသို့ သတိကြီးစွာဖြင့် ချဉ်းကပ်သွားသည်။ ထိုသဏ္ဌာန်အနီးသို့ ချဉ်းကပ်မိသောအခါ နန္ဒစိတ်ပျက်သွားသည့်အကြောင်းမှာ လဲနေသူသည် သူ့အခန်းတွင်းသို့ ကျူးကျော်ဝင်ရောက်လာသော ဝတ်ရုံစိမ်းနှင့်လူမဟုတ်။ ထိုသူမှာ သေရည်နံ့တထောင်းထောင်းကို ရရှိသဖြင့် ထိုသူသည် အရက်မူးပြီး လဲနေသူတစ်ဦးဖြစ်ကြောင်း သိရသဖြင့်ဖြစ်သည်။

ထိုသူမှာ အတော်ကြီးမူးနေပုံရသည်။ နန္ဒချဉ်းကပ်လာသည်ကို သိပုံမရ တုတ်တုတ်မျှမလှုပ်၊ သစ်တုံးကြီးတစ်တုံးပမာဖြစ်သည်။

နန္ဒ လှည့်ပြန်တော့မည်ပြုပြီးမှ ထိုသူဘယ်သူနည်းဟု သိလိုစိတ်ဖြစ်လာသဖြင့် လဲနေသောသဏ္ဌာန်ကို ကုန်းငုံ့၍ အကဲခတ်လိုက်သည်။

ထိုသူ၏မျက်နှာကို ကွဲကွဲပြားပြားမသိရမီမှာပင် လက်တစ်ဖက်မြောက်လာပြီး နန္ဒ၏လည်ပင်းကို ရစ်သိုင်းယူလာသည်။

အခြေအနေ ရုတ်ခြည်းပြောင်းလဲသွားသည်။ မြေပြင်ပေါ်သို့ နန္ဒ ကျောနှင့်ကျသွားသည်။ သေရည်နံ့ထောင်းနေသူက မတ်တပ်ရပ်လျက်သားဖြစ်နေသည်။ နန္ဒ၏

www.burmeseclassic.com



ဓားမှာလည်း ထိုသူ၏လက်တွင် ရောက်နေသည်။ နန္ဒ အငိုက်မိသွားခြင်းဖြစ်သည်။

နန္ဒအထလိုက်တွင် ထိုသူကအပေါ်မှ ဓားနှင့် သိုင်းခုတ်သည်။ နန္ဒက ရန်သူ၏ ဓားကိုင်ထားသောလက်ကို လက်ကောက်ဝတ်မှဖမ်းဆုပ်ပြီး သူ့ကိုယ်ပေါ်သို့ အရှိန်နှင့် ကျလာသော ရန်သူ၏ကိုယ်လုံးကြီးကို ပခုံးနှင့်ခံပြီး အလိုက်သင့်အရှိန်ဖြင့် မြှောက်ပစ်လိုက်သည်။

သူနှင့် တစ်လံကွာလောက်တွင် ရန်သူပက်လက်ကျသည်။ ငှက်ကြီးတောင်ဓားသည် နန္ဒ၏လက်ထဲတွင် ပြန်လည်ရောက်ရှိနေသည်။

နန္ဒက ငှက်ကြီးတောင်ဓားကို လုံသဖွယ် မှိန်းသဖွယ် ရန်သူ၏ရင်ညွန့်ဆီသို့ အသေအချာချိန်၍ ပစ်လွှတ်လိုက်သည်။ သို့သော် ဓားရှည်သည် ရန်သူ၏ရင်ညွန့်ကို မစိုက်ဘဲ တစ်နေရာသို့ လွင့်ပါသွားသဖြင့် ကြည့်လိုက်ရာ ပန်းရုံကလေးတစ်ခုအနီးတွင် ရပ်နေသော ခင်ခင်လေးက ဓားရှည်ကို ကြာပွတ်ဖြင့် ဆွဲရစ်ယူလိုက်သောကြောင့် ဖြစ်၏။

ခင်ခင်လေးနှင့် မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ဦး ရပ်နေသည်ကိုတွေ့ရသည်။ ခင်ခင်လတ်ပင် ဖြစ်သည်။

"သူက ခင်ခင်လေးတို့ရဲ့အစ်ကိုကြီး တံခွန်တိုင် မောင်မောင်ကြီးတဲ့"

နန္ဒမျက်လုံးပြူးသွားသည်။ အံ့အားသင့်သွားသည်။ အားနာသွားသည်။ ထို့ကြောင့် လဲနေရာမှလူးလဲ၍ထလာသော မောင်မောင်ကြီးကို တောင်းပန်စကားဆိုသည်။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါနောင်ကြီး"

"ဘာဆိုင်သတုန်း၊ ကျုပ်ညံ့လို့ ခံရတာပဲ"

မောင်မောင်ကြီးက နန္ဒကို စိန်းစိန်းကြည့်ပြီး လှျာလေးအာလေးပြောသည်။

"သူက ဘဘုရားနဲ့တွေ့ရအောင် ရပ်ပေးကလာတဲ့ ဧည့်သည်ပါ၊ မောင်ကြီး နန္ဒတဲ့"

ခင်ခင်လေးက နန္ဒ၏ဓားကိုပြန်ပေးရင်း အစ်ကိုကြီးနှင့် မိတ်ဆက်ပေးသည်။ ခင်ခင်လတ်က မတုတ်မလှုပ်ရပ်နေသည်။

"ကိုနန္ဒကို ဘဘုရားတွေ့ရင် သဘောကျမှာ သေချာတယ်၊ ကိုနန္ဒက ယောကျ်ားကောင်းတစ်ယောက်ပဲ၊ ဘယ်အရပ်သားလဲ"

"အလုံကပါ"

"လက်စသတ်တော့ မင်းကြီးမဟာဗန္ဓုလနယ်ကကိုး၊ အလုံကဆိုတော့ ထန်းရည်လည်း သောက်တတ်မှာပေါ့"

နန္ဒ ဘာမျှပြန်မဖြေ။ မောင်မောင်ကြီး သေရည်မူးနေသည်မှာ အမှန်ပင်ဖြစ်သည်။

ဝတ်ရုံစိမ်းနှင့်လူမှာ မောင်မောင်ကြီးမဟုတ်နိုင်ကြောင်း သေချာသည်။ ယင်းသို့ဆိုလျှင် ဝတ်ရုံစိမ်းနှင့်လူသည် မည်သူနည်း၊ ခင်ခင်လေးတို့ ညီအစ်မသည် အဘယ့်ကြောင့် ...နေရာသို့ ဤမျှ မြန်မြန်ရောက်ရှိလာကြသနည်း။ သူ့ခေါင်းထဲတွင် အတွေးများ ...တက်ယက်ခတ်နေသည်။

"နေပါဦး..မောင်ကြီးနဲ့ ကိုနန္ဒတို့ ဘယ်လိုဖြစ်ကြတာလဲ"

မေးသူမှာ ခင်ခင်လတ်။

"တို့တော့ ဘာမှန်းတောင်မသိဘူး၊ ဗိုက်မူးပြီးလဲနေတဲ့ဆီကို လူတစ်ယောက်ပြေး...တာပဲသိတယ်"

နန္ဒက သူ့အခန်းကို အပြင်မှ မောင်းချသွားသည့်အကြောင်း၊ သူလန့်နိုးသည်တွင် ...သည်တံခါးပွင့်လာပြီး ဝတ်ရုံစိမ်းနှင့်လူ ဝင်လာသည့်အကြောင်း၊ ဝတ်ရုံစိမ်းနှင့်လူ ...တ်သို့ အလိုက်တွင် မောင်မောင်ကြီးကို တွေ့ရသည့်အကြောင်း အတိုချုံးပြီး ပြော ဖြစ်လိုက်သည်။

သူ့စကားကို မောင်မောင်ကြီးနှင့် ခင်ခင်လေးတို့က-တအံ့တသြ နားထောင်ကြ ...၊ ခင်ခင်လတ်ကမူ စိတ်ဝင်စားမှုမရှိဟန်ဖြင့်..

"ကိုနန္ဒ ညညအိပ်ရင် ယောင်တတ်တယ်နဲ့တူတယ်"

"ကြံကြီးစီရာ"

"ထမင်းလုံးတာရွှေချောက်တာနဲ့တူတယ်"

"ကြံကြီးစီရာ"

"ကိုနန္ဒပြောတာတွေ တစ်ခုမှမဖြစ်နိုင်ဘူး၊ ကိုနန္ဒရဲ့အခန်းကို ဘယ်သူကစိတ် ...ရှာလဲ၊ တံခွန်တိုင်အိမ်ကြီးဟာ အကျဉ်းထောင်မှမဟုတ်ဘဲ၊ နို့ပြီး အခန်းနံရံကနေ ...လိုလုပ်ပြီး ဆုံလည်တံခါးကြီးဖြစ်လာမလဲ၊ ဝတ်ရုံစိမ်းနဲ့လူဆိုတာ ခင်ခင်လတ်တို့ ...ါမှမမြင်ဖူးဘူး၊ မကြားဖူးဘူး"

သည်တွင် ခင်ခင်လတ်နှင့် မောင်မောင်ကြီးတို့ကလည်း..

"ဟုတ်တယ်..ကိုနန္ဒပြောတာတွေ တစ်ခုမှမဖြစ်နိုင်ဘူး"

"မောင်ကြီးနန္ဒ အိပ်မက်မက်တယ်နဲ့တူပါတယ်"

မောင်နှမသုံးယောက်စလုံးက ယင်းသို့ တညီတညွတ်တည်း ပြောလာသောအခါ ...ခေါ်သဖြစ်လာသည်။

"ကဲ-ကျုပ်ပြောတာတွေမယုံရင် ဟုတ်မဟုတ် လိုက်ကြည့်ကြ"

ထင်းသို့ပြောပြီး နန္ဒ ရှေ့မှ ဆောင့်ဆောင့်အောင့်အောင့် လျှောက်သွားသည်။ ...တော့လည်း တံခွန်တိုင်မောင်နှမသုံးယောက် သူ့နောက်မှ လိုက်ပါလာကြသည်။

www.burmeseclassic.com



[ ၆ ]

သူ့အခန်းသို့ရောက်သောအခါ လျှို့ဝှက်ဆုလည်တံခါးကြီးမရှိတော့ဘဲ ပကတိနံရံကိုသာ တွေ့ရသည်။ ထိုမျှမက စောစောကဖွင့်မရသော အခန်းတံခါးမှာလည်း ယခုအခါ ပွင့်လျက်သားရှိနေသည်။

"သည်တံခါး စောစောက ဖွင့်လို့မရဘူး အခုပွင့်နေတာ ဘယ်သူဖွင့်ထားသလဲ မသိဘူး"

နန္ဒက မကျေမနပ်ကြီးပြောသည်။

"ဘယ်သူဖွင့်မလဲ၊ ကိုနန္ဒ သည်အခန်းထဲက ထွက်လာတော့ သည်တံခါးကို ဖွင့်ပြီးထွက်လာတာပေါ့"

ခင်ခင်လတ်က ပြောသည်။

"အို··ဘယ်ကလာဟုတ်ရမှာလဲ၊ ကျုပ်အခန်းထဲကထွက်လာတာ သည်တံခါးက မဟုတ်ဘူး၊ ဝတ်ရုံစိမ်းနဲ့လူ ထွက်ပြေးတဲ့ ဟောသည်နေရာက ဆုလည်တံခါးက··"

"ဘယ်မှာ ဆုလည်တံခါးရှိလို့လဲ၊ နံရံကြီးပဲ၊ ကွဲရာအက်ရာလေးတောင် မရှိဘူး"

ခင်ခင်လတ်က နံရံကို တွန်းပြ ပုတ်ပြရင်းပြောသည်။

"ဟုတ်ပါတယ်၊ မောင်ကြီး အိပ်မက်မက်တာဖြစ်ပါလိမ့်မယ်"

ခင်ခင်လေးက ဆိုသည်။

နန္ဒ ဘာမျှပြန်မပြောတော့၊ ဘာမျှလည်း ပြန်ပြောစရာမရှိ၊ သူ အရှုံးဖြစ်ချေပြီ။

"ကိုနန္ဒ အိပ်မက်မက်နေတာမဟုတ်ရင် ကျုပ်လိုပဲ ထန်းရည်မူးနေတာ ဖြစ်ရမယ်"

မောင်မောင်ကြီး၏စကားကြောင့် ညီအစ်မနှစ်ယောက် တခွိခွိရယ်ကြသည်။ နန္ဒမျက်နှာတစ်ခုလုံး ရဲနေသည်။

"အိပ်မက်မက်တာလည်းမဟုတ်ဘူး၊ ထန်းရည်မူးတာလည်းမဟုတ်ဘူး ဆိုရင်တော့ နိမိတ်ကြီးလေးပါး မြင်တာပဲဖြစ်ရမယ်"

မောင်နှမသုံးယောက်၏ လှောင်ပြောင်ရယ်မောသည့်ဒဏ်ကို မခံနိုင်သဖြင့် နန္ဒ အခန်းတွင်းသို့ ကသုတ်ကရက် ဝင်းတံခါးကို အတွင်းမှပိတ်လိုက်သည်။ မောင်နှမသုံးယောက် သူ့အခန်းရှေ့မှ ထွက်ခွာသွားကြသောအခါတွင်မှ နန္ဒသည် စောစောက ဆုလည်တံခါးပွင့်လာသည့်နံရံကို အသေအချာ စစ်ဆေးကြည့်ရှုသည်။ သို့သော် မည်သည့် သဲလွန်စမျှ မတွေ့ရ။

ထိုအခါ သူ့ကိုယ်သူပင် သံသယရှိလာသည်။ ခင်ခင်လတ်ပြောသလိုပင် သူ



အခင်းလုံးတခွေ အခြောက်ခံရချေသည်လား။

'အင်း··တံခွန်တိုင်အိမ်ကြီးနဲ့ တံခွန်တိုင်မောင်နှမတွေကတော့ ငါ့ကို ပညာပြနေကြပြီ၊ နန္ဒအကြောင်း သိရစေမပေါ့'

[ ၇ ]

နန္ဒ အိပ်၍မရ၊ အိပ်၍မပျော်၊ သို့သော် တံခွန်တိုင်အိမ်ကြီးကမူ သူ့အဖြစ်ကို မသိကျိုးကျွင်ပြုလျက် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တံခွန်တိုင်ရွာဆီမှလည်း ဘာသံမျှ မကြားရ။

နန္ဒ နေ၍ထိုင်၍မရသဖြင့် အိပ်ရာမှထသည်။ အခန်းတံခါးကို ဖွင့်ကြည့်သည်။ ညီးတုန်းကလို အပြင်မှပိတ်မထား၊ အလိုက်သင့်ပွင့်သွားသည်။ နန္ဒ မကျေနပ်သဖြင့် အခန်းထဲမှထွက်သည်။ မည်သူမျှမရှိ၊ မည်သည့်အသံမျှ မကြားရ။

နန္ဒခေါင်းထဲတွင် စိတ်ကူးတစ်ခု ဝင်လာသည်။ ထို့ကြောင့် အခန်းတံခါးကို အသံမကြားအောင် ပြန်ပိတ်လိုက်သည်။ ထို့နောက် ခြေကိုဖော့ဖော့နင်းကာ အခန်းတစ်ခုပြီးတစ်ခု လိုက်လံအကဲခတ်သည်။ အခန်းတစ်ခုရှေ့သို့ ရောက်သောအခါ ရပ်လိုက်သည်။ အတွင်းဘက်မှ ဟောက်သံထွက်ပေါ်နေသည်။ တံခါးကို အသာအယာ ဖွင့်ကြည့်ရာ ပွင့်သွားသည်။

ကုတင်ပေါ်တွင် ကန့်လန့်ကြီးအိပ်ပျော်နေသော မောင်မောင်ကြီးကို တွေ့ရသည်။ နန္ဒ မထူးတော့ပြီမို့ အခန်းတွင်းသို့ဝင်ပြီး ဟိုဟိုသည်သည်ကြည့်သည်။ ဝတ်ရုံစိမ်းနှင့် ဆိုင်သည့်အရာဟူ၍ ပုဆိုးစိမ်း၊ ခေါင်းပေါင်းစိမ်းပင် မတွေ့ရ။ မောင်မောင်ကြီး၏အခန်းထဲတွင် အခြားမသင်္ကာဖွယ်ရာလည်း ဘာမျှမတွေ့ရ။ သူပြန်ထွက်လာသည့်တိုင် မောင်မောင်ကြီးသည် စောစောကအတိုင်း ကုတင်ပေါ်တွင် ကန့်လန့်ကြီးအိပ်ပျော်နေဆဲ ဖြစ်သည်။

နောက်ဖေးခန်းတစ်ခုတွင် ဒေါ်သဲအုကိုတွေ့ရသည်။ ဒေါ်သဲအု၏အခန်းသို့ ဝင်မိသောအခါ နန္ဒ ရင်တွေပန်းတွေ တုန်သွားရသည်။ အဖွားကြီးသည် မျက်လုံးကြီးနှစ်လုံး ကြီး ပြူးပြူးကြီးဖွင့်ပြီး အိပ်နေသည်။ ရုတ်တရက်ကြည့်လျှင် တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့ပြီး သေဆုံးနေသည့်နှယ်ဖြစ်သည်။ ပါးစပ်ကမူ တလှုပ်လှုပ်တရွရွနှင့် တွတ်တွတ်တွတ်တွတ်ရွတ်နေသည်။ အနားကပ်၍ နားထောင်သောအခါ ဣတိပိသော ရွတ်နေခြင်းဖြစ်သည်။ ဒေါ်သဲအု၏အခန်းတွင်လည်း ဘာတစ်ခုမျှ သံသယဖြစ်စရာမရှိ။

ကျောက်ပေါက်မနှင့်လူကို မတွေ့ရသဖြင့် မြင်းဇောင်းတွင် အိပ်ဟန်ရှိသည်။ အောက်ထပ်တစ်ခုလုံးတွင် မောင်မောင်ကြီးနှင့် ဒေါ်သဲအုနှစ်ယောက်သာ ရှိပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဇောင်းဘက်သို့ သွားဦးမည်ဟု နန္ဒ စိတ်ကူးသေးသည်။ သို့သော် အင်းခွေးကြီးများနှင့် တွေ့နေမည်စိုး၍ မသွားတော့။ သို့သော် ဝတ်ရုံစိမ်းနှင့်လူနောက်ကို လိုက်စဉ်ကမူ ဝင်းထဲတွင် အင်းခွေးကြီးများကို မတွေ့ရ။ မောင်မောင်ကြီးနှင့် သတ်ပုတ်နေစဉ်တွင်လည်း ခွေးသံမကြားရ။ ခင်ခင်လေးတို့ရောက်လာတော့လည်း ခွေးတွေမပါ။

အင်းခွေးကြီးများသည် မလွယ်ပေါက်တစ်ခုတည်းကိုသာ စောင့်ကြပ်ကြသည်လား၊ သို့မဟုတ် ထိုအချိန်က အင်းခွေးကြီးများကို တစ်စုံတစ်ယောက် ထိန်းသိမ်းထား၍လား။

သူ့အခန်းရှေ့သို့ နန္ဒ ပြန်ရောက်သည်။ အခန်းတွင်းသို့ ဝင်ကြည့်သည်။ ဆုံလည်တံခါးကြီး ပွင့်မနေ၊ ဘာတစ်ခုမျှ ခြေရာလက်ရာမပျက်။

အပေါ်ထပ်သို့ တက်ကြည့်သင့်၊မသင့် နန္ဒ ဝေခွဲမရရှိနေသည်။ အပေါ်ထပ်တွင် အမျိုးလေးနှစ်ယောက်ရှိသည်။ တစ်စုံတစ်ယောက်နှင့်တွေ့ရှိပြီး သူ့အပေါ် မဟုတ်မတရား ထင်မည်ကို သူစိုးရိမ်သည်။

သို့သော်..

ဆုံလည်တံခါးနှင့် ဝတ်ရုံစိမ်းတို့ စိတ်ထဲတွင် မတင်မကျဖြစ်နေသဖြင့် ဘာပဲဖြစ်ဖြစ် အပေါ်ထပ်သို့ တက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ အပေါ်ထပ်သို့ရောက်လျှင် ခင်ခင်လေးနှင့် ခင်ခင်လတ်တို့အခန်းကို ဝင်ရောက်ရှာဖွေရန် သူပိုင်းဖြတ်လိုက်သည်။

[ ဃ ]

ကျွန်းလှေကားကြီးသည် ဗိုလ်ခြေတစ်ရာ တစ်ပြိုင်တည်းတက်သည့်တိုင် အနည်းငယ်မျှ လှုပ်ခါစရာအကြောင်းမရှိ၊ အပ်ကျသံမျှလောက် ပေါ်ထွက်စရာမရှိ။

သို့ရာတွင်..

လှေကားကြီးတစ်ခုလုံး ယိမ်းထိုးလှုပ်ခါနေသည်ဟု နန္ဒ ထင်သည်။ ကျိုးကျိုးကျွိကျွိအသံများ ညံညံစီနေသည်ဟု အောက်မေ့သည်။ သူက လှေကားတစ်ထစ်တက်မိရင်း တစ်ခါရပ်နားမိရင်းဖြစ်နေသည်။ တစ်ထစ်ပြီးတစ်ထစ် မနည်းကြီး အားတင်းပြီး တက်နေရသည်။

သူ့အနေနှင့် ဘာမဆို ရင်ဆိုင်ရဲသည်၊ ဘာကိုမျှမကြောက်ဟု မှတ်ယူခဲ့သော်လည်း ယခုမူ သူသည် အင်မတန် သူရဲဘောကြောင်သည်ဟု မှတ်ယူရမလိုဖြစ်သည်။ မိန်းမပျိုနှစ်ယောက်သာရှိသော အိမ်အထက်ထပ်သို့ မတက်ဝံ့ဝံ့ တက်ဝံ့ဝံ့ဖြစ်နေသည်။

နောက်ဆုံး အိမ်အပေါ်ထပ်သို့ရောက်ရှိသွားသောအခါ သူ့တစ်ကိုယ်လုံး ပူရှိန်းရှိန်း လှုပ်ခါခါဖြစ်နေသည်။

နန္ဒသည် လှေကားထိပ်တွင်ရပ်ပြီး အထက်ထပ်၏အခြေအနေကို လေ့လာစောင့်ကြည့်ရင်း သူ့စိတ်နှင့်သူ့ကိုယ်ကို ငြိမ်သက်အောင်လည်း အတန်ကြာကြိုးစားနေသည်။

အထက်ထပ် အလယ်ပိုင်းတစ်ခုလုံးသည် သုမ္ဘဇရပ်ကြီးပမာ ခန်းမကျယ်ကြီးဖြစ်သည်။ အရှေ့ဘက်တွင် ဘုရားဆောင်နှင့် လက်ဖက်ရည်ဆောင်ရှိသည်။ အခြားအခန်းများလည်း တွေ့ရသည်။ အနောက်ဘက်တွင်လည်း ပိတ်ထားသောအခန်းများရှိသည်။

မိန်းမပျိုနှစ်ယောက်သည် အနောက်ဘက်အခန်းများတွင်သာ ရှိရမည်။ သို့သော် နန္ဒသည် အရှေ့ဘက်ခန်းများသို့ အရင်သွားသည်။

ဘုရားခန်းတွင် တိုင်းတစ်ပါးဖြစ် မီးပဒေသာရှိသည်။ ဖန်ဖြူဖြင့် ပြုလုပ်ထားသည်။ ဖယောင်းတိုင် ဆယ့်ငါးတိုင်တစ်ပြိုင်နက်တည်း စိုက်ညှိပူဇော်ထားသည်။ စိန်ဆင်းတု၊ မြဆင်းတု၊ ရွှေဆင်းတု၊ ကျောက်ဆင်းတု၊ သစ်ဆင်းတု အဆူဆူတို့သည် မီးပဒေသာတွင် သပ္ပာယ်ခြင်း အပြည့်ရှိနေသည်။ နန္ဒသည် ပုဆစ်တုပ်ပြီး ဘုရားကို ဝတ်သုံးကြိမ်ပြုသည်။

လက်ဖက်ရည်ဆောင်သည် ကျယ်ဝန်းလှသည်။ လူနှစ်ဆယ်အစိတ် စုဝေးနိုင်သည်။ တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးသည် ဤအခန်းမှနေ၍ စီမံဖွယ်ရာအားလုံးကို စီစဉ်ဟန်ရှိသည်။ ဆွေးနွေးတိုင်ပင်စရာရှိသည်များ အားလုံးကို ဆွေးနွေးတိုင်ပင်ဟန်ရှိသည်။ အခန်းနံရံများတွင် ဓားလှံသေနတ်များ ကြက်ခြေခတ်ရှိသည်။

လက်ဖက်ရည်ဆောင်နှင့် ကပ်လျက်အခန်းသည် မြို့စားကြီး၏အခန်းပင် ဖြစ်သည်။ တိုင်းတစ်ပါးဖြစ် ကော်ဇောကြီးများ၊ ပိုးဖဲကတ္တီပါများဖြင့် လျှမ်းလျှမ်းဖိတ်ဖိတ်ရှိသည်။ မြို့စားကြီး၏အခန်းနှင့် ကပ်လျက်အခန်းမှာလည်း အိပ်ခန်းတစ်ခုပင် ဖြစ်သည်။

ယင်းအခန်းများတွင် အထူးအဆန်းများ တွေ့မြင်ရသော်လည်း ဝတ်ရုံစိမ်းနှင့်ပတ်သက်၍မူ ဘာမျှမတွေ့ရ၊ နောက်တွေ့သော အခန်းနှစ်ခုမှာမူ အတွင်းမှပိတ်ထားသည်။ အထဲတွင် လူရှိမရှိမပြောနိုင်ပါ။ ဘာသံမျှလည်း မကြားရပါ။ ဘာမျှလည်းမမြင်ရပါ။

တစ်နေရာတွင် အောက်ထပ်သို့ဆင်းသော ကြောင်လိမ်လှေကားတစ်ခု တွေ့ရသည်။ အခန်းနံရံများတွင်ကပ်ထားသော ရောမဗီရိုကြီးနှစ်ခုသုံးခု၌ လူ၏ပမာဏခန့်ရှိသော ပန်းပုရုပ်ကြီး သုံးလေးရုပ်ကိုလည်း တွေ့ရသည်။ ကျွန်းဗီရိုကြီးများကို သူဖွင့်ကြည့်သေးသည်။ ဖွင့်၍မရ။ မြို့စားကြီး၏အခန်းတွင်လည်း လူသုံးလေးယောက်ခန့် ဆံ့နိုင်သော ကျွန်းသားသေတ္တာကြီးတစ်လုံး ရှိသည်။ ယင်းကိုလည်း ဖွင့်မရ။

နန္ဒသည် ပိတ်ထားသောအခန်းများ၊ ဖွင့်မရသော ကျွန်းသေတ္တာကြီးနှင့် ဗီရိုများ၊ ထူးဆန်းတုသော ပန်းပုရုပ်များ၊ လူတစ်ကိုယ် ဆင်းသက်နိုင်သော ကြောင်လိမ်လှေကား

www.burmeseclassic.com

www.burmeseclassic.com



တို့တွင် အာရုံနစ်မြုပ်ရင်း အိမ်ကြီး၏အနောက်ဘက်ပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိသွားသည်။

ယင်းသို့ ရောက်ရှိသွားကြောင်းကိုလည်း မီးရောင်လဲ့လဲ့ထွက်ပေါ်နေသော အခန်းတစ်ခုရှေ့သို့ ရောက်သွားမှ ဖြုတ်ချည်းသိရှိမိခြင်းဖြစ်သည်။

ထိုအခါ သူတစ်ကိုယ်လုံး လျှပ်စီးလက်သကဲ့သို့ သိမ့်ခနဲ တုန်သွားသည်။ ကြမ်းပြင်တွင် သံမှိုနှက်ထားသကဲ့သို့ စုံရပ်သွားသည်။

ထိုစဉ်မှာပင် အခန်းတွင်းမှ လူတစ်ယောက်၏လှုပ်ရှားသံမျိုးကြားရသည်။ နန္ဒ ခေါင်းနပန်းကြီးသွားသည်။ အသက်မှူပင် ရဲရဲမရှူရဲဖြစ်သွားသည်။ သေသေချာချာ နားထောင်သောအခါ လူတစ်ယောက်၏ ဖွဖွခြေသံ၊ ကုတင်ပေါ်တွင် လှဲအိပ်လိုက်သည့် အသံမျိုး။

ခဏမျှကြာသောအခါ ဘာသံမျှမကြားရတော့။ နန္ဒ ခေတ္တမျှစောင့်သည်။ တိတ်ခြိတိတ်နေသည်။ ထိုအခါ နန္ဒတွင် သိလိုစိတ်ဖိစီးလာသည်။ သူက အသံမထွက်သော တံခါးဖက်သို့ လှည့်လိုက်သည်။ အခန်းတံခါး မဟတဟလေး စေ့ထားသည်။ ယင်းကြောင့်ပင် အတွင်းမှ အလင်းရောင်ကို မြင်ရခြင်းဖြစ်သည်။ အတွင်းမှ အသံသဲ့သဲ့များကို ကြားနေရခြင်းဖြစ်သည်။

အခန်းတွင်းမှလူသည် စောစောက တစ်စုံတစ်ခုပြုလုပ်နေဟန်ရှိသည်။ တံခါးရွက်များကြားမှနေ၍ သူ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေခြင်းလည်းဖြစ်နိုင်သည်။ ဤအခန်းရှေ့သို့ သူရောက်လာမှ ထိုသူ သဲလွန်စပျောက်သွားခြင်းဖြစ်နိုင်သည်။ ယင်းသို့ဆိုလျှင် အခန်းတွင်းမှလူသည် ဝတ်ရုံစိမ်းပင် ဖြစ်ချေမည်လား။

ဝတ်ရုံစိမ်းဟူသောအတွေး ခေါင်းထဲသို့ ဝင်လာသောအခါ နန္ဒသည် အားပြည့်လာသည်၊ သတ္တိပြည့်လာသည်၊ ဒေါသထလာသည်၊ မာန်ဝင်လာသည်ဟု ထင်လိုက်မိသည်။

စေ့ထားသော တံခါးရွက်တစ်ခုကို အသာဆွဲဖွင့်လိုက်သည်။ အခန်းတွင်းမှလူကို မြင်တွေ့လိုက်ရသောအခါ ပထမ နန္ဒနှလုံးတွေရပ်သွားသည်။ ထို့နောက် သူ့နှလုံးသည် မြင်းတစ်ကောင် ဒုန်းစိုင်းသကဲ့သို့ တဒိန်းဒိန်းခုန်လာသည်။ တံခါးရွက်ကိုကိုင်ထားသော သူ့လက်သည် တဆတ်ဆတ်တုန်နေသည်။

အခန်းတွင်းမှ လူကား အခြားသူမဟုတ်၊ ခင်ခင်လေးဖြစ်သည်။ ခင်ခင်လေးသည် ကုတင်ပေါ်တွင် ခွေခွေကလေးအိပ်နေသည်။ သူက ကယောင်ကတမ်းဖြင့် တံခါးကိုပြန်ပိတ်လိုက်သည်။ တံခါးရွက်တွင် ထိခတ်သောအသံပင် မတိုးမကျယ်ဖြစ်ပေါ်သွားသည်။



ခင်ခင်လေး နိုးများသွားချေပြီလားဟု သူက စိုးရိမ်တကြီးဖြင့် တံခါးကိုပြန်ဖွင့်ကြည့်လိုက်သည်။ ခင်ခင်လေးသည် ကုတင်ပေါ်တွင် ခွေခွေကလေးပင်ရှိနေသည်။ သို့သော် ပထမအကြိမ်မြင်ရစဉ်ကနှင့် အနေအထားခြင်းမတူဟု နန္ဒထင်မိသည်။ ပထမအကြိမ်မြင်ရစဉ်က သူမ၏လက်တစ်ဖက်သည် ဖောင်းအိသောတင်ပါးပေါ်တွင် ရှိနေသည်။ ယခု ထိုလက်သည် မွေ့ရာပေါ်သို့ကျနေပြီး သူမ၏တင်ပါးသည် အထင်းသားအရှင်းသားမြင်နေသည်။ ထို့ပြင် ရင်ညွန့်ကလေးဝင်းနေသည်ကိုလည်း မြင်ရသည်။

နန္ဒသည် မသက်သာစိတ်ဖုံးလွှမ်းလာသဖြင့် အခန်းတွင်းသို့ လျှင်မြန်သွက်လက်စွာ ဝင်သွားသည်။ ကုတင်အနီးတွင်ရပ်လိုက်ပြီး ခင်ခင်လေးကို အပေါ်မှမိုးကြည့်သည်။ သူမ၏မျက်လုံးကလေးများ မှေးမှိတ်ထားသည်မှာအမှန်ပင်ဖြစ်သည်။ သို့သော် နန္ဒ၏ စိတ်ထဲတွင် ခင်ခင်လေး အိပ်နေသည်ဟုမထင်၊ အိပ်ချင်ယောင်ဆောင်နေသည်ဟု ထင်သည်။ သူမ၏နှုတ်ခမ်းစုံသည် စိတ်မလုံလဲသဖြင့် ပြုံးနေသယောင်။

နန္ဒ စိတ်ကူးတစ်ခုရသည်။ ထိုစိတ်ကူးကို ချက်ချင်းပင် အကောင်အထည်ဖော်လိုက်သည်။ ယင်းကား ခင်ခင်လေး၏ ဖောင်းအိသော ပါးနနုညက်ညက်ကလေးကို သူ၏နှာခေါင်းကြီးနှင့် ဖိသိပ်နမ်းရှုံ့လိုက်ခြင်းပင်ဖြစ်သည်။

သူ၏အနမ်းကြောင့် ခင်ခင်လေး အင့်ခနဲတွန့်သွားသည်။ သို့သော် နိုးသည့်အမူအရာမပြ။ ဆတ်ခနဲ အလွန့်လိုက်တွင် သူမ၏ကိုယ်ခန္ဓာသည် ခွေခွေကလေးရှိရာမှ အနည်းငယ်စန့်သွားသည်။ စောင်းစောင်းကလေးရှိရာမှ ခပ်လန်လန်ကလေးဖြစ်သွားသည်။ သူမ၏အလှအပများကို ပိုမိုထင်လင်းစွာ လှစ်ပြနေဘိသို့ဖြစ်သည်။

နန္ဒကိုယ်တွင်းမှသွေးများ ပွက်ပွက်ကျိုက်ကျိုက်ဆူနေသည်။ သူ၏မျက်လုံးများသည် ခင်ခင်လေးကိုယ်ပေါ်မှ မခွာနိုင်ဘဲဖြစ်နေသည်။

ထိုင်မသိမ်းအင်္ကျီ ရင်ထောင်စသည် နိမ့်ဟိုက်ချောင်ချိ၍ပဲလားမပြောတတ်၊ သို့တည်းမဟုတ် သူမ၏ရတနာရွှေစင်များကပင် ဖွံ့ဖြိုးလွန်းလှ၍ပဲလားမပြောတတ်။ ရင်သားအထက်ပိုင်းသည် လုံးကြွ၍တက်နေသည်။ ရှန်းကြွ၍တက်နေသည်။

အသက်တစ်ခါရှူလိုက်၍ တစ်ခါမို့ကြွလာတိုင်း အပြင်သို့ တစ်ရစ်ထွက်လာသည်ဟု ထင်ရသည်။ နန္ဒသည် အာခေါင်းစေးထန်းခြောက်ကပ်ခြင်း ဖြစ်လာသည်။ ရင်နေရင်းကပင် ယူနောတစ်သောင်းပြေးရဘိသည့်အလား မောပန်းလှိုက်ဖိုနေသည်။

နန္ဒသည် စိတ်ကိုမထိန်းနိုင်တော့ဘဲ ကျန်ရှိသောပါးတစ်ဖက်ကို ဆတ်ခနဲ ပြန်နမ်းလိုက်မိသည်။

ခင်ခင်လေးသည် တအင့်အင့်ညည်းတွားကာ ခါးကလေးဆန့်သွားအောင် လူးလွန့်လိုက်သည်။ ထိုအခါ မျှစ်စို့ကြီးများပမာဖြစ်လာသော ရင်သားနှစ်မွှာသည် ရင်ထောင်စ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ လုံးဝလွတ်ထွက်သွားတော့သည်။

သူ၏မျက်စိထဲတွင် ဝင်းခနဲဖြစ်သွားသည်။ လျှပ်စီးလက်သည့်နှယ် ဖြစ်သွားသည်။ နန္ဒသည် စက်ကွင်းမိသူပမာ ခေတ္တမျှ ငေးစိုက်နေပြီးနောက် အရူးတစ်ယောက်ပမာ အခန်းထဲမှ တစ်ဟုန်ထိုး ထွက်ပြေးသွားသည်။

အခန်းပြင်ဘက်သို့ရောက်သောအခါ အခန်းတံခါးကို ကမန်းကတန်းစေ့ပြီး လှေကားဆီသို့ တစွတ်ထိုးပြေးသည်။ တစ်စုံတစ်ခုနှင့် အင့်ခနဲတိုက်မိသောအခါမှပင် အပြေးရပ်သွားသည်။

မည်သည့်အရာဝတ္ထုနှင့် တိုက်မိသနည်းဟု စူးစိုက်လိုက်သောအခါ နန္ဒမှာ ပကတိကျောက်ရုပ်ကြီး ဖြစ်သွားရတော့သည်။

[ င ]

နန္ဒ ဂမ္ဘီရျူးထိုးနှင့် ဝင်တိုက်မိသည့်အရာမှာ သက်မဲ့ပစ္စည်းတစ်ခုမဟုတ်၊ သွေးနှင့်သားနှင့် ကိုယ်တည်တစ်ခုဖြစ်သော ခင်ခင်လတ်။

နန္ဒသည် အယောင်ယောင်အမှားမှားနှင့် ခင်ခင်လတ်ကို သူ၏ရင်ပြင်ကျယ်ကြီးထဲတွင် တင်းကျပ်စွာ သိုင်းဖက်ထားမိရက်သားရှိသည်။ ခင်ခင်လတ်သည် မျက်ကလဲဆန်ပြာ သူ့ရင်ခွင်ထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေသည်။ အကြောက်အကန် ရုန်းထွက်နေခြင်းမျိုးလည်းမဟုတ်၊ လုံးဝငြိမ်သက်နေခြင်းမျိုးလည်းမဟုတ်။

နန္ဒက ထိတ်ထိတ်ပျာပျာနှင့် နောက်သို့လှည့်ကြည့်လိုက်သည်။ ခင်ခင်လေး၏ အခန်းတံခါးသည် ပိတ်ရက်သားပင်ရှိသည်။ သို့သော် အခန်းတွင်းမှ ခင်ခင်လေးထွက်လာပြီး သူတို့နှစ်ယောက်ကို တွေ့မြင်သွားမည်စိုးရိမ်သည့်အလား သူ၏ရင်ခွင်ထဲရောက်နေသော ခင်ခင်လတ်ကို တင်းကျပ်စွာဖက်ထားရက်နှင့်ပင် အနီးရှိ အခန်းတွင်းသို့ ဆွဲသွင်းလိုက်သည်။

ထိုအခန်းသည် ခင်ခင်လတ်၏အခန်းပင် ဖြစ်သည်။ နန္ဒသည် ခင်ခင်လတ်ကို ကုတင်ပေါ်သို့ ပစ်လွှတ်ချလိုက်သည်။ ခင်ခင်လတ်သည် ကုတင်ပေါ်သို့ ကန့်လန့်ကလေး ကျသွားသည်။ ပက်လက်ကလေးဖြစ်သည်။ ခြေထောက်နှစ်ဖက်သည် ကုတင်အောက်တွင် တွဲလွဲကျနေသည်။ ရင်ကွဲထဘီသည် ဟင်းလင်းကွဲ၍နေတော့သည်။ သူမ၏ ကုတ်နိုင်သော ပေါင်တံကြီးများသည် ဖယောင်းတိုင်မီးလုံ့လုံ့တွင် ဝင်းချည်တစ်ခါ ဝါချည်တစ်လှည့်ဖြစ်နေသည်။

သည့်တော့မှ နန္ဒဇောချွေးပြန်ရသည်။ စောစောက ခင်ခင်လေးကို တွေ့မြင်ခဲ့ရသည့်အရှိန်မပျက်မီ ယခု မိန်းမပျိုတစ်ယောက်ကို ထပ်မံ၍တွေ့ရပြန်ချေပြီ။



သူက ခုမှ ခင်ခင်လတ်ကို သေသေချာချာကြည့်မိသည်။ သူမသည် ခင်ခင်လေးအတိအကျကြီးဆိုသော်လည်း အရွယ်မတိမ်းမယိမ်းပင်ဖြစ်သည်။ ဖွင့်မပြောလျှင် မည်သူက အစ်မ၊ မည်သူက ညီမဟု သိနိုင်ရန်ခဲယဉ်းသည်။ လုပပြည့်ဖြိုးသည့်နေရာတွင် ညီမနှစ်ယောက် သူနိုင်ငါနိုင် အပြိုင်ဖြစ်သည်။

ခင်ခင်လတ်၏မျက်နှာသည် ညဦးပိုင်းက သူ့ကို လှောင်ပြောင်ရယ်မောစဉ်ကထိုမဟုတ်တော့။ ရှက်သွေးဖြင့် ရဲနေသည်။ နှုတ်ခမ်းကလေးများ တဆတ်ဆတ်တုန်နေသော်လည်း အပြုံးတစ်ခုဖြစ်ပေါ်နေမှန်း သိသာသည်။

''ဘယ်လိုဖြစ်လာတာလဲ ကိုနန္ဒတစ်ယောက်ရယ်''

အမျိုးသမီးကပင် စကားစတင်သည်။ သူမ၏အကြည့်သည် သူ၏ကိုယ်ကို ဖောက်ဝင်သွားသည်ဟု ထင်ရသည်။

''ဟို..ဟို..ဟို..''

နန္ဒ စကားထစ်နေသည်။

''ဘာလဲကိုနန္ဒ..ဟို ဆိုလည်းတံခါးကြီးပွင့်ပြီး ဟိုဝဏ်ရုံစိမ်းနဲ့လူကြီး ဝင်လာပြန်ပြီလား''

အမျိုးသမီးက မေးကလေးယိမ်းထိုးရင်း မြူးမြူးသွက်သွက်မေးသည်။

''ဟုတ်..ဟုတ်..ဟုတ်..''

နန္ဒ အထစ်ထစ်အငေါ့ငေါ့ဖြင့် ခေါင်းညိတ်လိုက်မိသည်။ ဤတွင် အမျိုးသမီးသည် ထထိုင်လိုက်သည်။ ကွဲဟနေသော ထဘီကို ဆွဲစေ့သည်။

သည်တော့မှ နန္ဒ နည်းနည်းအသက်ရှူချောင်သွားသည်။ ခြေကုန်လက်ပန်းကျသည့်အနေဖြင့် ကုတင်ပေါ်တွင် ထိုင်ချလိုက်သည်။ အချိန်အဆလွဲမှားသဖြင့် ကုတင်စွန်းတွင် မိမိရရမထိုင်မိဘဲ အောက်သို့လျှောကျသွားသည်။ ခင်ခင်လတ်က သူ့ကိုယ်လုံးကြီးကို ဖမ်းဆွဲလိုက်သည်။ သို့သော် မနိုင်သဖြင့် သူမပါ အောက်သို့ကျသွားသည်။

ခင်ခင်လတ်သည် နန္ဒကိုယ်ပေါ်တွင် ရင်ချင်းအပ်ရှိနေသည်။ နန္ဒက သူ၏ကိုယ်သည် မီးတောက်မီးလျှံများအတွင်း ရောက်နေသည်ဟုထင်မှတ်မိသည်။ တစ်ကိုယ်လုံးခြစ်ခြစ်တောက်နေသည်။ ခင်ခင်လတ်၏ကိုယ်နှင့် ထိတွေ့နေရသည့် အစိတ်အပိုင်းများသည် ထုံကျင်တောင့်တင်းလျက်ရှိသည် ထင်ရသည်။

နန္ဒက အားယူပြီး ခင်ခင်လတ်ကို တွန်းဖယ်လိုက်သည်။ ခင်ခင်လတ် လိမ့်လူးသွားသည်။ သူမ၏ ခါးဝတ်ထဘီ ပြေလျှောသွားသည်။ ရင်ကွဲထဘီ နှစ်စကွဲသွားသည်။ ခင်ခင်လတ်က လက်တစ်ဖက်ဖြင့် ထဘီစကိုသိမ်းလိုက်သော်လည်း မမီတော့ဘဲ သူ၏ သွယ်လျသော လက်ငါးချောင်းသည် ဝမ်းဗိုက်ဖြူဖြူပွံ့ပွံ့ကလေးပေါ်တွင် စင်းစင်းကလေး

www.burmeseclassic.com



များရှိနေကြတော့သည်။

နန္ဒ ဂမုးရှူးထိုး ထပြေးသည်။ ခင်ခင်လေး၏အခန်းမှ ထွက်ပြေးစဉ်ကအတိုင်း ဖြစ်သည်။

လှေကားထစ်များကို ဘယ်လိုနင်းမိမှန်းမသိ။ အောက်ထပ်သို့ ဘယ်လိုရောက်သွားမှန်းမသိ။ သူ့အခန်းနားသို့ရောက်ခါနီးတွင် လူတစ်ယောက်နှင့်တိုးမိသည်။ မောင်မောင်ကြီးဖြစ်သည်။

"ဟော့-ဘယ်သူလဲ"

မောင်မောင်ကြီးက အာလုပ်သံကြီးနှင့်မေးသည်။

"နန္ဒပါ၊ ရေထသောက်တာပါ"

"ဟုတ်လား‥ကျုပ်လည်း ရင်ပူတာနဲ့ ရေထသောက်တာပဲ"

မောင်မောင်ကြီးသည် နန္ဒအမူအရာပျက်နေသည်ကို သတိထားမိဟန်မရှိ။ သူ့အခန်းဆီသို့ ဒယီးဒယိုင်ဖြင့် လျှောက်သွားသည်။ မောင်မောင်ကြီး သူ့အခန်းတွင်းသို့ ဝင်သွားသောအခါတွင်မှ နန္ဒသက်ပြင်းရှည်ကြီးချလိုက်သည်။

## ၄ ○ ထမင်းလုံးတစ္ဆေ [ က ]

ချိုးကူသံကြားရသည်။ နံပြည်စုတ်ကလေးတစ်ကောင်၏ စူးရှသောအသံကိုလည်း ကြားရသည်။ စာပုတီးကလေးများ၏ ကျိုးကျိုးကျိကျိ အသံလည်းပါသည်။

နန္ဒ မျက်လုံးကို ဖြည်းညင်းစွာဖွင့်ကြည့်သည်။

ခေါင်းရင်း ပြတင်းပေါက်မှ နေရောင်ထိုးဖောက်ကျရောက်နေသည်။ သူ ဘယ်အချိန်က အိပ်ပျော်သွားခဲ့သည်မသိ၊ ညက ဝတ်ရုံစိမ်းနှင့်လူ နောက်တစ်ကျော့ မလာသည်ကတော့ အမှန်ပင်ဖြစ်သည်။ တံခွန်တိုင်ညီအစ်မ စိတ်ဆိုးမာန်ဆိုးနှင့် သူ့အခန်းသို့ လိုက်မလာကြသည်မှာလည်း အသေအချာပင်ဖြစ်သည်။ ယင်းကြောင့်လည်း သူတစ်ခါမှ မနိုးခဲ့ခြင်းဖြစ်သည်။

နန္ဒအိပ်ရာက ထရမည်ကို လေးဖင့်နေမိသည်။ မသူဇာနှင့် ဗိုလ်မှူးဗလကျော်ထင်တို့၏ကိစ္စကလည်းလောက်အရေးမကြီး၊ ဆုံလည်ဝံခါးနှင့် ဝတ်ရုံစိမ်းနှင့် သူကလည်း ပြဿနာမဟုတ်လှ၊ သည်ကိစ္စတွေက ဘေးအန္တရာယ်နှင့်ပတ်သက်သည်။ သူက ဘေး



ရာယ်ကို ကြောက်ရွံ့သူမဟုတ်၊ ဘေးအန္တရာယ်ကို တိမ်းရှောင်တတ်သူမဟုတ်၊ ည့်ဘေးကို ပြေး၍တွေ့တတ်သူသာဖြစ်သည်။

နန္ဒ ဆိုင်းဆိုင်းငံ့ငံ့ဖြစ်နေမိသည်က တံခွန်တိုင်ညီအစ်မနှင့် စပ်လျဉ်း၍ဖြစ်သည်။ များသည် နားလည်ရန် တကယ်ပင်ခက်၏။ ညကကိစ္စကိုပင်ကြည့်။ ခင်ခင်လေး ယောင်ဆောင်နေသည်ဟု ယခုထက်ထိ သူ့စိတ်တွင် စွဲမြဲလျက်ရှိသည်။ ခင်ခင် နှင့် အိပ်,မအိပ်ကို တခြားနည်းနှင့် စမ်းသပ်ဖို့ကောင်းသည်။ ယခုကဲ့သို့ နမ်းရှုံ့ သပ်ခြင်းသည် ပြဿနာကြီးမားလှသည်။ နောက်ပိုင်းကိစ္စတွေ တသီတသန်းကြီး လာနိုင်သည်။ ယနေ့မနက်မှာပင် ဘာဖြစ်မည်မသိ၊ ခင်ခင်လေးနှင့် မည်သို့ရင်ဆိုင် ည်မသိ။

ခင်ခင်လတ်နှင့်ပတ်သက်၍တော့ သူကလည်း တစ်မျိုးပင်ဖြစ်သည်။ ခင်ခင်လေး န်းမှ သူ ကမူးရှူးထိုး ထွက်ပြေးခဲ့ပြီး သူမကို ပက်ပင်းတိုးခဲ့စဉ်က သူ၏ပါးကို ဆိုးမာန်ဆိုးနှင့် အမျိုးသမီးက ဘယ်ပြန်ညာပြန်ရိုက်ခဲ့လျှင် ယခုလောက် ခေါင်းရှုပ်နေ ည်မဟုတ်။ ယခုတော့ မချွေချောက သူ့ရင်ခွင်ထဲတွင် မရုန်းသလို,ရုန်းသလိုရှိသည်။ တင်ပေါ်တွင် ပစ်လှဲချလိုက်တော့လည်း မခို့တရို့လေး၊ နောက်ပြီးတော့ ကုတင်ပေါ်က ယောက်သား လုံးထွေး၍ ကျသွားတော့လည်း‥‥တယ်ခက်ပါလား၊ ငါ ကနေ့မနက် တို့မျက်နှာကို ဘယ်လိုကြည့်ရပါ့မလဲ။

ယင်းသို့ နန္ဒ စိတ်အလုပ်ရှုပ်နေစဉ်မှာပင် ရုတ်တရက်ထရန် အကြောင်းဖြစ်ပေါ် သည်။ မြင်းခွာသံများ ဆူဆူညံညံကြားရသည်။ မြင်းဟီသံလည်း ကြားရသည်။ တိုင်ပြတင်းမှကြည့်လိုက်သည်။ ခေါင်းရင်းကွက်လပ်ထဲတွင် သူ၏မဟူရာမြင်းနက် လှည့်ပတ်၍ပြေးနေသည်။ ကျောက်ပေါက်မနှင့်လူက လိုက်ဖမ်းနေသည်။

တမဟုတ်ချင်းမှာပင် နန္ဒအိမ်အပြင်သို့ ရောက်သွားသည်။

"တိမ်ပျံ‥‥တိမ်ပျံ‥‥"

နန္ဒအသံပေးလိုက်သည်။ လက်ခုပ်နှစ်ချက်လည်း ခေါ်သံနှင့်စည်းချက်ညီ တီး က်သည်။ နန္ဒ၏အသံကိုကြားသည်နှင့်တစ်ပြိုင်တည်းမှာပင် မြင်းနက်ကြီးသည် ရောက် ည့်နေရာတွင် တုန့်ခနဲရပ်လိုက်သည်။ စောစောက ချိုးကူနေသော ထနောင်းပင်ရင်း ဖြစ်သည်။ သို့သော် ချိုးငယ်လေးမရှိတော့။ လန့်၍ ပြေးချေပြီ။ နံပြည်စုတ်ကလေး ဟိုကိုင်းကူး သည်ကိုင်းကူးနှင့် အော်မြည်နေသည်။

"တိမ်ပျံ‥‥တိမ်ပျံ"

နန္ဒက နောက်တစ်ကြိမ်လက်ခုပ်တီးပြီး ခေါ်လိုက်သောအခါ မြင်းကြီးသည် ရှိရာသို့ ပြေးလာသည်။ သူ့အနီးတွင်ရပ်သည်။ ကျောက်ပေါက်မနှင့်လူလည်း နန္ဒ

www.burmeseclassic.com



အနီးသို့ ပြေးလာပြီး...

"နောင်ကြီးရဲ့မြင်းကို ကျွန်တော် ရေချိုးပေးမလို့ ခေါ်အလာမှာ ဖြုံးခနဲဟီပြီး ထွက်ပြေးသွားတာပဲ"

"ကိုယ့်လူက အတင်းဆွဲခေါ်သွားတယ်နဲ့ တူပါတယ်"

"သူကမှ ကောင်းကောင်းမလိုက်ဘဲကို"

ကျောက်ပေါက်မနှင့်လူက မြင်းနက်ကြီးကို လက်ညှိုးထိုးပြီး ပြောသောအခါ မြင်းနက်ကြီးက သွားဖြဲပြသည်။

"တင်ပါးကလေးကို အသာပုတ်ပြီးခေါ်ရင် လိုက်ပါတယ်၊ တိမ်ပျံက အင်မတန် လိမ္မာပါတယ်၊ လူစကားလည်း တော်တော်နားလည်တယ်၊ ဒါနဲ့ ကိုယ့်နာမည် ဘယ်သူ တုန်း"

"ဖိုးလုံး"

"ဒီမယ် ကိုဖိုးလုံး...လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် မတရားအဓမ္မပြုတာတော့ ဘယ်သူမှမခံချင်ကြဘူး"

ဖိုးလုံးက သူ့ကို ငေးကြောင်၍ကြည့်နေသည်။

"ဘယ်မှာသွားပြီး ရေချိုးမှာလဲ"

"သည်နားက ချောင်းကလေးမှာပါပဲ"

"ရေကောင်းရဲ့လား"

"ကောင်းပါတယ်...တောင်သမန်အင်းထဲဝင်တဲ့ ချောင်းပဲ၊ ရွာကလူတွေ သည် ချောင်းမှာပဲ လျှော်ကြ၊ ဖွပ်ကြ ချိုးကြတာပဲ"

"ကဲ-ဒါဖြင့်သွားလေ"

"ရပါ့မလား"

"ရပါတယ်...တင်ပါးလေးပုတ်ပြီးခေါ်သွား၊ ကဲ-ဖေ့သားကြီး ရေချိုးရအောင် လိုက်သွား၊ နေဦးဗျာ..ကျုပ်လည်း ရေချိုးရအောင်လိုက်မယ်၊ မနေ့က တစ်နေ့လုံး ဖုန်တွေထဲမှာလာရတာ၊ တစ်ကိုယ်လုံး စေးထန်းနေပြီ၊ ရေသနုပ်ကလေးဘာလေး ယူခဲ့"

ခဏအကြာတွင် နန္ဒနှင့် ဖိုးလုံးတို့သည် မြင်းကိုယ်စီဖြင့် ထွက်သွားကြသည်။

"ဟိုက မြင်ရတာ မန္တလေးတောင်တော်လား"

နန္ဒကမေးသည်။

"ဟုတ်ပ့ါ"

"ဟိုဘက်ကဟာကကော"

"ရန်ကင်းတောင်"



"ကိုဖိုးလုံး ဒီအိမ်ရောက်တာကြာပလား"

"နှစ်မိုးရှိပြီ"

"ဘယ်အရပ်သားလဲ"

"ကျောက်ဆည်သားပါ"

"မြို့စားကြီးဆီကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲ"

"ကျုပ်အဘက မြို့စားကြီးဆီမှာ အမှုထမ်းဖူးပါတယ်"

"မြို့စားကြီး ခရီးထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ရှိပါပြီ"

"ဘယ်သူတွေပါသွားသလဲ"

"မြို့စားကြီးရဲ့ သားအငယ် မောင်မောင်လေးနဲ့ လူနှစ်ဆယ် ပါသွားပါတယ်"

"ဒါ့ကြောင့် တံခွန်တိုင်အိမ်ကြီးမှာ လူခြောက်တိတ်နေတာကိုး၊ သူတို့ ဘယ်တော့ ဆောက်ကြမလဲ"

"ဒီနေ့ မနက်ဖြန် ရောက်ကြတော့မှာပဲ"

"ဘာကိစ္စနဲ့ သွားကြတာလဲ"

"ဘုရားဖူးပါ"

"နေပါဦး...သူတို့သွားကြတာက ဘယ်ကိုလဲ၊ ဘယ်ဘုရား သွားဖူးတာလဲ"

"အောက်ပြေ အောက်ရွာက ဘုရားတွေ သွားဖူးကြတာပါပဲ"

ချောင်းငယ်သည် ရွာအရှေ့ဘက်တွင်ဖြစ်သည်။ မြောက်ဘက်မှလာပြီး ရွာကို တော်ကာ အင်းထဲသို့ စီးဝင်ဟန်ရှိသည်။ ချောင်းစပ်တွင် မိန်းမငယ်များ အဝတ်ဖွပ်နေ ကြသည်။

ရေချိုးလိုက်သောအခါ နန္ဒ လန်းသွားသည်။ ကြည်သွားသည်။ ဖိုးလုံးနှင့် ရေချိုးလိုက်လာရသည့်အတွက် သူ့အဖို့ အများကြီးကျေးဇူးရှိသည်။ တံခွန်တိုင်အိမ်ကြီးနှင့် ပ်လျှင်းပြီး သူသိလိုတာတွေ မေးရသည်။ ညက တွေ့စဉ်က စကားနည်းမည်ဟု ထင်ရသော်လည်း လက်တွေ့ပေါင်းကြည့်သောအခါ စကားလွှင်သူတစ်ဦးဖြစ်သည်။ ကျောက်ပေါက်မများကြောင့် မျက်နှာထားဆိုးသော်လည်း စိတ်ကောင်းရှိပုံရသည်။

"မြို့စားကြီးမှာ သမီးအကြီးရှိသေးတယ်မဟုတ်လား"

"ကျုပ်ရောက်တော့ မရှိတော့ဘူး"

"ရှိတော့ရှိတယ် မဟုတ်လား...ခင်ခင်ကြီးဆိုတာလေ"

"ရှိတယ်ထင်တာပဲ"

"သူ့အကြောင်း ဘယ်သူမှမပြောကြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံး ခေါင်းခါသည်။ သူတကယ်မသိ၍ မသိဘူးပြောခြင်းဖြစ်ပေမည်။ သိရက်သားနှင့်တော့ စကားချန်တတ်မည့်သူမဟုတ်ချေ။

"မြို့စားကြီးနဲ့ ပါသွားတာက မောင်မောင်လေးနော်"

"အင်း"

"မောင်မောင်လတ်ဆိုတာကကော"

"အဲဒါလည်း ရှိတယ်ထင်တာပဲ၊ ကျုပ် သေသေချာချာမသိဘူး"

"ကိုယ့်လူ ဒီအိမ်မှာ နှစ်နှစ်နှစ်မိုးနေတာ ဘာများသိသေးသလဲ"

"မြို့စားကြီးက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်တာ နည်းနည်းမှမကြိုက်ဘူး"

"ဒါနဲ့ ဒေါ်သဲအူကကော မြို့စားကြီးနဲ့ အမျိုးတော်သလား"

"နှမဝမ်းကွဲလို့ ပြောတာပဲ"

ရေချိုးမှအပြန်တွင် တံခွန်တိုင်ရွာထဲမှဖြတ်ပြန်ရန် နန္ဒက အကြံပေးသည်။ ဖိုးလုံးက သဘောတူသည်၊ နန္ဒ သတင်းစုဆောင်းသည်နှင့် တစ်ချိန်တည်းတွင် ပထဝီအနေအထားကို မှတ်သားလေ့လာနေခြင်းဖြစ်သည်။ အထူးသဖြင့် ရွာထိပ်ရှိ ဘုန်းကြီးကျောင်းများနှင့် ဘုရားပျက်များကို ဂရုပြုမှတ်သားသည်။

ရွာမှအထွက်တွင် နန္ဒက··

"ကိုဖိုးလုံး"

"ခင်ဗျာ"

"ဝတ်ရုံစိမ်းနဲ့ လူကြီးကို တွေ့ဖူးသလား"

"ခင်ဗျာ"

"တံခွန်တိုင်အိမ်ကြီးမှာ ဝတ်ရုံအစိမ်း၊ ခေါင်းစွပ်အစိမ်းနဲ့ လူကြီးကို တွေ့ဖူးသလား"

"အဲဒါ···ဘယ်ကလူရမှာလဲ၊ သရဲ···သရဲ"

"ခင်ဗျားကို ဘယ်သူက သရဲလို့ပြောသလဲ"

"အောင်မယ်လေး··ကျုပ်ကိုယ်တိုင် နှစ်ခါလောက် အခြောက်ခံရတယ်"

"ဘယ်လိုခြောက်တာလဲ"

"ခြောက်တယ်ဆိုတာ ကိုယ်ထင်ပြတာပေါ့"

"အဲဒီအကြောင်း ခင်ဗျား ဘယ်သူ့ကိုမှပြောမပြဘူးလား"

"မြို့စားကြီးကို ခေါ်ပြောပြတယ်"

"မြို့စားကြီးက ဘာပြောသလဲ"

နန္ဒ စိတ်အားထက်သန်စွာ မေးသည်။



"မြို့စားကြီးက ကျုပ်ကို နင်အရူးလားတဲ့၊ ဒီအကြောင်း ဘယ်သူ့မှမပြောရဘူးတဲ့ ဒါနဲ့ ကျုပ်လည်း ဘယ်သူ့မှမပြောဝံ့ဘူး၊ အခု ကျုပ်ပြောတဲ့အကြောင်းလည်း မြို့စားကြီး မသိပါစေနဲ့"

"စိတ်ချပါ၊ ဒါပေမဲ့ နောက်တစ်ခါ အဲဒီသရဲစိမ်းကိုတွေ့ရင် ကျုပ်ကို ပြောစမ်းပါ"

"ဘာလုပ်မလို့လဲ"

"ဖမ်းမှာပေါ့"

"အောင်မယ်လေး···လေး၊ နောင်ကြီးရဲ့ဂုဏ်ကို ချီးစားသွားမှာပေါ့"

နန္ဒ ပြုံးသည်။ မည်သို့ဆိုစေ ဝတ်ရုံစိမ်းနှင့်လူ ရှိသည်ကတော့ အမှန်ပင်၊ သူ့အပြင် မြင်တွေ့ဖူးသူ တစ်ယောက်ရှိနေပြီ။ သည်အတိုင်းဆိုလျှင် ဝတ်ရုံစိမ်းနှင့်လူကို တစ်ညမဟုတ်တစ်ညတွင် ဖမ်းမိရမည်ဟု သူယုံကြည် စိတ်ချထားလိုက်သည်။

နန္ဒ မြင်းဇောင်းမှ ထွက်အလာတွင် ခင်ခင်လေးနှင့် မျက်နှာချင်းဆိုင်တိုးရသည်။ မြင်းဇောင်းနှင့် အိမ်ကြီးအကြားတွင် ပန်းချုံတစ်ခုရှိသည်။ လူတစ်ရပ်ခန့်မြင့်သော ဒေါနပင်များဖြစ်သည်။

နန္ဒသည် တိမ်ပုံကို သူကိုယ်တိုင် အစာကျွေးပြီးနောက် အိမ်ကြီးဆီသို့ ထွက်ခဲ့သည်။ ဒေါနပင်များအနီးသို့ရောက်သောအခါတွင်မှ ခင်ခင်လေးကို ရုတ်ချည်းတွေ့မြင်လိုက်ရခြင်းဖြစ်သည်။ အမျိုးသမီးက ဒေါနပန်း ခူးနေဟန်ရှိသည်။ အမှန်တော့ သူ့ကိုယ်ကပင် စောင့်နေခြင်းပဲဖြစ်မည်ဟု နန္ဒတွေးလိုက်သည်။ ဤမိန်းမငယ်သည် အင်မတန်ဟန်ဆောင်ကောင်းလှသည်ဟုလည်း သတိမှတ်လိုက်သည်။

"သြော်···မောင်ကြီးနန္ဒပါလား"

ရုတ်တရက်မို့ နန္ဒလန့်သွားသည်။ အမျိုးသမီးက ပြုံးသည်။

"မောင်ကြီးက တယ်ပြီး လန့်တတ်၊ ကြောက်တတ်တာကိုး၊ နန္ဒင်းထုပ်ကလေးများ ဆောင်ထားပါလား၊ နမ်းရအောင်ပေါ့"

'နမ်းရအောင်ပေါ့' ဟူသော စကားလုံးကြောင့် နန္ဒ မလုံမလဲဖြစ်သွားသည်။ ဤစကားလုံးကို တမင်သုံးလိုက်သလားဟု အောက်မေ့သည်။ အမျိုးသမီးကို အကဲခတ်သောအခါတွင်မှ မပွင့်တပွင့်ပြုံးနေသည်ကို တွေ့ရသည်။ ဒေါနပန်းခက်ကလေးများဖြင့် သူမ၏ နီမြန်းသောပါးပြင်ကို ညီညာစွာ ပွတ်သပ်နေသည်။

နန္ဒ မည်သို့မျှ မပြောတတ် မဆိုတတ်ရှိနေသည်။

"ညက မောင်ကြီးနန္ဒ ကောင်းကောင်းအိပ်ရရဲ့လား"

အမျိုးသမီးက မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

''ဘာပြုလို့လဲ''

နန္ဒက ခပ်ဆိတ်ဆိတ် ပြန်မေးလိုက်သည်။

''သြော်··ဝတ်ရုံစိမ်းနဲ့လူကိုများ လိုက်ရှာနေသေးသလားလို့ပါ''

''မောင်ကြီးလိုက်ရှာနေရင် ခင်ခင်လေးတို့ သိမှာပေါ့''

နန္ဒက အကဲစမ်းလိုက်သည်။

''အို···ဘယ်လိုလုပ်ပြီး သိမှာလဲ''

''မောင်ကြီးက မနေ့ညကမှ ရောက်လာတဲ့လူဆိုတော့ တံခွန်တိုင်အိမ်ကြီးမှာ မသွားတတ်၊ မလာတတ်နဲ့ ဟိုအခန်းရောက်၊ ဒီအခန်းရောက်ဆိုရင် ခင်ခင်လေးတို့ ဘယ်မသိဘဲနေပါတော့မလဲ''

''ခင်ခင်လေးကတော့ ညက အိပ်တာပဲ''

''အိပ်မက်တောင် မမက်ဘူးလား''

''ဘာ အိပ်မက်မက်ရမှာလဲ''

''ခင်ခင်လေးရဲ့အခန်းထဲကို အင်မတန်လှတဲ့ မင်းသားလေးတစ်ပါး ကြွလာတယ်လို့''

''အို...''

အမျိုးသမီး မျက်လွှာချပြီး ခေါင်းငုံ့သွားသည်။ နန္ဒက စကားလွန်သွားပြီလား၊ ခင်ခင်လေး စိတ်ဆိုးသွားပြီလားဟု စိုးရိမ်လိုက်သည်။ ခေါင်းပြန်မော့လာသောအခါ အမျိုးသမီး၏မျက်နှာသည် တည်တည်ကြီးဖြစ်နေသည်။ စိတ်ဆိုးသည့်သဘောမျိုးတော့လည်းမရှိ၊ နန္ဒက စကားလွှဲသည့်အနေဖြင့်··

''ကိုဖိုးလုံးနဲ့လိုက်သွားပြီး မြင်းရေချိုးရင်း လူပါတစ်ခါတည်း ရေချိုးခဲ့တယ်''

''ကောင်းပါတယ်''

''အပြန်ကျတော့ ရွာထဲကလှည့်ပြန်ခဲ့ကြတယ်''

''ကောင်းပါတယ်''

''ခင်ခင်လေးတို့ မောင်ကြီးကော''

''အိပ်တုန်းနဲ့တူတယ်''

''ခင်ခင်လေးတို့ အစ်မတော်ကော အိပ်တုန်းပဲလား''

''ဒေါ်သဲအုနဲ့ ဈေးဝယ်သွားကြတယ်''

''ညက အင်းခွေးကြီးတွေကော''

''သူတို့က ညမှ အပြင်ထွက်တာ''

''ညက နောက်တစ်ခေါက် အပြင်ထွက်ကြတော့ သူတို့ကို မ··· ···''



''တစ်နေရာမှာ အိပ်ပျော်နေကြလို့ ဖြစ်မှာပေါ့''

''မဟုတ်တာဘဲ''

''ဟုတ်ပါတယ်··သူတို့ကို ဘယ်သူအိပ်မွေ့ချသွားတယ်မသိဘူး၊ မနက်ကျ ··ကြီး ရေလောင်းပြီး နှိုးရတယ်''

''ဝတ်ရုံစိမ်းနဲ့ လူပဲဖြစ်မှာပေါ့''

ခင်ခင်လေး ဘာမျှပြန်မပြော။

''သူတို့ အိပ်မွေ့မိတာ ညကတည်းက မသိကြဘူးလား''

''သူတို့ အသံမကြားလို့ ဆင်းကြည့်တုန်း မောင်ကြီးတို့နှစ်ယောက် သတ်နေ··ကို တွေ့ရတာပဲ''

''ဒါပေမဲ့ အဲဒီတုန်းက ခွေးတွေအကြောင်း ဘယ်သူကမှ ဘာမှမပြောကြ··လား''

''စကားမှမစပ်မိဘဲ''

''အိပ်မွေ့ချတဲ့အတတ်က သိပ်တူးဆန်းတာပဲ၊ တချို့လူတွေကျတော့ သူများတွေ ··ရင် တကယ်အိပ်နေတယ်ထင်အောင် ကိုယ့်ကိုယ်ကိုလည်း ပြန်ပြီးအိပ်မွေ့ချတတ်··ကြတယ်''

နန္ဒ၏စကားကြောင့် ခင်ခင်လေး မျက်နှာထားညှိုးသွားသည်။ မျက်မှောင်ကုတ်··သည်၊ ထို့နောက် ဘာမျှမပြောဘဲ ထိုနေရာမှ ထွက်ခွာသွားသည်။

[ ၈ ]

··သည် အတန်ကြာအောင် ထိုနေရာမှာ ရပ်မြဲရပ်နေသည်။ ခင်ခင်လေး အိမ်ထဲဝင်··သည်။ အိမ်ထဲဝင်ကာနီးတွင် သူ့ကို သမင်လည်ပြန်ကြည့်သွားသည်။ သူက မိန်းမ··နောက်သို့မလိုက်ချေ။

တံခွန်တိုင်ခြံဝင်းကျယ်ကြီးကို လှည့်လည်ကြည့်ရှုရန် ဆုံးဖြတ်လိုက်သည်။ ယမန်··က သူနှင့်ခင်ခင်လေး ဝင်ရောက်ခဲ့သော လမ်းကြောင်းအတိုင်း စတင်သည်။

မလွယ်တံခါးမှနေ၍ အဘညို၏တဲဆီသို့ လှမ်းမျှော်ကြည့်သည်။ တစ်နေ့လျှင် ··ဘညိုဆီသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

မလွယ်ပေါက်နှင့် မလှမ်းမကမ်းမှာပင် ခွေးဇောင်းကို တွေ့ရှိရသည်။ ခွေး··ကောင်လျှင် လှောင်အိမ်တစ်ခုနှင့်ဖြစ်သည်။ အားလုံး ခွေး ၅ ကောင်ရှိသည်။

ခြံထဲတွင် ရေတွင်းပျက်ကြီးတစ်ခုရှိသည်။ ရေတွင်းအကောင်း နှစ်ခုရှိသည်။ ··ပင်လေ့ကျင့်ရာ သံတိုင်တစ်ခုရှိသည်။ အမြင့်သံတောင် ခြောက်သယ်လောက်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒက ခါးမှဓားမြှောင်ကိုယူ၍ အထက်စက်ကွင်းသို့ပစ်သည်။ ဗဟိုချက်တည့်တည့်တွင်စိုက်သည်။

နောက်ဘက်ခပ်လှမ်းလှမ်းမှ လက်ခုပ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ခင်ခင်လတ်ဖြစ်နေသည်။

အမျိုးသမီးက သူ့ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေသည်။ အမျိုးသမီးက ဖက်ဖူးရောင်ထိုင်မသိမ်း၊ ငှက်ပျောစိမ်းချိတ်ထဘီနှင့်ဖြစ်သည်။

ခင်ခင်လတ်၏မျက်နှာတွင် တည်ငြိမ်သောအပြုံးကို တွေ့ရသောအခါ နန္ဒ စကားစတင်သည်။

"ချက်တဖြုတ် မြင်လိုက်ရတော့ ညက ဝတ်ရုံစိမ်းလားလို့ အောက်မေ့ရတယ်"

"အောင်မယ်လေး..မလုပ်လိုက်ပါနဲ့ရှင်၊ အတင်းဝင်လုံးနေလို့ ခင်ခင်လတ် ဒုက္ခရောက်နေပါဦးမယ်"

အမျိုးသမီး၏စကားကြောင့် သူ့မျက်နှာပျက်သွားသည်။ ချက်ချင်း ဣန္ဒြေဆယ်လိုက်သည်။ တံခွန်တိုင်ညီအစ်မများသည် စကားကို ပရိယာယ်အသွယ်သွယ်ဖြင့် သူ့ကို စစ်မြူခြင်း၊ စစ်ခေါ်ခြင်း၊ စစ်ထိုးခြင်းများ ပြုလုပ်နေကြပြီဖြစ်သည်။ သူ့အပြောမမှားဖို့ အရေးကြီးသည်။ သူ့ အမူအယာမပျက်ဖို့ အရေးကြီးသည်။ ညက အဖြစ်အပျက်များကို အမျိုးသမီးများကပင် မသိဟန်ဆောင်နိုင်လျှင် သူက အဘယ်ကြောင့် မေ့မထားနိုင်ရမည်နည်း။

"ခင်ခင်လတ် ဈေးသွားတယ်ဆို"

"ဟုတ်တယ်...ဘယ်သူပြောသလေး"

"ခင်ခင်လေး"

ခင်ခင်လတ် နဖူးကြောအနည်းငယ် တင်းသွားသည်။

"သူ ဘယ်မှာလဲ"

"အိမ်ထဲဝင်သွားတာပဲ"

"ကိုနန္ဒ ဘယ်အချိန်က နိုးသလဲ"

"နည်းနည်း နေမြင့်တယ်၊ တစ်ခါ အိပ်ရာကနိုးနိုးချင်း ကိုဖိုးလုံးနဲ့ ချောင်းကိုလိုက်ပြီး ရေချိုးတယ်၊ အခုကလေးတင် ပြန်ရောက်တယ်"

"သြော်..သြော်.."

"ခင်ခင်လတ်တို့ ဘယ်ဈေးသွားတာလဲ"

"ဘုရားကြီးဈေး"

"မနက်ကနိုးရင် လိုက်ပါတယ်"



"နောက်တစ်ခါ ခေါ်မယ်လေ၊ မနက်ကတော့ အိပ်ပါစေတော့လို့ မနှိုးတာ၊ ညတ ကောင်းကောင်းအိပ်မပျော်ဘူးထင်လို့"

"ဟုတ်တယ်...ညက တော်တော်နဲ့ အိပ်လို့မရဘူး၊ ခင်ခင်လတ်ပြောတဲ့ ထမင်းထုံးဘဲ့ရွှေခြောက်တာနဲ့တူတယ်၊ ကုတင်ပေါ်က ကျသွားတာများ အသည်းကို အေးသွားတာပဲ"

နန္ဒက နောက်ဆုံးစကားကို ခပ်လေးလေးပြောရင်း ခင်ခင်လတ်၏မျက်နှာကို အကဲခတ်သည်။ အမျိုးသမီးက အပြုံးမပျက်။

"ခင်ခင်လတ်တို့လည်း ကုတင်ပေါ်က ကျဖူးပါတယ်၊ ဒီလိုပဲ အသည်းအေးတာပေါ့"

"မနက်ကျတော့ ပျောက်သွားရောလား"

"ဘယ်ပျောက်မလဲ၊ တစ်သက်လုံး အသည်းထဲမှာစွဲနေတာပေါ့"

အမျိုးသမီးက ထိုသို့ဆိုလာသောအခါ နန္ဒ စိတ်လှုပ်ရှားရပြန်သည်။ သဘောရိုးနှင့် ပြောချေသည်လား၊ သဘောဆန်းနှင့် ပြောချေသည်လားဟု တွေးမိသည်။ နောက်ပြီး ခင်ခင်လတ်နှင့်အဖြစ်က ခင်ခင်လေးနှင့်မတူချေ။

ခင်ခင်လေး အိပ်ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ အိပ်နေသည့်ဟန်ဖြစ်သည်။ ကာယကံရှင်က မိမိအပြုအမူကို မသိပါဟုဆိုလျှင် ဘာမျှမတတ်နိုင်ချေ။

ခင်ခင်လတ်နှင့်ကျတော့ သည်လိုမဟုတ်၊ ရှင်းသည်။ နှစ်ယောက်စလုံး ဘာဖြစ်သည်ကိုသိသည်။ သေသေချာချာသိသည်။ တစ်ယောက်နှင့်တစ်ယောက် တိုက်မိသည်၊ ဖက်မိသည်၊ စကားပြောကြသည်။ ကုတင်ပေါ် နှစ်ယောက်သား လုံးထွေး၍ ကျသည်။

ယခုကျတော့ နှစ်ယောက်သား မသိဟန်ဆောင်နေကြသည်။ သို့သော် လုံးဝ သေိကျိုးကွဲပြနေကြသည်လည်းမဟုတ်၊ စကားရောင်း၊စကားဝယ်လုပ်နေကြသည်။ ကောင်းပါးရိပ်ခြေ ပြောနေကြသည်။

နန္ဒ စဉ်းစားသည်၊ တစ်ဘက်က မိန်းမပျိုဖြစ်သည်၊ ဣန္ဒြေရှင်ဖြစ်သည်။ ရှုတ်သည်။ မိမိက တောင်းပန်ရချေမည်လား။

"ကိုနန္ဒ ဘာတွေစဉ်းစားနေတာလဲ"

"ကိုနန္ဒ ညက ဘာတွေများ အမှားလုပ်ခဲ့မိသလဲလို့"

"သြော်.."

"ခင်ခင်လတ်ကို တောင်းပန်စရာများ ရှိသလားလို့"

ထိုအခါ အမျိုးသမီးက ခပ်မဆိတ်ရှိသည်။ မျက်လွှာချသွားသည်။

www.burmeseclassic.com

“ကိုနန္ဒမေးတာ ဖြေပါဦး”

ခင်ခင်လတ်က သူ့ကိုမကြည့်ဘဲ တိုးညှင်းသောအသံဖြင့်··

“ညက ကိုနန္ဒ အမှားမရှိပါဘူး”

“ဘာပဲဖြစ်ဖြစ် ကိုနန္ဒ တောင်းပန်ပါတယ်”

“ညက အဖြစ်အပျက်တွေအားလုံးကို ထမင်းလုံးတစ္ဆေခြောက်တယ်လို့ပဲ သဘောထားလိုက်ပါတော့ ကိုနန္ဒရယ်”

ခင်ခင်လတ် ကြေကွဲစွာပြောဆိုပြီးနောက် လေးတွဲ့စွာ ထိုနေရာမှ လှည့်ထွက်သွားသည်။ သည်တော့ နန္ဒ စိတ်မကောင်း။

[ ဃ ]

နံနက် ထမင်းဆိုင်တွင် သူတို့အားလုံး ပြန်လည်ဆုံစည်းမိကြသည်။ တံခွန်တိုင်မောင်နှမသုံးယောက်နှင့် နန္ဒ၊ ထမင်းဝိုင်းကို ဒေါ်သဲအူနှင့် ကိုဖိုးလုံးတို့က ခူးခပ်ပြင်ဆင်သည်။

တံခွန်တိုင်မောင်မောင်ကြီးသည် ထမင်းစားခါနီးတွင်မှ အိပ်ရာကနိုးသွားခြင်းဖြစ်သည်။ ရေမိုးချိုးပြီး အဝတ်အစားလဲလှယ် သန့်စင်ထားသဖြင့် သားသားနားနားဖြစ်နေသည်။ ညကလို ထန်းရည်သမားပုံစံမျိုးမဟုတ်။ မဝိုးညီမင်းသားနှင့်ပင် တူချေသေးတော့သည်။ နှုတ်ခမ်းမွေးရေးရေးနှင့်မို့ ပိုမိုခန့်ထည်ခြင်းရှိသည်။

“စားဗျို့ ကိုနန္ဒ၊ ဘာမှအားမနာနဲ့၊ အဝသာ စား”

မောင်မောင်ကြီးက ပလုတ်ပလောင်းစားရင်း ပြောသည်။ နန္ဒကလည်း စားကောင်းကောင်းနှင့် ခေါင်းမဖော်ဘဲစားသည်။ ဒေါ်သဲအူ၏လက်ရာများ ဖြစ်ဟန်ရှိသည်။ ဟင်းမယ်အားလုံး အလေးအပေါ့မှန်သည်။ ညီအစ်မနှစ်ယောက်ကမူ ဟိုဟာတို့တို့ သည်ဟာတို့တို့ ရှိသည်။

“ကိုနန္ဒရေ··ဟောဒါ ခါသားချက်ဗျ။ သိပ်ဆိမ့်တယ်··စားစမ်းပါ၊ ခင်ဗျားတို့ဆီမှာ ခါသားပေါရဲ့လား”

“ကျွန်တော်တို့ ဘဘက ခါထောင်တာ သိပ်ဝါသနာပါတယ်”

“ဟုတ်လား··ကိုနန္ဒကော ခါထောင်တတ်သလား”

“မျက်စိအောက်မှာ မြင်နေတော့ မတတ်ဘဲဘယ်ရှိတော့မလဲ”

“ဟုတ်လား···ဒါဖြင့် တစ်နေ့ကျမှ ကျုပ်တို့ ခါသွားထောင်ရအောင်၊ မတ္တရာတောမှာ ခါပေါတယ်၊ ထန်းရည်လည်း ပေါတယ်”

“မောင်ကြီးကတော့ လုပ်တော့မယ်၊ ကိုယ့်ဟာကို သောက်ချင်ရင်သောက်ပါ၊ သူတစ်ပါးကို မဖျက်ပါနဲ့”

ခင်ခင်လေးက ပြောသည်။

“မောင်မောင် ထန်းရည်သောက်တာ ဘာဖြစ်သလဲ၊ သူများပစ္စည်းခိုးတာလည်း မဟုတ်ဘူး၊ သူတစ်ပါး သားမယားပစ်မှားတာလည်း မဟုတ်ဘူး၊ ယောကျ်ားမှန်ရင် ထန်းရည်တော့ သောက်မှာပေါ့၊ ဟုတ်ဘူးလား···ကိုနန္ဒ”

နန္ဒ နှုတ်ဆိတ်နေသည်။

“ကိုနန္ဒကိုကြည့်ရတာ သတ္တိရှိပုံလည်းရတယ်၊ တိုက်ရည်ခိုက်ရည် ကောင်းပုံလည်း ရတယ်၊ ဒါပေမဲ့ ယောကျ်ားပီသပုံတော့မရဘူး၊ မောင်မောင်လတ်လို လူမျိုးပဲ”

မောင်မောင်ကြီး၏စကားကျကောက်၍ နန္ဒက··

“မောင်မောင်လတ်ဆိုတာ ဘယ်သူလဲ”

“မောင်မောင်လတ်ဆိုတာ ကျုပ်ညီပေါ့”

“သြော်···မြို့စားကြီးနဲ့ ပါသွားတယ်ဆိုတာလား”

“ဘဘုရားနဲ့ပါသွားတာ မောင်မောင်ငယ်ပါ”

“ဒါဖြင့် မောင်မောင်လတ်က ဒီမှာပဲမပေါ့”

“နေပါဦး ဘဘုရားနဲ့ မောင်မောင်ငယ်ပါသွားတယ်ဆိုတာ ကိုနန္ဒကို ဘယ်သူပြောသလဲ”

“ဖိုးလုံးပြောမှာပေါ့၊ မနက်က ဖိုးလုံးနဲ့မောင်ကြီးနန္ဒ အတူတူ ရေသွားချိုးကြတာပဲ”

“ကျွန်တော် ဘာမှ မပြောပါဘူး၊ ကျွန်တော် ဘာမှမပြောပါဘူး”

ခပ်လှမ်းလှမ်းတွင်ရပ်နေသော ဖိုးလုံးက ကမန်းကတန်း ဝင်ပြောသည်။ နန္ဒ မျက်နှာကိုလည်း အားငယ်စွာကြည့်နေသည်။ နန္ဒ ဘာပြောရမည်မသိ။ ဖိုးလုံးမပြောလျှင် သူ ဘယ်ကသိသည်ဟု ပြောရမည်နည်း။ သည်အိမ်ကြီးတွင် သူက သည်မောင်နှမသုံးယောက်နှင့် ဖိုးလုံးကိုသာ စကားပြောဖူးသည်မဟုတ်လား။ မောင်မောင်ကြီးက မေးခွန်းထုတ်ပြီး ခင်ခင်လေးက စွပ်စွဲသည်၊ ဖိုးလုံးက ငြင်းသည်။ နန္ဒက အမှတ်မထင် ခင်ခင်လတ်ကို ကြည့်လိုက်မိသည်။ ဤတွင် အမျိုးသမီးက··

“ခင်ခင်လတ် ပြောလိုက်တာပါ”

ခင်ခင်လေးက အစ်မကို စူးစမ်းသည့် မျက်လုံးဖြင့် ကြည့်သည်။ မောင်မောင်ကြီးက ထမင်းစားပြီးသွားပြီဖြစ်၍ လက်သုတ်ရင်း··

“ဒီမယ် ကိုနန္ဒ··ကျုပ်တို့မှာ အားလုံး မောင်နှမခြောက်ယောက်ရှိတယ်၊ အခုဒီမှာ သုံးယောက်ရှိတယ်၊ တစ်ယောက်က ဘဘုရားနဲ့ ပါသွားတယ်၊ ကနေ့ မနက်ဖြန်



www.burmeseclassic.com

ပြန်ရောက်လာတော့ ကိုနန္ဒ တွေ့လိမ့်မယ်၊ ဒါပေမဲ့ ကျန်တဲ့နှစ်ယောက်ကိုတော့ ကိုနန္ဒ ဘယ်တော့မှ တွေ့ရလိမ့်မယ်မဟုတ်ဘူး၊ နောက်ပြီးတော့ ဘာမှလဲမေးဖို့မလိုဘူး''

ကျန်သုံးယောက်လည်း ထမင်းစားပြီးသွားကြသည်။ ဒေါ်သဲအူနှင့် ဖိုးလုံးက အချိုပွဲများ ချပေးကြသည်။

''ဒါပေမဲ့ မောင်ကြီးနန္ဒကိုတော့ ခင်ခင်လေးတို့က တစ်ခုမေးရဦးမယ်''

''ဘဘုရားရဲ့ ဧည့်သည်ကို ဘဘုရားကိုယ်တိုင်မေးပါလိမ့်မယ်'' ခင်ခင်လတ်က ဝင်၍ ဟန့်တားသည်။

''ဘဘုရားနဲ့ကိစ္စကို မမေးပါဘူး၊ ဗိုလ်မှူးဗလကျော်ထင်နဲ့ ကိစ္စကိုမေးမှာပါ''

''ကိုနန္ဒနဲ့ ဗလနဲ့ ဘယ်လိုပတ်သက်လို့တုန်း'' မောင်မောင်ကြီးက ကရေကရာ တစ်ခုကိုယူရင်း မေးသည်လေးက··

''သည်လိုပါမောင်ကြီး မနေ့က နေဝင်ရီတရောမှာ ဗလကျော်ထင်ရောက်လာတယ်၊ တံတားဦးက အပြန်မှာ သူပုန်တွေနဲ့တွေ့လို့ လက်မှာဒဏ်ရာရလာတယ်လို့ ပြောပါတယ်၊ ခင်ခင်လတ်က ဆေးထည့်ပေးပါတယ်''

ဤနေရာတွင် နန္ဒက ခင်ခင်လတ်မျက်နှာကို ကြည့်လိုက်သည်။ ခင်ခင်လတ်က မျက်နှာလွှဲသွားသည်။ ဘာမျှတော့မပြော၊ ခင်ခင်လေးက ဆက်ပြောသည်။

''ခဏအကြာမှာ မောင်ကြီးနန္ဒရောက်လာတယ်၊ ဗိုလ်မှူးဗလကျော်ထင်က မောင်ကြီးနန္ဒကိုမြင်တော့ သူ့ကို ဒဏ်ရာရအောင်လုပ်တဲ့သူပုန်ဆိုပြီး တိုက်မယ်ခိုက်မယ် လုပ်ပါတယ်၊ ဒါပေမဲ့ ခင်ခင်လေးက မောင်ကြီးနန္ဒဟာ ဘဘုရားရဲ့ ဧည့်သည်ပါလို့ ပြောလိုက်လို့ ဗိုလ်မှူး မကျေမနပ်နဲ့ ပြန်သွားပါတယ်''

''တယ်စိတ်ဝင်စားစရာကောင်းပါလား၊ ဗလဟာ ဓားရေးအင်မတန်ထက်တဲ့ သူတစ်ယောက်၊ သူ့ကိုဘယ်လိုလုပ်ပြီး ကိုနန္ဒက ဒဏ်ရာရအောင်လုပ်လိုက်တာလဲ''

မောင်မောင်ကြီးက ထက်သန်စွာမေးသည်။ နန္ဒက မသူဇာကို ဗလကျော်ထင်က နိုင့်ထက်ကလူပြုနေ၍ ကြားဝင်နေသည့်အကြောင်း မကျဉ်းမကျယ်ပြောပြလိုက်သည်။

''မသူဇာ ချောသလား''

နန္ဒ၏စကားအဆုံးတွင် ခင်ခင်လေးနှင့် ခင်ခင်လတ်ပြိုင်တူမေးသည်။

''ချော သလား မချောသလားမသိဘူး၊ ခင်ခင်လေးတို့ ခင်ခင်လတ်တို့လိုပဲ''

''ဒါဖြင့် ရုပ်ဆိုးတာပေါ့'' မောင်မောင်ကြီးက ကြားဝင်၍ပြောလိုက်ရာ အားလုံး ပွဲကျသွားသည်။ သို့သော် ထိုအထဲတွင် ဒေါ်သဲအူ မပါ။



## ၅ ○ ယစ်ရှေးရည် [ က ]

ထိုနေ့ နေ့ခင်းဘက်မှာပင် အင်္ဂလိပ်များ သိမ်းပိုက်ထားသော မြန်မာပြည်သို့ ခရီးရက်ရှည်သွားနေသော တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးနှင့်အဖွဲ့ ဘေးမသီရန်မခ ပြန်လည်ရောက်ရှိလာကြသည်။

ခရီးသွားအဖွဲ့ဝင်များသည် တံခွန်တိုင်ရွာအတွင်းမှာပင် နေထိုင်ကြသူများဖြစ်၍ ခရီးသွားအဖွဲ့ပြန်လည် ရောက်ရှိလာသောအခါ တံခွန်တိုင်အိမ်ကြီးနှင့် တံခွန်တိုင်တစ်ရွာလုံး ဝမ်းသာလျက်ရှိတော့သည်။

အောက်မြန်မာပြည်မှ ဝယ်ယူလာသော အထူးအဆန်းပစ္စည်းများကို အလုအယက် ဝိုင်းဝေ့ကြည့်ရှုကြသည်။

သူများတွေမပြောနှင့် ခင်ခင်လတ်နှင့် ခင်ခင်လေးသည်ပင် ပစ္စည်းဆန်းကလေးများကို ပွေ့ပိုက်လျက်ကလေးငယ်များပမာ ခုန်ပေါက်အော်ဟစ်လျှက်ရှိသည်။ လက်ကိုင်တပ် မှန်ဝိုင်း၊ ကျွဲကော်ဘီး၊ ရေမွှေးပုလင်း၊ အဆင်အသွေးစုံသော အဝတ်အထည်များ။

တံခွန်တိုင် ဗိုလ်ကျောက်လုံးသည် သူ၏သားကြီးအတွက်ပင် လက်ဆောင်ပစ္စည်း ဝယ်လာသည်။ ယင်းပစ္စည်းအတွက် မောင်မောင်ကြီးသာမက အားလုံးကပင် အံ့ဩကြရသည်။

တံခွန်တိုင် ဗိုလ်ကျောက်လုံးသည် ခရီးရောက်မဆိုက်မေးသည်။

''ငါသွားနေတုန်း ငမောင်ကြီး သောက်နေတာပဲမဟုတ်လားဟေ့''

''မသောက်ပါဘူး''

''ဟေ့ ဘာလိမ်တာလဲ၊ လိမ်တာညာတာငါမကြိုက်ဘူးဆိုတာ မသိဘူးလား''

''နည်းနည်းပါးပါးပါ''

''အေး ငါသိပါတယ်၊ နင်မသောက်ဘဲ မနေနိုင်ပါဘူး၊ ဒါကြောင့်မို့လို့ ဒီမှာ နင့်အတွက် ငါဝယ်ခဲ့တယ်''

အနောက်တိုင်းဖြစ် အရက်များဖြစ်သည်။

''ဟောဒါက အီတာလျံကလာတဲ့ ဖြန်ဒီကွဲ၊ ဟောဒါက ဝိတိုရိယဘုရင်မကြီး နိုင်ငံကလာတဲ့ ဗျစ်ကွယ်''

''မောင်ကျောက်လုံးနယ် လုပ်တော့မယ်၊ ကိုယ့်သားသမီး ကိုယ်က မဆုံးမတဲ့ အပြင် ကိုယ်ကတောင် လူမိုက်အားပေးလုပ်နေပြန်ပြီ''

ဒေါ်သူဇာက မနေနိုင်တော့ဘဲ ပြစ်တင်ပြောဆိုသည်။

www.burmeseclassic.com

"အို··မသူဇာကလဲ ဘာနားလည်လို့လဲ ကျွန်တော်ဝယ်မပေးလဲ သူ့ဘာသာသူဝယ်သောက်တာပဲမဟုတ်လား၊ ဖအေက အရက်သမားဆိုရင် သားကအရက်သမားပေါ့၊ သားကအရက်သမားဆိုရင် ဖအေကအရက်သမား အဖေပေါ့၊ ဟား···ဟား···ဟား၊ ခင်ဗျားကလဲ အရက်သမားအဒေါ်ပေါ့၊ ဟား···ဟား···ဟား၊ ဟိုကောင်မလေးတွေကလဲ အရက်သမားနှမတွေပေါ့၊ ဟား···ဟား···ဟား···"

ဗိုလ်ကျောက်လုံးသည် သူ့ဘာသာသူပြောပြီး သူ့ဘာသာသူအားရပါးရ အော်ဟစ်ရယ်မော လျက်ရှိသည်။ အခြားသူများကမူ ရယ်ရအခက် မရယ်ရအခက်။

[ ၁ ]

နန္ဒသည် ဗိုလ်ကျောက်လုံးကို မြင်တွေ့ရသောအခါ များစွာသဘောကျလျက်ရှိသည်။ လူကြီးက ထောင်ထောင်မောင်းမောင်း၊ ထွားထွားကျိုင်းကျိုင်း ကြွားကြွားရားရား၊ နှုတ်ခမ်းမွေးကားကားနှင့် ဥပဓိရုပ်ကောင်းမွန်လှသည်၊ အသံသြဇာလည်း ပြည့်စုံသည်။

မောင်မောင်လေး၊ သားငယ် မောင်မောင်လေးကို သူသဘောမကျမိ။ လူပုံက ယိမ်းယိမ်းနွဲ့နွဲ့၊ လမ်းသွားလျှင်လည်း ဇာတ်မင်းသားဟန်နှင့်၊ စကားပြောလျှင်လည်း ဇာတ်မင်းသားဟန်နှင့်၊ ဝတ်ပုံစားပုံက ဇာတ်မင်းသားဟန်အပြည့်။

ဗိုလ်ကျောက်လုံးကလည်း နန္ဒကို မြင်လျှင်မြင်ချင်း သဘောကျဟန်ရှိသည်။ မည်သူကမျှ ကိုနန္ဒအကြောင်း မပြောမီမှာပင် သူကနန္ဒကို သတိပြုမိသည်။

"ဟော့-ဟိုသူငယ်က ဘယ်သူလဲကွယ့်"

"ဘဘုရားနဲ့တွေ့ရအောင် ရပ်ဝေးကလာတဲ့ဧည့်သည်ပါ"

မောင်မောင်ကြီးက ဖြေသည်။ နန္ဒက··

"အလုံက သွေးသောက်ကြီး မောင်မဲရဲ့သားပါ၊ နာမည်က နန္ဒ··"

"ဟေ-ဒါကြောင့်မို့ ငါထင်သားပဲ၊ သည်ရုပ်လက္ခဏာမျိုး ငါမြင်ဖူးပါတယ်လို့၊ နာမည်က နန္ဒတဲ့ဟုတ်လား"

"မှန်ပါတယ်"

"ရတနာပုံ နေပြည်တော်ကို ဘာကိစ္စလာသလဲကွယ့်၊ ဘုရားဖူးရအောင်လား"

"ကျွန်တော်တို့နယ် ဖိုးဝင်းတောင်မှာ ဘုရားတွေဖူးလို့ မကုန်နိုင်အောင်ရှိပါတယ်၊ နေပြည်တော်ကို လာတာက ကျွန်တော်ရဲ့ဓား အလုံမှာ သံချေးကိုက်နေလို့ပါ"

"အိမ်း··ဟုတ်ကောင်းကွယ်၊ နေပြည်တော်ကို ဓားသွေးရအောင် လာတယ်ဆိုပါတော့"



"မှန်ပါတယ်"

"မောင်မဲကော ကျန်းခန့်သာလို့ မာရဲ့လား"

"မာပါတယ်"

"အိမ်း··ကောင်းပ ကောင်းပ၊ မောင်နန္ဒ ရောက်လာတဲ့အချိန်ဟာ အချိန်တော်ပဲ မောင်နန္ဒဆန္ဒအတိုင်း ဓားသွေးဖို့သာပြင်ထားပေတော့"

[ ၈ ]

တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးသည် အိမ်သူအိမ်သားများ၊ ဆွေမျိုး သင်္ဂဟများနှင့် အတန်ကြာတွေ့ဆုံ စကားပြောကြားပြီးနောက် အမောအပန်းဖြေဦး ···ပြီး အိပ်ခန်းဆောင်သို့ ဝင်သွားသည်။

ဗိုလ်ကျောက်လုံးနှင့် လိုက်ပါသူများအနက် အချို့လည်း ရွာသို့ပြန်ပြီး အချို့လည်း ···နွန်တိုင်အိမ်ကြီးမှာပင် ခင်ခင်လေးတို့မိသားစုနှင့်အတူ ပစ္စည်းပစ္စယများ သိမ်းယု ···ရှိသည်။

နန္ဒလည်းအထိုက်အလျောက် ကူညီလုပ်ဆောင်ပေးပြီးနောက် သူ့အခန်းသို့ ပြန် ··· ခြေညောင်းလက်စန့် လဲလျောင်းနေမိသည်။

တံခွန်တိုင် ညီအစ်မနှစ်ယောက်အကဲခတ်ရန် မလွယ်သော်လည်း တံခွန်တိုင် ···တို့နှစ်ယောက်ကား အပြောအဆို၊ အနေအထိုင်ကအစ အိုးမည်းခဲနှင့် ကွမ်းစားထုံး ··· ဆန့်ကျင်ဖက်ဖြစ်ကြသည်။ ယခုအထိ ဖြူသည်မဲသည် မသိရသေးသော ခင်ခင်ကြီး ··· မောင်မောင်လတ်တို့ကား မည်သည့်အထာများ ဖြစ်ကြလေမည်နည်း။ သည် နှစ် ···တ်သည် အဘယ်ကြောင့် ဤအိမ်ကြီးနှင့် ကင်းကွာနေကြသနည်း။

နန္ဒခေါင်းယမ်းပြီး အတွေးစကိုဖြတ်လိုက်သည်။ အခန်းတွင်းရှိ အမွှန်းအပြောက် ···ကို အမိပ္ပာယ်မဲ့ ငေးမောကြည့်နေသည်။ အမှတ်မထင် ကြည့်နေစဉ်မှာပင် ယမန်နေ ··· ဆုံလည်တံခါးဖြစ်ပေါ်လာသော နံရံကြီးသည် တဖြည်းဖြည်းအရာထင်လာသည်။ ···စပ်အဟောင်းသားနှင့် ငေးကြောင်နေစဉ်မှာပင် ဆုံလည်တံခါးပွင့်လာသည်။

နန္ဒ လဲလျောင်းရာမှ ဝုန်းကနဲအထတွင် ဆုံလည်တံခါးမှနေ၍ အခန်းတွင်းသို့ ···င်မောင်လေး ဝင်လာသည်။ သူ့လက်တစ်ဖက်က ဆုံလည်တံခါးထိပ်ကို ဆုပ်ကိုင် ···သည်။

"ကိုနန္ဒ နေသာသလိုနေပါ၊ ကိုနန္ဒနဲ့ မိတ်ဖြစ်ဆွေဖြစ် စကားအလွှာသလ္လာပ ···အောင် လာခဲ့တာပါ၊ ကိုနန္ဒ အိပ်ချင်နေတယ်ဆိုရင် ကျွန်တော် နောက်မှလာပါ ···"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေးက ပြောပြောဆိုဆိုပင် လှည့်ပြန်မည့်ဟန်ပြုသည်။

''အို…ကျွန်တော် မအိပ်ပါဘူး၊ ကျွန်တော်ကလည်း စကားပြောချင်ပါတယ်၊ ဒါနဲ့ အဲသည်ဆုံလည်တံခါးကြီးကို ဘယ်လိုဖွင့်ရသလဲ''

နန္ဒက သူ့စိတ်ထဲတွင်ရှိနေသော စကားလုံးများကို ပြုံး၍ထုတ်လိုက်သည်။

''ဟဲ…ဟဲ…ဟဲ သည်တံခါးကြီးကို ဘယ်လိုဖွင့်ရတယ်ဆိုတာကတော့ သည်အိမ်ကြီးရဲ့ လျှို့ဝှက်ချက်တစ်ခုပဲဗျ။ သည်လျှို့ဝှက်ချက်ကို အိမ်သူအိမ်သားတိုင်းတောင် မသိကြဘူး၊ ကျုပ်တောင် အခုခရီးသွားရင်းမှ လမ်းမှာသိခဲ့ရတာ၊ ဒါကြောင့် အခုလက်တွေ့စမ်းပြီးဖွင့်ကြည့်တာ''

မောင်မောင်လေးက ဆုံလည်တံခါးထိပ်ကို ကိုင်ထားသောလက်ကို လွှတ်လိုက်သောအခါ ဆုံလည်တံခါးကြီးသည် အလိုအလျောက် ပြန်ပိတ်သွားသည်။

''ဟော..တွေ့လား ပိတ်သွားပြီ''

''တယ်လဲ အံ့ဩစရာကောင်းပါလား''

နန္ဒက ဤသူနှင့် စကားအရောင်းအဝယ်ပြုမည်ဟု စိတ်ကူးရှိမိသည့်အလျောက် ရေလာမြောင်းပေးလုပ်လိုက်သည်။

''ဟာ..ဘယ်နှယ့် ပြောပါလိမ့်၊ အံ့ဩစရာကောင်းတာပေါ့၊ သည်အိမ်ကြီးမှာ သည်လိုလျှို့ဝှက်တံခါးတွေ၊ လျှို့ဝှက်ခလုတ်တွေ၊ လျှို့ဝှက်ဥမင်တွေ၊ လျှို့ဝှက်ယန္တရားတွေ အများကြီးရှိတယ်၊ သည်အိမ်ကြီးကို ဘယ်သူဆောက်ခဲ့သလဲသိလား''

မောင်မောင်လေးသည် အခန်းတွင်းတွင် ဟန်ပါပါလက်ပိုက်ပြီး လူးလာခေါက်တင် လမ်းလျှောက်နေရင်းမှ နန္ဒကို မျက်နှာထားတည်တည်ဖြင့် မေးလိုက်သည်။

''ကျွန်တော် ဘယ်သိပါ့မလဲ၊ ကျွန်တော်က မနေ့ကမှ သည်အိမ်ကြီးကို ရောက်ဖူးတဲ့ ကျေးတောသားတစ်ယောက်ပဲ''

နန္ဒ၏အဖြေကို မောင်မောင်လေး သဘောကျသွားဟန်ရှိသည်။ ဦးခေါင်းထက်မှ ပိုးပုဝါစကလေးကို ထောင်သည်ထက်ထောင်အောင် လက်ဖဝါးဖြင့် ဖွဖွလေးသပ်လျက်-

''တံခွန်တိုင်အိမ်ကြီးကို နတ်ရွာစံ ကနောင်မင်းသားကြီးကိုယ်တိုင် ကွပ်ကဲစီမံပြီး ဆောက်ထားတာဗျ''

''အော် ဒါကြောင့်မို့လို့ ဒီအိမ်ကြီးက ဒါလောက်ကြီးကျယ်ခမ်းနားတာကိုး''

''ဟုတ်တာပေါ့ဗျာ၊ အိမ်ရှေ့မင်းသားကြီးဟာ နှလုံးရည်၊ လက်ရုံးရည်နဲ့ အင်မတန် ပြည့်စုံတာကလား၊ ကျုပ်တို့နိုင်ငံကို အစွမ်းလုယူထားတဲ့ ကုလားဖြူတွေကို တိုက်ဖို့ရာ လက်နက်ခဲယမ်း မီးကျောက်အင်အား ကောင်းမွန်ရမယ်လို့ ယုံကြည်ရင်းရှိသည်နဲ့အညီ လက်နက်ရုံ၊ ခဲယမ်းရုံ၊ ဗုံးရုံတွေ လုပ်ခဲ့တယ်၊ စမ်းခဲ့တယ်၊ ဒါကို

…င်တော်မင်းတရားကြီးက ဘာသာရေးသဘောနဲ့ ပိတ်ပင်ဟန့်တားခဲ့တယ်၊ ဒါကြောင့် …ရှေ့မင်းသားဟာ သူရဲ့လူယုံလူရင်းတွေနဲ့ ဒီအိမ်ကြီးကို ဆောက်ခဲ့တာပေါ့''

''သြော်''

''အိမ်ရှေ့မင်းသားကြီးက သည်တံခွန်တိုင်အိမ်ကြီးကို 'လျှို့ဝှက်အိမ်တော်' အဖြစ် …ွယ်ရင်းရှိခဲ့တယ်။ သည်အိမ်ကြီးမှာ လျှို့ဝှက်စံမြန်းပြီး လက်နက်ခဲယမ်းတွေလုပ်ဖို့ …ဆောင်းဖို့ အကြံတော်ရှိခဲ့တယ်၊ ဒါပေမဲ့ အကြံတော် ထမြောက်မသွားရှာဘူး၊ …ည်အိမ်ကြီး ပြီးစမှာပဲ မြင်းကွန်းမြင်းခုံတိုင်း မင်းသားတွေရဲ့ လုပ်ကြံမှုနဲ့ နတ်ရွာစံ …ရှာတယ်''

''သည့်တော့ သည်အိမ်ကြီးဟာ ဘယ်ပုံဘယ်နည်းနဲ့ မြို့စားကြီးရဲ့လက်ကို …ာက်ခဲ့ရသလဲ''

''အို..အစကတည်းက သည်အိမ်ကြီးကို ဘဘုရားရဲ့အိမ်အဖြစ် အမည်ခံပြီး …ာက်ခဲ့တာပဲ၊ ဘဘုရားက အိမ်ရှေ့ မင်းသားကြီးရဲ့ လက်ရင်းဗိုလ်တစ်ယောက်ပဲ''

''သြော်..သြော်..သည်လိုကိုး''

''တကယ်လို့များ ကနောင်မင်းသားကြီး ထီးနန်းစိုးစံခဲ့ရရင် နေပြည်တော်ကြီး …ခုလုံးဟာ ဘဘုရားရဲ့ လက်ထဲမှာရောက်နေတာ ကြာလှပြီ၊ မင်းသားကြီးက …ဘုရားကို သိပ်ပြီးယုံကြည်အားကိုးတာတဲ့၊ ဘဘုရားဘွဲ့အမည် အရှည်ရတာဟာ …သားကြီးကြောင့်တဲ့''

''ဒါဖြင့်ရင် သည်အိမ်ကြီးရဲ့ လျှို့ဝှက်မှုတွေအားလုံးကို မြို့စားကြီးသိတာပေါ့''

''ဟာ..ကိုယ့်လူကတယ်ညံ့တာကိုး၊ ဘဘုရားမှမသိရင် တခြားဘယ်သူလာ … သိနိုင်ဦးမလဲ''

''တခြားသိတဲ့လူ တစ်ယောက်မှမရှိဘူးလား''

သည်အိမ်ကြီးကို ဆောက်လုပ်ခဲ့ရတဲ့ လက်သမားတွေ ပန်းရံတွေအားလုံးကို …ကြီးပြီးတာနဲ့တပြိုင်နက် အိမ်ကြီးရဲ့ အောက်မှာရှိတဲ့ ဥမင်တစ်ခုထဲမှာ အရှင်လတ် … တိုက်တံခါးပိတ်ပြီး စတေးလိုက်တာပဲ''

''အောင်မယ်လေး..ကြောက်စရာကြီးပါလား''

''ဒါကြောင့်မို့ သည်အိမ်ကြီးဟာ သရဲတစ္ဆေခြောက်တယ်လို့ ပြောနေကြတာ …''

''ဟုတ်ကောဟုတ်သလား''

''ကျုပ်တော့ တစ်ခါမှ အခြောက်မခံရပေါင်ဗျာ''

''ဒါဖြင့် သည်အိမ်ကြီးရဲ့ လျှို့ဝှက်မှုတွေကို သိတဲ့လူမရှိတော့ဘူးပေါ့''

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေးက အနည်းငယ်ချင့်ချိန်ပြီးနောက်..

"နှစ်ယောက်ရှိတယ်"

"အော်"

"တစ်ယောက်က သိန်းနက်ကြီး"

"သိန်းနက်ကြီး၊ ဟုတ်လား"

"သိန်းနက်ကြီးဆိုတာ ကိုနန္ဒသိပါတယ်၊ အခု ကျုပ်တို့နဲ့အတူပြန်လာတဲ့ လူတစ်ယောက်ပေါ့၊ သူက ဘဘုရားရဲ့ လက်စွဲတော်ကြီးပဲ"

"သြော်..သိပြီ သိပြီ၊ ဟို..လက်မောင်းမှာ ငှက်ရုပ်ကြီးနဲ့လူလား"

"အဲဒါ သိန်းငှက်ရုပ်ကြီးပေါ့"

"သြော်..ဒါကြောင့် သူ့ကို သိန်းနက်ကြီးလို့ ခေါ်တာလား"

"ဟုတ်တယ်၊ သူ့အစ်ကိုက သိန်းနီကြီးတဲ့"

"ဆေးနက်နဲ့ထိုးထားတဲ့လူက သိန်းနက်၊ ဆေးနီနဲ့ထိုးထားတဲ့ လူကသိန်းနီတဲ့ ဟုတ်လား"

"ဟုတ်လား၊ သူတို့ ညီအကိုက နေပြည်တော်မှာ နာမည်ကျော်လက်ဝှေ့သမားတွေပေါ့၊ ဒါပေမဲ့ အခု သိန်းနီကြီးမရှိတော့ဘူး"

"ဘယ်ရောက်သွားလဲ၊ သေပလား"

"အို..သေသေမသေသေဗျာ၊ မရှိတော့ဘူးဆိုရင် မရှိတော့လို့ပေါ့"

နန္ဒခေါင်း တဆတ်ဆတ်ညိတ်သည်။ 'မရှိတော့ဘူး' ဆိုခြင်းသည် ဤအိမ်ကြီးမှ လူများ၏ လက်သုံးစကား ဖြစ်ဟန်ရှိသည်။ ခင်ခင်ကြီးနှင့် မောင်မောင်လတ်တို့ကိုလည်း သေသည် ရှင်သည်မပြော။ မရှိတော့ဘူးဟုသာ ပြောကြသည်။

"နေပါဦး၊ အဲဒီ သိန်းနီကြီး ဆိုတာကကော သည်အိမ်ကြီးရဲ့ လျှို့ဝှက်မှုတွေကို မသိဘူးလား"

"အို..တယ်ခက်တဲ့ လူပါလား၊ သိန်းနီကြီး သိတယ်ဆိုတော့ကော ဘာထူးမှာလဲ၊ သူမှမရှိတော့ဘဲ"

"နောက်တစ်ယောက်က ခင်ဗျားလား"

"ဘယ်ကလာဟုတ်ရမှာလဲ၊ ကျုပ်က အခု ခရီးသွားမှ လမ်းမှာ သိန်းနက်ကြီးကို ကုလားဖြူ မြန်ဒီတိုက်ပြီး၊ မနည်းကြီး အစ်မှအောက်မှ တစ်ခုနှစ်ခုလောက်သိတာပဲ"

"သြော်..ဒါဖြင့် နောက်တစ်ယောက်က ဘယ်သူများပါလိမ့်"

"နောက်တစ်ယောက်က အဘညိုပေါ့"

အဘညိုဆိုသော နာမည်ကို ကြားလိုက်သဖြင့် နန္ဒခေါင်းထောင်မိသည်။ သို့သော်

...ရင်းဝင် သတိထားမိကာ။

"အဘညိုဆိုတာက ဘယ်သူလဲ"

"အဘညိုဆိုတာက ဟောဟို အနောက်ဖက် ကွင်းထဲမှာ တဲကလေးနဲ့ တစ်...ကိထဲနေတဲ့ အဖိုးကြီးပေါ့၊ သူလဲ ကနောင်မင်းသားကြီးရဲ့ လက်ရုံးတစ်ယောက်ပဲ ...ဟိုတုန်းကတော့ အဘညိုနဲ့ ဘဘုရားဟာ ညီလို အစ်ကိုလိုလဲ နေကြတာပေါ့၊ ...တော့ သူတို့နှစ်ယောက်က ရန်သူကြီးတွေပေါ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ဆိုတာကတော့ ဘယ်သူမှမသိဘူး၊ ဘယ်သူကမှလည်းမပြောဘူး"

နန္ဒ အနည်းငယ် စဉ်းစားဟန်ပြုပြီ။

"နေပါဦး၊ အဲသည်အဖိုးကြီးက သည်အိမ်ကြီးရဲ့ လျှို့ဝှက်ချက်တွေကိုလဲသိတယ်၊ ...ကြီးရဲ့ ရန်သူလဲဖြစ်တယ်ဆိုရင် မြို့စားကြီးမှာ ဘေးအန္တရာယ်မရှိနိုင်ဘူးလား"

"ရှိတာပေါ့"

"ဒီလိုဆိုရင် သူ့ကိုဘာပြုလို့ ဒီအတိုင်း ကြည့်နေသလဲ"

မောင်မောင်လေးက ကြက်သီးထဟန်ပြုလိုက်ပြီး..

"သည်အဖိုးကြီးက ခေတဲ့အဖိုးကြီး မဟုတ်ဘူးဗျ၊ ရွှေနန်းတော်ထဲကို တံခါးမရှိ ...ရှိ ဝင်နိုင်တယ်။ ဘုရင့်ရဲ့ အသက်သခင်လို့ ပြောကြတယ်၊ ဘုရင်ငယ်ငယ်တုန်းက ...ရင်ရဲ့ အသက်ကို ကယ်ခဲ့ရတယ်တဲ့"

"သည်အဖိုးကြီးကို ကျွန်တော် မြင်ချင်တွေ့ချင်ပါတယ်"

"အောင်မလေးလေး တကယ်များ သွားမတွေ့လိုက်နဲ့နော်၊ ဘဘုရား ဒေါသူပုန် ...ခိန်မယ်"

"ဒါနဲ့မသိလို့ မေးရဦးမယ်၊ မြို့စားကြီးက သူ့သားသမီးတွေကို လျှို့ဝှက်မှု ... ပြမထားဘူးလား"

"ဘဘုရားဟာ သူ့သမီးကြီးကို အင်မတန် ယုံစားပြီးတယ်၊ အဲ...အဲ...နောက် ...ောက် သမီးကြီးမရှိတော့ ဘယ်သူ့ကိုမှ မပြတော့ဘူး"

"သမီးကြီးကဘယ်ရောက်သွားမလဲ၊ ဆုံးသွားပြီလား"

"သြော်..သည်လူဟာတယ်ခက်ပါလား၊ ဆုံးဆုံး မဆုံးဆုံးပေါ့၊ မရှိတော့ဘူး ...ရင် မရှိတော့ဘူးပေါ့"

လာပြန်ပြီ၊ မရှိတော့ဘူး ဆိုတဲ့စကား။ တစ်နေ့ကျမှ သည်စကားရဲ့အဓိပ္ပာယ်ကို ...ောင်လုပ်ရမယ်ဟု နန္ဒ၏စိတ်ထဲတွင် အောက်မေ့လိုက်သည်။

"ကဲ-ခင်ဗျားအိပ်ချင်အိပ်တော့၊ ကျုပ်သွားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေး ခေါင်းကိုရမ်းခါပြီး··

“သည်တံခါးကို ကျုပ်အပြင်ကနေပြီး ဖွင့်တတ်ပေမယ့် အထဲကနေပြီး မဖွင့် တတ်သေးဘူး”

“အပြင်ကနေပြီး ဘယ်လိုဖွင့်ရသလဲဗျ”

“အို··တယ်ခက်တဲ့ လူပါလား၊ လျှို့ဝှက်ချက်ပါလို့ ဆိုနေ၊ ခင်ဗျားကို ပြော မလား၊ ကျုပ်အစ်ကိုတွေ အစ်မတွေတောင် ကျုပ်မပြောဘူး၊ ကဲ-သွားပြီ၊ ကိုယ့်လူအိပ်တော့”

[ ဃ ]

မောင်မောင်လေး ထွက်သွားသည်နှင့်တစ်ပြိုင်နက် နန္ဒ ကုတင်မှထသည်။ ဆုံလည်တံခါး နေရာကို အသေအချာ စစ်ဆေးသည်။ တံခါးနေရာကို ဂရုပြုပြီး မှတ်သားထားသည့်တိုင် တံခါးရာကို ရုတ်တရက် ရှာမတွေ့ရှိ၊ နောက်မှ မြှောကြောင်းရာများနှင့် ရောနေသဖြင့် တံခါးရာကို ရှာမတွေ့နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ နံရံတွင် တစ်တောင်ပတ်လည် လေးထောင့်ပန်းကွက်ကြီးများ ဖော်ထားသည်။ ယင်းပန်းကွက် တစ်ခုနှင့်တစ်ခုစပ်သည့် နေရာတွင် လှပသောမြှောကြောင်းများရှိသည်။ ယင်းမြှောကြောင်းများသည် တစ်ခုနှင့် တစ်ခုဆက်နေသဖြင့် မျဉ်းရှည်များဖြစ်နေသည်။

လျှို့ဝှက်တံခါး၏အနံသည် ပန်းကွက်သုံးခုရှိသည်။ အခန်းတစ်ခုလုံး၏ အနံသည် ပန်းကွက်ကိုးခုရှိသဖြင့် အလယ်ပန်းကွက်သုံးခုဖြစ်ကြောင်း တွက်ချက်၍ရသည်။ တံခါး ၏အမြင့် ပန်းကွက်လေးခုဖြစ်သည်။

တံခါးကို မှန်းဆ၍ သိနိုင်ပြီဖြစ်သော်လည်း အဖွင့်အပိတ်ခလုတ်များသည် မည်သည့်နေရာတွင်ရှိကြောင်းမှ မသိနိုင်သေး။

နန္ဒအခန်းပြင်သို့ထွက်ပြီး တံခါးနေရာတပိုက်ကို ဂရုတစိုက်စစ်ဆေးကြည့် သည်။ အထူးတလည် မို့မောက်ချိုင့်ဝှမ်းသောနေရာမရှိ၊ သိသာထင်ရှားသော အမှတ် အသား မတွေ့ရ။

နန္ဒ တစ်ခုစဉ်းစားမိသွားသည်။ ဆုံလည်တံခါးပေါက်ရှိသော စင်္ကြံသည် အခန်း နှစ်ခုကို ခြားထားသော စင်္ကြံတိုကလေးဖြစ်သည်။ လူသွား စင်္ကြံမဟုတ်၊ တစ်ဘက်ထိပ် တွင် အိမ်နံရံရှိသည်။ တံခါးပေါက်မရှိ၊ တစ်ဖက်တွင်သာ လူသွားစင်္ကြံမကြီးရှိသည်။ လျှို့ဝှက်တံခါးကို ဖွင့်မည့်သူသည် စင်္ကြံမကြီးတွင် လူတစ်ယောက်မှမရှိသောအခါမှသာ ဖွင့်ပေမည်။ လူသူတစ်စုံတစ်ယောက်ရှိ,မရှိကို စင်္ကြံနှစ်ခုဆုံရာ၊ အခန်းထောင့်မှရပ်၍ အကဲခတ်ရသည်။ လူသူမရှိကြောင်း သေချာသည်နှင့်ဖွင့်ရသည်။ ထိုသို့ဆိုလျှင် ခလုတ်



[illegible] အခန်းထောင့်မှာပင်ရှိရပေမည်။

စင်္ကြံ နှစ်ခုဆုံရာ အခန်းထောင့်တွင် မီးတိုင် တစ်ခုရှိသည်။ ခါးစောင်းလောက် [illegible] ဖြစ်သည်။ ကျောက်ဖယောင်းတိုင်ထွန်းရန် နံရံအောက်တွင် အခိုင်အခန့်တပ်ဆင် [illegible]သော သံမီးတိုင်ဖြစ်သည်။ နန္ဒက မီးတိုင်ကို စစ်ဆေးကြည့်ရှုရာ စင်းလုံးချောဖြစ် [illegible]ကိုတွေ့ရသည်။ အပေါ်ဖက်တွင် ဖယောင်းတိုင်စိုက်ထားသည်။ ညဖက်တွင် ယင်း [illegible]ဘောင်းတိုင်ကို ထွန်းညှိထားသည်။ နန္ဒကမီးတိုင်ကို လှုပ်ကြည့်သည်။ မလှုပ်၊ မီးတိုင် [illegible]တ်ဘက်ကို စမ်းကြည့်သည်။ လက်နှစ်လုံးခန့်ခွက်နေပြီး ပြင်ညီ အပိတ်တစ်ခုကို [illegible]ရသည်။ မည်သည့်ခလုတ်မျှ လျှို့ဝှက်တပ်ဆင်ခြင်းမရှိ၊ နန္ဒမကျေနပ်သဖြင့် ယင်း [illegible]တ်ကို လက်သုံးချောင်းဖြင့် အားစိုက်ပြီး မ,တင်ကြည့်သောအခါ ရုတ်တရက် [illegible]သို့ လက်တစ်လုံးခန့် မြင့်တက်သွားသည်ကို တွေ့ရသည်။

အခန်းနံရံကို ကြည့်လိုက်သောအခါ သူထင်သည့် အတိုင်းပင် ဆုံလည်တံခါးကြီး [illegible]ကိုရှိသည်။ တံခါးဆီသို့နန္ဒ ပြေးသွားသည်၊ မောင်မောင်လတ်ကိုင်သော တံခါးထိပ် [illegible] ကြည့်သောအခါ သိသာသော အဖုကလေးတစ်ခုကို တွေ့ရသည်။ ယင်းအဖုကလေး [illegible] လက်ဝါးနှင့် အုပ်ဖိလိုက်သောအခါ အတွင်းသို့ ဝင်သွားသည်။ မကြာမီ ဆုံလည် [illegible] အလိုအလျောက်ပိတ်သွားသည်။

နန္ဒ ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်သည်။ ထို့နောက် ကုတင်ခေါင်းရင်းရှိ မီးတိုင်ကို [illegible]ကြည့်ရှုသောအခါ အလားတူဖင်ပိတ်ရှိသည်ကို တွေ့ရသည်။ ယင်း ဖင်ပိတ်ကို [illegible]တ်သာအခါ ဆုံလည်တံခါးပွင့်သွားသည်။ နန္ဒက လူသူလေးပါး မရိပ်မိစေရန် [illegible]င်းပင် ဆုံလည်တံခါးကို ပြန်ပိတ်ထားလိုက်သည်။

“အင်း··မောင်မောင်လေး အခန်းထဲကနေပြီး သည်တံခါးကို မဖွင့်တတ်ဘူး [illegible] ငါရိပ်မိမှာစိုးလို့ မသားသုံးသွားတာပဲ၊ ကြည့်ပါလား၊ သူ့မျက်လုံးတွေက ငါ့ [illegible]ရင်းက မီးတိုင်ကို ခဏခဏကြည့်နေတာပဲ”

နန္ဒတစ်ယောက်တည်း ပြောနေမိသည်။

“အင်း··မောင်မောင်လေးဟာ သည်တံခါးရဲ့ လျှို့ဝှက်ချက်တွေကိုသိအောင် [illegible]တ်ကြီးကို ကုလားဖြူအရက် မူးအောင်တိုက်ပြီး မေးတယ်လို့ပြောတယ်၊ ငါလည်း [illegible]ကျရင် သိန်းနက်ကြီးကို အရက်တိုက်ပြီး တခြား လျှို့ဝှက်ချက်တွေကိုလည်း [illegible]ည့်ရဦးမယ်၊ အင်း···အင်း··ဒါကြောင့်လည်း အရက်မူး ကျွဲခိုးပေါ်လို့ ပြောကြ [illegible] မောင်မောင်ကြီးကိုလည်း အရက်မူးနေတုန်း ငါသိချင်တာတွေမေးရင် ရမလားပဲ၊ [illegible]အခွင့်သင့်ရင် စမ်းကြည့်ရဦးမယ်”

ထိုစဉ် အခန်းတံခါးအပြင်ဖက်မှနေ၍ သူ့အမည်ကို ခပ်အုပ်အုပ်ခေါ်သံ ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

''ကိုနန္ဒ··ကိုနန္ဒ''

မောင်မောင်ကြီးအသံဖြစ်သည်။ နန္ဒက ကမန်းကတန်းထပြီး တံခါးဖွင့်ပေး လိုက်သည်။ သူ့လက်ထဲတွင် မြို့စားကြီး ဝယ်ယူလာသော ဘရမ်ဒီပုလင်း ပါရှိသည်။

''အပြင်သွားကြရအောင်''

''ကောင်းတာပဲ၊ အဲသည်ပုလင်းကြီးက ဘာလုပ်ဖို့လဲ''

''သောက်ရတာပေါ့''

''ဘယ်မှာ သွားသောက်ရမှာလဲ''

''ကျုပ်ပြပါ့မယ်၊ လိုက်မှာလိုက်ခဲ့စမ်းပါ''

နန္ဒလည်း အကြံအစည်ရှိသည်ဖြစ်၍ မဆိုင်းမတွပင် လိုက်ပါသွားသည်။ အိမ်ထဲ မှအထွက် ဒေါနချုံနားတွင် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရသဖြင့် ခင်ခင်လေး လားဟု ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ခင်ခင်လေး မဟုတ်ချေ။ ခင်ခင်လတ် ဖြစ်သည်။ ခင်ခင်လတ်ဆိုလည်း သူ့ရင်ကတော့ ခုန်မြဲပင်။

အမျိုးသမီးက သူ့ကိုမမြင်ဟန်ပြုပြီး တစ်ဘက်သို့ လျှောက်သွားသည်။ သည် တော့လည်း နန္ဒရင်ထဲတွင် တစ်မျိုးခံစားရပြန်သည်။ ဘာစကားဖြစ်ဖြစ် တစ်ခွန်းနှစ်ခွန်း တော့ ပြောလိုက်ချင်သည်။

ဖိုးလုံးသည် သူတို့နှစ်ယောက်ကိုမြင်လျှင် မောင်မောင်ကြီး၏ မြင်းနှင့် နန္ဒ၏ မြင်းတို့ကို ဆွဲထုတ်လာသည်။ မောင်မောင်ကြီး၏မြင်းမှာ ဖောင်းဝတ်ရောင်ဖြစ်သည်။

သူတို့နှစ်ယောက် မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြသည်တွင် တံခါးဝ၌ သိန်းနက်ကြီး နှင့် တီးတိုးစကားဆိုနေသော မောင်မောင်လေးကို တွေ့ရသည်။ မောင်မောင်ကြီးက··

''လိုက်ဦးမလားဟေ့ ရှမ်းပွဲဈေးကိုသွားလို့''

''ကျွန်တော် မလိုက်သေးဘူး၊ ဝန်မင်းအိမ်ကိုသွားဖို့ရှိပါတယ်''

မောင်မောင်လေးက နန္ဒကိုကြည့်ရင်း ဖြေသည်။ လမ်းတွင် နန္ဒက မောင်မောင် ကြီးကို မေးသည်။

''ဝန်မင်းဆိုတာ ဘယ်သူ့ကိုပြောတာလဲ''

''လေသင်းဝန်''

မောင်မောင်ကြီးက စိတ်မဝင်စားဟန်ဖြင့် တိုတိုတုတ်တုတ်ဖြေသည်။ နန္ဒက လည်း ထိုအကြောင်းကို ဆက်၍မမေးတော့။

အတန်ကြာသောအခါ မောင်မောင်ကြီးက··

''ကိုနန္ဒမှာ အမေရှိသေးသလား''



''ရှိပါတယ်''

''ဘာပြုလို့လဲမသိဘူး၊ ကျုပ် တစ်ခါတစ်ခါ အမေနဲ့နေချင်တယ်၊ ကျုပ်တို့ မယ်တော်ဆုံးတော့ ကျုပ် ရှစ်နှစ်သားလောက်ပဲရှိသေးတယ်၊ ခင်ခင်လေးက တစ်လ သမီးပေါ့''

''ခင်ခင်လေး နို့ထိန်းနဲ့မွေးရတာပေါ့''

''သူ့ကို နွားနို့တိုက်ပြီးမွေးရတယ်၊ ဒါကြောင့် ဒီကောင်မလေးဟာ တစ်ခါတစ်ခါ တိရစ္ဆာန်စိတ်ပေါက်ချင်တယ်''

''ဘယ်လို တိရစ္ဆာန်စိတ်လဲ''

''ကိုနန္ဒ တစ်နေ့ကျရင် ခင်ဗျား သည်ကောင်မလေးအကြောင်း သိလိမ့်မယ်၊ သူ့မှာ သူလိုငါလို လူတွေနဲ့မတူတာတွေ အများကြီးရှိတယ်''

နန္ဒ ဘာမျှမမေး၊ ဘာမျှမပြော။ မောင်ကြီးဖြစ်သူက နှမအကြောင်း ပြောနေ ရာတွင် သူစိမ်းယောကျ်ားတစ်ယောက် ဘာဝင်ပြောရမည်နည်း။

''ကိုနန္ဒ ဘုရားဖူးဦးမလား''

မဟာမြတ်မုနိဘုရားကြီးအနီးသို့ရောက်သောအခါ မောင်မောင်ကြီးက မေးမြန်း သည်။

''နောင်တော်ကြီးသဘောပါ''

နန္ဒက မယုတ်မလွန်ဖြေလိုက်သည်။ နောင်တော်ကြီးဟူသော စကားလုံးကိုလည်း ထမဆုံးသုံးလိုက်သည်။

''အင်းလေ··ကိုယ့်လမ်း ကိုယ်သွားတာကောင်းပါတယ်၊ ကျုပ်တို့က အရက် သွားသောက်မယ့်လူတွေပဲ၊ ကိုနန္ဒ ဘုရားဖူးချင်ရင် ဥပုသ်နေ့ကျ ခင်ခင်လတ်နဲ့ လိုက်ဖူး၊ သူက ဥပုသ်နေ့တိုင်း အာရုံဆွမ်းသွားကပ်တယ်၊ ကျုပ်တို့အိမ်မှာ ဘုရားတရား ကြည်ညို တာတော့ သူတစ်ယောက်ပဲရှိတယ်၊ ကျန်တဲ့လူတွေကတော့ ဟန်ပြပဲ''

နန္ဒက မြင်းချင်းယှဉ်လိုက်ပြီး မောင်မောင်ကြီး၏မျက်နှာကို အကဲခတ်သည်။ ဤသူသည် အဘယ်ကြောင့် သူ့နှမများအကြောင်း မိမိအား ပြောနေသနည်း၊ မိမိအပေါ် တွင် တစ်မျိုးတစ်မည် အထင်ရှိနေသည်လား၊ ညက နောက်ထပ်ဖြစ်ပွားသောကိစ္စများ ကို သူသိသွားချေပြီလား။

သို့သော် မောင်မောင်ကြီး၏ မျက်နှာကဲကို ဖမ်း၍မရ၊ သူ၏အတွင်းသဘောကို နန္ဒ မဆုပ်ကိုင်မိ။

များမကြာမီတွင် သူတို့ ရှမ်းပွဲဈေးသို့ ရောက်သွားသည်။ သူတို့အဖို့က ဘုရားပွဲ ဆိုသော လှည်းဝိုင်းကြီးများကို တွေ့ရသည်။ သရက်ပင်ကြီးများအောက်တွင် ·စုဝန်း

www.burmeseclassic.com

နေကြသော မြင်းအုပ်ကြီးများကို မြင်ရသည်။

''ဟောဟို နီနီဝါဝါတွေ ဝတ်ထားတာတွေက ဘာတွေလဲ''

''ရှေ့ပလောင် ငွေပလောင်ဆိုတာတွေပေါ့၊ ဒီမှာတော့ ရှမ်းမျိုးစုံပဲ၊ သူတို့ရောင်းတဲ့ ပစ္စည်းတွေကလည်း လိမ္မော်သီးတို့ လက်ဖက်တို့ကအစ ဘိန်းကင်းကဇော်အထိပဲ၊ ကစားဝိုင်းတွေလည်း ရှိတယ်၊ ကိုနန္ဒ ဝါသနာပါသလား''

''ကြွေအံပစ်တာလား''

''ကြွေအံပစ်တာလောက်ကတော့ ကလေးကစားတာပဲ၊ ဒီမှာ ပေသီးထီ၊ အရှစ်ထီဆိုတာတွေရှိတယ်၊ အံစာတုံး ကစားတာလည်းရှိတယ်''

''ဗဟုသုတဖြစ်အောင်တော့ ကြည့်ရသေးတာပေါ့''

''ဒါမှပေါ့ ကိုနန္ဒ၊ ယောကျ်ားဆိုတာ မတတ်အပ်တဲ့အရာရယ်လို့ မရှိဘူး၊ မလုပ်အပ်တဲ့အရာပဲ ရှိတယ်''

မောင်မောင်ကြီး၏စကားကို သဘောကျသည့်အလား ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် မောင်မောင်ကြီးသွားရာနောက်သို့ ဖြောင့်ဖြောင့်တန်းတန်း လိုက်သည်။

ခေါက်ဆွဲဆိုင်တစ်ခုရှေ့သို့ ရောက်သောအခါ မောင်မောင်ကြီး မြင်းပေါ်မှဆင်းလိုက်သည်။ မြင်းကို အနီးရှိ ဝါးလုံးတန်းတစ်ခုတွင် ချည်ထားလိုက်သည်။ နန္ဒလည်း မောင်မောင်ကြီး ပြုမူသည့်အတိုင်း တလွဲမသွေ လိုက်လံပြုမူသည်။

ဆိုင်ရှေ့အပြင်တွင် စားပွဲဝိုင်း သုံးလေးခုရှိသည်။ စားပွဲဝိုင်းတစ်ခုတွင် ရှမ်းလူမျိုးသုံးလေးယောက် ခေါက်ဆွဲစားနေကြသည်။

ဆိုင်တွင်းမှ မိန်းမပျိုတစ်ယောက် ပြေးထွက်လာပြီး မောင်မောင်ကြီးကို နှုတ်ဆက်သည်။

''မောင်ကြီးတို့များ အခုမှပဲ ပေါ်လာတော့တယ်''

''ငါမအားလို့ပါ နန်းမွန်ရယ်''

သူတို့နှစ်ယောက် ရင်းနှီးနေကြပုံရှိသည်။ နန်းမွန်ဆိုသော မိန်းမပျိုသည် ဗမာမဟုတ်သည်တော့ သေချာသည်။ သို့သော် ရှမ်းလား၊ တရုတ်လား နန္ဒ မခွဲခြားတတ်

မောင်မောင်ကြီးက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

''နန်းမွန်ရေ..ဟောဒါက မောင်ကြီးရဲ့ညီ ကိုနန္ဒတဲ့၊ အလုံ မုံရွာကနေ နေပြည်တော်ကို မရောက်ဖူးလို့လာတာ၊ ဒါကြောင့် မောင်ကြီးက သူ့ကို မရောက်ဖူးတဲ့နေရာတွေ လိုက်ပို့ပြီး မလုပ်ဖူးတဲ့အလုပ်တွေကို လုပ်ခိုင်းမလို့''

မောင်မောင်ကြီး၏ စကားအဆုံးတွင် နန်းမွန်က တခိခိရယ်မောသည်။ နန



မနေတတ်မထိုင်တတ်ဖြစ်ရသည်။

''သူက နန်းမွန်တဲ့၊ သူ့အဖေက တရုတ်၊ သူ့အမေက ရှမ်း၊ ဒီတော့ သူက ရှမ်းတရုတ်မလေးပေါ့''

နန်းမွန်က နန္ဒကို တစ်ချက်ကြည့်ပြီး..

''မောင်ကြီးလက်ထဲက ဘာပုလင်းကြီးလဲ''

''ဒါလား၊ ဘဘုရား အောက်ပြည်က ဝယ်လာတဲ့ ကုလားဖြူအရက်ကွယ့်၊ ဒို့များ ကောင်းကောင်းသောက်ရအောင် အမြည်းကောင်းကောင်း လုပ်ပေးပေတော့''

''မောင်ကြီးတို့လာတာနဲ့ အတော်ပဲ၊ ဝက်အူချောင်းကောင်းကောင်း ကြော်ပေးမယ်၊ လာ..လာ..ဝက်မြီးပြုတ်ထားတာလည်း ရှိတယ်''

သူတို့နှစ်ယောက် စားပွဲဝိုင်းတစ်ခုတွင် ထိုင်ကြသည်။ နန်းမွန်က အရက်ထည့်သောက်ရန် ငွေဖလားနှစ်လုံး ယူလာသည်။ ရေတခေါင်းတစ်ခုလည်း ယူလာသည်။

''ကဲ-ငါ့ညီ ဘုရားဆေး၊ တရားဆေး၊ သံဃာ့ဆေးလို့ သဘောထားပြီး သောက်လိုက်ကြဦးစို့''

မောင်မောင်ကြီးက ငွေဖလားနှစ်ခုထဲသို့ ဘရန်ဒီလက်နှစ်သစ်ခန့်စီ ထည့်သည်။ နန္ဒက ငေးကြောင်၍ ကြည့်နေသည်။

''အရင်က ဒါမျိုးသောက်ဖူးသလား''

မောင်မောင်ကြီးက မေးသည်။ နန္ဒ ခေါင်းခါသည်။

''ထန်းရည်ကော''

နန္ဒ ခေါင်းညိတ်သည်။

''သူက ထန်းရည်နဲ့တော့မတူဘူး၊ အရသာလည်းမတူဘူး၊ မူးပုံခြင်းလည်းမတူဘူး၊ ကဲ-ပြောနေတာကြာပါတယ်၊ ကိုယ်တွေ့စမ်းကြည့်၊ သူက ရေရောပြီးသောက်မှကောင်းတယ်''

မောင်မောင်ကြီးက ဖလားတစ်ဝက်လောက်ရောက်အောင် ရေရောထည့်ပေးသည်။ နန္ဒက ထန်းရည်သောက်သလို စွတ်ခနဲ မော့ချလိုက်သည်။

''အောင်မယ်လေး..လေး..ပူလိုက်တာ၊ မီးစကြီးနဲ့ထိုးသလိုပဲ''

နန္ဒက လက်နှစ်ဖက်ဖြင့် လည်ပင်းကိုဆုပ်ထားရင်း ရေရွတ်ညည်းတွားလိုက်သည်။ မောင်မောင်ကြီးက နန္ဒ၏အမူအရာကို သဘောကျသဖြင့် ခွက်ထိုးခွက်လန်ရယ်နေသည်။ အနီးတွင်ရောက်ရှိနေသော နန်းမွန်ကလည်း တခွိခွိဖြစ်နေသည်။

''ကိုနန္ဒက ထန်းရည်မော့သလို မော့တာကိုဗျ၊ ဒါမျိုးက တစ်ကျိုက်ချင်းကျိုက်ရတယ်၊ အသားတွေပူပြီး တစ်ကိုယ်လုံး ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ရော့ ဒါစားလိုက်''

မောင်မောင်ကြီးက နန်းမွန်ယူလာသော ဝက်အူချောင်းပန်းကန်ကို ရှေ့ထိုးပေးသည်။ နန္ဒက တစ်ဖတ်ယူစားလိုက်သည်။ ခံတွင်းတွေ့သဖြင့် သုံးလေးဖတ် ဆယ်စားသည်။ လည်ချောင်းမပူတော့၊ သို့သော် တစ်ကိုယ်လုံး နွေးနေသည်။ မောင်မောင်ကြီးက အရက်ထပ်ငှဲ့သည်။

''တော်ပြီ၊ မသောက်တော့ဘူး၊ မသောက်ရဲတော့ဘူး''

''ရပါတယ်၊ ရေများများရောပြီး ခပ်ဖြည်းဖြည်းသောက်ပါ၊ အစာများများစားပေးရတယ်''

မောင်မောင်ကြီးက သည်တစ်ကြိမ်တွင် ရေအပြည့်ရောပေးသည်။ နန္ဒက မောင်မောင်ကြီးပြောသည့်အတိုင်း တစ်ငုံပဲ ငုံသည်။ ပြီးလျှင် ဝက်လျှာသုပ်ကို မြည်းသည်။

''ဟိုကောင်လည်း လူကြည့်တော့သာ ပျော့တိပျော့ဖတ်၊ သောက်တဲ့နေရာကျတော့ ကျုပ်ထက်တောင် သောက်နိုင်သေးတယ်''

''ဘယ်သူလဲ''

''ဟိုကောင် မောင်မောင်လေးလေ''

''ဟုတ်လား၊ သူတကယ်ပဲ သောက်နိုင်သလား''

''တကယ်သောက်နိုင်တာပေါ့''

''ကျွန်တော်က သူမသောက်တတ်ဘူးထင်နေတာ''

''ဒီကောင်က ကျုပ်တို့လိုမဟုတ်ဘူး၊ မူးလို့လည်း မူးမှန်းမသိရဘူး၊ ကျုပ်တို့က မူးပြီဆိုရင် အုန်းပင်စိုက်နေတဲ့လူတွေ''

မောင်မောင်ကြီးက ဒုတိယခွက်ကို ကုန်စင်အောင်မော့ပစ်လိုက်ပြီး နောက်တစ်ခွက် ထပ်ထည့်နေသည်။ မောင်မောင်ကြီးသည် ယခုပင် သူ့ဝမ်းထဲရှိသည်များကို အန်ထုတ်စပြုလာပြီဖြစ်သည်။ သည်ထက်မူးလာလျှင် သူသိချင်သည်များကို ခရေစေ့တွင်းကျ သိရပေလိမ့်မည်။

မောင်မောင်ကြီး လေးခွက်ကုန်သွားသောအချိန်တွင် သူက နှစ်ခွက်ကုန်သွားသည်။ ထိုအခါ သူ့မျက်လုံးများ ရီဝေလာသည်။ သူ့လျှာများ လေးလာသည်။ မောင်မောင်ကြီးက သူ့အတွက် တတိယခွက် ငှဲ့ပေးသည်။ သူ မငြင်းတော့။

နန်းမွန်က မောင်မောင်ကြီးနံဘေးတွင် ထိုင်သည်။ မောင်မောင်ကြီးက နန်းမွန်ကို သိုင်းဖက်သည်။ သူတို့နှစ်ယောက် ရယ်ကြသည်။ သူ့မျက်စိထဲတွင် သူတို့နှစ်ယောက် ပူးသွားလိုက် ကွာသွားလိုက်ဖြစ်နေသည်။ ခဏအကြာတွင်··



''ကိုနန္ဒရေ··ခဏလေး အနဦးနော်''

မောင်မောင်ကြီးက ယင်းသို့ပြောပြီး နန်းမွန်ကိုဖက်ကာ အတွင်းခန်းသို့ ဝင်သွားသည်။ နန္ဒတစ်ယောက်တည်း ကျန်ရစ်သည်။ နန္ဒက သူ့ဖလားထဲတွင် ကျန်ရှိနေသောအရက်ကို တစ်ခါတည်း မော့ချလိုက်သည်။

သူ့နားထဲတွင် ဆူညံသောအသံများ ကြားရသည်။ သူ့မျက်စိထဲတွင် လူများအောက်ယက်ခတ်နေသည်ကို မြင်ရသည်။ သူက မသဲကွဲသဖြင့် ဘေးမှလူတစ်ယောက်ကို မေးသည်။

''နောင်ကြီး ဟိုမှာဘာဖြစ်နေကြတာလဲ''

''ဘုရင့်စစ်သည်တော်တွေ သူပုန်ဖမ်းနေတာ''

''ဘယ်က သူပုန်ဖမ်းတာဟုတ်ရမှာလဲ၊ ဈေးသည်တွေကို လုယက်တိုက်ခိုက်နေကြတာပဲ၊ ဟိုမှာမတွေ့ဘူးလား၊ ဟိုမိန်းမကြီးရဲ့ နားရွှေချောင်းကို ယူသွားပြီ၊ ဟော··ဟော ကလေးလေးကို လှံနဲ့ထိုးလိုက်ပြီ၊ ဟော့-ဟော့ မတရားမလုပ်ကြနဲ့၊ နန္ဒတဲ့ဟော့၊ မတရားတာကို ဘယ်တော့မှ လက်ပိုက်ပြီး ကြည့်မနေဘူး''

နန္ဒက ဗလုံးဗထွေးဟစ်အော်ပြီး တိမ်ပျံပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။ ဗျာရာမြင်းကြီးသည် သခင်၏အလိုကို သိသည့်အလား မျဉ်းမောက်တိုစက် စစ်သည်တော်များရှိရာသို့ ဒုန်းပြေးသွားသည်။ နန္ဒက ဓားကို ဘယ်ညာဝှေ့ယမ်းလျက်ရှိသည်။ သူ့ဓားချက်မိသူများ တုန်းခနဲ ကားခနဲဖြစ်ကုန်သည်။ သို့သော် တစ်ယောက်ကျသွားသောအခါ သူ့အနီးသို့ နှစ်ယောက်ရောက်လာသည်။ နှစ်ယောက်ကျသွားသောအခါ သူ့အနီးသို့ လေးယောက်ရောက်လာသည်။ ကြာတော့ သူ့ပတ်ပတ်လည်တွင် ဘုရင့်တပ်သားများ ဝိုင်းဝိုင်းလည်နေတော့သည်။

သို့သော် သူ့အနီးသို့ မည်သူမျှ မချဉ်းကပ်ရဲ၊ ခပ်လှမ်းလှမ်းမှ ဝိုင်းရံထားခြင်းသာဖြစ်သည်။ သူ့အနီးသို့ ကပ်သွားသူတိုင်း မရှုမလှခံရသည်ဖြစ်သည်။ နန္ဒသည် မြင်းခြင်ရာ အသံကြားရာကို ဒလကြမ်း လိုက်လံထိုးခုတ်လျက်ရှိသည်။ သည်အတိုင်းဆိုလျှင် မကြာမီကာအတွင်း ခြေကုန်လက်ပန်းကျတော့မည့် အခြေအနေရှိသည်။ ဘုရင့်စစ်သည်တော်များကလည်း ယင်းအခြေအနေကိုပင် စောင့်စားလျက်ရှိသည်။ တစ်ကြိမ်တွင် နန္ဒသည် သူ့အရှိန်နှင့်သူ မြင်းပေါ်မှ အားလွန်၍ကျသွားသည်။ သို့သော် ချက်ချင်းပင် မြင်းပေါ်သို့ ပြန်တက်နိုင်ပြီး အရဲစွန့်ပြီး ဝင်လာသောရန်သူကို ပိုင်းခုတ်လိုက်နိုင်သည်။ သူ့မြင်းကြီးကလည်း လိမ္မာလွန်း၍ဖြစ်သည်။

ယင်းအခိုက်တွင် ရှုပ်ယှက်ခတ်နေသော အုပ်ထဲသို့ မြင်းတစ်စီး အပြင်းစိုင်းလာသည်။ စစ်သည်တော်များကို တိုက်ဖြတ်ပြီး နန္ဒအနီးသို့ ချဉ်းကပ်သွားသည်။

www.burmeseclassic.com

နန္ဒ မားနှင့်ဆီးခုတ်သည်။ သို့သော် မြင်းပေါ်ကလူသည် နန္ဒ၏ဓားချက်ကို တိမ်းရှောင်လိုက်ပြီး တမုဟုတ်ချင်းဘပင် နန္ဒ၏မြင်းပေါ်သို့ ခုန်ကူးလိုက်သည်။ နန္ဒသည် ထိုသူ၏လက်ထဲတွင် ပျော့ခွေ၍ကျသွားသည်။ ထိုသူက တိမ်ပျံကို ဇက်လွှတ်၍ ဘုရင့်တပ်သားများကြားမှ တစ်ဟုန်ထိုးထွက်သွားသည်။ စစ်သည်တော်များသည် မဟူရာမြင်းကြီးနောက်သို့ ဟန်ပြလောက်သာလိုက်ပြီး ဆက်မလိုက်တော့ပေ။

[ င ]

ခြေကုန်လက်ပန်းကျစပြုနေသော နန္ဒကို ဘုရင့်တပ်မတော်သားများလက်မှ သက်စွန့်ဆံဖျား ဝင်ရောက်ကယ်ဆယ်ခဲ့သူမှာ အခြားသူမဟုတ် မသူဇာပင်ဖြစ်တော့သည်။

မသူဇာသည် ကိစ္စတစ်ခုဖြင့် ရှမ်းပွဲဈေးကို ဖြတ်သန်းသွားစဉ် ရုတ်ရုတ်သဲသဲဖြစ်နေသည်ကိုတွေ့၍ ဝင်ရောက်စုံစမ်းရာ ဘုရင့်တပ်သားများကို တစ်ယောက်တည်းလိုက်လံထိုးခုတ်နေသော နန္ဒကို တွေ့ရသည်။ မသူဇာသည် နန္ဒကိုမြင်လျှင်မြင်ချင်းမှာပင် မိမိအရှက်နှင့်အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်ဖြစ်မှန်း မှတ်မိလိုက်သည်။

သည်တွင် မသူဇာသည် အထူးအထွေ စဉ်းစားမနေတော့ဘဲ အနီးရှိ မြင်းတစ်စီးပေါ်သို့တက်ပြီး ရှုပ်ယှက်ခတ်နေသော မြင်းအုပ်ထဲသို့ အတင်းတိုးဝင်သွားပြီး နန္ဒကို ကယ်တင်ခဲ့ခြင်းဖြစ်သည်။

နန္ဒသည် မသူဇာရင်ခွင်ထဲသို့ ရောက်သည့်ခဏမှာပင် သတိလက်လွတ် ခွေလျှောကျသွားသည်။ စူးဝါးသောအရက်နံ့ကို ရရှိသဖြင့် နန္ဒ မူးယစ်နေကြောင်း မသူဇာ ချက်ချင်းသိရှိသွားသည်။

ဘုရင့်တပ်သားများ နောက်ဘက်မှလိုက်ပါလာသည်ကို လုံခြုံစိတ်ချမှုရှိစေရန် လမ်းတစ်ဖြောင့်တည်းမသွားဘဲ ဟိုချိုးသည်ကွေ့ဖြင့် ခြေရာဖျောက်ခဲ့သည်။ နောက်ဆုံးတွင်မှ မသူဇာသည် ခြံဝင်းတစ်ခုအတွင်းသို့ ချိုးဝင်လိုက်သည်။

တိမ်ပျံကို အိမ်ငယ်တစ်လုံးရှေ့တွင် ရပ်လိုက်သည်။ မြင်းပေါ်မှ အလျှင်အမြန် ခုန်ဆင်းပြီး အောက်သို့ထိုးကျလာသော နန္ဒကို သူမ၏ကိုယ်လုံးဖြင့် ထိန်းပေးလိုက်ရသည်။ ပြီးမှ အလိုက်သင့်ကျစေရသည်။

"မောင်ကြီးနန္ဒ..မောင်ကြီးနန္ဒ"

မသူဇာက စိုးရိမ်တကြီး ခေါ်လိုက်သည်။ နန္ဒ မျက်လုံးဖွင့်ကြည့်သည်။ ချက်ချင်းပင် မျက်လုံးပြန်ပိတ်သွားသည်။

"မောင်ကြီးနန္ဒ..မောင်ကြီးနန္ဒ"

မသူဇာ ထပ်ခေါ်သည်။ မျက်လုံးမဖွင့်တော့။ သို့သော် သူ၏လက်ကြီးများသည် မသူဇာ၏လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။ မသူဇာသည် နန္ဒ၏ကိုယ်ကြီးကို မနိုင်မနင်းဖြင့် အိမ်ထဲသို့တွဲခေါ်သွားပြီး အိပ်ရာတစ်ခုပေါ်တွင် လှဲချလိုက်သည်။



နန္ဒက မျက်လုံးကိုမဖွင့်ဘဲ မသူဇာ၏ကိုယ်လုံးကလေးကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူလိုက်သည်။

မသူဇာ ရင်တဒိတ်ဒိတ်ခုန်ပြီး ခြေဖျားလက်ဖျားတွေ အေးသွားသည်။ သူမဇာတ်တစ်သက်တာတွင် ယောက်ျားကြီးတစ်ဦးက ဤသို့ ဖိဖိကပ်ကပ် ပွေ့ပိုက်ခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသည့်သက်တမ်းပင် ဖြစ်သည်။

"အို..မောင်ကြီး..မောင်ကြီး"

မသူဇာက အသံအစ်အစ်ဖြင့် ရွတ်ဆိုသည်။ နန္ဒရင်ခွင်မှ လွတ်နိုင်ရန် ရုန်းကြည့်သည်။ မလွယ်ချေ။ မြွေတစ်ကောင်၏ ရစ်ပတ်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် မသူဇာ အိတ်ထိတ်လန့်လန့်ဖြင့် အသက်မရှူဘဲ ငြိမ်နေလိုက်သည်။

'ဟဲ..ဟဲ သည်လိုအိပ်ချင်ယောင် ဆောင်နေတာမျိုးတော့ ဘာရမလဲ၊ ကဲကွယ် ဘာတယ်အိပ်မအိပ် သိရအောင်'

နန္ဒက မသူဇာ၏ပါးပြင်ကို သူ၏မျက်နှာကြီးတစ်ခုလုံးဖြင့် ဖိကပ်ပြီး အကြိမ်ကြိမ်မွှေးလိုက်သည်။

"အောင်မယ်လေး..မောင်ကြီး မောင်ကြီး ဘယ်လိုလုပ်တာလဲ"

မသူဇာက လေသံသဲ့သဲ့ကလေးဖြင့် ညည်းတွားသည်။ သူ့မျက်နှာကြီးနှင့် အုပ်မိုး၍ နမ်းလိုက်တိုင်း သူ့ရင်ထဲတွင် အေးခနဲအေးခနဲဖြစ်သွားသည်။ ဒန်းအမြင့်ကြီး စွဲစီးရသလိုပါပဲကလားနော်။

ဘုရား..ဘုရား ဒုက္ခပါပဲ။ ဘာများလုပ်ဦးမလဲမသိဘူး။ မသူဇာ ရေရွတ်လိုက်သည်။ အသံမထွက်တော့။ စိတ်ထဲမှာသာ ပြောမိတော့သည်။ နန္ဒ၏လက်ကြီးတစ်ဖက်သူ့ကျောပြင်ကို သိုင်းဖက်ထားရာမှ အသာဖြေလျှော့လိုက်သည်။ မသူဇာ လူးလိမ့်လိုက်ရာ နန္ဒ၏ရင်ခွင်ထဲတွင် မျက်နှာချင်းဆိုင် စောင်းစောင်းကလေးရှိနေရာမှ အိပ်ခင်းပြင်ပေါ်တွင် ကျောကျသွားသည်။

"မသူဇာ..မသူဇာ..မသူဇာ ဘယ်ရောက်သွားပလဲ"

နန္ဒက မျက်လုံးမဖွင့်ဘဲ အာလုပ်သံကြီးနှင့် အော်နေသည်။

"မသူဇာ ဘယ်မှမရောက်ပါဘူး၊ မောင်ကြီးရဲ့ရင်ခွင်ထဲမှာပါ"

အမျိုးသမီးက ယဲ့ယဲ့ကလေး ရွတ်ဆိုသည်။ သည်တော့လည်း နန္ဒက ဘာမျှ မပြော အိပ်မောကျနေသည့်အလား။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

မှောင်မည်းသောတဲထည်း မှိန်နေသည်။ လွင်တီးခေါင်ကြီးထဲတွင် ဖြစ်သည်။ ဘယ်ကိုပဲ ကြည့်ကြည့် သဲမြေများကိုသာ မြင်ရသည်။ နေခြစ်ခြစ်တောက်ပူနေသည်။ တံလျှပ်များလှိုင်းထနေသည်။ ပြိုးပြိုးပြက်ပြက်များမြင်ရသဖြင့် ထိုနေရာသို့ရောက်အောင် အားခဲ၍ သွားသည်ဟု ထင်နေသလို အေးမြကြည်လင်သော ရေပြင်မဟုတ်၊ ပူလောင်ကျွမ်းမြေ့သော သဲခင်းပြင်သာတည်း။

နန္ဒ ရေငတ်သည်။ လည်ချောင်းတစ်ခုလုံး ပူလောင်နေသည်။ ရင်တစ်ခုလုံး နွမ်းဟိုက်နေသည်။ ခြေတွေလက်တွေ မခြောက်ချင် မသယ်ချင်။ ခေါင်းမူးသည်၊ ခေါင်းကိုက်သည်။ ခေါင်းပေါ်တွင် မီးဖိုကြီးတစ်ခု ရွက်တင်ထားရသည်ဟု ထင်သည်။

နှုတ်ခမ်းများ ကွဲခြောက်နေသည်။ တံတွေးပင်မထွက်တော့။ သူ့လျှာသည် မီးတို့ရဲရဲတွင် ကင်မြိုက်ထားသကဲ့သို့ရှိသည်။

"ရေ··ရေ··ရေ··"

သူက ခြောက်ကပ်သောအသံအက်ကြီးဖြင့် ညည်းရွတ်သည်။ သူ့နားထဲတွင် အသံတွေကြားလာရသည်။ လေသံ မိုးသံတွေဟု ထင်သည်။ သို့သော် မဟုတ်ချေ။ သူတစ်ယောက်၏ ညည်းညူသံဖြစ်သည်။ တဖြည်းဖြည်းနှင့် ညည်းညူသံ ကျယ်လောင်လာသည်။ သူ့နားထဲတွင် မိုးချုန်းသံကဲ့သို့ ဖြစ်ပေါ်လာသည်။

သည်တွင် နန္ဒ နိုးသည်။

သူ့နားထဲတွင် ညည်းညူသံကြားနေရခြင်းသည် အစစ်အမှန်ပင်ဖြစ်သည်။ အဖျားတက်နေသူတစ်ဦးဟု ထင်မိသည်။ ညည်းညူသံသည် သူ့အနီးတွင်ကပ်၍ ဖြစ်ပေါ်နေသည်။

နန္ဒ မျက်လုံးများကို အားယူ၍ဖွင့်လိုက်သည်။ လေးလံသောမျက်ခွံများကို မနည်းကြီးပင့်တင်ရသည်။ သို့နှင့်တိုင် အမြင်သည် မကြည်လင်၊ မြူတိုက်ကြီးလွှမ်းနေသကဲ့သို့ ဝိုးဝါးဝါးရှိသည်။

မြူတိုက်ထဲတွင် လူတစ်ယောက် လဲလျောင်းနေသည်ကိုမြင်ရသည်။ ဖြူဖွေးသော မြူမှုန်များ တစ်စစလွင့်ပါးကုန်သည်။ လဲလျောင်းနေသောသဏ္ဌာန် ပီပြင်လာသည်။

"ဘုရား··ဘုရား မသူဇာပါကလား"

နန္ဒ အလန့်တကြားရေရွတ်ပြီး အိပ်ရာမှ ကြောက်လန့်တကြား ခုန်ထလိုက်သည်။ မသူဇာ အနည်းငယ် လွန့်လူးသော်လည်း မနိုးချေ။ အပြစ်ကင်းစင်သော ကလေးလေး တစ်ဦးပမာ အိပ်မောကျနေသည်။ ကိုယ်ကလေးတသိမ့်သိမ့်ခါပြီး တအင့်အင့် ညည်းညူသည်။

"အလိုလေးလေး··ဘယ်လိုတွေများ ဖြစ်ကုန်ပြီလဲ၊ ဒုက္ခပါပဲ၊ ငါးပါးကြီးတော့ ပျက်ပြီနဲ့တူတယ်"

နန္ဒက အရူးတစ်ယောက်လို ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုလိုက်သည်။ ထို့နောက် ဟိုဟာလုပ်ရမလို သည်ဟာလုပ်ရမလိုနှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ မျက်လုံးများကလည်း မသူဇာကို မကြည့်ဝံ့ဝံ့ ကြည့်ဝံ့ဝံ့ဖြစ်နေသည်။

မသူဇာ၏ကိုယ်တွင် အဝတ်အထည် ပြည့်ပြည့်စုံစုံ လုံလုံလဲလဲမရှိ၊ ဗလကျော်ဘော်၏ လက်တွင် ကျရောက်နေစဉ်ကထက်ပင် ဟင်းလင်းဖြစ်နေသည်။ ယမန်နေ့ညက မြင်တွေ့ခဲ့ရသော ခင်ခင်လေး၊ ခင်ခင်လတ်တို့ထက်လည်း အဖို့အမောက် အစွင့်အကားများ ထင်ထင်လင်းလင်း ရှိနေသည်။

နန္ဒ မျက်လုံးများကို တအားမှိတ်ထားလိုက်သည်။ ဘာတွေဖြစ်ခဲ့သနည်းဟု ခေါင်းခြောင်းစဉ်းစားသည်။ သူနှင့် မောင်မောင်ကြီး နန်းမွန်တို့ဆိုင်တွင် ဘာရမ်ဒီသောက်ခဲ့သည်ကို အစကောက်မိသည်။ ဘုရင့်တပ်မတော်သားများက အရပ်သား အလုပ်သမားများ နှိပ်စက်ကလူပြုမှုနေကြသဖြင့် သူဝင်ရောက် ထိုးခုတ်သည်ကို သတိရလာသည်။

နောက်ဆုံးတွင် သူ ခြေကုန်လက်ပန်းကျပြီး သတိလက်လွတ်ဖြစ်တော့မည့် အခြေအနေတွင် တစ်စုံတစ်ယောက်က သူ့အားကယ်ဆယ်သည်ကို ရေးရေးမြင်လာသည်။ ကယ်တင်ရှင်သည် သူ့မြင်းပေါ်သို့ကူးလာပြီး သူ့ကို ရင်ခွင်ထဲမှာထားပြီး တိမ်ပျံကို ပြေးအုပ်ထဲတွင်၊ တောင်တန်းပေါ်တွင်၊ တိမ်တိုက်ထဲတွင် ဒုန်းစီးသည်။

ကယ်တင်ရှင်သည် အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သူသိသည်။ အတွေ့အထိ ပြောခဲ့ပြီးသည်။ သို့သော် မည်သူမည်ဝါမှန်း မသဲကွဲ။ ခင်ခင်လေးလိုလို၊ ခင်ခင်လတ်လိုလို၊ မသူဇာလိုလို။

ဟော··ခုတော့ သူ့ကို ကယ်တင်သူမှာ မသူဇာကလေး ဖြစ်နေသည်၊ နောက်ပိုင်းတွင် ဘယ်ပုံဖြစ်ကြသည်မသိ။ ဤနေရာသို့ အဘယ်ပုံရောက်လာသည်မသိ။

မသူဇာသည် ကုတင်ပေါ်တွင် မလုံမလဲရှိနေသည်။

"မှားကုန်ပြီနဲ့တူတယ်၊ မှားကုန်ပြီနဲ့တူတယ်၊ သူ့ခမျာ ငါ့ကြောင့် ရေတိမ်နစ်ရပြီနဲ့တူတယ်"

နန္ဒ တုန်တုန်လှုပ်လှုပ်နှင့် မသူဇာကို လှုပ်နှိုးသည်။ မသူဇာ ဆတ်ခနဲ နိုးလာသည်၊ ဖျတ်ခနဲ ထထိုင်သည်။ သူမ၏ကိုယ်လုံးကလေးကို လက်လှမ်းမှီရာ အဝတ်စတို့ဖြင့် ဆွဲ၍ဖုံးထားလိုက်သည်။

"မသူဇာ··မသူဇာ ဘာဖြစ်သွားသလဲ"

နန္ဒ ဗလုံးဗထွေး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"အို.."

မိန်းမပျိုက တစ်ချက်ရှုတ်ဆိုလိုက်ပြီး မျက်လွှာချထားသည်။ ခေါင်းငုံ့ထားသည်။ နန္ဒ ဆောက်တည်ရာမရ။

"မသူဇာ ဘာဖြစ်သွားသလဲ၊ မောင်ကြီး မေးနေတယ် ပြောစမ်းပါဦး"

နန္ဒက မသူဇာအနီးတွင် ထိုင်လိုက်သည်။ မသူဇာ၏ပခုံးကို ကိုင်ထားသည်။ မသူဇာက သူမ၏ပခုံးပေါ်မှ နန္ဒလက်ကို အသာအယာ ဖယ်ရှားပစ်ရ၏။

"မောင်ကြီး သတိရပလား၊ မောင်ကြီး နေကောင်းသွားပလား"

"အို..မောင်ကြီးအကြောင်း မမေးပါနဲ့၊ မောင်ကြီးက အရေးမကြီးပါဘူး။ မောင်ကြီးကိုကယ်တာ မသူဇာလား"

မိန်းမပျို ခေါင်းညိတ်သည်။

"မောင်ကြီးရဲ့မြင်းပေါ်ကို လူတစ်ယောက်ရောက်လာတာကို မှတ်မိတယ်၊ နောက်ဘာဖြစ်သလဲ မသိတော့ဘူး"

"မသူဇာမှန်း မောင်ကြီးမသိဘူးလား"

"မသူဇာလို့လဲ မောင်ကြီးထင်တယ်"

"ဟင်-ဘယ်သူလို့ ထင်သေးသလဲ"

"မောင်ကြီး မသိတော့ဘူး၊ မောင်ကြီး သိပ်မှုးနေတယ်၊ သိပ်ပန်းနေတယ်"

အမျိုးသမီးက သက်ပြင်းချပြီး..

"ဟုတ်တယ် မောင်ကြီးသိပ်မှုးနေတယ်၊ မောင်ကြီး ဘာမှမသိဘူး"

"မှားတယ်..မောင်ကြီး မှားတယ်၊ မောင်ကြီးရဲ့အဘက မောင်ကြီးကို စစ်တုရင် သင်ပေးတော့ တစ်ခုပြောတာရှိတယ်၊ ကိုယ်ဟာ ဘာလုပ်မယ်ဆိုတာကို တွက်တာထက် တစ်ဖက်လူ ဘာလုပ်မယ်ဆိုတာ သတိထားရမယ်တဲ့၊ စစ်တိုက်တဲ့နေရာမှာ၊ တစ်ဖက်လူနဲ့ ယှဉ်ပြိုင်တဲ့နေရာမှာ ကိုယ်လုပ်ချင်တာတစ်ခုတည်းကို မကြည့်ရဘူးတဲ့၊ ဟုတ်တယ်၊ မောင်ကြီး မှားတယ်၊ မောင်ကြီး အရက်သောက်ပြီး အရက်မူးရင် သူ့ဆီက စကားအစ်ဖို့အောက်ဖို့ မောင်ကြီး ရှေ့လောကြီးနေတယ်၊ ကိုယ်မူးမှာတော့ နည်းနည်းကလေးမှ ထည့်မတွက်ဘူး"

"သူဆိုတာ ဘယ်သူလဲ၊ မောင်ကြီး ဘယ်သူနဲ့ အတူတူသောက်တာလဲ၊ အဲဒီလူ ဘယ်ရောက်သွားပလဲ"

"အို..အဲဒီလူက အရေးမကြီးပါဘူး၊ မသူဇာ ဘာဖြစ်သလဲဆိုတာသာ မောင်ကြီးကို ပြောစမ်းပါ"

"မောင်ကြီးဟာ မသူဇာရဲ့ အသက်သခင် ကျေးဇူးရှင်ပါ"



အမျိုးသမီးက ခပ်တိုးတိုးဆိုသည်။

"အို..ကျေးဇူးရှင်က အရေးမကြီးပါဘူး၊ မသူဇာ ဘာဖြစ်သလဲဆိုတာသာ ...စမ်းပါ၊ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာကြသလဲ"

"မသူဇာ ခေါ်လာတာပေါ့"

"ဒီရောက်တော့ ဘာတွေဖြစ်ကုန်ကြသလဲ"

အမျိုးသမီး နှုတ်ဆိတ်နေသည်။

"ပြောစမ်းပါဦး မသူဇာ၊ မောင်ကြီးက မသူဇာကို ဘာတွေများ လုပ်မိသလဲ၊ ...င်-လွန်လွန်ကျူးကျူးတွေ ဖြစ်ကုန်ကြရောလား"

"မောင်ကြီးက နှမငယ်ရဲ့ အသက်သခင်ပါ"

"လာပြန်ပြီလား ဒီအသက်သခင်၊ မသူဇာ ကာယိန္ဒြေပျက်အောင် မောင်ကြီး ...မိသလား"

"မိန်းမသားတစ်ယောက်ရဲ့ အင်္ကျီအနားစကလေးကို ထိကိုင်မိတယ်ဆိုရင်ပဲ ...ယိန္ဒြေပျက်ပြီမဟုတ်လား ,မောင်ကြီးရယ်၊ အိုလေ..ဒါတွေ ထားလိုက်ပါတော့၊ ...ကြီးကို နှမငယ် တစ်သက် ဘယ်လိုနည်းနဲ့မှ ကျေးဇူးဆပ်လို့ မကုန်နိုင်ပါဘူး"

အမျိုးသမီးက မြေ့မြေ့လေးဆိုသည်။

"အို..မဟုတ်ဘူး၊ မသူဇာကို မောင်ကြီး ထိမ်းမြားလက်ထပ်မယ်၊ မောင်ကြီး ...ယောကျ်ားပါ၊ မောင်ကြီးဟာ သူတစ်ပါးသားပျိုသမီးပျိုကို ဖျက်ဆီးတဲ့လူ မဟုတ်ပါ ..."

မသူဇာ ခေါင်းခါသည်။

"မောင်ကြီး ဒါတွေမစဉ်းစားပါနဲ့၊ မောင်ကြီးနဲ့ မသူဇာ အကြင်လင်မယား ...နိုင်ပါဘူး၊ နောက်ပြီး အခု အရုဏ်တက်ရင် မသူဇာ သွားရပါ့မယ်"

"မသူဇာ ဘယ်ကိုသွားမှာလဲ၊ မသွားရဘူး"

သူက အော်လိုက်သည်။

ထိုအချိန်မှာပင် ကြက်တွန်သံကြားရသည်။ အဝေးမှ မြင်းခွာသံကြားရသည်။

"ဟော..သူတို့လာပြီ၊ မသူဇာ သွားရတော့မယ်"

"သူတို့ဆိုတာ ဘယ်သူလဲ၊ မသူဇာ ဘယ်ကိုသွားမှာလဲ"

"ဒါတွေ မမေးပါနဲ့ဦး မောင်ကြီး၊ မောင်ကြီးနဲ့မသူဇာတို့ အခိုက်အတန့် ခွဲ... ...၊ ရေစက်မကုန်သေးရင် ပြန်တွေ့ကြဦးမှာပေါ့"

မြင်းခွာသံများ နီးလာသည်နှင့် မြင်းနှစ်ကောင်ဖြစ်မှန်း နန္ဒ ...သိသည်။ နန္ဒ ...ဘက်သို့ ပြေးထွက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ကွက်လပ်သို့ မြင်းစီးယောကျ်ားနှစ်ယောက် ရောက်လာသည်။ တ
ယောက်က အသက်ခပ်ကြီးကြီးဖြစ်သည်။ တစ်ယောက်က ခပ်ရွယ်ရွယ်ဖြစ်သည်။
အရွယ်ဖြစ်သည်။ ကြယ်ရောင်မှုန်မွှားမွှားတွင်မို့ မျက်နှာများ သဲကွဲစွာမမြင်ရ၊ ယောကျ်
နှစ်ယောက်သည် မြင်းပေါ်မှ မဆင်းကြချေ။

ထိုစဉ်မှာပင် မသူဇာ အိမ်ထဲမှထွက်လာသည်။ ထိုင်မသိမ်းအင်္ကျီနှင့် အချိ
ထဘီကို သေသပ်စွာ ဝတ်လာသည်။ သို့သော် ခေါင်းမှဆံထုံးမှာ ပြေလျော့လျေ
ဖြစ်သည်။

"လာ..လာ မောင်ကြီးကို သူတို့နဲ့ တွေ့ပေးရဦးမယ်"

မသူဇာက ဆွဲခေါ်သွားသဖြင့် နန္ဒ ယက်ကန်ယက်ကန်ဖြင့် ပါသွားသည်
မြင်းစီးယောကျ်ားနှစ်ဦးအနီးသို့ ရောက်သောအခါ မသူဇာက နန္ဒ၏လက်မောင်းကို
ကိုင်လျက်..

"မသူဇာကို ဗလကျော်ထင်လက်က ကယ်ခဲ့တဲ့ မောင်ကြီးပေါ့"

"မောင်ရင်ရဲ့ကျေးဇူး ကြီးလှပါပေတယ်၊ မောင်ရင်ရဲ့ နာမည်ကို သိပါရစေ"

အသက်ကြီးကြီးလူက ပြောသည်။ ထိုသူ၏မေးစေ့တွင် စပယ်တင်မှဲ့ကြီး
သည်ကို နန္ဒ သတိပြုမိသည်။

"နန္ဒပါ"

"မောင်နန္ဒ၊ မောင်နန္ဒ" လူကြီးက ရေရွတ်လိုက်ပြီးနောက် "ဟုတ်ပြီလေ
တျုပ်တို့က အခုကိစ္စလေး အရေးကြီးနေလို့ သွားလိုက်ကြဦးမယ်၊ နောက် ဆုံ
ကြုံကြသေးတာပေါ့"

နန္ဒက ရွယ်ရွယ်လူကို သတိပြုမိ၍ကြည့်သည်။ ခပ်ဝါးဝါးမြင်ရသော်လည်
သည်မျက်နှာမျိုး၊ သည်ပုံပန်းမျိုး မြင်ဖူးသည်ဟု စိတ်ထဲတွင်ထင်မိသည်။

ထိုစဉ်တွင် မသူဇာသည် မြင်းတစ်စီးပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယောကျ်
ကြီးနှစ်ယောက်သည် အရေးကြီးသည့်ဟန်ဖြင့် ရှေ့မှထွက်သွားကြသည်။ မသူဇာ
ရီဝေသော မျက်လုံးအစုံဖြင့်ကြည့်ရင်း..

"သွားတော့မယ် မောင်ကြီး"

နန္ဒ ဘာမျှပြန်မပြောနိုင်၊ မြင်းသုံးစီး ထွက်ခွာသွားသည်ကိုသာ အမှောင်ပိုးဝ
တွင် ပျောက်ကွယ်သွားသည်အထိ ငေးမော၍ ကြည့်နေမိတော့သည်။

မင်းဟာ ဘယ်လိုမိန်းကလေးများလဲ မသူဇာရယ်။



# ၆ ၀ ပယောဂ [ က ]

နန္ဒသည် ထိုနေရာတွင် အတန်ကြာအောင် ကျောက်စာတိုင်ကြီးကဲ့သို့ မလှုပ်မရှက်
ရပ်နေမိသည်။ အရှေ့ဖက်တွင် ရောင်နီလာပြီ ဖြစ်သည်။ မိုးသောက်ကြယ်ကိုလည်း
မြင်ရသည်။ တိမ်ပျံက နန္ဒကို တစ်ချက်ငဲ့စောင်းကြည့်ပြီး သွားတော့မည်လားဟု
အဘဲခတ်သည်။

နန္ဒက အိမ်ထဲသို့ ပြန်ဝင်သွားသည်။ ကုတင်ပေါ်တွင် ဝုန်းခနဲ ထိုင်ချလိုက်သည်။
ခေါင်းရင်းတိုင်တွင် သူ့ဆောင်ဓား ချိတ်ထားသည်ကို တွေ့ရသည်။ ကုတင်ပေါ်တွင်
ကြွေနေသော သစ္စာပန်းတစ်ခက်တွေ့ရသည်။

မသူဇာသည် သူ၏မူးယစ်မှုကြောင့် နွမ်းကြေခဲ့ချေပြီလား၊ မေး၍လည်း မရချေ။
သည်ကိစ္စကိုတော့ ကာယကံရှင်တစ်ယောက်သာ သိပေလိမ့်မည်။ သို့သော် ကာယကံရှင်
က အဖြူအမဲသဲကွဲအောင် မပြောသောအခါ သူ့ရင်ထဲတွင် မတင်မကျ ဖြစ်နေသည်။
သူ့ခေါင်းထဲတွင် ရှုပ်ထွေးနေသည်။

ဟုတ်ရဲ့သားနဲ့ မပြောဘဲနေတာလား၊ မဟုတ်လို့ မပြောတာဘဲလား၊ မိန်းမများ
ဘယ်နားလည်ဘို့ခက်ပါကလား။ 'မောင်ကြီးနဲ့မသူဇာ အကြင်လင်မယား မဖြစ်နိုင်ပါ
ဘူး' ဆိုတာ ဘာအဓိပ္ပာယ်လဲ။

နောက်ပြီး ဟိုနှစ်ယောက်က ဘယ်သူတွေလဲ၊ ရေးကြီးသုတ်ပျာနဲ့ ဘယ်ကိုသွား
ကြမှာလဲ၊ ဘာကိစ္စလဲ၊ ဗလကျော်ထင်ပြောသလို မသူဇာဟာ သူပုန်မကလေးတစ်
ယောက်ပဲလား၊ သည်လိုဆိုရင် အသက်ငယ်ငယ်လူဟာ ညောင်အုပ်မင်းသားများ ဖြစ်နေ
လေသလား၊ ဒါမှမဟုတ် ညောင်ရမ်းမင်းသားလား၊ ဟိုလူကြီးကကော ဥပမိကတော့ အတော်
ဆောင်းတယ်၊ အသံဩဇာလည်း ရှိတယ်။

သူတို့ဟာ တစ်ခုခုတော့ တစ်ခုခုတွေပဲ၊ သာမန်လူတွေ မဟုတ်တာတော့
သေချာတယ်၊ အင်းလေ..မသူဇာပြောသလိုပေါ့၊ ရေမစက်ကုန်သေးရင်တော့ သူတို့
ဆင်နွှေကျရင် ပြန်လည်ဆုံတွေ့ရဦးမှာပေါ့။

နန္ဒ ထိုင်ရာမှထလိုက်သည်။ သူ၏ဓားကို ယူလိုက်သည်။ သူ့စိတ်ထဲတွင်
ဆန်းခုထူးဆန်းနေသည်။ ဤခြံနှင့် ဤအိမ်သည် နေပြည်တော်၏ မည်သည့်အရပ်တွင်
ရှိသနည်း။ ဤအိမ်တွင် လူသူမရှိချေသလား၊ မသူဇာတို့ ဝင်ထွက်သွားလာနေသည့်
တံခါးတစ်ခုလော။

နောက်ပြီး သူ့အနေနှင့် မည်သည့်အရပ်သို့ သွားရချေမည်နည်းဟု နန္ဒ မသိရှိ
နိုင်။ တံခွန်တိုင်အိမ်ကြီးသည် မည်သည့်ဘက်တွင် ရှိချေမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒသည် စိတ်ထဲတွင် ဇဝေဇဝါဖြင့် အရှေ့ဖက်သို့ ဦးတည်၍ ထွက်ခဲ့သည်။ သူ့တွင် အရေးတကြီး သွားလာလုပ်ဆောင်ရန် မရှိသဖြင့် ဟိမ်ပျံကို အလုစီးသည်။

များမကြာမီ မိုးစင်စင်လင်းတော့မည်ဖြစ်သည်။ လမ်းခရီးတွင် ဈေးသွားဈေးလာများကို တွေ့ရသည်။ ဈေးလှည်းတစ်စီး၏နောက်မှ လိုက်ပါသွားရာ များမကြာမီတွင် မဟာမြတ်မုနိဘုရားကြီးကို ဖူးမြင်ရသည်။ ကြက်ပျံမကျစည်ကားသော ဈေးတစ်ခုကိုလည်း တွေ့ရသည်။

ခင်ခင်လေးပြောသော ဘုရားကြီးဈေး ဆိုသည်ပဲဖြစ်ရပေမည်၊ သည်လိုဆိုရင် ခင်ခင်လတ်နှင့်များ တွေ့နေမလား။

နန္ဒ ဈေးထိပ်တွင် မြင်းကိုရပ်ကာ ဈေးသွားဈေးလာများကို ကြည့်နေသည်။ ဟင်းသီးဟင်းရွက်တန်းတွင် ခင်ခင်လတ်ကို မြင်လိုက်ရသဖြင့် မြင်းကို မုံ့ဖျားသလက်ဆိုင်တွင် အပ်ထားကာ ကမန်းကတန်းလိုက်သွားသည်။ ခင်ခင်လတ်က ကြက်ဟင်းခါးသီးဝယ်နေစဉ်တွင် မီသည်။ သူက ဈေးခြင်းကိုဆွဲလျက်။

"ခင်ခင်လတ် တစ်ယောက်ထဲလား"

အမျိုးသမီးလှည့်ကြည့်သည်။ ခင်ခင်လတ်မဟုတ်ချေ။ ခင်ခင်လတ်နှင့် အတော်တူသည်။ သို့သော် ခင်ခင်လတ်ထက် အသက်ကြီးပုံရသည်။ အနည်းငယ်ပိန်သည်။ အသားညိုသည်။ အဝတ်အထည်လည်း နွမ်းသည်။ နောက်မှကြည့်လျှင် ချွတ်စွပ်ပင်ဖြစ်သည်။

အမျိုးသမီးက မျက်မှောင်ကုတ်ပြီး သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"ရှင်ဘယ်သူလဲ"

"ကျွန်တော်တောင်းပန်ပါတယ်၊ လူမှားလို့ပါ"

"ရှင်ပြောတဲ့ခင်ခင်လတ်က တံခွန်တိုင် မြို့စားကြီးရဲ့သမီးလား"

"ဟုတ်ပါတယ်"

"ကျွန်မက ခင်ခင်လတ်နဲ့တူသလား"

"နောက်ကနေကြည့်ရင် ခွဲလို့မရနိုင်ပါဘူး"

"ကျွန်မလို သူဆင်းရဲမတစ်ယောက်က မြို့စားကြီးသမီးနဲ့တူသတဲ့လား၊ ဟားဟား..ဟား.."

ထိုအမျိုးသမီးက အရူးတစ်ယောက်လို အော်ကြီးဟစ်ကျယ် ရယ်မောလျက်ရှိသဖြင့် နန္ဒလည်း ထိုနေရာမှ ထွက်ခွာခဲ့သည်။

တစ်နေရာတွင် လူတစ်ယောက်က သူ့လက်မောင်းကို ဖမ်းဆွဲသဖြင့် ကြည့်လိုက်ရာ ဒေါ်သဲအုဖြစ်နေသည်။



"ဟင်-ကြီးတော်မသဲအုပါလား၊ တစ်ယောက်ထဲလား"

"ဟုတ်တယ် မနေ့ညက ဘယ်သွားနေသလဲ"

"ကိုမောင်မောင်ကြီးနဲ့အတူတူပဲ"

"မောင်မောင်ကြီးက သန်းကောင်လောက်မှ ပြန်လာတာပဲ"

"ဘယ်မှာကျန်ရစ်သလဲ"

"ရွှေနန်းတော်ကြီးမှာ"

နန္ဒက ရယ်မော၍ပြောသည်။ အဖွားကြီးက မျက်နှာထားတင်းတင်းဖြင့်..

"သတိထား၊ ခေါင်းပြုတ်နေမယ်"

နန္ဒက စောစောက အမျိုးသမီးကို သတိရသဖြင့်..

"ကျွန်တော် စောစောက ခင်ခင်လတ်ကို တွေ့လိုက်တယ်"

"ဘယ်မှာလဲ"

"သည်ဈေးထဲမှာပေါ့"

"မဖြစ်နိုင်တာဘဲ"

"ဟုတ်ပါတယ်၊ ကျွန်တော် သွားတွေ့ပြီးနှုတ်ဆက်သေးတယ်၊ နောက်ကနေကြည့်ရင် တကယ်တူတာပဲ၊ အနားကပ်ကြည့်တော့ နည်းနည်း အသက်ကြီးပြီး နည်းနည်း အသားညိုတယ်၊ နည်းနည်းလဲပိန်တယ်၊ အဝတ်အစားလည်း ဟောင်းနွမ်းတယ်၊ အဲဒီမိန်းမက သူ့ကို မြို့စားကြီးသမီးနဲ့တူတယ်ဆိုလို့ ခွက်ထိုးခွက်လန်ရယ်လိုက်တာ အရူးမကြီးကျနေတာပဲ"

သူစကားပြောနေစဉ်မှာပင် ဒေါ်သဲအု၏မျက်နှာသည် မတည်မငြိမ် ဖြစ်နေသည်ကို နန္ဒ အကဲခတ်မိသည်။ ယင်းကြောင့်ပင် နန္ဒက ဆက်၍ပြောသည်။

"အဝတ်အစားကောင်းကောင်းလေးသာ ဝတ်ပေးလိုက်ရင် ခင်ခင်လတ်ရဲ့ အစ်မဆိုရင် လူတိုင်းယုံနိုင်တယ်၊ အိမ်တွင်းအောင်းလိုက်ရင် အသားဖြူလာမှာပဲ၊ အစားကောင်း စားလိုက်ရင် ဝလာမှာပဲ"

"သူ...သူ...သူ...ဘယ်ဘက်သွားသလဲ"

"ဘယ်သူလဲ"

"မောင်နန္ဒပြောတဲ့ မိန်းမလေ"

"ဘယ်ဘက်သွားသလဲတော့မသိဘူး၊ ကုန်စိမ်းတန်းဘက်မှာ ကျန်ရစ်ခဲ့တာပဲ"

လူချင်းခွဲသောအခါ ကုန်စိမ်းတန်းဘက်သို့ ဒေါ်သဲအု သုတ်သုတ်သုတ်သုတ်နှင့် လျှောက်နေသည်ကို တွေ့မြင်ရသည်။ သူက လူအုပ်ကို အကာအကွယ်ယူပြီး ဒေါ်သဲအု နောက်သို့ လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲအုနှင့် ထိုမိန်းမမှာ ငါးစိမ်းတန်းတွင် တွေ့ကြသည်၊ ကွမ်းတစ်ရာညက်ချ စကားပြောကြသည်။ အနည်းငယ်လှမ်းနေ၍ သူတို့ပြောသည်ကို မကြားရ၊ ပထမပိုင်းတွင် ဒေါ်သဲအုက ခပ်မာမာပြောသည်။ နောက်ပိုင်းတွင် အမျိုးသမီးက ဒေါ်နှင့်မော့နှင့် ပြောလာသောအခါ ဒေါ်သဲအု ငြိမ်သွားသည်။

ထိုအမျိုးသမီးသည် ခင်ခင်ကြီးမှတစ်ပါး အခြားသူမဖြစ်နိုင်ကြောင်း နန္ဒ ကိန်း သေပေါက် တွက်လိုက်သည်။ ထို့ကြောင့် နန္ဒသည် ဒေါ်သဲအု မတွေ့မြင်အောင် တိမ်း ရှောင်ပြီး ခင်ခင်ကြီးနောက်သို့လိုက်သည်။ ဈေးဝင်ပေါက်က ထွက်ခါနီးတွင် ဘယ်လို ကနေ ဘယ်လို မျက်ခြည်ပြတ်သွားသည်မသိ၊ ခင်ခင်ကြီးကို မတွေ့တော့၊ ပျောက်ခြင်း မလှ ပျောက်သွားသည်။ နန္ဒဈေးထဲတွင် သုံးပတ်လောက် ပတ်ပြီးရှာသည်။ မတွေ့တော့ မတွေ့မှုပ်သဖြင့် ဈေးဝန်းကျင်ရှိ လမ်းများ၊ အိမ်များတွင် လိုက်ကြည့်သည်။ အချည်းနှီး

နောက်ဆုံးတွင် နန္ဒလက်လျှော့ပြီး တံခွန်တိုင်အိမ်ကြီးသို့ပြန်ခဲ့သည်။ အရှေ့ဘက် တောင်းကင်တွင် နေလုံးကြီး ပေါ်ထွက်နေပြီဖြစ်သည်။

| ၈ |

တံခွန်တိုင်အိမ်ကြီးသည် နံနက်ခင်းနေရောင်ခြည်တွင် ငှရောင်၊ ပိတောက်ရောင် သမ်းနေသည်။ ဝင်းတံခါးဝတွင် ခင်ခင်လတ် ရပ်နေသည်။ နန္ဒ မြင်းဖက်သတ်ပြီး မြင်းပေါ်မှ ဆင်းသည်။

"ခင်ခင်လတ် လမ်းလျှောက်မလို့လား"

အမျိုးသမီးက သူ့အမေးကိုမဖြေဘဲ အမေးတစ်ခု ပြုသည်။

"ကိုနန္ဒ ညက ဘယ်သွားနေသလဲ"

"ခင်ခင်လတ်တို့ မောင်ကြီးနဲ့အတူတူပေါ့"

"မောင်ကြီးက ညသန်းခေါင်လောက် ပြန်လာတာပဲ"

ခင်ခင်လတ်က ဒေါ်သဲအုပြောသည့်နည်းအတိုင်း ပြန်ပြောသည်။ သည်အတိုင်း ဆိုလျှင် တံခွန်တိုင်မိသားစုသည် ညက သူပြန်မလာတာကိုလည်း သိကြသည်။ မောင် မောင်ကြီး သန်းခေါင်လောက်တွင် ပြန်လာသည်ကိုလည်း သိကြသည်။

"ကိုနန္ဒ ညက ပြန်မလာတာကို မြို့စားကြီးကော သိသလား"

"မသိဘဲရှိပါ့မလား"

"ဘာပြောသေးလဲ"

"ကိုနန္ဒကို သူမေးလိမ့်မယ်"

"ကိုမောင်မောင်ကြီးကကော ဘာပြောသလဲ"



"သူ့ကိုလည်း ဘာဘုရားမေးလိမ့်မယ်"

"ဘယ်တော့မေးမှာလဲ"

"အခု လက်ဖက်ရည်ဆောင်မှာ မေးလိမ့်မယ်၊ လာ-သွားကြစို့"

"ဘယ်ကိုလဲ"

"ဘဘုရားရဲ့ လက်ဖက်ရည်ဆောင်ကိုပေါ့၊ တံခွန်တိုင်အိမ်ကြီးမှာရှိတဲ့ လူတွေ နေ့က်တိုင်း ဘဘုရားကို လဖက်ရည်ဆောင်မှာ တွေ့ပြရတယ်"

ခင်ခင်လတ် ရှေ့မှသွားသည်။ နန္ဒ မြင်းကိုဆွဲ၍ နောက်မှလိုက်သည်။

"ကြီးတော်ဒေါ်သဲအု ပြန်ရောက်ပလား"

နန္ဒက ခင်ခင်လတ်နှင့် ဘေးချင်းယှဉ်မိအောင် ခြေသုတ်သုတ်လျှောက်ပြီး··

"ဘယ်ကိုသွားလို့ ဘယ်က ပြန်ရောက်ရမှာလဲ"

ခင်ခင်လတ်က သူ့ကိုမကြည့်ဘဲ မာဆတ်ဆတ် ပြန်မေးသည်။

"ကိုနန္ဒ သူ့ကို စောစောက ဘုရားကြီးဈေးမှာ တွေ့ခဲ့တယ်"

ခင်ခင်လတ်က သူ့ကို အံ့ဩသည့်အနေဖြင့် လှည့်ကြည့်သည်။

"ကိုနန္ဒ သည်ကိုပြန်အလာမှာ ဘုရားကြီးဈေးနားကို ရောက်သွားတယ်၊ ခင်ခင် ကြီးကို တွေ့မလားဆိုပြီး ကိုနန္ဒ စောင့်ကြည့်နေတယ်"

"ဘာပြုလို့ ခင်ခင်လတ်ကို တွေ့ရမှာလဲ"

"ခင်ခတ်လတ် မနေ့က ဘုရားကြီးဈေးကို သွားတယ် မဟုတ်လား၊ ကနေ့လည်း သွားလားလို့ပေါ့"

"ကနေ့ ကြီးတော်အလှည့်"

"မနက်ဖန်ကျတော့ကော"

"ခင်ခင်လေး"

"တစ်ယောက် တစ်နေ့စီပေါ့"

"ဟုတ်တယ်"

"ဒါနဲ့ ပြောရဦးမယ်၊ ဈေးထဲမှာ ခင်ခင်လတ်နဲ့တူတဲ့ မိန်းမတစ်ယောက် တွေ့ခဲ့ရတယ်၊ နောက်ကနေကြည့်ရင် ဘယ်လိုမှခွဲမရဘူး၊ ကိုနန္ဒ လူမှားပြီး နှုတ်ဆက်ခဲ့ မိတယ်"

ခင်ခင်လတ်က ခြေလှမ်းတုံ့သွားပြီး··

"သူက ဘာပြောသလဲ"

"သူ့လို သူဆင်းရဲမကို မြို့စားကြီးသမီးနဲ့တူတယ် ပြောရမလားဆိုပြီး ခွက်ထိုး ခွက်လန် ရယ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ဘာမျှပြန်မပြော၊ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

"ကြီးတော်ဒေါ်သဲအူနဲ့တော့ သိတယ်"

"ဘာ"

"သူတို့နှစ်ယောက် စကားပြောနေကြတယ်"

"စကားပြောနေကြတယ် ဟုတ်လား၊ ဘာတွေပြောကြသလဲ"

"ဘယ်သိမလဲ၊ ကိုနန္ဒကြားရတာမှ မဟုတ်ဘဲ၊ အဝေးက မြင်ရတာပဲ၊ သိချင်ရင် ကြီးတော် ဒေါ်သဲအူပြန်လာရင် မေးကြည့်ပေါ့"

အိမ်ရှေ့ဆင်ဝင်အောက်တွင် ကျောက်ပေါက်မဖိုးလုံး ရပ်နေသည်။ ဖိုးလုံးသည် ခင်ခင်လတ်ကို မေးမြန်းစူးစမ်းသည့် မျက်လုံးများဖြင့် ကြည့်သည်။ ခင်ခင်လတ်က ခေါင်းညိတ်သည်။ ထိုအခါ ဖိုးလုံးက နန္ဒလက်မှ တိမ်ပျံကို ယူသွားသည်။

ခင်ခင်လတ်နှင့်နန္ဒ အိမ်ထဲဝင်သွားကြသည်။ နန္ဒက သူ့အခန်းသို့ မသွားတော့ ခင်ခင်လတ်နှင့်အတူ မြို့စားကြီး၏လက်ဖက်ရည်ဆောင်သို့ လိုက်ပါသွားသည်။

အပေါ်ထပ် လက်ဖက်ရည်ဆောင်တွင် မြို့စားကြီးနှင့်အတူ မောင်မောင်လေးနှင့် ခင်ခင်လေးတို့ ရှိနေကြသည်။

"လာဟေ့ မောင်နန္ဒ၊ အောက်ပြည်ကပါလာတဲ့ ဒူးရင်းယိုကလေး ကောင်းသတွယ်"

ဗိုလ်ကျောက်လုံးက ဟက်ဟက်ပက်ပက် ဖိတ်ခေါ်သည်။ နန္ဒက မောင်မောင်လေးအနီးတွင် ဝင်၍ထိုင်လိုက်သည်။ ခင်ခင်လတ်က ခင်ခင်လေးနှင့် တစ်တောင်ကွာလောက်တွင် နေရာယူသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ မောင်မောင်ကြီး တသမ်းသမ်းတဝေဝေဖြင့် ဝင်လာသည်။

"ကာလနဂါးကြီး နိုးလာပြီကွယ့်၊ ဂဏှာနို့ဆွမ်းကပ်ကြဟေ့"

မိန်းမငယ်နှစ်ယောက် ခေါင်းငုံ့ထားကြသည်။ ပြုံးသည် မပြုံးသည်မသိ၊ မောင်မောင်လေး အသံထွက်၍ရယ်သည်။ နန္ဒ တည်တည်ပဲနေသည်။ မောင်မောင်ကြီးကမူ သူ့ကိုပြောသည်ဟုပင် ယူဆဟန်မတူ၊ တင်ပျဉ်ခွေထိုင်တဲ့ပြီး ညာလက်နှင့် အပြည့်ကြီး ဆုပ်ယူပြီး ပါးစပ်ထဲသို့ မဆန့်မပြဲသွတ်သွင်းလိုက်သည်။

"ညတုန်းက မောင်နန္ဒကို မင်း ဘယ်မှာထားပစ်ခဲ့သလဲ"

"သူက ကလေးလေးမှမဟုတ်ဘဲ၊ သူပြန်ချင်တဲ့အချိန် ပြန်နိုင်တာပဲ"

မောင်မောင်ကြီးက ခပ်ပေါ့ပေါ့ပင် ဖြေသည်။ ခင်ခင်လတ်က··

"လမ်းသိဦးမှကိုး"



"ပါးစပ်ပါရင် ရွာရောက်မှာပဲ၊ လမ်းသိလို့ပဲ အခုပြန်ရောက်လာပြီ မဟုတ်လား"

မောင်မောင်ကြီးက ငါးခြောက်ဖုတ်ကို တကျွတ်ကျွတ်ဝါးရင်း ဖြေသည်။ နန္ဒက ဖန်ခွက်ဖန့်လက်ဖက်ရည်ကို အငွေ့မှုတ်ပြီးသောက်ရင်း သူတို့ပြောကြသည်များကိုသာ နားထောင်သည်။

"သည်လိုဆိုရင် မနေ့ညက မင်းဘာလုပ်တယ်ဆိုတာ ပြောစမ်း"

မြို့စားကြီး၏စကားတွင် အာဏာနှင့် အမိန့်ငွေ့များ ပါလာသည်။ သို့သော် မောင်မောင်ကြီးကမူ အိန္ဒြေမပျက်၊ တုန်လှုပ်ဟန် မပြ။

"ကျွန်တော်တို့ ရှမ်းပွဲဈေးကို သွားကြတယ်၊ အဲသည်က ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ ဘာဘုရားဝယ်လာတဲ့ မြန်ဒီသောက်ကြတယ်"

"ဟို ရှမ်းတရုတ်မကလေးဆိုင် မဟုတ်လား"

မောင်မောင်လေးက ဝင်ထောက်သည်။ မောင်မောင်ကြီးက သူ့ညီကို နည်းနည်းမှ အမှုမထား၊ သူ့စကားကို ဆက်ပြောသည်။

"ကျွန်တော် မူးပြီးအိပ်ပျော်သွားတယ်၊ သန်းခေါင်လောက်မှာ နိုးလာတော့ ကိုနန္ဒ မရှိတော့ဘူး၊ ဘယ်သူမှလည်း မရှိတော့ဘူး၊ ဒါနဲ့ကျွန်တော်တစ်ယောက်ထဲ အိမ်ပြန်လာတာပဲ၊ ကျွန်တော်ကတော့ ကိုနန္ဒ အိမ်ကိုပြန်ရောက်နေပြီလို့ ထင်တာ"

"ကဲ··ကဲ မောင်နန္ဒကတော့ ပြောစမ်းပါဦး"

"ကျွန်တော်လည်း နည်းနည်းတော့မူးသွားတယ်"

"ဒါနဲ့ အိပ်ပျော်သွားရောလား"

ခင်ခင်လေးက ခပ်မဲ့မဲ့လေး ပြောသည်။

"အိပ်ပျော်သွားရင် အများကြီးကောင်းတာပေါ့၊ အိပ်ရာကနိုးရင် ထလာရုံပဲ၊ အခုတော့ အိပ်မပျော်တော့ ရာဇဝတ်အိုးကို တုတ်နဲ့ထိုးမိတာပေါ့"

သူ့စကားကြောင့် ညီအမနှစ်ယောက် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ မောင်မောင်လေး ထိုးမုန့်တစ်ခုကို စားမည်ပြုရာမှ မစားသေးဘဲ လက်ထဲတွင်ကိုင်ထားသည်။

"မူးရင် သတိထားမှပေါ့ကွာ"

"အခုကိစ္စက မူးလို့ဖြစ်တာတော့ မဟုတ်ဘူး၊ မမူးလည်းဖြစ်မှာပဲ၊ ကျွန်တော်က ဒါမျိုးကိုတွေ့ရင် နည်းနည်းမှ သည်းမခံတတ်ဘူး"

"ကျွန်တော့်နားထဲ ဆူဆူညံညံအသံတွေ ကြားလိုက်သလိုပဲ ဘာဖြစ်ကြတာလဲ"

မောင်မောင်ကြီး၏အမေး။

"ကျွန်တော်လည်း နားထဲမှာ အသံတွေကြားလို့ ကြည့်လိုက်တော့ ဈေးတန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ဝမ်းသန်းကားဖြစ်နေတာပဲ၊ ပြီးခဲ့တဲ့ အလုံနတ်ပွဲမှာ မီးကြီးလောင်တဲ့အတိုင်းပဲ မြေပြင်ညီသွားအောင် ဖိုးတြဲခုတ်ကြနဲ့''

''ရှမ်းဆေတွေနဲ့ ဗမာတွေ အချင်းများကြတာလား''

မောင်မောင်လေး၏အမေး။

''ဘယ်က ဟုတ်ရမှာလဲ၊ ရှမ်းစော်ဘွားတွေ၊ ရှမ်းမိန်းမတွေ၊ ရှမ်းကလေးတွေကို ဗမာစစ်သည်တော်တွေက မြင်းနဲ့လိုက်တိုက်၊ လှံနဲ့လိုက်ထိုး၊ ဓားနဲ့လိုက်ခုတ် လုပ်နေကြတာ မြင်မကောင်းရှုမကောင်းပဲ၊ ဘယ့်နှယ်ဗျာ··ဓား ဓားချင်း၊ လှံ လှံချင်း ယှဉ်ပြိုင်နေကြတာဆိုရင် တော်သေးတယ်၊ အခုဟာကတော့ တိုင်းသူပြည်သားတွေကို မတရား နှိပ်စက်ညှင်းပန်းတာပဲ''

တံခွန်တိုင်မြို့စားကြီးက ကွမ်းမြုံ့ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

''အင်း···မိုးနဲ့မိုးနောင်အရေး အခုထက်ထိ မဖြေရှင်းနိုင်သေးတာကလဲ ဒါမျိုးတွေကြောင့်ပဲကွယ်၊ ဟိုကိုရောက်နေတဲ့ ဒို့ဆီကလူတွေက တယ်ပြီးဆိုးကြဆိုပဲကွယ့်၊ သူတို့လိုချင်တဲ့ပစ္စည်းတွေကိုယူ၊ သူတို့မလိုတဲ့ သူတွေကိုသတ်၊ သူတို့လိုတဲ့ လူတွေကို ဖမ်းဆီးပြီး သူတစ်ပါးသားမယားတွေ စော်ကား၊ အေးလေ··ဒါတွေထားပါတော့၊ မောင်နန္ဒအကြောင်း ဆက်စမ်းပါဦး''

''ကျွန်တော်လည်း ခေါသဖြစ်ဖြစ်နဲ့ အတင်းဝင်ခုတ်မိတော့တာပဲ၊ နောက်ဆုံးကျတော့ ကျွန်တော့် ပတ်ပတ်လည်မှာ စစ်သည်တော်တွေ ရဲနေတာပဲ၊ ကျွန်တော်လဲ နည်းနည်းမူးနေတော့ နောက်ပိုင်းမှာ ဓားချက်မမှန်ချင်တော့ဘူး၊ လက်ပန်းလဲ ကျစပြုလာပြီ၊ အဲဒီအချိန်မှာ လူတယောက်က ကျွန်တော်ကို ဝင်ကယ်သွားတယ်''

''ဘယ်သူလဲ''

သံပြိုင်မေးကြသည်။

''လူတစ်ယောက်ပါပဲ''

နန္ဒက မသူဇာ အကြောင်းမပြောလို၊ လူတစ်ယောက်ဟု ထပ်မံပြောဆိုလိုက်သည်။

''အေးလေ··လူတစ်ယောက်ပဲထားပါ၊ မောင်နန္ဒ မပြောချင်တဲ့ကိစ္စကို မပြောပါနဲ့''

မြို့စားကြီးက တဲ့ဒိုးဆိုသည်၊ သည်တော့ နန္ဒကလည်း ရှင်းရတော့သည်။

''ကျွန်တော့်အရေးကိစ္စထက် သူ့အရေးကိစ္စကိုငဲ့လို့ပါ''

''ဟုတ်တာပေါ့ကွယ်''

''အဲဒီ အချိန်တုန်းကတော့ ကျွန်တော် ဘာမှမသိတော့ဘူး၊ မြင်းတစ်စီးဝင်လာ



တာ သိတယ်၊ ကျွန်တော့်မြင်းပေါ်ကို လူတစ်ယောက် ခုန်ကူးလာတယ်၊ အဲဒီလူရဲ့ ရင်ခွင်ထဲမှာ ကျွန်တော် သတိလစ်သွားတယ်''

''အို''

အာမေဋိတ်သံ ပြုလိုက်သူမှာ ခင်ခင်လတ်၊ ခင်ခင်လေးက အစ်မဖြစ်သူကို အံ့အားသင့်စွာ ငဲ့စောင်း၍ ကြည့်လိုက်သည်။

''ကျွန်တော် သတိရတော့ အိပ်ရာတစ်ခုပေါ်မှာ ရောက်နေတယ်၊ လင်းကြက်တောင်နေပြီ၊ ကျွန်တော့်ကိုကယ်တဲ့လူတွေလည်း သူတို့ခရီး သူတို့သွားကြတယ်၊ ကျွန်တော်လည်း ကျွန်တော့်လမ်း ကျွန်တော်ပြန်ခဲ့တယ်''

''စောစောကပြောတော့ ကိုနန္ဒကို ကယ်တဲ့လူက တစ်ယောက်ထဲပါ''

မောင်မောင်လေးက ကောက်ကာငင်ကာ မေးလိုက်သည်။

''ဟုတ်တယ်၊ ပထမတော့ တစ်ယောက်ထဲပဲ၊ နောက်တော့ သုံးယောက်ဖြစ်သွားတယ်၊ ကျွန်တော်လည်း သူတစ်ပါးကိစ္စကို ဝင်ရောက်မစွက်ဖက်သင့်ဘူးလို့ ယူဆတာနဲ့ သူတို့အကြောင်း ဘာမှပြည့်ပြည့်စုံစုံမသိလိုက်ပါဘူး''

''အေးကွယ်··ဘာဘဲ လုပ်ကြ လုပ်ကြပေါ့၊ ကိုယ်လုပ်တဲ့ အလုပ်ဟာ မှန်ကန်ဖို့နဲ့ တိုင်းပြည်အတွက်ကိုယ့်အကျိုး မျှတဖို့ပဲ လိုပါတယ်၊ မောင်နန္ဒ တစ်ခုသတိပြုရမှာက နေပြည်တော်မှာကတော့ အလုံမှာလိုမဟုတ်ဘူးကွယ့်၊ တိုင်းရေးပြည်ရေး ရှုပ်ထွေးတယ်၊ အမှုကိစ္စတွေ ဆေါ်များတယ်၊ မောင်နန္ဒလို မဟုတ်မခံချင်တဲ့ လူတစ်ယောက်ဟာ တစ်နေရာမဟုတ် တစ်နေရာ၊ တစ်ကိစ္စမဟုတ် တစ်ကိစ္စမှာတော့ ငြိနေမှာပဲ၊ ဒီနေရာမှာ ရှောင်ရှားရမှာပဲ ရေလိုက်မလွဲဖို့ပဲ လိုတယ်ကွယ့်''

''ဟုတ်ကဲ့၊ ကျွန်တော် နေပြည်တော်လာခဲ့တာကတော့ တိုင်းရေးပြည်ရေးမှာ အစွမ်းကုန် တတ်နိုင်သလောက် ပါဝင်ထမ်းဆောင်ချင်လို့ပါပဲ၊ ရာထူးဌာနန္တရတွေ အဆောင်အယောင်ဘွဲ့မည်တွေရချင်လို့ မဟုတ်ပါဘူး၊ အထူးသဖြင့် အခု ကုလားဖြူတွေနဲ့ စစ်ဖြစ်တော့မယ်ဆိုတဲ့ သတင်းဟာ တစ်တိုင်းပြည်လုံးမှာ တောမီးလို ပျံ့နေပါတယ်၊ ဒီကိစ္စမှာ ကျွန်တော် ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်လိုပါတယ်၊ သည်အတွက်သာ မြို့စားကြီး စီစဉ်ဆောင်ရွက်ပေးပါ''

မြို့စားကြီးသည် နန္ဒကို အတန်ကြာ စူးစိုက်ကြည့်ရှုနေပြီးနောက်··

''ကုလားဖြူတွေနဲ့ စစ်ဖြစ်ဖို့ကတော့ ဆယ်ရေးမှာ ကိုးရေးလောက် သေချာနေပါပြီ၊ ဒါပေမဲ့ သည်စစ်ကို တို့လူတွေ ဘယ်လိုတိုက်ကြမလဲဆိုတာတော့ စိုးရိမ်စရာ ရှိတယ်၊ ဒို့ဆီကလူတွေက ညံ့လှတယ်၊ အဆိုးဆုံးကတော့ အချင်းချင်း မညီညွတ်ကြတာပဲကွယ်၊ နန်းတော်ထဲမှာကလဲ မင်းလိုလိုက် မင်းကြိုက်သမားတွေချည်းပဲ''

www.burmeseclassic.com

www.burmeseclassic.com



“ဒါကလည်း တကယ်တမ်းကျတော့ အုပ်ချုပ်တဲ့မင်းအပေါ်မှာ တည်တာပဲ ကျွန်တော်တို့ရဲ့ မင်းကလည်း··”

နန္ဒစကားမဆုံးမီ မြို့စားကြီးက လက်ဝါးကာပြလျက်··

“မောင်နန္ဒ စကားကို လက်လွှတ်စပယ် မပြောနဲ့လေ၊ နေပြည်ကြီးမှာက စကားပြောမတတ်ရင် တစ်ခွန်းပဲကွယ့်”

“ကျွန်တော်က မြို့စားကြီးတို့ကို ယုံလို့ပါ”

“တို့များကို ယုံရအောင် ဒို့များအကြောင်း မောင်နန္ဒ ဘယ်လောက်သိသေးလို့လဲ။ တို့များဟာ ဘယ်သူ့လူတွေလဲ ဘယ်သဘောရှိသလဲဆိုတာ မောင်နန္ဒ သိလို့လား။ နောက် ပြီးတော့ ဟောဒီမောင်နမလေးယောက်ဟာကော တစ်သဘောထဲလို့ မောင်နန္ဒ ပြော နိုင်ပါ့မလား”

နန္ဒက မြို့စားကြီးကို ငေးမောနေမိသည်။ မြို့စားကြီး၏စကားများကို စဉ်းစား ဆင်ခြင်နေမိသည်။

“မောင်နန္ဒလည်း သိပြီးသားပဲကွယ်၊ နေပြည်တော်မှာ ဘုရင့်လူတွေလည်း ရှိတယ်ကွယ့်၊ မိဖုရားခေါင်ကြီးရဲ့ လူတွေလည်း ရှိတယ်ကွယ့်၊ ညောင်အုပ်ရဲ့လူတွေလည်း ရှိတယ်၊ မြင်းကွန်းရဲ့လူတွေလည်း ရှိတယ်ကွယ့်၊ ကုလားဖြူရဲ့ သူလျှိုတွေ မှိုပေါက်နေ တာပဲ၊ ပြင်သစ်နဲ့ပေါင်းချင်တဲ့လူတွေလည်း ရှိတယ်ကွယ့်၊ ဘယ်သူက ဘာလဲဆိုတာ တမုဟုတ်ချင်း မသိနိုင်ဘူးကွယ့်၊ သေသေချာချာ လေ့လာအကဲခတ်ရမယ်ကွယ့်၊ ဒါ့ကြောင့် စောစောက ကျုပ်ပြောတာပေါ့၊ ဘာပဲလုပ်လုပ် မှန်ဖို့နဲ့ မျှတဖို့ပဲ အရေးကြီးတယ်လို့၊ မောင်နန္ဒဟာ မတရားမှုကို မနှစ်သက်တဲ့လူဆိုတော့ ပိုပြီးစဉ်းစဉ်းစားစား ချင့်ချင့် ချိန်ချိန် လုပ်ပေါ့ကွယ်၊ ကဲ-ကဲ-နေတောင်အတော်မြင့်သွားပြီ၊ နောက်များမှ ပြောကြဆို ကြသေးတာပေါ့၊ ခုတော့ ကိုယ်လုပ်စရာရှိတာ လုပ်ကြဦး”

မြို့စားကြီးက လူစုခွဲလိုက်သည်။ လက်ဖက်ရည်ဆောင်အတွင်းမှ လူတို့ ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြသည်။ လှေကားထိပ်တွင် ဒေါ်သဲအုန်းနှင့်တွေ့သည်။ အဖွား ကြီးလည်း လက်ဖက်ရည်ဆောင်အတွင်းသို့ ရေးကြီးသုတ်ပျာနှင့် ဝင်သွားသည်။

ခင်ခင်ကြီးကိစ္စကို မြို့စားကြီးအား ပြောလိမ့်မည်ဟု နန္ဒ တွေးထင်လိုက်သည်။

“အင်း··တိုင်းရေးပြည်ရေး ရှုပ်ထွေးလှသလို သည်အိမ်ကြီးနဲ့ သည်လူတွေက လည်း ရှုပ်ထွေးကြတာပဲကိုး”

[ ၈ ]

နန္ဒ မည်သူနှင့်မျှ စကားမပြောတော့ဘဲ သူ့အခန်းတွင်းသို့ ပြန်ခဲ့သည်။ အခန်းတွင်းသို့ ရောက်သောအခါ ပဟေဠိတစ်ခုက စောင့်ကြိုနေသည်ကို တွေ့ရသည်။



သူ့အိပ်ရာပေါ်တွင် ဒေါနပန်းတစ်ခက်ရှိနေသည်။ သူမရှိတုန်းက သူ့အခန်းထဲ မည်သူလာသနည်း။ ဒေါနပန်းခက်ကို ကောက်ယူလိုက်သည်။ အနည်းငယ်နွမ်း၍ အနံ့ လည်း ပြယ်စပြုနေပြီ။ ညဖက်ကတည်းက ရောက်ရှိနေဟန်ဖြစ်သည်။ မနေ့က ခင်ခင် ကြီး၏ခေါင်းမှာလည်း ဒေါနခက်ရှိသည်။ ခင်ခင်လတ်၏ခေါင်းမှာလည်း ဒေါနခက် ရှိသည်၊ ဤဒေါနခက်ကလေးသည် မည်သူ၏ခေါင်းမှ ပြုတ်ကျန်ရစ်ခဲ့သနည်း။

နန္ဒက ခေါင်းကို ဖြည်းလေးစွာယမ်းခါလိုက်ပြီး ကုတင်ပေါ်တွင် လဲလျောင်း လိုက်သည်၊ ယမန်နေ့ညက ဝတ်ရုံစိမ်းနှင့် လာရောက်သူသည် ဤညီအစ်မနှစ်ယောက်အနက် တစ်ယောက်ယောက်ပင် ဖြစ်ချေမည်လား။

နန္ဒသည် တံခွန်တိုင်ညီအစ်မများအကြောင်း စဉ်းစားနေရာမှ မသူဇာကို သတိရ လိုက်သည်၊ ထိုအခါ သူ၏ခေါင်းသည် ပိုမိုရှုပ်ထွေးပြီး သူ၏ရင်သည် ပိုမိုနာကျင်လာတော့ သည်၊ သူ့တွင် မည်သည့်ဝေဒနာ စွဲကပ်ချေပြီနည်းမသိ။

ထိုစဉ်တွင် အပြင်ဘက်မှ အခန်းတံခါးခေါက်သံကြားရသည်၊ နန္ဒ တံခါးဖွင့် လိုက်သောအခါ သိန်းနက်ကြီးကို တွေ့ရသည်။ အမှတ်မထင်မို့ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား သည်၊ နန္ဒက ပြုံးလျက်။

“ဘာကိစ္စရှိလို့လဲ”

သိန်းနက်ကြီးက နန္ဒကို ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။ ပြီးမှ··

“မောင်နန္ဒကို ဗိုလ်မှူးခေါ်နေတယ်”

သူ့စကားကို နန္ဒ သဘောမပေါက်သဖြင့်··

“ဗိုလ်မှူးဆိုတာ ဘယ်သူလဲ”

“တံခွန်တိုင်မြို့စားကြီးကိုပြောတာ”

“သြော်··”

နန္ဒမေ့နေ၍ဖြစ်သည်။ သူ့ဖခင်ကလည်း မြို့စားကြီးကို ဗိုလ်မှူးဟုပင် ခေါ်သည်၊ သူတို့၏ ဗိုလ်မှူးဖြစ်သည်။

“မြို့စားကြီးက ဘယ်မှာလဲ”

“လက်ဖက်ရည်ဆောင်မှာ”

ကေန္တ ခင်ခင်ကြီးကိစ္စကို ဒေါ်သဲအုန်းက ပြောသဖြင့် မိမိကို အခေါ်ခိုင်းခြင်း ဖြစ်မည်လားဟု နန္ဒ တွေးလိုက်သည်။

“ဘာကိစ္စတဲ့လဲ”

“ကျုပ်ဘယ်သိမလဲ”

ယင်းသို့ပြောပြီး သိန်းနက်ကြီး ထွက်သွားသည်။ နန္ဒသည် အခန်းတံခါးကို

www.burmeseclassic.com

www.burmeseclassic.com

စေ့ထားခဲ့ပြီး အထက်ဆောင်သို့ တက်သွားသည်။ လက်ဖက်ရည်ဆောင်မှ စကားပြောသံ ကြားရသဖြင့် မြို့စားကြီးတစ်ယောက်တည်းမဟုတ်ကြောင်း သိရသည်။ မည်သူများပါ လိမ့်။ ယောကျ်ားသံများ ဖြစ်သည်။ မောင်မောင်ကြီးအသံတော့မဟုတ်၊ မောင်မောင် လေးအသံလည်း မဖြစ်နိုင်။ သို့သော် ထိုအသံမျိုး ကြားဖူးသည်ဟုထင်သည်။

လက်ဖက်ရည်ဆောင်ထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် မြို့စားကြီးနှင့် ရင်းရင်း နှီးနှီး ရယ်ရယ်မောမော စကားပြောနေသူမှာ ဗလကျော်ထင်ဖြစ်ကြောင်း နန္ဒ မြင်တွေ့ သိရှိလိုက်ရသည်။

နန္ဒက အမှတ်တမဲ့ ခြေစမ်းလိုက်သည်။ သူ့တွင် ခြေမပါချေ။ သူ့ကိုမြင်သော ဗလက ပြုံးသည်။ နန္ဒ မျက်နှာလွှဲသည်။

"ထိုင်လေ မောင်နန္ဒ"

မြို့စားကြီးက နေရာပေးသည်။ နန္ဒနှင့်ဗလတို့သည် မြို့စားကြီး၏ တစ်ဖက် တစ်ချက်တွင် ဖြစ်သည်။

"သူက ဗိုလ်မှူးဗလကျော်ထင်တဲ့ကွယ်၊ လေသင်းဝန်ရဲ့ ညာလက်ရုံးကြီးပေါ့ ကွယ်၊ မောင်နန္ဒကို ဗိုလ်ဗလဆီမှာ အပ်ထားပေးမလို့"

နန္ဒ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်း မျက်နှာပြင်သည်။ ဗလကျော် ထင်တို့လည်း မကြည့်၊ နှုတ်မှလည်း ဘာမျှမပြောချေ။

"သူက စောစောက ကျုပ်ပြောတဲ့ သွေးသောက်ကြီးမောင်မဲ့ရဲ့သားလတ် နန္ဒ ပဲကွယ့်၊ တိုင်းပြည်ဝန်ကို ထမ်းဆောင်ရအောင် အလုံက မနေ့ကပဲရောက်လာတယ်"

"မောင်နန္ဒ အသက်ဘယ်လောက်ရှိပလဲ" ဗလကျော်ထင်က မေးသည်။

"အစိတ်"

"အရွယ်ကောင်းပဲ"

ဗလကျော်ထင်စကားကို နန္ဒ မည်ကဲ့သို့ အဓိပ္ပာယ်ကောက်ယူရမှန်းမသိ ရှိသည်။ အရွယ်ကောင်းဟုဆိုခြင်းမှာလည်း အကောင်းပြောသလား၊ အဆိုးပြောသလား မဝေခွဲ တတ်ပါ။ အလားအလာရှိသည့်အရွယ်ဟုလည်း အနက်ထွက်သည်။ သေရမှာ နှမြော စရာကောင်းသည်ဟုလည်း ဖွင့်ဆိုသည်။ သူ့အသံကမူ မှန်တန်းပင်ဖြစ်သည်။

နန္ဒက ဗလကျော်ထင်မျက်နှာကို ကြည့်သည်။ ဝင်လာစကအတိုင်း ပြုံးနေသည်။ စစ်မှန်သောအပြုံးလား၊ သရော်သောအပြုံးလား။

"ဝမ်းသာပါတယ်၊ ကျွန်တော်တို့ကတော့ ကိုနန္ဒတို့ကို ရဲရင့်တဲ့လူတွေ၊ မဟုတ် မခံစိတ်မာတ်ရှိတဲ့လူတွေကို အမြဲတမ်းလိုခင်နေတာပဲ၊ ကုလားဖြူတွေနဲ့လဲ ကျုပ်တို့ မကြာခင် တိုက်ကြတော့မှာပဲ"



နန္ဒ ဘာပြန်ပြောရမည်မသိ၊ သူနှင့် ဗလကျော်ထင်ကိစ္စကို စောစောက မြို့စား ကြီးကိုပြောခဲ့လျှင် အကောင်းသား၊ အခုမှပြောလျှင် ကောင်းပါမည်လား။

"ကိုနန္ဒ ဘယ်တော့လာမလဲ"

ဗလကျော်ထင်က မေးသည်။ နန္ဒ ခေါင်းထောင်ပြီး..

"ဘယ်ကိုလဲ"

"ကျွန်တော်တို့နဲ့အတူ ဘုရင့်အမှုတော်ကိုထမ်းရွက်ရအောင်ပေါ့၊ ကျွန်တော်က နေ့တစ်ဆင့် ကိုနန္ဒကို ဝန်မင်းလက်မှာအပ်ပေးပါ့မယ်"

ဗလကျော်ထင်၏လေသံက ပျော့နေသည်၊ ချိုနေသည်ဟုပင် ထင်ရသည်။ နန္ဒမှာ မကြာခင် သူ့လက်ထဲသို့ ရောက်လာတော့မည်ကိုသိသဖြင့် ကြိုးရှည်ရှည်နှင့် လှန်နေခြင်းဖြစ်ပေသည်။ မြို့စားကြီးရှေ့မှာမို့ အချိုသတ်နေခြင်းလည်း ဖြစ်နိုင်သည်။ နန္ဒမှာ အချိန်ဆွဲရန် ဆုံးဖြတ်လိုက်သည်။ သူနှင့် ဗလတို့ကိစ္စကို နောက်မှ တစ်နည်း နည်းဖြင့် ကြိုးစားပြီး ပြောရမည်။

"ကျွန်တော်မှာ ဆောင်ရွက်စရာလေးတွေ တစ်ခုနှစ်ခုရှိနေပါသေးတယ်၊ အလုံက ကျွန်တော့်ဖခင်ကြီးမှာလိုက်တဲ့ကိစ္စကလေးတွေပါ၊ အဲဒါကလေးတွေ ဆောင်ရွက်ပြီးရင် ကျွန်တော်လာခဲ့ပါ့မယ်"

"ဟုတ်ပါပြီခင်ဗျာ၊ ကျွန်တော်တို့ဘက်ကတော့ အမြဲတမ်း ကြိုဆိုပါတယ်၊ ဘယ်အချိန်လာလာပါ"

"ကျုပ်တို့ အောက်ပြည်အောက်ရွာသွားနေတုန်း နေပြည်တော်မှာ ဘာတွေများ ထူးထူးထွေထွေ ဖြစ်သေးလဲ"

မြို့စားကြီးက ဗလကျော်ထင်ကို မေးသည်။

"ညောင်အုပ်ကိုယ်တော်လေးရဲ့လူတွေ တော်တော်ခြေလှမ်းသွက်လာကြတယ်"

"သြော်..သြော်"

"ရှမ်းတွေ၊ ကချင်တွေကလည်း အတော်ကလေး ခြေပုန်းခုတ်နေကြပါတယ်"

"သြော်..သြော်"

"သူတို့တွေရဲ့သဘောကတော့ ကုလားဖြူနဲ့ စစ်ဖြစ်တာနဲ့တစ်ပြိုင်နက် နောက် ကနေက မြို့တွေရွာတွေ ဝင်သိမ်းကြမယ့် သဘောပေါ့၊ ပွဲလန့်တုန်း ဖျာခင်းကြမှာပေါ့"

"နေပါဦး၊ ရွှေနန်းတော်ကြီးထဲက လူတွေကကော အင်္ဂလိပ်က တကယ်တိုက် မှာလား"

"ရွှေနန်းတော်ကြီးထဲမှာ ကြောက်သွေးပါပြီး ကုလားဖြူနဲ့ စစ်မတိုက်တဲ့လူတွေ မရှိဘူးမဟုတ်ပါဘူး၊ ရှိပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ဝန်မင်းက ဗိုလ်ပုံအလယ်မှာ ကုလားဖြူ

www.burmeseclassic.com

www.burmeseclassic.com

ကို တိုက်မယ်၊ လူထုလက်နက် ဘယ်လောက်ရှိတယ်ဆိုပြီး အာမခံတဲ့အခါကျတော့ တခြားမျိုးမတ်ဗိုလ်ပါတွေလဲ သူတို့နောက်ကို နောက်ပါများနှင့်တကွ သစ္စာဆိုကြပါတယ်၊ ဝန်မင်းရဲ့လက်အောက်မှာ လေ့သင်း၊ လေ့တပ်က လှေလေးထောင်ကျော်အပြင် လှေသုံးထောင်တပ်ကြီးတစ်တပ်လည်း ရှိပါသေးတယ်''

''လှည်းတို့လူစု မဟုတ်လား''

''အေး··သူတို့ကတော့ တုံးဆိုရင်တိုက်၊ ကျားဆိုရင် ကိုက်ပဲ''

ထို့နောက် ဗလကျော်ထင်နှင့် မြို့စားကြီးတို့သည် မြန်မာတို့အသုံးပြုသော လက်နက်များ၏ စွမ်းရည်သတ္တိနှင့် ကုလားဖြူတို့ဘက် လက်နက်စွမ်းများအကြောင်း၊ မင်းတရားကြီး၊ မိဖုရားခေါင်ကြီးကအစ ဆင်ထိန်း၊ မြင်းထိန်းအထိ ဟိုလူအကြောင်း၊ သည်လူအကြောင်း စပ်မိစပ်ရာ ပြောဆိုနေကြသည်။ နန္ဒက ဘာမျှဝင်မပြောဘဲ ဘေးမှ အသာနားထောင်နေသည်။

အချိန်အတော်ညောင်းမှ ဗလကျော်ထင် ပြန်သည်။ ပြန်ခါနီးတွင် ဗလကျော်ထင်က နန္ဒပခုံးကို ပုတ်ပြီး··

''လာမယ်ဆိုပြီး မလာဘဲနဲ့တော့ မနေနဲ့နော်''

''လာမယ်လို့ပြောထားပြီးရင်တော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လာဖြစ်အောင်တော့ လာခဲ့ပါ့မယ်၊ စိတ်ချပါ''

နန္ဒက ဗလကျော်ထင်လက်မှဒဏ်ရာကို စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။ မြို့စားကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး ခေါင်းညိတ်နေသည်။ ဘာကိုသဘောကျ လေသည်မသိ။

[ ဃ ]

ဗလကျော်ထင် ပြန်သွားသောအခါ နန္ဒသည် မြို့စားကြီးထံ သွားရောက်ပြီး သူတို့နှစ်ယောက်အကြောင်း ပြောပြလိုက်မည်ဟု စိတ်ကူးသည်။ သို့သော် တစ်ဘက်သူက မိမိအတွက် စေတနာနှင့်ဆောင်ရွက်ပြီးထားသည့် လုပ်ငန်းတစ်ခုကို ပယ်ဖျက်ရန်လည်း အားနာလျက်ရှိသည်။ ဤကိစ္စကို တံခွန်တိုင်မောင်နှမ တစ်ယောက်ယောက်နှင့် တိုင်ပင်ရလျှင် ကောင်းချေမည်ဟု အောက်မေ့မိသည်။ သူတို့၏ အကြံဉာဏ်အရ ဆက်လက်ဆောင်ရွက်မည်။

သို့ဖြင့် နန္ဒ ဦးစွာ မောင်မောင်ကြီးကို ရှာသည်။ ဘယ်မှာမျှမတွေ့ပါ။ ဖိုးလုံးကို မေးသောအခါ အပြင်သို့သွားကြောင်းသိရသည်။ မောင်မောင်လေးနှင့် ခင်ခင်လေးတို့ လည်း အလားတူပင် အိမ်တွင်မရှိကြကြောင်း ဖိုးလုံးထံမှပင် နန္ဒ သိရှိရသည်။ မောင်နှမ



တ်သည် ဗလကျော်ထင်နှင့် သူတို့ လက်ဖက်ရည်သောက်၍ စကားပြောနေကြ ဆင့်နောက်ဆင့်ဆိုသလို အိမ်မှ မြင်းကိုယ်စီဖြင့် ထွက်သွားကြခြင်းဖြစ်သည်။

ခင်ခင်လတ်တစ်ယောက်မှ အိမ်တွင်ရှိလိမ့်မည်ဟု ထင်ရသည်။ အပြင်ထွက်သွား ကို မမြင်မိကြောင်း ဖိုးလုံးကပြောသည်။ သို့ဖြင့် ခင်ခင်လတ်ကို နန္ဒ လိုက်လံ သည်။ ခြံထဲတွင်လည်း မမြင်ရ၊ အိမ်ထဲတွင်လည်း မမြင်ရ။ သူမ၏အခန်းနားသို့ င်မလည်ဖြင့် နှစ်ကြိမ်ခန့်ရောက်သွားမိသည်။ အပြင်မှ နားစွင့်သည်။ အထဲမှ ကြားရ၊ အိပ်များပျော်နေသလား။ ဒုတိယအကြိမ်တွင် လေသံဖြင့် သူမ၏အမည် နှစ်ခွန်းသုံးခွန်း ခေါ်ကြည့်သည်။ မည်သည့်တုန့်ပြန်မှုမျှမရ။ နန္ဒ အခန်းတံခါးကို ကြည့်မည် စိတ်ကူးသည်။ သို့သော် မကောင်းတတ်။ မြို့စားကြီးလည်း အိမ်တွင် ည်။ အရှေ့ဆောင်နှင့် အနောက်ဆောင် အတန်လှမ်းသော်လည်း တစ်စုံတစ်ခု ျှင် မခက်ပါလား။

ခင်ခင်လတ်၏အခန်းရှေ့တွင် နန္ဒ တရစ်ဝဲဝဲရှိနေစဉ်တွင် အခန်းတစ်ခုထဲမှ ထွက်လာသည်။ ကိုယ့်စိတ်ကမလုံသဖြင့် နန္ဒ တုန်သွားသည်။ စောစောက အဖွားကြီးကို အောက်ထပ် မောင်မောင်လေးအခန်းအနီးတွင် တစ်ကြိမ်တွေ့ခဲ့ ည်။

''မောင်နန္ဒ ဘယ်သူ့ကို လိုက်ရှာနေတာလဲ''

ဟော··အဖွားကြီးက တဲ့ဒိုးမေးချေပြီ။ သူမ၏ မျက်လုံးပေါက်ကျဉ်းကျဉ်းကလေး ကြောင်မျက်လုံးကဲ့သို့ အရောင်တောက်နေသည်။

''မရှာပါဘူး၊ ဒီအိမ်ကြီးကို လိုက်ကြည့်တာပါ''

''သည်ဘက်က မိန်းမဆောင်ကွယ့်''

''ဟုတ်··ဟုတ်ကဲ့''

''အဲဟာက ခင်ခင်လတ်အခန်း''

''ဟုတ်··ဟုတ်ကဲ့''

''ခင်ခင်လေးအခန်းက ဟိုမှာ''

''ဟုတ်··ဟုတ်ကဲ့''

''သူတို့ညီအစ်မနှစ်ယောက် ဘယ်သူပိုလှသလဲ''

''ခင်ဗျာ''

''မောင်နန္ဒကိုတော့ သူတို့နှစ်ယောက်စလုံးက ခင်ကြပုံပါပဲ''

''ခင်ဗျာ''

''မောင်နန္ဒကိုကြည့်ရတာလည်း နှစ်ယောက်စလုံးကို ခင်ပုံသလိုပဲ''

www.burmeseclassic.com

www.burmeseclassic.com

"ညွှန့်တော့်နှမလေးတွေလိုပါ"

"သူတို့နှစ်ယောက် မသင့်မမြတ်ဖြစ်ကြမှာတော့ တို့များ စိုးရိမ်တယ်"

အဖွားကြီး၏စကားများကို နန္ဒ နားမလည်သလို နားလည်သလိုဖြစ်နေသည်

အနည်းအငယ်သွယ် ကျယ်ဝန်းသည်။ အခိပ္ပာယ်အကောက်ရခက်သည်။ နောက်ထပ် သည်

ထက်ပို၍ ပြောလာလျှင်တော့ ပေါက်နှင့်ကျေး ကွဲပြားသွားမည်။ သို့ဖြင့် နန္ဒက..

"သူတို့ညီအစ်မနှစ်ယောက်လား၊ သူတို့ ညီအစ်မသုံးယောက်လား"

ဒေါ်သဲအုံ၏ခေါင်းမှ ဆံပင်များပင် အုံးအုံးကြွက်ကြွက်ဖြစ်သွားဟန်ရှိသည်

အနက်နည်းနည်း အဖြူများများ ဆံပင်အုပ်ကြီးသည် ဒေါ်ထန်သော ကြောင်မြီးကဲ့သို့

ကြွထောင်လာသည်ဟု နန္ဒ ထင်လိုက်သည်။ ကြောင်မျက်လုံးစုံသည်လည်း ညအမှော

တွင် မီးစုန်းတောက်သကဲ့သို့ဖြစ်သည်။ သည်အဖွားကြီး၏အကြည့်တွင် မိမိ ပြာအ

ထွေသွားမည်လားဟု နန္ဒ ခြောက်ချားမိသည်။

အတန်ကြာမှ အဖွားကြီး၏မျက်နှာမှာ အသားအရေနှင့် အကြောအမျှင်များ

ပြန်လျော့ကျလာသည်။ နှုတ်ခမ်းတွင် အပြုံးတစ်ခုပေါ်လာသည်။

"ဩော်..မောင်နန္ဒ..မောင်နန္ဒ"

အဖွားကြီးက ရေရွတ်လိုက်သည်။ နန္ဒက မည်သို့ တုန့်ပြန်ရမည်မသိ။ အဖွား

၏လက်တစ်ဖက် သူ့ပခုံးပေါ်သို့ ကျရောက်လာသည်။

"နင်..နင်ဟာ ငါ့တူလေးနဲ့တူလိုက်တာ"

"ခင်ဗျာ"

"ဟုတ်တယ်၊ နင်ဟာ မောင်မောင်လတ်နဲ့ တစ်ချိုးထဲ တစ်ဖြစ်ထဲပဲ၊ ပြော

ဆိုပုံကော စိတ်နေစိတ်ထားကော"

"ခင်ဗျာ..မောင်မောင်လတ် ဟုတ်လား"

နန္ဒက အံ့ဩမှုကို မသိုဝှက်နိုင်ရှိသည်။

"မောင်နန္ဒကို တို့များတစ်ခုပြောမယ်၊ သေသေချာချာ နားထောင်၊ မောင်နန္ဒဟာ

မနေ့တစ်နေ့ကမှ သည်အိမ်ကြီးကို ရောက်လာတယ်၊ ဒါပေမဲ့ မောင်နန္ဒဟာ သည်အိ

ကြီးရဲ့ အရေးအခင်းတွေနဲ့ အများကြီးပတ်သက်နေပြီ၊ မောင်နန္ဒ ဘယ်နည်းနဲ့မှ ရှော

ထွက်လို့မရတော့ဘူး။ တံခွန်တိုင်မြို့စားကြီးနဲ့ တံခွန်တိုင်မောင်နှမတွေက မောင်နန္ဒ

ပင့်ကူမျှင်တွေလို ရစ်ပတ်နှောင်ဖွဲ့ထားကြပြီ၊ မောင်နန္ဒဟာ မောင်မောင်လတ်နဲ့ တူတာ

ဆိုတာကို တစ်အိမ်လုံးက လက်ခံထားကြပြီ၊ ခင်ခင်ကြီးကတောင် မောင်နန္ဒကို သူ့မော

နဲ့တူတယ်လို့ မနက်က တစ်ခါထဲတွေ့ရုံနဲ့ ပြောလိုက်ပြီ။ ဟုတ်တယ်..မနက်က ဈေးထဲ

မောင်နန္ဒနဲ့တွေ့တဲ့လုံမဟာ ခင်ခင်ကြီးပဲ၊ တံခွန်တိုင်အိမ်ကြီးရဲ့ ကျိန်စာသင့်နေတဲ့ ခင်



ကြီးပဲ၊ ဘုရားတရားမ,လို့ ခင်ခင်လေးနဲ့ ခင်ခင်လတ်တို့နှစ်ယောက်လည်း သူတို့အစ်မ

ကော်နောက် မလိုက်ကြရပါစေနဲ့လို့ တို့များ ဆုတောင်းပါတယ်၊ မောင်နန္ဒလည်း

သားမသိ ရန်မခပါစေနဲ့လို့ တို့များ အခုပဲ ဘုရားမှာ ဆုတောင်းခဲ့ပါတယ်"

ရှည်လျားထူးဆန်းသော စကားများကို ခရားရေလွှတ် ပြောဆိုပြီးနောက် ကြောင်

သိုက်နှင့်တူသော အဖွားကြီးဒေါ်သဲအုံသည် နန္ဒ၏အပါးမှ အံ့ဩဖွယ် လျှင်မြန်ဖျတ်လတ်

ဖြင့် ထွက်ခွာသွားလေတော့သည်။

[ ၄ ]

နန္ဒ မှိုင်နေမိသည်။ နန္ဒ သတိရသောအခါ အိပ်မက်ရှည်ကြီးတစ်ခုမှ နိုးလာဘိသည့်

အလားဖြစ်သည်။ ကြားလိုက်ရသည်များကို မယုံကြည်ချင်၊ ဒေါ်သဲအုံတစ်ယောက်

ရှေ့တွင် တကယ်ရပ်ပြီး တကယ်ပြောသွားသည်မှ ဟုတ်ပါစ။ နန္ဒ ကြည့်လိုက်သော

အခါ မြင်ကွင်းတွင် ဒေါ်သဲအုံမရှိတော့။

နန္ဒ ရုတ်တရက်စိတ်ကူးပေါက်မိသည့်အတိုင်း ခင်ခင်လတ်၏ အခန်းတံခါးကို

ကြည့်သည်။ အထဲတွင် အဘယ်သူမျှမရှိ။ သူက တံခါးကို ကသောကမျော ပြန်

ပြီး အောက်ထပ်သို့ဆင်းခဲ့သည်။

ခင်ခင်လတ် ဘယ်ရောက်နေသနည်း၊ တစ်အိမ်လုံးအနှံ့ ရှာ၍တော့ မတွေ့။

သွားသည်ကို ဖိုးလုံး မမြင်မတွေ့လိုက်ခြင်းဘဲဖြစ်မည်။

မြင်းခွာသံကြားသဖြင့် နီးရာ လေသာပြတင်းတစ်ခုမှ ကြည့်လိုက်သည်။ ခင်ခင်

ဖြစ်သည်။ ခင်ခင်လေးကလည်း သူ့ကို မြင်တွေ့သွားဟန်ရှိသည်။ သို့သော် မမြင်

ပြုသွားသည်။

နန္ဒ စောင့်နေသည်။ ခင်ခင်လေးနှင့် ဗလကျော်ထင်ကိစ္စ တိုင်ပင်ရလျှင်

ကောင်းဆုံးဖြစ်မည်ဟု သူယူဆသည်။ အတန်ကြာသည်အထိ ခင်ခင်လေး မပေါ်လာ၊

သူ မြင်းဇောင်းသို့လိုက်သွားသည်။

မြင်းဇောင်းတွင်လည်း ခင်ခင်လေးမရှိ၊ မြင်းစာကျွေးနေသော ဖိုးလုံးကိုတွေ့

နန္ဒက သူ့မြင်းကိုကြည့်ရှုပွတ်သပ်ရင်း..

"သည်ကောင်ကြီးနဲ့ ကိုဖိုးလုံးနဲ့ အဆွေခင်ပွန်းဖြစ်သွားကြပလား"

"အဆွေခင်ပွန်းမဟုတ်ဘူး၊ ညီအစ်ကိုလို့ ပြောရင်တောင် ရနေပြီ၊ နောင်ကြီးရဲ့

က လူစကား သိပ်နားလည်တာပဲ"

"သည်တစ်ညနှစ်ညမှာ သရဲစိမ်းကြီးကို တွေ့သေးသလား"

"မလာဘူး၊ ဒါပေမဲ့.."

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံး စကားဆက်မပြောဘဲ ရပ်ထားသည်။

“ဒါပေမဲ့ ဘာပြုသလဲ”

“မနေ့ညက ခွေးတွေဟောင်တယ်၊ ဆူညံနေတာပဲ၊ မကောင်းဆိုးဝါးတွေ လာတဲ့အတိုင်းပဲ၊ နောက်ပြီး ချက်ချင်းတိတ်သွားတယ်၊ ဘာများဖြစ်သလဲဆိုပြီး တစ်အိမ်လုံး ထွက်ကြည့်ကြတာပေါ့”

“ဘာတွေ့သလဲ”

“ဘာမှမတွေ့ဘူး၊ ဘာမှမဖြစ်ဘူး”

“ခွေးတွေကော”

“ခွေးတွေလည်း ဘာမှမဖြစ်ဘူး၊ သည်အတိုင်းပဲ”

“အဲသည်တော့ ကိုမောင်မောင်ကြီး ပြန်ရောက်ပလား”

“ကျွန်တော်တို့လည်း အိမ်ထဲပြန်ရောက်ရော သူလည်း ပြန်ရောက်လာတာပဲ၊ အဲသည်တုန်းက အိမ်မှာမရှိတာ နောင်ကြီးတစ်ယောက်ပဲ”

သူ ညကပြန်မရောက်သည်ကို တစ်အိမ်လုံး သိနေကြသည်မှာ ယင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။

“အရင်တုန်းက ခင်ဗျား သရဲစီမံးကြီးကိုမြင်တုန်းက ခွေးတွေဟောင်သလား”

“တစ်ချက်နှစ်ချက်ဟောင်ပြီး တိတ်သွားကြတယ်၊ ခွေးတွေလည်း သရဲတော့ ကြောက်တာပဲ၊ အမြီးကို ကုပ်နေကြတာပဲ”

နန္ဒ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်··

“ခွေးတွေက သည်အိမ်သားတွေဆိုရင် ဘယ်သူ့မှ မဟောင်ဘူးမဟုတ်လား”

“ဒါပေါ့ ဘယ်ဟောင်မလဲ”

“ခွေးတွေက သည်အိမ်မှာ ဘယ်သူ့ကိုအခင်ဆုံးလဲ”

“အစ်မခင်ခင်လေး”

နန္ဒ ခေါင်းဆတ်လိုက်သည်။

“နေပါဦး၊ ခုနင်က ခင်ခင်လေး ပြန်ရောက်လာတယ်မဟုတ်လား”

“ဟုတ်တယ်လေ”

“အိမ်ထဲဝင်လာတာ မတွေ့ပါဘူး”

“သူ့ခွေးတွေဘက် ထွက်သွားတယ်”

နန္ဒ ခွေးဂေဟာဘက်သို့ ထွက်ခွာခဲ့သည်။ ခင်ခင်လေးသည် စောစောက သူ့ကို တကယ်ပင်မမြင်ချေသလား၊ သို့မဟုတ် မြင်လျက်သားနှင့် သူ့ကိုမတွေ့လို၍ ရှောင်ရှားသွားခြင်းလား။



နန္ဒကိုမြင်သောအခါ ခွေးတွေက လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ငါးကောင် လုံး လှောင်အိမ်များအပြင်ဘက်တွင် ရှိနေကြသည်။ ခင်ခင်လေးဘေးတွင် ဝန်းရံနေကြသည်။ ခင်ခင်လေးက သူ့ကိုကျောပေးလျက်ရှိသဖြင့် နန္ဒက လှမ်းလှမ်းတွင် ရပ်နေလိုက်သည်။

“လာမှာဖြင့်ရင်လည်း လာလေ၊ ဘာဖြစ်လို့ရပ်နေရတာလဲ”

ခင်ခင်လေးက လှည့်မကြည့်ဘဲ ပြောသည်။

“ကြောက်လို့”

“ဘာကိုကြောက်တာလဲ”

“ဩော်··အဲသည်မှာ ခင်ခင်လေးရဲ့ စစ်သည်တော်ငါးသိန်းရှိနေတယ်မဟုတ်လား”

“သူတို့က သူတို့သခင်မရဲ့ မိတ်ဆွေလား ရန်သူလားဆိုတာ ခွဲခြားပြီး သိတတ်ကြပါတယ်”

နန္ဒ သတိထားပြီး ခင်ခင်လေးအပါးသို့ ချဉ်းကပ်သွားသည်။ အင်းခွေးကြီး ငါးကောင်သည် သူ့ကို အမှုမထားကြတော့၊ စဥ့်အင်တုံထဲမှ နွားနို့ဖြူဖြူများကို သောက်နေကြတော့သည်။

“သူတို့က ခင်ခင်လေးရဲ့ အချစ်တော်တွေပေါ့”

“တစ်ဦးမေတ္တာတစ်ဦးမှာဆိုတာ လူရယ်တိရစ္ဆာန်ရယ် မခွဲခြားပါဘူးရှင်”

“သူတို့နာမည်တွေ ပြောထားပါဦး၊ မောင်ကြီးနဲ့လဲ အဆွေခင်ပွန်းဖွဲ့ထားကြအောင်”

“သူက ရန်လုံ၊ ဒါက ရန်ကျော်၊ ဟိုဘက်က ရန်ရှင်း၊ အခု ခေါင်းထောင်လာတာက ရန်ပြို၊ အမြီးလှုပ်နေတာ ရန်အေး”

ခင်ခင်လေးက ပြောသော်လည်း နန္ဒမမှတ်မိ၊ မကွဲပြား။ တစ်ကောင်နှင့်တစ်ကောင် ခပ်ဆင်ဆင်တွေချည်းဖြစ်သည်။ အရေးကြီးတာက သူကမှတ်မိဖို့ထက် သူတို့က သူ့ကိုမှတ်မိဖို့ဖြစ်သည်။

“သူတို့ကို အစာကျွေးတိုင်း မောင်ကြီးကို ခေါ်ပါလား၊ ဒါမှ အသိအကျွမ်း ဖြစ်သွားကြမှာ”

“မောင်ကြီးနန္ဒ လာမယ်ဆိုရင် ခေါ်ပါတယ်၊ ဒါပေမဲ့ မောင်ကြီးနန္ဒက အိမ်မှာ အမြဲတမ်းရှိဦးမှကိုး”

“ရှိတဲ့အချိန်ပြောတာပါ”

“ခင်ခင်လေးကတော့ မောင်ကြီးနန္ဒ အိမ်မှာရှိမယ်မထင်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



“ဘာပြုလို့လဲ”

ဗလကျော်ထင်လက်သို့ အပ်သည့်ကိစ္စ သိနေပြီလားဟု နန္ဒ တွေးထင်လိုက်သည်။

“မသိဘူးလေ၊ ရှမ်းပွဲဈေးမှာချည်း ရောက်နေမလားလို့”

“ဘာပြုလို့လဲ”

“ခေါက်ဆွဲဆိုင်က ရှမ်းတရုတ်မလေးက သိပ်လှတယ်မဟုတ်လား”

“အဲဒီ ရှမ်းတရုတ်မလေးက ခင်ခင်လေးတို့မောင်ကြီးနဲ့ အသိပါ”

“မောင်ကြီးနန္ဒကို ဝင်ပြီးကယ်တဲ့ မိန်းမကလည်း လှတာပဲမဟုတ်လား”

နန္ဒ မျက်လုံးပြူးသွားပြီး..

“ခင်ခင်လေးကို ဘယ်သူပြောသလဲ”

“ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်တဲ့”

လက်စသတ်တော့ ရွှေမင်းသမီးလေးက ရှမ်းပွဲဈေးကိုသွားပြီး စနည်းနာခဲ့တာကိုး။

“ခင်ခင်လေး ရှမ်းပွဲဈေးကို ရောက်ခဲ့တယ်ပေါ့”

“ဟုတ်တယ်-မဟုတ်ဘူးသာ ပြောပါ”

“မောင်ကြီးကိုကယ်တာ မသုဇာပဲ”

“ဘယ် မသုဇာလဲ”

“ဗလကျော်ထင်လက်က မောင်ကြီးကယ်ခဲ့တဲ့ မသုဇာပဲပေါ့”

“သြော်..သြော်..မောင်ကြီးနန္ဒတို့က အတို့အလှယ်ကိုး၊ အင်း..သူက ဘယ်လိုလုပ်ပြီး မောင်ကြီးနန္ဒဆီကို ရောက်လာတာလဲ”

“ဒါတော့ မောင်ကြီး ဘယ်သိမလဲ”

“မောင်ကြီးနန္ဒကို သူက ဘယ်ခေါ်သွားသလဲ”

“အိမ်တစ်အိမ်ကိုပေါ့”

“အဲသည်အိမ်မှာ ဘယ်သူတွေရှိသလဲ”

နန္ဒ ရုတ်တရက် ဘာဖြေရမည်မသိ။ ပြီးမှ..

“ရှိတာပေါ့”

“ဘယ်သူတွေလဲ”

“ဘယ်သူတွေလဲတော့ ဘယ်သိမလဲ၊ ယောကျ်ားနှစ်ယောက်ပဲ”

“ဘယ်အရွယ်တွေရှိပလဲ”

“တစ်ယောက်က အသက်ကြီးပြီး တစ်ယောက်က မောင်ကြီးတို့အရွယ်၊ သူ



နဲ့ သူ့ယောကျ်ား ထင်ပါတယ်”

“သူက အဲသည်လိုပြောသလား”

“ပြောတော့မပြောဘူးပေါ့၊ မှန်းကြည့်ရတာပေါ့”

“သူ့အဖေနဲ့ သူ့မောင်ကော မဖြစ်နိုင်ဘူးလား”

“ဖြစ်ချင်ဖြစ်မှာပေါ့”

နန္ဒက ခင်ခင်လေးမျက်နှာကို အကဲခတ်လိုက်သည်။ အမျိုးသမီးက မျက်နှာ တည်တည်ဖြင့်..

“သူတို့အိမ်က ဘယ်အရပ်ထဲမှာလဲ”

“မောင်ကြီး ဘယ်သိမလဲ၊ မောင်ကြီးက ခုမှ နေပြည်တော်ကို ရောက်ဖူးတာပဲ”

“အိမ်ကို မှတ်မိသလား”

“ညကြီးမင်းကြီးထဲ ဘယ်မှတ်မိမလဲ”

“ခင်ခင်လေးမေးတာကို ဖြေပါဦး”

“ဘာကိုလဲ”

“မသုဇာ လှသလား”

“မသုဇာဟာ သနားစရာကောင်းတယ်”

နန္ဒ ဝမ်းထဲတွင်ရှိသည်ကို အမှန်အတိုင်း ထုတ်ဖော်လိုက်သည်။ သို့သော် ခင်ခင်လေးက သူ့အဖြေကို ကျေနပ်ဟန်မရှိ။

“သွားကြစို့”

မိန်းမငယ်က ခပ်တိုးတိုးဆိုသည်။

“နေပါဦး..ခင်ခင်လေးကို ပြောစရာတစ်ခုရှိလို့”

“ဘာကိုလဲ”

“စောစောက မြို့စားကြီး မောင်ကြီးကိုခေါ်တယ်”

“ဘာကိစ္စ”

“မြို့စားကြီးအခန်းထဲမှ ဗလကျော်ထင် ရောက်နေတယ်”

“ခင်ခင်လေးနဲ့သူနဲ့ လမ်းမှာတွေ့သားပဲ”

“ခင်ခင်လေးတို့ဘဘုရားက မောင်ကြီးကို ဗလကျော်ထင်ရဲ့လက်ကို အပ်နေ

အမျိုးသမီးက ဘာမျှပြန်မပြော။

“မောင်ကြီးနန္ဒက ဘယ်လိုပြောခဲ့သလဲ”

“မောင်ကြီးက လောလောဆယ်တော့ မောင်ကြီးမှာ လုပ်စရာလေးတွေ တစ်ခု

www.burmeseclassic.com

နှစ်ခုရှိလို့ နောက်ကျမှ ဗလကျော်ထင်ဆီကို သွားမယ်လို့ ပြောလိုက်တယ်''

''အဲဒါဖြင့် ပြီးရောပေါ့''

''မပြီးသေးလို့ ခင်ခင်လေးကို တိုင်ပင်တာပေါ့၊ မောင်ကြီးက ဗလနဲ့ လမ်းမှာ ဖြစ်ခဲ့တဲ့ကိစ္စကို တစ်ခါထဲပြောလိုက်မယ်တောင် စိတ်ကူးသေးတယ်၊ နောက်မှ မကောင်းဘူးထင်လို့ မပြောတာ၊ အဲဒါ ခင်ခင်လေး ပြောပေးပါလား''

''အင်း··မောင်ကြီးနန္ဒနဲ့ မသူဇာတို့ပြဿနာကလည်း အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာပါကလား''

''အို··ခုကိစ္စက မသူဇာနဲ့မဆိုင်ပါဘူး၊ မောင်ကြီးအနေနဲ့က မတရားအဓမ္မအနိုင်ကျင့်ခံနေရတဲ့ မိန်းကလေးတစ်ယောက်ဘက်က ဝင်ပြီးရပ်တာပဲ၊ မသူဇာရယ်၊ ဘယ်သူဘယ်ဝါရယ်လို့ ပုဂ္ဂလဓိဋ္ဌာန်မစွဲပါဘူး''

''မသူဇာက မောင်ကြီးနန္ဒကို ကယ်တာကကော''

''အဲဒါကလည်း အဲဒီအခိုက်အတန့်က သူက အဲဒီအနီးအနားကို ရောက်လာတာကိုး''

''မောင်ကြီးနန္ဒတို့ဟာက ရေစက်ပဲနဲ့တူတယ်၊ တစ်ယောက် ဒုက္ခရောက်နေရင် တစ်ယောက်က ကယ်ရအောင် အချိန်မီရောက်လာတာပဲ''

''အခုပြဿနာက မောင်ကြီးနဲ့ ဗလကျော်ထင်တို့ကိစ္စပါ၊ မသူဇာနဲ့ မဆိုင်ပါဘူး''

''ဆိုင်ပါသော်ကော မောင်ကြီးရယ်··မောင်ကြီးနန္ဒ ထိုးခဲ့၊ ခုတ်ခဲ့တဲ့သူတွေက ဗလကျော်ထင်ရဲ့လူတွေ''

''ဖြစ်မှဖြစ်ရလေ''

''သူတို့က မသူဇာကို လိုက်ဖမ်းနေကြတာ''

''ဒါတော့မဟုတ်ဘူး၊ ဈေးသည်တွေကို သူတို့လိုက်ပြီး ထိုးခုတ်နေတာ မောင်ကြီးမျက်စိနဲ့ အမြင်ပဲ၊ အဲဒီအချိန်က ဘယ်က မသူဇာမှမရှိဘူး''

''ဘယ်ရှိတော့မလဲ၊ ညောင်အုပ်ရဲ့လူတွေနဲ့ ရှမ်းသူပုန်တွေ ရှမ်းပွဲဈေးမှာ လျှို့ဝှက်စကားပြောနေကြတာ ကြားလို့ ဗလရဲ့လူဖျော်တွေ တွေ့သွားတော့ ဟိုက အရင်သတင်းရလို့ လစ်ကုန်ကြပြီပေါ့''

''ဒါနဲ့ အကြောင်းမရှိတဲ့လူတွေကို သူပုန်သူကန်တွေဆိုပြီး လိုက်လံထိုးကြ ခုတ်ကြရောလား''

''ဗလတို့လူတွေ မှန်တယ်လို့ ခင်ခင်လေး မပြောပါဘူး၊ ခင်ခင်လေးကြားတာကို ခင်ခင်လေးပြောတာပါ၊ ခင်ခင်လေးလည်း မတရားမှုကို မကြိုက်ပါဘူး၊ ဒါပေမဲ့··''



အမျိုးသမီးက စကားကိုရပ်ထားသည်။ နန္ဒက ဆက်ပြောရန် တိုက်တွန်းတော့မှ··

''ဩော်··မောင်ကြီးနန္ဒ၊ ဘုမသိဘမသိနဲ့ ဘေးသင့်နေမှာစိုးလို့ပါ၊ နောက်ပြီးတော့ အခုထက်ထိ မသူဇာ ဘယ်သူလဲဆိုတာ မောင်ကြီးနန္ဒ သေသေချာချာသိသေးတာမဟုတ်ဘူး''

''အဲဒါတော့အမှန်ပဲ၊ မောင်ကြီးလည်း မသူဇာ ဘယ်သူဘယ်ဝါဆိုတာ သိချင်နေတာပဲ''

''မောင်ကြီးက မသူဇာကို စိတ်ဝင်စားနေပြီမဟုတ်လား''

ခင်ခင်လေးပြောပုံကတစ်မျိုး၊ သူနှင့်မသူဇာကို သင်္ကာမကင်းရှိနေပုံရသည်။ ညက သူတို့နှစ်ယောက် တစ်အိပ်ရာထဲ အိပ်ခဲ့ကြသည်ကိုသိလျှင် ဘယ်သို့ရှိချိမ့်မည်နည်း။

မသူဇာသည် အံ့ဩစရာကောင်းသည်ကတော့အမှန်ပင်။ လှလည်းလှပါသည်၊ သနားစရာလည်း ကောင်းပါသည်၊ ဆန်းလည်း ဆန်းပါသည်။ သူတို့နှစ်ယောက် ညက ဘာဖြစ်ခဲ့ကြသနည်း။ သူ ဘာမှမသိ၊ မသူဇာကလည်း ဘာမျှမပြော။

''စိတ်ဝင်စားတယ်လို့ ပြောနိုင်ပါတယ်၊ ပထမတစ်ကြိမ် တွေ့တုန်းကတော့ အမှတ်မထင်ပဲ၊ မောင်ကြီး စောစောကပြောသလို ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကူညီခဲ့တာပဲ၊ တခြားဘာမှ စိတ်မဝင်စားပါဘူး၊ သူ့ဘာသာသူ ရိုးရိုးလူမဟုတ်တာတော့ သေချာတယ်၊ အရေးကြီးတဲ့ကိစ္စတစ်ခုကို ဆောင်ရွက်နေတဲ့ လူတစ်ယောက်ဆိုတာ သေချာတယ်''

နန္ဒ၏စကားကို ခင်ခင်လေးက စိတ်ဝင်စားစွာ နားထောင်နေသည်။ အသက်ပင် ရှူဟန်မရှိ။

''သူနဲ့ သူ့အဖော်နှစ်ယောက်ဟာ မောင်ကြီးကို လူမရှိတဲ့အိမ်တစ်လုံးမှာ ထားခဲ့ခဲ့ပြီး မနက်လင်းအားကြီးမှာ ရေးကြီးသုတ်ပျာ မြင်းကိုယ်စီနဲ့ ထွက်သွားကြတယ်''

''စောစောက သည်အကြောင်း ဘာလို့မပြောလဲ''

''မြို့စားကြီးကို တစ်နေ့ကအဖြစ်လည်း ဘာမှမပြောရသေးတာနဲ့ ညက အကြောင်းလည်း မပြောသေးဘဲထားတာ၊ ပြောသင့်မပြောသင့်လည်း မဝေခွဲတတ်ဘူးလေ၊ ဒါကြောင့် အခု ခင်ခင်လေးကို တိုင်ပင်တာပေါ့''

''လောလောဆယ်တော့ မပြောသေးတာကောင်းတယ်''

''ဘာပြုလို့လဲ''

''ခက်တယ်မောင်ကြီးနန္ဒ၊ ဘဘရားက ဗိုလ်မှူးဗလကျော်ထင်ကို တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး အရေးပေးနေတယ်''

''ဟုတ်တယ်··အဲဒါကိုတော့ မောင်ကြီးကလည်း စောစောက တစ်ခါထဲတွေ့ရုံနဲ့ သတိထားမိတယ်''

''ဗလကျော်ထင်က မောင်ကြီးနန္ဒကို ဘဘုရားရှေ့မှာ ဘာပြောသလဲ၊ မသူဇာနဲ့အကြောင်းတွေ ဘာမှမပြောဘူးလား၊ မောင်ကြီးနန္ဒကို သူသိတယ်ဆိုတဲ့အကြောင်း မပြောဘူးလား''

နန္ဒ ခေါင်းခါသည်။

''မပြောဘူး၊ ဘာမှမပြောဘူး၊ မောင်ကြီးကိုလဲ ဘယ်တုန်းကမှ မတွေ့ဖူး၊ မသိဖူးတဲ့လူတစ်ယောက်အနေနဲ့ ဆက်ဆံတယ်၊ နောက်ပြီး ကောင်းကောင်းမွန်မွန်လည်း ဆက်ဆံတယ်''

''အဲဒါ သတိထားနော်၊ ဗလကျော်ထင်ဟာ သိပ်ပြီးကြောက်စရာကောင်းတယ်၊ သူ့မျက်လုံးတွေကို ကြည့်ပါလား၊ အကောက်ကြံတဲ့မျက်လုံးတွေ၊ သူ့လက်ထဲကို ရောက်သွားရင်တော့ မောင်ကြီး မသက်သာဘူး၊ ပညာရှိနှိပ်စက်နည်း နှိပ်စက်မှာပဲ''

ခင်ခင်လေးက စိုးရိမ်သောအမူအရာဖြင့် ပြောသည်။

''တစ်နေ့ကျရင် မောင်ကြီး သူ့ဆီကို ဘယ်နည်းနဲ့ဖြစ်ဖြစ် လာခဲ့မယ်လို့ ကတိပေးထားတယ်''

''အင်းလေ··ဒီအတွင်း အခြေအနေကြည့်သေးတာပေါ့၊ တိုင်းရေးပြည်ရေးကလည်း ဘယ်လိုဖြစ်ဦးမယ်မသိသေးဘူး''

''ကုလားဖြူနဲ့ စစ်ဖြစ်မှာတော့ သေချာတယ်''

''ခင်ခင်လေးတော့ မထင်ဘူး၊ ရွှေနန်းတော်ထဲက လူတွေ ဒါလောက် သတ္တိမရှိပါဘူး၊ ထဘီမြုံ့ထဲကနေ ဓားရေးပြနေကြတာပါ''

ခင်ခင်လေးထံမှ ဤစကားမျိုးကြားရသဖြင့် နန္ဒ အံ့သြမိသည်။

''ညောင်အုပ်အရေးကကော''

''ခက်တယ်မောင်ကြီးနန္ဒ၊ ခင်ခင်လေးလည်း တိုင်းရေးပြည်ရေးတွေကို ဒါလောက် နားမလည်ပါဘူး၊ ဒါပေမဲ့ တိုင်းသူပြည်သားတွေက သည်မင်းနဲ့ သည်အုပ်စိုးမှုကို မကြိုက်ကြဘူး၊ မင်းပြောင်းမင်းလွှဲကို လိုလားကြတယ်''

''ခင်ခင်လေးပြောတာ ဟုတ်တယ်၊ အခုလူတွေက တယ်ပြီး နှိပ်စက်ညှင်းပန်းကြတာကိုး၊ ဒါနဲ့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ခင်ခင်လေးတို့ရဲ့ ဘဘုရားကကော ဘယ်လိုသဘောထားရှိသလဲ''

''အဲဒါခက်တာပေါ့၊ အခုတလော ဘဘုရားရဲ့သဘောကို ခင်ခင်လေး ဘယ်လိုမှ



နားလည်တတ်ဘူး၊ ဘဘုရားဟာ မတရားမှုကို ဘယ်လိုမှမလိုလားအပ်တဲ့လူ၊ ဒါပေမဲ့ ဘဘုရားဟာ ခုတကြောမှ ဗိုလ်မှူးဗလတို့နဲ့ သိပ်ပေါင်းနေတယ်၊ ဘဘုရားမှာ ဘာအကြံရှိတယ်မသိဘူး၊ မောင်ကြီးနန္ဒ မသိဘူး၊ တစ်နေ့ကျရင် ခင်ခင်လေးလဲ ဒုက္ခကြီးအကျယ်တွေ့ဦးမယ်''

''ဟင်–ဘာပြောတယ်··ခင်ခင်လေး ဒုက္ခတွေ့မယ်ဟုတ်လား''

ခင်ခင်လေးက နောက်ထပ်စကားမဆိုတော့ဘဲ နို့သောက်ပြီးသွားသော ခွေးကြီးကောင်ကို လှောင်အိမ်များအတွင်း ပြန်သွင်းသည်။ နန္ဒက အသာရပ်ပြီးကြည့်နေသည်။

အင်းခွေးကြီးများသိမ်းပြီးသောအခါ ခင်ခင်လေး အိမ်ဘက်သို့ ပြန်မည်ပြုသည်။ ထိုအခါ နန္ဒက အမျိုးသမီး၏လက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

''ဟင်''

ရုတ်တရက်မို့ ခင်ခင်လေး ထိတ်လန့်သွားပုံရသည်။ ထို့နောက် အံ့အားသင့်နေ၍ရှိသည်။ သူ့ကို ရွှန်းစိုနေသော မျက်လုံးကြီးများဖြင့် ကြည့်နေသည်။

''ခင်ခင်လေး ဒုက္ခတွေ့မယ်ဆိုတာ ပြောဦးလေ''

''အို··မသိချင်ပါနဲ့တော့''

အမျိုးသမီးက လက်ကို အသာအယာရုန်းသည်။ သူက လွှတ်ပေးလိုက်သည်။ ထိုအခါ ခင်ခင်လေးသည် ထိုနေရာမှ ထွက်ခွာသွားသည်။ အိမ်ဘက်သို့မဟုတ်ချေ။ ခြံထောင့်မကမ်းတွင်ရှိသော ကွပ်ပျစ်ငယ်တစ်ခုသို့ဖြစ်သည်။

ကွပ်ပျစ်ကလေးသည် ဝေဆာအုပ်ဆိုင်းသော ယန်းရုံကလေးအောက်တွင် ရှိသည်။ ယားစိမ်းရုံကလေးဖြစ်သည်။ စိမ်းစိုသည်။ သင်းပျံ့သည်။

ခင်ခင်လေးသည် သူ့ကို ဘေးစောင်းပြုလျက် ကွပ်ပျစ်တွင် ထိုင်သည်။ နန္ဒက ခြေလှမ်းကျဲကြီးများဖြင့် ကွပ်ပျစ်ဆီသို့ လျှောက်သွားသည်။

''ပြောစမ်းပါဦး ခင်ခင်လေး၊ မောင်ကြီး ကူညီနိုင်ရင်လည်း ကူညီရတာပေါ့''

''မောင်ကြီး မကူညီနိုင်ပါဘူး''

''အို··ဘာပဲဖြစ်ဖြစ် ခင်ခင်လေးတွေ့ရတဲ့ဒုက္ခကို အရင်ပြောစမ်းပါဦး''

နန္ဒက ခင်ခင်လေးအနီးတွင် ဝင်ထိုင်ရင်း မရမကမေးသည်။ ခင်ခင်လေးက အောက်သို့ ခပ်တည်ကြည်ငုံ့လိုက်ပြီး··

''ဘဘုရားက ဗလနဲ့ခင်ခင်လေးကို နေရာချထားမလို့''

''အို··''

နန္ဒက ယောင်ရမ်းပြီး ထိုင်ရာမှထလိုက်သည်။ ထို့နောက် ခင်ခင်လေး၏ပခုံးဖက်ကို သူ့လက်များဖြင့် ဆုပ်ကိုင်ပြီး··

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်လေး သူ့ကိုမယူရဘူး"

အမျိုးသမီးက သူ့ကို ရီဝေသောမျက်လုံးများဖြင့် မော့ကြည့်သည်။ သူမ၏ပါးပြင်နှစ်ဖက်သည် နီမြန်းလျက်ရှိသည်။ နန္ဒသည် ယမန်နေ့ညက ခိုးကြောင်ခိုးဝှက် နမ်းခဲ့မိသောအဖြစ်ကို သတိရသောအခါ ခင်ခင်လေး၏ပခုံးကို ဆုပ်ထားသောလက်များ တဆတ်ဆတ်တုန်လာသည်။

ယင်းအခိုက်တွင် ခြေသံရှပ်ရှပ်ကြားရသည်။ ခင်ခင်လေး မတ်တပ်ထရပ်သည်။ သူတို့နှစ်ယောက် လှချင်းခွာလိုက်သည်။ ခြေသံလာရာသို့ ပြိုင်တူကြည့်လိုက်ကြသည်။

ခင်ခင်လတ်။

သူတို့နှစ်ယောက်ကိုမြင်သောအခါ ခင်ခင်လတ်က ပြုံးလျက်..

"မောင်နှမနှစ်ယောက် ပုံပြောနေကြတယ်နဲ့တူတယ်"

"အို..ခင်ခင်လတ်ကလည်း ပုံပြောရအောင် ကလေးတွေမှမဟုတ်ဘဲ"

နန္ဒက ပြောလိုက်သည်။ ခင်ခင်လေးကတော့ မျက်နှာအနည်းငယ် သုန်မှုန်နေသည်။

"ဒါဖြင့် ဘုရားစကား၊ တရားစကား ပြောနေကြတယ်ပေါ့ ဟုတ်စ"

ခင်ခင်လတ်က မချိုမချဉ် မျက်နှာထားဖြင့် မေးပြန်သည်။

"ဟုတ်တယ်၊ မောင်ကြီးနန္ဒနဲ့ ခင်ခင်လေးတို့က အဖိုးကြီး အဖွားကြီးတွေဆိုတော့ ဘုရားစကား တရားစကားတွေ ပြောနေကြတာပေါ့"

ခင်ခင်လေးက မဲ့မဲ့ငေါ်ငေါ်ပြောသည်။

"ဘုရားရေ..သည်မောင်နှမနှစ်ယောက် ပုံပြောနေတာလည်းမဟုတ်၊ ဘုရားစကား တရားစကားပြောနေတာလည်းမဟုတ်ရင် တိုင်းရေးပြည်ရေးလား"

"ကိုနန္ဒမှာ တိုင်ပင်စရာကိစ္စတစ်ခုရှိလို့ ခင်ခင်လေးနဲ့ တိုင်ပင်နေတာပါ"

"အို..ဟုတ်လား၊ ဒါဖြင့် ခင်ခင်လတ် ရှောင်ပေးမယ်လေ"

"မရှောင်ရပါဘူး၊ သည်ကိစ္စက ခင်ခင်လတ်နဲ့လည်း တိုင်ပင်ရမှာပါ"

ယင်းသို့ပြောပြီး နန္ဒက သူ့ကို မြို့စားကြီးက ဗလကျော်ထင်လက်သို့အပ်သည့်ကိစ္စကို ပြောပြလိုက်သည်။

ခင်ခင်လတ်က ဘာမျှမပြောရသေးမီ ခင်ခင်လေးက..

"မောင်ကြီးနန္ဒက မသိသေးဘဲကိုး၊ အစ်မတော်က ဗိုလ်မှူးဗလကျော်ထင်ရဲ့ လူရှင်၊ မောင်ကြီးနန္ဒရောက်တဲ့ညက ဗိုလ်မှူးရဲ့လက်က ဓားဒဏ်ရာကို ဆေးထည့်ပေးတာ ဘယ်သူလဲသိလား၊ အစ်မတော်ရှင့်..အစ်မတော်"

နန္ဒက မယုံကြည်နိုင်သည့်သဘောဖြင့် ခင်ခင်လေးကို လှမ်းကြည့်မိသည်။



ခင်ခင်လေး မျက်နှာထားပျက်သည်။ ခင်ခင်လေးစကားဆုံးတော့မှ ခင်ခင်လတ်ကို လှည့်ကြည့်မိသည်။

ခင်ခင်လတ်မရှိတော့။

သူတို့အပါးမှ ထွက်ခွာသွားချေပြီ။ နန္ဒ ဘာကိုမျှနားမလည်နိုင်တော့။



## ၇ ၀ ကျိန်စာ [ က ]

ညသို့ဆိုစေ..

ထမင်းဝိုင်းတွင် သူတို့ ပြန်လည်ဆုံဆည်းမိကြသည်။ ညီအစ်မနှစ်ယောက်သည် ချင်းကပ်ထိုင်လျက်ရှိသည်။ မောင်မောင်ကြီးနှင့် မောင်မောင်လေးတို့လည်း ရောက်ရှိကြပြီဖြစ်သည်။ နန္ဒသည် ထမင်းဝိုင်းသို့ နောက်ဆုံးရောက်ရှိသူဖြစ်သည်။ သူ့အတွက် ရာကို မြို့စားကြီးနှင့် မောင်မောင်ကြီးကြားတွင် တွေ့ရှိရသည်။

ခင်ခင်လတ်သည် နန္ဒနှင့် တစ်ကြိမ်သာအကြည့်ချင်းဆုံသည်။ ထို့နောက်တွင် မျက်လုံးများ မဆုံမိကြအောင် သတိထားနေသည်။ ခင်ခင်လေးကတော့ နန္ဒကို ကြောမကြော လှမ်းကြည့်သည်။ ခင်ခင်လတ်သို့လည်း ကြည့်သည်။ သူတို့နှစ်ယောက် မျက်လုံးများကို ဖမ်းနေဟန်ရှိသည်။

ထမင်းဝိုင်းတွင် မြို့စားကြီးနှင့် မောင်မောင်လေးတို့ စကားအများဆုံး ပြောသည်။ အောက်ပြည်အောက်ရွာတွင် သူတို့ တွေ့ခဲ့ရသည်များကို ပြောသည်။ သူတို့ မြို့တွင်း နေပြည်တော်မှ အဖြစ်အပျက်များကို မေးသည်။ မောင်မောင်ကြီးနှင့် ခင်ခင်လေးတို့က အမေးများကို ဖြေသည်။ သူတို့မရှင်းသည်များကိုလည်း တုံ့ပြန်၍ သည်။ ထမင်းဝိုင်းတွင် စကားတစ်ခွန်းမျှ မပြောကြသူနှစ်ဦးမှာ ခင်ခင်လေးနှင့်နန္ဒ သည်။ နန္ဒက စိတ်ပါဝင်စားစွာ နားထောင်နေသော်လည်း အမျိုးသမီးကမူ သူတို့ နေသည်များကို စိတ်ဝင်စားပုံမပေါ်။ ထမင်းတွင်လည်း အာရုံမကပ်။

ထမင်းဝိုင်းပြီးလုချိန်တွင်မှ နန္ဒက..

"မြို့စားကြီးကို ကျွန်တော် ခွင့်ပန်စရာတစ်ခုရှိပါတယ်"

အားလုံး သူ့ကို ဝိုင်း၍ကြည့်ကြသည်။ ခင်ခင်လတ်ပါ ဖြစ်သည်။

"အိမ်း..ဆိုစမ်းပါဦးကွယ်"

နန္ဒက ဘယ်သူ့ကိုမျှ မကြည့်ဘဲ..

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အဘမှာလိုက်တဲ့ ကိစ္စလေးတစ်ခုပါ၊ အဲဒါက တံတားဦးမှာရှိတဲ့ အဘရဲ့မိတ်ဆွေ သွေးသောက်ကြီးဦးတိုင်းကျော်ကို သွားတွေ့ဖို့ပါပဲ"

"အေး…ဟုတ်တာပေါ့ကွယ်၊ တိုင်းကျော်ဟာ မင်းအဘနဲ့ အင်မတန်ခင်တဲ့ သူငယ်ချင်းပဲကွယ့်၊ ဒို့များတောင် တိုင်းကျော်ကြီးနဲ့ မတွေ့ရတာ အတော်ကလေး ကြာသွားပြီ၊ မောင်နန္ဒနဲ့တွေ့ရင် ဒို့များဆီကိုလဲ လာစမ်းပါဦးလို့ ပြောလိုက်စမ်းပါဦး။ နို့…မောင်နန္ဒက တံတားဦးကို ဘယ်တော့သွားမှာလဲ"

"ကျွန်တော့်မှာ ဗိုလ်မှူးဗလကျော်ထင်နဲ့ ပြောပြီးဆိုပြီး ဖြစ်နေတော့ အခုထမင်းဝိုင်းပြီးရင်ပဲ သွားမယ်လို့ အောက်မေ့ပါတယ်၊ အမှန်တော့ ကျွန်တော် အလာကတည်းက တံတားဦးကို ဝင်ခဲ့ဖို့ရာပဲ၊ အချိန်လင့်နေတာနဲ့ မဝင်ခဲ့ရတာ"

"နေပါဦး…ကိုနန္ဒက ဗလကျော်ထင်နဲ့ ဘာကိစ္စတွေ ပြောဆိုထားလို့လဲ"

မောင်မောင်ကြီးက မေးသည်။

"မြို့စားကြီးက ကျွန်တော့်ကို ဗိုလ်မှူးလက်ထဲမှာ အပ်ထားပါတယ်"

မောင်မောင်ကြီးက တစ်ခုခုပြောမည်လုပ်ပြီးမှ မပြောဘဲနေလိုက်သည်။ မောင်မောင်လေးက…

"ကိုနန္ဒ ဗိုလ်မှူးဆီမှာသာ အမှုတော်ထမ်းရရင် ခဏကလေးနဲ့ ရွှေနန်းတော် ပေါက်သွားမှာပဲ၊ ဗိုလ်မှူးက ဝန်မင်းရဲ့ ညာလက်ရုံး၊ နေပြည်တော်မှာတော့ ဓားရေး လှံရေးအကောင်းဆုံး တပ်မှူးတစ်ယောက်ပေါ့"

မောင်မောင်လေးက အားရပါးရ ပြောနေသည်ကို နန္ဒက ပြုံး၍ နားထောင်နေသည်။

မြို့စားကြီးက…

"မောင်နန္ဒ ဘယ်တော့ပြန်လာမလဲ"

"အဆင်သင့်သလို ပြန်ခဲ့ပါ့မယ်"

"အေးကွယ်…သိပ်မကြာစေနဲ့၊ ဖြစ်နိုင်ရင် တိုင်းကျော်ကြီးကို တစ်ခါထဲခေါ်ခဲ့"

"ဟုတ်ကဲ့"

"ဘဘုရား ကျွန်တော်လည်း ကိုနန္ဒနဲ့ အတူလိုက်သွားချင်တယ်"

မောင်မောင်လေးက ခွင့်တောင်းလိုက်သည်။

"ဘာကိစ္စလဲ"

"ကျွန်တော့်သူငယ်ချင်း ပုဏ္ဏကနဲ့ မတွေ့ရတာကြာလို့ပါ"

"ကင်းတပ်ဗိုလ်လေး ပုဏ္ဏကလား"

"ဟုတ်ပါတယ်"



"သူက အခု ဘယ်ရောက်နေသလဲ"

"ငါးရာဖျားမှာပါ"

"အင်းလေ…ညီအကိုနှစ်ယောက် အတူသွားကြပေါ့၊ မောင်နန္ဒလည်း အဖော်ရ တာပေါ့၊ လမ်းမှာ သတိစိုက်ယူထားပြီး သွားကြကွယ်၊ ငဲသည်ဖက်မှာ သိပ်ပြီး မငြိမ်ဘူး လို့ ဗလက ဒို့များကို ပြောသွားတယ်"

[ ၁ ]

ထမင်းဝိုင်း ကွဲသောအခါ မောင်မောင်ကြီးသည် နန္ဒအခန်းသို့ လိုက်ပါလာသည်။

"ခင်ဗျားနဲ့ ဗလကိစ္စက ဘယ်လိုဖြစ်သွားတာလဲ"

နန္ဒက အကျဉ်းရှုံ့ပြီး ပြောပြသည်။

"ဗလက အင်မတန်အကောက်ကြံတတ်တယ်၊ ဟုတ်ပြီလေ…ခင်ဗျားတို့ တံတား ဦးကပြန်လာတော့မှ သည်ကိစ္စကို ဖဦးစားသေးတာပေါ့၊ သည်ကြားထဲမှာလည်း ဘာ လုပ်ရရင် ကောင်းမလဲလို့ ကျုပ်နည်းလမ်းရှာထားလိုက်ပါဦးမယ်"

"မြို့စားကြီးကတော့ ဗလကို တော်တော်ကလေး ယုံကြည်အားထားပုံပဲ"

"အဲဒါကြောင့် ခက်နေတာပေါ့၊ ဘဘုရားတင် မဟုတ်ဘူး၊ မောင်မောင်လေးနဲ့ ခင်ခင်လတ်တို့ကလည်း အတူတူပဲ၊ ဗလလာရင် ဖူးဖူးမှုတ်ပဲ၊ ကျုပ်နဲ့ ခင်ခင်လေးကတော့ သည်ကောင်ကို နည်းနည်းလေးမှ ကြည့်လို့မရဘူး၊ အခွင့်သာတိုင်း ဘုတောတာပဲ၊ သူကလည်း ကျုပ်နဲ့ခင်ခင်လေးကိုတော့ လန့်တယ်၊ ဒါပေမဲ့…"

အခန်းဆီသို့ လူတစ်ယောက်လာနေသော ခြေသံကြားသဖြင့် မောင်မောင်ကြီး စကားဖြတ်လိုက်သည်။

"ကိုနန္ဒ…ကိုနန္ဒ"

ခင်ခင်လတ်၏ အသံဖြစ်သည်။ သူတစ်ပါးမကြားအောင် ခပ်အုပ်အုပ်လေး ခေါ်ခြင်း ဖြစ်သည်။ နန္ဒက မောင်မောင်ကြီး၏ မျက်နှာကို ကြည့်လိုက်သည်။ မောင် မောင်ကြီးက မျက်နှာကြီး သုန်မှုန်လိုက်ပြီး…

"ဘာကိစ္စလဲ ခင်ခင်လတ်"

အပြင်မှ ရုတ်တရက် အဖြေထွက်မလာ။ အတန်ငယ်ကြာမှ…

"ကိုနန္ဒတို့ လမ်းမှာစားဖို့ မုန့်ပဲသွားရည်စာကလေးတွေ ပေးလိုက်မလို့ပါ"

နန္ဒတံခါးဖွင့်သည် ခင်ခင်လတ်၏လက်ထဲတွင် နီးခြင်းကလေးတစ်ခုကိုင်ထား သည်။ ခင်ခင်လတ်သည် နန္ဒကို တစ်စုံတစ်ခုပြောလို၍လာကြောင်း သိသာထင်ရှားသည်။ သို့သော် မောင်မောင်ကြီးရှိနေသည့်အတွက် ခြင်းကိုပေးပြီး ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

''ကျုပ်စိတ်ထဲမှာ အဲသည်ကောင်မလေးနဲ့ ဗလကို သိပ်မသင့်ဘူး''

ခင်ခင်လေးလည်း စောစောက ယင်းသဘောကိုပင် ပြောခဲ့သည်။

''ဒါပေမဲ့ ဗလက ခင်ခင်လေးကို မျက်စိကျနေပုံရတယ်''

နမန်းယောက်အကြောင်းကို မောင်ကြီးတစ်ယောက်က ပြောနေသောအခါ သူက ဘာဝင်ပြောရမည်နည်း။

နန္ဒ ခပ်မဆိတ်ရှိနေသည်။ မောင်မောင်ကြီး နှုတ်မဆက်ဘဲ အခန်းထဲမှထွက်သွားသည်။ အခန်းတံခါးကို ပွင့်ရက်အတိုင်း ထားပစ်ခဲ့သည်။

''ဘယ့်နှယ်တုန်း မောင်ကြီးနန္ဒ၊ သနပ်ခါးလိမ်းလို့ မပြီးသေးဘူးလား၊ သွားမယ့်လူတွေက စောင့်နေကြပြီ''

ခင်ခင်လေးဖြစ်သည်။

''ပြီးပါပြီ''

နန္ဒက မားကိုလွယ်ပြီး ထွက်လာသည်။ တွေ့ချင်နေတုန်း ခင်ခင်လေး ရောက်လာသဖြင့် ဗလကိစ္စဆက်ပြောမည်ရှိစဉ် အဝေးမှ ဒေါ်သဲအုနှင့် ခင်ခင်လတ်တို့ လျှောက်လာသည်ကို မြင်ရသဖြင့်··

''မောင်ကြီးနန္ဒ သိပ်မကြာဘူး၊ ပြန်လာမှ ဟိုကိစ္စတွေ တိုင်ပင်ကြသေးတာပေါ့''ဟု တိုးတိုးနှင့်မြန်မြန် ပြောလိုက်သည်။

''ကိုနန္ဒက တံတားဦးသွားရမယ်ဆိုလို့ ပျော်နေပုံရတယ်''

ခင်ခင်လတ်က မြူးကြွကြွပြောသည်။ သူမ၏မျက်နှာသည် ဝင်းပလျက်ရှိသည်။ စောစောက မည်သည့်ပြဿနာမျှ မရှိခဲ့သည့်အတိုင်း ဖြစ်သည်။

''ဘာဖြစ်လို့လဲ''

နန္ဒက အဓိပ္ပာယ်မပေါက်သဖြင့် အမေးပြုသည်။

''သြော်··မသုဇာကို အလာတုန်းက တံတားဦးနားမှာ တွေ့ခဲ့တယ်မဟုတ်လား၊ အခုလဲ အဲဒီနားတစ်ဝိုက်မှာ ပြန်ပြီးတွေ့ချင်တွေ့ဦးမှာပေါ့''

နန္ဒ ပြန်မပြောရသေးမီတွင် ခင်ခင်လေးက ဝင်၍ပြောသည်။

''မသုဇာကိုမတွေ့ဘဲ ဗလကျော်ထင်နဲ့ တွေ့နေရဦးမယ်နော်''

သည်တော့လည်း ခင်ခင်လတ် မျက်နှာပျက်သွားသည်။ သူမ၏မျက်နှာတွင် အမူအရာပြောင်းသွားသည်။ အခြားသူများ မရိပ်မိအောင် တစ်ဘက်သို့ ကမန်းကတန်း လှည့်လိုက်သည်။

''ဟောဟိုမှာ ခေါ်နေကြပြီ··သွားကြစို့''

ခင်ခင်လတ် ညွှန်ပြရာသို့ ကြည့်လိုက်ရာ ဆင်ဝင်အောက်တွင် လူတစ်အုပ်ကြီး



ရောက်နေသည်။ မြို့စားကြီး၊ မောင်မောင်ကြီး၊ မောင်မောင်လေး၊ သိန်းနက်ကြီး၊ ဖိုးလုံးနှင့် တစ်ယောက်၊ တံခွန်တိုင်အိမ်သားတစ်ယောက် ခရီးထွက်မည်ဖြစ်၍ လိုက်လံ ပို့ဆောင်ကြခြင်း ဖြစ်ပေမည်။

သူတို့ ဆင်ဝင်အောက်သို့ အသွားတွင် ခင်ခင်လတ်က နန္ဒနားနားသို့ကပ်၍ ပြောသဖြင့်··

''ကိုနန္ဒ အစစအရာရာ သတိထားပါနော်၊ ကိုနန္ဒမှာ ကိုနန္ဒမသိတဲ့ ရန်သူတွေ ရှိတယ်''

နန္ဒက ခင်ခင်လတ်ကို ထူးဆန်းစွာ ကြည့်လိုက်သည်။ မိမိမသိသော ရန်သူများ ဆိုသည်မှာ မည်သူတွေနည်း၊ ဤညီအစ်မသည် မိမိကို တမင်လှည့်စား ချောက်လှန့်နေကြ သလော။ ခင်ခင်လတ်၏မျက်နှာတွင်မူ သူမ၏ စကားအတည်ဖြစ်ကြောင်း ထုတ်ဖော် ပြသလျက်ရှိသည်။

''မောင်နန္ဒမြင်းမှာ လှံလျှင်လည်း တစ်ချောင်းမှမတွေ့ပါလား''

မြို့စားကြီးက တိမ်ပျံကိုကြည့်ရင်း မေးသည်။ နန္ဒက မြင်းကုန်းနှီးတွင် စိုက်ထားသော ဓားမြှောင်သုံးချောင်းကို ညွှန်ပြရင်း··

''ကျွန်တော်က လှံအစား ဓားမြှောင်ပဲသုံးတယ်''

''အင်းလေ··ကိုယ်သန်ရာ သန်ရာပေါ့''

မြို့စားကြီးက ဆိုသည်။

မောင်မောင်လေးသည် ဖက်ဖူးရောင် ခေါင်းပေါင်းစီးကလေးဖြင့် အုန်းခွံရောင် မြင်းကြီးပေါ်တွင် အခန့်အထယ် ရှိနေသည်။ ဖိုးပုဆိုးကလည်း ငှက်ခါးရောင် ဖြစ်သော မင်းညီမင်းသားတစ်ပါးနှင့် ယိုးမှားစရာ ဖြစ်သည်။

မောင်မောင်လေး၏ဘေးတွင် သိန်းနက်ကြီးကို တွေ့ရသည်။ မြို့စားကြီးက··

''မောင်နန္ဒကို လမ်းမှာ အဖော်ရအောင် သိန်းနက်ကြီးကို ထည့်လိုက်တယ်''

ပထမတော့ သိန်းနက်ကြီးပါလာသည်ကို နန္ဒ သိပ်ပြီးသဘောမကျ၊ နောက်တော့ တော့ ကျေနပ်သလိုရှိသွားသည်။ သိန်းနက်ကြီးသည် တံခွန်တိုင်အိမ်ကြီး၏ လျှို့ဝှက်မှုကို သိထားသူတစ်ဦး ဖြစ်သည်။ သူ့ကို အရက်တိုက်ပြီးမေးလျှင် ရနိုင်သည်။ ထိုသို့ ယခုတစ်ကြိမ်တွင်မူ မိမိသည် မောင်မောင်ကြီးနှင့်တုန်းကလို မမူးဖို့လိုသည်။

''တစ်ယောက်သွားတော့ အသေတဲ့၊ နှစ်ယောက်သွားတော့ အရှင်တဲ့၊ သုံးယောက်သွား လောင်းကျော်သတဲ့''

မြို့စားကြီးက ပြောပြောရယ်ရယ်ပြုသည်။

''လောင်းမကျော်ဘဲ အလောင်းပေါ်နေကြဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားကို လွှတ်ခနဲပြောလိုက်သူမှာ မောင်မောင်ကြီး။

"အိုး··မောင်မောင်ကြီးကလည်း နိမိတ်မရှိ နမာမရှိ"

ဒေါ်သဲအုက အပြစ်တင်လိုက်သည်။ အခြားသူများကလည်း မောင်မောင်ကြီး ဝိုင်း၍အပြစ်တင်နေကြသည်။ ဤအချိန်တွင် မြင်းသုံးစီးသည် တံခွန်တိုင်ခြံဝင်းအတွင်း ခြေသံခွာသံပြင်းပြင်းဖြင့် ထွက်ခွာသွားကြတော့သည်။

| ၈

အမရပူရသို့ရောက်သည်အထိ သူတို့သုံးယောက်စကားမပြောကြ၊ သိန်းနက်ကြီးက ရှေ့ဆုံးမှ သွားသည်။ မောင်မောင်လေးက အလယ်မှလိုက်၍ နန္ဒက နောက်ဆုံးမှဖြစ်သည်။

တံခွန်တိုင်ရွာအလွန်ကတည်းကပင် ဤခရီးတွင် ဘေးအန္တရာယ်အနည်းနှင့်အများ ရှိလိမ့်မည်ဟု နန္ဒ တွက်ဆပြီးဖြစ်သည်။ အကြောင်းမှု သူ၏ခရီးဖော်နှစ်ဦးသည် ရန်ရန်များ ရန်ရှာတတ်သူများဖြစ်သောကြောင့်တည်း။

သိန်းနက်ကြီးသည် ရှိပြီးသား လမ်းကြောင်းအတိုင်း မလိုက်တတ် လမ်းသစ် ရှာတတ်သည်။ လမ်းသစ်ရှာရာတွင်လည်း မြေလွတ်ယာလွတ်များတွင် ရှာသည်မဟုတ်၊ ရှုန်းဆိုမြေများတွင် ရှာသည်မဟုတ်၊ သူတစ်ပါးပြုစုပျိုးထောင်ထားသော ယာခင်းများ ဥယျာဉ်ခြံမြေများကို အတင်းဒလကြမ်း ထိုးဖောက်၍ လမ်းကြောင်းသစ်ဖြစ်စေသည်။

နောက်ဘက်တွင် ယာခင်းများ ကြေ၍ကျန်ရစ်သည်။ သီးနှံများ ပျက်၍ကျန်ရစ် သည်။ ယာခင်းရှင်များ ငို၍လည်းကောင်း၊ မြည်တွန်တောက်တီး၍လည်းကောင်း၊ ကျန်ရစ် သည်။ မြင်းစီးယောက်ျားသုံးယောက်ကို မတုပရဲသဖြင့် ငုံ့ခံနေကြခြင်းသာ ဖြစ်ပေမည်။

နန္ဒသည် နောက်မှလိုက်ပါရသူဖြစ်သဖြင့် ရင်ထုမနာဖြစ်သည်မှာ အကြိမ် သည်များကို တွေ့မြင်ရသည်။ စိတ်မကောင်းဖြစ်ရသည်။ မျက်နှာရပူသည်။ တောင်း ရသည်။

သို့အတွက်··

သိန်းနက်ကြီးကို အမီလိုက်ကာ ပြောရသည်။

"သူတစ်ပါး ယာခင်းတွေ၊ ဥယျာဉ်ခြံမြေတွေကို မဖြတ်ပါနဲ့၊ ရိုးရိုးက သွား

သူ့စကားကို သိန်းနက်ကြီး သဘောမကျ၊ နားယူချင်ပုံမရှိ၊ သူ့ကိုလည်း မြို့ ကြီး၏ညွှဲသည်ဖြစ်ငြားလည်း မလောက်လေးမလောက်စား သူငယ်လေးဟု သဘော ထားနေပုံရသည်။ ကြည့်ပုံရှုပုံကိုက မထီတရီ။

"မောင်နန္ဒတို့ ခရီးကြန့်ကြာနေမှာစိုးလို့ပါ"

"ကြာချင်သလောက် ကြာစမ်းပါစေ၊ လမ်းအတိုင်းသာ သွားပါ"



"မောင်နန္ဒက အရေးမထားရမယ့်ဟာတွေကို အရေးထားနေတာကိုး"

"ကိုယ်လည်း အကျိုးမရှိဘဲနဲ့ သူတစ်ပါး အကျိုးပျက်စီးတာကို ဘယ့်နှယ် ကြောင့် အရေးမထားဘဲ နေရမလဲ"

သိန်းနက်ကြီးသည် နန္ဒကို မျက်ထောက်နီကြီးနှင့် ကြည့်ပြီး ရှေ့မှထွက်သွား သည်၊ သို့သော် ယာခင်းများကိုကား မဖြတ်တော့၊ လမ်းကြောင်းအတိုင်း လိုက်သည်။ ချိုသောနေရာများတွင် ဖြတ်လမ်းတွေ့သည်ကိုပင် မလိုက်၊ လမ်းဟောင်းအတိုင်း ဝေ့ဝတ်ကြီးကွေ့သွားသည်။ မိမိကို အရွဲ့တိုက်နေပြီဟု နန္ဒနားလည်လိုက်သည်။ သို့သော် ပြုံးဟန်ပြုနေသည်။

သိန်းနက်ကြီးသည် သူ့ကိုအဘယ်မျှ အရွဲ့တိုက်သနည်းမူ ရှေ့တွင် ပေါင်းမိုး လှည်းတစ်စီး ရှိနေသည်။ ကျော်သွားလျှင် ဖြစ်နိုင်ပါလျက် မကျော်ဘဲ လှည်းနောက်မှ အီအိနှင့် လိုက်နေသည်။

နောက်ဆုံးတွင် ပေါင်းမိုးလှည်းက လမ်းဘေးသို့ ဘီးတစ်ဖက်ချပြီး လမ်းရှောင် သည်။

ဤတွင် နောက်ထပ်ပြဿနာတစ်ခုတက်သည်။ ပြဿနာဖော်သူမှာ မောင်မောင် လေး။ ပေါင်းမိုးလှည်းပေါ်တွင် အဘိုး၊ အဘွားနှစ်ယောက်နှင့် မိန်းမပျိုနှစ်ယောက် ပါသည်။ အဖိုးအဖွားနှင့်မြေးများ ဖြစ်ကြဟန်ရှိသည်။ အဘိုးကြီးနှင့် အဘွားကြီးသည် လှည်းနောက်ပိုင်းတွင်ရှိသဖြင့် စောစောက မိန်းမပျိုကလေးများကို သူမတွေ့ရခြင်း ဖြစ်သည်။

လှည်းကို ကျော်အဖြတ်တွင်မှ လှည့်ရှေ့ပိုင်းရှိ မိန်းကလေးများကို ရုတ်ခြည်း မြင်တွေ့ကြရခြင်း ဖြစ်သည်။ လှည်းကို မိန်းမငယ်တစ်ယောက်က မောင်းခြင်းဖြစ် သည်။

မောင်မောင်လေးသည် လှည်းကိုကျော်မတက်သေးဘဲ မြင်းနင့်ယှဉ်၍ ရပ်လိုက်

"ဒို့ကိုလှည်းလမ်းဖယ်ပေးတဲ့လှည်းသမား တယ်လှိမ္မာပါကလားလို့ အောက်မေ့ တယ်၊ လိမ္မာမှာပေါ့ မနောချိုတဲ့ အပျိုချောကလေးတွေကိုး"

မိန်းခလေးနှစ်ယောက် နှုတ်ခမ်းစူကြသည်။

"မောင်ကြီးကို ရေကြည်တစ်ခွက်လောက်ပေးပါလား နှမလေးတို့ရယ်"

လှည်းမောင်းသူက အစ်မဖြစ်ဟန်ရှိသည်။ အစ်မက ပေးလိုက်ပါဟု သဘောနှင့် ပြလိုက်သဖြင့် ညီမက လှည်းနံရံတွင် ချိတ်ထားသော ဗူးခြောက်ရေဗူးကို လိုက်သည်။ နီးခွက်ထဲသို့ ရေထည့်ပြီးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေးကို အားပါးတရသောက်သည်။ ပြီးလျှင် နောက်ဘက်တွင် ရှိသော နန္ဒဘက်သို့သွားလျက်··

"သောက်ဦးမလား"

နန္ဒခေါင်းခါသည်။

"ကောင်းတယ်ဗျ၊ ရေကချိုပြီး မွှေးနေတာပဲ၊ ရေကိုကမွှေးတာပဲလား၊ ကျ နှမတွေတဖဲ မွှေးတာလားမသိဘူး၊ မွှေးတာကတော့ ဥစ္စာစောင့်မလေးနဲ့ တွေ့နေရ အတိုင်းပဲ"

မောင်မောင်လေး၏စကားကြောင့် လှည်းနောက်ပိုင်းမှ အဘိုးကြီး လှုပ်လှုပ်ရှ ရှား ဖြစ်သွားသည်။ အဘွားကြီးက အဘိုးကြီးလက်ကိုကိုင်ထားလိုက်သည်။

"မောင်မောင်လေးရေ၊ အချိန်လင့်ကုန်ပီ၊ တစ်ကြောစိုင်းလိုက်ကြဦးစို့"

နန္ဒက ပြောလိုက်သည်။ သည်တော့မှ မောင်မောင်လေးက··

"ကဲ-ငါ့နှမများ မောင်ကြီးတို့ သွားလိုက်ဦးမယ်၊ ရေအကျိုးကြောင့် ရှေ့ဘ တွေမှာလည်း အခုလိုပဲလှုကြပါစေ၊ လင်ကောင်းသားကောင်းများလည်း ရကြပါစေ"

နောက်ဘက်တွင် မိန်းမငယ်နှစ်ယောက် ကျိန်ဆဲဟန်နှင့် ကျန်ခဲ့သည်။ နန္ဒ လည်း ရှက်နေမှုသဖြင့် လှည့်မကြည့်တော့၊ တိမ်ပျံကိုသာ တစ်ဟုန်ထိုးပြေးစေသည်။

မောင်မောင်လေး၏ အပြုအမူကို နန္ဒမကြိုက်။ သို့သော် ဘာမျှမပြောဘဲ ဝမ်းထဲမှာပဲ ထားလိုက်သည်။ ခရီးဆက်ခဲ့ကြသည်။

နောက်တစ်ခါ ပြဿနာပေါ်ပြန်သည်။ ရွာထိပ်ရေတွင်းတစ်ခုတွင် ရေခပ်နေ သော မိန်းမငယ်တစ်ယောက်ကို မြင်ရသည်။ ရှေ့မှသွားသော သိန်းနက်ကြီးသည် ရေတွင်း၌ ဝါးနှစ်ရိုက်လောက်မှ ဖြတ်ကျော်သွားသည်။ သို့သော် မောင်မောင်လေးသည် သိန်းနက်ကြီးသွားသည့်အတိုင်း မလိုက်ဘဲ ရေတွင်းဆီသို့ မြင်းကို အပြင်းစိုင်းသွားသည်။

နန္ဒက မောင်မောင်လေးနောက် လိုက်သွားမည်ပြုပြီးမှ မလိုက်ဘဲ အရိပ်အက ကြည့်သည့်အနေဖြင့် မြင်းကို ဖြည်းဖြည်းစီးသွားသည်။ သိန်းနက်ကြီးက တောင်က ထိပ်မှ ရပ်လျက်စောင့်နေသည်။ နန္ဒလိုပင် မောင်မောင်လေးကို ကြည့်နေသည်။

ရေခပ်နေသော မိန်းမပျိုသည် မြင်းစီးယောကျ်ားတစ်ဦးလာသည်နေသည်ကို တွေ့ရသောအခါ အထိတ်တလန့် ဖြစ်သွားပုံရသည်။ ရေတွင်းထဲသို့ရောက်နေသော နီးရေပုံးကို ကမန်းကတန်း ဆွဲတင်သည်၊ ရေပါဟန်မရှိ။ ရေတွင်းအနီး မောင်မောင်လေး ရောက်သွားချိန်တွင် အမျိုးသမီးသည် ရေအိုးကို ခေါင်းပေါ်တင်လိုက်ပြီး ရွာဘက်သို့ သုတ်ခြေတင်တော့မည်ဟန်ပြုသည်။

မောင်မောင်လေးက မိန်းမငယ်ရှေ့မှ ပိတ်ရပ်လိုက်ပြီး တစ်စုံတစ်ခုပြောသည်။ မိန်းမငယ်က ခေါင်းခါသည်။ မောင်မောင်လေးက မြင်းပေါ်မှနေ၍ မိန်းမငယ်ဆီသို့ တမ်းလိုက်သည်။ မိန်းမငယ် နောက်သို့ကြဲ့သည်။ ခေါင်းပေါ်မှ ရေအိုးကျကွဲ သည်။ မိန်းမပျို လဲသည်။ ထဘီရင်လျားပြေကျသည်။ မောင်မောင်လေးက ခွက်ထိုး ရယ်မောသည်။ မိန်းမငယ်က ထဘီစကိုသိမ်းလျက် ရွာဆီသို့ အလဲလဲအကွဲကွဲ သည်။ မောင်မောင်လေးက မိန်းမငယ်နောက်သို့ လိုက်ဦးမည် ပြုသည်။ သို့သော် တွင် ယောကျ်ားလေးငါးဦးကို တွေ့မြင်သဖြင့် လမ်းကြောင်းပြောင်းကာ နန္ဒတို့ ပြန်လာသည်။

နန္ဒက သိန်းနက်ကြီးနှင့်အတူ ကမူထက်တွင် ရှိနေသည်။ မောင်မောင်လေး သို့ရောက်လာသောအခါ သိန်းနက်ကြီးနှင့် နှစ်ယောက်သား ရယ်ကြသည်။ နန္ဒက ထားတည်တည်ဖြင့်··

"ကိုယ့်လူတို့ လုပ်ပုံက မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ"

သိန်းနက်ကြီးက မေးသည်။

"သူတစ်ပါးသားသမီးကို သမီးချင်းမစာ နှမချင်းမစာ"

"ကျုပ်က ဘာလုပ်လို့လဲ၊ ကျုပ်က ကောင်းကောင်းမွန်မွန် ရေတောင်း တာပဲ၊ သူ့ဘာသူ မွန်ထူပြီးဖြစ်လာတာ ဘယ်တတ်နိုင်မလဲ"

မောင်မောင်လေးက ပေါ့ပေါ့တန်ပြောသည်။ နန္ဒ ဒေါသထွက်သွားသည်။ သော် ဒေါသကို မျိုသိပ်ထားလိုက်ပြီး··

"ရေကလည်း သောက်ပဲ သောက်ချင်လွန်းလှတယ်၊ ခုနကပဲ တစ်ခါသောက်"

"နေပူတော့ ရေငတ်တာပေါ့"

နန္ဒ ဘာမျှမပြောတော့ဘဲ ရှေ့မှသွားသည်။ သိန်းနက်ကြီးနှင့် မောင်မောင်လေးတို့ မှလိုက်သည်။ တိမ်ပျံကို သူတို့လိုက်၍မမီ၊ နန္ဒကလည်း သူတို့ကို မစောင့်၊ င်းမျှပင် မကြည့်၊ တစ်စထက်တစ်စ ပြတ်သွားသည်။

တံတားဦးသို့ဝင်ခါနီးမှပင် အုပ်ဆိုင်းဝေဆာသော ညောင်ပင်ကြီးတစ်ပင်အောက် နန္ဒရပ်သည်။ အတန်ကြာမှ သိန်းနက်ကြီးနှင့် မောင်မောင်လေးတို့ ရောက်လာ သည်။ မြင်းကောလှကော ဟောဟဲလိုက်နေကြသည်။

"အမောပြေ ရေသောက်ကြပါဦး၊ နေကလည်း ပူတယ်"

နန္ဒက ညောင်ပင်ရင်းမှ ရေချမ်းစင်ကို မေးထိုးပြရင်း ပြောသည်။ ဟောဟဲလိုက် နှစ်ဦးသည် အောင့်သက်သက်နှင့် ရေချမ်းစင်သို့ လျှောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ဃ ]

သွေးသောက်ကြီး ဦးတိုင်းကျော်ကို တံတားဦးတွင် သူတို့ရှာဖွေမတွေ့ရှိ။ ဦးတိုင်းကျော်ကို တံတားဦးက မသိရှိသောကြောင့် မဟုတ်ပါ။ လူတိုင်းသိရှိပါသည်။ ကလေးကအ သိရှိပါသည်။ ဦးတိုင်းကျော်၏အမည်ကို ပြောလိုက်သည်နှင့်တစ်ပြိုင်နက် မျက်လုံးကြီးများပြူး၍ ပါးစပ်ကြီးများ ပြဲသွားတတ်ကြပါသည်။ ထို့နောက် ခေါင်းကို တွင်တွင်ကြီး ခါယမ်းကြပါသည်။ အေးဘီကို မလုံလဲသော၊ ကြောက်ရွံ့သော မျက်လုံးများဖြင့် ကြည့်ကြပါသည်။

သွေးသောက်ကြီး ဦးတိုင်းကျော် တံတားဦးမြို့ပေါ်တွင် မရှိကြောင်းကိုသာ သူတို့ပြောနိုင်သည်။ ဘယ်မှာရှိကြောင်းကိုကား သူတို့မပြောနိုင်ချေ။

တစ်စတစ်စနှင့် သူတို့ သိရှိလာရသည်မှာ သွေးသောက်ကြီး ဦးတိုင်းကျော်မှာ တံတားဦးနယ်တစ်ဝိုက်တွင် ထင်ရှားကျော်ကြားသူတဦးဖြစ်သည်။ ဘုရင့်စစ်တော်များက အသေရရ၊ အရှင်ရရ လိုက်လံဖမ်းဆီးခြင်းခံနေရသော သူပုန်ကြီးတစ်ဦး ဖြစ်သည်။ သီပေါဘုရင်ကို နန်းမှချ၍ ညောင်အုပ်မင်းသားကို နန်းတင်ရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်သည်။

"တဲ-ကိုနှနှကြီးရေ‥ခင်ဗျားရဲ့ရှာပုံတော်ခရီးက အန္တရာယ်ကြီးလှတယ်၊ တော်ကြာနေ တော်ကြာနေ ကျုပ်တို့ပါ သူပုန်သူကန်နဲ့ ဆက်သွယ်သူဆိုပြီး သုဿန်တစပြင်မှာ တံကျင်လျှိုပြီး အသတ်ခံနေရဦးမယ်"

မောင်မောင်လေးက ယင်းသို့ ပြောလာသောအခါ နှနှက ခေါင်းညိတ်လျက်‥

"ဟုတ်ပြီလေ‥ကျုပ်ကိစ္စ ပြီးပြီပေါ့၊ ခင်ဗျားသူငယ်ချင်းဆီကို သွားပြီးရင် တံခွန်တိုင်ကို ပြန်ကြရုံပဲပေါ့"

သို့ဖြင့် မြင်းသည်တော်သုံးဦးသည် ငါးရာဖျား ကင်းတပ်စခန်းသို့ သွားရောက်ကြသည်။ ငါးရာဖျားရွာသည် ရောဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ရောဝတီမြစ်သည် ထိုနေရာတွင် အရှေ့မှအနောက်သို့ စီးဆင်းပြီး လက်ဆောင်ယူရွာသို့ ရောက်သောအခါတွင်မှ မြောက်ဘက်သို့ ကွေ့စီးသွားသည်။ မြစ်သည် ပုဏ္ဏားခြံသို့ရောက်မှ အနောက်သို့ စီးပြန်လေသည်။ ငါးရာဖျားမှနေ၍ အရှေ့သို့မျှော်လျှင် မြစ်သည် ဖြောင့်ဖြောင့်စင်းစင်းကြီး ဖြစ်၏။ အမရပူရကိုလွန်မှ မြောက်ဘက်သို့ ချိုးကွေ့သွားသည်ဖြစ်၏။ အမှန်တော့ ရောဝတီသည် စစ်ကိုင်းမြို့ကို ပဓောက်သဏ္ဌာန် ရစ်ပတ်နေခြင်း ဖြစ်သည်။

စစ်ကိုင်းဘက်ကမ်းသည် သဲသောင်များထွန်း၍ သည်ဘက်ကမ်းသည် မြင့်မတ်စောက်ချော်သည်။

ကင်းတပ်စခန်းသည် ရွာထိပ်တွင် ရှိသည်။ ထန်းလုံးများ ကာရံထားသည်



သုံးဦးကို တံခါးမှူးက ကင်းတပ်တွင်းသို့ ဝင်ခွင့်မပြု။ မောင်မောင်လေး တွေ့လို ကင်းတပ်မှူး မရှိဟု ဆိုသည်။ ကင်းတပ်မှူး ဘယ်သွားနေသည်ကို အလွယ် မေး၍မရချေ။ တံခါးမှူးက နောက်တစ်ခေါက်လာရန်သာ တွင်တွင်ကြီး ပြော ည်။

ကင်းတပ်တွင်းမှ ဆူညံသော အသံများ ထွက်ပေါ်လျက်ရှိသည်။ ဂရုစိုက်၍ သောင်သောအခါ ကင်းတပ်သားများ ကြွေအံကစားနေကြခြင်း ဖြစ်သည်။

မောင်မောင်လေးက သူနှင့်ကင်းတပ်မှူး ပုဏ္ဏကတို့သည် သူငယ်ချင်းများ ကြောင်း အထပ်ထပ်ပြောသော်လည်း တံခါးမှူးသည် ခေါင်းမာမြဲမာနေသည်။ ဆုံးတွင် မောင်မောင်လေးက ကင်းတပ်အတွင်းသို့ အတင်းဝင်မည်ပြုသောအခါ မှူးက လှံရှည်ဖြင့် ကန့်လန့်ဖြတ်တားသည်။

သိန်းနက်ကြီးက လှံကို ခြေဖျားဖြင့်ခတ်လိုက်ပြီး တံခါးမှူးကို ခါးမှကိုင်မြှောက် ပစ်လိုက်သည်။ တံခါးမှူး၏ ကြောက်လန့်တကြားအော်ဟစ်သံသည် တပ်စခန်း လုံးကို လွှမ်းသွားသည်။

ထိုအခါတွင် ကြွေအံကစားနေကြသော ကင်းတပ်သားများ လှံများကို ဆွဲကိုင်ပြီး ရှိရာသို့ ပြေးလာကြသည်။

မောင်မောင်လေးက အနည်းငယ် တုန်လှုပ်သွားဟန်ပြသော်လည်း သိန်းနက်ကြီး တံခါးဝတွင် လူဝံကြီးတစ်ကောင်လို မားမားကြီးရပ်နေသည်။ နှနှကမူ ပွဲကြည့် သာ မြင်းပေါ်တွင် အေးဆေးစွာ ရှိနေသည်။

အလုအယက် ပြေးလွှားလာကြသော ကင်းသမားများသည် မားမားကြီးရပ်နေ သိန်းနက်ကြီးနှင့် မြင်းပေါ်တွင် လေကလေးတချွန်ချွန်နှင့် အေးဆေးစွာရှိနေသော တွေ့မြင်သောအခါ ခြေလှမ်းတုန့်သွားကြသည်။ သူတို့နှင့် နှစ်လှမ်း သုံးလှမ်းကွာ တွင် ရပ်နေကြသည်။

"ဟော့-မင်းတို့ဗိုလ်ပုဏ္ဏက ဘယ်မလဲကွ၊ ငါတို့ သူနဲ့တွေ့ရအောင် နေပြည် လာခဲ့တာ"

သိန်းနက်ကြီး မိုးချုန်းသံနှင့် မေးလိုက်သည်။

"ဗိုလ်မင်း မရှိပါဘူး၊ ရွာထဲကို သတင်းစနည်းနာရအောင် သွားပါတယ်"

"အေး‥စောစောက အဲသည်လိုပြောပါလား၊ သူကြီးအိမ်မှာလား"

"မှန်ပါတယ် ဗိုလ်မင်း"

"အေး‥ငါတို့သွားမယ်၊ မင်းတို့နောက်တစ်ခါ ကြွေအံကစားနေတာတွေ့ရင် လုံး နေပူလှန်းခံရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ထွက်လာသောအခါ တစ်တပ်လုံး ငြိမ်၍ကျန်ရစ်သည်။ သိ
နက်ကြီးက သူ၏အောင်မြင်မှုအတွက ရင်ကော့လျက်ရှိသည်။ မောင်မောင်လေးကလည်
မိုးမဆုံးလေမဆုံး ချီးကျူးခန်းဖွင့်လျက်ရှိသည်။ နန္ဒက နားမကြားဟန်။

| ၄

ရွာတစ်ရွာတွင် သူကြီးအိမ်ကို ရှာရန်မခက်ပါ။ ရွာထိပ်ရှိ အကောင်းဆုံး အဆောက်အ
သည် ဘုန်းကြီးကျောင်းဖြစ်၍ ရွာလယ်ရှိ အကောင်းဆုံး အဆောက်အဦသည် သူကြ
အိမ်ပင် ဖြစ်သည်။

ပုဏ္ဏကကို သူကြီးအိမ်တွင် အဆင်သင့်ပင် တွေ့ရသည်။ ပုဏ္ဏက,က မော
မောင်လေးကို ဖက်လှဲတကင်း ကြိုဆိုသည်။ နန္ဒနှင့် သိန်းနက်ကြီးတို့ကိုလည်း အဖေ
ဖေ၍ နေရာချထားသည်။

"နောင်တော်တို့ ရောက်လာတာနဲ့ ကြက်သားအိုးကျတာနဲ့အတော်ပဲ၊ ဖော
ကားက မောင်မောင်သောက်တဲ့ ပင်ကျရေကလေးနဲ့ တည်းလိုက်ကြရအောင်"

ပုဏ္ဏကက အတတ်နိုင်ဆုံး ချိုသာယဉ်ကျေးစွာ ပြောဆိုပုံရသော်လည်း သူ့အ
ထ ကြွဲအက်ပြာနှမ်းသည့် စကားလုံးများ၊ မာကြောထောင့်ရောင့်သည်။ သူ၏ကြန်အ
လက္ခဏာကလည်း အမည်နှင့်လိုက်အောင် ကြမ်းတမ်းသည်။ သူ့ကိုကြည့်ရသည်
တင်းတပ်မိုလ်နှင့်မတူဘဲ လက်မရှိ ပါးကွက်အာဏာသားတစ်ယောက်နှင့် တူသည်

အရပ်ပုပုပ်ပုပ်၊ အသားမဲမဲကြုတ်ကြုတ်၊ မျက်လုံးပြူးသည်။ နှာခေါင်း ပွယော
သည်။ ပါးစပ်ပြဲသည်။ ခြေဆစ်လက်ဆစ်များတိုသည်။ လက်ဖဝါး၊ ခြေဖဝါး ကြ
သည်။

"ရေတတ်တုန်း ရေတွင်းထဲကျတယ်ဆိုတာ ဒါမျိုးပဲထင်ပါ့၊ အင်းလေ··ကို
ဘုန်းကိုယ့်ကံကြောင့် ဖြစ်ရတာပဲ"

မောင်မောင်လေးက ခေါင်းရင်းဖက်တွင် တင်ပျဉ်ခွေထိုင်ရင်း ပင်ကျရေ
မြည်းလိုက်သည်။ သိန်းနက်ကြီးကလည်း အားကျမခံ နီးခွက်ကြီးတစ်ခွက်ကို တစ်
တည်း မော့ချလိုက်သည်။

"ဟိုဖက်က ဗိုလ်မင်းကော သုံးဆောင်ပါ"

ပုဏ္ဏက,က နန္ဒကို ဧည့်ဝတ်ပြုသည်။

"သူက အလုံကလာတဲ့ ဧည့်သည်ပါ၊ ကိုနန္ဒတဲ့၊ ကျုပ်တို့အိမ်မှာတည်းတယ်

မောင်မောင်လေးက မိတ်ဖွဲ့ပေးသည်။ ပုဏ္ဏက,က··

"ဩော်··ဩော်··"



"ကိုနန္ဒ နေပြည်တော်ကို လာတာကတော့ ဘုရင့်အမှုတော်ကိုထမ်းဖို့ပဲ၊ တံတား
ဦးကိုလာတာကတော့ သွေးသောက်ကြီး ဦးတိုင်းကျော်နဲ့တွေ့ဖို့ပဲ"

"ဘယ်က သွေးသောက်ကြီးရမှာလဲ၊ ငတိုင်းကျော်က သူပုန်ပဲ"

ပုဏ္ဏက,က ရင့်သီးစွာ ဆိုသည်။ နန္ဒမှာ သူ့စကားကြောင့် နာရခက် မနာရခက်၊
အောင့်သက်သက်ဖြစ်ရသည်။ ထို့ကြောင့် လေသံပြတ်ပြတ်ဖြင့်··

"ကျုပ်ကိစ္စပြီးပါပြီ၊ ခင်ဗျားတို့ကိစ္စပြီးရင်ပြန်ကြရုံပဲ"

"ကျုပ်ကိစ္စကလည်း ဘာမှအထူးအထွေမရှိပါဘူး၊ စားကြသောက်ကြပြီးရင်
ပြန်ကြရုံပါပဲ"

မောင်မောင်လေးက ဆိုသည်။ ပုဏ္ဏက,က··

"ဖြည်းဖြည်းပေါ့၊ ရောက်တုန်းရောက်ခိုက် စားကြသောက်ကြပါဦး၊ ခဏလေး
ကြာရင် အမှုတစ်ခုစစ်မလို့၊ နေပြည်တော်က ဗိုလ်မင်းများလည်း ကူညီပြီးစစ်သွားကြ
ပါဦး"

"ဘာမှုလဲ"

"ကျုပ်တို့ဆီမှာတော့ သူပုန်မှုပဲပေါ့"

"ဘယ်တော့စစ်မှာလဲ"

"သူပုန်ရဲ့အနွယ်တွေကို အခုပဲ သွားခေါ်ခိုင်းထားပါတယ်၊ လာပါလိမ့်မယ်၊
သူကြီးမင်းကိုယ်တိုင် ခေါ်ခဲ့ပါလိမ့်မယ်၊ အလုံက နောင်ကြီး သောက်ပါဦး"

ပုဏ္ဏက,က နန္ဒကို ဒုတိယအကြိမ် တိုက်တွန်းသည်။ နန္ဒက သူပုန်မှုစစ်မည်
ဆို၍ စိတ်ဝင်စားသွားသည်။ ဦးတိုင်းကျော်နှင့်ပတ်သက်သော သဲလွန်စများ ရလိမ့်မည်
ဟုမျှော်လင့်သည်။ ယခုအခိုက်အတန့်တွင် ရေလိုက်ငါးလိုက် နေသင့်သည်ဟု အောက်မေ့
သည်။ သိန်းနက်ကြီး ထန်းရည်မူးလျှင်လည်း တံခွန်တိုင်အိမ်ကြီးအကြောင်း သိရဦးမည်။
အရေးကြီးသည်က မိမိမမူးဖို့ပင် ဖြစ်သည်။ သို့သော် လုံးဝမသောက်ဘဲနေလျှင်လည်း
မကောင်းပေ။

နန္ဒတစ်ကျိုက် သောက်လိုက်ပြီး ကြက်သားတစ်ဖတ်ယူလိုက်သည်။

"မြို့စားကလေးတို့ အောက်ပြည်က ဘယ်တုန်းက ပြန်ရောက်သလဲ"

ပုဏ္ဏက,က မောင်မောင်လေးကို မြို့စားလေးဟု ခေါ်သည်။

"မနေ့ကပဲ ပြန်ရောက်ကြတယ်"

"ဒီလိုဆို မနေ့က ကျုပ် ရွှေနန်းတော်ကအပြန် ဝင်ခဲ့ရင်တွေ့မှာပေါ့၊ ကျုပ်
ခင်ဗျာလို့တော့စိတ်ကူးသား အနားတောင်ရောက်နေပြီ"

"ဘာလိုမဝင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



''ပြောလို့ပြောတာမဟုတ်ဘူး၊ တံခွန်တိုင်အိမ်ကြီးကို ကျုပ် ကြောက်တယ်''

''ဘာဖြစ်လို့လဲ''

''တံခွန်တိုင်အိမ်ကြီးဟာ ကျိန်စာဆိုးသင့်နေတယ်လို့ ကျုပ်ကို မနေ့မနက်ကပဲ လူတစ်ယောက်က ထပ်ပြောလိုက်သေးတယ်၊ အရင်ကလည်း ကျုပ်ကြားဖူးပါတယ်''

''ဘယ်သူကလဲ''

''ဘယ်သူလဲဆိုတာ မပြောပါရစေနဲ့တော့၊ သူပြောတာကတော့ တံခွန်တိုင်အိမ်ကြီးမှာနေတဲ့ လူတွေတော့မဟုတ်ဘူး၊ အဝင်အထွက်လုပ်တဲ့သူတွေပါ၊ ခိုက်နိုင်တယ်တဲ့''

ပုဏ္ဏက,က သူသိသမျှကို မထိမ်မချန်ပြောသည်။ ပြောသင့်မပြောသင့် လုံးဝမချိန်ဆ။

''ဟား..ဟား..ဟား..ဘယ်ခွေးမသားက တံခွန်တိုင်အိမ်ကြီးကို ကျိန်စာသင့်နေတယ်လို့ ပြောရတာလဲ၊ တံခွန်တိုင်အိမ်ကြီးဟာ ဘုမိနက်သန်မှန်တဲ့ အောင်မြေဗျ၊ အောင်မြေ''

သိန်းနက်ကြီးက ထ၍အော်သည်။ ဤလူကြီးသည် ထန်းရည်နည်းနည်းဝင်သည် ဆိုသွင်ဝင် ပါးစပ်ထဲရှိရာ ပြောတော့သည်ထင်၏။ မောင်မောင်လေး မျက်လုံးပြူးသွားသည်။ ပုဏ္ဏကကို တောင်းပန်သည့်မျက်လုံးဖြင့် ကြည့်သည်။ ပုဏ္ဏက,က စိတ်ဆိုးပုံမရ။

''ဆိုစမ်းပါဦးဗိုလ်မင်းရ..တံခွန်တိုင်အိမ်ကြီးဟာ ဘာပြုလို့ အောင်မြေဖြစ်ရတာလဲ၊ ညီတော်မောင် ကြားဖူးတာကတော့ သည်အိမ်ကြီးကိုဆောက်တုန်းက လူတွေအများကြီးသေခဲ့တယ်တဲ့၊ အဲသည်သေတဲ့သူတွေရဲ့ ဝိညာဉ်တွေဟာ အမြဲတမ်း ကျိန်စာရွတ်နေတယ်တဲ့''

''တော်ကြတော့..တော်ကြတော့၊ ဘာပြုလို့ သည်ကျိန်စာတွေ အောင်မြေတွေအကြောင်း ပြောနေကြသလဲ၊ ကျိန်စာဆိုတာ လူကဖြစ်လာတာပါ၊ သည်လိုသာ ကျိန်တိုင်းဖြစ်ရင် အားလုံးခက်ကုန်ရောပေါ့၊ လူတွေကပြောကြတယ်၊ တစ်နေ့ကျရင် ကျုပ်တို့တံခွန်တိုင်အိမ်ကလူတွေဟာ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သတ်ကြဖြတ်ကြလိမ့်မယ်တဲ့၊ ဒါအဆန်းလား၊ နန်းတော်ထဲက မင်းညီမင်းသားတွေလည်း တစ်ယောက်နဲ့တစ်ယောက် သတ်နေကြတာပဲ၊ ရပ်ထဲရွာထဲက ညီအစ်ကိုမောင်နှမတွေလည်း သတ်နေကြတာပဲ၊ သတ်စရာအကြောင်းပေါ်လာရင် သတ်ရမှာပေါ့၊ ချစ်စရာအကြောင်းပေါ်လာရင် ချစ်ရမှာပေါ့''

မောင်မောင်လေးက မင်နှင့်မောင်းနှင့် ပြောလိုက်သောအခါ အားလုံးငြိမ်ကျသွားသည်။ နန္ဒပင် မောင်မောင်လေး၏စကားများ မှန်သည်ဟု ယူဆမိသည်။



ထိုစဉ်တွင် အိမ်ရှေ့မှ ဆူဆူညံညံအသံများ ကြားရသည်။ တစ်ယောက်က..

''သူကြီးမင်းတို့ လာကြပြီ၊ သူပုန်တွေ ဖမ်းလာပြီ''

[ ၈ ]

သူပုန်တွေဖမ်းလာပြီဆို၍ နန္ဒ ခေါင်းထောင်၍ကြည့်လိုက်သည်။ ဘုရား..ဘုရား၊ လမ်းသွင်တွေ့ခဲ့သော မြေးအဘိုး၊ မြေးအဘွားလေးယောက်ပါတကား။

သူကြီးမင်းဆိုသည်နှင့် နောက်ပါတစ်စုက မိန်းမငယ်နှစ်ဦးနှင့် အဘိုးကြီးအဘွားကြီးနှစ်ဦးကို နွယ်ကြိုးဖြင့်သီကာ ဒရွတ်တိုက်ခေါ်လာသည်။ လမ်းတွင်လည်းရုန်းထောင်း ရိုက်နှက်လာဟန်ရှိသည်။ လေးယောက်သား၏ကိုယ်တွင် အညိုအမဲများ၊ အကြိတ်အပြဲများ ရှိနေသည်။ သွေးနှင့်မျက်ရည်များ ဖုံးလွှမ်းနေသည်။ အဝတ်အစားများ စုတ်ပြဲ ပြတ်သတ်လျက်ရှိသည်။

''ဟဲ့-သူကြီး''

ပုဏ္ဏက,က တံခါးဝတွင်ခါးထောက်ရပ်ရင်း သူကြီးကို ခေါ်လိုက်သည်။

''မှန်လှပါဘုရား''

သူကြီးမှာ အသက်ငါးဆယ်ကျော်ပြီဖြစ်သည်။ သို့သော် မိမိသားအရွယ် ပုဏ္ဏကရှေ့တွင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

''သည်သေကောင်နှစ်ယောက်က ဘာလုပ်ဖို့လဲ''

ပုဏ္ဏက,က အဘိုးကြီးအဘွားကြီးနှစ်ယောက်ကို ခြေထောက်ဖြင့် ညွှန်ပြရင်းမေးသည်။

''သူတို့နှစ်ယောက်လည်း သည်သူငယ်မနှစ်ယောက်နဲ့ လှည်းပေါ်မှာ အတူတူပါလာလို့ပါဘုရား''

''ဘယ်လှည်းပေါ်မှာလဲ''

''သူပုန်တွေဆီကို ရိက္ခာသွားပို့တဲ့လှည်းပေါ်မှာပါ ဘုရား''

''မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်တို့က သူပုန်မဟုတ်ဘူး၊ ကျုပ်တို့ ဈေးဝယ်ပြီးပြန်လာတာ''

အငယ်မက အော်ပြောသည်။ ပုဏ္ဏက,က မကြားဟန်ပြုလျက်..

''ကျုပ်မေးနေတာက သည်သေခါနီးတွေကို ဘာလုပ်ရမလဲလို့ မေးနေတာကြားရဲ့လားသူကြီး''

''ကြားပါတယ်ဘုရား''

''ကြားရင် ပြောစမ်း''

www.burmeseclassic.com

www.burmeseclassic.com

"သူတို့လည်း သူပုန်ပါပဲဘုရာ့"

"တယ်··သည်သူကြီး၊ တယ်နားဝေးတာကိုး၊ သူပုန်ပေမယ့် သေကာနီးကြီး တွေဆိုရင် ကျုပ်ဆီကို မခေါ်ခဲ့နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"မှန်လှပါဘုရား"

"မှန်လှပါလုပ်မနေနဲ့၊ သည် လင်းတစာကြီးတွေကို အခုခေါ်သွား"

သူကြီး၏နောက်လိုက်များက အဘိုးကြီးနှင့် အဘွားကြီးကို အတင်းဆွဲခေါ်သွား ကြသည်။ ညီအစ်မနှစ်ယောက်က အတင်းရုန်းကန်ပြီး အဘိုးကြီးနှင့်အဘွားကြီးကို ဆွဲထားကြသည်။ သို့သော် အားမတန်သဖြင့် သူကြီးအိမ်ထဲတွင် ညီအစ်မနှစ်ယောက်သာ ရှက်ရည်စက်လက်နှင့် ကျန်ရစ်သည်။

"ဟော့-သူတို့ကိုယ်မှာ ဘာတွေဝှက်ထားသလဲလို့ ရှာပြီးကြပလား"

ပုဏ္ဏက‚က မေးသည်။

"ရှာပြီးပါပြီဘုရား"

"မင့်အမေလင် ရှာပြီးတာလား၊ မင်းတို့လုပ်လိုက်ရင် ဝတ်ကြေတန်းကြေပဲ သေသေချာချာသိရအောင် အဝတ်တွေအားလုံးချွတ်ပြီး ရှာလို့ ငါဘယ်နှစ်ခါပြောရမလဲ"

ပုဏ္ဏက၏စကားမဆုံးမီမှာပင် သူကြီး၏လူများနှင့် ပုဏ္ဏက၏ တပ်သားများ သည် မိန်းတလေးနှစ်ဦး၏ကိုယ်မှ အဝတ်များကို မညှာမတာ ဆွဲဖြဲကြသည်။ တဟေး ဟေး တဟားဟားနှင့် ဖြစ်သည်။

နန္ဒသည် မိမိ၏ရှေ့မှောက်တွင် တရားလက်လွတ်ပြုမူနေသူများကို ဆက်လက်ရှု ကြည့်မနေနိုင်တော့သဖြင့် မားကို ဝင်းခနဲနေအောင် ဆွဲချွတ်ကာ အိမ်ပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။

လျှပ်တပြက်အတွင်းမှာပင် လူစိတ်ကင်းမဲ့နေသူများအနီးသို့ ရောက်ရှိသွားသည်။ အားလုံး အံ့သားသင့်ပြီး ငေးကြောင်နေစဉ်မှာပင် လူမဆန်သူသုံးဦးကို နန္ဒက မြေပြင် တွင် လဲကျသွားစေပြီးဖြစ်သည်။ ကျန်လူများကလည်း ဘေးသို့ရှဲသွားကြသည်။

ပုဏ္ဏကနှင့် သူ့လူနှစ်ယောက် ဓားလွတ်ကိုယ်စီနှင့် ရှေ့တိုးလာကြမည်ရှိသည်။

"တစ်ယောက်မှ ရှေ့မတိုးနဲ့၊ ကျုပ်ဓားက ဇက်မရွေးဘူး"

နန္ဒက ကြိမ်းဝါးလိုက်သည်။

"လက်စသတ်တော့ မြို့စားလေးရဲ့လူက လူစွမ်းကောင်းပါလား"

"ကျုပ်က လူစွမ်းကောင်းလည်း မဟုတ်ဘူး၊ မင်းတို့လို လူဟောင့်ရမ်းတွေလည်း မဟုတ်ဘူး"

"ကျုပ်တို့ဟာ ဘုရင့်အမှုထမ်းတွေဆိုတာ သတိထားပါ၊ ကျုပ်တို့ဟာ သူပုန်တွေကို နှိမ်နင်းနေတယ်ဆိုတာ သတိထားပါ"

"လာပြန်ပြီလား သည်သူပုန်၊ မင်းတို့လုပ်ချင်ရာ လုပ်ပြီး နောက်ဆုံးကျရင် သူပုန်ပဲ လက်ညှိုးထိုးတာပဲ၊ ကျိန်စာသင့်နေတာက တံခွန်တိုင်အိမ်ကြီးမဟုတ်ဘူး၊ တိုင်းသူပြည်သားတွေ၊ တိုင်းသူပြည်သားတွေဟာ မင်းတို့လို လူဆိုးလူညစ်တွေရဲ့ ကျိန်စာ အောက်မှာ နစ်မွန်းနေကြတာ၊ ကြာရင် လူမျိုးပါပျောက်တော့မယ်"

ပုဏ္ဏကနှင့်နန္ဒ စကားဆိုနေကြစဉ်တွင် ဘုရင့်တပ်မတော်သားနှစ်ဦးသည် ဘေး အစ်ဖက်တစ်ချက်စီမှ လှံကိုကိုင်စွဲလျက် ပြေးဝင်လာကြသည်။ နန္ဒက မျက်စိလျင်သဖြင့် အချိန်မီ တိမ်းရှောင်လိုက်နိုင်သည်။ သို့သော် သူ့နောက်ဘက်မှနေ၍ ဝါးရင်းတုတ်ဖြင့် ကျောတစ်ချက်ကို ရိုက်ချလိုက်သည်ကိုကား ရှောင်ချိန်မရတော့ပေ။

နန္ဒ ရှေ့သို့ငိုက်ကျသွားသည်။ နန္ဒကိုရိုက်သူမှာ မောင်မောင်လေး ဖြစ်ချေသည်။ ဘာကိုမျှမကြားတော့၊ ဘာကိုမျှ မမြင်တော့။

[ ဆ ]

သတိရလာလျှင် ရလာချင်း ဓားကိုဆွဲသည်။ သူ့အနီးအနားတွင် သူ့ဓားမရှိ။ အခြား လက်နက်မျှလည်း မရှိချေ။ မောင်မောင်လေးနှင့် သိန်းနက်ကြီးမှတစ်ပါးလည်း သူမျှ မရှိချေ။

ညနေစောင်းနေပြီဖြစ်သည်။

နန္ဒ၏အရိပ်အကဲကို မောင်မောင်လေးနှင့် သိန်းနက်ကြီးတို့သည် ခပ်လှမ်းလှမ်း မှ ကြည့်နေကြသည်။ နန္ဒက သူ့ခေါင်းကို စမ်းကြည့်လိုက်သည်။ ကွမ်းသီးလုံးခန့် သော အဖုကြီးကို တွေ့ရသည်။ ဖိကြည့်သောအခါ အနည်းငယ်နာသည်။ သူ့ခေါင်း အနည်းငယ်မူးနေဆဲဖြစ်သည်။

"ကျုပ်ခေါင်းကို နောက်ကနေ ရိုက်လိုက်တာ ကိုမောင်မောင်လေးပဲမဟုတ် လား"

"မလွှဲသာလို့လုပ်လိုက်ရတာပါ ကိုနန္ဒ၊ ကျွန်တော် သည်လိုမှမလုပ်ရင် ပုဏ္ဏက တို့က ကိုနန္ဒကို တပ်နဲ့ဝိုင်းဖမ်းကြမှာ၊ တစ်ယောက်နဲ့အများဆိုတော့ ကိုနန္ဒခံရမှာစိုးလို့ပါ"

မောင်မောင်လေးက တောင်းပန်သည့်လေသံဖြင့် ပြောသည်။

"သေကာမှသေရော၊ ကိုယ့်ရှေ့မှာ မတရားလုပ်နေတာကိုတော့ လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး"

နန္ဒ၏စကားကို သူတို့အငြင်းမပွား၊ နှစ်ယောက်စလုံး အာစေးထည့်ထားသကဲ့သို့ ငြိမ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏကတို့ကော"

"တပ်စခန်းကို ပြန်သွားကြပြီ"

"ညီအစ်မနှစ်ယောက်ကော"

"ပြန်လွှတ်လိုက်ပြီ"

"ကိစ္စဝိစ္စပြီးကြပြီပေါ့၊ မိန်းကလေးနှစ်ယောက်ကို အဖျိုရည်ဖျက်လိုက်ကြပြီ ပေါ့ ဟုတ်လား"

"ပုဏ္ဏကတို့ပါ"

"ခင်ဗျားတို့ကော မပါဘူးလား"

"အများ မိုးခါးရေသောက်တော့.."

"ခင်ဗျားတို့နှစ်ယောက်လည်း သောက်လိုက်ကြတာပေါ့ ဟုတ်လား"

အဖြေမရ။

"ခင်ဗျားတို့ ဒါလောက် အကြံပက်စက်လိမ့်မယ်လို့ ကျုပ် မထင်မိဘူး"

"ကိုနန္ဒကို ကျွန်တော် တစ်ခုတောင်းပန်ချင်ပါတယ်"

"ဘာလဲ"

"အခုကိစ္စတွေကို ဘာဘုရားကို ပြန်မပြောပါနဲ့"

နန္ဒ အတန်ကြာ စဉ်းစားချိန်ဆနေသည်။

"ကောင်းပြီလေ၊ သည်တစ်ကြိမ်တော့ ရှိပစေဦးတော့၊ နောက်တစ်ကြိမ်တော့ မြို့စားကြီးကို ပြောရုံတင်မဟုတ်ဘူး၊ ခင်ဗျားတို့နှစ်ယောက်စလုံးကို ကျုပ်ကိုယ်တိုင် ဆုံးမရလိမ့်မယ်"

မောင်မောင်လေးက နန္ဒဆီသို့ လျှောက်လာပြီး ဓားကို မရဲတရဲဖြင့် ပြန်ပေး သည်။ နန္ဒက ဓားကိုယူလိုက်ပြီး..

"အခု ကျုပ်တို့ ဘာလုပ်ရမှာလဲ"

"ပြန်ကြရုံပဲ"

"ခင်ဗျားတို့နဲ့တောင် အတူမပြန်ချင်ဘူး၊ ခင်ဗျားတို့က ကျိန်စာသင့်နေတဲ့ သူတွေ"

နန္ဒ၏စကားကြောင့် မောင်မောင်လေးတို့ အထိတ်တလန့်ဖြစ်သွားကြသည်။

"ဘာကျိန်စာလဲ"

သိန်းနက်ကြီးက အသံကွဲသံကြီးနှင့်မေးသည်။

"တံခွန်တိုင်ကျိန်စာတော့ ကျုပ်မသိဘူး၊ ခင်ဗျားတို့နှစ်ယောက် တိုင်းသူပြည် သားတွေရဲ့ ကျိန်စာသင့်တာတော့ အမှန်ပဲ"



နှစ်ယောက်စလုံး၏မျက်နှာများ ထုံးကဲ့သို့ ဖြူဖွေးသွားကြသည်။ သူတို့ကို အစိုင်တစ်ခုက ချက်ချင်းခြောက်လှန့်လာဘိသကဲ့သို့...

[ ၈ ]

ငါးရာများရွာမှ သူတို့ထွက်ခဲ့ကြသောအခါ နေလုံးကွယ်ပျောက်ပြီဖြစ်သည်။ သူတို့ ထွက်ခွာသွားကြသည်ကို ရွာသူရွာသားများသည် အကွယ်အကာများမှ ချောင်းမြောင်း ကြည့်ရှုနေကြသည်။

ငါးရာဖျား ကင်းတပ်စခန်းသည်လည်း ငြိမ်သက်လျက်ရှိသည်။ နန္ဒက အန္တရာယ် ရှိသလားဟု သတိထားသော်လည်း ကင်းတပ်ဆီမှ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရ။

သိန်းနက်ကြီးနှင့် မောင်မောင်လေးတို့သည် တစ်စစ နက်ရှိုင်းလာသော အမှောင် ထုကို ကြောက်ရွံ့သည့်အလား မြင်းများကို အပြင်းစိုင်းလျက်ရှိသည်။ နန္ဒက မျက်ခြည် မပြတ်အောင် လိုက်ရသည်။

တောအုပ်ငယ်တစ်ခုကို ဖြတ်သန်းရမည်ရှိသောအခါ သိန်းနက်ကြီးတို့သည် ရပ်ဆိုင်းလျက်ရှိကြသည်။ နန္ဒကို စောင့်သည့်အနေဖြင့် တောစပ်တွင်ရပ်နေကြသည်။ နန္ဒက ဘာမျှမပြောဘဲ သူတို့ကိုဖြတ်ကျော်ကာ တောအုပ်တွင်းသို့ဝင်သွားသည်။ ထိုအခါ နောက်မှ မြင်းနှစ်စီးသည် သူ့ကိုမီအောင် လိုက်လာကြလေသည်။

တောအုပ်အတွင်း၌ အလင်းရောင်မရှိ၊ သူတို့မြင်းပေါ်မှ ဆင်းကြရသည်။ မြင်း များကိုဆွဲကာ စမ်းတဝါးဝါးဖြင့် သွားကြရသည်။ မောင်မောင်လေးနှင့် သိန်းနက်ကြီး တို့သည် ဟိုကြည့်သည်ကြည့်နှင့် ဂဏှာမငြိမ်ဖြစ်နေကြသည်။

"ဟိုမှာ..ဟိုမှာ.."

သိန်းနက်ကြီးက ကြောက်လန့်တကြား အော်လိုက်သည်။ သူတို့ရှေ့တည့်တည့် တွင် မီးရဲရဲမြင်ရသည်။

"စုန်းတောက်တာထင်တယ်"

မောင်မောင်လေးက တိမ်ဝင်သောအသံဖြင့် ပြောသည်။

များမကြာမီမှာပင် သူတို့ပတ်ပတ်လည်၌ မီးရဲရဲများ ဟိုတစ်စုသည်တစ်စု ပေါ်လာကြသည်။ မီးတုတ်များဖြစ်သည်။

သုံးယောက်စလုံး နေရာတွင် မလှုပ်မရှားရပ်နေကြသည်။ မီးတုတ်များသည် တဖြည်းဖြည်းထံသို့ တရွေ့ရွေ့ နီးကပ်လာကြသည်။

သူတို့ကို လူတစ်စုက ဝိုင်းရံထားကြပြီဖြစ်သည်။ မည်သူတွေနည်း။ ပုဏ္ဏကတို့ ရောက်ကြံချေပြီလား။

www.burmeseclassic.com

www.burmeseclassic.com



"လက်ထဲကဓားတွေ ချလိုက်"

အောင်မြင်သော အမိန့်သံတစ်ခု ထွက်ပေါ်လာသည်။

သူတို့က ဓားများကိုမချဘဲ အခြေအနေကို စောင့်ကြည့်နေကြသည်။

"လက်ထဲကဓားတွေ ချလိုက်"

ဒုတိယအကြိမ် အမိန့်သံထွက်လာသည်။ ဤတစ်ကြိမ်တွင်တော့ သူတို့က အမိန့်ကို နာခံကြရသည်။ ဓားတွေကို မြေကြီးပေါ်သို့ ပစ်ချလိုက်ရသည်။ လူတစ်ယောက် ထွက်လာပြီး ဓားတွေကို ကောက်သွားသည်။ နောက်တစ်ယောက်က သူတို့မြင်းတွေကို ဆွဲယူသွားသည်။

သူတို့သုံးယောက် လက်ချည်းသက်သက် ကျန်သောအခါတွင်မှ မီးတုတ်များ ပိုမိုမွှန်းကပ်လာသည်။ သူတို့ကို ဝိုင်းကြီးပတ်ပတ် ဝန်းရံထားကြသည်။ မီးတုတ်ရောင်များကြောင့် သူတို့ကို ဝန်းရံထားသူများအား မြင်ရသည်။

ဓားပြကတို့ မဟုတ်ချေ။

ဝန်းရံထားသော လူအုပ်ထဲမှ လူနှစ်ယောက် ရှေ့သို့ထွက်လာသည်။ ထိုသူနှစ်ယောက်ကို မြင်ရသောအခါ နန္ဒ အံ့သြသွားသည်။ ဝမ်းသာခြင်းလည်း ဖြစ်မိသည်။

နေပြည်တော်တွင် မသုဇာနှင့်အတူ တွေ့လိုက်ရသော ယောကျ်ားကြီး။

"မသုဇာ"

နန္ဒ၏နှုတ်မှ ပွင့်ထွက်သွားသည်။ အမျိုးသမီးက ပြုံးလျက်။

"ဟုတ်ပါတယ်မောင်ကြီး၊ မသုဇာပါ"

"မောင်နန္ဒတို့ ဘယ်လိုလုပ်ပြီး သည်ကိုရောက်လာကြတာလဲ"

ယောကျ်ားကြီးက မေးလိုက်သည်။

"ကျွန်တော်က အလုံကပါ၊ တစ်နေ့က နေပြည်တော်ကို ရောက်ပါတယ်၊ သူတို့အိမ်မှာတည်းပါတယ်၊ တံတားဦးကိုလာတာက ကျွန်တော့်ကိစ္စပါ၊ သူတို့က အဖော်လိုက်ခဲ့တာပါ"

"မောင်နန္ဒက ဘာကိစ္စ တံတားဦးကိုလာတာလဲ"

"ကျွန်တော့်ဘဘရဲ့ မိတ်ဆွေတစ်ယောက်ကို လာရှာတာပါ"

"ဘယ်သူလဲ"

"သွေးသောက်ကြီး ဦးတိုင်းကျော်ပါ"

နန္ဒစကားကြောင့် သူတို့ကို ဝိုင်းရံထားကြသူများ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ မသုဇာပင် ပါးစပ်ကလေး ပွင့်သွားသည်။ ယောကျ်ားကြီးက မျက်မှောင်ကြုံ့လျက်··

"မောင်နန္ဒအဘက ဘယ်သူလဲ"



"သွေးသောက်ကြီး မောင်မဲပါ"

"သြော်··သြော်··သည်လိုကိုး၊ ကျုပ်ထင်တော့ ထင်သားပဲ၊ နို့··နေပါဦး၊ ဦးမှာ မောင်နန္ဒရှာတဲ့လူ တွေ့ခဲ့သလား"

"မတွေ့ပါဘူး၊ သူပုန်ဗိုလ်ကြီး ဖြစ်နေတယ်လို့ ပြောကြပါတယ်"

"အင်း··အင်း··ဟုတ်ပါပေတယ်၊ ကျုပ်ကလည်း သူပုန်ဗိုလ်ကြီးဖြစ်နေပြီကိုး"

နန္ဒက သူပုန်ဗိုလ်ကြီးကို အံ့သြစွာကြည့်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ မောင်နန္ဒအဘရဲ့မိတ်ဆွေ သွေးသောက်ကြီး တိုင်းကျော်ပဲ"

နန္ဒက မသုဇာကို တစ်လှည့်ကြည့်သည်။

"မသုဇာက သွေးသောက်ကြီး ဦးတိုင်းကျော်ရဲ့သမီးပါ"

"ဘုရား··ဘုရား··"

နန္ဒ ဘုရားဘုရားဟု အကြိမ်ကြိမ်ရွတ်ဆိုလျက်ရှိသည်။ ဦးတိုင်းကျော်က မောင်လေးတို့ကို ကြည့်လျက်··

"သူတို့က ဘယ်သူတွေလဲ"

"ကျွန်တော်က တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးအိမ်မှာ တည်းပါတယ်၊ မြို့စားကြီးရဲ့ သားအငယ် မောင်မောင်လေးပါ"

မသုဇာအပါအဝင် ဝိုင်းရံထားသော လူအုပ်သည် ဒုတိယအကြိမ် လှုပ်လှုပ်ရွရွဖြစ်သွားသည်။

"သြော်··သြော်··ကျုပ်ထင်တော့ထင်သားပဲ၊ မြို့စားကြီးရဲ့သားအငယ်ကိုး၊ ကျုပ်က မြို့စားကြီးရဲ့အိမ်ကို အဝင်အထွက်နည်းတော့ မြို့စားကြီးရဲ့ သားသမီးတွေကို သေချာချာမသိဘူးပေါ့၊ နို့··နေပါဦး သူကကော"

ဦးတိုင်းကျော်က သိန်းနက်ကြီးကို ညွှန်ပြပြီးမေးသည်။

"သူက မြို့စားကြီးရဲ့ လက်ရင်းလူတစ်ယောက်ပါ၊ သိန်းနက်ကြီးတဲ့"

"သြော်··သြော်··သိန်းနက်ကြီးဆိုတာကိုး၊ သိန်းနက်ကြီးတို့ သိန်းနီကြီးတို့ တွေကို ခဏခဏ ကြားဖူးပေမယ့် တစ်ခါမှ လူချင်းမတွေ့ဖူးဘူး၊ ကျုပ်တို့နဲ့က စစ်မြေပြင်ကျမှ ခင်ကြတာကိုး၊ သိန်းနက်ကြီးတို့က ဗိုလ်မှူးအိမ်မှာနေတဲ့ ထိုး၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မတွေ့ခဲ့ကြတာကိုး"

သိန်းနက်ကြီးက ဦးတိုင်းကျော်ကို မမိုတ်မသုန်ကြည့်နေသည်။ ဦးတိုင်းကျော် ဆက်ပြောသည်။

"မောင်နန္ဒရဲ့အဘကော နေပြည်တော်ကိုမရောက်တာ အတော်ကြာပြီနဲ့တူတယ်၊

www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ကျုပ်နဲ့မတွေ့တာ ဆယ်နှစ်ကျော်သွားပြီ''

''အဘ နေပြည်တော်ကိုမရောက်တာ မိုးနောင်ကြောင်းက ပြန်ကတည်းက သူက နေပြည်တော်ကလူတွေဟာ ဘုရင့်အနားကပ်ပြီး ရာထူးတက်အောင် လုပ်နေ တယ်တဲ့၊ မှူးကြီးမတ်ရာတွေနားမှာကပ်ပြီး နာမည်ပေါက်ရောက်အောင် ကြိုးစားနေ တယ်တဲ့၊ သူက ဒါမျိုးတွေမလုပ်ချင်ဘူးတဲ့''

''ဟုတ်ပါပေတယ်၊ မောင်ရင့်ဘအနဲ့ ကျုပ်နဲ့ဟာ တစ်သဘောတည်းပဲ၊ အလုံ နေတဲ့လူမပြောနဲ့ နေပြည်တော်နားမှာကပ်နေတဲ့ ကျုပ်တောင် နေပြည်တော်ကို ရောက် တယ်၊ ရွှေနန်းတော်ရိပ်ကို နင်းခဲ့တယ်၊ ဒါ့ကြောင့်လည်း တံခွန်တိုင်မြို့စားကြီးနဲ့ အဆ ပြတ်နေတာပေါ့၊ သူ့သားသမီးတွေနဲ့ မျက်မှန်းမတန်းမိတာပေါ့၊ မြို့စားကြီးကို ကျုပ်တို့ ဗိုလ်မှူးလို့ပဲခေါ်တယ်၊ ကျုပ်တို့ရဲ့ဗိုလ်မှူးပဲ၊ ကျုပ်တို့ဟာ မိုးနောင်ကြောင်း ချီခဲ့တုံး ထလဲ အတူတူပဲ၊ မိုးကောင်း၊ မိုးညှင်းကို ချီတုန်းကလဲ အတူတူပဲ၊ အဲသည်တုန်းက သိန်းနက်ကြီးတို့ မပါဘူးလား''

ဦးတိုင်းကျော်က သိန်းနက်ကြီးဘက်သို့လှည့်ပြီး မေးလိုက်သည်။

''အဲသည်တုန်းက ကျွန်တော်တို့ကို ဗိုလ်မှူးက အစောင့်အနေထားခဲ့လို့ နေပြည် တော်မှာပဲ နေရစ်ခဲ့ရပါတယ်၊ တံခွန်တိုင်အိမ်ကြီးမှာပဲ နေရစ်ခဲ့ရပါတယ်''

ယင်းအခိုက်··

တောအုပ်တွင်းသို့ဝင်လာသော မြင်းခွာသံများကြားရသည်။ မီးတုတ်များ ကို ဆောင်လာကြသည်။

''ဟော··မောင်မောင်တို့ ပြန်လာပြီ''

မသူဇာက ပြောလိုက်သည်။ မောင်မောင်ဆိုသည်မှာ မည်သူနည်းဟု တွေးကြည့်သည်။ မြင်းအုပ်ဆီသို့ ကြည့်သည်။ မနက်က နေပြည်တော်တွင် မသူဇာ အတူတွေ့ခဲ့ရသူ။

မောင်မောင်တဲ့လား၊ ဘယ်လိုသဘောနဲ့ ခေါ်တာလဲ၊ နန္ဒ၏ရင်ထဲတွင် အနည်း ငယ် ပူလာသည်။

မောင်မောင်လေးနှင့် သိန်းနက်ကြီးတို့သည် မောင်မောင်ဆိုသူကို မြင်သောအ တစ်ကိုယ်လုံး နတ်ဝင်သလို တုန်နေကြသည်။ သိန်းနက်ကြီးက လက်ညှိုးထိုးလျက်

''မောင့်မောင်လတ်''

''ဟုတ်ပါတယ်၊ ကျုပ် မောင်မောင်လတ်ပါ၊ လတ်စသတ်တော့ နေပြည်တော် က လူသုံးယောက်ဆိုတာ ခင်ဗျားတို့ကိုး၊ ကျုပ်ညီက ခေါင်းပေါင်းစိမ်းကလေးနဲ့ ပု စိမ်းကလေးနဲ့ဆိုတော့ သီပေါကိုယ်တော်လေးလား အောက်မေ့ရတယ်''



မောင်မောင်လေးက ရှက်ကိုးရှက်ကန်းဖြစ်နေသည်။

''ကိုနန္ဒလည်း ဒီထဲမှာပါသကိုး''

မောင်မောင်လတ် နန္ဒကို မေးသည်။ နန္ဒ ဘာမျှပြန်မပြောဘဲ မောင်မောင်လတ် အကဲခတ်နေသည်။ သူနှင့် မောင်မောင်လတ် တူသည်ဟုဆိုခြင်းမှာ တကယ်ဟုတ် လား၊ မည်သည့်အချက်တွင် တူသနည်း၊ ရုပ်ဆင်းအင်္ဂါလား၊ စိတ်နေသဘောထား အပြောအဆို အနေအထိုင်လား။

''မသူဇာကပြောတယ်၊ ကျုပ်နဲ့ကိုနန္ဒ တူတယ်တဲ့''

''ကြီးတော်ဒေါ်သဲအူတို့ကလည်း ကျုပ်နဲ့မောင်မောင်လတ် တူတယ်လို့ ပြော ကြတာပဲ''

''အလိုလေး··လေး··ဒွေးလေးနဲ့ ကိုနန္ဒနဲ့က ဘယ်လိုအဆက်အသွယ်ရှိလို့လဲ''

''ကိုနန္ဒက ညီငယ်တို့အိမ်မှာ တည်းပါတယ်''

မောင်မောင်လေးက ဝင်ပြောသည်။

''အလိုလေး··လေး··ဘယ်လိုများ အဆက်အသွယ်ရှိလို့လဲ''

''မောင်ကြီးရဲ့ဘဘက မသူဇာတို့ဘဘနဲ့ သူငယ်ချင်း၊ မောင်မောင်ကြီးတို့ ဘုရားရဲ့ လက်ရင်းလူတွေ''

မသူဇာက ဖြည့်ပြောသည်။

''အလိုလေး··လေး··တကယ့်အဆက်အသွယ်တွေပါလား၊ နေကြစမ်းပါဦး၊ ကနဲ့ကော အဆက်အသွယ်ရှိနေကြဦးမှာလား''

ပုဏ္ဏကဟူသော အမည်ကို ကြားလိုက်ရသဖြင့် မောင်မောင်လေးနှင့် သိန်းနက် ကြီးတို့ မျက်လုံးပြူးသွားကြသည်။ နန္ဒပင် ခါးစန့်သွားသည်။

''ပုဏ္ဏက-ပုဏ္ဏက ဘာဖြစ်လို့လဲ''

မောင်မောင်လေးက ထိတ်ထိတ်ပျာပျာပင်မေးလိုက်သည်။ မောင်မောင်လတ်က လူတွေဘက်သို့ လှည့်လျက်··

''ကဲဟေ့-မင်းတို့ဧည့်သည်ကြီးကို ခေါ်ခဲ့ကြစမ်း''

လူနှစ်ယောက်က လက်ပြန်ကြိုးတုပ်ထားသော ပုဏ္ဏကကို ရှေ့သို့ ခေါ်ထုတ် ကြသည်။ ပုဏ္ဏက,က သူတို့ကို တစ်ချက်ကြည့်သည်။ သူ့အမူအရာက အေးစက်

မောင်မောင်လတ်နှင့် သိန်းနက်ကြီးတို့သည် ပုဏ္ဏက၏အဖြစ်ကို မြင်တွေ့ရ အခါ တစ်ကိုယ်လုံး ပိုးဟပ်ဖြူဖြစ်သွားသည်။

''ကဲ-တရားစစ်ကြရအောင်၊ တရားလိုတွေကို ခေါ်ခဲ့ကြပေတော့''

www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းကျော်က အမိန့်ပေးလိုက်သည်။ မသူဇာက သူ့နောက်က လူများကို တစ်ချက်မေးလိုက်သည်။ လူအုပ်ထဲမှ မိန်းမငယ်နှစ်ယောက် ထွက်လာသည်။

ပုဏ္ဏကတို့လက်ခုပ်ထဲသို့ ရောက်ခဲ့ရသော ညီအစ်မနှစ်ယောက်။

"သူတို့ဟုတ်သလား"

မောင်မောင်လတ်က မေးသည်။ ညီမက··

"ဟုတ်ပါတယ်"

"လေးယောက်စလုံးလား"

"ဟိုဘက်က မောင်ကြီးမပါပါဘူး၊ ကျွန်မတို့ကို ဝင်ကယ်ရင်း အရိုက်ခံရတယ်ဆိုတဲ့ မောင်ကြီးပါ"

အစ်မက နန္ဒကို လက်ညှိုးထိုးပြီးပြောသည်။ ထိုအခါ မသူဇာ၏မျက်နှာကလေး ဝင်းဝသွားသည်ကို နန္ဒ တွေ့လိုက်ရသည်။ ထိုအချက်ကို မောင်မောင်လတ်ကလည်း တွေ့မြင်လိုက်ဟန်ရှိသည်။ သူက မျက်မှောင်ကြုတ်လျက်··

"မှန်ရဲ့လား"

"မှန်ပါတယ်"

ညီမက ထောက်ခံသည်။

"ကောင်းပြီ၊ မောင်နန္ဒ ထွက်စေ"

ဦးတိုင်းကျော်က စီရင်ချက်ချသည်။

"ကျုန်တဲ့လူသုံးယောက် ဘာပြောချင်သလဲ၊ မင်းတို့သုံးယောက်က သူတို့ညီအစ်မကို ဗလက္ကာယပြုကျင့်တယ်ဆိုတာကို ငြင်းချင်သလား၊ ငြင်းနိုင်သလား၊ ငြင်း သလား"

ဦးတိုင်းကျော်က မေးသည်။ ပုဏ္ဏက,က မထီတရီဖြင့်··

"သည်မှာဟေ့ ငတိုင်းကျော်၊ အပိုစကားတွေ ပြောမနေနဲ့၊ အပိုအလုပ်တွေ လုပ်မနေနဲ့၊ ပုဏ္ဏကဟာ လုပ်ရဲတယ်၊ ခံရဲတယ်၊ သတ်ရဲတယ်၊ သေရဲတယ်"

"အေး··ယောကျာ်းဆိုတာ သည်လိုမှပေါ့၊ ဟိုနှစ်ယောက်ကကော ဘာပြော မလဲ"

မောင်မောင်လေးနှင့် သိန်းနက်ကြီးတို့ တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ ထို့နောက် မောင်မောင်လတ်ကို ကြည့်ကြသည်။ မောင်မောင်လတ်က တည်တည်တင်း တင်း။

"ညီငယ်တို့ကို မကယ်တော့ဘူးလား"

မောင်မောင်လေးက တုန်တုန်ယင်ယင် တောင်းပန်သည်။



"နင်တို့မှာ အပြစ်ရှိသလား၊ မရှိဘူးလား"

"ညီငယ်တို့သဘောကြောင့်မဟုတ်ပါဘူး၊ ပုဏ္ဏက··"

"တော်-ပုဏ္ဏက,က နင့်အစ်မတွေကို မတော်မတရားကျင့်ရင် အခုလို နင်ပါ [illegible] ကျင့်မလား"

မောင်မောင်လေး မဖြေနိုင်၊ ငိုက်လျက် တွေလျက်။

"အေး··ညီအစ်ကိုအချင်းချင်းမို့ ငါကူညီနိုင်တာတစ်ခုပဲ ရှိတယ်"

မောင်မောင်လတ်၏စကားကြောင့် မောင်မောင်လေး၏မျက်နှာတွင် မျှော်လင့် [illegible] သမ်းသွားသည်။

"အေး··အဲဒါကတော့ နင့်ကို ငါကိုယ်တိုင်သတ်မယ်"

မောင်မောင်လေးသည် အလိုလိုနေရင်းမှ အရုပ်ကြိုးပြတ်ပုံလဲကျသွားသည်။ [illegible] မသူဇာကိုကြည့်လိုက်သည်။ မသူဇာက ဘာမျှမတတ်နိုင်ကြောင်း ခေါင်းခါပြ [illegible] ပြီးတော့ လေသံတိုးတိုးဖြင့်··

"မောင်မောင်ဟာ မောင်ကြီးလိုပဲ မတရားမှုကို နည်းနည်းမှမကြိုက်ဘူး၊ တစ်ခုခု [illegible]ပြီဆိုရင်လည်း ဘယ်တော့မှနောက်မဆုတ်ဘူး"

[ ၅ ]

[illegible]ခေါ်နံ့တွင် နန္ဒတစ်ယောက်တည်းဖြစ်သည်။ သုံးယောက်ပေါင်းလောင်းကျော် ဆိုသော [illegible]သည်း မှားချော်ပြီတည်း။

မသူဇာတို့က မနက်မိုးလင်းမှပြန်ရန် ပြောသော်လည်း သူက ညတွင်းချင်းပင် [illegible]သည်။ သူ၏ခရီးဖော်နှစ်ဦး သေဆုံးပြီးသည့်နောက်ပိုင်းတွင် သူ့အနေနှင့် မည်သည့် [illegible]တွင်မှ သောင်တင်နေရန်မသင့်တော့။ သူ့တာဝန်မှာ ထိုသူနှစ်ဦး သေဆုံးသည့် [illegible]ကြောင်းကို သက်ဆိုင်ရာများထံ အမြန်ဆုံးအကြောင်းကြားရပေမည်။

သူသည် လူပေါင်းများစွာသေသည်ကိုလည်း မြင်ဖူးသည်။ လူပေါင်းများစွာ [illegible]သည်ကိုလည်း မြင်ဖူးသည်။ သို့သော် ယခုလို ရက်ရက်စက်စက် သတ်ဖြတ်သည် [illegible] တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသေး။

သေသူနှင့် သတ်သူမှာလည်း ညီအစ်ကိုအရင်းခေါက်ခေါက်။

ကြက်သီးမွေးညင်းထစေဖွယ်သော မြင်ကွင်းကို သူ၏စိတ်အာရုံမှ ဖျောက်ဖျက်၍ [illegible]ခုပင် ဖြစ်ပျက်နေသည့်အလား မြင်ယောင်လျက်ရှိသည်။

မောင်မောင်လတ်သည် သူ၏ညီငယ်ကို မြေပြင်တွင် ဝှတ်လေးဘိုင်စိုက်ဟန် [illegible]သက်များကို ဘောင်ကျက်စေသည်။ ထို့နောက် ညီငယ်၏လည်ပင်းကို ငှက်ကြီး

www.burmeseclassic.com



တောင်ခါးဦးဖြင့် ထိုးဖောက်သည်။ သွေးများပန်းထွက်သည်။ ထိုအခါ လည်မျိုကို ခြေဖြင့်တက်နင်းသည်။ သူ့ခြေတွင် သွေးချင်းချင်းရဲတော့သည်။

လည်ချောင်းသွေးနှင့် ခြေဆေးခြင်းပင်တည်း။

သိန်းနက်ကြီးနှင့် ပုဏ္ဏကတို့လည်း အလားတူပင် ခံစားကြရသည်။ အံ့ဩစရာ ကောင်းသည်ကား ပုဏ္ဏကသည် သူပြောသည့်အတိုင်းပင် သေရသည်။ တစ်ချက်ကလေး မအော်ချေ။ အံကြိတ်၍ခံသည်။ သိန်းနက်ကြီး အော်သည်ကတော့ ငရဲအိုးပွက်သည့် အလား။

နောက်တစ်ခု အံ့ဩစရာကောင်းသည်ကတော့ ယင်းအဖြစ်အပျက်များကို မသူဇာ ရဲရဲတင်းတင်း ကြည့်ခဲ့ခြင်းပင်၊ ပြီးတော့ ပြောလိုက်သေးတယ်။

''တစ်နေ့ကျရင် မသူဇာလည်း ဗလရဲ့လည်ချောင်းသွေးနဲ့ ခြေဆေးဦးမယ်''

နန္ဒ ဘာမျှမပြောတော့၊ ဘာမျှလည်း ပြောစရာမရှိတော့။ အမြန်ဆုံးပြန်ရန်သာ အားထုတ်မိတော့သည်။

ဦးတိုင်းကျော်က တံခွန်တိုင်မြို့စားကြီး ကျန်းခန့်သာစေရန် နေ့စဉ်ဆုတောင်း လျှက်ရှိကြောင်း အမှာစကားဆိုသည်။ မသူဇာက တံခွန်တိုင်ညီအစ်မများနှင့် တွေ့ချင် ကြောင်း ပြောသည်။

မောင်မောင်လတ်ကတော့ သူ့မိသားစုအကြောင်း ဘာမျှမပြော။ သို့သော် တစ်နေ့ တွင် တံခွန်တိုင်အိမ်ကြီးသို့ သူပြန်လာမည်ဟုဆိုသည်။

လောလောလတ်လတ်တွင်မူ တံခွန်တိုင်အိမ်ကြီးသို့ နန္ဒတစ်ယောက်တည်း ပြန် ခဲ့ရချေပြီ။

ညသန်းခေါင်အချိန်တွင် နန္ဒ ပြန်လည်ရောက်ရှိသွားသည်။

ပထမအကြိမ် ရောက်ရှိစဉ်ကအတိုင်း မလွယ်ပေါက်မှဝင်သည်။ ဝင်းတံခါး ဖွင့်လိုက်လျှင် အင်းခွေးကြီးများ ပြေးလာကြသည်။ ကမ္ဘာပျက်မတတ် ဟောင်ကြသည် ကြာပွတ်သံပေါ်ထွက်လာပြီး ခင်ခင်လေး ရောက်ရှိလာသည်။

''မောင်ကြီးနန္ဒ တစ်ယောက်ထဲလား''

ခင်ခင်လေးက ဝင်းတံခါးဖွင့်ပေးရင်း မေးသည်။ နန္ဒ ခေါင်းညိတ်သည်။

''သူတို့ကော''

''အိမ်မှာ မြို့စားကြီးရှိသလား''

''ရှိတယ် ဘာဖြုလို့လဲ''

''မောင်မောင်ကြီးကော''

''ရှိတယ်''



''ခင်ခင်လတ်ကော''

ခင်ခင်လေး ခေါင်းညိတ်သည်။

''သွားကြစို့..အိမ်ထဲကြမှ အားလုံးဆုံမှ တစ်ခါထဲပြောမယ်''

နန္ဒမောပန်းစွာ ပြောလိုက်သည်။ ခင်ခင်လေးက နားမလည်သောမျက်နှာဖြင့် ပြန်ကြည့်သည်။ သို့သော် စောဒကမတက်တော့။

နန္ဒ ပြန်လည်ရောက်ရှိလာသည်ဆိုသဖြင့် တံခွန်တိုင်အိမ်သားအားလုံးပင် ဆင်ဝင် အောက်တွင် စုရုံးလျှက်ရှိသည်။

နန္ဒက ဖြစ်ပျက်ခဲ့သည်များကို မပိုမလိုပြန်လည်ပြောပြသည်။ ယင်းသို့ပြောပြ နေစဉ် လုပ်ငန်းသည် သူ့အဖို့ ပင်ပန်းခြင်းကြီးလှသည်။

တံခွန်တိုင်မိသားစုသည် ငြိမ်သက်စွာ နားထောင်ကြသည်။ မည်သူကမျှ ကြား ဖြတ်မမေး၊ သူ့စကားဆုံးတော့လည်း တိတ်နေကြသည်။

မည်သူကမျှ ဘာမျှမမေး၊ မပြောသောအခါ နန္ဒ ထိုနေရာမှ ထွက်ခဲ့သည်။ အခန်းသို့ အမြန်ရောက်လိုလှပြီဖြစ်သည်။ သူတစ်ယောက်တည်း နေလိုလှပြီဖြစ် သည်။

သူသည် ဘာမျှမတွေးချင်တော့၊ သူ့မျက်လုံးများကို မှိတ်ထားချင်သည်။ သူ၏ ခေါင်းကိုအနားပေးချင်သည်။ သည်နေ့အဖို့ သည်ညအဖို့ သည်မျှနှင့်တော်လောက်ပြီ။

[ ည ]

အိပ်ခန်းထဲတွင် မိမိအခန်းထဲသို့ ဝတ်ရုံစိမ်းနှင့်လူ ဝင်လာပြီဟု သိလိုက်သည်။ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ ဝတ်ရုံစိမ်းနှင့်လူ မဟုတ်ချေ။ သူအံ့ဩရသည်။ ဝတ်ရုံ စိမ်းနှင့်လူဆိုလျှင် သည်လောက် အံ့ဩမိမည်မဟုတ်ချေ။ ယခုတော့ ခင်ခင်လတ်။

ခင်ခင်လတ်သည် သူ၏ကုတင်ဘေးတွင် ယမင်းရုပ်ပမာ မလှုပ်မယှက်ရပ်နေ သည်။ တစ္ဆေကိုပါမြတ်ဘက်ကို ခြုံထားသည်။ ရုတ်ခြည်းဆိုလျှင်တော့ ဝတ်ရုံစိမ်းနှင့် မှားနိုင်သည်။

''ခင်ခင်လတ်''

နန္ဒ အာမေဋိတ်သံပြုလိုက်သည်။ အမျိုးသမီးက မျက်တောင်ပင်မခတ်၊ လက် များကို နောက်သို့ပစ်လျှက်ရပ်နေသည်။ နန္ဒက မသက်သာသဖြင့် ခင်ခင်လတ်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ တစ်ကိုယ်လုံး ပူနွေးသွားသည်။ တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်သလို ဖျင်းဖျင်း ဖျင်းဖျင်းဖြစ်လာသည်။ နန္ဒ လက်ကိုပြန်ရုပ်လိုက်သည်။

''ခင်ခင်လတ်..ခင်ခင်လတ်..ဘယ်လိုများဖြစ်လာတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



နန္ဒက ထ၍ထိုင်ရင်း မေးလိုက်သည်။ အမျိုးသမီးက နောက်ဘက်တွင် ဝှက်ထား
သော လက်နှစ်ဖက်ကို ရှေ့သို့ထုတ်လိုက်သည်။ လက်တစ်ဖက်တွင် ဖွေးလက်သော
စားမြှောင်တစ်ချောင်း။

"ဟင်-စားမြှောင်ကြီးနဲ့ပါလား၊ ခင်ခင်လတ် ဘယ်လိုဖြစ်လာသလဲ"

"လာတုန်းကတော့ ကိုနန္ဒကို သတ်မလို့ပဲ"

အမျိုးသမီးက တစ်လုံးချင်းပြောလိုက်သည်။ နန္ဒ ဆတ်ခနဲမတ်တပ်ရပ်သည်။
ခင်ခင်လတ်နှင့် မျက်နှာချင်းဆိုင်ရပ်သည်။ အမျိုးသမီးက လက်ထဲမှဓားကို နန္ဒ
ပေးသည်။

"ကိုနန္ဒကို ခင်ခင်လတ် မသတ်ရက်ပါဘူး"

နန္ဒက ဓားကို ခေါင်းရင်းတွင်ထားလိုက်ပြီး··

"ခင်ခင်လတ်က ကိုနန္ဒကို ဘာပြုလို့သတ်မှာလဲ"

အမျိုးသမီးမပြော။

"ခင်ခင်လတ်ကို ဘယ်သူကခိုင်းလို့လဲ"

အမျိုးသမီးက ခေါင်းခါသည်။

"ခင်ခင်လတ်ကို ဘယ်သူကမှမခိုင်းပါဘူး၊ ခင်ခင်လတ်သဘောနဲ့ ခင်ခင်လ
ပါ"

"ဘုရား··ဘုရား··ဘယ်လိုများဖြစ်ရတာလဲ ခင်ခင်လတ်ရယ်၊ ကိုနန္ဒကို
ပြုလို့များ သတ်မှာလဲ"

နန္ဒက စိတ်နောက်ကျစွာနှင့် ရေရွတ်လိုက်သည်။ အမျိုးသမီးက သက်ပြင်း
ကြီးတစ်ချက်ချပြီး ကုတင်ပေါ်တွင် ဖွဖွလေးထိုင်လိုက်သည်။

"ကိုနန္ဒကို ခင်ခင်လတ် မသတ်ရက်ပါဘူး"

"ကိုနန္ဒ ဘာမှနားမလည်ပါလား ခင်ခင်လတ်ရယ်၊ မောင်မောင်လေးသေရ
ကိုနန္ဒ ပယောဂမကင်းဘူး ယူဆလို့လား"

"မောင်မောင်လေးနဲ့ မောင်မောင်လတ်ကိစ္စကို ခင်ခင်လတ်တို့အားလုံး နားလ
ကြပါတယ်၊ မောင်မောင်လတ်ကိုလည်း ပြောစရာမရှိပါဘူး၊ ကိုနန္ဒကိုလည်း ဘာမှ
စရာမရှိပါဘူး၊ အို··ဘယ်သူ့ကိုမှ ဘာမှပြောစရာမရှိပါဘူး၊ သည်ညီအစ်ကိုတစ်တွေ
တစ်နေ့ကျရင် သည်လိုပဲဖြစ်ကြရမှာပဲ"

နန္ဒက ခင်ခင်လတ်ဘေးတွင် ဝင်၍ထိုင်ရင်း··

"ကိုနန္ဒကို ခင်ခင်လတ်သတ်မှာ ဗလကျော်ထင်နဲ့ ပတ်သက်လို့လား"

အမျိုးသမီး ထိုင်ရာမှ ဝုန်းခနဲထသည်။ နန္ဒ သတိထားသသ်ကြားက လမ်း



သည်၊ ခင်ခင်လတ်၏မျက်နှာသည် နန္ဒ၏မျက်နှာပေါ်တွင် အုပ်မိုး၍လာသည်။

"သည်မှာ ကိုနန္ဒ၊ ခင်ခင်လတ်နဲ့ ခင်ခင်လေး ဘယ်သူကလှသလဲ"

နန္ဒက ဘာဖြေရမည်နည်း။ သူ့မျက်လုံးများပေါ်တွင် ရှစ်ဝဲလျက်ရှိသော ခင်ခင်
လတ်၏မျက်နှာကို အငေးသားကြည့်နေမိသည်။

"ဗလကျော်ထင်ကြိုက်နေတာက ခင်ခင်လေးပါ၊ ခင်ခင်လတ်ကိုမဟုတ်ပါဘူး"

နန္ဒ အသက်ပင်မရှူမိ၊ အမျိုးသမီးက ဆက်၍ပြောသည်။

"ကိုနန္ဒကြိုက်နေတာလည်း ခင်ခင်လေးပဲမဟုတ်လား"

"အို··"

"ဘာအိုလဲ၊ ခင်ခင်လတ်မေးတာ မဟုတ်ဘူးလား ဟုတ်သလား"

နန္ဒသည် အာစေးမိသူကဲ့သို့ရှိသည်။

"ကိုနန္ဒကြိုက်နေတာ ခင်ခင်လေးမဟုတ်ဘူးဆိုရင် မသူဇာလား"

"ဘုရား··ဘုရား··"

"ဘာ ဘုရား··ဘုရားလဲ၊ ခင်ခင်လတ်မေးတာ မဟုတ်ဘူးလား ဟုတ်သလား"

နန္ဒက မျက်လုံးများမှိတ်ထားလိုက်သည်။ တစ်ဘက်လူက သူမဖြေနိုင်သော
မေးခွန်းများကို ထုတ်နေသည်မဟုတ်ပါလား။ သူ့အနေနှင့်က ဤအမေးများကို နှုတ်ဖြင့်
သည်းမဖြေနိုင်၊ မျက်နှာအမူအရာဖြင့်လည်း မဖြေနိုင်ပါ။ ထို့ကြောင့် မျက်လုံးများကို
မှိတ်ထားမိခြင်းဖြစ်သည်။

အတန်ကြာသည်အထိ အမျိုးသမီးထံမှ နောက်ထပ်အဆိုအမေး မထွက်လာ၊
အသံများသည်လည်း မတွေ့ရ၊ ကွမ်းတစ်ယာညက်လောက်ကြာသောအခါတွင် သူ့နဖူး
ပေါ်သို့ လေပူများ ကျလာသည်ကို ခံစားမိသည်။ ခင်ခင်လတ်၏နှာဝမှ ဖြစ်ပေါ်သော
ထွက်သက်လေပင်ဖြစ်ချေမည်။ ယင်းအခိုက်မှာပင် သူ့ပခုံးများပေါ်သို့ နူးညံ့သော
လက်တွေမှ သက်ရောက်လာပြန်သည်။

သူ့မျက်လုံးဖွင့်ကြည့်သည်။ အမျိုးသမီးက သူ့ပခုံးပေါ်တွင် လက်ထောက်ထား
သည်။ သူမ၏မျက်နှာသည် သူ့နှာခေါင်းနှင့် နီးကပ်လျက်ရှိသည်။ သင်းပျံ့သောရနံ့
သည် သူ့ကို ထုံလွှမ်းလျက်။

"ခင်ခင်လတ်ကို စိတ်ဆိုးသွားသလား"

အမျိုးသမီးက တိုးညင်းစွာဆိုသည်။

"ကိုနန္ဒ စိတ်မဆိုးပါဘူး၊ နားမလည်တာပါ"

"ခင်ခင်လတ်တို့ညီအစ်မတွေဟာ မောင်မောင်လတ်တို့ညီအစ်ကိုတွေလို မဖြစ်
ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒ အံ့ဩမှင်တက်သွားရသည်။

''ခင်ခင်လတ်တို့ညီအစ်မတွေဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်''

နန္ဒက အနက်ဖွင့်ပြန်သည်။

''ခင်ခင်လတ်တို့ညီအစ်မသုံးယောက် ရှိတဲ့အထဲက အခုနှစ်ယောက်ပဲ ရှိတော့တယ်''

နန္ဒက ခင်ခင်လတ်၏လက်မောင်းကို ပြန်၍ဆုပ်ကိုင်ထားလိုက်သည်။

''ခင်ခင်လတ်ဟာ ညီမလေး ခင်ခင်လေးကို သိပ်ချစ်တယ်၊ ညီမလေး ဒုက္ခရောက်မှာ မမြင်ချင်ဘူး၊ ညီမလေး စိတ်ဆင်းရဲမှာကို မလုပ်ရက်ဘူး''

နန္ဒက ထိုစကားကို ယုံကြည်သည့်အနေဖြင့် ခေါင်းဆတ်လိုက်သည်။

''နောက်ပြီး ကိုနန္ဒ ဘေးဖြစ်မှာကိုလည်း ခင်ခင်လတ် မလိုလားဘူး''

''ခင်ဗျာ''

''ကိုနန္ဒကို ခင်ခင်လတ် ဘယ်တော့မှမမုန်းပါဘူး''

''ခင်ဗျာ''

''ခင်ခင်လတ်ပြောတာကို ကိုနန္ဒ မယုံဘူးလား''

''ခင်ခင်လတ်ရဲ့စကားမှာ ကိုနန္ဒ နားမလည်တာတွေ အများကြီးပါပေမယ့် ကိုနန္ဒအပေါ်မှာ ခင်ခင်လတ် စိတ်ကောင်းရှိတယ်ဆိုတာကို ကိုနန္ဒ ယုံပါတယ်ကွယ်''

အမျိုးသမီး၏မျက်နှာတွင် လှပသောအပြုံးပန်းကလေး ပွင့်လာသည်။ ဥမ်းဆိုင်းကြီး အိ၍ကျလာသကဲ့သို့ အမျိုးသမီးကိုယ်လုံးသည် ရွှေ့ရွှေ့လည်ပြီး သူ့နံဘေးကပ်၍ ကျလာသည်။ သူက အမျိုးသမီး၏ကိုယ်လုံးကို အလိုက်သင့် ထိန်းဖက်လိုက်သည်။ ပခုံးထက်မှ မြတဘက်လည်း လျှောကျချေပြီတည်း။

''ခင်ခင်လတ်ကို ကိုဗလနဲ့ အထင်မမှားပါနဲ့''

အမျိုးသမီးက သူ့ပခုံးပေါ်တွင် ပါးတစ်ဖက်တင်ရင်း တောင်းပန်စကားဆိုသည်။

''ကိုနန္ဒ မသိတာတွေ၊ ခင်ခင်လေးမသိတာတွေ အများကြီးရှိတယ်၊ အခုတော့ မပြောနိုင်သေးဘူး၊ တစ်နေ့ကျရင် ခင်ခင်လတ် ရှင်းပြပါ့မယ်''

''မနက်က ဗလကျော်ထင်နဲ့ ကိုနန္ဒကိစ္စကို ပြောပြမလို့ ခင်ခင်လတ်ကို လိုက်ရှာတယ်၊ မတွေ့ဘူး''

''ခင်ခင်လတ် ရှိပါတယ်''

''ခင်ခင်လတ်ရဲ့ အခန်းတံခါးကိုတောင် ဖွင့်ကြည့်သေးတယ်''

''ခင်ခင်လတ် သိပါတယ်''

''ဟင်–ဘယ်လိုလုပ်ပြီး သိသလဲ၊ ခင်ခင်လတ် အခန်းထဲမှာမရှိပါဘူး''

''ရှိပါတယ်၊ ခင်ခင်လတ်က တံခါးရွက်နဲ့နောက်မှာ ကပ်နေလို့ ကိုနန္ဒ မတွေ့တာပါ''

''အဲသည်တုန်းက ခင်ခင်လတ် ဘာပြုလို့ အသိမပေးသလဲ၊ ဘာဖြစ်လို့ အတွေ့ခံသလဲ''

အမျိုးသမီး ခပ်မဆိတ်ရှိသည်။

''ကိုနန္ဒနဲ့ ကြီးတော်ဒေါ်သဲအူ ပြောနေကြတာတွေ ကြားသလား''

ခင်ခင်လတ် ခေါင်းညိတ်သည်။

''ခင်ခင်ကြီးဟာ ဘာပြုလို့ တံခွန်တိုင်အိမ်ကြီးရဲ့ ကျိန်စာသင့်နေရတာလဲ''

''ဘာပြုလို့ သိချင်ရတာလဲ ကိုနန္ဒရယ်''

''ခင်ခင်လတ်ဟာ ကိုနန္ဒကို ယုံတယ်ဆိုရင် ဘာမဆို ဖွင့်ဟတိုင်ပင်နိုင်ပါတယ်၊ ကိုနန္ဒ တတ်နိုင်တာဆိုရင် ကူညီပါ့မယ်''

''ကိုနန္ဒကို ခင်ခင်လတ်ယုံပါတယ်၊ တစ်နေ့ကျရင် ပြောစရာရှိတာတွေ အကုန်ပြောပါ့မယ်၊ အခုတော့ နေပါဦး ကိုနန္ဒရယ်''

''ခင်ခင်ကြီးဟာ ခင်ခင်လေးနဲ့ နည်းနည်းမှမတူဘူး၊ ခင်ခင်လတ်နဲ့ တကယ်တူတယ်''

အမျိုးသမီးက ပင့်သက်ဖြာလိုက်ပြီး··

''ခင်ခင်ကြီးဟာ အင်မတန်သနားစရာကောင်းပြီး အင်မတန်လည်း ကြောက်စရာကောင်းတယ်ကိုနန္ဒ၊ တစ်နေ့ကျရင် ခင်ခင်ကြီးရဲ့အကြောင်းကို ကိုနန္ဒ သိပါလိမ့်မယ်၊ သူဟာ တစ်နေ့ကျရင် ကိုနန္ဒကို တွေ့ပါလိမ့်မယ်၊ သူဟာ တစ်ချိန်က တံခွန်တိုင်အိမ်ကြီးရဲ့ အရှင်သခင်မဖြစ်ခဲ့ပြီး ကနေ့အချိန်မှာ တံခွန်တိုင်အိမ်ကြီးရဲ့ စွန့်ပစ်ခံရသူဖြစ်နေတဲ့အတွက် အားလုံးကို ခါးခါးသီးသီးနာကျည်းနေတယ်၊ ဒါကြောင့်မို့လို့ သူဟာ သနားစရာကောင်းသလို ကြောက်စရာကောင်းတယ်လို့ ခင်ခင်လတ်ပြောတာပေါ့၊ ဒါပေမဲ့ သူဟာ ကိုနန္ဒကိုတော့ ဘယ်လိုမှ အန္တရာယ်ပြုမှာမဟုတ်ပါဘူး၊ သူ ဒုက္ခပေးချင်ရင် ခင်ခင်လေးနဲ့ ခင်ခင်လတ်တို့ ညီအစ်မနှစ်ယောက်အနက် တစ်ယောက်ယောက်ကို ဒုက္ခပေးမှာပါ၊ မောင်မောင်လတ်က မောင်မောင်လေးကို ဒုက္ခပေးသလိုပေါ့ ကိုနန္ဒရယ်''

''အို··မဟုတ်တာဘဲ ခင်ခင်လတ်ရယ်''

တဆတ်ဆတ်တုန်နေသော ခင်ခင်လတ်၏ကိုယ်ကလေးကို နန္ဒက ခင်သိမ့်အားပေးသည့်အနေဖြင့် တင်းကျပ်စွာ ဖက်ထားလိုက်သည်။ ပြီးတော့ သူ့ဘက်သို့ ဆွဲယူလိုက်သည်။ ထိုအခါ အမျိုးသမီးသည် သူ၏ရင်ခွင်ထဲဝယ် မှေးမှေးကလေး၊ ပြုံးနော့

www.burmeseclassic.com

www.burmeseclassic.com



နော့ကလေး။

"ခင်ခင်လတ်"

"ရှင်··အင်"

"ခင်ခင်လတ်ကို ကိုနန္ဒဘာပြောရမလဲ"

"ရှင်··အင်"

"ခင်ခင်လတ်ကို ကိုနန္ဒ ဘာပြောရမလဲ၊ ဘာပြောရမလဲ၊ ဘာပြောရမလဲ"

နန္ဒက ခင်ခင်လတ်၏ ရှိန်းမြမြကိုယ်လုံးကလေးကို ခပ်ကြမ်းကြမ်းကလေး ထွေးဖက်ရင်း မေးနေသည်။

နန္ဒ၏မျက်နှာ တစ်စစနိမ့်ဆင်းသွားနေစဉ်တွင်··

ခွေးဟောင်သံများ ဆူညံစွာထွက်ပေါ်လာသည်။ ခင်ခင်လတ် ကမန်းကတန်း ရုန်းထပြီး အခန်းတွင်းမှ ကသုတ်ကရက်ထွက်သွားသည်။

[ ၄ ]

ခွေးဟောင်သံများ အဆက်မပြတ် ထွက်ပေါ်နေသည်။ အခန်းတံခါးဖွင့်သံများ ကြားရသည်။ လှေကားပေါ်မှဆင်းလာသော ခြေသံများ ကြားရသည်။ တီးတိုးစကားပြောသံများ ထွက်ပေါ်လာသည်။

နန္ဒလည်း ဓားကိုဆွဲ၍ အခန်းထဲမှထွက်ခဲ့သည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် မောင်မောင်ကြီး၊ ခင်ခင်လတ်၊ ခင်ခင်လေးနှင့် ဖိုးလုံးတို့ကို တွေ့ရသည်။ ခဏအကြာ ဒေါ်သဲအူလည်း ရေနံချေးမီးခွက်ကြီးနှင့် ရောက်လာသည်။ တံခွန်တိုင်မြို့စားကြီးကိုကား မတွေ့ရ။

ခွေးဟောင်သံများ ရပ်သွားသည်။ ညသည် ချက်ချင်းတိတ်ဆိတ်သွားသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ခွေးဟောင်သံများ ပေါ်ထွက်ရာ ဘက်သို့ ခင်ခင်လေးသည် အရင်ဆုံးထွက်သွားသည်။ နောက်မှ ခင်ခင်လတ်နှင့်နန္ဒတို့ လိုက်ပါသွားသည်။ မောင်မောင်ကြီး၊ ဒေါ်သဲအူနှင့် ဖိုးလုံးတို့ ကျန်ရစ်သည်။

အင်းခွေးကြီးများကို ကောင်းစွာတွေ့ရှိရသည်။ ခင်ခင်လေးနှင့် ခင်ခင်လတ်တို့ ကို ကြိုဆိုနှုတ်ဆက်ကြသည်။ အနီးအနားတွင် လူရိပ်သူရိပ် မတွေ့ရ။ မသင်္ကာဖွယ်ရာ ဘာမျှမတွေ့ရ။

"နှစ်ညရှိပြီ၊ ခွေးဟောင်သံကြားရပြီး ဘာမှလည်းမတွေ့ရဘူး"

ခင်ခင်လတ်က ပြောသည်။

"အစ်မတော် တစ်ရေးမှမအိပ်သေးဘူးလား"



"ဘာပြုလို့လဲ"

"အိပ်ထားတဲ့မျက်လုံးတွေမှ မဟုတ်ဘဲ"

"ညီမကိုကြည့်ရတာလည်း အိပ်ရာကနိုးလာတာမျိုး မဟုတ်ပါဘူး"

ခင်ခင်လေး ဘာမျှမပြောဘဲ ထွက်သွားသည်။ နန္ဒကို စကားမပြောချေ။ သေသေချာချာလည်း မကြည့်။

သည်တော့ နန္ဒစိတ်တွင် တစ်မျိုးကြီးဖြစ်ရသည်။ မိမိအခန်းသို့ ခင်ခင်လတ် လာသည်ကို သင်းကလေး သိချေသလား။

ခင်ခင်လတ်နှင့် နန္ဒတို့လည်း အိမ်ဘက်သို့ပြန်ခဲ့ကြသည်။ ဆင်ဝင်အောက်တွင် မောင်မောင်ကြီးနှင့် ဒေါ်သဲအူ မရှိတော့။ ဖိုးလုံးတစ်ယောက်သာ မယောင်မလည် ရပ်နေသည်။

"ခွေးတွေဟောင်စတုန်းက 'ရန်ကျော်··ရန်ကျော်' လို့ခေါ်တဲ့အသံ ကျွန်တော် ကြားလိုက်တယ်"

ခင်ခင်လေးက ဖိုးလုံးကို မျက်စောင်းထိုးပြီးကြည့်သည်။

"ဘယ်သူ့အသံလဲ"

ခင်ခင်လတ်က မေးသည်။

"အဲဒါတော့ မသဲကွဲဘူး၊ ခွေးဟောင်သံတွေနဲ့ ရောနေတယ်"

ခင်ခင်လေး အိမ်ထဲဝင်သွားသည်။ ခင်ခင်လတ်က ဖိုးလုံးကို သွားအိပ်ချေတော့ဟု ပြောလိုက်သည်။ နန္ဒ မကျေနပ်။ မနက်ကျမှ ဖိုးလုံးကို မေးမည်ဟု စိတ်ကူးလိုက်သည်။

ခင်ခင်လေးနှင့် ခင်ခင်လတ် အိမ်ပေါ်တက်သွားကြသောအခါ နန္ဒလည်း သူ့အခန်းသို့ပြန်ခဲ့သည်။

အခန်းတံခါးကို ဖွင့်လိုက်သောအခါ မယုံကြည်နိုင်ဖွယ်ရာတစ်ခုကို မြင်တွေ့ရသည်။ အခန်းထဲတွင် သူအိပ်သောခုတင်သည် ကန့်လန့်ကြီးဖြစ်နေသည်။ စောစောက ခေါင်းရှိသည့်နေရာတွင် ကြမ်းပေါက်ကြီးဖြစ်နေသည်။ သူကြည့်နေစဉ်မှာပင် ခုတင်ကြီး ရွှေ့သည်ပြီး အပေါက်ပိတ်သွားသည်။

နန္ဒသတိရ၍ ပြေးသွားသောအခါ ခုတင်သည် မူလကအတိုင်းရှိနေသည်။ ခုတင်ကို တွန်းကြည့်သည်။ မရွှေ့ချေ၊ မလည်ချေ။ တစ်နေရာတွင် လျှို့ဝှက်ခလုတ် ရှိလိမ့်မည်။ နန္ဒရှာသည် မတွေ့။

မိမိအခန်းသည် မြေအောက်ဥမင်တံခါးဝဖြစ်ကြောင်း နန္ဒရိပ်စားမိသည်။ တစ်နေ့က ဝတ်ရုံစိမ်းနှင့်လူသည် သူ့ကိုရန်မမူဘဲ ထွက်ပြေးသွားခြင်းဖြစ်သည်။ မြေအောက်

www.burmeseclassic.com

www.burmeseclassic.com



ဥမင်သို့ ဆင်းရန်လာရောက်သောကြောင့်ဖြစ်ပေလိမ့်မည်။

ဝတ်ရုံစိမ်းသည် မည်သူနည်း၊ အပြင်ကလူတစ်ယောက်လား၊ တံခွန်တိုင်မိသားစု ထဲကလား။

ယခု ဥမင်တံခါးပေါက်ပွင့်နေခြင်းသည် ဝတ်ရုံစိမ်းနှင့်လူ ဆင်းသွားခြင်းလော လား။

စောစောက ခွေးများဟောင်သည်မှာ ဝတ်ရုံစိမ်းကိုလား၊ နောက်ပိုင်းတွင် ခွေးများ တိတ်သွားကြသည်မှာ ဝတ်ရုံစိမ်းကို မည်သူမည်ဝါမှန်း မှတ်မိသွားကြ၍လား။

ရန်ကျော်··ရန်ကျော်ဟု ခေါ်သံကြားရကြောင်း ဖိုးလုံးကပြောသည်။ ဝတ်ရုံစိမ်း နှင့်လူသည် အပြင်မှ လာရောက်လေသလော၊ အိမ်ထဲသို့ မည်သည့်အပေါက်က ဝင်လေ သနည်း။

အဖြေတစ်ခုမှ ထွက်မလာပါ။

နန္ဒ သတိထား၍အိပ်သည်။ မျက်လုံးများကို မှိတ်ထားပြီး အိပ်ချင်ယောင် ဆောင်နေသည်၊ ခုတင်ကြီးလည်ပြီး ဥမင်တံခါးဝပွင့်လာမည်ကို စောင့်နေသည်။ ကြာ တော့ သူ တကယ်အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် ခင်ခင်လတ်လာသည်။ ခင်ခင်လေးလည်းလာသည်။ မသူဇာက ခပ်လှမ်းလှမ်းမှ မျက်ရည်စမ်းစမ်းဖြင့် ကြည့်နေသည်။

ထို့နောက်···

## ၈ ဝ ဝက်ပါ [ က ]

နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်တွင် တံခွန်တိုင်အိမ်ကြီးမှ နန္ဒတစ်ယောက်တည်း ထွက်ခဲ့သည်။ ဘုရားကြီးဈေးသို့ဖြစ်သည်။

ကနေ့ ဈေးသွားလှည့်ကျသူမှာ ခင်ခင်လေး၊ နန္ဒတွင် ခင်ခင်လေးနှင့် ပြောစရာ တွေ ရင်အပြည့်ရှိသည်။

ဘုရားကြီးဈေးသို့ သူသွားသည့် နောက်အကြောင်းတစ်ကြောင်းမှာ ခင်ခင်ကြီး နှင့် တွေ့ချင်သောကြောင့်ဖြစ်သည်။

နန္ဒရောက်သွားသည့်အချိန်တွင် ဈေးသည်များပင် မစုံသေး။ ဈေးဝယ်သူဟူ၍ အနည်းအပါးသာရှိသေးသည်။ မြင်းကို ဆိုင်တစ်ဆိုင်တွင်အပ်ထားပြီး နန္ဒ ဈေးထဲသို့



ခေါက်လျှောက်သည်။ ခင်ခင်ကြီး၏အစအနကိုမျှ မတွေ့ရ။

စောသေး၍ဖြစ်မည်။ မနေ့ကအတိုင်း နန္ဒ ဈေးထိပ်မှစောင့်ပြီး ဈေးသွားဈေးလာ ကို စောင့်ကြည့်နေသည်။

ဟိုကြည့်သည်ကြည့် ကြည့်နေစဉ်တွင် လမ်းကျဉ်းကလေးတစ်ခုအတွင်းသို့ င်သွားသော လူတစ်ယောက်ကို နန္ဒတွေ့မြင်လိုက်ရသည်။ ခင်ခင်ကြီးတော့မဟုတ်၊ သော် ခင်ခင်ကြီးကဲ့သို့ပင် နန္ဒ စိတ်ဝင်စားနေသူဖြစ်သည်။

ထိုသူ၏နောက်သို့ နန္ဒ ခြေလှမ်းကျဲကျဲဖြင့်လိုက်သည်။ လမ်းကျဉ်းကလေး၏ သို့ရောက်သောအခါ နန္ဒ ရှာဖွေသူကို ဝါးနှစ်ရိုက်လောက်တွင် တွေ့ရသည်။

ထိုသူ၏နောက်သို့ နန္ဒ ထပ်ကြပ်မကွာလိုက်သည်။ တစ်ကြိမ်တွင် ထိုသူနောက် လှည့်ကြည့်သည်။ လှည်းတစ်စီးနှင့် ကွယ်လိုက်သဖြင့် နန္ဒကို ထိုသူမမြင်၊ ထိုသူ၏ ကိုမူ နန္ဒ သဲကွဲစွာတွေ့မြင်ရသည်။

သူထင်သည့်အတိုင်းပင် ယာခင်းစောင့်အဘိုးကြီး သို့မဟုတ် အဘညို။

အဘညိုသည် ရှေ့နောက်ဝဲယာကို ကျီးကန်းတောင်းမှောက်ကြည့်ပြီးနောက် ဖက်ချ အိမ်တစ်လုံးထဲသို့ လှစ်ခနဲဝင်သွားသည်။ နန္ဒက ထိုအိမ်နှင့်မလှမ်းမကမ်း သော ပျဉ်းတော်သိမ်ပင်ကလေးကို အကွယ်အကာပြုလျက် အဘိုးကြီး၏ အရိပ် ကို စောင့်ကြည့်နေသည်။

ချက်ချင်းဆိုသလိုပင် အုံးလေးဖက်ချအိမ်အတွင်းမှ အဘညို ပြန်ထွက်လာသည်။ ညိုကို အိမ်ရှေ့တံစက်မြိတ်အထိ လိုက်ပို့သူကို မြင်တွေ့ရသောအခါ နန္ဒသည် လုံးများကို သူမယုံနိုင်ဖြစ်သွားသည်။

မျက်လုံးများကို ပွတ်သပ်၍ကြည့်သည်။ ခင်ခင်ကြီးမှ ခင်ခင်ကြီးအစစ်။

နန္ဒအဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်ရတော့သည်။ အဘညိုသည် ခင်ခင်ကြီး ဆက်ပြီးနောက် လာလမ်းအတိုင်းမပြန်ဘဲ တစ်ဘက်သို့ဆက်၍လျှောက်သွားသည်။

လမ်းချိုးတစ်ခုတွင် အဘညိုကွယ်ပျောက်သွားသည်နှင့်တစ်ပြိုင်နက် နန္ဒ ပုန်း ာမှထွက်ပြီး အုံးလေးဖက်ချအိမ်ကြီးဆီသို့သွားသည်။ စောစောကဖွင့်ထားသော တံခါးသည် ပိတ်လျက်သားရှိနေသည်။

နန္ဒက တံခါးကို လက်သီးဆုပ်ဖြင့်ထုသည်။ အထဲမှ မည်သည့်တုံ့ပြန်မှုမှမရ။

``ခင်ခင်ကြီး··ခင်ခင်ကြီး''

နန္ဒ ခပ်အုပ်အုပ်ခေါ်သည်။ အထဲက မည်သည့်အသံမျှ ပြန်မလာ။ ထိုအခါ တွင် မသက်သာသဖြင့် တံခါးကို နန္ဒကိုယ်စောင်းတိုက်ဖွင့်သည်။ ကိုယ်လုံးနှင့် ကြိမ်ဆောင့်မိသောအခါ တံခါးရွက်ကျိုးပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးမှာပိတ်ထားသဖြင့် အထဲတွင် မှောင်နေသည်။ နနွ မေ့်းတဝါးဝါး ဖြင့် ဝင်သွားသည်။

ခင်ခင်ကြီးသည် အနုပင် အဘညိုနှင့် စကားပြောသေးသည်။ အိမ်ထဲသို့ ပြန်ဝင်သွားသည်ကို အနုပင် သူမြင်လိုက်သေးသည်။

သို့နှင့်တိုင် ဤမိန်းမသား ဘယ်ကိုများရောက်သွားသနည်း၊ မြေကိုလျှိုး၍ မိုးကိုပျံချေပြီလား။ ရှိန်းဆာယာပိမောက်၍ ကိုယ်ပျောက်ချေပြီလား။

နနွ သတိထား၍ အိမ်နောက်ဖေးဘက်သို့ ဝင်သွားသည်။ တစ်နေရာတွင် ခလုတ်တိုက်ပြီး လဲမည်ပြုသည်။ ငုံ့ကြည့်လိုက်သောအခါ လဲနေသောလူတစ်ယောက်။

နနွဒူးထောက်ပြီး ထိုင်လိုက်သည်။ လဲနေသူကို သေသေချာချာ ငုံ့ကြည့်သော အခါ ခင်ခင်ကြီးဖြစ်နေသည်ကို တွေ့ရသည်။ သူက ခင်ခင်ကြီးကို ကိုင်လှုပ်လျက်..

"ခင်ခင်ကြီး..ခင်ခင်ကြီး"

အခေါ်ခံရသူက မထူးပါ။ နနွက ခင်ခင်ကြီး၏ရင်ညွန့်ကို စမ်းကြည့်လိုက်သည်။ အသက်မရှူပါ။ သူ့လက်တွင် စေးထန်းထန်းဖြစ်လာသဖြင့် အောက်ဘက်သို့ အနည်းငယ် ရွှေ့၍စမ်းလိုက်သောအခါ ရင်အုံတွင်စိုက်နေသော ဓားမြှောင်တစ်ချောင်းကို တွေ့ရသည်။

"ဘုရား..ဘုရား..ဘယ်လိုများဖြစ်တာပါလိမ့်"

နနွ၏နှုတ်မှ အသံထွက်သွားသည်။ ထို့နောက် ခင်ခင်ကြီး၏ရင်အုံမှ ဓားမြှောင် ကိုလည်း အလိုလိုနှုတ်မိရက်သား ဖြစ်သွားသည်။

"ဘုရား..ဘုရား..ညက ခင်ခင်လတ်ကိုင်လာတဲ့ ဓားမြှောင်ပါလား"

နနွ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ခင်ခင်ကြီးကို မည်သူသတ်သွား သနည်း။ ခင်ခင်လတ်လား။

ထိုစဉ်တွင် အသံတစ်ခုကြား၍ ကြည့်လိုက်သောအခါ အခန်းတံခါးဝတွင် မားမားကြီးရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

"ခင်ခင်လတ်"

နနွက ခေါ်လိုက်သည်။

"ခင်ခင်လတ်မဟုတ်ပါဘူး"

"ဟင်-ခင်ခင်လေး"

အမျိုးသမီးက သူ့ထံသို့လျှောက်လာသည်။ သူ့လက်မှဓားကိုတစ်လှည့်၊ သေနေ နေသော ခင်ခင်ကြီးကိုတစ်လှည့် ကြည့်နေသည်။

"ခင်ခင်လေးရဲ့အစ်မတော်ကို မောင်ကြီးသတ်တာမဟုတ်ဘူး"

အမျိုးသမီးက သူ့စကားကို ယုံသလိုလို မယုံသလိုလို။



"ဘယ်သူသတ်တာလဲ"

"မသိဘူး၊ မောင်ကြီးလည်း အခုပဲတွေ့တာပဲ၊ ခင်ခင်လေး သည်ဓားကို သိသလား"

အမျိုးသမီးက ခေါင်းညိတ်သည်။

"ဘယ်သူ့ဓားလဲ"

"အစ်မတော် ခင်ခင်လတ်ရဲ့ဓား"

"ခင်ခင်လတ် သတ်တယ်လို့ထင်သလား"

"ခင်ခင်လေးမသိဘူး၊ မောင်ကြီးနနွကို နောက်ကနေ ခင်ခင်လေးမြင်လိုက်လို့ လိုက်လာတာ၊ သည်ကျတော့ အခုလိုတွေ့ရတာပဲ"

"မောင်ကြီးမသတ်ဘူး"

"ဘယ်သူသတ်သလဲ"

"မသိဘူး၊ မသိဘူး၊ မောင်ကြီးမသတ်ဘူး"

နနွသည် တအားကုန်အော်နေမိသည်။ ခင်ခင်လေးက သူ့ပခုံးကိုလှုပ်ခါပြီး ဘယ်သူသတ်သနည်းဟု ထပ်တလဲလဲမေးနေသည်။

သူကလည်း မျက်လုံးများကိုမှိတ်ထားပြီး သူမသတ်ဘူးဟု အကြိမ်ကြိမ်ဆက် ပြောနေသည်။

"မောင်ကြီးနနွ..မောင်ကြီးနနွ"

နနွမျက်လုံးဖွင့်ကြည့်လိုက်သည်။ ခင်ခင်လေးပင် ဖြစ်သည်။ သူ့ပခုံးများကို ကိုင်လှုပ်နေသည်။ သို့သော် အုန်းလေးဖက်ချအိမ်တွင်မဟုတ် သူ့အခန်းထဲတွင်ဖြစ်သည်။ သူ့လက်ထဲတွင် ဓားမရှိ၊ အနီးအနားတွင် ခင်ခင်ကြီး၏အလောင်းမရှိ။

"မောင်ကြီးနနွ နိုးပလား"

သူခေါင်းညိတ်လိုက်သည်။

"အောင်မယ်လေး..မောင်ကြီးနနွရယ်၊ ခင်ခင်လေး အဲ့တွေအသည်းတွေ တုန် လိုက်တာ၊ မောင်ကြီးက ဘာတွေမှန်းမသိဘူး လျှောက်အော်နေတော့ ခင်ခင်လေးလည်း ဘာလုပ်ရမှန်းမသိတော့ဘူး"

နနွက ယခုမှ စိတ်သက်သာရာရသည့်အလား သက်ပြင်းချလိုက်ပြီး..

"ဪ..မောင်ကြီး အိပ်မက်မက်နေတာ ကြောက်စရာကောင်းလိုက်တာ၊ အိပ်မက် ကောင်းပါသေးရဲ့"

"မောင်ကြီး ညဦးပိုင်းက အဖြစ်အပျက်တွေ စိတ်စွဲနေလို့နဲ့တူပါတယ်"

"ဟုတ်တယ်၊ မောင်ကြီးကို ခင်ခင်လေး လာနှိုးတာလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ..ခင်ခင်လေး ဈေးသွားမလို့ မောင်ကြီးနန္ဒ လိုက်ဦးမလားလို့"

အခုပဲ သုဘုရားကြီးဈေးသွားသည့်အကြောင်း အိပ်မက်မက်သည်။ အခုပဲ ခ... ခင်လေးက ဈေးသွားရအောင်လာခေါ်နေသည်။ သူ့စိတ်ထဲတွင် လေးသွားသည်။ ... တုံ့ဆိုင်းနေသည်ကိုကြည့်ပြီး ခင်ခင်လေးက..

"ဘာလဲ-မလိုက်ချင်ဘူးလား"

"အို..လိုက်မှာပေါ့"

[ ၁ ]

နန္ဒနှင့် ခင်ခင်လေးတို့ နေထွက်တပြူတွင် တံခွန်တိုင်အိမ်ကြီးမှ မြင်းကိုယ်စီနှင့် ထွ... သွားကြသည်ကို တစ်ခုသောလေသာဆောင်မှ ငေးမျှော်ရင်း သက်ပြင်းအကြိမ်ကြိမ်... နေသူမှာ ခင်ခင်လတ်ဖြစ်တော့သည်။

နန္ဒနှင့် ခင်ခင်လေးတို့မှာမူ ခင်ခင်လတ်၏ အဖြစ်ကိုမသိဘဲ အေးချမ်းယှဉ်လျ... အေးအေးစွာ အသားကျစီးသွားကြသည်။

"ပြောစမ်းပါဦး၊ စောစောက မောင်ကြီးနန္ဒ ဘာတွေမက်နေတာတုန်း၊ မောင်ကြီ... က ဘယ်သူ့ကိုမက်မိလို့တုန်း"

"မောင်ကြီး ဘယ်သူ့ကိုမှ မမက်ပါဘူး၊ မောင်မောင်လေးကို မောင်ကြီးသ... တယ်လို့ ခင်ခင်လေးတို့ထင်မှာစိုးလို့ပါ"

"ခင်ခင်လေးတို့မောင်အကြောင်း ခင်ခင်လေးတို့ ကောင်းကောင်းသိပါတယ်... သူဟာ အခုမှမဟုတ်ဘူး၊ အရင်ကလည်း သည်လိုပဲ၊ သူများသားဖျိုသမီးဖျိုတွေ... ဖော်ကားခဲ့တာ ဖျက်ဆီးခဲ့တာ မနည်းတော့ဘူး၊ မောင်မောင်လတ်ကလည်း မောင်ကြီး... လိုပဲ မဟုတ်မတရားတာဆိုရင် နည်းနည်းမှကြည့်မနေတတ်ဘူး၊ လက်ညှိုးမကော... လက်ညှိုး၊ လက်မ,မကောင်း လက်မပဲ"

"ခင်ခင်လေးတို့ မောင်နှမတစ်တွေဟာ အသည်းတော့ တော်တော်မာကြတာပဲ"

"လူတိုင်းကလည်း သည်လိုပဲပြောကြတယ်၊ ဘဘုရားက အသည်းမာတော့ သားသမီးတွေကလည်း မာကြတော့တာပဲပေါ့"

"မောင်မောင်လတ် သူပုန်ဖြစ်တယ်ဆိုတာ ခင်ခင်လေးတို့မသိဘူးလား"

"မသိဘူးဆိုရင်လည်း ဟုတ်တာပဲ၊ သိတယ်ဆိုရင်လည်း ဟုတ်တာပဲ"

"ခင်ခင်လေးစကားကို မောင်ကြီးနားမလည်ပါဘူး"

"မောင်မောင်လတ်ဟာ တစ်နေ့မှာ ရွာသူရွာသားတွေကို နိပ်စက်နေတဲ့ ဘု... စစ်သည်တော်တွေကို သတ်ဖြတ်ပြီး ရာဇဝတ်ဘေးကလွတ်အောင် အောက်ပြည်အော...



...ကို ထွက်ပြေးရတယ်၊ ဒါကို ခင်ခင်လေးတို့ကလည်း မင်းပြစ်မင်းဒဏ်ကလွတ်အောင် ...မောင်လတ်ဟာ ဆိုးသွမ်းရမ်းကားလို့ အိမ်က သေခန်းဖြတ်ရှင်ခန်းဖြတ် နှင်ချထား ...လို့ သတင်းလွှင့်ထားရတယ်"

"သြော်..သြော်..သည်လိုကိုး"

"မောင်မောင်လတ် သောင်းအုပ်လူတွေနဲ့ ပေါင်းသွားတယ်ဆိုတာ ကြားတယ်၊ ...နဲ့ အောက်ပြည်အောက်ရွာမှာပဲလို့ ထင်ထားကြတယ်၊ နေပြည်တော်တစ်ပိုက်မှာ ...ရောက်နေတာကို မသိကြဘူး၊ မသူဇာတို့နဲ့ ပေါင်းနေတယ်ဆိုတာလည်း မသိကြဘူး၊ ...ဇာကိုလည်း မသိဘူး"

"မသူဇာက မောင်မောင်လတ်ကို မောင်မောင်လို့ခေါ်တယ်"

"အင်း..ဒါဆိုရင် မောင်ကြီးနန္ဒနဲ့ မောင်မောင်လတ် ရန်သူဖြစ်မှာစိုးရတယ်"

"ဘာဆိုင်လို့လဲ"

"အကြံတူ ရန်သူလို့ ပြောကြတယ်မဟုတ်လား"

"ဘာဆိုင်လို့လဲ"

"မသူဇာကို ခင်ခင်လေး တွေ့ချင်တယ်"

"ဘာလုပ်ဖို့လဲ"

"တွေ့ချင်လို့ပေါ့"

နန္ဒ ဘာမျှမပြောတော့။ ခင်ခင်လေးကလည်း အငေးသို့ငေးနေသည်။ ဈေးကို ...ရောက်ပါစေတော့ဟု နန္ဒ ဆုတောင်းနေသည်။ မသူဇာအကြောင်း ခင်ခင်လေး ...ပြောရမည်ကို ဝန်လေးနေမိသည်။

ခင်ခင်လတ်ကမူ မသူဇာကို ကြိုက်နေသလား၊ ခင်ခင်လေးကို ကြိုက်နေသလား ...ခြောင်ဖွင့်မေးခဲ့သည်။

အင်း..ခင်ခင်လတ်ကိုယ်တိုင်ကလည်း တစ်မျိုးပဲ၊ ဘာကြောင့်မှန်းမသိ၊ သူ့စိတ် ... ခင်ခင်လတ်ကို သနားနေသည်။

ဟော..တော်ပါသေးရဲ့၊ ဈေးကိုရောက်ပြီ။

ခင်ခင်လေး ဈေးဝယ်သည့်နောက် သူတကောက်ကောက်လိုက်သည်။ အိပ်မက် ...တိုရနေသည်။ အဖိုးကြီးတစ်ယောက်ကို မြင်တိုင်း ကြည့်မိသည်။ မိန်းမရွယ် ...ကိုမြင်တိုင်း ခင်ခင်ကြီးလားဟု ကြည့်မိသည်။

တစ်ကြိမ်တွင် အမျိုးသမီးတစ်ယောက်ဆီ သူ မျက်စိရောက်နေသည်ကို ခင်ခင် ...တွေ့မြင်သွားပြီး..

"ကြည့်လှချည်လား မောင်ကြီးနန္ဒ၊ မသူဇာ အောက်မေ့လို့လား"

www.burmeseclassic.com



နန္ဒက ခင်ခင်ကြီးအကြောင်း၊ အိပ်မက်အကြောင်း ပြောပြရန် တဒင်္ဂအတွင်း
ပင် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်··

''မသူဇာမှတ်လို့မဟုတ်ဘူး၊ ခင်ခင်ကြီးမှတ်လို့''

''ရှင်··ခင်ခင်ကြီးမှတ်လို့ ဟုတ်လား''

''မောင်ကြီးနန္ဒနဲ့ ခင်ခင်ကြီးအကြောင်း အပြန်ကျမှ ခင်ခင်လေးကို ပြော
ရဦးမယ်''

ထိုအခါ ခင်ခင်လေး ဈေးဝယ်မဖြောင့်တော့။ ကသုတ်ကရက်ဝယ်ပြီး ပြန်
ရန်ပြောသည်။ လူရှင်းရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက်··

''ပြောစမ်းပါဦး၊ မောင်ကြီးနန္ဒနဲ့ ခင်ခင်ကြီး ဘယ်လိုပတ်သတ်လို့လဲ''

''မနေ့မနက်က မောင်ကြီးနဲ့ ခင်ခင်လေးအစ်မ သည်ဈေးမှာတွေ့ကြတယ်''

''ဘယ်လိုလုပ်ပြီး တွေ့တာလဲ''

''မောင်ကြီးက သူ့ကို ခင်ခင်လတ်မှတ်ပြီး နှုတ်ဆက်မိတယ်''

''သူကတော့ မပြောဘူး၊ ဒါပေမဲ့ သည်လိုလူမှားပြီး နှုတ်ဆက်မိတဲ့အကြော
ကြီးတော်ဒေါ်သဲအူကို ဈေးထဲမှာ တွေ့တာနဲ့ ပြောပြလိုက်တယ်၊ ကြီးတော်ဒေါ်သဲအူ
အူတိုလိုတ်ရှာပြီး စကားပြောတယ်၊ သည်တော့ ခင်ခင်ကြီးပဲဆိုတာ မောင်ကြီ
အတတ်သိလိုက်တာပေါ့၊ နောက်ကျတော့ ကြီးတော်ဒေါ်သဲအူကလည်း ဟုတ်တယ်
ဝန်ခံတယ်''

''လူမှားပြီး နှုတ်ဆက်တဲ့အကြောင်း အစ်မခင်ခင်လတ်ကို ပြောပြသေးသလာ

''အင်း··''

''ဘာပြောသလဲ''

''ခင်ခင်ကြီးဟာ အင်မတန်သနားစရာကောင်းသလို အင်မတန်ကြောက်
ကောင်းသတဲ့၊ တစ်နေ့ကျရင် ခင်ခင်လေးတို့ညီအစ်မနှစ်ယောက်ကို ဒုက္ခပေးလိမ့်
တဲ့''

''အစ်မကြီးဟာ သနားစရာကောင်းတယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါ
ကြောက်စရာမကောင်းပါဘူး၊ အစ်မကြီးဟာ သူ့ဒုက္ခကို သူရင်ဆိုင်ပြီးခံတဲ့လူပါ၊ ခင်
လေးတို့ကို ဘာဒုက္ခမှပေးစရာအကြောင်း မရှိပါဘူး''

''နေပါဦး··သူက ဘာပြုလို့ တံခွန်တိုင်အိမ်ကြီးရဲ့ စွန့်ပစ်ခြင်းကို ခံနေရတာ

''အင်း··သည်ကိစ္စတွေအားလုံးဟာ မောင်ကြီးနန္ဒရဲ့ဗလကျော်ထင် မွေ့ခဲ့တာ

''ဘုရား··ဘုရား··ဘယ်လိုများလဲ ပြောစမ်းပါဦး နှမငယ်ရယ်''

''ဘဘုရားက အစ်မတော် ခင်ခင်ကြီးကို သိပ်ချစ်တယ်၊ သိပ်အားထားတ



ခင်ကြီးကို ဗလကျော်ထင်နဲ့ လက်ထပ်ဖို့ အရင်ဆုံးစီမံခဲ့တယ်''

''သြော်··သြော်··''

''ခင်ခင်ကြီးက ဘဘုရားရဲ့ အစီအမံကို လက်မခံဘဲ သူကြိုက်နေတဲ့ မြင်း
သည်ကလေး ကိုဥက္ကာနဲ့လိုက်ပြေးတယ်၊ သည်အခါမှ ဘဘုရားက ဒေါသူပုန်ထပြီး
မီးကို သေခန်းရှင်ခန်းဖြတ်ခဲ့တယ်''

''ဖြစ်မှဖြစ်ရလေ''

''အစ်မကြီးခမျာ ကုသိုလ်ဆိုးလှရှာတယ်၊ မြင်းကုန်သည်လေး ကိုဥက္ကာဟာ
ရားက သေခန်းရှင်ခန်းဖြတ်လိုက်တယ်ဆိုရင်ပဲ အစ်မကြီးကို စွန့်ပစ်သွားတယ်၊
လူကို ကြိုက်တာမဟုတ်ဘူး၊ ပစ္စည်းကိုမက်တာကိုး၊ သည့်နောက်မှာ အစ်မကြီး
တခြားယောက်ျားတစ်ယောက်နှစ်ယောက်နဲ့ ရခဲ့သေးတယ်၊ ခုတော့ သူ့ကို လူတွေက
တန်ဆာလောက်နီးနီး ပြောနေကြတယ်''

ခင်ခင်ကြီးအတွက် နန္ဒ တကာယ်ပင် စိတ်မကောင်းဖြစ်မိသည်။

''ခင်ခင်လေးတို့ကကော သူ့ကို အခေါ်အပြောမလုပ်ကြဘူးလား''

''အခေါ်အပြော မလုပ်ရဘူးလို့ ဘဘုရားက တင်းတင်းကြပ်ကြပ်တားမြစ်ထား
သူကလည်း ခင်ခင်လေးတို့ကို အတွေ့မခံဘူး၊ သူက ခင်ခင်လေးတို့နဲ့ပတ်သက်
အစ်ခုပဲ လူသိရှင်ကြားပြောထားတယ်''

''ဘယ်လိုပြောထားသလဲ''

''ခင်ခင်လေးနဲ့ ခင်ခင်လတ်တို့ညီအစ်မနှစ်ယောက်ဟာ ဘယ်အကြောင်းနဲ့မှ
ကျော်ထင်ကို မယူရဘူးတဲ့၊ ယူရင် သူကိုယ်တိုင် သတ်မယ်တဲ့''

''သူသည်လိုပြောတာကို မြို့စားကြီးမသိဘူးလား''

''သိသားပဲ''

''သိရက်သားနဲ့တောင် ခင်ခင်လေးကို ဗလနဲ့နေရာချထားဖို့ စီစဉ်သေးသလား''

''ဘဘုရားက အစ်မကြီးစကားကို အမှုထားမတဲ့လား''

''နေပါဦး··သမီးကြီးနဲ့ အကြောင်းမညီညွတ်ရင် သမီးလတ်နဲ့ စီစဉ်ရတယ်
လား''

''ခင်ခင်လေးသဘောကကော''

''ဗလက ခင်ခင်လေးကို မျက်စိကျနေတာကိုး''

''မနက်က ခင်ခင်လေးပြောတယ်မဟုတ်လား၊ ခင်ခင်လေးမှာ ဒုက္ခတွေ့နေပါ
ပြီ''

နန္ဒက တစ်စုံတစ်ခုကို အပြီးအပိုင် ဆုံးဖြတ်လိုက်ဟန်ဖြင့်··

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်လေး သူ့ကိုမယူရဘူး"

"ယူရင် မောင်ကြီးနန္ဒကလည်း ခင်ခင်လေးကို သတ်မှာပဲလား"

"ခင်ခင်လေးကို မသတ်ဘူး၊ ဗလကို သတ်မယ်"

အမျိုးသမီးက သူ့ကို စူးစိုက်၍ကြည့်သည်။

"မောင်ကြီးနန္ဒ တကယ်ပြောတာလား"

"မောင်ကြီး သစ္စာဆိုပါတယ်"

"အင်း..ခင်ခင်လေးလည်း တစ်နေ့ကျရင် အစ်မတော်ခင်ခင်ကြီးလို ဖြစ်ရဦးမှ ပဲထင်တယ်"

အမျိုးသမီးက ညည်းတွားလိုက်သည်။ နန္ဒ တစ်စုံတစ်ခု ပြန်ပြောမည်ရှိဟ မြှုစဉ် ခင်ခင်လေး မြင်းကိုဒုန်းစိုင်းသွားသည်။

တံခွန်တိုင်အိမ်ကြီးသို့ သူတို့ ပြန်ရောက်လာကြပြီတည်း။ ခင်ခင်လတ်သ စောစောက လေသာပြတင်းမှပင် သူတို့ကိုကြည့်နေသည်။ သည်တစ်ကြိမ်တွင်တေ နန္ဒက ခင်ခင်လတ်နှင့် မျက်လုံးချင်းဆုံမိသည်။ အမျိုးသမီးက တစ်စုံတစ်ခု လှမ်းပြေ နေဘိသကဲ့သို့။

[ ၈

နေ့ခင်းဘက်တွင် နန္ဒအခန်းသို့ ဖိုးလုံးရောက်လာသည်။ သူ့မျက်လုံးက ဂဏှာမငြိမ် သူ့ပါးစပ်က တလှုပ်လှုပ်တရွရွ၊ တစ်ခုခုပြောချင်ဟန်ရှိသည်။

"ဘာကိစ္စလဲ ကိုဖိုးလုံး၊ မြို့စားကြီး ခေါ်ခိုင်းလို့လား"

"ရှူး"

နန္ဒက ခပ်ကျယ်ကျယ်မေးလိုက်သည်။ ကိုဖိုးလုံးက နှုတ်ခမ်းတွင် လက်ညှိ ကပ်ကာ တိုးတိုးပြောရန် သတိပေးသည်။ ပြီးတော့မှ လေသံသဲ့သဲ့ဖြင့်..

"ရေချိုးသွားရအောင်"

"အောင်မယ်လေး ကိုဖိုးလုံးရာ ရေချိုးသွားဖို့ခေါ်တာ ရွှေနန်းတော်ကြီးဝင်မ ခေါ်တာကျနေတာပဲ"

"ရှူး"

နန္ဒက နောက်လိုက်သည်။ ကိုဖိုးလုံးက ဒုတိယအကြိမ် တိုးတိုးပြောရန် သ ပေးသည်။ သူ့မျက်လုံးများ မငြိမ်။ သူ့မျက်နှာတွင် တစ်စုံတစ်ခုကို အလွန်အ ကြောက်လန့်နေသည့်ဟန်။



သည်တော့၊

ဖိုးလုံးတွင် အကြောင်းထူးရှိပြီဟု နန္ဒ တွက်လိုက်သည်။ နောက်ထပ်ဘာမျှ ပြောတော့ဘဲ ဖိုးလုံးနှင့်အတူ မြင်းဇောင်းသို့လိုက်ခဲ့သည်။ လမ်းတွင် မောင်မောင်ကြီးနှင့် ဆုံနေသေးသည်။ မောင်မောင်ကြီးက..

"ဘယ်တုန်း ကိုနန္ဒ"

"ချောင်းကို ရေသွားချိုးကြမလို့"

"ရေချိုးသွားမှာကလည်း မားကြီးနဲ့ဟား"

မောင်မောင်ကြီး မျက်မှောင်ကုတ်ပြီးမေးသည်။

"သည်ကာလကြီးက လူနဲ့ လက်နက်နဲ့ ကွာလို့ကောင်းတာမဟုတ်ဘူး"

မောင်မောင်ကြီး ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ နန္ဒနှင့် ဖိုးလုံး မြင်း ကိုယ်စီဖြင့် တံခွန်တိုင်ခြံကြီးမှ ထွက်ခဲ့ကြသည်။

ဖိုးလုံးက ချောင်းဘက်သို့မသွားဘဲ ဘုရားကြီးဘက်သို့သွားသည်။ နန္ဒက အမေး မြန်းပြုမည်လုပ်ပြီးမှ မမေးတော့ဘဲ ထပ်ကြပ်မကွာလိုက်ပါသည်။

ဖိုးလုံးသည် မြင်းထိန်းပီပီ မြင်းစီးကျွမ်းကျင်လိမ္မာသည်။ သူ့မြင်းသည် ဝမ ကလေးဖြစ်သည်။ မြင်းကိုရော လူကိုရော အထင်ကြီးစရာမရှိ။ သို့သော် တကယ့် အယ်ကျတော့ သူ့ကိုမီအောင် သူ့မြင်းတိမ်ပျံ မနည်းကြီးလိုက်ရသည်။ ဖိုးလုံး၏ သိန်ကလေးသည် အခုန်အလှမ်းမကျဲသော်လည်း ခြေအနှုတ်အသိမ်းမြန်သဖြင့် လေ သို့ ပြေးနေခြင်းဖြစ်သည်။

ဖိုးလုံးသည် နောက်သို့ တစ်ကြိမ်သာလှည့်ကြည့်သည်။ ထို့နောက်တွင်ကား တွင်မည်စိုးသည့်အလား အတုန့်အဆိုင်းမရှိ သွားနေသည်။ တဖြည်းဖြည်းနှင့် ချိုင်းတစ်ခုအနီးသို့ ရောက်လာကြောင်း နန္ဒတွေ့ရှိရသည်။

ထိုအခါ နန္ဒစိတ်ထဲတွင် သံသယဝင်လာသည်။ ဖိုးလုံးက သူ့ကို ဘယ်သွားမည် ပြောခဲ့၊ ဘာကိစ္စဟု မရှင်းလင်းခဲ့၊ ဘယ်သူနှင့်တွေ့ရန်ဟု အရိပ်အမြွက် မဖော်ပြခဲ့၊ သွားမည်ဆိုပြီး ယခု သချိုင်းကုန်းသို့ ရောက်လာပြီဖြစ်သည်။ ဖိုးလုံး အမူအရာ နေသည်က ရှင်းသည်။

ဖိုးလုံးသည် သူ့မိတ်ဆွေလား၊ သူ့ရန်သူလား၊ မည်သူပြောနိုင်မည်နည်း။ ထိုစဉ် ဖိုးလုံးသည် ခြံဝင်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။ သူ့မျက်နှာတွင် ချွေးတွေ သည်။ ချွေးသီးချွေးပေါက်တွေ၊ ချွေးစီးတွေ။

နန္ဒက ဖိုးလုံးနှင့် ဘေးချင်းယှဉ်ပြီး ရပ်လိုက်သည်။

ဖိုးလုံးက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး နန္ဒကို ခြံဝင်းထဲမှ နှစ်ထပ်ပျဉ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်အိမ်ဆီသို့ လက်ညှိုးညွှန်ပြပြီး လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားသည်။

နန္ဒ ဘုမသိဘမသိဖြင့် ကျန်ရစ်သည်။ ဖိုးလုံးက သူ့ကို ဘာမျှပြောမသွား အိမ်ကြီးဆီသို့သာ ညွှန်ပြသွားသည်။ သူ ဘာလုပ်ရမည်နည်း။ နောက်ကြောင်းပြန်ရမည်လား။ အိမ်ထဲသို့ ဝင်ရမည်လား။

အိမ်ကြီးသည် လူသူမရှိသည့်အလား ငြိမ်သက်လျက်ရှိသည်။ အိမ်ထဲတွင် ရန်သူ ရှိချေမည်လား၊ မိတ်ဆွေရှိချေမည်လား။

နောက်ဆုံးတွင် နန္ဒက ဖြစ်လိုရာဖြစ်စေတော့ဟု ပိုင်းဖြတ်လိုက်ပြီး အိမ်ကြီး ဆီသို့ သတိကြီးစွာထားပြီး ချဉ်းကပ်သွားသည်။

အိမ်ရှေ့တံခါးပိတ်ထားသည်။ သူက ညက အိပ်မက်ကို သတိရမိသည်။ သို့သော် အိပ်မက်ထဲမှလမ်းနှင့်လည်း မတူချေ။ အိပ်မက်ထဲမှ အိမ်နှင့်လည်း မတူချေ။ တစ်ခု တူသည်။ အိပ်မက်ထဲအိမ်လည်း တံခါးပိတ်ထားသည်။ ယခုတွေ့ရှိရသော အိမ်ကလည်း တံခါးပိတ်ထားသည်။

အိမ်ထဲတွင် လူရှိလျှင် မိမိတို့မြင်းခွာသံများကို ကြားရမည်။ မိမိတို့လာမှန်း သိရမည်။ မိမိ၏ခြေသံကိုလည်း ကြားရမည်။ သို့နှင့်တိုင် အိမ်ထဲမှလူသည် အဘယ် ကြောင့် ငြိမ်သက်နေရချေသနည်း။ မိမိကို အကောက်ကြံရန် စောင့်ဆိုင်းနေချေသလော။

နန္ဒ၏လက်သည် ဓားရိုးပေါ်သို့ အလိုလိုရောက်ရှိသွားသည်။ ထို့နောက် လက် တစ်ဖက်ဖြင့် တံခါးရွက်ကို တွန်းကြည့်လိုက်သည်။ တံခါးပွင့်သွားသည်။ အထဲတွင် မည်သူမျှမရှိ။ နန္ဒ အိမ်ထဲဝင်မည်ပြုစဉ် မြင်းခွာသံကြားရသည်။ ခြေလှမ်းတုန့်သွားသည်။ မြင်းခွာသံကြားရာသို့ ကြည့်လိုက်သည်။ မြင်းတစ်စီး ခုန်းစိုင်းလာသည်။ ဖိုးလုံး ပြန်လာ သည်လား၊ မဟုတ်ပါ။ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ခင်ခင်လတ်နှင့်တူသည်။ မဟုတ်ပါ။ ခင်ခင်ကြီးဖြစ်သည်။ သူ၏အိပ်မက် တစ်ပိုင်းတစ်စတော့မှန်သည်ဟု တွေး လိုက်သည်။ အမှန်အားဖြင့်တော့ ခင်ခင်လတ် ပြောစကားအတိအကျ မှန်ကန်ခြင်း ဖြစ်သည်။ ခင်ခင်ကြီးသည် ဘယ်နည်းနှင့်မဆို သူ့ကိုတွေ့လိမ့်မည်ဟု ဆိုသည်။ ယခု တွေ့ချေပြီတည်း။

သည်ကြားထဲတွင် ဖိုးလုံးက အဘယ်ပုံ ကန့်တည်းကန့်လန့် ပါနေရသနည်း။ ခင်ခင်ကြီးနှင့်ဖိုးလုံး အမြဲတမ်း အဆက်အသွယ်ရှိချေသည်လား။

ခင်ခင်ကြီးက သူမ၏မြင်းကို တိမ်ပုံအနီးတွင် ရပ်ထားလိုက်သည်။ မြင်းပေါ်မှ ပေါ့ပါးစွာခုန်ဆင်းပြီး နန္ဒရှိရာသို့ သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လာသည်။ မျက်နှာတွင်လည်း တည်ငြိမ်သောအပြုံးရိပ်ရှိသည်။

"မောင်အငယ် ရောက်နေတာကြာပလား"



အမျိုးသမီးက ပန္နီသန္တာရစကားဆိုသည်။ တစ်နေ့က စျေးထဲတွင် တွေ့သည့် အနေအရာမျိုးမဟုတ်၊ ပကတိ တည်ကြည်လေးနက်သည်။ ထို့ကြောင့် နန္ဒကလည်း အေးအေးလေးစားစား ပြန်ပြီးဖြေသည်။

"အခုပဲရောက်ပါတယ် အစ်မတော်"

"မောင်ငယ် အိမ်ထဲကိုဝင်လေ၊ အမှန်အားဖြင့်တော့ အစ်မတော်က အရင်ကြိုပြီး ရောက်ဖို့ရာပဲ၊ လမ်းမှာ ခရီးဖင့်သွားတာနဲ့ နည်းနည်းလေးနောက်ကျသွားတယ်၊ ဖိုးလုံး ကော ပြန်သွားပလား"

နန္ဒ အိမ်ထဲသို့ဝင်သည်။ အနည်းငယ်မှောင်နေသည်။ ခင်ခင်ကြီးက ပြတင်း ပေါက်တစ်ခုကို ဖွင့်လိုက်သည်။ မြင်သာထင်သာရှိသွားသည်။

"သူ အခုပဲပြန်သွားတယ်၊ ဝင်တောင်မဝင်ဘူး"

"ဖိုးလုံးက ကြောက်တတ်တယ်၊ မနက်က သူ့ကို လမ်းမှာတွေ့လို့ သည်အိမ် ကြီးကို မောင်အငယ်ကိုခေါ်လာဖို့ပြောတာ မခေါ်ရဲဘူးဆိုလို့ မနည်းကြီးပြောရတယ်"

နန္ဒ ခုံတန်းလျားတစ်ခုတွင်ဝင်ထိုင်ရင်း အိမ်ကို အကဲခတ်ရင်း..

"သည်အိမ်က ဘယ်သူ့အိမ်လဲ၊ ဘယ်သူမှမရှိပါလား"

"အစ်မတော်ရဲ့ အသိအိမ်ပါ၊ အိမ်သားတွေ ခရီးသွားကြတယ်၊ မောင်အငယ် အာရုံစိုးရိမ်ကြောင့်ကြစရာ မရှိပါဘူး"

နန္ဒက ခင်ခင်ကြီးကို ဂရုပြုပြီးကြည့်သည်။ တစ်နေ့ကလို ဖြစ်ကတတ်ဆန်း ဆင်မထားဘဲ လက်ရင်းလက်ဖျား အနားချုပ်ရိုး ဇာသတ်အင်္ကျီလက်ကျပ်နှင့်၊ အာဠဝီ ချိုးစပ်ထဘီနှင့် ဇာကွန်ချာရွှေပွင့်ထိုး ကြယ်စီတဘက်နှင့်မို့ တစ်ပင်တိုင်မင်းသမီး ကလေးလို တင့်တယ်ခြင်းအပြည့်ရှိနေသည်။

ဘယ်လိုလူစားကများ ဤလိုမိန်းမကို ပစ်သွားရက်သနည်း။ ဘယ်လိုလူတွေ ကများ ဤမိန်းမကို အပျက်အစီးတစ်ယောက်ဟု ပြောရဲကြသနည်း။

"အစ်မတော်ရဲ့ကိစ္စကို အမိန့်ရှိပါဦး"

"အစ်မတော်ရဲ့အကြောင်းကို မောင်အငယ် ဘယ်လောက်အထိသိထားသလဲ"

"တစ်နေ့မနက်ကပဲ နှမငယ် ခင်ခင်လေးပြောလို့ အထိုက်အလျောက်တော့ သိထားပါတယ်"

"ခင်ခင်လေးရဲ့အကြောင်းကို မောင်အငယ် ဘယ်လောက်သိထားသလဲ"

"မောင်ငယ် ဘယ်လိုဖြေရမလဲ အစ်မတော်"

"သည်လိုဆိုရင် အစ်မတော်မေးမယ်၊ ခင်ခင်လေးကို ဗိုလ်မှူးဖလကျော်ထင်နဲ့ ပေးစားချထားဖို့ ဘဘုရားတို့က စီစဉ်နေတယ်ဆိုတာ သိသလား"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒ ခေါင်းညိတ်သည်။

"သည်ကိစ္စနဲ့ပတ်သက်ပြီး အစ်မတော် ဘယ်လိုပြောထားတယ်ဆိုတာကော သိသလား"

"အစ်မတော်က ဗလကျော်ထင်ကိုယူတဲ့လူကို သတ်ပစ်မယ်လို့ ပြောထားပါတယ်"

"ဟုတ်ပြီ၊ သည်ကိစ္စနဲ့ပတ်သက်ပြီး မောင်အငယ်ကကော ခင်ခင်လေးကို ဘယ်လိုများပြောမိသလဲ"

"မောင်အငယ်ကတော့ ဗလကိုသတ်မယ်လို့ ပြောမိပါတယ်"

ခင်ခင်ကြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ တစ်စုံတစ်ခုကို အတန်ကြာစဉ်းစားချိန်ဆနေပုံရသည်။ ပြီးမှ..

"အစ်မတော်ရဲ့ညီမတွေကို အစ်မတော်လို မဖြစ်စေချင်ဘူး၊ အစ်မတော်လိုဖြစ်မှာစိုးရိမ်တယ်"

"အစ်မတော်အကြောင်းကိုကြားရတာ မောင်ငယ်စိတ်မကောင်းပါဘူး"

"အစ်မတော်ရဲ့အကြောင်းနဲ့ အစ်မတော်ရှိပါစေတော့၊ အစ်မတော်ရဲ့ညီမတွေသာ အစ်မတော်လိုမဖြစ်ဖို့ လိုပါတယ်"

ခင်ခင်ကြီး စိတ်ရင်းစိတ်မြစ်မှ ပြောနေကြောင်း နန္ဒ သတိထားမိသည်။ ယင်းသို့ဆိုလျှင် ခင်ခင်လတ်က အဘယ်ကြောင့် သည်အမျိုးသမီးကို ကြောက်စရာကောင်းသည်ဟု ဆိုရချေသနည်း။

"အစ်မတော် စကားတစ်ခွန်းပြောချင်တယ်၊ အစ်မတော်ရဲ့စကားမှားရင် မောင်ငယ် သည်းခံပါ"

"ပြောပါအစ်မတော် မောင်ငယ်ဗွေမယူပါဘူး"

"ခင်ခင်လေးကို မောင်ငယ်မေတ္တာရှိနေသလား"

မမျှော်လင့်သော မေးခွန်းကြောင့် နန္ဒငိုင်သွားသည်။ သည်မေးခွန်း၏အဖြေကို သူကိုယ်တိုင်သိလိုလျက်ရှိသည်။ ခင်ခင်လေးကလည်း သူ့ကို သည့်မေးခွန်းမျိုး မေးခဲ့ပြီးဖြစ်သည်။ ခင်ခင်လေးမေးသည့်အထဲတွင် မသူဇာလည်းပါသည်။

နန္ဒနှုတ်ဆိတ်နေသဖြင့် ခင်ခင်ကြီးကပင်..

"ဗလရဲ့ဓားကို မောင်ငယ်ကြောက်သလား"

"နှမ်းစေ့လောက်မှ မကြောက်ပါဘူး"

"အစ်မတော်မြင်သလောက်တော့ ခင်ခင်လေးမှာ အားကိုးအားထားစရာဆိုလို့ မောင်ငယ်တစ်ယောက်ပဲရှိတယ်၊ သူ့အကဲကိုကြည့်ရတာလည်း မောင်ငယ်ကို အားကိုး... ရှိတယ်"

ယင်းအချက်ကိုတော့ မှန်နိုင်သည်ဟု နန္ဒယူဆသည်။ ခင်ခင်ကြီးသည် အဝေး...ရောက်နေသော်လည်း တံခွန်တိုင်အိမ်ကြီးနှင့် အဆက်မပြတ်သည်ကား သေချာသည်။ ...သောအကြောင်းချင်းရာများကို တံခွန်တိုင်အိမ်တွင်ရှိနေသူများထက်ပင် ခရေစေ့...င်းကျ သိနေပုံရသည်။ ဖိုးလုံးမှတစ်ဆင့် သိနေသည်လား၊ သို့မဟုတ် မည်သူကတစ်...င့် သိချေသနည်း။ သူက စိတ်ထဲတွင်ရှိသည်ကို နှုတ်မှဖွင့်ပြောမိသည်။

"အစ်မတော်ဟာ တံခွန်တိုင်ကြီးမှာ ဖြစ်နေတာတွေအားလုံးကို သိနေသလား"

"အစ်မတော် သိသင့်သိထိုက်တာတွေအားလုံးကိုတော့ သိထားပါတယ်"

သို့သော် ခင်ခင်ကြီးသည် ယခုအကြိမ်ထိ ခင်ခင်လတ်အကြောင်းကို သူ ဘာ...ခွန်းတစ်ပါဒ ထည့်သွင်းပြောဆိုခြင်းမရှိသေး။ မိမိနှင့် ခင်ခင်လတ် ပတ်သက်သည်...ကို မသိ၍မပြောချေလော။ သိရက်သားနှင့်ပဲ တမင်မပြောဘဲ ထားချေသလော။

"ခင်ခင်လေးကိစ္စမှာ မောင်ငယ်ဘယ်လိုလုပ်သင့်တယ်လို့ အစ်မတော် ထင်ပါ...သလဲ"

"ခင်ခင်လေးကို ဗလလက်ထဲက ကယ်ဖို့ မောင်ငယ်စိတ်မကူးဘူးလား"

"ကူးပါတယ်"

"သည်လိုဆိုရင် ခင်ခင်လေးကို နိုးပြေးဖို့ကော မောင်ငယ်စိတ်မကူးဘူးလား"

"ခင်ခင်လေးသဘောကလည်း ရှိပါသေးတယ်"

"သူက မိန်းကလေးဖြစ်တယ်ဆိုတာကို မောင်ငယ် မေ့မထားပါနဲ့၊ မောင်ငယ်...လက်ကမ်းမှ သူက ဆွဲယူနိုင်တော့မပေါ့ မောင်ငယ်"

ခင်ခင်ကြီး၏စကား ဟုတ်မှန်ကြောင်း ဝန်ခံသည့်သဘောဖြင့် နန္ဒ ခေါင်းညိတ်...သည်။ တစ်ခုပဲရှိသည်။ သူ့မျက်လုံးထဲတွင် ခင်ခင်လတ် ရစ်ဝဲနေသည်။ ထိုအမျိုးသမီး...သူ သနားသည်။ တစ်နည်းတစ်လမ်းအားဖြင့်လည်း တွယ်တာနေမိပြီဟုထင်သည်။

"အစ်မတော် တစ်ခုပဲ မောင်ငယ်ဆီက ကတိတောင်းချင်ပါတယ်"

"အမိန့်ရှိပါ အစ်မတော်"

"အခုကတည်းက စဉ်းစားပါ၊ နောက်ကျမှတော့ ခင်ခင်လေးကို ပစ်မထားခဲ့...ဲ့"

နန္ဒက ခင်ခင်ကြီး၏မျက်နှာကို ကြည့်လိုက်သည်။ သူမ၏အကြည့်သည် ရိုးဝေ...ပွင့်ရှိသည်။

"ပြန်ကြစို့မောင်ငယ်၊ အစ်မတော်မယ် ခင်ခင်လေးကိစ္စကို စိတ်အေးရရင် ခင်ခင်လတ်ကိစ္စကို စဉ်းစားရပြန်ဦးမယ်၊ ဗလဟာ ဘယ်နည်းနဲ့မှ... ခင်ခင်လတ်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ကို မြွားဦးလှည့်ဦးမှာပဲ၊ ဒါပေမဲ့ ခက်တာက သည်သူငယ်မကလေးက ဟိုဘက်
ခပ်ပါပါဖြစ်နေတယ်''

ခင်ခင်ကြီးသည် နောက်ဆုံးကျမှပင် ခင်ခင်လတ်အကြောင်း ပြောတော့သည်
ခင်ခင်လတ်နှင့်ပတ်သက်သော သူမ၏အမြင်သည် ခင်ခင်လေး၏အမြင်နှင့် တစ်သဆော
တည်းဖြစ်နေသည်။

သည်အမြင်နှင့်ပတ်သက်ပြီး ကာယကံရှင် ခင်ခင်လတ်ကတော့ မဟုတ်မမှ
ကြောင်း သူ့ထံတွင် ငြင်းဆိုချက်ပေးထားသည်။

နန္ဒက ဘာမျှမပြောတော့။ သူတို့နောက်ထပ် ဘာမျှမပြောကြတော့။ လူချင်
ခွဲကြသည်။ ခင်ခင်ကြီး၏ စီစဉ်ချက်အရ နန္ဒက အရင်ထွက်ခဲ့သည်။

[ ဃ

တံခွန်တိုင်အိမ်ကြီးကို ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ခင်ခင်လေးကို လက်ကမ်းမည်
နန္ဒပိုင်းဖြတ်ထားသည်။ ခင်ခင်လတ်နှင့် မသူဇာတို့ကို သူ၏စိတ်အာရုံမှ အခိုက်အတ
အားဖြင့် ဖယ်ထုတ်ထားလိုက်၏။ ခင်ခင်လေးက သေရေးရှင်ရေးဖြစ်နေသည်မဟုတ်
လား။

သို့သော် သူ၏ပိုင်းဖြတ်ချက် အထမမြောက်ပါ။ မြို့စားကြီးနှင့် ခင်ခင်လေး
ကို တံခွန်တိုင်ကုန်းမြင့်ရင်းတွင် တွေ့ရသည်။ လှည်းယဉ်ကလေးနှင့် ဖြစ်သည်။
သင်းဝန်အိမ်သို့ အလည်အပတ်သွားရောက်ကြခြင်းဖြစ်သည်။

''မောင်နန္ဒနဲ့ဖိုးလုံး ရေချိုးသွားကြတယ်ဆို''

မြို့စားကြီးက မေးသည်။

''ဟုတ်ကဲ့''

''ဖိုးလုံးက··''

''သူက အရင်ပြန်နှင့်တယ်''

သူ့အဖြေကို မြို့စားကြီးက ကျေနပ်လှပုံမရ။ သို့သော် ဘာမျှမမေးတော့
ခင်ခင်လေးကသာ··

''မောင်ကြီးကတစ်ယောက်တည်း ခြေရှည်နေတယ်ဆိုပါတော့''

''တစ်ယောက်တည်းမဟုတ်ပါဘူး''

''ဟင်–ဘယ်သူနဲ့လဲ''

''တိမ်ပျံနဲ့လေ''

''အို··မောင်ကြီးနန္ဒကလည်း နောက်ရန်ကော''



ခင်ခင်လေးက မျက်စောင်းချိတ်သည်။ သည်တော့လည်း နန္ဒ၏ရင်ထဲတွင်
ည်နူးနှစ်သိမ့်ရသည်။ အမျိုးသမီးသည် တကယ်ပင် မိမိကို အားကိုးအားထားရှိနေ
မည်ဟု ယူဆမိသည်။

လှည်းယဉ်ကလေးဝေးပြီး ပျောက်သွားသည်အထိ နန္ဒငေးနေမိသည်။ ပြီးမှ
နွန်တိုင်ကုန်းမြင့်ပေါ်သို့ တက်လာခဲ့သည်။

ခင်ခင်လေးမရှိခဲ့လျှင် ခင်ခင်ကြီးနှင့် တွေ့ခဲ့သည့်အကြောင်း ခင်ခင်လတ်နှင့်
ပြီးပြောမည်ကို နန္ဒစိတ်ကူးသည်။ ခင်ခင်လေးကို ဗလ၏လက်မှ မိမိကယ်တင်မည့်
ကြောင်း ခင်ခင်လတ်ကို အတိအလင်းပြောပြလိုက်မည်။ ထိုအခါ ပြဿနာများ
သွားလိမ့်မည်ဟု နန္ဒယူဆသည်။ သို့သော် ခင်ခင်လတ်နှင့်တွေ့ဆုံရန် စိတ်ကူးသည်
တောင်အထည်မပေါ်ပါချေ။

နန္ဒက ဆင်ဝင်အောက်တွင်တွေ့ရသော ဖိုးလုံးကို ခင်ခင်လတ်တစ်ယောက်ကို
က်ထပ်မှာ တွေ့မြင်မိသလားဟု မေးသည်။ ဖိုးလုံးက ခြံဝင်းတစ်နေရာသို့ မေးထိုး
သည်။

တွေ့မြင်ရသောမြင်ကွင်းကြောင့် နန္ဒ၏ရင်ထဲတွင် ဒေါသလှိုင်းထလာသည်။
နှင့်ဗလကို မည်သို့မျှ အထင်မလွဲပါနှင့်ဟု ယမန်နေ့ညက မိမိကိုပြောခဲ့သော ခင်ခင်
သည် ယခုအခါ ခြံဝင်းထဲတွင် ဗလကျော်ထင်နှင့် နှစ်ယောက်တည်းရှိနေသည်။

ခုံရှည်လေးတစ်ခုပေါ်တွင် ပူးပူးကပ်ကပ် ထိုင်နေကြသည်။ တသိမ့်သိမ့် ရယ်
နေကြသည်။ ဗလက ခင်ခင်လတ်၏ပခုံးကို ဆတ်ခနဲဖက်လိုက်သည်။ အမျိုးသမီး
ည် မရုန်းသည်သို့၊ ရုန်းသည်သို့။

နန္ဒ မျက်နှာလွှဲလိုက်သည်။ တောက်တစ်ချက်ခေါက်လိုက်သည်။ ထို့နောက်
၏လက်မှ တိမ်ပျံကိုပြန်ယူလိုက်သည်။ တံခွန်တိုင်ခြံကြီးအတွင်းမှ အမြန်ဆုံး
ထွက်ခဲ့သည်။ သို့မဟုတ်လျှင် ခင်ခင်လတ်နှင့် ဗလကျော်ထင်တို့ကို သူ ဓားနှင့်
ပေလိမ့်မည်။

နန္ဒ ရည်ရွယ်ချက်မရှိ ထွက်ခဲ့ခြင်းဖြစ်သည်။ ဘယ်ကိုသွားနေမိမှန်းမသိခဲ့။
မည်ကို တစ်စုံတစ်ယောက်က ခေါ်နေသံကြားမှ ကြည့်လိုက်မိသည်။

''မောင်ကြီးနန္ဒ··မောင်ကြီးနန္ဒ''

သူ့ကို တကြော်ကြော်ခေါ်နေသူမှာ မောင်မောင်ကြီး၏ ရှမ်းတရုတ်မကလေး
နွံဖြစ်သည်။ ဘယ်လိုလုပ်ပြီး သူ့ရှမ်းပွဲဈေးသို့ ရောက်လာသည်မသိ။

''နေကောင်းသလား နန်းမွန်''

''နေကောင်းပါတယ်၊ မောင်ကြီးနန္ဒ ဘယ်လဲ''

www.burmeseclassic.com

www.burmeseclassic.com

"ဟိုဘက်နားသွားမလို့"

"ဆိုင်မဝင်တော့ဘူးလား၊ ခေါက်ဆွဲစားသွားပါဦး၊ မောင်ကြီးတို့ ဟိုတစ်နေ့က သောက်တဲ့ အရက်မျိုးလည်းရှိတယ်"

"တော်ပါပြီ၊ မဝင်တော့ဘူး"

"မောင်ကြီးတစ်ယောက်ကော"

အမျိုးသမီးက မရဲတရဲမေးသည်။ မောင်မောင်ကြီးကို ဆိုလိုခြင်းဖြစ်သည်။

"မလာဘူးလား"

"မောင်ကြီးနဲ့လာပြီးကတည်းက နောက်ထပ်မလာတော့ဘူး"

"ဟုတ်လား"

"သူနေကောင်းရဲ့လား"

"ကောင်းပါတယ်"

"လာပါဦးလို့ ပြောပေးစမ်းပါ၊ နန်းမွှန် သူ့ကို ပြောစရာရှိလို့ပါ"

"ပြောလိုက်မယ်"

နန်းမွှန်ကို နှုတ်ဆက်ပြီး နန္ဒထွက်ခဲ့သည်။ သို့သော် ဘယ်ကိုသွားရမည်မသိ သွားနေနှင့် ဘယ်ကိုမှသွားစရာမရှိ။ သူ့ကို မသူဖာခေါ်သွားသော အိမ်ကလေး သွားရှာသည် မတွေ့။

နောက်ဆုံးတွင် စိတ်လေးလံစွာနှင့်ပင် တံခွန်တိုင်အိမ်ကြီးသို့ ပြန်ခဲ့ရသည်။ နန်းမွှန်နှင့်တွေ့သည့်အကြောင်း မောင်မောင်ကြီးကို ပြောလိုက်သည်။ မောင်မောင်ကြီး ချက်ချင်းပင် နန်းမွှန်ဆီသွားဦးမည်ဆိုပြီး ထွက်သွားသည်။

ခင်ခင်လတ်က သူ့ကိုစကားပြောရန် ကြိုးစားသည်။ သူက ရှောင်သည်။ မျက်လုံးချင်းပင်မဆုံမိအောင် ကြိုးစားသည်။

ညစာထမင်းစားပြီးသောအခါ နန္ဒ အခန်းအောင်းနေလိုက်သည်။ ခင်ခင်လေး တွေ့လိုသော်လည်း ခင်ခင်လတ်ရှိနေသဖြင့် လွတ်လွတ်လပ်လပ်တွေ့ရမည်မဟုတ်။ သူ့စိတ်ကူးက ညကျမှ ခင်ခင်လေးအခန်းသို့ သွားရောက်မည်ဟု စိတ်ကူးထားသည်။

[ ၄ ]

လူခြေတိတ်၍ အားလုံးအိပ်ချိန်လောက်တွင် နန္ဒ အခန်းထဲမှထွက်ခဲ့သည်။ သို့သော် သုံးလေးလှမ်းမျှသာ လျှောက်ရသေးသည်။ အပေါ်ထပ်မှ ခြေသံကြားရသဖြင့် ငြိမ် လိုက်ရသည်။ လှေကားမှ လူတစ်ယောက်ဆင်းလာသည်။ နန္ဒက နံရံတွင်ကပ်ပြီး အရိပ်အခြည်ကိုကြည့်သည်။ လှေကားပေါ်မှ ဆင်းလာသူမှာ တံခွန်တိုင်မြို့စားကြီး ကျောက်လုံး။



သည်အချိန်ကြီးတွင် မြို့စားကြီး မည်သည့်ကိစ္စနှင့် အောက်ထပ်သို့ ဆင်းလာသည်။

နန္ဒကြည့်နေစဉ်မှာပင် မြို့စားကြီးသည် လှေကားအောက်ဆုံးထပ်သို့ ရောက်လာသည်။ နန္ဒ အသက်မရှူမိ။ မြို့စားကြီးသည် သူရှိရာဘက်သို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်။

နန္ဒအကြံရခက်သွားသည်။ အချိန်မတော်ကြီးတွင် မြို့စားကြီးနှင့် အတွေ့မခံချင်။ အချိန်တွင်မှ အခန်းတွင်းသို့ ပြန်ဝင်ရန်လည်းမလွယ်။ အခန်းတံခါးဖွင့်သည်ကို လှမ်းတွေ့နိုင်သည်။ ပုန်းခိုစရာလည်း အကွယ်အကာမတွေ့။ နောက်ပြီး သူက တိုင်အောက်တွင် ရောက်နေသဖြင့် မြင်လှည့်ပါ ကြည့်လှည့်ပါဆိုသလိုဖြစ်နေသည်။

နန္ဒက မီးတိုင်ကို မကျေမချမ်းမော့ကြည့်လိုက်သည်။ သည်တော့မှ ဆုံလည် ခလုတ်ကို သူသတိရမိသည်။ မီးတိုင်အောက်ခြေကို လက်ဖြင့် နှိပ်သွင်းထိုးတင်လိုက်သည်။

ဆုံလည်တံခါးပွင့်သွားသည်။ နန္ဒ အပြေးအလွှား အခန်းတွင်းသို့ဝင်သည်။ ဆုံလည်တံခါးကို ပြန်၍ပိတ်လိုက်သည်။

နံရံကိုကပ်ပြီး မြို့စားကြီး၏ခြေသံကို နားထောင်သည်။ မြို့စားကြီး၏ခြေသံသည် အပြတ်အတောက်မရှိဘဲ သူ့အခန်းနှင့် တစ်စထက်တစ်စ နီးကပ်လာသည်။ အခန်းထောင့်သို့ ရောက်သောအခါ ခြေသံရပ်သွားသည်။

နန္ဒရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ သူ့စိတ်ထဲတွင် မလုံမလဲဖြစ်လာသဖြင့် ပေါ်သို့ အသံမကြားအောင်ထပြီး လဲလျောင်းလိုက်သည်။ ထိုအချိန်မှာပင် ဆုံလည် ပွင့်လာသည်။

နန္ဒမျက်လုံးပြူးသွားသည်။ ချက်ချင်းပင် မျက်လုံးများကို မှိတ်ထားလိုက်သည်။ စားကြီး၏ခြေသံကို ကြားရသည်။ ဆုံလည်တံခါးဆီသို့ လျှောက်လာသည်။ အခန်း သို့ဝင်လာသည်။ ဆုံလည်တံခါး ပြန်ပိတ်သွားသည်။ ဖြစ်လိုရာ ဖြစ်စေတော့ဟု သောထားပြီး နန္ဒ အိပ်ချင်ယောင်ဆောင်၍ဆောင်နေသည်။ မြို့စားကြီး၏လှုပ်ရှားသံကို ကြားရ။ နန္ဒအိပ်မအိပ်ကို စောင့်ကြည့်အကဲခတ်နေဟန်ရှိသည်။

မြို့စားကြီး၏ခြေသံကို ကြားရပြန်ချေပြီ။ ပထမတော့ မိမိရှိရာကုတင်ဆီသို့ သည်ဟု မှတ်ထင်သည်။ နောက်တော့မဟုတ်၊ ကုတင်ကိုကွေ့ပတ်ပြီး ဆောင်းရင်း နံရံဆီသို့ လျှောက်သွားနေသည်။

နန္ဒ အရဲစွန့်ပြီး မျက်လုံးကို မသိမသာဖွင့်ကြည့်သည်။ မြို့စားကြီးသည် သူနှင့်

www.burmeseclassic.com



ဘေးတိုက်အနေအထားတွင် ရှိနေသည်။ မြို့စားကြီး၏အပြုအမူသည် သူ့ကို ဆေး အန္တရာယ်ပေးမည့်အသွင်မရှိ။ သူ့တွင် နန္ဒနှင့်မသက်ဆိုင်သော အရေးကိစ္စတစ်ခုရှိဟန်မျိုး

နန္ဒကြည့်နေစဉ်မှာပင် မြို့စားကြီးသည် မီးတိုင်ထိပ်မှ ဖယောင်းတိုင်ကို လ တစ်ဖက်ဖြင့်နုတ်ယူပြီး ကျန်လက်တစ်ဖက်က ဖယောင်းတိုင်စိုက်သော အပေါက်တွင်း နှိုက်လာသည်။

ခဏချင်းမှာပင် နန္ဒအိပ်နေသော ကုတင်ကြီးသည် သိမ့်ခနဲလှုပ်ခါသွားသည် မြို့စားကြီးက ဖယောင်းတိုင်ကို ပြန်စိုက်ထားလိုက်သည်။

နန္ဒက မျက်လုံးများကို ကမန်းကတန်း ပြန်မှိတ်လိုက်သည်။ သူ့အောက် ကုတင် တအိအိလည်နေကြောင်း သတိထားမိသည်။ အတန်ကြာသောအခါ ကုတင်နှ သူကိုယ် သိမ့်ခနဲဖြစ်သွားသည်။ လည်ပတ်ခြင်းရပ်သွားပြီဟု သိရသည်။

မြို့စားကြီးလှုပ်ရှားသည့် ဥမင်ပေါက်ဝမှ အောက်သို့ဆင်းခြင်းဖြစ်ကြောင်း န အတပ်သိသည်။ မြို့စားကြီး၏ခြေသံ တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။

သူသင်္ဂါထားနေစဉ်မှာပင် ကုတင်လှုပ်ခါသည်။ နန္ဒမျက်လုံးဖွင့်လိုက်သည် ဥမင်ပေါက်ကို မြင်ရသည်။ မြို့စားကြီးမရှိတော့၊ လျှပ်တပြက်မှာပင် ဥမင်ပေါ ပိတ်သွားသည်။

သည့်တွင် အပြင်မှခွေးဟောင်သံများ ကြားရသည်။ အပေါ်ထပ်မှ လှုပ်ရှားသံ များ ထွက်ပေါ်လာသည်။ တံခါးဖွင့်သံ၊ လှေကားမှ ခြေသံများ။

ခုတစ်ကြိမ်တွင်တော့ နန္ဒက အိမ်အပြင်သို့ ပြေးထွက်၍မသွားတော့။ ယင်း အစား ခေါင်းရင်းရှိ မီးတိုင်မှ ဖယောင်းတိုင်ကို လက်တစ်ဖက်ဖြင့် နုတ်ယူလိုက်သည် လက်တစ်ဖက်ဖြင့် နှိုက်ကြည့်သည်။ မီးတိုင်၏အောက်ဖက်မှာလိုပင် အပိတ်ရှိသည် တွေ့ရသည်။ ယင်းအပိတ်ကို လက်ဖြင့်ထိုးဖိလိုက်သောအခါ ဆတ်ခနဲနိမ့်ကျသွားသည်

နန္ဒ၏ကုတင် တရွေ့ရွေ့လည်ပြီး ဥမင်ပေါက် တဖြည်းဖြည်းပေါ်လာသည်။

ပထမတွင် နန္ဒသည် ဓားရှည်ကိုယူလိုက်သည်။ နောက်မှ စိတ်ကူးတစ်မျိုး ပေါက်ဟန်ဖြင့် ဓားရှည်ကိုပြန်ထားလိုက်ပြီး ခေါင်းအုံးအောက်မှ ရှမ်းဓားမြှောင်ကလေး ကိုယူပြီး ခါးတွင်ထိုးလိုက်သည်။

ထို့နောက်…

ကြမ်းပြင်တွင် ဒူးထောက်၍ထိုင်လိုက်ပြီးနောက် ဥမင်တွင်းသို့ နန္ဒ ငုံ့ကြည့် သည်။ လူရိပ်လူခြည်မရှိကြောင်း စိတ်ချရသောအခါတွင်မှ ဥမင်တွင်းသို့ သတိဖြင့် ဆင်းသည်။ ဥမင်လှေကားသည် အုတ်ဖြင့်ပြုလုပ်ထားသည်။ လူတစ်ယောက် တက်သ ဆင်းသာရုံသာဖြစ်သည်။ မတ်စောက်သည်။ လှေကားထစ်ကျဲသည်။ လှေကားလက်ရန်း



ဆေးနှစ်ဖက်တွင် ဟင်းလင်းပြင်ဖြစ်သည်။

အပြင်ဘက်တွင် ခွေးဟောင်သံများ မကြားရတော့။ လူသံများသာ ကြားရသည်။ လှေကားဆယ်ထစ် ဆင်းမိသောအခါ အောက်ခြေအခင်းကို ထိတွေ့ရသည်။ ကို ထောင်လိုက်စီခင်းထားခြင်းဖြစ်သည်။ လှေကားရင်းတွင် ပန်းပုရုပ်တစ်ခု အသေအချာကြည့်သောအခါ ပါးစပ်ကြီးဖြဲထားသော ဘီလူးရုပ်ကြီးဖြစ်သည်။ ၏ လက်တစ်ဖက်တွင် တင်းပုတ်ရှိပြီး လက်တစ်ဖက်တွင် မီးတိုင်ရှိသည်။ မီးတိုင်တွင်စိုက်ထားသော ကျောက်ဖယောင်းတိုင်ကို နုတ်လိုက်ပြီး လက်ဖြင့် သည်။ သူ့ခေါင်းပေါ်မှ ဥမင်ပေါက် ပိတ်သွားသည်။

ဖယောင်းတိုင်ကို ပြန်မစိုက်သေးဘဲ လက်ထဲတွင် ကိုင်မြှောက်ကာ ဟိုဟိုသည် ကြည့်သည်။ ဆယ်တောင်ပတ်လည်လောက်ရှိသော အခန်းကျယ်ကြီးဖြစ်သည်။ လေးတန်တွင် လူတစ်ရပ်ခန့်မြင့်သော ဥမင်ပေါက်များရှိသည်။

ဥမင်ပေါက်များကို နန္ဒ စစ်ဆေးကြည့်ရှုသည်။ အမိုးမှာ လခြမ်းသဏ္ဍာန်အခုံး ည်။ ဘေးနံရံကို အင်္ဂတေကိုင်ထားသည်။ မီးတိုင်၏အလင်းရောင်ဖြင့် အားစိုက်၍ သော်လည်း သံတောင် အနည်းငယ်မျှသာ လှမ်းမြင်ရသည်။ ယင်း၏တစ်ဘက် မဲမဲမှောင်နေသည်။ တဖြောင့်တည်းလား၊ အချိုးအဆစ်ရှိသလား၊ အနိမ့်အဆင်း အပိတ်အကာရှိသလား မသိနိုင်။

နန္ဒက မည်သည့်ဥမင်ပေါက်သို့ လိုက်ရမည်ကို မသိနိုင်ရှိသည်။ စိတ်တွင် ကြည့်ရာ ခွေးဟောင်သံများ ထွက်ပေါ်လာသော အနောက်ဘက်သို့ ပထမဆုံး င့်သည်ဟု သဘောရသည်။ ဖယောင်းတိုင်ကို ဘီလူးရုပ်တွင် ပြန်စိုက်ထား၍ ၏ ဖယောင်းတိုင်မပါဘဲ အမှောင်ထဲတွင် သူခရီးမပေါက်နိုင်။

သို့ဖြင့် နန္ဒသည် ဖယောင်းတိုင်မီးရောင်ကို အသုံးပြုလျက် အနောက်ဘက်ဥမင် ထဲသို့ ဝင်ခဲ့သည်။ အလှမ်းနှစ်ဆယ်ခန့် သွားမိသောအခါ ရှေ့တွင် နံရံတစ်ခု နေသည်ကို မြင်ရသည်။ နန္ဒက လှည့်ပြန်မည်စိတ်ကူးပြီးမှ မပြန်ဘဲ နံရံပိတ် သို့ တရွေ့ရွေ့လျှောက်သွားသည်။ ထိုအခါ လက်ဝဲဘက်သို့သွားသော လမ်းသွယ် င့် လက်ျာဘက်သို့သွားသော လမ်းသွယ်တစ်ခုကိုတွေ့ရသည်။ မည်သည့်ဘက်သို့ ည်နည်းဟု စဉ်းစားတွေးတောရပြန်သည်။

နန္ဒ ဝေခွဲ၍မရနိုင်ရှိနေစဉ်တွင် လက်ဝဲဘက်လမ်းသွယ်တွင် မီးရောင်တစ် င်ရသည်။ သူရပ်နေရာနှင့် ခြေလှမ်းနှစ်ဆယ်အစိတ်အကွာလောက်တွင် တွေ့မြင် သည်။ မီးရောင် ချက်ချင်းပျောက်သွားသည်ကိုထောက်လျှင် ထိုနေရာလောက် န့်သန့်ဖြတ် လမ်းသွယ်တစ်ခု ရှိပေလိမ့်မည်။ လူတစ်ယောက်သည် ဖယောင်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်လျက် ယင်းလမ်းသွယ်အတိုင်း ဖြတ်သွားခြင်းဖြစ်ရမည်။

နန္ဒ ဖယောင်းတိုင်ကို မယူခဲ့တော့။ ထိုနေရာတွင်ပင် စိုက်ထွန်းထားခဲ့သည် နံရံကို လက်ဖြင့်ကိုင်လျက် တစ်လှမ်းချင်းစမ်း၍ လျှောက်ခဲ့သည်။ ခြေလှမ်းအစိတ်အ ကို သတိထားပြီး ပေါက်ရောက်သော အကွာအဝေးကို အမြဲတမ်း တွက်ချက်ကြည့် သည်။

အလှမ်းနှစ်ဆယ်ကျော်သောအခါ သူ့ဘေးမှ နံရံဆုံးသွားသည်။ သူထင်ထ သကဲ့သို့ ကန့်လန့်ဖြတ် လမ်းသွယ်တစ်ခုမဟုတ်၊ အခန်းကျယ်ကြီးတစ်ခုဖြစ်သည်

အခန်းထောင့်တစ်နေရာတွင် ဖယောင်းတိုင်တစ်ခု လင်းနေသည်။ အလင်းရော အောက်တွင် လူတစ်ယောက် သူ့ကိုကျောပေးပြီး ထိုင်နေသည်။ အုတ်ခုံတစ်ခုပေါ်တွ ထိုင်နေခြင်းဖြစ်သည်။ တံခွန်တိုင်မြို့စားကြီးပင် ဖြစ်သည်။

မြို့စားကြီး ဘာလုပ်နေသနည်းဟု သူ အံ့ဩနေစဉ်မှာပင် အနောက်ဘက် မီးရောင်တစ်ခု ဖျတ်ခနဲပေါ်လာသည်ကို တွေ့ရသည်။ လူတစ်ယောက်ဖြစ်သည်။ လ ထဲတွင် ဖယောင်းတိုင်ကိုင်ထားသည်။ ဥမင်ပေါက်တစ်ခုမှ ထွက်လာခြင်းဖြစ်မည် မြို့စားကြီးလည်း ယင်းလူကို တွေ့မြင်ဟန်ရှိသည်။ သို့သော် မြို့စားကြီးသည် အနည်း မှု လှုပ်ရှားခြင်းမရှိချေ။ ယင်းသို့ဆိုလျှင် ထိုသူသည် မြို့စားကြီး၏ရန်သူ မဟုတ်နိုင်

နန္ဒက အဝေးမှလာနေသူကို မျက်တောင်မခတ် ကြည့်နေမိသည်။ တစ်စစ ပုံသဏ္ဌာန်ပေါ်လာသည်။ တဖြည်းဖြည်းနှင့် သဲကွဲ၍လာသည်။ နန္ဒက ကိုယ့်ပါးစပ် ကိုယ့်လက်ဖြင့် ပိတ်ထားလိုက်ရသည်။ ယောင်ယမ်း၍ အသံမထွက်စေရန်ဖြစ်သည်

ထိုသူကား ဝတ်ရုံစိမ်းပင်ဖြစ်တော့သတည်း။

ဝတ်ရုံစိမ်းနှင့်လူသည် မြို့စားကြီးရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွ သည်။ မြို့စားကြီး မတ်တပ်ရပ်သည်။ တစ်စုံတရာပြောသည်။ ဝတ်ရုံစိမ်းက တစ်စုံတ ပြန်ပြောပြီး ဖယောင်းတိုင်ကို တစ်နေရာတွင် စိုက်ထားလိုက်သည်။ ထို့နောက် မျက်နှာကိုစွပ်ထားသော ခေါင်းစွပ်စိမ်းကြီးကို ဖြုတ်လိုက်သည်။

ထိုသူ၏မျက်နှာကို ဖယောင်းတိုင်နှစ်တိုင်၏ အလင်းရောင်တွင် ပြက်ပြက်ထ ထင်မြင်ရသည်။

"ဘုရား..ဘုရား..ဟုတ်မှဟုတ်ရဲ့လား"

နန္ဒသည် ထိန်းချုပ်ထားသည့်ကြားကပင် မယုံကြည်နိုင်အောင် အံ့ဩလွန်းသ အသံမပွင့်တပွင့် ထွက်သွားသည်။ တော်ပါသေး၏။ သူ့အသံကို သူတို့ကြားပုံမရ

အမှန်ပင်ဖြစ်သည်။ ဝတ်ရုံစိမ်းနှင့်သူသည် တံခွန်တိုင်အိမ်ကြီး၏ ကမ္ဘာ့ရန် ဟု ပြောနေကြသော ယာခင်းစောင့်အဖိုးကြီး အဘညိုပင် အသေအချာဖြစ်တော့သည်

မြို့စားကြီးနှင့် အဘညိုတို့သည် တစ်စုံတစ်ခုကို နှစ်ကိုယ်ကြားတိုင်ပင်နေကြ သည်။ နန္ဒဆီမှ သဲကွဲစွာမကြားရ။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ အဘညိုပြန်ရန် ပြင်ဆင်သည်။ ခေါင်းစွပ် စွပ်သည်။ ဖယောင်းတိုင်ကို ယူသည်။

နန္ဒ ထိုနေရာမှ အလျင်အမြန် လှည့်ပြန်ခဲ့သည်။ ဥမင်လမ်းဆုံသို့ရောက်သောအခါ ယောင်းတိုင်ကို ယူခဲ့သည်။ လှေကားရင်း ဘီလူးရုပ်သို့ရောက်သောအခါ ဥမင်ပေါက်ကို ပြီး ဖယောင်းတိုင်ကို ပြန်စိုက်ထားလိုက်သည်။ ထို့နောက် ဥမင်လှေကားမှ တက် သည်။

ဥမင်ပေါက်ကို ပြန်ပိတ်ပြီးနောက် နန္ဒသည် စောစောကအတိုင်း ခုတင်ပေါ် လှောင်းလျက် အိပ်ချင်ယောင်ဆောင်နေသည်။ ခဏအကြာတွင် ခုတင်လှုပ်ရှေ့သည်။ စားကြီး ပြန်လာခြင်းဖြစ်သည်။

မြို့စားကြီးသည် ဥမင်တံခါးကို ပြန်ပိတ်ပြီးနောက် ဆုလည်တံခါးကိုဖွင့်ကာ ထွက်သွားသည်။ သည်တော့မှ နန္ဒ ဟင်းချနိုင်သည်။

[ ၈ ]

စားကြီး၏ခြေသံပျောက်သွားပြီး အတန်ကြာသည်အထိ နန္ဒငြိမ်နေသည်။ ပြီးမှ ခုတင် ပ်မှ အသာအယာထကာ ဥမင်တံခါးပေါက်ကို ဖွင့်မည်ပြုသည်။ သူ၏လက်တစ်ဖက် သည် မီးတိုင်အထက်ပိုင်းဆီသို့ပင် ရောက်နေပြီဖြစ်သည်။ သို့ရာတွင် သူသည် တစ်စုံ ခုကို မသင်္ကာဟန်ဖြင့် လက်ကိုပြန်၍ရုပ်လိုက်သည်။ ထို့နောက် အခန်းတံခါးဆီသို့ ရောက်သွားသည်။ ဥမင်တံခါးကိုမဖွင့်မီတွင် သူ၏အခန်းဝန်းကျင်တွင် မည်သူတစ်စုံ ယောက်မျှမရှိကြောင်း သေချာစိတ်ချလိုသဖြင့် အခန်းတံခါးကိုဖွင့်လိုက်သည်။

နန္ဒသည် အခန်းတံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်သည်။ အခန်းတံခါးဝ င် တစ်စုံတစ်ယောက်ရပ်နေသည်ကို မြို့စားကြီးမြင်လိုက်သည်ဟု စိတ်ဝယ်ထင် ကြောင့်ဖြစ်သည်။ တံခါးကိုပိတ်လိုက်ပြီးနောက် သူစဉ်းစားသည်။ သူမြင်လိုက်သည် ခြင်းမှာ ဟုတ်ချင်မှဟုတ်လိမ့်မည်။ သူ၏အခန်းတံခါးဝတွင် လူတစ်ယောက် ရပ်နေ ည်ဆိုခြင်းမှာ ဖြစ်နိုင်ဖို့ခဲယဉ်းသည်။ ခုတင်ပေါ်တွင် သူလဲလျောင်းနေစဉ်တွင် မည် ခြေသံမှမကြားခဲ့ရ။ သူ၏စိတ်ချောက်ချားခြင်းသာ ဖြစ်ပေလိမ့်မည်။ အဘယ် ည် အသံမကြားစေဘဲ မိုးပေါ်ကကျလာပေနိုင်မည်နည်း။

သူက စိတ်ကိုတင်း၍ တံခါးကို နောက်တစ်ကြိမ် ပြန်ဖွင့်လိုက်သည်။ တံခါးဝ င် လူတစ်ယောက်ရပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ စိတ်က ထင်ယောင်ခြင်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပို၍အံ့သြစရာကောင်းသည်က တံခါးဝတွင် ထီးထီးမားမားရပ်နေသူသည် အခြားသူမဟုတ်ဘဲ ခင်ခင်လေးဖြစ်နေခြင်းပင်တည်း။

အမျိုးသမီးက သူ ကယောင်ချောက်ချားဖြစ်နေသည်ကို ကြည့်ပြီးပြုံးနေသည်။

''ဟင်-ခင်ခင်လေး ဘယ်လိုလုပ်ပြီးရောက်နေတာလဲ''

''သည်လိုပဲ ရောက်လာတာပေါ့''

''ခြေသံလည်းမကြားပါဘူး''

''မောင်ကြီးကြားအောင် ခြေဆောင့်ပြီးလာရမှာလား''

''အသံလည်းမပြုဘူး''

''သီချင်းအော်ပြီးဆိုရမှာလား''

''မဟုတ်ဘူးလေ..ဘာမပြောညာမပြောနဲ့ သည်တိုင်းရပ်နေတာကိုပြောတာ''

''မောင်ကြီးနန္ဒကို ခေါ်မလို့လုပ်နေတုန်း မောင်ကြီးနန္ဒ ဝုန်းခနဲ တံခါးဖွင့်လိုက်တာကိုး''

''အင်းလေ..ထားပါတော့၊ ခင်ခင်လေးမှာ အကြောင်းထူးရှိလို့လား''

''စောစောက ခွေးဟောင်သံတွေ မကြားဘူးလား''

''ကြားသားပဲ''

''ကြားရက်သားနဲ့များ ဘာပြုလို့ အခန်းထဲက ထွက်မလာသလဲ''

''မနေ့ညက ထွက်လာသားပဲ၊ နောက်ဆုံးကျတော့လည်း ဘာမှ ဟုတ်တာ မဟုတ်ဘဲ၊ ခင်ခင်လေးရဲ့ခွေးတွေက ကိုယ့်အရိပ်ကိုယ်လန့်ပြီး ဟောင်နေကြတာနဲ့ တူပါတယ်''

''အို..မဟုတ်ဘူး၊ လူရိပ်တစ်ခုခုတွေ့လို့ ဟောင်တာ''

''ဒါဖြင့် ဘာပြုလို့ အဟောင်ရပ်သွားကြသလဲ''

''မသိဘူး''

''ကနေ့ည ခင်ခင်လေးတို့ ထွက်ကြည့်တော့ကော ဘာတွေ့သလဲ''

ခင်ခင်လေး မဖြေ။

''ဘာမှမတွေ့ဘူး မဟုတ်လား''

ခင်ခင်လေး ခေါင်းညိတ်သည်။

''လာ..ဒါဖြင့် မောင်ကြီးပြမယ်၊ ခင်ခင်လေး အံ့သြသွားရမယ်''

သူက အမျိုးသမီးကို အခန်းတွင်းသို့ ဖိတ်ခေါ်သည်။ အမျိုးသမီးက မဝင် သူ့ကို ငေးကြောင်၍ကြည့်နေသည်။

''လာပါ..ကြောက်လို့လား၊ မယုံလို့လား''

နန္ဒက ခင်ခင်လေး၏လက်ကိုဆွဲ၍ အခန်းတွင်းသို့ သွင်းလိုက်သည်။ အမျိုးသမီး အမှတ်တမဲ့မို့ အားလွန်ပြီး သူ့ရင်ခွင်ထဲသို့ရောက်သွားသည်။

''အို..''

နန္ဒက ယင်းအဖြစ်ကို သတိမထားမိ။ သူက လူသူလေးပါးမြင်သွားမည်ကို [illegible]စိတ်အားကြီးနေသဖြင့် အခန်းတံခါးကို အလောတကြီး ပြန်ပိတ်လိုက်သည်။ အမျိုးသမီးက သူ့ရင်ခွင်ထဲတွင် ကတုန်ကယင်နှင့်ရှိနေသည်။

''ခင်ခင်လေး သည်အိမ်ကြီးရဲ့လျှို့ဝှက်ချက်တွေကို တကယ်ပဲမသိဘူးလား''

သူက အမျိုးသမီးကို ခုတင်ဆီသို့ ဆွဲခေါ်သွားရင်း မေးသည်။ ခင်ခင်လေး ခေါင်းခါသည်။ သူက မီးတိုင်၏အောက်ဘက်ကို လက်ဖြင့်ဖိနှိပ်လိုက်သည်။ ဆုံလည်တံခါးပွင့်သွားသည်။ ခင်ခင်လေး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ နန္ဒက ခင်ခင်လေးကို ခုတင်ပေါ်တွင် အထိုင်ခိုင်းပြီး ဆုံလည်တံခါးဆီသို့ လျှောက်သွားသည်။ ဆုံလည်တံခါးကို ပြန်ပိတ်လိုက်သည်။

''မောင်ကြီးရောက်တဲ့နေ့က ဝတ်ရုံစိမ်းနဲ့လူဝင်လာတာ သည်အပေါက်ကပေါ့''

''မောင်ကြီးနန္ဒ ဒါတွေကို ဘယ်လိုလုပ်ပြီးသိသလဲ''

''ဒါ့ထက်ဆန်းတာတွေ ရှိသေးတယ်၊ မောင်ကြီးတို့အောက်မှာ မြေအောက်ခန်းကြီးတွေ ရှိတယ်''

''ဟင်-တကယ်လား''

''တကယ်ပေါ့၊ မောင်ကြီးလည်း ခုမှသိတယ်''

''ဘယ်လိုလုပ်ပြီး သိသလဲ''

''ဘယ်လိုလုပ်သိတယ်ဆိုတာတော့ နောက်မှပြောမယ်''

သူက မြို့စားကြီးနှင့် အဘညီကိစ္စ ခင်ခင်လေးကို မပြောသင့်ပေဟု ယူဆသည်။

''ခင်ခင်လေး မကြောက်နဲ့နော်၊ အဲဒီမှာ အသာထိုင်နေ''

သူက ဥမင်တံခါးပေါက်ကိုဖွင့်လိုက်သည်။ ခုတင်လည်သွားသည်။ သူက [illegible]တ်နှင့်ဟု ကြိုကြိုတင်တင်ပြောထားသည့်တိုင် ခင်ခင်လေး လွှတ်ခနဲအော်လိုက် ခုတင်ပေါ်မှခုန်ချပြီး သူ့ဆီပြေးလာသည်။ သည်တစ်ကြိမ်တွင်တော့ အမျိုးသမီးက ရင်ခွင်ထဲသို့ ဝင်လာခြင်းဖြစ်သည်။ သူက အမျိုးသမီး၏ကျောကို သိုင်းဖက်ထားသည်။ အမျိုးသမီးကလည်း ပြန်၍ဖက်ထားသည်။ သူမ၏ရင်သားများသည် [illegible]တိသည်။

''အောက်ကို ဆင်းကြည့်မလား''

နန္ဒက မေးသည်။ ခင်ခင်လေး ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ဘူးနော်"

"ခင်ခင်လေး မကြောက်ပါဘူး၊ မြန်းခနဲမို့ လန့်သွားတာပါ"

ထို့နောက် အမျိုးသမီးက သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ သူမ၏မျက် တစ်ခုလုံး ရှက်သွေးလျှမ်း၍ မြန်းမြန်းနီနေသည်။

နန္ဒက ဉမင်လှေကားရှေ့မှဆင်းသည်။ ခင်ခင်လေးက နောက်မှလိုက်သည် အောက်သို့ရောက်ကြသောအခါ သူက စောစောကအတိုင်း ဖယောင်းတိုင်ကို နုတ်ယူ ဉမင်တံခါးပေါက်ကို ပြန်ပိတ်ထားလိုက်သည်။

ခင်ခင်လေးက ဝန်းကျင်ကို တအံ့တသြကြည့်နေသည်။

"လေးဖက်လေးတန်ကို သွားလို့ရတယ်၊ လောလောဆယ်ကတော့ အနော ဘတ်ကို သွားကြည့်ရအောင်"

"တံခွန်တိုင်အိမ်ကြီးမှာ ရွှေငွေဥစ္စာတွေ၊ လက်နက်ခဲယမ်း မီးကျောက်ငွေ အများကြီးရှိတယ်ဆိုတာ သည်အောက်မှာပဲဖြစ်ရမယ်"

ခင်ခင်လေးက ဆိုသည်။

နန္ဒက ခင်ခင်လေး၏ခါးကိုဖက်ပြီး ခေါ်သွားသည်။ အမျိုးသမီးကလည်း ပြ ဖက်ထားသည်။ ပန်းသားချင်း၊ တင်ပါးချင်းထိပွတ်ရသည်မှာ ငန်းဖျားတက်ရသကဲ့ ခံစားရသည်၊

နန္ဒက သူပြောမည့်စကားများကို သည်မှာပင်ပြောရန် ဆုံးဖြတ်လိုက်သည် အကောင်းဆုံးအချိန်နှင့် အကောင်းဆုံးနေရာပင် ဖြစ်သည်မဟုတ်ပါလား။

ယင်းကြောင့်...

"စောစောက ခင်ခင်လေးဆီကို မောင်ကြီးလာမလို့"

"ဘာကိစ္စလဲ"

"ပြောစရာရှိလို့"

"ဘယ်ကိုလာမှာလဲ"

"ခင်ခင်လေးအခန်းကိုပေါ့"

"ဟင်"

"ဘာပြုလို့လဲဟင် ဘာလဲ"

"မိန်းမပျိုလေးတစ်ယောက်ရဲ့ အခန်းကိုလာမယ်မဟုတ်လား"

"လာတော့ ဘာပြုလဲ"

"ညကြီးမင်းကြီးလေ"

"ဘာပြုသလဲ"



"ဒါဖြင့် ဘာပြုလို့မလာသလဲ"

"သည်အောက်ကို ဆင်းနေလို့ပေါ့"

"မောင်ကြီးနန္ဒ တစ်ခေါက်ရောက်ပြီးပြီပေါ့"

"အင်း..ဒါပေမဲ့ ခဏကလေးပါ"

"ခင်ခင်လေးကို ဘာတွေပြောစရာရှိလို့လဲ"

"သိပ်အထွေအထူးတော့ မဟုတ်ပါဘူး၊ ခင်ခင်လေးကို မောင်ကြီး မေတ္တာရှိ ပြောမလို့ပါ"

"ရှင်"

အမျိုးသမီးက တုန့်ခနဲရပ်လိုက်သည်။ နန္ဒ ခြေလှမ်းပျက်သွားပြီး ယိုင်သွားသည်။ လေးလည်း ပြုလဲမည်ရှိသည်။ သူတို့နှစ်ယောက် ဘယ်ယိမ်းညာနွဲ့ဖြစ်စဉ် ဖယောင်း ငြိမ်းသွားသည်။

အရပ်ဆယ်မျက်နှာစလုံး ပိန့်ပိန်းပိတ် မှောင်သွားသည်။

"ဟော..မီးငြိမ်းသွားပြီ၊ ဘာမှမမြင်ရတော့ဘူး"

ခင်ခင်လေးက မောဟိုက်သံဖြင့် ပြောသည်။

"ကောင်းတယ်၊ ဘာပြုလို့ မြန်းခနဲရပ်လိုက်ရတာလဲ၊ ခြေချင်းထပ်ပြီး မလဲတာ င်းတယ်"

နန္ဒက အပြစ်တင်သည်။

"အခု ခင်ခင်လေးတို့ ဘယ့်နှယ်လုပ်ကြမလဲ မောင်ကြီး"

"ဘယ့်နှယ်လုပ်မလဲ၊ သည်အတိုင်း အမှောင်ထဲမှာ နေကြရုံပဲပေါ့"

"ဘယ်လောက်ကြာအောင်လဲ"

"တစ်သက်လုံး"

"ကြည့်ပါလား၊ မောင်ကြီးစကားပြောတာက ဘယ့်နှယ်မှန်းမသိဘူး"

အမျိုးသမီးက သူ့ကိုလက်ဖြင့်ပုတ်ခတ်ရင်း ပြောသည်။ နန္ဒက အမျိုးသမီးကို အမှောင်ထဲတွင် စမ်းလျှောက်သည်။

"ခင်ခင်လေး ဘာမှမမြင်ရဘူး"

"မောင်ကြီးလည်း ဘာမှမမြင်ရပါဘူး"

နန္ဒက ဘေးမှနံရံကို လက်ဖြင့်စမ်းရင်း လျှောက်သည်။ မြို့စားကြီးနှင့် အဘ ပြောသောအခန်းသို့ရောက်ရန် သိပ်မလိုတော့ချေ။ နန္ဒသည် သတိထား၍ နံရံကို သည့်ကြားကပင် နံရံအဆုံးတွင် လက်လွတ်ပြီး ယိုင်လဲကျသွားသည်။ ခင်ခင် ကိုယ်လုံးကြီးလည်း တစ်ပါတည်းပါလာသည်။

www.burmeseclassic.com


ခင်ခင်လေးက 'အမယ်လေး'ဟု တစ်ချက်အော်လိုက်သည်။ ပြီးတော့ နှ ယောက်သား မှောင်ထဲတွင် ရယ်မောမိသည်။ မြို့စားကြီး ထိုင်သောနေရာမှ ဖယောင်း တိုင်မီးသည် တောက်လောင်ဆဲရှိသည်။

''ဟောဟိုမှာ ဖယောင်းတိုင်မီး''

ခင်ခင်လေးက ဝမ်းသာအားရပြောသည်။

''အဲဒီကိုသွားမယ်လေ''

နန္ဒက ထလိုက်သည်။ ခင်ခင်လေးကလည်း ထရန်အားပြုလိုက်သည်နှင့်ကြ နှစ်ယောက်စလုံး ပြန်လဲကျသည်။

''သေပါပြီ မောင်ကြီးရယ်''

ခင်ခင်လေး ညည်းရှာသည်။

''ခင်ခင်လေး ဘယ်နာသွားသလဲ''

နန္ဒက စိုးရိမ်စိတ်ဖြင့်မေးရင်း ခင်ခင်လေးကို စမ်းသည်။

''အို..''

အမျိုးသမီးက လွှတ်ခနဲအော်လိုက်သည်။ သူ၏လက်ဖဝါးအောက်တွင် နှ အိထွေးခြင်း အပြည့်အလျှံဖြစ်နေသည်။

''မောင်ကြီးပြောတာ ဘယ့်နှယ်လဲ''

''ဘာကိုလဲ''

''ခင်ခင်လေးကို မောင်ကြီး မေတ္တာရှိနေပြီဆိုတာကိုလေ''

''သြော်..မောင်ကြီးရယ်၊ ခင်ခင်လေး ဘာပြောရဦးမလဲ၊ ခင်ခင်လေးတစ်ကို လုံး မောင်ကြီးစိတ်ရှိတိုင်း လုပ်နေပြီးမှ မေးနေရသေးသလား''

''နမငယ်ကို ဗလနဲ့ပေးစားမယ်ဆိုရင် နမငယ် မောင်ကြီးနောက် လိုက် မလား''

''ဘယ်လိုလိုက်ရဦးမှာလဲ၊ ခုနကပြောတော့ သည်မှောင်ထဲမှာ တစ်သက် နေမှာဆို''

နန္ဒက နောက်တစ်ကြိမ် နမ်းလိုက်သည်။ အထပ်ထပ်နမ်းလိုက်သည်။

ထို့နောက် ချစ်သူနှစ်ဦး တွဲကာဖက်ကာဖြင့် ဖယောင်းတိုင်ရှိရာသို့ လျှောက် သွားကြသည်။

ထို့နောက် သူတို့နှစ်ယောက် ဖယောင်းတိုင်ကိုဖြုတ်ယူသည်။ နန္ဒက ဝင်ရုံ လာရာဘက်သို့ ဦးဆောင်၍ လျှောက်သည်။ တစ်ဆစ်နှစ်ဆစ်ကွေ့မိသောအခါ သူ ရှေ့တွင် ပိတ်နေသည်။ ဘေးတွင်လည်း ပိတ်နေသည်။ ပတ်ပတ်လည် ပိတ်နေသည်

မော့ကြည့်လိုက်တော့ အမိုးမရှိ၊ ကောင်းကင်ကြီးကို မြင်ရသည်။ ကြယ်ကလေးတွေက သူတို့ကို ငုံ့ကြည့်နေကြသည်။

''ဒါ စက်တိုင်နားက ရေတွင်းပျက်ပဲ''

နန္ဒက ပြောလိုက်သည်။

''ဟုတ်တာပေါ့''

သူတို့နှစ်ယောက် ရေတွင်းနံရံကိုနင်း၍ အပေါ်သို့တက်ခဲ့ကြသည်။ ရေတွင်းနံရံ တစ်လျှောက်တွင် နင်းဖို့ ကိုင်ဖို့ ချိုင့်ခွက်များ၊ စို့များရှိသည်ကို တွေ့ရသည်။ နောက်ဆုံး တွင် သူတို့ အပေါ်သို့ရောက်ရှိသွားသည်။

အင်းခွေးကြီးငါးကောင်က သူတို့ကို ကြိုဆို နှုတ်ဆက်လျက်ရှိသည်။ နန္ဒက တစ်စုံတစ်ခုကို သဘောပေါက်သည့်အနေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

## ၉ ဝ ပရိယာယ် [ က ]

နောက်တစ်နေ့မနက်တွင် ဗလကျော်ထင်နှင့် နန္ဒ ရင်ဆိုင်ရသည်။ စီးချင်းထိုးရသည်တော့ မဟုတ်ပါ။ လက်ရည်တစ်ပြင်တည်း ထမင်းလက်ဆုံစားရခြင်းဖြစ်သည်။ ဗလကျော်ထင် အိမ်တွင်ဖြစ်သည်။ ဗလကျော်ထင်က သူတို့ကို ထမင်းဖိတ်၍ကျွေးခြင်းဖြစ်သည်။ မောင်မောင်ကြီးက သူမလိုက်ဟု ခပ်ပြတ်ပြတ်ဆိုသဖြင့် မြို့စားကြီးနှင့် နန္ဒ သွားရသည်။ နန္ဒလည်း မောင်မောင်ကြီးကဲ့သို့ပင် မလိုက်ဘဲနေချင်သည်။ သူ့အနေနဲ့ငြင်း၍မကောင်း တ်၍သာ ပါသွားရသည်။ မြို့စားကြီးက သူ့ကို လိုက်စေချင်သည့်သဘော ရှိနေသည်။ မောင်မောင်ကြီးကို သူလိုက်လည်းလိုက်စေ၊ မလိုက်လိုကလည်း နေစေဟူသည့်သဘော မျိုး။

မြို့စားကြီးက သူတို့နှင့် ဖိုးလုံးကို အဖော်ခေါ်ခဲ့သည်။

ဤတစ်ချီတွင်တော့ တစ်ပွဲတစ်လမ်းစမ်းကြရပြီဟု နန္ဒ မှတ်ယူလိုက်သည်။ သူတို့သုံးဦး တံခွန်တိုင်အိမ်ကြီးမှ ထွက်ခွာသွားကြသည်ကို ခင်ခင်လတ်ရော ခင်ခင်လေး ပါ စိုးရိမ်သောမျက်လုံးများဖြင့် ငေးမောကျန်ရစ်သည်။ နန္ဒကတော့ အနည်းငယ်မျှ နှိုက်လှုပ်မှုမဖြစ်၊ သူ့စိတ်သည် ကျောက်သားပြင်ကဲ့သို့ တည်ငြိမ်လျက်ရှိသည်။

လမ်းခရီးတွင် မြို့စားကြီးနှင့် ရယ်မောဖွယ်ရာများ ပြောဆိုသွားကြသည်။

ဗလကျော်ထင်၏အိမ်သည် အဝေးမှပင်မြင်သာသည်။ လေးဖက် မျောတိုင်

www.burmeseclassic.com



များ အစေ့အကျပ်စိုက်ထားသည်။ ဝင်းဝတွင် စစ်သည်ရဲမက်များ စုရုန်းလျက်ရှိသည်။ ဆူညံစွာ အော်ဟစ်နေကြသည်။ လက်ဖွေ့ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

သူတို့လူစုသည် မြို့စားကြီးတို့လာသည်ကို သတိပြုမိကြဟန်မရှိ။ ဝင်းပေါက် ပိတ်ဆို့လျက်ရှိသည်။ မြို့စားကြီးက ရှေ့မှ မြင်းဖြင့် အတင်းဖြတ်ဝင်သည်။ လသူထဲ ကွဲသူ ကွဲကုန်သည်။ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဒုတိယဝင်လာသော နန္ဒကို ပိတ်ဆို့ တိုက်ခိုက်ရန်ပြင်ကြသည်။

နန္ဒက ကုန်းနှီးထက်မှ ဓားမြှောင်ကိုနုတ်၍ ဝင်းဝရှိ ကွမ်းသီးပင်ကိုပစ်လိုက်ရာ ထုတ်ချင်းခတ်သည်။

ထိုစဉ်တွင် ဗလကျော်ထင်၏အသံ ထွက်ပေါ်လာသည်။

''ငမိုက်သားတွေ လမ်းဖယ်ကြ၊ ဧည့်ကောင်းစောင်ကောင်းလာတယ်ဆိုတာ နင်တို့မသိဘူးလား''

အားလုံးဘေးသို့ရှဲသွားသည်။ နန္ဒနှင့်ဖိုးလုံး ဝင်းထဲသို့ဝင်သွားသည်။ ဗလကျော် ထင်သည် အိမ်ရှေ့ဝရံတာတွင် ပြုံးပြုံးကြီးရပ်နေသည်။ သူ့လူများ မသိမိုက်မဲမှုအတွက် မြို့စားကြီးနှင့်နန္ဒကို တောင်းပန်သည်။ မြို့စားကြီး၏မျက်နှာတွင် မကျေနပ်မှုများ ဖြ ပေါ်နေသည်။ နန္ဒကတော့ ခပ်တည်တည်ပင်။

ဗလကျော်ထင်က သူတို့ကို ကောင်းစွာကြိုဆိုသည်။ ကောင်းစွာနေရာချထား သည်။ အထူးသဖြင့် နန္ဒကို ကောင်းမွန်စွာ ဆက်ဆံသည်။ မချောင်သော အပြုအ အပြောအဆို လုံးဝမရှိ။ သည်တစ်ခါ ဗလကျော်ထင်၏အကဲကို နန္ဒ နားမလည်နိုင် ရှိရသည်။

မြို့စားကြီးရှေ့တွင်မို့ ဟန်ဆောင်နေသည်လား၊ သို့မဟုတ် တစ်စုံတစ်ခုအကောင် ကြံလို၍လား၊ သို့တည်းမဟုတ် ခင်ခင်လေးနှင့် အပေးအယူသင့်မြတ်လို၍ မိမိ ရန်သတ္တုမပြုလိုတော့သည်လား။

ဗလကျော်ထင်သည် စကားပြောသောအကြောင်းအရာကအစ ဂရုစိုက်သည် မြို့စားကြီးက ကုလားဖြူတို့၏ ၇-ရက်အတွင်း အကြောင်းပြန်ကြားရန် ချိန်းရော တောင်းဆိုထားသော ရာဇသံအကြောင်း၊ ယင်းရာဇသံကို ညီလာခံက အလျှော့ လိုက်လျောပြန်ကြားသည့်အကြောင်း၊ မိမိတို့က အဘယ်မျှလျှော့ပေးစေ၊ ကုလားဖြူ တိုက်မည်သာဖြစ်ကြောင်း ပြောသည်ကိုပင် တိုတိုနှင့် စကားစသိမ်းပစ်သည်။ စကား ကြောင်းလွှဲပစ်သည်။ သူက ရုပ်သေးပွဲဇာတ်ပွဲများအကြောင်း၊ ကဗျာလင်္ကာများအကြော ပြောဆိုသည်။ ထို့နောက် အစားအသောက်များအကြောင်း ရောက်သွားသည်။ စားဖွ သောက်ဖွယ်များအကြောင်း ပြောရာတွင် မြို့စားကြီးကလည်း စိတ်ပါဝင်စားစွာ ပြော



သည်။ နန္ဒကတော့ အသာနားထောင်သည်။

ပထမတွင် လိပ်သား၊ ငမန်းသား၊ သင်ပေါင်းပိုးများအကြောင်း၊ ချေသား၊ ဆတ်သား၊ တောဝက်သားများအကြောင်းဖြစ်သော်လည်း နောက်ပိုင်းတွင် မြွေသား၊ အသား၊ ခွေးသားအကြောင်းများ ပါလာသည်။ သူတို့ပြောသော အသားများကို နန္ဒ စားဖူးရုံသာမက ကြားရရုံဖြင့် ရင်ထဲမှာပျို့လာသည်။ သူက ငရှဉ့်သားတောင် စားရဲ သည်မဟုတ်၊ မြွေဆိုလျှင် ဝေးရော။ ဖားသားနှင့် ခွေးသားတို့မှာကား စိတ်ကူးထဲမှာပင် ည့်၍မရ။

သည်အချိန်တွင် ချောမောလှပသော မိန်းမငယ်ကလေးများသည် ကြီးကျယ် ခမ်းနားသော ထမင်းဝိုင်းကြီးတစ်ခုကို ပြင်ဆင်လျက်ရှိကြသည်။ ဟင်းမယ်နံ့များ သင်းပျံ့ သည်။

ယင်းအခိုက် ခါးတောင်မြှောင်မြှောင်ကျိုက်ပြီး အပေါ်အင်္ကျီမပါ ကိုယ်ဗလာနှင့် ယောကျ်ားကြီးလေးယောက် အခန်းတွင်းသို့ဝင်လာသည်။ ထိုးကွင်းမင်ကြောင်များ အတွင်းလိုက်ပေါ်နေသည်။ သျှောင်တစောင်းနိမ့်နိမ့်ထုံးထားသည်။

နှစ်ယောက်က မီးကျီးရဲရဲတောက်နေသော မီးလင်းဖိုတစ်ခုကို သယ်ယူလာပြီး နှစ်ယောက်က ကျက်ကျက်ဆူနေသော ရေနွေးအိုးတစ်လုံးကို မ,လာသည်။ ပြင်ဆင် သော ထမင်းဝိုင်းနှင့် မလှမ်းမကမ်းတွင် မီးဖိုကိုချထားပြီး ရေနွေးအိုးကို တည်ထား လိုက်သည်။

''ရေနွေးအိုးကြီးက ဘာလုပ်ဖို့လဲ မောင်ဗလရဲ့၊ လက်ဆေးဖို့လား''

မြို့စားကြီးက မေးလိုက်သည်။ ဗလက ရယ်မောလျက်··

''မြို့စားကြီးတို့ကို အထူးအဆန်းတစ်ခု ကျွေးမလို့ပါ၊ ကိုနန္ဒလည်း စားဖူး ချင်မှ ဖူးမယ် ထင်ပေါ့ ဟဲ··ဟဲ··ဟဲ··''

နန္ဒ ပခုံးတွန့်သွားသည်။ ခက်ချေပြီ။ မြွေလား၊ ဖားလား၊ ခွေးသားလားပဲ။

မိန်းမငယ်တစ်ဦးက ယွန်းလင်ပန်းတွင် လီးပြီး ကြက်သွန်များ၊ ရှောက်သီးစိတ် များ ဆားနှင့် ပဲမှုန့်များကို တည့်ယူလာသည်။

ယောကျ်ားကြီးလေးဦးသည် အတွင်းဘက်သို့ဝင်သော တံခါးဝတွင် စီတန်းပြီး ရပ်နေသည်။ ဗလထံမှ အမိန့်တစ်စုံတရာကို စောင့်မျှော်နေသည့်အလားဖြစ်သည်။

''ဘယ်လိုအထူးအဆန်းများလဲ မောင်ဗလရဲ့''

''လူ့အူသုပ်ပါ မြို့စားမင်းရဲ့''

နန္ဒ မျက်နှာကြောတင်းသွားသည်။ မြို့စားကြီးလည်း မျက်နှာညိုသွားပြီး··

''ဘာပြောတယ်ကွယ့်''

www.burmeseclassic.com

www.burmeseclassic.com



"လူအုသုပ်ပါ မြို့စားမင်း၊ လူအုစစ်စစ်ကို လတ်လတ်ဆတ်ဆတ် စားရအောင် ဒါတွေ အဆင်သင့်လုပ်ထားတာပေါ့၊ မြို့စားကြီးတို့ရှေ့မှာတင် အုကိုထုတ်ပြီး ကျွေးမှာ ပါ"

နန္ဒက သူ၏ဓားချိတ်ထားရာသို့ လှမ်းကြည့်လိုက်သည်။ ဗလကျော်ထင်က သတိမပြုပြန်ဖြင့်··

"ကိုနန္ဒက ခွေးသားမစားဘူးဆိုတော့ ခွေးအုတွေဘာတွေ ဖြစ်နေမှာစိုးလို့ အခုလို ရှေ့တင်လုပ်ပေးရတာပါ"

ဗလကျော်ထင်က အချက်ပေးလိုက်ရာ ခါးတောင်းကျိုက် ယောကျ်ားကြီးလေးဦး အခန်းတွင်းသို့ ဝင်သွားသည်။ ထို့နောက် လူတစ်ယောက်ကို အခန်းတွင်းမှ ဆွဲထုတ်လာ သည်။ ထိုသူကို ကတ္တီပါအိတ်နီကြီး ခြေဆုံးခေါင်းဆုံး စွပ်ထားသဖြင့် မည်သူမည်ဝါ မှန်းမသိနိုင်။

"သူက ဘယ်သူလဲကွယ်"

မြို့စားကြီးက မေးသည်။

"သတ်စေအမိန့်ကျထားတဲ့ ရာဇဝတ်သားတစ်ယောက်ပါ"

ဗလကျော်ထင်က အရေးမကြီးသလိုဖြေပြီး ထိုင်ရာမှထသည်။ ခါးတောင်းကျိုက် လေးဦးက သူတို့ခေါ်ဆောင်လာသူကို ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်၍ အိပ်စေသည်။ ထို့နောက် ခြေများ၊ လက်များကို မရုန်းကန်နိုင်အောင် ဖိထားလိုက်ကြသည်။

နန္ဒက သူ့စိတ်ကို ထိန်းချုပ်ပြီး မတုန်လှုပ်ဟန်ဖြင့် ကြည့်နေသည်။ မိမိ အနည်း ငယ်အမူအရာပျက်လျှင် သူရဲဘောကြောင်သည်ဟု ယူဆကြပေလိမ့်မည်။

ဗလကျော်ထင်သည် ခါးကြားမှ ဓားမြှောင်ကို နုတ်ယူပြီး လေးဖက်လေးတန် တုပ်နှောင်ခြင်းခံထားရသူအနီးသို့ ချဉ်းကပ်သွားသည်။ ထို့နောက် ထိုသူ၏ဝမ်းဗိုက်ဆီသို့ ဓားမြှောင်ကို တအားစိုက်ချလိုက်သည်။ အံကြိတ်၍ခံသော အသံတစ်ချက် ထွက်ပေါ်လာ သည်။ ဗလကျော်ထင်က တစ်ဆက်တည်းမှာပင် ဓားကို ဒလက်မွှေသလို လှည့်လိုက် သည်။

သွေးများ ချင်းချင်းနီရဲသွားပြီး အုအခွေလိုက် ထွက်ကျလာသည်။ ဗလကျော်ထင် က အုခွေကို ကျင်လည်ဖျတ်လတ်စွာထုတ်ယူပြီး ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲ ထည့်လိုက်သည်။

အဖြစ်အပျက်များက လျင်မြန်လှသည်။ နန္ဒအနေနှင့် ဝင်ရောက်တားမြစ်ရန် ကြံစည်လိုက်ချိန်တွင် ဝမ်းဗိုက်တွင်းမှ အုခွေသည် ရေနွေးအိုးထဲသို့ ရောက်သွားပြီး ဖြစ် သည်။



မတ်တတ်ထရပ်ပြီး အနီးသို့ရောက်လာသော နန္ဒကို ကြည့်လျက် ဗလကျော်ထင် က သူ့လူများကို အမိန့်ပေးလိုက်သည်။

"ကိုနန္ဒက ရာဇဝတ်သားရဲ့မျက်နှာကို ကြည့်ချင်တယ်နဲ့ တူသကွယ်၊ ပြလိုက် ကြစမ်းပါ"

ခါးတောင်းကျိုက် အာဏာသားတစ်ဦးက ကတ္တီပါအိတ်စွပ်ကိုဖွင့်၍ အုထုတ်ခံရ သူ၏မျက်နှာ မြင်စေသည်။

သည်အခါတွင်မှ နန္ဒ တုန်လှုပ်ချောက်ချားသွားခြင်းဖြစ်ရသည်။ ကတ္တီပါအိတ်စွပ် အတွင်းမှ ထွက်ပေါ်လာသော မျက်နှာကား မသူဇာ၏ဖခင် သူပုန်ဗိုလ်ကြီး ဦးတိုင်းကျော် ၏ ခန့်ညားသောမျက်နှာကြီးပင် ဖြစ်တော့သည်။

"အလို··သွေးသောက်ကြီး မောင်တိုင်းကျော်ပါလား"

မြို့စားကြီးက တအံ့တသြ ရေရွတ်လိုက်သည်။ ဗလကျော်ထင်က···

"သူပုန်ကြီး ဇတိုင်းကျော်ပါ၊ ကနေ့မနက် အရုဏ်တက်ကပဲ နေပြည်တော်ကို ခိုးရောက်ဝင်လာတုန်း လက်ရဖမ်းခဲ့ပါတယ်"

နန္ဒက နံရံတွင်ချိတ်ထားသော သူ၏ဆောင်ဓားကို လျှပ်တပြက်အတွင်း ဖြုတ် ယူလိုက်သည်။ သေနတ်ကိုင်တပ်သား ဆယ့်နှစ်ယောက် အခန်းတွင်းသို့ ရောက်လာ သည်။

"မောင်နန္ဒ ပြန်တော့မလို့လား"

မြို့စားကြီးက ပြောလိုက်သည်။ နန္ဒက စကားမပြန်ဘဲ တစ်စုံတစ်ခုကို ချင့်တွက် နေဟန်ရှိသည်။ ထို့နောက် တက်တစ်ချက်ခေါက်ပြီး အိမ်ရှေ့ဝရံတာမှနေ၍ သူ့မြင်းတိမ်ပျံ ဆီသို့ လွှားခနဲခုန်ကူးလိုက်သည်။

နန္ဒ ထွက်သွားသည်ကို အားလုံးကပင် အသက်မရှူမိဘဲ ငေးစိုက်၍ကြည့်နေကြ သည်။ ဗလကျော်ထင်၏ ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီး ရုတ်တရက်ထွက်ပေါ် လာသည်။

[ ၈ ]

[illegible]တရုတွင် အဘညို၏ ယာစောင့်တဲကို တွေ့မြင်ရသောအခါတွင်မှ မိမိ မည်သည့် နေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နန္ဒ သတိပြုမိသည်။

ဗလကျော်ထင်၏အိမ်မှထွက်လာစဉ်က သူ့မျက်လုံးတွင် ဒေါသမီးများ ခုစ်ဆိုင်း နေခြင်း ဘာကိုမျှ မသိမမြင်ရှိသည်။ သူ့စိတ်ထဲတွင် တံခွန်တိုင်အိမ်ကြီးသို့ လောလော ဆယ် မပြန်ချင်သေးသည်တော့ အမှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘညို၏တဲကို တွေ့မြင်သောအခါတွင်မှ သူသည် တံတားဦးသို့ ဦးတည်၍ သွားနေမိကြောင်း အမှတ်ထားမိသည်။ သို့သော် တံတားဦးဘက်သို့သွား၍ အကျိုးထူး ဖွယ်မရှိချေ။ မသူဇာနှင့် မောင်မောင်လတ်တို့ကို သူတွေ့လိုသည်။ သို့သော် သူတို့ ဘယ်အရပ်တွင်ရှိသည်ဟု မိမိ အပ်ချမတ်ချသိသည်မဟုတ်ချေ။ သူတို့တွေက တစ်နေရာ တည်းတွင် သတ်မှတ်၍နေသည်လည်း ဟုတ်ချင်မှဟုတ်ပေမည်။ ဗလ၏စကားအရဆို လျှင် ဦးတိုင်းကျော်ကို နေပြည်တော်အတွင်းမှပင် ဖမ်းမိခြင်းဖြစ်သည်။ ယင်းသို့ဆိုလျှင် မသူဇာတို့လည်း နေပြည်တော်တစ်ဝိုက်မှာပင် ရှိနေနိုင်သည်။

နောက်ဆုံးတွင် နန္ဒသည် မရေရာသောခရီးကို မသွားရန်ဆုံးဖြတ်လိုက်သည်။ ထို့ပြင် သူသည် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ တံခွန်တိုင် အိမ်ကြီးနှင့်ကင်းကွာနေ၍ မဖြစ်နိုင်သေးပေ။ သူနှင့် တံခွန်တိုင်မိသားစုသည် အကြောင်း အမျိုးမျိုးဖြင့် ဆက်သွယ်လျက်ရှိသည်။ ထိုအထဲတွင် ဗလကျော်ထင်လည်းပါသည်။ ဤကိစ္စများကို သူရင်ဆိုင်ရမည်။ ရှင်းလင်းရမည်။ တိမ်းရှောင်၍မရနိုင်ပေ။

မိမိထွက်လာခဲ့ပြီးနောက် တံခွန်တိုင်မြို့စားကြီး မည်သို့ဖြစ်ကျန်ရစ်သနည်း။ ဗလကျော်ထင်ကျွေးသော ဦးတိုင်းကျော်၏အူများကို စားချေမည်လော။ အိမ်ပြန်ရောက် လျှင် မြို့စားကြီးက မည်သို့ပြောချေမည်နည်း။ တံခွန်တိုင်မောင်နှမများက ဤကိစ္စကို မည်သို့သဘောထားကြမည်နည်း။ မိမိကို မည်သို့ အကဲဖြတ်ကြမည်နည်း။

ယခုကိစ္စသည် မိမိ အစော်ကားခံရခြင်းလား။ ဦးတိုင်းကျော် သေဆုံးရခြင်း အတွက် မိမိတာဝန်ရှိသလား။ ဗလကျော်ထင်အိမ်မှ မိမိ သည်အတိုင်းထွက်လာခြင်းသည် သတ္တိနည်းခြင်းလား။

နန္ဒ စဉ်းစားလေ ခေါင်းခြောက်လေဖြစ်သည်။ နန္ဒ တွေးလေ စိတ်ရှုပ်လေဖြစ် သည်။

အဘညိုကို ကွပ်ပျစ်ပေါ်တွင် ရေနွေးအိုးတစ်လုံးနှင့်အတူ မြင်ရသည်။

နန္ဒ မြင်းပေါ်ကဆင်းလိုက်သောအခါ အဘညိုက..

''သြော်..သြော်..တံခွန်တိုင်အိမ်ကြီးကိုသွားတဲ့ သူငယ်လေးကိုး''

''ကျွန်တော့်နာမည် နန္ဒပါ၊ ကျွန်တော် အခုတံခွန်တိုင်အိမ်ကြီးမှာ နေပါတယ်''

''အင်း..အင်း..ဒါနဲ့ မောင်နန္ဒကိုကြည့်ရတာ မျက်စိမျက်နှာမကောင်းပါဘူး''

''ကျွန်တော် အခု ဗိုလ်မှူးဗလကျော်ထင်အိမ်က ပြန်လာပါတယ်''

''အင်း..အင်း..ဗလကျော်ထင်ဆိုတာ တံခွန်တိုင်အိမ်ကြီးရဲ့ အရင်သခင်လောင်း တစ်ယောက်ပဲကွယ့်''

''ဗလက ကျွန်တော်နဲ့မြို့စားကြီးကို မနက်စာထမင်းဖိတ်ကျွေးပါတယ်''



''ကု..ဒိုလ်ထူးတာပေါ့ကွယ်၊ ဗလဆိုတာ နယ်နယ်ရရမှမဟုတ်ဘဲ၊ လေသင်းဝန် ...မိဖုရားခေါင်ကြီးရဲ့ အထူးအရေးပေးခံရတဲ့ ဗိုလ်မှူးတစ်ယောက်ပဲ၊ ရွှေနန်းတော်ထဲမှာ ...ခရေး ကျောက်စီရွှေစားကိုင်ပြီး ခစားနိုင်တဲ့ လူတစ်ယောက်ပဲကွယ်''

''သူက ကျွန်တော်တို့ကို လူအူသုပ်နဲ့ ဧည့်ခံပါတယ်''

''ဘာကွယ့်''

တစ်လျှောက်လုံး သရော်သလို၊ ထေ့သလိုပြောဆိုလာသော အဖိုးကြီးသည် ...နောက်ဆုံးစကားကို ကြားရသောအခါ လေသံချက်ချင်းပြောင်းသွားသည်။

''မနက်ကဖမ်းမိတဲ့ ရာဇဝတ်သားတစ်ယောက်ရဲ့အူကို ကျွန်တော်တို့ရှေ့မှာတင် ...တ်ပြီး ပြုတ်ဖို့ ရေနွေးအိုးထဲ ထည့်ပါတယ်''

''ရာဇဝတ်သားဆိုတာ ဘယ်သူများလဲကွယ့်''

''သူပုန်ကြီး ဝေတိုင်းကျော်ပါ၊ အရင်ကတော့ တံတားဦးမြို့က သွေးသောက် ... ဦးတိုင်းကျော်ပါ''

အဘညို နှုတ်ဆိတ်သွားသည်။ သူ့မျက်နှာ သိသိသာသာ ခက်ထန်သွားသည်။ ...တက်ရည်ပန်းကန်လုံးများကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ သူ့ကိုယ်ပေါ်မှ ...ကြောကြီးများအားလုံး ပြိုင်းပြိုင်းထလာသည်။ သူ့အနီးတွင် နန္ဒရှိနေသည်ကို အမှတ် ...သည့်အလား ဖြစ်သည်။ နန္ဒကလည်း ဘာမျှမပြောချေ။ ခပ်မဆိတ် အကဲခတ် ...သည်။

အတော်ကြီးကြာသောအခါမှ အဘိုးကြီးက နန္ဒကိုမကြည့်ဘဲ..

''တံခွန်တိုင်အိမ်ကလူတွေ ကျုပ်ဆီကို မလာရဘူးဆိုတာ မသိဘူးလား''

''သိပါတယ်''

''သိရင် ပြန်တော့''

အဘိုးကြီး၏စကားက မာကြောပြတ်တောက်လှသည်။ နန္ဒက စောဒကတက်လို ...သော်လည်း ဤအခြေအနေတွင် ဘာမျှမပြောသည်က သူ့အတွက်ကော၊ အဘိုးကြီး ...အတွက်ပါ ကောင်းနိုင်သည်ဟုယူဆပြီး ချက်ချင်းပင် မြင်းပေါ်သို့ တက်လာသည်။

ညက မြေအောက်ဥမင်ထဲတွင် တွေ့လိုက်သည့်ကိစ္စကို ယခုလိုအချိန်မျိုးတွင် ...မြန်းဖြေရှင်း၍ ရနိုင်မည်မဟုတ်ချေ။ မကြာမီကာလတွင် ဤပြဿနာများအားလုံး ...သည်သွားရမည်ဟု နန္ဒ ခံယူထားသည်။

တံခွန်တိုင်အိမ်ကြီးသို့ သူပြန်ခဲ့သည်။

ဖိုးလုံးကို မြင်းဇောင်းတွင် တွေ့ရသည်။ သူ့မျက်နှာတွင် သွေးမရှိ။ ဖြူဖတ် ...ဖြစ်နေသည်။ စောစောက မြင်တွေ့ခဲ့ရသော အဖြစ်အပျက်သည် သူ့ကို ယခုတိုင်

www.burmeseclassic.com

www.burmeseclassic.com



ချောက်လှန့်နေသေးဟန်ရှိသည်။ နန္ဒကိုမြင်သောအခါ သူ့အနည်းငယ် အားတက်သွားပုံ ရသည်။

"မြို့စားကြီးကော ပြန်ရောက်ပလား"

နန္ဒက မေးသည်။ ဖိုးလုံးက ခေါင်းညိတ်သည်။

"မြို့စားကြီး အူသုပ်စားသေးသလား"

ဖိုးလုံး ခေါင်းခါသည်။

"ဘာတွေဖြစ်သေးသလဲ"

ဒုတိယအကြိမ် ခေါင်းခါသည်။

"သည်အကြောင်း ခင်ခင်လေးတို့သိပလား"

ဤတစ်ကြိမ်တွင် ဖိုးလုံး ခေါင်းညိတ်သည်။

"ဘယ်သူပြောတာလဲ"

ဖိုးလုံးက သူ့ရင်ဘတ်ကို လက်ဖြင့်ပုတ်ပြသည်။

"မြို့စားကြီးကကော ဘာမှမပြောဘူးလား"

တတိယအကြိမ် ခေါင်းခါသည်။

"ခင်ခင်လေးတို့ကကော ဘာပြောသလဲ"

စတုတ္ထအကြိမ် ခေါင်းခါသည်။

"ဘယ်သူကမှ ဘာမှမပြောဘူးလား"

ပဉ္စမအကြိမ် ခေါင်းခါသည်။

နန္ဒ အိမ်ထဲဝင်ခဲ့သည်။ မည်သူ့ကိုမျှ မတွေ့ရ။ အားလုံးပင် အခန်းအောင်းနေကြဟန်ရှိသည်။ သူလည်း အခန်းအောင်းနေလိုက်သည်။

[ ၈ ]

မည်သို့ရှိစေ၊ ညထမင်းဝိုင်းတွင် တံခွန်တိုင်အိမ်သားအားလုံး ဆုံမိကြသည်။ လူစုံသည်နှင့်တစ်ပြိုင်နက် မြို့စားကြီးက စကားစသည်။

"လူအားလုံးဆုံတုန်း ဘာဘုရား စကားတစ်ခွန်း ပြောချင်တယ်၊ သေသေချာချာ နားထောင်ကြပါ"

မြို့စားကြီး၏မျက်နှာကို အားလုံး ပြိုင်တူကြည့်ကြသည်။

"အဲဒါကတော့ ဗိုလ်မှူးဗလကျော်ထင်နဲ့ သမီး ခင်ခင်လတ်ကို နေရာချထားမလို့ပဲ၊ ဘယ်သူ ဘာပြောချင်သလဲ"

အားလုံး အံ့အားသင့်သွားကြသည်။ ခင်ခင်လတ်ဟူသော စကားလုံး သူတို့



ကြားမှားလေသလားဟု အောက်မေ့မိကြသည်။ ခင်ခင်လတ်ကို ပြိုင်တူကြည့်ကြ ... အမျိုးသမီး ခေါင်းငုံ့ထားသည်။

ယင်းသို့ဆိုလျှင် သူတို့ နားကြားမှားခြင်းမဟုတ်၊ အမှန်ပင်ဖြစ်သည်။ နောက်ပြီး ...ိစ္စကို ကာယကံရှင် ခင်ခင်လတ် ကြိုတင်သိရှိထားပြီးဖြစ်ဟန်ရှိသည်။

ထို့နောက် ခင်ခင်လေးကို ကြည့်ကြသည်။ သူမ၏မျက်နှာတွင် စိတ်ရှုပ်ထွေး...အမူအရာများ ပေါ်လွင်နေသည်။

"နက်ဖြန်သဘက်ဆိုသလိုပဲ၊ ကုလားဖြူတွေနဲ့ စစ်တိုက်ရမှာမို့ သည်ကိစ္စကို ...ဆုံးစီစဉ်မယ်၊ ဒါပဲ"

မြို့စားကြီး ထမင်းပွဲကို လက်မနှိုက်ဘဲ ထသွားသည်။ အားလုံး ကြက်သေ...ကျန်ရစ်သည်။ ထို့နောက် ခင်ခင်လတ် ထမင်းဝိုင်းမှ ထသွားပြန်သည်။ မည်သူ့...မကြည့်။

ထမင်းဝိုင်းမှ တတိယထသွားသူမှာ ခင်ခင်လေး၊ အမျိုးသမီးက နန္ဒကို တစ်ချက်...ည့်သွားသည်။ အကြည့်သည် လျှင်မြန်လှသဖြင့် နန္ဒတွင် မျက်လုံးချင်းစကားပြော...ရလိုက်။

ထမင်းဝိုင်းတွင် မောင်မောင်ကြီးနှင့်နန္ဒ နှစ်ယောက်တည်းသာ ငုငုကြီးရှိနေ...ည်။ မလှမ်းမကမ်းတွင် ရပ်နေသော ဒေါ်သဲအူနှင့် ဖိုးလုံးတို့က သူတို့နှစ်ယောက်...ဝိုင်းမှ မည်သူ အရင်ထမည်နည်းဟု စောင့်ကြည့်နေကြသည်။

နန္ဒက ထရကောင်းမလား၊ ထိုင်နေရကောင်းမလား ဝေခွဲမရရှိနေသည်။ ...မောင်ကြီးကိုကြည့်တော့လည်း နေရာမှ ရုတ်တရက်ထမည့်ပုံသဏ္ဌာန်မရှိ၊ ထမင်း...ကိုလည်း မစား၊ သူ့ကိုလည်း မကြည့်၊ အဝေးသို့ ငေးနေသည်။ နန္ဒက စကားစရ...မလား စဉ်းစားသည်။ ဦးတိုင်းကျော်အကြောင်း ပြောရမည်လား၊ ခင်ခင်လတ်...င်း ပြောရမည်လား၊ စစ်ဖြစ်မည့်အကြောင်း ပြောရမည်လား။

"ကျုပ်လည်း မိန်းမယူတော့မယ်"

မောင်မောင်ကြီးက ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သည်။

"ဟောတော့"

ဒေါ်သဲအူ၏နှုတ်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"နန်းမွန်နဲ့ မနက်ဖြန်ကာ လူကြီးစုံရာရှေ့မှာ လက်ထပ်ထိမ်းမြားမယ်"

"ဟောတော့"

"တစ်နေ့ညက အရက်လာရှာတဲ့ ကင်းတပ်သားတွေက နန်းမွန်ကို မုဒိမ်းကျင့်...ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

ထို့နောက် မောင်မောင်ကြီး ဂုန်းခနဲထွက်သွားသည်။ နန္ဒလည်း ဒေါ်သဲအုန်း ဖိုးလုံးတို့၏ ထမင်းဝိုင်းမှ ထခဲ့သည်။

[ ယ ]

အခန်းထဲတွင် ဘယ်လိုမှနေ၍မရတော့။ မွန်းကျပ်နေသည်၊ အိုက်စပ်နေသည်၊ ကျယ်ပြ မှုနှင့် ထိတွေ့လိုသည်၊ လေပြည်လေညင်းနှင့် မိတ်ဖွဲ့လိုသည်။ သို့ဖြင့် နန္ဒ အခန်းထဲ ထွက်ခဲ့သည်။

အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်သောအခါ သူ့ခြေလှမ်းများ အလိုလိုတန့်သွား သည်။ ရှေ့မတိုးတော့၊ အင်းခွေးကြီး ငါးကောင်ကို သတိရသောကြောင့်ဖြစ်သည်။

မောင်မောင်ကြီး၏သတ္တိကို ချီးကျူးသည်။ သူနှင့် ဆက်စပ်ရင်းနှီးသော မိန်း ငယ်တစ်ယောက် မတရားအကျင့်ခံရမှန်း သိသောအခါ ချက်ချင်းလက်ထပ်ရန် ဆုံးဖြ လိုက်သည်။

နန္ဒလည်း မောင်မောင်ကြီးလိုပင် ဖြစ်သည်။ မိမိနှင့် ခင်မင်ရင်းနှီးလျက်ရှိသော ခင်ခင်လေးတစ်ယောက် သူ မချစ်မနှစ်သက်သော ဗလကျော်ထင်၏လက်သို့ ကျရော တော့မည်ဟု သိရှိရသောအခါ ချက်ချင်းပင် သူ့၏မေတ္တာကို ဖွင့်ဟခဲ့သည်။ မည်ကဲ့ သော အန္တရာယ်မျိုးပင်ရှိစေ၊ အမျိုးသမီးကို ခိုးယူထွက်ပြေးရန် ဆုံးဖြတ်ပြီးဖြစ်သည်

သို့သော်...

အခြေအနေများသည် မှန်းဆတွက်ချက်ထားသလို မဖြစ်ခဲ့။ ခင်ခင်လေးသ အများထင်ထားသလို ဗလကျော်ထင်၏လက်သို့ မကျရောက်။ အမျိုးသမီးတွင် မည်သ ဒုက္ခ၊ မည်သည့်အကျဉ်းအကျပ်မျှ မရှိ။

ဗလကျော်ထင်နှင့် လက်ဆက်ရမည့်သူမှာ ခင်ခင်လတ်ဖြစ်ကြောင်း မြို့စား က ကြေညာလိုက်သောအခါ သူသာမက တံခွန်တိုင်အိမ်သားများအားလုံး အံ့သြ ဖြစ်သွားကြသည်။

သည်သို့ဖြစ်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထား၊ ယမန်နေ့က ခင်ခင်လ နှင့် နှစ်ယောက်ချင်းတွေ့ကြရာတွင် ဗလက အမျိုးသမီးကို စွဲလမ်းသွားခြင်းပေပဲလ မူလကမူ ဗလသည် ခင်ခင်လေးကို မျက်စိကျနေသည်မှာ အမှန်ပင်ဖြစ်သည် ယခုကိစ္စက ခင်ခင်လတ် မျက်လှည့်ပြလိုက်ခြင်းလား၊ မာယာဖြင့် ဖမ်းစားလိုက်ခြ လား။ ခင်ခင်လတ်ကို သည်လိုမိန်းမမျိုးဟု နန္ဒ မထင်ခဲ့။ ခင်ခင်လတ်သည် ဗလ တကယ်ပင် မေတ္တာရှိနေသည်လား။



ခင်ခင်လတ်သည် မိမိနှင့်လည်း ရင်းနှီးမှုပြုခဲ့သည်။ လိုက်လျောမှု ပြုခဲ့သည်။ ဆင်ဝင်အောက်တွင်လည်း နန္ဒ နေလို့မရပြန်တော့။ မွန်းကျပ်အိုက်စပ်ခြင်း ပြန်သည်။

သူ့ခေါင်းထဲသို့ စိတ်ကူးတစ်ခု အမှတ်မထင် ဝင်ရောက်လာသည်။ ဆင်ဝင် အောက်မှ သူထွက်ခဲ့သည်။ ခွေးဟောသို့ ဦးတည်သည်။ အင်းခွေးကြီးများ သူ့ကိုတွေ့၍ မှာ ဟောင်ကြလျှင် အခန်းအောင်းနေသူများ ထွက်လာကြမည်။ အခိုက်အတန့်တွင် သူသည် အထီးကျန်အဖြစ်မှလွတ်ကင်းသွားမည်။ တစ်ယောက်ယောက်နှင့် စကား ခွင့်ရနိုင်သည်။

ဘယ်သူနှင့်ပဲဖြစ်ဖြစ် သူ့ရင်ထဲတွင်ရှိသည်များကို ဖွင့်ထုတ်ပစ်လိုက်ချင်သည်။ ဆင်ဝင်နှင့် အတော်ကလေး ဝေးခဲ့ပြီဖြစ်သည်။ သို့သော် ခွေးဟောင်သံများ ပေါ်လာခြင်းမရှိသေး။ သူ့စိတ်ထဲတွင် ရှုံ့မကင်းရှိလာသည်။ ခွေးကြီးများ မရှိ ပြီလား။ တစ်စုံတစ်ခုဖြစ်ချေပြီလား။

တစ်စစနှင့် ခွေးလှောင်အိမ်များအနီးသို့ ရောက်ရှိသွားသည်။ အင်းခွေးကြီးများ ကြယ်ရောင်ရေးရေးတွင် မြင်ရသည်။ တစ်ကောင်က ဝပ်နေသည်။ တစ်ကောင်က ထိုင် ထိုင်နေသည်။ တစ်ကောင်က သူ့ကိုကြည့်နေသည်။ တစ်ကောင်က တစ်ခုခု နေသည်။ တစ်ကောင်က ကုတ်နေသည်။

ခွေးငါးကောင်သည် သူ့ကိုမြင်လျက်သားနှင့် မဟောင်ကြခြင်းမှာ အံ့သြစရာ င်းသည်။ သူတို့သည် သူ့ကို မှတ်မိဦးမည်တော့မဟုတ်ချေ။ သူ့ကို အိမ်သား ယောက်အဖြစ် လက်ခံကြဦးမည်မဟုတ်ချေ။ သို့သော် မဟောင်ကြသည်ကတော့ ပင်ဖြစ်သည်။

သူက ရဲတင်းစွာပင် ခွေးများအနီးသို့ ချဉ်းကပ်သွားသည်။ သည်တော့မှ ခွေး မဟောင်သည့်အကြောင်းကို သိရှိရသည်။

မနေ့က သူနှင့်ခင်ခင်လေးတို့ထိုင်ခဲ့သော ကွပ်ပျစ်တွင် အမျိုးသမီးတစ်ယောက် နေသည်။ ခင်ခင်လေးမဟုတ်ချေ။ ခင်ခင်လတ် ဖြစ်သည်။ သူတို့၏သခင်မက သည့်အမိန့်မျှ မပေးသည့်အတွက် အင်းခွေးကြီးများ ငြိမ်နေကြခြင်းဖြစ်သည်။

"ခင်ခင်လတ် တစ်ယောက်တည်းလား"

နန္ဒကမေးမိမေးရာ မေးလိုက်သည်။

"ဩော်...ကိုနန္ဒရယ်၊ ခင်ခင်လတ်တစ်ယောက်တည်းမဟုတ်လို့ ဘယ်နှစ် က် ဖြစ်ရမလဲ၊ ခင်ခင်လတ်ဟာ မွေးကတည်းက တစ်ယောက်တည်းပါ"

အမျိုးသမီးက ထိုစကားများကို မောပန်းစွာပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်လတ်ပြောတာ မဟုတ်သေးပါဘူး၊ ခင်ခင်လတ်ဟာ မွေးတုန်း တစ်ယောက်တည်းပေမယ့် ကနေ့ကစပြီး နှစ်ယောက်ဖြစ်သွားပြီမဟုတ်လား"

"သြော်··ကိုနန္ဒက အဲဒါကိုပြောတာလား၊ ပြောပေါ့ ကိုနန္ဒရယ် ပြောပေါ့"

အမျိုးသမီးက လေးတွဲ့စွာ ညည်းသည်။

"ပြောပါဆိုရင်တော့ ပြောရဦးမယ်ခင်ခင်လတ်၊ မနေ့ကလည်း ဗလနဲ့ခင်ခင် လတ်တို့ဟာ··"

"တော်ပါတော့ ကိုနန္ဒရယ်၊ ခင်ခင်လတ်ကို ဘာပြုလို့များ ညှင်းဆဲချင်ရတာလဲ"

အမျိုးသမီးက လက်ဝါးကာပြပြီး တောင်းပန်စကားဆိုသည်။ သည်တော့ သဘောမပေါက်နိုင်ဖြစ်ရသည်။

"ကိုနန္ဒက ခင်ခင်လတ်ကို ဘာများညှင်းဆဲလို့လဲ"

"ထိုင်ပါဦးလား ကိုနန္ဒ"

ခင်ခင်လတ်က သူ့မဏ်ဘေးတွင် နေရာပေးသည်။

"တော်ပါပြီခင်ခင်လတ်၊ ဒု-သ-နု-သော ဖြစ်နေပါဦးမယ်"

"ဟော--ပြောပြန်ပြီလား ကိုနန္ဒရယ်၊ ခင်ခင်လတ် ငိုမိလိမ့်မယ်"

"ဟောဗျာ--ကိုနန္ဒပြောတာ ငိုစရာလား၊ ခင်ခင်လတ်ဟာ များမကြာခင်က မှာပဲ ထဘော်တစ်ပါး ဖြစ်တော့မယ်ဆိုတာ စောစောကပဲ မြို့စားကြီးပြောသွားတယ် မဟုတ်လား"

"ခက်ပါလားကိုနန္ဒရယ်၊ ခင်ခင်လတ်က ဘယ်လိုများပြောရပါလိမ့်မလဲနော်"

"ဘာကိုများ ပြောချင်သေးလို့လဲ ခင်ခင်လတ်"

"ကိုနန္ဒ မသိဘူးနော်"

"ကိုနန္ဒမသိတာတွေတော့ အများကြီးပါပဲ"

"ကိုနန္ဒအခန်းမှာ ခင်ခင်လတ်ပြောခဲ့တာတွေကို မှတ်မိသေးသလား"

"ခင်ခင်လတ်ပြောခဲ့တာတွေက အများကြီးပဲ"

"ခင်ခင်လေးကို ကိုနန္ဒ ကြိုက်သလားဆိုတာလေ"

နန္ဒမဖြေ။

"အခုတော့ ကိုနန္ဒနဲ့ခင်ခင်လေးတို့ဟာ တစ်ယောက်ကိုတစ်ယောက် ကြိုက် ကြတယ်ဆိုတာ သေချာသွားကြပြီမဟုတ်လား"

"ခင်ခင်လတ် ဘာကိုပြောချင်တာလဲ"

"ခင်ခင်လတ်ပြောချင်တာကတော့ ခင်ခင်လတ် ဝမ်းသာပါတယ်ဆိုတဲ့စကား ပါတဲ့"



နန္ဒက ခင်ခင်လတ်ကို ငေးစိုက်နေသည်။

"ခင်ခင်လတ်ဟာ ညီမတော်ကို မျိုးထားမတတ်ချစ်ပါတယ်"

"သြော်"

"ကိုနန္ဒ"

"ခင်ဗျာ"

"ခင်ခင်လတ်မပြောဘူးလို့နေတာပဲ၊ ဒါပေမဲ့ ခင်ခင်လတ်ဝမ်းထဲမှာ ဘယ်လို ညီသိပ်ထားလို့မရတော့ဘူး၊ ခင်ခင်လတ် ပြောရတော့မယ်"

"ဟုတ်ကဲ့"

"ခင်ခင်လတ်ဟာ ကိုယ့်ညီမတော်ကလေး မချစ်မနှစ်သက်တဲ့လူလက်ထဲ တ်မှာကို နည်းနည်းမှမလိုလားဘူး၊ ဗလလက်ထဲရောက်မှာကို မလိုလားဘူး"

"နောက်ပြီး ကိုယ့်ညီမကလေး သူချစ်နေတဲ့လူနဲ့ ကွဲသွားမှာကိုလည်း စိုးရိမ် ကိုနန္ဒနဲ့ လွဲသွားမှာကို စိုးရိမ်တယ်၊ ညီမလေးဟာ ကိုနန္ဒနဲ့လွဲပြီး ဗလလက်ထဲ တ်သွားရင် သေရရှာဖို့ပဲရှိပါတယ်"

ခင်ခင်လတ်၏စကားများကို နန္ဒစိတ်ဝင်စားလာရပြီဖြစ်သည်။ စောစောကလို ပေါ့တန်တန်ယူဆ၍မရတော့။ ခင်ခင်လတ်က ဆက်ပြောသည်။

"ဗလဟာ ခင်ခင်လတ်ကို စိတ်မဝင်စားပါဘူး၊ ခင်ခင်လေးကို စိတ်ဝင်စားတာ ပါပဲ၊ ဒါဟာ မဆန်းပါဘူး၊ ကိုနန္ဒကိုတောင် ခင်ခင်လေး မေးခဲ့သေးတယ်မဟုတ် ခင်ခင်လတ်နဲ့ ခင်ခင်လေး ဘယ်သူလှသလဲလို့"

နန္ဒက ဟုတ်ကြောင်း ခေါင်းညိတ်သည်။

"တကယ်တော့ ဒါဟာ မေးစရာမဟုတ်ပါဘူး၊ ညီမတော်ဟာ ခင်ခင်လတ် အများကြီးလှပါတယ်၊ အများကြီး ချစ်စရာကောင်းပါတယ်၊ သူက အငယ်ဆုံး လား၊ နှပျိုတဲ့နေရာမှာလည်း သူကပိုတော့မပေါ့"

"ခင်ခင်လတ်ပြောနေတာတွေကို ကိုနန္ဒ နည်းနည်းတော့ နားလည်စပြုလာ"

"ခင်ခင်လတ်ပြောတာ ရှင်းပါတယ်၊ ခင်ခင်လတ်ရဲ့ဆန္ဒဟာ ကိုနန္ဒနဲ့ ခင်ခင် ကို ပျော်ရွှင်ချမ်းမြေ့ဖို့ပါပဲ၊ ခင်ခင်လတ်ဟာ ခင်ခင်လေးလောက် မလှပေမယ့် လောက်တော့ လှပါသေးတယ်၊ ခင်ခင်လတ်ရဲ့အလှဟာ ယောကျ်ားတစ်ယောက် ဘ့ ဖမ်းစားနိုင်ပါသေးတယ်"

"ဒါဖြင့်ရင် ခင်ခင်လတ်ဟာ ဗလကိုမချစ်ဘဲ မကြိုက်ဘဲနဲ့ ကိုနန္ဒနဲ့ ခင်ခင်လေး တွက် ဘဝကိုအနစ်မွှန်းခံခဲ့တာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏အဖြေသည် တိုးညင်းသော ရှိုက်သံကလေးပင်ဖြစ်တော့သည်။

"ခင်ခင်လတ်"

နန္ဒက တုန်တုန်ယင်ယင်ခေါ်လိုက်သည်။ အမျိုးသမီးက အားတင်းလိုက်ဟ ဖြင့်..

"ဒါပါပဲကိုနန္ဒ၊ ခင်ခင်လတ် ဘယ်သူ့ကိုမှ မပြောဘူးလို့နေတာ၊ ကိုနန္ဒ အထ လွဲတာမခံနိုင်လို့ ခုလို ထုတ်ပြောခဲ့ရတာပါ၊ ဒါပေမင့် သည်အကြောင်းတွေကို ညီမလေ မသိပါစေနဲ့တော့၊ ခင်ခင်လတ်ဘဝနဲ့ ခင်ခင်လတ်ရှိပါစေတော့"

"သည်လိုဆိုရင်တော့ ခင်ခင်လတ်လည်း ဗလကိုမယူရဘူး"

အမျိုးသမီးက ပြုံးသည်။ မချိတင်ကဲသောအပြုံး။

"ရှိပါစေတော့ ကိုနန္ဒရယ်၊ ခင်ခင်လတ်ကိစ္စက လက်လွန်သွားပါပြီ၊ အဖေ လည်း ပြောပြီးဆိုပြီးတွေ ဖြစ်ကုန်ပါပြီ"

"အို..ဘာပဲဖြစ်ဖြစ် ဗလလက်ထဲကို ခင်ခင်လတ် မရောက်စေရဘူး၊ နောက် ဘယ်လိုမှမတတ်သာရင် ဗလကို ကိုနန္ဒကိုယ်တိုင် သတ်ပစ်မယ်"

"ကိုနန္ဒ ခုလိုပြောတာကိုပဲ ခင်ခင်လတ် ကျေးဇူးတင်လှပါပြီ၊ ကဲ-ခင်ခင်လ သွားတော့မယ်ကိုနန္ဒ၊ သည်ဘဝမှာ သည်မျှပဲပေါ့ ကိုနန္ဒရယ်"

ခင်ခင်လတ် ထိုနေရာမှထွက်ခွာသွားသည်။ ခင်ခင်လတ်နောက် နန္ဒ လိုက် ဟန်ရှိစဉ် သူ့ပခုံးပေါ်သို့ လက်တစ်ဖက်ကျရောက်လာသည်။ လှည့်ကြည့်လိုက်သော ခင်ခင်လေးဖြစ်နေသည်ကို နန္ဒ တွေ့ရှိရသည်။

"ဟင်-ခင်ခင်လေး"

"ဟုတ်ပါတယ် ခင်ခင်လေးပါ မောင်ကြီး"

"ခင်ခင်လေး ဘယ်တုန်းကရောက်နေတာလဲ"

"မောင်ကြီးနန္ဒတို့ ပြောတာတွေကို ခင်ခင်လေးအားလုံး ကြားပြီးပါပြီ"

"ခင်ခင်လတ်ဟာ ခင်ခင်လေးနဲ့ မောင်ကြီးအတွက်"

"ဟုတ်တယ်မောင်ကြီး အစ်မတော်ဟာ ခင်ခင်လေးကို ချစ်သလို မောင် ကိုလည်း ကြိုက်နေတယ်"

"အို.."

"ခင်ခင်လေး စိတ်မကောင်းပါဘူး၊ အစ်မတော်ဟာ သူ အင်မတန်ချစ် လူနှစ်ယောက်အတွက် သူ့ဘဝကို အနစ်မွန်းခံတာပါ၊ ခင်ခင်လေးကလည်း ဘာလုပ် မသိတော့ဘူး၊ အစ်မတော်ဟာ မောင်ကြီးကို ကြိုက်နေတယ်ဆိုတာ ခင်ခင်လေး အစ ကြီးကတည်းက ရိပ်မိခဲ့တယ်"



"တော်ပါတော့ ခင်ခင်လေးရယ်..မောင်ကြီးရူးရတော့မယ်"

"ခင်ခင်လေးလည်း ရူးမှာပါပဲမောင်ကြီးရယ်"

နန္ဒ အံကိုတင်းတင်းကြိတ်လိုက်သည်။ ထို့နောက် ခင်ခင်လေး၏ကိုယ်လုံးကလေး ယုယစွာဖက်လိုက်သည်။

ညသည် ငြိမ်သက်လျက်။

[ ၄ ]

လည်းပဲ ရှင်ဇာယုပင်ဖြစ်သည်။ ယခင်ကလည်း ရှင်ဇာယုပင်ဖြစ်သည်။ သို့သော် န်းက ရှင်ဇာယုသည် ငယ်ရွယ်ပျိုမြစ်သည်။ လှပကျော့ရှင်းသည်။ မိဖုရားခေါင်ကြီး တော်တို့တွင် ရှင်ဇာယုသည် အချောအလှဆုံးဟု နာမည်ကြီးပေသည်။ ဆုတော် တော်များပေးသနားရာတွင် မင်းသမီးများနည်းတူ လွန်းများထဘီ၊ ဗလာထဘီ၊ ောင်၊ ဘဲကပ်၊ ပိုးပုဝါ၊ တုမရှိပိတ်အုတ်၊ မီချောင်းရေစောင်၊ သက္ကလတ်ထည်၊ ဘူး စသည်တို့ကို တပွေ့တပိုက်ကြီးရရှိပါသည်။ အကယ်၍မကွာရာမင်းသားသာ တ်ခဲ့လျှင် တန်ခိုးဩဇာထက်မြက်သော မိဖုရားတစ်ပါးဖြစ်မည်ဟုပင် မှန်းခြေ ကြသည်။

သို့သော် ရွှေနန်းတော်ကြီးတွင် အထူးထူးအဆန်းဆန်းသော ပဋ္ဌလက်နည်းများကို ကိုက်တိသကဲ့သို့ ဆင်ဖြူမရှင် မိဖုရားကြီး၏ ကြိုးဆွဲမှုဖြင့် သီပေါမင်းသားလေးသည် မင်းသားနှင့် သုံးဆယ်မင်းသားကြီးတို့ကိုကျော်လွန်လျက် ရာဇပလ္လင်ပေါ်သို့ သောအခါ စောစောကတည်းကပင် တစ်ပင်တိုင်မင်းသမီးကလေး စုဖုရားလတ်၏ ပေါ်မွေးစားခြင်းကို ခံခဲ့ရသော ရှင်ဇာယုသည် ရွှေနန်းတော်ကြီးမှ လွင့်စင်ခဲ့ရလေ နောင်အခါတွင် တိုင်တားမင်းကြီးအဖြစ် ဟိုးဟိုးကျော်လာမည့် တောင်ထားဝယ် ကူညီဆောင်မမှုကြောင့်သာ ရှင်ဇာယု အသက်မသေ ဇီဝိန်မပျောက်ခဲ့ရခြင်း သည်။

သို့တစေ ရွှေနန်းတော်ကြီးတွင် အမျိုးမျိုးပလွှားခဲ့သော ရှင်ဇာယုသည် အိမ်တော် ဦးတွင် မုန့်ပျားသလက်လုပ်ရောင်းရသည်အထိ ကံဇာတာနိမ့်ကျ ညိုးမှိန်ခဲ့ရ သည်။

ရှင်ဇာယုသည် မုန့်ပျားသလက်သည်ဘဝမှနေ၍ ဤအခြေအနေသို့ရောက် င် ပြန်လည်ဖန်တီးခဲ့ရသည်။ ဤနေရာတွင် ရှင်ဇာယုက မိမိ၏ဇာတာ ည်လွန်တက်လာခြင်းသည် စေတနာအကျိုးပေးဖြစ်သည်ဟု ဆိုရှေ၏။

ဇာတ်လမ်းအစက ဤသို့။

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဇာယုသည် နန်းမြို့ရိုးအပြင်ဘက်သို့ ရောက်လာကတည်းက အိမ်တော် ဘုရားကို နံနက်တိုင်း မှန်မှန် ယန်းရေချမ်းကပ်သည်။ ဝတ်ပြုသည်။ ဤတွင် သူ့လို ဘုရားသို့မှန်မှန်လာရောက်သော မုဆိုးမ ပွဲကတော်ကြီးတစ်ဦးနှင့် အကျွမ်းဝင်သ ပွဲကတော်ကြီးသည် ခင်ပွန်းသည်မရှိသည့်နောက်ပိုင်းတွင် လုပ်ငန်းဆောင်တာအားလုံ မတ်တော်သူနှင့် လူမမယ် သားငယ်တို့လက်သို့ လွှဲအပ်ကာ ဘုရားတရားကိုသာ လို ခဲ့သည်။ မတ်တော်သူသည် တစ်စတစ်စနှင့် လုပ်ငန်းများကို လက်ဝါးကြီးအုပ်ခဲ့ နောက်ဆုံးတွင် မရီးနှင့်တူကိုပင် သူ့တပည့်လူမိုက်များအားကိုးနှင့် ပယ်ထုတ်ရှင်းလင် ကြံစည်လာသည်။

ယင်းအဖြစ်ကို ပွဲကတော်ကြီးက ရှင်ဇာယုကို ပြောဆိုသောအခါ ရှင်ဇာယုသ ယခင်က သိကျွမ်းခင်မင်ခဲ့ဖူးသော ဗိုလ်မှူးဗလကျော်ထင်ထံ သွားရောက်ပြောဆိုခဲ့သ ဗလကျော်ထင်၏လုပ်ဆောင်ပေးမှုဖြင့် မတ်တော်သူနှင့် သူ၏နောက်လိုက်များအာ သည် မာန်ပြမှုဖြင့် အချုပ်အနှောင်ခံကြရပြီး ပွဲရုံလုပ်ငန်းကို ပွဲကတော်ကြီးသားငယ် ပြန်လည်လုပ်ဆောင်ခွင့် ရရှိလေသည်။

ယင်းအတွက် ပွဲကတော်ကြီးက ဗိုလ်မှူးဗလကျော်ထင်ကို တန်ဖိုးမဖြတ်နိုင်သေ မြလက်စွပ်တစ်ကွင်းပေးပြီး ရှင်ဇာယုအတွက်လည်း ခြံဝိုင်းတစ်ခုနှင့် အိမ်တစ် ဖန်တီးပေးခဲ့လေသည်။

သည့်နောက်တွင်ကား ရှင်ဇာယုသည် အမှုပွဲစားဖြစ်ခဲ့တော့သည်။ သူ့ကိုပြော အမှုကိစ္စများ ပြီးမြောက်နိုင်သည်ဟု သတင်းပြန့်လာသောအခါ ဟိုမှသည်မှ လာ သည်။ သို့ဖြင့် သူနှင့်ဗလသည် အပေးအယူဖြစ်လာကြသည်။ ဝေစားမျှစား ဖြစ် ကြသည်။

ရှင်ဇာယုတွင် ငွေကြေးဥစ္စာဖြစ်လာသည်။ ငွေကြေးဥစ္စာရှိလာသောအခါ ထက်မြက်ပေါက်ရောက်လာသည်။ သူ၏ဩဇာအာဏာသည် အမိန့်တော်ရများ၊ တ စာရေးများ၊ တရားနာခံများ၊ တရားသူကြီးများသို့ သက်ရောက်စူးရှခြင်းရှိလာသ များမကြာမီတွင် သူ၏တန်ခိုးအာဏာသည် သစ်တပ်ကိုကျော်လွန်၍ ရွှေနန်းတော် သို့ ချဉ်းနင်းရမည်ဟု တွက်ဆထားသည်။

ရှင်ဇာယုသည် ဥစ္စာဓနမတတ်နိုင်သူများ၏ အမှုကိစ္စများကိုလည်း အခြေ ကိုကြည့်၍ လုပ်ဆောင်ပေးတတ်သည်။ တစ်ခုတော့ရှိသည်။ ယင်းအမှုသည်များ ရုပ်ဆင်းအင်္ဂါတော့ ရှိရမည်ဖြစ်သည်။ ကြာတော့ ဗလနှင့် ရုံးအရာရှိအချို့သည် ဥစ္စာ တတ်နိုင်သူများထက် ရုပ်ဆင်းအင်္ဂါရှိသော အမှုသည်များကိုပင် ပို၍ချဉ်ခြင်းတပ် ကြသည်။



သည်တော့ ရှင်ဇာယုသည် အမှုပွဲစားဖြစ်ရုံမျှမက မိန်းမပွဲစားလည်း ဖြစ်လာ တော့သည်။ သို့သော် သည်အဖြစ်ကို ရှင်ဇာယုနှစ်သက်သည်။ သူ့အဖို့က မိမိ၏တန်ခိုး အာဏာကြီးထွားရေး၊ ဥစ္စာဓနပြည့်ဝရေးပင် ဖြစ်သည်။ ထို့အတွက် ခုခါတွင် သူသည် ဗလတို့လိုချင်သော အမှုသည်မျိုးကို တကူးတကန့်ပင် လိုက်လံရှာဖွေခြင်းပြုရတတ်သည်။

မနေ့တစ်နေ့ကပင် ဗလက သူတို့အမှုသည် ကောင်းကောင်းမရတာကြာပြီဟု ပြောလိုက်ချေသေးသည်။ အမှုသည်ကောင်းကောင်းဆိုသည်မှာ ဥစ္စာဓနချို့တဲ့ပြီး အရွယ် ကောင်းရှိသူများကို ဆိုလိုသည်။

ယင်းကြောင့်ပင်··

မကြေးမုံအမည်ရှိသော မရှိနွမ်းပါးသူကလေးတစ်ယောက် သူ့ထံသို့ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာသည်ကို တွေ့ရသောအခါ ရှင်ဇာယုသည် ရတနာပုံဆိုက်သည်ဟု ထင်ယူလိုက်မိသည်။

မကြေးမုံသည် နေပြည်တော်နှင့်ဝေးလံသော ကျေးလက်ဒေသတစ်ခုမှဖြစ်သည်။ အချုပ်အနှောင်ခံနေရသော ဖခင်အတွက် စွန့်စားရောက်ရှိလာခြင်းဖြစ်သည်။ နေဝင်ရီ ရောအချိန်တွင် လှည်းကြုံဖြင့် ရှင်ဇာယုအိမ်သို့ ရောက်ရှိလာသည်။

သူမ၏ကိုယ်တွင် ခြုံလွှမ်းထားသော ဖျင်ကြမ်းတစ်ဘက်ကြီးကို ဖယ်ရှားလိုက် သောအခါ မကြေးမုံကလေးသည် ယောကျ်ားနှစ်မြိုက်တတ်သော အစာတစ်ခုဖြစ်ကြောင်း ရှင်ဇာယု ရိပ်စားလိုက်မိသည်။

သို့အတွက် အချိန်ဖင့်နွှဲ့ခြင်းမခံဘဲ ညတွင်းချင်းမှာပင် မကြေးမုံကို ဗိုလ်မှူး ဗလကျော်ထင်အိမ်သို့ ခေါ်ဆောင်သွားလေသည်။

လမ်းခရီးတွင် အများသူငါမမြင်စေလိုသောကြောင့် မကြေးမုံကို ဖျင်တဘက် ခြုံထားစေသော်လည်း အမှန်တော့ သီတင်းကျွတ်လကွယ်ညဖြစ်၍ ညသည် မှောင်မဲ နေသည်ရှိသည်။ မကောင်းမှုအစုစုကို ဖိတ်ခေါ်နေသည့်အလား ဖြစ်သည်။

ထိုနေ့ညက··

ဗလ၏အိမ်တွင် အောင်ပွဲခြိမ့်ခြိမ့်သဲ ခံနေသည်။ မနက်ဖက်က အောင်ပွဲတစ်ခု ရခဲ့သည်။ ရွှေနားတော်ပေါက် သူပုန်ကြီး ငတိုင်းကျော်ကို လက်ရဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်တိုင်းကျော်နှင့် နောက်ပါနှစ်ဦးသည် သူတို့၏သူလျှိုတစ်ဦးဖြစ်သော စူးများ ...၏ အပျိုတော်တစ်ဦးနှင့် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။ သို့သော် ယင်းအပျိုတော် သည် လေသင်းဝန်၏လူဖြစ်သည်။ ဗိုလ်တိုင်းကျော်တို့ကို သူ့လူကိုယ့်ဘက်သား ပြုလုပ် ခြင်းဖြစ်သည်။ ဗိုလ်တိုင်းကျော်တို့ လာရောက်မည့်အကြောင်းကို အပျိုတော်၏သတင်း

www.burmeseclassic.com

www.burmeseclassic.com

ပေးချက်အရ လှေသင်းဝန်သိရှိခဲ့သည်။ လှေသင်းဝန်၏ခိုင်းစေချက်အရ ဗလတို့က ချောင်းမြောင်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယင်းအတွက် ဗလ၏သတင်းသည် နေပြည်တော်တစ်ခုလုံးတွင် ပျံ့နှံ့သွားသည်။ သွားလေရာ မျက်နှာပွင့်လန်းသည်။ များမကြာမီမှာပင် ရာထူးတိုးတက်ဖွယ် ရှိနေသည်။ မကြာမီဖြစ်ပွားလတ့်သော ကုလားဖြူတို့တိုက်ရသောစစ်တွင် သူ၏စွမ်းရည်ကို စွမ်းစွမ်းတမံ ပြနိုင်ခဲ့လျှင် မျှော်မှန်းနိုင်သော ရာထူးဌာနန္တရများကိုပင် ရရှိနိုင်မည်ဖြစ်ပေသည်။

နောက်အောင်ပွဲတစ်ခုကတော့··

နေပြည်တော်တစ်လွှားတွင် အချောအလှဆုံးများဖြစ်သည်ဟု သတင်းကြီးနေသော တံခွန်တိုင်ညီအစ်မများအနက်မှ တစ်ယောက်နှင့် လက်ထပ်ရမည့်အရေးဖြစ်သည်။ ယင်းညီအစ်မများသည် ချောမောလှပသည်နှင့်အမျှ စိတ်ထက်သူများလည်း ဖြစ်ကြသည်။ တော်ရုံတန်ရုံယောကျ်ားများ မချဉ်းကပ်ရဲရှိကြသည်။ ဗလသည်ပင် နှစ်ရှည်လများ ကြံစည်အားထုတ်ခဲ့ရသည်။ ညီအစ်မသုံးယောက်တွင် အကြီးဆုံးဖြစ်သူသည် သူ့ကို မယူလိုဟုဆိုကာ သာမန်မထင်ရှားသူတစ်ဦးနှင့် လက်ဆက်ခဲ့သည်။ အငယ်ဆုံးသမီးကလည်း လူကြီးများ မျက်နှာသာပေး ရေလာမြောင်းပေးလုပ်နေသည့်ကြားက ခပ်ထန်ထန် ခပ်တန်တန်လုပ်နေသည်။ ယနေ့တွင်မူ သူသည် ကာယကံရှင်အမျိုးသမီး၏ လိုလိုလားလားသဘောတူညီမှုဖြင့် စေ့စပ်ကြောင်းလမ်းမှုပမာဏ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ သူနှင့် ခင်ခင်လတ်လတ်ကိစ္စကို လှေသင်းဝန်နှင့် တံခွန်တိုင်မြို့စားကြီးတို့ လက်ခံသဘောတူလိုက်ကြပြီဖြစ်သည်။

များမကြာမီတွင် တံခွန်တိုင်သမီးပျိုကလေးတစ်ဦးသည် သူ၏ရင်ခွင်တွင်းသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

သို့ဖြင့်··

ဗလ၏အိမ်တွင် အောင်ပွဲခြိမ့်ခြိမ့်သဲခဲနေသည်။ ဗလက သူ့လူများသောက်ရန်အတွက် အရက်အမျိုးမျိုးကို ရာဝင်အိုးကြီးများဖြင့် ထည့်ပေးထားသည်။ သူတို့စားသုံးရန်အတွက် ကြက်၊ ဝက်၊ ကျွဲ၊ နွားများကို အကောင်လိုက် ဝယ်ခြမ်းပေးခဲ့သည်။

သည်အချိန်တွင်··

ရှင်ဇာယုနှင့် မကြေးမုံတို့ ဗလ၏အိမ်သို့ ရောက်ရှိသွားကြသည်။ စစ်သည်ရဲမက်များ စိတ်ရှိတိုင်း စားသောက်ပျော်ပါးနေကြသည်ကို မြင်ရသောအခါ ကျေးတောသူကလေး မကြေးမုံသည် တဆတ်ဆတ်တုန်အောင် ထိတ်လန့်ကြောက်ရွံ့လျက်ရှိသည်။ ဖျင်ကြမ်းတဘက်ကြီးအတွင်းမှ ခေါင်းမပြူထွက်ရဲဘဲရှိသည်။

ရှင်ဇာယုကလည်း အခြေအနေကို ရိပ်စားမိသည်။ ကြွေအံတစ်လှည့် အထူ



ကောင်းလျှင် သူနှင့်ပါလာသော မိန်းမငယ်ကလေးသည်လည်း ကြောက်လန့်၍သော်သည် ထွက်ပြေးနိုင်သည်။ ဘူးလုံးနားမထွင်းနှင့် တပည့်လက်သားများ အစာလည်း သွားနိုင်သည်။ ထို့ကြောင့် ရှင်ဇာယုက အမှောင်ရိပ်ကိုခိုပြီး မကြေးမုံကို အိမ်နောက်ပေါက်သို့ ခေါ်သွားသည်။ လူယုံတစ်ဦး၏လက်တွင် ကလေးမကို ခဏအပ်ထားပြီး နှင့် တွေ့ဆုံလေသည်။

"ဗိုလ်မင်းအတွက် အရွယ်အမင်းကောင်းတဲ့ အမှုသည်ကလေး ခေါ်လာပါယ်"

"ဘယ်မှာလဲ"

"နောက်ဖေးစဖိုဆောင်မှာ ထားခဲ့ပါတယ်"

"ဟိုတစ်ခါလို နွားမရွဲ့ပိတ်ကြီးဖြစ်နေပါဦးမယ်"

"ယခုဟာက ယင်ဖိုမှမသန်းသေးတဲ့ လန်းလန်းစစ်စစ် ပူးသစ်ခါစ တောရိုင်းကလေးပါ"

"တယ်ဆိုတဲ့စာပါလား"

"ဗိုလ်မင်းကိုယ်တိုင် ကြည့်ကြည့်ပါဦး"

"ကောင်းပြီလေ··ကျုပ်အဆောင်ထဲမှာ စောင့်နေကြပါ၊ ကျုပ် သည်မှာ စကားခွန်းနှစ်ခွန်းပြောပြီးရင် လာခဲ့မယ်၊ ရှင်ဇာယု မပြန်နဲ့ဦးနော်၊ ကနေ့ ကျုပ်ကပဲ ဇာယုကို လက်ဆောင်ပဏ္ဏာပေးပါ့မယ်၊ ကျုပ်အောင်ပွဲရတဲ့အတွက်ပေါ့"

ဗလစကားကြောင့် ရှင်ဇာယုမျက်နှာဝင်းလက်သွားသည်။ လက်ဆောင်ပဏ္ဏာဆိုသည့်အတွက် ကျေနပ်နှစ်သိမ့်ခြင်းဖြစ်သွားသည်။

"ဗိုလ်မင်းရဲ့အောင်ပွဲသတင်းကို နေပြည်တော်တစ်ခုလုံးကြားသလို ရှင်ဇာယု ကြားပါတယ်၊ ဗိုလ်မင်း အတွက်အထိပ်ရောက်ရင် ရှင်ဇာယုတို့ရောက်တာနဲ့ တူပဲပေါ့"

ထို့နောက် ရှင်ဇာယုသည် ဗလအပါးမှခွာခဲ့သည်။ မကြေးမုံခေါ်ပြီး အိမ်အထက်သို့ နောက်ဖေးလှေကားမှတက်ခဲ့ကြသည်။

သူတို့ကို လိုက်လံပို့သသူသည် သူတို့ကို ဗလ၏အိပ်ခန်းဆောင်အတွင်းသို့ သွင်းပြီးနောက် အပြင်မှ တံခါးကိုပိတ်ထားလိုက်သည်။

မကြေးမုံက မျက်စိသူငယ်ဖြင့်··

"သမီးကို ဘယ်ခေါ်လာတာလဲအမေရယ်၊ သည်အိမ်မှာ လူတွေမနည်းပါလား၊ ကုန်ဟာလည်း မူးလို့ ရူးလို့ပါကလား၊ အမေပြောတဲ့ဗိုလ်မင်းကော သည်လိုပဲ ရူးပဲလား၊ သမီးကြောက်လိုက်တာအမေရယ်··ပြန်ကြပါစို့လား"

www.burmeseclassic.com



ရှင်ဇာယုက မကြေးမုံ၏ကျောကို ပွတ်သပ်လျက်··

"အမေပြောတဲ့ဗိုလ်မင်း အခုပဲလာပါလိမ့်မယ်ကွယ်၊ ဗိုလ်မင်းက အလွန်ပဲ စိတ်နေသဘောထားကောင်းပါတယ်၊ ဗိုလ်မင်းဆောင်ကျဉ်းပေးရင် သမီးရဲ့အဖေဟာ နေ့ချင်းညချင်းပဲ အချုပ်အနှောင်က လွတ်ပါလိမ့်မယ်။ သမီးလေး ဘာမှစိုးရိမ်စရာမရှိပါဘူး၊ သမီးလေး ဘာမှကြောက်လန့်စရာမရှိပါဘူး"

ခဏအကြာတွင် ဗလ ရောက်ရှိလာသည်။ ဗလကိုယ်တိုင်လည်း အတော်ကလေး မူးနေပြီဖြစ်သည်။ ခြေသံပြင်းသည်။ လမ်းလျှောက်ရင်း ယိမ်းယိုင်နေသည်။ အခန်းတံခါးကို ဂျိုင်းခနဲမြည်အောင် ပြန်ပိတ်လိုက်သည်။

"ဟား··ဟား··ဟား··ဘယ်မလဲ ဖူးသစ်ကာစ တောရိုင်းပွင့်ကလေးဆိုတာ သည်မီးနေ ခေါင်းမြီးခြုံကြီးကို ပြောတာလား"

ဗလက ပြောပြောဆိုဆိုပင် မကြေးမုံ ခြုံလွှမ်းထားသော တဘက်ကြီးကို ကြမ်းတမ်းစွာ ဆွဲဖယ်ပစ်လိုက်သည်။

"မြတ်စွာဘုရား၊ ကယ်တော်မူပါ၊ နင်··နင်··နင် မသူဇာ"

ဗလကျော်ထင်သည် တဘက်ကြီးကို လက်တစ်ဖက်ကကိုင်လျက် မိန်းမငယ်ကို မျက်လုံးပြူးမျက်ဆံပြူး ကြည့်နေသည်။ အထစ်ထစ်အငေါ့ငေါ့ ရေရွတ်နေမိသည်။ သူ့တွင် မူးယစ်ခြင်းမရှိတော့ ထိတ်လန့်တုန်လှုပ်ခြင်းသာရှိတော့သည်။

ရှင်ဇာယုကလည်း သူ့မျက်စိအောက်တွင် တွေ့မြင်နေရသည်များကို မည်သို့နားမလည်နိုင်ရှိနေသည်။ ဇောဇောက ကြောက်ရွံ့အားငယ်လျက်ရှိသော ကျေးတောသူကလေးသည် ယခုအခါ သားကောင်ကို ကိုက်ဖဲ့စားသောက်တော့မည့် ကျားဖျံမကဲ့သို့ ရှိနေသည်။ သူမ၏မျက်နှာသည် ခက်ထန်တင်းမာလှသည်။ သူမ၏လက်ထဲတွင် ကုလားဖြူတို့၏ ခါးပိုက်ဆောင် သေနတ်တစ်လက်ရှိနေသည်။

"ဟုတ်ပါတယ်ဗိုလ်မင်း ကျုပ် မသူဇာပါ၊ သွေးသောက်ကြီး ဦးတိုင်းကျော်ရဲ့ တစ်ဦးတည်းသောသမီးကလေး မသူဇာပါ၊ အဲ··အဲ··အပြောမှားသွားလို့ပါ၊ သွေးသောက်ကြီး ဦးတိုင်းကျော်မဟုတ်ပါဘူး၊ သူပုန်ဗိုလ်ကြီး ငတိုင်းကျော်ပါ"

ထိုအခါတွင်မှ ရှင်ဇာယုတစ်ကိုယ်လုံး သွေးဆုတ်သွားတော့သည်။ ဗလ၏ မျက်နှာကို လှမ်းကြည့်သည်။

"ဘယ်မလဲ ဖူးသစ်ကာစ တောရိုင်းပွင့်ကလေးဆို၊ အခုတော့ မြွေပွေးမဖြစ်နေပြီမဟုတ်လား"

"သူဟာ သူပုန်ဗိုလ်ကြီး ငတိုင်းကျော်ရဲ့ သမီးဆိုတာ ရှင်ဇာယု နည်းနည်းကလေးမှ မရိပ်မိခဲ့ပါဘူး"



"ကဲ-ကဲ-အချိန်ရှိတုန်း တောရိုင်းပွင့်ကလေး အဆင်းရှိမရှိ ရနံ့သင်းမသင်း ဗိုလ်မင်းကိုယ်တိုင် ရှုစားဆုံးဖြတ်ပါဦး၊ ရှင်ဇာယုကလည်း ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပေးပေါ့ ဟုတ်လား"

ဗလက သူ့ခါးရှိရာသို့ မျက်စိကစားလိုက်သည်။ ရှင်ဇာယုကလည်း အခန်းတံခါးပေါက်ဆီသို့ မျက်လုံးရောက်သွားသည်။

"ဒီမယ် နှစ်ယောက်စလုံး နည်းနည်းကလေးမှ မဟုတ်တာမလုပ်ကြနဲ့နော၊ ကျုပ် ဒီသေနတ်ကို တစ်လလုံးလုံး အပတ်ကျင့်ထားတာ၊ မျက်စိတမှိတ်အတွင်းမှာ အသက်ပျောက်သွားမယ်"

ဗလ တုပ်တုပ်မျှမလှုပ်၊ ပါးစပ်မှလည်း တစ်လုံးမျှမပြောတော့။ ညာဏ်နီညာဏ်ချော် ထုတ်နေပုံရသည်။ ရှင်ဇာယုက··

"အမေ့ကိုတော့ ချမ်းသာပေးပါသမီးရယ်၊ အမေနဲ့ ဘာမှမဆိုင်ပါဘူး၊ အမေက သူ့ရေးနဲ့တရားနဲ့ နေတဲ့သူပါ"

"အောင်မယ် မသိတာမှတ်လို့၊ ဒီအဘွားကြီး အခုမှ ဒွာအပိုစကားတွေ ပြောနေတာလဲ၊ ကိုယ့်ကြောင့် အပျိုနုနုထွတ်ထွတ်ကလေးတွေ၊ လင်ရှိမယားတွေ ရာဇဘီလူး တွေလက်မှာ စတေးခဲ့ကြရတာကို မမှတ်မိတော့ဘူးလား၊ ကဲ-ပြောနေကြာပါတယ်၊ ဆုံးနေးစကြရအောင်၊ အဘွားကြီး ဟောဟိုကြိုးခွေကို ယူစမ်း၊ ယူလေ၊ ပြောနေတာ မကြားဘူးလား၊ အဲ··ဟုတ်ပြီ ဟောဒီက ဗိုလ်မင်းကို လက်ပြန်ကြိုးတုပ်စမ်း၊ တုပ်လေ၊ ဘာလုပ်နေတာလဲ။ ဗိုလ်မင်းကလည်း နည်းနည်းကူညီဦးလေ၊ လက်နှစ်ဖက်ကို ညီညီမူး ပေး ဟုတ်ပြီ-ကြိုးကိုနှာနှာပတ်၊ ဆွဲဦး··မလျော့စေနဲ့၊ နောက်တစ်ပတ် ပတ်ဦး၊ ဟုတ်ပြီ-ချည်လိုက်ဦး"

များမကြာမီတွင် ဗလ၏တစ်ကိုယ်လုံးကို ကြိုးဖြင့်တုပ်နှောင်ပြီးဖြစ်သွားသည်။

"ကဲ-ပါးစပ်ပဲကျန်တော့တယ်၊ အဲဒီပါးစပ်ပေါက်ထဲကို ဟောဒါကလေး ထည့်ပြီး ပိတ်လိုက်စမ်းပါဦး"

မသူဇာက သူမ၏ထဘီကို ဆတ်ခနဲဆွဲဆုတ်လိုက်သည်။ ပြည့်ဖြိုးသော ပေါင်တံတစ်ဖက် ဝင်းခနဲပေါ်လာသည်။ ဗလ မျက်လုံးပြူးသွားသည်။

"ရွှေဘိုမင်းကြိုက်ပေါင်တံဆိုတာ ဒါမျိုးကို ခေါ်တာလားဗိုလ်မင်းရဲ့၊ သေသေချာချာ ကြည့်စမ်းပါဦး"

မသူဇာက သူမ၏ပေါင်တံကို မြင်သာအောင် ဟိုဘက်သည်ဘက်လှည့်ပြီးသည်၊ ပြီးမှ လက်ထဲက ထဘီစကို ဗလ၏ပါးစပ်ထဲသို့ အတင်းထိုးထည့်လိုက်သည်။ ပါးစပ်ပိတ် ပျံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရယ်··အမေ့ကို သွားခွင့်ပေးပါတော့"

"ဒီအဘွားကြီး တယ်စကားများပါကလား၊ မဖြစ်ပါဘူး၊ ဒီအဘွားကြီး ပါး
ပေါက်လည်း ပိတ်ထားဦးမှပါ"

မသူဇာက သူမ၏အင်္ကျီကို ဆုတ်ဖြဲလိုက်ပြန်သည်။ မိခင်ကောင်းပီသသော
မသူဇာ၏သားမြတ်တစ်ဖက်သည် ထင်းခနဲပေါ်လာသည်။ ရှင်ဇာယုပင် ပါးစပ်အဟောင်း
သားဖြစ်သွားသည်။ မသူဇာက မထိတရိပြုံးလျက် ရှင်ဇာယု၏ပါးစပ်တွင်းသို့ အင်္ကျီစ
ထိုးသွင်းလိုက်သည်။ ထို့နောက် အဘွားကြီးကိုလည်း ကြိုးနှင့်တုပ်ထားလိုက်သည်
ဗလက မသူဇာ၏လှုပ်ရှားမှုများကို မျက်တောင်မခတ် ကြည့်နေသည်။ ပေါ်
တစ်ဖက်နှင့် ရင်ဘတ်တစ်ဖက်သည် သူ့ကို လှောင်ပြောင်သရော်နေသကဲ့သို့ ရှိသည်

"ဘယ့်နှယ်လဲ၊ ဗိုလ်မင်းက သူများသားပျို သမီးပျိုတွေရဲ့ အင်္ကျီတွေ ထဘီ
တို့ အတင်းဆွဲဆုတ် အတင်းဆွဲချွတ် လုပ်ခဲ့ရတာတွေ အတော်အရသာရှိရဲ့လား၊ အခု
ဗိုလ်မင်းရဲ့လက်တွေက ဘာမှမလုပ်နိုင်တော့ဘူး မဟုတ်လား"

မသူဇာက ဗလ၏အနီးတွင် နီးကပ်စွာရပ်ရင်း ပြောသည်။

"ကိစ္စမရှိပါဘူး၊ ဗိုလ်မင်းရဲ့လက်တွေ မအားဘူးဆိုရင် ဗိုလ်မင်းရဲ့ကိုယ်
ကျွန်မတာပဲ ဗိုလ်မင်းလုပ်ချင်တာတွေကို လုပ်ပေးရတာပေါ့၊ ဟောဒီမှာကြည့်··ဟောဒီ
တွေလား၊ ဟောဒီမှာမြင်လား၊ သေသေချာချာ ကြည့်ထား၊ မသေခင် အားရအော
ကြည့်ထား"

မသူဇာက ဒေါနှင့်မာန်နှင့် ပြောဆိုရင်း သူမကိုယ်ဝတ်များကို တစ်စပြီးတစ်
ဆုတ်ပစ်နေသည်။ ခွာချနေသည်။ ဗလသို့ ပစ်ပေါက်လျက်ရှိသည်။ ဤမိန်းကလေ
ရူးသွပ်ချေပြီလားဟုပင် ရှင်ဇာယု တွေးထင်မိသည်။

မသူဇာ၏အလှအပအဖြစ် မမြင်နိုင်တော့။ လောကီစည်းစိမ်အဖြစ် မခံစားနိုင်
တော့။ ကြောက်မက်ဖွယ်ရာ သရဲသဘက်မကြီးအဖြစ်သာ မြင်နေတော့သည်။

မိမိ၏တစ်သက်တွင် ဤပုံဤနည်းမျိုးဖြင့် လက်စားချေခံရလိမ့်မည်ဟု ဗလ
မမျှော်လင့်ခဲ့။ ယခုတော့ သည်မိန်းမလုပ်ပုံက သူ အရူသုပ်စားသည်ထက်ပင် အသည်
ယားစရာ ကြောက်စရာကောင်းတော့သည်။

ယခုအချိန်တွင်သာ မိမိကိုယ်တွင် တုပ်နှောင်ထားသောကြိုးများ ပြေသွားခဲ့လျှ
မထီလေးစားနိုင်လှသော စော်ကားမော်ကားနိုင်လှသော မိန်းမကို ပြောင်းရိုးစင်းသ
ဓားနှင့် နုပ်နုပ်စင်းပစ်လိုက်ချင်သည်။

မသူဇာက ပြောင်းတိုသေနတ်ကို ချထားလိုက်ပြီး ဗလ၏ဆောင်ဓားကို နုတ်
လိုက်သည်။



"ကျုပ်ပြောတဲ့ စကားတွေကို ဗိုလ်မင်း မကြားချင်ဘူးနဲ့တူတယ်၊ ကောင်းပြီ
··ဗိုလ်မင်းမကြားချင်ရင် မကြားရပါဘူး၊ ကျုပ် ဘယ်လောက်ပြောပြော ဗိုလ်မင်း
နားမပါရင် မကြားတော့ဘူးပေါ့"

မသူဇာ ပြောပြောဆိုဆိုပင် လကျာဘက်နားရွက်ကို ဓားဖြင့်တွက်လိုက်သည်။
ပြုတ်ပါသွားသည်။ ဗလသည် ရုန်းလည်းမရုန်းနိုင်၊ အော်လည်း မအော်နိုင်။
မတန်သော နာကျင်မှုကို မျက်လုံးတွင်သာ တွေ့မြင်ရသည်။

မသူဇာက နောက်တစ်ကြိမ် ဓားစီးမည်အပြုတွင် အိမ်ပေါ်ထပ်သို့ တက်လာ
အပြေးအလွှားတက်လာသော ခြေသံများကြားရသည်။ မသူဇာ မျက်လုံးပြူးသွား
စိတ်ရှိတိုင်း ပြုမူနေရာမှ သတိပြန်ဝင်လာသည့်အလား၊ မိမိကိုယ်ကို ငုံ့ကြည့်
ရှက်ရွံ့ဟန်ဖြစ်သွားသည်။ ကြမ်းပြင်တွင်ကျနေသော တဘက်ကို ကောက်ယူပြီး
ကိုယ်တွင် ကမန်းကတန်း ရစ်ပတ်ထားလိုက်သည်။

ဆူညံသောခြေသံသည် သူတို့ရှိရာသို့ တန်းတန်းမတ်မတ် ရောက်လာသည်။
အပြင်တွင် ရပ်သွားပြီး လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ဗိုလ်မင်း··ဗိုလ်မင်း··"

ဗလနှင့် ရှင်ဇာယုတို့၏မျက်လုံးများတွင် မျှော်လင့်ချက်အရိပ်အရောင်များ ပေါ်
သည်။ မသူဇာက··

"ဘယ်သူလဲ၊ ဗိုလ်မင်း အိပ်နေတယ်"

"အိပ်နေရင် မြန်မြန်နှိုးလိုက်ပါ၊ အရေးကြီးတဲ့ကိစ္စရှိလို့ပါ"

"ဗိုလ်မင်းက သူ့အိပ်ပျော်သွားရင် ဘယ်သူလာလာ မနှိုးနဲ့မှာထားတယ်"

"အခုကိစ္စက အရေးကြီးတယ်၊ ဝန်မင်းဘုရားက ချက်ချင်းလာရမယ်လို့ အခေါ်
တယ်"

"အို··ဘာပဲဖြစ်ဖြစ် ကျွန်မ မနှိုးရဲဘူး"

"ခင်ဗျားမနှိုးရဲရင် ကျုပ်နှိုးမယ်၊ တံခါးသာဖွင့်ပါ"

အပြင်မှ တံခါးကို လက်သီးဖြင့်ထုသည်။

"ဘာပြုလို့ တံခါးကိုထုနေရတာလဲ၊ ဗိုလ်မင်း နိုးသွားလိမ့်မယ်"

ထိုစကားသည် မသူဇာ၏အမှားပင်ဖြစ်တော့သည်။ သူမ၏ဘဝကို အဆုံးအဖြတ်
ပေးသည့် စကားတစ်ခွန်းပင်ဖြစ်တော့သည်။

"ဗိုလ်မင်းဟာ အင်မတန် အအိပ်ဆတ်တယ်၊ အခုလောက်ဆိုရင်ကို ဗိုလ်မင်း
နိုးနေပြီ၊ မှန်မှန်ပြောစမ်း၊ ငါတို့ဗိုလ်မင်း ဘာဖြစ်နေသလဲ၊ နင် ဘယ်သူလဲ"

"ဗိုလ်မင်း မူးနေတယ်ဆိုတာ မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

မသူဇာ၏စကားကို တစ်ဖက်က နားမဝင်တော့။ အပြင်မှလူသည် တံခါး
ထိုးထိုးနှင့် တိုက်ဖွင့်လျက်ရှိတော့သည်။ အပြင်မှလူသည် အားခွန်ဗလ ကြီးမား
သည်။ နှစ်ချက်သုံးချက်မျှ ဆောင့်မိသောအခါ ကျွန်းတံခါးကြီး ပွင့်တော့မည်ရှိ
သည်။

မသူဇာက အထူးအထွေစဉ်းစားမနေတော့ဘဲ ချွန်မြသောဓားဦးကို ဗလ
ရင်ညွန့်ဆီသို့ တအားကုန် ထိုးစိုက်လိုက်သည်။

ထိုအချိန်မှာပင် တံခါးပွင့်သွားသည်။ မသူဇာက ဗလ၏ကိုယ်မှ ဓားကို ပြ
နုတ်သည်။ မရ။

သို့ဖြင့် ပြောင်းတိုသေနတ်ကိုယူပြီး အခန်းတွင်းသို့ အရှိန်နှင့်ရောက်လာသူ
ပစ်လိုက်သည်။

ညသည် ဆူညံ၍သွားချေပြီတည်း။

ဗလ၏လူများ လှေကားမှ ပြေးတက်လာကြသည်။ မသူဇာက တစ်ချက်ပြီး
တစ်ချက်ပစ်သည်။ ကျည်ဆံကုန်သည်အထိ ပစ်သည်။

နောက်ဆုံးတွင်ကား မသူဇာသည် ခွန်အားချင်းမမျှသဖြင့် သရဲမရဲစီးနေသူများ
လက်တွင်းသို့ ကျရောက်သွားတော့သည်။

[ ဆ

ဗလကျော်ထင်၏စိတ်ကို သူပုန်ဗိုလ်ကြီး ငတိုင်းကျော်၏သမီး မသူဇာက ကြက်
မွေးညင်းထဖွယ်ရာ ညှင်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ပုံ၊ ဗလ၏လူများက မသူဇာ
မောင်နှင့်နှမ သားနှင့်အမိ မပြောဆိုဝံ့သော အပြုအမူများဖြင့် ကိစ္စတုံးလိုက်ကြ
သတင်းများသည် ညတွင်းချင်း ဟိုးလေးတကျော်ဖြစ်သွားသည်။

တံခွန်တိုင်မှလူများသည်လည်း နလုံးတုန် ရင်ခုန်ဖွယ်ရာသော အဖြစ်အပျက်
များကို ဗလကျော်ထင်၏လူများက သတင်းပို့လာသဖြင့် ညတွင်းချင်းပင် သိရှိကြရသည်။

"မောင်တိုင်းကျော်ရဲ့သမီးဟာ သူ့အဖေလိုပဲ သူ့ရသတ္တိရှိလှပေတယ်၊ ရန်ငြိုး
လည်း ကြီးလှပါပေတယ်"

မြို့စားကြီးက သည်တစ်ခွန်းပဲ မှတ်ချက်ချပြီး ထွက်သွားသည်။

ခင်ခင်လတ်သည် မျက်နှာကလေး ညှိုးယော်လျက် နန္ဒနှင့် ခင်ခင်လေးတို့ကို
မဝံ့မရဲကြည့်ပြီးနောက် လေးကန်စွာ ထွက်သွားသည်။

သူတို့နှစ်ယောက်တည်း ကျန်ရှိသောအခါ ခင်ခင်လေး နန္ဒ၏လက်ကို ဆုပ်ကိုင်
လျက်. .



"အစ်မတော်ရဲ့ဘဝဟာ သနားစရာပါပဲလား မောင်ကြီးနန္ဒရယ်"

"ဟုတ်တယ်"

"အစ်မတော်ကို မောင်ကြီးနန္ဒ ယူရမယ်"

"ဟုတ်တယ်၊ အို. .မဟုတ်ဘူး၊ မဟုတ်ဘူး"

နန္ဒက အရူးလိုအော်ဟစ်လိုက်သည်။ ထိုအချိန်တွင် ခင်ခင်လေးသည် သူ့အပါးမှ
ထွက်သွားပြီဖြစ်သည်။ နန္ဒ သတိရသဖြင့် ခင်ခင်လေးနောက်သို့ ကမန်းကတန်းလိုက်
သည်။ သို့သော် မမီတော့။ ခင်ခင်လေးက သူမ၏အခန်းတွင်းသို့ ဝင်ရောက်သွားပြီ
ဖြစ်သည်။ အတွင်းမှ မောင်းချပြီး ပိတ်ထားလိုက်ပြီဖြစ်သည်။

"ခင်ခင်လေး. .ခင်ခင်လေး"

နန္ဒက တံခါးကို လက်သီးဆုပ်ဖြင့်ထုရင်း ခေါ်သည်။ ထူးသံမကြားရ။ ရှိုက်သံ
ငိုသော ထွက်ပေါ်လာသည်။ နန္ဒက နောက်တစ်ကြိမ် ခေါ်မည်ရှိစဉ် ခပ်လှမ်းလှမ်းတွင်
ရပ်လျက် သူ့ကိုကြည့်နေသော ဒေါ်သဲအူကိုမြင်သဖြင့် ထိုနေရာမှ လေးလံစွာ ထွက်
ခွာခဲ့ရတော့သည်။

မသူဇာလည်း မရှိတော့။ ခင်ခင်လတ်၏မျက်နှာလည်း ညှိုးယော်လျက်ရှိသည်။
ခင်ခင်လေးလည်း အခန်းထဲတွင် တစ်ယောက်တည်း ငိုရှိုက်လျက်ရှိသည်။

ညသည် ပူလောင်လှချေသည်တကား။

## ၁၀ ❍ တပ်တော်ဦးဆီ [ က ]

ဤစာကို ခုနစ်ရက်အတွင်း ပြန်ကြားရမည်။ ချိန်းချက်သည့်ရက် ကျူးလွန်
ပို့မိသော်လည်းကောင်း၊ စာပါအချက်များအနက် အချက်တစ်ချက် မပြည့်စုံသော်
လည်းကောင်းရှိခဲ့လျှင် အလိုရှိရာပြုလုပ်မည်ဖြစ်ကြောင်းနှင့် အင်္ဂလိပ်တို့က အချက်
ငါးချက်ပါ နောက်ဆုံး ရာဇသံကို အက်ရှုလေအီဒင်အမည်ရှိသော မီးသင်္ဘောဖြင့်
ပေးလိုက်သောအခါ ဘုရင်၊ မိဖုရားနှင့် မှူးမတ်များ အထပ်ထပ်အဖန်ဖန် စဉ်းစား
ပြီးနောက် ရာဇသံတွင်ပါရှိသော အချက်လေးချက်သည် သစ်မှုကိုအစွဲပြုသော
ကြောင့် ဘုံဘေဘားမားသစ်ကုမ္ပဏီက ဆက်သွင်းရန်ရှိသော ဒဏ်ငွေ၂၃ သိန်းကို
ပေါင်းမခံ ချမ်းသာပေးလျှင် အထူးတလည် ပြောကြားရန်မရှိတော့။ ပဉ္စမအချက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်မင်း သဘောမတူဘဲလျက် အခြားနိုင်ငံများ နှင့်မဆက်ဆံရဆိုသည့် ကိစ္စတွင်လည်း အင်္ဂလိပ်နိုင်ငံ၊ မြန်မာနိုင်ငံမှအပ အခြားနိုင်ငံ ကြီးများတစ်ခုခုဆုံးဖြတ်လျှင် ပြီးနိုင်ကြောင်းဟူသော စကားရပ်များကို ရေးသား ပြီးလျှင် ချိန်းချက်ရင်း ခုနစ်ရက်သို့တိုင်ရောက်သော ၁၂၄၇-ခုနှစ်၊ သီတင်းကျွတ် လကွယ်နေ့တွင် ပြန်စာပေးပို့လိုက်ပြီး ဖြစ်သော်လည်း၊

နိုင်ငံတော်အကျိုးစီးပွား ပျက်ပြားရန်အကြောင်း၊ နိုင်ငံတော်အစဉ်အလာ ဓလေ့ထုံးစံများကို လွှမ်းကျူးရန်အကြောင်းများကို တင်းမာစွာပြောဆို၍ နိုင်ငံတော်ကို ရန်စပြုမည့်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံပြုလျက်ရှိသော အင်္ဂလိပ်အစိုးရသည် နိုင်ငံတော် တစ်စုံတရာကို စတင်ထိပါး လုပ်ချောက်လာခဲ့လျှင် တွန်းလှန် တိုက်ခိုက် နိုင်ရန်အတွက်၊

ရာဇသံပြန်ကြားပြီး နောက်တစ်နေ့ဖြစ်သော တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့နံနက် ညီလာခံတွင် ကင်းဝန်မင်းကြီးဦးကောင်း၊ တောင်ခွင်မင်းကြီး ဦးသိုင်း၊ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးတို့ တစ်ဖက်၊ မိဖုရားခေါင်ကြီး စုဖုရားလတ်၊ တိုင်းတားမင်းကြီး၊ လေသင်းအတွင်းဝန် တို့ကတစ်ဖက် အချေအတင် ငြင်းခုန်ဆွေးနွေးပြီးနောက်၊

အောက်မြစ်စဉ် ရေကြောင်းတစ်ဌာန၊ တောင်တွင်းကြီးကြောင်းတစ်ဌာန၊ တောင်ငူကြောင်းတစ်ဌာနစသည်ဖြင့် စစ်ကြောင်းကြီးသုံးကြောင်းတွင် စစ်ကြောင်း ကြီးတစ်ကြောင်းလျှင် လူငါးထောင်စီပါဝင်လျက် တပ်စဉ်မပျက်၊ ချီတက်စေ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်၊ ခြေသည်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းဘက် ရေဘက် ရဲမက်စစ်သည်များကို လျာထားသတ်မှတ်လိုက်ကြသည်။

ယင်းညီလာခံဆုံးဖြတ်ချက်ကို ယင်းသည့်နေ့မှာပင် နိုင်ငံတော်အတွင်း အရပ် မြို့ရွာများကို ပျံ့နှံ့အောင် လွှတ်တော်က ထုတ်ပြန်ဆင့်ဆိုလိုက်သည်။

[

တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျော်လုံးသည် သူ၏မိသားစုနှင့် သူ၏လူများကို ချက် ပင် စုစေးစေပြီးလျှင် ညီလာခံဆုံးဖြတ်ချက်ကို ကြားသိစေသည်။ မိမိတို့သည် မြို့ ရွှေလုံဗိုလ် ကောလင်းမြို့စား မင်းကြီးမဟာခေါင်နော်ရထာ အုပ်ချုပ်ကွပ်ကဲ တောင်ငူစစ်ကြောင်းတွင် ပါဝင်ချီတက်ရမည်ဖြစ်ကြောင်း ကြေညာသည်။

ဤတွင် မောင်မောင်ကြီးက သူနှင့်နန္ဒကို အောက်မြစ်စဉ်ကြောင်းတွင် ချီတက်ခွင့်ပြုရန် ခွင့်ပန်သည်။ မောင်မောင်ကြီးသည် နံနက်အစောကြီးကတည်း



မှထွက်သွားပြီး မြို့စားကြီးနှင့် မရွေးမနှောင်းမှာပင် အိမ်သို့ ပြန်ရောက်လာသည် ဖြစ်၏။ အောက်မြစ်စဉ်ကြောင်းတွင် သူပါဝင်ရန် အကြောင်းဆိုက်လာပုံကလည်း ယမန် သေဆုံးသွားသော ဗလကျော်ထင်နှင့် ဆက်စပ်နေသည်။ ဗလကျော်ထင် မရှိတော့ အခါ ဗလကျော်ထင်၏တပ်ကို မြင်းတပ်ဗိုလ် သူရမင်းခေါင်အား လွှဲပြောင်းကွပ်ကဲ သည်။ အကြောင်းမှာ ဗလကျော်ထင်၏လူများသည် စစ်ရေးစစ်ရာတွင် တော်ကြ လောက် လှေမှုစီရိုက်တွင် ကြမ်းတမ်းခက်ထန်ကြသည်။ သာမန်တပ်ဗိုလ်များ အုပ်ချုပ်၍ နိုင်နင်းနိုင်။ ယင်းကြောင့် မြင်းတပ်ဗိုလ်များတွင် လူဘီလူးကြီးဟု နာမည်ကြီးလျက် သော သူရမင်းခေါင်ကို တာဝန်ပေးအပ်ခြင်း ဖြစ်သည်။

သူရမင်းခေါင်သည် မောင်မောင်ကြီးနှင့် ငယ်သူငယ်ချင်း ဖြစ်သည်။ ဘုရားကြီး တိုက်တွင် စာအတူသင်ခဲ့ကြသည်။ ကြီးပြင်းသောအခါတွင်လည်း ထန်းရည်သောက်လည်း အတူ၊ ကြက်တိုက်လည်းအတူ ဖြစ်ကြသည်။ သူရမင်းခေါင်သည် ဗလ၏တပ်ကို ယူပြီး အောက်မြစ်စဉ်ကြောင်းတွင် ပါဝင်ချီတက်ရမည်ကို သိသည်နှင့်တစ်ပြိုင်နက် မောင်မောင်ကြီးကို ရှမ်းပွဲဈေးရှိ နန်းမွှန်၏ဆိုင်သို့ ကိုယ်တိုင်လာရောက်ရှာဖွေသည်။ မောင်မောင်ကြီးက သူရမင်းခေါင်နှင့်အတူ လိုက်ပါရန် အလွယ်တကူပင် သဘောတူ လိုက်သည်။ သူနှင့်အတူ နန္ဒကို ခေါ်ဆောင်ခဲ့မည့်အကြောင်းလည်း အသိပေးလိုက်သည်။

မြို့စားကြီးက မောင်မောင်ကြီးနှင့်နန္ဒကို အောက်မြစ်စဉ်ကြောင်းတွင် ပါဝင်မည် ကို မကန့်ကွက်ချေ။ သို့သော် အတန်ကြာစဉ်းစားပြီး သတိပေးစကား ပြောကြားသည်။

"အေး..မင်းတို့ တစ်ခုတော့ သတိထား၊ ဗလရဲ့လူတွေကို မမေ့နဲ့၊ မင်းတို့အပေါ် အကောက်မကြံဘူးလို့ မပြောနိုင်ဘူး၊ အထူးသဖြင့် ဗလရဲ့ညာလက်ရုံး သတိထား ကြ"

နန္ဒသည် မောင်မောင်ကြီးနှင့်အတူ သူရမင်းခေါင်ကွပ်ကဲသော ဗလ၏တပ်တွင် ဝင်ရမည်ဆို၍ အထူးကျေနပ်လျက်ရှိသည်။

မိမိတို့ အိမ်သားများချည်း ကျန်ရှိသောအခါတွင် မြို့စားကြီးက ဟိုသည်ကြည့် ပြီး၊

"နေပါဦးကွယ်..ခင်ခင်လေးတစ်ယောက် မမြင်ပါလား"

ဤတွင်မှ ဒေါ်သဲအူ မျက်စိမျက်နှာပျက်နှင့်..

"ခင်ခင်လေးကို မနက်ကတည်းက ရှာမတွေ့ပါဘူး၊ သူ့အခန်းထဲမှာလည်း တည်းက အိပ်သွားတဲ့သဏ္ဌာန် မရှိပါဘူး၊ သူ့ရဲ့အဝတ်အထည်အချို့နဲ့ အကော်ဝတ် များလည်း ထားရင်းနေရာမှာ မရှိပါဘူး၊ သူဘယ်သွားတယ်ဆိုတာ ဘယ်သူမှ ကြပါဘူး၊ သူ့ကို မြင်လိုက်တွေ့လိုက်တဲ့လူလဲ မရှိပါဘူး။ သူ့ကို နောက်ဆုံး

www.burmeseclassic.com



တွေ့လိုက်ရတာကတော့ မနှေ့ညက ဗိုလ်မှူးဗလကျော်ထင်ရဲ့သတင်းကို ကြားတဲ့အ
ပါပဲ၊ အဲဒီတုန်းက သူဟာ အခန်းထဲကို ပြန်ဝင်သွားပါတယ်။ နောက်တော့ ဘ
ရောက်သွားတယ်ဆိုတာ မသိပါဘူး''

ခင်ခင်လေး၏သတင်းကို ကြားရသဖြင့် အကြီးအကျယ်တုန်လှုပ်သွားသူ
မှာ ခင်ခင်လတ်နှင့်နန္ဒ ဖြစ်သည်။ ခင်ခင်လတ်သည် သူ့အကြောင်းနှင့်သူ အခန်းအေ
နေခဲ့သည်။ မနက်က သူ့အခန်းသို့ ဒေါ်သဲအူရောက်ရှိလာပြီး ခင်ခင်လေးကို တွေ့
သလားဟု မေးမြန်းသည့်တွင်လည်း သူအထူးတလည် မစဉ်းစားခဲ့၊ မတွေ့မိကြောင်း
ပေါ့ပေါ့တန်တန် ဖြေကြားခဲ့သည်။ ဒေါ်သဲအူကလည်း နောက်ထပ် ဘာမျှပြောမသွား

နန္ဒကလည်း ထို့အတူပင် ဖြစ်သည်။ ညကတည်းက ခင်ခင်လေးနှင့် ေ
ပြောလိုသေးသော်လည်း အမျိုးသမီးက အတွေ့မခံသဖြင့် နောက်ဆုတ်ခဲ့ရသည်။ မ
ဖက်တွင် ခင်ခင်လေးကို ရှာဖွေသော်လည်း မတွေ့ရချေ။ သူကပင် ဒေါ်သဲ
ခင်ခင်လေးအား တွေ့မိသလားဟု မေးမိသေးသည်။ ဒေါ်သဲအူက ခေါင်းခါခဲ့သ
သည်အကြောင်းများကို မပြောခဲ့၊ သူထင်သည်က ခင်ခင်လေးသည် သူ့အခန်းမှ
ရှိနေသည်ဟု ထင်ခဲ့သည်။

''တစ်ယောက်ယောက်က အနိုင်အထက်ပြုပြီးခေါ်သွားတဲ့ ခြေရာလက်
ရှိသလား''

မြို့စားကြီးက မေးဖျားကို ညာလက်ညှိုးနှင့်ပွတ်သပ်ရင်း မေးသည်။

''အနိုင်အထက်ပြုတဲ့ ခြေရာလက်ရာမျိုး မတွေ့ရပါဘူး၊ တစ်ယောက်ယော
ဖျားယောင်းသွေးဆောင်သွားတာမျိုးတော့ မပြောတတ်ဘူး''

ဒေါ်သဲအူက နန္ဒကို တစ်ချက်ကြည့်ရင်း ဖြေသည်။ နန္ဒ အနေခက်သွားသ
ခင်ခင်လေးကို မိမိသွေးဆောင်ခိုးယူသွားသည်ဟု အဘွားကြီးက အထင်အမှတ်
ပြီလား။

မြို့စားကြီးက အတန်ကြာ စဉ်းစားချင့်ချိန်ပြီးနောက်··

''တစ်ယောက်ယောက်က ဖျားယောင်းသွေးဆောင်သွားတာကတော့ အ
မဟုတ်ပါဘူး၊ ဒို့သမီးက ကလေးမှမဟုတ်တော့ဘဲ၊ အင်းလေ··ဘာပဲဖြစ်ဖြစ် နည်
တော့ ဆန်းတာအမှန်ပဲ။ ဒို့များသိသလောက်တော့ ခင်ခင်လေးက သူများက သွေးဆေ
လို့ပဲဖြစ်ဖြစ်၊ သူ့သဘောနဲ့သူပဲဖြစ်ဖြစ် ခုလို ရုတ်တရက် ပျောက်သွားစရာအကြေ
မရှိဘူး၊ အင်းလေ··တစ်နေ့ကျရင်တော့ အမှန်ကို သိကြရမှာပေါ့၊ ဒါမှမဟုတ်
တဖြုတ် ခရီးလွန်နေတာလည်း ဖြစ်ပါလိမ့်မယ်''

ခင်ခင်လတ်ကို သူ့ကိုတစ်ချက်ကြည့်ပြီး မြင်းဇောင်းဘက်သို့ ထွက်သွား



နောက်မှလိုက်သွားသည်။

သည်အိမ်ကြီးမှ ခင်ခင်လေး ရုတ်တရက် ထွက်ခွာသွားသည့်အကြောင်းရင်းကို
သူမှာ ခင်ခင်လတ်နှင့်နန္ဒတို့နှစ်ယောက်သာ ရှိပေသည်။

''ဘယ်နှယ့်လုပ်မလဲ''

ခင်ခင်လတ်က တီးတိုးမေးသည်။

''ဘယ်သွားမှန်းမသိတာ ခက်တယ်''

''ခင်ခင်လေးအထင်တော့ မောင်မောင်လတ်ဆီကို သွားလိမ့်မယ်နဲ့တူတယ်''

သည့်တွင်မှ နန္ဒတစ်ခုစဉ်းစားမိသည်။ ခင်ခင်လေးသည် မြေအောက်ဥမင်ထဲသို့
ရှိနေနိုင်သည်။ ခင်ခင်လတ်ကို မပြောသင့်သေးဟု ဆုံးဖြတ်သည်။ ညကျမှ
ည်၊

''ကိုနန္ဒနဲ့ ခင်ခင်လေး ရာသက်ပန် ရှိးမြေကျ ပေါင်းသင်းကြရအောင် ခင်ခင်
ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသဖြင့် ကြိုးစားပါ့မယ်''

ခင်ခင်လတ်က သစ္စာအဓိဋ္ဌာန်ပြုသည့်ပမာ ပြောနေသည်။ နန္ဒအနေနှင့် သက်
တ်ခုံမှတစ်ပါး ဘာများ တတ်နိုင်ဦးမည်နည်း။

[ ၈ ]

''ခင်ခင်လေး ပြန်လာပြီ၊ ခင်ခင်လေးပြန်လာပြီ''

ဒေါ်သဲအူ၏ ဝမ်းပန်းတသာ အော်ဟစ်သံကြောင့် တံခွန်တိုင်အိမ်သားအားလုံးပင်
အောက်သို့ အပြေးအလွှား ရောက်ရှိလာကြသည်။ ရှေ့ဆုံးမှရောက်ရှိသွားသူမှာ
း နောက်ဆုံးရောက်လာသူမှာ မြို့စားကြီးဖြစ်သည်။

ဆင်ဝင်အောက်သို့ ရောက်သောအခါ ခင်ခင်လေးနှင့်အတူ တံခွန်တိုင်အိမ်ကြီး၏
င်းခံနေရသော ခင်ခင်ကြီးကို တွေ့မြင်ရသောအခါ အားလုံးပင် ဘာပြောရ
ရမည် မသိရှိနေကြသည်။

မြို့စားကြီးသည် ခင်ခင်ကြီးကို တွေ့မြင်ရသောအခါ အံ့အားသင့်သွားသည်
ဒေါသဖြစ်သွားပုံလည်း ရသည်။ မျက်နှာထားတင်းမာသွားသည်။ လူအုပ်ကို
င်းလျက် ခင်ခင်ကြီးအနားသို့ ရောက်အောင်လျှောက်သွားသည်။ ခင်ခင်ကြီးက
င် မလှုပ်မရှက်ရပ်နေသည်။ မျက်နှာထားမှာလည်း တည်တည်ကြည်ကြည်ပင်

သူတို့နှစ်ယောက်သည် အတော်ကြီးကြာအောင်ပင် တစ်ယောက်ကိုတစ်ယောက်
ကြည့်နေသည်။ နန္ဒတို့ အားလုံးပင် အသက်မရှူမိ၊ သူတို့နှစ်ယောက် အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အကဲကို မျက်တောင်မခတ် အာရုံစိုက်နေကြသည်။

''သည်အိမ်ကို မလာရဘူးဆိုတာမသိဘူးလား၊ ဘာကိစ္စလာတာလဲ''

မြို့စားကြီး၏လေသံသည် တော်လဲသည်သို့ ရှိသည်။

''ဘဘုရားရဲ့ တစ်ဖက်သတ် အစီအမံကြောင့် ခင်ခင်ကြီးဟာ သည်အိမ်ကြီး လွင့်စင်ခဲ့ရပြီ၊ ခင်ခင်လတ်ဟာ နေရင်းထိုင်ရင်း အရှက်ရခဲ့ရပြီ၊ နောက်တစ်ကြိမ်ဆိုရင် ဘဘုရားရဲ့မြွားဦးဟာ ခင်ခင်လေးကို မှန်ဖို့ပဲရှိတော့တယ်''

ခင်ခင်ကြီး၏အသံသည် တည်ငြိမ်ပြတ်သားသည်။

မြို့စားကြီးက ခင်ခင်ကြီးပါးကို ရုတ်တရက် ဘယ်ပြန်ညာပြန် ရိုက်လိုက်သည်။ ဒေါ်သဲအှ ငယ်သံပါအောင်အော်လိုက်သည်။

ခင်ခင်ကြီး မငိုပါ၊ ရပ်မြဲရပ်နေသည်။ မြို့စားကြီးကို စောစောကအတိုင်း မျက်လုံးချင်းရင်ဆိုင်ပြီး ကြည့်မြဲကြည့်နေသည်။

မြို့စားကြီးက နောက်တစ်ကြိမ် ရိုက်ချေဦးမည်လားဟု နန္ဒတို့ ရင်တထိတ်ထိတ် ဖြစ်နေသည်။

မြို့စားကြီးက ခင်ခင်ကြီးကို ရုတ်တရက် သူ့ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။ ထို့နောက် ခင်ခင်ကြီး၏ခေါင်းကို ယုယစွာပွတ်သပ်လျက်ရှိသည်။ ထိုအခါကျမှ ခင်ခင် ကြီးထံမှ ရှိုက်သံမျှင်းမျှင်းပေါ်ထွက်လာသည်။ နန္ဒတို့လည်း သက်ပြင်းချနိုင်ကြတော့ သည်။

နန္ဒက သတိရ၍ ခင်ခင်လေးကို ကြည့်လိုက်သောအခါ ခင်ခင်လတ်နှင့်တ ယောက်ခါးတစ်ယောက် ဖက်လျက်ရှိသည်ကို တွေ့ရသည်။

နန္ဒ၏အပြုံးကို ခင်ခင်လေးက အပြုံးဖြင့် တုံ့ပြန်သည်။ ထိုအခါ ခင်ခင်လတ် အပြုံးကလည်း ဝင်ရောက်ရောယှက်လာသည်။

[ ၁၀ ]

ထိုည ထမင်းဝိုင်းသည် ခင်ခင်ကြီး၏ထမင်းဝိုင်းပင်ဖြစ်သည်။ အားလုံးကပင် ခင်ခင် ကြီးကို အလေးပေးကြသည်။

ထမင်းစား၍ ပြီးသောအခါ မြို့စားကြီးက နန္ဒကိုကြည့်လျက်··

''မောင်နန္ဒကို တာဝန်တစ်ခုပေးရမယ်''

''အမိန့်ရှိပါ''

''သည်အိမ်မှာ မြေအောက်ဥမင်လမ်းကို သိတဲ့လူဟာ ကျုပ်နဲ့မသဲအူကလွဲရင် မောင်နန္ဒပဲရှိတယ်''



အားလုံးကပင် နန္ဒကို ကြည့်ကြသည်။ နန္ဒက ခင်ခင်လေးကို ကြည့်မိသည်။ ...ကြောင်း ခင်ခင်လေးပြောချေပြီလား။ ခင်ခင်လေးက မသိမသာခေါင်းခါပြသည်။ မြို့စားကြီးက··

''မောင်နန္ဒ အံ့သြနေသလား၊ ဟိုနေ့ညက မောင်နန္ဒနောက်ယောင်ခံပြီး လိုက်လာ ...တို့များ ချက်ချင်းသိပါတယ်။ ဆုံလည်တံခါးနဲ့ ဥမင်တံခါးကို ပိတ်တဲ့ ဖွင့်တဲ့ ...ိုင်း တစ်နေရာမှာ အချက်ပြတယ်ကွယ့်''

သည်တော့မှ နန္ဒသည် အပြစ်ရှိသူပမာ ခေါင်းကို ငုံ့ထားလိုက်သည်။

''မောင်နန္ဒကို တို့အပြစ်မပြောပါဘူး၊ ချီးတောင်ချီးကျူးပါတယ်၊ သည်အိမ်မှာ ...လများနေလာကြတဲ့ တံခွန်တိုင်မောင်နှမတွေ မသိနိုင်တာကို မောင်နန္ဒက ရက် ...ွင်းမှာသိအောင် ထောက်လှမ်းနိုင်တယ်ဆိုတာ နည်းတဲ့အရည်အချင်း မဟုတ်ဘူး

မြို့စားကြီး စကားကို ခဏဖြတ်ထားလိုက်သည်။ အားလုံးကပင် မြို့စားကြီး ...ပြောမည်ကို နားစွင့်နေကြသည်။

''ကနေ့ည တံခွန်တိုင်မောင်နှမတွေ အားလုံးကို မြေအောက်ဥမင်ခန်းကိုခေါ်ပြီး ...ာ်တဲ့ကိစ္စတွေကို ပြောပြရမယ်၊ ဒါမှ အရေးကြုံတဲ့အခါမှာ အားလုံး ကိုယ့်တာဝန် ...ထမ်းနိုင်ကြမှာ ဖြစ်တယ်၊ ဒီတော့ မောင်နန္ဒက မောင်မောင်ကြီးနဲ့ ညီအစ်မ ...ာက်ကို လမ်းပြပြီးခေါ်ခဲ့ပေတော့၊ တို့များက စီစဉ်စရာလေးရှိလို့ ကြိုပြီးသွားနှင့် ...ှမ်းတစ်ယာညက်လောက်ကြာရင် လိုက်ခဲ့ကြပေါ့၊ မသဲအူက သူ့စိမ်းလူ အဝင် ...ကို ဂရုပြုပေါ့''

မြို့စားကြီး ထသွားသည်။ မောင်နှမလေးယောက်က နန္ဒကို တစ်ပြိုင်တည်း ...ကြသည်။ မြေအောက်ဥမင်ခန်းကို ခင်ခင်လေး ရောက်ရှိသည့်အကြောင်း ...ြီး သိမသိကိုမူ နန္ဒ မတွေးတောတတ်ရှိသည်။ ခင်ခင်လေးကလည်း ယင်း ...ိုပင် စဉ်းစားနေဟန်ရှိသည်။

''ကြီးတော်လည်း သိတာကိုး''

နန္ဒက မေးသလို ပြောလိုက်သည်။

''ကျုပ်က ဖယောင်းတိုင်ထွန်းရတဲ့သူပဲ''

နန္ဒ သဘောပေါက်သွားသည်။

''ကဲ-သွားကြတော့''

ဒေါ်သဲအူက ပြောလိုက်သည်။ နန္ဒ၏နောက်ကို မောင်နှမလေးယောက် စိတ် ...ာ လိုက်ပါသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်လေးမှအပ မောင်နှမသုံးယောက်သည် ဆုံလည်တံခါးကြီး ပွင့်သွားသည် ကိုလည်းကောင်း၊ ဥမင်တံခါးပွင့်သွားသည်ကိုလည်းကောင်း၊ မြေအောက်ဥမင်လမ်း လည်းကောင်း ရင်သပ်ရှုမောဖြစ်နေကြသည်။

တစ်နေ့သော မြို့စားကြီးနှင့် ဝတ်ရုံစိမ်းတို့ တွေ့ဆုံသော ခန်းမဆောင်ကြီး ရောက်သွားသောအခါတွင်ကား နန္ဒနှင့်ခင်ခင်လေးပါ အံ့သြခြင်းမက အံ့သြနေကြ တော့သည်။

မြို့စားကြီးနှင့်အတူ ဝတ်ရုံစိမ်းနှင့် အဘညိုအပြင် တံခွန်တိုင်မောင်နှမများတွ တစ်ဦးအပါအဝင်ဖြစ်သော သူပုန်ဗိုလ်လေး မောင်မောင်လတ်ကိုလည်း တွေ့ရှိကြ သောကြောင့် ဖြစ်လေသည်။

''ကဲ-အားလုံးနားထောင်ကြ''

မြို့စားကြီးက ရှင်းပြသည်။

''သည်လိုကွယ့်၊ သည်အိမ်ကြီးဟာ ကနောင်မင်းသားကြီးရဲ့ အကြံအဆ အ အခံနဲ့ ဆောက်လုပ်ခဲ့တယ်ဆိုတာတော့ မင်းတို့သိပြီးသားပဲ၊ ကနောင်မင်းသားကြီးဟ သည်အိမ်ကြီးကို သူ့ရဲ့လျှို့ဝှက်စခန်းအဖြစ် ရည်စူးခဲ့လို့ မြေအောက်ဥမင်တွေ လ ခလုတ်တွေ စက်ယန္တရားတွင် တပ်ဆင်ခဲ့တယ်။ သည်လျှို့ဝှက်မှုတွေအားလုံးကို သိ လူက ဘဘုရားရယ်၊ မောင်ညိုရယ်၊ မသဲအူရယ်၊ သိန်းနက်ကြီးရယ် လေးယောက် ရှိတယ်။ အခု သိန်းနက်ကြီးမရှိတော့ဘူးဆိုတော့ တို့သုံးယောက်ပဲရှိတော့တာပေါ့၊ သိန်းန ကြီးမရှိတော့တာလည်း ကောင်းပါတယ်။ သည်လောက် အရေးကြီးတဲ့ လျှို့ဝှက်မှုတွေ သည်လိုအသုံးမကျတဲ့လူစားမျိုး သိထားတာဟာ တစ်နေ့မဟုတ်တစ်နေ့မှာ အန္တရာ ဖြစ်လာနိုင်တယ်။

မောင်ညို့ကိစ္စကို မင်းတို့ အံ့သြနေကြတယ် မဟုတ်လား၊ သည်ဥစ္စာကလည် ကနောင်မင်းသားကြီးရဲ့ အကြံအစည်တစ်ခုပဲကွယ့်၊ ကိုယ့်အကြောင်း မကောင်းပြော လူဟာ၊ ကိုယ့်အပေါ်မှာ မတော်တဲ့စေတနာထားတဲ့လူဟာ ဘယ်တော့မှ ကိုယ်နဲ့ ခင် ရင်းနှီးတဲ့လူကို မပြောဘူး၊ ကိုယ်နဲ့မတည့်တဲ့လူကိုပဲ ပြောပြတယ်။ ဒါကြောင့် မောင် ကို တံခွန်တိုင်အိမ်ကြီးရဲ့ရန်သူ၊ ဘဘုရားရန်သူအဖြစ် သဏ္ဌာန်လုပ် သရုပ်ဆောင်ခဲ့ တာပေါ့။ မောင်ညိုက သူကြားသိရတဲ့ သတင်းတွေကို လူခြေတိတ်ချိန်ကျမှ သည် အောက်ဆောင်ကို တိတ်တိတ်လာပြီး ပြောရတယ်။ လူတွေမရိပ်မိအောင် ဝတ်ရုံစိမ်း ခြုံထားတယ်။ မြန်းခန်း တစ်ယောက်တွေ့သွားရင်လည်း သူမှန်းမသိအောင် သရဲသ လို့ ထင်အောင်ပေါ့။

နောက်ပြီး ဘဘုရားဟာ တိတ်တဆိတ်ဆက်သွယ်ချင်တဲ့ လူတွေကိုလည်



မောင်ညိုကတစ်ဆင့် ဆက်သွယ်ရတယ်။ ဘဘုရားနဲ့ မောင်တိုင်းကျော်ဟာလည်း အခြဲတမ်း အဆက်အသွယ်ရှိခဲ့ပါတယ်။ မောင်ညိုကတစ်ဆင့်ပဲပေါ့၊ မောင်နန္ဒ မောင်တိုင်း ကျော်ဆီသွားမယ်ဆိုတုန်းက ဘဘုရားမသိဟန်ဆောင်ပြီး ခွင့်ပြုခဲ့ရတယ်၊ အင်း‥ မောင်မောင်လေး ကိစ္စကတော့ စိတ်မကောင်းစရာပေါ့၊ အမှန်တော့ သူ့ကိုထည့်လိုက်ဖို့ ကောင်းဘူး''

''ကျွန်တော်လည်း စိတ်ကိုဘယ်လိုမှ မထိန်းနိုင်လို့ ခြေလွန်လက်လွန် ဖြစ်သွား ရပါ''

မောင်မောင်လတ်က တောင်းပန်စကားပြောသည်။

''မောင်မောင်လတ်မှာ အပြစ်မရှိပါဘူး။ ဘဘုရားလည်း အဲသည်အချိန်ကဆိုရင် မောင်မောင်လတ်လိုပဲ လုပ်မိမှာပဲ၊ အင်းလေ‥သည်လို ကိုယ်ကျင့်တရားမကောင်းတဲ့ လူဟာ သည်နေရာမှာမသေလည်း တစ်ခြားနေရာမှာ သေရမှာပါပဲ၊ နေဦး‥ မင်းတို့ အားလုံး နားမလည်နိုင်တဲ့ကိစ္စတစ်ခုက ဗလရဲ့ကိစ္စပဲ''

ဗလဆို၍ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

''ဗလမကောင်းဘူးဆိုတာကို ဘဘုရားသိတာပေါ့၊ ဗလကို ဘဘုရားကိုယ်တိုင် ထုတ်ပစ်ချင်တာပေါ့၊ ဒါပေမဲ့ ဗလကို အကြောင်းတစ်ခုရှိလို့ ပေါင်းနေရတယ်ကွယ့်၊ ဗလဟာ လေသင်းဝန်ရဲ့ ညာလက်ရုံးကွယ့်၊ လေသင်းဝန်က စုဖုရားလတ်ရဲ့လူကွယ့်၊ သည်တော့ ဗလကိုပေါင်းတာဟာ နန်းတော်ထဲက အတွင်းရေးတွေကို သိချင်လို့ဆိုတာ သိကြရောပေါ့၊ သည်နေရာမှာ ပြောဦးမှာ တစ်ခုကတော့ သမီးတွေရဲ့ကိစ္စပဲ၊ ဘဘုရား ဟာ သမီးတွေကို ဗလနဲ့စီစဉ်တယ်ဆိုပေမယ့် ကြိုးရှည်ရှည်နဲ့ လှန်ရုံလောက်ပဲကွယ့်၊ သယ်‥တကယ်တမ်း သည်လို လူယုတ်မာရဲ့ လက်ကို အပါခံမလဲကွယ်၊ ဒါပေမဲ့ ဒါကိုလည်း ပေါက်ကြားမှာစိုးလို့ မင်းတို့ကို ပြောမထားနိုင်ဘူးကွယ့်၊ အဲ‥ခင်ခင်ကြီးရဲ့ ကိစ္စမှာတော့ ဟိုကောင်နဲ့သဘောမတူတာ အမှန်ပဲကွယ့်၊ ဘဘုရား စိတ်ဆိုးတာအမှန် ကွယ့်၊ အဲကွယ်‥ဒါတွေထားပါတော့ သမီးကြီးလဲ အိမ်ကိုပြန်ရောက်လာပြီပဲ၊ ရှေ့မှာ တော့ ဘဘုရားဟာ သမီးတို့ဆန္ဒမပါဘဲနဲ့ ဘာမှမစီစဉ်တော့ပါဘူး၊ ဥပါယ်တံမျဉ်ပြုရ မည်ဆိုရင်လည်း သမီးတို့ကို အရင်အသိပေးပါ့မယ်။

အခုလောလောဆယ် ပြဿနာကတော့ စစ်ထွက်ရမယ့် ကိစ္စပဲကွယ့်၊ အိမ်မှာ တော့ အားသနာဆို ဖိုးလုံးတစ်ယောက်ပဲ ကျန်ရစ်ခဲ့မယ်၊ ဒါပေမဲ့ မောင်ညိုဟာ သည်လို အိမ်မှာနေပြီး သမီးတို့ကို စောင့်ရှောက်လိမ့်မယ်၊ မောင်မောင်လတ်ဟာလည်း သူပုန် ဗိုလ်နဲ့ ရှိနေသေးတော့ ပေါ်ပေါ်ထင်ထင်တော့မလာနိုင်ဘူး၊ အခုလိုပဲ တိတ်တဆိတ် လာလိမ့်မယ်၊ တစ်နေ့ကျရင်တော့ မောင်မောင်လတ်တို့ရဲ့ အကြံအစည်လည်း အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်မယ်၊ တို့များဟာ တစ်ဖက်က အင်္ဂလိပ်ကိုတိုက်ရင်းနဲ့ တစ်ဖက်ကလည်း မင်း
မိဖုရားညှဲ့နဲ့ မှူးမတ်ညှဲ့တွေကို ဖယ်ရှားပစ်ရမှာပဲကွယ်။

ကဲ-ကနေ့ညအဖို့တော့ တော်ကြဉ်းစို့၊ ဒို့များလဲ လဆန်း ၅ ရက်နေ့
တပ်ထွက်ရမှာဆိုတော့ သည်ကြားထဲမှာ ပြောစရာရှိတာတွေကို ပြောချိန်ရှိပါတယ်
တံခွန်တိုင်အိမ်ကြီးရဲ့ လျှို့ဝှက်ချက်တွေနဲ့ မြေအောက်ဥမင်ရဲ့ လျှို့ဝှက်ချက်တွေကို
နောက်ညတွေကျမှ လိုက်ပြမယ်။ တိုင်းရေးပြည်ရေးနဲ့ပတ်သက်လို့လည်း မင်းတို့
တာကလေးတွေ အများကြီးရှင်းပြရဦးမယ်''

မြို့စားကြီးမှအပ သူတို့အားလုံးပင် ရေတွင်းပျက်မှ တက်ခဲ့ကြသည်။ အဘာ
မောင်မောင်လတ်ကို သူတို့ မလွယ်ပေါက်အထိ လိုက်ပို့ကြသည်။

အိမ်ကြီးဆီသို့ အပြန်တွင် မောင်မောင်ကြီးက ရှေ့ဆုံးမှ ခြေလှမ်းကျဲကြီး
သုတ်ခြေတင်သည်။ ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့က လက်ချင်းချိတ်ဆွဲလျက် ခြေ
မှန်မှန် လျှောက်သည်။ နန္ဒနှင့် ခင်ခင်လေးတို့က တစ်ယောက်ခါးကို တစ်ယော
ဖက်လျက် နောက်ဆုံးမှ။

[ ၄ ]

မြင်းလှေင်းတက်ဟည်းသည်ကဲ့သို့ တံခွန်တိုင်တောင်ကုန်းတစ်ခုလုံး သိမ့်သိမ့်တုန်စေ
မြင်းခွာသံများကြောင့် နန္ဒ စားကိုဆွဲ၍ အခန်းထဲမှ ပြေးထွက်သွားသည်။ မောင်
လတ် အဝင်အထွက်ပြုသည်ကို သိရှိသဖြင့် ဘုရင့်မြင်းတပ်သားများ လာရောက်ဝိုင်း
ကြသည်လားဟု စိုးရိမ်သွားသည်။ အိမ်ရှေ့ဆင်ဝင်အောက်သို့ သူ အရင်ဆုံး ရောက်
သွားသည်။ နောက်မှ အခြားအိမ်သားများ ရောက်ရှိလာကြသည်။

ရောင်နီလာပြီ။ အရှေ့ဘက်ကောင်းကင် နီနေသည်။

ဘုရင့်မြင်းတပ်သားများပင် ဖြစ်သည်။ မည်သူမည်ဝါတွေမှန်း နန္ဒမသိ၊ အား
ပေါင်း တစ်ကျိပ်နှင့်တစ်ယောက် ဖြစ်သည်။ ဆင်ဝင်သို့ အကုန်လုံးမလာ၊ တစ်ယော
ထဲသာ လာသည်။ ကျန်တစ်ကျိပ်သည် ဝင်းဝတွင် ရပ်ကျန်ရစ်ခဲ့သည်။

အင်းခွေးကြီးများကား မာန်အပြည့်နှင့် ဟောင်ပြသည်။ ခင်ခင်လေးက ကြ
သံပေးလိုက်သဖြင့် တိတ်သွားကြသည်။

''ဘယ်သူတွေလဲ အောက်မေ့တယ်၊ မောင်သူရကိုး''

မြို့စားကြီးက အနီးသို့ ရောက်လာသူကို ယခုမှ မှတ်မိသည့်အနေဖြင့်
လိုက်သည်။

''ဟုတ်ပါတယ်၊ မြို့စားကြီး၊ မောင်မောင်ကြီး တစ်ယောက်ကော··''



မြို့စားကြီးက ဝန်းကျင်ကို ကြည့်သည်။ မောင်မောင်ကြီး မရှိ။

''သည်ကောင် အိပ်မောကျနေပြီနဲ့တူတယ်၊ ဖိုးလုံး သွားနိုးချေစမ်း၊ ထိုင်ဦးလေ
မောင်သူရ''

ဖိုးလုံး ချက်ချင်း အိမ်ထဲဝင်သွားသည်။ သူရက မြင်းပေါ်မှ မဆင်းဘဲ··

''မထိုင်တော့ဘူး မြို့စားကြီး၊ အထောက်တော်များထံက သံကြီးစာရောက်
လို့ ကျွန်တော်တို့ မင်းလှကို အမြန်ဆုံး ရောက်အောင်သွားရမယ်''

''အခုသွားမှာလား''

''အခုအသွားပဲ၊ မောင်မောင်ကြီးကို ဝင်ခေါ်တာ''

''မောင်သူရလူက ဒါပဲလား''

''ကျွန်တဲ့လူတွေက နောက်မှ လိုက်လာကြလိမ့်မယ်၊ အခု ခေါ်လာတဲ့ တစ်ကျိပ်
က လက်ရွေးစင်တွေ''

ဖိုးလုံး ပြန်ရောက်လာပြီး မောင်မောင်ကြီး မရှိကြောင်း ပြောသည်။ နန်းမွန်ထံ
ရောက်နေပြီဟု နန္ဒတွက်လိုက်သည်။

''သည်ကောင်ကတော့ အရေးရယ် အကြောင်းရယ်ဆိုရင် သည်လိုချည်းပဲ၊
မောင်သူရမို့ သူ့ကို တပ်မှာခေါ်ချင်တယ်''

''မောင်မောင်ကြီးအကြောင်း ကျွန်တော်သိပါတယ်။ သူ့မှာ ကောင်းတာတွေ
အများကြီးရှိတယ်''

''အေး··မကောင်းတာတွေလည်း အများကြီးပဲ''

''ဒါနဲ့ မောင်မောင်ကြီးက သူ့လူတစ်ယောက်လည်း ခေါ်ခဲ့ဦးမယ်လို့ ကျွန်တော့်
ကို ပြောထားပါတယ်''

ထိုအခါ အားလုံး၏အကြည့်သည် နန္ဒထံသို့ ရောက်ရှိသွားကြသည်။ မြို့စားကြီး
က နန္ဒကို မေးထိုးပြကာ··

''သူပေါ့၊ မောင်နန္ဒတဲ့''

သူက နန္ဒကို ပုဇွန်မျက်လုံးများဖြင့် ကြည့်သည်။ သူ့မျက်လုံးကြီးများက အရှေ့
ပြူးထွက်နေကြသည်မဟုတ်၊ နဖူးကလည်း မောက်ထွက်နေသည်။ ပါးဆုံကြီးနှစ်ခု
က ကားထွက်နေပြီး အောက်မေးတွဲရရွဲကျနေသည်။ သေသေချာချာကြည့်လေ မြင်း
ပေါ်ရှိ သူရမင်းခေါင်သည် အရုပ်ဆိုး အကျည်းတန်လေဖြစ်သည်။ အမှန်အားဖြင့်
အရုပ်ဆိုးသည်ဆိုခြင်းထက် မျက်နှာပေါက်ဆိုးသည်ဆိုခြင်းက ပို၍ မှန်ကန်ပေလိမ့်မည်။
သူ့ကိုယ်လုံးကိုယ်ထည်ကြီးကလည်း လူဝံကြီးတစ်ကောင်ကဲ့သို့ ကုန်းကုန်းကွကွကြီး
ဖြစ်၏။ သူ့ကို မြင်းပေါ်တွင် ကြည့်၍ နည်းနည်းမျှ အချိုးမကျ အဆင်မပြေချေ။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒက သူရကို ခြေဆုံးခေါင်းဖျား အပြန်ပြန်အလှန်လှန်ကြည့်နေသည်။ အင်း

မောင်မောင်ကြီးရဲ့ သူငယ်ချင်းဆိုရင်တော့ ဒါမျိုးပဲဖြစ်ရမှာပေါ့။

''အင်း··လူပုံကတော့ နန်းတော်ထဲမှာ စာတော်ဖတ်လုပ်ဖို့ပဲကောင်းတ

မောင်မောင်ကြီးပြောတာ ဟုတ်သလား''

သူက ပြောချင်ရာပြောပြီး အရင်းမရှိ အဖျားမရှိ မေးလိုက်သည်။ နန္ဒ

မေးသလိုလို၊ ဘေးကလူများကို မေးသလိုလိုဖြစ်သည်။ နန္ဒကလည်း မဖြေချေ။ ဘေး

လူများကလည်း မဖြေချေ။

''ကိုယ့်လူက အရက်လည်း မသောက်တတ်ဘူး၊ ကြက်လည်း မတိုက်တတ်

ဆို''

သည်အကြိမ်တွင်တော့ သူရက နန္ဒကိုရည်စူးပြီး မေးလိုက်သည်။

''နေပါဦး··ဗိုလ်မင်းတို့က မင်းလှကိုသွားပြီး အင်္ဂလိပ်နဲ့ တိုက်မှာလား၊ ညော

မှာဝင်ပြီး ထန်းရည်သောက်မှာလား၊ ပခန်းကိုဝင်ပြီး ကြက်တိုက်ကြမှာလား''

နန္ဒ ဒေါသဖြစ်လာဟန်ဖြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးလိုက်သ

သူရ အသံပြကြီးနှင့် အော်ဟာစ်ရယ်မောသည်။

တံခွန်တိုင်ညီအစ်မသုံးယောက်က ဘေးမှရင်ဖိုနေကြသည်။ ဤသူနှစ်ဦးသ

ယခုပင် ဓားကိုဓားချင်း၊ လှံကိုလှံချင်း ယှဉ်ပြိုင်ကြတော့မည်လား။

သူရမင်းခေါင်က ရုတ်တရက် အရယ်ရပ်လိုက်ပြီး··

''ကဲ-ကိုယ့်လူ အချိန်မရှိဘူး သွားကြစို့''

နန္ဒက ချက်ချင်းပင် ဖိုးလုံးကိုလှည့်ကာ··

''တိမ်ပျံကို ခေါ်ခဲ့ပါ''

''မောင်မောင်ကြီးမှ မပါဘဲ''

ရုတ်တရက်ပြောလိုက်သူမှာ ခင်ခင်လေး၊ သူမ၏မျက်နှာတွင် စိုးရိမ်ကြော

ဟန်များ ဝင်နေသည်။

ထိုအခါတွင် သူရမင်းခေါင်က မိန်းမငယ်သုံးဦးကို သတိပြုမိဟန်ရှိသွားသ

ခင်ခင်လေးကို ကြည့်သည်။ ပြီး ခင်ခင်လတ်ကို ကြည့်သည်။ ထို့နောက် ခင်ခင်ကြီး

ကြည့်သည်။ တဖန် ခင်ခင်လတ်ကို ပြန်ကြည့်သည်။ သူ့မျက်လုံးများသည် အခြ

မတွေ့တော့ စိန်းစိန်းကြီးကြည့်နေသည်။ ခင်ခင်လတ်၏ ပါးမို့မို့များတွင်လည်း ရော

ပျိုးလာသည်။ နုဖတ်သော နှင်းဆီပွင့်များသို့။

''မောင်ကြီး သွားမယ်နော် ခင်ခင်လေး''

နှုတ်ဆက်သည့်အနေ၊ ချွင့်ယန့်သည့်အနေဖြင့် ပြောလိုက်သည်။ ခင်

အတန်ကြာငေးနေပြီးမှ ခေါင်းကို ညင်သာစွာညိတ်သည်။

''စစ်ပြီးတော့ မောင်ကြီးပြန်လာမှာပေါ့ ခင်ခင်လေး''

ခင်ခင်လေး၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာသည်။ လှပသောမျက်ဝန်းတွင်

ည်လက်လာသည်။

ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့က ခင်ခင်လေးကို အားပေးသည့်အနေဖြင့်

က်တစ်ချက်စီမှ ယုယစွာ ကိုင်ထားလိုက်ကြသည်။

''ရော့··မောင်နန္ဒ''

မြို့စားကြီးက သူ့လက်တွင်ကိုင်ထားသော ဗထက်ချိုင့်သေနတ်ကို ပေးသည်။

ဒူးတုပ်၍ လက်ခံသည်။

တိမ်ပျံကို ဖိုးလုံးခေါ်လာသည်။ ဒေါ်သဲအူက နန္ဒ၏ပစ္စည်းများနှင့် လမ်းတွင်

ပ်မည်များကို ယူလာပေးသည်။

နန္ဒ မြင်းပေါ်သို့တက်သည်။

သူရမင်းခေါင်နှင့် မြင်းတပ်သားတစ်ကျိပ် ထွက်ခွာသည်။

''ကဲ-အားလုံးပဲ ကျွန်တော်သွားမယ်''

နန္ဒ နှုတ်ဆက်သည်။ ပြီးမှ တဖန်··

''သွားမယ်''

ခင်ခင်လေးကို ပြောသည်။ အမျိုးသမီးက သူမ၏လက်မှကြာပွတ်ကို နန္ဒသို့

သည်။ လက်ချင်းထိခတ်သည်။ အသဲနှလုံးချင်း ထိခတ်ခြင်းပင်ဖြစ်သည်။

နန္ဒ ထွက်ခွာသည်။

သူသည် တစ်ခုသော ညနေဆည်းဆာတွင် တံခွန်တိုင်အိမ်ကြီးသို့ ရောက်ရှိ

ပြီး တစ်ခုသော နံနက်ဆည်းဆာတွင် တံခွန်တိုင်အိမ်ကြီးမှ ပြန်လည်ထွက်ခွာသွား

သည်။

တံခွန်တိုင်အိမ်ကြီးသည် ဝေး၍ဝေး၍ ကျန်ရစ်သည်။ သို့သော် တံခွန်တိုင်

င်နှမများသည် သူ၏ရင်ဝယ် ငြိတွယ်လိုက်ပါလာကြချေပြီကော။

နတ်နွယ်

၁၈·၈·၇၂

www.burmeseclassic.com

www.burmeseclassic.com

# သည်ခေတ်နှင့်သည်မောင်နှမများ

## ၁၀. ခရီးတစ်ဝက် [ က ]

ည်တနေ့နံနက် တန်ဆောင်မုန်းလေ ငြိမ်သည်။ မြူဖွဲ့သည်။ အပြန့်ကျယ်၍ အလျား
သော ရောဝတီသည် နဂါးငွေ့တန်းပမာ သစ်ပင်ချုံနွယ် ကုန်းငယ်ချိုင့်ဝှမ်းတို့သည်
တောင်တိမ်တိုက်များသဖွယ် အလွှာလွှာအထပ်ထပ် စီရရီဆင့်ရရင့် ကန့်လန့်ကာ
ထပ်နယ်သို့။

ရှစ်ခေါပဏီသော နေခြည်သည် ပိုး၊ ဖဲ၊ ဇာ၊ ခါသား၊ ရာမထည်၊ သက္ကလတ်၊
ပါကန့်လန့်ကာများကို စိမ့်ဝင်ထွင်းဖောက်သည်။ ပုန်းကွယ်နေသော လောကကို
ဆောင့်ညို မျက်တောင့်နီဖြင့် ကြည့်သည်။

လောကသည် ပုန်းကွယ်တိမ်းရှောင်ခြင်းမပြုသာတော့။

သူတို့ပြောသော ခဲဝဲကိုတွေ့ရပြီး အပင်မှာနွယ်၏။ အပွင့်မှာ ပါရွှေ၏။ သီးကင်း
း စိမ်းမြောင်း၏။

ယာကိုလည်း ကြည့်ပါဦး၊ ဖူးဖရုံသခွားလည်း တွေ့ရသည်။ ပဲပြောင်းနမ်းမြေပဲ
း မြင်ရသည်။

လယ်ကိုလည်း ကြည့်ပါဦး၊ ကောက်ပင်များ မြမြစိမ်းသည်။ သီးနှံများ ကိုင်း
း ငိုက်သည်။ ပယင်းအရောင်လည်း သမ်းသည်။

မယ်ဇလီလည်း လှိုင်လှိုင်ဖူးချေပြီ။ ခူးသူခူး၊ ပြုတ်သူပြုတ်၊ သုပ်သူသုပ်နှင့်
တီသာပွဲ လာတော့မည်လော။

ဟော..နားထောင်စမ်း၊ လောကအလုံးသည် ကျည်းကျည်းသောင်းသောင်း ညံ
ည်။ မလေးငယ်တို့ရဲ့ ကထိန်ရက်ကန်းသံပေလား။

မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မြို့သူကြီး၊ ရွာသူကြီး၊ မြင်းစီးမြင်းခေါင်း၊ ရွှေခွန်ငွေခွန်မှူးနှင့် တောကဲတောင်
တို့ မောင်းတဒုဒုထုနေသည်။ ခပင်းလူသူ ရှန်းစုကြ။

စစ်အင်ကျင်းပပြီး လိုက်လိုသူ လိုက်လော့၊ မလိုက်လိုသူ နေရစ်လော့။ ရှိ
ကျုံးကျော်သူ လာနေပြီ။

ငါတို့မြေ ငါတို့ရေ ငါတို့အနေကို ဒင်းတို့ မွှေနှောက်ဖျက်ဆီးချေတော့မည်
ငါတို့တွင် ရှိသည်များကို ဒင်းတို့ ယူငင်သိမ်းကျုံးပေတော့မည်။

သည်အခါ မည်သူနေစိမ့်အံ့နည်း။ မြင်းခွာသံများ တုန်ဟည်းသည်။ ဓားလှံမျ
ပြိုးပြက်လေသည်။

[ ၈ ]

``ငါတို့တွင် အရေးကိစ္စကြီးချေပြီ။ ငါတို့မြင်းများ ကောင်းမကောင်းသိရမည်။ ငါတို့
လူများ မြင်းစီးကျင်မကျင် သိရမည်။ ငါနှင့်လိုက်ပါသူများ၏ ဇာတိမာန်ရှိက ထက်ကြ
မကွာရှိစေ''

လက်သုံးတော်ကလေးကိုင် သူရမင်းခေါင်သည် ဗထက်ချိုင့်သေနတ်ကို မြှော
ထိုင်လျှက် ခန့်ခန့်ထည်ထည် ကြိမ်းဝါးသံပေးပြီးနောက် မြင်းကို ဖက်ကုန်လွှတ်သည်
သေနတ်ကို လက်ဝဲလက်ျာ ဘယ်ညာပြောင်းကိုင်သည်။ မြင်းထက် ဆင်ထက်မှ သေန
ကို လက်တစ်ဖက်တည်းဖြင့် ပစ်ခတ်နိုင်သည်ဟု ကျော်စောသူဖြစ်သည်။ ချုံနွယ်ပိ
ပေါင်းနှင့် သစ်ကိုင်းသစ်ခက်များကို ကွေ့ရှောင်ခြင်းမပြု၊ အလိုက်သင့်လွှတ်အော
မြင်းနံပါး၌ကပ်လျက် စီးသည်။ မြင်းထက်၌ ပက်လက်စီးသည်။ တင်ပျဉ်ဖွဲ့ခွေ၍လည်
လိုက်ပါသည်။ သူ၏ ကြီးမားလေးလံသော ကိုယ်ခန္ဓာကြီးနှင့်လည်း စီးနည်းအထွေထွေ
ကို ပေါ့ပါးဖျတ်လတ်စွာ စီးနိုင်သည်ကား အံ့ဘနန်း၊ အမှန်ပင်ဖြစ်တော့၏။

လက်ရွေးစင်တပ်သားတစ်ကျိပ်လည်း တစ်ပုံတည်း တစ်ဟန်တည်း လိုက်ပါ
သည်။ သည်နေရာမျိုးတွင် နန္ဒကော အညံ့ခံ၍နေခဲ့မည်တဲ့လား။

မဟူရာမြင်းနက်ကြီး တိမ်ပျံသည် မိုးမုန်တိုင်း တိုက်ခတ်သည့်ပမာ ခုန်ကျေ
ပြေးလွှားလျက်ရှိသည်။ နန္ဒ၏ကိုယ်သည် မြင်းပေါ်တွင် စကြာလည်နေသည်။ မြင်းပေ
မှာပင် ပျောက်နေသည်ထင်ရ၏။

နန္ဒသည် ဤအခွင့်အလမ်းမျိုးကို ရှာဖွေစောင့်စားနေသူဖြစ်သည်။ နေရပ်ဇာတိ
နှင့် မိဘဆွေမျိုးများကို စွန့်ခွာလျက် နေပြည်တော်သို့ လာခဲ့သည်မှာလည်း ဤအခွင့်
အလမ်းကို မှန်းဆမျှော်ကိုး၍ဖြစ်သည်။

သူဖခင်သည် ဓားကောင်း၏။ လှံဖြောင့်၏။ သေနတ်ကျွမ်း၏။ မြင်းနိုင်၏

တတ်ပညာအားလုံးကို သူ့ဖခင်ထံမှ သူလက်ခံရရှိသည်။

သူ့ဖခင်သည် စစ်သည်တစ်ဦးဖြစ်ခဲ့၏။ တိုက်ပွဲပေါင်းများစွာ ဝင်ခဲ့၏။ အောင်ပွဲ
များစွာ ရခဲ့၏။ အသက်ကိုလု၍ ထွက်ခဲ့ရသည်လည်း တစ်ကြိမ်မက၊ တစ်နည်း
ဆိုင် သူ့ဖခင်သည် စစ်ပညာတတ်သည်။ စစ်ပညာကြွယ်ဝသည်။ စစ်အတွေ့အကြုံ
ရှိတ်သည်။ ဤနေရာတွင်ကား နန္ဒ သူ့ဖခင်ထံမှ ဘာမျှမရရှိသေး။ နန္ဒ လူလား
မြောက်တွင် သူ့ဖခင်သည် စစ်သည်တော်တစ်ဦးမဟုတ်တော့။ စစ်မြေပြင်ကို မသွား
နေပြည်တော်တွင် အမှုမထမ်းတော့။ သို့ဖြင့် သူသည် စစ်မြေပြင်သို့လည်း
ဘိုး၊ မည်သည့်တပ်ဖွဲ့တွင်မျှလည်း အမှုမထမ်းစဖူးချေ။

ထိုမျှမက နန္ဒ စစ်မှုထမ်းလိုသည်ကိုလည်း သူ့ဖခင် အခွင့်မပြု။ နေပြည်တော်
နန်းကိုပင် သဘောမတူချေ။ နောက်ဆုံးစစ်ပွဲကအပြန်တွင် မည်သို့ ပြန်လာသည်
သူ့ဖခင်သည် စစ်ကိုဆန့်ကျင်သည်။ မင်းမှုထမ်းဘဝကို ဆန့်ကျင်သည်။ နေပြည်
ကိုလည်း ဆန့်ကျင်သည်။

သူ့ဖခင်သည် အခွင့်အလမ်းသင့်တိုင်း သူ့ကို ဓားခုတ်လှံထိုး သေနတ်ပစ်
နည်းသင်ကြားပေးသည်။ ဆင်မြင်းလေ့တို့နှင့် ကျွမ်းစေသည်။ သို့သော် ယင်းပညာရပ်
သည် ကိုယ်ခံပညာသာဖြစ်စေ၊ ရွှေနန်းတော်တွင် နာမည်ပေါက်ရေးအတွက် မဟုတ်
ဆုတော်လာဘ်တော်အတွက် မဟုတ်စေရဟု ဆိုထားသည်။

``လူကလေးရယ်..မြောက်ထားဝယ်ဗိုလ်၊ တောင်ထားဝယ်ဗိုလ်ဖြစ်ဖို့အတွက်နဲ့
တို့ဗမာအချင်းချင်း ဗုဒ္ဓဘာသာအချင်းချင်းလည်း မသတ်ချင်ပါနဲ့၊ ရှမ်းတွေ
တွေကိုလည်း မသတ်ချင်ပါနဲ့၊ ကုပ်ပေါ်မှာ ဓားတဝဲဝဲနဲ့ ထမင်းစားရတာ မဖြောင့်
ဘူးယ်၊ တို့ဟာတွေ့ လယ်လုပ်ပြီး ထမင်းစားရတာက အများကြီးစိတ်ချမ်းသာ
တယ်''

သွေးသောက်ကြီးဦးမဲက သူ့ကို ယင်းသို့ မကြာခဏပြောလေ့ရှိသည်။ သို့သော်
တွင် နင်းကြမ်းသစ်ခိုးမှုနှင့်ပတ်သက်ပြီး မြန်မာနှင့်အင်္ဂလိပ် စစ်ဖြစ်မည့် အရိပ်
ရှိလာသောအခါတွင်ကား သွေးသောက်ကြီးဦးမဲသည် နန္ဒကို သူကိုယ်တိုင်
တော်သို့ လိုက်ပို့ပေးမည်ဟုဆိုသည်။

``သည်အင်္ဂလိပ်ဆိုတဲ့ ကုလားဖြူကောင်တွေဟာ တို့နိုင်ငံနဲ့ ရေချင်း မြေချင်း
ည်းမဟုတ်ဘူး၊ ဘာမှလည်းဆိုင်တာမဟုတ်ဘူး၊ သက်သက်မဲ့ အဝေးကြီးက
သောဘောတိုက်တာ၊ ရန်စကျူးကျော်တာ တို့ဆီက ကျွန်းသစ်တွေ၊ ကျောက်သံ
တွေကို လိုချင်တယ်။ တို့မြေတို့ရေကို လိုချင်တယ်။ သည်လိုကောင်မျိုးတွေကို
ကြီးက အလောင်းချင်းထပ်ပြီး တိုက်ရမယ်ကွယ့်''

www.burmeseclassic.com

www.burmeseclassic.com



သို့သော်··

သွေးသောက်ကြီးဦးမဲသည် နန္ဒကို သူကိုယ်တိုင် နေပြည်တော်သို့ လိုက်
နိုင်ပါချေ။ အရေးရယ် အကြောင်းရယ်ရှိလာသောအခါတွင်မှ သွေးဝမ်းတွေ ဒလဟော
သွားသည်။ ဆရာတော်၏ဆေး ထက်လွန်း၍သာ တမလွန်နှင့် ရင်မဆိုင်ရခြင်း ဖြစ်သည်
သို့တစေ မောပန်းချည့်နဲ့ခြင်းဒဏ်ကို ခံရသည်။

ယင်းအတွက်ပင် နန္ဒသည် မိုးဦးကျကတည်းက နေပြည်တော်သို့ ရောက်ရ
အစား မိုးကုန်မှပင် တစ်ယောက်တည်းရောက်လာရသည်။ ကနေ့နက်ဖြန်ဆိုသလို
စစ်ဖြစ်တော့မည်ဟု သတင်းများ ပျံ့လာသောအခါ သွေးသောက်ကြီးဦးမဲက နန္ဒ
နေပြည်တော်သို့ လွှတ်လိုက်သည်။ ပထမဆုံး တံခွန်တိုင်မြို့စားကြီး ဦးကျောက်လုံး
သွားရန်ပြောသည်၊ ဒုတိယတွင်မှ တံတားဦးတွင်ရှိသော သွေးသောက်ကြီး ဦးတိုင်းကျော်
ထံ သွားရန်အမှာရှိသည်။

အကယ်၍ သွေးသောက်ကြီး ဦးတိုင်းကျော်ထံ အရင်ဝင်ရန်မှာကြားခဲ့လျှင်
နန္ဒ၏ဘဝသည် တစ်မျိုးတစ်ဖုံဖြစ်နိုင်စရာရှိပေသည်။ တံတားဦးတွင် သွေးသောက်
ဦးတိုင်းကျော်ကို ဝင်၍ရှာသည်။ သူပုန်ဖြစ်နေကြောင်း ကြားလျှင်လည်း ရှိသည့်
နှင့် သူရောက်အောင်သွားမည်ဖြစ်သည်။ သည်အခါတွင် သူလည်း သူပုန်တစ်ယော
ဖြစ်နေပေမည်၊ တစ်ခုတော့ရှိသည်။ ဦးတိုင်းကျော်၏သမီး မသူဇာနှင့်မူ တွေ့မြဲတွေ့

မသူဇာအကြောင်းကို စဉ်းစားမိသောအခါ သူ့ရင်ထဲတွင် လှိုင်းလုံးများ
လာသည်ဟုထင်သည်။ မသူဇာ လှသည်။ သို့သော် မသူဇာကို သူ သနားတာပဲရှိသည်
အခြားကိစ္စများ စိတ်မကူးမိ၊ မသူဇာကလည်း သူ့ကို ကျေးဇူးရှင်တစ်ယောက်အ
မှတ်ယူဟန်ရှိသည်။ သူ့ကို တတ်နိုင်သည့်နည်းဖြင့် ကျေးဇူးဆပ်လိုဟန်ရှိသည်။
ကြောင့်ကင် သူ့အသက်ကို တစ်ကျော့တစ်ပြန်ကယ်ခဲ့သည်။ ပြီးတော့··ပြီးတော့

ဘာဖြစ်သေးသနည်း။ သူနှင့်မသူဇာ ဘာဖြစ်သေးသနည်း။ သူ အရက်တွေ
ဘုရင့်တပ်မတော်သားများ ဆိုးသွမ်းဟော့ရမ်းသည်ကို တစ်ယောက်တည်း လိုက်လံ
ခုတ်နေသည်။ သူ ခြေကုန်လက်ပန်းကျစဉ်ပင် မသူဇာက ကယ်တင်သည်။ ဒါ
ပြသနာမဟုတ်၊ မသူဇာ၏ရင်ခွင်ထဲတွင် သူသတိလစ်သွားသည်။ သူသတိရသော
မသူဇာသည် သူ၏ရင်ခွင်ထဲတွင် ရောက်နေသည်။ အင်္ကျီလုံချည် ကပိုကသီနှင့် ဘာ
ဖြစ်ခဲ့သည်ကို သူမသိသည်တော့အမှန်ပင်။ ဤကိစ္စကိုသိသူမှာ မသူဇာတစ်ယောက်သ
ရှိသည်။ သို့သော် မိန်းကလေးက ကွယ်လွန်သည်အထိ ဘာမျှပြောမသွား၊ အကယ်
မိန်းကလေးက သူတို့နှစ်ဦး လွန်လွန်ကျူးကျူးဖြစ်ကြသည်ဟုဆိုလျှင် သူ့အနေ
မိန်းကလေးကို လက်ထပ်ယူရန်သာရှိသည်။ မိန်းကလေးကို သူ အဆန်းတကြ

ထားမိသည်တော့ အမှန်ပင်။ သို့သော် မိန်းကလေးကို သူသနားသည်။ သူ
သည်ကို သူတာဝန်ယူရမည်။

ယခုတော့လည်း ဘာမျှမတတ်နိုင်ပြီ။ မသူဇာလည်းမရှိပြီ။ ဦးတိုင်းကျော်လည်း
ဦးတိုင်းကျော်ကို ဗိုလ်မှူးဗလကျော်ထင်က လက်ရဖမ်းဆီးပြီး သူတို့ရှေ့မှာပင်
သတ်လတ် ရင်ခွဲသည်။ အူကိုထုတ်ပြီး သုပ်စားသည်။ သည်လို ရက်စက်ကြမ်း
မှုမျိုးကို သူတစ်ခါမှ အိပ်မမက်ဖူးခဲ့။ ဗလ၏လူမဆန်ပုံကို မသူဇာ တုံ့ပြန်ပုံက
အသဲယားစရာကောင်းသည်။ ဗလသည် သူတစ်ပါး သားမယားနှင့် သမီးပျိုများ
ဆီးသည်။ မသူဇာကို ဖျက်ဆီးရန်ပင် ကြိုးစားခဲ့သော်လည်း သူ အချိန်မီရောက်
ခြင့်သာမဟုတ် လက်မတင်ကလေး လွတ်သွားခြင်းပင်ဖြစ်သည်။ အနှီ မုဒိမ်း
ဗလကို မသူဇာက ကြိုးနှင့်တုပ်ပြီး ဗလတပ်မက်သော သူမ၏အလှများကို
စ်ပြသည်။ ဗလ မခံစားနိုင်၊ ဖောချွေးပြန်ရသည်။ ပါးကိုက်သဖြင့် နားကိုက်ခြင်း
မှာ သည်ဟာမျိုးပင်ဖြစ်သည်။

တစ်မျိုးစဉ်းစားစရာရှိသည်။ ဦးတိုင်းကျော်ထံသို့ သူပထမဆုံး ရောက်သွားလျှင်
မသူဇာ၏ ပတ်သက်မှုလည်း တစ်မျိုးတစ်ဖုံဖြစ်နိုင်သည်။ ဦးတိုင်းကျော်လည်း
သိမည်။ ထိုအချိန်က ဦးတိုင်းကျော်နှင့်အတူ သူရှိနေလျှင် သည်လို ပက်ပက်
မဖြစ်တန်ရာ။ ယင်းသို့ဆိုလျှင် လှသော ငယ်သော မသူဇာလည်း မသေနိုင်။

ယခုတော့ မကယ်နိုင်ပြီ။ ကိစ္စတွေပြီးကုန်ပြီ။ မသူဇာတစ်ယောက် သနားစဖွယ်
ခဲ့ချေပြီ။

နန္ဒ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

တံခွန်တိုင်အိမ်ကြီးသို့ ပထမဆုံး ရောက်သွားရသည့်အတွက် ဘဝလမ်းကြောင်း
ဆစ်ချိုး သုံးဆစ်ချိုး ပြောင်းလဲသွားရသည်။ တိုတောင်းသောကာလ မြောက်
သော အချင်းအရာများ လျှင်မြန်ဆက်တိုက်ကြီးဖြစ်ပေါ်ခဲ့သည်။ အံ့ဩရသည်
သည်။ ကြည်နူး မိန်းမူးရသည်လည်းရှိသည်။ တွေဝေရှုပ်ထွေးရသည်လည်း
နလုံးသားဝယ် ထိခိုက်နာကျင်ခြင်းလည်း ဖြစ်ရသည်။

တံခွန်တိုင်မောင်နှမများသည် မမျှော်လင့်ဘဲနှင့် သူ့ဘဝ တစ်စိတ်တစ်ဒေသ
ရသည်။ သူ့မျက်စိထဲတွင် တံခွန်တိုင်ညီအစ်မသုံးယောက်ကို တစ်ပြိုင်တည်း
သောင်လာသည်။ လျှို့ဝှက်သောအပြုံးများနှင့် ဆွတ်ပျံ့ဖွယ် ရယ်မောသံများနှင့်

သူဖခင်က သူ့ကို လွှတ်သာလွှတ်လိုက်သည်။ ဘာမျှပြည့်ပြည့်စုံစုံ မပြောလိုက်။
သောက်ကြီး ဦးတိုင်းကျော်သည် သူ၏ အခင်မင် အရင်းနှီးဆုံးသော ရဲဘက်တစ်ဦး
ကြောင်း၊ တံခွန်တိုင် ဗိုလ်ကျောက်လုံးသည် သူလေးစားမြတ်နိုးသော ဗိုလ်မင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ဖြစ်ကြောင်း၊ အံ့ဖွယ်သူရဲပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်းမျှလောက်သာ ပြောလိုက်သည်။

သို့သော်··

သူ့ဖခင် စမြုံ့ပြန်သောအခါများတွင် မိုးနောင်ကြောင်းစစ်ပွဲများကို ပြန်လည် သုံးသပ်ပြသောအခါတွင် ဦးတိုင်းကျော်နှင့် ဗိုလ်ကျောက်လုံးတို့အကြောင်း အများဆုံး ပါတတ်သည်။ သို့ဖြစ်၍ နန္ဒသည် ဗိုလ်ကျောက်လုံး၏ရုပ်လုံးကို အတော်ကလေး ဖမ်း ထားသည်။

သို့သော်··

သူ့ဖခင်က တံခွန်တိုင်အိမ်ကြီးအကြောင်း ဘာမျှမပြောလိုက်၊ တံခွန်တိုင် တွင် အင်းချေးကြီးငါးကောင်ရှိသည်အကြောင်း၊ ဆုံလည်တံခါးရှိသည့်အကြောင်း၊ ဆောက်ဥမင်ရှိသည့်အကြောင်း၊ တစ်လုံးတစ်ပါဒမျှ မဟာလိုက်။

ဦးကျောက်လုံးတွင် သားအမိခြောက်ယောက် ရှိသည့်အကြောင်း၊ ယင်းမောင်နှ ခြောက်ယောက်သည် တစ်မျိုးတစ်ဖုံစီ စိတ်ဝင်စားဖွယ်ရာရှိသည့်အကြောင်းကို သူ့ဖခင်ဝင် သိရှိဟန်မတူချေ။

သူ့မိခင်ကမူ ယေဘုယျစကား ဆိုလိုက်သေးသည်။ နေပြည်တော်ရောက်လျှ မိန်းမငယ်များနှင့် အရှုပ်အထွေးမဖြစ်ရန် အထပ်ထပ်အခါခါ မှာလိုက်သည်။ သည်အ များတွင် သူက ရယ်မော၍ ခွန်းတုံ့ပြန်ခဲ့သည်။

“အစ်မရယ်··ပူစရာမရှိတာ ပူရန်ကော၊ အစ်မသား ဘယ်တုန်းက မိန်းမငယ် တွေနဲ့ ရှုပ်ရှုပ်ထွေးထွေး နေဖူးလို့လဲ”

“မဟုတ်ဘူး လူကလေးရဲ့··နေပြည်တော်က မိန်းမငယ်တွေဟာ အစ်မတို့ဆီ ကျေးတောသူတွေလို မဟုတ်ဘူးကွယ့်၊ သူတို့ကိုကြည့်ရတာ ဆယ့်နှစ်ကြိုးတတ်သလ အောက်မေ့ရတယ်၊ လူကလေးကို ပြုစားထားမှာ အစ်မ စိုးရိမ်လို့ပါကွယ်”

မိခင်ကို နှုတ်တုံ့မပြန်တော့ဘဲ နန္ဒ ရယ်၍သာနေခဲ့သည်။

ယခုမူ နန္ဒ မရယ်နိုင်တော့။ မိခင်၏စကားသည် တစ်မျိုးတစ်ဖုံတော့ မှန် သည်။ နေပြည်တော်သို့ သူရောက်ရှိသည့် သီတင်းကာလ တစ်ပတ်အတွင်းမှာပင် မိန်းမငယ်လေးဦးနှင့် ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့ရသည်။ သူက ရှုပ်ရှုပ်ထွေးထွေး လုပ်သည် တော့မဟုတ်။ မိန်းမငယ်များက ရှုပ်ရှုပ်ထွေးထွေးလုပ်သည်ဟုလည်း မဆိုသာပါ။

ဘာကြောင့်မှန်းမသိ၊ ဘယ်သူ့ကြောင့်မှန်းမသိ။ ရှုပ်ရှုပ်ထွေးထွေးများ ဖြစ် ရသည်တော့ အမှန်ပင်။

မသူဇာကိစ္စကို ထားလိုက်ဦး။



တံခွန်တိုင်ညီအစ်မသုံးယောက်နှင့်သူ ဘယ်ပုံဘယ်နည်း ဘယ်အသွင်ဖြင့် ပတ် သက်လာခဲ့ရသည်ကို သူကိုယ်တိုင် ယခုအချိန်အထိ ကောင်းကောင်းမသိသေး။

သူ ပထမဆုံး ထိတွေ့ရသူမှာ ညီမအငယ်ဆုံးနှင့် ဖြစ်သည်။ သည်တုန်းကတည်း င် ခင်ခင်လေးသည် လုပမက်မောဖွယ်ရာကောင်းသည်ဟု သူမှတ်ယူခဲ့ပါသည်။ င်းချေးကြီးများနှင့်လည်းကောင်း၊ ဗလနှင့်လည်းကောင်း ဆက်စပ်နေသဖြင့် ခင်ခင် ကို သူ စိတ်ဝင်စားခဲ့သည်မှာလည်း အမှန်ပင်။

ပြဿနာအားလုံး၏အစသည် ဝတ်ရုံစိမ်းနှင့် ဆုံလည်တံခါးပင် ဖြစ်တန်ရာသည်။ ညက ဝတ်ရုံစိမ်းကို လိုက်လံရှာဖွေရင်း ခင်ခင်လေးအခန်းသို့ ရောက်ခဲ့ရသည်။ ငယ် အိပ်ဟန်ဆောင်သည်ထင်၍ နမ်းရှုံ့ခဲ့မိသည်။ သည်တော့ လှိုက်မောရသည် ခင်ခင်လေးအခန်းမှ ပြေးအထွက်တွင် ခင်ခင်လတ်နှင့် ပက်ပင်းတိုးရပြန်သည်။ ယောင်ချောက်ချားနှင့် လုံးလားထွေးလားဖြစ်ရသည်။ ခင်ခင်လတ်လည်း ချောလှ ည်ပင်။ သူ မောရပြန်သည်။

သည့်နောက်ကော··

ခင်ခင်ကြီးနှင့် အမှတ်မထင် တွေ့ရပြန်သည်။ ခင်ခင်ကြီးကို သူစိတ်ဝင်စားမိ တစ်မျိုး၊ အမျိုးသမီးကလည်း ဘာမျှထူးထူးဆန်းဆန်း ရှိဟန်မတူပါ။

ပြဿနာက ခင်ခင်လေးနှင့် ခင်ခင်လတ်တို့တွင်သာ ရှိနေသည်။ တစ်ခုတော့ သည်၊ ခင်ခင်ကြီးသည် ညီအစ်မနှစ်ယောက်၏ အမှုကိစ္စများကို လျှစ်လျူပြုထား ရှိ။ ယခုပင် သူ့အခန်း အတော်ပင်ဝင်နေပြီ။ တံခွန်တိုင်အိမ်ကြီးသို့ ပြန်လည် က်ရှိလာချေပြီ။

မည်သို့ဆိုစေ ခင်ခင်လေးကို သူ မေတ္တာစကားဆိုခဲ့ပြီ။ မိန်းမငယ်ကလည်း ခဲ့ပြီဖြစ်သည်။ ဤသည်မှာ ပြုစားခြင်းလော။

ယင်းသို့မဟုတ်လျှင် ခင်ခင်လတ်ကို ဆယ့်နှစ်ကြိုးရှင်ဟု ဆိုရမည်လား။ ထို ငယ်သည် မထင်မှတ်သောအရာများကို ပြုတတ်သည်။ သူနှင့် ခင်ခင်လေး ပျော် ချမ်းမြေ့ရေးအတွက် သူမ၏ကိုယ်ကို ဗလ၏ရင်ခွင်ဝယ် စတေးရန်ပင် ကြံစည်အား ခဲ့ပါသည်။

နန္ဒ ခေါင်းခါသည်။

‘ငါ စဉ်းစားရမှာက ခင်ခင်လေးပဲ၊ ခင်ခင်လတ်လည်း မဟုတ်ဘူး၊ ခင်ခင်ကြီး း မဟုတ်ဘူး၊ စစ်တာလင်းကပြန်ရင် ငါနဲ့ ခင်ခင်လေး လက်ထပ်ဖို့ပဲ’

ညီအစ်မသုံးယောက်ကို ခေါင်းထဲမှ ဖယ်ထုတ်လိုက်သောအခါ ညီအစ်မကိုသုံးဦး သူကိုဝင်၍ ပူးကပ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်စိထဲ၌ ညီအစ်ကိုချင်းချင်း ရက်စက်စွာ သတ်ဖြတ်သည့်မြင်ကွင်းသ အထင်းသားပေါ်လာသည်။ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားသည်။ မောင်မောင်လတ် သူ နှစ်ကြိမ်ပဲတွေ့ဖူးသည်။ ပထမအကြိမ်က မသူဇာနှင့်အတူ ထွက်သွားခြင်း။

'အင်း‥အင်း‥မသူဇာက သူ့ကို မောင်မောင်တဲ့၊ သူတို့နှစ်ယောက် ဘယ်အ များ ပတ်သက်နေကြသလဲ'

မောင်မောင်လတ်သည် အကဲခတ်ရခက်သူများတွင် တစ်ယောက်အပါအ ဖြစ်နိုင်သည်။ လူပုံကိုကြည့်တော့ ခပ်အေးအေး။ ညီအရင်းခေါက်ခေါက်ကို သတ် မတွေးရဲစရာ။ အင်းလေ‥သူ့ညီကလည်း ဆိုးပေသကိုး။ မောင်မောင်လေးသည် အ စောသည့်ပင် ခပ်ကောင်းကောင်း။ သို့မဟုတ်လျှင် ဘယ်လောက်များ ရုပ်လိုက် ပွေလို မလဲ။ သူ ရုပ်ပုံပွေပုံက သူ့အစ်ကိုကြီး မောင်မောင်ကြီး ရုပ်ပုံပွေပုံနှင့် တခြားစီ

နန္ဒ၏မျက်စိထဲတွင် မောင်မောင်ကြီး၏ မျက်နှာကြီး ဘောလောကြီး ပေါ် သည်။

မောင်မောင်ကြီးကို ရုပ်သည် ပွေသည်ဟုသာပြောရသည်။ သူ့တွင် သူ့တ ကို နှောင့်ယှက်တတ်ပုံမျိုး မရှိ။ အမှန်တော့ လူပေလူတေကြီးတစ်ယောက်ဟု ပြော ပိုမှန်ကန်မည်လားမသိ။ ယခုပင် ကြည့်လေ။

သူရမင်းခေါင်၏တပ်တွင် ပါဝင်ရန် သူကပဲပြောသည်။ ဟော‥အရေး အကြောင်းရယ်ဆိုတော့ သူ ဘယ်ပျောက်နေသည်မသိ။ မိမိတစ်ယောက်တည်း သူ တို့လူစုနှင့် ပါလာရ၏။

သူရကလည်း ဘယ်လိုလူစားမျိုးမှန်းမသိ။ ရုပ်ကြမ်းသည်။ အပြောအဆို ကြ သည်။ အပြုအမူကြမ်းသည်။ စိတ်သဘောကြမ်းမကြမ်းတော့ မသိ။

မောင်မောင်ကြီး ပါလာလျှင်တော့ ကောင်းသည်ပေါ့လေ။ ယခုမူ မိမိ၏ သည် လူစိမ်းလူကြမ်းကြီး၏လက်တွင် ဝကွက်၍အပ်မိရက်သား ရှိနေပေပြီ။

[ ၈

ပြေးလွှားနေသောမြင်းများ ရုတ်တရက် ရပ်သွားသည်။ တိမ်ပျံလည်း ရပ်သွားသည် သည်တော့မှ နန္ဒ အတွေးကမ္ဘာတွင် ငိုက်မျည်းနေရာမှ လန့်နိုးသည်။

'ဘုရား‥ဘုရား‥ဘယ်လိုများဖြစ်သွားတာပါလိမ့်'

သူရမင်းခေါင်နှင့် သူ့လူနှစ်ယောက်သုံးယောက် မြေကြီးပေါ်တွင် ဒလိမ့်ခေါ ကွေးကျလို့ပါလား။ သူရမင်းခေါင်၏လက်မှ ဗထက်ချိုင့်သေနတ်သည် ဆုံးပုတ်ချ



ချင် တွဲလဲချိတ်နေသည်။ မြင်းကြီးတစ်ကောင်လည်း မြေတွင်လဲပြီး ခြေကားယား ကားယားရှိနေသည်။

တိမ်ပျံ၏ရှေ့တွင် နွယ်တန်းတစ်ခုရှိနေသည်ကို နန္ဒ ရုတ်ခြည်း သတိပြုလိုက် သည်။ နွယ်တန်းသည် အလိုအလျောက် ဖြစ်ပေါ်နေသော နွယ်တန်းမျိုးမဟုတ်၊ လူ လေးပါးမသိအောင် ဖုံးကွယ်ပြုလုပ်ထားခြင်းမျိုး ဖြစ်သည်။ မြေတွင် ပြားဝပ်နေရာမှ ခေါင်းခလုတ်ကို ထိမိသဖြင့် ခါးဆစ်လောက်အမြင့်သို့ ရုတ်တရက်တက်လာခြင်း သည်။

ကြိုးတန်းကို မည်သူထောင်ထားသနည်း။ သူခိုး ဓါးပြတွေလား၊ သူပုန်သူကန် တွေလား၊ ရွာသူရွာသားတွေလား၊ မိမိတို့ကင်းတပ်ဖွဲ့များကလား။ မည်သို့ဆိုစေ သတိ ဆစ်ဟင်းသင့်။ ယခုပင် ပထမဆင့် ခံလိုက်ကြရပြီ။ ဒုတိယဆင့်အနေဖြင့် ဝိုင်းဝန်း ကိုက်ခြင်းခံရလျှင် သက်သာမည်မဟုတ်ချေ။

နန္ဒ သေနတ်ကို အသင့်ချိန်ရွယ်လျက် အရပ်ရှစ်မျက်နှာကို ကြည့်သည်။ သူရ သည်း ကျားတစ်ကောင်၏အားမာန်ဖြင့် ခုန်ထသည်။ သူ့သေနတ်ကို ဆွဲယူသည်။ ခြားသူများလည်း လက်နက်များကို အသင့်ရှိစေကာ ရန်သူကို ရှာဖွေသည်။

သူတို့သည် တောအုပ်နှစ်ခု၏အလယ်တွင် ရောက်ရှိနေသည်။ တောအုပ်နှစ်ခု သည် ထိစပ်လုမတတ်ရှိသည်။ သည်ဘက်တောအုပ်ကအထွက် တစ်ဘက်တောအုပ်သို့ ဆင် ဖြစ်သည်။

တောအုပ်နှစ်ခုစလုံးသည် ပကတိ တိတ်ဆိတ်လျက်ရှိသည်။ ငြိမ်သက်လျက် သည်။ မည်သည့်အသံမျှ မကြားရ။ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရ။ မြေပြင်တွင် ခြည်ပြောက်နှင့် သစ်ရိပ်များသာရှိသည်။

ရှည့်မတက်ပင်များဖြင့် ရစ်ပတ်ဖုံးလွှမ်းထားသော နွယ်တန်းက သူတို့ကို သရော် ပြောင်လှောင်နေသည့်အလား။

သူရ၏မျက်နှာကြီး ရဲနေသည်။ သေနတ်ဒင်ကို လက်သီးဆုပ်ဖြင့် ထိုးနေသည်။ လည်းရုက်ပုံရသည်။ ဒေါသလည်း ဒေါသပေါ့။

နန္ဒက ခပ်လှမ်းလှမ်းတွင် တစ်စုံတစ်ခုကိုတွေ့မြင်သဖြင့် မြင်းဖြင့်စိုင်းသွားပြီး ခင်လေးပေးလိုက်သော ကြာပွတ်ကို ရှမ်းခနဲမြည်အောင် ဆတ်လိုက်သည်။ ကြာပွတ် ပုလင်းတစ်လုံး ရစ်ပတ်ပြီးပါလာသည်။ နန္ဒက ပုလင်းကိုကြည့်ပြီး ပြုံးလိုက်သည်။

သူရနှင့် သူ့လူများ နန္ဒအနီးသို့ရောက်လာသည်။ သူရက နန္ဒပုလင်း ပုစွန် လုံးဖြင့်ကြည့်ရင်း‥

''စကော့တလန်ပြည်ကဖြစ်တဲ့ ဘရန်ဒီပုလင်းပဲ၊ ကေ ဝါတို့ကို ကြိုးတန်း

www.burmeseclassic.com



ထောင်တာ ကုလားဖြူ ကုလားမဲတွေပဲဖြစ်ရမယ်''

ယင်းသို့ပြောရင်း သူရက နန္ဒလက်မှပုလင်းကို လှမ်းယူသည်။ နန္ဒကမ
ပုလင်းကို မိုးပေါ်သို့ပစ်မြှောက်လိုက်သည်။ ထို့နောက် ဗထက်ချိုင့်သေနတ်ဒင်ကို
တစ်ဖက်တည်းဖြင့် ကိုင်တွယ်ပစ်ခတ်သည်။ ဘရန်ဒီပုလင်းသည် သူတို့တစ်
ခေါင်းထက်တွင် သေနတ်သံနှင့်အတူ အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။

''ယစ်ထုပ်ကြီးရေ လုံ့အောင်ပုန်း၊ ကြောင်ကြီးလာပြီဟေ့''

နန္ဒက ဟစ်အော်လိုက်သည်။ သူတို့လူစုက နန္ဒကို နားမလည်နိုင်သော အ
ဖြင့် ဝိုင်းကြည့်နေကြသည်။

ယင်းအခိုက်မှာပင် ကျယ်လောင်သော ရယ်မောသံကြီးတစ်ခု ထွက်ပေါ်
သည်။ အသံလာရာသို့ သူရတို့လူစု မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်လိုက်ကြ

တောင်ကမူတစ်ခုထက်၌ ဖောင်းဝတ်ရောင် မြင်းဖြူကြီးတစ်စီးကို တွေ့
သည်။ မြင်းဖြူရှင်ကား အခြားသူမဟုတ် တံခွန်တိုင်မောင်မောင်ကြီးပင် ဖြစ်တော့

''ချေးမသား ငမောင်ကြီး ဒါလောက်တောင် နောက်လှတာ နင်သေပေ

သူရက လုံ့ကိုဖြုတ်ပြီး ပစ်လွှတ်လိုက်သည်။ မောင်မောင်ကြီးက လုံ့
ပြန်လည်ပစ်လွှတ်လိုက်သည်။ သူရက လုံ့ကိုဖမ်းယူကာ ပြန်လည်သိမ်း
လိုက်သည်။

သူငယ်ချင်းနှစ်ယောက် ကျီစားသည်ကို နန္ဒပြုံး၍ ကြည့်နေသည်။

သူတို့ရှိရာသို့ မောင်မောင်ကြီး ရောက်လာသည်။ သူရက မောင်မောင်
မြင်းပေါ်သို့ ခုန်ကူးလိုက်သည်။ နှစ်ယောက်သား မြေကြီးပေါ်သို့ လုံးထွေးပြီးကျ
သည်။

သူငယ်ချင်းနှစ်ယောက် တင်းကျပ်စွာဖက်ပြီး ရယ်မောနေကြသည်။

''သူရရာ..နင့်ခေါင်းကြီး ပုတ်လောက်ဟာ ဘာမှအသုံးမကျပါကလား၊ ဟော
ဇက်ကနေ ဖြတ်ပစ်ဖို့ကောင်းတယ်''

မောင်မောင်ကြီးက သူရ၏ဇက်ကို သူ၏လက်ဝါးစောင်းဖြင့် ကြိတ်လိုး
ပြုရင်းပြောသည်။

''အေးကွာ..ငါ ရှေ့လောကြီးသွားတယ်၊ ငါ့မှာ ခရီးပေါက်ချင်တဲ့စိတ်က
အားကြီးနေတယ်၊ သည်နေရာတစ်ဝိုက်မှာ ရန်သူမရှိဘူးလို့လဲ တွက်ထားတာကိုး''

''ခရီးပေါက်တယ်ဆိုတာ မြင်းကောင်းရုံ မြင်းစီးကောင်းရုံနဲ့ မပြီးဘူး၊ ကိုယ်
ကိုယ်ကို မသေမပျောက်အောင် ထိန်းနိုင်ဖို့လည်းလိုတယ်၊ ရန်သူဆိုတာ စည်းမရှိ
ကွယ့်၊ တိုက်ချင်တဲ့နေရာကနေ တိုက်ချင်သလို တိုက်မှာပဲ''



''ဒီတစ်ခါတော့ ငါမှားသွားတယ်ကွာ၊ ငါပေါ့တာဟာ ငါ့လူတွေအားလုံး ဇက်
နိုင်တယ်''

''နင်မှားတာကတော့ နေပြည်တော်က ထွက်ကတည်းကပဲ''

''ဟော-ဘာပြုလို့လဲ''

''ပထမဆုံးကတော့ ရုပ်ဖျက်ပြီးသွားကြရင် မကောင်းဘူးလား၊ ဒုတိယကတော့
လှကိုသွားရင် တောင်ငူကိုသွားမယ်လို့ ပြောဖို့မကောင်းဘူးလား''

''အေး..ဟုတ်တယ်၊ နို့ပေမယ့် ဝန်မင်းက ငါ့ကို အဲဒီလိုလုပ်ဖို့မှ မမှာလိုက်ဘဲ''

''သေလိုက်ပါတော့ သူရရာ·ဒါကြောင့်မို့လို့ နင့်ခေါင်းကြီးဟာ အလကားပဲ
ငါပြောတာပေါ့''

''အေးလကွာ..ငါ့ခေါင်းကို ငါစိတ်မချလို့ နင့်ကိုဝင်ခေါ်တာပေါ့၊ နင်က
ကိုများ ခြေရှည်နေရတာလဲ''

''ဟိုနားသည်နားပေါ့ကွာ''

''နေပါဦး..အခုကော နင်ဘယ်လိုလုပ်ပြီး ဒို့ရှေ့ကိုရောက်နေတာလဲ''

''နင်တို့ မင်းလှသွားတယ်ဆိုတာ နေပြည်တော်မှာ မောင်းထုထားတာပဲ၊ မင်း
ရှေ့ကို ရောက်တာကတော့ မဆန်းပါဘူး၊ ငါက ဘယ်ကိုမှဝင်တာမှမဟုတ်ဘဲ''

''အေး..ဒို့က လက်ပံပင်တပ်စခန်းမှာ နည်းနည်းကြာသွားတယ်၊ မီးသွေးတိုက်
ခဏဝင်သေးတာကိုး''

ထို့နောက် သူရက သူ့လူများဘက်သို့လှည့်ကာ..

''ကဲ-ကိုယ့်လူတို့ သွားကြစို့၊ ဒို့မှာ ခေါင်းတစ်လုံးတိုးလာပြီ''

တပ်သားများအားလုံးသည် မောင်မောင်ကြီးရောက်လာသည့်အတွက် အထူးပင်
မြောက်နေကြဟန်ရှိသည်။

''ကျုပ်တို့အားလုံးထဲမှာ ခေါင်းအကောင်းဆုံးကတော့ ကိုနန္ဒပဲ''

မောင်မောင်ကြီးက နန္ဒ၏လက်မှ သေနတ်နှင့်ကြာပွတ်ကို လျှပ်တပြက်ကြည့်ရင်း
ပြောလိုက်သည်။

သူရက နန္ဒကို တွေတွေကြီး စိုက်ကြည့်သည်။ ပြီးမှ ခေါင်းတစ်ချက်ဆတ်လိုက်
သည်။

[ ဃ ]

သည် မောင်မောင်ကြီးနှင့် နှစ်ယောက်တည်းဘေးချင်းယှဉ်မိသောအခါ..

''နန်းမွှန်ဆီကို သွားနေတာမဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးက အင်းမလှုပ် အဲမလှုပ်။

"ကျွန်တော်တို့ မင်းလှသွားတယ်ဆိုတာကို ဘယ်သူလာပြောသလဲ"

မောင်မောင်ကြီးသည် အိပ်ရာမှ လန့်နိုးဘိအလား··

"ဘယ်သူလာပြောတယ်ဆိုတာကို ကိုနန္ဒ မသိဘူးလား"

သည်တစ်ကြိမ်တွင် နန္ဒ နှုတ်ငြိမ်သွားသည်။

"ဘယ်သူလာပြောတယ်လို့ ထင်သလဲ"

နန္ဒမဖြေ၊ နန္ဒစိတ်ထဲ၌ထင်နေတာ တစ်ခုရှိသည်။ မှန်မမှန်မသိနိုင်၊ ယင်းဖြေ… မောင်မောင်ကြီးကို မေးနေခြင်းဖြစ်သည်။ သို့သော် အဖြေကိုရဘဲ မိမိကိုပင် ပြန်လှ… မေးခွန်းထုတ်နေသောအခါ နှုတ်ပိတ်နေရသည်။

"ကိုနန္ဒကို ကျုပ်တစ်ခုမေးမယ်၊ မှန်မှန်ဖြေမလား"

"မေးပါ"

"မှန်မှန်ဖြေရလိမ့်မယ်"

"ကိုနန္ဒဟာ ကျုပ်နှစ်မတစ်ယောက်နဲ့ မေတ္တာမျှနေတယ်မဟုတ်လား"

နန္ဒ တုန်သွားသည်။ မျက်နှာမထားတတ်၊ နမကိစ္စကို မောင်တစ်ယော… ပြောင်ဖွင့်၍မေးလာသောအခါ သူမျက်နှာပူမိသည်။

"ဖြေလေ ကိုနန္ဒ၊ မလိမ်တတ်ဘူးဆို"

"ကိုမောင်ကြီးကို ကျွန်တော် မရှိသေ မလေးစားရာကျမှာစိုးလို့ပါ"

"မလိုပါဘူး၊ ကျုပ်လည်း တစ်နေ့မိန်းမယူမှာပဲ၊ ကျုပ်နှမတွေလည်း တ… ယောကျ်ားယူမှာပဲ"

နန္ဒ ငေးနေသည်။

"ဘယ်သူနဲ့လဲ"

"ခင်ဗျာ"

မောင်မောင်ကြီး၏ ပြတ်တောင်းသောအမေးကြောင့် နန္ဒ လန့်သွားသည်…

"ဘယ်သူနဲ့လဲလို့ မေးတာ"

နန္ဒက ခင်ခင်လေး၏အမည်ကို တိုးညင်းစွာ ရွတ်ဆိုလိုက်သည်။

"အင်း··ဒါကြောင့်မို့လို့ ခင်ခင်လေးရဲ့ကြာပွတ်ကို ကိုနန္ဒဆီမှာ တွေ့ရတာ…

"ကိုမောင်ကြီးကို ခင်ခင်လေး လာပြောတာလား"

"မဟုတ်ဘူး"

"ခင်ဗျာ"

"ကျုပ်နဲ့ နန်းမွန်အိပ်နေတဲ့ဆီကို မနက်အစောကြီးရောက်လာပြီး ကိုန… နောက်ကို လိုက်သွားဖို့ပြောတာ ခင်ခင်လေးမဟုတ်ဘူး"

"ခင်ဗျာ ဒါ··ဒါဖြင့် ဘယ်သူလဲ"

နန္ဒက အထစ်ထစ်အငေါ့ငေါ့နှင့် မေးလိုက်သည်။ သူ့စိတ်ထဲတွင် ထင်ထားသည့် အတိုင်း မှန်နေပြီလားမပြောတတ်။

"ခင်ခင်လတ်"

မောင်မောင်ကြီး ယင်းသို့ပြောလိုက်သောအခါ နန္ဒသည် မိုးကြိုးထိမှန်သည့်ပမာ ဖြစ်သွားသည်။

"ကျုပ်နှမဟာ ကျုပ်ကို တစ်ခါမှ ဒါလောက်မကြိမ်းဖူး မမောင်းဖူးဘူး၊ မနက်က …ဒး ကျုပ်အိမ်မှာ မရှိရကောင်းလားဆိုပြီး ပြောလိုက်တာ ဘာမှမဆိုင်တဲ့ နန်းမွန်ကိုတောင် …လိုက်ပုလိုက်သေးတယ်၊ ကျုပ်အိမ်မှာရှိမနေလို့ ကိုနန္ဒတစ်ယောက်တည်း သူရတို့နောက် …ို ပါသွားရတာပေါ့၊ သူပြောပုံက ကိုနန္ဒ သူရတို့နောက်ကိုပါသွားတာ ငရဲပြည်ပါသွား …ာကျနေတာပဲ၊ ခင်ခင်လတ်ဟာ ကိုနန္ဒအတွက် အတော်ကလေးကို ပူပန်ကြောင့်ကြနေပုံ …ရတယ်၊ ဒါကြောင့် ကျုပ်လည်း သူ့ကို စိတ်မဆိုးပါဘူး၊ ချက်ချင်းပဲ ကိုနန္ဒတို့နောက်တို …ိုက်ခဲ့တယ်။ ကျုပ်ထင်တာက ကိုနန္ဒနဲ့ကြိုက်နေတဲ့သူဟာ ခင်ခင်လတ်လို့၊ ခုတော့ …ခင်ခင်လေး၊ ခင်ခင်လေး၊ အင်း··ခင်ခင်လေး၊ အေးလေ··သဘာဝကျပါတယ်၊ ခင်ခင် …လေးက ငယ်လည်းငယ်တယ်၊ လှလည်းပိုလှတယ်၊ ဒါပေမဲ့ ကျုပ်နှမတွေထဲမှာ ကျုပ် …သဘောအကျဆုံးကတော့ ခင်ခင်လတ်ပဲ၊ ခင်ခင်လတ်ဟာ··"

သူတို့အနီးသို့ သူရမင်းခေါင်ရောက်လာသဖြင့် စကားစပြတ်သွားသည်။

[ ၄ ]

…နန္ဒ စိတ်မောရပြန်ချေပြီ။ အစရှိလျှင် အဆုံးရှိရမည်ဟုဆိုသော်လည်း သူသည် အစကို …တွေ့ရှိပြီး အဆုံးကို မတွေ့နိုင်သေးဘဲရှိနေသည်။

ခင်ခင်လေးကို သူချစ်သည်။ ခင်ခင်လေးကလည်း သူ့ကို ချစ်သည်။ ဤတွင် …သာရာဆုံးချေပြီဟုသာ မှတ်ယူသည်။

ယခုတော့ ချားရဟတ်သည် လည်ပတ်ဆဲပင်ရှိသေးသည်တကား။ မိမိအနေနှင့် …သဘာရားကို ဦးထိပ်ပန်ဆင်သည်ဆိုပါက မိန်းမငယ်တစ်ယောက်ကို ချစ်ခင်တွယ်တာ …သည့်နောက်ပိုင်းတွင် အခြားမိန်းမငယ်တစ်ယောက်ကို ချစ်ခင်တွယ်တာရာအကြောင်း …ိုတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခြားမိန်းမငယ်တစ်ယောက်က မိမိကို ချစ်ခင်တွယ်တာနေသည်ဆိုပါက မိမိအနေနှင့် ဘာလုပ်ရမည်နည်း။

မည်သို့ဆိုစေ ခင်ခင်လတ်သည် နန္ဒ၏စိတ်ကို တစ်စုံတစ်ခုသော အဝိုင်းအ ... အထိ ငြိတွယ်လွှမ်းမိုးနေပြီကား အမှန်ပင်ဖြစ်သည်။

ခင်ခင်လတ်သည် မိမိအပေါ်တွင် တွယ်တာခြင်းရှိသည်။ ညီမငယ်အပေါ်တွ ... လည်း သက်ညှာခြင်းရှိသည်။ ညီမငယ်ကလည်း အစ်မကို စာနာတတ်ပုံရှိသည်။

သည်တော့ အဆုံးသည် ဘယ်မှာရှိနိုင်ဦးမည်နည်း။ သူတို့၏သံသရာ ... ခရီးတစ်ဝက်မျှသာ ရှိချေသေးသည်တကား။

## ၂၀ ပွဲဦးထွက် [ က

အံ့ဩစရာတော့ကောင်းသည်။ ရွှေတန်းစစ်မြေပြင်တွင် တံခွန်တိုင်မောင်မောင်ကြီးဆို ... မသိသူမရှိသလောက်ဖြစ်သည်။ မဟာဗျူဟာမှူး ဗိုလ်ချုပ် မင်းကြီးမဟာသမိန်ဘ ... မှအစ ဘောင်ဝန်၊ မြေထဲဝန်၊ စက်ဝန်၊ ယွန်းစုဝန်၊ လှေသင်းဗိုလ်၊ တပ်ဗိုလ်၊ တပ် ... လှေအမှုထမ်း၊ သေနတ်အမှုထမ်း၊ မြင်းအမှုထမ်းအထိ အားလုံးလိုလိုကပင် သိရှိကြသ ...

ယင်းသို့ ကျော်ကြားသိရှိကြသည်မှာလည်း မောင်မောင်ကြီး၏ လက်ရုံး ... နှလုံးရည်ကောင်းမှုကြောင့်ချည်းတော့ ဟုတ်ဟန်မတူ၊ ပြာသိုလတွင် ကျင်းပမြဲဖြစ် ... မြင်းခင်းစက်သွင်းသဘင်ပွဲများ၌ မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ရွှေကြင်ခတ်ပု ... ရင်တွင် အကြိမ်ကြိမ်စည်းနိုင်ခဲ့သဖြင့်လည်း လူသိများခဲ့ပါသည်။ လူအင်အား တ ... နီးပါးမျှရှိသော မားပြများက ဝိုင်းဝန်းဖမ်းဆီးသည်ကို ထိုးဖောက်လွတ်မြောက် ... သဖြင့်လည်း လူသိများခဲ့ပါသည်။

ဤအကြောင်းတွေကို နန္ဒ ရွှေတန်းစစ်မြေပြင်သို့ရောက်မှ ကြားသိရခြင် ... သည်။ မောင်မောင်ကြီးကို နန္ဒ ယခုမှ လေ့လာနေရခြင်းဖြစ်သည်။ တံခွန်တိုင်မှာတု ... မောင်မောင်ကြီးကို သူအထင်မကြီးခဲ့။ စည်းကမ်းကလနားမရှိသော ကစော်သ ... တစ်ယောက်အဖြစ်သာ မြင်ခဲ့သည်။

သို့သော် မောင်မောင်ကြီးကို လူသိများခြင်းတွင် သူအရက်သောက်သည့် ... ကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကြက်တိုက်သည့် အကြောင်းလည်း ... ခုအပါအဝင်ဖြစ်သည်။

နောက်ပြီး . .

သူ၏ဖခင် တံခွန်တိုင်မြို့စားကြီးနှင့်ပတ်သက်၍လည်းကောင်း သူ၏ညီများ ... ဖြသော မောင်မောင်လတ်၊ မောင်မောင်လေးတို့နှင့်ပတ်သက်၍လည်းကောင်း၊ သူ၏ ... နှင့် ညီမများဖြစ်ကြသော ခင်ခင်ကြီး၊ ခင်ခင်လတ်၊ ခင်ခင်လေးတို့နှင့်စပ်လျဉ်း၍ ... ကောင်း ထင်ရှားလူသိများခြင်းလည်း ဖြစ်ပေသည်။

တကယ်တော့ တံခွန်တိုင်မိသားစု ထင်ရှားခြင်းပင်ဖြစ်ပါသည်။ နန္ဒကိုပင် ... တိုင်မိသားစုနှင့် ဆက်သွယ်နေသူတစ်ဦးအဖြစ် အသိအမှတ်ပြု ဆက်ဆံကြလေ ... ည်။

အစပထမတွင်မူ နန္ဒ သဘောကျသလိုရှိသည်။

တံခွန်တိုင်မောင်မောင်ကြီး လူသိများထင်ရှားသလို သူ့ရှမင်းခေါင်သည်လည်း ... ည်ကြီးသော တပ်မှူးတစ်ဦးဖြစ်သည်။ ဤသူနှစ်ဦးနှင့် တွဲဖက်လိုက်ပါနေရသည့် ... တ် သူ့ကိုလည်း လူသိများလာသည်။ မျက်နှာပွင့်လန်းသည်။ အခွင့်အလမ်းများ ... ပေါက်သည်။

အထူးသဖြင့် သူတို့သုံးဦးကို ဗိုလ်ချုပ်မင်းကြီး မဟာသမိန်ဘရမ်းက အလေး ... အရေးပေးသည့်အတွက် ကျေနပ်အားရမဆုံး ဖြစ်မိသည်။

မင်းကြီး မဟာသမိန်ဘရမ်းသည် အင်္ဂလိပ်တပ်များ သရက်မြို့တွင် စုရုံးရောက်ရှိ ... ကြောင်း၊ အင်္ဂလိပ်သင်္ဘောတစ်စင်း နယ်ခြားဒေသတွင်ရောက်ရှိနေကြောင်း ကြားသိရ ... ခါ မင်းလှခံမြို့နှင့် ဓွေးချောင်းခံမြို့တို့ကို အခိုင်အမာရှိစေပြီးနောက် ပန်တော်ပြင် ... တ်၊ ထူးပေါက်ကတုတ်နှင့် စစ်အောင်ခန်းကတုတ်တို့ကို လှည့်လည်စစ်ဆေးသည်။ ... ပင်ဝဲမြို့စောင့်တပ်ကို အင်အားဖြည့်တင်းပေးသည်။ ရေကြောင်းပိတ်ဆို့ရေးလုပ်ငန်း ... ၌ ဆောင်ရွက်နေသော အီတလီအင်ဂျင်နီယာ ကိုမိုတိုကို လိုအပ်သည်များ ညွှန်ကြား ... တုလွတ်ယဉ်ကျော်သင်္ဘောဖြင့် နယ်ခြားဒေသအထိ စုန်ဆင်းကြည့်ရှုသည်။

မင်းကြီး မဟာသမိန်ဘရမ်းသည် ဒွတ္တဘောင်မင်းကြီး တည်ခဲ့သည်ဆိုသော ... အောင်စေတီကို တက်ရောက်ဖူးမြော်ရင်း ကုန်းတော်ပေါ်မှနေ၍ နယ်မြေအ ... ကို မှတ်သားကြည့်ရှုရင်း မည်သို့ စိတ်ကူးပေါက်သွားသည်မသိ၊ စကားဆက် ... ဘဲ သူတို့သုံးဦးကို ပြောသည်။

"သူရက စစ်အောင်ခန်းကတုတ်မှာပဲနေ၊ ငါတို့ရဲ့တပ်ဦးမှာ ကုလားဖြူ ကုလားမဲ

www.burmeseclassic.com



စကားကောင်းစွာတတ်တဲ့လူတစ်ယောက် ရှိဖို့လိုတယ်၊ မောင်မောင်ကြီးနဲ့ နန္ဒတို့ကတော့ မင်းလှခံမြို့မှာ ငါနဲ့အတူရှိကြစေ''

ထိုအခါ မောင်မောင်ကြီးနှင့် သူရမင်းခေါင်တို့က ကန့်ကွက်စကားဆိုကြသည်။ မောင်မောင်ကြီးက စစ်ဦးကတုတ်တွင် နေလိုကြောင်းပြောသည်။ သူရကလည်း မောင်မောင်ကြီးကို သူနှင့်အတူ ရှိစေလိုကြောင်း သို့မဟုတ် မင်းလှမြို့သို့ သူ့ကိုပါခေါ်ရန် ပြောသည်။

မရချေ။

[ ၁ ]

သို့ဖြင့် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့က စစ်အောင်ခန်းကတုတ်ကို အင်္ဂလိပ်တပ်များက လာရောက်တိုက်ခိုက်သောအခါ မောင်မောင်ကြီးနှင့် နန္ဒတို့သည် မင်းလှခံမြို့တွင် ရှိနေကြသည်။

စစ်အောင်ခန်းကတုတ် ရန်သူလက်သို့ ကျသွားပြီ။ မိမိတို့တပ်သားများ ဆုတ်ခွာလာရကြောင်း သိရှိရသောအခါ မောင်မောင်ကြီးနှင့် နန္ဒ နေမထိထိုင်မသာရှိနေကြသည်။ ယခုဝင် ရှေ့တန်းသို့ သွားရောက်တိုက်ခိုက်ခွင့်ပြုရန် ဗိုလ်ချုပ်ထံ၌ခွင့်တောင်းကြသည်။

စစ်အောင်ခန်းကတုတ်မှ ဆုတ်ခွာလာကြသူများအနက် အချို့သည် ဆင်ပေါင်ဝဲမြို့စောင့်တပ်သို့ရောက်ရှိပြီး အချို့က ထူးပေါက်ကတုတ်သို့ ပေါင်းစပ်ကြသည်။ အချို့က မင်းလှခံမြို့နှင့် ပွေးချောင်းခံမြို့အထိ အဆီးအတားမရှိ ဆုတ်ခွာလာကြသည်။

မင်းလှခံမြို့သို့ ရောက်လာကြသူများထဲတွင် ဗလ၏လက်ရင်းလူ ဝက်ကြီးလည်း ပါရှိသည်။ ဝက်ကြီးတို့လူစုသည် မင်းလှစစ်မြေသို့ နန္ဒတို့ရောက်ရှိပြီးနောက် သုံးရက်အကြာတွင် အခြားတပ်ဖွဲ့များနှင့်အတူ ရောက်ရှိလာကြခြင်းဖြစ်သည်။

ဝက်ကြီးနှင့် သူ့လူငါးယောက်သည် မင်းလှခံမြို့သို့ ဆုတ်လာသူများတွင် ပထမဆုံးအသုတ်ဖြစ်သည်။ ထိုမှုမက ခံမြို့ကို လှည့်လည်စစ်ဆေးနေသော ဗိုလ်ချုပ် သမိန်ဘရမ်းရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာကြသည်။ ထိုအခါ ဗိုလ်ချုပ်က စစ်အောင်ခန်းတိုက်ပွဲအကြောင်း မေးမြန်းသည်။

ဝက်ကြီးက ရန်သူတို့တွင် လူသူလက်နက်အင်အား ကောင်းမွန်လှကြောင်း၊ ရန်သူတို့၏အမြောက်သည် ကြောက်မက်ဖွယ်ရာ ကောင်းလှကြောင်း၊ ရန်သူက ... ကြောင်း၊ ကြည်းကြောင်း နှစ်ဖက်ညှပ်၍တိုက်ခိုက်သဖြင့် မိမိတို့တပ်များသည် ... မတန်၍ မာန်လျှော့ကြရကြောင်း တင်လျှောက်သည်။



ထိုအချိန်က မင်းကြီးသမိန်ဘရမ်း၏အနီးတွင် မောင်မောင်ကြီးနှင့် နန္ဒတို့ ရှိကြသည်။

မောင်မောင်ကြီးက ဝက်ကြီး၏လက်မှ သေနတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ...င်းကို နမ်းကြည့်သည်။ ကျည်ကို စစ်ဆေးသည်။

''ကိုယ့်လူရဲ့သေနတ်က တစ်ချက်မှကလဲ မပစ်ပါကလား၊ မှန်းစမ်း··ဓားကို ...ရအောင်''

မောင်မောင်ကြီးက ပြောပြောဆိုဆို ဝက်ကြီး၏ဓားကို ချွတ်ယူလိုက်သည်။ ...သည် ဖိတ်ဖိတ်လက်နေသည်။ အစွန်းအထင်းမရှိ။

''ကြေနွ ကိုယ့်လူတို့ လမ်းမှာသေနတ်ပြောင်းတိုက်ပြီး ဓားကိုလည်း သ,လာ...သယ်နဲ့တူတယ်''

မောင်မောင်ကြီး၏စကားကြောင့် ဝက်ကြီး မျက်နှာပျက်သွားသည်။ ဆင်ခြေ... စကားရှာနေပုံရသည်။

''သူရရဲ့လူတွေ ဒါလောက်ပဲ သွေးကြောင်သလား''

ဗိုလ်ချုပ်က မေးသည်။ မောင်မောင်ကြီးက··

''ဗလရဲ့လူတွေပါ''

''သူရက ကျုပ်တို့အရင် ထွက်ပြေးတာပါ''

ဝက်ကြီး၏စကားမဆုံးမီမှာပင် မောင်မောင်ကြီးသည် ဝက်ကြီး၏ခါးကို လက်...ဖြင့် ဆုပ်ကိုင်ပြီးဖြစ်နေသည်။ ထို့နောက် လျှပ်တပြက်အတွင်းမှာပင် ဝက်ကြီး...ကိုယ်ကို လေထဲသို့ မြှောက်ပစ်လိုက်သည်။ ဝက်ကြီး၏ကိုယ်လုံးကြီးသည် လူနှစ်ရပ်...တက်သွားပြီး မြေပြင်သို့ အရှိန်ပြင်းစွာဖြင့် ပြန်ကျသည်။ ဝက်ကြီး မလှုပ်တော့။

''ကဲ-ကိုယ့်လူတို့ကော ဝက်ကြီးနောက်ကို လိုက်ကြမလား၊ တပ်ဦးကို ပြန်သွား...လား''

မောင်မောင်ကြီးက ဝက်ကြီး၏လူငါးယောက်ကို မေးလိုက်သည်။

''ကျွန်တော်မျိုးတို့ တပ်ဦးကိုပြန်သွားပါ့မယ်''

ငါးယောက်စလုံး မျက်ကလဲဆန်ပြာနှင့် ပြိုင်တူဖြေသည်။

''စစ်ဆိုတာ အနိုင်ရှိရင် အရှုံးရှိတာပဲ၊ စစ်တက်တာဟာ သေနင်္ဂဗျူဟာတစ်ခု...လို စစ်ဆုတ်တာဟာလည်း သေနင်္ဂဗျူဟာတစ်ခုပဲ၊ ငါတို့ဟာ တက်သင့်ရင် ...ယ်၊ ဆုတ်သင့်ရင် ဆုတ်ရမယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့သွေးသောက်တွေက အ...ပြီး ...တဲ့အချိန်မှာ ကိုယ်က သေနတ်တစ်ချက်မဖောက်ဘဲ တစ်ချက်မခုတ်ဘဲ ထွက် ...တာတော့ သစ္စာမဲ့တာပဲ''

www.burmeseclassic.com

www.burmeseclassic.com

“အေး..ဝက်ကြီးကပြောတယ်၊ သူရက အရင်ထွက်ပြေးတာတဲ့၊ ဝက်ကြီးစကား မှန်ရင် သူရကို ငါကိုယ်တိုင်သတ်မယ်”

သည်တွင် ဗိုလ်ချုပ်က မောင်မောင်ကြီး၏ပခုံးကို လက်ဖြင့်ပုတ်လျက်..

“ဒါကြောင့်မို့လို့ မောင်မောင်ကြီးကို ကျုပ်အားကိုးတာပေါ့၊ ကျုပ်အနားမှာ ထားတာပေါ့၊ ဒီတော့ ဒီလိုလုပ်၊ မောင်မောင်ကြီးနဲ့နန္ဒ ပန်တော်ပြင်ကတုတ်က စောင့်ပြီး စစ်ဆုတ်လာတဲ့လူတွေကို ကြီးကြပ်စေ၊ တပ်ပျက်လာတဲ့လူတွေကို တပ်သစ်ပြန်ဖွဲ့ပေးစေ”

သို့ဖြင့် မောင်မောင်ကြီးနှင့်နန္ဒသည် ရန်သူနှင့်ရင်ဆိုင်တိုးနေပြီဖြစ်သော မိမိတို့၏ စခန်းတပ်ရှိရာသို့ မသွားရောက်နိုင်ဘဲ မင်းလှခံမြို့၏ ရှေ့တန်းကတုတ်ဖြစ်သော ပန်တော်ပြင်တွင် သောင်တင်နေကြပြန်တော့သည်။

ပန်တော်ပြင်ကတုတ်သို့ ရောက်ရှိလာကြသူများထဲတွင် သူတို့တပ်မှလူများ ပါသော်လည်း သူရအကြောင်းကို မေးမြန်းစုံစမ်း၍ မရနိုင်ရှိသည်။ အချို့က တိုက်ပွဲမြ လျှင်မြန်ချင်းပင် သူရ ကျဆုံးသွားသည်ဟုဆိုသည်။ အချို့က ဝက်ကြီးပြောသည့်အတိုင်း ပင် သူရ ထွက်ပြေးသွားသည်ဟု ဆိုသည်။

စစ်အောင်ခန်းကတုတ်မှ ဆုတ်ခွာလာသူအများအပြားသည် ဆင်ပေါင်ဝဲပြို့ စောင့်တပ်နှင့် ထူးပေါက်ကတုတ်တွင် ရှိနေကြသည်။ မောင်မောင်ကြီးနှင့် နန္ဒတို့သည် ထူးပေါက်ကတုတ်သို့သွားပြီး သူရအကြောင်း စုံစမ်းချင်သည်။ စစ်အောင်ခန်းတိုက်ပွဲ အကြောင်း အသေးစိတ်မေးမြန်းလိုက်သည်။ သို့ပေမယ့် မင်းကြီးသမိန်ဘရမ်းက ခွင့် မပြုချေ။

သို့ဖြင့် မောင်မောင်ကြီးနှင့်နန္ဒတို့သည် ပန်တော်ပြင်ကတုတ်တွင် နှစ်ရက်တာမျှ အချိန်ကုန်လွန်သွားသည်။

[ ဂ ]

တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ဆင်ပေါင်ဝဲနှင့် ထူးပေါက်ကတုတ် ကို အင်္ဂလိပ်တပ်များက တစ်ပြိုင်တည်းတိုက်ခိုက်ကြောင်း ပန်တော်ပြင်ကတုတ်က ကြားသိရလေသည်။ ဤတွင် မောင်မောင်ကြီးနှင့်နန္ဒတို့ ဆောက်တည်ရာမရဖြစ်သည်။ နောက်ဆုံးကြားရသော သတင်းများအရဆိုလျှင် သူရသည် ခြေတစ်ဖက်တွင် အမြောက် ထိမှန်ခြင်းခံရပြီး ထူးပေါက်ကတုတ်တွင် ရှိနေသည်ဟုဖြစ်သည်။

မောင်မောင်ကြီးသည် နေပူကျဲကျဲတွင် တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန်



...တ်နေသည်။ ထမင်းအိုးတစ်လုံးတည်ခန့်ကြာသောအခါ စိတ်ကူးရသွားဟန်ဖြင့် ...တော်ပြင်ကတုတ်မှူး၊ စကဝန်ယွန်၊ စုဝန်မင်းရဲညွှန့်ထံသို့ သွားရောက်ပြီး ယခု ...ါက်ကတုတ်ကို ရန်သူများ စီးနင်းတိုက်ခိုက်နေပြီဖြစ်ကြောင်း၊ မိမိတို့တပ်သားများ ...ါက်ကတုတ်မှ ကစဥ့်ကလျား ဆုတ်ခွာမလာစေရန် မင်းကြီး အမိန့်ရှိထားသည့် ...ိုင်း မိမိနှင့်နန္ဒ လမ်းခရီးမှ စောင့်ကြို ကွပ်ညှပ်မည်ဖြစ်ကြောင်း ပြောဆိုသည်။

ဤတွင် မင်းရဲညွှန့်က ပြုံးလျက်..

“ဗိုလ်မင်းတို့ပြောတဲ့ လမ်းခရီးက ထူးပေါက်ကတုတ် မရောက်ခင် တစ်ခေါ ...တ်ကို ပြောတာမဟုတ်လား”

မောင်မောင်ကြီး မဖြေ။

“ဟုတ်ပြီလေ၊ မင်းကြီးအမိန့်ရှိတာက ဗိုလ်မင်းတို့နှစ်ယောက် ပန်တော်ပြင် ...တ်မှာ ရှိရမယ်လို့ဆိုတာပဲ၊ ပန်တော်ပြင်ကတုတ်အပြင်ကို မထွက်ရဘူးလို့ ဆိုတာမှ ...တ်ထဲ၊ သည်တော့ သွားလိုက သွားကြပေါ့၊ ပန်တော်ပြင်ကတုတ်မှာ အရေးကိစ္စ ...ါမှာသာ ဗိုလ်မင်းတို့ တာဝန်မလစ်ရှိနေကြပါစေ”

သို့နှင့် မောင်မောင်ကြီးနှင့်နန္ဒတို့ ပန်တော်ပြင်ကတုတ်မှ ညနေသုံးချက်တီး ...တွင် ထွက်လာကြသည်။ ထိုအချိန်တွင် ထူးပေါက်ကတုတ်သည် ရန်သူ့လက်သို့ ...တ်ပြီးဖြစ်ကြောင်းကိုကား သူတို့မသိရှိကြချေ။

[ ဃ ]

...တ် ခရီးတစ်ဝက်မကျိုးမီမှာပင် အခြေအနေမှန်ကို သူတို့သိရှိကြရသည်။ ထူး ...ကတုတ်မှ ဆုတ်ခွာလာသူများကို တွေ့ကြရသည်။

ထူးပေါက်ခံကတုတ်တွင် ဘောင်ဝန်မဟာမင်းထင် မင်းလှသီဟသူနှင့် တပ်သား ... လက်သစ်လေ့သင်းဗိုလ် မဟာမင်းလှသီဟကျော်စွာနှင့် တပ်သား ငါးရာငါးဆယ်၊ ... စစ်အောင်စခန်းခံတပ်မှ ဆုတ်ခွာပူးပေါင်းလာသူများနှင့်ဆိုလျှင် မိမိတို့ဘက်မှ ...အား စုစုပေါင်း ထောင့်နှစ်ရာကျော်ရှိသည်။ အမြောက်ကြီး လေးလက်နှင့် ...လက်ရှိသည်။ အမြောက်ကြီးလေးလက်အနက် နှစ်လက်သည် ရှေးရိုးကျည်လုံးပစ် ... အခြားနှစ်လက်သည် ကျည်ကွဲဖြစ်သည်။

ယနေ့နံနက် ရှစ်နာရီသာသာလောက်တွင် အင်္ဂလိပ်သင်္ဘောများသည် ထူးပေါက် ...အောက်ဘက် တစ်တိုင်ကွာလောက်တွင်ရှိသော တောင်ချမ်းတော…သို့ ဆိုက် ...သည်။ အင်္ဂလိပ်တပ်သားများ ကမ်းပေါ်သို့တက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ကိုးနာရီခွဲလောက်တွင် အင်္ဂလိပ်တပ်များ ထူးပေါက်ကတုတ်ဆီသို့ ချီတ
လာကြသည်။ သင်္ဘောများလည်း မြစ်ကြောင်းအတိုင်း ဆန်တက်သွားကြသည်။

နံနက် ၁၁-နာရီခွဲလောက်တွင် အင်္ဂလိပ်တပ်များ ထူးပေါက်ရွာတွင် စခန်း
ရပ်သည်။ ရွာနှင့်ခံတပ်သည် မိုင်ဝက်ခန့်ဝေးသည်။

ယင်းအချိန်မှာပင် မြစ်ကြောင်းအတိုင်း ဆန်တက်လာသော အင်္ဂလိပ်စစ်သင်္ဘော
များ ခံတပ်အနီးသို့ ရောက်လာသည်။

သင်္ဘောများကို မိမိတို့ဘက်မှ အမြောက်များဖြင့်စတင်တိုက်ခိုက်သည်။ အင်္ဂလိ
သင်္ဘောများက ပြန်လည်ပစ်ခတ်သည်။ ယင်းသို့ အမြောက်များ အပြန်အလှန် ပစ်ခ
နေရစဉ်တွင် အင်္ဂလိပ်တပ်များက ခံကတုတ်ကို စီးနင်းတိုက်ခိုက်သည်။

ဤစစ်ပွဲသည် လူချင်းတိုက်ရသောစစ်ပွဲမဟုတ်၊ အမြောက်ချင်းတိုက်ရသေ
စစ်ပွဲဖြစ်သည်။ မိမိတို့ဘက်မှ အမြောက်များသည် အင်္ဂလိပ်အမြောက်များလော
မဝေးချေ။ မိမိတို့က ရန်သူသင်္ဘောကို အမြောက်မမီ၊ အမြောက်ဆံမှာ ရေထဲမှာ
ကျသည်။ ရန်သူသင်္ဘောကပစ်သော အမြောက်ဆံသည် မိမိတို့ခံကတုတ်ကို ထိ
ပျက်စီးစေသည်။

သေနတ်ချင်း ယှဉ်ပြိုင်ရာတွင်လည်း မိမိတို့ဘက်မှ တစ်ပန်းရှုံးသည်။

နောက်ဆုံးတွင် ကတုတ်ကိုလက်လွှတ်ပြီး ယန်တော်ပြင်သို့တပ်ဆုတ်ရန် ဆုံးဖြ
လိုက်ကြရသည်။ ကတုတ်တွင်းရှိ အဆောက်အဦများနှင့် အမြောက်များကို ဖျက်ဆီ
ပြီးနောက် တပ်စဉ်အလိုက် ဆုတ်ခွာစေသည်။ အစုငယ်ကလေးများခွဲ၍ ဆုတ်ခွာ
သည်။

မောင်မောင်ကြီးနှင့်နန္ဒသည် ဆုတ်ခွာလာသော တပ်စုတပ်စိတ်ကလေးများ
စုစည်းပြီး ညအချိန်တွင် ရန်သူကို ပြန်လည်တိုက်ခိုက်ရန် ကြိုးပမ်းကြည့်သည်။ သူတို
အကြံအစည်ကို လက်ခံလိုက်နာလိုသူ အနည်းငယ်မျှသာ ရှိသည်။ အများစုကမူ မိမိ
ဤယန်တော်ပြင်ကတုတ်သို့ ဆုတ်ခွာရန်သာ အမိန့်ရှိကြောင်းဖြင့် ဆင်ခြေတက်ကြသ

မိမိတို့အချင်းချင်း ပဋိပက္ခမဖြစ်လိုသဖြင့် မောင်မောင်ကြီးနှင့်နန္ဒတို့သည် မိ
တူသူများကိုသာ စုစည်းသည်။ အထူးသဖြင့် မိမိတပ်ဖွဲ့မှ လူများကို ရှာဖွေခေါ်
သည်။ လူဆယ်ယောက်ရရှိသည်။

ဤအတွင်းတွင် ဘော်ဝန်သီဟသူနှင့် လှေသင်းမိုလ် သိဒ္ဓိကျော်စွာတို့ကို
သည်။ မတွေ့ရှိချေ။ သူရကို စုံစမ်းသည်။ တိကျသောသတင်းမရ။ သူရသည်
အောင်ခန်းတိုက်ပွဲမှာပင် အစအနပျောက်နေသည်။ ထူးပေါက်ကတုတ်သို့ ရောက်
သည်ကတော့ အမှန်ပင်ဖြစ်သည်။ ဤတွင် မောင်မောင်ကြီးနှင့်နန္ဒတို့သည် သူ

တ်ပြီး စိတ်မတင်မကျဖြစ်နေသည်ကို ရှင်းလင်းနိုင်ရန် စစ်အောင်ခန်း ခံတပ်
သွားရောက်သင့်က သွားရောက်ရန် ပိုင်းဖြတ်လိုက်ကြသည်။

ယင်းသို့ဖြင့်..

နေဝင်ရီသရောအချိန်တွင် မောင်မောင်ကြီးတို့သည် ထူးပေါက်ခံကတုတ်၏
တ်မြောက်ဘက် မိုင်ဝက်ခန့်တွင်ရှိသော တောရကျောင်းသို့ ရောက်ရှိသွားကြသည်။

[ ၄ ]

ကျောင်းသည် ကုန်းမြင့်ကလေးတစ်ခုပေါ်တွင် တည်ရှိသည်။ တောရကျောင်းမှ
ကြည့်လျှင် ထူးပေါက်ရွာကိုလည်းကောင်း၊ ထူးပေါက်ကတုတ်ကိုလည်းကောင်း၊ ဧရာဝ
တီမြစ်ကျဉ်းကိုလည်းကောင်း ကောင်းစွာတွေ့မြင်နိုင်သည်။

မောင်မောင်ကြီးတို့ ရောက်သွားသည့်အချိန်တွင် ထူးပေါက်ရွာသည် ငြိမ်သက်
နေသည်။ ထူးပေါက်ကတုတ်မှ မီးခိုးများ တငွေ့ငွေ့တက်နေသည်။ ဧရာဝတီမြစ်
ကျဉ်းအထက်ဘက်တွင် အင်္ဂလိပ်စစ်သင်္ဘောနှစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရ
သည်။

မောင်မောင်ကြီးတို့သည် လွန်ခဲ့သည့်ရက်အနည်းငယ်က ဗိုလ်ချုပ် သမိန်ဘရမ်း
နှင့်အတူ ထူးပေါက်ကတုတ်သို့ ရောက်ခဲ့စဉ်ကတည်းကပင် ဤတောရကျောင်းတွင်သို့
ရောက်ခဲ့သည်။

တောရကျောင်းသည် ကုန်းမြင့်ကလေးပေါ်တွင် တည်ရှိသည်မှန်သော်လည်း
ကတုတ်မှကြည့်သောအခါ တစ်မြေပြင်တည်းလောက်တွင်ရှိသည်။ ယင်း၏သဘောမှာ
ကတုတ်နှင့် တောရကျောင်းအကြားနယ်မြေသည် ချိုင့်ဝှမ်းများရှိသောကြောင့်ဖြစ်သည်။
ကတုတ်နှင့် တောရကျောင်းအကြောင်းအကွာအဝေး တစ်ဝက်လောက်တွင် လျှိုမြောင်
ရှိသည်။ တောရကျောင်း၏ အနောက်ဘက်တွင် တောအုပ်တစ်ခုရှိသည်။ တောရ
ကျောင်း၏ မြောက်ဘက်နှင့် တောင်ဘက်တွင်ကား လွင်တီးခေါင်ဖြစ်သည်။ သို့သော်
သည် မညီညာလှိုင်းတွန့်လျက်ရှိသည်။ အချို့နေရာတွင် ချုံပုတ်ငယ်များရှိသည်။

မောင်မောင်ကြီးတို့သည် တောအုပ်ကိုဖြတ်ပြီး တောရကျောင်းသို့ ရောက်ရှိ
ခြင်းဖြစ်သည်။ တောအုပ်နှင့် တောင်ရကျောင်းသည် ဆက်စပ်လုနီးနီးဖြစ်သည်။
အုပ်မှထွက်၍ တောရကျောင်းသို့ ဝင်သည်ကို ရွာမှသော်လည်းကောင်း၊ ကတုတ်
လည်းကောင်း၊ မြစ်ကမ်းရိုးတစ်လျှောက်မှသော်လည်းကောင်း တွေ့မြင်နိုင်ရန်
သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်တိုင်··

တောရကျောင်းသို့ ရောက်ရှိပြီး အချိန်အနည်းငယ်အတွင်းမှာပင် ထူးပေါက် ဆီမှ မြင်းတစ်အုပ်ထွက်ပေါ်လာသည်ကို တွေ့မြင်ကြရသည်။ အကျီနီများ ဝတ် ထားသော ရန်သူမြင်းစီးတပ်သားများ ဖြစ်သည်။ သေနတ်ထိပ်များ၌ တပ်ဆင်ထား လှံငယ်ကလေးများသည် နေရောင်တွင် ဖွေးဖွေးလက်နေကြသည်။

"ကျုပ်တို့ရောက်နေတာကို ဒင်းတို့ ဘယ်လိုလုပ်ပြီး သိသွားကြသလဲမသိဘူး"

ရဲမက်တစ်ယောက်က ထိတ်လန့်တုန်လှုပ်စွာ ပြောသည်။ မောင်မောင်ကြီး ထိုလူကို စကားမပြောရန် လက်ရိပ်ပြလိုက်သည်။ တစ်ပြိုင်တည်းမှာပင် အကာအကွ ကောင်းများယူပြီး သေနတ်များ အသင့်ရှိရန် အမိန့်ပေးသည်။

ရန်သူအင်အား သုံးဆယ်ခန့်ရှိသည်။ ရန်သူမြင်းတပ်ဖွဲ့သည် ဖြန့်လျက်တက် သည်မဟုတ်၊ အုပ်ဖွဲ့၍ ရှေ့နောက်ဆင့်ကာ ဖြစ်သည်။ နှစ်ယောက်သည် အများ၏ရှေ့ ဝါးနှစ်ထောက်လောက် ချန့်ထွက်နေသည်။ ယင်းနှစ်ယောက်မှာပင် ရင်ဘောင်တ မဟုတ် ရှေ့နောက်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် တစ်လံနှစ်လံလောက် လှမ်းသည်။

လျှို၏တစ်ဘက်ထိပ်တွင် ရွာသချိုင်းရှိသည်။ မြေပုံများ၊ ဂူများနှင့် ဇရပ်ရှိသည်

ရှေ့ဆုံးမှ ရန်သူနှစ်ဦးသည် သချိုင်းထိပ်သို့အရောက်တွင် မြင်းချင်းယှဉ် လူချင်းပူးသွားကြသည်။ နောက်မှလိုက်ပါလာသူက ရှေ့ကလူကို လှံငယ်တပ်ထား သေနတ်ဖြင့် လှမ်းထိုးလိုက်သည်။ ရှေ့ကလူ၏ လက်ထဲတွင် မည်သည့်လက်နက် မရှိကြောင်း သူတို့ယခုမှ သတိပြုမိသည်။

မမျှော်လင့်သော အခြင်းအရာများကို မြင်တွေ့ရသဖြင့် သူတို့ အံ့ဩစွာ ကြ နေမိကြသည်။

သူတို့မြင်တွေ့ရသောအဖြစ်အပျက်များသည် မြန်ဆန်လှသည်။ လှံစွပ်နှင့် အ ခံရသူသည် ဘာမျှမဖြစ်ဘဲ လှံစွပ်နှင့် ထိုးသူသာလျှင် မြင်းပေါ်မှကျသွားသည်။ သေ မှာလည်း မြင်းပေါ်မှလူ၏လက်ထဲ၌ ကျန်ရစ်သည်။ ထိုသူက မြေပြင်သို့ကျသွားသူ ထိုသေနတ်ဖြင့် ချိန်ထားလိုက်သည်။ နောက်မှ လိုက်ပါလာသော မြင်းအုပ်ကိုလည် တစ်စုံတစ်ခု လှမ်းပြောလိုက်သည်။

မြင်းအုပ်ကြီး တုန့်ခနဲရပ်သွားသည်။

"သေသေချာချာကြည့်ကြစမ်း ရှေ့ကလူဟာ သူရမဟုတ်လား"

မောင်မောင်ကြီးက ပြောလိုက်သည်။ ထိုအခါတွင်မှ အားလုံးက ဟုတ် ကြောင်း အတည်ပြုသည်။



ယင်းအခိုက်မှာပင် ရန်သူစစ်သားက အလစ်တွင် တိုက်ခိုက်ရန်ကြိုးစားသဖြင့် သူရသည် သေနတ်ကို အသုံးပြုလိုက်ရသည်။ ရန်သူစစ်သား ခွေကျသွားသည်။ သူ့တွင် ခံပြုရန် မရှိတော့သဖြင့် သူရသည် လျှိုဘက်သို့ မြင်းကို အပြင်းစိုင်းသည်။ သူများက တစ်ပြိုင်တည်းပစ်ခတ်သည်။

သူရရော မြင်းရော လျှိုထဲသို့ထိုးကျသွားသည်။

ရန်သူတပ်သားများ တစ်ဟုန်ထိုးတက်လာကြသည်။ မောင်မောင်ကြီးက ပစ်ရန် ပေးလိုက်သဖြင့် တောရကျောင်းအတွင်းမှ သေနတ်သံများ တစ်ပြိုင်တည်း မြည် ၍ထွက်သွားသည်။

ရန်သူတပ်သားနှစ်ဦး ကျသွားသည်။ ရန်သူများ ချက်ချင်းနောက်ကြောင်းပြန် သွားသည်။ မောင်မောင်ကြီးတို့က ဆက်တိုက်ပစ်ခတ်သည်။ ထိမှန်ကျဆုံးခြင်း တော့၊ သို့သော် ရွာတွင်းသို့ရောက်အောင် ဆုတ်သွားကြသည်။

မောင်မောင်ကြီးသည် ချက်တဖြုတ်အတွင်းမှာပင် ဖောင်းဝတ်ရောင်မြင်းကြီးကို ိုင်းလျက် သူရကျသွားရာ လျှိုဆီသို့ထွက်သွားသည်။ လျှိုထိပ်သို့ မောင်မောင်ကြီး တ်သွားချိန်တွင် ရွာဘက်မှ သေနတ်သံများထွက်ပေါ်လာသည်။ မောင်မောင်ကြီးကို တ်ကြခြင်းဖြစ်သည်။

ဖောင်းဝတ်ရောင်မြင်းကြီးသည် လျှိုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား ည်။ ရန်သူတို့ဘက်မှ အပစ်အခတ်ရပ်သွားသည်။ နန္ဒတို့ကလည်း အပစ်အခတ်အပြ ား အတန်ကြာသောအခါ ဖောင်းဝတ်ရောင်မြင်းကြီး လျှိုထဲမှတက်လာသည်။ သူရ မောင်မောင်ကြီး သယ်ဆောင်လာသည်။ ရန်သူတို့ဘက်မှ ပစ်ခတ်သည်။ နန္ဒတို့က လည်ပစ်ခတ်သည်။

ခဏအကြာတွင် ဖောင်းဝတ်ရောင်မြင်းကြီး တောရကျောင်းအတွင်းသို့ ရောက် သည်။ မောင်မောင်ကြီးက သူရကို ကျည်ကွယ်ကောင်းသောနေရာတွင် ချထား သည်။ နန္ဒက ကူညီဖေးမရင်း··

"ကိုသူရ ဘယ့်နှယ်နေသေးသလဲ၊ ဘယ်နေရာ ထိသွားသလဲ"

"ဘယ့်နှယ်မှမနေဘူး၊ ဘယ်နေရာမှမထိဘူး၊ မမေးကြစမ်းပါနဲ့ဗျာ၊ ကျုပ် ွန်းလို့"

သူရ၏အဖြေကြောင့် ကြားရသူတိုင်း နားမလည်နိုင်ရှိနေကြသည်။ သူ့ကို ခတ်နေကြသည်။ သူ့တွင် ဒဏ်ရာကြီးကြီးမားမား မရှိသည်တော့အမှန် အပွန်း လေးများသာ မြင်ရသည်။ မောင်မောင်ကြီးက··

"နေစမ်းပါဦး··သူငယ်ချင်းရ၊ ဘာဖြစ်လို့ရှက်တာတုန်း၊ ဒီရက်တွေအတွင်း

www.burmeseclassic.com

www.burmeseclassic.com



နင် ဘယ်ရောက်နေတာတုန်း၊ ဘာတွေလုပ်နေသတုန်း''

''ငါ ဘယ်မှလည်း မရောက်ဘူး၊ ဘာမှလည်းမလုပ်ဘူး၊ ငါကနေ့မှ စစ်အောင်ခန်းခံတပ်က လာတာ''

''ယော-နင် အဲဒီမှာ ဘာလုပ်နေတာတုန်း''

''ငါ့အဖြစ်က ပြောရမှာ ရှက်စရာကြီးပါကွာ၊ စစ်အောင်ခန်းကို ရန်သူရောက်ဝိုင်းလာတော့ ငါတော့ပွပြီ၊ တစ်ချီတစ်မောင်းတော့ စစ်ကောင်းကောင်းတိုက်ရပြီး အောက်မေ့နေတုန်း ငါ့ဘေးမှာ အမြောက်ဆံကျတယ်၊ မျက်လုံးတွေပြာပြီး နားအူသွားတယ်၊ ငါသတိရလို့ မျက်လုံးဖွင့်ကြည့်တော့ ခံတပ်မှာ ဘယ်သူမှမရှိတော့ဘူး ငါတို့လူတွေလည်းမရှိတော့ဘူး၊ ရန်သူတွေလည်း မရှိတော့ဘူး၊ ငါ့ကိုယ်ငါ ဘာဖြစ်နေသလဲ ပြန်ကြည့်လိုက်တော့ ဘာမှမဖြစ်ဘူး၊ ငါ့မှာ ဘာဒဏ်ရာမှမရှိဘူး၊ ဒါပေမဲ့ ငါ့ကိုယ်မှာ သွေးတွေခင်းကြမ်းပဲ၊ ဘယ်သူ့သွေးတွေလဲမသိဘူး၊ လူတွေက ငါ့ကို သွေးအိုင်ထဲမှာတွေ့တော့ ငါသေပြီလို့ တွက်ကြတယ်နဲ့တူပါတယ်''

''အေး··ဒါကြောင့်မို့လို့ နင့်အကြောင်း ငါတို့စုံစမ်းလို့မရတာကိုး၊ တိုက်ပွဲလည်းပြီးရော နင်လည်းပျောက်သွားရောတဲ့၊ တချို့က နင်ထွက်ပြေးသွားတယ်တဲ့''

''တယ်··ဘယ်ငမိုက်သားက ငါ့ကို ဒီလိုပြောတာလဲ၊ ဒင်းကို ငါချက်ချင်းသတ်မယ်''

''နင်သတ်စရာမလိုပါဘူး၊ ငါသတ်လိုက်ပါပြီ''

''ဘယ်သူလဲ''

''ဝက်ကြီး''

''တယ်··''

''တချို့ကတော့ နင် အင်္ဂလိပ်တွေဆီ အညွှန့်ခံပြီး ဝင်သွားတယ်တဲ့''

''တယ်··''

''အခုမှတော့ တယ်တွေတက်တွေ လုပ်မနေနဲ့၊ နင်ကလည်း နင်ပဲ၊ မုံးဆံကျွဲအနဲ့မေ့နေရအောင် နင်ယောက်ျားမဟုတ်ဘူးလား၊ မီးနေသည်လား''

မောင်မောင်ကြီးကပြောလိုက်ရာ သူရ ဝုန်းခနဲထပြီး မောင်မောင်ကြီး၏လည်ပင်းကိုညှစ်သည်။ မောင်မောင်ကြီးက တံတောင်နှစ်ဖက်ကို စုံခတ်ပြီး ရုန်းကန်လိုက်ရသည်ပြီးလျှင်··

''သူငယ်ချင်းရယ်··ငါကျီစားတာပါကွာ၊ စိတ်မဆိုးပါနဲ့''

''ငါစိတ်မဆိုးပါဘူး၊ ငါရှက်တာပါပဲ''

''ကဲပါ··နင့်အကြောင်း ဆက်ပါဦး၊ နင် ထူးပေါက်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာတုန်း၊ ဒီအဝတ်အစားတွေ ဘယ်လိုလုပ်ပြီး ဝတ်ထားတာတုန်း''

''အေး··ငါလည်း သတိရရချင်း ထူးပေါက်ကို လာခဲ့တာပါပဲ၊ ငါတို့လူတွေ ထူးပေါက်မှာ ရှိရမယ်လို့ သိတယ်လေ၊ ငါ့မှာ မြင်းမရှိဘူး၊ ကုန်းကြောင်းလာရတယ်၊ ငါ့အဝေးကြီးကတည်းက အမြောက်သံသေနတ်သံတွေ ကြားနေရတယ်၊ ထူးပေါက်နဲ့ ဆင်ပေါင်ဝဲမှာ တိုက်ပွဲဖြစ်နေပြီဆိုပြီး ငါအတင်းပြေးလာတာပဲ၊ ဒါပေမဲ့ မမီတော့ဘူး၊ ငါလည်း ရွာထိပ်ရောက်ရော တိုက်ပွဲလဲပြီးရောပဲ၊ ငါတို့လူတွေ ကတုတ်က ဆုတ်သွားကြပြီ၊ အကြွင်းအကျန်တွေနဲ့ ဒဏ်ရာရတဲ့လူတွေကို မြင်းစီးကုလားတွေကို လိုက်ဖမ်းနေကြတယ်၊ ငါ့ကိုလည်း သူတို့တွေ့သွားပြီး လိုက်ဖမ်းကြတယ်၊ ငါလည်း အိမ်တစ်အိမ်မှာ ဝင်ပုန်းနေရတယ်၊ သူတို့လိုက်ရှာကြတယ်''

သူရက ခေတ္တနားသည်။ ရေတောင်းသောက်သည်။ ပြီးမှ ဆက်ပြောသည်။

''ငါပုန်းနေတဲ့အိမ်ထဲကို ကုလားတစ်ကောင်ဝင်လာတယ်၊ ငါလည်း အဲဒီကောင်ကို ခုနကလို လည်ပင်းညှစ်ပြီး အဝီစိပို့လိုက်တယ်၊ ငါလည်း သူ့အဝတ်အစားတွေ ဝတ်ပြီး အိမ်ထဲကထွက်မယ်လုပ်တုန်း ကုလားနှစ်ကောင်ရောက်လာပြီး သေနတ်နဲ့ ချိန်ဖမ်းတာပဲ၊ ငါလည်း ဒင်းတို့အဖမ်းတော့မခံဘူး အသေခံမယ်ဆိုပြီး အိမ်ရှေ့မှာရှိနေတဲ့ မြင်းတစ်ကောင်ပေါ် ခုန်တက်ပြီး ထွက်ခဲ့တာပဲ၊ နောက်ပိုင်းဖြစ်တာတော့ နင်တို့အမြင်ပဲ''

ထိုစဉ်တွင် သေနတ်သံများ ထွက်ပေါ်လာသည်။ သူတို့ဘက်မှ ပစ်ခတ်ခြင်းဖြစ်သည်။ မောင်မောင်ကြီးက··

''ဟေ့-ဘာကိုပစ်တာလဲဟေ့''

''မြင်းစီးကုလားနှစ်ကောင် ရွာထဲကထွက်လာလို့ ပစ်တာ၊ ပြန်ဝင်သွားကြပြီ''

မောင်မောင်ကြီး၊ နန္ဒနှင့် သူရတို့ ရွာဆီသို့ကြည့်သည်။ သူရက သေနတ်အစ်လက် တောင်းယူသည်။

သူတို့ဘက်မှ သေနတ်တစ်ချက် ပစ်ဖောက်ပြန်သည်။ ရွာဘက်မှ မြင်းစီးကုလား ထွက်လာသည်ကိုမတွေ့ရ။ ထို့ကြောင့် မောင်မောင်ကြီးကပင် သေနတ်သမားကို မေးသည်။

''ဘာမှလည်းမတွေ့ပါလား၊ ဘာကိုပစ်ပြန်တာလဲ''

သေနတ်သမားက လျှိုထိပ်ရှိ ရွာသင်္ချိုင်းဆီသို့ လက်ညှိုးညွှန်ပြရင်း··

''စောစောက ဗိုလ်မင်း သေနတ်နဲ့ပစ်ခဲ့တဲ့ကုလား မသေသေးဘူး၊ ရွာဘက်ကို အရွေ့ရွေ့သွားနေတယ်''

ဟုတ်သည်။ သူရကို ရှေ့ဆုံးမှလိုက်၍ဖမ်းသူ၊ သူရက ဓားစာခံပြုသူ၊ နောက်ဆုံး၌ သူရက သေနတ်ဖြင့်ပစ်ခတ်သဖြင့် လဲကျသွားသူ၊ အကြမ်းသူသည် မသေသေး

www.burmeseclassic.com



ချေ၊ မြေပုံများအကြားသို့ မိကျောင်းကဲ့သို့ တွားရွှဲသွားနေသည်။

''အဲဒီကောင်ကို အရှင်ရအောင်ဖမ်းတာ ဒင်းကမခံလို့ ကျုပ်မလွှဲသာလို့ ပစ်ရတာ၊ မပစ်ချင်ဘူး၊ ဒင်းကိုအရှင်ရရင် ကျုပ်တို့သိချင်တာတွေ အများကြီးသိရမယ် ဒင်းက အင်္ဂလိပ်မြင်းတပ်ဗိုလ်''

ထိုစဉ်တွင် ရွာမှ မြင်းစီးကုလားငါးယောက် ထွက်လာပြန်သည်။ တောရ ကျောင်းမှ ဒလစပ်ပစ်ခတ်သည်။ ကုလားတစ်ယောက် ကျသည်။ ကျန်သုံးယောက် ပြန်လှည့်သွားသည်။

''ဒင်းတို့ဗိုလ်ကို ကယ်ဖို့ကြိုးစားနေကြတာ၊ အကာပ်မခံနဲ့၊ ဒါ ငါတို့အခွင့်အရေး ဒင်းတို့ဗိုလ်ကို ငါတို့လက်ရောက်အောင် လုပ်ရမယ်''

မောင်မောင်ကြီးက ယင်းသို့ပြောနေစဉ်မှာပင် တောရကျောင်းအတွင်းမှ မြင်းနက် ကြီး တဆုန်ချွှ်ထွက်သွားသည်။ နန္ဒဖြစ်သည်။ သူရက လိုက်မည်ပြုရာ မောင်မောင်ကြီး က တားသည်။

''တစ်ယောက်ပဲသွား၊ ဘာလို့ နှစ်ယောက်သွားမှာလဲ''

''ကျုပ်ဖမ်းလာတဲ့ကောင် ကျုပ်ရအောင်ယူချင်လို့''

''ဘယ်သူပဲယူယူ အတူတူပါပဲ''

ရွာဆီမှ သေနတ်သံများထွက်ပေါ်လာသည်။ နန္ဒကို ပစ်ခတ်ခြင်းဖြစ်သည်။ မောင်မောင်ကြီးတို့က ရွာဆီသို့ ပြန်လှန်ပစ်ခတ်သည်။

နန္ဒသည် ရန်သူတို့ မိုးသီးမိုးပေါက် ပစ်ခတ်သည်ကို အမှုမထားဘဲ မရှောင် မနှစ် တိုးသွားသည်။ မိမိတို့ဘက်မှ တစ်ပန်းသာသည်မှာ ပထဝီအနေအထားဖြစ်သည်။ တောရကျောင်းသည် အမြင့်ပိုင်းဖြစ်သည်။ အပေါ်စီးရသည်။ ရွာတည်နေရာသည် တောရကျောင်းနှင့်စာလျှင်သော်လည်းကောင်း၊ ကတုတ်နှင့်စာလျှင်သော်လည်းကောင်း အနည်းငယ်နိမ့်သည်။ ၎င်းပြင် တောရကျောင်းမှ လျှိုဆီသို့ သွားရာလမ်းသည် ရေကျ မြောင်းရိုးကလေးဖြစ်သည်။ ရွာမှပစ်ခတ်သော ကျည်ထိမှန်ရန် ခဲယဉ်းသည်။

ရန်သူများသည် ယင်းအနေအထားကို သိမြင်ဟန်ရှိသည်။ နန္ဒ ခရီးတစ်ဝက် လောက် ကျိုးချိန်တွင် ရွာတွင်းမှ မြင်းအုပ်ကြီး ထွက်လာသည်။ မောင်မောင်ကြီးတို့ သဲသဲမဲမဲ ပစ်ခတ်သည်။ တစ်ယောက်နှစ်ယောက်ကျသည်။ သို့သော် နောက်မဆုတ်ချေ။ ဤတစ်ကြိမ်တွင် ရန်သူသည် သူတို့လူကို အသေခံပြီး ရယူမည့်ဟန်ရှိသည်။

နန္ဒသည် ရန်သူမြင်းတပ်ထွက်လာသည်ကို တွေ့သောအခါ မြင်းကို ကြိမ်ရိုက်လိုက် နှင်သည်။ နန္ဒ လျှိုထဲသို့ ဆင်းသွားသည်။ တစ်ဘက်ကမ်းပါးသို့ တက်သည်။ ရွာသချိုင်း တွင်းသို့ အရှပ်အနားမရှိ ဝင်သည်။

ရန်သူစစ်ဗိုလ်ကို နန္ဒက လက်ပြန်ချုပ်ပြီး သူ့မြင်းပေါ်သို့ ဆွဲတင်လိုက်သည် နှင့်တစ်ပြိုင်နက် ရန်သူတို့ဘက်မှ အပစ်အခတ်ရပ်သွားသည်။

မောင်မောင်ကြီးကလည်း သူ့လူများကို မပစ်ရန်တားလိုက်သည်။

ရန်သူမြင်းတပ်သည် ပထမတွင် တုံ့ရပ်သွားသည်။ ထို့နောက် နန္ဒရှိရာသို့ တဖြည်းဖြည်းတိုးလာကြသည်။ နန္ဒက သေနတ်ကို ကျောတွင်လွယ်လိုက်ပြီး ဓားမြှောင် ဖြင့် ရန်သူစစ်ဗိုလ်ကို ထောက်ထားကာ တရွေ့ရွေ့တိုးလာသော မြင်းတပ်ကို ခြိမ်းချောက် သည်။ မြင်းတပ် ရပ်သွားသည်။

နန္ဒက မြင်းကိုအလှစီးလျက် တောရကျောင်းဘက်သို့လှည့်ပြန်လာသည်။ ရန်သူ မြင်းများ လိုက်လာသည်။ နန္ဒရပ်လျှင် သူတို့ရပ်သည်။ ရှေ့မသွားရဲ၊ နန္ဒသွားလျှင် သူတို့လိုက်သည်။

နန္ဒ လျှိုထဲသို့ဆင်းသွားသည်။ ရန်သူ့မြင်းတပ်လည်း လျှိုထဲသို့ ဆင်းမည်ပြု သည်။ ဤတွင် သူရက ရန်သူကိုပစ်ခတ်ရန် သေနတ်ကို မြှောက်ချိန်လိုက်သည်။ မောင်မောင်ကြီးက ချက်ချင်းတားသည်။

''အသာနေပါ သူငယ်ချင်း''

''သူတို့အားလုံး လျှိုထဲရောက်သွားရင် ကျုပ်တို့ ဒီကနေ ဘာမှမမြင်ရတော့ ဘူး ဘာမှအကူအညီမပေးနိုင်တော့ဘူး၊ ကိုနန္ဒကို ဟိုကောင်တွေ ဝိုင်းပြီးတိုက်လိမ့် မယ်''

သူရက စိုးရိမ်သောလေသံဖြင့် ပြောသည်။

''မပူပါနဲ့၊ ကိုနန္ဒ လူညံ့မဟုတ်ပါဘူး၊ သူ့လက်ထဲမှာ ဓားစာခံရှိပါတယ်''

သို့ဖြင့် နန္ဒရော ရန်သူ့မြင်းအုပ်ပါ လျှိုထဲရောက်သွားသည်။ သူတို့မြင်ကွင်းတွင် ဘာမျှမရှိတော့။ လျှိုထဲမှ နန္ဒ ထွက်ပေါ်လာမည်ကို သူတို့ရင်တထိတ်ထိတ်ဖြင့် စောင့် နေသည်။

သေနတ်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တောရကျောင်းသို့ ပဲ့တင်သံထပ်လာသည်။ သူရက ဘယ့်နှယ်လဲဟူသော အမေးဖြင့် မောင်မောင်ကြီးကို ကြည့်သည်။ မောင်မောင်ကြီး ဘာမျှပြန်မပြောဘဲ လျှိုထဲသို့သာ စိတ်အားထက်သန်စွာ ဖြင့် ကြည့်နေသည်။

စကြာတင် အမြောက်မှ ပစ်လွှတ်လိုက်သော ကျည်ပမာ မဟူရာမြင်းနက်ကြီး သည် လျှိုထဲမှ တစ်ဟုန်ထိုး ထွက်ပေါ်လာသည်။ တောရကျောင်းဆီသို့ ဒီရေတက် သည့်ပမာ ပြေးလာသည်။

ခဏအကြာတွင် ရန်သမြင်းတပ် လျှိုထိပ်သို့တက်လာသည်။ မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



က အချက်ပြလိုက်သဖြင့် သူတို့တစ်ပြိုင်တည်း ပစ်ခတ်သည်။ ရှေ့ဆုံးမှတက်လာသော ရန်သူနှစ်ယောက်ကျပြီး မြင်းအုပ်ကြီး လျှိုတွင်းသို့ ပြန်အဆင်းသွားသည်။

သည်တော့မှ သူရက‥

"ကျုပ်သိပြီ၊ ကျုပ်သဘောပေါက်သွားပြီ၊ သူငယ်ချင်းရဲ့အကြံက ဒီကောင်တွေကို လျှိုထဲမှာထည့်ထားမယ်၊ ဒီဘက်ကိုတက်လာရင်လည်း ပစ်မယ်၊ ဟိုဘက်ကိုပြန်သွားရင်လည်း ပစ်မယ်မဟုတ်လား"

မောင်မောင်ကြီးနှုတ်မှမဖြေ၊ အောင်မြင်စွာ ပြုံးနေသည်။

ထိုစဉ်မှာပင် တောရကျောင်းအတွင်းသို့ မဟူရာမြင်းနက်ကြီး ရောက်ရှိလာသည်။ နန္ဒက သူဖမ်းဆီးလာသော သံ့ပန်းကို ကျည်ကွယ်ရာတွင် ချထားလိုက်သည်။

။ ၀ ။

ရန်သူစစ်ဗိုလ်သည် မောပန်းနွမ်းနယ်နေဟန်ရှိသည်။ လက်ဝဲဘက်လက်ပြင်တွင် သွေးကွက်ကြီးရှိသည်၊ သူရ၏လက်ချက် ဖြစ်သည်။ သူ့အသားများ ဖြူသည်ဆိုသော်လည်း အနီဂု အနီပြောက်များ ရောပြွမ်းလျက် သူ့ဆံပင်သည် ကြေးနီရောင် တောက်နေသည်။ သူ့မျက်လုံးများသည် ဒုတ္တာကဲ့သို့ ပြာနေသည်။ သူတို့ထက် အရပ်ရှည်သော်လည်း အသက်အရွယ်မှာ သူတို့နှင့် မတိမ်းမယိမ်းပင်ဖြစ်သည်။

သူသည် မောပန်းနွမ်းနယ်နေသော်လည်း ထိတ်လန့်ကြောက်ရွံ့ဟန်ကား မရှိချေ။ သူ့ကို လူနှစ်ယောက်က လက်ပြန်ကြိုးတုပ်ပြီး ကျွန်းသစ်ငုတ်တိုင်တွင် ထပ်ဆင့်ချည်နှောင်နေသည်ကို အေးဆေးစွာပင် ကြည့်နေသည်။

"ကဲ-သူရရေ‥နင့်လူကို သဘောရှိမေးပေတော့၊ ထမင်းစားပြီးပလား၊ ရေသောက်ပြီးပလား၊ ရည်းစားရှိသလားပေါ့ကွယ်၊ အရေးကြီးတဲ့ တပ်သတင်းတွေ သူပြောချင်မှ ပြောပါစေ၊ သူတို့ လူအင်အား ဘယ်လောက်ရှိတယ်၊ လက်နက်အင်အား ဘယ်လောက်ရှိတယ်ဆိုတာတွေကို ပြောချင်မှပြောပါစေ၊ အေး‥တစ်ခုတော့ ရှိတယ်ကွယ့်၊ သူဘာမှ မပြောဘူးဆိုရင်တော့ သူ့ကို ခင်ခင်လေးရဲ့ကြာပွတ်နဲ့ အခွေခင်ပွန်းဖွဲ့ပေးရလိမ့်မယ်"

ယင်းသို့ပြောရင်း မောင်မောင်ကြီးက နန္ဒ၏လက်မှ ကြာပွတ်ကို တောင်းလိုက်သည်။ မောင်မောင်ကြီးက ကြာပွတ်တောင်းသည်ကို ရိုးရိုးသားသားမတောင်းဘဲ ခင်ခင်လေးရဲ့ကြာပွတ်ဟု ဆိုလိုက်သဖြင့် နန္ဒမျက်နှာရဲသွားသည်။ သို့သော် ဘာမျှမပြောဘဲ ကြာပွတ်ကို လှမ်းပေးလိုက်သည်။ မောင်မောင်ကြီးက ကြာပွတ်ကို လေထဲတွင် ဆောင့်လိုက်ရာ ရွှမ်းခနဲမြည်သွားသည်။ ကြက်သီးထဖွယ်ရာဖြစ်သည်။

"နေပါဦး သူငယ်ချင်း၊ ငါတို့သူ့ကို မင်းကြီးဆီကိုခေါ်သွားပြီး ဟိုကျမှ အေးအေးဆေးဆေး မေးရရင် မကောင်းဘူးလား"

သူရ ပြောသင့်မပြောသင့် အတော်ကြီးချိန်ဆပြီးမှ ပြောလိုက်ဟန်ရှိသည်။

"ဒီမှာ ဘာပြုလို့လဲ"

မောင်မောင်ကြီးမေးပုံက ပြတ်တောင်းသည်။

"ဒီမှာက ဒို့အင်အားနည်းတယ်၊ အားလုံးပေါင်းမှ လူဆယ့်သုံးယောက်ပဲရှိတယ်၊ သူတို့ဘက်ကအများကြီး၊ အခု လျှိုထဲမှာကိုပဲ နှစ်ဆယ်ကျော်ရှိတယ်၊ ရွာမှာလဲ သူတို့လူတွေရှိသေးတယ်၊ သဘောပေါက်မယ်ဆိုတာတော့ မပြောနဲ့တော့"

ရန်သူစစ်ဗိုလ်က ဗမာစကားနားမလည်သော်လည်း သူတို့ပြောနေသည့်အကြောင်းအရာကိုတော့ ရိပ်ဖမ်းသံဖမ်း နားလည်ဟန်ရှိသည်။ သို့သော် မည်သည့်ထူးခြားမှုမျှမပြ။

နန္ဒလည်း ငြိမ်နေသည်။ သို့သော် သူလည်း သူရလိုပင် မောင်မောင်ကြီးလုပ်နေပုံကို သဘောမပေါက်။ အခုအချိန်တွင် သူတို့လူစု ရန်သူသံ့ပန်းကို ခေါ်ဆောင်ပြီး တောအုပ်တွင်းသို့ ဝင်သွားလျှင် ရန်သူ့လက်မှ ကောင်းစွာလွတ်မြောက်နိုင်သည်။ ရန်သူစစ်ဗိုလ်ကို မင်းလှခံမြို့ကျမှ ဗိုလ်ချုပ်ထံအပ်ပြီး စစ်မေးမြန်းလျှင် ပို၍အကျိုးရှိနိုင်ပေသည်။

"အေး‥ဒီလိုဆိုရင်တော့ ငါတစ်ခုပြောမယ်၊ တွေးစရာလမ်း နှစ်လမ်းပေးမယ်၊ ဒို့ဟာ သူ့ကိုဓားစာခံလုပ်ပြီး ဒီကဆုတ်သွားမလား၊ ဒါမှမဟုတ် သူ့ကို တယ်ကြက်လုပ်ပြီး အပျင်းပြေ ညတိုက်ပွဲကလေး တိုက်ကြမလား" နန္ဒက ဝင်ပြောမည်ပြုသည်ကို မောင်မောင်ကြီးက လက်ကာပြပြီး သူ့စကားကို ဆက်ပြောသည်။

"သူငယ်ချင်းတို့က ထင်မယ်၊ သူ့ကိုမေးရင်စစ်ရင် အရေးကြီးတဲ့သတင်းတွေရမယ်လို့" မောင်မောင်ကြီးက ခေါင်းကို ယမ်းခါလိုက်ပြီး "မဟုတ်ဘူး သူငယ်ချင်း၊ အခုကိစ္စ တို့ဘာမှသိစရာမလိုတော့ဘူး၊ တိုက်စရာပဲလိုတော့တယ်၊ ဒင်းတို့ကတော့ လူအားလက်နက်အားနဲ့ တိုက်နေပြီ၊ နေပြည်တော်ရောက်အောင် တိုက်မှာပဲ၊ မင်းနဲ့တိုင်းပြည်ကို အရယူမှာပဲ၊ ရန်သူနဲ့ အကြိတ်အနယ်စစ်ပြိုင်ရတဲ့အခါမှာ တစ်ပါးသူရဲ့အကြံအစည်ကို သိဖို့လိုတယ်၊ အခုဟာက ရှင်းနေတယ်၊ လျှို့ဝှက်စရာမလိုဘူး၊ သူတို့ကိုလည်း တို့မြင်နေတယ်၊ သူတို့က တိုက်မယ်၊ သူတို့တိုက်တာကို တို့က ကြံ့ကြံ့မခံနိုင်ဘူး"

မောင်မောင်ကြီးက အားလုံး၏မျက်နှာကို လိုက်ကြည့်သည်။ ပြီးတော့မှ ဆက်ပြောသည်။

"ငါတို့ ဒီကဆုတ်သွားရင် ဓားစာခံ မလိုဘူး၊ အခုဆုတ်သွားလို့ အခုရတယ်၊

www.burmeseclassic.com

ဒီလိုဆုတ်ချင်ရင်တော့ ငါတို့ ဒီကိုတောင်မလာဘူး၊ ရန်သူအလာကို ပန်တော်ပြင်ကတုတ်က အိပ်ပြီးစောင့်နေမှာပေါ့''

မောင်မောင်ကြီးက ခြေဟန်လက်ဟန်ဖြင့် ဒေါနှင့်မာန်နှင့်ပြောနေသည်။ သူရနှင့် နန္ဒတို့မပြောနှင့် ရန်သူစစ်သားပါ မောင်မောင်ကြီး၏စကားကို စိတ်ဝင်စားစွာနားထောင်နေသည်။ မောင်မောင်ကြီးက ရန်သူစစ်ဗိုလ်ကို လက်ညှိုးထိုးပြီး··

''သူ့ကို ကြည့်စမ်း၊ သူက ကုလားဖြူကွယ့်၊ ကုလားမဲမဟုတ်ဘူး၊ အင်္ဂလိပ်တွေဟာ ကုလားပြည်ကို ကျွန်ပြုထားတယ်၊ အခု တို့နိုင်ငံကို ကျွန်ပြုဖို့အရေးကျတော့ ကုလားမဲတွေကို အသေခံအဖြစ်နဲ့ အသုံးချထားတယ်၊ တို့ဖမ်းမိတဲ့ဗိုလ်ဟာ ကုလားမဲဆိုရင် တို့အဖို့ ဘာမှတန်ဖိုးမရှိဘူး၊ ရန်သူက သူတို့လူကို ပြန်ရဖို့ ကျားကုတ်ကျားခဲကြိုးစားမှာလည်း မဟုတ်ဘူး၊ တို့ကိုတိုက်တဲ့နေရာမှာလဲ သူတို့လူရဲ့ အသက်ကိုငဲ့ပြီးသွားနေမှာမဟုတ်ဘူး၊ အေး··အခုဆိုရင်တော့ တို့ဟာ သူ့ကိုတယ်ကြက်လုပ်ပြီး ရန်သူနဲ့ အပေးအယူလုပ်ချင်ရင်လည်း လုပ်လို့ရတယ်၊ တို့ကိုဝိုင်းထားတဲ့ တပ်တွေကို တို့တိုက်ချင်ရင်လည်း တိုက်ချင်တဲ့ပုံစံနဲ့ တိုက်နိုင်တယ်''

မောင်မောင်ကြီးက သူရကို ကြည့်ပြီး··

''အဲဒါပဲ သူငယ်ချင်း၊ တို့ ဆုတ်မလား၊ တို့ တိုက်မလား''

သူရနှင့်တကွ အားလုံးကပင် တိုက်မည်ဟု တညီတညွတ်တည်း ဆိုကြသည်။

''အေး··အဲဒါပဲပေါ့၊ ကနေ့ တန်ဆောင်မုန်းလဆန်း ၁၀ ရက် လရောင်ကလေးရေးရေးမှာ ဘယ်လောက်တိုက်လို့ကောင်းမလဲ။ ရန်သူက အမြောက်နဲ့ပစ်မှာလည်း တို့မကြောက်ရဘူး၊ အမြောက်နဲ့ပစ်တော့လည်း တို့ ဒီကဆုတ်သွားရုံပဲပေါ့၊ သူတို့က စစ်အင်အားဖြည့်ပြီး လူအုပ်ကြီးနဲ့ တိုက်မှာလည်း မကြောက်ရဘူး၊ တိုက်လာတော့လည်း တို့တစ်သက်ကို သူတို့လေးငါးသက်နဲ့ လဲရမှာပေါ့။ ကဲ··သူငယ်ချင်း မင်း လူကို မင်းကြိုက်ရာ မေးပေတော့၊ သူတို့ယဉ်ကျေးမှုအရ ရာသီဥတုကောင်းရဲ့လားဆိုတာက စပေါ့ကွယ်''

ယင်းအခိုက်တွင် ရဲမက်တစ်ယောက်က ခံကတုတ်ဆီသို့ လက်ညှိုးထိုးလျက်–

''ဗိုလ်မင်းတို့··ဗိုလ်မင်းတို့··ဟိုမှာ ရန်သူစစ်ကူတွေ လာနေပြီ''

အလင်းရောင်ပျောက်ကွယ်စ ညဦးတွင် မီးတုတ်များ ရဲရဲလှုပ်နေသည်ကို မြင်ရသည်။

''ဟိုဘက်ကလဲ လာနေတယ်''

ဟုတ်သည်၊ ရွာဘက်ကလည်း တစ်ခုလာနေသည်။ မြင်းစီးတပ်သားများဖြစ်သည်။



''ဒင်းတို့က တို့ကို သုံးဘက်သုံးတန်က ဝိုင်းထားပြီး အပေးအယူလုပ်မှာပေါ့၊ နောက်ဘက်တောတန်းကို တို့အတွက် ထွက်ပေါက်ထားမှာပေါ့၊ ဒင်းတို့ တို့ကိုတိုက်ရင် ဘက်မှာ မတိုက်ပါဘူး၊ မနက်အရုဏ်တက်လောက်ကျမှသာ တိုက်မှာပါ၊ တို့ဖက်ကညှည်မပြုန်းအောင် အရမ်းမပစ်ကြနဲ့၊ သေချာမှပစ်၊ ငါက ပစ်ဆိုမှပစ်၊ ငါတို့သုံးယောက်မြင် ငါတို့မှာ လူဆယ်ယောက်ရှိတယ်၊ လူငါးယောက်စီ ကင်းစောင့်ကြ၊ ငါးယောက်ကနားကြ၊ ငါနဲ့ နန္ဒက တစ်လဲစီ ကြီးကြပ်မယ်၊ သူရကတော့ မင်းမိတ်ဆွေနဲ့ပဲ အလ္လာပသလ္လာပ ပြောနေပေါ့ကွယ်''

''ငါလည်း တိုက်မှာပေါ့''

သူရက ဒေါသနှင့်ပြောသည်။

''အေးပါ··တိုက်ရပါတယ်၊ ဒါပေမဲ့ နင်က လန်တတ် တက်တတ်တဲ့လူ ဆိုတော့သေနတ်သံ အမြောက်သံတွေတော့ သတိထားပေါ့ကွယ်''

အားလုံးရယ်မောကြသည်။ သူရက နေရာမှ ဝုန်းခနဲထပြီး တပ်သားတစ်ယောက်ထံမှ ဓားမြှောင်တစ်လက်ဆွဲယူကာ လျှိုဘက်သို့ ခြေလျင်ထွက်သွားသည်။

နန္ဒက မောင်မောင်ကြီးကိုကြည့်သည်။ မောင်မောင်ကြီးက အသာနေဟု လက်ပြသည်။

နာရီဝက်ခန့်အကြာတွင် သူရ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် သေနတ်တစ်လက်နှင့် ပုလင်းတစ်လုံးပါလာသည်။ သူက ပုလင်းကို မောင်မောင်ကြီးထံ ပစ်ပေးလိုက်သည်။ ဘရန်ဒီပုလင်းဖြစ်သည်။

ရန်သူစစ်ဗိုလ်က မယုံကြည်သည့်အနေဖြင့် မျက်လုံးကြီးပြူးကြည့်နေသည်။

''ကဲ–ငမောင်ကြီး နင်ကြိုက်တဲ့အရေကလေးကို အပင်းရှိပြီး ပါးစပ်ကို အပ်နဲ့ချုပ်ထားပေတော့၊ နောက်တစ်ခါ ငါ့ကို မီးနေသည်လေး ဘာလေးပြောရင်တော့ နင်နဲ့ငါနဲ့သူပဲ''

မောင်မောင်ကြီးက ဘရန်ဒီပုလင်းကိုဖွင့်ပြီး နမ်းကြည့်သည်။ ပြီးတော့ ဒီအတိုင်းသောက်သည်။ ပြီးတော့ အားပါးတရ ရယ်မောနေသည်။

နန္ဒက မမြင်ဟန် မကြားဟန်ပြုကာ ရန်သူစစ်ကူတပ်များဆီသို့ ကြည့်သည်။ မောင်မောင်ကြီးပြောသလိုပင် တပ်ဖွဲ့တစ်ခုသည် တောရကျောင်း၏ တောင်ဘက် ကိုက် ၁၀ လောက်တွင် စခန်းချသည်။ နောက်တပ်ဖွဲ့တစ်ခုက မြောက်ဘက် ကိုက် ၄၀၀ လောက်တွင် စခန်းချရပ်သည်။ စစ်ကူတပ်ဖွဲ့နှစ်ခု၏ စခန်းအနေအထားသည် မကောင်းလှ သွင်တီးခေါင်ဖြစ်သည်။ မိမိတို့ဘက် သေနတ်ထောက်မှီသည်။ သို့သော် ညအခါ ပစ်ခတ်ရသည်မို့ ကျည်တစ်ချက် အသက်တစ်ခုမသေချာ၊ သွင်တီးခေါင်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



သည်း လှိုင်းထနေသော မြေအနေအထားဖြစ်သည်။

သူတို့က ခဲယမ်းမီးကျောက်အားနည်းသည်။ ကျည်ကုန်သွားလျှင် ဆုတ်ခွာဖို့ပဲ ရှိသည်။ တတ်နိုင်သမျှ ကျည်ချွေတာရမည်။ ရန်သူက မည်မျှ စစ်ရေးမြှူနေသည့်တိုင် ထွက်၍မတိုက်နိုင်။ လူအင်အားမရှိ။

ယခုအထိတော့ ရန်သူဘက်ကလည်း ငြိမ်နေသည်။ သူတို့လည်း ငြိမ်နေသည်။ တစ်ဘက်၏အကဲကို တစ်ဘက်က ကြည့်နေဟန်ရှိသည်။

[ ဆ ]

နေဝင်သည်နှင့်တစ်ပြိုင်နက် လသည် သူတို့၏ခေါင်းပေါ်တွင် ရောက်နေသည်။ ကြယ်တွေလည်း စုံလှသည်။ ဟောဟိုမှာ မောင်ရင်ဆိုင်းထမ်း၊ ဟောဟိုမှာ ခုနစ်စဉ်ကြယ်။

မြောက်လေတိုက်သည်။ သစ်ရွက်များ လှုပ်ခတ်သည်။ ဆည်းလည်းသံများ ငြိမ့်ညောင်းသည်။

"မင်းနာမည် ဘယ်သူလဲ"

သူရက ရန်သူ၏စစ်ဗိုလ်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ခြသေ့ကြီးကို အေးအေးဆေးဆေး ကျောမှီ၍ထိုင်ရင်း မိတ်ဆွေချင်းပြောသည့်လေသံဖြင့် အင်္ဂလိပ်လို မေးသည်။

ရန်သူစစ်ဗိုလ်သည် လူမဲကြီးထံမှ မမျှော်လင့်သော အင်္ဂလိပ်စကားကို ပီပီသသကြီးကြားလိုက်ရသောအခါ အလွန်အမင်း အံ့သြသွားပုံရသည်။ နန္ဒလည်း မလှမ်းမကမ်းမှ နားစွင့်နေသည်။ သူရ သိုးဆောင်းစကားတတ်ကြောင်း သူကြားဖူးသည်။ တစ်ခါမှ သူပြောသည်ကို နားနှင့်မကြားဖူး၊ ယခု ပထမအကြိမ်ကြားရခြင်းဖြစ်သည်။ သူရ ဘာပြောမှန်းတော့မသိ။

"မင်း အင်္ဂလိပ်စကားတတ်သလား"

ရန်သူစစ်ဗိုလ်က အံ့သြမှုကို မဖုံးကွယ်နိုင်ဘဲထုတ်၍မေးသည်။ သူရက ခေါင်းညိတ်လိုက်ပြီး..

"ငါမေးတာကို ဖြေပါဦး၊ မင်းမေးချင်တာကို နောက်မှမေးပါ"

"ငါ့နာမည် ဂျွန်ဂရေး"

"လက်ဖတင်နင် ဂရေးပေါ့"

"ဟုတ်တယ်"

"အေး..ငါ့နာမည်က သူရမင်းခေါင်၊ လက်ဖတင်နင် သူရပေါ့ကွာ"

သူရက သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ ရယ်မောသည်။



"သူရတော့ ဆွေမျိုးစပ်နေပြီနဲ့တူတယ်"

မောင်မောင်ကြီးက အရက်တစ်ကျိုက် ရေတစ်ကျိုက်မော့နေရာမှ နန္ဒကို လှမ်းပြောသည်။ နန္ဒက ဘာမျှပြန်မပြော၊ သူရက မေးခွန်းဆက်ထုတ်နေသည်။

"မင်းတို့တပ်က မဒရပ်မြင်းတပ်မဟုတ်လား"

"ဟုတ်တယ်"

"မင်းတို့တပ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ"

"မသိဘူး"

"မင်းတို့ဗိုလ်ချုပ် ဘယ်သူလဲ"

"မသိဘူး"

"သင်္ဘောဘယ်နှစ်စင်းလဲ"

"မသိဘူး"

"အမြောက်ဘယ်နှစ်လက်ပါသလဲ"

"မသိဘူး"

"မင်းအဖေ ဘယ်သူလဲ"

"မသိဘူး"

"ဒါဖြင့် မင်းအမေက မင်းကို ဘယ်လိုလုပ်ပြီး မွေးသလဲ"

"ဒမ်ဘလတ်ဒီဖူး"

ဂျွန်ဂရေးက သံကုန်ဟစ်လိုက်သည်။ မျက်လုံးများအားလုံး သူတို့နှစ်ယောက်ဆီသို့ ရောက်သွားသည်။ မောင်မောင်ကြီးက..

"သူငယ်ချင်းရေ..ဘာတဲ့တုန်းကွ"

"ဘာမှမဟုတ်ဘူး၊ ငါ့ကိုဆဲတာ"

"သာဓု သာဓု သာဓု"

"မင့်အမေ သာဓုလား၊ ပေးစမ်း ငါ့ကို ကြာပွတ်"

သူရက ကြာပွတ်ကို တောင်းယူလိုက်သည်။ ထို့နောက် ဂျွန်ဂရေးကိုရိုက်ရန် အားမြှောက်ရွယ်လိုက်သည်။ သို့သော် မရိုက်သေးဘဲ..

"မောင်ကြီးရေ..ငါ သူ့ကိုရိုက်လို့ ဘယ်ဖြစ်မလဲ"

"အမှန်ပ"

"ဒင်းသေသွားရင် ဒို့မှာ တယ်ကြက်မရှိတော့ဘူးပေါ့"

"အမှန်ပ"

"နင့်အမေကလွှားတယ်၊ ဒါနဲ့ စောစောကတော့ ခင်ခင်လေးရဲ့ကြာပွတ်နဲ့ အဆွေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဖွဲ့ပေးရမယ်ဆို''

''အေးလေ··ဒါက အဆွေခင်ပွန်းဖွဲ့ပေးရမယ်လို့ ပြောတာပဲ၊ ရိုက်ရမယ်လို့ ပြောတာမှမဟုတ်ဘဲ။ အေး··တစ်ခုတော့ရှိတယ်၊ နင်စိတ်မထိန်းနိုင်လို့ ရိုက်ချင်ရင် နာအောင် ရိုက်ပေါ့ကွယ်၊ မသေအောင်ရိုက်ပေါ့ကွယ်''

''နင့်အမေကလွှားမှပဲ··ကြာပွတ်နဲ့ရိုက်တာ ပန်းပွင့်နဲ့ပေါက်တာမှမဟုတ်ဘဲ၊ နာအောင်ရိုက်လို့ရပါ့မလား သွားမယ်''

သူရက ကြာပွတ်ကိုလွှင့်ပစ်လိုက်ရာ နန္ဒက မြေသို့မကျခင် ဖမ်းယူထားလိုက်ရသည်။

သူရက ထွီခနဲအသံမြည်အောင် တံတွေးထွေးပြီး အမှောင်ရိပ်သို့ ထွက်သွားသည်။

ရှာဆီမှ ခွေးဟောင်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

[ ၈ ]

''ဟော··လာပြီဟော့၊ သူရရေ··နင့်နှုတ်သီးသွေးထားပေတော့''

မောင်မောင်ကြီးက ပြောလိုက်သဖြင့် သူရက အမှောင်ထဲမှနေ၍··

''ဘာလာတာလဲ''

''ဟိုမှာမတွေ့ဘူးလား၊ စစ်ဆိုင်းအလံကြီးနဲ့ လူသုံးယောက်လာနေတာ နင်နဲ့ စကားပြောချင်လို့တဲ့၊ နင် ဘင်္ဂလားက သင်လာတဲ့ အင်္ဂလိပ်စကားကြားချင်လို့တဲ့ တဲ··ဟဲ··ဟဲ··''

''နင်တို့ဟာနင်တို့ ပြောကြ၊ ငါမပြောဘူး''

သူရ စိတ်ဆိုးပြယ်လေဟန်မရှိ။ သို့သော် စစ်ဆိုင်းအလံနှင့် လူများထံသို့ စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

ညအမှောင်တွင် အလံဖြူဖြူကြီးသည် ဗျိုင်းအုပ်ကြီးပျံသကဲ့သို့ ဖွေးနေသည်။ အလံဖြူကြီးသည် တောရကျောင်းနှင့် ကိုက်ငါးဆယ်အရောက်တွင် ရပ်သွားသည်။ မြန်မာသံတစ်ခု ထွက်ပေါ်လာသည်။

''ဗိုလ်မင်းတို့နဲ့ စကားပြောချင်လို့ပါ''

လူသုံးယောက်အနက် အလံဖြူကိုင်ထားသူက ကုလား၊ မီးတုတ်ကိုင်ထားသူက ဗမာ၊ အလွတ်လူက အင်္ဂလိပ်။

''ဘယ်သူက စကားပြောချင်တာလဲ''

မောင်မောင်ကြီးက မေးလိုက်သည်။

''အင်္ဂလိပ်စစ်ဗိုလ်ကြီး ရှိလင်ဆန်ပါ''

''နင်က ဘယ်သူလဲ''

''ဘုရားဒကာ ဦးတုတ်ကလေးပါ''

''သယ်··ငါပစ်လိုက်ရရင် နင်ဘယ်သူလဲ ထပ်ပြောစမ်း''

''တုတ်ကလေးပါဘုရား''

''အေး··နင်တို့ စစ်ဗိုလ်ကြီးကို ပြောလိုက်၊ ငါတို့ အခု တစ်ရေးအိပ်ဦးမယ် မနက်မှ စကားပြောချင်ရင် တော်ကြာနေမှ တစ်ခေါက်လာခဲ့လို့''

အတန်ကြာငြိမ်သက်နေသည်။ ခဏကြာသောအခါ ဘုရားဒကာဦးတုတ်ကလေး ၏အသံ ထွက်ပေါ်လာသည်။

''အင်္ဂလိပ်စစ်ဗိုလ်ကြီးက တစ်ခုပြောချင်ပါသတဲ့''

''အေး··ပြောချင်ရင် အဲဒီနားမှာ တစ်ယောက်တည်းရပ်ပြီး ပြောနေ၊ ငါတို့တော့ တစ်ရေးအိပ်ဦးမယ်''

ခဏအကြာတွင် စစ်ဆိုင်းအလံကြီးသည် နောက်ကြောင်းပြန်သွားသည်။ မောင်မောင်ကြီး အားပါးတရ အော်ဟစ်ရယ်မောသည်။

''ခင်ဗျားတို့ဘာတွေပြောကြတာလဲ၊ ဗိုလ်ကြီးရှိလင်ဆန်က ဘာပြောသွားသလဲ''

ဗိုလ်ဂရေးက သူရကိုမေးသည်။ သူရက နှစ်ဖက်ပြောစကားများကို ဘာသာပြန်လိုက်သည်။ ဗိုလ်ဂရေးက ဒေါသဖြင့်··

''ခင်ဗျားတို့လုပ်တာ ဘာကောင်းသလဲ၊ အပြည်ပြည်ဆိုင်ရာ စစ်ထုံးစံကို ဖောက်ဖျက်တာပဲ''

''ငါတို့က အလံဖြူတင်လာတဲ့လူတွေကို ဘာလုပ်လို့လဲ၊ အခု ငါတို့အိပ်ချင်လို့ နောက်တစ်ခေါက်လာပါလို့ ပြောတာပဲ''

''ဒမ်ဘလတ်ဒီဖူး''

ဤတွင် မောင်မောင်ကြီးက··

''သူရရေ··သာဓု သာဓု''

သူရ ဒေါသဖြင့်ထသည်။ လက်ထဲမှ သေနတ်ကို ရဲမက်တစ်ယောက်ထံ ပစ်ပေးလိုက်သည်။ ထို့နောက် ဓားမြှောင်ခါးကြားထိုးလျက် လှိုဏ်တစ်ဘက်သို့ ဆင်းသွားသည်။ ဤတစ်ကြိမ်တွင်မူ သူရနောက်သို့ နန္ဒ ကမန်းကတန်းလိုက်ပါသွားသည်။

ခဏအကြာတွင် လှိုဏ်ဘက်မှ သေနတ်သံများ ကြားရသည်။ လူနှစ်ယောက် ပြေးလာသည်ကို မြင်ရသည်။ သူရနှင့် နန္ဒဖြစ်သည်။

သူတို့နောက်မှ ရန်သူများလိုက်လာသည်။ မောင်မောင်ကြီးတို့က ကျည်ကာ

www.burmeseclassic.com

ပစ်ပေးရသည်။

ညသည် ဆူညံလျက်ရှိသည်။ တောင်ဘက်နှင့် မြောက်ဘက်မှ ရန်သူများလည်း လှုပ်လှုပ်ရွရွဖြစ်သည်။

သူရနှင့်နန္ဒတို့ တောရကျောင်းအတွင်းသို့ ပြန်လည်ရောက်ရှိလာသောအခါတွင်မှ ညသည် ပြန်လည်တိတ်ဆိတ်သွားသည်။

''နင်တို့က စစ်ဆိုင်းအလံမှ တင်မသွားဘဲကိုး၊ ဟိုဘက်က ပစ်တာပေါ့''

မောင်မောင်ကြီးက ရယ်သွမ်းသွေးလျက်ပြောသည်။ သူရ မျက်မှောင်ကုတ်နေသည်၊ နန္ဒက··

''ကျွန်တော့်အပြစ်ပါ၊ ကျွန်တော်လည်း ခြေကိုဖော့ပြီးနင်းတာပဲ၊ ကင်းသမားက ဘယ်လိုလုပ်ပြီး ကြားသွားတယ်မသိဘူး''

''အဲဒါခက်တာပေါ့၊ ခြေဖော့ပြီးနင်းတော့ ရန်သူက သိတာပေါ့၊ ချုပုတ်တွေကို လေတိုက်တဲ့အသံမျိုးမြည်အောင်လျှောက်ရင် ဘယ်ရန်သူက သိမလဲ''

သူရက ခေါင်းကိုယမ်းခါပြီးပြောသည်။ အပြစ်တင်သည့် သဘောမျိုးမဟုတ်၊ ညည်းညူသည့်သဘောမျိုး ဖြစ်သည်။

သည်တော့လည်း သူရ၏ပညာကို နန္ဒအထင်မကြီးဘဲ မနေနိုင်တော့၊ မလေးစားဘဲ မနေနိုင်တော့၊ မအံ့ဩဘဲ မနေနိုင်တော့။

[ ၅ ]

သည်လိုနှင့် ခုနစ်စင်ကြယ်လည်း အမြီးထောင်ချေပြီ။ ရွာဆီမှ သန်းခေါင်ကြက်သံများ ကြားရသည်။ အကျွေးမဟုတ်သော အခြမ်းမဟုတ်သော အပြည့်အဝန်းလည်း မဟုတ်သော လသည် အနောက်ဘက်တောသို့ ငိုက်ဆင်းနေပြီဖြစ်သည်။

''ကဲ-သူငယ်ချင်းတို့ရေ··တတ်တဲ့ပညာ မနေသာဆိုသလို ခွေးတိရစ္ဆာန်တွေကို အိပ်ချင်ပြေ မျက်လှည့်ကလေး လက်လှည့်ကလေး ပြကြရအောင်''

မောင်မောင်ကြီးက ပြောလိုက်သဖြင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်သွားသည်။

''ခင်ခင်လေး ကြာပွတ်ကော''

မောင်မောင်ကြီးက နန္ဒကိုမေးသည်။ လာပြန်ပြီ၊ ခင်ခင်လေးကြာပွတ်တဲ့။ နန္ဒ ကသိကအောက်ဖြစ်ရသည်။ ကြာပွတ်ဟု ရိုးရိုးတန်းတန်းပြောလျှင်လည်း ရနိုင်သားနှင့်။ နန္ဒက ကြာပွတ်ကိုလှမ်းပေးသည်။ မောင်မောင်ကြီးက မယူဘဲ··

''ကိုနန္ဒ ကြာပွတ်ရိုက်တတ်သလားလို့ ရိုက်ကြည့်စမ်းပါ''



သည်တစ်ခါ မောင်မောင်ကြီးပြောပုံကတစ်မျိုး၊ သို့သော် နန္ဒ ဘာမျှပြန်မပြောဘဲ လက်တွင် ကြာပွတ်ကို ဆတ်လိုက်သည်။ ရွှမ်းခနဲမြည်သွားသည်။

''မဟုတ်သေးဘူး ကိုနန္ဒဟာက လေထဲမှာရိုက်တဲ့အသံပဲ''

နန္ဒ သည်းမခံနိုင်တော့။

''လေထဲမှာရိုက်တာ လေထဲမှာရိုက်တဲ့အသံမထွက်လို့ ဘာသံထွက်ရဦးမှာလဲ''

''ကျုပ်လိုချင်တာက လူတစ်ယောက်ကို ရိုက်လို့မြည်တဲ့အသံမျိုး လိုချင်တယ်၊ သေးစမ်း-ကျုပ်ရိုက်ပြမယ်''

မောင်မောင်ကြီးက ကြာပွတ်ကိုယူပြီး လေထဲမှာပင် ဆတ်လိုက်သည်။ သို့သော် လူတစ်ယောက်၏ကျောပြင်ကို ရိုက်လိုက်သည့်အသံမျိုးထွက်လာသည်။ မောင်မောင်ကြီး နောက်တစ်ချက်ရိုက်သည်။ ပြီးတော့ နောက်တစ်ချက်··

''ကဲ-ဘယ်လိုလဲသူငယ်ချင်း၊ ကြာပွတ်နဲ့ သုံးချက်လောက်ရိုက်တယ်ဆိုရင် ကျုပ်တို့ဧည့်သည်ကြီး မအော်လောက်သေးဘူးလား''

မောင်မောင်ကြီး ဖမ်းဆီးတုပ်နှောင်ထားသော ရှန်သူစစ်ဗိုလ်ကို မေးထိုးပြရင်း သူရကို ပြောလိုက်ခြင်းဖြစ်သည်။ ပထမတော့ သူရ ကြောင်နေသေးသည်။ နောက်မှ မောင်မောင်ကြီးဆိုလိုသည်ကို သဘောပေါက်သွားပြီး စတုတ္ထကြာပွတ်သံအဆုံးတွင် 'အား'ခနဲ စူးစူးဝါးဝါး အော်လိုက်သည်။ ပဉ္စမကြာပွတ်သံထွက်လာသောအခါ 'နီး'ဆိုသောအသံကို ဆွဲဆွဲငင်ငင်အော်လိုက်သည်။

သည်တော့မှ နန္ဒနှင့်အခြားသူများ သဘောပေါက်သည်။ အမှိုက်ယာမှာ ရန်သူစစ်ဗိုလ်ကို ကြာပွတ်နှင့်ရိုက်နေဟန်၊ ရန်သူစစ်ဗိုလ်က မချိမဆန့် အော်ဟစ်သံ။

ကြာပွတ်သံနှင့် အော်ဟစ်ညည်းညူသံကို လျှိုဆီမှ ကောင်းစွာကြားရဟန် ရှိသည်၊ ချက်ချင်းဆိုသလိုပင် စစ်ဆိုင်းအလံ ပေါ်ထွက်လာသည်။

မောင်မောင်ကြီးက ကြာပွတ်သံ ပေးလိုက်သည်။ သူရက အော်လိုက်သည်။

''နီး··အိုင်ဒုန့်နီး''

ထိုအခါ မောင်မောင်ကြီးက လေသံဖြင့်··

''ဟေ့-အဲဒါက ဘာတဲ့တုန်းကွယ့်၊ တို့လည်း ပြောပါဦး''

''မသိဘူး၊ ငါမသိဘူးလို့ ပြောတာ''

''သြော်··သြော်··တို့က ရိုက်စစ်တာကို သူကမဖော်ဘူးပေါ့ကွယ်''

အလံဖြူကြီးလာနေသည်။ ကြာပွတ်သံ ပေါ်လာသည်။ ထို့နောက် မချိမဆန့် အော်ဟစ်ညည်းညူသံကြီး။

''ကိုနန္ဒရေ··ကျုပ်တို့ဧည့်သည်ကြီးကို ပါးစပ်ပိတ်ထားလိုက်ပါဦး''

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ကြိမ်တွင်တော့ နန္ဒအကွက်မြင်သည်။ ရန်သူစစ်ဗိုလ်တွေက သူ့လူတွေကို တစ်စုံတစ်ခုဟစ်အော်ပြောဆိုမည် စိုးရသည်။ သို့ဖန်း၏ပါးစပ်ထဲသို့ အဝတ်များဆို့ထားလိုက်သည်။

"ဗိုလ်မင်းတို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက စကားပြောချင်လို့ပါ"

စကားပြန်၏အသံ ထွက်ပေါ်လာသည်။

"အေး··အဲဒီမှာ ခဏနေဦး၊ ငါတို့ ကြာပွတ်စမ်းနေတယ်၊ လေးငါးချက်လောက်ရိုက်ပြီးရင် လာခဲ့မယ်"

မောင်မောင်ကြီးက အော်ပြောသည်။ ထို့နောက် ကြာပွတ်သံ၊ အော်ဟစ်သံ။

"အင်္ဂလိပ်စစ်ဗိုလ်ကြီးက ပြောတယ်၊ သူတို့လူကို မရိုက်ပါနဲ့တဲ့၊ ဗိုလ်မင်းလိုချင်တာကို ပြောပါတဲ့"

"အေး··ငါတို့အခုလာပြီလို့ ပြောလိုက်" မောင်မောင်ကြီးက ယင်းသို့ အော်ဟစ်ပြောဆိုလိုက်ပြီးနောက် တစ်ဘက်သို့လှည့်ကာ "ကိုနန္ဒက ဒီမှာနေရစ်၊ နည်းနည်းလေးမှ သတိမလစ်စေနဲ့၊ ရန်သူဘက်က နည်းနည်းကလေးအခြေပျက်တာနဲ့တစ်ပြိုင်နက်ဒီခွေးကောင်ကို အရင်သတ်ပြီးတော့ လွတ်နိုင်ရင် ဖောက်ထွက်၊ မလွတ်နိုင်ရင် အသက်ချင်းသေ၊ အလောင်းချင်းထပ် ကြားလား"

"ဟုတ်ကဲ့"

"ကျုပ်နဲ့ သူရနဲ့ သွားပြီး စကားပြောလိုက်ဦးမယ်"

မောင်မောင်ကြီးနှင့် သူရတို့သည် သေနတ်နှင့် ဓားလွတ်များထည့်ခဲ့ကာ လက်ချည်းသက်သက် ထွက်ခွာသွားကြသည်။ သူတို့ကို ကြည့်ရသည်မှာ လသာသာ၌ လှုပ်ရှားသွားလှည့်သည်နှင့်ပင် တူသေးတော့သည်။ တစ်ခုတော့ရှိသည်။ သူရသည် ရန်သူစစ်ဝတ်စစ်စားနှင့်ပင် ရှိသေးသည်။

ဗိုလ်ကြီးရိုလင်ဆန်က သူ့ကို စေ့စေ့ကြည့်လျက်··

"ငါတို့လူတစ်ယောက်ကို လည်ပင်းညှစ်ပြီး ထွက်ပြေးတာ မင်းကိုး"

ဦးတုတ်ကလေးက ဘာသာပြန်မည်ရှိစဉ် သူရက အင်္ဂလိပ်လိုပြောသည်။

"မင်းပြောချင်တာ ဒါပဲလား"

သူရ၏စကားကို ကြားရသောအခါ ဗိုလ်ကြီးရိုလင်ဆန် အံ့သြသွားပုံရသည်။ သို့သော် အံ့သြဟန်မပြ။ တည်ငြိမ်သောလေသံဖြင့်··

"ငါတို့လူတစ်ယောက်ကို မင်းတို့ဖမ်းထားတယ်မဟုတ်လား"

"ဟုတ်တယ်"

"အခုပြန်လွှတ်ပေးပါ၊ ဒေါင်းဒင်္ဂါးတစ်ထောင်ပေးမယ်"



သူရက ရိုလင်ဆန်၏စကားကို မောင်မောင်ကြီးအား ဘာသာပြန်ပေးလိုက်သည်။ မောင်မောင်ကြီးက··

"မင်းတို့တပ်တွေအားလုံး နယ်ခြားဒေသရဲ့ဟိုဘက်ကို ပြန်သွားပါ၊ မင်းတို့ဆီက ရှာရှိတဲ့ငွေ ၂၃-သိန်းကို ငါတို့ရှော်ထားတယ်"

"မဖြစ်နိုင်ဘူး"

"အေး··ငါတို့ကလဲ မင်းတို့လူကို လွှတ်လို့မဖြစ်နိုင်ဘူး"

"မင်းတို့ကို ငါတို့တပ်တွေ ဝိုင်းထားတယ်"

"သိသားပဲ"

"ငါတို့လူကို လွှတ်ပေးပါ၊ ဒေါင်းဒင်္ဂါးငါးထောင်ပေးမယ်"

သူရ ခေါင်းခါသည်။

"တစ်သောင်းပေးမယ်"

သူရ ခေါင်းခါသည်။

"ဘယ်လောက်လိုချင်သလဲ"

သူရက မောင်မောင်ကြီးကို တစ်ဆင့်ပြန်ပြောသည်။

"တစ်ပြားမှ မလိုချင်ဘူး"

"ဒါဖြင့် မင်းတို့ဘာလိုချင်သလဲ"

"မင်းတို့တပ်တွေ ပြန်ဆုတ်သွား"

"မင်းတို့တောင်းတာ များလွန်းတယ် မဖြစ်နိုင်ဘူး"

"မနက်ဖြန် နေဝင်ချိန်မှာ မင်းတို့လူကို ကားစင်တင်ပြီး တံကျင်လျှိုသတ်မယ်၊ ဒါပဲ မင်းတို့နဲ့ တို့နဲ့ နောက်ထပ်ဘာမှပြောစရာမရှိတော့ဘူး၊ မင်းတို့တပ်တွေ ဆုတ်သွားမယ်ဆိုရင် မင်းတို့လူကို တို့ ဘေးမသီရန်မခ ပြန်လွှတ်ပေးမယ်"

မောင်မောင်ကြီးနှင့် သူရ လှည့်ပြန်ခဲ့သည်။ ဗိုလ်ကြီးရိုလင်ဆန် ဒေါပွပြီး ကျန်ရစ်သည်။ တောရကျောင်းသို့ရောက်သောအခါ မောင်မောင်ကြီးက ရန်သူနှင့် အပြန်အလှန်ပြောဆိုခဲ့သည်များကို ဖောက်သည်ချသည်။

ကိုနန္ဒက··

"ဒီလူတစ်ယောက်အတွက်နဲ့တော့ သူတို့တပ်တွေ ဆုတ်ပေးမှာမဟုတ်ဘူး"

"ကိုနန္ဒက ဒေါင်းဒင်္ဂါးတွေလိုချင်လို့လား"

"ကျုပ်ကို ဒီလိုမစော်ကားပါနဲ့"

"ဒါဖြင့် မပြောနဲ့"

"ကျွန်တော်က ဖြစ်နိုင်တာကိုလုပ်ဖို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း ဖြစ်နိုင်တာကို လုပ်နေတာပဲ"

"ဘာဖြစ်နိုင်တာလဲ"

"ဒီမယ်ကိုနန္ဒ…တော်တော်ကလေးကြာရင် လဝင်လိမ့်မယ်၊ အဲဒီအချိန်မှာ ရန်သူ နှစ်ယောက်သုံးယောက် လာလိမ့်မယ်၊ တိတ်တိတ်ကလေး လာလိမ့်မယ်၊ သူတို့လူထို တယ်ရအောင်၊ အဲဒီအခါမှာ ကိုနန္ဒ လုပ်ရမှာက မသိဟန်ဆောင်နေ ရန်သူက ကိုရှင့် နောက်နား ရောက်လာပြီး နောက်ကျောကို ဓားနဲ့ထိုးတဲ့အထိပေါ့။ အဲဒီအခါကျတော့ သူ့ဓားကိုဖမ်းယူပြီး သူ့ကို ကိုယ်က အလစ်ပြန်တိုက်ရုံပဲ၊ ဒီအလုပ်မျိုး ကိုရင် လုပ်တတ် ပါတယ်။ ကျုပ်ကိုတောင် တစ်ခါလုပ်ခဲ့ပြီပဲ၊ အရေးကြီးတာက အသံမထွက်ဖို့ပဲ အားလုံးကြားကြလား၊ သေနတ် လုံးဝမသုံးနဲ့"

မောင်မောင်ကြီးက နန္ဒကိုပြောသလိုနှင့် အားလုံးကို ပြောလိုက်သည်။

[ ၁၉ ]

မောင်မောင်ကြီး တွက်ဆထားသည့်အတိုင်းပင် လဝင်ပြီးကာမှ မကြာမီမှာပင် လှိုဘက်မှ မည်းမည်းသဏ္ဌာန်နှစ်ခု တရွေ့ရွေ့တက်လာသည်ကို သူတို့တွေ့ရသည်။ ရန်သူနှစ် ယောက်သည် မိမိတို့ မသိဘူးအထင်နှင့် ပုန်းလျှိုးကွယ်လျှိုးလာနေသည်။ မိမိတို့ဘက်ကို အရိပ်အကဲကြည့်လိုက် တစ်ကျော့တက်လာလိုက်နှင့်ဖြစ်သည်။ သူတို့အဖြစ်ကို မြင်ရ သောအခါ နန္ဒ ရယ်ချင်သည်။ သူတို့ကိုယ်သူတို့ အဟုတ်ကြီးထင်နေသည်။ ညွှတ်ကွင်း ကို ၄င်းတို့မိတော့မည်ကိုကား သူတို့မသိ။ မောင်မောင်ကြီးက ချောင်းအချက်ဟန့်လိုက်ရာ ဘသားချောနှစ်ယောက် ပုခနဲဝပ်လိုက်သည်။ အတော်ကလေးကြာမှ ခေါင်းထောင်ပြီး တက်လာကြပြန်သည်။

မောင်မောင်ကြီးက ဟောက်သံပေးလိုက်သည်။ တစ်ဘက်တွင်ရှိသော သူရ လည်း တခေါ်ခေါ်မြည်လာသည်။ ရန်သူနှစ်ယောက်သည် ဟောက်သံများကြားရာဆီသို့ လူခွဲ၍သွားကြသည်။ နန္ဒက ယခုမှ သတိရလာသဖြင့် ဟောက်သံပေးလိုက်သည် သို့သော် နောက်ကျချေပြီ။ ရန်သူနှစ်ယောက်သည် မောင်မောင်ကြီးနှင့် သူရဆီသို့ ဦးတည်လျက်ရှိကြပြီ။

ခဏအကြာတွင် လုံးထွေးသံများ ကြားရသည်။ အင့်ခနဲမြည်သံ ထွက်လာသည်။ လေးလံသောအရာတစ်ခု မြေကြီးပေါ်သို့ကျသွားသံကြားရသည်။

ကွမ်းတစ်ယာညက်မျှသော အချိန်ကာလအတွင်းမှာပင် တောရကျောင်းအတွင်း သို့ တိတ်တဆိတ်ဝင်လာသူနှစ်ဦးသည် ဤကမ္ဘာလောကကြီးမှ လူမသိသူမသိ ထွက်ခွာ



သွားကြလေတော့သည်။

မောင်မောင်ကြီးက လက်ဝါးနှစ်ဖက်ကို ပုတ်ခါသည်။ သူရက လေတစ်ချက် ချွန်ပြီး ဖမ်းဆီးချုပ်နှောင်ထားကာ ရန်သူစစ်ဗိုလ်ထံ လျှောက်သွားသည်။ ပါးစပ်ထဲမှ အဝတ်ကို ထုတ်ပေးလိုက်သည်။

"ဘာဖြစ်တာလဲ"

ဌျန်ဂရေးက မေးသည်။

"မင်းတို့လူနှစ်ယောက် တံခါးပေါက်မှားလာလို့"

"အခုဘယ်ရောက်သွားပလဲ"

"အဝီစိကို ပို့လိုက်ပြီ"

"စောစောက ဗိုလ်ကြီးရှိလင်ဆန်နဲ့ ဘာတွေပြောကြသလဲ"

"မင်းကိုလွှတ်ရင် ဒေါင်းဒင်္ဂါးတစ်သောင်း ပေးမယ်တဲ့"

"မင်းတို့က ဘယ်လောက်တောင်းသလဲ"

"မင်းတို့တပ်တွေအားလုံး ပြန်ဆုတ်ပေးရမယ်လို့"

"ဒါတော့မဖြစ်နိုင်ဘူး"

"ဗိုလ်ကြီးရှိလင်ဆန်ကလည်း ဒီလိုပဲပြောတာပဲ"

"ဒီတော့ မင်းတို့က ဘာပြောသလဲ"

"မင်းကို မနက်ဖြန် နေဝင်ချိန်မှာသတ်မယ်လို့ ပြောလိုက်တယ်"

ဌျန်ဂရေး၏လည်ချောင်းထဲမှ ဂရွတ်ရွှတ်ဟူသော အသံထွက်လာသည်။

"လက်ဖတင်နင်ဌျန်ဂရေး သေရမှာကြောက်သလား"

သူရ၏အမေးကို တစ်ဘက်မှမဖြေ။ သူရက ဆက်ပြောသည်။

"လူဆိုတာ သေမျိုးတွေပဲ၊ ခရစ်တော်မှာ အိပ်ပျော်ခြင်းဟာ မင်းတို့ရဲ့နိဗ္ဗာန်ပဲ မဟုတ်လား၊ ဒို့ ဗုဒ္ဓဘာသာတရားတော်မှာတော့ လက္ခဏာရေးသုံးပါးရှိတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတဲ့"

"ဒမ်ဘလတ်ဒီဖူး…ဂိုး အဝေး"

ဌျန်ဂရေးက ငယ်သံပါအောင်အော်သဖြင့် သူရက စောစောက ထုတ်ထားသော အဝတ်ကို ဌျန်ဂရေး၏ပါးစပ်ထဲသို့ ကမန်းကတန်း ထိုးသွင်းလိုက်သည်။

ထို့နောက် သူရက မောင်မောင်ကြီးရှိရာသို့ လှမ်းကြည့်သည်။ မောင်မောင်ကြီး က ကြယ်ရောင်တွင် မှုင်မှုင်ကလေးပြုံးရင်း…

"သူငယ်ချင်းကို ငါသနားသွားပြီး၊ သာခုမခေါ်တော့ပါဘူး"

"နင့်အမေကလွှားတဲ့၊ နင်က သနားရအောင် ငါကချူးပွဲနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



''သနားလို့ သနားတယ်ပြောတာပဲ၊ စိတ်ဆိုးရသလားသူငယ်ချင်းရယ်''

''သနားရင် နှင့်နှမတွေ ပေးပါလား''

''နှင်က အခုမှတောင်းနေ၊ ရတဲ့လူက ရကုန်ပြီ၊ ယူတဲ့လူက ယူကုန်ပြီ''

နန္ဒ တစ်ဘက်သို့ထွက်သွားသည်။ သူ့ကျောဘက်တွင် မောင်မောင်ကြီး၏ ရယ်မောသံ ကျန်ရစ်သည်။

နန္ဒ မတွေးချင်၊ ထို့ကြောင့် ကောင်းကင်မှ ကြယ်များကို ရေတွက်နေမိသည်။

''လာနေပြီဟေ့ အသံမထွက်ကြနဲ့ မလှုပ်ကြနဲ့''

သူရက သတိပေးလိုက်ခြင်းဖြစ်သည်။ နန္ဒက ကောင်းကင်ကို ကြည့်နေရာမှ မြေပြင်ကိုကြည့်လိုက်သည်။ သူရှိရာသို့ တန်းတန်းမတ်မတ်လာနေသော ကုန်းကုန်းကွကွ သတ္တဝါတစ်ခုကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားသည်။ ချက်ချင်းပင် ဟောက်သံပေးလိုက်သည်။

ရန်သူစစ်သားသည် ထန်းပင်တစ်ပင်ကိုမှီ၍ အိပ်ဟန်ဆောင်နေသော နန္ဒကို တွေ့မြင်သွားသည်။ လျှပ်တပြက်အတွင်းမှာပင် ရန်သူသည် လှံပ်ရှားမှုတစ်ခုကို ပြုလိုက်သည်။ ကြယ်ရောင်တွင် လက်ခနဲမြင်လိုက်ရသည်။ တစ်စုံတစ်ခုဖြင့် ပစ်ပေါက်ကြောင်း သိလိုက်သဖြင့် နန္ဒ တိမ်းရှောင်လိုက်သည်။ သူ့နားထင်အနီးမှ ဝီးခနဲဖြတ်သွားသံ ကြားလိုက်ရသည်။ ဓားမြှောင်ဖြစ်သည်။ မိမိပစ်လိုက်သောဓားသည် မြန်မာစစ်သားကို မထိမှန်ကြောင်းသိရှိသောအခါ မြန်မာစစ်သားသည် အိပ်ချင်ယောင်ဆောင်နေကြောင်းကို သိရှိသောအခါ ရန်သူစစ်သား တစ်ချိုးတည်းထွက်ပြေးတော့သည်။ နန္ဒက ချက်ချင်းပင် သူ့ဓားမြှောင်ကိုနုတ်ယူပြီး ပစ်လိုက်သည်။ ရန်သူစစ်သား၏ကျောပြင်ကို ထိမှန်ဟန် ရှိသည်။ အားခနဲ အော်သံထွက်ပေါ်လာပြီး ရန်သူစစ်သား လဲကျသွားသည်။

ရန်သူစစ်သားတွင် အဖော်ပါမပါ သိရှိနိုင်ရန် သူတို့ အတန်ကြာ ငြိမ်နေသည်။ ရန်သူစစ်သားတစ်ယောက်တည်းလာမှန်း သေချာသောအခါတွင်မှ နန္ဒထံသို့ မောင်မောင်ကြီးနှင့် သူရ ရောက်လာသည်။

''ဘယ်လိုဖြစ်တာလဲ ကိုနန္ဒ''

မောင်မောင်ကြီးက မေးသည်။

''ခွေးမသားအကောင် အဝေးကနေလှမ်းပြီး ဓားနဲ့ပေါက်တယ်၊ ကျွန်တော်က မရှောင်လို့မဖြစ်တော့ ရှောင်လိုက်ရတာပေါ့၊ ဒီတော့ ကျွန်တော်နိုးနေမှန်းသိပြီး ခွေးမသား ပြေးတာပေါ့၊ ဒါနဲ့ ကျွန်တော် ဓားနဲ့ပေါက်လိုက်ရတာပေါ့''

''အင်းလေ..အသေခံပြီးတော့လည်း အိပ်ချင်ယောင်ဆောင်လို့ ဘယ်ဖြစ်မလဲ ရှောင်ရမှာပေါ့''



မောင်မောင်ကြီးက တစ်ယောက်တည်း ညည်းညူသလိုပြောသည်။

ထိုစဉ်တွင် ရဲမက်တစ်ဦး၏ ထိတ်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ကြရသည်။

''မိုလ်မင်းတို့..မိုလ်မင်းတို့..လာကြပါဦး''

အသံလာရာဆီသို့ သူတို့သုံးယောက် ချက်တဖြုတ်အတွင်း ရောက်သွားကြသည်။ ရဲမက်က ရန်သူစစ်မိုလ်ကို ညွှန်ပြသည်။ ရန်သူစစ်မိုလ်သည် ခေါင်းငိုက်စိုက်ကျနေသည်။ ရင်အုံတွင် ဓားစိုက်နေသည်။ စောစောက ရန်သူစစ်သားပစ်လိုက်သော ဓား ဖြစ်သည်။

မောင်မောင်ကြီးက ဂျွန်ဂရေးကို စစ်ဆေးကြည့်ရှုပြီးနောက်..

''သွားပြီ၊ အသက်မရှိတော့ဘူး''

သူ့လေသံ ပျော့သည်။ သူ့စိမ်ကိန်း ပျက်ပြီဖြစ်သည်။ နန္ဒက..

''ကျွန်တော် ဓားကိုမရှောင်ဘဲ သေနတ်ပြောင်းနဲ့ ရိုက်ထုတ်လိုက်နိုင်ရင် ဒီလို မဖြစ်ဘူး''

''တော်ပြီကိုနန္ဒ ပြီးပြီးသားကိစ္စကို ဘာမှပြောမနေနဲ့တော့၊ ခင်ဗျားမသေတာပဲ ကျုပ်တို့ဝမ်းသာရဦးမယ်၊ တစ်ခုတော့ရှိတယ်ပေါ့၊ ကိုနန္ဒက ရန်သူသတိပြုမိအောင် ဟောက်သံပေးရုံတင်မကဘူး၊ ပစ်ကွင်းပါ ပေးတာကိုး၊ တကယ်လို့ ထန်းပင်ကိုကွယ်ပြီး နေရင် ဘယ်ရန်သူက အဝေးကနေ ဓားနဲ့လှမ်းပေါက်မလဲ၊ အနားရောက်အောင်လာရမှာ ပေါ့၊ ရှိပါစေတော့လေ။ ကိုနန္ဒက စစ်ပွဲအတွေ့အကြုံနည်းသေးတာကိုး၊ အရေးကြီးတာ က ကျုပ်တို့ အခုဘာလုပ်ရမလဲဆိုတာပဲ''

''ခွေးမသား အိပ်ပျော်သွားမှတော့ ကျုပ်တို့ ဒီက မိုးမလင်းခင် လစ်ကြဖို့ပဲ ရှိကြတော့တာပဲ''

သူရက တစ်ခုတည်းသောနည်းလမ်းကို ပြောပြသည်။

''ကဲ-ကိုယ့်လူတို့ ရန်သူတွေမရိပ်မိအောင် တောအုပ်ထဲကို တစ်ယောက်ပြီး တစ်ယောက် ဝင်ကြပေတော့။ အဲဒီဘက်ထိပ်ကနေပြီး အစဉ်လိုက်ဝင်ကြ။ မြင်းတွေကို ထားခဲ့''

မောင်မောင်ကြီးက အမိန့်ပေးလိုက်သည်တွင် သူရက..

''နေဦး..ဒီလို အရမ်းသွားလုပ်လို့ ဘယ်ဖြစ်ဦးမလဲ။ တောအုပ်ထဲကို ကင်းလွှတ် ဦးမှပေါ့။ ကဲ-တစ်ယောက်သွားစမ်း၊ စေ့စပ်သေချာပေ့စေ''

ရဲမက်တစ်ယောက် ထွက်သွားသည်။ အတန်ကြာသောအခါ ထိုသူ မောကြီး ပန်းကြီး ပြန်လည်ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



''တောထဲမှာ ရန်သူမြင်းတပ် တစ်တပ်ရှိတယ်၊ လူသုံးဆယ်လောက်ရှိတယ်၊ အားလုံး သေနတ်တွေနဲ့ချည်းပဲ''

မောင်မောင်ကြီးနှင့်သူရ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်လိုက်ကြသည်။ ထို့နောက် မောင်မောင်ကြီးက··

''ကိုနနွ ဘယ်လိုသဘောရသလဲ''

''ဒီချောကောင် မရှိတော့ဘူးဆိုရင်တော့ ကျွန်တော်တို့ ဒီကထွက်ကြရမှာပဲ၊ ဒီထွက်တဲ့နေရာမှာလဲ ဒီအချိန် အကောင်းဆုံးပဲ၊ တောထဲမှာ ရန်သူရှိနေတာတော့ ဘယ်တတ်နိုင်မလဲ၊ ဖောက်ထွက်ရမှာပေါ့''

''ဘယ်လို ဖောက်ထွက်မလဲ''

နနွ အတန်ငယ်စဉ်းစားပြီးနောက်··

''အစုလိုက်မဖောက်ဘဲ တစ်ယောက်ချင်းဖောက်ရင် ကောင်းမယ်၊ နောက်ပြီးမှ တစ်နေရာမှာ ပြန်ဆုံကြ''

ဤတွင် သူရက··

''ဟုတ်တယ်၊ အဲဒါကောင်းတယ်။ ဒါပေမဲ့ တစ်ယောက်ချင်း ဖောက်ထွက်ကြမယ်ဆိုတာထက် တစ်ယောက်ချင်း ဖြန့်ထွက်တာက ပိုမကောင်းဘူးလား။ ဒီလိုလေ ပထမအသုတ် ငါးယောက်ထွက်၊ စုမထွက်ဘဲ တစ်ယောက်ကို တစ်ခေါ်လောက်ခွာပြီး ဖြန့်ထွက်၊ နောက်ထပ် ငါးယောက်ထွက်၊ နောက်ဆုံး တို့သုံးယောက် ထွက်မယ်။ တစ်သုတ်နဲ့တစ်သုတ်လည်း သိပ်မခွာနဲ့၊ ကွမ်းတစ်ယာညက်လောက်ပဲခွာ။ တကယ်လို့ ဒီထွက်တာကို ရန်သူသိသွားရင်လည်း အတင်းဖောက်ထွက်ကြတာပေါ့။ လူဖြန့်ထားတော့ ရန်သူလည်း အကိုင်ရခက်တာပေါ့။ ဘယ့်နှယ်လဲ မောင်မောင်ကြီး''

''ကောင်းတယ်၊ ငါ့သဘောကတော့ မြင်းတွေကို မထားခဲ့ချင်ဘူး၊ အသာဆွဲခေါ်သွားကြ။ အရေးအကြောင်းဆိုရင် မြင်းကို ဒုန်းစိုင်းပြီး ထွက်ချင်ထွက်မယ်။ မြင်းကို ထားခဲ့ပြီး ကိုယ်လွတ်ရုန်းချင်လဲ ရုန်းမယ်။ ဘယ်နေရာမှာ ပြန်ဆုံကြမလဲ''

''ကျွန်တော်တို့ အလာတုန်းက ဒီတောအုပ်ကို မရောက်ခင် နှစ်တိုင်လောက်မှာတွေ့ခဲ့တဲ့ ဘုရားနီကုန်းဆိုရင် မကောင်းဘူးလား၊ သူက လမ်းရဲ့အနောက်ဘက် တစ်တိုင်လောက် ဝင်နေတော့ ဘယသူမှ အဲဒီဘက်ကို လာမှာမဟုတ်ဘူး။ လမ်းအတိုင်း မြောက်ဘက်ကို သွားကြမှာပဲ''

''ကောင်းတယ်၊ အဲဒီလမ်းကို တို့အားလုံးသိတယ်။ သူရ သိပါ့မလား''

မောင်မောင်ကြီးက မေးသည်။ သူရက··

''ငါရအောင်ရှာပြီး လာခဲ့မယ်''

''ဒီတောအုပ်ကထွက်ရင် မြောက်ဘက်ကိုသွားတဲ့ လှည်းလမ်းရှိတယ်။ လှည်းလမ်းအတိုင်း တော်တော်ကလေးလိုက်မိရင် လမ်းခွဲတစ်ခုရှိတယ်။ အဲဒီ လမ်းခွဲအတိုင်းလိုက်၊ ချောက်တစ်ခုတွေ့မယ်။ အဲဒီချောက်ကိုဖြတ်ပြီးရင် လမ်းဟောင်းလို့ ပြောတယ်။ အခုသွားနေကြတာက လမ်းသစ်''

''ဟုတ်ပြီလေ၊ ဒါဖြင့် သွားကြစို့။ နေဦး··ဘုရားနီကုန်းကို အရင်ရောက်တဲ့လူက စောင့်နေ၊ ဟုတ်ပလား''

အားလုံးခေါင်းညိတ်သည်။

''ဘယ်အချိန်ထိ စောင့်ရမလဲ''

''ရန်သူ ထက်ကြပ်လိုက်မလာဘူးဆိုရင် မွန်းတည့်အထိစောင့်၊ မွန်းတည့်တာနဲ့တစ်ပြိုင်နက် စုမိတဲ့လူအားလုံး ပန်တော်ပြင်ကတုတ်ကို သွားကြ။ တစ်ယောက်တည်းပဲဖြစ်ဖြစ်၊ နှစ်ယောက်တည်းပဲဖြစ်ဖြစ် ဘယ်သူ့မှ စောင့်မနေကြနဲ့တော့။ ငါမရောက်လာရင်လည်း ငါ့ကိုစောင့်မနေကြနဲ့ သွားသာသွားကြ''

အဝေးဆီမှ လင်းကြက်တွန်သံကြားရသည်။ ပထမအသုတ် ငါးယောက်ထွက်ခွာသည်။ ကျန်ရစ်သူများ ရင်တထိတ်ထိတ်ရှိသည်။ အတော်ကြီးကြာသည်အထိ ဘာသံမျှမကြားရ။ ဒုတိယသုတ် ငါးယောက်ထွက်ခွာသည်။ တောရကျောင်းထဲ၌ နနွတို့သုံးယောက်နှင့် ရန်သူအလောင်းများသာ ကျန်ရစ်သည်။

သူတို့သုံးယောက် တောရကျောင်းအတွင်းမှ ထွက်ခွာတော့မည်ရှိစဉ်မှာပင် တောအုပ်အတွင်းမှ မြင်းဟီသံ၊ ဟစ်အော်မေးမြန်းသံ၊ သေနတ်သံနှင့် ပြေးလွှားသံများ တစ်ခုပြီးတစ်ခု ဆက်တိုက်ကြီး ထွက်ပေါ်လာသည်။

သူတို့သုံးယောက် ကဆုန်စိုင်း၍ ထွက်သွားကြသည်။

တစ်တောလုံး ဆူညံနေသည်။ တစ်လောကလုံး ဆူညံနေသည်။ ညသည် အချိန်စောနေဘဲ အိပ်ရာမှ နိုးချေပြီတကား။

တောရကျောင်းထဲမှ ထွက်သည်ဆိုလျှင် သူတို့သုံးယောက် လူစုကွဲသွားသည်။ တစ်ယောက်က ဝဲဘက်သို့၊ တစ်ယောက်က ရှေ့တူရူသို့၊ တစ်ယောက် ယာဘက်သို့။

[ ၆ ]

ဘုရားနီကုန်းသို့ ဦးဆုံးရောက်ရှိသွားသူမှာ သူရမင်းခေါင်ဖြစ်သည်။ အချိန်မှာ နံနက်လင်း အားများခန့်သာ ရှိလေသည်။ ဘုရားနီကုန်းကို သူ ခက်ခက်ခဲခဲမရှာဖွေရ။ အလွယ်တကူပင် ရောက်ရှိသည်။ တောအုပ်ထဲတွင် မျက်စိလည်နေသဖြင့် ဤမျှ နေမြင့်သွားခြင်းဖြစ်သည်။ ဘယ်လိုက ဘယ်လိုဖြစ်သည်မသိ၊ သူ ရှေ့ကိုသွားနေရင်းနှင် တောရ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းနား တစ်ခေါက်ပြန်ရောက်သွားချေသေးသည်။ မဆီမဆိုင် စပါးကြီးအညှို့ခံရလေသလောဟု စိတ်ထဲတွင် ထင်မိသေးသည်။ နေထွက်မှပင် သူသည် တောအုပ်ထဲမှ ထွက်နိုင်တော့သည်။ အံ့ဩစရာကောင်းသည်မှာ တောအုပ်ထဲမှာ သူ ဤမျှ ချာချာလည်နေသော်လည်း ရန်သူနှင့် လုံးဝရင်မဆိုင်ရချေ။ ကိုယ့်လူများနှင့်လည်း ပက်ပင်းမတိုးရချေ။

သူ့ရှေ့ဘက်မှ မြင်းခွာသံကြားရသည်။ သူ့နောက်ဘက်မှ သေနတ်သံကြားရသည်။ သူ့လက်ဝဲဘက်မှ ရန်သူ့ဟစ်အော်သံ ကြားရသည်။ သူ့လက်ျာဘက်မှ သူတို့လူနှစ်ယောက် စကားပြောသံကြားရသည်။ သူရောက်သွားသောအခါ ထိုအရာများ မရှိတော့။ ရန်သူကို သူကမရှောင်ရ၊ ရန်သူက သူ့ကို ရှောင်ဟန်ရှိသည်။

သည်လိုနှင့် ဘုရားနီကုန်းသို့ သူဦးစွာရောက်ရှိသွားခြင်းဖြစ်သည်။ သူ့အရင်ရောက်နှင့်နေသူ မရှိသောအခါ မကျေမနပ်ဖြစ်ရသည်။ အတော်ကြီးကြာသည့်တိုင် တစ်ယောက်မှ ရောက်မလာသောအခါ သူ ပို၍ မကျေမနပ်ဖြစ်ရသည်။

မိမိတို့လူများအားလုံး တိုက်ပွဲ၌ ကျကုန်ပြီလား၊ သို့မဟုတ် ရန်သူနှင့် ယခုထက်တိုင် အကြိတ်အနယ် ဖြိုင်တိုက်ခိုက်နေကြသလား။ မိမိသည် အဘယ်ကြောင့် သေနတ်တစ်ချက်မဖောက်ရဘဲ ဓားတစ်ချက်မခုတ်ရဘဲ အစောဆုံးရောက်လာရသနည်း။

ဘုရားနီကုန်းသည် တောရကျောင်းနှင့် လေးမိုင်ခန့်ဝေးသည်တစ်ကြောင်း၊ လေညာတွင်ရှိသည်တစ်ကြောင်းကြောင့် တောရကျောင်းနှင့် တောရအနားတွင် ဘာတွေ ဖြစ်ပျက်နေသည်ကို သူကြားလည်းမကြားနိုင် မြင်လည်းမမြင်နိုင်ရှိနေသည်။

သူရသည် တောရကျောင်းဘက်သို့ပြန်သွားရမလေမလားဟုပင် စဉ်းစားမိသည်။ သူက နေမွန်းတည့်ချိန်အထိ တစ်ယောက်တည်း စောင့်နေရမည်ကို စိတ်မရှည်နိုင်ရှိနေသည်။ သို့သော် စစ်စည်းကမ်းတော့မဟုတ်ချေ။ မိမိ ဝင်ချည်ထွက်ချည်ပြုသည်ကို ရန်သူမြင်သွားပြီး မိမိတို့စုရပ်မှန်း သိသွားလျှင် သူ့တာဝန်လုံးလုံး ဖြစ်ချေတော့သည်။

ထိုစဉ်မှာပင် အဝေးမှ မြင်းတစ်စီးလာနေသည်ကိုမြင်ရသည်။ မိမိတို့လူ ဖြစ်သည်။ အောင်ခန့်ဟု ထင်သည်။ အောင်ခန့်သည် မုံရွာသား၊ နေပြည်တော်သို့ စာပြန်ခွဲဝင်ရန် ရဟန်းဝတ်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ စာပြန်ပွဲမဝင်ဘဲ လူထွက်ကာ လေးသင်းဝန်အိမ်တွင် အမှုထမ်းသည်။ စကားများသည်။ အာကျယ်သည်။

သူရက အောင်ခန့်နှင့်ပတ်သက်ပြီး တသီကြီးတွေးနေမိသည်။ သူကြည့်နေစဉ်မှာပင် အောင်ခန့်သည် မြင်းပေါ်မှ ဖောက်ထိုးကျသွားသည်။ သူရ ပြေးသွားသည်။ မြင်းကို အရင်ဖမ်းရမည်လား၊ လူဆီကို အရင်ပြေးရမည်လားမသိ ရှိနေသည်။ သူ့ကို မြင်သောအခါ မြင်းအပြေးရပ်သွားသည်။ သည်တော့မှ သူက လူဆီသို့ ပြေးသွားသည်။



အောင်ခန့် သတိမရ၊ သစ်ရိပ်ကို သူပွေ့ယူသွားသည်။ ရေဗူးကိုယူပြီး ရေစက်ချပေးသည်။ ထိုအခိုက် မိမိတို့ဘက်မှ လူတစ်ယောက် ထပ်မံရောက်ရှိလာသည်။ ထိုသူမှာ လူဘာမှမဖြစ် မြင်းတင်ပါးတွင် ဓားဒဏ်ရာကြီးတွေ့ရသည်။ မြင်းမကောင်းသဖြင့် နောက်ကျနေဟန်ရှိသည်။

အောင်ခန့်တစ်ကိုယ်လုံးတွင် သွေးတွေ စေးထန်းနေသည်။ ဒဏ်ရာတွေ ပြည့်နှက်နေသည်။ သည်ဒဏ်ရာများနှင့် သည်နေရာကို ရောက်အောင်လာနိုင်သည်မှာပင် အံ့ဩစရာဖြစ်သည်။

နောက်ထပ် ရဲမက်သုံးဦး ထပ်မံရောက်ရှိလာသည်။ သူတို့ကိုယ်တွင် ဒဏ်ရာများနှင့်ဖြစ်သည်။ ကြီးတာသေးတာပဲ ကွာခြားသည်။

ထိုအချိန်မှာပင် အောင်ခန့် အသက်ပျောက်သွားသည်။ တတ်သမျှ မှတ်သမျှဖြင့် သင်္ဂြိုဟ်ကြရသည်။ သူရကပင် သရဏဂုံတင်ပေးသည်။ အောင်ခန့်ကို သင်္ဂြိုဟ်နေစဉ်အတွင်း ရဲမက်နှစ်ဦးရောက်ရှိလာသည်။ ရဲမက်ဆယ်ဦးရှိသည့်အနက် ခုနစ်ဦးရောက်ရှိလာပြီး တစ်ဦးသေဆုံးသွားသည်။

မွန်းတည့်ကာနီးတွင်မှ နန္ဒရောက်ရှိလာသည်။ နန္ဒကို လူနှစ်ဆယ်လောက်ကဝိုင်းနေသဖြင့် ဖောင်ချမ်းတောင်ရွာဘက် ရောက်သွားသည်ဟုဆိုသည်။ ခဲရာခဲဆစ် ဖောက်ထွက်လာရသည်ဟုဆိုသည်။ နန္ဒတစ်ကိုယ်လုံးတွင် သွေးများ စေးထန်းနေသည်။

မွန်းတည့်ချိန်အထိ သူတို့စောင့်သည်။ ကျန်ရှိနေသေးသော ရဲမက်သုံးဦးနှင့် မောင်မောင်ကြီးတို့ ရောက်မလာ။ မောင်မောင်ကြီးလည်း မြင်းအုပ်ကြီးနှင့် အလိုက်ခံရသဖြင့် ထူးပေါက်ကတုတ်ဖက် ဖောက်ထွက်သွားရသည်ကို ရဲမက်တစ်ဦးက မြင်လိုက်သည်။

မွန်းတည့်နေသည် ခြစ်ခြစ်တောက်ပူ၏။ သူတို့ကိုယ်တွင် ချွေးသီးချွေးပေါက်များ သီးနေသည်။

သူရနှင့်နန္ဒ ကိုယ့်အရိပ်ကိုယ်ကြည့်မိကြသည်။ အရှေ့ဘက်သို့ နည်းနည်းစွန်းထွက်နေပြီဖြစ်သည်။

"ကျုပ်တို့သွားမှပဲထင်တယ်"

သူရက နန္ဒကို ပြောသည်။ သွားမှပဲထင်တယ်ဆိုသော်လည်း သူ့ကိုကြည့်ရသည်မှာ သွားချင်ပုံမရသေး။ နန္ဒကကော ဘာပြောရမည်နည်း။ ရဲမက်များကကော ဘာတတ်နိုင်သည်နည်း။

သူတို့သွားကြရုံပဲရှိသည်။ မြင်းများပေါ်သို့ တက်နိုင်ကြသည်။ နန္ဒ မြင်းပေါ်သို့ တက်လိုက်တွင် တစ်စုံတစ်ခုကို မြင်လိုက်ရသည်ထင်၏။ ထို့ကြောင့် အရှေ့တောင်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကို လှမ်းမျှော်ကြည့်သည်။ ဖုန်းဆိုးမြေနှင့် ချုံငယ်များကိုသာ မြင်ရသည်။ သူက မတွေ့နိုင်သဖြင့် အတန်ကြာကြည့်နေသည်။

''ဘာတွေ့လို့လဲ''

သူရက မေးသည်။

''ကျွန်တော် မြင်းပေါ်အတက်လိုက်မှာ တစ်ခုခုမြင်လိုက်သလားလို့''

''ဘယ်လိုတစ်ခုခုလဲ''

''တစ်ခုခုလှုပ်သွားတာမျိုး''

နန္ဒကြည့်ရာသို့ သူရကြည့်သည်။ အရာဝတ္ထုအားလုံး ငြိမ်သက်လျက်ရှိသည်။

''စိတ်ထဲကထင်လို့ ဖြစ်ပါလိမ့်မယ်''

''ခဏကလေးဗျာ..စိတ်ထဲမှာသံသယရှင်းသွားအောင် သွားကြည့်လိုက်ဦးမယ်''

မဟာရာမြင်းနက်ကြီး ဘုရားနီကုန်းပေါ်မှ တစ်ရှိန်ထိုးဆင်းသွားသည်။ သူရတို့ စောင့်ကြည့်နေသည်။ ခဲသုံးလေးပစ်လောက်အရောက်တွင် မြင်းနက်ကြီးရပ်သွားသည်။ သူတို့ကို နန္ဒ လက်ယပ်၍ခေါ်သည်။ ထို့နောက် နန္ဒ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်ကို မြင်ကြရသည်။

သူရတို့လည်း တစ်ဟုန်ထိုးဆင်းသွားကြသည်။ သူ့ထက်ငါ အရင်ရောက်အောင် ခြစ်သည်။ အားလုံးပြိုင်တူရောက်သည်။ မြင်းပေါ်မှ ပြိုင်တူခုန်ဆင်းလိုက်ကြသည်။

နန္ဒကို ရေမြောင်းတစ်ခုထဲတွင် တွေ့ရသည်။ မြေပြင်တွင် ဒူးထောက်လျက် ရှိသည်။ လူတစ်ယောက်ကို ပွေ့ချီထားသည်။ ရုတ်တရက် မည်သူမှန်းမသိနိုင်ရှိသည်။ မျက်နှာတစ်ခုလုံး အညိုအမဲများဖြင့် ဖူးရောင်နေသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ သွေးစများ ဖုန်များ လိမ်းကျံလျက်ရှိသည်။ အဝတ်အစားနှင့် ကိုယ်လုံးကိုယ်ထည်ကြောင့်သာ ခြေရာကောက်နိုင်ခြင်းဖြစ်သည်။

နန္ဒအနီးတွင် သူရ ဒူးထောက်လိုက်ပြီး..

''သူငယ်ချင်း..သူငယ်ချင်း''

မောင်မောင်ကြီး မျက်လုံးဖွင့်ကြည့်သည်။ သို့သော် မပွင့်ချေ။ မျက်ခွံလှုပ်ရုံ လောက်သာရှိသည်။

မောင်မောင်ကြီး ရေမြောင်းထဲကျသွားသည်ကို နန္ဒ မြင်လိုက်ခြင်းဖြစ်သည်။ သို့သော် မောင်မောင်ကြီး ရေမြောင်းထဲမှ ပြန်မထနိုင်တော့သဖြင့် သူတို့ အကြာကြီး ကြည့်နေသော်လည်း ဘာကိုမျှ မတွေ့ကြရတော့ခြင်းဖြစ်သည်။

''ကိုမောင်ကြီး ကျွန်တော် နန္ဒလေ သိရဲ့လား၊ ကိုသူရလည်း ဒီးမှာရှိတယ်''

မောင်မောင်ကြီးက သိသည့်အနေဖြင့် ခေါင်းကို မသိမသာညိတ်ပြသည်။ ထို့



နောက် တစ်စုံတစ်ခုပြောလိုဟန်ဖြင့် ပါးစပ်လှုပ်သည်။ ဘာသံမျှထွက်မလာ၊ သူရက ပါးစပ်နားပါးကပ်ပြီး နားထောင်သည်။ လေးလုံးမကွဲ၊ သူရ ခေါင်းထောင်ပြီး တစ်စုံ တစ်ခုကို စဉ်းစားသည်။ စိတ်ကူးပေါက်သွားဟန်ဖြင့်..

''သူငယ်ချင်း ဘာမှမပြောနဲ့ မောနေမယ်၊ သူငယ်ချင်းပြောမှာ တို့သိတယ်၊ ဒီကောင်တွေကို တို့တိုက်ထုတ်မယ်၊ သူငယ်ချင်းအိမ်ကို တို့ပြောလိုက်မယ်၊ နန်းမွန်ကို တို့စောင့်ရှောက်လိုက်မယ် ဟုတ်လား''

မောင်မောင်ကြီး၏ နှုတ်ခမ်းအလှုပ်ရပ်သွားသည်။ ထို့နောက် နှုတ်ခမ်းနှစ်ခု စိနေရာမှ တဖြည်းဖြည်းချင်း ပွင့်လာသည်။

''ဟော..တွေ့လား၊ ကျုပ်ပြောတာကို သူလက်ခံတယ်၊ သူပြုံးနေတယ်''

ဟုတ်သည်။ မောင်မောင်ကြီး၏နှုတ်ခမ်းတွင် အပြုံးရိပ်သမ်းနေသည်။ အပြုံး သည် အချိန်ကြာညောင်းသည်အထိ ပျက်ပြယ်ခြင်းမရှိချေ။

နန္ဒ မသင်္ကာသဖြင့် ရင်ဘတ်ကို လက်ဝါးဖြင့်စမ်းကြည့်လိုက်သည်၊ နှလုံးမခုန် တော့၊ လက်ကောက်ဝတ်ကို စမ်းကြည့်လိုက်သည်၊ သွေးမတိုးတော့။

သို့သော် အပြုံးရိပ်သမ်းနေဆဲ။

## ၃၀ မင်းနှင့်ပြည်သူ [က]

ရှေးပေါက်ကတုတ်အနီး တောရကျောင်းတိုက်ပွဲတွင် ကျည်အချက်ပေါင်းများစွာ သင့် ပြီး ဘုရားနီကုန်း ဖုန်းဆိုးမြေ၌ တံခွန်တိုင်မောင်မောင်ကြီး အပြုံးရိပ်သမ်းကာ ကွယ်လွန် အနိစ္စရောက်သည့်အချိန်တွင် အင်္ဂလိပ်တပ်များက ပန်တော်ပြင်ခံကတုတ်ကို သိမ်းယူ ပြီးနောက် မင်းလှခံမြို့ကို စတင်တိုက်ခိုက်နေပြီဖြစ်သည်။ မင်းလှခံမြို့နှင့် တားလှယ် ချက်တွင်ရှိသော ရွှေချောင်းခံမြို့ကိုလည်း တိုက်ခိုက်သိမ်းယူပြီးဖြစ်သည်။ ထိုနေ့မှာပင် မင်းလှခံမြို့ ရန်သူ့လက်သို့ ကျရောက်သည်။

ယင်းကဲ့သို့ နယ်ခြားကျောက်တိုင်အတွင်းက အစောင့်အရှောက်ထားသော တပ် စခန်းများအားလုံး ပျက်ပြားဆုတ်ခွာရသည်ကို မင်းလှမြို့ ကြေးနန်းရုံတော်က ကြေးနန်း ရိုက်ကြား လျှောက်ထားလိုက်သည်တွင် တောင်တွင်းကြီးကြောင်း၊ တောင်ငူကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ချီတက်ရန် ရန်ထားသောတပ်များကို မချီမတက်စေဘဲ အင်းဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့ သုံးဌာနက အရပ်အနေပြုရမည်။ ရှေ့လွန်ချီတက်နှင့်သော ရွှေလုံ့ဗိုလ် တောလင်းမြို့စားတပ်ကိုလည်း ရောက်ရာစခန်းကစွဲရပ်၍ အခိုင်နေရမည်။ အက္ကပတ်မြို့ဝန် ပင်လယ်မြို့စားနှင့် မိုးနဲစစ်ကဲ မြေဒူးမြို့စားတို့တပ်မှာ ရောက်ရာစခန်းက ရောဝတီမြစ်ကြောင်း ချီတက်တိုက်ခိုက်ရမည် အမိန့်တော်ရှိသည်ကို လွှတ်တော်က တောင်ငူကြောင်း၊ တောင်တွင်းကြီးကြောင်းချီ ဗိုလ်မှူး ဗိုလ်ချုပ်တို့ရှိရာသို့ အလျင်အမြန် မှာကြားဆင့်ဆိုသည်တွင်…

ဗိုလ်မှူး၊ အတွင်းဝန်၊ မြို့သစ်မြို့စား မင်းကြီးမင်းလှ၊ မဟာဇေယျသင်္ကြံလည်း လက်ျာကြောင်း အမှုထမ်း လူလေးရာကိုးဆယ်၊ နတ်ရှင့်ငွေးအမှုထမ်း လူငါးရာငါးဆယ်၊ ငွေးလက်ျာအမှုထမ်း လူသုံးရာကိုးဆယ်ငါး၊ မြင်းအမှုထမ်း လူနှစ်ရာ၊ နောက်ဝန်းကျင်အမှုထမ်း လူတစ်ရာခုနစ်ဆယ့်ငါး၊ သံတော်ဆင့် နေမျိုးမင်းထင်ရာဇာ စာရေးကြီးမင်းကျော်သီဟ မင်းထင်အဝေးရောက်ဗိုလ်စော၊ အမှာရေး ဗိုလ်မှဲ့၊ မင်းလှကန်အုပ်ဗိုလ်ကလေး၊ ကိုးခရိုင်ဝန် ဗိုလ်ထယ်၊ ဝါးရင်တုတ်လှူကြီး ဗိုလ်သာကြူး၊ မြင်းခုံတိုင်မြို့သူကြီး ဗိုလ်စံရာ၊ စာရေးတော် ဗိုလ်ဘိုးရွှေ၊ ဗိုလ်ရန်၊ မြို့ကရဗိုလ်ဒေဝနှင့် အမှုထမ်း လူတစ်ထောင်ကျော်၊ တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးနှင့် သေနတ်ကိုင် မြင်းအမှုထမ်း လူတစ်ရာ၊ စုစုပေါင်း လူသုံးထောင်ကျော်နှင့် တံတားဦးသို့ ဆိုက်ရောက်ပြီးကာမှ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် အင်းဝခံမြို့ ရင်းရဲကျောက်ဆောင်၊ ဆင်ကျုံး၊ မီးသွေးတိုက် စသောဌာနများကို ပြန်၍စီးကြပ်ရသည်။

တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးနှင့် သေနတ်ကိုင် မြင်းတပ်သားတစ်ရာသည် မြို့သစ်အတွင်းဝန် မင်းကြီး မင်းလှမဟာဇေယျသင်္ကြံနှင့်အတူ အင်းဝခံမြို့တွင် တပ်စွဲရပ်ရသည်။

[ ၁ ]

အဝေးတွင် ဖုန်တထောင်းထောင်းထနေသည်။ လေပွေတိုက်ခြင်းမဟုတ်။ မြင်းတစ်စီးလာနေခြင်းဖြစ်သည်။ မြင်းကောင်းပုံရသည်။ ခံမြို့ဘက်မှ လာခြင်းမဟုတ်၊ ရဲမက်အမှုထမ်းမဟုတ်၊ အရပ်သားဖြစ်ပုံရသည်။

မည်သည့်အကြောင်းထူး ရှိချေသနည်းဟု ဗိုလ်ကျောက်လုံး စဉ်းစားနေသည်။ သူ့လူများလည်း ထို့အတူပင် စိတ်အတွေးရှိကြဟန်တူသည်။ အမှုထမ်းနှစ်ဦးက မြင်းနှင့်ကြိုရန်ဖြစ်သည်ကို ဗိုလ်ကျောက်လုံးက တားသည်။



သူတို့တာဝန်က ဧရာဝတီမြစ်ကြောင်းကို ကြည့်ရန်ဖြစ်သည်။ မြစ်ကမ်းနဖူးတွင် မျှော်စင်ထိုးထားသည်။ အင်းဝခံမြို့တောင်ဘက်တစ်နေရာတွင် ဖြစ်သည်။ မြစ်အတွင်း ရှိနေသည်… အဆန်ပြုသည်များကိုလည်း မှတ်သားစောင့်ကြည့်ရသည်။ မြစ်ကမ်းအတိုင်း သွားသည်များကိုလည်း ဂရုပြုရသည်။

ယခုကာလတွင် ခြေလျင်၊ မြင်းလျင်၊ လှေလျှင်မှာ ပေါများလှသည်။ တပ်အရွေ့အပြောင်းများသည်။ လွှတ်တော်မှလည်း နေ့စဉ်လောက်ပင် အမှာစာများ ပို့နေသည်။ ညကြားထဲကပင် အချို့တပ်များ တစ်ရက်နှစ်ရက် ပျောက်နေတတ်သည်။ အမိန့်တွေ ရှုပ်ထွေးနေသဖြင့် မည်သည့်အရပ်သို့ ချီတက်ရမည်မသိ ဖြစ်ကြရသည်။

ယခုလာသူလည်း ယောင်ချာချာဖြစ်နေသော တပ်တစ်တပ်မှ မြင်းလျင်တစ်ဦး ဖြစ်ဟန်ရှိသည်။ သို့မဟုတ် အောက်အရပ်မှ တပ်ပျက်လာသူလည်းဖြစ်နိုင်သည်။

ကင်းမျှော်စင်အနီးသို့ မြင်းစီးလူ ရောက်ရှိလာသောအခါ တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးသည် မျက်လုံးကို လက်ခုံဖြင့်ပွတ်မိသည်။ သူ့မျက်လုံးကိုသူ မယုံသောကြောင့်ဖြစ်သည်။ အသက်ငါးဆယ်ရှိပြီဖြစ်၍ မျက်လုံးများ အမြင်မကောင်းတော့၊ ကြည့်မရှင်းတော့၊ ထင်ယောင်ဝိုးဝါး ဖြစ်တတ်သည်။

ဖုန်များလည်း လုံးထသည်။ နေရောင်ကလည်း လှည့်စားတတ်သည်။ သို့သော် ယခုမြင်နေရသည်မှာ အမှန်းအထင်မဟုတ်၊ အမှန်အစစ်ဖြစ်သည်။ သူ နှစ်ပေါင်း ငါးဆယ်ကျော်အစိတ်နီးပါး မြင်တွေ့ကျွမ်းဝင်ခဲ့ရသူပင်ဖြစ်သည်။ ထိုသူကား အခြားမဟုတ်၊ သူ၏သားအရင်း မောင်မောင်လတ်။

မောင်မောင်လတ်သည် မြင်းကိုအရှိန်မသတ်ဘဲ ပြေးလွှားနေသော မြင်းအပေါ်မှ ခုန်ချလိုက်သည်။ ပြေးနေသောမြင်း သူ့အလိုအလျောက်ရပ်သွားသည်။ ဦးကျောက်လုံးသည် သားဖြစ်သူကို ငေးကြောင်၍ကြည့်နေသည်။

ကင်းတပ်သားများလည်း ရှိရင်းစွဲနေရာတွင် မလှုပ်မယှက် မရွေ့မလျား ရှိနေသည်။ ထိုသူနှစ်ဦးသည် သားအဖအရင်းဖြစ်ကြငြားသော်လည်း ဘဝချင်းမတူကြ။ ဖခင်က ဘုရင့်အမှုတော်ကို ထမ်းရွက်နေသူဖြစ်ပြီး သားက ဘုရင်ကို ဆန့်ကျင်တိုက်ခိုက်နေသော သူပုန်တစ်ဦးဖြစ်သည်။ မိမိတို့တာဝန်သည် သူပုန်တစ်ဦးတွေ့လျှင် ဖမ်းဆီးနှိပ်ကွပ်ရန်ဖြစ်သော်လည်း မိမိတို့တပ်မှူးကို လွှန်၍ တစ်စုံတစ်ခုပြုရန် မဝံ့ကြချေ။

တာဝန်ဟူသမျှသည် မြို့စားကြီးအပေါ်တွင်သာ တည်ရှိပေသည်။ ယင်းအဖြစ်ကို မြို့စားကြီး မသိ မဟုတ်ချေ။ မောင်မောင်လတ်လည်း မသိ မဟုတ်ချေ။ သို့သော် ဖခင်၏ နေ့ခင်းကြောင်တောင်ကြီးတွင် အများသူငါရှေ့၌ မိမိရှေ့မှောက်သို့ ရောက်လာ

www.burmeseclassic.com



သော သားကို မည်သို့ဆက်ဆံရမည်မှန်း မြို့စားကြီး မသိရှိဖြစ်နေသည်။ ယင်းကြောင့် ပင် ကြောင်ငေး၍ ကြည့်နေခြင်းဖြစ်သည်။

သို့သော် မောင်မောင်လတ်ကမူ ကြောင်ငေးခြင်းမရှိ။ ဖခင်၏ရှေ့မှောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အသံဝါကြီးနှင့်..

"ဘဘုရားတို့ မဆုတ်ကြသေးဘူးလား"

သားဖြစ်သူထံမှ မျှော်လင့်မထားသော မေးခွန်းထွက်ပေါ်လာသဖြင့် မြို့စားကြီး ခါးစန့်သွားသည်။ ခါးထောက်လိုက်သည်။

"ဘာပြောတယ်ကွယ့်"

"အင်္ဂလိပ် ဓာတ်သင်္ဘောတွေ တက်လာနေပြီ၊ ဘဘုရားတို့ အချိန်ရှိတုန်း မဆုတ်မပြေးကြသေးဘူးလား"

မြို့စားကြီး၏လက်တစ်ဖက် ကျောက်စီဓားရိုးပေါ်သို့ ရောက်သွားသည်။ မျက်နှာ ထား တင်းမာလာသဖြင့် နှုတ်ခမ်းမွေးစနှစ်ခုသည် ကင်းမြီးကောက်အမြီးကဲ့သို့ ထောင်လာသည်။

"သယ်..နင့်စကား ရိုင်းပြစော်ကားလှပါကလား"

မောင်မောင်လတ်က ပါးနှစ်ဖက်ခွက်သွားအောင် ပြုံးလိုက်ရင်း..

"နယ်ခြားကျောက်တိုင်အတွင်းက ဗိုလ်ချုပ်သမိန်ဘရမ်း အုပ်ချုပ်တဲ့ ရဲမက်လူရာ သုံးထောင်ကျော်ဟာ ကြေးဝါအမြောက်တွေ၊ စကြာတင်အမြောက်တွေ၊ ခံကတုတ်တွေ ခံမြို့တွေကို စွန့်ပစ်ဆုတ်ခွာခဲ့တာကို ဘဘုရား မကြားမသိဘူးလား"

မြို့စားကြီး ဘာမျှမပြော၊ သားကို စူးစူးကြည့်နေသည်။

"ဗိုလ်ချုပ်လက်ျာဝင်းမှူး မင်းကြီးသမိန်ဘောဖြတ်စ အုပ်ချုပ်တဲ့ ရဲမက်သုံးထောင် ကျော် ပုဂံညောင်ဦးအရပ်က ဆုတ်ခွာသွားကြပြီဆိုတာကို ဘဘုရား မကြားမသိလိုက် ဘူးလား"

မြို့စားကြီး တစ်စုံတစ်ခုပြောမည်ရှိစဉ် မောင်မောင်လတ်က..

"ဒါတွေထားလိုက်ဦး၊ ဘဘုရားတို့ရဲ့ ရေကြောင်း၊ သေနာပတိ လေ့သင်း စလေမြို့စားမင်းကြီး သီရိမဟာ ဇေယျကျော်ထင်ဟာ မြင်းခြံအရပ်မှာ အမြောက်ကြီး ၂၀၊ စိန်လက်ရေ ၂၀၊ သေနတ်ကိုင်တပ်သား သုံးထောင်ကျော်နဲ့ အောင်စည်အောင်မောင်း အောင်လံလွှင့်ပြီး တန်ဆောင်မုန်းလဆန်း ရှစ်ရက်နေ့ကတည်းက အခန့်အထည်နေခဲ့ မနေ့က ရန်သူသင်္ဘောတွေ ရောက်လာတော့ ပြောင်းပူအောင်တောင် မခုခံဘဲ နေ ဆည်းဆာမှာ ကျောက်ရုံအရပ်ကို ဆုတ်သွားတာ ဘဘုရား မကြားမသိသေးဘူးလား"

"လက်နက်ချင်း၊ လူအင်အားချင်း မမျှဘူးဆိုတာတော့ နင်မမြင်ဘူးလား၊ နင်



မပြောဘူးလား၊ သင်းတို့ရဲ့ စက်အမြောက်တွေက မီးအိုး၊ ဖျောက်အိုးဖောက်သလို အဆက်မပြတ် ပစ်လွှတ်နိုင်တယ်၊ ခရီးတစ်တိုင်အကွာမှာရှိတဲ့ ဆင်တစ်ကောင်ကို မှန် မှန်ညက်ညက် ကြေစေနိုင်တယ်"

မောင်မောင်လတ်က အသံနက်ကြီးနှင့် ရယ်သည်။

"ဒါကြောင့် ဘဘုရားတို့ မဆုတ်ကြသေးဘူးလားလို့ မေးရတာပေါ့၊ ရန်သူ တပ် သင်္ဘောနှစ်ဆယ့်ရှစ်စင်းဟာ လူအင်အားတစ်သောင်းကျော်နဲ့ မြင်းခြံအရပ်ကနေ ဆန်တက်လာကြပြီ၊ နက်ဖြန်သဘက်ဆိုရင် အင်းဝ၊ စစ်ကိုင်း၊ သပြေတန်းခံတပ်များကို တိုက်ကြတော့မယ်၊ ဘဘုရားတို့ လူအင်အား ခုနစ်ထောင်ဟာ ရန်သူတွေရောက်လာမှ ဆုတ်ခွာကြရင် ကစင့်ကလျားနိုင်လိမ့်မယ်၊ ဆုတ်မယ့်အတူတူ ခုကတည်းက ကြိုပြီး ဆုတ်ထားကြရင် မကောင်းဘူးလား"

တံခွန်တိုင်မြို့စားကြီးက ဓားကိုဆွဲနုတ်လိုက်သည်။ ကင်းတပ်သားများ လှုပ်လှုပ် ရှရှဖြစ်သွားကြသည်။ မောင်မောင်လတ်က မြင်းပေါ်သို့ ခုန်တက်ပြီး..

"ဘဘုရားတို့ရဲ့ ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စားမင်းကြီးကို ကျေးတော်မျိုး ကျွန်တော်မျိုး ငမောင်လတ်က လျှောက်ထားကြောင်းပြောပါ။ ခံမြို့သုံးမြို့ကို အင်္ဂလိပ် သက်အပ်မယ့်အစား ငမောင်လတ်တို့လက်ကိုအပ်ရင် ငမောင်လတ်နဲ့ ငမောင်လတ်ရဲ့ လူများက တစ်ယောက်မကျန် အသက်သေတဲ့အထိ အင်္ဂလိပ်တွေကို ခုခံတိုက်ခိုက်မယ် လို့"

မြို့စားကြီးက ဓားဖြင့်လှမ်းခုတ်သည်။ မောင်မောင်လတ်က လွတ်ရုံမျှ တိမ်း ရှောင်ပြီးနောက် လာလမ်းအတိုင်း ဒုန်းပြန်သည်။ ဖုန်များ လုံးထ၍ကျန်ရစ်သည်။ တံခွန်တိုင်မြို့စားကြီးသည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ရှိနေသည်။

[ ၈ ]

သို့သော် မိမိအသားများ တဆတ်ဆတ်တုန်နေကြောင်း မြို့စားကြီး သတိထားမိသည်။ သူတာ ဘာကိုမျှ မမြင်လို မကြားလိုတော့သဖြင့် မျက်လုံးအစုံကို စုံမှိတ်ထားလိုက်သည်။ မျက်စိမှ ဘာကိုမျှမမြင်ရသော်လည်း နားကမူ တဖြည်းဖြည်းဝေး၍သွားသော မောင် မောင်လတ်၏ မြင်းခွာသံကို ကြားရသည်။

မြင်းခွာသံပျောက်သွားသည်အထိ မြို့စားကြီး မျက်လုံးမဖွင့်ပေ။ နေရာမှ မရွေ့ ဘဲ နေရောင်တွင် ရပ်လျက်ရှိသည်။ လက်ထဲတွင် ဓားလွယ်ကိုင်ထားသည်။

သားသုံးယောက်ရှိသည့်အနက် မောင်မောင်လတ်ကို သူ အချစ်ဆုံးဖြစ်သည်။ ...တားဆုံးဖြစ်သည်။ သို့သော် ယခုကဲ့သို့ လူပုံအလယ်တွင် သူနှင့် သူ၏တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



တို မှိုချိုးမျှစ်ချိုးပြောသွားသောအခါတွင်ကား တုန်လှုပ်ချောက်ချားသွားမိသည်မှာ အမှန်ပင်ဖြစ်သည်။

ဝေး၍ဝေး၍ပျောက်သွားသော မြင်းခွာသံကို ပြန်၍ ကြားရသည်။ နီး၍နီး၍ လာနေသည်။ မောင်မောင်လတ် တစ်ကျော့ပြန်လှည့်လာသည်ထင်၏။ မြို့စားကြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဖုန်လုံးများအကြားတွင် မြင်းတစ်စီးလာနေသည်ကို မြင်ရသည်။ မောင်မောင်လတ်မဟုတ်ချေ။ မျဉ်းတိုမျဉ်းရှည်နှင့် ဖြစ်သည်။ အင်းဝခံမြို့ဘက်မှ လာခြင်းဖြစ်သည်။

မင်းကြီးမဟာဇေယျသကြံ၏ လက်စွဲတော်တပ်မှူးဖြစ်သည်။

"မြို့စားမင်းကို မင်းကြီးက အခေါ်ခိုင်းပါတယ်"

လက်စွဲတော် တပ်မှူး၏စကားကို ကြားရသောအခါ မြို့စားကြီး ထိတ်ခနဲဖြစ်သွားသည်။ သို့သော် အိန္ဒြေမပျက်စေဘဲ မိမိ၏မြင်းကိုပြင်စေသည်။ ထို့နောက် မည်သည့်စကားကိုမျှမဆိုဘဲ ခံမြို့ဘက်သို့ လက်စွဲတော်တပ်မှူးနှင့်အတူ ထွက်သွားသည်။

မင်းကြီးမဟာဇေယျသကြံသည် အနောက်ဘက် ခံမြို့ရိုးပေါ်တွင် နောက်လိုက်နိုလ်ပါအနည်းငယ်နှင့်ရှိနေသည်။ ဤအတိုင်းသာဆိုလျှင် စောစောက မိမိထံသို့ မောင်မောင်လတ် လာရောက်သွားသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ဟန်ရှိသည်ဟု မြို့စားကြီး တွက်ဆလိုက်သည်။

"ခုတင်က မြို့စားကြီးဆီကိုလာတာ မောင်မောင်လတ်နဲ့တူတယ်"

မင်းကြီးက အကွေ့အဝိုက်မရှိ မေးသည်။

"မှန်ပါ"

မြို့စားကြီးက တည်ငြိမ်စွာဖြေသည်။

"ဘာကိစ္စတဲ့လဲ၊ သူနဲ့သူ့လူများ လက်နက်ချဖို့ လာရောက်စေ့စပ်တာလား"

"မဟုတ်ပါ၊ သူတို့လက်ကို ခံမြို့သုံးမြို့အပ်ဖို့ လာရောက်ပြောကြားခြင်းပါ"

"ဘယ်လိုကွယ့်"

မင်းကြီး၏အသံ အနည်းငယ်မာသည်။ သို့သော် အမျက်ဒေါသထွက်ပြီဟု မဆိုသာသေး။ မြို့စားကြီးက မောင်မောင်လတ် ပြောဆိုသည်များကို အစုံအစေ့ ပြန်လည် တင်လျှောက်လိုက်သည်။

မင်းကြီး ဆိတ်ဆိတ်နေသည်။ အတန်ကြာမှ . .

"အင်း . . သင်းပြောမယ်ဆိုလည်း ပြောစရာပဲ၊ ငါတို့အဖြစ်အပျက်ကလည်း ရှုတ်စရာကောင်းလှတယ်၊ ဘယ်လောက်ပဲ လက်နက်အင်အား လူအင်အားမမျှဘူးထား ဒါလောက်တော့ အဆုတ်မမြန်သင့်ဘူး၊ အခုတော့ စစ်ထိုးတာနဲ့မတူဘူး၊ ထုပ်စည်းတိုး



တာနဲ့တူနေတယ်၊ ထုပ်တိုးသူတွေအားလုံး နောက်ဆုံးစည်းကို ရောက်လာကြပြီ၊ ငါတို့ ဘယ်လောက်ခံနိုင်မယ် ကြည့်ရမှာပေါ့"

"ကျုပ်တို့ရဲ့ အလောင်းတွေနဲ့ မြစ်ကြောင်းကို ပိတ်ဆို့ပြီး ရန်သူကိုတားပါ့မယ်၊ ရဲမက်ဗိုလ်ပါအားလုံး သည်အတိုင်း သံန္နိဋ္ဌာန်ခိုင်ခိုင်မြဲမြဲ ချထားကြပါတယ်"

မြို့စားကြီးက သစ္စာဆိုသည့်ပမာ ပြောသည်။ မင်းကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး . .

"ခက်တယ် မြို့စားကြီး၊ အခုနှာရေးတော်ပုံမှာ ကျုပ်တို့က စစ်တုရင်ခုံပေါ်က နယ်ရုပ်၊ မြင်းရုပ်ကလေးတွေပဲ၊ ရွှေနန်းတော်က ရွှေ့တဲ့အတိုင်း ရွှေ့နေကြရတာ၊ မင်းလှ ခံမြို့ကလူတွေကိုလည်း အပြစ်မပြောနဲ့၊ ရန်သူကို ခုတိုက် ခုမတိုက်နဲ့ဆိုပြီး လွှတ်တော်က ကြေးနန်းအမှာစာအမျိုးမျိုး ပို့နေတာ၊ ထွက်ပြီးသားဆင်စွယ်ကို လွှနဲ့တိုက်တဲ့လူကတိုက် ဆောက်နဲ့ဖြတ်တဲ့လူကဖြတ် လုပ်နေကြတော့ မခက်ဘူးလားကွ"

မင်းကြီး၏စကားကြောင့် အားလုံးငြိမ်သက်လျက်ရှိသည်။ လက်ငင်းဖြစ်ပေါ်နေသည့် အရေးအခင်းကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားနေကြဟန်ရှိသည်။

အတန်ငယ်ကြာသောအခါ မင်းကြီးက ဆက်ပြောသည်။

"အိမ်းပလေ . . ဘယ်သူက ဘယ်သို့ရှိစေ၊ ငါတို့ကတော့ ငါတို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာပေါ့၊ ရန်သူဟာ ငါတို့ရဲ့အလောင်းတွေကို မကျော်ဖြတ်ဘဲနဲ့ ရွှေနန်းတော်ကို မရောက်စေရဘူး၊ သို့ပေမယ့် . ."

မင်းကြီးက ရုတ်တရက်စကားမပြန်သေးဘဲ သွေ့ဝန်းကျင်မှ မျက်နှာများကို ကြည့်သည်။ ပြီးမှ . .

"ရွှေနန်းရှင်မင်းတရားကြီးကို စံနေတော်မူရင်း ရွှေမြို့တော်ကထွက်ပြီး သင့်ရာဌာနက အရပ်အနေပြုနေဖို့ လျှောက်ထားမှ သင့်မယ်ထင်တယ်"

မြစ်ကမ်းနဖူးအလံတိုင်တွင် မြန်မာဒေါင်းအလံသည် တလူလူလွှင့်လျက်။

[ ဃ ]

မင်းကြီး မဟာဇေယျသကြံ တင်လျှောက်သည့်အတိုင်း မင်းတရားကြီးသည် ရွှေမြို့တော်မှထွက်၍ သင့်ရာဌာနက အရပ်အနေပြုကာ အင်္ဂလိပ်ကို စစ်ပြိုင်ရမည်လား၊ သို့တည်းမဟုတ် နာမကျန်းရှိသော နန်းမတော်မိဖုရားခေါင်ကြီးနှင့် ငယ်ရွယ်နုနယ်သေး သမီးတော်တို့အရေးကိုငဲ့၍ အင်္ဂလိပ်နှင့် ပြေရာပြေကြောင်း ပြောဆိုရမည်လားဟု ညီလာခံတွင် စဉ်းစားဆွေးနွေးနေကြစဉ်တွင် . .

www.burmeseclassic.com

www.burmeseclassic.com

အင်းဝ၊ စစ်ကိုင်း၊ သပြေတန်းခံမြို့များရှိ ရဲမက်ဗိုလ်ပါတို့သည် စစ်ပွဲကြီးတစ်ခု အတွက် အားတက်သရော ပြင်ဆင်စောင့်ဆိုင်းလျက်ရှိကြသည်။

ဒုဋ္ဌဝတီမြစ်အရှေ့ဘက် ဧရာဝတီမြစ်ကမ်းနဖူး သံလျက်စွန်းတွင် ၁၂၄၀ ပြည့် နှစ်က တည်လုပ်ပြီးပြေခဲ့သော သပြေတန်းခံမြို့တွင် ဗိုလ်ချုပ်ရှေ့ဝင်းတော်မှူး မင်းကြီး မဟာမင်းခေါင်ရာဇာကိုယ်တိုင် ကြီးကြပ်လျက် စုစုပေါင်းရဲမက် လက်နက်ကိုင် ၅၀ တစ်ထောင်ကျော်ရှိနေသည်။

စစ်ကိုင်းခံမြို့ကို တာဝန်ယူစည်းကြပ်ရသော ပင်းမြို့စား မင်းကြီး မဟာမင်း ကျော်သူရိန်လည်း ရဲမက်လူသူ သုံးထောင်ခန့်ကို စစ်ကိုင်းခံမြို့၊ နွားချေးကျွန်း ကမ်းပါးနှင့် တကွက်တန်းစသော ဌာနများသို့ တပ်ဖြန့်ထားသည်။ နွားချေးကျွန်းတပ်စခန်းသည် မုဋ္ဌားခြံ မြစ်ကွေ့ကိုလည်းကောင်း၊ လက်ဆောင်ယူ မြစ်ကွေ့ကိုလည်းကောင်း ကောင်း မွန်စွာ မြင်တွေ့ပစ်ခတ်နိုင်သည်။

ငွေးလက်ဝဲဗိုလ်မင်းလှသိဒ္ဓိရာဇာသည် လူ ၄၅၀ နှင့် ရွှေကြက်ယက်တောင်ထိပ် တွင် ရှိနေသည်။ ရွှေကြက်ယက်ဝဲသည် တဟဲဟဲအော်မြည်လျက် ရန်သူအလောင်းများ ကို ချဉ်ခြင်းတပ်လျက်ရှိသည်။

ယင်းတပ်စခန်းများတွင် လူအင်အား လက်နက်အင်အားလည်း အခါမလပ် တိုးပွားများပြားလျက်ရှိသည်။ ယင်းတို့ တိုးပွားများပြားရခြင်းမှာ ရပ်ဝေးတပ်များ တစွဲစွဲ ရောက်ရှိနေ၍တစ်ကြောင်း၊ အောက်မြစ်စစ်ကြောင်းမှ ဆုတ်ခွာလာသူများ ဝင်ရောက် ပေါင်းစပ်ကြသောကြောင့်လည်းကောင်း ဖြစ်သည်။

အင်းဝခံမြို့တစ်ခုတည်းမှာပင် စခန်းစတင်ချရပ်သည့် တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ မြင်းခြံမြို့ကျဆုံးပြီး နောက်တစ်နေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့အထိ ရှစ်ရက်တာကာလအတွင်းတွင် လူသူလက်နက် သုံးရာကျော်မျှ တိုးပွား များပြားလာသည်။

ရပ်ဝေးဒေသမှ ရောက်ရှိလာသော တပ်များကို တပ်အလိုက် နေရာချထားပြီး အောက်ဘက်မှ ဆုတ်ခွာလာသော လူသူအစုများကိုကား တံခွန်တိုင်မြို့စားကြီး ဗိုလ် ကျောက်လုံး မေးမြန်းစိစစ်ပြီး သူ့တပ်မှာပင် လက်ခံထမ်းဆောင်စေရသည်။ ယင်းသို့ ဖြင့် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် နံနက်ဝေလီဝေလင်းအချိန်တွင် အောက်မြစ် စဉ်ကြောင်းမှ ဆုတ်ခွာလာကြသော သူရ၊ နန္ဒနှင့် ရဲမက်သုံးဦးတို့သည်လည်း တံခွန် တိုင်မြို့စားကြီးထံမှောက်သို့ ရောက်ရှိလာကြတော့သည်။

သူရတို့ ဘုရားနီကုန်းမှ ထွက်ခွာလာကြစဉ်က စုစုပေါင်း ခုနစ်ယောက်ဖြစ် သည်။ သို့ရာတွင် ညောင်ဦးတိုက်ပွဲတွင် ရဲမက်တစ်ဦး၊ မြင်းခြံတိုက်ပွဲတွင် ရဲမက်တစ်ဦး



ကျဆုံးရသောအခါ ငါးယောက်သာ ကျန်ရှိပေတော့သည်။

တံခွန်တိုင်မြို့စားကြီးသည် သူ၏သားကြီး မောင်မောင်ကြီးသည် တောရကျောင်း တိုက်ပွဲတွင် မိမိတို့ထက် အင်အားများပြားသော ရန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရင်း သူရဲကောင်းပီသစွာ ကျဆုံးသွားကြောင်း သူရနှင့်နန္ဒတို့ထံမှ သိရှိရသောအခါ လက်ပမ်း ကျတော့မျှ ဂုဏ်ယူမဆုံးရှိတော့သည်။

ယမန်နေ့က မောင်မောင်လတ်ကြောင့် စိတ်ရှုပ်ထွေးခဲ့ရသည်များလည်း တမုဟုတ်ချင်းမှာပင် ပျောက်လွင့်သွားတော့သည်။

ယင်းအကြောင်းကို ကြားသိရသော မင်းကြီးမဟာဧယျသကြိုကလည်း မောင် မောင်ကြီးကို အထပ်ထပ်အဖန်ဖန် ချီးမွမ်းစကားပြောဆိုလေသည်။ မောင်မောင်ကြီးသည် သူ့ကြိမ်က သူ၏လက်သုံးတော်တပ်မှူး ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

သို့ရာတွင်..

သူတို့၏ ဂုဏ်ယူတက်ကြွမှုသည် ရှည်ကြာခြင်းမရှိပါချေ။ အကြောင်းမူ စစ်ဆိုင်း ဆုံး လွှင့်ထူထားသော မှန်စီရွှေထည့် ခိုတောင်ရွှေခဲခတ်ရှေတော်ကို ရတနာယဉ်ရွှေ မီးသင်္ဘောကတွဲယူလျက် ဧရာဝတီမြစ်အတိုင်း အလျင်စလို စုန်ဆင်းသွား သည်ကို တွေ့မြင်ကြရသောကြောင့်ဖြစ်သည်။

ယင်းအခိုက်မှာပင် လွှတ်တော်မှ အမှာစာရောက်ရှိလာသည်။

အင်္ဂလိပ်တပ်သင်္ဘောများ ရွှေမြို့တော်သို့ ဆိုက်ရောက်လာ၍ ရဲမက်တော်တို့နှင့် ယှဉ်ပြိုင်ပစ်ခတ် တိုက်ခိုက်ကြလျှင် ပြည်သူတကာ သတ္တဝါအပေါင်းတို့မှာ အသက် ဆုံးခြင်းဥစ္စာနှင့်တကွ ကြီးစွာသော ဘေးအန္တရာယ်ကို မချွတ်တွေ့ကြုံရန် ရှိတော့သည်။ ယခင်ကဲ့သို့ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ မချမ်းမသာဖြစ်သည့်အရာကို အလိုတော်မရှိ၊ ချမ်းသာငြိမ်ဝပ်၍ အရေးတော်ပုံ သာယာစွာပြီးလွတ်မည့်အကြောင်းကိုသာ အလိုတော် ရှိသည်။ သို့ဖြစ်၍ အဝိရောခနတရားနှင့်အညီ အင်္ဂလိပ်အစိုးရတို့ တောင်းဆိုသော အခွင့်များကို ပေးလိုက်ကြရမည်ဟု ညီလာခံတွင် ဘဝရှင်မင်းတရားကြီးက မိန့်တော်ရှိသောကြောင့်..

အင်္ဂလိပ်အစိုးရက မူလတောင်းခံရင်းဖြစ်သော အခွင့်အရေးများကို အလုံးစုံ ခွင့်ပြုတော်မူမည့်အကြောင်း၊ ယခု ချီတက်တိုက်ခိုက်ကြသည့် စစ်ကိုလည်း နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်ခြင်းမရှိ၊ ရပ်သိမ်းပြီးလျှင် မဟာမိတ်စာချုပ်လုပ်ရန်အကြောင်း မှူး မတ်တော်တို့က ရေးသားပေးအပ်၍ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူ ကျောက် မြောင်းမြို့စားနှင့် ဝက်မစွတ်မြို့စားတို့ကို စကားပြေပြောသွားစေကြောင်း။

သူရက တက်တစ်ချက် ပြင်းပြင်းခေါက်ပြီး..

www.burmeseclassic.com

www.burmeseclassic.com

"နင့်အမေကလွှားမှပဲ၊ စောစောကတည်းက သည်လိုစကားပြောထိုးမယ်ဆိုရင် ဘာပြုလို့ ကြီးကြီးကျယ်ကျယ်.."

မင်းကြီးမဟာဓေယျာသကြီ မကြားဟန်ပြုကာ မျက်နှာလွှဲသွားသည်။ သုံ့ရလည်း သူ့စကားလွန်သွားမှန်း သိသဖြင့် ချက်ချင်းရပ်လိုက်သည်။ တခြားစကားကို လှီးလွှဲသည်။

"အိပ်တာပဲကောင်းပါတယ်၊ ညက တစ်ညလုံးမအိပ်ရဘူး"

သုရ တစ်နေကုန်အိပ်သည်။ ညနေစောင်းမှ ထမင်းထစားသည်။ ထို့နောက် တစ်ညလုံးအိပ်သည်။ နနွမူ အိပ်မပျော်၊ နွေဘက်တွင် မြစ်ကိုကြည့်သည်။ ညဘက်တွင် ကြယ်တွေကိုကြည့်သည်။ ယမန်နေ့က မောင်မောင်လတ် လာသွားသည့်သတင်းကို ကြားရသည်။

နောက်တစ်နေ့မနက် ဝေလီဝေလင်း ကျောက်မြောင်းမြို့စားနှင့် ဝက်မစွတ်မြို့စား အင်းဝမြို့သို့ ရောက်ရှိလာကြသည်။ ရွာသစ်ကြီးအနီး လက်ပံပင်ထမ်းဆိုင်းစခန်း၌ ရေ လယ်တွင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်၊ ဗိုလ်မှူးကြီးစလေဒင်တို့နှင့် တွေ့ဆုံဆွေး နွေးပြီးနောက် ခိုတောင်ရွှေခဲစက်လှေတော်ဖြင့် တစ်ညလုံး ဆန်တက်လာကြခြင်း ဖြစ် သည်။

ပရင်ဒါဂတ်၏ စာတွင်..

အိန္ဒိယဘုရင်မင်းထံမှ အမိန့်စာအရ မြန်မာတို့ ပေးပို့သည့် စာပါစကားများကို လက်မခံနိုင်ကြောင်း၊ လက်နက်ကိုင် လူများနှင့် မန္တလေးအရောက် ချီတက်သွားရမည် အမိန့် ရှိသည်ဖြစ်သောကြောင့် စစ်ကို မရပ်မဆိုင်းနိုင်ကြောင်း၊ မြန်မာမင်းမြတ်က ကိုယ်တော်နှင့်တကွ လက်နက်ကိုင်လူ၊ ယင်းသည့်ပြင် နေပြည်တော်ပါ ပေးအပ်စေလိုကြောင်း

စသည်ဖြင့် ပါရှိသည်။

[ ၄ ]

နောက်တစ်နေ့တွင် အင်္ဂလိပ်သင်္ဘောများ ချီတက်မြဲ ချီတက်လာကြသည်။ ညနေ စော နာရီလောက်တွင် အင်းဝမြို့နှင့် အလှမ်းမကွာလှတော့သော ပေါက်တောပေါက်မြို့ များအနီးသို့ ရောက်ရှိလာကြသည်။ အသင့်စောင့်ဆိုင်းနေကြသော ကျောက်မြောင်း အတွင်းဝန် ဝက်မစွတ်ဝန်ထောက်တို့နှင့် တွေ့ဆုံသည်။ မြန်မာကိုယ်စားလှယ်တို့အား ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်၏ ပြန်ကြားစာကို လွှတ်တော်ကလက်ခံကြောင်း ပြောဆိုသည်။ အင်္ဂလိပ်သင်္ဘောများ ဆက်လက်ချီတက်လာကြသည်။



သို့သော် အင်းဝခံမြို့မှ မြန်မာတပ်များ၊ လက်နက်မချအပ်ဘဲရှိနေသည်။ အင်္ဂလိပ်တို့က ကမ်းတက်တိုက်ခိုက်ရန် ပြင်ဆင်သည်။ သို့ဖြင့် မြန်မာကိုယ်စားလှယ်တို့က လွှတ်တော်သို့ အကြောင်းကြားရသည်။

သည်တွင် လွှတ်တော်က အင်းဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့ရှိ ရဲမက် စစ်သည်တော်အပေါင်းတို့ လက်နက်ကိုချ၍ စစ်ကိုလည်း ရုပ်သိမ်းလိုက်ရမည်ဟု ကြေးနန်းနှင့် ဆင့်လိုက်သည်။

ထိုအခါ..

စစ်သည်ရဲမက်အချို့သည် လွှတ်တော်က အမိန့်ရှိသည့်အတိုင်း လက်နက်များ ကို ချအပ်ကြသော်လည်း ရဲမက်အများစုသည် ဒေါသဖြင့် လက်နက်များကို ရိုက်ချိုး ဖျက်ဆီးပစ်ကြသည်။ ပြီးလျှင် ခံမြို့အတွင်းမှ ထွက်ခွာသွားကြသည်။ အချို့ကမူ လက် နက်များကို တစ်ပါတည်း ယူဆောင်၍သွားကြသည်။

[ ၅ ]

စစ်ကိုင်း၊ အင်းဝ၊ သပြေတန်းနှင့် နေပြည်တော်စပ်ကြားတွင် ရဲမက်စစ်သည်ပေါင်း မြောက်ထောင်ကျော် ပြန့်ကြဲလျက်ရှိသည်။ ရုတ်တရက်ကြည့်လျှင် နေပြည်တော်တွင် ပွဲလမ်း သဘင်ရှိသဖြင့် သွားနေကြသည်ဟု ထင်စရာရှိသည်။

တကယ်တော့မူ စစ်ရှုံး၍ ထွက်ခွာလာခဲ့ကြရသူများဖြစ်သည်။ သူတို့သည် စစ်ပွဲကြီးတစ်ပွဲ တိုက်ခိုက်ရန် အကြီးအကျယ်ကြီး ပြင်ဆင်ပြီးခါမှ သေနတ်တစ်ချက် ဖောက်လိုက်ရဘဲ ဓားတစ်ချက်မခုတ်လိုက်ရဘဲ လက်နက်ချ အရှုံးပေးလိုက်ကြရသည်။

သူတို့ကို လက်နက်များ ချအပ်ပြီး ခံမြို့များမှ ထွက်ခွာသွားကြရန် ဘုရင်မင်း တရားကြီးအမိန့်တော်နှင့် လွှတ်တော်မှ ညွှန်ကြားပြီးသည့်နောက်ပိုင်းတွင် သူတို့ ဘာ လုပ်၍ ဘာကိုင်ရမည်ကို ဘယ်သူကမျှ ဘာမျှမညွှန်ကြားတော့၊ သူတို့တွင် ဘာအမိန့်မျှ မရှိတော့၊ သူတို့ ဘာတွေမှန်းလည်းသူတို့ကိုယ်သူတို့ မသိတော့၊ သူတို့တွင် တပ်ဖွဲ့မရှိ တော့၊ သူတို့တွင် တပ်သားမရှိတော့၊ သူတို့တွင် တပ်မှူးမရှိတော့ သူတို့အားလုံး စစ်ရှုံး၍ ဆုတ်ခွာခဲ့သူများတည်း။

သူတို့မျက်နှာတွင် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ခက်ထန်ခြင်း၊ ရှုပ်ထွေးခြင်း များ ဖြစ်ပေါ်နေသည်။

အချို့က တစ်ယောက်တည်း၊ အချို့က အစုအဝေးနှင့်၊ အချို့က နေပြည်တော် သို့ ဦးတည်၍သွားနေသည်။ အချို့က ကိုယ့်ရပ်ကိုယ့်ရွာသို့ တစ်ခါတည်း ပြန်ကြတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က တိတ်ဆိတ်လျက်၊ အချို့က ဆူညံစွာ ငြင်းခုံခွေးနွေးလျက်၊ အချို့က မိမိတွေ့လိုသူများကို လိုက်လံရှာဖွေလျက်။

လမ်းခရီးတွင်ရှိသော ပြည်သူခပင်းတို့လည်း စူးစမ်းခြင်း၊ ရှုပ်ထွေးခြင်း၊ တုန်လှုပ်ခြင်းတို့ဖြင့် ရှိနေကြသည်။

တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံး၊ လက်သုံးတော်ကလေး သူရမင်းခေါင်နှင့် အလုံသား နန္ဒတို့သည် မတိုင်ပင်မညှိနှိုင်းဘဲနှင့် အင်းဝခံမြို့တွင်မှ တစ်ချိန်တည်းတစ်ပြိုင်တည်း အတူတူထွက်ခဲ့ကြသည်။ မြင်းသုံးကောင်ကို ဘေးချင်းယှဉ်ပြီး ဖြည်းလေးစွာ စီးလာကြသည်။

လမ်းခရီးတွင် မည်သူကမျှ မည်သည့်စကားမျှ မပြောချေ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိကြသည်။

လပြည့်ကျော် ၆ ရက်ညဖြစ်၍ လမထွက်သေး။ ကြယ်ပွင့်များသာ ကြဲပြန့်လျက်ရှိသည်။ နှင်းမှုန်များ ဆိုင်းနေသည်။ ညသည် မှောင်ရီရီဝါး၊ ညီအစ်ကို မသဲကွဲထင်းကို သူတို့အားလုံး သဘောကျသည်။ မိမိမျက်နှာကို သူတစ်ပါးမမြင်စေလို၊ သူတစ်ပါးမျက်နှာကိုလည်း မိမိမမြင်ချင်။ သူတို့၏အတွင်းစိတ်များ ပေါ်လွင်မည်ကို စိုးရိမ်နေကြသည်။ မိမိတို့၏ခံစားမှုများကို ဖုံးကွယ်ထားလိုကြသည်။

သူတို့သုံးယောက်သည် အရပ်အနားမရှိ မှန်မှန်ကြီး လာခဲ့ကြရာ ည ၈ နာရီလောက်တွင် အဘညို၏ယာတဲသို့ ရောက်ရှိသွားကြသည်။

ယာတဲတွင် အဘညို မရှိချေ။

ယာတဲမှ လှမ်းမျှော်၍ ကြည့်လိုက်လျှင် တံခွန်တိုင်အိမ်ကြီးကိုသည် ပင်ကိုယ်မူလအတိုင်း ကုန်းမြင့်ထက်တွင် ခန့်ခန့်ထည်ထည်ကြီးပင် ရှိနေသည်။ ညသည် ပျားပန်းခတ်လျက်ရှိသော်လည်း တံခွန်တိုင်အိမ်ကြီးမှာမူ ငြိမ်သက်လျက်ရှိသည်။ မည်သည်ကိုမျှ ဂရုမပြုဟန်ဖြစ်သည်။

တံခွန်တိုင်အိမ်ကြီးကိုမြင်တွေ့လိုက်ရသောအခါ နန္ဒ၏ရင်ထဲတွင် နွေးသွားသည်။

မြို့စားကြီးနှင့် နန္ဒတို့သည် တံခွန်တိုင်အိမ်ကြီးသို့သွားရန် တာစူလိုက်ကြသည်။ ထိုအခါတွင်မှ သူရက ပြောသည်။

"ကျွန်တော် မလိုက်တော့ဘူး၊ အိမ်ကို သွားလိုက်ဦးမယ်၊ နောက်မှလာခဲ့မယ်"

ထိုနောက် သူရထွက်သွားသည်။ ခဏချင်းမှာပင် အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

မြို့စားကြီးနှင့် နန္ဒသည် တံခွန်တိုင်ပရဝုဏ်အတွင်းသို့ မလွယ်ပေါက်မှဝင်ရောက်ခဲ့ကြသည်။



အင်းခွေးကြီးငါးကောင် တစ်ဟုန်ထိုးပြေးလာပြီးဟောင်သည်။ သို့သော် မြို့စားကြီးကိုမြင်တွေ့သောအခါ ချက်ချင်းပင် အသံတိတ်သွားကြသည်။ ကျိုးနွံသောအမူအရာဖြင့် နှုတ်ဆက်ကြသည်။

နန္ဒကလည်း အင်းခွေးကြီးငါးကောင်ကို နှုတ်ဆက်မိတ်ဖွဲ့သောအားဖြင့် ကြာအတ်သံတစ်ချက်ပေးလိုက်သည်။ ရန်လုံ၊ ရန်ကျော်နှင့် ရန်အေးတို့က အသိအမှတ်ပြုကြသော မျက်လုံးများဖြင့်ကြည့်လိုက်ကြသည်။ ရန်ရှင်းနှင့် ရန်ပြိုတို့ နှစ်ကောင်ကမူ တည်တည်နှင့်ဖြစ်သည်။

သူတို့ထံသို့ အရင်ဆုံးရောက်လာသူမှာ ခင်ခင်လေးပင်ဖြစ်သည်။

"ဘဘုရား ပြန်လာပြီ"

အမျိုးသမီးက ဝမ်းသာအားရဆိုသည်။ သို့သော် မြို့စားကြီးက ခက်ထန်ထန်ရှိသဖြင့် ခင်ခင်လေးအရှိန် ပြန်လျော့သွားသည်။ နန္ဒကိုပင် မရဲတရဲကြည့်သည်။ နန္ဒသည်လည်း ကြည့်ရုံမှတစ်ပါး စကားမဆိုမိ။

ဖိုးလုံးရောက်လာပြီး မြင်းနှစ်ကောင်ကို ဆွဲယူသည်။

ခင်ခင်ကြီးနှင့်ခင်ခင်လတ် ရောက်လာသည်။ မြို့စားကြီး၏ အေးစက်တည်ကြည်မှုကို တွေ့ရသဖြင့်လည်းကောင်း၊ နန္ဒနှင့် ခင်ခင်လေးတို့၏ မရွှံ့မရဲနိုင်မှုကို တွေ့ရသဖြင့်လည်းကောင်း ညီအစ်မနှစ်ယောက်မှာလည်း ခြေလှမ်းရော နှုတ်ပါ တုံ့သွားကြသည်။

မြို့စားကြီးက မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ လျှောက်သွားသည်။ နန္ဒက နောက်မှလိုက်လာသည်။ ညီအစ်မသုံးယောက်လည်း နန္ဒနှင့် မလှမ်းမကမ်းမှ တစ်လှမ်းချင်းလိုက်လာကြသည်။

ဒေါ်သဲအုက ဆင်ဝင်အောက်သို့ ကမန်းကတန်းရောက်လာပြီး..

"မောင်ကျောက်လုံး ဘာမှမဖြစ်ဘူးနော်"

"ကျုပ်က ဘာလုပ်လို့ ဘာဖြစ်ရမှာလဲ"

အသွားကြီး တစ်ခါတည်းငြိမ်ကျသွားသည်။ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် ဘယ်လိုဖြစ်တာလဲဟူသော အမေးနှင့် ညီအစ်မသုံးယောက်ကို ကြည့်သည်။ ခင်ခင်ကြီးက ဘာမှမပြောရန် ခေါင်းယမ်းပြသည်။

အမှောင်ရိပ်တွင်ကျရောက်ခိုက်ဖြစ်၍ နန္ဒက ခင်ခင်လေး၏ လက်ကို ဆုပ်လိုက်သည်။ အမျိုးသမီးက ပြန်လည်ဆုပ်ထားသည်။

မြို့စားကြီးက ဒေါ်သဲအုကိုကျော်ပြီး အိမ်ထဲဝင်သွားသည်။ ဧည့်ခန်းဆောင်တွင် ခင်ခင်လတ်နှင့် အဘညို ရှိနေသည်။ အဘညိုက မြို့စားကြီး၏ဖြစ်ကို နားလည်ဟန်ဖြင့် ဘာမှမေးသေးသော်...

www.burmeseclassic.com



သို့သော် မောင်မောင်လတ်ကမူ ဖခင်ဝင်လာသောအခါ နေရာမှ ထရပ်သည်။ ဂါရဝပြုသည့်အနေဖြင့် ကိုယ်ကို ခပ်ရိုရိုထားသည်။ သူ့ကို ကနေ့ည ကြည့်ရသည်မှာ သူ့ပုံမှန်နှင့်မတူ၊ ည,ညီလာခံသို့သွားရောက်မည့် မင်းညီမင်းသားတစ်ပါးနှင့် တူသည်။ ဆံသွားဖူးခေါင်းပေါင်းကလေးသည် ယုန်နားရွက်လို ထောင်နေသည်။ ဘဲပြူအင်္ကျီသည် ဆော်ခွေစင်ကဲ့သို့ ဖွေးနေသည်။ အချိတ်ပုဆိုးကို ခါးပုံစညီညီချလျက်။

မောင်မောင်လတ်ကို မြင်တွေ့လိုက်ရသောအခါ မြို့စားကြီး၏မျက်နှာသည် နှစ်ပေါင်းတစ်ရာလောက် အိုစာသွားဟန်ရှိသည်။

မောင်မောင်လတ်က လျှော့ရဲရဲပြုံးလျက်··

"ဒါကြောင့်မို့လို့ ဘဘုရားတို့ကို မနေ့က ကျွန်တော် လာပြောတယ်မဟုတ်လား။ ခမည်းသုံးမြို့ကို ကျွန်တော်တို့လက်အပ်ထားရင် အခုလောက်ဆိုရင် အမြောက်သံ သေနတ်သံတွေ ပွဲတင်ထပ်နေပြီ"

မြို့စားကြီးက ဘာမျှပြန်မပြောဘဲ မောင်မောင်လတ်ကို စူးစိုက်၍ကြည့်နေသည်။ ထိုအချိန်က မြို့စားကြီး၏မျက်နှာတွင် ဖြစ်ပေါ်နေသော အမူအရာကို နန္ဒ ဝေဖန်ဆန်းစစ်ခြင်းမပြုတတ်ချေ။ သည်လိုမျက်နှာမျိုး သူမတွေ့စဖူး။ ခက်ထန်သည်လား၊ နာကျည်းသည်လား၊ ဝန်ခံခွင့်လွှတ်သည်လား မပြောတတ်။ အားလုံးရောထွေးနေသည့်လည်း ဖြစ်တန်ရာသည်။

လူအားလုံး ငြိမ်နေသည်။

အတန်ကြာသောအခါ မြို့စားကြီးသည် ယန္တယားရုပ်ကြီးတစ်ရုပ်ကဲ့သို့ နေရာမှ ရွေ့သွားသည်။ လှေကားမှ အပေါ်ထပ်သို့တက်သွားသည်။

မြို့စားကြီး သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ခင်ခင်ကြီးက··

"မောင်မောင်လတ် သည်လိုပြောဖို့မကောင်းဘူး"

မောင်မောင်လတ်က လျှော့ရဲစွာ ထပ်ပြုံးလိုက်သည်။ ထိုအပြုံးသည် အမြောက်သေနတ်တို့နှင့် ပစ်ခတ်သည်ထက် ကြောက်စရာကောင်းသည်။

ဆင်ဝင်အောက်သို့ ရောက်လာသော ဖိုးလုံးအား မောင်မောင်လတ်က··

"ငါသွားမယ်"

ဖိုးလုံးအား မြင်းယူခိုင်းခြင်းဖြစ်သည်။ ဖိုးလုံးက မြင်းဇောင်းသို့ သွားမည်အပြုတွင် နန္ဒက··

"တိမ်ပျံပါခေါ်ခဲ့ပါ"

မောင်မောင်လတ်က နန္ဒကိုကြည့်သည်။ နန္ဒက မျက်လုံးချင်းဖြိုင်၍ကြည့်သည်။ မောင်မောင်လတ် ခေါင်းညိတ်သည်။



"မောင်ကြီးနန္ဒ"

ခင်ခင်လေးနှုတ်မှ ပွင့်ထွက်လာခြင်းဖြစ်သည်။ အမျိုးသမီးက တစ်စုံတစ်ခု ဆက်ပြောလိုဟန်ရှိသော်လည်း မည်သည့်စကားလုံးမျှ ထွက်မလာချေ။

နန္ဒက··

"မောင်ကြီးသွားဦးမယ် ခင်ခင်လေး"

ထို့နောက် နန္ဒ မည်သူ့ကိုမျှမကြည့်ဘဲ အိမ်ထဲမှထွက်သွားသည်။ ဒေါ်သဲအူက-

"မောင်နန္ဒ နေပါဦးကွယ်"

နန္ဒ တန့်ရပ်သည်။ လှည့်ကြည့်သည်။

"မောင်မောင်ကြီးကော··"

နန္ဒ မဖြေ။

"မောင်မောင်ကြီး မရှိတော့ဘူးလား"

နန္ဒ ခေါင်းညိတ်သည်။

ဖိုးလုံးက မြင်းနှစ်ကောင်ကို ဆွဲခေါ်လာသည်။ မောင်မောင်လတ်နှင့် နန္ဒတို့ ထွက်ခွာသွားကြသည်။ နန္ဒအဖို့ တံခွန်တိုင်အိမ်ကြီးမှ ဒုတိယအကြိမ် ထွက်ခွာခြင်း။ နှင်းသိပ်သည်းစွာ ကျနေသည်။

## ၄၀ အလှည့်အပြောင်း [ က ]

တံခွန်တိုင်မြို့စားကြီး မိုလ်ကျောက်လုံးသည် ထိုညမှအစပြုလျက် သုံးရက်လုံးလုံး အခန်းထဲမှမထွက်ချေ။ အချိုအချဉ်နှင့် စားပွဲတောဇဉ်များကို ဒေါ်သဲအူက သူ့အခန်းထဲ အပို့သည်။ ဒေါ်သဲအူကို ကောင်းစွာစကားမပြောချေ။ ဒေါ်သဲအူပို့သော အစာရေစာများကိုလည်း ကောင်းစွာမစားချေ။ ထိုမျှမက ကောင်းစွာအိပ်သည်ကိုလည်း မတွေ့ရချေ။ ပြသာဒ်ပြတင်းအနီးတွင် ငူငူကြီးငိုင်နေသည်။

ပထမနေ့က သမီးများ သွားရောက်တွေ့ဆုံကြသည်။ စကားလုံးလုံးမပြောချေ။ ကြားသလို မမြင်သလိုနေသည်။ သည်တော့ သမီးများ စိတ်မကောင်း၊ စိုးရိမ်ကြောင့်ကြသည်။ ဘဘုရား မည်သို့ဖြစ်နေသည်ကို မသိနိုင်ကြ။

www.burmeseclassic.com



*ခေါ်သံအုနှင့် အဘညိုတို့က အခိုက်အတန့်အတွင်း ဖခင်နှင့်မတွေ့ဘဲနေကြရ၍* ပြောသည်။ သူတို့မလိုက်နာချင်ပါဘဲလျက် အခြားနည်းလမ်းမတွေ့သေး၍ လိုက်နာကြရသည်။

ညဘက်တွင် အဘညိုလာသည်။ ထုံးစံအတိုင်း ဥမင်ပေါက်မှဝင်သည်။ ဥမင်ထဲတွင် တွေ့ဆုံကြခြင်းကားမဟုတ်၊ မိုလ်ကျောက်လုံး၏အခန်းသို့ အဘညို သွားရောက်တွေ့ဆုံရခြင်းဖြစ်သည်။ မိုလ်ကျောက်လုံးသည် အဘညိုနှင့် ဆက်ဆံသည့်နေရာတွင်လည်း အေးတိအေးစက်ပင်ဖြစ်သည်။

အဘညိုက သူကြားသိခဲ့ရသော သတင်းများကို ပြန်လည်ပြောပြသည်။

ပထမနေ့က ဆွမ်းစားချိန်တွင် အင်္ဂလိပ်သင်္ဘောများ ဓါဝိန်ဆိပ်သို့ ဆိုက်ရောက်လာကြောင်း၊ မြို့သူမြို့သားများ ကမ်းလုံးညွတ်မျှ ထွက်ကြည့်ကြကြောင်း၊ နေပြည်တော်ရှိ နိုင်ငံခြားသားများ သွားရောက်တွေ့ကြကြောင်း၊ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးက ကင်းဝန်မင်းကြီးထံ စာပေးကြောင်း၊ မွန်းလွဲအချိန်တွင် အင်္ဂလိပ်တပ်များ ချီတက်လာကြောင်း၊ မြို့တံခါးငါးခုမှ လက်နက်များကို သိမ်းယူလိုက်ကြောင်း၊ အင်္ဂလိပ်ဗိုလ်မှူးကြီး စလေဒင် ဘုရင်မင်းတရားရှေ့မှောက်သို့ ဝင်ရောက်ကြောင်း။

ဒုတိယနေ့တွင်ကား ဘုရင်နှင့်မိဖုရားကို အင်္ဂလိပ်တို့ ခေါ်ဆောင်သွားပြီဖြစ်ကြောင်း၊ မင်းနှင့်မိဖုရားသည် နန်းမြို့ရိုးအပြင်ဘက်ထက်ဝက် ခြေလျင်လျှောက်ရကြောင်း၊ ထို့နောက် ဘီဒိုလှည်းတွင် တင်ဆောင်သွားကြောင်း၊ မြို့တော်သူမြို့တော်သားများ သည်းထန်စွာ ငိုကြွေးကြကြောင်း၊ ဤနေရာတွင် မြို့စားကြီးက စကားတစ်ခွန်းပြောသည်။

"ဟော့-ဟော့ သည်းထန်စွာငိုကြွေးရင် မျက်ရည်ထဲမှာ အင်္ဂလိပ်စစ်သားတွေ မျောမသွားကြဘူးလား"

အဘညို ကြောင်သွားသည်။ ထို့နောက် ဘုရင်နှင့်မိဖုရားကို သူရိယသင်္ဘောတွင် တင်ပြီး သင်္ဘောကို တစ်ညလုံး ရေလယ်တွင် ကျောက်ချထားကြောင်း ဆက်ပြောသည်။ မြို့စားကြီးက ဘာမျှမပြောတော့၊ အဘညို ပြန်ခဲ့ရသည်။

တတိယနေ့တွင် သူရိယသင်္ဘော စုန်ဆင်းပြီဖြစ်ကြောင်း၊ ရဲမက်အချို့က လမ်းခရီးမှ ဆီးကြိုတိုက်ခိုက်ရန် ကြံစည်ကြသေးကြောင်း ပြောကြားရာ မြို့စားကြီးထကြောက်မက်ဖွယ်ရာ ရယ်မောသည်။ သို့သော် မည်သည့် ထင်မြင်ချက်မျှ မပေးချေ။

စတုတ္ထနေ့ နံနက်စောစောတွင် တံခွန်တိုင်အိမ်ကြီးသို့ မြင်းလျင်တစ်စီး ရောက်လာပြီး မြို့စားကြီးကို လွှတ်တော်က ဆင့်ခေါ်သည့် အမိန့်စာပြသည်။

"ဟော-လွှတ်တော်ရှိသေးသလားကွယ့်"

"ရှိပါတယ်"

"လွှတ်တော်အရာရှိတွေက ဘယ်သူတွေများလဲကွယ့်"

"အများကြီးပါပဲ"

"တစ်ယောက်နှစ်ယောက် ပြောစမ်းပါကွယ့်"

"အင်္ဂလိပ်စစ်ဗိုလ်ကြီး ကာနယ်စလေဒင်"

"ဟော"

"ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်း သတိုးသုဓမ္မမဟာ သက်တော်ရှည်"

"ဟော"

"အခုအမြန်လိုက်ပါဖို့ အမှာစာရှိပါတယ်"

လွှတ်တော်မှလာသူက စိတ်မရှည်သလိုပြောသည်။ မြို့စားကြီး အတန်ကြာ ငြိမ်စားပြီးနောက်..

"အင်းပလေ...အဆင့်အခေါ်ရှိမှတော့ လာရမှာပေါ့၊ စာရေးတော်ကြီးမင်းကြွနှင့်ပါ၊ ကျုပ်နောက် အခုပဲလိုက်ခဲ့ပါ့မယ်"

မြို့စားကြီးက ခပ်ထေ့ထေ့ပြောလိုက်သောအခါ ထိုသူ မကျေမချမ်းနှင့် ပြန်သွားသည်။

"သည်သတ္တဝါကို ငါမြင်ဖူးပါတယ်၊ ဘယ်မှာ ဘယ်တုန်းက မြင်ဖူးတယ်တော့ မပြောတတ်တယ်"

"ကင်းဝန်မင်းကြီးရဲ့ မြင်းထိန်းလေ"

ဖိုးလုံးက ပြောသည်။

"ဩော်...ဩော်...သည်လိုကိုး"

"ဘဘုရား သွားမလို့လား"

ခင်ခင်လေးက မေးသည်။

"အိမ်း"

"ဖြစ်ပါ့မလား"

ခင်ခင်ကြီးက မေးသည်။

"ဘာဖြုလို့ မဖြစ်ရမှာလဲ"

ခင်ခင်လတ်က ဘာမျှမပြောချေ။ ခေါ်သံအုက ဖိုးလုံးကိုခေါ်သွား၍ ပြောသည်။ မြို့စားကြီးက တစ်ယောက်တည်းထွက်သွားသည်။

နေမွန်းတည့်ချိန်အထိ မြို့စားကြီး ပြန်မလာသောအခါ သူတို့စိုးရိမ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်လေးက သူလိုက်သွားမည်ဟုဆိုသည်။ အစ်မနှင့် ညီမက သဘောမတူချေ။ ခေါသဲအုက ဖိုးလုံးကိုလွှတ်သည်။

ဖိုးလုံးသွားသည်။ ဖိုးလုံးပြန်လာသည်။ မြို့စားကြီးအကြောင်း ဘာမျှမသိခဲ့ရ။ အင်္ဂလိပ်စစ်သားများက သူ့ကို လွှတ်တော်အနီးသို့ ချဉ်းကပ်ခွင့်မပြု။ ကင်းဝန်မင်းကြီး အိမ်သို့လည်း သွားခွင့်မပြု။

ဖိုးလုံးကို အဘညို၏ယာတဲသို့ လွှတ်ကြပြန်သည်။ ယာတဲတွင် အဘညို မရှိချေ။ မောင်မောင်လတ်တို့စခန်းသို့ အကြောင်းကြားရလျှင် ကောင်းချေမည်လားဟု သူတို့ တိုင်ပင်ညှိနှိုင်းကြသည်။ မောင်မောင်လတ်တို့သည် ယခုအခါ တံတားဦးနယ်မြေ အတွင်းတွင် လုံခြုံမှုမကောင်းသဖြင့် မနေကြတော့။ အရှေ့ဘက် ကြွက်နဖားတောင်မြေ ထို ဗဟိုပြုနေသည်။

သည်သုံးရက်အတွင်းတွင် မြို့စားကြီး အခန်းထဲမှမထွက်သလို မောင်မောင်လတ် လည်း တံခွန်တိုင်အိမ်ကြီးသို့ အရောက်အလာမရှိချေ။ နန္ဒလည်း ထို့အတူပင်။ စုတ်ခြံမြှုပ်စ ကောင်းနေသည်။

အင်းဝခံမြို့တွင် မြို့စားကြီးနှင့်မောင်မောင်လတ် ဖြစ်ပျက်ခဲ့သည့် ပြဿနာကို သူတို့သိပြီးဖြစ်သည်။ တမြန်တစ်နေ့ညက အရေးအခင်းသည်လည်း ပူပူနွေးနွေးပင် ရှိသေးသည်။ အခန့်မသင့်လျှင် သားအဖနှစ်ယောက် သေခန်းပြတ် ရှင်ခန်းပြတ် ဖြစ် နိုင်သည်။ သည်အထဲတွင် မောင်နန္ဒတစ်ယောက်လည်း ကြားက ကန့်လန့် ကန့်လန့် ပါနေနိုင်သည်။

ယင်းကြောင့် မြို့စားကြီး ပြန်မလာသည့်ကိစ္စကို မောင်မောင်လတ်တို့ထံ အလျှင် စလို အကြောင်းမကြားသင့်ဟု သူတို့သဘောရသည်။ ကနေ့ည အချိန်ကုန်သည်အထိ စောင့်ကြည့်သင့်သည်။

သို့ဖြင့် တံခွန်တိုင်အိမ်ကြီးသည် တစ်နေ့ခင်းလုံး ခြောက်ကပ်လျက်ရှိသည်။

ညနေမီးထွန်းချိန်တွင်မှ မြို့စားကြီး ပြန်လည်ရောက်ရှိလာသည်။ မြို့စားကြီး၏ အမူအရာ ထူးခြားနေကြောင်း အိမ်သားများအားလုံးကပင် ရိပ်စားမိကြသည်။ သို့သော် မည်သည့်အခြင်းအရာဖြစ်သည်ကိုလည်းကောင်း၊ ကောင်းသည် ဆိုးသည်ကိုလည်း ကောင်းအား မခွဲခြားနိုင်ကြချေ။

မြို့စားကြီးက သူတို့အားလုံး လက်ဖက်ရည်ခန်းတွင် စုရုံးစေသည်။ တစ်စုံတစ်ခု ပြောစရာရှိပြီဖြစ်သည်။ သို့သော် မြို့စားကြီးက ဘာမျှမပြောဘဲ သူတို့အားလုံးကို ပြန်လွှတ်လိုက်သည်။

သည်တော့ သူတို့ဘာမျှ မတွေးတတ်တော့။



ဤအချိန်မှာပင် အဘညို ရောက်ရှိလာသည်။ အခါတိုင်းလို ဥမင်မှ လျှို့လျှို့ ဝှက်ဝှက် လာရောက်ခြင်းမဟုတ်ချေ။ မြင်းကောင်းတစ်စီးကို ဒုန်းစီးလျက် တံခွန်တိုင် ခြံဝင်းအတွင်းသို့ ပြောင်ပြောင်တင်းတင်းကြီး ဝင်ရောက်လာသည်။ ဤသို့ တစ်ကြိမ် တစ်ခါမျှ မလာရောက်စဖူးသဖြင့် တံခွန်တိုင်ညီအစ်မများ အံ့သြနေကြသည်။

''ရှိလား''

အဘညိုက ခရီးရောက်မဆိုက်ပင် သူတို့ကိုမေးသည်။ သူတို့က ခေါင်းညိတ် သည်။ မြို့စားကြီး အခန်းတွင်းသို့ အဘညို ဝင်သွားသည်။ နှစ်ယောက် စကားပြောသံ ကြားရသည်။ ပထမတွင် ခပ်တိုးတိုးသာဖြစ်သည်။ နောက်တော့ တစ်စစနှင့် ကျယ် လာသည်။ အဘိုးကြီးနှစ်ယောက် အခြေအတင် စကားများနေကြပြီဖြစ်ကြောင်း သူတို့ ရိပ်မိသည်။ ခဏအကြာတွင် အဘညိုအခန်းတွင်းမှ ထွက်လာသည်။ မျက်နှာကြီး နီရဲလျက်ရှိသည်။ ပါးစပ်မှလည်း မြည်တွန်တောက်တီးလျက်ရှိသည်။ သဲသဲကွဲကွဲတော့ မကြားရ။ အဘညို ဒေါသတကြီးထွက်သွားသည်။

မြို့စားကြီးက ချက်ချင်းပင် သူ့အိမ်သားများကို လက်ဖက်ရည်ဆောင်တွင် စုရုံးစေသည်။ ဤတစ်ကြိမ်တွင်မူ သူက ပြောစရာရှိသည်ကို ဆိုင်းမဆင့် ဗုံမဆင့် ပြောသည်။

''ကဲ-အားလုံး နားထောင်ကြ၊ ကနေ့ကစပြီး ငါ လွှတ်တော်ဝန်ထောက်ကြီး ဖြစ်သွားပြီ၊ ဘယ်သူ ဘာပြောချင်သလဲ''

သူ့အသံကြီးက ကျားဟိန်းသည်သို့ဖြစ်သည်။ တစ်အိမ်လုံး လှုပ်ခါသွားသည် အလား။ တံခွန်တိုင်မိန်းမသားလေးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် နေကြသည်။

''ကဲလေ··ဘယ်သူမှ ဘာမှပြောစရာမရှိကြဘူးလား၊ မရှိရင်လည်း ပြန်ကြ''

''ဘဘုရားကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ခန့်တာလား''

ခင်ခင်လတ်က မေးသည်။ သူမ၏အသံသည် အနည်းငယ်ပြာနေသည်။

''အင်း··ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ''

''မောင်မောင်ကြီးမျက်နှာကို ထောက်ဖို့ကောင်းပါတယ်''

''အောင်မာ''

''နောက်ပြီး မောင်မောင်လတ်ကလဲ··''

''တယ်''

မြို့စားကြီးက ခင်ခင်လတ်ကို ရိုက်မည်ပြုသည်။ ခင်ခင်လတ် ငြိမ်နေသည်။ မြို့စားကြီးက သူ့လက်ကိုပြန်ရုပ်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ခင်ခင်လတ် အခန်းထဲမှ နောက်ပြန်ဆုတ်ပြီး ထွက်သွားသည်။

တစ်ခန်းလုံးငြိမ်ပြီး ကျန်ရစ်သည်။

အတန်ကြာသောအခါ မြင်းခွာသံကြားရသည်။ တံခွန်တိုင်အိမ်ကြီးမှ ထွက်ခွာသွားခြင်းဖြစ်သည်။ မည်သူမျှ ထမကြည့်၊ သို့သော် ခင်ခင်လတ်ဖြစ်မှန်း အားလုံးသိသည်။

"သွားပြီ၊ လူစွမ်းကောင်းမကြီးတစ်ယောက်တော့ ထွက်သွားပြီ၊ ကောင်းတယ် ကောင်းတယ်၊ နောက်ထပ် ဘယ်သူသွားဦးမလဲ"

မြို့စားကြီး အသံကုန်အော်ဟစ်လျက်ရှိသည်။ မည်သူမျှ တုတ်တုတ်မလှုပ်၊ မြင်းခွာသံမကြားရတော့။

မြို့စားကြီး ခေါင်းကိုယမ်းခါပြီး သူ့အခန်းထဲဝင်သွားသည်။

[ ၈ ]

ကြွက်နဖားတောင်ဆိုသည်မှာ အရပ်အခေါ်ဖြစ်သည်။ မူရင်းအမည်မှာ ကေလာသ ဖြစ်သည်။ သို့သော် အားလုံးကပင် ကြွက်နဖားတောင်ဟု ခေါ်နေကြသည်။ မည်သည့်အဓိပ္ပာယ်မှန်းမသိ၊ သူတို့ကမူ စမ်းကျတောင်ဟုခေါ်သည်။ စမ်းရေများ တသွင်သွင် စီးကျနေသောကြောင့် ဖြစ်သည်။

တောင်ခြေစမ်းထဲတွင် လူရွယ်နှစ်ဦးရှိသည်။ စမ်းထဲတွင် နေရောင်မရှိတော့၊ တောင်အထက်ပိုင်း တစ်ဝက်လောက်တွင်သာ နေရောင်တောက်နေသည်။

စမ်းရေသည် ကြည်တော့ကြည်သည်။ သို့သော် ရေမှော်များဖြင့် စိမ်းနေသည်။ ကျောက်တုံးများကို ကွေ့ကာဝိုက်ကာ စီးဆင်းနေသည်။

"ကိုနန္ဒ"

"ဟုတ်ကဲ့"

"မောင်မောင်လေး ဘယ်လိုသေရတယ်ဆိုတာ ကိုနန္ဒ မြင်ရတယ်နော်"

"ဟုတ်ကဲ့"

"မောင်မောင်ကြီး ဘယ်လိုသေရတယ်ဆိုတာလဲ ကိုနန္ဒ မြင်ရတယ်နော်"

"ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်တော် ဘယ်လိုသေမလဲ"

"ခင်ဗျာ"

"ကျွန်တော် ဘယ်လိုသေမယ်ဆိုတာ ကျွန်တော်သိချင်တယ်"

"တစ်ခုတော့ရှိတယ် ကိုမောင်လတ်၊ ဘယ်သူမပြု မိမိမှုတဲ့"

"ကျွန်တော်တို့ကို လောကကြီးက ပြုပြင်နေတာမဟုတ်ဘူးလား"

နန္ဒမပြောဘဲ မောင်မောင်လတ်ကို ငေးကြည့်နေသည်။

"ဒါမှမဟုတ် ကျွန်တော်တို့က လောကကြီးကို ပြုပြင်နေတာလား"

သည်တော့မှ နန္ဒက‥

"နောက်တစ်ခုရှိသေးတယ် ကိုမောင်မောင်လတ်၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီတဲ့"

"ဒါတွေထားလိုက်ပါတော့၊ ကျွန်တော် မေးချင်တာက တခြားကိစ္စပါ"

"ဟုတ်ကဲ့"

နန္ဒစိတ်ထဲတွင် ထူးဆန်းနေသည်။ မောင်မောင်လတ် စကားအသွားအလာကို သူ ယခုထက်ထိ မဖမ်းနိုင်သေးဘဲရှိသည်။ မောင်မောင်လတ်နှင့်သူ သည်တစ်ခါပဲ အေးအေးဆေးဆေး စကားပြောဖူးသေးသည်။ သူတို့နှစ်ယောက် တံခွန်တိုင်အိမ်ကြီးမှ ထွက်လာကတည်းက နှစ်ယောက်တည်း မဆုံဖြစ်သေး၊ သုံးရက်လုံးလုံး သူတို့ အလုပ်ရှုပ်နေကြသည်။ ခမြို့သုံးမြို့နှင့် နေပြည်တော်မှ ထွက်ခွာလာသူများကို လိုက်လံစုန်းနေကြသည်။ တောမီးလောင်နိုက် တောကြောင် လက်ခမောင်းခတ်သည်များကိုလည်း လိုက်လံ ရှင်းကြရသည်။ မိမိတို့အပေါ်တွင် တစ်သက်လုံး ဆိုးသွမ်းနိုပ်စက်ခဲ့သော မြို့သူကြီး ရွာသူကြီးများနှင့် နောက်ပါတို့ကို လက်စားချေကြသည့်ကိစ္စတွင် သူ နာစေးနေသည်။ ဆင်းရဲသူများအပေါ်တွင် မိုက်ကြေးခွဲသည်များကိုမူ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့ရမည်။ ကနေ့ ညနေတွင်မှ သူတို့နှစ်ယောက် အနည်းငယ်နားရသည်။

စမ်းချောင်းထဲတွင် ပထမက နန္ဒတစ်ယောက်တည်းရှိနေသည်။ နောက်မှ မောင်မောင်လတ် ရောက်လာပြီး ပေါက်ကရလေးဆယ် မေးနေခြင်းဖြစ်သည်။

"ကိုနန္ဒ မသူဇာကို မေတ္တာရှိသလား"

"ခင်ဗျာ"

"ကျွန်တော်မေးတာကို ဖြေစမ်းပါ"

"မသူဇာမှ မရှိတော့ဘဲ"

"ကျွန်တော်မေးတာက ရှင်းရှင်းလေးပါ"

"သည်မေးခွန်းကို ကျွန်တော် တစ်ခါမှမစဉ်းစားမိခဲ့ဘူး"

"ဒါဖြင့်ရင် မသူဇာက ကိုနန္ဒကို မေတ္တာရှိသလား"

"ကျွန်တော် ဘယ်သိမလဲ"

မောင်မောင်လတ်က အတန်ကြာ နှုတ်ဆိတ်နေပြီးနောက်‥

www.burmeseclassic.com

www.burmeseclassic.com



"မသူဇာကို ကျွန်တော် မေတ္တာရှိတယ်"

နန္ဒရင်ထဲတွင် တစ်မျိုးခံစားလိုက်ရသည်။ နာကျင်စူးရှသလိုပဲ။

"သူက ကျွန်တော့်ကို မေတ္တာရှိမရှိတော့ မသိလိုက်ရဘူး"

နန္ဒတွင် သူ့ကိုပြန်ပြောစရာစကားမတွေ့၊ စကားတွေ့ခဲ့လျှင်လည်း သည်အချိန်တွင် ပြောနိုင်လိမ့်မည်မထင်။

"ကိုနန္ဒ"

"ခင်ဗျာ"

"မနန်းမွန်ကို မောင်မောင်ကြီး တကယ်မေတ္တာရှိသလား"

"တကယ်မေတ္တာရှိလို့ အနစ်နာခံပြီးယူတာပေါ့"

"မနန်းမွန်ကို ကျွန်တော်တို့ သွားရှာရအောင်လား"

"ဘာလုပ်ဖို့လဲ"

"မနန်းမွန် သဘောတူရင် ကျွန်တော် သူ့ကို လက်ထပ်ပြီးယူမယ်"

"ဘုရား..ဘုရား.."

"ကျွန်တော်ပြောတာ မယုံဘူးလား"

နန္ဒ အဖြေမပေး။

"ခင်ဗျားအနေနဲ့ မနန်းမွန်ကို ဘယ်လို အကူအညီပေးနိုင်သလဲ"

နန္ဒ ပါးစပ်ပိတ်ထားသည်။

"သူရကော ဘယ်လိုအကူအညီပေးမလဲ"

ဤသူနှင့် စကားပြောနေရသည်မှာ စစ်ပွဲတစ်ပွဲ တိုက်နေရသလို ပင်ပန်းလှသည်ဟု နန္ဒ မှတ်ယူမိသည်။

သည်အထဲတွင် သူ့ခေါင်းထဲသို့ သူရ ဝင်လာသည်။ သူရ ဘယ်ရောက်နေသနည်း။ ဘာလုပ်နေသနည်း။ မောင်မောင်ကြီးကို ကတိပြုခဲ့သည့်အတိုင်း နန်းမွန်တို့ တစ်စုံတစ်ခုသော အကူအညီ အစောင့်အရှောက်ပေးချေပြီလား။

တစ်နေ့တွင် သူရနှင့် မောင်မောင်လတ် အကြံတူ ရန်သူဖြစ်ကြမည်လား။

"ကိုနန္ဒ"

"ခင်ဗျာ"

"ကိုနန္ဒ အလောင်းအစားဝါသနာပါသလား"

နန္ဒ ခေါင်းခါသည်။ ပြီးမှ..

"ဘာပြုလို့လဲ"

"ကျွန်တော်တို့စခန်းကို မြင်းတစ်စီးလာနေတယ်"



နန္ဒ နားစွင့်သည်။ ဟုတ်သည်၊ မြင်းခွာသံသဲ့သဲ့ ကြားရသည်။

"ကိုယ်နဲ့ ရင်းနှီးတဲ့လူတွေရဲ့ ခြေသံကို ကိုနန္ဒ မှတ်မိသလား"

နန္ဒ ခေါင်းညိတ်သည်။

"ကိုယ်နဲ့ လက်ပွန်းတတီးရှိတဲ့ သတ္တဝါတွေရဲ့ ခြေသံကိုကော မမှတ်မိဘူးလား"

မောင်မောင်လတ်၏စကားကို နန္ဒ သဘောပေါက်သွားသည်။ တိမ်ပျံ၏ခွာသံကို သူ ကောင်းစွာမှတ်မိသည်။

မြင်းခွာသံ နီးသည်ထက် နီးလာသည်။ သူကြားဖူးသော ခွာသံများဖြစ်မလားဟု ဂရုပြုကြည့်သည်။ သူနားစိုက်နေမှန်း သိသဖြင့် မောင်မောင်လတ်က..

"ဒါမျိုးက ခွာသံတင်မဟုတ်ဘူး၊ ခွာသံစိတ်တာ ကျဲတာကို သတိထားရင် စီးတဲ့လူပါ သိနိုင်တယ်၊ ကျွန်တော်တို့က တောထဲမှာ အနေကြာလာတော့ နားကိုပဲ အသုံးပြုနေရတာ"

မောင်မောင်လတ်ပြောပုံက နည်းနည်းတော့ ကြီးကျယ်လွန်းသည်ဟု နန္ဒ ထင်သည်။ ထို့ကြောင့်..

"ဆိုစမ်းပါဦး၊ အခုလာနေတာ ဘယ်သူလဲ"

"ခင်ခင်လတ်"

မောင်မောင်လတ်က မဆိုင်းမတွဖြေသည်။ နန္ဒ ခြေချော်ပြီး ခြေထောက်တစ်ဖက် ရေထဲကျသွားသည်။

"ဟုတ်ကဲ့လား"

"ဟုတ်ပါတယ်၊ သည်ကောင်မကလေး ဘာအရေးကြီးလာတယ်မသိဘူး၊ ဒါမှ မဟုတ် ဘာဒေါ်ပွလာတယ်မသိဘူး။ နောက်ထပ်တစ်တိုင်လောက်သွားရင် မြင်းရောသူရော ပုံကျလိမ့်မယ်"

မောင်မောင်လတ်က ခပ်တည်တည်နှင့်ပြောနေသည်။ နန္ဒက ယုံရအခက် မယုံရအခက်နှင့် မြင်းခွာသံလာရာဘက်သို့ ကြည့်နေသည်။

ထိုခဏမှာပင် မြင်းကြီးတစ်ကောင်သည် ချိုင့်ယပ်တစ်ခုသို့ လွှားခနဲခုန်ကျော်ပြီး ချောင်းအစပ်ရှိ သဲပြင်ပေါ်သို့ ကျလာသည်။ သဲပြင်ပေါ်အရောက်တွင် မြင်းရှေ့လက် ချပြီး မြင်းပေါ်မှလူ သဲပြင်ပေါ်သို့ လွင့်ကျသွားသည်။

နန္ဒ ပြေးသွားသည်။ မြင်းက အရင်လာသည်။ သဲပြင်ပေါ်တွင် ကျနေသူကို ရှေ့လက်နှင့် နင်းမိမည်ရှိ၍ နန္ဒက မြင်းဇက်ကို ဆွဲလိုက်ရသည်။ ပြီးမှ သဲပြင်ပေါ်တွင် ပက်လက်လျက်ဖြစ်နေသော ခင်ခင်လတ်ကို ဆွဲထူရသည်။ အမျိုးသမီးက ရှက်သော၊ နာသော၊ ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နာသွားသလဲ"

နနွတ ကြင်နာစွာမေးသည်။ ခင်ခင်လတ်က ကိုယ်ပေါ်တွင် တင်ကျန်နေသော အဲပွင့်များကို ပုတ်ခါရင်း ဒူးကို မသိမသာငုံ့ကြည့်သည်။

"ဒူးနာသွားသလား"

အမျိုးသမီး ခေါင်းညိတ်သည်။ ခေါင်းခါသည်။ သည်တော့ နနွ ပြုံးရသည်။ သို့သော် သူအပြုံးသည် မတာရှည်။ သူတို့အနီးသို့ မောင်မောင်လတ် ရောက်လာသည်။ ခင်ခင်လတ်ကို မျက်မှောင်ကုပ်၍ကြည့်ရင်း..

"ဆိုစမ်းပါဦး"

"မောင်မောင်လတ်တို့ဆီကို ခင်ခင်လတ် အပြေးလာခဲ့တာ"

"ဘာဖြစ်လို့လဲ"

"ဘဘုရား လွှတ်တော်ဝန်ထောက်ဖြစ်သွားပြီ"

"ဘယ်လွှတ်တော်မှာလဲ"

"အင်္ဂလိပ်စစ်ဗိုလ်ကြီးကခန့်တဲ့ လွှတ်တော်ပေါ့"

"ခင်ခင်ကြီးနဲ့ ခင်ခင်လေးကော"

"မသိဘူး"

"ဒါကြောင့်မို့ ကျွန်တော် စောစောကပြောတယ်မဟုတ်လား ကိုနနွ၊ ကျွန်တော် ဘယ်လိုသေမလဲဆိုတာ သိချင်တယ်လို့"

မောင်မောင်လတ်၏စကား နနွမကြားတော့။ သူ့ရှေ့မှ ခင်ခင်လတ်ကို နနွ မမြင်တော့။ သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို စဉ်းစားဆုံးဖြတ်လျက်ရှိသည်။

[ ၈ ]

နောက်တစ်နေ့မနက်တွင် တံခွန်တိုင်အိမ်ကြီးသို့ နနွတစ်ယောက်တည်း ရောက်ရှိသွားသည်။ နနွရောက်သွားချိန်တွင် မြို့စားကြီး အိမ်တွင်မရှိချေ။ လွှတ်တော်သို့ သွားနေသည်။ ဒေါ်သဲအုနှင့် ဖိုးလုံးလည်း မရှိချေ။ ဘုရားကြီးကျောင်းတိုက်သို့ ဆွမ်းအုပ်သွားပို့ကြသည်။ ကာလ ဗရုတ်ဗရက်နှင့်မို့ ဦးပဉ္စင်းများ ဆွမ်းခံမထွက်ကြချေ။ ကျောင်းမှာပင် ဆွမ်းချက်ကြသည်။ အချို့ ဒကာ-ဒကာမများက ဆွမ်းအုပ်ပို့ကြသည်။

အဆောင်ဆောင် အခန်းခန်းဖြင့် ဘုံသုံးဆင့်ရှိသော တံခွန်တိုင်အိမ်ကြီးတွင် ခင်ခင်ကြီးနှင့် ခင်ခင်လေးနှစ်ယောက်တည်းသာ ရှိနေသည်။ ယင်းကြောင့် နေခင်းကြီးမှာပင် အင်းစွေးကြီးငါးကောင်ကို ခြံထဲတွင် လွှတ်ထားသည်။



တတိယဘုံဆင့်သည် အိမ်လုံးပြည့်မဟုတ်ချေ။ အလယ်ခန်းမဆောင်ကြီး၏ အပေါ်တွင်သာရှိသည်။ အမှတ်တမဲ့ကြည့်လျှင် တတိယဘုံဆင့်ရှိမှန်း မသိသာချေ။ ဘုံဆင့်သည် အမှန်ကတော့ တံခွန်တိုင်အိမ်ကြီး၏ ကင်းမျှော်စင်ပင် ဖြစ်သည်။ ထိုမှကြည့်လျှင် ရတနာပုံနေပြည်တော်၏ ရွှေကြိုးသတ် နယ်မြေအလုံးစုံကို မြင်တွေ့နိုင်သည်ဟု အဆိုရှိသည်။

ယင်းကြောင့်ပင်လော မပြောတတ်၊ နနွသည် တံခွန်တိုင်ညီအစ်မနှစ်ယောက်ကို ထိုတံခါးမကြီးမှာပင် အဆင်သင့်တွေ့ရသည်။

"ဘာလုပ်နေကြတာလဲ"

နနွက မေးသည်။

"မောင်နနွကို ကြိုနေကြတာပေါ့"

နနွ မျက်မှောင်ကုပ်လျက်..

"ကျွန်တော်လာတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိကြသလဲ"

"တံခွန်တိုင်အိမ်ကြီးဟာ တစ်ပါးသူတွေရဲ့ လျှို့ဝှက်ချက်တွေကို သိနိုင်တယ်ဆိုတာ မောင်နနွ မေ့နေပြီလား"

ခင်ခင်ကြီးက ရယ်မော၍ပြောသည်။ နနွက မနေ့ညက ခင်ခင်လတ် လာသည်ကို မောင်မောင်လတ် အတပ်ပြောပုံကို သတိရလျက်..

"ကျွန်တော့်မြင်းခွာသံ မှတ်မိပြီး သိတာမဟုတ်လား"

"ကဲပါကွယ်..ဒါကအရေးမကြီးပါဘူး၊ မောင်နနွ အခုအလည်လာတာ မဟုတ်လားဟု သည်တော့ အိမ်ထဲကိုလာ"

နနွ မြင်းပေါ်ကဆင်းသည်။ ခင်ခင်လေးကို တစ်ချက်မိုး၍ကြည့်သည်။ အမျိုးသမီးကလည်း ကြည့်နေသည်နှင့် ဆုံမိသည်။

လက်ဖက်ရည်ဆောင်တွင် ထိုင်မိကြသောအခါ..

"ကြီးတော်ဒေါ်သဲအုနဲ့ ကိုဖိုးလုံးတို့ကော"

"မရှိဘူးကွယ်..ဆွမ်းအုပ်သွားပို့ကြတယ်"

"မြို့စားကြီးကော"

"အပြင်သွားတယ်ကွယ့်"

"လွှတ်တော်သွားတာမဟုတ်လား"

ခင်ခင်ကြီး မျက်နှာပျက်သွားသည်။

"မောင်ကြီးနနွကို ဘယ်သူကပြောသလဲ၊ ခင်ခင်လတ်လား၊ အဘညီလား"

ခင်ခင်လေးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"နှစ်ယောက်စလုံးကပဲ"

"သူတို့နှစ်ယောက်စလုံး မောင်ကြီးနန္ဒတို့စခန်းကို ရောက်နေကြပလား"

"ခင်ခင်လတ်က မနေ့ညကတည်းက ရောက်လာတယ်၊ အဘညိုကတော့ တနေ့မနက် မောင်ကြီးနန္ဒ စခန်းကထွက်အလာမှ လမ်းမှာတွေ့တယ်"

"ခင်ခင်လတ်ရောက်လာတော့ မောင်မောင်လတ်ရှိသလား"

နန္ဒက ခေါင်းဆတ်သည်။

"မောင်မောင်လတ်က ဘာပြောသလဲ"

"အစ်မတော်နဲ့ နှမငယ်တို့ကောလို့ မေးတယ်"

"အစ်မလတ်က ဘာပြောသလဲ"

"မသိဘူးတဲ့"

အမျိုးသမီးနှစ်ယောက် နှုတ်ဆိတ်သွားသည်။ ခင်ခင်လေး ငေးနေသည်။ သူ့မျက်လုံးများ ရီဝေလျက်ရှိသည်။ နန္ဒက ခင်ခင်ကြီးကိုကြည့်လျက်..

"ကျွန်တော် ညကတည်းကလာမလို့ပဲ၊ ညက ကျွန်တော်တို့.."

နန္ဒဆက်မပြော၊ စကားလွန်သွားသည့်အလား၊ မြင်းဇက်သတ်လိုက်သည့်အလား ရပ်သွားသည်။

"ညက မောင်နန္ဒတို့ မအားကြဘူးမဟုတ်လား၊ ညတွင်းချင်း စခန်းပြောင်းနေကြတယ်မဟုတ်လား"

"အစ်မတော် ဘယ်လိုလုပ်ပြီးသိသလဲ"

"မောင်မောင်လတ်ဟာ အစ်မတော်ရဲ့မောင်အရင်းပါကွယ်၊ မောင်မောင်လတ်အကြောင်း အစ်မတော်သိပါတယ်၊ ဘဘုရား အင်္ဂလိပ်မင်းများနဲ့ ပေါင်းသွားပြီဆိုတော့ တစ်ပြိုင်နက် မောင်နန္ဒတို့ဟာ အစ်မတော်တို့ သိနေတဲ့စခန်းကို ဆက်ပြီးသုံးလို့ အသင့်ဖြစ်တော့မလဲ၊ စခန်းသစ် ပြောင်းကြရမှာပေါ့၊ မောင်နန္ဒတို့က တံခွန်တိုင်အိမ်ကြီးကို ရန်သူလို သဘောထားလာကြပြီမဟုတ်လား"

"ဒီလိုတော့မဟုတ်သေးပါဘူး အစ်မတော်"

"ဘာပြုလို့ မဟုတ်ရမှာလဲ မောင်နန္ဒ၊ အခုပဲကြည့်လေ မောင်နန္ဒဟာ ညက စခန်းပြောင်းတဲ့အကြောင်းကို အစ်မတော်တို့ကို အသိမပေးချင်ဘူးမဟုတ်လား၊ စကား လွန်သွားတာကို ချက်ချင်းရပ်ပစ်လိုက်တယ်မဟုတ်လား၊ မောင်နန္ဒဟာ ခင်ခင်လတ်ကို ယုံနိုင်ပေမယ့် အစ်မတော်နဲ့ ခင်ခင်လေးတို့ကို မယုံနိုင်တော့ဘူးမဟုတ်လား"

"မြို့စားကြီးဟာ ဘာပြုလို့များ အင်္ဂလိပ်တွေနဲ့ ပေါင်းရတယ်မသိဘူး"

နန္ဒက ညည်းညူသလိုပြောသည်။



"ဒါတော့ အစ်မတော်တို့မသိဘူး"

"အစ်မတော်တို့ သဘောကကော"

နောက်ဆုံးတွင် နန္ဒက သူသိချင်သည်ကို တိုက်ရိုက်မေးလိုက်သည်။ ထိုအခါ ခင်ခင်ကြီးက ပြုံးလျက်..

"မောင်နန္ဒ ကနေ့မနက် ဒီတံခွန်တိုင်အိမ်ကြီးကိုလာတာ သည်မေးခွန်းကို မေးချင်လို့ပဲမဟုတ်လား၊ မောင်နန္ဒတို့ဆီကို ခင်ခင်လတ်ရောက်လာရက်သားနဲ့ အစ်မတော်နဲ့ခင်ခင်လေး ဘာပြုလို့ ရောက်မလာတာလဲဆိုတာ သိချင်လို့မဟုတ်လား"

"ဆိုပါတော့"

နန္ဒ ဝန်ခံသည်။

"ခက်တယ်မောင်နန္ဒ..တိုင်းရေးပြည်ရေး ရှုပ်ထွေးသလို အိမ်တွင်းရေးဟာလည်း ရှုပ်ထွေးတတ်တာပဲ၊ အစ်မတော် ပြောနိုင်တာ တစ်ခုကတော့ မောင်နန္ဒတို့ကို အစ်မတော်တို့က အရင်ကလို ခင်မင်မြဲပါပဲလေ"

"ခင်ခင်လေးကကော"

နန္ဒက စိတ်မရှည်သလိုမေးသည်။

"ခင်ခင်လေး ရင်ထဲမှာရှိနေတာတွေကို ခင်ခင်လေး မပြောတတ်ဘူး မောင်ကြီးနန္ဒ၊ မောင်ကြီးရှိတဲ့နေရာကို ခင်ခင်လေး လာချင်ပါတယ်၊ ဒါပေမဲ့.."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ခင်ခင်လေး မပြောတတ်ဘူး"

နန္ဒ ထိုင်ရာမှထသည်။ ခင်ခင်ကြီးကို ရှည့်ရှယ်လျက်..

"ကျွန်တော်ပြန်မယ်"

ခြံဝအထိ ခင်ခင်လေး လိုက်ပို့သည်။ ခင်ခင်ကြီး နေရစ်သည်။ တမင် မလိုက် ဟန်ရှိသည်။

"ခင်ခင်လေးကို တလွဲမထင်ပါနဲ့ မောင်ကြီး၊ မောင်ကြီးကို ခင်ခင်လေး ဘယ်တော့မှ မမုန်းနိုင် မမေ့နိုင်ပါဘူး"

"မနေ့ညက ခင်ခင်လတ်နဲ့အတူ ခင်ခင်လေး ထွက်လာဖို့ကောင်းတယ်"

"ခင်ခင်လေး စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ အစ်မတော်က အရင်ထွက်သွားလို့ ခင်ခင်လေး တမင်မလိုက်လာတာပါ"

"ဘာဆိုင်သလဲ"

"အစ်မလတ်က မောင်ကြီးနန္ဒရှိလို့ တမင်ထွက်သွားတာပဲ၊ အရင်ထွက်သွားဘာသာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အစ်မကို ဒီလောက်တော့ မနှိမ့်ချသင့်ဘူးထင်တယ်"

"မောင်ကြီးနန္ဒ မခံနိုင်တော့ဘူးမဟုတ်လား"

"သည်လိုမပြောနဲ့ ခင်ခင်လေး"

နန္ဒက ဒေါသဖြင့်အော်သည်။

"ရှိပါစေတော့ မောင်ကြီး၊ ခင်ခင်လေး ပြောနိုင်တာက မောင်ကြီးအပေါ်မှာ ခင်ခင်လေး ဘယ်တော့မှ မေတ္တာမပျက်ဘူးဆိုတာပဲ"

ခင်ခင်လေးစကားကို ဆုံးအောင်နားမထောင်ဘဲ နန္ဒ ထွက်ခဲ့သည်။ တံခွန်တိုင် ချောင်းဖျားသို့ရောက်သောအခါ မြင်းပေါ်တွင် တင်ပါးလွှဲထိုင်ပြီး သူ့ကို စောင့်ဆိုင်း နေဟန်ရှိသော မောင်မောင်လတ်ကို တွေ့ရသည်။

"ကိုမောင်လတ် ဘယ်သွားမလို့တုန်း"

"ကိုနန္ဒကို စောင့်နေတာ"

"ကျွန်တော် ဒီသွားတယ်လို့ ဘယ်သူပြောသလဲ"

"ကိုနန္ဒ စခန်းမှာမရှိဘူးဆိုတာနဲ့တစ်ပြိုင်နက် ခင်ခင်လေးကို သွားခေါ်တာပဲ ဖြစ်ရမယ်လို့ ဘယ်သူမဆို တွေးနိုင်တာပေါ့"

"ခင်ခင်လေးကို သွားခေါ်တာမဟုတ်ပါဘူး"

"သွားခေါ်တာမဟုတ်ရင် ဘာဖြစ်လို့မလာသလဲလို့ သွားမေးတာဖြစ်ရမှာပေါ့"

သည်မောင်နှမတွေ ဗေဒင်တတ်ကြဟန်တူသည်။ သူတို့တွေးလိုက်လျှင် မြွေး ကြည့်တာထက် မှန်နေသည်။

နန္ဒက ဘာမျှပြန်မပြောသဖြင့် မောင်မောင်လတ်က··

"ကိုနန္ဒတော့မသိဘူး၊ ကျွန်တော်တော့ ကျွန်တော့်နှမတွေ အစ်မတွေ သဘော တို့ အခုထက်ထိ အကဲမခတ်တတ်သေးဘူး"

"ဒါဆိုရင်တော့ ကျွန်တော်က ပိုပြီးမသိတော့မပေါ့ ကိုမောင်လတ်"

"တဖြည်းဖြည်းတော့လဲ သိလာမှာပေါ့ ကိုနန္ဒ"

"သွားကြစို့ ကိုမောင်လတ်"

နန္ဒက စခန်းဘက်သို့ မြင်းဦးလှည့်သည်။

"ကျွန်တော်တို့ ရှမ်းပွဲဈေးကို သွားကြရအောင်"

"ဘာလုပ်ဖို့လဲ"

"နန်းမွန်ကို သွားပြီးရှာကြရအောင်"

နန္ဒက ဘာမျှမပြောတော့။ မြင်းကို နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။ သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။



ရှမ်းပွဲဈေးသည် ခြောက်ကပ်လျက်ရှိသည်။ နန်းမွန်တို့ဆိုင်ပိတ်ထားသည်။ တစ် လျက်ရှိသော ဈေးခန်းတွင် စုံစမ်းသောအခါ အင်္ဂလိပ်တပ်များရောက်သည့်နေ့ကပင် နန်းမွန်တို့ဆိုင်ကို ပိတ်ပြီးပြောင်းသွားကြောင်း၊ မည်သည့်နေရာသို့ သွားမှန်းမသိကြောင်း၊ မနေ့ကလည်း လူတစ်ယောက် နန်းမွန်ကို လာမေးသေးကြောင်း ပြောသည်။

မနေ့က လာမေးသူ၏ ပုံပန်းကို ပြောခိုင်းသောအခါ သူရ ဖြစ်နေသည်။

မောင်မောင်လတ်နှင့် နန္ဒတို့ လက်လျှော့ပြီး ပြန်ခဲ့ကြရသည်။ လမ်းတွင် နန္ဒ က အဘညိုကိုတွေ့သည့်အကြောင်း ပြောပြသည်။ မောင်မောင်လတ်က··

"ကိုနန္ဒလဲအသိပဲ၊ ဘဘုရားနဲ့ အဘညိုဟာ တိုင်းသိပြည်သိ ကမ္ဘာ့ရန်တွေပဲ"

"ဒါက ဥပါယ်တမျဉ်လုပ်ခဲ့ကြတာပဲ"

"အခုကိစ္စကော ဥပါယ်တမျဉ်လုပ်တာ မဖြစ်နိုင်ဘူးလား"

"ခင်ဗျာ"

"ဘဘုရားက အဘညိုကို သူလျှိုအဖြစ်လွှတ်လိုက်တာ မဖြစ်နိုင်ဘူးလား"

"ကျွန်တော် မစဉ်းစားမိဘူး"

နန္ဒက တုန်လှုပ်စွာ ပြောသည်။

"ခင်ခင်လတ်ကော သူလျှိုမဖြစ်နိုင်ဘူးလား"

"ဒီဆိုလိုရင်တော့ ကျွန်တော်တို့ ဘယ်သူ့ကိုမှ ယုံရတော့မှာမဟုတ်ဘူး ကိုမောင် လတ်"

"ကျွန်တော်တို့ ဘယ်သူ့ကိုမှ မယုံနိုင်ဘူး ကိုနန္ဒ"

နန္ဒ အလိုလိုနေရင်း ခေါင်းနပန်းကြီးသွားသည်။ ကျောချမ်းသွားသည်။ သည် လိုဆိုလျှင် မိမိကိုကော သူ ယုံပါချေမည်လား။

[ ၁၀ ]

ဒေါ်သဲအို၏စကားကို ကြားရသောအခါ မြို့စားကြီးသည် နားမလည်သည့်အမူအရာဖြင့် ကြောင်နေသည်။ ထို့နောက် သေချာလိုသည့်သဘောဖြင့် ထပ်မံ၍မေးသည်။

"ဘာပြောတယ်ကွယ့်"

"မောင်ကျောက်လုံးနဲ့ တွေ့ချင်လို့ဆိုပြီး အောက်ထပ်မှာ သူငယ်မကလေး တစ်ယောက် ရောက်နေတယ်"

"ကျုပ်မှာ ဘယ်က သူငယ်မကလေးနဲ့မှ တွေ့စရာမရှိပါဘူး"

"ကိုယ်က တွေ့စရာမရှိပေမယ့် သူကတွေ့စရာရှိလို့ လာတာနေမှာပေါ့"

www.burmeseclassic.com



"ဘာကိစ္စတဲ့လဲ"

"ကျုပ်မမေးခဲ့ဘူး"

"ဘယ်သူတဲ့လဲ"

"ကျုပ်မမေးခဲ့ဘူး"

"ဒါဖြင့် ကျုပ်က ဘယ်သူ့ကို ဘာကိစ္စတွေ့ရမှာလဲ"

"ဘယ်သိမလဲ၊ မတွေ့ချင်ရင် ပြန်လွှတ်လိုက်မယ်လေ"

"နေပါဦးလေ၊ အကျိုးအကြောင်းသိရအောင် တွေ့ကြည့်သေးတာပေါ့"

မြို့စားကြီး အောက်ထပ်သို့ဆင်းသွားသည်။ ဧည့်ခန်းဆောင်၌ မိန်းမငယ်တစ်ဦး ထိုင်နေသည်။ သူမမြင်ဖူးချေ။

"ဘာကိစ္စလဲကွယ်"

"ကျွန်မနာမည် နန်းမွန်ပါ"

"အေး··အေး··ဘာကိစ္စရှိလဲကွယ့်"

"ကျွန်မ ကိုမောင်မောင်ကြီးရဲ့မယားပါ"

"ဟော"

"ကျွန်မ အခု ကိုမောင်မောင်ကြီးကို လာမေးတာပါ၊ သူစစ်ထွက်ရာက မပြန် လာသေးဘူးလား"

မြို့စားကြီးက နန်းမွန်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး··

"နေပါဦးကွယ့်··မင်းတို့ ဘယ်တုန်းက လင်မယားဖြစ်ကြတာတုန်း"

"စစ်ထွက်မယ့်နေ့မှာပဲ လူကြီးစုံရာနဲ့ လက်ထပ်ကြပါတယ်"

"ဟော-လူကြီးစုံရာနဲ့ လက်ထပ်တယ်ပြောရအောင် ငါတို့လည်း မသိပါလား၊ ငါတို့လည်း မပါပါလား"

"မောင်ကြီးဘက်က လူကြီးအဖြစ်နဲ့ အဘညိုဆိုတဲ့ အဘိုးကြီးက ဆောင်ရွက် ပါတယ်"

"ဟော-တယ်ဟုတ်ပါလား၊ နေပါဦးကွယ့်··အခု ငါက ဘာလုပ်ရမှာလဲ"

"မောင်ကြီး ပြန်ရောက်မရောက် လာမေးတာပါ၊ တခြားလူတွေ ပြန်ရောက် ကုန်ကြပြီ"

"အေး··သူကတော့ ဘယ်တော့မှ ပြန်ရောက်တော့မှာမဟုတ်ဘူး"

"ရှင်"

"သူ စစ်ပွဲမှာကျသွားပြီကွယ့်"

မိန်းမငယ်က သူ့စကားကို မကြားသလို ထိုင်နေသည်။ သူ့ကိုလည်း မမြင်သော် ရှိနေသည်။ သူ ချောင်းတစ်ချက် ဟန့်သော်လည်း မိန်းမငယ် လှုပ်ရှားခြင်းမရှိချေ။



"ဟော့-သူငယ်မ၊ သူငယ်မ နေပါဦးကွယ့်··မင့်နာမည် ဘယ်သူ နန်းမွန်·· နန်းမွန်"

မြို့စားကြီးက ခေါ်သည်။ အမျိုးသမီးက မျက်ခွံပင့်၍ကြည့်သည်။

"ရှင်"

"မင်းဘာမှမပြောပါကလား"

"ကျွန်မ ဘာပြောရဦးမလဲ၊ သူမရှိတော့ဘူးဆိုရင် ကျွန်မ ဘာလုပ်ရဦးမလဲ"

နန်းမွန် ထိုင်ရာမှ ဖြည်းလေးစွာထသည်။

"နေပါဦးကွယ့်··သွားတော့မလား"

"ကျွန်မ ဘာလုပ်ရဦးမလဲ"

"မင်းငွေမလိုဘူးလား"

"ဘာလုပ်ရအောင်လဲ"

"မင်းဘယ်သူနဲ့နေသလဲ"

"ဟိုတုန်းကတော့ အဖေနဲ့နေတယ်"

"အခုကော"

"အဖေ ဆုံးပြီ၊ မောင်ကြီးလည်း မလာတော့ဘူး"

"မင်းဘယ်မှာနေသလဲ"

နန်းမွန် မဖြေ၊ ထွက်ခွာရန် ခြေလှမ်းပြင်သည်။

"မင်းဒီအိမ်မှာနေမလား"

"ဘာလုပ်ဖို့လဲ"

"မောင်မောင်ကြီးရဲ့မယားဆိုရင် ဒီအိမ်မှာ နေခွင့်ရှိတာပဲ"

"မောင်ကြီးမှ မရှိတော့ဘဲ"

"မောင်ကြီးရဲ့ အစ်မတွေ နှမတွေရှိတယ်"

"နှမတစ်ယောက်ကိုတော့ တွေ့ဖူးတယ်"

"ဘယ်သူလဲ"

"ခင်ခင်လတ်"

"သူတော့ ဒီမှာမရှိဘူး"

"ကျွန်မပြန်မယ်"

"နေပါဦးကွယ့်"

မြို့စားကြီး တစ်လှမ်းချင်းလျှောက်လာသည်။ နန်းမွန်ထံသို့ ဖြစ်သည်။ နန်းမွန်

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ဆုတ်သည်။ တစ်စုံတစ်ခုကိုတိုက်မိသဖြင့် လှည့်ကြည့်လိုက်ရာ အမျိုးသမီး နှစ်ယောက်ဖြစ်နေသည်။

"အဲဒါပဲ မောင်မောင်ကြီးရဲ့··အစ်မနဲ့ နှမတွေဆိုတာ သူက ခင်ခင်ကြီး၊ သူက ခင်ခင်လေး"

ခင်ခင်ကြီးနှင့်ခင်ခင်လေး ရွာထဲမှ ပြန်လာကြခြင်းဖြစ်သည်။ မြို့စားကြီးနှင့် မိန်းမငယ်ကို တစ်ပြန်စီကြည့်နေကြသည်။

"သူက နန်းမွန်တဲ့၊ မောင်မောင်ကြီးရဲ့မယား၊ တို့အိမ်မှာနေလိမ့်မယ်၊ ခင်ခင် လတ်ရဲ့အခန်းကို ပေးလိုက်"

| ၄ |

သူရောက်လာတာ သည်အချိန်မျိုးကလေးပင်ဖြစ်သည်။ မိုးပြာရင့်၊ ကြယ်ပွင့်ဖြူ သစ်ရိပ်မဲမဲ၊ အခုလိုပဲ လဆုတ်ရက်ကလေးဖြစ်သည်။ ဟိုတုန်းက သီတင်းကျွတ်၊ အခု တန်ဆောင်မုန်း၊ တစ်လပဲ ရှိသေးသည်။

သည်တစ်လသည် သူမ၏ ဘဝပေါင်းများစွာပင်ဖြစ်ချေသည်တကား။

မလွယ်ပေါက်၏အပြင်ဘက်တွင် စန္ဒဝါပင်ရှိသည်။ ပင်စည်က မွေးသည်။ ညိုဝါသော အမွေးရှိသည်။ ရွက်နုများတွင် ကတ္တီပါမွေးကလေးများနှင့် အသီးသီးလျှင် အကုန်မမြင်ရ။ ပွင့်ချပ်ထဲတွင် တစ်ဝက်မြုပ်နေသည်။

ယင်း စန္ဒဝါပင်အောက်တွင် ဘဲဥပုံကျောက်ပြားကြီးတစ်ချပ်ရှိသည်။ လူတစ်ယောက် အိပ်သာသည်။ သိကြားမင်း လူ့ပြည်လာတုန်းက မေ့ကျန်ရစ်သော ပဏ္ဍုကမ္ဗလာ ဟု တံခွန်တိုင်မြို့စားကြီးက နောက်ပြောင် ပြောဆိုတတ်သည်။ မောင်မောင်ကြီးကမူ မင်းလောင်းအိပ်သည့် ကျောက်ဖျာဟုဆိုသည်။ အကြောင်းမူ ယင်းကျောက်ဖျာပေါ်တွင် သူမကြာခဏ မှေးလဲနေတတ်သောကြောင့်ဖြစ်သည်။

ခင်ခင်လေးလည်း ယင်းကျောက်ဖျာကို နှစ်သက်သည်။ ပဏ္ဍုကမ္ဗလာဖြစ်၍ လည်းမဟုတ်၊ မင်းလောင်းအိပ်၍လည်းမဟုတ်။ နေရာကို သဘောကျသောကြောင့် ဖြစ်သည်။

နေဝင်ဖျိုးဖျတွင် ထိုင်ပါလေ၊ အနောက်နေသည် မီးပုံးနီကြီးချိတ်ထားဘိသို့ ရဲနေသည်။ မင်းဝံတောင်တန်းသည် သတ္တရဘန်တောင်စဉ်ခုနစ်ထပ်နှယ်။

ဆွမ်းဦးပုညရှင်ကို ဖူးမြင်ရသည်။ ပတ္တမြားစေတီပုပ္ပုကလေး ဟိုမှာဘက်၌ ဥမင်ခြောက်ဆယ်ရှိချေသည်။ သည်မှာဘက်၌ လွမ်းစေတီကွယ်နေသည်။



ဖူးလွှားငှက်ကလေးများ မြူးဆော့နေကြသည်။

ခင်ခင်လေးသည် ငယ်ငယ်ကတည်းကပင် စန္ဒဝါပင်အောက်တွင် ထိုင်လေ့ရှိသည်။ ဆည်းဆာမင်းသမီးကလေးဟု ဆိုရချေမည်လား။

မောင်ကြီးနန္ဒ စစ်ထွက်သောအခါတွင်မူ ဆည်းဆာမင်းသမီးကလေးဘဝမှ အမျှော်စိုက်မင်းသမီးကလေးဘဝသို့ ကူးပြောင်းခဲ့ရသည်။

သည်မှာ အတွေးကြွယ်ရသည်။

တံခွန်တိုင်အိမ်ကြီးသို့ အမှတ်မထင်ရောက်လာသော နန္ဒကို မိမိကပင် ဆီးကြိုခဲ့သည်။ မိမိနှင့်ပင် ချစ်ကြိုးသွယ်ခဲ့သည်။ သို့တစေ မောင်ကြီးနန္ဒသည် မိမိတစ်ယောက်တည်းနှင့်သာ ရင်းနှီးကျွမ်းဝင်ခဲ့သည်မဟုတ်။ အစ်မလတ်နှင့်လည်း နှစ်ကိုယ့်တစ်စိတ်မျှ ရှိကြသည်။

အစ်မလတ်··အစ်မလတ်၊ သည်အစ်မလတ်ကို မိမိ မမုန်းပါ။ အစ်မလတ်ကလည်း မိမိကို မုန်းလိမ့်မည်မဟုတ်ပါ။ အစ်မလတ်ကို မိမိချစ်ပါသည်။ အစ်မလတ်ကလည်း မိမိကိုချစ်ပါသည်။

အစ်မလတ်က မိမိကိုသာမဟုတ်ပါ။ မိမိ၏ချစ်သူကိုလည်း ချစ်ပါသည်။ သည်တော့ ခင်ခင်လေးအသည်း မောရပါသကောကွယ်။

မိမိ၏ချစ်သူကတော့ အစ်မလတ်ကို ချစ်သည် မချစ်သည်မပြောတတ်ပါ။ ခင်ခင်လေး မသိနိုင်ပါ။ ယခုမူ မိမိ၏ချစ်သူနှင့် အစ်မလတ်တို့သည် အရှေ့ဘက်တောင်ခြေတွင် အတူတကွ ရှိနေကြသည်။

ခင်ခင်လေး အသည်းနာကျင်ရပါသကောကွယ်။

ကြည့်ပါဦးလေ··မိမိအဖြစ်ကလည်း မိမိအဖြစ်မျိုးဖြစ်နေသည်။ မိမိလုပ်ရသည့် အလုပ်များကို အစ်မလတ်က လုပ်ပေးနေရသည်။

မောင်ကြီးနန္ဒတို့ စစ်ထွက်သွားသည့်နေ့ကလည်း စီစဉ်ထားသည့်အတိုင်း မောင်မောင်ကြီးမပါဘဲ မောင်ကြီးနန္ဒတစ်ယောက်တည်း ဟို··သူရဲဆိုတဲ့ လူကြီးနဲ့ ပါသွားရသည်။ အဲသည်လူကြီးကို ခင်ခင်လေးမကြိုက်ပါ။ မျက်နှာပေါက်ဆိုးပါသည်။ ခင်ခင်လေး ကြောက်လာသည်။ မောင်ကြီးနန္ဒကို အဲသည်လူကြီးနှင့် ထည့်လိုက်ရသည်ကို စိတ်မချပါ။ စိုးရိမ်ပါသည်။ မောင်မောင်ကြီးပါခဲ့လျှင်မူ တော်သေးသည်။ ယခုတော့ မိမိ၏အစ်ကို အရေးအကြောင်းတွင် ပျောက်နေသည်။ ချစ်သူအတွက် စိတ်ပူမိတိုင်း အစ်ကိုကြီးကို ပြစ်တင်နေမိသည်။ မောင်မောင်ကြီး ပြန်လာသည့်နှင့်တစ်ပြိုင်နက် နယ်ခြားဒေသသို့ ထွက်ခွာသွားသူများနောက် အမြန်လိုက်ရန်ပြောမည်ဟု စိတ်ကူးထားသည်။ သို့သော် မိုးလင်းသော်လည်း မောင်မောင်ကြီး ပြန်မလာ၊ နေ့ခင်းဘက်တွင်လည်း

www.burmeseclassic.com



ပြန်မလာ၊ ညနေစောင်းသည့်တိုင်လည်း ပြန်မလာ။

သည်တော့ မိမိစိတ်မောမောနှင့် အစ်မလတ်ကို မောင်မောင်ကြီးအကြောင်း ပြောမိသည်။ ပြစ်တင်စကားများ စိုးရိမ်စကားများဆိုမိသည်။ ဟော..ကြည့်စမ်းပါဦး။ အစ်မလတ်က ပြုံးလို့၊ မောင်မောင်ကြီး လိုက်သွားပြီတဲ့။ မနက်ကပင် ရှမ်းပွဲဈေးသို့ သူလိုက်သွားပြီး စစ်ထွက်သွားကြသည့်အကြောင်း ပြောလိုက်သည်တဲ့။

အစ်မလတ်က မောင်မောင်ကြီး၏ချစ်သူအကြောင်းကိုပင် ပြောပြလိုက်သေးသည်။ နန်းမွန်တဲ့၊ နာမည်ကလေးက ချစ်စရာ မောင်မောင်ကြီးက နန်းမွန်ကို အစ်မလတ် လက်သို့ အပ်သွားသည်တဲ့။

ကဲ-အခု နန်းမွန် မိမိတို့အိမ်မှာရောက်နေသည်။ အစ်မလတ် မရှိပါ။ အစ်မလတ် အခန်းတွင် နေရာချထားသည်။ မိမိက တာဝန်ယူပါသည်။ နန်းမွန်အကြောင်းကို ကြား သိရသောအခါ မျက်ရည်အသွယ်သွယ် စီးကျရသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်၍ငိုကြရသည်။

ဒါတွေရှိစေဦး၊ ယခုနောက်ဆုံးကိစ္စတွင် မိမိပြဿနာအဖြစ်ဆုံး။ ကြက်ဥအရောင် တိမ်တောင်သဖွယ် ဆိုသည်မှာ အမှန်ပင်။

အောင်စည်အောင်မောင်း အောင်လံများနှင့် တပ်တော်များ ချီတက်သွားသည်ကို မြင်ရသောအခါ မိမိတို့ ကြက်သီးမွေးညင်းထအောင် စိတ်အားတက်ကြွရသည်။ သို့သော် နယ်ခြားကျောက်တိုင်အတွင်းက တပ်များအားလုံး ပျက်ပြားဆုတ်ခွာလာရ ကြောင်း သတင်းကြားသိရသောအခါ စိတ်မချမ်းမသာရှိကြရသည်။ မောင်ကြီးနှင့် ချစ်သူအတွက် ပူပန်ရသည်။

တောင်တွင်းကြီးကြောင်း ချီတက်သွားသော ဘဘုရားသည် တံတားဦးမှာပင် တန့်ရပ်သွားပြီး အင်းဝခံမြို့တွင် အရပ်အနေပြုရကြောင်း ကြားသိရတော့ ချက်ချင်းပင် လိုက်သွားချင်သည်။

မြန်မာတပ်တော်များနှင့် အင်္ဂလိပ်တပ်များ နေပြည်တော်တစ်ပိုက်တွင် ဆိုင်ပြိုင် တိုက်ခိုက်သောအခါ မိမိတို့တပ်များသည် အင်္ဂလိပ်ကို တိုက်ခိုက်သည်ဟု မောင်မောင် လတ်ကဆိုသောအခါ ခင်ခင်လေးက လိုက်ပါပရစေဟု ဆိုခဲ့သေးသည်။ မောင်မောင် လတ်ကလည်း ခေါ်မည်ဟု ကတိပြုခဲ့သည်။

ခုတော့ လျှင်မြန်သော အဖြစ်အပျက်များကြောင့် မိမိက အိမ်တွင်ကျန်ရစ်ခဲ့ပြီး ခင်ခင်လတ်က မောင်မောင်လတ်တို့ထံတွင် ရောက်နေသည်။

သည်တော့ မခက်ဘူးလား။

ဘဘုရားနှင့် ချစ်သူတို့ စစ်ရှုံး၍ ပြန်လာကြသည့်တိုင် သူတို့ကိုမြင်သောအခါ



ခင်ခင်လေး ဝမ်းသာအားတက်မိသည်။ မိမိတို့သည် ရန်သူကိုတိုက်ရလျှင်လည်း တစ်ခု တစ်ရုံးတည်း ညီညီညာညာ တိုက်ကြရတော့မည်ဟု အောက်မေ့မိသည်။

သို့သော် ဘဘုရား၏မျက်နှာထားနှင့် ဖခင်၏အေးစက်သောတုန့်ပြန်မှုကို မြင် တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် မိမိတွင်ရှိသော စိတ်ဓာတ်များအားလုံး ကျဆင်းရတော့ သည်။ သည်အတွင်း ဘဘုရားနှင့် မောင်မောင်လတ် မပြေမလည်ရှိသောအခါတွင်ကား အံ့သြရဆုံးချေတော့သည်။ အရင်တစ်နေ့က အင်းဝခံမြို့တွင် သားအဖနှစ်ယောက် ငြင်းခုံတည်ခဲ့ကြသည်ကို အဘညီမှတစ်ဆင့် ကြားသိပြီးဖြစ်သည်။ တံခွန်တိုင်အိမ်ကြီးတွင် ဆုံမိတွေ့ဆုံကြသောအခါတွင်ကား ချက်ချင်းပင် ဇာတ်သိမ်းပိုင်းကို ကပြကြတော့သည်။ ဘဘုရားက ယန္တရားရုပ်ကြီးလို အိမ်ပေါ်တက်သွားသည်။ မောင်မောင်လတ်က ကြောက် စရာကောင်းသော အပြုံးဖြင့် အိမ်ကထွက်သွားသည်။

ထိုအခါ မိမိချစ်သူလည်း မောင်မောင်လတ်နှင့်အတူ လိုက်ပါသွားတော့သည်။ အမှန်က ထိုအချိန်ကတည်းက မိမိပါ တစ်ပါတည်းလိုက်ပါသွားဖို့ ကောင်းသည်။ ထိုသို့ဆိုလျှင် ကိစ္စအားလုံး ပြီးပြတ်သွားတန်ရာသည်။

ထားတော့၊ ထိုနေ့က တစ်ခါတည်း လိုက်ပါမသွားသည့်တိုင် ဘဘုရား အင်္ဂလိပ် ထံသို့သွားခဲ့သည့်အချိန်တွင် မိမိက ရှေ့ဆုံးက ထွက်ခွာဖို့သင့်သည်။ ခုတော့ ခင်ခင်လတ်က ထိုတိုင်လက်မြန်ရှိသွားသည်။ မိမိကျန်ရစ်သည်။ ယင်းအတွင်း မိမိကိုယ်ကို မိမိ ခွင့် မလွှတ်နိုင်အောင် ရှိရသည်။

ချစ်သူကလည်း မိမိအပေါ်ခွင့်မလွှတ်နိုင်ဟန်ရှိသည်။ နောက်တစ်နေ့တွင် ရောက် လာသည်၊ ပြီးတော့ မကျေမချမ်းဖြင့် ပြန်သွားသည်။ မိမိကျန်ရစ်သည်။

ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့တွင် တံခွန်တိုင်အိမ်ကြီးကို စွန့်ခွာပြီး ချစ်သူရှိရာသို့ လိုက်မည်ဟု မိမိဆုံးဖြတ်သည်။ သို့သော် အထမမြောက်တော့၊ အဖျက်အဆီးများ ရှိ သည်၊ ပထမဆုံး ဘဘုရားက မိမိတို့ကို လေချိုသွေးသည်။ ပျားရည်နှင့်ဝမ်းချသည်။ ထိုင်းအတန့် မိတ်ဖက်ပြုခြင်းသာဟုဆိုသည်။ မောင်မောင်လတ်နှင့် နန္ဒတို့ကိုလည်း ကောင်း၊ အခြားသူများကိုလည်းကောင်း၊ မိမိပယောဂဖြင့် ဘေးအန္တရာယ်မရှိစေရဟု ဆိုသည်။ အခြေအနေပေးအပ်သည်နှင့်တစ်ပြိုင်နက် မိမိလည်း အင်္ဂလိပ်များကို တိုက်ခိုက် ရင်ဆိုင်ဆုတ်မည်ဟု ဘဘုရားက ယုံကြည်စဖွယ်ပြောဆိုသည်။

ဘဘုရားမရှိခိုက်တွင် အဘညီရောက်လာသည်။ မိမိရော အစ်မကြီးကပါ အဘညီနှင့်တကွ လိုက်ပါလိုကြောင်း ပြောဆိုသည်။ အဘညီက တံခွန်တိုင်အိမ်ကြီးတွင် နေသင့်သည်ဟု ဆိုသည်။ သို့မှသာလျှင် သူတို့အဖို့ အရေးကြီးသော သတင်းစကား ကြားသိနိုင်မည်ဟု ဆိုသည်။ အမှန်တော့ အဘညီက သူတို့ကို အထောက်တော်များ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဆောင်ရွက်စေသည်။ အခြေအနေတွေ တစ်မျိုးတစ်ဖုံပြောင်းလဲလာတော့မှ မီးဆင် ကြည့်၍ကရန် မှာကြားသည်။

ယင်းသို့ဖြင့်··

မိမိသည် တံခွန်တိုင်အိမ်ကြီးမှာပင် ရှိနေရတော့သည်။ မိမိ၏ချစ်သူသည် အရှေ့ဘက်တောင်ခြေတွင်ရှိပြီး အကယ်၍ လာခဲ့လျှင်လည်း အရှေ့ဘက်မှသာ ရောက်လာမည် ဖြစ်သည်။ သို့နှင့်တိုင် မိမိသည် ချစ်သူ ပထမအကြိမ်လာသည့်လမ်းကို မျှော်နေမိသည်။

မိမိ၏ချစ်သူသည် မြင်းနက်ကြီးကိုစီးပြီး နေလုံးနီကြီးထဲမှ ထွက်လာလိမ့်မည် ဟု ထင်နေမိသည်။ မိမိကိုယ်မိမိ လှည့်စားနှစ်သိမ့်နေခြင်းလည်း ဖြစ်နိုင်သည်။

ဆောင်းလေပြေတွင် စန္ဒဝါနံ့ သင်းထုံနေသည်။

နေလုံးနီမရှိတော့၊ ရွာဘက်တွင် မီးရောင်များ လက်နေသည်။ အဘညို၏တဲ သည်လည်း အခါတိုင်းဆိုလျှင် လင်းနေသည်။ ခုတော့ မီးမရှိ၊ လူလည်းမရှိ။ အမှောင် သက်သက်။

ခင်ခင်လေး ကျောက်ပြားထက်မှ ထလိုက်သည်။ ထိုစဉ်မှာပင် အဘညို၏တဲ ဆီမှလာနေသော မြင်းတစ်စီးကိုတွေ့ရသည်။ အဘညိုလား၊ မဖြစ်နိုင်ပါ။ နန္ဒလား ဟုတ်မည်မထင်။ မည်သူနည်း။

[ ● ]

ခင်ခင်လေး မျက်တောင်မခတ်ကြည့်နေသည်။ ယာခင်းဘက်မှ လာနေသူသည် လူကြီး မဟုတ်၊ လူရွယ်တစ်ယောက် ဖြစ်သည်။ မြင်းအရောင်ကို သေချာစွာ မမြင်တွေ့ရ အဖြူတော့မဟုတ်၊ အနီ၊ အညို၊ အမဲများ ဖြစ်နိုင်သည်။ အမဲဆိုလျှင် မောင်ကြီးနန္ဒ၏ တိမ်ပျံ။

အမျိုးသမီး ရှေ့နှစ်လှမ်းသုံးလှမ်းတိုးပြီး ကြည့်သည်။ မောင်ကြီးနန္ဒများလား ဟုတ်ပါစေဟု ဆုတောင်းနေမိသည်။

လူပုံက နည်းနည်းဝသည်။ မောင်ကြီးနန္ဒမဟုတ်ပါ။ မည်သူနည်း။ သည်ပုံမျိုး မိမိမြင်ဖူးသည်။ ဘယ်မှာနည်း၊ ဘယ်တုန်းကနည်း၊ အင်း··အင်း···မှတ်မိပြီ သူရမင်းခေါင်။

ဟုတ်သည်။ သူရမှ သူရဖြစ်သည်။ သည်မျက်နှာနှင့် သည်ကိုယ်ထည်မျိုး တစ်ခါမြင်ဖူးလျှင် တစ်သက်လုံးမှတ်မိနေတတ်သည်။ သူရကို မိမိတစ်ကြိမ်မက မြင်ဖူး သည်။ မောင်မောင်ကြီး၏ အခင်မင်ဆုံးသူငယ်ချင်း ဖြစ်သည်။ လမ်းမှာလည်း တွေ့ဖူး



သည်။ အိမ်ကိုလည်း လာဖူးသည်။ သို့သော် စကားဟုတ္တိပတ္တိ မပြောဖူး။ သူက မောင်မောင်ကြီးနှင့်ပဲ အပေါင်းအဖော်လုပ်သည်။ ကျန်သည့် အိမ်သူအိမ်သားများကို ဂရုမထား။ ဘဘုရားနှင့်တော့လည်း အရင်းနှီးသား၊ မိမိတို့ကိုမြင်လျှင် မျက်လုံး မှတ်မတတ် ကြည့်တတ်သည်။ သူ့အကြည့်သည် ရိုးသလား မရိုးသလား မပြောတတ်၊ တစ်မျိုးကြီးပင်ဖြစ်သည်။ မိမိကြောက်မိသည်မှာ အမှန်ပင်။ မောင်မောင်ကြီးကမူ သူ့ သူငယ်ချင်းကို အလကားကောင်ကြီးပါဟု ဆိုသည်။ ထိုအမိပ္ပာယ်ကို မိမိကောင်းကောင်း သိလည်ပါ။

သို့သော်··

ယခုတစ်ကြိမ် သည်လူကြီးကို မြင်တွေ့သောအခါတွင် သူကြောက်လန့်ခြင်း မဖြစ်မိ၊ မိမိတွေ့ချင်နေသူတစ်ဦးနှင့် အခန့်သင့်တွေ့ရသည်ဟု အောက်မေ့မိသည်။ အကြောင်းမူ သည်လူကြီးသည် မောင်မောင်ကြီး၏သူငယ်ချင်း၊ မောင်မောင်ကြီး ကျဆုံး သည့်အကြောင်းကို မောင်ကြီးနန္ဒပြော၍ သိရသော်လည်း ဘယ်တိုက်ပွဲတွင် ဘယ်ပုံ ဘယ်နည်းကျကြောင်းကား မသိရ။ အသေးစိတ် ကြားသိချင်သည်။ နောက်ပြီး သည် လူကြီးသည် မောင်ကြီးနန္ဒနှင့် အရက်နှစ်ဆယ်လောက် သေအတူရှင်အတူ ရှိခဲ့သူတစ်ဦး ဖြစ်သည်။ လောလောဆယ်အချိန်တွင် မောင်ကြီးနန္ဒအကြောင်းပြောနိုင်သူမှာ သည် လူကြီးတစ်ယောက်သာ ရှိသည်မဟုတ်လား။

သူရသည် ခင်ခင်လေးအနီးသို့မရောက်မီကပင် မြင်းပေါ်မှဆင်းသည်။ ပြီးမှ မြင်းကိုဆွဲကာ သူမအနီးသို့လျှောက်လာသည်။ သူရ၏မျက်နှာကို ခင်ခင်လေးလှမ်းကြည့် ကြည့်သည်။ အရုပ်ဆိုးမြဲဆိုးသည်။ သို့သော် ခက်ထန်ခြင်းတော့မဟုတ်၊ ညှိုးငယ်နွမ်းလျ နေပင်ရှိသည်။

ခင်ခင်လေးနှင့် မျက်နှာချင်းဆိုင်တွင် သူရ ရပ်လိုက်သည်။ ဘာစကားမျှမပြော ဘဲ သည်အတိုင်းရပ်နေသည်။ ခင်ခင်လေးကိုလည်းမကြည့်၊ မြေကြီးကို ငုံ့ကြည့်နေသည်။ နောက်ဆုံးတွင် ခင်ခင်လေးက အနေကျုံ့သည်ကို သည်းမခံနိုင်တော့သဖြင့်··

''ကိုသူရတို့ အတူတူပြန်လာကြတာမဟုတ်လား''

''ခင်ဗျာ''

''အင်းဝခံမြို့က ပြန်လာကြတုန်းက ဘဘုရားတို့နဲ့ အတူတူပဲမဟုတ်လား''

''ဟုတ်ပါတယ်''

''မောင်ကြီးနန္ဒတော့ ညတွင်းချင်းပဲ ပြန်သွားတယ်၊ မောင်မောင်တင်နဲ့ အတူ ပဲ''

''အခု သူတို့ဘယ်မှာလဲ''

www.burmeseclassic.com



"ရှင်"

"ကျုပ် သူတို့နဲ့တွေ့ချင်လို့"

"ကိုသူရလည်း သူတို့ဆီသွားမလို့လား"

"ဟုတ်တယ်"

"ဘယ်တော့လဲ"

သူရ အတန်ငယ်ချိန်ဆပြီးနောက်··

"အဆင်သင့်ရင် ယခုလလောက် သွားဖြစ်လိမ့်မယ်"

"သူတို့နေတဲ့စခန်းကို အထူးလျှို့ဝှက်ထားတယ်"

"ခင်ခင်လေး မသိဘူးလား"

"အရင်တုန်းက ကြွက်နဖားတောင်ခြေမှာနေတယ်"

"အခုကော"

"ဘဘုရား လွှတ်တော်ဝန်ထောက်ဖြစ်ပြီး ခင်ခင်လတ်ထွက်သွားကတည်း
သူတို့စခန်းပြောင်းသွားကြတယ်"

"စခန်းသစ်ကို ခင်ခင်လေးမသိဘူးလား"

ခင်ခင်လေး ပြောသင့်မပြောသင့် ချိန်ဆနေသည်။ ပြီးလျှင်··

"နေဦး··အခုကိုသူရ ဘယ်ကလာတာလဲ"

"အဘညီ့ဇာတ်ကွက"

"ဘာလုပ်တာလဲ"

"မောင်မောင်လတ်တို့ နန္ဒတို့သတင်း စုံစမ်းမလို့"

"အဘညီ့လဲ အခု သူတို့နဲ့အတူတူပဲ"

"သူတို့နေရာကို ခင်ခင်လေးရောက်ဖူးသလား"

ခင်ခင်လေး ခေါင်းခါသည်။

"သိကော သိသလား"

ခင်ခင်လေး ခေါင်းညိတ်သည်။

"အင်းလေ··မပြောချင်ရင်လည်း နေပါ၊ ကိစ္စမရှိပါဘူး၊ ကျုပ်ဟာကျုပ်
ပါ့မယ်"

"နေပါဦးလေ··ကိုသူရ တကယ်သွားမှာလား"

"တကယ်သွားမှာ၊ ဒါပေမဲ့ မပြောပါနဲ့"

"ရှင်··ဘာဖြစ်လို့လဲ"

"တစ်ခုခုဖြစ်ရင် ခင်ခင်လေးတာဝန်ရှိနေမှာ စိုးလို့ပါ"



သည်လူကြီး၏စကားအသွားအလာများမှာ ဆန်းသည်ဟု ခင်ခင်လေး ထင်သည်။
သည် တစ်စုံတစ်ခုကို ကြိုးပမ်းအားထုတ်နေရပုံမျိုးဖြစ်သည်။ မောင်ကြီးနန္ဒတို့ထံ
တ်သွားသင့်မသင့် စိတ်မပြတ်ဖြစ်နေဟန်ရှိသည်ဟု ခင်ခင်လေး မှတ်ယူသည်။

"မောင်မောင်ကြီးကျတုန်းက ကိုသူရရှိသလား"

"အတူတူပေါ့"

"ပြောပြစမ်းပါလား"

"ကိုနန္ဒက ပြောမပြဘူးလား"

"သူက အဲဒီညက ခဏကလေးပဲ၊ အခုလာ အခုပြန်ပဲ၊ မောင်မောင်ကြီး ကျ
ယ်ပဲ တစ်ခွန်းထဲပြောသွားတယ်"

သူရ ကျောက်ဖျာတွင်ထိုင်သည်။ ခင်ခင်လေးကိုကျောပေးပြီးထိုင်သည်။ ပြီးတော့
ရကျောင်းတိုက်ပွဲကို တစ်လုံးချင်းပြောပြသည်။ ခင်ခင်လေးက နားထောင်ရသည်။
ရသဖြင့် သူရနှင့် မျက်နှာချင်းဆိုင် သွားရပ်ရသည်။ သို့သော် ဘာတစ်ခွန်းမျှ
ဖြတ်၍ မေးစရာမလို၊ အစမှအဆုံးတိုင် စီကာပတ်ကုံး ပြောပြသည်။ ခင်ခင်လေး
လုံးအိမ်တွင် ကရုဏာသက်တာများ ပြည့်လျှံနေသည်။

"ကျုပ် တစ်နေ့က နန်းမွန်ကို ရှမ်းပွဲဈေးမှာ သွားရှာသေးတယ်၊ မတွေ့ဘူး"

"နန်းမွန် ခင်ခင်လေးတို့အိမ်မှာ ရောက်နေတယ်"

"ဘယ်တုန်းကလဲ"

"မနက်ကပဲ"

"ဘယ်သူသွားခေါ်တာလဲ"

"သူ့ဘာသာသူ လာတာ၊ မောင်မောင်ကြီးအကြောင်း လာမေးတာ"

သူရက မျက်မှောင်ကုတ်ပြီး··

"ဒါနဲ့ ခင်ခင်လေးတို့က အိမ်မှာခေါ်ထားရောလား"

"ဘဘုရားက ခေါ်ထားတာပါ"

"ကျုပ်လည်း မနေ့က သူ့ကိုတွေ့ရင် အိမ်မှာခေါ်ထားမလို့ပဲ"

"ဘာလုပ်မလို့လဲ"

"သူ့ကိုကြည့်ရှုစောင့်ရှောက်ပါ့မယ်လို့ မောင်မောင်ကြီးကို ကျုပ်နဲ့နန္ဒက ကတိ
ကြတယ်"

"သူ အိမ်ကိုရောက်နေတာ မောင်ကြီးနန္ဒ သိဦးမှာမဟုတ်ဘူး၊ ကိုသူရတွေ့ရင်
က်ပါ"

"ကျုပ်နဲ့ကိုနန္ဒ တွေ့မယ်လို့ ဘယ်သူကပြောသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသူရ သွားမလို့ဆို"

သူရ ဘာမှမပြော။

"ကိုသူရသွားရင် ခင်ခင်လေး လိုက်ခဲ့ချင်တယ်" ခင်ခင်လေး ခေတ္တမျှ စဉ်းစားနေပြီးနောက်.. "အို..မလိုက်သေးပါဘူး၊ နောက်မှလာခဲ့မယ်၊ ကိုသူရပဲ သွားနှင့်ပါ။ တစ်နေ့က အဘညိုလာလို့ ပြောသွားတယ်၊ အခု သူတို့ပြောင်းတဲ့စခန်းက အရင်စခန်းနဲ့ တောင်တစ်လုံးပဲ ခြားတယ်တဲ့"

သူရက ပြုံးကြောင်သောမျက်လုံးများနှင့် ခင်ခင်လေးကို ကြည့်နေသည်။ သူ့မျက်နှာသည် လူသေတစ်ယောက်ကဲ့သို့ ဖြူယော်လျက်ရှိသည်။

"စကားပြောသံကြားပါတယ် အောက်မေ့တယ်၊ ညီမတော်နဲ့ ကိုသူရကိုး"

မလွယ်ပေါက်တွင် ခင်ခင်ကြီး ရပ်နေသည်။

"ခင်ခင်လေး ထိုင်နေတာကြာပြီ"

"ကျုပ် ခုနကပဲရောက်တယ်"

ခင်ခင်လေးနှင့်သူရ ပြိုင်တူဖြေသည်။ ခင်ခင်ကြီးက အကဲခတ်သော မျက်လုံးများဖြင့် ကြည့်လျှက်..

"ခင်ခင်လေးကို ဘဘုရားက အခေါ်ခိုင်းလို့၊ ထမင်းစားကြရအောင်၊ ဧည့်သည်တစ်ယောက်လည်း လာလိမ့်မယ်"

"ဘယ်ကဧည့်သည်လဲ"

"မသိဘူး၊ ဧည့်သည်တစ်ယောက် ထမင်းစားဖိတ်ထားတယ် ပြောတာပဲ"

ခင်ခင်လေးက သူရကို ကြည့်သည်။ အိမ်ထဲသို့ ခေါ်ရမည် မခေါ်ရမည်ကို စဉ်းစားနေသည်။ ဘဘုရားက ဧည့်သည်တစ်ယောက် ဖိတ်ထားသည်ဆို၍ ချိန်ဆနေခြင်းဖြစ်သည်။ ခင်ခင်ကြီးက..

"ကဲ-လာ သွားကြစို့၊ ကိုသူရလည်း ဝင်ပါဦး"

သူရ ဘာမျှမပြောဘဲ လိုက်ပါလာသည်။ အင်းခွေးကြီးငါးကောင်သည် သူရကို သိပ်သဘောကျပုံမပေါ်၊ သခင်မနှစ်ယောက်ပါနေသဖြင့်သာ ငြိမ်၍ကြည့်နေကြဟန် ရှိသည်။

မြို့စားကြီး ဆင်ဝင်အောက်မှာရှိနေသည်။ သူတို့သုံးယောက်ကို မြင်သောအခါ-

"လာကြဟေ့-စားကြစို့၊ တို့က တော်တော်ကလေးတောင် ဆာနေပြီ၊ သမီးကြီးကလည်း ဘယ်သွားနေမှန်းမသိ၊ ဧည့်သည်ကလည်း မလာသေးဆိုပြီး စောင့်နေရတာ ဗိုက်ထဲမှာ တဂွီဂွီအော်နေပြီ၊ လာမယ့်လာတော့လည်း အိမ်ရှင်ရော ဧည့်သည်တွေရော အတူတူပါပဲလား"



မြို့စားကြီးစကားကြောင့် မိန်းမငယ်နှစ်ဦးက သူရကို ပြိုင်တူကြည့်လိုက်ကြသည်၊ သူရက သူတို့ကိုမကြည့်ဘဲ မြို့စားကြီးကိုဦးတည်ပြီး ပြောသည်။

"ကျွန်တော် အဘညိုယာတဲဘက်က လှည့်လာတယ်"

"ဘာမှမတွေ့ဘူးမဟုတ်လား"

"ဟုတ်ကဲ့"

"ဘဘုရားပြောတဲ့ဧည့်သည်က ကိုသူရလား"

ခင်ခင်ကြီးက မေးသည်။

"အိမ်း"

"စောစောကတည်းက ကိုသူရလာလိမ့်မယ်လို့ ပြောရင်လည်း ပြီးတာပဲ"

ခင်ခင်ကြီးက အပြစ်တင်သလိုပြောသည်။

"သမီးတို့ အံ့သြသွားအောင်လို့"

"ကိုသူရကလည်း မပြောဘူး"

ခင်ခင်လေးက သူရကို အပြစ်ဖို့သည်။

"မေးမှမမေးဘဲ"

"ဘယ်ကလာသလဲလို့ မေးသားပဲ"

"အဘညိုတဲက လာတာလို့ ပြောသားပဲ"

သူရ ခေါက်ကပ်စွာရယ်သည်။ တမင်လုပ်၍ရယ်မှန်း သိသာသည်။ ကြာကြာလည်းမရယ်နိုင်ပါ။ ခင်ခင်လေးက မြို့စားကြီးကို မေးသည်။

"ကိုသူရကို ဘဘုရားက ဘယ်တုန်းက ထမင်းစားဖိတ်ထားတာလဲ"

"မနေ့က"

"ကနေ့ ဘဘုရားတို့မတွေ့ကြဘူးလား"

"မတွေ့ဘူးကွယ့်..ဘာဖြုလို့လဲ"

"အင်း..ဒါဆိုရင်တော့ ဟုတ်တယ်၊ နှန်းမွှန်ရောက်နေတာ မသိဘူးဆိုလို့"

"ကျုပ်တကယ်မသိပါဘူး၊ ခင်ခင်လေးပြောမှ သိတာပါ"

မြို့စားကြီးက ဒေါ်သဲအုကို..

"ငါတို့ချွေးမကို ခေါ်ပါဦး"

"ရှိပါတယ်၊ ပြီးတော့ တွေ့မှာပေါ့၊ ထမင်းခူးနေတယ်"

"အို..နှန်းမွှန်ကလည်း ခင်ခင်လေးတို့လည်း လုပ်မှာပေါ့"

ခင်ခင်လေးက တစ်ယောက်တည်းပြောသလိုပြောပြီး အတွင်းဆောင်သို့ ဝင်သွားသည်၊ အားလုံး နောက်မှလိုက်ပါသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထမင်းဗိုင်း အဆင်သင့်ဖြစ်နေပြီ။ အခန်းထောင့်တစ်နေရာတွင် နန်းမွန် ရပ်နေသည်။ ဆံပင်ကို ဖွတ်မြီးထိုးထားသည်။

သူရနှင့် မျက်နှာချင်းဆိုင်ထိုင်မိသောအခါ မျက်လုံးများ ရီဝေလာသည်။ သူရကို မောင်မောင်ကြီး၏ ရင်းနှီးသော သူငယ်ချင်းမှန်းသိ၍ဖြစ်သည်။

"နန်းမွန်ကို ကျုပ် မနေ့က သွားရှာသေးတယ်"

ရှမ်းတရုတ်မကလေး လက်ညှိုးကို ကိုက်နေသည်။ ဘာမျှပြန်မပြော။

"ဩော်··ဒါနဲ့ မောင်သူရ ကနေ့လွှတ်တော်ကို ဘာလို့မလာသလဲ"

မြို့စားကြီးက ယခုမှ အရေးကြီးသော အကြောင်းတစ်ခုကို သတိရဟန်ဖြင့် စကားဖြတ်ပြီးပြောသည်။

"ကျွန်တော် စီစဉ်စရာကလေးတွေ စီစဉ်နေလို့ပါ"

"အင်္ဂလိပ်စစ်ဗိုလ်ကြီး ရာဇဝတ်ဝန်မင်းက မှာလိုက်တယ်၊ မနက်လေးနာရီမှာ တင်ချီတက်ဖို့ အားလုံးအဆင်သင့်ဖြစ်ပါစေတဲ့"

"ဟုတ်ကဲ့"

မြို့စားကြီးနှင့် သူရတို့ အပြန်အလှန် ပြောနေကြသည်ကို ဒေါ်သဲအူ၊ ခင်ခင်ကြီး၊ ခင်ခင်လေးနှင့် နန်းမွန်တို့က ဘာမျှနားမလည်သည့်အနေဖြင့် ငေးကြောင်၍ ကြည့်နေကြသည်။ ဤတွင် မြို့စားကြီးက··

"ကဲ-အားလုံးကိုပဲ မောင်သူရအစား ဘဘုရားက ပြောရဦးမယ်၊ အခုဖွဲ့နေတဲ့ သူခိုးဓားပြနှိမ်နင်းရေး ရာဇဝတ်မှုနှိမ်နင်းရေး အထူးတပ်မှာ မောင်သူရကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ရာဇဝတ်အုပ်အဖြစ် မနေ့က ခန့်အပ်လိုက်ပြီ"

ခင်ခင်လေးမျက်လုံးများ ဇီးကွက်ကဲ့သို့ ပြူးသွားသည်။ သူရကို ကြည့်သည်။ သူရက သူမကို မကြည့်ပါ။

ခင်ခင်လေး စိတ်လိုက်မာန်ပါ ပြောဆိုလုပ်ကိုင်တော့မည်ပြုပြီးမှ အဘညီ မှာထားသည်ကိုသတိရပြီး ကိုယ့်စိတ်ကို ချုပ်တည်းထားလိုက်သည်။ သူရ ပြန်သည်အထိ အိပ်မွေ့မပျက်။

[ ဆ ]

သည်ည နှင်းသိပ်သည်းသည်။ အချမ်းပိုသည်။ တန်ဆောင်မုန်းနှင့် မတူ၊ နတ်တော် ပြာသို အောက်မေ့ရသည်။ သွားနိုက်နိုက်ရိုက်သည်။

သို့သော် ဂူထဲတွင် အအေးသက်သာသည်။ လေမတိုး၊ နှင်းမကျ၊ မီးဖိုလည်း ရှိသည်။ သူတို့လေးယောက် ဆတ်သားခြောက်နှင့် လက်ဖက်ရည်သောက်ရင်း စကား



ပြောနေကြသည်။ ခဏအကြာတွင် အဘညီက ညောင်းသည်ဆိုပြီး အိပ်ရာထဲဝင်သွားသည်။ မောင်မောင်လတ်က အရှေ့ဘက်ကင်းများကို စစ်ဦးမည်ဆိုပြီး ထွက်သွားသည်။ အင်္ဂလိပ်တပ်များ အနောက်ဘက်တွင်ရှိသည်။ ထို့ကြောင့် အရှေ့ဘက်ကင်းအဖွဲ့သည် အရေးမကြီးဆိုပြီး ပေါ့လျော့တတ်သည်။ ထို့ကြောင့် မောင်မောင်လတ် သွားရောက် စစ်ဆေးခြင်းဖြစ်သည်။

မောင်မောင်လတ်ထွက်သွားသောအခါ မီးဖိုဘေးတွင် နန္ဒနှင့် ခင်ခင်လတ် နှစ်ယောက်တည်းကျန်ရစ်သည်။ သူတို့နှစ်ယောက်သည် မီးဖိုဟိုဘက်သည်ဘက်တွင် မျက်နှာချင်းဆိုင်ရှိနေကြသည်။ မီးရောင်ဟပ်သဖြင့် သူတို့နှစ်ယောက်စလုံး၏မျက်နှာများ နီရဲနေသည်။ နန္ဒက အနောက်ဘက်ကင်းများကို စစ်ဆေးဦးမည်ဆိုပြီး ထွက်ခဲ့သည်။ ခင်ခင်လတ် ငူငူကြီးကျန်ရစ်သည်။

လက်နက်မပါဘဲ အပြင်မထွက်ရဟု မောင်မောင်လတ်က ညွှန်ကြားထားသဖြင့် နန္ဒ သေနတ်ကိုလည်း ယူခဲ့သည်။ ကြာပွတ်ကိုလည်း ယူခဲ့သည်။

အနောက်ဘက်ကင်းသည် မုလစခန်းဟောင်းတွင် ဖြစ်သည်။ တောင်ကျစမ်း၏ အရှေ့ဘက်ကမ်း၌ ဖြစ်သည်။ နန္ဒသည် ကင်းသမားများနှင့် စကားအနည်းငယ်ပြောပြီး နောက် စမ်းချောင်းထဲသို့ ဆင်းခဲ့သည်။ အနောက်ဘက်ကမ်းသဲပြင်တွင် စိတ်လွတ် ကိုယ်လွတ် လဲလျောင်းလိုက်သည်။ ခင်ခင်လတ် မြင်းနှင့်လဲကျသည့်နေရာဖြစ်သည်။

နှင်းစွတ်စိုသဖြင့် သဲပြင်က အေးသည်။ အပေါ်ကလည်း နှင်းများကျနေသည်။ ချွတ်ချင်းဆိုသလိုပင် ခြေဖျားလက်ဖျားများ အေးလာသည်။ သွားလာလှုပ်ရှားနေလျှင် ခံသာသည်။ ယခုလိုငြိမ်နေလျှင် အအေးပတ်ပြီး ဖျားဖွယ် သေဖွယ်ရာရှိသည်။

နန္ဒ ထလိုက်သည်။ မြင်းခွာသံ ကြားရသည်။ မြင်းခွာသံကြား၍ ထလိုက်ခြင်း မဟုတ်၊ ထလိုက်မှ မြင်းခွာသံကြားရခြင်းဖြစ်သည်။ မောင်မောင်လတ်က ပြောထားသဖြင့် မြင်းခွာသံကို ဂရုပြုနားထောင်သည်။ မြင်းတစ်ကောင်တည်းဖြစ်သည်။ သည် ဘက်ပဲ သိသည်။ မည်သူမည်ဝါဟု မပြောနိုင်တော့၊ နေပြည်တော်မှလာသော မိမိတို့၏ မြင်းလျှင်လည်း ဖြစ်နိုင်သည်။ ရန်သူကလွှတ်လိုက်သော ရှေ့ကင်းလည်း ဖြစ်နိုင်သည်။ ချတ်စွနှင့်သူ သွားသူလည်းဖြစ်နိုင်သည်။ မည်သို့ဆိုစေ မိမိတို့ကမူ သတိရှိရမည်။

ယင်းအခိုက်··

မြင်းခွာသံ ရပ်သွားသည်။ အတန်ကြာသည်အထိ ပြန်လည်ထွက်ပေါ်လာခြင်း မရှိ၊ လမ်းစပျောက်သွားသဖြင့် ရပ်တန့်သွားခြင်းမျိုးသည် ဤမျှမကြာတော့။ ဤအချိန်မျိုးတွင် ဤနေရာမျိုး၌ ရပ်နားနေရန်လည်း အကြောင်းမရှိ။ လူစိတ်ထဲတွင် သံသယ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

နနွ ခြေသံလုံလုံထိန်းပြီး ကမ်းထက်သို့တက်သည်။ အနိမ့်ပိုင်းတွင်မို့ အသံပျောက်နေခြင်းဖြစ်နိုင်သည်။ လေက လှည့်စားတတ်သည်။ ကမ်းထက်သို့ တက်ရုံမျှမက ခြတောင်ပို့ကုန်းကလေးပေါ်သို့ပင် တက်လိုက်သည်။ ထိုအခါတွင်မှ လေကြောင်းမှန်နှင့် တွေ့သည်။ လေညာတွင်ရှိသော အသံဗလံများအားလုံး ရောပါလာသည်။ ရောထွေးနေသော အသံများကို သူ ဂရုပြုပြီး ခွဲခြမ်းသည်။

သစ်ရွက်များလှုပ်ခတ်သံ၊ ပင်စည်ငယ်များ ပွတ်ကြိတ်သံ၊ စမ်းရေစီးသံ၊ ပုရစ်အော်သံများအကြားတွင် မြင်းခွာသံကျဲကျဲမှန်မှန် ကြားရသည်။ အလွန်မတန် တိုးပေါ့သည်။ မြင်းပေါ်မှ လူဆင်းပြီး မြင်းကိုဆွဲလာဟန်တူသည်။ အတန်ကြာသောအခါ လူတစ်ယောက်၏ခြေသံကိုပါ ကြားရသည်။ တိုးမိတိုက်မိသံများလည်း ပေါ်ထွက်လာသည်။

နနွ တောင်ပို့ထက်မှဆင်းပြီး ချုံတစ်ခုကို ကွယ်နေလိုက်သည်။ မြင်းနှာခေါင်းမှ လေမှုတ်သံပင် ကြားနေရပြီ။ နနွ သေနတ်ကို သာသာချထားလိုက်သည်။ သေနတ်သုံးရန် မဟုတ်ချေ။ တိတ်တဆိတ်ချဉ်းကပ်လာသူ သူ့ကို ကိုယ်လုံးတစ်ခုစာ ကျော်လွန်သည်နှင့် တစ်ပြိုင်နက် လျှင်မြန်စွာဖမ်းချုပ်လိုက်သည်။ ဘယ်ဖက်လက်မောင်းက ထိုသူ၏လည်မျို ကို ဖိထားသည်။ ညာဖက်လက်က ထိုသူ၏ညာလက်ကိုလိမ်ပြီး ခါးတွင်ကပ်ထားလိုက်သည်။

ထိုသူ နာကျင်တိုတောင်းစွာ တစ်ချက်အော်လိုက်သည်မှအပ တုတ်တုတ်မျှမလှုပ်နိုင်။ သို့သော် နနွက သူဖမ်းမိထားသူကို ချက်ချင်းပင် လွှတ်လိုက်သည်။ သူ့လက်ထဲမှ လူသည် မိန်းမတစ်ယောက်ဖြစ်ကြောင်း၊ အမြင်နှင့်အတွေ့တွင် ချက်ချင်းသိလိုက်သည်။ တွေ့ရှုစွာရုံဆိုသည်မှာ အံ့သြဖွယ်ရာကောင်းလှသည်။ ထိတွေ့လိုက်သည်နှင့် တစ်ကိုယ်လုံး ကျင်သွားသည်။

နနွလက်မှ လွတ်သွားသူသည် သူ့အရှိန်နှင့်သူလည်ပြီး သဲသောင်ပြင်ပေါ်သို့ ကျသွားသည်။ ကျသွားစဉ်မှပင် ခင်ခင်လေးဖြစ်ကြောင်း နနွသိလိုက်သည်။ သို့သော် ဖမ်းယူ၍မမီတော့ချေ။ သူပါခြေချော်ပြီး ကျသွားသည်။

ခင်ခင်လေးက ဓားမြှောင်ဖြင့် တွက်လိုက်သည်။ သူ့အတိမ်းအရှောင်မြန်သဖြင့် သာ အသိမ်အသုမများ ထွက်မလာခြင်းဖြစ်သည်။ အမျိုးသမီးက နောက်တစ်ချက် ဓားဖြင့် ခတ်မည်အပြုတွင် နနွက အလျင်ဦးအောင် ပြောလိုက်ရသည်။

"ခင်ခင်လေး..ခင်ခင်လေး..မောင်ကြီးနနွလေ"

"ဟင်-မောင်ကြီးနနွ"

ခင်ခင်လေးက နနွအသံကို ချက်ချင်းမှတ်မိသဖြင့် ဓားကို လေထဲတွင် ရပ်လျှက်



အားနှင့် ဝမ်းသာအားရခေါ်လိုက်သည်။ ပြီးလျှင် ဓားကိုလွှတ်ချပြီး စိတ်လွှတ်ကိုယ်လွှတ် ဖက်သည်။ ပြီးမှ သတိဝင်ဟန်ဖြင့် ဖက်ထားသောလက်များကို ဖြည်လွှတ်လိုက်သည်။ သို့သော် မရတော့။ နနွ၏လက်များက နွယ်ရှင်များ ရစ်ပတ်သည်သို့ မလှုပ်သာအောင် ရစ်ပတ်ထားသည်။ သည်တော့လည်း ခင်ခင်လေး ငြိမ်နေသည်၊ မှိန်းနေသည်။

ခင်ခင်လေး၏မြင်းသည် အလိုက်သိတတ်သောအားဖြင့် ငြိမ်သက်စွာရပ်နေသည်။ ချောင်းထဲတွင် ဖြစ်ပျက်နေသည်များကို အနောက်ကင်းမှလူများ ကြားသိကြဟန် မတူချေ။ ခင်ခင်လေးသည် မြင်းကို ညည်အတိုင်းဆွဲခေါ်လာသည်မဟုတ်ပါလား။

နနွက ခင်ခင်လေး၏ပါးပြင်ကို တစ်ချက်နမ်းလိုက်ပြီးနောက်..

"မောင်ကြီးတို့ဆီကို နှမငယ် အပြီးလာတာလား"

သည်တော့မှ ခင်ခင်လေးသည် သူလာရင်းကိစ္စကို သတိရပြီး အနည်းငယ် ရှက်သည်။ နနွက လုံးဝလွှတ်မပေးသော်လည်း ခင်ခင်လေး အသက်ရှူသာအောင်၊ စကားပြောသာအောင် မသိမသာ အရစ်အပတ် အဆုပ်အကိုင်လျှော့လိုက်သည်။ ခင်ခင် လေး လူးလွန့်လိုက်ပြီး..

"မဟုတ်ဘူးမောင်ကြီး၊ နှမငယ် အခုချက်ချင်း ပြန်ရမယ်"

နနွက ခင်ခင်လေး၏ကိုယ်လုံးကို သူ့ရင်ခွင်ထဲမှ တွန်းလိုက်ပြီး..

"ဟင်-ဒါဖြင့် ခင်ခင်လေး ဘာလုပ်လာတာလဲ၊ မောင်ကြီးတို့စခန်းကို အင်္ဂလိပ် အတွက် အထောက်အလှမ်းလာတာလား"

"အို..မဟုတ်ဘူး မဟုတ်ဘူး"

ခင်ခင်လေးက အလောတကြီး အော်ဟစ်သည်။

"ကဲ-ဒါဖြင့် ပြောစမ်း၊ ဘာလုပ်လာတာလဲ၊ အချိန်မတော် အချိန့်တော်ကြီးမှာ ဘာလာတာလာတာလား၊ ဘာပြုလို့ မောင်ကြီးတို့ကင်းတွေမသိအောင် မြင်းပေါ်ကဆင်းပြီး တိတ်တိတ်ကလေး လာရတာလဲ"

နနွက ဒေါသမပြယ်ဟန်ဖြင့် ရှည်လျားစွာမေးသည်။

"ပြောမှာပေါ့မောင်ကြီးရယ်၊ တစ်ခုပြီးမှ တစ်ခုမေးပါ၊ နှမငယ် မဖြေတတ် ဘူး၊ နှမငယ် ဝမ်းအနည်းဆုံးကတော့ နှမငယ်ကို မောင်ကြီးမယုံတာပဲ"

အမျိုးသမီးက ဝမ်းနည်းပက်လက် ပြောပြန်တော့လည်း နနွ စိတ်မကောင်းဖြစ် ရသည်။ ထို့ကြောင့်..

"မောင်ကြီးက နှမငယ်ကို ချစ်လွန်းလို့ပါ၊ မောင်ကြီးချစ်တဲ့ နှမငယ်ကို မောင်ကြီးအနားမှာပဲ ရှိစေချင်တယ်"

"နှမငယ်လည်း မောင်ကြီးနဲ့အတူ နေချင်တာပေါ့၊ ဘာစ်နေ့ကတော့ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နမငယ် လာတော့မလို့ပဲ၊ အဘညိုက နေပြည်တော်ကသတင်းတွေ အတွင်းရေးသတင်းတွေ မောင်ကြီးတို့သိရအောင် တံခွန်တိုင်အိမ်ကြီးမှာ နေရမယ်ဆိုလို့ နမငယ် နေရတာပါ"

"အဘညိုက ပြောတယ်"

"အဘညိုက ပြောရက်သားနဲ့များ နမငယ်ကို တစ်မျိုးတစ်မည်တွေ ထင်ရသလား မောင်ကြီးရယ်"

"နမငယ်လာတာက ခိုးကြောင်ခိုးဝှက်ကိုး"

"မောင်ကြီးတို့အတွက် နမငယ်အထောက်အလှမ်း လုပ်နေတာကို တစ်တိုင်းပြည်လုံးသိအောင် မောင်းကြေးနင်းခတ်ရမလား၊ နမငယ်ရဲ့ကိစ္စကို မောင်ကြီးရယ်၊ မောင်မောင်လတ်ရယ်၊ အဘညိုရယ် နောက်ပြီးတော့ အစ်မလတ်ရယ် သည်လေးယောက်ပဲ သိသင့်တယ်မဟုတ်လား၊ မလွဲသာလို့ နောက်ထပ်သိရင်လည်း တစ်ယောက်နှစ်ယောက်ပေါ့၊ ဒါကြောင့် နမငယ်က မောင်ကြီးတို့စခန်းထဲကိုကင်းသမားတွေမသိအောင်ဝင်မလို့"

ခင်ခင်လေးက ယင်းသို့ရှည်လျားစွာ ရှင်းပြတော့လည်း နန္ဒ မိမိ၏စိတ်စောမှုလောကြီးမှုအတွက် နန္ဒ စိတ်မကောင်းဖြစ်ရသည်။

"မောင်ကြီးနန္ဒနဲ့မတွေ့ရင် နမငယ်ကို ဘယ်ကင်းကမှ သိမှာမဟုတ်ပါဘူး မောင်ကြီးကလည်း ကင်းတွေကို လိုက်စစ်ဦးမယ်ဆိုပြီး အခုပဲထွက်လာတာ၊ ဒီနား ရောက်တော့ မြင်းခွာသံကြားရတယ်၊ နောက် ပျောက်သွားတယ်၊ ဒါနဲ့ မသင်္ကာလို့ ချောင်းတော့ ခင်ခင်လေးကို သည်လိုမိတာပေါ့"

နန္ဒက အမျိုးသမီးကို ဝုန်းခနဲဖက်လိုက်သည်။ သုံးလေးပြန် နမ်းလိုက်သည်။ အမျိုးသမီးက ရုတ်တရက်မို့ လန့်သွားဟန်ရှိသည်။

"အို..အို..မောင်ကြီးရယ် လန့်လိုက်တာနော်"

"လန့်ရင် မောင်ကြီးကိုဖက်ထား"

"အို..တော်ပါတော့လားနော်၊ ခင်ခင်လေး ပြောစရာရှိတာတွေကို မပြောရတော့ဘူးလား"

"လာ..ဒါဖြင့်သွားကြစို့"

နန္ဒက ခင်ခင်လေးလက်ကို ဆွဲခေါ်သည်။

"ဘယ်ကိုသွားရမှာလဲ"

"နမငယ်ပြောစရာရှိတာတွေ ပြောရအောင် မောင်မောင်လတ်တို့ဆီကို သွားမယ်လေ"

"အို..အဲသည်ကို နမငယ် မလိုက်တော့ဘူးလေ"

"ဘာပြုလို့လဲ"



"ဘာလုပ်ဖို့လိုက်တော့မှာလဲ၊ ဒီမယ်ပြောစရာရှိတာတွေကို မောင်ကြီးကို ပြောခဲ့မယ်၊ မောင်ကြီးကတစ်ဆင့် သူတို့ကိုပြန်ပြောလိုက်ရင်ပြီးတာပဲ၊ ဒါဆိုတော့ နမငယ်လာတာကို ရဲမက်တွေမသိတော့ဘူးပေါ့"

"အင်း..ဟုတ်တယ်၊ ဒါဖြင့်ရင်ပြော၊ အင်္ဂလိပ်တပ်တွေ စိတ်ကောင်းဝင်ပြီး သူတို့သဘောနဲ့သူတို့ ဘင်္ဂလားပြန်သွားကြပလား"

"ဘင်္ဂလားပြန်သွားကြတာမဟုတ်ဘူး၊ မောင်ကြီးတို့ဆီကို လာမှာ"

"ဘာ-ဘာပြောတယ်"

"မောင်ကြီးတို့စခန်းကို တိုက်ရအောင် အင်္ဂလိပ်တပ်တွေ မနက်အရုဏ်တက်အရောက် ချီတက်လာကြလိမ့်မယ်"

"နမငယ် ဘယ်ကသိသလဲ၊ သေချာရဲ့လား"

သည်တွင် ခင်ခင်လေးက တံခွန်တိုင်အိမ်သို့ နန်းမွန်ရောက်လာပုံကစပြီး သူရ ရောက်လာပုံအထိ ပြောပြလိုက်သည်။ သူရ ရာဇဝတ်အုပ်ဖြစ်သွားကြောင်း ကြားသိရသောအခါ နန္ဒ တက်ခေါက်သည်။

"တောက်-ဒီခွေးမသားကို ကျုပ်ကိုယ်တိုင်သတ်မယ်၊ မောင်မောင်ကြီးရဲ့မျက်နှာကို မထောက်တဲ့အကောင်"

နန္ဒတို့စခန်းကို လမ်းညွှန်လိုက်မိသည့်အတွက် ခင်ခင်လေးက ယူကျုံးမရကြောင်း ပြောသောအခါ..

"ဘယ်တတ်နိုင်မလဲ နမငယ်၊ အသားထဲက လောက်ထွက်တာကို၊ အခုလို သတင်းပေါက်သွားတဲ့အကြောင်း နမငယ် အချိန်မီလာပြောနိုင်တာပဲ တော်လှပြီပဲ"

"နမငယ်လည်း ချက်ချင်းလာမလို့ပဲ၊ နောက်တော့ သူတို့ရိပ်မိသွားမှာစိုးလို့ မသိမသာနေရတယ်၊ သိသင့်တာလေးတွေသိအောင် ထပ်ပြီးကြိုးစားရတယ်၊ သူတို့အလစ်မှာ နမငယ်ထွက်လာတာ၊ အခု ဘယ်သူမှမရိပ်မိခင်မှာ နမငယ် တံခွန်တိုင်အိမ်ကြီးထဲကို တိတ်တိတ်ကလေး ပြန်ဝင်ရမယ်"

"ဥမင်ပေါက်ရှိသားပဲ"

"ဘဘုရားနဲ့ ခင်ခင်ကြီးတို့ရှိနေတော့ ဥမင်ပေါက်ကို သုံးလို့ရပါဦးမလား"

"ဒါဖြင့် အခု နမငယ်ပြန်လို့ စိတ်ချရပါ့မလား"

"စိတ်ချရပါတယ်၊ နမငယ်အတွက် မပူပါနဲ့၊ နောက်ဆုံး သူများတွေ ရိပ်မိသွားတော့လည်း နမငယ် မောင်ကြီးတို့ဆီကို တစ်ပါတည်းလာခဲ့မှာပေါ့"

"ကောင်းတယ်"

"ဘာကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒ နမ်းသည်၊ ဖက်သည်၊ နောက်ပြီး··

"အို··မောင်ကြီးရယ်··နမငယ် သေရတော့မယ်"

သူတို့နှစ်ယောက် သဲက အေးသည်ကိုလည်း သတိမထားမိ၊ နှင်းက အေးသည်ကိုလည်း သတိမထားမိ။

## ၅၀ ထောင်ချောက် [ က ]

မောင်မောင်ကြီး၏ စစ်ဆင်စစ်တက် စစ်ပရိယာယ်များကို နန္ဒ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ယခု မောင်မောင်လတ်၏ စစ်ပရိယာယ်များကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်သည်။

နန္ဒမှတစ်ဆင့် ခင်ခင်လေး ပြောပြသည်များကို ကြားရသောအခါ မောင်မောင်လတ် ဝမ်းအသာကြီးသာနေသည်။ ရန်သူနှင့် တစ်ပွဲတစ်လမ်း စမ်းရတော့မည်ဖြစ်သည်။ မောင်မောင်လတ်သည် မိမိထက်အင်အားကြီးမားသော တပ်များကို ချောင်းမြောင်းတိုက်ခိုက်သည့် အတတ်ပညာနှင့် အတွေ့အကြုံ များပြားရင့်ကျက်နေပြီဖြစ်သည့်အလျောက် ကြောမီဖြစ်ပွားတော့မည့် တိုက်ပွဲကို မိမိကြိုက်သလို ဖန်တီးတိုက်ခိုက်ရတော့မည်ဖြစ်သဖြင့် အကျေနပ်ကြီး ကျေနပ်နေသည်။

သူ့ရ ရန်သူနှင့် ပူးပေါင်းသွားသည့်အတွက် သူ ကသိကအောက်မဖြစ်၊ နာကျည်းခက်ထန်ခြင်းမရှိ၊ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာများဟု တွက်ဆပုံရသည်။

ခင်ခင်လေးက မိမိတို့တည်ရာဌာနကို သူ့ရအား ပြောပြလိုက်သည့်အတွက် မောင်မောင်လတ်က စိတ်မဆိုးသည့်အပြင် သဘောပင်ကျနေလိုက်သေးသည်။

"တစ်ခုတော့ရှိတယ်ပေါ့၊ ခင်ခင်လေးက အခုလို လာမပြောနိုင်ဘူးဆိုရင်လေး မကောင်းဘူးပေါ့၊ ကျုပ်တို့အလစ်မှာ အတိုက်ခံရမှာပေါ့၊ ဒါပေမဲ့ အခုလို ခင်ခင်လေး လာပြောလိုက်တော့ အခြေအနေက ချက်ချင်းပြောင်းပြန်ဖြစ်သွားပြန်တယ်၊ အလစ်မှာ အတိုက်ခံရမှာက ကျုပ်မဟုတ်ဘဲ ရန်သူဖြစ်နေတယ်၊ ခွေးမသားတွေက သူတို့လာတာ ကျုပ်တို့မသိဘူးဆိုပြီး သချိုင်းထဲကို တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြလိမ့်မယ် ကျုပ်တို့က တစ်ယောက်ပြီးတစ်ယောက် ကျင်းတူးပြီးမြှုပ်ရုံပဲ"

မောင်မောင်လတ်၏အစီအစဉ်မှာ ရန်သူကို လက်ရှိစခန်းမှပင် တွေ့ဆုံတိုက်ခိုက်



ရန်ဖြစ်သည်။ သည်တိုက်ပွဲပြီးမှ စခန်းသစ်ပြောင်းမည်။ ယခုကတည်းက အချို့အရေးကြီးသော ရိက္ခာများ၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် လူမမာများကို စခန်းသစ်သို့ ကြိုပြီးပို့ထားသည်။

ကျန်လူများအားလုံးကား ဆည်ဝမှ ဗျိုင်းစောင့်သလို ရန်သူအလာကို ဤစခန်းဝန်းကျင်မှပင် စောင့်ဆိုင်းနေကြရမည်ဖြစ်သည်။ သူတို့၏ပင်မစခန်းတွင် လူအများရှိသည့်ဟန်ပြုထားသည်။

တပ်များအားလုံးကို ဖြန့်ထားသည်။ ရန်သူဝင်လာသည်ကို လွှတ်ပေးမည်။ ပြီးမှ အတွင်း၌ပိတ်မိနေသောရန်သူကို ဝိုင်းတိုက်ကြရန်ဖြစ်သည်။

တပ်သားအားလုံး ပျော်နေသည်။ ညတစ်ချက်တီးလောက်တွင် အားလုံးနေရာယူပြီးဖြစ်နေသည်။ တိုက်ပွဲဝင်ရန် အဆင်သင့်။

[ ခ ]

ညနှစ်ချက်တီးလောက်တွင် နှင်းပါးသွားသည်။ သူတို့အနည်းငယ် စိုးရိမ်မိသည်။ သူတို့က သိပ်သည်းပိတ်ဖုံးမှုကို အခွင့်အရေးယူပြီး တိုက်ချင်သည်။ သူတို့ဆုတောင်းပြည့်ပါသည်။ အနောက်တောင်ဘက်မှ တိမ်လွှာတိမ်လိပ်များ တက်လာသည်။ တဖြည်းဖြည်းနှင့် ကောင်းကင်တစ်ခုလုံးကို တိမ်များဖုံးသွားသည်။ အမှောင်အား ပို၍ကောင်းလာသည်။ အရက်တာက်ခါနီးတွင် မိုးဖျောက်ဖျောက်ပင်ကျလာသည်။

"မိုးက အချိန်မဟုတ်အခါမဟုတ် ရွာဦးမယ်နဲ့တူတယ်"

နန္ဒက မိုးပေါက်မိုးစက်များကို လက်ဝါးနှင့်ခံကြည့်ရင်း ပြောသည်။ မောင်မောင်လတ်က··

"မိုးရွာရင်ကောင်းတာပေါ့၊ ဒီကောင်တွေကို အားလုံး တောင်ကျရေနဲ့ မျှောချမယ်"

နန္ဒ ပြုံးနေသည်။ မောင်မောင်လတ်သည် ပေးလာသမျှအခြေအနေကို ကျေကျေနပ်နပ် လက်ခံတတ်သည်။ သူက တိုက်ရခိုက်ရမည်ဆိုလျှင် ဒေါင်လိုက်ကျကျ ပြားလိုက်ကျကျ၊ သူတို့နှစ်ယောက်က အနောက်မြောက်ဘက်ခြမ်းကို တာဝန်ယူသည်။ အဘညီနှင့်ခင်ခင်လတ်က အရှေ့မြောက်ဘက်ခြမ်းကို တာဝန်ယူသည်။ အဘညီတို့ဘက်သည် သူတို့ဆုတ်ခွာရမည့်ဘက်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အနောက်ပိုင်းခြင်းသည်။

သူနှင့်မောင်မောင်လတ် တာဝန်ယူသော အနောက်မြောက်ဘက်ခြမ်းက ရန်သူ

www.burmeseclassic.com



ဝင်လာသည့် တံခါးပေါက်ဖြစ်သည်။ သူတို့က တံခါးပေါက်ကို ကျယ်နိုင်သမျှကျယ်ကျယ် ဖွင့်ပေးထားသည်။

သို့သော်··

အရုဏ်တက်ချိန်အထိ ရန်သူများ၏အရိပ်အခြည်ကို မတွေ့ရသောအခါ သူတို့ခေါင်းထဲသို့ သံသယစိတ်ဝင်လာသည်။

''ခင်ခင်လေးပြောတဲ့သတင်းက မှန်မှမှန်ပါ့မလား၊ ကျုပ်တို့ကို သက်သက်အရှုးလုပ်တာများလား''

မောင်မောင်လတ်က သူ့နှမအပေါ်တွင် သံသယရှိလာသောအခါ နန္ဒက ဘာမျှမပြောတတ်။ သူ့ခေါင်းထဲတွင် သံသယစိတ်ရှည်သည့်နည်းတူ စိုးရိမ်စိတ်လည်း ရှိနေသည်။ သူတို့ထံ ခင်ခင်လေးလာသည်ကို ရန်သူများသိသွားကြချေပြီလား၊ ခင်ခင်လေးတို့ သူတို့ဖမ်းမိသွားကြပြီလား၊ သို့သော် ဤစိုးရိမ်စိတ်ကို နန္ဒ ထုတ်မပြောချေ။ မောင်မောင်လတ်က ပြက်ရယ်ပြုမည်စိုးသောကြောင့်ဖြစ်သည်။ နောက်တစ်ခုကလည်း သူ၏စိုးရိမ်စိတ်ကို သူကိုယ်တိုင်လည်း လုံးလုံးမယုံသောကြောင့် ဖြစ်သည်။

သူတို့သည်းခံပြီး စောင့်သည်။ အရှေ့ဘက်တွင် မိုးသောက်ကြယ် တောက်ပသည်၊ နှင်းပွင့်နှင့်မိုးစက်များ ရောပြီးကျလာသည်။

''ဒီကောင်တွေ လာမလာသိရအောင် ကျွန်တော်တို့ ကင်းထိုးကြည့်ရရင် မကောင်းဘူးလား''

နန္ဒက လေသံဖြင့်ပြောသည်။

''ကျွန်တော် မှားသွားတယ်''

မောင်မောင်လတ်က တုံးတိကြီးဆိုသည်။ နန္ဒ၏စကားနှင့် ဘာမျှမပတ်သက်။

''ဘာမှားသွားတာလဲ''

''ရန်သူက ဘယ်ဒီလမ်းက လာမလဲ''

''ဗျာ··ဘာလို့လဲ''

''ကျုပ်တို့စခန်း ဒီမှာရှိမှန်းမသိဘူးဆိုရင်တော့ ရန်သူက ဒီလမ်းကပဲ လာရမှာပေါ့၊ ကျုပ်တို့ရှိမှန်းလည်း သိတယ်၊ ကျုပ်တို့ကို အငိုက်မှာလည်း တိုက်ချင်တယ်ဆိုရင်တော့ အလယ်ကနေ ကွေ့သွားပြီး ကျုပ်တို့နောက်ဘက်ကနေ တိုက်မှာပေါ့''

''ဒါဖြင့် ရန်သူတွေဟာ ခင်ခင်လတ်တို့ဘက်က ဝင်မှာပေါ့''

''ဟုတ်တယ်၊ အမှန်က ကျုပ်တို့က အဲဒီဘက်မှာနေပြီး ခင်ခင်လတ်တို့ကို ဒီဘက်မှာထားရမှာ''

''ဒါဖြင့် ကျွန်တော်တို့ အဲဒီဘက်ကိုသွားကြမလား''



''အခုမှတော့ မရတော့ဘူး၊ ရန်သူတွေ လာရိုးမှန်ရင် အခုလောက်ဆိုရင် တစ်ယောက်လည်ပင်း တစ်ယောက်ညှစ်နေကြပြီ''

''ဒါပေမဲ့ ခင်ခင်လေးတို့က ရန်သူတွေကို ထောင်ချောက်အလယ်ထဲရောက်အောင် လွှတ်ပေးမှာပဲ၊ သည်တော့မှ ကျွန်တော်တို့က တိုက်တာပေါ့၊ ပထမအစီအစဉ်ကို ပြောင်းပြန် ပြန်လိုက်ရုံပဲပေါ့၊ ဟုတ်တယ်မဟုတ်လား။ ပထမစီစဉ်တာ ရန်သူတွေကို ကျွန်တော်တို့က တံခါးဖွင့်ပြီး ထောင်ချောက်ထဲထည့်မယ်၊ ခင်ခင်လတ်တို့က ထိပ်ကနေ ပိတ်လိုက်မယ်၊ အခုကျတော့ ခင်ခင်လတ်တို့က တံခါးဖွင့်ပေးမယ်၊ ဝင်လာတဲ့ရန်သူကို ကျွန်တော်တို့က တိုက်မယ်''

မောင်မောင်လတ် အတန်ကြာ တိတ်ဆိတ်နေပြီးနောက်··

''ကျွန်တော်တို့ တစ်မျိုးလုပ်ကြမယ်၊ အခုအတိုင်းဆိုရင် ခင်ခင်လတ်တို့နဲ့ ရန်သူတွေ ပစ်ကြခတ်ကြတော့မှာပဲ၊ ရန်သူတွေက သူတို့ကိုစောင့်ပြီး အတိုက်ခံရမှန်း သိရင် ဒီဘက်ကို အတင်းဖောက်ထွက်မှာပဲ၊ ဒီတော့မှ ကျုပ်တို့က အပိုင်စီးရမယ်၊ ခင်ခင်လတ်တို့နဲ့ တိုက်နေတုန်း ကျုပ်တို့ အသာငြိမ်နေရမယ်''

မောင်မောင်လတ်၏ တွက်ဆချက်များ မှန်သည်ဟုပင် ဆိုရပေတော့မည်။ ခင်ခင်လတ်တို့ဘက်မှ သေနတ်သံများ ထွက်ပေါ်လာသည်။ နန္ဒတို့ လက်ယားနေသည်။ ချက်ချင်း သွားရောက်ပြီး တိုက်ခိုက်ချင်သည်။ သို့သော် မောင်မောင်လတ် အစီအစဉ်အရ ရန်သူဆုတ်ခွာလာသည်ကို စောင့်ပြီးမှတိုက်ရန်ဖြစ်သည်။

''ရန်သူလက်ချက်နဲ့ ခင်ခင်လတ်တို့လူစုအားလုံး ပျောက်သွားမှာလည်း သတိထားဦး''

နန္ဒက စိုးရိမ်စကားဆိုသည်။

''မပူပါနဲ့ အဘညီုတစ်ယောက်လုံးရှိပါတယ်၊ ဒီပညာတွေကို ကျွန်တော်တို့ အဘညီဆီက သင်လာကြရတာပဲ၊ နောက်ပြီး ခင်ခင်လတ်မှာလည်း ဖြတ်ထိုးဉာဏ်ရှိတယ်''

မောင်မောင်လတ်က စိတ်ချယုံကြည်စွာပြောသည်။

ထိုစဉ် မိုးစွာချုသည်။ သေနတ်သံများ နန္ဒတို့ရှိရာဘက်သို့ ပြိုလာသည်။ နန္ဒတို့ အသီးသီးကြီးစွာဖြင့် စောင့်ဆိုင်းနေကြသည်။ ရန်သူများ စမ်းချောင်းတွင်းသို့ ဆင်းလာသည်။ သူတို့လူများ စမ်းချောင်းကိုဖြတ်ကူးနိုင်ရန်အတွက် စမ်းချောင်းတစ်ဘက်တွင် ထိပ်ပိုင်း သေနတ်သမားများ ချထားပြီးနောက်မှ လိုက်လံတိုက်ခိုက်သော ခင်ခင်လတ်တို့ကို ကာကွယ်နိုင်အောင် သေနတ်များဖြင့် အဆက်မပြတ် ပစ်ခတ်လျက်ရှိသည်။

နန္ဒတို့ရှိရာဘက်သို့ ရန်သူများ တက်လာနေကြပြီ။ နန္ဒတို့ စခန်းမှ ဖြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးငါးယောက်လွှန်သွားသည်ကို ကြည့်နေရသည်။ စမ်းချောင်းတွင်းသို့ ရန်သူအ

အပြားရောက်ချိန်တွင်မှ နန္ဒတို့ ဝိုင်းဝန်းပစ်ခတ်သည်။

မိုးသည်းသည်းရွာစပြုပြီ။ မိုးစင်စင်လင်းတော့မည်။ ရန်သူအတုန်းအရုံး

ကျသည်။ နန္ဒတို့စိတ်ကြိုက် ချယ်လှယ်တိုက်ခိုက်သည်။ သူရကို နန္ဒရှာသည်။ မတွေ့

ထိုအချိန်တွင် မြေအပြင် သိမ့်သိမ့်တုန်စေသော မြင်းခွာသံများကြားရသည်။

ရန်သူမြင်းတပ်ဖြစ်သည်။ သူရကို တွေ့ရပြီ။

ရန်သူ၏အစီအစဉ်မှာ နန္ဒတို့စခန်းကို မှောင်ရီပိုးဝါးတွင် နောက်ဘက်မှ တိတ်

တိတ်ဝင်စီးသည်။ နန္ဒတို့ ကစဥ့်ကလျားဖြစ်သည်တွင် မြင်းတပ်နှင့်နင်းရန်ဖြစ်သည်။

ယခုသော် သူတို့တပ်များ ဖရိုဖရဲဖြစ်သည်ကို မြင်းတပ်နှင့်ကယ်ရန် ကြိုးစားရတော့သည်။

ရန်သူမြင်းတပ်ကို နန္ဒတို့ဆီးခံသည်။ ရန်သူမြင်းတပ် နောက်ကြောင်းပြန်

သွားသည်။ ထို့နောက် ပြန်တက်လာပြန်သည်။ နန္ဒတို့သေနတ်များ အဆက်မပြတ်

ပြီးတားသည်။ ရန်သူမြင်းတပ် တုန့်သွားပြန်သည်။ ရန်သူ၏သဘောကို နန္ဒတို့ ရိပ်မိ

သည်။ ရန်သူက သူတို့ကို အတင်းဝင်နင်းရန်မကြိုးစားဘဲ တက်ချက်ဆုတ်ချည်

မိမိတို့ကျည်အားကို ဖြုန်းနေသည်။ အချိန်ဆွဲနေသည်။ မိုးအလင်းနှင့် မိုးအတိတ်

စောင့်နေသည်။ စစ်ကူစောင့်သည်လည်း ဖြစ်နိုင်သည်။ သူရနှင့် သူ့လူများသည်

ထောက်မီရာသို့ ချက်တဖြုတ်ဝင်လာပြီး ချက်တဖြုတ်ပြန်ထွက်သည်။

နန္ဒက သူရကို ချိန်တွယ်ပြီး နှစ်ကြိမ်ခန့်ပစ်သည်။ မရချေ။ နှစ်ဖက်သဘော

လျှင် စီးချင်းထိုးလိုက်ချင်သည်။

မောင်မောင်လတ်က မိမိတို့တပ်များ ဆုတ်ခွာကြရန် အမိန့်ပေးသည်။

ချောင်းထဲ၌ ရန်သူတပ်သားများမရှိတော့။ ကျသူများကျ၍ ဖောက်ထွက်သူများ

ထွက်ကုန်ကြပြီဖြစ်သည်။

ခင်ခင်လတ်တို့ပင် နန္ဒတို့စစ်ကြောင်းသို့ ရောက်လာကြပြီဖြစ်သည်။ ခင်ခင်

လတ်တို့က မဆုတ်ချင်သေး၊ သူရတို့ မြင်းတပ်နှင့် တစ်ပွဲတစ်လမ်း စမ်းလိုက်ချင်

သည်။ မောင်မောင်လတ်က ခေါင်းခါသည်။

သို့ဖြင့် နန္ဒတို့က ရန်သူမြင်းတပ်ကို ထိန်းထားစဉ်မှာ မိမိတို့တပ်သား

စနစ်တကျဆုတ်ခွာကြသည်။ ရန်သူမသိအောင် တပ်ဆုတ်ခွာရေးကို အဘညိုက

ကွပ်ကဲသည်။

သူရတို့မြင်းတပ် တတိယအချီ တက်လာသည်ကို အဘညိုက ဆီးကြိုပစ်

ခြင်းမပြုရန် အမိန့်ပေးသည်။ ရန်သူမြင်းတပ်သည် ဆီးကြိုပစ်ခတ်မှုကို မတွေ့ရ

လည်း ပထမနှစ်ကြိမ် တပ်ခေါက်သည့်နေရာမှာပင် တန့်သွားသည်။ ပြီးလျှင် ပြန်



ဆုတ်ခွာသွားသည်။

ရန်သူမြင်းတပ် စတုတ္ထအကြိမ် တက်လာသည်။ ခေါက်ပြန်စည်းကိုလွန်ပြီး

တက်လာသည်။ မိမိတို့နှင့် အတော်ကြီးနီးကပ်မှ အဘညိုက ပစ်ခတ်စေသည်။ ရန်သူ

အတုံးအရုံးများစွာနှင့် ပြန်လည်ဆုတ်ခွာသွားသည်။

သည်တွင် နန္ဒတို့ ဆုတ်ခွာသွားသည်။ ရန်သူမြင်းတပ်က လူအင်အား၊ လျှင်မြန်

မှုအင်အားများကိုသုံးပြီး တစ်စစဖိ၍ ဆုတ်ခွာနေသော နန္ဒတို့ နောက်စောင့်တပ်ကို

အတင်းနင်းသည်။ နန္ဒတို့နောက်စောင့်တပ်တွင် ဟန်ပြမျှသာ ကျန်ရှိသဖြင့် ရန်သူကို

တားဆီးနိုင်ဖွယ်မရှိတော့။

လူစုခွဲ၍ တပ်ဖျောက်ဆုတ်ခွာသည့်နည်းကို သုံးရတော့သည်။

[ ၈ ]

မိမိတို့လူများ ဆုတ်ခွာနိုင်ရန်အတွက် နန္ဒသည် နောက်ဆုံးချန်နေခဲ့ပြီး ရန်သူကို ချုပ်

တောင်းစောင့်ပစ်လျက်ရှိသည်။

မိမိတို့နှင့်အတူ နန္ဒပါမလာသည်ကို သိသဖြင့် ခင်ခင်လတ်သည် ချက်ချင်းဝင်

နောက်ကြောင်းပြန်ပြီး နန္ဒကိုရှာသည်။

"ခင်ခင်လတ် ဆုတ်လေ၊ ဘာဖြစ်လို့ ပြန်လာတာလဲ"

"ကိုနန္ဒ ပါမလာလို့ ပြန်လှည့်လာတာ"

"ခင်ခင်လတ် သွားနှင့်၊ ကိုနန္ဒ အခုပဲလိုက်ခဲ့မယ်"

"ကိုနန္ဒနဲ့ အတူတူသွားမယ်"

ခင်ခင်လတ်က ကျောက်တုံးကြီးနောက်ကွယ်တွင် နန္ဒနှင့် ဘေးချင်းယှဉ်၍

ဆိုင်ရင်း သူတို့ထံသို့လာနေသော ရန်သူတစ်ဦးကို ပစ်ချလိုက်သည်။

သို့ဖြင့် နန္ဒက ခင်ခင်လတ်ကိုဆွဲကာ ဆုတ်ခဲ့ရသည်။ မိမိတို့လူများအားလုံး

ဆုတ်ခွာသွားကြပြီး မိမိတို့နောက်ဘက်တွင်လည်း ရန်သူများရှိနေသည်။ ထိုအခါ မူလ

စီစဉ်သည့်အတိုင်း အရှေ့တောင်ဘက်သို့ မဆုတ်ခွာနိုင်ဘဲ အရှေ့မြောက်ဘက်သို့ ဖောက်

ထွက်ခဲ့ကြသည်။

မိုးသည်းသည်းတွင် သူတို့နှစ်ယောက် ချောက်ကမ်းပါးတစ်ခုကို ခဲရာခဲဆစ်

ဆင်းခဲ့ကြရသည်။ အောက်သို့ရောက်ရန် လှမ်းတစ်ရပ်လောက်အလိုတွင် ခင်ခင်လတ်

ခိုကိုင်ထားသော ကျောက်ကပ်ပင်ကျိုးသွားသဖြင့် ခင်ခင်လတ် ပက်လက်လန်ကျသွား

သည်၊ ခင်ခင်လတ် သတိလစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းဆဲဖြစ်သည်။ သူတို့အပေါ်ဘက်တွင် ရန်သူများ သွားလာလှုပ်ရှား နေသံ ကြားရသည်။ ခင်ခင်လတ်ကို နန္ဒ ပွေ့ယူသွားရသည်။ အမျိုးသမီး သတိလစ် နေဆဲဖြစ်သည်။ နန္ဒ မပြုစုနိုင်သေး။ လောလောဆယ် ပြဿနာက မိုးလွတ်ရာ ရန်သူ လွတ်ရာသို့ရောက်ဖို့ အရေးကြီးသည်။

သည်ဘက်တွင် ရေတံခွန်တစ်ခုရှိကြောင်း နန္ဒသိသည်။ ယင်းရေတံခွန်၏နောက် ဘက်တွင် မိုးလုံလေလုံ ဂူတစ်ခုရှိသည်။ တစ်နေ့က သူတို့တောလိုက်ရင်း ယင်းဂူထဲ တွင် နားခဲ့သေးသည်။ ယင်းဂူထဲတွင် မီးဖိုနိုင်ရန် ထင်းခြောက်များရှိသည်။ အိပ်စက် နားနေရန် မြက်ခြောက်များရှိသည်။

မိုးကြီးသဖြင့် ကောင်းကောင်းမမြင်ရ။ လမ်းချော်သည်။ သတိထား၍ သွားရ သည်။ အတန်ကြာမှ ရေတံခွန်ဂူသို့ ရောက်သွားသည်။ ခင်ခင်လတ် သတိမရသေး သူမကို မြက်ခြောက်ပုံတွင် ချထားလိုက်ပြီး နန္ဒ ပထမဆုံးလုပ်ရသည်မှာ မီးဖိုခြင်းပင် ဖြစ်သည်။

မီးရှိန်တက်လာသောအခါတွင်မှ ခင်ခင်လတ်၏ကိုယ်ကို စစ်ဆေးကြည့်ရှုရသည်။ အထိရာပြင်းပြင်းထန်ထန်မရှိ၊ ခေါင်းနှင့်မြေကြီး ရိုက်မိသဖြင့် မေ့မျောနေခြင်းဖြစ်သည်။ အသက်ရှူမှန်သည်၊ သွေးတိုးမှန်သည်၊ ခေါင်းမူးပြေလျှင် သတိပြန်ရလာပေလိမ့်မည်။

အရေးကြီးသည်က သူမ၏အဝတ်များ ရွှဲရွှဲစိုနေခြင်းပင် ဖြစ်သည်။ ကြာလျှင် အအေးပတ်ပြီး အဖျားဝင်မည်စိုးရသည်။ ခင်ခင်လတ်ကို နန္ဒပွေ့ယူပြီး မီးဖိုနှင့် နီးနိုင်သမျှ နီးနီးတွင်ထားသည်။ မထိရောက်လှ၊ ရွှဲရွှဲစိုနေသောအဝတ်များ ရုတ်တရက်မခြောက်နိုင်။

သူ့ကိုယ်မှအဝတ်များလည်း စွတ်စွတ်စိုနေသည်။ နန္ဒ အဝတ်များကိုချွတ်ပြီး ရေညှစ်ပစ်လိုက်သည်။ ပြီးမှ ပြန်ဝတ်သောအခါ အတော်ကလေးနွေးလာသည်ကို တွေ့ ရသည်။ ခင်ခင်လတ်၏ အဝတ်များကိုလည်း ရေညှစ်ပစ်လိုက်နိုင်လျှင် ကောင်းမည်။ သို့သော် သင့်တော်ပါမည်လား။

နန္ဒက အတန်ကြာ စဉ်းစားသည်။

စည်းဖောက်ရာကျမကျ တွက်ဆသည်။ တစ်နေ့ကပင် မောင်မောင်လတ် ပြောသည်။ မိမိတို့စခန်းတွင် အမျိုးသား အမျိုးသမီးများ ရောယှက်နေသည်။ မောင်နှမလို စောင့်ရှောက်ကြရမည်။ မေတ္တာရှိလျှင် လက်ထပ်နိုင်သည်။ ဖောက်ပြန်မှားယွင်း ခြင်းမပြုရ။

ခင်ခင်လတ်နှင့်ပတ်သက်လျှင် နန္ဒ ပို၍ပင်သတိထားသည်။ စည်းကမ်းစောင့် သည်။ မစွမ်းရင်းရှိထား၍ဖြစ်သည်။ ကန့်စွန်းခင်းနှင့် မငြိလိုပါ။ ခင်ခင်လတ်နှင့် နှစ်ယောက်တည်း ရင်မဆိုင်မိအောင် ရှောင်သည်။



သည်ကြားထဲကပင် ယခုဂူထဲတွင် သတိလစ်လျက်၊ ရွှဲရွှဲစိုလျက်။ မည်သည့် အကြောင်းကိစ္စပင်ဖြစ်စေ မိမိတာဝန်သာတည်း။

နန္ဒ စိတ်တင်းလိုက်သည်။ ခင်ခင်လတ်ကိုယ်မှ အဝတ်အထည်များကို တစ်ခုချင်း ချွတ်သည်။ ရေညှစ်သည်။ ပြန်ဝတ်ပေးသည်။

သူ့တစ်သက်တွင် ဤမျှပင်ပန်းသောအလုပ်မျိုး မလုပ်စဖူး၊ နောင်တွင်လည်း ကြည့်သည့်အခါမျှ မလုပ်လို။

အဝတ်တွေ အတော်ကလေး သွေ့ခြောက်သောအခါတွင်မှ ခင်ခင်လတ် ညည်း ညူပြီးလှုန့်လာသည်။

''ခင်ခင်လတ်··ခင်ခင်လတ်''

နန္ဒက အမျိုးသမီး၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် တဖွဖွခေါ်နေသည်။ မှိတ်နေသောမျက်ခွံများ တဖြည်းဖြည်းပွင့်လာသည်။ နန္ဒကို တွေ့မြင်သည်။ ပြန်မှိတ် သွားသည်။ နောက်တစ်ခါ ပြန်ပွင့်လာသည်။

''ဟင်-ကိုနန္ဒ''

အမျိုးသမီးထရန်ကြိုးစားသည်။ ခေါင်းမူးသွားဟန်ရှိသည်။ နန္ဒ၏ အမျိုးသမီး၏ ရင်ညွန့်ကို လက်တစ်ဖက်နှင့် အသာတွန်းထားပြီး··

''ခင်ခင်လတ် မထနဲ့ဦး၊ ခေါင်းမူးနေလိမ့်မယ် ခဏနေဦး''

အမျိုးသမီးက သူမ၏ရင်ညွန့်ပေါ်တွင်ရှိနေသော နန္ဒ၏လက်ကို မျက်လုံးအောက် ချပြီးကြည့်သည်။ နန္ဒ လက်ကို ကမန်းကတန်းရုပ်လိုက်သည်။ ထိုအခါတွင်မှ သူမ၏ ခေါင်းပိုင်းတစ်နေရာကို လက်ဖျားနှင့်ခတ်မိသည်။

''ကန်တော့··ကန်တော့··မတော်မိလို့''

နန္ဒ မျက်ကလဲဆန်ပျာ တောင်းပန်လိုက်သည်။ သူတောင်းပန်ကာမှ အမျိုးသမီး က ရှက်သွားသည်။

''အို··ကိုနန္ဒကလည်း··''

နန္ဒက မီးပုံကိုဆွနေသည်။ မီးခိုးများအူလာသဖြင့် မှုတ်သည်။ ဝုန်းခနဲ မီးတောက် လောင်လာသည်။

''ဒါရေတံခွန်ဂူလား''

အမျိုးသမီးက နားစွင့်ရင်းမေးသည်။

''အင်း''

''ခင်ခင်လတ် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ''

''ကိုနန္ဒနဲ့ ခင်ခင်လတ်နှစ်ယောက်တည်း လူအုပ်ကွဲပြီး ခရေ့မြောက်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြတယ်လေ''

''အင်း··အင်း··အဲဒါမှတ်မိတယ်''

''ရေတံခွန်ချောက်ကြီးထဲကို ဆင်းကြတယ်လေ''

''အဲဒါလည်း မှတ်မိတယ်''

''အောက်ကိုရောက်ခါနီးမှ ခင်ခင်လတ်ဆွဲထားတဲ့ ကျောက်ကပ်ပင်ကျွတ်ပြီး အောက်ကိုကျသွားတယ်''

''ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ခင်လတ်ရင်ထဲမှာ အေးခနဲဖြစ်သွားတာပဲ''

''ခင်ခင်လတ် သတိလစ်သွားတယ်''

''အဲဒါမသိတော့ဘူး''

''မိုးတွေသိပ်ရွာနေတယ်၊ အပေါ်မှာလည်း ရန်သူတွေသွားလာနေကြတယ်''

''အင်း''

''ရေတံခွန်ဝူကို ကိုနန္ဒ သတိရတယ်''

''အင်း''

''ဒါနဲ့ ခင်ခင်လတ်ကို ကိုနန္ဒပွေ့ပြီး ဒီကိုခေါ်ခဲ့တာပဲ''

အမျိုးသမီး ဘာမျှမပြော၊ နန္ဒလည်း ဆက်မပြောတော့။ သည်တော့မှ··

''အခု ဘယ်အချိန်ရှိပလဲ''

''ဘာရှိဦးမလဲ၊ ဆွမ်းခံပြန်ချိန်ပေါ့''

''ဟင်-ဒါဖြင့် ဘာမှမကြာသေးဘူးပေါ့''

''အင်း''

''အပြင်မှာ မိုးတွေရွာတုန်းလား''

''အင်း''

''ခင်ခင်လတ်တို့အဝတ်က ခြောက်တာမြန်လှချည်လား''

''ရေတွေညှစ်ပစ်တာကိုး''

''ဟင်-ရေတွေညှစ်ပစ်တယ် ဟုတ်လား၊ ဘယ်လိုလုပ်ပြီး ညှစ်သလဲ''

အမျိုးသမီး အလန့်တကြား ထထိုင်သည်။ သူမကိုယ်ကို ငုံ့ကြည့်သည်။ ပြီး နန္ဒကို မရဲတရဲကြည့်သည်။ နန္ဒ ခေါင်းငုံ့ထားသည်။

''အဝတ်တွေ ချွတ်··ချွတ်··ချွတ်ပြီးမှ ညှစ်တာဟုတ်လား''

''ကိုနန္ဒ တောင်းပန်ပါတယ်၊ ခင်ခင်လတ် အအေးမိပြီး ဖျားမှာစိုးလို့ပါ''

အမျိုးသမီး မီးပုံကို ငေးစိုက်နေသည်။

''ခင်ခင်လတ် စိတ်ဆိုးသလား''



''စိတ်မဆိုးပါဘူး၊ စိတ်ဆိုးစရာမှမဟုတ်ဘဲ၊ ကျေးဇူးတောင်တင်ရဦးမှာပဲ၊ သမဲ့··အို··ကိုနန္ဒရယ်··ခင်ခင်လတ် ရှက်လိုက်တာ''

အမျိုးသမီးက သူမ၏အဝတ်များကို သေသပ်အောင်လုပ်ရင်း ပြောသည်။

''ကိုနန္ဒ ဘာမှမလုပ်ပါဘူး''

''ဘာမှကော မမြင်ဘူးလား''

''မြင်တော့မြင်တာပေါ့၊ မျက်စိကိုမှိတ်ထားရင် ဘယ်မှာ အဝတ်တွေ ချွတ်လို့ ာမလဲ၊ ခုတောင် မနည်းချွတ်ပြီး မနည်းပြန်ဝတ်ရတယ်''

''အို··ကိုနန္ဒရယ်၊ ခင်ခင်လတ်အသည်းတွေအူတွေ တုန်လိုက်တာ''

နှစ်ယောက်စလုံး ခပ်မဆိတ်ရှိနေသည်။ အတန်ကြာမှ··

''ခင်ခင်လတ်တို့ မိုးတိတ်မှ ဒီကသွားနိုင်မှာလား''

''မိုးတိတ်တာ မတိတ်တာထက် မိုးချုပ်မှ သွားလို့ဖြစ်မယ်ထင်တယ်၊ ရန်သူ ရှိချင်ရှိနေဦးမှာ''

အမျိုးသမီးက သက်ပြင်းချသည်။

''ကိုနန္ဒကို ယုံပါ၊ ကိုနန္ဒကို စိတ်ချပါ''

အမျိုးသမီး သက်ပြင်းနောက်တစ်ကြိမ်ချသည်။

''ကိုနန္ဒကို မယုံလို့လား၊ စိတ်မချလို့လား''

''ကိုနန္ဒကို ခင်ခင်လတ် ယုံပါတယ်၊ စိတ်လည်းချပါတယ်''

ထို့နောက် အမျိုးသမီးသည် မြက်ခြောက်ပုံ၌ ခွေခွေကလေးလှဲအိပ်လိုက်သည်။ ည်တစ်ကြိမ် သက်ပြင်းချရသူမှာ ကိုနန္ဒ။

## ၆ ၀ စိတ္တဇ [ က ]

ထဲတွင် ငရဲသားများ၏ ဟစ်အော်သံများ ကြွက်ကြွက်ညံကြားရသဖြင့် တံခွန်တိုင် ကြီး ဗိုလ်ကျောက်လုံး အိပ်ရာမှ လန့်နိုးသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်သော နှမဝမ်းကွဲဖြစ်သူ ဒေါ်သဲအုကို တွေ့ရသည်။

''အောင်မယ်လေး··လန့်လိုက်တာ သဲအုရယ်''

''အောင်မယ်လေးတော် ကျုပ်ကိုမြင်တို့ လန့်တယ်လား''

www.burmeseclassic.com

www.burmeseclassic.com

"အိမ်း..ညည်းကိုမြင်လို့ လန့်တာမဟုတ်ဘူး၊ ငါ့ဟာငါ လန့်တာ၊ ငါ့နားထဲမှာ ရေသားတွေ အော်နေသံ တစ်ညလုံး ကြားနေရတယ်"

"မြင်ကော မြင်ရသလား"

"မြင်တော့မမြင်ရဘူး၊ မြင်ရတာကတော့ ညည်းတို့ပဲ"

"အလိုတော်..ကျုပ်တို့ ရေသားတွေမဟုတ်ပါဘူး"

ဒေါ်သဲအုက ပြုံးပြုံးပြပြနှင့်ပြောသည်။

"နင်တို့ကို ရေသားတွေလို့မပြောပါဘူး၊ ငါမြင်တာကြားတာတွေ ပြောတာပါ"

"နလုံးမငြိမ်လို့ဖြစ်မှာပေါ့၊ ဇီးယိုကလေး စားလိုက်ပါလား"

"ဟယ်..ငါအရူးမှမဟုတ်ဘဲ"

ဒေါ်သဲအု မှဲ့မဲ့ပြုံးပြီး အခန်းထဲမှ ထွက်သွားဟန်ရှိသည်။

"နေပါဦး၊ ညည်းဘာလုပ်လာတာလဲ"

"မောင်ကျောက်လုံးကို လာနှိုးတာလေ"

"ငါ့နားထဲကြားရတဲ့အသံတွေဟာ ညည်းအသံတွေပဲဖြစ်မှာပါပဲ"

"အလိုတော် မဦးမချွတ်"

"အိမ်းလေ..ရှိပါစေတော့၊ ကျုပ်ကို ဘာလုပ်ဖို့ လာနှိုးတာလဲ"

မြို့စားကြီးက မျက်လုံးကို လက်ဖမိုးဖြင့်ပွတ်ရင်း မေးလေသည်။

"ကနေ့ တန်ဆောင်မုန်းလကွယ်နေ့လေ"

"လကွယ်နေ့ ဘာဖြစ်သလဲ"

"အလိုတော်..မောင်ကျောက်လုံး ဘာဖြစ်နေပလဲ၊ ကနေ့ ခင်မျိုးအတွက် ဘုရားသွားပြီး ပန်းရေချမ်းကပ်ရမယ်လေ"

"အေး..ဟုတ်သားပဲ၊ ငါဘယ်လိုများဖြစ်နေပါလိမ့်၊ ဒီနေ့ကို ငါဘယ်တုန်းကမှ မမေ့ခဲ့ပါဘူး၊ တန်ဆောင်မုန်းလကွယ်နေ့ဟာ ခင်မျိုးကွယ်လွန်တဲ့နေ့၊ အင်း..ခင်မျိုး ခင်မျိုး..ခင်မျိုး"

မြို့စားကြီးသည် ခင်မျိုးဟူသောအမည်ကို ဂါထာရွတ်သလို နှုတ်မှ တတွတ်တွတ်ဆိုနေသဖြင့် ဒေါ်သဲအု အခန်းထဲမှထွက်ခဲ့သည်။

[ ၁ ]

ညက မြင်မက်သည့် အိပ်မက်တွင် ခင်မျိုးလည်းပါရှိသည်။ ခင်မျိုးက မိမိကို စကားမပြောပါ။ ကြည့်လည်းမကြည့်ပါ။ အိမ်ဦးခန်းတွင် ခါးထောက်ပြီးရပ်နေသည်။ မိမိ အတင်းခေါ်တော့ ခင်မျိုး ပြတင်းပေါက်ကနေ ထွက်သွားသည်။ ပြန်မလာတော့ပါ



တံခွန်တိုင်အိမ်ကြီးမှ ခင်မျိုး အပြီးအပိုင်ထွက်ခွာသွားသည်မှာ သည်တန်ဆောင်မုန်းလကွယ်တွင် ဆယ်နှစ်တင်းတင်းပြည့်ပေပြီ။

ဆယ်နှစ်ဆိုသည်မှာ ခဏတာဟု ထင်ရသော်လည်း မိမိတို့တိုင်းပြည်တွင် အရေးကြီးသော ပြဿနာပေါင်းများစွာဖြစ်ပေါ်ခဲ့ပြီ။ မင်းပြောင်းမင်းလဲ ဖြစ်သည်။ ညောင်ရမ်းညောင်အုပ်အရေးတော်ပုံ မင်းညီမင်းသားများ အစုလိုက်အပြုံလိုက် အသတ်ခံရသည်။ ခင်ခင်ကြီးနှင့် မောင်မောင်လတ်တို့ တံခွန်တိုင်အိမ်ကြီးကို စွန့်ခွာသွားကြသည်။ မိုးနဲ့အရေးတော်ပုံ၊ မိုးကောင်း၊ မိုးညှင်းအရေးတော်ပုံ၊ နွယ်ခွေအရေးတော်ပုံ၊ အင်္ဂလိပ်နှင့် စစ်ဖြစ်ခြင်း။

သည်တစ်ကြိမ်တွင် အင်္ဂလိပ်များနှင့် မိမိဆိုင်ပြိုင်တိုက်ခိုက်ရပြီဟု ထင်သည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်တုန်းကလိုပင် ပျက်ပြားခဲ့ရသည်။

ဟုတ်သည်။ လွန်ခဲ့သောနှစ်သုံးဆယ်ကျော်တုန်းကလည်း မိမိတို့သည် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ခဲ့ကြသေးသည်။ ထိုစဉ်က မိမိအသက် ၁၇ နှစ်ကျော် ၁၈ နှစ်သာရှိသေးသည်။

မိမိသည် မင်းနေပြည်တွင် မွေးဖွားသည်မဟုတ်၊ ကောလင်းနယ်က ဖြစ်သည်။ အင်္ဂလိပ်တို့နှင့်စစ်ဖြစ်သည့်ကြား ဤနေပြည်တော်သို့လာခဲ့ခြင်းဖြစ်သည်။

မိမိ၏အဖြစ်သည် နန္ဒကဲ့သို့ပင်ဖြစ်သည်။ ထိုစဉ်က မိမိ၏အသက်သည် နနှထက်ပင် ငယ်သေးသည်။

သို့သော် မိမိရည်မှန်းခဲ့သလို အင်္ဂလိပ်ကို တိုက်ရန်အခွင့်မကြုံချေ။ နေပြည်တော်သို့ပင်မရောက်ချေ။ အမရပူရပြည်ရှင် ပုဂံမင်းကို ပုန်ကန်ခြားနားရန် ရွှေဘိုတွင် အောင်မြေနင်းနေသော မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့၏တပ်များနှင့် တွေ့ဆုံသည်။ ပူးပေါင်းပါဝင်သည်။ သည်သို့ဖြင့် သူသည် ကနောင်မင်းသားကြီး၏ လက်ရင်းလူတစ်ဦးဖြစ်ခဲ့ရတော့သည်။ အဆင့်ဆင့်သူကောင်းပြုမြှောက်ခြင်း ခံရသည်။ စစ်ထွက်သူဖြစ်သည့်အလျောက် သမီးရှင်များအလယ်တွင် မျက်နှာပွင့်လန်းခဲ့သည်။

သို့နှင့် ခင်မျိုးမိဘများသည် ဆွေကြီးမျိုးကြီးများဖြစ်သည့်အလျောက် မိမိနှင့် ခင်မျိုးကို သဘောမတူကြချေ။ ယင်းကြောင့်ပင် တန်ဆောင်မုန်းလကွယ်နေ့တွင် ဥပုသ်သီတင်းယူရန် ဘုန်းကြီးကျောင်းကို မိသားစုနှင့်အတူ လှည်းယာဉ်ကလေးနှင့်သွားသော ခင်မျိုးကို မြင်းနှင့်တင်ပြေးခဲ့ရသည်။

သို့ဖြင့် တန်ဆောင်မုန်းလကွယ်နေ့သည် မိမိဘဝတွင် အရေးပါသောနေ့များဖြစ်ခဲ့ရသည်။ တန်ဆောင်မုန်းလကွယ်နေ့တွင် မိမိနှင့်အကြင်လင်မယား ဖြစ်ခဲ့ရသော ခင်မျိုးသည် ကစ်နှစ်တင်းတင်းပြည်သော တန်ဆောင်မုန်းလကွယ်နေ့တွင် တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးမှ အပြီးအပိုင်ထွက်ခွာသွားလေတော့သည်။

ထိုစဉ်က ခင်မျိုးသည် တိမ်တောက်ရိုးနံ့အရွယ်ဖြစ်သည်။ မိမိပင် အသက်လေး ဆယ်မပြည့်တတ်သေး၊ လပိုင်းရက်ပိုင်းလိုသေးသည်။ ခင်မျိုးသည် မိမိထက် တစ်နှစ်မျှ ငယ်ရွယ်သည်။

မိမိလည်း အရွယ်ကောင်းပင်ဖြစ်သည်။ တစ်ဖက်တွင် ကြေကွဲဝမ်းနည်းရသလို တစ်ဖက်တွင် မျက်နှာပန်းပွင့်သော မုဆိုးဖိုလေးတစ်ဦးဖြစ်ခဲ့ရသည်။ ရေလာမြောင်းပေး လုပ်ကြသည်။ စေ့စပ်ကြောင်းလမ်းကြသည်။

သို့သော်..

ခင်မျိုးကိုထောက်ထားလျက်၊ သားသမီးခြောက်ယောက်ကို ထောက်ထားလျက် မိမိအိမ်ထောင်သစ် မထူခဲ့ပေ။

ယင်းကြောင့်လည်း မိမိ၏ဂုဏ်သိက္ခာသည် နေပြည်တော်တွင် မွေးပျံ့ခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်..

မိမိ ယခုအသက် ၅၀ ရှိချေပြီ။ သားသမီးခြောက်ယောက်အနက် သားနှစ် ယောက် ကွယ်လွန်ခဲ့ပြီ။ သားတစ်ယောက်နှင့် သမီးတစ်ယောက်က မိမိနှင့် ဆန့်ကျင် ဖီလာဖြစ်ပြီး တံခွန်တိုင်အိမ်ကြီး၏ တံစက်မြိတ်အပြင်တွင် ရှိနေသည်။ အိမ်တွင် သမီးနှစ် ယောက်၊ နမတစ်ယောက်နှင့် ချွေးမတစ်ယောက်သာရှိသည်။

မိမိသည် လွှတ်တော်ဝန်ထောက်၊ မိမိသည် အင်္ဂလိပ်အမှုထမ်း၊ မိမိသည်..

မြို့စားကြီး အတွေးမဆုံး၊ ဒေါ်သဲအူရောက်လာသဖြင့် ဘုရားသို့ လိုက်ပါသွားရ သည်။

[ ဂ ]

"စကြာဝဠာတစ်ထောင်ကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာ၊ စကြာဝဠာတစ်သောင်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာ၊ စကြာဝဠာတစ်သိန်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်သော ဗြဟ္မာမင်းချမ်းသာတို့ဟာ နောက်ဆုံးကျတော့ ပြိတ္တာ အသူရကာယ် ဘေးအန္တရာယ်တွေကို ဆက်ရတာပဲ၊ ဒါတွေကို ချုပ်ငြိမ်းစေတာက ဘာလဲ၊ ဇရာမရဏမဟုတ်ဘူး၊ ဇရာမရဏဆိုတာ ကမ္မာပေါင်း အသင်္ချေ၊ ဘဝပေါင်း အသင်္ချေကိုဖြစ်စေတဲ့ ဓာတ်ပဲ၊ ဒို့ ရိုးရိုးပြောရင်တော့ အဆုံးမဟုတ် ဘူး၊ အစပဲ"

ဘုရားမှအပြန် မနက်ထမင်းဝိုင်းတွင် ထိုင်လျှင်ထိုင်ချင်း မြို့စားကြီးက စကား



အဆက်အစပ်မရှိဘဲ အဖျားအခင်းမရှိဘဲ တစ်ယောက်တည်း ရှည်လျားစွာ ပြောနေသည်။

သူ့စကားကို မည်သူမှ နားမလည်၊ သူ့ကို မည်သူမျှ နားမလည်။ နန်းမွှန်သည် ထမင်းစားတော့မည်ဆိုပြီး လက်ကိုဆေးသည်။ ထမင်းပွဲကို မန္တက်ဖြစ်၊ မြို့စားကြီးကို ငေးကြည့်နေသည်။ လက်ရေက စစ်ခြောက်သည်။

ခင်ခင်လေးက ထမင်းဖြူချည့်သက်သက် ငုံ့စားနေသည်။ ခင်ခင်ကြီးက ဒေါ်သဲ အူကို လှမ်းကြည့်သည်။

ဒေါ်သဲအူက မနေသာတော့သဖြင့်..

"မောင်ကျောက်လုံး ဘာတွေပြောနေတာလဲ"

"ကျုပ် အခုတလော စဉ်းစားနေတယ် မသဲအူ၊ ကျုပ်စဉ်းစားတာ ခုနစ်ရက် နှစ်လီရှိသွားပြီ"

"စဉ်းစားတာကို မေးတာမဟုတ်ပါဘူး၊ အခုပြောနေတာတွေကို မေးတာပါ"

"ကျုပ်ပြောတာဟာ ကျုပ်စဉ်းစားတာပဲပေါ့"

ဒေါ်သဲအူ စိတ်ညစ်သွားဟန်ဖြင့်..

"ကဲ-ကဲ-ထမင်းစားကြ၊ ဟင်းချိုတွေ အေးကုန်တော့မယ်"

"စားတာပေါ့ မသဲအူရယ်၊ ဖြည်းဖြည်းပေါ့၊ ဒါနဲ့ မသဲအူ သီလရင်ဝတ်ဖို့များ စိတ်မကူးမိဘူးလား"

"ကြံကြံစည်ရာတော်"

"ကျုပ် ဖိုးသူတော်ဝတ်ရကောင်းမလား စဉ်းစားနေတယ်"

"ကြံကြံစည်ရာတော်..ဘုန်းကြီးဝတ်မယ်ဆိုရင် တော်သေးတယ်"

"အို..ကျုပ်ဘာမှလုပ်လို့ မဖြစ်သေးပါဘူး၊ ကျုပ် တံခွန်တိုင်အိမ်ကြီးမှာပဲ နေရမယ်၊ ကျုပ်တံခွန်တိုင်အိမ်ကြီးမှာ သေရမယ်၊ ကျုပ်ဘဝဟာ တံခွန်တိုင်ပဲ၊ တံခွန်တိုင် မှာရှိနေတဲ့လူတွေဟာလဲ ကျုပ်ဘဝပဲ"

ယင်းသို့ပြောပြီး မြို့စားကြီး ထသွားသည်။

"ဟဲ့-ဟဲ့-မောင်ကျောက်လုံး ဘယ်သွားတာလဲ..ထမင်းမစားဘူးလား"

မြို့စားကြီး မကြားတော့။

[ ဃ ]

ဒေါ်သဲအူတိုက်တွန်းသဖြင့် သူတို့ ထမင်းဆက်စားကြသည်။ သို့သော် စိတ်မပါတော့၊ ငြိမ်သက်ကာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်လေးက··

''ဘဘုရားစိတ်တွေ ကယောက်ကယက်ဖြစ်နေတယ်နဲ့ တူတယ်''

''ဟုတ်တယ်၊ တို့တစ်ခုခုလုပ်ပေးရင် ကောင်းမယ်''

ခင်ခင်လေးက ပြောသည်။

''ညီမတော်တို့ ဘာလုပ်တတ်မှာလဲ၊ သူ့ဘာသူ လုပ်တာပဲ''

''သူက ဘာတွေလုပ်သလဲ''

''အစ်မတော် သိသားပဲ''

ခင်ခင်လေးက ခပ်ပြတ်ပြတ်ပြောသည်။

''တို့မသိပါဘူး''

''ဘဘုရားဟာ အရင်က ဘဘုရားမဟုတ်တော့ဘူး၊ အင်္ဂလိပ်လက်အောက်မှာ အမှုထမ်းကတည်းက အားလုံးပြောင်းပြန်ဖြစ်သွားပြီ''

ဤတွင် နန်းမွန်က··

''ဘဘုရားကို နန်းမွန်ကြောက်တယ်''

''တို့လည်း ကြောက်တာပါပဲ''

''ဘဘုရားကို နန်းမွန်သနားတယ်''

''တို့လည်း သနားတာပါပဲ''

''မောင်ကြီးက ပြောတယ်၊ တစ်နေ့ကျရင် ဘဘုရားကို မောင်မောင်လတ်က သတ်လိမ့်မယ်တဲ့''

''အို··ဒီကောင်မလေး တောက်တီးတောက်တဲ့''

ဒေါ်သဲအူက မြည်တွန်လိုက်သည်။ ဤသို့ ထမင်းဝိုင်းပြီးသွားသည်။ ခင်ခင်လေး ထွက်သွားသောအခါ ခင်ခင်ကြီးက နန်းမွန်အနီးသို့ကပ်ကာ··

''မနေ့က သူရက နန်းမွန်ကို ဘာတွေပြောနေတာလဲ''

''သူနဲ့မောင်ကြီးနဲ့ သူငယ်ချင်းတဲ့''

''ဒါပဲလား''

''နန်းမွန်ကို သူယူချင်တယ်တဲ့''

''ဟယ်''

''သူ တကယ်ပြောတာတဲ့''

''နန်းမွန်က ဘာပြန်ပြောလိုက်သလဲ''

''မောင်ကြီးကလွဲလို့ နန်းမွန် ဘယ်သူ့ကိုမှမချစ်ဘူး''

''ဒီတော့ သူက ဘာပြောသလဲ''



''နန်းမွန်ကို ဘဘုရားဆီမှာ တောင်းယူမယ်တဲ့''

''ဟယ်''

[ ၄ ]

နန်းမွန်ကို ဒေါ်သဲအူ သဘောကျသည်။ လုပ်ချင်ကိုင်ချင်စိတ်ရှိသည်၊ လုပ်တတ်ကိုင်တတ်သည်၊ အထူးသဖြင့် အချက်အပြုတ်ကောင်းသည်။ အပေါ့ အငန် အချဉ် အစပ်တည့်သည်။ နန်းမွန်ချက်သော ရှမ်းဟင်းချိုစပ်စပ်ကို သူတို့ တရှူးရှူး တရှားရှား သောက်ကြသည်။ နန်းမွန်လုပ်သော တရုတ်မုန့်ညှင်းချဉ်ပတ်ကို နမ်းဖတ်ချဉ်တို့ ပုန်းရည်ကြီးတို့ အတူ ခံတွင်းတွေ့နေကြသည်။

ထိုအတူ နန်းမွန်တွင် ဒေါ်သဲအူ မကြိုက်သည့်တို့လည်း အများကြီးရှိသည်။ စကားပြောအဆို ရိုင်းသည်။ အနေအထိုင်ပက်စက်သည်ဟု ဆိုသည်။

နန်းမွန်သည် ပြောစရာရှိလျှင် လူကြီးလူငယ်ရှေ့မရှေး ယောကျ်ားမိန်းမရှေ့မရှေး ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောချတတ်သည်။ သူ့ကို တစ်စုံတစ်ခုမေးချင်လည်း အကွေ့အဝိုက်မရှိ၊ ဟုတ်တိုင်းမှန်ရာ ဖြေတတ်လေသည်။

တစ်ခါတွင် ဒေါ်သဲအူက နန်းမွန်ကို မြို့စားကြီး၊ ခင်ခင်ကြီး၊ ခင်ခင်လေးတို့ ရှေ့တွင် ပြောသည်။

''နန်းမွန်ရေ··နင် ယောကျ်ားမယူနဲ့တော့၊ တို့နဲ့ပဲ အတူနေတော့''

''ကျွန်မ ယောကျ်ားမယူတော့ပါဘူး''

''နင်နေနိုင်ပါ့မလား''

''တစ်ခါတစ်ခါတော့ မောင်ကြီးနဲ့ အတူအိပ်ရတာတွေကို သတိရတာပေါ့''

''တယ်··ဒီကောင်မလေး''

''ကျွန်မ တကယ်ပြောတာ၊ အစ်မတော်ကို မေးကြည့်ပါလား၊ အစ်မတော်လည်း ယောကျ်ားရဖူးသားပဲ၊ တစ်ခါတစ်ခါ သတိမရဘူးလား'' ခင်ခင်ကြီးကို လက်ညှိုးထိုးပြီး မေးသည်။

''ဩော်··ဒီကောင်မကလေး ပြောလေကဲလေ မန်းလေပြဲလေပါလား''

မြို့စားကြီးက ထသွားသည်။ ဒေါ်သဲအူက··

''ဒီစကားမျိုးတွေ ဘဘုရားရှေ့မှာ မပြောရဘူးကွယ့်''

''အို··ဘဘုရားလည်း မိန်းမရဖူးတာပဲ၊ ကျွန်မ မပြောလည်း သိမှာပေါ့''

ဒေါ်သဲအူ မပြောတော့၊ လက်လျှော့ရသည်။ နောက်တွင် အခွင့်အခါ ထွက်လာသည့်စကားမျိုး လူအများရှေ့တွင် နန်းမွန်ကို မမေးရဲ၊ မပြောရဲတော့။

www.burmeseclassic.com

www.burmeseclassic.com



နန်းမွန် အနေအထိုင်ပက်စက်သည်ကိုလည်း ဒေါ်သဲအူ တဖွဖွပြောသည်။ ဒူး ထောင်ပေါင်ကားထိုင်တတ်သည်ကို ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ရန် ပြောရသည်။ နန်းမွန်သည် မြန်မာလို ဝတ်စားတတ်သော်လည်း မကြာမကြာတွင်လည်း ရှမ်းလို တရုတ်လို ဝတ်တတ်သည်။ ကြယ်သီးတပ်ရင်စေ့အင်္ကျီ လက်ရှည်၊ ခြေစွပ်ဘောင်းဘီရှည်နှင့် နေတတ်သည်။ အင်္ကျီလက်ရှည်အောက်တွင် ကိုယ်ကျပ်အင်္ကျီဝတ်သည့်အခါလည်းရှိ၊ မဝတ်သည့်အခါလည်းရှိသည်။ ထိုအခါမျိုးတွင် သူမ၏ပြည့်ဖြိုးသော ရင်သားများသည် အင်္ကျီအောက်တွင် လှုပ်ယမ်းနေတတ်သည်။ ထွားထွားကားကား တင်သားများလည်း လမ်းလျှောက်လျှင် နိမ့်ချည်မြင့်ချည် ဖြစ်နေတတ်သည်။

အဆိုးဆုံးကား ရေချိုးသည့်အခါ၊ သနပ်ခါးလိမ်းသည့်အခါများတွင်ဖြစ်သည်။ ရေချိုးဆောင်တွင် ချွတ်ချိုးတတ်သည်။ ဒေါ်သဲအူ မျက်စိရှက်သည်၊ ကန့်ကွက်သည်။

"အို‥ဘယ်သူရှိတာမှတ်လို့ပဲ၊ ကျွန်မတို့မိန်းမတွေချည့်ပဲဥစ္စာ"

"မိန်းမချင်းလည်း ရှက်ရတာပဲအေ့"

"ကျွန်မတို့ရွာမှာတော့ ချောင်းထဲမှာ ဒီလိုပဲချိုးကြတာပဲ"

ဒေါ်သဲအူ ခေါင်းကုတ်သည်။ တံခါးကို လုံအောင်ထပိတ်ရသည်။ မျက်လုံးများ ဖွဲ့ထားရသည်။ နံ့သာလိမ်းကျံသည့်အခါများတွင်လည်း နန်းမွန်တစ်ကိုယ်လုံးအနှံ့ လိမ်းတတ်သည်။

နောက်ဆုံးတွင် ဒေါ်သဲအူ လက်လျှော့လိုက်ရတော့သည်။ ကိုယ့်အခန်းထဲတွင် လုံလုံခြုံခြုံလိမ်းရန်သာ ပြောနိုင်တော့သည်။

ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့ကမူ ချီသည်၊ ခါးသည် ဝင်မပြောကြ။

[ ● ]

နေ့လယ်ဘက်တွင် တံခွန်တိုင်အိမ်ကြီး၌ နန်းမွန်တစ်ယောက်တည်း ကျန်ရစ်သည်။ မြို့စားကြီးက တရားမမှု သွားရောက်ဆွေးနွေးမည်ဆိုပြီး ကင်းဝန်မင်းကြီးအိမ်သို့ ဓါတ်ယာဉ်ဖြင့် ထွက်သွားသည်။ ဒေါ်သဲအူ ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့က ပုဏ္ဏားကုန်းသို့ သွားကြသည်။ မြို့စားကြီး၏ ဇာတာကို စီစစ်ကြည့်ရန်ဖြစ်သည်။ ဒေါ်သဲအူ၏ အကြံအစည်ဖြစ်သည်။

ဒေါ်သဲအူတို့ထွက်သွားပြီး မကြာခင်တွင် မြို့စားကြီး ပြန်လည်ရောက်ရှိလာသည်။ ကင်းဝန်မင်းကြီး မင်းကွန်းဘက် သွားသည်ဆို၍ ပြန်ခဲ့ခြင်းဖြစ်သည်။

မြို့စားကြီး ပြန်လည်ရောက်ရှိလာချိန်တွင် နန်းမွန် ရေချိုးနေသည်။ မြို့စားကြီး ပြန်လာသည်ကို နန်းမွန်မသိ၊ အခါတိုင်းလိုပင် လွတ်လတ်လပ်လပ်ရေချိုးသည်။



ရေချိုးဆောင်တံခါးကို စေ့ရုံသာစေ့ထားသည်။

မြို့စားကြီးသည် အိမ်ရှေ့တွင် မည်သူ့ကိုမျှ မတွေ့ရသောအခါ နောက်ဖေးဖက်သို့ လျှောက်လာသည်။ ရေချိုးဆောင်ဖက်မှ ရေသံကြားရသဖြင့်‥

"ရေချိုးနေတာ ဘယ်သူလဲဟေ့"

မြို့စားကြီးအသံကို ကြားရသောအခါ နန်းမွန် လန့်သွားသည်။ ရုတ်တရက် စကားမပြန်မိ၊ သို့ဖြင့် မြို့စားကြီးသည် ရေချိုးခန်းအနီးသို့ ရောက်သည်အထိ လျှောက်လာသည်။ အထဲမှ ရေသံမကြားရ၊ ရေချိုးခန်းတံခါးကို မြို့စားကြီး လက်တစ်ဖက်ဖြင့် တိုင်လိုက်သည်။ သို့သော် မဖွင့်သေးဘဲ‥

"ရေချိုးနေတာ ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား"

"နန်းမွန်ပါ"

"မိန်းကလေးတစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

နန်းမွန်၏အသံ တုန်နေသည်။

"မသဲအူတို့ ဘယ်သွားကြသလဲ၊ တစ်ယောက်မှလည်း မတွေ့ပါလား"

"အပြင်ခဏသွားဦးမယ်ဆိုပြီး ထွက်သွားကြတာပဲ"

"ခင်ခင်ကြီးနဲ့ ခင်ခင်လေးရောလား"

"ဟုတ်ကဲ့"

"ဘယ်လောက်ကြာပလဲ"

"ဘဘုရားသွားပြီး မကြာခင်ပဲ သူတို့သွားကြတာပဲ"

"ဘယ်သွားမယ်လို့ နန်းမွန်ကို ပြောမသွားကြဘူးလား"

"ဘာမှပြောမသွားကြဘူး"

မြို့စားကြီး ရေချိုးဆောင်တံခါးကိုကိုင်ရင်း စဉ်းစားနေသည်။ တစ်စုံတစ်ခုကို ဆဟာန်ရှိသည်။ အထဲမှ ဘာသံမျှမကြားရ။

"မိန်းကလေးရေချိုးတာ ပြီးပလား"

"ပြီးပါတော့မယ်"

"အိမ်း‥ပြီးရင် ဘဘုရားအခန်းကို လာခဲ့ဦး၊ ပြောစရာရှိလို့"

"ဟုတ်ကဲ့"

မြို့စားကြီး ထွက်သွားသည်။ ရေချိုးဆောင်ထဲမှ ရေသံများကြားရသည်။ ထို့နောက် တိတ်ဆိတ်သွားသည်။ ခဏကြာသောအခါ မြို့စားကြီးကုတင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ဘုရားရှိခိုးနေသည်။ နန်းမွန် အပေါက်ဝတွင်ရပ်နေသည်။ သူ့စိတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



အုံညြနေသည်။ မြို့စားကြီး မနက်တစ်ခါ ညတစ်ခါ ဘုရားရှိခိုးတတ်ကြောင်း သူသိသည်။ ဘုရားဆောင်ထဲတွင် ဖြစ်သည်။ ယခုလို သူ့အခန်းထဲတွင် နေ့ခင်းဘက် ရှိခိုးတတ်ကြောင်း သူမ မသိ။

နန်းမွှန်အခန်းတွင်းသို့ ဝင်လာသည့်ခြေသံကို မြို့စားကြီးကြားဟန်ရှိသည်။ ဂါထာဝမှ ဘုရားရှိခိုးရွတ်ဆိုနေမှု ရပ်သွားသည်။ သို့သော် နန်းမွှန်ကို လှည့်မကြည့်ဘဲ ချက်ချင်းဆက်လက် ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ မြို့စားကြီး၏ လေသံသည် တိုးလိုက်မြင့်လိုက်ဖြစ်သည်။ တစ်ခါတရံတွင် တိမ်ဝင်၍သွားသည်။

အတော်ကြီးကြာမှ ဘုရားရှိခိုးပြီးသွားဟန်ရှိသည်။ ဦးသုံးကြိမ်ချပြီးလျှင် နန်းမွှန်ကို လှည့်မကြည့်ဘဲ‥

"မိန်းကလေး ဒီအိမ်မှာနေရတာ ပျော်ရဲ့လား"

"နန်းမွှန် နေလို့ရပါတယ်"

"မိန်းကလေးလိုချင်တာရှိရင် ဘဘုရားကိုပြော"

"နန်းမွှန် ဘာမှမလိုချင်ပါဘူး"

"ခင်ခင်ကြီးတို့ ခင်ခင်လေးတို့လို နားဋောင်းတွေ ဘယက်တွေ မဝတ်ချင်ဘူးလား"

"မဝတ်ချင်ပါဘူး"

"မိန်းကလေး စိတ်ဆင်းရဲအောင် သူတို့ ဘာတွေညာတွေများ ပြောကြသလား"

"မပြောပါဘူး"

"မသဲအုကကော"

"ဘာမှမပြောပါဘူး"

မြို့စားကြီး ခုတင်ပေါ်မှဆင်းသည်။ နန်းမွှန်ရှိရာသို့ လျှောက်လာသည်။ နန်းမွှန်နှင့် လက်တစ်ကမ်းကွာရပ်သည်။ နန်းမွှန်ကို စေ့စေ့ကြည့်သည်။

အမျိုးသမီး မနေတတ်၊ လက်နှစ်ဖက်ကို ရင်အုံပေါ်တွင် ယှက်တင်ထားလိုက်သည်။ မြို့စားကြီး တံတွေးကို ဂွတ်ခနဲမြည်အောင် မျိုချလိုက်ပြီးနောက် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ထိုမှာ ရပ်နေသည်။ နန်းမွှန်ကိုကျောပေးလျက် မေးသည်။

"မောင်မောင်ကြီးနဲ့မရခင် မိန်းကလေး အခြားယောကျ်ားသုံးဦးနဲ့ ရဖူးတယ်ဆို"

"ရတာမဟုတ်ပါဘူး၊ ကျွန်မကို ဗလက္ကာရပြုကြတာပါ"

နန်းမွှန်၏အသံ အနည်းငယ်မာလာသည်။

"အဲဒီအကြောင်း မောင်မောင်ကြီးကို ပြောမပြဘူးလား"

"အဲဒီအကြောင်း ပြောပြလိုက်လို့ မောင်ကြီးက စစ်ထွက်မယ့်ဆဲဆဲ ချက်ချင်း



ထပ်တာပေါ့၊ ကျွန်မက မယူဖို့တောင်းပန်တာတောင် မရဘူး၊ ကျွန်မ သတ်သေဆိုတာလည်း မသေရဘူးတဲ့"

"ဘာပြုလို့လဲ"

"အဲဒီတုန်းက နှစ်လပဲရှိသေးတယ်"

"အခု သုံးလပေါ့"

"မပြည့်သေးပါဘူး"

"ဒီအကြောင်း တို့ကို ဘာလို့မပြောသလဲ"

"မသေချာသေးလို့ပါ"

မြို့စားကြီး အတန်ကြာ ဆိတ်ငြိမ်နေပြီးနောက်‥

"မင်း ဒီအိမ်မှာနေတာ ဒီသန္ဓေကြောင့်လား"

"ဟုတ်ကဲ့"

"တကယ်လို့ သန္ဓေမရှိဘူးဆိုရင် မနေတော့ဘူးလား"

"မပြောတတ်သေးဘူး"

"ကောင်းပြီလေ၊ ဒီကိစ္စ မသဲအုကိုပြောပြီး လက်သည်တစ်ယောက်နဲ့ စမ်းကြည့်မယ်"

"ဟုတ်ကဲ့"

"မိန်းကလေးမှာ သန္ဓေရှိရှိ မရှိရှိ မိန်းကလေးကို တစ်ယောက်ယောက် လက်ထပ်ယူမယ်ဆိုရင် ဘယ့်နှယ်လဲ"

"မောင်ကြီးကလွဲရင် ကျွန်မ ဘယ်သူ့ကိုမှ မေတ္တာမရှိနိုင်ဘူး"

နန်းမွှန်က ပြတ်ပြတ်ဖြေသည်။ သည်အဘိုးကြီးကို သူရက ပြောထားချေပြီသည်။ အဘိုးကြီးကတော့ သူရ၏အမည်ကို မထုတ်ဖော်၊ တစ်ယောက်ယောက်ဟုသည်၊ ဘယ်သူပဲဖြစ်ဖြစ် မိမိဘက်က ပြတ်သားအောင် ပြောထားဖို့လိုသည်။

"နေပါဦးကွယ့်၊ အတင်းအဓမ္မပြုလာရင်ကော"

နန်းမွှန် မျက်လုံးပြူးသည်။ အဘိုးကြီး ဘာကိုဆိုလိုချေသနည်း။ နန်းမွှန် ဘာမျှမပြောဘဲ နှုတ်ဆိတ်နေသည်။

မြို့စားကြီး ရုတ်တရက် သူမဘက်လှည့်လာပြီး‥

"မင်း နောက်ကိုရေချိုးရင် ချွတ်မချိုးပါနဲ့"

"အားရော်"

"သနပ်ခါးလိမ်းရင်လည်း အခန်းတံခါးကို လုံအောင်ပိတ်ထားပါ"

"အားရော်"

www.burmeseclassic.com

www.burmeseclassic.com



''နို့မဟုတ်ရင်တော့ မင်းကို ငါသတ်ရလိမ့်မယ်''

''အားရော်ရော်''

နန်းမွန်ထံသို့ မြို့စားကြီး တစ်လှမ်းချင်းလျှောက်လာသည်။ နန်းမွန်တစ်ကိုယ် လုံး တဆတ်ဆတ်တုန်လာသည်။ ဒူးညွှတ်ပြီး လဲကျခြင်းမရှိအောင် မနည်းကြီး ထိန်း ထားရသည်။

အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် မြို့စားကြီးက လက်ညှိုးငေါက်ငေါက်ထိုး ပြီး..

''သွား..အခုထွက်သွား''

နန်းမွန် မလှုပ်။

''သွားလို့ပြောနေတာ မကြားဘူးလား၊ သွား..အခုထွက်သွား''

''နန်းမွန်မှာ ဘာအပြစ်ရှိလို့လဲ ဘဘုရား''

အမျိုးသမီးက မျက်နှာငယ်ကလေးဖြင့် မေးသည်။

''မသိဘူး၊ မသိဘူး၊ သွား..သွား''

မြို့စားကြီးက သူ့နားနစ်ဖက်ကို လက်ဖဝါးနှင့်ပိတ်ပြီး အသံကုန် ဟစ်အော် သည်၊

လှေကားမှ ပြေးတက်လာသော ခြေသံများကြားရသည်။ ရှေ့ဆုံးမှ ဖိုးလုံး သူ့နောက်မှ ဒေါ်သဲအုံ၊ ပြီးတော့ ခင်ခင်ကြီး၊ ခင်ခင်လေး။

အပြေးအလွှားရောက်ရှိလာသူများသည် မြို့စားကြီးနှင့် နန်းမွန်ကို တွေ့ရှိသော အခါ အဓိပ္ပာယ်နားမလည်နိုင် ရှိနေကြသည်။ ခင်ခင်ကြီးနှင့် ခင်ခင်လေးတို့က နန်းမွန် တစ်ဖက်တစ်ချက်စီတွင် ရပ်ကြသည်။ ဖိုးလုံးက အခန်းထဲသို့ မဝင်ရဲဟန်ရှိသည်။ ဒေါ်သဲအုံက အရဲစွန့်ပြီး နတ်ပူးသလို တစ်ကိုယ်လုံးတုန်နေသော မြို့စားကြီးအနီး မရဲတရဲ ချဉ်းကပ်သွားပြီး..

''ဘယ်လိုဖြစ်ကြတာလဲ မောင်ကျောက်လုံး''

''သွား''

မြို့စားကြီးက အော်လိုက်သည်။ ဒေါ်သဲအုံ 'အမေ့'ဟု ယောင်ရမ်းလိုက်သည်။

''သွား..သွား၊ အကုန်သွားကြ၊ အကုန်သွားကြ''

မြို့စားကြီးတစ်ယောက်တည်း ရှန်းရင်းကန်ရင်း ငန်းဖမ်းသူတစ်ယောက်လို အဆက်မပြတ် အော်နေသည်။

ဒေါ်သဲအုံနှင့် ခင်ခင်ကြီးတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့် ကြသည်။



''အေး..ဘယ်သူမှ မသွားကြဘူးလား၊ နင်တို့မသွားရင် ငါသွားမယ်''

မြို့စားကြီးသည် အခန်းဝတွင် ရပ်နေသူများကို တိုးဝှေ့ပြီးထွက်သွားသည်။ လှေကားမှ တဝုန်းဝုန်းတဒိုင်းဒိုင်း ဆင်းသွားသည်။

''ဘယ်လိုဖြစ်ကြတာလဲ ညီမရယ်''

ခင်ခင်ကြီးက မေးသည်။

''ညီမလည်းမသိဘူး အစ်မတော်''

နန်းမွန်က ပင်ပန်းစွာဖြေသည်။

''ဘဘုရားက ညီမတော်ကို ဘာလုပ်သလဲ''

နန်းမွန် ခေါင်းခါသည်။

''နန်းမွန်ကကော ဘဘုရားစိတ်ဆိုးအောင် ဘာများသွားလုပ်သလဲ''

ရှမ်းတရုတ်မကလေး ခေါင်းခါသည်။

''ဒါဖြင့်ရင် ဘာဖြစ်ကြတာလဲ ညီမရယ်''

''ညီမလည်းမသိဘူး အစ်မတော်''

အခန်းထဲတွင်ရှိနေသူများ သက်ပြင်းပြိုင်တူချလိုက်ကြသည်။ သည်တွင် နန်းမွန် က မြို့စားကြီးနှင့် သူမနှင့် အပြန်အလှန်ပြောဆိုကြသည်များကို ပြန်ပြောသည်။

## ၇ ၀ ဥပါယ်တံမျဉ် [ က ]

ခင်ခင်ကြီး မအိပ်ပါ။ သို့သော် မျက်လုံးများကိုမှိတ်ထားသည်။ အလင်းရောင်ကို မမြင် ချင်သောကြောင့် ဖြစ်သည်။ မျက်လုံးထဲတွင် စိမ်းဝါပြာနီအစက်အကြောင်းများ ပြေးလွှား ယှဉ်ပတ်နေသည်။

နေ့ခင်းကအဖြစ်အပျက်သည် သူ့စိတ်ကို တစ်မျိုးတစ်ဖုံ အနှောင့်အယှက်ပေး နေသည်။ ဘဘုရားတွင် မည်သည့်အကြံအစည် ရှိချေသနည်း။ နန်းမွန်ကို ဘဘုရား ဘက်တွင် လက်ခံစဉ်ကတည်းကပင် မိမိ ကောင်းကောင်းသဘောမပေါက်ခဲ့။ နန်းမွန်ကို ချစ်ပါသည်။ နန်းမွန်ကို မိမိသနားပါသည်။ နန်းမွန်တွင် အပြစ်မရှိပါ။

နန်းမွန်ကို သူရက အတည်တကျ လက်ထပ်လိုသည်ဆိုခြင်းကိုလည်း မိမိ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစားတတ်ပါ။ သူရဆိုသောလူကြီးသည် မိမိတွေ့ဖူးမြင်ဖူးသော ယောကျ်ားများနှင့် တွေ့သည်တော့ အမှန်ပင်ဖြစ်သည်။ နန်းမွန်ကို သည်လူကြီးက ဘယ်သို့ သဘောထားလေသနည်း၊ နန်းမွန် လှချေ၍လား၊ နန်းမွန်သည် ပဋ္ဌပါပီကဲ့သို့ အတွေ့အရသာ ထူးချေ၍လား၊ သို့တည်းမဟုတ် သူငယ်ချင်း၏ဇနီးမယားကို ထိန်းသိမ်းစောင့်ရှောက်လို၍ ပဲလား။

နေ့လယ်က နန်းမွန်ကို ဘဘုရားပြောသော စကားများတွင် မည်သည့်အနက် အဓိပ္ပာယ်ရှိချေသနည်း။

ဘဘုရားသည် မိမိ၏ဖခင်ရင်းပင်ဖြစ်သော်လည်း နှစ်ပေါင်းနှစ်ဆယ့်ရှစ်နှစ်မျှ အတူတကွ နေခဲ့သော်လည်း ဘဘုရား၏အစ္စျတ္တသန္တာန်ကို မိမိမသိနိုင်ရိုးအမှန်ပင် ဖြစ်သည်။

သားသမီးခြောက်ယောက်တွင် မိမိသည် အဦးဆုံး၊ အကြီးဆုံး မိဘများ၏အချစ်ဆုံးဟုလည်း ထင်ရသည်။ သို့သော် ဘဘုရားစီစဉ်သည့်အတိုင်း ဗလနှင့် လက်မထပ်ဘဲ ကိုဥက္ကာနောက်သို့ လိုက်မိလေသောအခါ သေခန်းရှင်ခန်းဖြတ်ခြင်းခံရသည်။ ယင်းသည် မိမိတို့ချစ်၍လား မုန်း၍လား။

မိမိအနေနှင့်လည်း ဘဘုရားကို အချစ်ဆုံးဟု ထင်သည်။ ဘဘုရားက သေခန်းရှင်ခန်းဖြတ်သည်ဆိုသောအခါ တံခွန်တိုင်အိမ်ကြီးဘက်သို့ ခြေဦးပင်မလှည့်ခဲ့ပါ။ ကိုဥက္ကာက မိမိကို စွန့်ပစ်၍ ပြေးလေသောအခါတွင်လည်း မိမိဘာသာ နေခဲ့သည်။

မိမိဘာသာဆိုသော်လည်း တစ်ယောက်တည်းတော့မဟုတ်ချေ။ ကိုသစ္စာနှင့်သည်အကြောင်းတွေကို မိမိမတွေးချင်ပါ။ ကိုသစ္စာဆိုသော်လည်း လုံးဝသစ္စာမရှိသူ တစ်ဦးတည်း။ သူက ကိုဥက္ကာ့ရဲ့သူငယ်ချင်း၊ မိမိတို့ကူညီဟန်နှင့် နှစ်ခဲ့သည်။

သည့်နောက်တွင် မိမိအနီးသို့ လူတစ်ယောက် ကပ်လာသော်လည်း ဖျော်ဘိုးနားလည်ပြီဖြစ်၍ အကပ်မခံတော့ပါ။ ချက်ချင်းပင် ခွာထုတ်ပစ်လိုက်သည်။ သို့သော် ထိုသူက မိမိနှင့်မလွတ်ကင်းလေဟန် သွားပုပ်လေလွင့်ပြောသဖြင့် မိမိမှာ ဆူးနှင့်ထိုးရသော ဖက်ရွက်ဖြစ်ခဲ့ရသည်။ မိမိပင် ပေါက်ခဲ့ရသည်။

မိမိ၏ညီမများကို မိမိလို မဖြစ်စေလိုပါ။ မိမိတွင် ယင်းစေတနာအပြည့်အဝ ရှိပါသည်။ သူတို့နားလည်မလည်တော့ မပြောတတ်ပါ။ ခင်ခင်လေးကတော့ နားလည်မည် ရပါသည်။ ခင်ခင်လတ်ကတော့ မိမိကို အယုံအကြည်ရှိဟန်မတူပါ။ ယခုဆိုလျှင် ဗိုလ်၍ပင်ဆိုးချေတော့သည်။

မည်သို့ဆိုစေ မိမိဖက်က တာဝန်ကျေဖို့သာ အရေးကြီးသည်မဟုတ်ပါလား။ ယခု ဗလမရှိပြီ။ ညီမလတ်လည်း မရှိပြီ။ ညီမငယ်နှင့် သူချစ်သူနှင့် ရှိနေပြီဖြစ်သည်။



တံခွန်တိုင်အိမ်ကြီးတွင် မိမိ မည်သည့်အတွက် ရှိနေရသနည်း။

ဘဘုရားသည် မိမိပြန်လာသည်ကို လက်ခံသော်လည်း မိမိနှင့်တကွ မိမိတို့မောင်နှမများအပေါ်တွင် စိတ်ဝင်စားမှုလျော့နည်းနေပြီဟု ထင်ရသည်။ အသေအချာတော့လည်း မဆိုနိုင်၊ ဘဘုရား၏သဘောကို မိမိတို့မသိနိုင်။

သည်ရက်များအတွင်းတွင် ဘဘုရားပို၍ပင် အသိခေါက်ခက်သည်။

| ခ |

ခင်ခင်ကြီးအခန်းထဲမှ ထွက်ခဲ့သည်။ အိမ်ထဲမှ ထွက်ခဲ့သည်။ ခြံထဲမှ ထွက်ခဲ့သည်။ ခုန်းမြင့်ပေါ်မှ ဆင်းခဲ့သည်။

အဘညို၏ယာတဲသို့ ရောက်ခဲ့သည်။ တဲတွင် မည်သူမျှမရှိပါ။ လူသူလေးပါးနှင့် ဝေးလိုသဖြင့် တဲအတွင်းသို့ဝင်ခဲ့သည်။ အဘညို၏ အိပ်စင်တွင် ထိုင်လိုက်သည်။ တံခွန်တိုင်အိမ်ကြီးကို ကောင်းစွာမြင်တွေ့ရသည်။

နေညိုချိန်ဖြစ်သည်။ တံခွန်တိုင်အိမ်ကြီးက မိမိကိုညှို့ယူလျက်ရှိသည်။ မည်သည့်အချိန်ကာလတွင်ဖြစ်စေ၊ မည်သည့်နေရာတွင် ရောက်နေသည်ဖြစ်စေ မိမိသည် တံခွန်တိုင်အိမ်ကြီးနှင့် ဆက်သွယ်လျက်ပင် ရှိနေပေလိမ့်မည်။

မိမိသည် တံခွန်တိုင်၏ သမီးငယ်တစ်ဦးဖြစ်သည်။ တံခွန်တိုင်အိမ်ကြီး ဆောက်လုပ်ပြီးစီးကတည်းက နေထိုင်ခဲ့ရသည်။ ဤအိမ်ကြီးတွင် မိမိနေခဲ့သော သက်တမ်းသည် အနှစ်နှစ်ဆယ်တင်းတင်းရှိပေပြီ။

သို့သော် မိမိကို သည်အိမ်ကြီးတွင် မွေးဖွားသည်မဟုတ်။ မိမိသည် တံခွန်တိုင်သူ တစ်ဦးမဟုတ်သလို ရတနာပုံနေပြည်တော်သူတစ်ဦးလည်း မဟုတ်ပါချေ။

မိမိကိုမွေးဖွားသည့်ကာလတွင် ရတနာပုံနေပြည်တော်သည် တည်ဆောက်နေဆဲ ဖြစ်၏။ တံခွန်တိုင်အိမ်ကြီးသည်လည်း ပန္နက်ချမည့်ဆဲဆဲသာဖြစ်၏။

မိမိကို အမရပူရနေပြည်တော်တွင် မွေးဖွားသည်ဖြစ်၏။ မောင်မောင်ကြီး၊ မောင်မောင်လတ်၊ မောင်မောင်လေးနှင့် ခင်ခင်လတ်တို့ကိုလည်း အမရပူရတွင်ပင် မွေးဖွားသည်ဖြစ်၏။ ခင်ခင်လေးတစ်ယောက်သာလျှင် တံခွန်တိုင်အိမ်ကြီးတွင် မျက်နှာမြင်သည်။

တံခွန်တိုင်သူစစ်စစ်ဟူ၍ ခင်ခင်လေးတစ်ယောက်သာရှိသည်။ ယင်းကြောင့် ခင်ခင်လေးသည် တံခွန်တိုင်အိမ်ကြီးကို ခင်တွယ်လှခြင်းဖြစ်သည်။ မွေးကြီးပြီးကတည်းက တစ်ယောက်စလုံးပင် တံခွန်တိုင်အိမ်ကြီးကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ခွဲခွာကြရသည်၊ ခင်ခင်လေးသည် ယနေ့အထိ တံခွန်တိုင်အိမ်ကြီးမှ တစ်ခါမျှ ညဥ့်အိပ် ခွဲခွာဖူးသည်ဟူ၍မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် နန္ဒနှင့်အတူ ခင်ခင်လေးရှိနေရမည့်အစား ခင်ခင်လတ်ရှိနေခြင်း ဖြစ်သည်။ နန္ဒကို မိမိအနေနှင့် မြင်လျှင်မြင်ချင်းပင် သံယောဇဉ်တွယ်မိသည်။ မိမိ မောင်ငယ်တစ်ယောက်ပင် ဖြစ်သည်။

အမှန်တော့ နန္ဒသည် ခင်ခင်လေးနှင့်သာ ထိုက်တန်သည်။ သို့သော် မိမိကိုစွ ပေါ်ယုတ်၍ မိမိမပြောပိုင်၊ ပြောလည်းမပြောချင်တော့။ ခင်ခင်လတ်နှင့် မိမိတွေ့ချင်သေး သည်၊ တွေ့လျှင် ပြောစရာတွေရှိသည်။ မေးစရာတွေရှိသည်။

တကယ်တော့ ဘဘုရားနှင့်အတူဆုံး အနီးစပ်ဆုံးသည် ခင်ခင်လတ်ပင်ဖြစ်သည်။ ခင်ခင်လတ်သည် တစ်ခါတရံတွင် အင်မတန်ချစ်စရာကောင်းသည်။ တစ်ခါတရံတွင် အင်မတန်ကြောက်စရာကောင်းသည်။

နန္ဒကိုကြည့်ရသည်မှာလည်း ခင်ခင်လတ်ကိုနည်း အနည်းနှင့်အများ ငြိတွယ် နေဟန်ရှိသည်။ သူရဆိုသည့် လူကြီးကလည်း ခင်ခင်လတ်ကို တစ်ခါပဲကြည့်သည်။ တစ်ခါပဲ မှမမှန်ရှိသည်။

သူရဆိုတဲ့လူကြီးသည် တစ်မျိုးပင်ဖြစ်သည်။ နန်းမွန်ကိုလည်း သူလက်ထပ် မည်ဟုဆိုသည်။

သည်လူကြီးကို မိမိမုန်းနေသလား၊ ချစ်သလား မပြောတတ်ပါ။ သည်လူကြီး ထမှ မိမိကို အမှုထားပုံမရပါ။

သည်လူကြီး တစ်နေ့ကလာပြီး နောက်ထပ်ပေါ်မလာတော့ပါ၊ မနေ့ကလည်း မလာပါ၊ ကနေ့လည်း လာတော့မည်မထင်ပါ။ နေကျတော့မည်။ သူလာလျှင်တော့ သည်ဘက်ကပဲ လာမည်ထင်ရသည်။

ခင်ခင်ကြီး ထိုင်ရာမှထလိုက်သည်။

''အမေ့''

ခင်ခင်ကြီး လွှတ်ခနဲအော်လိုက်သည်။ တံဝတွင် သူရ ရပ်နေသည်ကိုမြင်ရသော ကြောင့်ဖြစ်သည်။ သူရလာသည့်အသံကို မကြားမိလိုက်ပါ။ မိမိစိတ်ထဲက ထင်၍လာသော သချာအောင် နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။

သူရ ရှိမြဲရှိနေသည်။

''ကိုသူရ''

ခင်ခင်ကြီး ထိတ်လန့်တကြားခေါ်လိုက်သည်။ သူရက ဘာမျှမပြောဘဲ ခင်ခင် ကြီးထံသို့ လျှောက်လာသည်။ ခင်ခင်ကြီး ခုတင်စွန်းတွင် ပြန်ထိုင်လိုက်သည်။

''ကျုပ်..ကျုပ်..ကျုပ်..''

သူရ စကားထစ်နေသည်။ ခင်ခင်ကြီး အသက်မရှူမိ၊ သူရ၏မျက်နှာထိုး မျက်တောင်မခတ် မော့ကြည့်နေမိသည်။

''ကျုပ်..ကျုပ်..ကျုပ်ကို နန်းမွန်နဲ့ ပြောပေးပါ''

ခင်ခင်ကြီး၏လက်ဝါးတစ်ဖက်သည် သူရ၏ပါးပြင်ကျယ်ကြီးပေါ်သို့ အရှိန် ပြင်းစွာ ကျရောက်သွားသည်။

သူရ အံ့အားသင့်သွားပုံရသည်။ ထို့နောက် ဒေါသဖြစ်လာဟန်ရှိသည်။ မျက်နှာ ကြီးတစ်ခုလုံး ရဲလာသည်။ ရှက်လည်း ရှက်ပုံရသည်။

ခင်ခင်ကြီး မလှုပ်မယှက်ရှိနေသည်။ တစ်ဖက်လူက မည်သို့တုံ့ပြန်မည်ကို စောင့်ဆိုင်းနေဟန်ရှိသည်။

သူရ၏လက်နှစ်ဖက်သည် ခင်ခင်ကြီး၏လည်တိုင်ဆီသို့ ပုစွန်လက်မများကဲ့သို့ ထွက်လာသည်။ ခင်ခင်ကြီးကိုယ်ကို နောက်သို့ရှုန်းသည်။ သန်မာသော လက်ဆယ် ချောင်းက နောက်မှထက်ကြပ်မကွာ လိုက်ပါလာသည်။

ခင်ခင်ကြီး ပက်လက်ကျသွားသည်။ သူရ၏ကိုယ်လုံးကြီးသည် သူမ၏ကိုယ် ပေါ်တွင် အုပ်မိုးလျက်ရှိသည်။ ခင်ခင်ကြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ လက်ချောင်းများ သူမ၏လည်ပင်းပေါ်သို့ ကျရောက်လာမည်ကို စောင့်မျှော်နေ သည်။

သို့သော် အတန်ကြာသည်အထိ မိမိကိုယ်တွင် မည်သည့်ထိတွေ့မှုမျှ မရှိပါ။ ခင်ခင်ကြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူရ မရှိတော့၊ မြင်းခွာသံကြားရသည်။ သွားချေပြီ။

ခင်ခင်ကြီး မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။ အလင်းရောင်ကို မမြင် စိမ်းဝါပြာနီများ ပေါ်လာသည်။

[ ၈ ]

တစ်နေ့မနက်တွင် နေအတော်မြင့်သည်အထိ ခင်ခင်ကြီး အိပ်ရာမှမထဘဲ အိပ်ရာ ထဲ ဘယ်လူးညာလှိမ့်ရှိနေသည်။ အဝတ်လည်း နွမ်းကြေသည်။ လူလည်း နွမ်းကြေ စိတ်လည်း နွမ်းကြေသည်။

မိမိအခန်းဆီသို့ ရေးကြီးသုတ်ပျာ လာနေသော ခြေသံတစ်ခုကြားရသည်။ ဖြစ်သည်။ မည်သည့်အရေးကိစ္စများပေါ်ချေပြီနည်း။

''အစ်မကြီး..အစ်မကြီး''

''ဘာတုန်း ညီမငယ်''

www.burmeseclassic.com

www.burmeseclassic.com

"အစ်မကြီး ထပါဦး"

"ဘာဖြစ်လို့တုန်း"

"မိန်းမကြီးနှစ်ယောက်လာတယ်"

"ဘယ်ကတုန်း"

"ကိုသူရအမေနဲ့ အဒေါ်လို့ ပြောတာပဲ"

ခင်ခင်ကြီး ထထိုင်သည်။ ကိုသူရဟူသောအမည်ကို ကြားလိုက်ရ၍ဖြစ်သည်။ ထို့နောက် ချက်ချင်းပင် ပြန်လှဲလိုက်သည်။ ထို့နောက် အရေးမကြီးဟန်ဖြင့်..

"အဲဒါ ဘာဖြစ်သလဲ"

"ဘဘုရားတို့နဲ့ စကားပြောနေကြတယ်"

"အေးလေ..အဲဒါဘာဖြစ်သလဲ"

"အို..အစ်မကြီးကလည်း မထုံတက်တေးနဲ့ အဲဒါဘာဖြစ်ရမလဲ၊ စေ့စပ်ကြောင်းလမ်းကြတာဖြစ်မှာပေါ့၊ ကိုသူရနဲ့ အစ်မကြီးနဲ့လား၊ ဒါမှမဟုတ်.."

ခင်ခင်လေးက မပြောဘဲရပ်ထားသည်။

"ဒါမှမဟုတ် ဘယ်သူနဲ့လဲ"

"ဘယ်သူရှိဦးမလဲ ညီမငယ်ပဲဖြစ်တော့မှာပေါ့၊ ဒုက္ခပါပဲ အစ်မကြီးရယ် လူကြီးတွေဟာ ဘယ်တော့မှ လူငယ်တွေကို မကြည့်ဘူး၊ သူတို့လုပ်ချင်ရာ လုပ်ကြတာပဲ"

"ဖြစ်ခြင်းဖြစ်ရင် ညီမငယ်နဲ့ပဲဖြစ်မှာပေါ့"

"ဒုက္ခပါပဲ အစ်မကြီးရယ်"

ခင်ခင်လေး တိုးတိုးကလေးညည်းသည်။ ခင်ခင်ကြီးက ထထိုင်သည်။ ညီမငယ်၏ပခုံးကို ယုယစွာဖက်သည်။

"ဒါလောက်လည်း စိတ်ညစ်မနေပါနဲ့ ညီမငယ်ရယ်၊ အခုကိစ္စက အစ်မကြီးနဲ့ ညီမငယ်တို့နဲ့ မဆိုင်ပါဘူး"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဖြင့် သူတို့ဘာလုပ်လာကြတာလဲ၊ အလည်သက်သက်တော့ ဟုတ်ပုံမထင်ဘူး"

"သူတို့လာတာကတော့ စေ့စပ်ကြောင်းလမ်းရအောင် လာတာပါပဲ"

"ဘယ်သူနဲ့..ဘယ်သူနဲ့လဲ"

"ကိုသူရနဲ့ ဒီအိမ်က မိန်းကလေးတစ်ယောက်နဲ့ပေါ့"



"ခင်ခင်လတ်နဲ့လား"

"ခင်ခင်လတ်မှ ဒီအိမ်မှာမရှိဘဲ"

"ဒါဖြင့် ဘယ်သူနဲ့လဲ"

"နန်းမွှန်နဲ့.."

"အို..မဖြစ်နိုင်တာပဲ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်လို့ပဲ ဖြစ်နေပြီပဲ"

ခင်ခင်လေးက မယုံကြည်နိုင်ဟန်ဖြင့်..

"အစ်မကြီး ဘယ်လိုလုပ်ပြီးသိသလဲ"

"ကိုသူရက နန်းမွှန်ကို လက်ထပ်ပြီးယူမယ်လို့ ပြောတယ်"

"အစ်မကြီး ဘယ်လိုလုပ်ပြီးသိတာလဲ"

"နန်းမွှန်က ပြန်ပြောတာပေါ့"

"မနေ့ကတော့ နန်းမွှန်ကို ပြောပေးစမ်းပါဆိုပြီး ကိုသူရကိုယ်တိုင် အစ်မကြီးကို ပြောတယ်"

"တကယ်လား၊ အစ်မကြီးနဲ့ ကိုသူရ ဘယ်မှာတွေ့ကြသလဲ"

"အဘညိုတဲမှာ"

"ဘုရား..ဘုရား..အစ်မကြီးက ဘာပြောလိုက်သလဲ"

"သူ့ပါးကို တစ်ချက်ရိုက်လိုက်တယ်"

"ဘုရား..ဘုရား..ဒီတော့ သူကဘာလုပ်သလဲ"

"ပထမတော့ သူ အစ်မကြီးလည်ပင်းကို ညှစ်မလို့၊ နောက်တော့ ဘာမှမလုပ်ဘဲ ထွက်သွားတယ်"

ခင်ခင်လေး ပါးစပ်အဟောင်းသားရှိနေသည်။

ထိုစဉ်တွင် အခန်းတွင်းသို့ ဒေါ်သဲအူ ဝင်လာသည်။ ခင်ခင်လေးက..

"ဧည့်သည်တွေ ပြန်သွားကြပလား ဒွေးလေး"

"အေး"

"သူတို့က ဘာလာလုပ်ကြတာလဲ"

"အဲဒါပြောရအောင် အခုလာတာပေါ့"

"ပြောမနေပါနဲ့၊ ခင်ခင်ကြီးတို့ သိပြီးသားပါ"

ခင်ခင်ကြီးက မဲ့မဲ့ကလေး ပြုံးပြီးပြောသည်။

"ဘာသိတာလဲ"

"ကိုသူရနဲ့ နန်းမွှန်နဲ့ နေရာချထားဖို့မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

''ကြံကြီးစည်ရာအေ''

''ခင်ခင်ကြီးပြောတာ မဟုတ်ဘူးလား''

''မဟုတ်ဘူး''

ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ယခုအတိုင်းဆိုလျှင် ခင်ခင်လေး၏တွက်ဆချက် မှန်မလိုရှိနေသည်။

''ဒါဖြင့် သူတို့ဘာလာလုပ်ကြတာလဲဆိုတာ ပြောစမ်းပါဦး၊ ဒွေးလေးကလည်း ဈေးကိုင်လိုက်တာ''

''ဈေးမကိုင်ပါဘူး၊ သေသေချာချာ လေးလေးနက်နက် ပြောရမယ့်ကိစ္စမို့ ဘယ်တစပြီး ပြောရမလဲလို့ စဉ်းစားနေတာ''

ခင်ခင်လေး ရင်ထိတ်နေပြီ။ ခင်ခင်ကြီးလည်း ဂဏာမငြိမ်ချင်တော့၊

''ကဲကွယ်‥တိုတိုနဲ့လိုရင်းပဲ ပြောပါ့မယ်၊ ငါ့ရှည်ရှည်ဝေးဝေး မပြောတတ်ဘူးအေး‥တစ်ခုတော့ရှိတယ်၊ လူကြီးတွေစီစဉ်တာကို သေသေချာချာ စဉ်းစားကြစေချင်တယ်၊ တို့ကို ကောင်းစေချင်လို့လုပ်တယ်ဆိုတာ သဘောပေါက်စေချင်တယ်၊ ဘာလို့လဲဆိုတော့‥''

''ဒွေးလေးဟာလည်း တိုတိုပြောလို့သာ တော်တော့တယ်၊ ရှည်ရှည်ဆိုရင် သုံးနှစ်လောက်ပြောရလိမ့်မယ်''

ခင်ခင်ကြီးက စိတ်မရှည်တော့သဖြင့် ပြောချလိုက်သည်။

''ဒီလိုကွယ့်‥အခုကိစ္စက မောင်သူရနဲ့ ခင်ခင်ကြီးပဲ''

''ရှင်''

ညီအစ်မနှစ်ယောက် အာမေဋိတ်သံ ပြိုင်တူပြုလိုက်ကြလေသည်။

''အဲဒါ ခင်ခင်ကြီး ဘယ်လိုသဘောရသလဲ''

အမျိုးသမီးက မဖြေ။

''ဗလနဲ့တုန်းကတစ်ခါ လူကြီးတွေစီစဉ်တာ ပျက်ခဲ့ရပြီ၊ လူကြီးတွေ စိတ်ဆင်းရဲခဲ့ရပြီ၊ ညည်းတို့လည်း စိတ်ဆင်းရဲခဲ့ရပြီ၊ ခုနှစ်စင်အမျှင်တန်း အားလုံး စိတ်ညစ်ခဲ့ကြရပြီ၊ ဒီတစ်ခါတော့ လူကြီးတွေစီစဉ်တာကို လက်ခံပါ ခင်ခင်ကြီးရယ်''

အမျိုးသမီး ခေါင်းငုံ့နေသည်။

''မောင်သူရဟာ တခြားလူလည်းမဟုတ်ဘူး၊ မောင်မောင်ကြီးရဲ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ပဲ၊ သူ့အနေနဲ့လည်း ဘာမှပြောစရာမရှိဘူး၊ မျိုးရိုးရှိတယ်၊ ရာထူးရှိတယ်၊ ရုပ်ရှိတယ်၊ ငွေကြေးဥစ္စာရှိတယ်၊ သူ့ခမျာ ခင်ခင်ကြီးအပေါ်မှာလည်း စွဲစွဲလမ်းလမ်း ရှိရှာတယ်''



ခင်ခင်လေးက အစ်မ၏အကဲကို ကြည့်သည်။ အံ့သြစရာကောင်းသည်။ သူမ၏အစ်မ ဤမျှငြိမ်သက်သည်ကို တစ်ခါမျှမတွေ့ဖူးပါ။ ဤမျှ နှုတ်လေးသည်ကို တစ်ခါမျှမကြုံဖူးပါ။

မိမိထင်ထားသည်က အစ်မကြီးသည် ခါးခါးသီးသီး ငြင်းလိမ့်မည်ဟု၊ ကတ်ကတ်လန် ပြန်ပြောလိမ့်မည်ဟု ယခုတော့ ငြိမ်နေသည်၊ တိတ်နေသည်။

''ဒွေးလေးတို့အားလုံး စီစဉ်လိုက်တော့မယ်''

ခင်ခင်ကြီး၏အရိပ်အကဲ ရိပ်မိဟန်ဖြင့် ဒေါ်သဲအုက ပြောသည်။

အမျိုးသမီးက ခေါင်းညိတ်သည်။

## ၈ ၀ သင်္ကေတ [ က ]

ကြွက်နဖားတောင်တိုက်ပွဲသည် နေပြည်တော်တစ်ဝိုက်တွင် ဖြစ်ပွားသောတိုက်ပွဲများအနက် အဦးဆုံးနှင့် အပြင်းထန်ဆုံး ဖြစ်သည်။ တိုက်ပွဲကာလ တိုတောင်းသည်နှင့်အမျှ အကျအဆုံး များလှသည်။ အင်္ဂလိပ်တို့ဘက်မှ ဥရောပအရာရှိတစ်ဦး၊ အိန္ဒိယ တိုင်းရင်းသားအရာရှိနှစ်ဦး၊ မြန်မာအရာရှိနှစ်ဦးနှင့် တပ်သားစုစုပေါင်း ခုနစ်ဆယ့်နှစ်ယောက် ကျဆုံးသည်။ လက်နက်ခဲယမ်းမီးကျောက် မြောက်မြားစွာ ဆုံးရှုံးသည်။

ယင်းတိုက်ပွဲတွင် ရန်သူသည် လက်နက်လူသူ ဆုံးရှုံးသည်ထက် သိက္ခာဆုံးရှုံးသည်က ပြဿနာဖြစ်သည်။ အင်္ဂလိပ်တို့သည် အမြောက်လက်နက်ကြီးများရှိ၍သာ စစ်တိုက်တတ်ကြောင်း၊ အမြောက်လက်နက်ကြီးများမရှိလျှင် စစ်မတိုက်တတ်ကြောင်း ပြောဆိုသည်။ တစ်ဖက်က ခုခံတိုက်ခိုက်ခြင်းမပြုသောအခါတွင် စစ်အောင်နိုင်ကြောင်း၊ တစ်ဖက်က ခုခံတိုက်ခိုက်သောအခါတွင် စစ်ရှုံးကြောင်းဖြင့်လည်း ပြောကြသည်။

အင်္ဂလိပ်တို့သည် ကြွက်နဖားတောင်တိုက်ပွဲကို သူတို့ဘက်က အပိုင်တွက်ထားသည်။ မြန်မာတို့၏စခန်းကို အခိုင်အမာ သတင်းရရှိထားပြီး နံနက်အရုဏ်တက်ချိန်တွင် ဘော်တတ်ဆိတ် ဖောက်ထွင်းတိုက်ခိုက်ကြခြင်းဖြစ်၏။ ဤတိုက်ခိုက်နည်းမျိုးကို အာဖရိကတိုက်တွင် ဇူးလူးတို့နှင့်ဖြစ်ပွားသော တိုက်ပွဲများတွင် အောင်မြင်စွာ စမ်းသပ်အသုံးပြုခဲ့ပြီးဖြစ်သည်။ သို့သော် မြန်မာတို့နှင့် လက်တွေ့အသုံးပြုကြည့်သောအခါ အရှုက်ကွဲရသည်။

www.burmeseclassic.com

www.burmeseclassic.com



အထိနာရသည်။ မြန်မာတို့က အဒိုက်မမိဘဲ သူတို့ကသာ အဒိုက်မိခဲ့ရသည်။ သူတို့ တိတ်တဆိတ် ချီတက်လာသည်ကို မြန်မာကင်းများက သိရှိသွားပြီး ကျားပါးစပ်ကြီး တတော စောင့်ဆိုင်းနေခဲ့ကြသည်။

မြန်မာတို့ လက်ဦးမှုရရှိခြင်းသည် သူတို့ဖက်မှသတင်းပေါက်ကြား၍ဟု မသိ ကြဘဲ မြန်မာကင်းတပ်များ အထောက်အလှမ်းတော်သဖြင့်ဟု တွက်ဆသဖြင့်သာ သူရှင် တတွ အခြားတိုင်းရင်းသား သစ္စာဖောက်များ သက်သာခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလိပ်တို့သည် အရှက်ဦးတိုက်ပွဲတွင် အထိနာခဲ့သဖြင့် မိုးစင်စင်လင်းသော အခါ ဆုတ်ခွာသွားသော မြန်မာတပ်သားများနောက်သို့ မိုးသည်းသည်းမှာပင် တောနင်း၍ လိုက်ခဲ့ကြသည်။ တစ်နေ့လုံး ကောက်သင်းကောက် တိုက်ခိုက်ကြသည်။ လူစုကွဲသွား သော မြန်မာတပ်သားများကို ဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့ကြသည်။

ယင်းကြောင့်ပင် မောင်မောင်လတ်တို့အနေနှင့်လည်း ပွဲဦးထွက် အောင်ပန်းဆင် ခဲ့ရသည်နှင့်အမျှ မိမိတို့ဘက်မှလည်း ထိုက်သင့်သည့်တန်ဖိုးကို ပေးခဲ့ကြရလေသည်။ စရင်းချုပ်လိုက်သောအခါ မိမိတို့ဖက်မှ ကျဆုံးသူစုစုပေါင်းဆယ်ဦးရှိပြီး ဒဏ်ရာရရှ သုံးဆယ်ကျော်လေသည်။ ထိုအထဲတွင် ငါးယောက်သည် တိုက်ပွဲဝင်နိုင်တော့သည့် အဆင့်မရှိတော့ချေ။

အင်္ဂလိပ်တပ်များက မိမိတို့စခန်းတစ်ဝိုက်ကို နှစ်ရက်ဆက်ပြီး တောနင်းတိုက် ခိုက်ခြင်းပြုသဖြင့် ရန်ကင်းတောင်ဖက်သို့ တပ်ဖျောက်၍ ထွက်ခဲ့ကြရသည်။

ရန်ကင်းတောင်ဖက်သို့ သူတို့ဆုတ်ခွာခြင်းသည် ပထဝီအနေအထားကောင်း၍ တစ်ကြောင်း၊ နေပြည်တော်နှင့် မဝေးကွာ၍တစ်ကြောင်း၊ ရှမ်းပြည်နယ်သို့လည်းကောင်း တချင်တောင်တန်းသို့လည်းကောင်း၊ မြစ်ကို ဖြတ်ကူးပြီး ရွှေဘိုသို့လည်းကောင်း အလွယ် တကူ သွားရောက်နိုင်၍ဖြစ်သည်။

သူတို့သည် တန်ဆောင်မုန်းလကွယ်နေ့မှာပင် ရန်ကင်းတောင်ဖက်သို့ စော ဆုတ်ခွာခဲ့ကြသည်။ ရန်သူမရိပ်မိအောင် အစုကလေးများခွဲ၍ ထွက်ခဲ့ကြသည်။ ကျောက်ဆည်ဖက်သို့သွားဟန်၊ တံတားဦးဖက်သို့သွားဟန်၊ ရှမ်းတောင်တန်းသို့ တက်ဟန် ခြေရာဖျောက်ခဲ့ကြသည်။

နတ်တော်လဆန်း တစ်ရက်နေ့တွင် မိမိတို့လူများအားလုံး ရန်ကင်းတောင် တွင် စုရုံးမိကြသည်။

တပ်များကို စနစ်တကျ ပြန်လည်ဖွဲ့စည်းကြသည်။ တပ်စခန်းနေရာ ရွေး တည်ဆောက်ကြသည်။ စခန်းပတ်ပတ်လည် ကင်းပုန်းများ ချထားလိုက်သည်။

ထို့နောက်တွင်မှ နေပြည်တော်မှ အထောက်တော်များနှင့် အဆက်အသွယ်



သည်ရရှိရန် လူများခွဲ၍ လွှတ်ရသည်။

သို့ဖြင့် အဘညိုသည် တံခွန်တိုင်အိမ်ကြီးမှ မိမိတို့ ဘက်သားများနှင့် ဆက် သွယ်ရန် နတ်တော်လဆန်း တစ်ရက်နေ့မှာပင် ရန်ကင်းတောင်စခန်းမှ ထွက်ခွာခဲ့လေ သည်။

[ ၁ ]

အဘညိုသည် တံခွန်တိုင်အိမ်သားတစ်ဦးမဟုတ်သော်လည်း တံခွန်တိုင်အိမ်ကြီးနှင့်သော် သည်းကောင်း၊ တံခွန်တိုင်မိသားစုနှင့်သော်လည်းကောင်း အများဆုံး အကျွမ်းဝင် ပတ် သက်သူတစ်ဦး ဖြစ်သည်။

သူသည် တံခွန်တိုင်ဇာတိ၊ သူသည် တံခွန်တိုင်ပဝတ္တိ။

မင်းတုန်းနှင့်ကနောင်တို့ ပုန်စားရန် အလောင်းမင်းတရားကြီး၏ အောက်မြေ သသို့ ထွက်ခွာသောအခါ သူသည် တံခွန်တိုင်ရွာမှပင် ဖုတ်ဖက်ခါ၍ လိုက်ပါသွားခဲ့ သည်ဖြစ်၏။

သူနှင့် တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးတို့သည် ရွှေဘိုမှာပင် သူပုန်ဘဝနှင့် တွေ့ဆုံခဲ့ရသည်။ ရင်းနှီးခင်မင်ခဲ့ရသည်။ ထိုစဉ်က တံခွန်တိုင်မြို့စားကြီးဆိုသူသည် သူလိုပင် အညတြလူငယ်လေးတစ်ဦးသာ ဖြစ်သည်။

သူ့မှာလည်း မွေးချင်းပေါက်ဖော်မရှိ၊ မိဘများမရှိ၊ ဆွေမျိုးရင်းချာမရှိ၊ ကျောက်လုံးသည်လည်း သူ့နယ်ပင်ဖြစ်သည်။ ယင်းကြောင့် သူတို့နှစ်ဦး ပို၍ သည်။ ပို၍တွဲသည်။

ကနောင်မင်းသားသည် သူတို့နှစ်ဦးကို တစ်ပြိုင်တည်းမျက်စိကျခဲ့ခြင်းဖြစ်သည်။ ရင်းလူအဖြစ် တစ်ပြိုင်တည်းခေါ်ယူခဲ့ခြင်းဖြစ်သည်။

အမရပူရထီးနန်းကို သိမ်းပြီး အင်္ဂလိပ်နှင့်ဖြစ်သောစစ်ကို တစ်စခန်းရပ်စေနိုင် သောအခါ မင်းတုန်းက ဘုရင်၊ ကနောင်က အိမ်ရှေ့။ သူတို့နှစ်ယောက် လက်ရွေး များ...

ခင်မျိုးကိုလည်း သူတို့နှစ်ယောက် ပြိုင်တူတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ အတာ ထင်ပွဲတွင်ဖြစ်သည်။ ခင်မျိုး၏မေတ္တာကို ရရှိရန်လည်း သူတို့နှစ်ယောက် ပြိုင်တူပင် ခဲ့သည်။ ကာလကြာညောင်းသည်အထိ ခင်မျိုးသည် မည်သူ့ကို ရွေးချယ်ရ သည်မသိရှိနေသည်။

သည်တွင် ပြဿနာစ,တော့သည်။ တစ်နေ့တွင် သူမပါဘဲ ဗိုလ်ကျောက်လုံး ကတည်း ခင်မျိုးအိမ်သို့ ရောက်ရှိသွားသည်။ ခင်မျိုးတို့အိမ်တွင်လည်း ခင်မျိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းရှိနေသည်။ သည့်တွင် ဗိုလ်ကျော်လုံးသည် စည်းကျော်ကာ ခင်မျိုးတို ကိုယ်ထိလက်ရောက်ပြုသည်။ ခင်မျိုးကလည်း အကြောက်အကန် ငြင်းမည်တော့ မဟုတ်··

ထိုအကြောင်းကို သူသိသောအခါ အမျက်ချောင်းချောင်းထွက်ခဲ့ရသည်။ တောင်သမန်အင်းစပ်တွင် သူတို့နှစ်ဦး ဓားချင်းပြိုင်ခဲ့ကြသည်။ ထိုစဉ်ကတည်းက တစ်ယောက်ယောက်သေခဲ့လျှင် အကောင်းသား။ ဘာမျှသံသရာရှည်စရာမလိုတော့··

သို့သော် သူတို့စီးချင်းထိုးရာသို့ ခင်မျိုး ထဘီမနိုင် ပုဝါမနိုင်ဖြင့် ရောက်လာသည်၊ သူတို့နှစ်ယောက်ကြားတွင်ရပ်သည်။ ရန်ပွဲကို ပြီးစေသည်။ တစ်ယောက်ယောက်သေလျှင် သူပါလိုက်သေမည်ဟုဆိုသည်။ သို့ဖြင့် တိုက်ပွဲမပြီးဘဲနှင့် ရပ်ခဲ့ရသည်။ သေရေမဟုတ်ပါ။ သူရှုံးပါသည်။ ခင်မျိုးနှင့် ဗိုလ်ကျော်လုံး လက်ထပ်ကြသည်။

ထိုစဉ်ကတည်းက သူအဝေးသို့ထွက်သွားမည် အကြံပြုသည်။

သူတို့နှစ်ယောက်နှင့် ဝေးရာသို့ဖြစ်သည်။ ခင်မျိုးနှင့်ဝေးရာသို့ ဖြစ်သည်။ သို့သော် ထိုအကြံကို အိမ်ရှေ့မင်းသားသိသွားပြီး တားမြစ်သည်။ သူတို့နှစ်ဦးကို ပြန်လည်သင့်မြတ်စေသည်။ သို့သော် မသင့်မြတ်သလိုနေစေသည်။

အိမ်ရှေ့မင်းသားတွင် လျှို့ဝှက်စခန်းတစ်ခု တည်ဆောက်ရန် အကြံအစည်ရှိနေပြီဖြစ်သည်။ လျှို့ဝှက်စခန်းတည်ဆောက်ရန် တံခွန်တိုင်ကုန်းမြင့်ကို တွေ့သည်။ ဗိုလ်ကျော်လုံးကို တံခွန်တိုင်မြို့စားပေးသည်။ ဗိုလ်ကျော်လုံးအမည်ဖြင့် တံခွန်တိုင်အိမ်ကြီးကို အဆန်းတကြယ် ဆောက်လုပ်စေသည်။ သူ့ကိုမူ တံခွန်တိုင်အိမ်ကြီးနှင့် အလှမ်းမဝေးသော ယာခင်းထဲတွင် အထောက်တော်အဖြစ် နေရာချထားသည်။

အိမ်ရှေ့မင်းသား မရှိတော့သောအခါတွင်လည်း သူသည် အိမ်ရှေ့မင်းသား၏ အစီအစဉ်အတိုင်းပင် နေခဲ့သည်။ ထိုကဲ့သို့ ဗို(ပို)နေမြဲ ကျားနေမြဲရှိပါရန်လည်း ခင်မျိုးက မေတ္တာရပ်ခံခဲ့သည်။

ခင်မျိုးစိတ်ဆင်းရဲမည့်အမှုကို သူမပြုလိုတော့ချေ။

ခင်မျိုးကွယ်လွန်သောအခါတွင်လည်း သူသည် တိုင်းရေးပြည်ရေးအခြေအနေကိုကြည့်ပြီး ဗိုလ်ကျော်လုံးနှင့် အပေးအယူလုပ်ခဲ့ရသည်။ ခင်မျိုး ကွယ်လွန်သည့်နှစ်မှာပင် မင်းတုန်းမင်း နတ်ရွာစံသည်။ သီပေါတက်သည်။ တိုင်းပြည် ကသောင်းကနင်းဖြစ်သည်။ အခွင့်သာသည့်အချိန်တွင် မင်းပြောင်းမင်းလွဲလုပ်ရန် သူတို့စိတ်ကူးရှိခဲ့ကြသည်။

မည်သို့ဆိုစေ သူသည် ခင်မျိုးခေါင်းချသွားသော တံခွန်တိုင်အိမ်ကြီးကို သံယောဇဉ်ရှိနေပြီဖြစ်သည်။ ခင်မျိုး၏သားသမီးများအပေါ်တွင်လည်း ငြိတွယ်ခြင်းဖြစ်နေပြီ



တံခွန်တိုင်အိမ်ကြီးနှင့် ဝေးရာသို့ သူမသွားလိုတော့။ တံခွန်တိုင်မှ မိန်းကလေးများသည် ခင်မျိုး၏ကိုယ်ပွားကလေးများပင် မဟုတ်ပါလား။

အင်္ဂလိပ်တို့နှင့် စစ်ပြိုင်ရမည်ရှိသောအခါတွင် သူနှင့် ဗိုလ်ကျော်လုံးတို့သည် အတိတ်မှ အမဲစက်များကို သင်ပုန်းချေပြီး အလောင်းမင်းတရား အောင်မြေစိတ်ဓာတ်ဖြင့် စိတ်ရောကိုယ်ပါ ပြန်လည်ပူးပေါင်းခဲ့ကြသည်။

သို့သော်··

ဟုတ္တိပတ္တိမတိုက်လိုက်ကြရဘဲနှင့်ပင် မင်းနှင့်မိဖုရားတို့ အင်္ဂလိပ်လက်သို့ ပါသွားသောအခါ သူတို့အနေနှင့် အရိုးကြေကြေ အရေခန်းခန်းတိုက်ရမည်ရှိသောအခါ ဗိုလ်ကျော်လုံး ရန်သူဖက်သို့ ပေါင်းဝင်သွားသောအခါတွင်ကား သူနှင့် ဗိုလ်ကျော်လုံး အပြီးအပိုင် လမ်းခွဲရတော့သည်။

သူတို့နှစ်ဦးသည် မည်သည့်နည်းနှင့်မျှ ပြန်လည်ပူးပေါင်းစရာမရှိတော့။ မည်သည့်ပုံသဏ္ဌာန်နှင့်မျှ ဇာစပ်စရာအကြောင်း မရှိတော့။ သူတို့နှစ်ဦးသည် သူသေကိုယ်သေ တိုက်ခိုက်ကြတော့ရန်သာ ရှိသည်။

အဘညို၏ရင်တွင် နာကျည်းမှု လှိုင်းတံပိုးထန်လာသည်။

[ ၈ ]

သူနှင့် နေရာချထားရန် စီစဉ်သည်ကို ခင်ခင်ကြီးက အလွယ်တကူ လက်ခံသဘောတူလိုက်သည်ဆိုသောအခါ တံခွန်တိုင်မြို့စားကြီးသည် မယုံကြည်နိုင်သည်လည်း ဖြစ်သည်၊ မစဉ်းစားတတ်သည်လည်း ဖြစ်ရသည်။

ထို့ကြောင့် ခင်ခင်ကြီးကို သူ့အနားသို့ခေါ်ပြီး ဝမ်းသာစကား အံ့ဩစကား ဆိုသည်၊ ထိုအခါတွင်မှ သူမှာ ကသိကအောက်ဖြစ်ရသည်။

"ဘဘုရားတို့ စီစဉ်တာကို သမီးကြီး ခုလို လိမ်လိမ်မာမာနဲ့ လိုက်နာတယ်ဆိုတော့ ဘဘုရားတို့ ဘယ်လိုဝမ်းသာမှန်းမသိဘူး၊ သမီးကြီး လက်ခံလိမ့်မယ်လို့ ဘဘုရားတို့ ထင်တောင်မထင်ဘူး။ မောင်သူရအမေများ လာပြီးပြောတော့ တိုးသာဆုတ်သာအောင် သမီးကြီးကို မေးကြည့်ပါဦးမယ်လို့ ပြောလိုက်ရတယ်၊ အံ့ဩစရာပါလားသမီးရယ်၊ အရင်က ခင်ခင်ကြီးနဲ့ အခုခင်ခင်ကြီး လုံးလုံးမတူတော့ပါလား"

ခင်ခင်ကြီးက တည်ကြည်သောမျက်နှာ၊ တည်ငြိမ်သော လေသံနှင့်··

"ဘဘုရားတောင် အရင်က ဘဘုရားမှ မဟုတ်တော့ဘဲ၊ သမီးပဲ ဖြူရာက ညိုရတာ ဘာဆန်းသလဲ"

မြို့စားကြီး တစ်ဖက်သို့လှည့်သွားသည်။ စကားမပြောတော့၊ ခင်ခင်ကြီး အခန်း

www.burmeseclassic.com



ထဲမှ ထွက်ခဲ့သည်။

ဒေါ်သဲအုက အကြောင်းကြားလိုက်၍ပဲဖြစ်သည်။ နေ့လယ်ဘက်တွင် သူရ ရောက်လာသည်။ ထိုအချိန်က ဧည့်ခန်းဆောင်တွင် ခင်ခင်ကြီး၊ ခင်ခင်လေး၊ ဒေါ်သဲအု နှင့် နန်းမွန်တို့ ထိုင်နေကြသည်။ နန်းမွန်က သူတို့အရပ်တွင် လူပျိုလှည့်သည့်အကြောင်း ပြောနေသည်၊

သူရဝင်လာသည်ကို မြင်သောအခါ ခင်ခင်ကြီးထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ သူမ ဘာလုပ်မည်နည်းဟု အားလုံးက စိတ်ဝင်စားစွာ စောင့်ကြည့်သည်။

"လာပါဦး..ပြောစရာရှိလို့"

အမျိုးသမီးက သူရ၏လက်မောင်းကို ဆွဲခေါ်သွားသည်။ ခင်ခင်ကြီးခေါ်ရာ ရောက်သို့ လူဘီလူးကြီး ယက်ကန်ယက်ကန်ဖြင့် ပါသွားသည်။ ပန်းဥယျာဉ်ထဲသို့ ရောက်သောအခါတွင်မှ ခင်ခင်ကြီး လက်လွှတ်ပြီး..

"ထမင်းစားပြီးပလား"

"ဟုတ်ကဲ့"

"ဘာဟင်းနဲ့ စားသလဲ"

"ဝက်သားနီချက်၊ ဆူးပုပ်ရွက်ဟင်းချို၊ ခရမ်းချဉ်သီးပန်ထွေး၊ ကင်းပုံသီးပြုတ်တို့ ရောက်ပြီး.."

"အို..တော်ပါပြီ၊ တော်ပါပြီ၊ ဒါနဲ့နေပါဦး..ခင်ခင်ကြီးကို ကိုသူရ ဘာပြုလို့ လိုချင်တာလဲ"

"ဟောဗျာ"

"ခင်ခင်ကြီး လှလို့လား"

"ဟောဗျာ"

"ခင်ခင်ကြီးကို မေတ္တာရှိလို့လား"

"ဟောဗျာ"

"ခင်ခင်ကြီးကို အသုံးချမလို့လား"

"ဟောဗျာ"

"ကဲ-ဒါပဲ သွားကြစို့၊ လာလေ..သွားကြစို့၊ ဘာငိုင်နေတာလဲ"

ခင်ခင်ကြီးက စောစောကအတိုင်းပင် သူရ၏လက်လေးကို ဆွဲခေါ်သွားသည်။ ဧည့်ခန်းဆောင်မှသူများ အံ့ဩငေးမောနေကြသည်။ သူရကို ဧည့်ခန်းမှာထားခဲ့ပြီး ခင်ခင် ကြီး အိမ်ပေါ်သို့တက်သွားသည်။ မဆင်းလာတော့။

ညနေဖက်တွင် တံခွန်တိုင်အိမ်ကြီးသို့ သူရ နောက်တစ်ခေါက်ရောက်လာပြန်



သည်။ ယခုတစ်ကြိမ်တွင်မူ သူတစ်ယောက်တည်းမဟုတ်၊ အဖော်ပါလာသည်။ မြန်မာ ဘုတ် မျက်နှာဖြူစစ်ဗိုလ် ရာဇဝတ်ဝန်ကလေး ကက်ပတိန် အီဒင်။

မြို့စားကြီးက အင်္ဂလိပ်စစ်ဗိုလ်ကို ထမင်းဖိတ်ကျွေးခြင်းဖြစ်သည်။ မြို့စားကြီး အမိန့်ဖြင့် အိမ်သူအိမ်သားများအားလုံး ဧည့်ခန်းတွင် ရှိနေကြရသည်။ ခင်ခင်လေးက နေမကောင်းဆိုပြီး ရှောင်ရန်ကြိုးစားသေးသည်။ မရ။

အင်္ဂလိပ်စစ်ဗိုလ်ကြီးဆိုသော်လည်း အသက်အရွယ်အားဖြင့် မကြီးသေးပါ။ သူရ ထက်နှင့် ရွယ်တူလောက်ပင်ရှိသည်။ တစ်ခုပဲရှိသည်။ အရပ်အမောင်းကောင်းသဖြင့် သူတို့ထက် ခေါင်းတစ်လုံး ပိုမြင့်နေသည်။

သူရက ဗိုလ်ကြီးအီဒင်နှင့် တံခွန်တိုင်အိမ်သားများကို မိတ်ဆက်ပေးသည်။

"ရာဇဝတ်ဝန်မင်း ကိုယ်တော်ကလေး အီဒင်ပါ၊ ဣဒ်လို့ ခေါ်ချင် ခေါ်ကြပါ လား၊ ဣဒ်ဆိုတဲ့ ပါဠိစကားကို အနက်ပြန်လိုက်ရင် ဤလူလို့ အဓိပ္ပာယ်ရတာပဲ"

"ဣဒ်ဆိုတာထက် ဣန္ဒနီလာဆိုရင် ပိုပြီးကောင်းမယ်ကွယ့်၊ ညိုမောင်းသော ကျောက်များပေါ့ကွယ်၊ ကိုယ်တော်ကလေးအသားက ညိုရှံရှံကလေးမဟုတ်လား"

မြို့စားကြီးက ကွမ်းမြုံ့ရင်းပြောသည်။ မြို့စားကြီး၏စကားကို သူရက ဘာသာ ပြန်ပြောလိုက်သောအခါ မစ္စတာအီဒင် ခွက်ထိုးခွက်လန်ရယ်သည်။ ထို့နောက် သူရက ဒေါ်သဲအု၊ ခင်ခင်ကြီး၊ ခင်ခင်လေးနှင့် နန်းမွန်တို့ကို အစဉ်လိုက် မိတ်ဆက်ပေးသည်။ မစ္စတာအီဒင်က လက်ဆွဲနှုတ်ဆက်ရန် သူ့လက်ကို ကမ်းသည်။ ဒေါ်သဲအု ကြောင်စီစီ ဖြစ်နေသည်တွင် မြို့စားကြီးက..

"ညည်းလက်ပေးလိုက်လေ၊ သူတို့က တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေ ဆိုရင် လက်ချင်းဆွဲရတယ်"

"အိုတော်..မဟုတ်တာ မိန်းမနဲ့ ယောကျာ်းပဲ"

ဒေါ်သဲအုက သူမ၏လက်ကို ဝှက်ထားသည်။ သူရက အဘွားကြီးအဖြစ်ကို ရှင်းပြသောအခါ မျက်နှာဖြူဗိုလ်ကြီးက လက်နှစ်ဖက်ကိုယှက်ပြီး ဂါရဝပြုသည်။

"ဒီလိုတော့လည်း လိမ္မာသားပဲကွယ့်"

မစ္စတာအီဒင် ရယ်မောပြီး ခင်ခင်ကြီးကို လက်ဆန့်တန်းပေးသည်။ ခင်ခင်ကြီးက သူရ၏မျက်နှာကို တစ်ချက်ကြည့်ပြီး လက်ထုတ်ပေးလိုက်သည်။ ခင်ခင်ကြီးသည် အလှဆုံးဖြစ်အောင် ကျက်သရေအရှိဆုံးဖြစ်အောင် ဖွဲ့ဆင်ယင်ထားသည်။

ခင်ခင်လေးအလှည့်သို့ရောက်သောအခါ အားလုံးရင်ထိတ်နေသည်။ ခင်ခင် လေးက အိနြေ္ဒမပျက် လက်ကမ်းပေးလိုက်သည်။ မိမိ ဤအိမ်တွင်နေပြီး ဤလူများနှင့် ဆင်းသက်နေဦးမည်ဆိုလျှင် တတ်နိုင်သမျှတော့ လိုက်လျောရပေမည်။ လိုက်လျောခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုနိုင်သည့်အဆုံးတွင်မှ မိမိ ဤအိမ်မှ ထွက်သွားရန်သာရှိသည်။

ရာဇဝတ်ဝန်ကလေး အိဒင်သည် ခင်ခင်လေး၏လက်ကို အားရပါးရဆုပ်ကိုင်ပြီး အကြိမ်ကြိမ်လှုပ်ယမ်းနေသည်။

နန်းမွန်ကိုမူ သာမန်မျှသာ နှုတ်ဆက်သည်။ သို့သော် နန်းမွန်ကို နှုတ်ဆက်စဉ်က သူ၏မျက်လုံးများသည် နန်းမွန်၏ရင်ညွန့်ပေါ်တွင် ဝဲနေသည်။ နန်းမွန်က ရင်စေ့အကျီ ဝတ်ထားသည်။ သူမ၏ရင်သားများသည် ပေါ်လွင်ထင်ရှားလျက်ရှိသည်။

ထမင်းဝိုင်းမစမီတွင် သူရ သညာပေးသည့်အတိုင်း ထွေလာကေလာ စားစရာများ တိုင်းတစ်ပါးဖြစ် အရက်များနှင့် တည်ခင်းဧည့်ခံသည်။ သူရနှင့် မြို့စားကြီးကလည်း သောက်ကြသည်။ သူရသောက်သည်မှာ မဆန်းချေ။ မြို့စားကြီးမှာ သောက်လေ့သောက်ထနည်းသည်။ ဒေါ်သဲအုက ကန့်ကွက်သောအခါ..

''အိုကွယ်..မသဲအုကလည်း..ကိုယ်က အိမ်ရှင်မဟုတ်လား၊ ကိုယ့်အိမ်လာတဲ့ဧည့်သည် စိတ်ချမ်းသာအောင် ဆောင်ကြဉ်းရမှာပေါ့''

''သူက မောင်ကျောက်လုံး အရက်သောက်မှ စိတ်ချမ်းသာမှာတဲ့လား''

''အို..ဘယ်ဒီလိုတော့ဟုတ်မလဲ၊ ဒါပေမဲ့ ကိုယ်က အဖော်ဖြစ်အောင် အနည်းအတွင်း ရောရတာပေါ့''

ဒေါ်သဲအု မဲ့သည်။ မြို့စားကြီး၏ အနည်းအကျဉ်းသည် များမကြာမီမှာပင် သတ္တိပြလာသည်။ စကားတွေများလာသည်။ ကျယ်လောင်စွာ ရယ်မောသည်။

သူရလည်း မူးနေပြီဖြစ်သည်။ ဆူပူထကြွနေသော သူ့ခိုးစားပြများကို မကြာမီ နှိမ်နင်းပစ်မည်ဟု ကြိမ်းဝါးသည်။ အင်္ဂလိပ်ဘုရင်ကို မည်သူမျှ အံမတုနိုင်ဟုဆိုသည်။

ခင်ခင်လေး၏အသားများ တဆတ်ဆတ်တုန်နေသည်။

ဗိုလ်ကြီးအိဒင်သည် သူရနှင့် မြို့စားကြီးထက် သောက်သည်။ သူလည်း မူးနေပြီဖြစ်သည်။ သို့သော် စကားမများချေ။ အိန္ဒြေမပျက်ချေ။ သို့သော် သူ့မျက်လုံးများသည် ခင်ခင်လေးနှင့် နန်းမွန်တို့ထံတွင်သာ ရစ်ဝဲနေသည်။

သည်အထဲတွင် နန်းမွန်ဆိုသော ရှမ်းတရုတ်မကလည်း အရိပ်သုံးပါးနားမလည်။ အခန်းထဲမှာ မွန်းသည် မွန်သည် အိုက်စပ်သည်ဆိုပြီး အပေါ်ကြယ်သီးကို ဖြုတ်ထားသည်။ ဝင်းဝါသောရင်ညွန့်ကို အရိပ်အခြည်ပေါ်စေသည်။ ခင်ခင်လေးက ချက်ချင်းပင် ကြယ်သီးပြန်တပ်ထားရန် ပြောရသည်။

ဒေါ်သဲအုက ငါမနေတတ်ဘူးဆိုပြီး ထသွားသည်။ ခင်ခင်လေးနှင့် နန်းမွန်ပါ လိုက်မည်ရှိသောအခါ မြို့စားကြီးက မျက်ထောင့်နီကြီးနှင့် ကြည့်သည်။ သူတို့ ပြန် ထိုင်နေရသည်။



အပြင်တွင် အလင်းရောင်လျော့နေသည်။ လဆန်းတစ်ရက်ဖြစ်၍ လမထွက်ချေ။ ကြင်းများ ပက်ဖျန်းထားသဖြင့် ကြယ်များ ဖိတ်ဖိတ်မလက်ချေ။

ခင်ခင်ကြီး ထွက်သွားသည်။ မြို့စားကြီးက မမြင်ဟန်ပြုနေသည်။ သူရ နောက်မှ လိုက်ပါသွားသည်။ မြို့စားကြီးက မသိဟန်ပြုနေသည်။

ရာဇဝတ်ဝန်ကလေး အိဒင်၏မျက်လုံးများသည် ကြည်လင်ခြင်းမရှိတော့၊ ရီဝေ လျက်ရှိသည်။ ကြီးမားသော အမှောင်ထုကြီး အုံ့ဆိုင်းစပြုနေပြီ။

[ ဃ ]

မြသည် စန္ဒဝါပင်ကြီးအောက်တွင်ရပ်လျက် တံခွန်တိုင်အိမ်ကြီး၏အရိပ်အခြည်ကို မျှော်မျှ စောင့်ကြည့်နေသည်။

သည်အိမ်တွင် မိမိရန်သူတစ်ဦးရှိသည်။ ဗိုလ်ကျောက်လုံး၊ ထို့အတူ မိမိမိတ်ဆွေ တစ်ဦးလည်းရှိသည်။ ခင်ခင်လေး၊ အခြားသူများလည်းရှိသည်။ သို့သော် ရန်သူလား၊ မိတ်ဆွေလား မကွဲပြားချေ။

ဗိုးလုံးကိုထားတော့၊ သည်ကောင်က အူလယ်လယ်။ သို့သော် ဗိုလ်ကျောက်လုံး ကြောက်သည်။ ဗိုလ်ကျောက်လုံးက သေဆိုသေ ရှင်ဆိုရှင်ရသည့်သတ္တဝါ။

ဒေါ်သဲအုကလည်း ဗိုလ်ကျောက်လုံး၏ ဆွေမျိုး၊ ဗိုလ်ကျောက်လုံးတွင် အစက ရင်းချာမရှိဟုဆိုသည်။ နောက်မှ နှမဝမ်းကွဲဆိုသူတစ်ယောက် စစ်စစ်ပေါက် ထွက်လာသည်။ သည်တော့လည်း မောင်နှင့်နှမသည် တစ်ချိုးတည်း တစ်ဖြတ်

ဗိုလ်ကျောက်လုံး၏သားသမီးများသည် မိမိကို ခင်ကြသည်။ ဗိုလ်ကျောက်လုံး အပေးအယူရှိကြသည်ကို သူတို့သိ၍မဟုတ်၊ မိမိတို့နှစ်ယောက် ကမ္ဘာ့ရန်များ သည်ဟု နားလည်ထားရာကပင် မိမိ၏ယာခင်းသို့ မသွားရဟု ကွပ်ညပ်ထား ကပင် သင်းကလေးတွေ ရောက်လာကြသည်။ မိမိကို ခင်ကြသည်။ ခင်မျိုး၏ ကြည်မာတ် သူတို့ကိုယ်တွင် ပျံ့နှံ့နေကြ၍ထင်သည်။ သို့သော် ထိုအထဲတွင် နှင့် မောင်မောင်လေးတော့ ပါဟန်မရှိ။

မောင်မောင်လေးသည် မိမိကို မထီမဲ့မြင် ဆက်ဆံလေသည်။ မိမိ သည်းခံပါ သားတော့ ယခု မောင်မောင်လေး မရှိပြီ။

ခင်ခင်ကြီး။

သည်မိန်းကလေးသည် ခင်မျိုး၏သမီးကြီး။ မိမိကို သည်မိန်းကလေး ဆက်ဆံ တွင် ရန်သူမိတ်ဆွေမကွဲပြား၊ သည်မိန်းကလေးသည် တစ်ခါတစ်ခါတွင်

www.burmeseclassic.com



တတ်သိနားလည်သော မိန်းမကြီးတစ်ယောက်လို ပြုမူတတ်သည်။ တစ်ကြိမ်တစ်ကြိမ်တွင် မသိဆိုးဝါးသော ကလေးတစ်ယောက်လို ကျင့်ကြံတတ်သည်။

တစ်စစနှင့် ညသည်ပင်လျှင် နှင်း၊ နှင်းသည်ပင်လျှင် ည၊ နှင်းနှင့် ညသည် ခွဲခြားမရ ရှိလာတော့သည်။

တဲခွန်တိုင်အိမ်ကြီး၏ အရိပ်အခြည်ကို အဘညို တစ်ကြိမ်ကြည့်လိုက်ပြန်သည်။ အိမ်ကြီးသည် မိမိကို မသိသကဲ့သို့ ခပ်စိမ်းစိမ်းပင်ရှိနေသည်။

အချိန်အနည်းငယ် စောသေးသည်။ ဤအချိန်တွင် အိမ်သားများ အောက်ထပ်မှာပင် ရှိကြပေဦးမည်။ တော်တော်ကလေး ညဉ့်နက်မှ ကိုယ့်အခန်းမှာကိုယ် ရှိနေကြသည်။ ထိုအချိန်သည် မိမိအဖို့ အကောင်းဆုံးအချိန်။

မိမိအဖို့ ခင်ခင်လေးနှင့် တန်းတန်းမတ်မတ်တွေ့ဖို့ အရေးကြီးသည်။ ခင်ခင်လေး၏အခန်းသည် အနောက်ဖက် ကြောင်လိမ်လှေကားနှင့်အနီးဆုံး၊ ဝင်ရထွက်ရ အလွယ်ဆုံး၊ သည်အိမ်ကြီးတွင် ကြောင်လိမ်လှေကားနှစ်ခုရှိသည်။ အရှေ့ဘက် ကြောင်လိမ်နှင့် အနောက်ဖက် ကြောင်လိမ်။

အကြောင်းကိစ္စမရှိဘဲနှင့် ကြောင်လိမ်လှေကားများကို မသုံးကြ၊ လှေကားမကြီးမှသာ ဆင်းကြတက်ကြသည်။

မိမိအဖို့မှ ကြောင်လိမ်လှေကားကိုသာ အသုံးပြုရပေမည်။

ယင်းသို့ရှိစဉ် ခြံတွင်းမှ အသံသဲ့သဲ့သာ ကြားရသည်။ အင်းခွေးကြီးများ၏ လှုပ်ရှားသံဖြစ်သည်။ စိုးစိုးစီစီအသံ ကြားရသည်။ ခွေးကြီးများက တစ်စုံတစ်ယောက်ကို နှုတ်ဆက်ကြခြင်းဖြစ်သည်။ ခင်ခင်လေးနှင့်တူတယ်။

အဘညို မလှမ်းပေါက်မှ ခေါင်းကျော်၍ကြည့်လိုက်သည်။ ခင်ခင်လေး မဟုတ်ချေ။ ခင်ခင်ကြီးဖြစ်သည်။ အဘညို ခေါင်းကို ချက်ချင်းပြန်ရုပ်လိုက်သည်။ သို့သော် မိန်းကလေးက သူ့ကို မြင်တွေ့သွားပြီဖြစ်သည်။

"ဘယ်သူလဲ"

ရှောင်တိမ်းချိန်မရတော့၊ ထို့ကြောင့်··

"အဘညိုပါ"

မလှမ်းပေါက်သို့ ခင်ခင်ကြီးလျှောက်လာသည်။

"တစ်ယောက်တည်းလား"

အဘညိုက စိတ်ကူးတစ်ခုရသဖြင့်··

"အဖော်တွေပါတယ်"

ခင်ခင်ကြီးက ဟိုဟိုသည်သည်ကြည့်ရင်း··



"မတွေ့ပါလား"

ဤမိန်းကလေးသည် အသံနှင့် အမူအရာကို အထူးသတိထား ထိန်းချုပ်ပြီး ပြောနေသည်ဟု အဘညိုထင်မိသည်။ စိတ်ထဲတွင် ရန့်မကင်းမှုရှိလာသည်။

"ယာထဲက စောင့်နေကြတယ်"

ယာတဲထဲသို့ ခင်ခင်ကြီး လှမ်းမျှော်ကြည့်သည်။ ထို့နောက် အဘညိုကို စူးစိုက်၍ ကြည့်နေသည်။

"ဝင်လေ"

ခင်ခင်ကြီးက မလှမ်းတံခါးကိုဖွင့်သည်။ ရန်ကျော်နှင့် ရန်လုံသည် အဘညိုကို တွေ့မြင်သဖြင့် ပြေးလာပြီး နှုတ်ဆက်ကြသည်။ အဘညိုက ခွေးနှစ်ကောင်၏ခေါင်းကို အသာပုတ်ရင်း··

"မဝင်တော့ဘူး၊ သွားမယ်"

"ဘယ်သွားမှာလဲ"

"စခန်းကိုပေါ့"

"စခန်းက ဘယ်မှာလဲ"

"တံတားဦးတောတန်းမှာ"

"ကြွက်နဖားမှာမဟုတ်ဘူးလား"

"မနေ့ကပဲ ပြောင်းတယ်"

"မောင်မောင်လတ်တို့ ရှိကြသလား"

သည်မိန်းကလေး အမေးအစမ်းထူလှချည့်လား၊ မိမိက ဘာမျှမမေးရဘဲ သူကချည့် အဆက်မပြတ်မေးနေသည်။

"အားလုံး အတူတူပဲပေါ့"

"မောင်ငယ်နန္ဒနဲ့ ခင်ခင်လတ်ကော"

"အားလုံးအတူတူပဲ"

"သူတို့အားလုံး ကောင်းကောင်းမွန်မွန်ရှိကြတယ်နော်"

"အေး"

"အထဲကို ဝင်ပါဦး၊ ခင်ခင်လေးနဲ့ မတွေ့တော့ဘူးလား"

"ခင်ခင်လေးရှိသလား"

အဘညို လွှတ်ခနဲမေးလိုက်သည်။ သူ၏လေသံတွင် တက်ကြွမှု ပိုက်လုံမှု ပါနေသည်။

"ရှိတယ်၊ အဘညိုတို့ တွေ့စရာကိစ္စရှိရင် ခင်ခင်ကြီး ခေါ်ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အို..ကိစ္စမရှိပါဘူး၊ ဘာကိစ္စမှမရှိပါဘူး"

အဘညိုက ကတိုက်ကရိုက်ပြောလိုက်သည်။ လျှာခေါက်သွားပြီး အချို့ စကား လုံးများ မပီဘဲ အနည်းငယ်ဝါးသွားသည်။ ခင်ခင်ကြီးက အသံကို တမင်မြှင့်လျှက်

"အဘညို ဘာကိစ္စလာတာလဲ"

"ဘယ်လိုလဲ"

"တံခွန်တိုင်ကို"

"ဘယ်တုန်းကလဲ"

"အခုပေါ့"

အဘညို ရုတ်တရက်မဖြေ၊ ဆင်ခြေရှာနေသည်။ ပြီးမှ..

"မောင်ကျောက်လုံးနဲ့ တွေ့မလားလို့"

"ဘာကိစ္စလဲ"

"သတ်မလို့ပေါ့"

ခင်ခင်ကြီး နှုတ်ဆိတ်သွားသည်။ ထိုအခါ စန္ဒဝါပင်တွင် ချည်ထားသော မြင်းဇက်ကြိုးကို အဘညိုဖြည်သည်။ ခင်ခင်ကြီး ဘာမျှမပြောဘဲ ကြည့်နေသည်။ အဘညို မြင်းပေါ်သို့တက်လိုက်သည်။ သည်တွင်မှ ခင်ခင်ကြီးက..

"ဘဘုရားကိုသတ်မလို့ဆို၊ သွားတော့မလား"

"တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးဟာ ကျူပ်လက်ချက်နဲ့ပဲ တံခွန်တိုင် အိမ်ကြီးမှာ သေရစေမယ်၊ ကနေ့ညတော့ မဟုတ်သေးဘူး"

အဘညိုက ထိုနေရာမှထွက်ခွာရန် မြင်းဇက်ကြိုးကို လှုပ်ယမ်းတော့မည်အချိန် တွင် ခင်ခင်ကြီး၏နောက်ကွယ်မှ အသံတစ်ခုထွက်ပေါ်လာသည်။

"အခုချက်ချင်း မြင်းပေါ်က ပြန်ဆင်းလိုက်ပါ"

အဘညိုကြည့်လိုက်သည်။ သူရဖြစ်သည်။ သူ့လက်ထဲတွင် ဗထက်ချိုက်သေနတ် ရှိသည်။ မိမိကို ချိန်ရွယ်ထားသည်။ မိမိနှင့်သေနတ်အကြား အကွာအဝေးသည် ဆယ်တောင်ပင်မရှိချေ။ မြင်းကိုဒုန်းရိုက်လျှင် လွတ်နိုင်ရန်အကြောင်းမရှိချေ။ ကျော ကို ကျည်ဖောက်သွားမည်သာဖြစ်သည်။

"ဩ..ဩ..လက်စသတ်တော့ နင်တို့က ဒီလိုကိုး"

အဘညိုက ခံပြင်းသောအမူအရာဖြင့် ပြောသည်။

"ခင်ခင်ကြီး မသိဘူး၊ ခင်ခင်ကြီး မသိဘူး"

အမျိုးသမီးက အော်သည်။ ထိုအချိန်တွင် သူရသည် သေနတ်ကို အသေအချာ ချိန်တွယ်လျက် ရှေ့သို့တိုးလာသည်။



| ၄ |

ရေတခေါင်းထဲတွင် ရေကုန်နေသည်ကို ရမယ်ရှာပြီး ရေဖြည့်မည့်ဟန်ဖြင့် ရေတခေါင်း ကိုယူကာ အခန်းထဲမှထွက်ခဲ့သည်။ နန်းမွန် ထ၍လိုက်မည်ပြုသေးသည်။ အင်္ဂလိပ် စစ်ဗိုလ်ကို ငါးကြော်အရိုးထွင်ပေးရန် ဘဘုရားကပြောသဖြင့် ကျန်ရစ်သည်။

ခင်ခင်လေး ပထမဆုံး ဒေါ်သဲအုကိုရှာသည်။ အဖွားကြီး သူ့အခန်းထဲတွင် အိပ်ပျော်နေသည်။ တခေါခေါဟောက်နေသည်။ တော်တော်အားကိုးရတဲ့ ဒွေးလေးဟု ခင်ခင်လေး စိတ်ထဲမှ မြည်တွန်မိသည်။

ဖိုးလုံးကိုရှာသည်။ မီးဖိုဆောင်တွင် တွေ့ရသည်။ ဖိုးလုံးက ဘာလုပ်ပေးရမလဲ ဟုမေးသည်။ မိမိတို့ကိစ္စကို သူဘာလုပ်နိုင်မည်နည်း။ ခင်ခင်လေးခေါင်းထဲတွင် ညီးစီစီ ဖြစ်နေသည်။ လေတိုက်ခံချင်သည်။ နှင်းကျခံချင်သည်။ သို့သော် အပြင်တွင် ခင်ခင်ကြီး နှင့်သူရတို့ရှိနေသဖြင့် မိမိအခန်းသို့သွားရသည်။

အခန်းတံခါးကို လုံခြုံအောင်ပိတ်ပြီးနောက် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ရင်ထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်နေသည်။ အသက်ရှူ၍မဝ၊ မျက်လုံးတွေ ပြာနေ သည်။ စိတ်တွေဝေနေသည်။

ဘဘုရားသည် သူ့၏လုပ်ငန်းများတွင် မိမိတို့ကို ပါဝင်စေသည်။ မိမိတို့သဘော နှင့်မိမိတို့ ပါဝင်ရခြင်းမဟုတ်၊ သူ၏နိုင်းစေချက်အရ ပါဝင်ကြရသည်။ တစ်ကြိမ်က သည်း မိမိတို့ကို ဗလနှင့်နေရာချထားရန် စီစဉ်ခဲ့ပြီ။ တစ်အိမ်လုံး ဝရုန်းသုန်းကားဆန် ခဲ့ရသည်။

ယခုလည်း ဆိုင်းမဆင့်ဗုံမဆင့်ဘဲ အစ်မကြီးကို သူရနှင့်နေရာချထားရန် စီစဉ် ခဲ့သည်။ အစ်မကြီးကသာ ကဏ္ဍကောစလုပ်ခဲ့လျှင် ပြဿနာတွေ မည်မျှတက်လိုက် မည်နည်း။

ဤကိစ္စတွင် အစ်မကြီးလုပ်ပုံကိုလည်း မိမိနားမလည်နိုင်။ ကိုသူရနှင့် နန်းမွန် ကိစ္စကို သူကပင်ပြောသည်။ ကိုသူရကို မနေ့ကပင် ပါးရိုက်ခဲ့သေးသည်။ ဒွေးလေးက ပြောတော့ သူကောက်ကာငင်ကာ ခေါင်းညိတ်လိုက်သည်။ ယခုတော့ အဆိပ်အတောက် ပြင်းထန်လှသည်ဆိုသော လွှဘီလူးကြီးသည် သူ့လက်ထဲတွင် ကစားစရာ အိုးပုတ် လေးတစ်ခုကဲ့သို့ ရှိနေချေတော့သည်။

ရှိစေတော့၊ သည်ကိစ္စတွေကို မိမိ ဥပေက္ခာပြုမည်ဆိုက ပြုနိုင်သည်။ ကနေ့ ညနေတွင်မှ မိမိခေါင်းကို ရှုပ်ထွေးစေသည်က သူရခေါ်ဆောင်လာသော အင်္ဂလိပ်စစ်ဗိုလ် ပင်ဖြစ်သည်။ သူရခေါ်ဆောင်လာသည်ဆိုသော်လည်း သည်မျက်နှာဖြူကောင်သည်

www.burmeseclassic.com

www.burmeseclassic.com



*ဘဘုရား၏ မျက်နှာသာပေးခြင်းခံရသော ဧည့်သည်တော်ကြီးပင်ဖြစ်သည်။*

*သူနာမည်က ဘယ်သူတဲ့၊ အိဒင်တဲ့၊ ဂုဒ်လို့လည်း ခေါ်နိုင်တယ်တဲ့၊ ဂုဒ်နဲ့ထား ဆိုရင် ပိုကောင်းမယ်တဲ့။*

သူတို့ဘာလုပ်နေကြတာလဲ၊ ဒီစစ်မိုလ်နဲ့ငါနဲ့ ပေးစားမလို့လား၊ ဒါမှမဟုတ် နန်းမွှန်နဲ့ ပေးစားမလို့လား။

ဘဘုရားဟာ ရာထူးဌာနန္တရ တည်မြဲရေးအတွက် ရာထူးဌာနန္တရ တိုးတက်ရေး အတွက် ငါတို့ကို လာဘ်ထိုးနေပြီလား။

မျက်နှာဖြူကောင်ကတော့ ငါ့ကိုကြည့်တာလည်း မရှိဘူး၊ နန်းမွှန်ကို ကြည့်တာ လည်း မရှိဘူး။ အေးလေ··သူက ငါ့ကို မေတ္တာရှိတာမှမဟုတ်ဘဲ။ ငါတို့မှာရှိတဲ့ အဆီအသားတွေကို စားချင်မျိုချင်တာပဲ၊ ဘယ်သူ့ကိုပဲရရ ချမ်းသာပေးမှာမဟုတ်ဘူး

ဘုရား··ဘုရား··ငါကတော့ မိစ္ဆာကောင်ရဲ့လက်က လွတ်ခဲ့ပြီ၊ နန်းမွှန်ကျ တော··

ခင်ခင်လေး လဲလျောင်းနေရာမှ ဒေါနှင့်မာန်နှင့် ထလိုက်သည်။ ဆင်စွယ်ရိုးတပ် ဓားမြှောင်ကို ကိုယ်တွင်ဝှက်ယူပြီး အောက်ထပ်သို့ဆင်းခဲ့သည်။

ဧည့်ခန်းဆောင်တွင် မည်သူမျှမရှိ၊ စားသောက်ဖွယ်ရာထည့်သည့် ပန်းကန်များ ရေတာခေါင်းများ၊ ရေခွက်များ၊ အရက်ပုလင်းများ စောစောကအတိုင်းရှိနေသည်။ သို့သော် လူတစ်ယောက်မျှ မရှိပါ။

ခင်ခင်လေး ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

သူတို့ ဘယ်ရောက်ကုန်ကြပြီနည်း။ ခင်ခင်လေး လိုက်ရှာသည်။ အောက်ထပ် တစ်ခုလုံး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာသည်။ နန်းမွှန်ကိုလည်း မတွေ့ပါ။ အခြား မည်သူ့ကိုမျှလည်းမတွေ့၊ ပျောက်ခြင်းမလှ ပျောက်ကုန်သည်။

မြင်းဇောင်းသို့သွားသည်။ မိုးလုံးရှိသည်။ သူ့ကိုမေးသောအခါ ဘာမျှမသိ။ အိမ်ထဲသို့ ပြန်ဝင်ပြီး အပေါ်ထပ်သို့တက်ခဲ့သည်။ ဒွေးလေး သူ့အခန်းတွင် အိပ်နေဆဲ ဖြစ်သည်။ ဟောက်နေဆဲဖြစ်သည်။ ဘဘုရားအခန်းသို့ သွားကြည့်သည်။ မရှိ။

ထိုအခါ ခင်ခင်လေး တစ်စုံတစ်ခုကို ချက်ချင်းအမှတ်ရလိုက်မိသည်။ မြေ အောက်ဥမင်ဖြစ်သည်။ သူတို့ နန်းမွှန်ကို မြေအောက်ဥမင်တွင်းသို့ ခေါ်ဆောင်သွားကြ လေပြီလား။ ခင်ခင်လေး ကမန်းကတန်း လှေကားမှဆင်းခဲ့သည်။

ယခင် မောင်ကြီးနှနေခဲ့သော အခန်းသို့ သွားမည်ပြုစဉ် ဆင်ဝင်အောက်တွင် လူရိပ်မြင်သဖြင့် ပြေးသွားသည်။ နန်းမွှန်ဖြစ်သည်။

“နန်းမွှန်”



“အေး”

“နန်းမွှန်တစ်ယောက်တည်းလား”

“အေး”

“ဘဘုရားတို့ကော”

“အိမ်ထဲမှာမရှိဘူးလား၊ နန်းမွှန်ထွက်လာတော့ သူတို့ရှိတယ်”

“နန်းမွှန်ဘယ်တုန်းက အိမ်ထဲကထွက်လာသလဲ”

“ခုနကပဲ၊ ကိုသူရနဲ့ အစ်မကြီးတို့ ပြန်လာကြတယ်၊ ကိုသူရက နေမကောင်း တဲ့လူတစ်ယောက်ကို ထမ်းလာတယ်။ အစ်မကြီးက နန်းမွှန်ကို သွားအိပ်တော့လို့ ပြောတာနဲ့ နန်းမွှန် အပြင်ထွက်လာတာပဲ”

“နေမကောင်းတဲ့လူလို့ နန်းမွှန် ဘယ်လိုလုပ်ပြီးသိသလဲ”

“ကိုသူရက လူတစ်ယောက်ကို စောင်နဲ့ပတ်ပြီး ထမ်းလာတယ်၊ နန်းမွှန်က ဘာဖြစ်တာလဲလို့မေးတော့ အစ်မကြီးက နေမကောင်းလို့တဲ့”

ခင်ခင်လေးက တစ်စုံတစ်ခုကို နက်နက်နဲနဲစဉ်းစားပြီး··

“အဲဒီလူကို နန်းမွှန်မြင်လိုက်သလား”

“မမြင်ဘူး၊ တစ်ကိုယ်လုံးစောင်နဲ့ပတ်ထားတယ်”

“လှုပ်သလား”

ခင်ခင်လေး၏အမေးကို နားမလည်ဟန်ဖြင့် နန်းမွှန် ငေးကြည့်နေသည်။

“အဲဒီလူ လှုပ်သလား”

ခင်ခင်လေးက ကိုယ်ကိုလှုပ်ပြပြီး မေးသည်။ နန်းမွှန် ခေါင်းခါသည်။

“သွေးတွေမြင်ရသလား”

နန်းမွှန် ခေါင်းကုတ်ပြီးစဉ်းစားသည်။ ပြီးလျှင်··

“သတိမထားမိဘူး”

“လာ··လာ နန်းမွှန်··ဘာဆိုတာ တို့ကြည့်ရအောင်”

ခင်ခင်လေးက နန်းမွှန်လက်ကိုဆွဲပြီး မောင်ကြီးနှနေခဲ့သော အခန်းသို့သွား သည်။ ဆုံလည်တံခါးကို ပွင့်စေသည်။ နန်းမွှန် ရင်သပ်ရှုမောဖြစ်နေသည်။ ခင်ခင်လေး က နန်းမွှန်ကိုခေါ်ပြီး အခန်းတွင်းသို့ဝင်သည်။ ဆုံလည်တံခါးကို ပြန်ပိတ်သည်။ ထို့ နောက် ဥမင်တံခါးကိုဖွင့်သည်။ ခုတင်ကြီးလည်သွားသည်ကို ကြည့်ရင်း နန်းမွှန်က-

“ငါ မမြင်ဖူးဘူး၊ ငါမမြင်ဖူးဘူး”

ခင်ခင်လေးက နန်းမွှန်ကို တိတ်တိတ်လိုက်ပါရန် လက်ညှိုးကို နှုတ်ခမ်းစုံတွင် ကန့်လန့်ဖြတ်ထောင်ပြသည်။ ထို့နောက် ဥမင်လှေကားကိုဆင်းသည်။ နန်းမွှန် ဟိုကြည့်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သည်ကြည့်ဖြင့် လိုက်ပါလာသည်။ အောက်သို့ရောက်သောအခါ ခင်ခင်လေးက ဥမင်တံခါး အဖွင့်အပိတ်ခလုတ်များကို နန်းမွန်အား ပြသသည်။

ထို့နောက် သူတို့နှစ်ယောက် ခြေဖျားထောက်လျက် အနောက်ဘက်ခန်းမဆောင်ဆီသို့ လျှောက်လာကြသည်။ ခင်ခင်လေး ထင်ထားသည့်အတိုင်းပင် ခန်းမဆောင်ထဲတွင် မြို့စားကြီးတို့ ရှိနေကြသည်။

မြို့စားကြီး၊ သူရ၊ ခင်ခင်ကြီးနှင့် ရာဇဝတ်ဝန်ကလေး အီဒင်တို့သည် ကျောက်ခုံတစ်ခုကို ဝိုင်းရံလျက်ရှိကြသည်။ ကျောက်ခုံပေါ်တွင် လူတစ်ယောက် လဲလျောင်းလျက်သားရှိနေသည်။ ကွယ်နေသဖြင့် မည်သူမှန်းမသိနိုင်။

သူရ တစ်ဖက်သို့ တိုးရွှေ့လိုက်သောအခါတွင်မှ ကျောက်ခုံပေါ်မှ လူ၏မျက်နှာကို မြင်ရသည်။ ခင်ခင်လေး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"အဘညို··အဘညို"

နန်းမွန်ပါးစပ်မှ လေသံဟဟထွက်လာ၍ ခင်ခင်လေးက တိတ်တိတ်နေရန် သတိပေးလိုက်ရသည်။ အဘညိုသည် ကျောက်ခုံပေါ်တွင် ငြိမ်နေသည်။ မေ့မျောနေဟန်ရှိသည်။ အဘညို၏ကိုယ်တွင် သွေးများစွန်းထင်းနေသည်မတွေ့ရ။

မြို့စားကြီးက ခေါင်းကိုယမ်းခါလျက်··

"တော်တော်နဲ့ သတိရဦးမှာမဟုတ်ဘူး"

"ကျွန်တော်လည်း သူခုခံမယ်လုပ်လို့ သေနတ်ဒင်နဲ့ ခပ်ဆဆကလေး ရိုက်လိုက်တာပဲ၊ သူ့ကိုစစ်ရင် မေးရင် သူတို့စခန်းကို သိနိုင်မှန်းသိလို့ အသာလေး မသေအောင် ရိုက်လိုက်တာပဲ"

သူရက ရှင်းလင်းချက်ပေးသည်။

သူတို့ပြောနေကြသည်များကို ခင်ခင်လေးတို့ ကောင်းစွာကြားရသည်။ ထို့ကြောင့် မိမိတို့ထံမှ မည်သည့်အသံမှ မထွက်ပေါ်စေရန် အထူးဂရုစိုက်နေရသည်။

"မောင်သူရရဲ့ ခပ်ဆဆကလေးက သူများ တအားရိုက်သလောက်ရှိတာတော့ ထည့်မတွက်ဘဲကိုး၊ အေးလေ··သူ အခု သတိမရလည်း တော်ကြာနေ သတိရမှာပေါ့၊ ဒီတော့ ဒီလိုလုပ်၊ မိုးလည်းချုပ်ပြီ၊ သူ့ကို စောင့်မနေကြတော့ဘူး၊ သတိရချင်တဲ့အချိန်ရပေစေတော့၊ သူ့ကို ဒီအတိုင်းထားပစ်ခဲ့မယ်၊ မနက်ကျမှပဲ သူ့ကိုစစ်ကြတော့မယ်၊ အဲဒါကို သဘောတူသလားလို့ ရာဇဝတ်ဝန်မင်းကို မေးကြည့်စမ်းပါ"

မြို့စားကြီးက သူရကိုပြောသည်။ သူရက အီဒင်ကိုပြောသည်။ အီဒင်က သူရကိုပြောသည်။ သူရက မြို့စားကြီးကိုပြောသည်။

"ကိုယ်တော်ကလေးက မြို့စားကြီးစီစဉ်တဲ့အတိုင်း ကောင်းပါတယ်တဲ့၊ သူ



မနက်ကျမှ လာခဲ့မယ်တဲ့၊ သူ အခုပြန်မယ်တဲ့"

မြို့စားကြီး ခေါင်းညိတ်လျက်··

"သူ့ကို ဒီအတိုင်းထားခဲ့မယ်ဆိုပေမယ့် ကြိုးနဲ့တုပ်ထားဦးမှ၊ ညလယ်ခေါင်မှာ သူသတိရပြီး ထွက်ပြေးသွားရင် ခက်နေမယ်၊ မြေအောက်ဥမင်လမ်းတွေကို ကျွမ်းကျင်သိတဲ့လူဟာ သူတစ်ယောက်ပဲရှိတယ်"

သို့ဖြင့် သူရက သတိလစ်နေသော အဘညိုကို ကြိုးဖြင့်တုပ်နှောင်လျက်ရှိသည်။ ခင်ခင်ကြီးက မလှမ်းမကမ်းတွင်ရပ်လျက် မတုန်မလှုပ်ကြည့်နေသည်။ ဘာတစ်ခွန်းမျှလည်း ဝင်ရောက်ပြောဆိုခြင်းမပြုချေ။ ရာဇဝတ်ဝန်ကလေး အီဒင်ကမူ မြေအောက်ဥမင်ကို အထပ်ထပ်အဖန်ဖန် ရှုကျူးလျက်ရှိသည်။

အဘညိုကို ကြိုးနှင့် အသေအချာတုပ်ပြီးသောအခါ ခင်ခင်လေးရှိရာဘက်သို့ မြို့စားကြီးတို့ လျှောက်လာကြသည်။ ခင်ခင်လေးနှင့် နန်းမွန် ထောင့်ချိုးတစ်ခုတွင် ဝင်ရောက် ပုန်းကွယ်နေကြရသည်။ မြို့စားကြီးတို့လူစု အပေါ်ထပ်သို့ တက်ရောက်သွားသောအခါတွင်မှ သူတို့ အဘညိုထံ သွားရောက်ကြရသည်။

"အဘညို··အဘညို"

ခင်ခင်လေးက အဘညို၏ကိုယ်မှ ကြိုးများကိုဖြည်ရင်း လှုပ်ခေါ်သည်။ အဘညို မျက်လုံးဖွင့်ကြည့်သည်။

"အဘညို သတိရပလား"

"အဘညို သတိမလစ်ပါဘူး"

"ဟင်-စောစောက သတိလစ်နေတာမဟုတ်ဘူးလား"

"သတိလစ်ဟန်ဆောင်နေတာပါ"

"အဲဒီလို ဟန်ဆောင်လို့ရသလား"

"သမထထိုင်တဲ့အကျိုးတွေပေါ့ကွယ်"

အဘညို အကောင်းပကတိရှိသည်ကို တွေ့ရသဖြင့် ခင်ခင်လေးရော နန်းမွန်ပါ ဝမ်းသာနေကြသည်။

"အဘညို ဘယ်လိုဖြစ်တာလဲ"

ခင်ခင်လေးက မေးသည်။ အဘညိုက ဖြစ်ပျက်ပုံအလုံးစုံကို အတိုချုံး၍ ပြောပြသည်။ ရန်ကင်းတောင်သို့ စခန်းရွှေ့သည်မှအစ သူရက သူ့ခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်လိုက်သည်အထိဖြစ်သည်။

"အဘညိုသတိလစ်နေတာ မဟုတ်ပေမယ့် ခင်ခင်လေးတို့သာ ရောက်မလာရင် ကြိုးတွေကို ဘယ်လိုမှဖြည်နိုင်မှာမဟုတ်ဘူး။ ဒါနဲ့ နေပါဦး၊ ခင်ခင်ကြီးက ဘယ်လို

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာတုန်း၊ ဟိုမျက်နှာဖြူကောင်က ဘယ်သူတုန်း''

ခင်ခင်လေးက ပြဿနာအရပ်ရပ်ကို ရှင်းပြသည်။

''ကဲ-တို့သွားဦးမှနဲ့တူတယ်၊ တော်ကြာနေ သူတို့ပြန်လှည့်ချင် လှည့်လာကြဦးမှာ၊ ခင်ခင်လေးနဲ့ နန်းမွှန်လည်း သတိထားပြီးနေကြ၊ ရန်သူ ဘာလုပ်တယ်ဆိုတာ မျက်ခြေမပြတ် စုံစမ်းကြ၊ နောက်ကို တို့များ တံခွန်တိုင်ချောင်းရိုးမှာ တွေ့ကြရအောင် တစ်ရက်ခြား ညသန်းခေါင်ကျော် ဟုတ်လား''

ခင်ခင်လေးနှင့် နန်းမွှန် ပြိုင်တူခေါင်းညိတ်သည်။

''အေး··ခင်ခင်လေးနဲ့ နန်းမွှန်တို့ ဒီမှာနေလို့မဖြစ်တော့ဘူးဆိုရင်တော့ တို့ဆီကို လာခဲ့ကြပေါ့၊ ကဲ-သွားကြစို့''

သူတို့သုံးယောက် မြေပေါ်သို့ ရေတွင်းပျက်မှတက်ခဲ့ကြသည်။ အဘညို မလှမ်းမကမ်းတစ်ခါးမှပင်ထွက်သွားသည်။ ခင်ခင်လေးနှင့် နန်းမွှန်တို့လည်း အနောက်ဘက် ကြောင်လျှောက်လှေကားမှနေ၍ အိမ်ပေါ်သို့ တက်ခဲ့ကြသည်။ ကိုယ့်အခန်းကိုယ်တက်ပြီး ခပ်တည်တည်နှင့် အိပ်နေလိုက်ကြသည်။

[ ● ]

နောက်တစ်နေ့မနက်တွင် တံခွန်တိုင်မြို့စားကြီး ဗိုလ်ကျောက်လုံးနှင့် ခင်ခင်ကြီးတို့ ဗျာယာခတ်နေကြသည်။ အမူအရာပျက်နေကြသည်။ တိုးတိုးတိုးတိုးကျိတ်၍ တိုင်ပင်နေကြသည်။ အဘညိုလွတ်သွားသည်ကို သိရှိသွားကြဟန်တူသည်။ ခင်ခင်လေးနှင့် နန်းမွှန်ကို ဘာမျှမမေး၊ သူတို့နှစ်ယောက်ကလည်း မသိဟန်ဆောင်နေကြသည်။

အတန်ကြာသောအခါ မြို့စားကြီးနှင့် ခင်ခင်ကြီးတို့ လှည်းယာဉ်ကလေးဖြင့် တံခွန်တိုင်အိမ်ကြီးမှ ထွက်သွားကြသည်။

''ကိုသူရဆီကို သွားတာဖြစ်မယ်၊ ဒါမှမဟုတ် ဟိုမျက်နှာဖြူစစ်ဗိုလ်ဆီကို သွားတာဖြစ်မယ်''

ခင်ခင်လေးက နန်းမွှန်ကို ထင်မြင်ချက်ပေးသည်။ နန်းမွှန်က-

''နန်းမွှန်တို့ကို သူတို့ မသင်္ကာမဖြစ်ဘူးလား၊ ကြိုးနဲ့ အသေအချာတုပ်ထားတာ လွတ်သွားတယ်ဆိုတော့ သူ့ဟာသူလွတ်တာ ဘယ်ဖြစ်နိုင်တော့မလဲ၊ တစ်ယောက်ယောက်က လွှတ်တာဖြစ်ရတော့မှာပေါ့''

''ဟုတ်တယ်၊ ဒါပေမဲ့ ခင်ခင်လေးတို့လွှတ်တာလို့ သူတို့ ဘယ်လိုလုပ်ပြီး ပြောမလဲ''

''တခြားဘယ်သူရှိသေးလို့လဲ''



''မောင်မောင်လတ်ရှိတယ်၊ ခင်ခင်လတ်ရှိတယ်၊ မောင်ကြီးနန္ဒရှိတယ်။ သူတို့အထဲက တစ်ယောက်ယောက်ရောက်လာပြီး အဘညိုကို အချိန်မီကယ်သွားတာ ဖြစ်နိုင်တာပေါ့''

ခင်ခင်လေးက ရှင်းပြလိုက်သောအခါ နန်းမွှန် သဘောပေါက်သွားသည်။

''အရေးကြီးတာက တို့များ အိမ်နေမပျက်ဖို့ပဲ၊ သူတို့ပြန်လာရင် ဘာပြောမလဲ၊ ဘာလုပ်မလဲဆိုတာ ကြည့်ရမယ်''

''ဟိုမှာကြည့်စမ်း··ဟိုမှာကြည့်စမ်း''

နန်းမွှန်က အဝေးတစ်နေရာသို့ လက်ညှိုးထိုးပြီးပြောသည်။ မြင်းတစ်စီး လာနေသည်။ ရာဇဝတ်ဝန်ကလေး အီဒင်ဖြစ်သည်။

''အင်္ဂလိပ်စစ်ဗိုလ်ပဲ၊ တို့ဆီလာတာပဲ''

ခင်ခင်လေးက တီးတိုးရေရွတ်သည်။

''ဘယ့်နှယ်လုပ်မလဲ၊ ဘာဘုရားတို့လည်းမရှိဘူး''

နန်းမွှန်က စိုးရိမ်သောမျက်နှာဖြင့် ဆိုသည်။ ခင်ခင်လေး စဉ်းစားသည်။ ထိုစဉ်တွင် ရန်ကျော်တို့ ရန်လုံတို့၏ ဟိန်းဟောင်သံကြားရသည်။ အစာတောင်းကြခြင်းဖြစ်သည်။ ခင်ခင်လေး စိတ်ကူးတစ်ခုရသွားသည်။

သူမ၏အကြံကို နန်းမွှန်အား ပြောပြသည်။ နန်းမွှန်က သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ အဝေးတွင် အီဒင်လာနေဆဲ။

ထို့နောက် ခင်ခင်လေးတစ်ယောက်တည်း အိမ်ထဲမှထွက်သွားသည်။ မလှမ်းမကမ်း ခေါက်ဆီသို့ ဖြစ်သည်။ နန်းမွှန်က မီးဖိုဆောင်သို့သွားသည်။ ဒေါ်သဲအူ ဟင်းအိုးဖြင့်နေရာက-

''ဟိုကောင်တွေ ဒေါပွနေကြပြီ၊ မကျွေးကြသေးဘူးလား''

''အခု သွားကျွေးမလို့လာတာ''

နန်းမွှန်က အသားတစ်များထည့်ထားသော စကောကို ယူသည်။

''ခင်ခင်လေးကော''

''အဘညိုတဲဘက်ကို ထွက်သွားတယ်''

''နန်းမွှန် သတိထားနော်၊ လှောင်အိမ်ထဲကို လက်မဝင်စေနဲ့၊ ဟပ်လိုက်လို့ ပြတ်ပါသွားမယ်''

''ကိစ္စမရှိပါဘူး၊ နန်းမွှန်နဲ့သူတို့ အဆွေခင်ပွန်းဖြစ်နေကြပါပြီ၊ ကနေ့ဆိုရင် သူတို့ကို လှောင်အိမ်ထဲကထုတ်ပြီး ကျွေးမယ်''

''ဖြစ်ပါ့မလား၊ ဖြစ်မှလည်းလုပ်ပါ နန်းမွှန်ရယ်၊ ငါတော့ အဲဒီကောင်ကြီးတွေ-

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်းလို့''

''ကိစ္စမရှိပါဘူး ဖြစ်ပါတယ်''

အသားတစ်စကောကို ခါးစောင်းတင်ပြီး နန်းမွန် ထွက်သွားသည်။ ဒေါ်သဲချော ရေတ်ဆုံရေဆေးပြီး ဟင်းအိုးထဲ သွန်ချနေသည်။

နန်းမွန်က ဆေးပေါက်မှမထွက်၊ အိမ်ရှေ့ပေါက်မှ ထွက်သည်။ ဆင်ဝင်အောက်သို့ သူမရောက်ချိန်တွင် ခြံဝင်းထဲသို့ ရာဇဝတ်ဝန်ကလေး အီဒင်ဝင်လာသည်ကို တွေ့မြင်ရသည်။ သို့သော် နန်းမွန်က မမြင်ဟန်ပြုပြီး ခွေးလှောင်အိမ်များဘက်သို့ လျှောက်သွားသည်။

အီဒင်က နန်းမွန်ကို ဟစ်အော်နှုတ်ဆက်သည်။ နန်းမွန်မကြားဟန်ပြုပြီး အီဒင့်ကို ကျောပေးကာ လျှောက်သွားနေသည်။ သူမ၏ တင်ပါးနှစ်ခုသည် စပါးခင်းကို လေတိုးသကဲ့သို့ နိမ့်ချည်မြင့်ချည် လှိုင်းတွန့်နေသည်။

အီဒင် မြင်းနှင့်လိုက်သည်။ ခွေးလှောင်အိမ်များအနီးတွင် နန်းမွန်ကို မှီသည်။ နန်းမွန်က အီဒင်ကို ယခုမှ တွေ့မြင်ရသည့်အလား လှည့်ကြည့်သည်။ ပြီးလျှင် သွားတတ်ကလေးများကိုဖော်လျက် ပြုံးသည်။ အီဒင်လည်း ပြုံးပြီး မြင်းပေါ်မှဆင်းသည်။

အင်းခွေးကြီးများ ဆူညံစွာဟိန်းဟောင်နေကြသည်။ အစာတောင်းသည်လည်း ဖြစ်သည်။ အစာဆာ၍ ဒေါသစက်ထန်နေကြသည်လည်း ဖြစ်သည်။ သူစိမ်းတစ်ယောက်ကို မြင်၍လည်းဖြစ်သည်။ လှောင်အိမ်ထဲတွင် ရှန်းရင်းဆန်ခတ်ရင်း မနားတမ်း ဟိန်းဟောင်နေကြသည်။ မျက်လုံးကြီးများ ဝင်းဝင်းတောက်နေကြသည်။ လျှာကြီးများ ရဲရဲနီနေကြသည်။ အစွယ်ကြီးများ ဖွေးဖွေးဖြူနေကြသည်။ လည်ဆံမွေးများ ဖြောင့်ဖြောင့်ထောင်နေကြသည်။ ခြေသည်း လက်သည်းများ စူးစူးချွန်နေကြသည်။

နန်းမွန်က အသားတစ်များကို ပြရုံသာပြထားပြီး မပေးသေးဘဲ မကျွေးသေးဘဲနေသည့်အတွက် သူတို့ ပို၍မာန်ဖီနေကြဟန်ရှိသည်။

မစ္စတာအီဒင်က မြင်းရိုက်ကြိမ်လုံးငယ်ကို ဘယ်ဖက်လက်ဖဝါးကို ခပ်ဆဆ ခပ်ဖွဖွကလေး စည်းချက်ကျကျရိုက်ရင်း အင်္ဂလိပ်လိုပြောသည်။

''သိပ်လှတဲ့ ခွေးကြီးတွေပါလား၊ ငါသဘောကျလိုက်တာ၊ ဒီကောင်တွေနဲ့ အမဲလိုက်ရရင် ဘယ်လောက် ပျော်စရာကောင်းမလဲ''

မစ္စတာအီဒင် ပြောဆိုသည်ကို နန်းမွန် နားမလည်ပါ။ သို့သော် ခွေးကြီးများကို သဘောကျနေကြောင်းကား သိသည်။ ယင်းကြောင့် နှစ်ခြိုက်စွာပြုံးရင်း ခွေးလှောင်အိမ်တံခါးများကို တစ်ခုပြီးတစ်ခု လျင်မြန်သွက်လက်စွာ ဖွင့်လိုက်သည်။

လှောင်အိမ်တံခါးများ ပွင့်သွားသည်နှင့်တစ်ပြိုင်နက် အင်းခွေးကြီးများသည် တောင်ပြည့်ကျားကြီးများသဖွယ် လွှားခနဲ လွှားခနဲ ခုန်ထွက်လာကြသည်။

ပထမဆုံး လှောင်အိမ်ထဲမှ ထွက်လာသူမှာ ရန်လုံဖြစ်သည်။ ရန်လုံ၏လှောင်အိမ်သည် မစ္စတာအီဒင်နှင့် အနီးဆုံးဖြစ်သည်။ ရန်လုံသည် အရှိန်အနည်းငယ်ယူပြီး ခေါင်းတွင် ဖော့ဦးထုပ်၊ ကိုယ်တွင် ကာကီအင်္ကျီတို၊ ကာကီဘောင်းဘီတို၊ ခြေတွင် မြင်းစီးဖိနပ်ကြီးနှင့် ထောင်ထောင်ကားကားကြီးရှိနေသော မစ္စတာအီဒင်ထံသို့ တစ်ချက်တည်း ခုန်လိုက်သည်။ တစ်လံအကွာလောက်တွင် ကျသည်။ ချက်ချင်းပင် လူဖြူကြီးဆီသို့ မာန်ဖီကာ ပြေးသည်။

မစ္စတာအီဒင်သည် အခြေအနေကို ရိပ်စားမိသဖြင့် ရန်လုံပြေးအလာတွင် သူ့မြင်းပေါ်သို့ ကမန်းကတန်း ခုန်တက်လိုက်သည်။ သူ့အနီးသို့ရောက်ခါနီးတွင် ခွေးကြီးတစ်ချက်ချော်သွားသဖြင့် သူ့ခြေသလုံးသားများ တစ်ငုံကြီးပါမသွားခြင်းဖြစ်သည်။ အီဒင်က ခြေသလုံးကို အခဲခံလိုက်ရလျှင်လည်း သူမြင်းပေါ်သို့ ရောက်တော့မည်မဟုတ်၊ မြေပေါ်တွင် ပြားပြားမှောက်သွားပေလိမ့်မည်။ အမှန်တော့ ရန်လုံ ခြေချော်သွားခြင်းမဟုတ်၊ ရန်လုံ၏နောက်ခြေတစ်ဖက်သည် ဝက်ဝံနှင့် သတ်ပုတ်ဖူးသောဒဏ်ရာကြောင့် ထော့နဲ့ကြောင်းငယ်ဆာနေသည်။ ရန်လုံရှေ့လောတကြီး ပြေးသည့်အခါများတွင် ယင်းခြေသည် ချော်ချွတ်၍သွားတတ်သည်။ ရန်လုံ၏နေရာတွင် အခြားတစ်ကောင်ကောင်ဆိုလျှင် မစ္စတာအီဒင် လွတ်လမ်းမရှိပါချေ။

အီဒင် မြင်းပေါ်တွင် ရောက်သွားချိန်မှာပင် ရန်ပြိုနှင့် ရန်ရှင်းတို့ စစ်ကူရောက်လာကြသည်။ အီဒင်က ခွေးသုံးကောင်၏ရန်မှလွတ်ရန် ခြံတံခါးမကြီးဆီသို့ မြင်းကို စိုင်းနှင်သည်။ သို့သော် ရန်ပြိုနှင့် ရန်ရှင်းတို့က ရှေ့မှပိတ်ကာထားနိုင်သည်။ ရန်ရှင်းသည် ခွေးငါးကောင်တွင် အပြေးအမြန်ဆုံးဖြစ်သည်။ ယုန်လိုက်သည့်နေရာတွင် အားကိုးရဆုံးဖြစ်သည်။

အီဒင်က မြင်းတင်ပါးကို တအားရိုက်ပြီး ခြံအတွင်းမှထွက်ပြေးနိုင်ရန် ကြိုးစားသော်လည်း ခွေးကြီးနှစ်ကောင်က ရှေ့မှ အတင်းခုန်အုပ်လျက်ရှိသောကြောင့် မဒရပ်မြင်းကြီး နောက်ဘက်သို့ ပြန်လှည့်ပြေးသည်။ နောက်ဘက်တွင် ရန်လုံရှိနေသောအခါ ဘေးဘက်သို့လှည့်သည်။ ထိုအခါ ရန်အေးနှင့် တွေ့လေသည်။

သို့ဖြင့် မဒရပ်စစ်မြင်းကြီးသည် တောင်ဘက်ကို ပြေးလိုက်၊ မြောက်ဘက်ကို ပြေးလိုက်၊ အရှေ့ဘက်ကိုပြေးလိုက်၊ အနောက်ဘက်ကိုပြေးလိုက်နှင့် ရှိနေသည်။ အင်းခွေးကြီးများက နောက်မှလိုက်သည်။ ဘေးမှပန်းတက်သည်။ ရှေ့မှကာဆီးသည်။ မြင်းခြေထောက်များကို ဝင်ဆွဲသည်။ အီဒင်၏ခြေထောက်ကို ဟပ်သည်။ မြင်းလည်ပင်းကို ကိုက်ရန် ကြိုးစားသည်။ မဒရပ်မြင်းကြီးကလည်း နောက်ခြေမြင့်ကန်သည်။ ရှေ့ခြေ



www.burmeseclassic.com

www.burmeseclassic.com

မြင့်ပေါက်သည်။

နန်းမွန်က လှောင်အိမ်တစ်ခုအနီးတွင် မတ်တပ်ရပ်လျက် မြင်းတစ်ကောင်ကို အင်းခွေးကြီးများ သဲကြီးမဲကြီးလိုက်နေသည်ကို ကြည့်နေသည်။ ရင်တလှပ်လှပ် အသည်းတထိတ်ထိတ် ရှိရလေသည်။

မဒရပ်မြင်းကြီးပေါ်တွင် နှလုံးသွေးပျက်နေသော အင်္ဂလိပ်စစ်ဗိုလ်ကြီးကို ကြည့်ပြီး သဘောကျနေသည်။

ခွေးဟောင်သံများ၊ ခွေးလိုက်သံများ၊ မြင်းပြေးသံများကြားသဖြင့် ဒေါ်သဲအူနှင့်ဖိုးလုံးတို့ ဆင်ဝင်အောက်သို့ ရောက်လာကြသည်။ မစ္စတာအီဒင်ကို ခွေးများ ကိုက်နေသည်ကိုမြင်တွေ့သော်လည်း ဘာမျှမတတ်နိုင်။ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြရသည်။ သည်လိုအချိန်မျိုးတွင် သည်ခွေးကြီးများကို အမိန့်ပေးနိုင်သူမှာ ခင်ခင်လေးတစ်ယောက်သာရှိသည်။

မဒရပ်စစ်မြင်းကြီး သွေးချင်းချင်းနီရှိနေသည်။ အတော်ကလေးနာနေပြီ ဖြစ်သည်။ ထို့ကြောင့် သွေးရူးသွေးတန်းဖြစ်နေသည်။ ယင်းအခိုက်တွင် မစ္စတာအီဒင်သည် ခါးတွင်ချိတ်ထားသော ပစ္စတိုသေနတ်ကို ထုတ်ယူလိုက်နိုင်သည်။ နန်းမွန် မျက်လုံးပြူးသွားသည်။

နောက်ဘက်မှ အတင်းဝင်ပြီး မြင်းတင်ပါးကိုခဲရန် ကြိုးစားသောရန်လုံကို မဒရပ်မြင်းကြီးက နောက်ပေါက် ပေါက်လိုက်သည်။ ရန်လုံ့ဗိုက်ကို အကန်ခံရပြီး မြေကြီးပေါ်သို့ ပစ်ကျသွားသည်။ တစ်ပြိုင်တည်းမှာပင် သေနတ်သံထွက်ပေါ်လာသည်။ ရန်လုံ ခေါင်းထောင်လာပြီးမှ ပြန်လဲကျသွားသည်။ ရန်လုံ၏ကိုယ်မှ သွေးပွက်ပွက် လျှံကျလာသည်။

နန်းမွန် မျက်လုံးမှိတ်ထားလိုက်သည်။ ပြီးမှ ပြန်၍ကြည့်သည်။ အင်းခွေးကြီး သုံးကောင်သည် မဒရပ်မြင်းကြီးကို လိုက်လံဝိုင်းဝန်းနေဆဲဖြစ်သည်။ ယခုမှ နန်းမွန် တွက်ချက်မိသည်။ ခွေးတစ်ကောင်သေသွားလျှင် လေးကောင်ကျန်ရမည်။ အားလုံး ငါးကောင်မဟုတ်ပါလား။

ယခုသုံးကောင်သာရှိသည်၊ တစ်ကောင် ဘယ်ရောက်သွားသနည်း။ သည်တော့မှ သူ့နောက်ဘက်မှ ခွေးတစ်ကောင် သဲသဲမဲမဲဟောင်နေသည်ကို ကြားမိသည်။ ရန်ကျော် ဖြစ်သည်။ သူက ရန်ကျော်ကို လွှတ်ဖို့မေ့နေသည်။ ရန်ကျော်က အသံပေးနေသော်လည်း သူက ရှေ့တွင်သာ အာရုံစောနေသဖြင့် နောက်ဘက်မှအသံကို ဂရုမပြုမိ၊ ရှေ့မှအသံများဖြင့်သာ ရောနေသည်။

ချက်ချင်းပင် ရန်ကျော်ကို နန်းမွန်လွှတ်ပေးလိုက်သည်။ ဒေါ်သဲအူနှင့် ဖိုးလုံး



များ မြင်တွေ့မလားဟု ကြည့်သည်။ တော်ပါသေး၏။ သူတို့ မမြင်တွေ့လိုက်ပါချေ။

သေနတ်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။ ရန်ပြို့ ကျသွားသည်ကို မြင်ရသည်။ ရန်ပြို့ အင်မတန်ခုန်နိုင်သည်။ ခြံစည်းရိုးကိုပင် ခုန်ထွက်ရန် အကြိမ်ကြိမ် ကြိုးစားသည့်အကောင်။ ယခုလည်း မြင်းပေါ်တွင်ရှိနေသော အီဒင်ကိုဆွဲချနိုင်ရန် အရှိန်ဖြင့် လွှားခနဲအခုန်လိုက်တွင် သေနတ်နှင့်တေ့ပြီး အပစ်ခံလိုက်ရခြင်းဖြစ်သည်။

ရန်ကျော်သည် လှောင်အိမ်မှထွက်သည်နှင့်တစ်ပြိုင်နက် မဒရပ်မြင်းကြီးဆီသို့ ဝုန်းဟုန်းထိုး ပြေးသွားသည်။ သူက မြင်းကို အင်မတန်မုန်းသည်။ မြင်းအကန်ခံရဖူးသောကြောင့် ဖြစ်သည်။ ထို့ပြင် ရန်ကျော်သည် နောက်ခြေဖြင့် အကန်ခံရဖူးသည်ဖြစ်၍ ယခုတော့မှ မြင်းနောက်ပိုင်းကို မကပ်ချေ။ မြင်းကိုတွေ့လျှင် ရှေ့ဘက်မှသာ ဝင်တတ်သည်။

ယခုလည်း ရန်ကျော်သည် မဒရပ်မြင်းကြီး၏ ရှေ့ခြေကို လွတ်အောင်ရှောင်ပြီး နောက်ခြေကို ဝင်ဆွဲသည်။ ယာဘက်ခြေထောက် တံခေါက်ကွေးကို ကိုက်မိသည်။ မြင်းကြီးက ခြေကိုရုန်း၍သည်။ ရန်ကျော်က မလွှတ်၊ ကျားပိန့်တွယ် တွယ်ထားသည်။ မြင်းပြေးရာနောက်သို့ တရွတ်တိုက်ပြီးပါသွားသည်။

မဒရပ်မြင်းကြီးသည် လေးငါးလှမ်းမျှပြေးပြီး ရပ်သွားသည်။ နာကျင်လွန်းသဖြင့် နေရာတွင် သုံးလေးပတ်မျှ ပတ်ချာလှည့်သည်။ ရန်ကျော် နှုတ်မြဲသည်။ သည့်အချိန်တွင် ရန်ရှင်းနှင့် ရန်အေးတို့က တအားဝင်ကိုက်သည်။ ရန်အေးသည် တစ်နေရာတည်းကို ကိုက်၊ ဟိုဘက်က လှည့်ဆွဲလိုက်၊ သည်ဘက်က လှည့်ဆွဲလိုက်ဖြစ်သည်။ အကျားကြောင်းမြန်သည်။ တခြားမကြည့်နှင့်၊ သူ့အမြီးဖျားမှ အဖြူပြောက်ကလေးကို ကြည့်ရှုင်ဝင် သိသာသည်။ အဖြူပြောက်ကလေးသည် ပန်းလိပ်ပြာကလေးဝဲသကဲ့သို့ပင် တစ်လှစ်ရိပ်ရိပ်ရှိသည်။

အာဖဂန်နိစတန်စစ်ပွဲတွင် ထင်ရှားကျော်ကြားခဲ့သော စစ်မြင်းကြီးသည် တံခွန်တိုင်အင်းခွေးကြီးများနှင့်တွေ့မှပင် အရှုးမီးဝိုင်းသလိုဖြစ်ကာ မြေပြင်သို့ ဘုန်းဘုန်း လဲကျရတော့သည်။ ထိုအထိလည်း ရန်ကျော်က မလွှတ်သေး၊ အခြားနေရာကိုလည်း ပြောင်း၍မကိုက်ဘဲ တစ်နေရာတည်းမလွှတ်ဘဲ ကြိုးနှင့်တုပ်ချည်ထားသကဲ့သို့ ရှိသည်။

မြင်းကြီးက တဆတ်ဆတ်တုန်လာပြီး လဲကျမည်အပြုတွင် မစ္စတာအီဒင် မြင်းပေါ်မှခုန်ချသည်။ အင်းခွေးကြီးသုံးကောင် မြင်းကိုမဲနေစဉ်တွင် ထွက်ပြေးရန်ကြိုးစားသည်။ သို့သော် မရပါချေ။ ရန်အေးက ပါးသည်၊ မြင်းနားရွက်ကို ကိုက်ထားရာမှ လွှတ်ပြီး မစ္စတာအီဒင်နောက်သို့ လိုက်သည်။

မစ္စတာအီဒင်က သူ့နောက်သို့ လိုက်လာသော ရန်အေးကို သေနတ်ဖြင့်ပစ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစားသည်။ ရန်အေးက ယင်းသေနတ်ကိုင်ထားသောလက်ကိုပင် အလျှားလိုက်ဟပ်သည်။ ဒေရပ်ခြေလျှင်တပ်ရင်း ၂၂ မှ တပ်ခွဲမှူးကလေး အီဒင်သည် ရန်အေး၏ခါးစပ်ထဲသို့ မြင်းစီးကိုင်သေနတ်ကို ထိုးထည့်လိုက်ပြီး တစ်ချက်ထဲမှာပင် မောင်းကိုဆွဲဖြုတ်လိုက်သည်။ သေးငယ်သော ကျည်ဖူးကလေးသည် ပြင်းထန်သောအဟုန်ဖြင့် ရန်အေး၏အခေါင်းတွင်းသို့ ဖောက်ဝင်သွားသည်။ ရန်အေးသည် မစ္စတာအီဒင်၏လက်မှသေနတ်ကို ဟပ်ယူပြီး တစ်ပတ်ကျွမ်းလည်ကျသွားသည်။

ရာဇဝတ်ဝန်ကလေးသည် ယာဘက်လက်ငါးချောင်းကိုစုလျက် နဖူး၊ ဝဲဘက်ရင်ညွန့်၊ ယာဘက်ရင်ညွန့်တို့ကိုထိကာ လက်ဝါးကပ်တိုင်အမှတ်အသားပြုလိုက်မိသည်။

ထိုစဉ်မှာပင် သူ့ကိုယ်ပေါ်သို့ အင်းခွေးကြီးတစ်ကောင် ကျရောက်လာသည်။ ရန်ရှင်းဖြစ်သည်။ အီဒင် မပြေးနိုင်တော့၊ အီဒင် မရုန်းနိုင်တော့၊ အင်းခွေးကြီးက သူ့ဗိုက်ခုံးများပေါ်တွင် လက်နှစ်ဖက်တင်ကာ သူ့လည်မျိုကို ကိုက်ခဲလေပြီတည်း။

နန်းမွန်၊ ဒေါ်သဲဆူနှင့် ဖိုးလုံးတို့ အသက်မရှူနိုင်ရှိသည်။ သူတို့တစ်သက်တွင် ဆည်လိုစစ်ပွဲမျိုး ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင်ဖြစ်သည်။

အတန်ကြာသောအခါ အသံတစ်မျိုးရှိသော လက်ခုပ်သံနှစ်ချက် ထွက်ပေါ်လာသည်။ လက်ခုပ်တီးသူမှာ ခင်ခင်လေးဖြစ်သည်။ ခင်ခင်လေးသည် ဘယ်အချိန်ကရောက်လာသည်မသိ၊ နန်းမွန်၏ဘေးတွင် ရပ်နေသည်။

လက်ခုပ်သံကြားသည်နှင့်တစ်ပြိုင်နက် မြင်းတံခေါက်ကွေးကို ကိုက်ခဲနေသောရန်ကျော်နှင့် မစ္စတာအီဒင်၏ လည်ပင်းကို အစွယ်များ နှစ်မြှုပ်လျက် ယမ်းခါနေသောရန်ရှင်းတို့သည် ချက်ချင်းပင် သားကောင်ကိုလွှတ်ကာ ခင်ခင်လေးထံသို့ ပြေးလာကြသည်။ သခင်မ၏ ဘေးတစ်ဖက်တစ်ချက်တွင် ခြသေ့ံထိုင် ထိုင်နေကြသည်။

ခင်ခင်လေးက ရန်ကျော်နှင့် ရန်ရှင်းတို့၏ခေါင်းကို လက်နှစ်ဖက်ဖြင့် ပြိုင်တူပွတ်သပ်လျက်ရှိသည်။

မဒရပ်မြင်းကြီးနှင့် အင်္ဂလိပ်စစ်ဗိုလ်တို့သည် သွေးအိုင်များထဲတွင် မလှုပ်မယှက်

[ ၁၁ ]

ရာဇဝတ်ဝန်ကလေး မစ္စတာအီဒင်နှင့် အင်းခွေးကြီးငါးကောင်၏ တိုက်ပွဲကို ကြားသိရသောအခါ မရှုမလှ သေဆုံးနေကြသော မစ္စတာအီဒင်၊ မဒရပ်စစ်မြင်းကြီးနှင့် အင်းခွေးသုံးကောင်ကို မြင်တွေ့ကြရသောအခါ မြို့စားကြီးဗိုလ်ကျောက်လုံး၊ ရာဇဝတ်အုပ်မောင်သူရ၊ မင်းကတော်လောင်း ခင်ခင်ကြီးတို့သည် မျက်နှာများ ဖြူယော်လျက်ရှိကြသည်။



ဗိုလ်ကျောက်လုံးနှင့် ခင်ခင်ကြီးတို့သည် အဘညိုထွက်သွားသည့်ကိစ္စကို ဆွေးနွေးတိုင်ပင်ရန် သူရအိမ်သို့ သွားကြသည်။ အဘညို မည်သည့်နည်းနှင့် လွတ်သွားသည်ကို သူတို့တပ်အပ်မပြောနိုင်။ သို့သော် အဘညိုလွတ်သွားခြင်းသည် သူတို့ ပေါ့ဆမှုကြောင့်ဟု ဆိုရကျသည်။ ရာဇဝတ်ဝန်ကလေး သိသွားလျှင် သူတို့ကို အပြစ်တင်မည်၊ အထင်သေးမည်။ ထို့ကြောင့် လွတ်သွားသည်ဟုမပြောဘဲ ညက ဒဏ်ရာနှင့် သေဆုံးသွားသည်ဟု ပြောမည်။ အလောင်းကိုလည်း မြှုပ်နှံလိုက်ပြီဟု ခြေရာဖျောက်မည်။ သူရ၏အကြံဖြစ်သည်။ မြို့စားကြီးတို့ သဘောတူသည်။

ရာဇဝတ်ဝန်ကလေးအိမ်သို့ သူတို့သွားကြသည်။ တံခွန်တိုင်အိမ်သို့ သွားသည်ဟုသိသဖြင့် ချက်ချင်းပြန်လာကြသည်။ သည်ကျတော့ အလောင်းကိုသာ တွေ့ရတော့သည်။ ဤအရေးအခင်းတွင် ခင်ခင်လေးနှင့် နန်းမွန်တို့၏ လုပ်ပုံကို သူတို့သဘောမကျသော်လည်း၊ သံသယရှိသော်လည်း ထုတ်ဖော်စွပ်စွဲနိုင်ခြင်းမရှိ ဖြစ်နေသည်။ အကြောင်းပြချက်များ လျော့ကန်လျက်ရှိသည်။

ဤကိစ္စကို ထိန်ချန်ထား၍ မဖြစ်နိုင်သဖြင့် ရာဇဝတ်ဝန်ကြီးထံသို့ သူရကိုယ်တိုင် သွားရောက်တိုင်ကြားရသည်။ ရာဇဝတ်ဝန်ကြီးနှင့် တပ်ဖွဲ့ဝင်များ ချက်ချင်းလိုက်ပါလာသည်။

ဖြစ်ပျက်သည့်အခြင်းအရာကို ရာဇဝတ်ဝန်ကြီးကိုယ်တိုင် ကြည့်ရှုစစ်ဆေးသည်။ ရာဇဝတ်ဝန်ကြီးသည် လူငယ်မဟုတ်ချေ။ လူကြီးတစ်ယောက်ဖြစ်သည်။ အမူအရာတည်ငြိမ်ဆေးသည်။ သူတစ်ပါး စကားပြောသည့်အခါတွင် ဆေးတံကြီးကိုခဲပြီး စိတ်ပါဝင်စားစွာ နားထောင်လေ့ရှိသည်။ ရာဇဝတ်ဝန်ကြီး၏အမည်မှာ ဗိုလ်မှူးကာပင်တာ၊ ဗိုလ်မှူးကြီးလေဒင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လွှတ်တော်တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အဖြစ်အပျက်အားလုံးကို ကြားနာပြီးသောအခါ ရာဇဝတ်ဝန်ကြီးက စီရင်ချက်ချသောလေသံဖြင့် . .

"ဤကိစ္စတွင် ကျွန်ုပ်တို့လူ ပေါ့လျော့ညံ့ဖျင်းသဖြင့် သေဆုံးရသည်။ မည်သူ့မျှ တာဝန်မရှိပါ၊ တာဝန်ရှိချင်းရှိလျှင် ခွေးနှစ်ကောင်တွင်သာ တာဝန်ရှိရမည်။ ကျွန်ုပ်သည် ဘုရားသခင်၏အလိုဆန္ဒ၊ ဗိတိုရိယဘုရင်မကြီး၏အမိန့်ဖြင့် ဤခွေးနှစ်ကောင်ကို သေစေရန် သေဒဏ်ပေးလိုက်သည်။ ကျွန်ုပ်၏စစ်သားများက မသေမချင်း ပစ်ကြစေ"

ရန်ကျော်နှင့်ရန်ရှင်းတို့ကို မသတ်ရန် ခင်ခင်လေး ကန့်ကွက်ပြောဆိုသော်လည်း မရ။ ခွေးနှစ်ကောင်၏မျက်လုံးများကို အဝတ်ဖြူများဖြင့် စည်းနှောင်ပြီး ကုလားစစ်သားလေးယောက်က သေနတ်ဖြင့် ပြိုင်တူပစ်ဖောက်၍ သတ်ဖြတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မစ္စတာအီဒင်၏အလောင်းကို အမြောက်တင်ရထားပေါ်တွင် တင်ဆောင်ကာ အပေါ်မှ ယူနီယံဂျက်အလံလွှမ်းလျက် သယ်ယူသွားကြလေသည်။

[ ● ]

ထိုညတွင် မိုးကြီးချုပ်သည့်တိုင် ခင်ခင်လေး အိပ်မပျော်နိုင်ရှိသည်။ သူမ၏မျက်စိထဲတွင် အင်းခွေးကြီးငါးကောင်ကို မြင်ယောင်လျက်ရှိသည်။ မျက်ရည်မဆည်နိုင် ဖြစ်ရသည်။

ညသန်းခေါင်တွင်မှ ခင်ခင်လေး မှေးခနဲပျော်သွားသည်။ သို့သော် ချက်ချင်းပင် နိုးသည်။ နားထဲတွင် အသံတစ်ခုကြားရ၍ဖြစ်သည်။ မိမိအခန်းထဲသို့ လူတစ်ယောက် ချွတ်နင်းဝင်လာပြီဟု တဒင်္ဂအတွင်းမှာပင် သိလိုက်သည်။ ထို့ကြောင့် ခေါင်းအုံးအောက်မှ ဓားမြှောင်ကိုဆွဲယူကာ ထလိုက်သည်။

မိမိအခန်းထဲသို့ တိတ်တဆိတ်ချွတ်နင်း၍ ဝင်ရောက်လာသူကား အခြားသူ မဟုတ်ချေ။ သူမ၏အစ်မရင်းဖြစ်သော ခင်ခင်လတ်။

ခင်ခင်လတ်၏လက်ထဲတွင် ဆင်စွယ်ရိုးတပ် ဓားမြှောင်နှင့်ဖြစ်သည်။ ဘဘုရား က သူတို့ညီအစ်မများကို ဓားမြှောင်ဆင်တူ လုပ်ပေးထားသည်။ ခင်ခင်လတ်သည် ဓားမြှောင်လွတ်ကိုကိုင်လျက် မိမိခုတင်အနီးသို့ မည်သည့်ကိစ္စဖြင့် ချင်းနင်းလာ သနည်း။

ခင်ခင်လေးသည် ဓားကို အသင့်ကိုင်လျက် အစ်မလတ်ကို အကဲခတ်သည်။ ခင်ခင်လတ်က အသံမထွက်ရန် လက်ရိပ်ပြသည်။ ထို့နောက် ဓားကိုမသိမ်းဘဲ ခင်ခင် လေးအနီးသို့ ချဉ်းကပ်လာသည်။ ခင်ခင်လေး သတိမလစ်ရဲ၊ သည်ကာလမှာ ဘယ်သူ ဘယ်သူကိုမှ မယုံရ။ ညီအစ်ကိုမောင်နှမချင်းလည်း မယုံရ။

"မြန်မြန်လုပ်၊ ညီမတော် သွားကြစို့"

ခင်ခင်လတ်က ဆိုသည်။ အသံတုန်နေသည်။

"ဘယ်ကိုသွားမှာလဲ"

ခင်ခင်လေးက သံသယရှိသော လေသံဖြင့်မေးသည်။ ခင်ခင်လတ်လက်မှ ဓားကို မျက်ခြည်မပြတ် ကြည့်နေသည်။ ခင်ခင်လတ်က ယင်းကို သိသည့်အနေဖြင့်

"ဓားကို ချထားလို့မဖြစ်ဘူး ညီမတော်၊ သည်အိမ်ကို လာရတာ အစ်မတော် ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ ညီမတော်လဲ အသိပဲ၊ ညီမတော်ကို ခေါ် အောင်သာ အစ်မတော် အသက်စွန့်ပြီးလာရတာ၊ အခုဆိုရင် အစ်မတော်ရဲ့ အသက် တစ်ဝက်ဟာ ညီမတော်ရဲ့လက်ထဲမှာ ရှိနေတယ်"



ခင်ခင်လတ်၏စကားများကို ခင်ခင်လေး ကောင်းစွာ သဘောမပေါက်။

"ညီမတော် ဘယ်ကိုလိုက်ရမှာလဲ"

"အစ်မတော်တို့စခန်းကိုပေါ့"

"ဘာလုပ်ဖို့လဲ"

ခင်ခင်လတ် အတန်ငယ်စဉ်းစားပြီး…

"ကိုနန္ဒ"

စကားကို ဆုံးအောင်မပြောဘဲရပ်သွားသည်။ ခင်ခင်လေး စိုးရိမ်စိတ်ဝင်သွားပြီး-

"မောင်ကြီးနန္ဒ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"မဟုတ်သေးပါဘူး အစ်မတော်၊ ညီမကို အမှန်အတိုင်း ပြောစမ်းပါ၊ မောင်ကြီး နန္ဒ ဘာဖြစ်သလဲ၊ သူမရှိတော့ဘူးလား"

"အို··သူရှိပါတယ်၊ သူရှိလို့ သူနဲ့တွေ့ရအောင် ညီမတော်ကို လာခေါ်တာပေါ့"

ခင်ခင်လတ်၏ စကားအသွားအလာ သိပ်မမှန်လှဟု ခင်ခင်လေး ထင်သည်။ သို့ အတွက်လည်း ရတက်မအေးရှိသည်။

"မောင်ကြီးနန္ဒ စခန်းမှာရှိသလား"

"သူနေမကောင်းနေဘူး၊ တော်တော် နေမကောင်းနေဘူး၊ သူ့အသက်ကို မီချင် ရင် မြန်မြန်လိုက်ခဲ့ပေတော့"

ခင်ခင်လတ် ယင်းသို့ စကားပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသည်။ ခင်ခင် လေး ခေတ္တမျှ တုန့်ဆိုင်းနေပြီးနောက် အထူးအထွေ စဉ်းစားမနေတော့ဘဲ ခင်ခင်လတ် နောက်သို့ လိုက်ပါသွားသည်။

သူတို့နှစ်ယောက် အနောက်ဘက် ကြောင်လိန်လှေကားမှ ဆင်းသည်။ ခင်ခင် လေးက မြင်းဇောင်းသို့သွားမည်ပြုသည်။ ခင်ခင်လတ်က တားသည်။ မလှမ်းမကမ်း ထွက်ခဲ့ကြသည်။ အဘညို၏တဲတွင် ခင်ခင်လတ်၏မြင်းရှိသည်။

ညီအစ်မနှစ်ယောက် မြင်းတစ်စီးတည်းဖြင့် ခရီးဆက်ခဲ့ကြသည်။

လမ်းတွင် စကားမပြောကြ၊ ကိုယ့်စိတ်ကူးနှင့်ကိုယ် လိုက်ပါလာကြသည်။ ခင်ခင် လေးသည် နန္ဒအတွက် ပူပန်လျက်ရှိသည်။ အသက်မီမှ မီပါ့မလားဟု စိုးရိမ်နေ သည်။

အရုဏ်တက်၍ ရန်ကင်းတောင်စခန်းသို့ ရောက်ရှိသွားကြသည်။ ရောက်သည်နှင့် ချက်ချင်းမှာပင် တွေ့ရှိကြရသည်။ နန္ဒသည် ခင်ခင်လတ်ပြောသလိုမဟုတ်။ အကောင်းပကတိ ပင်။ ခင်ခင်လေးက အစိမ့်ဟယ်နားမလည်သည့်အနေဖြင့် ခင်ခင်လတ်ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ နန္ဒကလည်း ခင်ခင်လတ်နှင့် ခင်ခင်လေးကို နားမလည်သည့်အမူအရာဖြင့် ကြည့်နေသည်၊ ပြီးမှ…

''နေပါဦး…ဘယ်လိုဖြစ်လာကြတာလဲ၊ ကိုနန္ဒတို့က ခင်ခင်လတ်ပျောက်လို့ လိုက်ရှာနေကြတာ၊ ခင်ခင်လတ်က ဘာမပြောညာမပြောနဲ့ ဘယ်ကိုသွားလိုက်တာလဲ နှမငယ်က ဘယ်ကနေ ဘယ်လိုပါလာတာလဲ''

ဤတွင် ခင်ခင်လေးက…

''မောင်ကြီးနန္ဒ နေမကောင်းဘူးဆိုပြီး အစ်မတော် လာခေါ်လို့ နှမငယ်လိုက်လာတာ''

နန္ဒက ခင်ခင်လတ်ကို စူးစမ်းသည့်အနေဖြင့် ကြည့်သည်။

''ကိုနန္ဒက ခင်ခင်လတ်ကို နေ့စဉ်ပဲ သတိရနေတယ်မဟုတ်လား၊ ညဦးပိုင်းထဲ ညီမတော်ရဲ့နာမည်ကို ကျောက်နံရံမှာ မီးသွေးခဲနဲ့ ရေးခြယ်နေသေးတယ်မဟုတ်လား၊ ဒါကြောင့် ခင်ခင်လတ် ညီမတော်ကို လာခေါ်တာ။ ခရီးကြန့်ကြာနေမှာစိုးလို့ မောင်ကြီးနန္ဒ နေမကောင်းဘူးလို့ မုသားသုံးခဲ့ရတာ အစ်မတော်ကို ခွင့်လွှတ်ပါ''

''ညီမတော်မလာတာက တံခွန်တိုင်အိမ်ကြီးမှာ အထောက်တော်လုပ်ဖို့ တာဝန်ရှိနေတယ်မဟုတ်လား''

''အခု တံခွန်တိုင်အိမ်ကြီးမှာ အထောက်တော်တာဝန် ထမ်းဆောင်ဖို့ နန်းမွှန်ရှိနေပြီမဟုတ်လား၊ အဘညိုက နန်းမွှန်ဟာ ခင်ခင်လေးလိုပဲ စိတ်ချအားကိုးရပါတယ်တဲ့''

နန္ဒနှင့် ခင်ခင်လေး တစ်ဦးကိုတစ်ဦး ကြည့်သည်။ ပြီးတော့ ခင်ခင်လတ်ကို ကြည့်ကြသည်။ ခင်ခင်လတ်ပြုံးသည်။ ပြီးတော့ ဝေးသော ဝေးရာသို့ ထွက်ခွာသွားသည်၊ ခင်ခင်လတ်သည် သူမ၏ သန့်စင်မွန်မြတ်သော မေတ္တာကို ထုတ်ဖော်လိုက်လေပြီတကား။

နန္ဒက ခင်ခင်လေး၏ကိုယ်လုံးကလေးကို ညင်သာစွာ သိုင်းဖက်လိုက်သည်။ ညသည် မွေးပျံ့လျက်။ ညသည် ကြည်နူးလျက်။ ညသည် တမ်းဆွတ်လျက်။



## ၉ ၀ သုညခေတ် [ က ]

သိယံနံတန်ဆောင်၊ ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချီးနှိမ်းတည်း၊ ထီးသုန်နန်းသုန်း၊ မြို့သုန်းသုညာ၊ သုံးသုညဖြင့်၊ သုညရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှ တည့် ဩော်…ကောင်း၏။

ဆီးဘန်းနီဆရာတော်

မောင်မောင်လတ်သည် တံခွန်တိုင်အိမ်ကြီးဆီသို့ မမှိတ်မသုန် ကြည့်နေသည်၊ ညနေဦးခေါင်းအချိန်ဖြစ်သည်။ တံခွန်တိုင်ချောင်းရေအလျဉ်သည် တငြိမ့်ငြိမ့်စီးဆင်းနေသည်။ မောင်မောင်လတ်၏မျက်နှာ တင်းမာခက်ထန်လာသည်။

မင်းလည်း လက်နက်ချချေပြီ။ မင်းညီမင်းသားများလည်း လက်နက်ချချေပြီ။ မှူးမတ်ဗိုလ်ပါတို့လည်း လက်နက်ချချေပြီ။ မြို့စားနယ်စားနှင့် သူဋ္ဌေးသူကြွယ်တို့လည်း လက်နက်ချချေပြီ။

သို့တစေ ငါတို့မူကား လက်နက်မချနိုင်။

မင်းညီမင်းသားတို့လည်း ရန်သူနှင့်ပေါင်းချေပြီ။ မှူးမတ်ဗိုလ်ပါတို့လည်း ရန်သူနှင့်ပေါင်းချေပြီ။ မြို့စားနယ်စားနှင့် သူဋ္ဌေးသူကြွယ်တို့လည်း ရန်သူနှင့်ပေါင်းချေပြီ။

သို့တစေ ငါတို့မူကား ရန်သူနှင့်မပေါင်းနိုင်။

မင်းညီမင်းသားတို့သည် ရန်သူပေးသောဘွဲ့ကို ယူချေပြီ။ ရန်သူပေးသော ရာထူးကို ယူချေပြီ။ ရန်သူပေးသော ဥစ္စာကြေးငွေကို ယူချေပြီ။ မှူးမတ်ဗိုလ်ပါတို့လည်း ထို့အတူပင် မြို့စားနယ်စားနှင့် သူဋ္ဌေးသူကြွယ်တို့လည်း ထို့အတူပင်။

သို့တစေ ငါတို့မူကား ရန်သူပေးသောဘွဲ့ကိုမယူလို။ ရန်သူပေးသော ရာထူးကိုလည်း မယူလို။ ရန်သူပေးသော ဥစ္စာကြေးငွေကိုလည်း မယူလိုပေ။

ရန်သူတွင်…

လက်နက်ကောင်းများရှိသည်ကိုလည်း ငါတို့သိပါသည်။ လက်နက်အင်အားများပြားသည်ကိုလည်း ငါတို့သိပါသည်။ စစ်အတတ်ပညာ ကျွမ်းကျင်ကြွယ်ဝသည်ကိုလည်း ငါတို့သိပါသည်။ ပရိယာယ်ဝေဝုစ် များပြားသည်ကိုလည်း ငါတို့သိပါသည်။

သို့တစေ…

ငါတို့သည် ရန်သူ၏လက်နက်များကိုလည်း မကြောက်ပါ။ ရန်သူ၏တပ်ခွဲ၊ တပ်ရင်း၊ တပ်မဟာနှင့် တပ်မကြီးများကိုလည်း မကြောက်ပါ။ ငါတို့သည် သေရန်မှတစ်ပါး အခြားမရှိနိုင်ပါ။

www.burmeseclassic.com

ငါတို့သည် ရန်သူကိုလည်း တိုက်ရမည်။ ရန်သူ၏ခြေရံသင်းပင်းများကိုလည်း တိုက်ရမည်၊ ရန်သူနှင့် ပူးပေါင်းသွားသူများကိုလည်း တိုက်ရမည်။ ရန်သူဖက်သို့ ကူးပြောင်းသွားသူများကိုလည်း တိုက်ရမည်။ ရန်သူထံ ဒူးထောက်သွားသူများကိုလည်း တိုက်ရမည်၊

ရန်သူနှင့် ပူးပေါင်းသွားသူများသည်၊ ရန်သူဖက်သို့ ကူးပြောင်းသွားသူများသည် ရန်သူထံ ဒူးထောက်သွားသူများသည်··

ငါတို့နှင့် ခင်မင်ရင်းနှီးသူများပင် ဖြစ်ပေစေ၊ ငါတို့၏မိတ်ဟောင်းဆွေဟောင်းများပင် ဖြစ်ပေစေ၊ ငါတို့၏ ဆွေမျိုးညာတကာများပင် ဖြစ်ပေစေ၊ ငါတို့၏ ညီအစ်ကိုမောင်နှမများပင်ဖြစ်ပေစေ၊ ငါတို့၏ သားသမီး မိဘများပင် ဖြစ်ပေစေ၊ ငါတို့သည် ညှာမတာ ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက်ကြရပေမည်။

မောင်မောင်လတ်သည် တံခွန်တိုင်အိမ်ကြီးဆီသို့ မမိုတ်မသုန်ကြည့်နေသည်။ ညသန်းခေါင်အချိန်ဖြစ်သည်။ တံခွန်တိုင်ချောင်းရေအလျဉ်သည် တငြိမ့်ငြိမ့် စီးဆင်းနေသည်၊ မောင်မောင်လတ်၏မျက်နှာသည် တင်းမာခက်ထန်လျက်ရှိသည်။

[ ● ]

တံခွန်တိုင်ကုန်းမြင့်ဆီမှ မဲမဲသဏ္ဌာန်တစ်ခုလာနေသည်ကို ငွေနှင်းမှုန်မှုန်တွင် ညို့ညို့ရေးရေး တွေ့မြင်ရသည်။ မောင်မောင်လတ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

''အဘညို··အဘညို ဟိုမှာလာနေပြီ၊ နန်းမွန် လာနေပြီ''

မောင်မောင်လတ် ဝမ်းသာတကြွသောလေသံဖြင့် ပြောသည်။ တံခွန်တိုင်ကုန်းမြင့်ဆီသို့ အဘညို ကြည့်သည်။ ဘာမျှမတွေ့မြင်ရပါ။ သူ၏မျက်လုံးများ မကောင်းတော့ပြီဖြစ်သည်။ ဘာမှမမြင်မတွေ့သော်လည်း ယုံကြည်စိတ်ချသော လေသံဖြင့် ပြောသည်။

''သူမလာဘဲမနေပါဘူး၊ လာပါလိမ့်မယ်လို့ ငါပြောတယ်မဟုတ်လား''

တံခွန်တိုင်ချောင်းနံဘေးတွင် တစ်ညခြား သန်းခေါင်ယံအချိန်တွင် တွေ့ကြမည်ဟု တစ်နေ့က ခင်ခင်လေးနှင့် နန်းမွန်ကို အဘညို အချိန်းအချက်ပြုခဲ့သည်မဟုတ်ပါလား။ အချိန်းအချက်ပြုပြီး နောက်တစ်နေ့ညတွင် ခင်ခင်လေး မိမိတို့စခန်းသို့ ရောက်ခဲ့သည်။ တံခွန်တိုင်အိမ်တွင် နန်းမွန်တစ်ယောက်တည်း ကျန်ရစ်သည်။

နန်းမွန်သည် အချိန်းအချက်ပြုထားသည်ကို သတိရပါမည်လော၊ သတိရသော်လည်း တိုင် ခင်ခင်လေးမရှိတော့သဖြင့် စိတ်ဝင်စားပါဦးမည်လော၊ မိမိတို့လိုလားသော သတင်းများကို စနည်းနာခြင်းကော ပြုခဲ့ပါမည်လား။



မောင်မောင်လတ်တို့ မပြောနိုင်ပါ။ သို့သော် တိုင်းပြည်၏အခြေအနေ၊ စစ်ရေးအခြေအနေများသည် လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသဖြင့် နေပြည်တော်သတင်းများ၊ တံခွန်တိုင်သတင်းများကို သိရှိရယူလိုသဖြင့် တံခွန်တိုင်ချောင်းကမ်းနဖူးတွင် မောင်မောင်လတ်နှင့် အဘညိုတို့ ရောက်ရှိနေကြခြင်းဖြစ်သည်။ နန်းမွန်ရောက်လာမည်ကို စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

မင်းညီမင်းသားနှင့် မှူးမတ်ဗိုလ်ပါအများ အင်္ဂလိပ်ဖက်သို့ ပေါင်းဝင်သည်နှင့် တစ်ချိန်တည်းမှာပင် မြို့စားနယ်စားနှင့် သူဌေးသူကြွယ်တို့ အင်္ဂလိပ်ဖက်သို့ ပေါင်းဝင်သည်နှင့် တစ်ချိန်တည်းမှာပင်၊ အချို့သော မင်းညီမင်းသားနှင့် မှူးမတ်ဗိုလ်ပါတို့သည် အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်ရန် ပြင်ဆင်စည်းရုံးလျက်ရှိကြသည်။ မြို့စားနယ်စား သူဌေးသူကြွယ်အချို့သည် မိမိတို့မြို့နယ်များကို အခိုင်အခန့်စည်းကြပ်ပြီးလျှင် အင်္ဂလိပ်တပ်များ၏ အလှုပ်အရှားကို စောင့်ကြည့်နေကြသည်။

ဖျက်သိမ်းလိုက်သောတပ်ဖွဲ့များမှ စစ်သည်ရဲမက်ပေါင်းများစွာတို့သည်လည်း နီးစပ်ရာ မျိုးချစ်အင်အားစုများသို့ ပေါင်းစပ်စုစည်းကြသည်။ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသော ပြည်သူအများသည် အခြေခံအင်အားကြီးအဖြစ် တဖြည်းဖြည်း ခိုင်မာသိမ်းဆည်းလျက်ရှိနေသည်။

ယင်းအခြေအနေကို သိမြင်သော အင်္ဂလိပ်ကျူးကျော်သူများသည် ခုခံတွန်းလှန်ရေး ပြည်သူ့အင်အားစုများကို ချေမှုန်းတိုက်ခိုက်ရန် စစ်ဆင်ရေးများ အပြင်းအထန် ပြုလုပ်လာတော့သည်။ အထူးသဖြင့် နေပြည်တော်လုံခြုံစိတ်ချရေးအတွက် နေပြည်တော်ဝန်းကျင်တွင် တပ်များဖြန့်ထားသည်။ ကင်းတို ကင်းရှည်များချထားသည်။

ယနေ့နံနက်ပိုင်းက တံခွန်တိုင်အိမ်ကြီးတွင်လည်း အင်္ဂလိပ်တပ်သားများ စွဲရပ်ချထားကြောင်း မောင်မောင်လတ်တို့ သိရှိရသည်။ သို့သော် လူအင်အား လက်နက်အင်အားနှင့် စခန်းအနေအထားကို ကောင်းစွာမသိရှိကြရချေ။ ထို့ပြင် နေ့လယ်ပိုင်းမှစကာ ညနေပိုင်းအထိ လှည်းအစီးပေါင်းများစွာနှင့် တံခွန်တိုင်အိမ်ကြီးသို့ သံသေတ္တာများ သယ်ယူပို့ဆောင်ကြောင်းကိုလည်း သိရှိရသည်။ သို့သော် ယင်းသေတ္တာများတွင် မည်သည့်ပစ္စည်းများပါဝင်ကြောင်း မောင်မောင်လတ် မသိရှိရပေ။ ယင်းအချက်များကို သိရှိလိုသဖြင့် သူတို့ နန်းမွန်ကို အထူးပင် မျှော်လင့်တောင့်တလျက် ရှိကြခြင်းဖြစ်သည်။

ကျူးကျော်သူများကို ခုခံတိုက်ခိုက်နိုင်ရန် ကျောက်ဆည်တောင်ခြေတွင် မိုးသားတပ်များ၊ ပုသိမ်ကြီးတစ်ဝိုက်တွင် ဗိုလ်ချင်း၏တပ်များ၊ တံတားဦးဒေသဝိုက်တွင် မင်းကျော်ရင်၏တပ်များ၊ အနောက်ဘက်ကမ်းတွင် ဗိုလ်ရိုင်း၏တပ်များ၊ မင်းကြီး ဗိုလ်လှ၏တပ်များ၊ ထိပ်တင်မှတ်နှင့် ထိပ်တင်သိမ်တို့၏တပ်များ အလှည့်အထပ်နှင့် ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com



ည်း နေပြည်တော်နှင့် အနီးကပ်ဆုံးတွင်ကား မိမိတို့တပ်ဖွဲ့များသာ ထိုးတည်းချည်းရှိနေပေသည်။

အထူးသဖြင့် ယနေ့နံနက်ပိုင်းမှအစပြုလျက် မန္တလေးတောင်ခြေ၊ တံခွန်တိုင်ကုန်းမြင့်နှင့် ဗားကရာချောက်တို့တွင် အင်္ဂလိပ်တပ်များချထားသဖြင့် မိမိတို့၏ရန်ကင်းတောင်မြောင်းသည် စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိပြီး မိမိတို့တပ်များ၏ သွားလာလှုပ်ရှားမှုအနေအထား ကျုံ့ရုံ့ကျဉ်းမြောင်းလျက်ရှိတော့သည်။ ကနေ့နက်ဖြန်မှာပင် မိုးကုတ်တောင်ပြင်ဘက်သို့ ဆုတ်ခွာရမည့်အခြေအနေရှိနေသည်။

ယင်းကြောင့်ပင် သူတို့သည် တံခွန်တိုင်အိမ်ကြီးတွင်ရှိသော ရန်သူအခြေအနေနှင့် ရန်သူ့ဝန္တည်းများကို သိရှိလိုကြခြင်းဖြစ်သည်။

နန်းမွန်နှင့်တွေ့ဆုံရန် အဘညိုနှင့် တပ်သားတစ်ဦးသွားရောက်ရန် နန္ဒက စီစဉ်သည်ကို မောင်မောင်လတ်က ပယ်ဖျက်ပြီး အဘညိုနှင့် သူကိုယ်တိုင် လိုက်ပါလာခြင်းဖြစ်သည်။ ရန်သူကင်းများ လက်ယှက်ထိုးနေချိန်တွင် အကြီးအကဲဖြစ်သော မောင်မောင်လတ်အနေနှင့် အရဲမကိုးသင့်ကြောင်း အဘညိုနှင့် နန္ဒတို့က ပြောဆိုသော်လည်း မရချေ။ အရေးကြီးသော သတင်းဖြစ်၍ သူကိုယ်တိုင်ရယူမည်ဟု မောင်မောင်လတ်က ဆိုသည်။

ထိုအခါ မောင်မောင်လတ်သည် နန်းမွန်နှင့်တွေ့ဆုံလိုခြင်းလည်း ရှိပေလိမ့်မည်ဟု နန္ဒ မှတ်ယူသည်။ သို့သော် ဖွင့်၍ကား မပြောဆိုချေ။ အကယ်၍ နန္ဒက ထုတ်ဖော်ပြောဆိုခဲ့လျှင်လည်း မောင်မောင်လတ်က ငြင်းလိမ့်မည်မထင်ချေ။ သူ့အနေနှင့် နန်းမွန်ကို အတော်ကြီးကတည်းကပင် စိတ်ဝင်စားခဲ့ပေသည်။ ယခုလို နန်းမွန် မိမိတို့ဘက်သို့ ပါဝင်လာပြီဆိုတော့ ပို၍တွေ့ချင်လာတော့သည်။

နန်းမွန်ကို စောင့်မျှော်ရသည်မှာ ကပ်ကမ္ဘာပေါင်းများစွာ ကြာညောင်းသည်ဟု မောင်မောင်လတ် အထင်ရောက်မိသည်။

ယခုမှ နန်းမွန် လာချေပြီ။ မိမိကိုယ်ကို သတိထားနေသည့်ကြားကပင် မောင်မောင်လတ်၏ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။

[ ၀

နန်းမွန်သည် တံခွန်တိုင်ချောင်းနှင့်နီးလာသောအခါ တောင်မြောက်လေးပါးကို သတိပြု၍ကြည့်သည်။ တံခွန်တိုင်ချောင်းထိပ်တွင် လှုရိပ်သဏ္ဌာန်နှစ်ခုကို မြင်တွေ့သောအခါ သေသေချာချာ စစ်ဆေးကြည့်ရှုပြီးနောက်-

"အဘညိုတို့လား"

"ဟုတ်တယ်ကွယ့်"

နန်းမွန် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာသည်။ အဘညိုအနီးတွင်ရပ်ပြီး မောင်မောင်လတ်ကို စူးစိုက်ပြီး ကြည့်နေလေသည်။

"မောင်မောင်လတ်နဲ့ နန်းမွန် မတွေ့ဖူးကြဘူးလား"

အဘညိုက မေးသည်။

"ကိုမောင်မောင်လတ်ကို အရင်ကမတွေ့ဖူးပေမယ့် အခုမြင်တာနဲ့တစ်ပြိုင်နက် ကိုမောင်လတ်မှန်း သိပါတယ်"

"ကိုမောင်လတ်ကတော့ နန်းမွန်ကို နန်းမွန်တို့ဆိုင်မှာ တစ်ခါနှစ်ခါ မြင်ဖူးပါတယ်"

အမျိုးသမီးခေါ်သည့်အတိုင်း သူကိုယ်သူ ကိုမောင်လတ်ဟု သုံးနှုန်းလိုက်သည်။

"ကိုမောင်လတ်တို့စခန်းကို ခင်ခင်လေး ရောက်လာသလား"

"ညကပဲရောက်လာတယ်"

"နန်းမွန်ကိုတောင် ဘာမှပြောမသွားဘူး"

"အချိန်မရလို့နဲ့တူပါတယ်၊ သူပျောက်သွားတာကို ဘယ်လိုပြောကြသလဲ"

"ကိုမောင်လတ်တို့ဆီကို သွားမှာပဲလို့ အားလုံးကပဲတွက်ကြတယ်"

"ဒါပဲလား၊ ဘယ်သူက ဘာပြောသေးသလဲ"

"ဘဘုရားကတော့ တော်တော်ဒေါသဖြစ်နေပုံရတယ်၊ ခင်းတို့ ငါ့သမီး မဟုတ်ဘူးတဲ့၊ ဒွေးလေးကတော့ ငိုနေတယ်"

"အစ်မကြီးကကော"

"အင်း··အစ်မကြီးကတော့ ဘာမှမပြောဘူး၊ သူနဲ့ ဘာမှမဆိုင်သလိုပဲ၊ သူ ဘာမှမသိသလိုပဲ"

"အင်း··ဒီလိုပဲဖြစ်ရမှာပေါ့၊ နန်းမွန်ကိုကော သူတို့ဘာပြောကြသေးသလဲ၊ သံသယဖြစ်တဲ့ အရိပ်အယောင် မပြကြဘူးလား"

"မပြောတတ်ဘူး၊ နန်းမွန်ကတော့ သတိထားပြီးနေတာပဲ၊ နောက်ပြီး ကိုယ်ဘာမှမသိတာတွေလဲသိရအောင် ပိုပြီးရောရောနှောနှော နေလိုက်တယ်"

"ဘယ်သူနဲ့ရောတာလဲ"

"ဘဘုရားနဲ့"

"သိပ်လည်းမရောပါနဲ့"

မောင်မောင်လတ်က အမိန့်ပေးသလိုပြောသည်။ နန်းမွန် ငေးကြည့်နေသည်။

"ကဲ-နန်းမွန် သိထားတာတွေ ပြောပါဦး၊ တံခွန်တိုင်မှာ အင်္ဂလိပ်တပ်တွေ ရောက်နေပြီမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဘညိုက မေးလိုက်သည်။

''ဟုတ်တယ်၊ အစောင့်ချထားတာ အားလုံး လူသုံးဆယ်ရှိတယ်၊ ရာဇဝတ်ဝန်ကြီးနဲ့ဆိုရင် သုံးဆယ့်တစ်ယောက်ပေါ့''

''ရာဇဝတ်ဝန်ကြီး ရှိတယ်ဟုတ်လား''

မောင်မောင်လတ်က အားတက်သရော မေးသည်။

''ရှိတယ်၊ သူတို့ရဲ့တပ်က ပလိပ်မှာချထားတယ်၊ လူတစ်ရာလောက်ရှိတယ်တဲ့၊ အဲဒီတပ်ကို ရာဇဝတ်ဝန်ကြီးက ဒီကနေ အုပ်ချုပ်မှာတဲ့၊ စားနပ်ရိက္ခာနဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကိုလည်း တံခွန်တိုင်ကနေ ပို့ပေးနေမှာတဲ့''

''လက်စသတ်တော့ သူတို့ရဲ့တပ်က ပလိပ်မှာပဲ၊ တံခွန်တိုင်မှာ နောက်ဆောင်တပ်ချထားတာပဲ''

''ဟုတ်တယ်၊ သူတို့တပ်က နောက်တစ်ရက် နှစ်ရက်ဆိုရင် ကျောက်တော်ဘက်တို့ ချီတက်မယ်တဲ့''

''နေပါဦး၊ နေ့လယ်က လှည်းတွေနဲ့သယ်လာတဲ့ သေတ္တာတွေက ဘာသေတ္တာတွေလဲ''

''သေတ္တာတွေသယ်လာတာ ကိုမောင်လတ်တို့ သိသလား''

''သိတယ်၊ အထဲမှာ ဘာတွေပါမှန်းတော့မသိဘူး''

''ကျည်ဆံတွေ၊ ယမ်းတွေ''

''များလှချည့်လား''

''ဟုတ်တယ်၊ ရာဇဝတ်ဝန်ကြီးက မြေအောက်ဥမင်ကို သဘောကျလို့တဲ့၊ လက်နက်တိုက် လုပ်မလို့တဲ့''

''ဒါဖြင့် အဲဒီသေတ္တာတွေ ဥမင်ထဲမှာပေါ့ ဟုတ်လား''

''ဟုတ်တယ်''

''ရာဇဝတ်ဝန်ကြီးက ဘယ်အခန်းမှာလဲ''

''ဥမင်တံခါးပေါက်ရှိတဲ့ အခန်းမှာ''

''စစ်သားတွေကကော''

''တချို့က မြင်းဇောင်းထဲမှာ၊ တချို့က ခွေးလှောင်အိမ်တွေနားမှာ အဝင်ထိုးပြီး နေတယ်၊ တံခါးမကြီးမှာလည်း ကင်းချထားတယ်''

''သူရကော''

''ရှိတယ်၊ လှေကားခြေရင်းက အခန်းမှာ''

''ကဲ-ဒါဖြင့် နန်းမွန်ပြန်တော့၊ ကနေ့မနက် အရုဏ်တက်မှာ တံခွန်တိုင်အ



ဆို ကိုမောင်လတ်တို့ ဝင်စီးမယ်၊ နန်းမွန်တာဝန်က အခုပြောတဲ့အတိုင်း မထူးခြားဘူးဆိုရင် နန်းမွန်အခန်းပြတင်းပေါက်မှာ တန်ဆောင်တိုင်တုန်းကသုံးတဲ့ မီးပုံးတစ်လုံး ထွန်းပြီးချိတ်ထား။ ဒါမှမဟုတ်လို့ ရန်သူအင်အားများလာတယ်၊ နောက်ထပ် တပ်တွေ ရောက်လာတယ်၊ ရန်သူ နိုးနိုးကြားကြားရှိနေတယ်၊ ကိုလတ်တို့ မတိုက်သင့်ဘူးဆိုရင် မီးမထွန်းဘဲ မှောင်ချထား''

''ဟုတ်ကဲ့''

''အရုဏ်တက်နော်၊ တုံးခေါက်သံကြားတာနဲ့တစ်ပြိုင်နက် မီးပုံးထွန်းပေတော့၊ အိပ်လည်းပျော်နေဦးမယ်''

''နန်းမွန် မအိပ်ပါဘူး၊ နောက်ထပ် နန်းမွန် ဘာလုပ်ရဦးမလဲ''

''တိုက်ပွဲဖြစ်ရင်တော့ နန်းမွန်ဘာသာ အခြေအနေကြည့်ပြီး လုပ်ပေါ့၊ ကိုမောင်လတ်တို့ဘက်ကို လာလို့ရရင်လည်း လာ၊ ဒါမှမဟုတ် အတွင်းကနေပြီး တိုက်နိုင်ရင်လည်း တိုက်၊ အခြေအနေမလှရင် အသာကလေးငြိမ်နေ၊ သူတို့နဲ့ ဣန္ဒြေမပျက်နေပေါ့၊ သူတို့ပုန်းရင်ပုန်း၊ သူတို့ပြေးရင်ပြေးပေါ့၊ သူတို့ကို ကိုယ့်ကိုမသင်္ကာလို့ အန္တရာယ်ပေးလာမယ်ဆိုရင်တော့ ကိုယ်က လက်ဦးပေစေပေါ့''

[ ၁၁ ]

[illegible]၏အိပ်ခန်းပြတင်းမှ မီးပုံးနီပေါ်ထွက်လာမည့်အချိန်ကို မောင်မောင်လတ်တို့ စောင့်ဆိုင်းလျက်ရှိကြသည်။

မိမိတို့တပ်များသည် တံခွန်တိုင်ကုန်းမြင့်ကို ဝိုင်းဝန်းထားပြီး ဖြစ်သည်။ ဤ[illegible]ပွဲသည် မိမိဖက်မှ ထိုးစစ်ဖြစ်သည်ကတစ်ကြောင်း၊ တံခွန်တိုင်အိမ်ကြီးတွင် ရှိနေ[illegible] ရန်သူ၏လက်နက်ခဲယမ်းမီးကျောက်များကို အပြီးအပိုင် ဖျက်ဆီးပစ်နိုင်ရန် လိုအပ်[illegible]တစ်ကြောင်း၊ တံခွန်တိုင်ကုန်းမြင့်၏ ခံစစ်အနေအထား ကောင်းမွန်သည်ကတစ်[illegible] ခံစစ်ကို ကြီးကြပ်သည့်သူများသည် စစ်ရေးပရိယာယ်ကြွယ်ဝသူများဖြစ်သည့်[illegible]လည်းကောင်း၊ ဤတိုက်ပွဲပြီးလျှင် မိမိတို့သည် တောတောင်ရေမြေ အနေအထား[illegible]မွန်ရာသို့ ဆုတ်ခွာတော့မည်ဖြစ်၍လည်းကောင်း၊ ဤတိုက်ပွဲတွင် မိမိတို့သည် [illegible]အားသုံး၍ တိုက်ခိုက်ကြမည်ဖြစ်သည်။ လက်နက်အင်အား၊ ကျည်အင်အားကို [illegible] တိုက်ခိုက်ကြမည်ဖြစ်သည်။

သင်းအပြင်…

တံခွန်တိုင်ကုန်းမြင့်သည် ရန်သူဌာနချုပ်နှင့် နီးကပ်လွန်းသည်ကြောင့်တစ်[illegible] ရန်သူစစ်ကူတပ်များ နေရာမရွေးမှ ရောက်ရှိလာနိုင်၍တစ်ကြောင်း၊ ဤတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် မိမိတို့သည် လျင်မြန်မှုကို အလေးထား၍ တိုက်ခိုက်ကြမည်ဖြစ်သည်။ ရုတ်တရက် ဖြစ်ပေါ်သောအဟုန်ကို အသုံးပြု၍ တိုက်ခိုက်ကြမည်ဖြစ်သည်။

သို့ဖြင့် နာမကျန်းသူများ၊ စားနပ်ရိက္ခာများ၊ ခဲယမ်းမီးကျောက်များကို ရှမ်းတောင်တန်းများပေါ်သို့ သယ်ယူပို့ဆောင်နှင့်ရန် လူအနည်းငယ်ကို တာဝန်ပေးအပ်ခဲ့ပြီး နန်းမြို့တော်အတွင်းမှ ရန်သူတပ်များထွက်လာခဲ့လျှင် ဆီးကြိုခုခံရန် တပ်ဖွဲ့အချို့ကို ဘုရားကြီးအနီးတွင်လည်းကောင်း၊ ပလိပ်မှတပ်များ စစ်ကူလာခဲ့လျှင် ကြားဖြတ်တားဆီးရန် တပ်ဖွဲ့အချို့ကို တောင်သမန်အင်းစစ်တပ်နေရာတွင်လည်းကောင်း၊ လိုအပ်သောအချိန်တွင် အသုံးပြုရန် လျာထားသောစစ်ကူတပ်ကို အရှေ့ဘက် တောစပ်တွင်လည်းကောင်း နေရာချထားပြီးနောက် ကျန်တပ်ဖွဲ့များအားလုံးကို တံခွန်တိုင်ထိုးစစ်တွင် အဓိကတိုက်အားအဖြစ် မိမိတို့အသုံးပြုကြမည်ဖြစ်သည်။

တံခွန်တိုင်ကုန်းမြင့်ကို လျှပ်စီးလက်သည့်နှယ်၊ လေနီကြမ်းတိုက်ခတ်သည့်နှယ် စီးနင်းတိုက်ခိုက်သည့်နေရာတွင် မိမိတို့သည် သုံးဖက်သုံးတန်မှ ဝန်းရံတိုက်ခိုက်ကြမည် ဖြစ်သည်။

အနောက်ဖက်တပ်ဖွဲ့သည် အဘညို၏ယာတဲတွင် အခြေစိုက်သည်။ မောင်ဆောင်လတ်ကိုယ်တိုင် ကွပ်ကဲသည်။ တောင်ဖက်တပ်ဖွဲ့သည် တံခွန်တိုင်ရွာဦးထိပ်ကို အခြေပြုသည်။ နန္ဒအုပ်ချုပ်သည်။ နန္ဒနှင့်အတူ ခင်ခင်လေးရှိနေသည်။ အရှေ့ဖက် တပ်ဖွဲ့သည် တံခွန်တိုင်ချောင်းကမ်းနဖူးတွင် စခန်းချရပ်သည်။ အဘညိုနှင့် ခင်ခင်လတ်တို့ ကြီးကြပ်သည်။

မြောက်ဖက်ကိုလွှတ်ထားသည့် ရန်သူများ နေပြည်တော်ဖက်သို့ ဆုတ်ခွာလိုက ဆုတ်ခွာနိုင်ရန် လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ ဤတိုက်ပွဲ၏ အဓိကပန်းတိုင်သည် ရန်သူများကို တစ်ဦးမကျန် သုတ်သင်ရန်မဟုတ်၊ တံခွန်တိုင်ကုန်းမြင့်ကို စီးနင်းရန်သူလက်နက် ခဲယမ်းမီးကျောက်များကို ဖျက်ဆီးရှင်းလင်းရန်သာ ဖြစ်သည်။

မိမိတို့၏ တိုက်ပွဲနည်းပရိယာယ်သည် အရှေ့ဖက်မှ ကျည်ထုထပ်စွာ ပစ်ခတ်နေစဉ်တွင် အနောက်ဖက်နှင့် တောင်ဖက်မှတပ်များက တက်ရောက် တိုက်ခိုက်ရမည် ဖြစ်သည်။ အနောက်ဖက်တပ်များက စွယ်ရောင်ပြ တိုက်ခိုက်သည့်အခါတွင် အရှေ့ဖက်နှင့် အနောက်ဖက်တို့က ရင်မြေကတုတ်လုပ်၍ တက်ရမည်။ တောင်ဖက်တပ်က မျှစစ်ဆွယ်ပြုသည့်အခါတွင် အရှေ့ဖက်နှင့် အနောက်ဖက်တပ်တို့က တံခွန်တိုင်ကုန်းမြင့်ကို အရအမိ စီးရမည်ဖြစ်သည်။ ရံခါတွင် သုံးဖက်စလုံးတက်ဟန်ပြု၍ သုံးဖက်စလုံး ဆုတ်ဟန်ပြုသည်လည်း ရှိရမည်။

မိမိတို့သည် ရန်သူကို ပဥ္စလက်စစ်ဆင်နည်းဖြင့် တိုက်ခိုက်ကြရမည်ဖြစ်သည်။



ယင်းအခိုက်တွင် တံခွန်တိုင်အိမ်ကြီး၏တစ်ခုသော လေသာပြတင်းတွင် ရဲရဲနီသော မီးပုံးတစ်ခုပေါ်လာသည်။

[ ၄ ]

မြို့ပြအုပ်ချုပ်ရေးအဖွဲ့တွင် ရာဇဝတ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေရသော ဘင်္ဂလားခြေလျင်တပ်ရင်းမှူး ဗိုလ်မှူးကာပင်တာသည် အာဖရိကတိုက်တွင် နှစ်ရှည်လများ အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ သူသည် အဘယ်မျှပင် အိပ်ရေးပျက်၍ အိပ်မောကျနေသည် ဖြစ်စေ တိုင်းရင်းသား ဗုံသံကြားလျှင် နိုးလာရမြဲဖြစ်သည်။ သူ၏အတွေ့အကြုံအရ အာဖရိကဗုံသံများသည် ဟိုမှသည်မှ ပေါ်ထွက်လာသည်။ ထို့နောက် တောကြီးမျက်မည်းအတွင်းမှ ဆိပ်လူးမြားနှင့် လှံတိုများ ကိုင်ဆောင်ထားသော တိုင်းရင်းသားများ ထွက်ပေါ်လာသည်။

မြန်မာနိုင်ငံတွင်ကား ထိုသို့မဟုတ်ချေ၊ မောင်းကြီးများကို တီးခတ်သောအသံကြားရတတ်သည်။ မောင်းသံသည် အာဖရိကဗုံသံကဲ့သို့ ပြာက်တောင်းခြင်းမရှိ၊ ပထမ ကျယ်လောင်စွာမြည်ဟည်းပြီး အချိန်အတန်ကြာသည်အထိ ပွဲတင်သံထပ်နေတတ်သည်။ မောင်းများကို အဆက်မပြတ် ထုခတ်သောအခါ မိမိပတ်ဝန်းကျင်မှ လေထုပင်လျှင် လှိုင်းတွန့်နေသည်ဟု ထင်ရသည်။

သို့သော် ယခုကြားရသောအသံသည် ဗုံသံလည်းမဟုတ်ချေ။ မောင်းသံလည်း မဟုတ်ချေ။ ရွှမ်းခနဲ ရွှမ်းခနဲ မြည်သံဖြစ်သည်။ အတန်ကြာ စဉ်းစားမိမှ ကြာပွတ်သံဖြစ်ကြောင်း သိရသည်။

ကြာပွတ်သံများသည် နေရာအနှံ့မှ ထွက်ပေါ်နေသည်။ အဆက်မပြတ် ထွက်ပေါ်နေသည်။ တစ်ပြိုင်နက်တည်း ထွက်ပေါ်နေသည်။ တိတ်ဆိတ်သောညဝယ် ခေါင်းလောင်းကြီးဖွယ်ရာ ကျောချမ်းဖွယ်ရာဖြစ်သည်။ အကြောအခြင်များ စိမ့်၍စိမ့်၍သွားသည်။

ဗိုလ်မှူးကာပင်တာသည် ချက်ချင်းပင် အခန်းတွင်းမှထွက်ခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းတွင် မြန်မာလွှတ်တော်ဝန်ထောက်နှင့် မြန်မာရာဇဝတ်အုပ်ကလေး သူရတို့ကို အဆင်သင့်တွေ့ရသည်။

"ကျွန်ုပ်ကြားနေရတာ ကြာပွတ်သံတွေမဟုတ်လား"

"မှန်ပါတယ်သခင်"

သူရက ဖြေသည်။

"ဘာလုပ်ကြတာလဲ"

"ကျွန်ုပ်၏သားနှင့်သမီးတို့ ခေါင်းဆောင်တဲ့ ရဲမက်လက်ရုံးကိုင်များက တံခွန်

www.burmeseclassic.com

www.burmeseclassic.com



တိုင်အိမ်ကြီးကို တိုက်ခိုက်သိမ်းပိုက်ဖို့ ဗိုင်းရံချီတက်လာကြခြင်း ဖြစ်ပါတယ်''

မြို့စားကြီးက ပြောသည်။ သူရက စကားပြန်အဖြစ် ဆောင်ရွက်သည်။

''အိုး..အရူးပဲ၊ သူတို့အရူးပဲ''

''သူတို့မရူးပါဘူး၊ တံခွန်တိုင်အိမ်ကြီးကို သူတို့တိုက်ခိုက်သိမ်းပိုက်ကြမှာ အမှန်ပါပဲ''

နန်းမွန် လေကားမှဆင်းလာသည်။ ဗိုလ်မှူးကာပင်တာ လေကားဆီသို့ တစ်ချက်ကြည့်ပြီး ပြောသည်။

''တံခွန်တိုင်ကုန်းမြင့်ပတ်ပတ်လည်မှာ ကျွန်ုပ်၏စစ်သားတွေက ယမ်းဘီလူးတွေ ချထားပါတယ်၊ သည်ယမ်းဘီလူးတွေကို ဖြတ်လာတဲ့လူတွေအားလုံး သေမှာပဲ၊ များများလာရင် များများသေမှာပဲ၊ နည်းနည်းလာရင် နည်းနည်းသေမှာပဲ''

နန်းမွန်လေကားပေါ်တွင်ရပ်ပြီး နားထောင်နေသည်။ ယမ်းဘီလူးတွေ ချထားသည်ဆို၍ မစဉ်းစားတတ်အောင်ရှိနေသည်။

''ယမ်းဘီလူးတွေချထားတာ ကျွန်ုပ်တို့ မသိပါလား''

ဗိုလ်မှူးကာပင်တာက ဆေးတံမီးညှိပြီးမှ နန်းမွန်ကိုလက်ညှိုးထိုးကာ ပြောသည်။

''ညသန်းခေါင်ယံအချိန်မှာ သည်မိန်းကလေးတစ်ယောက်တည်း အရှေ့ဖက်ချောင်းကို သွားပါတယ်၊ လူနှစ်ယောက်နဲ့ စကားပြောပါတယ်၊ ဒါကြောင့် သည်မိန်းကလေးပြန်လာပြီးတဲ့ နောက်ပိုင်းမှာ ကျွန်ုပ်၏လူများက ယမ်းဘီလူးများကို ချထားရပါတယ်''

ဗိုလ်မှူးကာပင်တာ၏စကားကြောင့် မြို့စားကြီးနှင့်သူရတို့ ကြီးစွာထိတ်လန့်ခြင်းဖြစ်ကြရသည်။ နန်းမွန်ကို သွေးဆုတ်သောမျက်နှာများဖြင့် ကြည့်ကြသည်။ နန်းမွန် အိပ်မွေ့မျက်ရပ်နေသည်။ ဗိုလ်မှူးကာပင်တာသည် အေးဆေးစွာပင် ဆေးတံကို ရှိုက်ဖွာနေသည်။

အိန္ဒိယတိုင်းရင်းသား စစ်ဗိုလ်တစ်ဦး ကမန်းကတန်း ရောက်လာသည်။ ဗိုလ်မှူးကာပင်တာကို အလေးပြုပြီးနောက်..

''ဗမာလူဆိုးတွေ လာနေကြပါပြီ၊ မီးတုတ်တွေ ကိုင်ထားပါတယ်''

ဗိုလ်မှူးကာပင်တာ ခေါင်းညိတ်သည်။

''အနောက်ဖက်က ပြတင်းပေါက်တစ်ခုမှာ မီးပုံးတစ်ခု ချိတ်ထားပါတယ်၊ ဗမာလူမျိုးတွေကို သည်အိမ်ထဲကနေ အချက်ပြတာဖြစ်ပါတယ်''

ဗိုလ်မှူးကာပင်တာက ဆေးတံမီးခိုးများကို ဖြတ်ပြီး နန်းမွန်ကိုကြည့်သည်။ ကြာပွတ်သံများ မှန်မှန်ထွက်ပေါ်လျက်ရှိသည်။



''ကျွန်ုပ်မှားသွားတယ်၊ ကျွန်ုပ် ညကတည်းက သူ့ကိုဖမ်းပြီး သတ်လိုက်ဖို့ကောင်းတယ်၊ ကျွန်ုပ် သူ့ကို တည်ကြက်အလိုက်မွေးထားမိတာ မှားသွားတယ်၊ သည်မိန်းကလေး သူလျှိုဆိုတာ မနေ့ကမနက်ကတည်းက ကျွန်ုပ်ရိပ်မိခဲ့တယ်၊ ဒါ ကျွန်ုပ်အမြစ်ပဲ၊ ဒါ ကျွန်ုပ်အပြစ်ပဲ''

ဗိုလ်မှူးကာပင်တာသည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သည့်အလား တဖျစ်တောက်တောက် ရေရွတ်လျက်ရှိတော့သည်။

[ ၈ ]

တံခွန်တိုင်ကုန်းမြင့်ဆီမှ ကျယ်လောင်ပြင်းထန်သော ပေါက်ကွဲသံကြီးကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသောအခါ မြန်မာမျိုးချစ်တပ်သားများ အံ့အားသင့်သွားကြသည်။ မိမိတို့ဘက်က မပစ်မခတ်ဘဲနှင့် ရန်သူဖက်တွင် ပေါက်ကွဲခြင်းသည် မည်သည့်အခြင်းအရာဖြစ်ရသနည်းဟု စဉ်းစားကြသည်။

သူတို့အားလုံး ရောက်ရာဌာနတွင် ရပ်တန့်၍နေလိုက်ကြသည်။ ကြာပွတ်သံများကို ရပ်ထားလိုက်ကြသည်။ တံခွန်တိုင်အိမ်ကြီး၏ အခြေအနေကို စောင့်ကြည့်နေကြဖြစ်သည်။ သို့သော် တံခွန်တိုင်ကုန်းမြင့်ဆီမှ နောက်ထပ် မည်သည့်ပေါက်ကွဲသံမျှ မကြားရ၊ မည်သည့်ထူးခြားမှုမျှ မတွေ့ရ။

ထိုအခါ တပ်မှူးများဖြစ်ကြသော မောင်မောင်လတ်၊ အာဘညို၊ နန္ဒ၊ ခင်ခင်နှင့် ခင်ခင်လေးတို့သည် အခြေအနေမှန်ကို အတော်ကြီးနီးကပ်စွာ မှန်းဆလိုက်နိုင်သည်။ မိမိတို့တပ်များ ချီတက်လာရန် မီးပုံးချိတ်ဆွဲ၍ အချက်ပြပြီးနောက် နန်းမွန် တံခွန်တိုင်အိမ်ကြီးတွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် ထိတ်တဆိတ်ထွက်လာခြင်းဖြစ်ပေလိမ့်မည်။ ထိုအခါ ရန်သူတို့ စီမံပြုလုပ်ထားသော မြေမြှုပ်မိုင်းကို နင်းမိခြင်းဖြစ်ပေလိမ့်မည်။

ရန်သူများက မြေမြှုပ်မိုင်းများ ချထားမထား လက်တွေ့သိနိုင်ရန်အတွက် နန္ဒသည် ကျွဲအုပ်တစ်အုပ်ကို တံခွန်တိုင်ကုန်းမြင့်ဆီသို့ မောင်းသွားသည်။ ရန်သူတို့က မြင်ခဲ့တယ်သည်။ နန္ဒသည် ကျည်ဆံများ တဖွဲဖွဲကျနေသည့်ကြားကပင် ကျွဲအုပ်ကြီး၏နောက်မှ မြင်းအုပ်ဖြင့် ပိတ်မောင်းကာ တံခွန်တိုင်ကုန်းမြင့်ရင်းသို့ အတင်းအဓမ္မမောင်းသည်။ မိုးနစ်လုံးပေါက်ကွဲသည်။ ကုန်းမြင့်ရင်းနှင့် နီးကပ်စွာရှိနေသောမှ တပ်သားနှစ်ဦး မိုးထိမှန်ပြီး ကျဆုံးသည်။ အခြားသူများလည်း ဒဏ်ရာကိုယ်စီ ရရှိကြသည်။ နန္ဒ၏လက်မောင်းကိုလည်း ရှပ်၍ ထိမှန်သည်။

ထိုနောက်တွင်ကား..

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ်တို့သည် တံခွန်တိုင်ရွာတွင်းမှ လှည်းများ နွားများအားလုံး စစ်တိုက်ရန်အလို့ငှာ ယူကြရသည်။ ဗုံးမပေါက်ကွဲသေးသော နေရာများသို့ နွားအုပ် မောင်းတင်ရသည်။ ဗုံးများပေါက်ကွဲသည်။ မိမိတို့ဖက်မှ အနည်းနှင့်အများ ကျဆုံးသည်။

ဗုံးပေါက်ကွဲပြီး ကုန်းမြင့်ရင်းသို့ လူအုပ်နှင့် ချဉ်းကပ်သည်။ လှည်းများ တန်ဆည်ကာအဖြစ် အသုံးပြုကြရသည်။ ရန်သူဖက်မှ ကြာပွတ်သံများ ပို၍ကျယ်လော လာသည်။ ကြာပွတ်သံများ ပို၍နီးလာသည်။ နန်းမွန် ချာခနဲလှည့်ပြီး အိမ်ပေါ် တက်သွားသည်။

နန်းမွန်၏နောက်သို့ သူရနှင့် အိန္ဒိယစစ်ဗိုလ်တို့ ပြေးလိုက်ကြမည်ပြုသည်။ ဗိုလ်မှူးကာပင်တာက လက်ရိပ်ပြပြီး တားသည်။ အိန္ဒိယစစ်ဗိုလ်ကို အပြင်သို့ သွားပြီး တပ်များကို ကွပ်ကဲရန် ညွှန်ကြားသည်။ ပြီးမှ သူရနှင့် မြို့စားကြီးတို့ စေစေကြည့်ကာ‥

"သည်မိန်းကလေးကို ကျွန်ုပ်ကိုယ်တိုင် ဆုံးမရမယ်။ သူရနဲ့ မြို့စားကြီးတို့ သည်မှာ အေးအေးဆေးဆေး ထိုင်နေကြပါ"

ဗိုလ်မှူးကာပင်တာ လှေကားကို တစ်ထစ်ချင်းနင်းပြီး တက်သွားသည်။ တားအလယ်တွင် အပေါ်ထပ်မှ ကတိုက်ကရိုက်ဆင်းလာသော ဒေါ်သဲအူ၊ ထို့နောင် ခင်ခင်ကြီးတို့နှင့် တွေ့သည်။ ဗိုလ်မှူးကာပင်တာက အမျိုးသမီးများကို ရိုသေလေးစားစွာ ဖြင့် လမ်းဖယ်ပေးသည်။ ဒေါ်သဲအူနှင့် ခင်ခင်ကြီး ရှုပ်ထွေးသော မျက်နှာထားနှင့် ဆင်းလာကြသည်။ ထိုအခါတွင်မှ ဗိုလ်မှူးကာပင်တာ ဆက်ပြီးတက်သွားသည်။

"အပေါ်မှာ နန်းမွန်ရှိသလား"

သူရက အပေါ်ထပ်ကို လက်ညှိုးထိုးပြီး ခင်ခင်ကြီးကို လေသံတိုးတိုးဖြင့် မေးသည်။ ခင်ခင်ကြီး ခေါင်းခါသည်။

"ဒီကပြန်တက်လာပြီး ကြောင်လိမ်လှေကားက ပြန်ဆင်းသွားတယ်၊ ဘာဖြစ် လို့လဲ"

သူရက အပြင်သို့ထွက်မည်ပြုသည်။ နန်းမွန်နောက်သို့ လိုက်ရန်ဖြစ်သည်။ ဤတစ်ကြိမ်တွင် မြို့စားကြီးက တားသည်။

"အေးအေးနေပါကွယ် သူရ၊ အခုမှတော့ အကြောင်းမထူးတော့ပါဘူး"

ဗိုလ်မှူးကာပင်တာက လှေကားမှ ပြန်ဆင်းလာသည်။ စောစောကလို အေးအေး စွာမဟုတ်၊ အလျင်စလိုဖြစ်သည်။

"အပေါ်မှာ မိန်းကလေးမရှိတော့ဘူး"

"ဟုတ်တယ်၊ ကြောင်လိမ်လှေကားက ဆင်းသွားပြီ"



မြို့စားကြီးက ပြောသည်။ ဗိုလ်မှူးကာပင်တာ နဖူးကို လက်ဝါးဖြင့်ပုတ်လျက်–

"အိုး‥ကြောင်လိမ်လှေကားရှိတာ ကျွန်ုပ်သတိမေ့သွားတယ်၊ ဒါပေမဲ့ သူ ဘယ်ကိုပြေးသလဲ"

"မလွယ်ပေါက်ကို ပြေးမှာပေါ့"

"သူသေမှာပေါ့"

"သူအသေခံရအောင် သွားတာပဲ"

မြို့စားကြီးက တည်ငြိမ်အေးဆေးစွာ ပြန်ပြောသည်။ ဗိုလ်မှူးကာပင်တာသည် နန်းမွန်၏ ရည်ရွယ်ချက်ကို ယခုမှ သဘောပေါက်သွားပြီး‥

"အိုး‥ဒါဆိုရင်မဖြစ်ဘူး၊ သူ့ကိုဖမ်းပါ၊ သူ့ကိုတားပါ၊ ကျွန်ုပ်တို့ ယမ်းဘီလူး တွေ မြှုပ်ထားတာကို ရန်သူတွေ သိသွားမှာပေါ့"

သို့သော် ဗိုလ်မှူးကာပင်တာ အသိနောက်ကျချေပြီ။ မလွယ်ပေါက်ဆီမှ ပြင်း ထန်သော ပေါက်ကွဲသံကြီး ကြားရသည်။ တံခွန်တိုင်ကုန်းမြေတစ်ခုလုံး သိမ့်သိမ့်တုန် သွားသည်။

"ကျွန်ုပ်မှားသွားတယ်၊ ကျွန်ုပ် ညကတည်းက သူ့ကိုဖမ်းပြီး သတ်လိုက်ဖို့ ကောင်းတယ်၊ ကျွန်ုပ် သူ့ကို တည်ကြက်အဖြစ် မွေးထားမိတာ မှားသွားတယ်၊ သည် မိန်းကလေး သူလျှိုဆိုတာ မနေ့ကမနက်ကတည်းက ကျွန်ုပ်ရိပ်မိခဲ့တယ်၊ ဒါ ကျွန်ုပ် အပြစ်ပဲ၊ ဒါ ကျွန်ုပ်အပြစ်ပဲ"

ဗိုလ်မှူးကာပင်တာသည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သည့်အလား တဖျစ်တောက် တောက် ရေရွတ်လျက်ရှိတော့သည်။

[ ၁၀ ]

တံခွန်တိုင်ကုန်းမြင့်ဆီမှ ကျယ်လောင်ပြင်းထန်သော ပေါက်ကွဲသံကြီးကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသောအခါ မြန်မာမျိုးချစ်တပ်သားများ အံ့အားသင့်သွားကြသည်။ မိမိ တို့ဘက်က မပစ်မခတ်ဘဲနှင့် ရန်သူဘက်တွင် ပေါက်ကွဲခြင်းသည် မည်သည့်အခြင်း အရာဖြစ်ချေသနည်းဟု စဉ်းစားကြသည်။

သူတို့အားလုံး ရောက်ရာဌာနတွင် ရပ်တန့်၍နေလိုက်ကြသည်။ ကြာပွတ်သံ များကို ရပ်ထားလိုက်ကြသည်။ တံခွန်တိုင်အိမ်ကြီး၏အခြေအနေကို စောင့်ကြည့်နေ ကြခြင်းဖြစ်သည်။ သို့သော် တံခွန်တိုင်ကုန်းမြင့်ဆီမှ နောက်ထပ် မည်သည့်ပေါက်ကွဲသံမျှ မကြားရ၊ မည်သည့်ထူးခြားမှုမျှ မတွေ့ရ။

ထိုအခါ တပ်မှူးများဖြစ်ကြသော မောင်မောင်လတ်၊ အသည်း၊ နန္ဒ၊ ခင်ခင်လတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခင်ခင်လေးတို့သည် အခြေအနေမှန်ကို အတော်ကြီးနီးကပ်စွာ မှန်းဆလိုက်နိုင်ကြသည်။ မိမိတို့တပ်များချီတက်လာရန် မီးပုံးချိတ်ဆွဲ၍ အချက်ပြပြီးနောက် နန်းမွန်သည် တံခွန်တိုင်အိမ်ကြီးတွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် တိတ်တဆိတ်ထွက်လာခြင်း ဖြစ်ပေလိမ့်မည်။ ထိုအခါ ရန်သူတို့ စီမံပြုလုပ်ထားသော မြေမြှုပ်ဗုံးကို တိုးမိခြင်းဖြစ်ပေလိမ့်မည်။

ရန်သူများက မြေမြှုပ်ဗုံးများ ချထားမထား လက်တွေ့သိနိုင်ရန်အတွက် နန္ဒသည် နွားတဲမှ နွားအုပ်တစ်အုပ်ကို တံခွန်တိုင်ကုန်းမြင့်ဆီသို့ မောင်းသွားသည်။ ရန်သူတို့က ဆီးကြိုပစ်ခတ်သည်။ နန္ဒသည် ကျည်ဆံများ တဖွဲဖွဲကျနေသည့်ကြားကပင် နွားအုပ်ကြီးကို နောက်မှ မြင်းအုပ်ဖြင့်ပိတ်မောင်းကာ တံခွန်တိုင်ကုန်းမြင့်ရင်းသို့ အတင်းအရှေ့ရောက်စေသည်။ ဗုံးနှစ်လုံးပေါက်ကွဲသည်။ ကုန်းမြင့်ရင်းနှင့် နီးကပ်စွာရှိနေသော မိမိတို့ဘက်မှ တပ်သားနှစ်ဦး ဗုံးထိမှန်ပြီး ကျဆုံးသည်။ အခြားသူများလည်း ဒဏ်ရာအနည်းငယ်စီ ရရှိကြသည်။ နန္ဒ၏လက်မောင်းကိုလည်း ရှပ်၍ထိမှန်သည်။

သည့်နောက်တွင်ကား…

မောင်မောင်လတ်တို့သည် တံခွန်တိုင်ရွာတွင်းမှ လှည်းများ၊ နွားများအားလုံးကို စစ်တိုက်ရန်အလို့ငှာ ယူကြရသည်။ ဗုံးမပေါက်ကွဲသေးသော နေရာများသို့ နွားအုပ်များ မောင်းတင်ရသည်။ ဗုံးများပေါက်ကွဲသည်။ မိမိတို့ဘက်မှ အနည်းနှင့်အများ ထိခိုက်ဆုံးသည်။

ဗုံးပေါက်ကွဲပြီး ကုန်းမြင့်ရင်းသို့ လူအုပ်နှင့်ချဉ်းကပ်သည်။ လှည်းများကို ထည့်ကာအဖြစ် အသုံးပြုကြရသည်။ ရန်သူဘက်မှ မိုးသီးမိုးပေါက်ပမာ ပစ်ခတ်နေသည့်ကြားကပင် ရဲမက်များသည် အလောင်းများကို ဒိုင်းပြုလုပ်ပြီး မဆုတ်မနစ် ချီတက်ကြသည်။

အနောက်ဖက်တန်း တောင်ဖက်ကုန်းမြင့်များကို နှစ်ကြိမ်ခန့် စီးမိတော့မည်ရှိပြီးမှ ပြန်ဆုတ်ခဲ့ကြရသည်။ ရန်သူတပ်သားများသည် လက်နက်လည်းကောင်း စစ်ပညာလည်း ကြွယ်ဝ၊ အထက်မှ အကွပ်အညှပ်လည်းကောင်းသဖြင့် ကြံ့ကြံ့ခံလျက် ရှိသည်။

ဗိုလ်မှူးကာပင်တာသည် ရာပေါင်းများစွာသော ဖူးလူးတို့၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းများကို ရက်ပေါင်းများစွာ ခုခံနိုင်ခဲ့သဖြင့် သူရဲကောင်းတံဆိပ်ရရှိထားသူတစ်ဦး ဖြစ်သည်။

သို့သော် ယခုစစ်ပွဲတွင်မူ မိမိတို့သည် အချိန်မီစစ်ကူမရခဲ့လျှင် နာရီပိုင်းအတွင်းမှာပင် တောင်ကုန်းကို လက်လွှတ်ရတော့မည့် အခြေအနေရှိနေသည်။ မိမိတို့ဖက်တွင် တိုက်ပွဲဖြစ်နေသည်ကို မန္တလေးမြို့တွင်းမှ သိရှိကြသည်ဖြစ်သော်လည်း ရန်သူအင်အားနှင့် ရန်သူအနေအထားကို မသိရှိသဖြင့် နံနက်မိုးမလင်းမချင်း ထွက်၍ တိုက်ကြလိမ့်မည်မဟုတ်ချေ။ မိမိတို့အခြေအနေကလည်း မိုးလင်းသည်အထိ ရန်သူကို ခုခံထားရန် လွယ်ချေ။

မြန်မာတို့သည် ရဲရင့်သည်သာမက စစ်ပရိယာယ်လည်း ကြွယ်ဝသည်။ သို့ဖြင့် မန္တလေးမြို့တွင်းသို့ လူလွှတ်ပြီး စစ်ကူတောင်းရန် ဆုံးဖြတ်လိုက်သည်။

ဤအတွင်းတွင် တံခွန်တိုင်ကုန်းမြင့်ကို မြန်မာတို့လက်သို့မရောက်အောင် မိမိကိုယ်တိုင် ကွပ်ကဲခုခံမည်။

|•]

တံခွန်တိုင်ကုန်းမြင့်ကို စီးနင်းတိုက်ခိုက်ရာတွင် တောင်ဖက်မှ တိုက်ခိုက်ကြရခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပထဝီအနေအထား ကောင်းသည်။ ရွာကုန်းရိုးအတိုင်း တည်ရှိသည်ဖြစ်၍ အနိမ့်အမြင့် မကွာခြားလှ၊ သစ်ကြီးဝါးကြီး အကွယ်အကာများလည်း ရှိသည်။ ထို့ကြောင့်လည်း နန္ဒတို့ကလည်း ယင်းအခွင့်အရေးကိုယူပြီး နာနာဖိတိုက်သည်။ ရန်သူကလည်း တောင်ဖက်ကို အထူးပြု၍ခုခံသည်။

ကုန်းမြင့်၏အနောက်ဖက်သည် အနိမ့်ပိုင်းဖြစ်သည်။ ယာခင်းများသာ ရှိသည်။ သို့သော် ကုန်းမြင့်သို့တက်ရာလမ်းသည် ပြေလျောသည်။ မြင်းတပ်ကို အားသွန်၍ သုံးနိုင်သည်။

ပထဝီအနေအထားမကောင်းဆုံးကား အရှေ့ဖက်ပင်ဖြစ်သည်။ အနိမ့်ပိုင်းလည်း ဖြစ်သည်။ လွင်လည်း ဖြစ်သည်။ ထို့ထက်ဆိုးသည်ကား ဤမှာဘက်ပိုင်း၏ ကုန်းမြင့်သည် မတ်စောက်သည်။ မြင်းအတက်လည်း မကောင်းချေ။ လူအတက်လည်း မကောင်းချေ။ သို့ဖြင့် အရှေ့ဖက်မှ တပ်ဖွဲ့များသည် အခြားနှစ်ဖက်မှ တပ်ဖွဲ့များကို စစ်ကူသည့်အနေဖြင့်သာ အဝေးမှ လှမ်းပစ်နေကြရသည်။ ရန်သူတပ်သားအချို့ကို ဤဖက်တွင် ချုပ်ထားနိုင်ရုံလောက်သာရှိသည်။

ခင်ခင်လတ်သည် တိုက်ပွဲစကတည်းက မကျေမနပ်ဖြစ်နေသည်။ အဘညီက အရှေ့မှာ ဖျောင်းဖျထားရသည်။ အခြားတပ်ဖွဲ့များက တံခွန်တိုင်ကုန်းမြင့်ကို စီးနင်းတိုက်ခိုက်နေသည့်အချိန်မှာပင် သူတို့သည် ကုန်းမြင့်ရင်းသို့ မကပ်နိုင်သေးဘဲ ရှိနေသည်။

နောက်ဆုံးတွင် ခင်ခင်လတ်သည် အဘညို၏အနီးတွင် စိတ်ပျက်လက်ပျက် ထိုင်နေသည်။ တံခွန်တိုင်ကုန်းမြင့်ဆီသို့ မကျေနပ်သောမျက်လုံးများဖြင့် ငေးမော၍ ကြည့်နေသည်။

www.burmeseclassic.com



ယင်းအခိုက် တံခွန်တိုင်ကုန်းမြင့်ပေါ်မှ မြင်းတစ်စီးဒုန်းဆင်းလာသည်ကို မြင်ရသည်၊ နေပြည်တော်ဘက်သို့ ဦးတည်သည်။ ရဲမက်များက သေနတ်ဖြင့် လှမ်းပစ်ကြသည်၊

''ဟောဟိုမှာ ရန်သူတွေ ဆုတ်ကုန်ပြီ''

ခင်ခင်လတ်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

''ဆုတ်တာမဟုတ်ဘူး၊ စစ်ကူသွားတောင်းတာ ဖြစ်ရမယ်''

အဘညိုက ခန့်မှန်းသည်။ ရန်သူသည် မိမိတို့ဘက်မှ ပစ်ခတ်နေသည့်ကြားထဲပင် အတင်းတိုးဖောက်၍ သွားနေသည်။

ခင်ခင်လတ် သေသေချာချာကြည့်သည်။ ရန်သူသည် အိန္ဒိယတပ်သားတစ်ဦး မဟုတ်၊ မြန်မာတစ်ဦးဖြစ်သည်။ သူရဖြစ်သည်။ ထိုအခါ ခင်ခင်လတ် မြင်းပေါ်သို့ တက်ပြီး ချက်ချင်းလိုက်သည်။ အဘညိုတားသည်ကို မကြားတော့။

ထုံးစံအတိုင်းဆိုလျှင် သူရကို ခင်ခင်လတ်မီနိုင်ရန် အကြောင်းမရှိ၊ သို့သော် သူရ၏မြင်း နာနေဟန်ရှိသည်။ ကောင်းစွာမပြေးနိုင်။ မိမိတို့ဘက်မှ ပစ်ခတ်သောကျည် ထိသွားဟန်ရှိသည်။

သူရ၏မြင်းသည် တပြေးထက်တပြေး အပြေးနှေးသွားသည်။ ခင်ခင်လတ်၏ မြင်းက မီသည်ထက်မီသွားသည်။ နောက်ဆုံးတွင် မြင်းနှစ်ကောင်ပူးကပ်သွားသည်ကို အဘညိုတို့ မြင်ကြရသည်။

ခဏချင်းမှာပင် သေနတ်သံတစ်ချက်ကြားလိုက်ရပြီး သူရရော ခင်ခင်လတ်ပါ မြင်းပေါ်မှ လုံးထွေး၍ကျသွားသည်။ သူရက ပြောင်းတိုသေနတ်ဖြင့် အနီးကပ်၍ ပစ်လိုက်ခြင်းဖြစ်ပေမည်။ ခင်ခင်လတ်တွင် သေနတ်ပါ ရှိမသွားချေ။ အဘညိုနှင့် ရဲမက် လေးငါးဦး မြင်းကိုယ်စီဖြင့် အချင်းဖြစ်ပွားရာသို့ လိုက်ကြသည်။

သူရ လက်လွတ်ထွက်မပြေးစေရန် သူတို့မြင်းကို ဇက်ကုန်လွှတ်ကြသည်။ သို့သော် သူတို့အနီးသို့ရောက်သွားသည်အထိ သူရလဲကျနေရာမှ ထပြေးခြင်းမရှိချေ။

ခင်ခင်လတ်ကိုလည်း သူရ၏အနီးတွင် လဲနေသည်ကို တွေ့ရသည်။ အမှန်တော့ သူရရော ခင်ခင်လတ်ပါ လဲနေရာမှ မထနိုင်ကြတော့ချေ။ မြင်းချင်းပူးမိသည်နှင့်တစ်ပြိုင်နက် ခင်ခင်လတ်က ဓားမြှောင့်ဖြင့် ထိုးသည်။ သူရက သေနတ်နှင့်ပစ်သည်။ နှစ်ယောက်စလုံး ပွဲချင်းပြီးကျဆုံးရတော့သည်။

အဘညိုသည် ခင်ခင်လတ်၏အလောင်းကို တွေတွေကြီးငုံ့ကြည့်နေသည်။

''အင်း‥သေခြင်းတရားဆိုတာ တယ်မြန်ပါကလား၊ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မခေါက်မီတဲ့၊ အင်းလေ‥ဘယ်သူသေချင်မလဲ၊ မလွှဲသာလို့ သေကြရ နောက်ပြီး ဘယ်သူကကော သတ်ချင်ပါ့မလဲ၊ မလွှဲသာလို့ သတ်ကြရတာပဲ၊ အေးလေ‥လူ့ဘဝဆိုတာ ဒါပဲဖြစ်မှာပါပဲ၊ သေစရာရှိရင် သေရမယ် သတ်စရာရှိရင် သတ်ရမယ်''

တံခွန်တိုင်ကုန်းမြင့်ဆီမှ သေနတ်သံများ ဆူညံစွာထွက်ပေါ်လျက်ရှိသည်။ အဘညို သူ၏တပ်သားများကို မြောက်ဖက်မျက်နှာစာမှနေ၍ တံခွန်တိုင်ကုန်းမြင့်ကို ချောက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

မိမိတို့သည် ရန်သူကို ထွက်ပေါက်မှပေးနိုင်တော့၊ တံခွန်တိုင်ကုန်းမြင့်သည် မိမိတို့နိုင်ငံကို ကျူးကျော်သူများနှင့် မိမိတို့နိုင်ငံနှင့်လူမျိုးကို သစ္စာဖောက်သူတို့၏ သင်္ချိုင်းကုန်းတစပြင် ဖြစ်စေရမည်။

{ ၅ }

ထိုတစ်ကြိမ်တွင် မိမိတို့သည် မည်သည့်နည်းနှင့်မျှ တပ်မခေါက်တော့၊ တံခွန်တိုင်ကုန်းမိဘဲနှင့် မည်သူမျှ ပြန်မဆုတ်ရ။ ဆုတ်လျှင် တွေ့ရာသင်္ချိုင်း ဓားမဆိုင်းနှင့်ဟု အမိန့်ထုတ်ပြန်သည်။

မိမိတို့တွင် အမြောက် စိန်ပြောင်းများသာရှိပါလျှင် ရန်သူကို ဤမျှ ခက်ခက်ခဲခဲ တိုက်ရမည် မဟုတ်ချေ။ ဤမျှ အကျအဆုံးများမည်လည်း မဟုတ်ချေ။

အကယ်၍သာ မိမိတို့က တံခွန်တိုင်ကုန်းမြင့်ပေါ်တွင် ခံစစ်အဖြစ်ရှိနေပြီး ရန်သူက ထိုးစစ်ဆင်သည်ဆိုလျှင် ဤပုံစံအတိုင်း တိုက်ခိုက်လိမ့်မည်မဟုတ်ချေ။ ရန်သူတို့သည် တံခွန်တိုင်ခံတပ်ကို အဝေးမှနေ၍ စက်အမြောက်ကြီးများနှင့် စိစိညက်ညက် ကြေသည်အထိ ပစ်ခတ်ပေလိမ့်မည်။ လိုအပ်ပါလျှင် တောင်ကုန်းအဖြစ်မှ ချိုင့်ဝှမ်းကြီး ဖြစ်သွားသည်အထိ ဗုံးမိုးရွာချပေလိမ့်မည်။

သို့သော် မိမိတို့တွင် အမြောက်စိန်ပြောင်းများ မရှိမှန်း မိမိတို့အစောကြီးကတည်းက သိပြီးဖြစ်သည်။ မိမိတို့၏အသက်များကို စတေး၍ အောင်ပန်းကို ရယူရမည်ဟု ကတည်းကပင် သံန္နိဋ္ဌာန်ချပြီးဖြစ်ကြသည် မဟုတ်ပါလား။

တံခွန်တိုင် ပရိဂုဏ်အတွင်းသို့ မိမိတို့တပ်များ အတင်းချင်းနင်းဝင်ရောက်မိသောအခါ ရန်သူတို့သည် ကစဥ့်ကလျားဖြစ်ကာ ဆုတ်သူဆုတ်၏။ ထွက်၍ တိုက်သူ တိုက်၏။ ဖောက်ထွက်၍ ပြေးသူပြေး၏။

အနောက်ဖက် ငှက်ပျောတောထဲသို့ ပြေးဝင်သွားသော ရန်သူနှစ်ဦးကိုမြင်သဖြင့် ... ဒုန်းလိုက်သည်။ နန္ဒလည်း ချက်ခြင်းလိုက်သည်။

ငှက်ပျောတောထဲသို့ ရောက်သောအခါ ထွက်ပြေးသူနှစ်ဦးလုံး တွေ့ရသည်၊

www.burmeseclassic.com



ရန်သူစစ်သားများ မဟုတ်ချေ။ ခင်ခင်ကြီးနှင့် ဒေါ်သဲအူ ဖြစ်သည်။

"ဩော်··အစ်မတော်တို့ပါလား"

ခင်ခင်လေး မြင်းပေါ်မှဆင်းသည်။ ခင်ခင်ကြီးက ခုခံမည့်သဏ္ဍာန်မရှိ၊ ကြော လန့်သည့်အမူအရာလည်းမပြ၊ ညီမ၏အရိပ်အကဲကို ကြည့်နေသည်။ ဒေါ်သဲအူ တုန်သောလေသံဖြင့်··

"မမှားပါဘူး ခွေးလေး၊ ညီအစ်မအရင်းတွေမယ့် ခင်ခင်လေးက သူ့ကျွန်မ အစ်မတော်က တစ်ပါးကျွန်"

ခင်ခင်လေး၏စကားကြောင့် ခင်ခင်ကြီးမျက်နှာ တင်းမာသွားသည်။ တစ်စုံတ ပြောမည့်ဟန်ပြုသည်။ သို့သော်လည်း မပြောချေ။

"မောင်နန္ဒရယ်··ပြောပါဦး၊ ခင်ခင်လေးကို ပြောပါဦး။ သည့်မောင်နှမ သည်ညီအစ်မတွေဟာ သရဲမင်းရဲစီးနေကြတယ်၊ အဖေကြီးကစပြီးပေါ့"

ဒေါ်သဲအူက ခင်ခင်လေးကို ပြောချမရမှန်းသိသောအခါ နန္ဒကိုလှည့်၍ သည်။ ဒေါ်သဲအူ၏အဖြစ်ကို သူစာနာပါသည်။ သို့သော် သူဘာတတ်နိုင်မည်နည်း

သည်မောင်နှမတွေ သရဲမင်းရဲစီးနေသည်ဆိုခြင်းကို သူလက်မခံပါ။ သည် လောကကြီးတွင် ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်သင်္ဂဟဆိုသည်ထက် အရေးကြီး အချက်တစ်ချက်ရှိပါသည်။ နိုင်ငံနှင့်လူမျိုးပင် ဖြစ်ပါသည်။ မိမိတို့တွင် နိုင်ငံနှင့်လူ မရှိတော့လျှင် ညီအစ်ကိုမောင်နှမနှင့် ဆွေမျိုးမိတ်သင်္ဂဟဆိုသည်လည်း ရှိတော့ မဟုတ်ပါချေ။

သည်ကနေ့ အခြေအနေသည် နိုင်ငံနှင့်လူမျိုး ပျက်သုန်းသည့်အခြေအနေ ရှိနေသည်။ မိမိတို့သည် နိုင်ငံနှင့်လူမျိုးဖက်မှ မလဲမယိုင် ကျောက်စာတိုင်ကဲ့သို့ နေကြသည်။ မိမိတို့နှင့်အတူ ရပ်သူများသည် မိမိတို့ ညီအစ်ကိုမောင်နှမများပင် ဖြ ပါမည်။ မိမိတို့၏ ဆွေမျိုးမိတ်သင်္ဂဟများပင် ဖြစ်ရပါမည်။

မိမိတို့နှင့်အတူ မရပ်သူများသည် မိမိတို့ညီအစ်ကိုမောင်နှမများ မဖြစ်နိုင် ဆွေမျိုးမိတ်သင်္ဂဟများ မဖြစ်နိုင်ပါ။

ဖြစ်ချင်းဖြစ်လျှင် ရန်သူပဲဖြစ်ပါလိမ့်မည်။ ရန်သူဟုဆိုလျှင်လည်း သူစိမ်း ဆွေမျိုးရယ် ခွဲခြားစရာလိုတော့မည်မထင်ပါ။

ယင်းကြောင့် ထိုနေရာမှ နန္ဒထွက်ခွာသွားသည်။ အတန်ငယ် လှမ်းသော တွင် ညီအစ်မနှစ်ယောက်နှင့် ဒေါ်သဲအူတို့ကို ကျောပေးလျက်နေသည်။

ခင်ခင်လေးက ကျောတွင် လွယ်ပိုးထားသောသေနတ်ကို ဖြုတ်ယူလိုက် ခင်ခင်ကြီး၏ရင်ညွန့်ဆီသို့ ချိန်ရွယ်လိုက်သည်။

ဒေါ်သဲအူ ချုန်းမဲချ၍ ငိုနေသည်။

"အစ်မတော် ဘုရားတရားကို အောက်မေ့ပါ"

"ကိစ္စမရှိပါဘူး"

"အစ်မတော်မျက်လုံးများ မှိတ်ထားပါ"

"ကိစ္စမရှိပါဘူး"

"အစ်မတော်ကို ညီမ နောက်ဆုံးကန်တော့လိုက်ပါတယ်"

အတန်ကြာသည်အထိ နန္ဒစောင့်ဆိုင်းနေသည်။ သေနတ်သံထွက်ပေါ်လာခြင်း မရှိပါ။ တိတ်နေသည်။ ငြိမ်နေသည်။

နန္ဒလှည့်ကြည့်သည်။ ခင်ခင်လေး သေနတ်ကိုကိုင်လျက် ငိုင်နေသည်။ သေနတ် ပြောင်းသည် ခင်ခင်ကြီး၏ရင်ညွန့်ကို ချိန်ရွယ်ထားရာမှ အောက်သို့စိုက်ကျနေသည်။

နန္ဒ နောက်ကြောင်းပြန်လှည့်သည်။ မြင်းပေါ်မှဆင်းသည်။ ခင်ခင်လေးကို လက်မောင်းမှဆွဲခေါ်ပြီး သူ့မြင်းပေါ်သို့ တက်စေသည်။ ထို့နောက် သူတို့နှစ်ယောက် ထိုနေရာမှ ဖြည်းလေးစွာ ထွက်ခဲ့သည်။

ခင်ခင်ကြီးနှင့်ဒေါ်သဲအူတို့ ကျန်ရစ်သည်။ အတန်ကြာသောအခါတွင်မှ ဒေါ်သဲအူ အသက်ဝင်လှုပ်ရှားလာပြီး ခင်ခင်ကြီးကို တံခွန်တိုင်အိမ်ကြီးနှင့် ဝေးရာသို့ ဆွဲခေါ်သွား သည်။

အတန်ငယ်ကြာသောအခါ ခင်ခင်လေးက နန္ဒကိုပြောသည်။

"နမငယ်ဟာ မောင်မောင်လက်လောက် သတ္တိမကောင်းဘူး၊ အသည်းမနိုင်ဘူး မိတ်နှလုံးမပြတ်ဘူး"

နန္ဒ ထင်မြင်ချက်မပေး။

[ ၃၁ ]

နက်အရုဏ်တက်အချိန်တွင် စတင်ခဲ့သော တံခွန်တိုင်ကုန်းမြင့်တိုက်ပွဲသည် နေလုံး မင့်တစ်စို့အချိန်တွင် လုံးဝပြီးဆုံးသွားသည်။

မိမိတို့၏စစ်ကြောင်းသုံးကြောင်းသည် ဘုံသုံးဆင့်ရှိသော တံခွန်တိုင်အိမ်ကြီး ရှေ့တွင် ပေါင်းဆုံမိကြသည်။ မိမိတို့ဖက်မှ နန်းမွန်အပါအဝင် နှစ်ဆယ်ကျဆုံးသည်။ ငါးယောက်ပျောက်ဆုံးနေသည်။ အများအပြား ဒဏ်ရာရရှိသည်။ ခင်ခင်လတ်အလောင်း ကို တွေ့မြင်ရသောအခါ နန္ဒမျက်လုံးကို မှိတ်ထားလိုက်သည်။

ရန်သူဖက်မှ သူရအပါအဝင် နှစ်ဆယ့်ရှစ်လောင်း ကောက်ယူရရှိသည်။ နန်းမွန် စာရင်းအရဆိုလျှင် ရန်သူအချို့ ပျောက်နေသည်။ ထိုအထဲတွင် ရာဇဝတ်ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဝါရှိသည်။

မြို့စားကြီးနှင့် ဖိုးလုံးတို့ကိုလည်း ရှာမတွေ့၊ သူတို့အားလုံး မြေအောက်ဥမင်ထဲတွင် ပုန်းအောင်းနေကြဟန်ရှိသည်။

ပထမတွင် ခင်ခင်ကြီးနှင့် ဒေါ်သဲအုတို့လည်း မြေအောက်ဥမင်ထဲတွင် ရှိလိမ့်မည်ဟု မောင်မောင်လတ်တို့ ထင်သည်။ ခင်ခင်လေးက အဖြစ်မှန်ကို ပြောပြလိုက်သောအခါ မောင်မောင်လတ်၏မျက်နှာ ဒေါ်သသွေး လျှမ်းလာသည်။ ထို့နောက် ခင်ခင်လေး၏ဝါးကို ဖြန်းခနဲရိုက်လိုက်သည်။ ဝင်းဝါသောပါးပြင်တွင် လက်ငါးချောင်းရာကြီးအထင်းသားရှိနေသည်။

ခင်ခင်လေးမငိုပါ၊ ဒေါ်သမဖြစ်ပါ၊ မည်သို့မျှ မတုံ့ပြန်ပါ၊ ခေါင်းကိုငုံ့ထားသည်။

နောက်တစ်ချက်ရိုက်မည်အပြုတွင် အဘညိုက တားသည်။ နန္ဒကတော့ ဘာမျှဝင်မစွက်ပါ။

မောင်မောင်လတ်က မိမိတို့ဖက်မှ ကျဆုံးသူများနှင့် ရန်သူဖက်မှ ကျဆုံးသူများ၏အလောင်းများကို တံခွန်တိုင်အိမ်ကြီးအတွင်း စုပုံထားကြရန် အမိန့်ပေးသည်။

"ဘာလုပ်မလို့လဲ မောင်မောင်လတ်"

အဘညိုက မေးသည်။

"ဘာလုပ်ရမလဲ၊ မီးသင်္ဂြိုဟ်မှာပေါ့"

"မြေအောက်ဥမင်ထဲကလူတွေကို ဘာမှမလုပ်တော့ဘူးလား"

"အိမ်ကြီးတစ်ခုလုံး မီးရှို့ပစ်မှာပဲ"

"အပေါ်ကမီးက အောက်ကို ဘယ်ကူးမလဲ၊ သူတို့က အပေါက်တွေအားလုံး ပိတ်ထားတာပဲ"

ဟုတ်သည်။ မောင်မောင်လတ်တို့ ဥမင်ထဲသို့ဆင်းရန် ကြိုးစားသေးသည်။ ဥမင်တံခါးများကို ဖွင့်မရ၊ ဆုံလည်ခန်းအတွင်းရှိ ဥမင်တံခါးကိုလည်း တောင့်တင်းစွာအသေပိတ်ထားလိုက်သည်။ ရေတွင်းပျက်နံရံတံခါးကိုလည်း အတွင်းမှ ပိတ်ထားလိုက်သည်။

"ဒါဖြင့်ရင် ကျွန်တော်တို့မရှိတဲ့အခါမှာ သူတို့ထွက်နိုင်တာပေါ့"

"အိမ်း"

"ဒါဖြင့်ရင် ဘယ့်နှယ်လုပ်မလဲ"

"မြေအောက်ဥမင်ကို ဖောက်ခွဲပစ်ရမှာပေါ့"

"ဘယ်လိုလုပ်ပြီး ဖောက်ခွဲမလဲ"

"မောင်မောင်လတ် စဉ်းစားကြည့်လေ၊ အပေါက်တွေအားလုံး ပိတ်ထားတော့ ဆိုရင် သူတို့မှာ လေဝင်ပေါက် ဘယ်ကနေရမလဲ"



"ဟုတ်ပြီ၊ ဒါဖြင့်ရင် လေဝင်ပေါက်ရှိဦးမှာပေါ့"

အဘညို ခေါင်းညိတ်လျက်..

"သည်အိမ်ကြီးကို ဘုံသုံးဆင့်ဆောက်ထားတာ အကြောင်းမဲ့မဟုတ်ဘူးကွယ့်၊ တတိယဘုံထည့်ထားတာ အကြောင်းရှိတယ်၊ တစ်ကြောင်းက မျှော်စင်၊ နောက်တစ်ကြောင်းက မြေအောက်ဥမင်လေဝင်ပေါက်"

သူတို့အားလုံး အဘညိုပြောပြသည်ကို အံ့အားသင့်စွာ နားထောင်နေကြသည်။ တံခွန်တိုင်အိမ်ကြီး၏ လျှို့ဝှက်ချက်များအားလုံးကို မြို့စားကြီးနှင့် ထပ်တူသိရှိသူမှာ အဘညိုသာ ရှိသည်မဟုတ်ပါလား။

အဘညိုက ဆက်ပြောသည်။

"တတိယဘုံရဲ့ ထောင့်လေးထောင့်က တိုင်ကြီးလေးတိုင်ဟာ ခေါင်းပွကြီးတွေကွယ့်၊ ကျွန်းလုံးတိုင်အစစ်တွေ မဟုတ်ဘူးကွယ့်၊ ထွင်းထားတဲ့ သစ်လုံးခြမ်းနှစ်ခုကို အရာမထင်အောင်စပ်ထားတာ"

မောင်မောင်လတ်က..

"ဒါဖြင့်ရင် အိမ်ကြီးကို မီးလောင်တဲ့အခါ အဲဒီတိုင်ပေါက်ကြီးတွေကနေပြီး အောက်ကို မီးမကူးဘူးလား"

"ဘယ့်နှယ်လုပ်ပြီး ကူးမလဲ၊ အောက်ထိအောင် လောင်သွားဖို့ရာလဲ မလွယ်ဘူး၊ အပေါက်ကနေကျတဲ့ မီးညွန့်မီးစတွေလောက်ကိုတော့ အောက်ကလူတွေက ငြိမ်းနိုင်တာပေါ့"

"ဒါဖြင့်ရင် အဲဒီတိုင်ပေါက်တွေကနေပြီး ပေထုပ်တွေ၊ မီးထုပ်တွေချပြီး ဖောက်ခွဲပစ်ရမှာပေါ့"

"ဟုတ်တယ်၊ အဲဒီတော့မှ ဥမင်တစ်ခုလုံး ပေါက်ကွဲပြီး ပြိုကျမယ်၊ အခုလို အောက်မှာ ခဲယမ်းမီးကျောက်တွေရှိနေရင် ပိုပြီးတော့ ပေါက်ကွဲတာပေါ့၊ ဥမင်ပေါက်ကွဲတယ်ဆိုရင် အပေါ်က အိမ်ကြီးလည်း ဘယ်ခံနိုင်တော့မလဲ၊ အဲ..ဥမင်ဖောက်ခွဲတဲ့လူလည်း အသက်မရှင်နိုင်ဘူးပေါ့"

ဤတွင် ဥမင်ဖောက်ခွဲသည့်တာဝန်ကိုယူရန် မောင်မောင်လတ်နှင့် နန္ဒအပါအဝင် လူနှစ်ဆယ်လောက်က အလုအယက်ပြောဆိုကြသည်။

အဘညို ခေါင်းခါသည်။

"မောင်ရင်တို့ ငယ်ကြပါသေးတယ်၊ အခုမှ သန်ကောင်းတုန်း မြန်ကောင်းတုန်းရှိကြပါသေးတယ်၊ မောင်ရင်တို့မှာ အားခွန်ဗလကိုသုံးပြီး လျှင်မြန်ဖျတ်လတ်မှုကို

www.burmeseclassic.com

www.burmeseclassic.com

သုံးပြီး သက်စွန့်ဆံဖျားဆောင်ရွက်စရာတွေ အများကြီးရှိပါသေးတယ်၊ အခု သည်အိမ်ကြီးကို ဖျက်ဆီးဖောက်ခွဲရမယ့်အရေးက မောင်ရင်တို့အရေး မဟုတ်ပါဘူး။ ကျုပ်တို့သန္နိဋ္ဌာန်ကို ခြေတစ်ဖက်လှမ်းနေတဲ့ အဖိုးကြီးရဲ့အရေးပါ''

ထိုအခါ မောင်မောင်လတ်၊ နန္ဒ၊ ခင်ခင်လေးနှင့် ရဲမက်များက အဘညို၏စကားကို ကန့်ကွက်ပြောဆိုကြသည်။ သဘောမတူရှိကြသည်။ အဘညိုလို အတွေ့အကြုံနှင့် အမြော်အမြင်ရှိသူတစ်ဦးသည် ယခုလို အသေခံပြီး ဆောင်ရွက်ရသည့်ကိစ္စမျိုးကို တာဝန်မယူသင့်။ မိမိတို့ကို လမ်းညွှန်နည်းပြသာ ပြုနေသင့်သည်ဟု ဆိုကြသည်။ သို့သော် အဘညိုက သူ၏စကားကို မရုပ်ချေ။ နောက်ဆုံးတွင် အမိန့်စကား၊ အာဏာစကားဖြင့် ပြောသည်။

''ကဲ-ကလေးတို့··အချိန်လည်းမရှိတော့ဘူး၊ ကလေးတို့ဟာ အဘညိုကို လေးစားတယ်၊ ချစ်ခင်တယ်၊ ယုံကြည်လေးစားတယ်ဆိုရင် အဘညိုရဲ့စကားကို နားထောင်ကြပါ၊ အမိန့်အာဏာကို လေးစားကြပါ။ အဘညိုဟာ တံခွန်တိုင်အိမ်ကြီးကို ဆောက်ခဲ့တဲ့လူတစ်ယောက် ဖြစ်တယ်။ တံခွန်တိုင်အိမ်ကြီး ပျက်စီးပျောက်ကွယ်တဲ့အခါမှာလည်း အဘညိုဟာ တစ်ခါထဲပါသွားသင့်ပါတယ်။ တံခွန်တိုင်အိမ်ကြီးနဲ့အတူ အဘညို ချုပ်ငြိမ်းရတာဟာ မောင်ကျောက်လုံး ချုပ်ငြိမ်းရတဲ့ဘဝနဲ့ မတူပါဘူး၊ မောင်ကျောက်လုံးက တံခွန်တိုင်အိမ်ကြီးကို ပျက်စီးစေလို့ အဘညိုက တံခွန်တိုင်အိမ်ကြီးကို ဖျက်ဆီးတာပါ။ ကဲ-ကလေးတို့··မကြာခင် နေလုံးပေါ်လာတော့မယ်၊ ကလေးတို့ သွားကြတော့ကြာ ရန်သူတွေရောက်လာလို့ အဘညိုတို့ရဲ့ရည်ရွယ်ချက်တွေ ဘာတစ်ခုမှ မအောင်မြင်ဘဲ ဖြစ်ကုန်လိမ့်မယ်''

သို့ဖြင့် နောက်ဆုံးတွင် သူတို့ထွက်ခွာခဲ့ကြရသည်။ တံခွန်တိုင်ကုန်းမြင့်ပျက်စီးနေသည့်အရာကို ဖျက်ဆီးပစ်မည့် အဘိုးအိုတစ်ဦးသာ ကျန်ရစ်သည်။

[၄]

အရှေ့ဖက်ကောင်းကင်သည် ပတ္တမြားရောင် လျှမ်းနေရာမှ ပယင်းရောင်သန်းလာပြီးနှင်းရည်ဆမ်းသော နံနက်ဦးဖြစ်၍ နီ၏သို့၊ ဝါ၏သို့၊ ဖြူ၏သို့။

မောင်မောင်လတ်၊ နန္ဒ၊ ခင်ခင်လေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ကျူးကျော်မှုခုခံတွန်းလှန်ရေး မျိုးချစ်အင်အားစုများသည် တံခွန်တိုင်ချောင်းလေး အရှေ့ဖက်ကမ်းတွင် ခေတ္တရပ်တန့်လိုက်ကြသည်။ အနောက်ဖက်ကမ်းကို လှမ်းမျှော်၍ ကြည့်လိုက်ကြသည်။



အနောက်ဖက်တောင်ကုန်းငယ်တွင် ပြင်းထန်သောပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပေါ်သည်။ စကြာဝဠာအလုံး သိမ့်သိမ့်တုန်တော့သည်။ အထုအထည်နှင့်အရှိန်အဟုန်ပြင်းထန်သော မီးတောက်မီးလျှံများ ထွက်ပေါ်လာသည်။

အဘညို မရှိပြီ။ ဗိုလ်ကျောက်လုံး မရှိပြီ။ ရာဇဝတ်ဝန်ကြီး မစ္စတာကာပင်တာ မရှိပြီ။

ကနောင်မင်းသားကြီး ကောင်းမွန်သော ရွယ်ရွယ်ချက်ရင်းဖြင့် တည်ထားခဲ့သော အုတ်သုံးဆင့်ရှိသော၊ အဆောင်ပေါင်းများစွာရှိသော၊ လျှို့ဝှက်ယန္တရားများ တပ်ဆင်ထားသော မြေအောက်ဥမင်ရှိသော၊ အင်းခွေးကြီးများ စောင့်ကြပ်ခဲ့သော၊ တံခွန်တိုင်မြို့စားကြီး၏ ဂုဏ်သတင်းကို ကြီးစေခဲ့သော၊ တံခွန်တိုင်မောင်နှမများဟု ထင်ရှားကျော်ကြားစေသော၊ နောက်ဆုံးတွင် ကျူးကျော်ရေးသမားတို့၏ ခြေကုတ်စခန်းဖြစ်ခဲ့ရသော၊ အမျိုးသားသစ္စာဖောက်တို့၏ စံနန်းဖြစ်ခဲ့ရသော တံခွန်တိုင်အိမ်ကြီးသည်··

အစိတ်စိတ်အပိုင်းပိုင်း ပေါက်ကွဲလျက်ရှိချေပြီ။ မီးဟုန်းဟုန်းတောက်လောင်လျက်ရှိချေသည်။

သူတို့ ခရီးရှည်ချီတက်သည်။ နန္ဒနှင့်အတူ တံခွန်တိုင်၏ သမီးငယ် ပါရှိသည်။ တံခွန်တိုင်၏ သားကောင်းရတနာဖြစ်သော မောင်မောင်လတ်သည် တပ်ဦးတွင် အောင်လံကို လွှင့်ထူလျက်။ အရှေ့ဖက် ရှမ်းရိုးမတွင် နေဝန်းနီကြီး ရဲနေသည်။ အရှေ့ဖက် ရှမ်းရိုးမတွင် တောတောင်ရေမြေများအားလုံး ရဲနေသည်။

နတ်နွယ်
၂၁·၆·၇၂

www.burmeseclassic.com

# ကြားဖြတ်အမှာ

- က -

## တံခွန်တိုင် ပွဲတင်သံ

"ကျွန်တော်ကပဲ ပထမဆုံး ဆွေးနွေးပါ့မယ်၊ ကိုလှမြင့် အနု စာရေးဆရာ နတ်နွယ်ကလဲ မန္တလေးကပါပဲ၊ ကျွန်တော်တို့နဲ့ ရဲဘော်ရဲဘက်တွေပါ၊ ကျွန်တော်ဆွေးနွေးမယ့်အကြောင်း က ကိုလှမြင့်ရဲ့ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ တံခွန်တိုင်မောင်နှမများပါပဲ"

တံခွန်တိုင်မောင်နှမများဟု ဆိုလိုက်သဖြင့် ပရိသတ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မန္တလေးမြို့ ဟံသာဝတီသတင်းစာတိုက်၊ ဘိုးဝဇီရခန်းမဆောင်၊ စနေစာပေဝိုင်း ပရိသတ်များပြားလှသဖြင့် ခန်းမဆောင်နှင့်မဆန့်ဘဲ လျှံထွက်နေသည်။

ပြတင်းပေါက်မှာ၊ တံခါးပေါက်မှာ၊ လှေကားထစ်များပေါ်မှာ မိုးတိုးမတ်တတ် တွေ။

စက်ရုံအလုပ်ရုံများမှ အလုပ်သမားများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ သုတေသီ ပညာရှင်များ။

လူငယ်များ၊ လူရွယ်လူလတ်များ၊ လူကြီးများ၊ ရဟန်းသံဃာများ။

ရန်ကုန်မြို့မှလာရောက်သော စာရေးဆရာသုံးယောက်။ မောင်နေဝင်း၊ မင်းကျော် နတ်နွယ်။ ကြိုဂံအဖွဲ့ဟုလည်း ခေါ်ကြသည်။ တော်လှန်စာပေ အစုအဝန်းဟုလည်း ပညတ်ကြသည်။



ဆွေးနွေးပွဲကို စတင်ဖွင့်လှစ်သူက ကိုအောင်သန်း၊ စာရေးဆရာ မောင်နေဦး။

"တံခွန်တိုင်မောင်နှမများနဲ့ သည်ခေတ်နဲ့ သည်မောင်နှမများအကြောင်း ကျွန်တော်တို့ မန္တလေးက ဝေဖန်ရေးဆရာ၊ ကဗျာဆရာက ဝေဖန်ထားပါတယ်၊ အပစ် ခေတ် အညစ်အပတ်တွေဖြစ်တယ်၊ ညစ်ညမ်းတယ်လို့ ပြောထားပါတယ်၊ အဲဒါ ...ယကံရှင်ဖြစ်တဲ့ ကိုနတ်နွယ်ရဲ့ သဘောထားကို သိပါရစေ"

- ခ -

...ားပြောခွက်ရှေ့တွင် မိမိရပ်လိုက်သည်။

"သည်မေးခွန်းကို မေးမှမေးပါ့မလားလို့ ကျွန်တော် စိတ်ပူနေတယ်၊ ကိုအောင် သန်းက ချေးဦးပေါက်မေးလာတော့မှ ကျွန်တော့်ရင်ထဲမှာ အလုံးကြီးကျသွားတယ်၊ ကိုအောင်သန်း ပြောသလိုပါပဲ၊ ကျွန်တော်ဟာ မန္တလေးဇာတိမဟုတ်ပေမယ့် မန္တလေးသား ...့် ပြောနိုင်ပါတယ်၊ မန္တလေးမှာ ကျွန်တော် ကြီးပြင်းခဲ့ပါတယ်၊ မန္တလေးမှာ ကျွန်တော် ...ညာသင်ကြားခဲ့ပါတယ်၊ မန္တလေးမှာ ကျွန်တော် စာပေလိုက်စားခဲ့ပါတယ်၊ ကျွန်တော့် ...ပေါ်မှာ မန္တလေးရဲ့ကျေးဇူး အများကြီးရှိပါတယ်၊ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ...ခန်းထွန်း၊ ဦးလေးလှနဲ့ ဒေါ်ဒေါ်တို့ရဲ့ သွန်သင်ဆုံးမမှုတွေကို ကျွန်တော် ခံယူခဲ့ရပါ ...တယ်၊ ဒါကြောင့်မို့လို့ ကျွန်တော်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြစရာရှိတာတွေကို ...လေးပရိသတ်ကို ရှင်းလင်းတင်ပြချင်ပါတယ်၊ မန္တလေး စာပေပရိသတ်တွေနဲ့ တွေ့ ...ဖို့ ကျွန်တော်တို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပါတယ်၊ အကြောင်းကြောင်းကြောင့် မအောင် ...ခဲ့ပါဘူး၊ မနှစ်ကလဲ ကျွန်တော်တို့သုံးယောက် လာကြဖို့ပဲ၊ မလာဖြစ်ခဲ့ဘူး၊ မနှစ်က ...တော့ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်မှာ ဟောဖြစ်ပါတယ်၊ ကျောင်းပရိသတ်ပါ၊ ...ပြောပွဲပါ၊ ကျွန်တော်တို့မိတ်ဆွေများက ဟံသာဝတီမှာ ဆွေးနွေးပွဲလုပ်ဖို့ ပြောထား ...တယ်၊ သည်နှစ်တော့ ကျွန်တော်တို့သုံးယောက် ဇီးဖြူပင် စာဆိုတော်နေ့ စာပေဟော ...ပွဲနဲ့တစ်ဆက်တည်း မန္တလေးကို မရောက်ရောက်အောင် လာခဲ့ပါတယ်၊ အခုလို ...ပြားလှတဲ့ တက်ကြွထက်သန်လှတဲ့ ပရိသတ်ကြီးနဲ့တွေ့ရတော့ အများကြီး ဝမ်း ...တ်ပါတယ်၊ တံခွန်တိုင်မောင်နှမများနဲ့ပတ်သက်လို့ မေးမြန်း ဆွေးနွေးကြလိမ့်မယ် ...ဲ ကျွန်တော် မျှော်လင့်ထားပြီးဖြစ်ပါတယ်၊ ကဗျာဆရာ၊ ဝေဖန်ရေးဆရာအကြောင်း ...မှာ ပြောရတာကောင်းပါတယ်၊ သူက တံခွန်တိုင်မောင်နှမများကို ဝေဖန်တယ်၊ ...တော်ကလဲ ချေပရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်၊ အားလုံးလဲ ဖတ်ဖူးကြလိမ့်မယ်လို့ ...ဘယ်၊ တကယ်တော့ ကျွန်တော်က ဝေဖန်ရေးကို လိုလားသူပါ၊ ကြိုဆိုသူပါ၊ ...ရေးကို မတုန့်ပြန်ချင်ပါဘူး၊ ဝေဖန်ရေးအားတိတ်သွားမှာ စိုးပါတယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ဝေဖန်ရေးက ဝေဖန်ရေးမပီသဘူး၊ မမှန်ကန် မမျှတဘူးထင်လို့ ကျွန်တော် တုံ့ပြန်ရှင်းလင်းခဲ့ရခြင်း ဖြစ်ပါတယ်၊ တံခွန်တိုင်မောင်နှမများဆိုတာ မန္တလေးမှာ တည်တဲ့ ဇာတ်လမ်းပါ''

- ဂ -

တံခွန်တိုင်မောင်နှမများကို ၁၉၇၂ ခု၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သည်။ သည်ခေတ်နှင့်သည်မောင်နှမများကို ဆက်လက်ထုတ်ဝေမည့်အကြောင်း စာအုပ်နောက်ဖက်တွင် ကြေညာခဲ့သည်။

တံခွန်တိုင်မောင်နှမများကို မည်သည့်ခံစားချက်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးသားကြောင်း အမှာရေးသားခဲ့သည်။

သည်ခေတ်နှင့်သည်မောင်နှမများကို နောက်တစ်လဖြစ်သော အောက်တိုဘာလတွင် ဆက်တိုက်ထုတ်ဝေခဲ့သည်။

ဝေဖန်ရေးဆရာသည် ဝတ္ထုနှစ်တွဲရှိသည်ကို သိလျက် ပထမတစ်တွဲတည်းကိုသာ ဝေဖန်ခဲ့သည်။ ဝေဖန်ရာတွင်လည်း ဝတ္ထု၏ဦးတည်ချက်၊ နောက်ခံသမိုင်းကြောင်း၊ ကာလဒေသ၊ ဇာတ်ဆောင် ဇာတ်လမ်း ဇာတ်အိမ် ဇာတ်ကွက်တို့ကို ပြည့်ပြည့်စုံစုံ မပြောဘဲ သူပြောချင်ရာတစ်ခုနှစ်ခုကိုသာ ကွက်ပြီးပြောသွားပါသည်။

သူ၏ရေးသားချက်နှင့် မိမိ၏တုန့်ပြန်ချက်များ ပုံနှိပ်ပြီးရှိနေသဖြင့် အချိန်မရွေး ပြန်လည်ဖတ်ရှု ချင့်ချိန်နိုင်ကြပါသည်။

မိမိအနေနှင့် ဝေဖန်ရေးဆရာကို ဘာမျှထပ်၍မပြောလိုတော့ပါ။ သို့သော် စာရေးဆရာတစ်ဦးအနေနှင့် တံခွန်တိုင်မောင်နှမများကို အဘယ်ကြောင့် ရေးခဲ့သည်၊ အဘယ်ပုံရေးခဲ့သည်တို့ကိုတော့ မန္တလေးစာပေပရိသတ်ကို ရှင်းလင်းတင်ပြခဲ့ပေသည်။

တံခွန်တိုင်မောင်နှမများကို မိမိရေးခြင်းသည် ကုန်းဘောင်ခေတ် လူမှုရေးကိုဖွဲ့လို၍ ရေးခြင်းလည်းမဟုတ်ပါ။ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကို သမိုင်းတင်လို၍ ရေးခြင်းလည်းမဟုတ်ပါ။

တိုင်းတစ်ပါးကျူးကျော်မှုကို ခုခံတွန်းလှန်ချိန်တွင်··

ရန်သူ၏ထိုးစစ်ကြောင့် မိမိတို့အကြပ်အတည်းတွေ့စဉ်··

ဒူးမထောက်သူများနှင့် သစ္စာဖောက်သူများ ရှုပ်ထွေးနေစဉ်··

တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားခဲ့ကြသော ညီအစ်ကိုမောင်နှမများ အလှည့်အပြောင်းဖြစ်ကြရသည်များကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

နိုင်ငံရေး၊ စစ်ရေးအခြေအနေများကြောင့် ဇာတ်ဆောင်များ စရိုက်သဘာဝနှင့်



အနေအထားပြောင်းလဲရပုံများကို အထူးပြုထားပါသည်။

မိမိ၏ဝတ္ထုတွင်-

ဓားရေး လှံရေးများ၊ ချစ်ရေး ကြိုက်ရေးများ ပါရှိသော်လည်း

ရာဇဝင်စွန့်စားခန်းအဖြစ် ရေးသည်မဟုတ်ပါ။

ကာမဂုဏ်အချစ်ဝတ္ထုအဖြစ် ရေးသည်မဟုတ်ပါ။

အထူးသဖြင့် မိမိဝတ္ထုသည် 'အညစ်အပတ်' မဟုတ်ကြောင်း ငြင်းဆိုပါသည်။ အညစ်အပတ်ဆိုသည်မှာ လိင်လှုံ့ဆော်မှုအတွက် တမင်ဇာတ်လမ်းဖွဲ့ပြီးရေးသော ဝတ္ထုများကိုသာ ဆိုပါသည်။

တံခွန်တိုင်မောင်နှမများသည် ဦးတည်ချက်တစ်ခုဖြင့် ရေးသားသော ဇာတ်ဆောင်ဝတ္ထုတစ်ပုဒ်ဖြစ်သဖြင့် လိင်လှုံ့ဆော်မှုများကို အားထုတ်ရန် အကြောင်းမရှိပါ။ ဝတ္ထုတွင်ပါရှိသော ချစ်ကြိုက်ခြင်း၊ မုန်းတီးခြင်း၊ ထိတွေ့ခြင်း၊ ရန်ဖယ်ခြင်းများသည် ဇာတ်ဆောင်များ စရိုက်သဘာဝအရ လှုပ်ရှားဖြစ်ပေါ်မှုများအရ ပါဝင်ခြင်းများ ဖြစ်ပါသည်။

ဆန့်ကျင်ဘက် လိင်နှစ်ဦးတို့၏ ကြည်နူးထိတွေ့ခြင်း၊ မကျေနပ် ရန်ဖယ်ခြင်း၊ မှတ်မထင် ကြုံကြိုက်ခြင်းများကို ရေးဖွဲ့ရာတွင် ကာလဒေသ ပယောဂအရ သိမ်မွေ့သည်လည်းရှိပါမည်။ ကြမ်းတမ်းသည်လည်းရှိပါမည်။

- ဃ -

တံခွန်တိုင်မောင်နှမများကို ရေးစဉ်က သည်ခေတ်နှင့်သည်မောင်နှမများကို ရေးရလိမ့်မည်ဟု သိခဲ့သည်။ ကြေညာခဲ့သည်။

သို့သော် လေကစားကြွားတလူလူဝေကို ရေးရလိမ့်ဦးမည်မထင်ခဲ့။ သည်ခေတ်နှင့် သည်မောင်နှမများတွင် အပြီးသတ်လိမ့်မည်ဟု ယူဆခဲ့သည်။

မိမိထင်သည့်အတိုင်း မဖြစ်ခဲ့ပါ။

မောင်မောင်ကြီး၊ မောင်မောင်လတ်၊ မောင်မောင်လေး၊ ခင်ခင်ကြီး၊ ခင်ခင်လတ်၊ ခင်ခင်လေးဟူ၍ တံခွန်တိုင်မောင်နှမ ခြောက်ယောက်ရှိခဲ့သည်။

သည်ခြောက်ယောက်အကြောင်း ရေးဖွဲ့ရာတွင် ခင်ခင်ကြီးအကြောင်း အထူးအပြားရေးရန် မရည်ရွယ်ခဲ့ပါ။ အကြောင်းမှာ ခင်ခင်ကြီးဟူသော ဇာတ်ဆောင်အမည် [illegible]န်းမတင်လို၍ဖြစ်သည်။ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး ရှိနေသောကြောင့် [illegible]သည်။ သည်အကြောင်းကိုလည်း ကလောစာဆိုတော်နေ့ စာပေဟောပြောပွဲတွင် ဇာတ်ဆောင်နှင့် စရိုက်အကြောင်းတင်ပြရင်း ထည့်သွင်းပြောဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြီးကို ဇာန်းမတင်လိုခြင်းသည် စာရေးသူ၏ ဆန္ဒဖြစ်သည်။ တံခွန်တိုင် အိမ်ကြီး၏ အပြင်ဘက်သို့ပင် ထုတ်ထားခဲ့သည်။

သို့သော် မိမိ၏ဝတ္ထုသည် ဇာတ်လမ်းကို အဓိကပြုပြီး ဇာတ်ကွက်ရိုက်ထားခြင်း မဟုတ်ဘဲ ဇာတ်ဆောင်များ၏ လှုပ်ရှားမှုကို ယုတ္တိတန်သော ကျိုးကြောင်းဆက်စပ်မှု သရုပ်မှန်ဝါဒနှင့် ရေးဖွဲ့ခြင်းဖြစ်သဖြင့် တိုင်းပြည်၏နိုင်ငံရေး၊ စစ်ရေး၊ လှိုင်းပုတ်ခတ်မှု များအရ ဇာတ်ဆောင်များသည် သူ့အလိုလို အသက်ဝင်လှုပ်ရှားလာကြသည်။ ပီပြင် ရုပ်လုံးကြွလာကြသည်။

သည်ခေတ်နှင့်သည်မောင်နှမများ ဇာတ်သိမ်းပိုင်းတွင် ခင်ခင်လေးသည် ရန်သူ ကို ရန်သူလိုသဘောထားပြီး အစ်မဖြစ်သူ ခင်ခင်ကြီးကို ပစ်သတ်ခြင်းမပြုခဲ့သည့်အတွက် အမျိုးသားသစ္စာဖောက် ခင်ခင်ကြီးသည် အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။

ထိုအချိန်မှစ၍ အမျိုးသားသစ္စာဖောက် ခင်ခင်ကြီးသည် မိမိကို အမြဲတမ်း ချောက်လှန့်လျက်ရှိသည်။

အသက်ရှင်နေသော အမျိုးသားသစ္စာဖောက်တစ်ယောက်သည် မည်သည့်နည်း နှင့်မျှ တရားအားထုတ်ကာ အေးချမ်းစွာ နေလိမ့်မည်မဟုတ်။ နယ်ချဲ့ကို တွန်းလှန်နေကြ သော အမျိုးသားလွတ်မြောက်ရေး သူရဲကောင်းများကို အမြဲတမ်း ဒုက္ခပေးနှောင့်ယှက် နေမည်သာ ဖြစ်သည်။

နောက်တစ်ခုလည်း ဆင်ခြင်မိသေးသည်။

ခင်ခင်ကြီးသည် တော်လှန်ရေးအစဉ်အလာရှိသော မိသားစုအတွင်းမှ ပေါက်ဖွား လာသူတစ်ဦးဖြစ်ပြီး ပြည်သူတို့၏ တခဲနက် အုံကြွတိုက်ခိုက်မှုတို့ကို ကြုံတွေ့နေရသဖြင့် တစ်နေ့တွင် ပြည်သူများဘက်သို့ ရောက်မလာနိုင်သလော။

သို့ဖြင့်··

မိမိသည် လေကစားကြွားတလူလူဝေကို ရေးသားရပါတော့သည်။

နတ်နွယ်
၁·၆·၇၇

# လေကစား ကြွားတလူလူဝေ

www.burmeseclassic.com

www.burmeseclassic.com

## ၁၀ နားခိုရာ [ က ]

ညဉ့်ဦးယံသည် မှုန်ရီညို့မှိုင်းလျက်ရှိသည်။ နှင်းငွေ့များ အုံ့ဆိုင်းနေသည်။ ဆန်
ဆော်တာ ငုံလွှမ်းပုန်းကွယ်သွားပြီဖြစ်သည်။ ကြယ်ရောင်ဖွေးဖွေးသာလျှင် လင်းလဲ့လျှက်

ညသည် အစောကြီးပင် အိပ်မောကျနေသည်။ လှုပ်ရှားသံမကြားရ၊ ငြိမ်နေသည်

ငြိမ်ငြိမ်တိတ်တိတ်ကလေး။

မှုန်မှုန်မှိုင်းမှိုင်းကလေး။

မြောက်အရပ်မှလာသောလေသည် မန်ကျည်းရွက် မန်ကျည်းခက်များကြားမှာ
ပုန်းခိုနေသလားမသိ။ လေလည်းမလှုပ်၊ သစ်ပင်လည်းမလှုပ်။ လူနေအိမ်ခြေများအား
သည်လည်း ကျောက်ရုပ်ငုတ်တုတ်။

မီးရောင်လည်းမမြင်ရ၊ လူရိပ်လည်းမတွေ့ရ။

ကြက်ပျံမကျ စည်ကားသည်ဆိုသော ရွှေမြို့တော်ကြီး အဘယ်မှာနည်း။

ဆီမီးရောင်ရှိန် ထိန်ငြီးသည်ဆိုသော မင်းနေပြည်ကြီး အဘယ်မှာနည်း။

ငြိမ်နေသည်။

တိတ်နေသည်။

မှောင်နေသည်။

ဖုန်းဆိုးမြေသော်လည်း ဖောင်မှတ်မှားနိုင်သည်။ သုသာန်တစပြင်သော်လည်း
ရှိုးစွပ်နိုင်သည်။ အရာရာသည် ဗလာဟင်းလင်း။ အနက်ရှိုင်းရှိုင်း။

ဟော..

အနောက်ဘက်ကောင်းကင်တွင် ကြယ်တစ်စင်း ကြွေဆင်းသည်။



ရှုတ်ခြည်းဆိုသလို..

လေပြင်းတိုးဝှေ့သည်၊ လေရူးတိုက်မွှေ့သည်။

တစ်လောကလုံး စိမ့်ခနဲ အေးသွားသည်။

ညသည် ယောက်ယက်ခတ်ချေပြီ။

မန်ကျည်းရွက် မန်ကျည်းခက်များ ယိမ်းလှုပ်သည်။ အရိပ်မည်းမည်းများ ကခုန်
သည်၊ ယိုင်ယိုင်ထိုးထိုး။

မဟူရာရုပ်သဏ္ဍာန်များ ပြေးလွှားလှုပ်ရှားကြသည့်နှယ်။

အိပ်တန်းဝင်နေသော ကျီးကန်းများ လန့်ပျံသည်။

ခွေးဟောင်သံများ။

ရှည်လျားဆွဲငင်သော ဟစ်အူသံများ။

တစ်လောကလုံး ကြက်သီးမွေးညင်း ထရတော့သည်။

အမှောင်ထဲတွင်..

ခြေသံများ၊ ပြေးလွှားသံများ၊ တိုးတိုက်သံများ၊ ဟစ်အော်မေးမြန်းသံများ။

ကျယ်လောင်ပြင်းထန်သော သေနတ်သံ။

တစ်လောကလုံး တုန်ဟီးသွက်ခါသွားသည်။

သဲသဲရှုတ်ရှုတ်။

အုံးအုံးကျွက်ကျွက်။

[ ခ ]

တ်သံများ ဆင့်ကာဆက်ကာ ထွက်ပေါ်လာသည်။

အမှောင်မဲမဲတွင် အရိပ်သဏ္ဍာန်တစ်ခု ရေးရေးရိပ်ရိပ်ပြေးနေသည်။ ပြေးနေသည်
ဆိုရသော်လည်း သွက်လက်လျင်မြန်ခြင်းကား မရှိလှပေ။ အေးအေးဆေးဆေး
လျှောက်နေခြင်းမျိုးမဟုတ်ဘဲ အမောတကော လှုပ်ရှားနေခြင်းမျိုးသာ ဖြစ်သည်။

အယိမ်းယိမ်း အယိုင်ယိုင်။

အဝေးဆီတွင် သေနတ်သံများ၊ ပြေးလွှားသံများ၊ ဟစ်အော်မေးမြန်းသံများ၊
ဟောင်သံများ၊ ဆူဆူညံညံ လှုပ်လှုပ်ရှားရှားတို့သည် အမှောင်ထဲတွင် ပြေးလွှားနေသူ
သို့ကား လိုက်ပါလာဟန်မရှိချေ။ တစ်စထက်တစ်စ နောက်ဘက်တွင် ကျန်
သည်။

အမှောင်ထဲတွင် ပြေးလွှားနေသူကား ရပ်နားခြင်းမရှိချေ။ လမ်းမကြီးအတိုင်း
နေရာမှ လမ်းငယ်လမ်းကျဉ်းလေးတစ်ခုအတွင်းသို့ ချိုးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းငယ် လမ်းကျဉ်းကလေးသည် ထနောင်းနှင့် တမာပင်များ ယှက်ပိုးထား သဖြင့် မိန်းမိန်းပိတ်မှောင်နေသည်။ သို့သော် ပြေးလွှားသူသည် တုန့်ဆိုင်းခြင်းမရှိဘဲ အမှောင်ထုကို အတင်းတိုးဖြတ်ပြီး ပြေးနေသည်။

ဖိနပ်မပါသော ခြေဖဝါးနှင့် ဖုံထူသောလမ်း ထိခတ်သံ။

အသက်ရှူမြန်မြန်မောမောသံ။

ရုတ်တရက် သစ်ပင်ရိပ်များ ကုန်ဆုံးသွားသည်။ ပြေးလွှားနေသူသည် ကွက်လပ်ငယ်တစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။

ကြယ်ရောင်ရိပ်တွင် ပြေးလွှားသူ၏သဏ္ဌာန်ကို ဝိုးတဝါးမြင်တွေ့ရသည်။ ကြုံကြုံ လိုလို၊ သေးသေးငယ်ငယ်၊ ပါးပါးလျားလျား၊ လေထဲတွင် ဆံပင်တွေ ဖားလျားလွင့်မျှ နေသည်။

အမျိုးသမီးတစ်ယောက်။

အမျိုးသမီးကြီးတစ်ယောက်၊ အသက်အရွယ်ကြီးပြီ၊ အိုမင်းပြီ။

ပဓာအရေးကြောင့် အဘွားအိုကြီးတစ်ယောက် အကာလ ညအခါတွင် တစ် ယောက်တည်း အမှောင်ထဲတွင် ပြေးလွှားနေရသနည်း။

အဘွားအိုကြီး၏ အပြေးလမ်းကြောင်းသည် တဖြောင့်တည်း တမတ်တည်း မရှိချေ။ ဘယ်ဘက်သို့ ယိမ်းထိုးသွားသည်။ ညာဘက်သို့ ယိုင်ဆင်းသွားသည်။ ရှေ့ တည့်တည့်သို့ ဝမ်းလျားထိုးကျမည်ရှိသည်။ နောက်ဘက်သို့ ပက်လက်လန်လာသည်။

သို့သော်··

အဘွားအိုကြီးသည် အယိမ်းယိမ်း အယိုင်ယိုင် အလဲလဲအကွဲကွဲဖြင့်ပင် ကွက် လပ်ငယ်၏တစ်ဖက်တွင်ရှိသော အမှောင်တောဆီသို့ အားစဲပြီးပြေးနေသည်။

အဝေးဆီမှ ဆူညံသံများ လှုပ်ရှားသံများ တဖြည်းဖြည်း တိတ်စဲသွားသည်။ ညသည် ပြန်လည်ငြိမ်သက်သွားသည်။ တိတ်ဆိတ်သွားသည်။

သို့သော် အဘွားအိုကြီးသည် ပြေးနေဆဲ။

များမကြာမီတွင် ကွက်လပ်တစ်ဖက်တွင်ရှိသော အမှောင်ရိပ်သို့ ရောက်ရှိသွား သည်။ ကြီးမားအုပ်ဆိုင်းသော မန်ကျည်းပင်များအရိပ်တွင် အဖွားအို၏ရေးရေးသဏ္ဌာန် ပျောက်ဝင်သွားသည်။

သို့သော် မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် တခြားသော လူရိပ်သဏ္ဌာန် တစ်ခုရှိနေသည်။ ပင်စည်ကြီးကိုမှီပြီး ငြိမ်သက်စွာရပ်နေသည်။ ကွက်လပ်ငယ်ကိုဖြတ်ပြီး အမောတကောပြေးလာနေသော အဘွားကြီးကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့သည်။ ထိုသူက အဘွားကြီး၏နောက်တွင် တခြားသူ တစ်စုံတစ်ယောက် ပါမလာကြောင်း



သေချာအောင် လှမ်းမျှော်ကြည့်ရှုသည်။ ထို့နောက်တွင်မှ သူ့အနီးသို့ ရောက်ရှိလာသော အဘွားကြီးကို ဆတ်ခနဲလှမ်းဆွဲလိုက်သည်။

''အောင်မယ်လေး··ကယ်တော်မူကြပါ''

အဘွားအိုကြီး အသံကုန်ဟစ်အော်လိုက်ပြီး ပျော့ခွေကျသွားသည်။

[ ၈ ]

မန်ကျည်းပင်ရိပ်မှလူ လှုပ်ရှားသည်။ ပျော့ခွေကျသွားသော အဘွားအိုကြီးအနီးတွင် အသောကမျော ထိုင်ချလိုက်သည်။ အဘွားအိုကြီးကို ပွေ့ယူသည်။

''ဒွေးလေး သဲအူ··ဒွေးလေး သဲအူ''

တိုးဖွဖွခေါ်သည်။

အဘွားအိုကြီး မလှုပ်ရှား။ သစ်တုံးကြီးလို ငြိမ်နေသည်။ လူသေကြီးလို အေး နေသည်။ အဝေးဆီမှ ခွေးအူသံသဲ့သဲ့ကို ထွက်ပေါ်လာသည်။

ရုတ်တရက် ကျယ်လောင်သော ငှက်ဆိုးထိုးသံ။

ထို့နောက် ညသည် ပြန်လည်ငြိမ်သက်တိတ်ဆိတ်သွားသည်။

''ဒွေးလေး သဲအူ··ဒွေးလေး သဲအူ''

တိုးဖွဖွခေါ်သံ ထပ်မံထွက်ပေါ်လာသည်။

ယခုတစ်ကြိမ်တွင်မူ မေ့မျောနေသောအဘွားအို လူးလွန့်လှုပ်ရှားလာသည်။ သွေး ကြောများစီးဆင်းပြီး အသားများ ပူနွေးလာသည်။

''ဒွေးလေး မသဲအူ··ဒွေးလေး မသဲအူ''

အဘွားအို အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး မျက်လုံးများ ဖွင့်ကြည့်သည်။

''ဒွေးလေးမသဲအူ သတိရပြီလား၊ ကျွန်မပါ''

''ဟင်-ခင်ခင်ကြီးလား''

''ဟုတ်ပါတယ်၊ ခင်ခင်ကြီးပါ''

ဒေါ်သဲအူ ထထိုင်သည်။ အရပ်ရှစ်မျက်နှာကို ကြည့်သည်။

''အောင်မယ်လေး··ကံကောင်းလို့ပါလား ခင်ခင်ကြီးရယ်၊ ငါတော့ ဒီတစ်ခါ အသက်နဲ့ကိုယ် အိုးစားကွဲပြီလို့ ထင်လိုက်တယ်''

ဒေါ်သဲအူက သူ့ရင်ဘတ်ကို လက်ဝါးဖြင့်အုပ်ထားရင်း တုတ်လှုပ်ချောက်ချားစွာ ပြောသည်။

ခင်ခင်ကြီး မျက်မှောင်ကုတ်လျက်··

''ဒွေးလေး··ဘယ်လိုဖြစ်လို့လဲ၊ ဒွေးလေး ဘယ်သူတွေနဲ့ တွေ့လာသလဲ''

www.burmeseclassic.com

www.burmeseclassic.com



''အောင်မယ်လေး..မပြောပါနဲ့တော့ ခင်ခင်ကြီးရယ်၊ သွေးတွေ..သွေးတွေ မားတွေနဲ့ဝိုင်းခုတ်၊ တုတ်တွေနဲ့ ဝိုင်းရိုက်၊ ခြေထောက်တွေနဲ့ ဝိုင်းနင်း၊ ဖနောင့်တွေနဲ့ ဝိုင်းပေါက်''

''နေပါဦး ဒွေးလေးရဲ့..ဘယ်သူတွေက ဘယ်သူ့ကိုသတ်တာလဲ၊ ဘိုးဘိုးဘုရား တို့လား''

''အို..မဟုတ်ပါဘူး၊ ဝန်မင်းကြီး ဘာမှမဖြစ်ပါဘူး''

''ဒါဖြင့် ဘယ်သူလဲ၊ သခင်ကြီးစလေဒင်လား''

''မဟုတ်ပါဘူး၊ သူတို့မဟုတ်ပါဘူး''

''သူတို့မဟုတ်ရင် ဘယ်သူလဲ၊ ခင်ခင်ကြီးတို့နဲ့ သိသလား၊ ခင်ခင်ကြီးတို့နဲ့ ပတ်သက်သလား၊ ဒွေးလေးနဲ့ပတ်သက်သလား''

ခင်ခင်ကြီးက စိတ်မရှည်ဟန်ဖြင့် ပြတ်ပြတ်ထက်ထက်ကလေး မေးလိုက်သည်။

''ကျုပ်တို့နဲ့ပတ်သက်လို့ပေါ့၊ အသည်းတွေအူတွေ တုန်လိုက်တာ၊ ကံကောင်းလို့ ကျုပ်ပါမသေတယ်''

''ဒွေးလေးရယ်..ရှင်းရှင်းပြောစမ်းပါ၊ အစကနေစပြီး ပြောပါ၊ ဒွေးလေး ပြောတာ ခင်ခင်ကြီး ဘာမှနားမလည်ဘူး''

''အေးပါ..ပြောပါ့မယ်၊ ငါ ဘယ်ကစပြောရမလဲ''

''ဒုက္ခပါပဲနော်''

ခင်ခင်ကြီး ညည်းညူလိုက်ပြီး..

''ကဲ..အသတ်ခံရတဲ့လူ ဘယ်သူလဲဆိုတာ ပထမဆုံးပြောစမ်းပါ''

''ဟို..ဟို..မင်းလှစံကျော်''

ဒေါ်သဲအူ ထစ်ထစ်ဆိုင်းဆိုင်းဖြေသည်။

''ကင်းမှူးလေး မင်းလှစံကျော်လား''

''ဟုတ်တယ်''

''သူ့ကို ဘယ်သူတွေကသတ်တာလဲ''

''မသိဘူး''

''ဟင်-စောစောကပြောတော့ ဒွေးလေးပဲ မျက်စိနဲ့တပ်အပ်မြင်သလိုပဲ''

''ဟုတ်တယ်လေ၊ ကျုပ်မျက်စိအောက်တင်ပဲ ဝိုင်းပြီး ရက်ရက်စက်စက် သတ် လိုက်ကြတာ''

''ဘယ်သူတွေကလည်း''

''မသိဘူး''



''လုပ်ပြန်ပြီ၊ ဒွေးလေးမြင်ရင် ဒွေးလေးသိရမှာပေါ့''

''အို..ကျုပ် ဘယ့်နှယ်လုပ်ပြီး သိပါ့မလဲ၊ လူတွေအများကြီးပဲ၊ ယောကျ်ား တွေရော၊ မိန်းမတွေရော၊ ကလေးတွေရော၊ တစ်ရပ်လုံး အကုန်ထွက်ပြီး သတ်ကြတာပဲ''

''ဘယ်အရပ်ကလဲ''

''တမာတန်း''

''ဘာဖြစ်လို့လဲ''

''ပထမတော့ ဘာမှန်းမသိဘူး၊ မိန်းမတစ်ယောက်ရဲ့အော်သံ ကြားရတယ်၊ 'လာပြီဟေ့..သစ္စာဖောက်မျိုးယုတ်ကောင် လာပြီဟေ့'လို့ အော်သံကြားရတယ်၊ နောက်တော့ အသံတွေအများကြီးထွက်လာတယ်၊ 'တစ်ယောက်တည်းဟေ့'၊ 'ဝိုင်းကြဟေ့'၊ 'ချကြဟေ့'ဆိုပြီး အသံတွေအများကြီးထွက်လာတယ်၊ လူတွေလည်း ဟိုကထွက်လာ ဒီကထွက်လာပဲ၊ မီးတုတ်တွေ ဓားတွေ လှံတွေဟာ ရဲနေတာပဲ၊ လက်နေတာပဲ၊ သွေးတွေဆိုတာ ပွက်ပွက်လျှံသွားတာပဲ၊ ကျုပ်တစ်သက်မှာ လူတစ်ယောက်ကို ဒါလောက် အပြုံးကြီးကြီးနဲ့ ရက်ရက်စက်စက်သတ်တာမျိုး တစ်ခါမှမမြင်ဖူးဘူး၊ အမဲသား ဝက်သား နှုတ်သလို တစ်စစီ တစ်ပိုင်းစီ တစ်ထစ်စီ ဖြတ်တောက်ပစ်ကြတာပဲ''

''ဒွေးလေးကိုတော့ ဘာမှမလုပ်ကြဘူးလား''

''အောင်မယ်လေး..ကံကောင်းလို့ပေါ့၊ ပြေးနိုင် ပုန်းနိုင်ပေလို့ပေါ့၊ ညာသံပေး ပြီး လူတွေဝိုင်းလာတာနဲ့တစ်ပြိုင်နက် ကျုပ်လည်း လူအုပ်ထဲရောပြီး နေလိုက်တယ်၊ သူတို့ကလည်း ကင်းမှူးလေးကို မဲနေကြတော့ ကျုပ်ကို သတိမပြုမိကြဘူးပေါ့၊ ကျုပ် လည်း သူတို့အလစ်မှာ လက်ဝံပင်ကြီးအောက်မှာ ဝင်ပုန်းနေလိုက်တယ်၊ ဒါပေမယ့် ချောင်းနေရာကနေ အကုန်မြင်နေရတယ်၊ ရက်စက်လိုက်ကြတာ မပြောပါနဲ့တော့''

''သူတို့က ကင်းမှူးလေးကို သစ္စာဖောက်ဆိုပြီး သတ်ကြတာပေါ့၊ ဟုတ်လား''

''ဟုတ်တယ်၊ ကင်းမှူးလေးကို သတ်တဲ့အကြောင်း နောက်တော့ ကျုပ်သိရ တယ်၊ သူတို့ပြောတဲ့စကားတွေအရ သိရတယ်၊ အင်း..ကင်းမှူးလေးကလည်း ကင်းမှူး လေးပဲ၊ ကိုယ့်အမျိုး ကိုယ်မစောင့်စည်းဘဲကိုး'' ဒေါ်သဲအူက သက်ပြင်းချလိုက်ပြီး..

''ခက်ပါတယ်''

''ကင်းမှူးလေးက ဘာလုပ်လို့လဲ''

ခင်ခင်ကြီး အသံမညီမညာဖြင့် မေးသည်။

''ဒီလို..ဒီလို..တစ်နေ့ကလား တမြန်နေ့ကလားဆိုတာတော့ မသေချာဘူး၊ ဒီနေ့တော့ မဟုတ်ဘူး၊ ထားပေါတော့..တမြန်နေ့ကပဲလို့၊ အဲ..တမြန်နေ့ညက ကင်း မှူးလေးနဲ့ ကုလားဖြူဗိုလ်မင်းတစ်ယောက် နောက်လိုက်နောက်ပါတွေနဲ့ တမာတန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတယ်တဲ့၊ သူတို့အားလုံး မူးနေကြတာတဲ့၊ လမ်းမှာတွေ့တဲ့လူတွေကို ဆဲကြရိုက်ကြတယ်တဲ့၊ အိမ်တွေကိုဝင်ပြီး ဖျက်ဆီးလုယက်ကြတယ်တဲ့၊ အိမ်တစ်အိမ်မှာ ရှိနေတဲ့ မိဖုရားခေါင်ကြီးရဲ့အပျိုတော်တစ်ယောက်ကို တွေ့သွားကြတယ်တဲ့၊ အဲဒီ အပျိုတော်ကို ကုလားဖြူဗိုလ်မင်းက လူတွေအားလုံးရှေ့မှာပဲ ဗလက္ကာရလုပ်တယ်တဲ့၊ နောက် ကင်းမှူးလေးနဲ့ ကုလားမဲစစ်သားတွေက မတရားကျင့်ကြတယ်တဲ့၊ အပျိုတော် ထလေးဟာ အဟိတ်တိရစ္ဆာန်တွေရဲ့လက်ချက်နဲ့ အသက်ထွက်သွားရတယ်တဲ့''

ဒေါ်သဲအုက ခင်ခင်ကြီး၏မျက်နှာကိုကြည့်သည်။

ခင်ခင်ကြီး မျက်မှောင်ကုတ်ထားသည်။

''ကင်းမှူးလေးဟာ ဒီလိုလူစားမျိုးမှန်းသိရင် ကျုပ် သူနဲ့အတူမသွားပါဘူး''

ဒေါ်သဲအုက ပြောသည်။

''ဒွေးလေးနဲ့သူနဲ့ ဘယ်မှာတွေ့လာကြတာလဲ''

ခင်ခင်ကြီးက မေးသည်။

''ခင်ခင်ကြီးကိုခေါ်ခဲ့ဖို့ ဝန်မင်းကြီးက သူ့ကိုထည့်လိုက်တာ''

ခင်ခင်ကြီး ခေါင်းတဆတ်ဆတ် ညိတ်နေပြီးနောက်··

''ဘိုးဘိုးဘုရားက ဘာပြောသလဲ''

''သူ့ဆီကို လာခဲ့ပါတဲ့၊ ခင်ခင်ကြီး ဘာမှမဖြစ်စေရဘူးတဲ့၊ သူအားလုံးတာဝန် ယူတယ်တဲ့''

ခင်ခင်ကြီးက မတ်တပ်ထရပ်သည်။ အတန်ကြာ ငြိမ်နေသည်။ တစ်စုံတစ်ခုသော အလေးအနက် စဉ်းစားနေဟန်ရှိသည်။ ဒေါ်သဲအုက ဘာမှမပြောဘဲ ခင်ခင်ကြီးကို အကဲခတ်ကြည့်ရှုလျက်ရှိသည်။

ခင်ခင်ကြီးက တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်··

''ခင်ခင်ကြီးတို့သွားကြမယ်၊ အခုပဲ သွားကြမယ်''

''ဝန်မင်းကြီးအိမ်တော်ကိုလား၊ အချိန်လင့်နေပြီ''

''မဟုတ်ဘူး၊ ယင်းတလဲကိုသွားကြမယ်''

''ဘာ··ယင်းတလဲဟုတ်လား''

ဒေါ်သဲအုက ထိတ်လန့်စွာ ရွတ်ဆိုလိုက်သည်။

''ဟုတ်တယ်၊ ယင်းတလဲကို သွားကြမယ်''

ဒေါ်သဲအုက ခင်ခင်ကြီးကို ထူးဆန်းနားမလည်သောဟန်ဖြင့် ကြည့်ရင်း—

''ယင်းတလဲမင်းသားဟာ ကုလားဖြူရဲ့သစ္စာကိုမခံဘဲ ရရာလူသူလက်နက်တွေနဲ့ စစ်ပြိုင်တိုက်ခိုက်နေတယ်ဆိုတာ ခင်ခင်ကြီး သိရဲ့လား''



''သိတယ်''

ခင်ခင်ကြီး၏အသံ ကျယ်လောင်မာကြောသည်။

## ၂၀ ယင်းတလဲ [ က ]

မြင်းခွာသံများ ကြားရသည်။

တောင်အကွယ်မှ မြင်းတစ်စီးထွက်လာသည်။ နောက်တစ်စီး၊ နောက်ထပ်တစ်စီး။ စုစုပေါင်း မြင်းကိုးစီး။ သို့သော် လူက ရှစ်ယောက်တည်း။

မြင်းတစ်စီးတွင် လူမပါ။

မြင်းကိုးမြင်း၊ လူရှစ်ယောက်။ လူတစ်ယောက်သည် လမ်းခုလတ်တွင် နေရစ်ခဲ့ပြီ။ ကကြိုးတန်ဆာပလာအပြည့်နှင့် မြင်းလွတ်တစ်စီးကို နောက်ဆုံးတွင် ဆွဲခေါ်လာသည်။

ရှေ့ဆုံးမှ ဖောင်းဝတ်ရောင် မြင်းဖြူကြီးသည် ကောင်းကင်တွင် ပျံလွှားနေသော အသာထိုရ်နတ်မြင်းပမာဖြစ်သည်။ လွှားခနဲ လွှားခနဲရှိသည်။ သူ၏ တလျားတခုန်က မြင့်လည်းမြင့်သည်။ ပြေးလည်းပြေးသည်။ ရှေ့ခြေအခုန်တွင် လည်ဆံများ ဖွာတက်သွားပြီး ရှေ့ခြေပြန်အကျတွင် နောက်ခြေနှစ်ဖက်ထောင်ကာ အမြီးလွှင့်ထောင်သည်။

မြင်းစီးယောကျာ်းကိုလည်း ကြည့်ပါဦး။

ဦးခေါင်းထက်တွင် ရွှေခြည်လေးကန့် ရွှေပွင့်ကိုး ကြယ်ပွင့်စီ တစတောင် ထောင်ဆံပြုံ ခေါင်းပေါင်း ဖွေးဖွေးဝင့်ဝင့်ဝင်းဝင်း။

အင်္ကျီက ပိုးရည်တောင်ဇာခြယ်၊ ကြယ်ပွင့်ကြဲ၊ လက်ရင်းလက်ဖျား အနားချုပ်ရိုး [illegible]တွပ် မာသရာဘက်လက်ကြပ်။

ပုဆိုးကတော့ကော··

ဖဲစိမ်း၊ ဖဲပြာ၊ ဖဲဝါ၊ ဖဲနီ၊ ရွှေပုစွန်ဆီ၊ ငွေပုစွန်ဆီတို့ကိုစပ်၍ ချုပ်ရသော [illegible]တ်ချိတ်ရွှေကြိုးလိုက်။

မင်းညီမင်းသားတစ်ပါးဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

ကြမ်းတမ်းခက်တရော်သော တောအထပ်ထပ် တောင်အထပ်ထပ်၌ လာရောက် [illegible]မတူဘဲ ညီလာခံသဘင်သို့ ဝင်ရောက်မည့်အလား။

**ဟန်ရေးကြွယ်လှသည်။**

www.burmeseclassic.com

www.burmeseclassic.com



နောက်တော်ပါများမှာလည်း သခင့်နည်းတူပင်။ ချပ်ဝတ်မိန်ညို၊ ဖျင်းတိုဖျင်းရှည်၊ ဓါလည်တွေး၊ ပါးကာ၊ နားကာ၊ ရှေ့ဘယက်၊ နောက်ဘယက်၊ မောက်ရှမောက်တို စေ်ဝတ်တန်ဆာ ဆင်ကုန်လျက်။

ဖောင်းဝတ်ရောင်မြင်းကြီးနှင့် မြင်းညို မြင်းဝါ မြင်းနီတို့သည် မြေလျှင် တုန်ဟီးသည့်ပမာ ကဆုန်စိုင်းလာကြရာမှ တစ်ခုသော ပညောင်ပင်ကြီးအနီးသို့ ရောက် ရှိသည်နှင့် မြင်းဇက်ကိုသတ်၍ တုန့်ခနဲရပ်လိုက်ကြကုန်၏။

ပညောင်ပင်ရင်းတွင်ကား အမျိုးသမီးနှစ်ယောက်။

အနီးဝန်းကျင် ရွာတစ်ခုခုမှ ထင်းခွေ နွားကျောင်းထွက်လာသော ကျေးတောသူ နှစ်ဦးပင် ဖြစ်ဟန်ရှိသည်။ နှစ်နံ့စပ်ဖျင်ကြမ်းလုံချည်နှင့် ပင်နီရင်ကွဲအင်္ကျီများ ဝတ်ဆင် ထားကြသည်။

အဝတ်အထည်များ နွမ်းပါးဟောင်းမြင်းသော်လည်း အမျိုးသမီးတစ်ယောက်မှာ အတော်ကလေးပင် လှပပျိုမျစ်ကြောင်း သိသာသည်။ အရွယ်ငယ်သည်၊ အသားအရေ နီဝြေဝင်းဝါသည်။ မျက်လုံးများစိုလွန်း၍ နှုတ်ခမ်းလွှာများ နဖတ်အိညက်သည်။

အခြား အမျိုးသမီးတစ်ယောက်မှာမူ အသက်အရွယ် ကြီးပြီဖြစ်သည်။ လေးဆယ် ဝန်းကျင်ဖြစ်သည်။ အသားအရေ ညိုညက်သည်။ သို့သော် ချောမွတ်သည်။

အမျိုးသမီးနှစ်ယောက်သည် ညောင်ပင်ရင်းတွင် အေးဆေးစွာ ထိုင်နေကြရာ မြင်းအုပ်ကြီး ရောက်ရှိလာသောအခါ လျင်မြန်စွာ မတ်တပ်ထရပ်လိုက်ကြသည်။

သို့သော် ထိတ်လန့်ကြောက်ရွံ့ပုံကား မပြကြ။ မြင်းကြီး မြင်းကောင်းများနှင့် မြင်းစီးယောကျ်ားများကို စိတ်ဝင်စားစွာ အကဲခတ် ကြည့်ရှုလျက်ရှိကြသည်။

ဖောင်းဝတ်ရောင် မြင်းကြီးပေါ်မှ ခန့်ထည်သော မင်းသားသည် အမျိုးသမီးငယ် ထို အတန်ကြာမျှ စိုက်ကြည့်နေပြီးနောက်··

''အမိတို့က ဘယ်ရွာကလဲ''

''မင်းမနိုင်''

ဖောင်းဝတ်ရောင်မင်းသား မျက်မှောင်ကုပ်လိုက်သည်။ ထို့နောက် မထိတ ပြုံးကာ··

''အင်း··မင်းမနိုင်ဆိုတာ ဘူမိနက်သန် သူပုန်ရွာကြီးပဲ''

အမျိုးသမီးငယ် ဘာမျှပြန်မပြောပါ။

''မင်းမနိုင်နဲ့ ယင်းတလဲ ဘယ်လောက်ဝေးသလဲ''

''နှစ်တိုင်''

အမျိုးသမီးငယ်က တည်ငြိမ်စွာဖြေသည်။ ဖောင်းဝတ်ရောင်မင်းသားကို အညီ



ငယ်မျှ ရှိသေလေးစားဟန်မပြ။ ယင်းကို မင်းသား၏ နောက်တော်ပါများက ကျေနပ်ဟန် မရှိ။

နောက်တော်ပါတစ်ဦး မြင်းကို ရှေ့သို့တိုးကာ··

''ဟဲ့-ကျေးတောသူအရိုင်းမ၊ မင်းညီမင်းသားတစ်ပါးကို ဘယ်လို ရှိသေ ကိုင်း ညွှတ်ရမယ် မသိဘူးလား၊ ငါတို့ ကိုယ်တော်လေး အမေးရှိတာကို လက်အုပ်ချီပြီး ဖြေပါတော့လား''

''အမောင်တို့ ကိုယ်တော်လေး ဘယ်သူဘယ်ဝါဆိုတာ ကျုပ်တို့မသိဘဲ''

အမျိုးသမီးကြီးက ပြောလိုက်သည်။

အာဏာသံပေးနေသော နောက်တော်ပါ မျက်ထောင့်နီသွားပြီး··

''ရတနာပုံတစ်လွှားမှာ အထူးကျော်ကြားတဲ့ ဆင်ကျုံးကိုယ်တော်လေးဆိုတာ နင်တို့ ကြားဖူးတယ်မဟုတ်လား''

အမျိုးသမီးနှစ်ယောက်က ဖောင်းဝတ်ရောင်မြင်းထက်မှ ဆင်ကျုံးမင်းသားကို မှိုင်တွေကြည့်လိုက်ကြသည်။

အမျိုးသမီးငယ်က ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

အမျိုးသမီးကြီးက··

''ဆင်ကျုံးကိုယ်တော်လေး ယင်းတလဲနယ်ထဲကို ပဇာကိစ္စ ကြွရောက်လာတယ် ဆိုတာ ကျုပ်တို့ မသိရသေးပါလား''

''သယ်··လက်စသတ်တော့ သင်းတို့က ကျုပ်တို့ကို အစစ်အဆေးလုပ်နေ ဘကိုး၊ ရာရာစစ··''

မျက်ထောင့်နီ နောက်တော်ပါက ကြိမ်းလိုက်သည်။

''ယင်းတလဲနယ်ထဲကို ဘယ်လိုလူမျိုးတွေ ဘယ်လိုကိစ္စနဲ့ ဝင်ရောက်လာကြ တယ်ဆိုတာကို ကျုပ်တို့မှာ စစ်မေးခွင့်ရှိပါတယ်''

''ကိုယ်တော်လေးဘုရား··ကျွန်တော်မျိုးကြီးတို့တော့ ရေလိုက်လွဲကြပြီနဲ့ တူ တယ်၊ ယင်းတလဲ··ယင်းတလဲနဲ့ နာမည်ကြီးလို့ လာကြပါတယ်၊ ယောကျ်ားကောင်း အစားနည်တွေမှမရှိဘဲ၊ မီးယပ်ပိန် မီးယပ်ခြောက်တွေ ကင်းစောင့်နေရတဲ့နယ်ပဲ၊ ဟား·· ဟား··ဟား··''

မြင်းစီးယောကျ်ား၏ စော်ကားသောစကားကို ကြားရသောအခါ အမျိုးသမီးကြီး က အမျိုးသမီးငယ်ကို လှမ်းကြည့်လိုက်သည်။

အမျိုးသမီးငယ်က ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးကြီးက ထဘီကိုဖြုတ်ခါ၍ ပခုံးတွင်ခြုံလိုက်ပြီး ထိုင်ချလိုက်ကာ··

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်··သူသေရဲ့အလောင်းကို စားရအောင် လင်းတလို ပျံလိုက်စမ်းကွယ့်"

စုတ်ခြည်းဆိုသလိုပင် အမျိုးသမီးကြီး၏ခန္ဓာကိုယ်သည် ဗွေ့ခနဲ မြောက်တက်သွားပြီး မျက်ထောင့်နီ နောက်တော်ပါ၏ မြင်းပေါ်သို့ ရောက်ရှိသွားသည်။

အဖြစ်အပျက်က လျှင်မြန်လှသဖြင့် ဆင်ကျုံးမင်းသားနှင့် နောက်တော်ပါများ အားလုံး အံ့အားသင့်သွားကြသည်။

မီးယပ်သည်တစ်ဦးလို ပိန်လှီပါးလျားသော အသွားကြီးသည် တကယ်တင် ဆယ့်နှစ်ကြိုးအတတ်ပညာဖြင့် လင်းတဖြစ်ကာ ပျံတက်သွားသည်ဟု ထင်မှတ်လိုက်ကြရသည်။

တကယ်တော့··

အမျိုးသမီးကြီးသည် ကိုယ်ကိုလှုပ်ခါပြီး ထိုင်ချလိုက်ကာ အားယူပြီး မြင်းပေါ်သို့ ခုန်တက်လိုက်ခြင်းဖြစ်သည်။ ထဘီကိုခြုံလိုက်ခြင်းမှာ ခြေထောက်နှစ်ချောင်းကို လှုပ်ရှားရွှေ့လွယ်စေရန်ဖြစ်သည်။ လုံချည်၏အောက်တွင် ရှမ်းဘောင်းဘီရှည် ခံဝတ်ထားသည်ကို ဆင်ကျုံးမင်းသားလေး တွေ့မြင်လိုက်ရသည်။

အမျိုးသမီးကြီးသည် မြင်းပေါ်သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ခြုံထားသော လုံချည်ကိုဖွင့်လိုက်သည်။ လက်နှစ်ဖက် ထွက်သည်။ လက်တစ်ဖက်တွင် ပြောင်လက်သော ဓားမြှောင်တစ်ချောင်း။

မြင်းစီးယောကျ်ားက ဓားလွယ်မှဓားကို ဆွဲထုတ်ရန် ကြံရွယ်လိုက်စဉ်မှာပင် အမျိုးသမီးကြီး၏လက်မှ ဓားမြှောင်သည် လည်ချောင်းသွေးကို အာသာငမ်းငမ်း သောက်လိုက်လေတော့သည်။

လည်ချောင်းသွေးများ ပန်းထွက်နေသော ကိုယ်ခန္ဓာကြီး မြင်းပေါ်တွင် ယိမ်းယိုင်ပြီး မြေကြီးပေါ်သို့ လေးလံစွာကျသွားသည်။

ဆင်ကျုံးမင်းသား၏ နောက်တော်ပါခြောက်ယောက် ဓားများကို ပြိုင်တူ ဆွဲထုတ်လိုက်ကြသည်။ မြင်းလည်တိုင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက်ရှိသော အမျိုးသမီးကြီးကို ဝိုင်းဝန်းတိုက်ခိုက်ရန် ရှိနေကြသည်။

သို့သော်··

ဆင်ကျုံးမင်းသားလေးက တိုက်ခိုက်ခွင့်မပြုပါ။ လက်တစ်ဖက်ကိုမြှောက်ပြီး တားမြစ်လိုက်သည်။

"မောင်မင်းတို့ သတိထားကြပါ၊ ကျုပ်တို့ဟာ ယင်းတလဲနယ်ကို ရန်သူ့ပြုဖို့ လာရောက်ကြတာမဟုတ်ပါဘူး၊ ဒီက အမိငယ်နဲ့ ကျုပ် စကားပြောပါ့မယ်"

ဆင်ကျုံးမင်းသားက သူ့လူများကို သတိပေးစကားပြောပြီးနောက် အမျိုးသမီးငယ်ဘက်သို့ လှည့်လိုက်သည်။



သူထင်ထားသည့်အတိုင်းပင် ဖြစ်သည်။

အမျိုးသမီးငယ်သည် စောစောကကဲ့သို့ နှစ်နံစပ်လုံချည်နှင့်မဟုတ်တော့။ ပိုးဘောင်းဘီရှည်ခါးစည်းနှင့် ခြေဖျား အပြာကွပ်၊ ခါးပန်းကြိုးအနီနှင့် ဖြစ်နေသည်။

သူမ၏လက်ထဲတွင် ဓားနှစ်လက်ရှိနေသည်။ ဓားသွားများကို နောက်ပြန်ခင်းထားသည်။ မည်သို့ တိုက်ခိုက်မည်ကို မခန့်မှန်းနိုင်ရှိသည်။

သူမ၏ ကျင်သောခါးသည် မုန့်တိုင်း၏အားကို ပေးမည့်ဟန်။

ဆင်ကျုံးမင်းသားလေးက သိမ်မွေ့စွာပြုံးလိုက်ပြီး··

"ကျွန်ုပ်တို့ ယင်းတလဲနယ်ကို လာရောက်ခြင်းသည် မဟာမိတ်ပြုရန် ဖြစ်ပါသည် အမိငယ်"

"မဟာမိတ်ပြုရန်ဆိုသောစကားသည် မရှင်းပါ အသင်မင်းသား"

ဆင်ကျုံးမင်းသား ခေတ္တမျှ တုန့်ဆိုင်းနေပြီးနောက်··

"တိုင်းတစ်ပါးက ရန်စတိုက်ခိုက်လာသော ထုလားဖြူကုလားမဲတို့ကို တိုက်ထုတ်ရန် ယင်းတလဲကိုယ်တော်ကြီးထံ ကျွန်ုပ်တို့ လာရောက်ပေါင်းစပ်ခြင်း ဖြစ်ပါတယ်"

အမျိုးသမီးက ဓားကွက်ခင်းထားသည်ကို ဖျက်သိမ်းလိုက်ပြီး ဓားနှစ်လက်ကို ဘယ်ဖက်လက်တွင် ပူးကိုင်လိုက်သည်။

ဆင်ကျုံးမင်းသား၏ နောက်တော်ပါများလည်း ဓားများကို ပြန်သိမ်းကြသည်။

အမျိုးသမီးငယ်က မြင်းပေါ်က အမျိုးသမီးကြီးကို··

"ကဲ··ဒွေးလေးဖော် အချိန်မလင့်မီ ဆင်ကျုံးကိုယ်တော်လေးတို့ကို မောင်ကြီးအရှေ့ထံ ပို့ကြရအောင်"

"ကောင်းလှပါတယ် သခင်မလေး"

ဆင်ကျုံးမင်းသားက အမျိုးသမီးငယ်ကို စူးစိုက်ကာကြည့်ရင်း··

"နှမတော်က ယင်းတလဲကိုယ်တော်ကြီးရဲ့ နှမတော် စောဥမ္မာသခင်မလေးပဲ ဖြစ်ပါတယ်"

"အသင်မင်းသားထင်တာ မမှားပါဘူး"

ယင်းတလဲ သခင်မကလေး စောဥမ္မာသည် ဓားနှစ်လက်ကို ပူးကိုင်လျက်နှင့် အနီးရှိရောင်မြင်းလွှတ်ကြီးပေါ်သို့ တစ်ပတ်လည် ခုန်တက်လိုက်သည်။

ဆင်ကျုံးမင်းသားနှင့် နောက်တော်ပါများ အံ့အားသင့် ငေးမောနေကြစဉ်မှာပင် မြင်းကို ဒုန်းစိုင်းပြီး ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်ကြီး ဒေါ်မယ်ဖော်ကလည်း မြင်းကို နောက်ပြန်စီးလျက်နှင့်ပင် မင်းသမီးကလေးနောက်သို့ ဒုန်းစိုင်းလိုက်ပါသွားသည်။

ဆင်ကျုံးမင်းသားနှင့် နောက်လိုက်နောက်ပါများ မြင်းဇက်ကို ဖွင့်လိုက်ကြသည်။

မြင်းခွာသံများ မိုးချုန်းသည်သို့တည်း။

[ ၈ ]

ယင်းတလဲမင်းသား မင်းသိဒ္ဓိသည် မင်းမနိုင်မြို့ဟောင်းတွင် အောင်မြေနင်းရန် ရောက်ရှိနေခိုက်ဖြစ်သည်။

မင်းမနိုင်မြို့ဟောင်းသည် မင်းမနိုင်ရွာသစ်၏ အနောက်တောင်ဘက် ယင်းတလဲတောင်ခြေတွင် တည်ရှိသည်။

မင်းမနိုင်မြို့ဟောင်းသည် တကောင်းခေတ်က နာဂဝံသမင်း တည်ထားခဲ့သော မြို့ဖြစ်သည်ဟု အဆိုရှိသည်။ တကောင်းဘုရင်ကို ပုန်စားပြီး တည်ထားခဲ့ခြင်းပင် ဖြစ်သည်။

အင်းဝခေတ်တွင် သုံးကြိမ်၊ ကုန်းဘောင်ခေတ်တွင် တစ်ကြိမ် ပုန်စားသူများ မင်းမနိုင်မြို့ဟောင်းကို အောင်မြေနင်းခဲ့သဖြင့် သူပုန်မြေဟု ထင်ရှားခဲ့သည်။

ယခုလည်း ယင်းတလဲစား မင်းသိဒ္ဓိသည် အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ရန် လူသူ လက်နက် စုဆောင်းရာတွင် ယင်းတလဲကို အခြေမပြုဘဲ မင်းမနိုင်မြို့ဟောင်းကို အခြေပြုခဲ့သည်။

ယင်းတလဲမြို့သည် ကုန်းကြောင်းရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းမွန်သဖြင့် ကုန်သွယ်ရေးခင်းဝယ်ရေးတွင် ကောင်းမွန်ဖွံ့ဖြိုးသည် မှန်သော်လည်း တိုက်ပွဲအတွက်မူ ယင်းတလဲတောင်ခြေ၌ရှိသော မင်းမနိုင်မြို့ဟောင်းသည် စစ်ရေးအရ များစွာကောင်းမွန်သည်။ အထူးသဖြင့် ခံမြို့နှင့် ဗဟိုမြို့အဖြစ် ကောင်းမွန်သည်။

ယင်းတလဲ၊ မင်းဝံ၊ နမ်းပုံနှင့် ကေလာသတို့သည် အရံခံမြို့များအဖြစ်နှင့် မင်းမနိုင်မြို့ဟောင်းကို ဝန်းရံကာဆီးလျက်ရှိကြသည်။

မင်းမနိုင်မြို့ဟောင်းတွင် ယခုတိုင် ကျုံးသုံးထပ်နှင့် ကျောက်မြို့ရိုး အခိုင်အမာ တည်ရှိနေဆဲဖြစ်သည်။

ယင်းတလဲမင်းသား စခန်းချလာသောအခါ အနည်းငယ်မျှသာ ပြုပြင်မွမ်းမံရ သည်။

ရေကျုံးတွင် မိကျောင်းနှင့်လင်းပိုင်များ လူးလာကူးခတ်လျက်ရှိသည်။ ကြာများ



ပေါ်ပေါ်ပါးဖြင့်လည်း လှပတင့်တယ်ခြင်းရှိသည်။

အခြောက်ကျုံးမှာလည်း အထူးတလည် ပြုပြင်မွမ်းမံစရာမရှိ။ ဆူးချွန်၊ ငုတ်ချွန်၊ ချောင့်၊ ခလုတ်၊ တွင်းချိုင့်များ အပြည့်အပြွမ်းပင်ဖြစ်သည်။

ညွန်ကျုံးတစ်ခုကိုသာလျှင် ထပ်မံပြုပြင်ရသည်။ ရေအဝင်နည်းပါးသဖြင့် နွံများ ခမ်းပြီး ကျုံးခြောက်ကြီးဖြစ်နေသဖြင့် တူးဆွရေသွင်း၍ နွံ့ညွန်များဖြစ်အောင် စီရင်ရသည်။

ယင်းတလဲတောင်မှရရှိသော သံကျောက်များဖြင့် ပြုလုပ်စီရင်ထားသော ကျောက်မြို့ရိုးသည် ပြအိုး၊ ပစ္စင်၊ မီးကာ၊ သူရဲပြေး၊ သူရဲနိ၊ ကာဆွဲပေါက်၊ ချောင်းပေါက်တို့ကို အထူးပြုပြင်ရန်မလိုဘဲ အနည်းငယ်မျှသာ ချို့နွယ်ပိတ်ပေါင်းများ ရှင်းပေးရပြီး မြို့တံခါးတန်ဆောင်းပြသာဒ်များကိုသာ ထပ်မံတည်ဆောက်ရသည်။

မင်းမနိုင်မြို့ဟောင်းသည် အစီအရင် အနေအထားကောင်းမွန်ခိုင်ခန့်လှသည်နှင့် အမျှ ယင်းတလဲမင်းသားထံသို့ ခိုဝင်ပူးပေါင်းလာသော လူသူလက်နက်အင်အားမှာလည်း များပြားတောင့်တင်းလှသည်။

ယင်းတလဲမင်းသားသည် သီပေါမင်း နန်းမကျမီက သာမန်မထင်မရှား မင်းသား ကလေးမျှသာဖြစ်သော်လည်း မြင်းခြံတိုက်ပွဲတွင် နောက်စောင့်တပ်အဖြစ် နေခဲ့ရစဉ် ရန်သူတို့၏ ဝိုင်းဝန်းပိတ်ဆို့ခြင်းကိုခံရပြီး မိမိထက် အင်အားဆယ်ဆမျှရှိသော ရန်သူ တပ်ကို တိုက်ခိုက်ထိုးဖောက်ပြီး ထွက်လာနိုင်သဖြင့် နေပြည်တော်တွင် ကောင်းချီး သဘင်း ပျံ့နှံ့ထင်ရှားရသည်။

လွှတ်တော်၏အမိန့်စာအရ အင်းဝခံမြို့မှ မြန်မာတပ်များ လက်နက်ချထွက်ခွာ သွားသောအခါ ယင်းတလဲမင်းသားသည် လက်နက်ချအပ်ခြင်းမပြုဘဲ လွှတ်တော်အမိန့် ကို ဆန့်ကာ ရရာလက်နက်လူသူတို့ကို စုဆောင်းပြီး မိမိအပိုင်စားရာ ယင်းတလဲသို့ ထွက်ခွာသွားသဖြင့် နေပြည်တော်တွင် ထပ်မံ သတင်းကြီးပြန်တော့သည်။

အင်္ဂလိပ်တပ်များ မန္တလေးမြို့ကို သိမ်းယူပြီးနောက် ယင်းတလဲမင်းသားအား လက်နက်ချသစ္စာခံရန် သုံးကြိမ်တိုင်တိုင် အကြောင်းကြား ရာဇသံပေးခဲ့သည်။ ယင်းတလဲ မင်းသားက လက်ခံခြင်းမပြုသောအခါ ပထမအကြိမ် တပ်ခွဲတစ်ခွဲ နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်ရာ အောင်မြင်စွာ ခုခံတွန်းလှန်လိုက်ကြသည်။ ရန်သူအမြောက်အမြားကျဆုံးပြီး လက်နက်ကောင်းများ သိမ်းယူရရှိလိုက်သည်။

ယင်းတလဲမင်းသား၏ ဂုဏ်သတင်းသည် တစ်နိုင်ငံလုံးကို လွှမ်းမိုးလေတော့ သည်။

အင်္ဂလိပ်ထံတွင် သစ္စာမခံလိုသော မှူးမတ်များ၊ တပ်မတော်သားများသည်

www.burmeseclassic.com

www.burmeseclassic.com



နီးစပ်ရာအင်အားစုကြီးများသို့ ပေါင်းဝင်ကြသည်ဖြစ်ရာ ယင်းတလဲမင်းသားထံသို့လည်း အစုလိုက် အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်း နှစ်ဦးချင်းသော်လည်းကောင်း ပေါင်းဝင်နေကြသည်မှာ နေ့ညမစဲပင်ဖြစ်သည်။

ထိုမျှသာမက ဇာတိမာန်တက်ကြွသော မျိုးချစ်အင်အားစုများလည်း ကျူး... သူကို တိုက်ခိုက်ရန် ယင်းတလဲတပ်များတွင် ဝင်ရောက်အမှုထမ်းကြသည်။ ထိုအထဲ... ဗေးပြဂိုဏ်းကြီးများနှင့် လူဆိုးသူခိုးများပင် ပါဝင်ကြသည်။

ယင်းတလဲမင်းသားသည် မိမိထံသို့ ဝင်ရောက်လာသူများ၏ ရည်ရွယ်ချက်... အရည်အသွေးတို့ကို စမ်းသပ်စစ်ဆေးပြီးနောက် သင့်တင့်စွာ နေရာချထားရသည်... တာဝန်များပေးအပ်ရသည်။ မကောင်းသောရည်ရွယ်ချက်ဖြင့် ဝင်ရောက်ပူးပေါင်းလာ... တို့ကိုလည်း ဖယ်ရှားရှင်းလင်းရသည်။

လူသူလက်နက်များလက်ခံခြင်း၊ စုဆောင်းခြင်း၊ နေရာချထားခြင်း၊ လေ့... ခြင်း၊ သတင်းထောက်လှမ်းခြင်း၊ ခံစစ်ပြင်ဆင်ခြင်း၊ တိုက်ကင်းများစေလွှတ်... နယ်မြေဒေသကို အုပ်ချုပ်စီရင်ခြင်းအမှုတို့တွင် ယင်းတလဲမင်းသမီးကလေး စော... သည် ယင်းတလဲမင်းသား မင်းသိင်္ခ၏ ညာလက်ရုံးပင် ဖြစ်တော့သည်။

လက်ရုံးရည် နှလုံးရည် ထက်မြက်ထူးချွန်သော ဆင်ကျုံးမင်းသား ပူး... ဝင်ရောက်လာသောအခါတွင်ကား ယင်းတလဲမင်းသားအဖို့ နောက်ထပ် ညာလ... တစ်ခုတိုးခြင်းပင် ဖြစ်တော့သည်။

တစ်နေ့တွင်..

မင်းမနိုင်သစ်နန်းဗဟိုချက်မဆောင်၌ ယင်းတလဲမင်းသားနှင့် ဆင်ကျုံးမင်း... တို့ စစ်တုရင်ထိုးနေကြစဉ်တွင် ယင်းတလဲမင်းသမီးလေး စောဥမ္မာ ရှေ့ကင်း... လှည့်လည်စစ်ဆေးရာမှ ပြန်လည်ရောက်ရှိလာသည်။

သူမနှင့်အတူ လူတစ်ယောက်ပါရှိလာသည်။

မင်းသားနှစ်ပါးသည် စစ်တုရင်ကစားနေကြရာမှ စောဥမ္မာ၏နောက်တွင် ... လာသော သူစိမ်းယောကျ်ားကို ကြည့်ရှုလိုက်ကြသည်။

သူစိမ်းယောကျ်ားကား ဦးပြည်းကတုံးနှင့်ဖြစ်သည်။

မျက်နှာဝန်းဝိုင်းသည်။ တည်ကြည်ခန့်ငြားသည်။ အသားလတ်သည်။ ... နှစ်ဖက်တွင် အင်းများချထားသည်။

မင်းသားနှစ်ပါး၏ရှေ့မှောက်တွင် မားမားမတ်မတ်ကြီး ရပ်နေသည်။ ထို...



...ိုယ်ထည် ကြီးမားသော်လည်း အသက်အရွယ် မကြီးသေးချေ။ အသက် ၂၁ မပြည့် ...တ်သေးသော လူငယ်တစ်ဦးမျှသာဖြစ်သည်။

မျက်လုံးများကို စကျွန်ကျွန်မှေးချထားသဖြင့် ရှင်လူထွက်တစ်ဦးမှန်း သိသာသည်။

“ဘယ်လိုအကြောင်းကိစ္စဆိုတာ ပြောပါဦး ညီမတော်”

ယင်းတလဲမင်းသားက မေးလိုက်သည်။

“မောင်ကြီးဘုရားထံတွင် အမှုတော်ထမ်းဖို့ လာရောက်သူပါ”

“ညီမတော်ပဲ သင့်တင့်သလို စီစဉ်ချထားပါ”

“မောင်ကြီးဘုရားကိုယ်တိုင် နေရာချထားပေးအပ်သင့်ပါတယ်”

“ဘယ်လိုအကြောင်းကြောင့်လဲ”

“ယင်းတလဲချောင်းကို ကြိုးတန်းပစ်ပြီး ကူးလာပါတယ်”

“ဘယ်လိုကြိုးတန်းပစ်တာလဲ”

“တစ်ဖက်ကမ်းမှနေပြီး အတောင်ငါးဆယ်ရှိတဲ့ကြိုးခွေကို လွှဲပြီးပစ်လိုက်တာ ...ကြိုးတစ်ဖက်ကမ်းက သစ်ပင်မှာ ရစ်ပတ်နေပါတယ်”

“ကေန္တတော့ ဖောင်သမားနဲ့တူတယ်၊ ကြိုးပစ်တော်ပုံထောက်တော့..”

ဆင်ကျုံးမင်းသားက ဝင်ပြောသည်။

ယင်းတလဲမင်းသားက သူစိမ်းယောကျ်ား၏မျက်နှာကို အကဲခတ်သည်။ မည်သို့ ...တုန့်ပြန်လှုပ်ရှားခြင်းမပြု။

“ကြိုးတန်းကိုတွဲလောင်းခိုပြီး ယင်းတလဲချောင်းကို ကူးလာတယ်ပေါ့၊ ဟုတ်စ”

ယင်းတလဲမင်းသားက မေးသည်။

စောဥမ္မာက ကပျာကယာဖြင့်..

“မဟုတ်ပါ၊ ကြိုးတန်းပေါ်တွင် လမ်းလျှောက်လာပါတယ်”

ယင်းတလဲမင်းသား မျက်ခုံးပင့်လိုက်ပြီး..

“ကြိုးကျွမ်းအတတ်ကို တတ်ကျွမ်းသူပ”

သူစိမ်းယောကျ်ား ဘာမျှပြန်မပြော။

“အမောင့်နာမည် ဘယ်သူလဲ”

“ကိုရင်ဉာဏ”

အားလုံးရယ်ကြသည်။ ကိုရင်ဉာဏ ဣန္ဒြေမပျက်။

“အမောင် သာမန်လူဖြစ်နေပြီ၊ လူအမည်ကိုပြောပါ”

“ဉာဏ”

“ကောင်းပြီ၊ မောင်ဉာဏပဲထားတော့၊ အမောင် မည်သူ့ထံတွင် ပညာသင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သလဲ''

''ဦးဣန္ဒက''

''တံခွန်တိုင်ဆရာတော် ဦးဣန္ဒကလား''

''မှန်ကြောင်းပါ''

''အမောင် ဘယ်နေ့က လူထွက်သလဲ''

''ယခု လဆန်း ၅ ရက်''

''တံခွန်တိုင်တိုက်ပွဲဖြစ်တဲ့နေ့က တံခွန်တိုင်မှာ အမောင်ရှိတယ်ပေါ့''

''ရှိကြောင်းပါ''

''မြန်မာတပ်များက တံခွန်တိုင်မြို့စားကြီးအိမ်ကို မီးတင်ရှို့လိုက်ကြတယ်ဆိုတာ မှန်သလား''

''မှန်ကြောင်းပါ''

''တံခွန်တိုင်မြို့စားကြီးနဲ့ ကုလားဖြူဗိုလ်ကာပင်တာတို့ သေဆုံးတယ်ဆိုတာ ကော မှန်သလား''

''မှန်ကြောင်းပါ''

မြန်မာတပ်များက တံခွန်တိုင်မြို့စားကြီးရဲ့ သားတော်မောင်မောင်လတ်နဲ့ သမီး နှစ်ယောက်က ခေါင်းဆောင်တယ်ဆိုတာကော မှန်သလား''

''မှန်ကြောင်းပါ''

''သမီးတစ်ယောက် တိုက်ပွဲမှာ ကျဆုံးသွားတယ်ဆိုတာကော မှန်သလား''

''မှန်ကြောင်းပါ''

''သူ့နာမည် ဘယ်သူလဲ''

''ခင်ခင်လတ်''

''တံခွန်တိုင်မြို့စားကြီးမှာ ခင်ခင်ကြီးဆိုတဲ့ သမီးတစ်ယောက် ရှိသေးတယ် မဟုတ်လား''

''သူက သစ္စာဖောက် လောက်ကောင်ပဲ''

ဆင်ကျုံးမင်းသား ခေါင်းထောင်သွားသည်။ ယင်းတလဲမင်းသားနှင့် နှမတော် စောဥမ္မာတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။

''သူကော တံခွန်တိုင်အိမ်ကြီး မီးလောင်တဲ့အထဲမှာ ပါသွားသလား''

ယင်းတလဲမင်းသားက မေးလိုက်သည်။

ဉာဏ ခေါင်းခါသည်။

''သူလွတ်သွားတယ်၊ သူ့ကို ခင်ခင်လေးက လွှတ်ပစ်လိုက်တယ်၊ အဲဒါ မှား



သလဲ''

''ခင်ခင်လေးဆိုတာ တံခွန်တိုင်မြို့စားကြီးရဲ့ သမီးအငယ်ပေါ့''

''ဟုတ်ပါတယ်''

''ကိုရင်ဉာဏ ဘာဖြစ်လို့ လူထွက်လာသလဲ''

''မိစ္ဆာဒိဋ္ဌိ ကုလားဖြူတွေနဲ့ သစ္စာဖောက် လောက်ကောင်တွေကို သုတ်သင် န်းဖို့ပါ''

''ဆရာတော်က ခွင့်ပြုတယ်ပေါ့''

ဉာဏ ခေါင်းညိတ်သည်။

''မိဘများကကော''

''ကျွန်ုပ်မိခင် မရှိတော့ပါ''

''ဖခင်ကော''

ဉာဏ အနည်းငယ် တုန့်ဆိုင်းနေပြီးနောက်..

''သူလည်း မရှိတော့ပါဘူး''

ယင်းတလဲမင်းသားက ဉာဏကို စေ့စေ့ကြည့်ပြီးနောက်..

''အမောင့်ဖခင်က ဘယ်သူလဲ''

''တံခွန်တိုင်မြို့စားကြီး ဦးကျော်လှုံးပါ''

အားလုံးပင် အံ့အားသင့်သွားကြသည်။ အာမေဋိတ်သံပြုကြသည်။ စိတ်ဝင်စား င်း ဝိုင်းဝန်းကြည့်ရှုနေကြသည်။

ယင်းအခိုက်တွင်...။

[ ဃ ]

ခန်းမဆောင်အတွင်းသို့ တပ်မှူးတစ်ယောက် ဝင်ရောက်လာသည်။ တပ်မှူးသည် တစ်ခု တင်လျှောက်လိုဟန်ဖြင့် မင်းသားများနှင့် မလှမ်းမကမ်းတွင် ရိုကျိုးစွာ သည်။

''ဘယ်အရေးအကြောင်းရှိလို့လဲ ဗိုလ်မှူးလေးစိတ္တ''

ယင်းတလဲမင်းသားက မေးလိုက်သည်။

''နေပြည်တော်က အမျိုးသမီးနှစ်ဦး ရောက်ရှိနေပါတယ်''

''ဘယ်သူတွေများလဲကွယ်''

''တစ်ဦးက တံခွန်တိုင်ခင်ခင်ကြီးလို့ ဆိုပါတယ်''

''ဟေ''

www.burmeseclassic.com

www.burmeseclassic.com



''တစ်ဦးကတော့ အထိန်းတော်တစ်ယောက်ပဲ ဖြစ်ဟန်ရှိပါတယ်၊ နာမည်က ဒေါ်သဲအုလို့ ခေါ်ပါတယ်''

''နေပါဦးကွယ့်၊ သူတို့သဘောနဲ့သူတို့ ရောက်ရှိလာကြတာလား၊ လမ်းမှာ တွေ့လို့ အမောင်တို့က ဖမ်းဆီးခေါ်ဆောင်လာကြတာလား''

''သူတို့သဘောနဲ့သူတို့ ရောက်လာကြတာပါ''

''အိမ်း··အံ့ဩစရာပဲ၊ သူတို့ ဘာကိစ္စ လာရောက်ကြတယ်ဆိုတာကော မပြော ကြဘူးလား''

''သခင်ကြီးထံ ပို့ပေးဖို့ပဲ ပြောပါတယ်''

''ညီမတော် သွားရောက်စစ်ဆေးရမလား''

စောဥမ္မာက မေးသည်။

မင်းသိဒ္ဓိ ခေတ္တမျှ စဉ်းစားပြီး··

''အကျိုးအကြောင်းသိရအောင် တစ်ခါတည်းပဲ တွေ့လိုက်ကြတာပေါ့ကွယ်၊ မိုလ်မှူးလေးစိတ္တ သူတို့ကိုခေါ်ခဲ့ပါ''

မိုလ်မှူးလေးစိတ္တ ထွက်သွားသည်။ ချက်ချင်းပင် ပြန်လည်ဝင်ရောက်လာသည်။ သူ့နောက်တွင် ခင်ခင်ကြီးနှင့် ဒေါ်သဲအုတို့ ပါရှိလာသည်။

ခင်ခင်ကြီးသည် သူဆင်းရဲအသွင် ရုပ်ဖျက်ဝတ်ဆင်ထားသော်လည်း ရွှေ ရောင်အသင်းနှင့် ဖွံ့အိပြည့်ဖြိုးခြင်းများကိုကား ဖုံးကွယ်လျှို့ဝှက်နိုင်ခြင်းမရှိချေ။

ခင်ခင်ကြီးသည် မည်သူ့ကိုမျှ ဂရုပြုဟန်မရှိဘဲ တည်ငြိမ်သောဣန္ဒြေနှင့် ဝင်လာ သည်။ မင်းသားနှစ်ပါးနှင့် မလှမ်းမကမ်းတွင် ရပ်သည်။

ဒေါ်သဲအုက ခင်ခင်ကြီး၏နောက်ပါးတွင်ကပ်ပြီး ခပ်ရှိုရှိုကလေး ရပ်နေသည်။ ဉာဏ နဖူးကြောများ ထောင်နေသည်ကို စောဥမ္မာ သတိပြုမိသည်။

ယင်းတလဲမင်းသိဒ္ဓိသည် ခင်ခင်ကြီးကို အတန်ကြာစူးစိုက်ကာကြည့်နေပြီးနောက်

''အမိလာရောက်သည့် အကြောင်းကိစ္စကိုပြောပါ''

''အသင်မင်းသားထံသို့ ခိုဝင်လာခြင်း ဖြစ်ပါသည်''

''အမိနာမည် တံခွန်တိုင်ခင်ခင်ကြီးဆိုသည်မှာ ဟုတ်မှန်ပါသလား''

''ဟုတ်မှန်ပါသည်''

''တံခွန်တိုင်မြို့စားကြီးသည် ကုလားဖြူများထံတွင် သစ္စာခံသူမဟုတ်ပါလား''

''ဟုတ်ပါသည်''

''တံခွန်တိုင်မောင်မောင်လတ်နှင့် တံခွန်တိုင်ခင်ခင်လေးတို့မောင်နှမ အင်္ဂ လိပ်မင်းကို စစ်ပြိုင်တိုက်ခိုက်နေကြသည် မဟုတ်ပါလား''

''ဟုတ်ပါသည်''

''ခင်ခင်ကြီး အဘယ်ကြောင့် သူတို့နှင့် သွားရောက်မပူးပေါင်းသနည်း''

''ခင်ခင်ကြီးအပေါ်တွင် သူတို့ အထင်အမြင် လွဲမှားနေကြပါသည်''

''ကျွန်ုပ်တို့ဟာ မိစ္ဆာဒိဋ္ဌိ ကုလားဖြူတွေကို ဦးလည်မသုန် တိုက်ခိုက်နေတယ် ဆိုတာ ခင်ခင်ကြီး သိသလား''

''သိပါတယ်''

''ကျွန်ုပ်တို့ဟာ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံကို သစ္စာဖောက်တဲ့လူတွေကို ရှင်း လင်းသုတ်သင်နေတယ်ဆိုတာ ခင်ခင်ကြီး သိသလား''

''သိပါတယ်''

''သူဘယ်သူလဲဆိုတာ ခင်ခင်ကြီး သိသလား''

ယင်းတလဲ မင်းသိဒ္ဓိက ဉာဏကို လက်ညှိုးထိုးပြကာ မေးသည်။

ဉာဏကို ခင်ခင်ကြီးကြည့်သည်။ အတန်ကြာအောင် စူးစိုက်ပြီး ကြည့်နေသည်။

''ကိုရင်ဉာဏ မဟုတ်လား''

''ဟုတ်ပါတယ်၊ ကျုပ် ဉာဏပါ''

ဉာဏက တည်ငြိမ်ပြတ်သားစွာ ဖြေသည်။

''ကိုရင်ဉာဏ ဘယ်တုန်းက လူထွက်သလဲ''

''ကျုပ် ဘယ်တုန်းက လူထွက်သလဲဆိုတာ အရေးမကြီးပါဘူး၊ ကျုပ် ဘာ ကြောင့် လူထွက်တယ်ဆိုတာပဲ အရေးကြီးပါတယ်၊ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံကို သစ္စာဖောက်တဲ့ လောက်ကောင်တွေကို ရှင်းလင်းသုတ်သင်ဖို့ ကျုပ် လူထွက်ပြီး ဒီကို ရောက်ခဲ့တာပဲ''

''ကိုရင်ဉာဏ ပြောပုံကတော့ တံခွန်တိုင်ဇာတိ ပြည့်ဝလှပါတယ်''

''ကျုပ်မှာ အစ်မတော် ခင်ခင်ကြီးတို့ရဲ့ သွေးတစ်ဝက်ပဲ ပါပါတယ်၊ ကျုပ်ဟာ တံခွန်တိုင်မြို့စားကြီးနဲ့ သူဆင်းရဲမကလေး မယ်ပန်းဝါတို့က မြင်တဲ့သားပါ၊ ကျုပ်မှာ ပါတဲ့ တံခွန်တိုင်သွေးဟာ ကိုယ့်အမျိုးကို သစ္စာဖောက်တဲ့သွေးဆိုရင် အခုချက်ချင်း ထုတ်ပစ်ပါ့မယ်၊ တံခွန်တိုင်သွေးကို ကျုပ် အခုအချိန်ထိ ဖောက်ထုတ်မပစ်သေး တာကတော့ နောင်တော် မောင်မောင်လတ်နဲ့ ညီမငယ် ခင်ခင်လေးတို့ရဲ့ အာဇာနည် သွေးစီးလေးစားတဲ့အတွက်ပါပဲ''

ခင်ခင်ကြီးက ဉာဏကို တစ်စုံတစ်ခု ပြန်လည်ပြောဆိုမည်ပြုပြီးမှ မပြောတော့ဘဲ မျက်နှာလွှဲကာ ယင်းတလဲမင်းသိဒ္ဓိကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် မင်းသိဒ္ဓိက··

"ဗိုလ်မှူးလေးစိတ္တ၊ မောင်ဉာဏကို အမှောင့်တပ်မှာထားပါ"

ထို့နောက်··

"ညီမတော်ဥမ္မာက ခင်ခင်ကြီးတို့ကို သင့်တင့်စွာ နေရာချထားပေးပါ"

မင်းသိဒ္ဓိ၏စကားအဆုံးတွင် ယင်းတလဲမင်းသမီးလေး စောဥမ္မာနှင့် တံခွန်တိုင်ခင်ခင်ကြီးတို့သည် တစ်ဦးကိုတစ်ဦး အတန်ကြာ စူးစိုက်ပြီး ကြည့်နေကြသည်။

## ၃ ၀ အိပ်မက် [ က ]

ယင်းတလဲမင်းမနိုင်သို့ ခင်ခင်ကြီး ရောက်ရှိနေသည်မှာ သုံးရက်ရှိပြီဖြစ်သည်။ စောဥမ္မာက ခင်ခင်ကြီးနှင့် ဒေါ်သဲအူကို အိမ်ငယ်ကလေးတစ်လုံးတွင် နှစ်ယောက်တည်း သီးသန့်နေရာချထားပေးသည်။

သို့သော် မိန်းကလေးငယ်တစ်ဦးက တစ်နေ့လျှင် နှစ်ကြိမ် စားဖွယ်သောက်ဖွယ်များ လာပို့သည်မှအပ ခင်ခင်ကြီးတို့ထံသို့ မည်သူမှ လာရောက်ခြင်းမရှိချေ။

ခင်ခင်ကြီးနှင့် ဒေါ်သဲအူတို့ကလည်း မည်သည့်နေရာသို့မျှ သွားရောက်ခြင်းမပြုဘဲ အိမ်အတွင်းမှာပင် နေထိုင်လျက်ရှိကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း စကားမယ်မယ်ရရ ပြောဆိုခြင်းမပြုချေ။

ဒေါ်သဲအူက ဘုရားခန်းတွင် စိပ်ပုတီးစိပ်နေပြီး ခင်ခင်ကြီးကမူ ပြတင်းပေါက်အနီးတွင်ထိုင်လျက် ယင်းတလဲတောင်တန်းကြီးကို ငေးမောနေပါသည်။

ဤအရပ်ဒေသတွင် လူသူလက်နက်များ စုရုံးလျက် အင်္ဂလိပ်တို့နှင့် စစ်ပြိုင်ချိန်ပြင်ဆင်အားထုတ်နေမှုများသည် သူတို့နှစ်ဦးနှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့ပင်ဖြစ်တော့သည်။

ယင်းတလဲမင်းသား၊ ဆင်ကျုံးမင်းသား၊ စောဥမ္မာ၊ ဗိုလ်မှူးလေးစိတ္တ၊ ဉာဏနှင့် အခြားသူများကလည်း သူတို့နှစ်ယောက်ကို မေ့လျော့ကာ လျစ်လျူပြုထားသကဲ့သို့ပင် ရှိတော့သည်။

သို့သော်··

စတုတ္ထမြောက်နေ့ ညဦးလယ်ယံတွင်ကား စောဥမ္မာ၏အိပ်ခန်းဆောင်သို့ ယင်းတလဲမင်းသား မင်းသိဒ္ဓိ အရေးတကြီး ရောက်ရှိလာသည်။



စောဥမ္မာ အိပ်ရာမှ ကမန်းကတန်း ထရသည်။

"မောင်ကြီး ဘာဖြစ်လို့လဲ"

စောဥမ္မာ ထိတ်ထိတ်ပြာပြာ မေးသည်။ နံရံတွင်ချိတ်ထားသော ကျောက်စီဓားလွယ်ကို ဖြုတ်ယူသည်။ မင်းသိဒ္ဓိ မောနေဟန်ရှိသည်။ ရုတ်တရက် ဘာမှမပြော၊ အနည်းငယ် အချိန်ယူပြီးမှ··

"ခင်ခင်ကြီး ခင်ခင်ကြီး"

"ခင်ခင်ကြီး ဘာဖြစ်လို့လဲ၊ ခင်ခင်ကြီး ထွက်ပြေးပလား"

"အို··မဟုတ်ပါဘူး"

"သူက ရန်သူရဲ့အထောက်တော်လား၊ သူ ဘာတွေလုပ်လို့လဲ"

"သူ ဘာမှမလုပ်ပါဘူး"

"နို့ဖြင့် ခင်ခင်ကြီး ဘာပြုလို့လဲ"

"မောင်ကြီး အိပ်မက်မက်တယ်"

စောဥမ္မာ ဘာမှပြန်မပြောဘဲ မင်းသိဒ္ဓိကို ငေးကြည့်နေသည်။

မင်းသိဒ္ဓိက··

"မောင်ကြီးကို ဘိသိက်ခံ နန်းတက်ပွဲလုပ်တယ်၊ မောင်ကြီးနဲ့ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးဟာ··"

"ခင်ခင်ကြီးလား"

"မဟုတ်ပါဘူး၊ ဘယ်သူမှန်းမသိဘူး၊ မျက်နှာမမြင်ရဘူး၊ ဒါပေမဲ့··"

မင်းသိဒ္ဓိက စကားကိုဆက်မပြောဘဲ ဖြတ်ထားသည်။ ရေတကောင်းကို လက်ညှိုးထိုးပြသည်။ စောဥမ္မာက ရေတစ်ဖလား ငှဲ့ပေးရသည်။

မင်းသိဒ္ဓိက ရေတစ်ဖလား ကုန်အောင်သောက်ပြီးမှ··

"မြန်းခနဲဆို ခင်ခင်ကြီးပေါ်လာတယ်၊ အဂ္ဂမဟေသီကို ဓားနဲ့ထိုးသတ်တယ်၊ ပြီးတော့ အဂ္ဂမဟေသီနေရာမှာ သူဝင်ထိုင်တယ်၊ သူ့ကိုယ်မှာ သွေးတွေ စွန်းနေတယ်"

စောဥမ္မာ ငြိမ်သက်တိတ်ဆိတ်နေသည်။

"ညီမတော် ဘယ်လိုသဘောရသလဲ"

"မောင်ကြီး သူ့ကို စွဲလန်းနှစ်သက်နေလို့ ဖြစ်မှာပေါ့"

"ဘုရား··ဘုရား··ဒုက္ခပါပဲ"

မင်းသိဒ္ဓိ တဖွဖွရေရွတ်မြည်တမ်းပြီး ထွက်သွားသည်။ စောဥမ္မာတစ်ယောက်သည်း **မျက်မှောင်ကုပ်ပြီး ကျန်ရစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

နောက်တစ်နေ့နံနက်တွင် ခင်ခင်ကြီးနေထိုင်ရာအိမ်ငယ်သို့ စောဥမ္မာတစ်ဦးတည်း ထွက်ခဲ့သည်။ လမ်းတွင် ဆင်ကျုံးမင်းသားနှင့် တွေ့ရှိသည်။

"ညီမတော် ဘယ်သွားမလို့လဲ"

"ခင်ခင်ကြီးဆီ သွားမလို့ပါ"

"သြော်.."

ဆင်ကျုံးမင်းသား ထွက်ခွာသွားတော့မည်ပြုပြီးမှ..

"ခင်ခင်ကြီးဟာ ဘယ်လိုမိန်းမဆိုတာ ညီမတော် သိတယ်နော်"

"မောင်ကြီး သိထားတာတွေရှိရင် ပြောပါ"

"သူဟာ တံခွန်တိုင်မြို့စားကြီး သဘောမတူတဲ့သူနဲ့ လိုက်ပြေးလို့ အိမ်ကနှင်ထုတ်ထားခြင်း ခံရဖူးတယ်"

စောဥမ္မာ ခေါင်းညိတ်သည်။

"သူချစ်သူကလည်း သူ့ကို စွန့်ပစ်သွားတယ်"

"စိတ်မကောင်းစရာပဲ"

"နောက်ထပ်ယောကျ်ားတစ်ယောက် နှစ်ယောက်နဲ့ သူ ရသေးတယ်၊ တစ်ယောက်နဲ့မှ မမြဲဘူး"

စောဥမ္မာ ဘာမျှမပြော။

"နောက်ဆုံးအဖြစ်အပျက်ကတော့ သူ့ကို မြင်းတပ်မိုလ်ယောင်း သူရမင်းခေါင်နဲ့ ကြောင်းလမ်းစေ့စပ်တယ်၊ သူရက အင်္ဂလိပ်ဆီမှာ သစ္စာခံပြီး ရာဇဝတ်အုပ်ရာထူးရတယ်၊ တံခွန်တိုင်တိုက်ပွဲမှာ သူရနဲ့ ခင်ခင်လတ် စီးချင်းထိုးကြရာမှာ နှစ်ယောက်စလုံးသေတယ်၊ အဲဒီနောက်မှာ ခင်ခင်ကြီး ကျုပ်တို့ဆီကို ရောက်လာတာပဲ"

စောဥမ္မာ ပင့်သက်ဖြာသည်။ ခင်ခင်ကြီးနှင့်ပတ်သက်ပြီး စဉ်းစားစရာတွေအများကြီးဖြစ်သည်။ ခင်ခင်ကြီးသည် သတိထားရမည့် လူတစ်ယောက်ဖြစ်သည်။

"သူနဲ့ပတ်သက်ပြီး ညီမတော်တို့ ဘယ်လိုစဉ်းစားထားကြသလဲ"

"သူဟာ ညီမတော်တို့ဆီကို ခိုဝင်လာတဲ့ လူတစ်ယောက်ပဲ"

"သူ့ကို နေရာချထားဖို့ ပြောတာ"

"ဒါတော့ မောင်ကြီးမင်းသိင်္ခရဲ့ အမိန့်တော်အတိုင်းဖြစ်ရမှာပဲ"

"နောင်တော်ကြီး မင်းသိင်္ခကတော့ တံခွန်တိုင်ခင်ခင်ကြီးကို တော်တော်စိတ်ဝင်စားနေပုံရတယ်"

စောဥမ္မာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။



"မောင်ကြီးက ဘာတွေပြောလို့လဲ"

"ညက ကျုပ်အဆောင်ကို နောင်တော်ကြီးရောက်လာတယ်၊ ခင်ခင်ကြီးကို အိပ်မက်မက်တယ်တဲ့၊ ခင်ခင်ကြီးက နောင်တော်ကြီးနန်းတက်ပွဲမှာ အဂ္ဂမဟေသီမိဖုရားကြီးကို ဓားနဲ့ထိုးသတ်ပြီး အဂ္ဂမဟေသီအဖြစ် နေရာဝယ်ယူတယ်တဲ့"

"မောင်ကြီးက ဘာပြောလိုက်သလဲ"

"နောင်တော်ကြီးက သူ့ကိုသိမ်းပိုက်ဖို့ ကြံရွယ်နေသလားလို့ မေးလိုက်တယ်"

"မောင်ကြီးမင်းသိင်္ခ ဘာပြောသလဲ"

"ဘာမှမပြောဘူး၊ ကယောင်ကတမ်းတွေ ရေရွတ်မြည်တမ်းပြီး ထွက်သွားတာပဲ"

စောဥမ္မာ ခေါင်းခါသည်။

ဆင်ကျုံးမင်းသားက..

"အင်း..ခင်ခင်ကြီးဟာ အပျိုစင် ရွှေမင်းသမီးလေးမဟုတ်ပေမယ့် ယောကျ်ားတွေကို ယူငင်သိမ်းကျုံးနိုင်တဲ့ သတ္တိတွေ ရှိတယ်"

စောဥမ္မာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး..

"ညီမတော် သွားမယ်၊ မောင်ကြီး လိုက်ဦးမလား"

"ဘယ်ကိုလဲ"

"ခင်ခင်ကြီးဆီကိုလေ"

"အို..ကျုပ် ဘာပြုလို့ လိုက်ရမှာလဲ"

ဆင်ကျုံးမင်းသား သုတ်သီးသုတ်ပြာ ထွက်သွားသည်။

စောဥမ္မာ စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ခင်ခင်ကြီး နေထိုင်ရာအိမ်ငယ်သို့ သွားရောက်သည်။ သို့သော် အိမ်ငယ်အနီးသို့ ရောက်ရှိသောအခါ စောဥမ္မာ စိတ်ပြောင်းသွားပြီး အိမ်တွင်းသို့မဝင်တော့ဘဲ လှည့်ပြန်ခဲ့သည်။

ထိုညတွင်လည်း..

ညဉ့်သန်းခေါင်ယံအချိန်လောက်တွင် စောဥမ္မာ၏အဆောင်သို့ ယင်းတလဲမင်း[illegible] မင်းသိင်္ခ သုတ်သီးသုတ်ပြာ ရောက်ရှိလာသည်။

စောဥမ္မာကိုမြင်သောအခါ မင်းသိင်္ခက..

"ခင်ခင်ကြီး..ခင်ခင်ကြီး"

ခကားထစ်နေသည်။

စောဥမ္မာက..

"မောင်ကြီး အိပ်မက်မက်ပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com

"အိပ်မက်မဟုတ်ဘူး၊ တကယ်··တကယ်၊ ဒီတစ်ခါတော့ တကယ်ဖြစ်တာ"

"ဘယ်လိုတကယ်ဖြစ်တာလဲ"

စောဥမ္မာ ထိတ်လန့်စွာမေးလိုက်သည်။

"ဆင်ကျုံးမင်းသားကို ခင်ခင်ကြီးက ဓားနဲ့ထိုးသတ်လိုက်တယ်"

"အို··ဘယ်လိုဖြစ်လို့လဲ"

"ခင်ခင်ကြီးရဲ့ အိပ်ခန်းဆောင်ကို ဆင်ကျုံးမင်းသား အရက်သေစာတွေ သောက်စားမူးယစ်ပြီး ရောက်လာတယ်တဲ့၊ နောက်ပြီးတော့ ခင်ခင်ကြီးကို အတင်းအဓမ္မ တော်တင်ဖို့ ကြိုးစားတယ်တဲ့၊ ဒါနဲ့ ခင်ခင်ကြီးက ဓားမြှောင်နဲ့ ထိုးလိုက်တာ တစ်ခါတည်း ပွဲချင်းပြီးသွားတာပဲတဲ့"

"မောင်ကြီးကို ဘယ်သူလာရောက် လျှောက်ထားသလဲ"

"ခင်ခင်ကြီး"

"သူ အခုဘယ်မှာလဲ"

"မောင်ကြီးရဲ့အဆောင်မှာ"

"အို··"

"မောင်ကြီး ဘာလုပ်ရမလဲ"

စောဥမ္မာက မင်းသိင်္ခကို ထူးဆန်းစွာ ငေးကြည့်နေသည်။ မင်းသိင်္ခ ဘာမျှမပြောဘဲ ရုတ်ခြည်း ပြန်ထွက်သွားသည်။

စောဥမ္မာ နောက်မှလိုက်သွားမည် စိတ်ကူးသည်။

သို့သော် မလိုက်။

[၈]

အရက်သေစာ မူးယစ်ပြီး ရမ်းကားစော်ကားသော ဆင်ကျုံးမင်းသားအား တံခွန်တိုင် ခင်ခင်ကြီးက ပွဲချင်းပြီး သုတ်သင်ရှင်းလင်းလိုက်သည့် သတင်းသည် နောက်တစ် တွင် ယင်းတလဲတစ်နယ်လုံးသို့ ပျံ့နှံ့ကျော်ကြားသွားလေတော့သည်။ တံခွန်တိုင်ခင် ကြီးအကြောင်း ပြောမဆုံးနိုင်ရှိကြတော့သည်။

စောဥမ္မာသည် နောက်တစ်နေ့ နံနက်ခင်းတွင် ထုံးစံအတိုင်း အထိန်းတော် ဒေါ်မယ်ဇော်၊ ဗိုလ်မှူးကလေးစိတ္တနှင့်အတူ စစ်ရေးလေ့ကျင့်ကွင်းတွင် စစ်သည်ရဲ များ ဓားရေး၊ လှံရေး၊ လေးပစ်၊ သေနတ်ပစ် လေ့ကျင့်နေကြသည်များကို စော ကြပ်မတ်လျက်ရှိကြသည်။

ဉာဏသည် ကြိုးတန်းလျှောက်ခြင်း၊ ကျွမ်းထိုးခြင်း၊ ခုန်ပျံကျော်လွှားခြင်း တွင်သာ ကျွမ်းကျင်သည်မဟုတ်ပေ။ လေးအတတ်တွင်လည်း တစ်ဖက်ကမ်းခတ်



ဟု ဆိုရပေမည်။ သို့ဖြင့် စောဥမ္မာနှင့် စိတ္တတို့သည် ဉာဏ၏တတ်ကျွမ်းမှု စွမ်းရည် တို့ကို စစ်ဆေးကြည့်ရှုပြီးနောက် သူ့အား လေးမြား-ကြိုး-ကျွမ်း ဆရာအဖြစ် ခန့်အပ်ကာ စစ်သည်ရဲမက်များကို သင်ကြားပေးရန် ညှိနှိုင်းတိုင်ပင်လျက်ရှိကြသည်။

ယင်းအချိန်တွင် သူတို့အနီးမှ စစ်သည်ရဲမက်များ တစ်နေရာသို့ ငေးစိုက်ကြည့် နေကြသည်ကို တွေ့သဖြင့် သူတို့လည်း ကြည့်လိုက်ကြသည်။

သူတို့ထံသို့ တူရူပြုပြီးလာနေသော ခင်ခင်ကြီးကို တွေ့ကြရသည်။

ခင်ခင်ကြီးသည် ရွှေပုစွန်ဆီ ရွှေဇာသတ် ကြယ်ပွင့်စီအင်္ကျီ၊ ပန်းလယ်ချိတ် ချိုကြိုးပိုက်အနား ရွှေရေးထဘီနှင့် နသစ်စ နေရောင်ခြည်တွင် ဝါဝါဝင်းဝင်း ရွှေ ဆင်းရှိသော မင်းသမီးကလေးနှယ်။

"တံခွန်တိုင်ခင်ခင်ကြီး"

ဗိုလ်မှူးလေးစိတ္တ တီးတိုးရွတ်ဆိုသည်။ ဒေါ်မယ်ဇော်က··

"သခင်မကလေးဆီကို သူလာတာပဲ"

စောဥမ္မာကမူ ဘာမျှမပြော။ ပုလဲဝတ်ဆံ နှစ်ရစ်စီသော မြိတ်ဖြူဆံထုံးနှင့် ရှင်မမ မာန်ကြွကြွ လျှောက်လာနေသော ခင်ခင်ကြီးကို မမှိတ်မသုန် ငေးစိုက်ပြီး ကြည့်နေသည်။

ခင်ခင်ကြီးက မည်သူ့ကိုမျှ ဂရုမပြုဘဲ စောဥမ္မာထံသို့ တန်းတန်းမတ်မတ် လာနေသည်။ မျက်လုံးစုံများအားလုံးသည် ခင်ခင်ကြီးထံတွင် ရောက်ရှိနေသည်။

ထိုစဉ်တွင် မမျှော်လင့်သော အချင်းအရာတစ်ရပ်ကို တွေ့မြင်လိုက်ကြရသည်။ လုံးပင် ဟယ်ခနဲ ဟင်ခနဲ သဲလှိုက်ရင်ဖိုဖြစ်သွားကြရသည်။

ယင်းကား··

လူအုပ်အတွင်းမှ ဓားလွတ်ကိုင် ရဲမက်တစ်ဦး ပြေးထွက်လာသည်။ ငှက်ကြီး ဓားကို နေရောင်တွင် ဝင်းခနဲဝှေ့လိုက်ပြီး ခင်ခင်ကြီး၏ဇက်ကို ပိုင်းချလိုက်သည်။

ခင်ခင်ကြီး ခေါင်းတခြား ကိုယ်တခြားဖြစ်သွားပြီဟု ထင်လိုက်ကြရသည်။ ငြိတ်သံများ ထွက်ပေါ်လာကြသည်။

သို့သော် မဟုတ်ပါ။

ခင်ခင်ကြီး လျင်မြန်စွာ ငုံ့ရှောင်လိုက်သည်။ အားလွန်ပြီး ငိုက်ကျသွားသော ဓားကိုင်လက်ကို ဖမ်းဆုပ်ပြီး မေးစေ့ကို တံတောင်ဖြင့် ခတ်လိုက်သည်။ ခေါင်း လည်သွားသည်။ ဓားကိုင်လက်ကို ဆတ်ခနဲ လိမ်ချိုးလိုက်သည်။ သည်။ ခင်ခင်ကြီး လက်ပြန်ရိုက်သည်။ ရန်သူ ကားခနဲ လဲကျသည်။

ယင်းအချိန်မှာပင် လှံကိုင်တစ်ဦး ပြေးထွက်လာသည်။ ချွန်မြသော လှံသွားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီး၏ဝမ်းဗိုက်ကို တအား ချိန်ရွယ်ပြီးထိုးလိုက်သည်။ ခင်ခင်ကြီး ခါးကို နွဲ့ရှောင်ကာ လှံကို ဖမ်းသည်။ လှံရိုးကိုဆုပ်ကိုင်ပြီး ဘေးသို့တိမ်းလိုက်သည်။ ရန်သူသည် လှံရိုးပေါ်တွင် တစ်ပတ်လည်ပြီး မြေပြင်သို့ ကျောဖြင့်ကျသည်။

ခင်ခင်ကြီး၏လက်ဝဲလက်ယာ တစ်ဖက်တစ်ချက်ဆီမှ ဓားသမားနှစ်ယောက် ပြေးထွက်လာကြပြန်သည်။ သို့သော် ခင်ခင်ကြီးထံသို့ အရမ်းဝင်မလာတော့ဘဲ ဓား တစ်ကမ်းသာသာတွင် ရပ်ကာ အကွက်ကောင်း ချောင်းမြောင်းလျက်ရှိကြသည်။

''ဆင်ကျုံးမင်းသားရဲ့လူတွေပဲ''

ဗိုလ်မှူးလေးစိတ္တက အသံထွက်ကာ ပြောလိုက်ပြီး ခင်ခင်ကြီးနှင့် ဓားသမား နှစ်ဦးထံသို့ ပြေးသွားမည်ရှိသည်။

''ဗိုလ်မှူးလေး အသာနေပါ''

စောဥမ္မာက ဟန့်တားလိုက်သည်။

ပထမဓားသမား မြေပြင်မှ ပြန်ထသည်။ လှံသမားလည်း လေးဘက်ထောက်ကာ မတ်တပ်ထရပ်ရန် ကြိုးစားလျက်ရှိသည်။

ခင်ခင်ကြီးနှင့် ရန်သူလေးဦး။

အားလုံးပင် အသည်းတအေးအေး ရင်တလှပ်လှပ်ဖြင့် ကြည့်နေကြသည်။ အသက်မှန်မှန်မရှူမိကြ။ မျက်တောင်မခတ်မိကြ။

ဓားသမားနှစ်ဦး လက်ဝဲလက်ယာမှ တစ်ချိန်တည်း ပြေးဝင်ကြသည်။ ခင်ခင်ကြီးက တစ်ဦးကို လက်နှစ်ဖက်ဖြင့် လျှင်မြန်စွာတိုက်ခိုက်ပြီး တစ်ဦးကို ခြေဖျားဖြင့် နောက်ပြန်ခတ်သည်။ လှံသမားဝင်လာသည်ကို မြေတွင် တစ်ပတ်လှိမ့်ပြီး ရှောင်သည်။ ဝိုက်ခြေဖျား သုံးသည်။

''အဲဒါ ရှမ်းကျောင်းဂိုဏ်း လက်သိုင်းခြေသိုင်းပဲ'' စိတ္တက တီးတိုးပြောသည်။ ''လက်ဖွေ့နည်းလည်း ပါတယ်၊ ကျွမ်းအတတ်လည်း ပါတယ်၊ ဟော..တွေ့လား လေထဲမှာ တစ်ပတ်လည်သွားပြီး ဘယ်လက်နဲ့ရိုက်ပြီး ဘယ်ခြေနဲ့ခတ်တာ''

ခင်ခင်ကြီး ခုန်သည်မှာ လူတစ်ရပ်မြောက်သည်။

ရန်သူများကို ရှေ့ပြန်နောက်ပြန် ပတ်လည်ကွက်နှင့် တိုက်ခိုက်သည်မှာ ဓြား လည်သကဲ့သို့ ရှိသည်။

ဓားနှင့်ပြေးဝင်လာသော ရန်သူကို ပခုံးနှင့်ထမ်းပြီး ပစ်လိုက်သည်မှာ ဆင် တစ်ရပ်ခန့် မြင့်သွားပြီး ဆယ်တောင်ကျော်ကျော်လောက်တွင် သွားကျသည်။

ကွမ်းတစ်ယာညက်အချိန်မှာပင် ရန်သူလေးဦး အတုံးအရုံးရှိသည်။

ခင်ခင်ကြီး၏နောက်ကျောဘက်မှ လူတစ်ယောက် ပြေးလာသည်။ ခင်ခင်ကြီး ဆတ်ခနဲလှည့်ပြီး ခုခံတိုက်ခိုက်ရန် ပြင်သည်။



သို့သော် ပြေးဝင်လာသည်မှာ လက်နက်ကိုင် ရန်သူတစ်ဦးမဟုတ်ချေ။

ကပိုကသီပြေးလာသော ယင်းတလဲမင်းသား မင်းသိင်္ခဖြစ်သည်။

မင်းသိင်္ခကို တွေ့မြင်သောအခါ ခင်ခင်ကြီး ရို့ရို့ယဉ်ယဉ်ကလေး ရှိသည်။

ခင်ခင်ကြီး၏ လက်ဖမိုးတစ်ဖက်တွင် ဓားသွားခတ်မိသဖြင့် သွေးစွန်းကြောင်း ထင်နေသည်။ မင်းသိင်္ခက ခင်ခင်ကြီး၏လက်ကို ဆွဲကိုင်ပြီး..

''အို..နှမတော်ရဲ့လက်မှာ သွေးတွေပါလား၊ လာ..လာ..အဆောင်တော်ထဲ သွားပြီးတော့ ဆေးထည့်ကြရအောင်''

မင်းသိင်္ခ ဆွဲခေါ်ရာနောက်သို့ ခင်ခင်ကြီး လိုက်ပါသွားသည်။

အားလုံးပင် ရင်သပ်ရှုမောရှိနေကြသည်။

စောဥမ္မာက ဉာဏ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

တင်းမာလျက်။

[ ၿပ ]

သည်ညတွင်မူ ခင်ခင်ကြီးထံသို့ စောဥမ္မာ မပျက်မကွက်သွားရောက်သည်။ ခင်ခင်ကြီး နှင့်မိမိ တစ်စုံတစ်ခု ပြောချိန်တန်ပြီဟု စောဥမ္မာ မှတ်ယူထားသည်။

သို့သော် ခင်ခင်ကြီးကို စောဥမ္မာ မတွေ့ရှိရပေ။ ခင်ခင်ကြီး အိမ်မှာမရှိချေ။ ဒေါ်သဲအူနှင့်သာ တွေ့ရှိရသည်။

''အို..ယင်းတလဲ သခင်မကလေးပါလား''

တံခါးဖွင့်လိုက်သောအခါ စောဥမ္မာကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသဖြင့် ဒေါ်သဲအူ အံ့အားသင့်သွားဟန်ရှိသည်။

စောဥမ္မာက ဒေါ်သဲအူကို ကျော်လွန်ကာ အိမ်အတွင်းသို့ အကဲခတ်ကြည့်ရှုပြီး နောက်..

''တံခွန်တိုင်ခင်ခင်ကြီး အိပ်နေပြီထင်တယ်''

''ခင်ခင်ကြီး အပြင်သွားပါတယ်''

''သူဘယ်သွားတာလဲ''

''အစုပဲ သခင်ကြီးက အခေါ်လွှတ်လို့ လိုက်သွားပါတယ်''

''ဘယ်သူလာခေါ်သလဲ''

''ဗိုလ်မှူးလေးစိတ္တပါ''

စောဥမ္မာ အိမ်တွင်းသို့မဝင်တော့ဘဲ လျှင်မြန်စွာ ပြန်ထွက်ခဲ့သည်။ ယင်းတလဲ မင်းသား၏ အိပ်ခန်းဆောင်သို့ သွားရောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းဆောင်အနီးသို့ ရောက်ရှိသောအခါ ဇီဝါဥမ္မာ၏ခြေလှမ်းများ တန့်ရပ်သွားရသည်။

ခန်းမဆောင်အတွင်းမှ ချိုလွင်သော ရယ်မောသံကလေး ပျံ့လွင့်ပြီး ထွက်လာနေသောကြောင့် ဖြစ်သည်။

''ခင်ခင်ကြီး··ခင်ခင်ကြီး··တံခွန်တိုင်ခင်ခင်ကြီး''

ဇာဥမ္မာတစ်ယောက်တည်း အမှောင်ရိပ်တွင် တဖွဖွရွတ်ဆိုလျက်ရှိသည်။

## ၄ ○ သံသရာ [ က ]

မိမိတို့နယ်အတွင်းသို့ ဝင်ရောက်လာသော အင်္ဂလိပ်တပ်များကို နှစ်ကြိမ်တိုင်တိုင် တွန်းလှန်တိုက်ခိုက်ပြီးနောက် တတိယအကြိမ် တိုက်ခိုက်ကြရဦးမည်ဆိုသည်ကိုလည်း ယင်းတလဲတပ်များက မျှော်လင့်ထားပြီးဖြစ်သည်။

အင်္ဂလိပ်တပ်များ တတိယအကြိမ် ချီတက်ဝင်ရောက်လာခဲ့လျှင် ကြိုတင်သိရှိနိုင်ရန် အထောက်တော်များ၊ ကင်းပုန်းများချထားသည်။ ကင်းတိုကင်းရှည်များ မပြတ်လှည့်လည်လျက် ရှိသည်။ ကတုတ်ကျင်းများ၊ ခံစစ်ကြောင်းများ အခိုင်အမာ တည်ဆောက်ထားသည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများ စုဆောင်းသိုလှောင်ထားသည်။ မိမိတပ်များ၏ စည်းကမ်းစနစ်နှင့် တိုက်ရည်ခိုက်ရည်တို့ကို လေ့ကျင့်မြှင့်ဆင်ထားသည်။

ယင်းတလဲတပ်ဖွဲ့များ၏ လူအင်အား၊ လက်နက်အင်အားလည်း တစ်နေ့တခြားတိုးတက်မြင့်မားလျက်ရှိသည်။

ထိုမျှသာမက အခြေခံနယ်မြေပါ ကျယ်ဝန်းလာသည်။ အနီးဝန်းကျင် ရွာများ မြို့များ ပေါင်းဝင်လာကြသည်။ ရွာစား၊ မြို့စားများ သစ္စာခံလာကြသည်။ ထိုအထဲတွင် တောင်နီမြို့စား ပူးပေါင်းလာခြင်းသည် အထူးပင် ထိရောက်အောင်မြင်လှသည်။ တောင်နီနယ်သည် ယင်းတလဲနယ်ထက်ပင် ကျယ်ဝန်းပေသေးသည်။ ဆန်ရေစပါး ပြည့်စုံပြီး လက်နက်လူသူလည်း များပြားသည်။ တောင်နီမြို့စားသည် အသက်အရွယ်ကြီးရင့်ပြီး ဖြစ်သဖြင့် သူ၏နယ်မြေနှင့် သူ၏လူသူလက်နက်များကို ယင်းတလဲမင်းသားလက်သို့ လုံးဝလွှဲအပ်သည်။



ယင်းတလဲသို့ တောင်နီမြို့စား ပေါင်းစပ်ပြီးသည့်နောက်ပိုင်းတွင်ကား ယင်းတလဲနှင့် နယ်ချင်းစပ်ဖြစ်သော ကျောက်မိုင်းမြို့သည်လည်း ပေါင်းဝင်ရန် အရိပ်အခြည်ပြလာတော့သည်။ စေစပ်ကမ်းလှမ်းမှုများ ပြုလာသည်။ သို့သော် ကျောက်မိုင်းမြို့စားသည် ငယ်ရွက်ထက်မြက်သူတစ်ဦးဖြစ်သဖြင့် သူ့အား တပ်ဖွဲ့များအားလုံး၏ အကြီးအကဲခေါင်းချုပ်အဖြစ် ခန့်အပ်ရန် လေသံပစ် ဈေးဆစ်လျက်ရှိသည်။

မင်းသိင်္ခကလည်း ဆင်ကျုံးမင်းသား မရှိသည့်နောက်ပိုင်းတွင် လက်ရုံးရည် နှလုံးရည်ပြည့်ဝသူတစ်ဦးကို မိမိလက်ထောက်အဖြစ် လိုအပ်နေသဖြင့် ကျောက်မိုင်းမြို့စားကို စစ်သေနာပတိအဖြစ် ခန့်အပ်ရန် ဆန္ဒရှိနေသည်။

ကျောက်မိုင်းအင်အားစုကို ရရှိပြီးသည့်နောက်ပိုင်းတွင် မိမိ၏တပ်ဖွဲ့များသည် လူသူများနှင့် နှစ်ကြိမ်သုံးကြိမ် အားစမ်းပြီးလျှင် နေပြည်တော်ကိုပင် တက်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်လိမ့်မည်ဟု မင်းသိင်္ခ မျှော်မှန်းထားသည်။ ရတနာပုံကို ရရှိပြီးလျှင်ကား မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တွင် တသီးတခြားစီ လူစုလူဝေးဖြင့်ကာအင်္ဂလိပ်ကို ခုခံတိုက်ခိုက်နေသူများအားလုံး မိမိကဲ့သို့ သစ္စာခံဝင်ရောက်လာကြမည် ဖြစ်သည်။ ထိုအခါတွင် အင်္ဂလိပ်တပ်များကို ကုလားဖြူတို့ ရောက်သည်အထိ တိုက်ခိုက်မောင်းထုတ်ပြီးလျှင် တစ်နိုင်ငံလုံးကို အုပ်ချုပ်မင်းလုပ်ရန်သာ ရှိပေတော့သည်။

သည်အခြေ သည်ကာလမှာပင်··

နေပြည်တော်မှ အင်္ဂလိပ်တပ်များ ချီတက်လာကြောင်း အထောက်တော်များထံမှ သတင်းရရှိသည်။ ရန်သူအင်အား များပြားပြီး အမြောက်များ၊ စိန်ပြောင်းများ၊ လက်နက်ကြီးများ ပါရှိကြောင်း သိရှိရသည်။

ယင်းတလဲတပ်ဖွဲ့များသည် တိုက်ပွဲကြီးတစ်ပွဲ ဆင်နွှဲရတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ကြွလျက်ရှိကြသည်။ ခံစစ်ကြောင်းအဆင့်ဆင့်တွင် အသင့်ပြင်ဆင် စောင့်ဆိုင်းလျက်ရှိကြသည်။

သို့သော်··

အင်္ဂလိပ်တပ်များသည် ယင်းတလဲနှင့် ကျောက်မိုင်းနယ်စပ်သို့ ရောက်ရှိသောအခါ ယင်းတလဲနယ်ထဲသို့ ဝင်မလာဘဲ ကျောက်မိုင်းနယ်ထဲသို့ ဝင်ရောက်သွားကြသည်။

ကျောက်မိုင်းတွင် တိုက်ပွဲတွေဖြစ်ပွားပြီး ကျောက်မိုင်းမှ အကူအညီတောင်းခံလာသွင် အလျင်အမြန် ကူညီတိုက်ခိုက်နိုင်ရန် ယင်းတလဲတပ်များ အဆင်သင့်ပြင်ဆင်ထားကြသည်။ တိုက်ပွဲသတင်းများကို နားစွင့်နေကြသည်။ အကူအညီတောင်းခံမည့် စေတမန်ကို စောင့်မျှော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ..

ကျောက်မိုင်းနယ်အတွင်း၌ အင်္ဂလိပ်တပ်များနှင့် ကျောက်မိုင်းတပ်များ တိုက်ခိုက်သံ မကြားကြရ။ မည်သည့် စေတမန်မျှ ဆိုက်ရောက်လာခြင်းလည်းမရှိ။

ယင်းတလဲတပ်များ မတွေးတောတတ် ရှိနေကြသည်။

များမကြာမီတွင်..

ကျောက်မိုင်းရှိ အထောက်တော်များထံမှ ပေးပို့သောသတင်းများရရှိပြီး အခြေအနေမှန်ကို သိရှိကြရသည်။

အင်္ဂလိပ်တပ်များသည် ကျောက်မိုင်းမြို့ကိုတိုက်ခိုက်ရန် လာရောက်ကြခြင်းလည်းမဟုတ်၊ ယင်းတလဲနယ်ကိုတိုက်ခိုက်ရန် လာရောက်ကြခြင်းလည်းမဟုတ်၊ ကျောက်မိုင်းမြို့စားကို သစ္စာရေတိုက်ရန်သာ လာရောက်ကြခြင်းဖြစ်သည်။

ကျောက်မိုင်းမြို့စားသည် ယင်းတလဲမင်းသားနှင့် စကားကမ်းလှမ်းနေစဉ်တွင် အခြားတစ်ဖက်၌လည်း အင်္ဂလိပ်တို့နှင့် အပေးအယူပြုလုပ်လျက်ရှိသည်။

နောက်ဆုံးတွင် အင်္ဂလိပ်တို့နှင့် အပေးအယူတည့်သွားသည်။ အင်္ဂလိပ်တို့က ကျောက်မိုင်းမြို့စားကို ကျောက်မိုင်းနယ်ပိုင်ဝန်ထောက်အဖြစ် ပြန်လည်ခန့်ထားသည်။ ကျောက်မိုင်းနယ်ကို အုပ်ချုပ်စေသည်။ ကျောက်မိုင်းမြို့စားလိုအပ်သော စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက်များ ပေးကမ်းထောက်ပံ့သည်။

[ ၈ ]

သည်တွင် ယင်းတလဲနှင့်ကျောက်မိုင်း ပြဿနာပေါ်ရတော့သည်။

ကျောက်မိုင်းမြို့စားသည် အင်္ဂလိပ်ထံမှရရှိသော လက်နက်ခဲယမ်းမီးကျောက်များဖြင့် ယင်းတလဲနယ်စပ်ဒေသကို ထိပါးခြင်းပြုလာသည်။

အင်္ဂလိပ်သစ္စာမခံလိုသဖြင့် ယင်းတလဲနယ်ထဲသို့ ပြေးဝင်သွားကြသူများကို ကျောက်မိုင်းတပ်ဖွဲ့များက ယင်းတလဲနယ်ထဲထိ လိုက်လံတိုက်ခိုက်သည်။ ယင်းတလဲတပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ အရေးရှုံးနိမ့်ပြီး ပြန်လည်ဆုတ်ခွာကြရသည်။

သည့်နောက်တွင်ကား ကျောက်မိုင်းတပ်များသည် ယင်းတလဲရွာများကို အထပ်ထပ်တွင် ဝင်ရောက်တိုက်ခိုက်ကြသည်။ လုယက်သတ်ဖြတ်ကြသည်။ မီးရှို့ဖျက်ဆီးကြသည်။ ယင်းတလဲနယ်မှ မိန်းမပျိုများကို ဖမ်းဆီးခေါ်ဆောင်သွားတတ်ကြသည်။

ယင်းတလဲတပ်ဖွဲ့များသည် တိုင်းတစ်ပါးမှ ကျူးကျော်လာသော အင်္ဂလိပ်တပ်များနှင့် မတိုက်ရဘဲ မိမိနှင့် တစ်မျိုးတစ်နွယ်တည်းဖြစ်သော တိုင်းရင်းသားသစ္စာဖောက်များနှင့် အရင်တိုက်ခိုက်ရမည့်အခြေအနေ ရှိနေသည်။



လောလောဆယ် အခြေအနေတွင်မူ မိမိတပ်ဖွဲ့များ အင်္ဂလိပ်ကိုမတိုက်ရဘဲနှင့် အင်အားပြုန်းတီးသွားမည်စိုးသဖြင့် မင်းသိင်္ခသည် ကျောက်မိုင်းနယ်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ နယ်မြေချင်းထိစပ်နေသော နယ်နိမိတ်တစ်လျှောက် လုံခြုံရေးကိုသာ အထူးပြုကာကွယ်လျက်ရှိသည်။

ယင်းသို့..

ယင်းတလဲတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်လာခြင်းမရှိဘဲ မိမိနယ်မြေအတွင်းမှသာ ခုခံကာကွယ်ခြင်းပြုနေသဖြင့် ကျောက်မိုင်းတပ်များသည် ပိုမိုအတင့်ရဲလာပြီး ပိုမိုနှောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလာကြသည်။ နေ့တိုင်းညတိုင်းလိုပင် ယင်းတလဲနယ်အတွင်းသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသည်။

နယ်စပ်ဒေသအခြေအနေသည် တစ်နေ့တခြား ဆိုးဝါးလာနေသဖြင့် ယင်းတလဲမင်းသမီးလေး စောဥမ္မာနှင့် ဗိုလ်မှူးလေးစိတ္တတို့ကိုယ်တိုင် နယ်စပ်ဒေသ ကာကွယ်စောင့်ရှောက်ရေးကို စီမံဆောင်ရွက်ကြရတော့သည်။

ရန်သူများဖြစ်ကျော်လာတတ်သော မောင်တော် နှမတော် တောင်ကြားဒေသတွင် စောဥမ္မာကိုယ်တိုင် လက်ရွေးစင်တပ်သားသုံးကျိပ်နှင့်အတူ ကင်းပုန်းဝပ်နေသည်။

သို့သော်..

ညသန်းခေါင်ကျော်သည်အထိ ရန်သူများ၏ အရိပ်အခြေကို မတွေ့ကြရသေးပေ။ မိမိတို့ ချောင်းမြောင်းစောင့်ဆိုင်းနေသည်ကို ရန်သူများသိရှိသွားသဖြင့် ယနေ့ည လာရောက်ကြတော့မည်မဟုတ်ဟု စောဥမ္မာ ယူဆလျက်ရှိသည်။

မောင်တော် နှမတော် တစ်ဖက်ကမ်းကား ကျောက်မိုင်းနယ်မြေဖြစ်သည်။ ရန်သူများသည် ဤတောင်ကြားလမ်းမှနေ၍ ယင်းတလဲနယ်ထဲသို့ ဝင်လာလိုလျှင် နဂါးပတ်ချောင်းကို ဖြတ်ကျော်လာကြရမည် ဖြစ်သည်။

နဂါးပတ်ချောင်းသည် ယခုလိုဆောင်းကာလတွင် ဒူးဆစ်ပေါင်လယ်ခန့်သာ ရှိပြီး ဝါးတစ်ရိုက်ခန့်သာ ကျယ်ပြောသဖြင့် ဖြတ်သန်းရန်လွယ်ကူသည်။

နဂါးပတ်ချောင်းကို ရန်သူများကူးဖြတ်လာလျှင် တောင်ကြားအတွင်းသို့ ရောက်မှသာ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ရန်ဖြစ်သဖြင့် ယင်းတလဲတပ်သားများသည် တောင်ကြားအတွင်း၌ ပုန်းအောင်းနေကြပြီး နဂါးပတ်ချောင်း ကမ်းစပ်တွင် ကင်းသမားတစ်ယောက်သာ ချထားစောင့်ကြည့်စေသည်။

ညဉ့်နက်ပိုင်း ရောက်ရှိလာပြီ။ ရန်သူများ ရောက်ရှိလာချိန်ဖြစ်သဖြင့် စောဥမ္မာကိုယ်တိုင် ကင်းတာဝန်ယူကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

နှင်းမှုန်ဖွေးဖွေးတွင် ညသည် မှုန်မှုန်ရေးရေး။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူများ လာရောက်တော့မည်မဟုတ်ဟု ယူဆထားပြီဖြစ်သော်လည်း စောဥမ္မာသည် ပေါ့လျော့ခြင်းမရှိဘဲ သတိကြီးစွာဖြင့် ရှိနေသည်။

နဂါးပတ်ချောင်းတစ်ဖက်ကမ်းကို ဂရုပြုပြီး ကြည့်နေသည်။ နားနှစ်ဖက်ကို အစွမ်းကုန်စွင့်ထားသည်။

ဟော..

နားထဲတွင် မြင်းခွာသံကြားရသည်။ မြင်းတစ်ကောင်တည်း၏အသံ။ မနေးမမြန် ခြေကျလှမ်းမှန်။

မည်သူနည်း။ ရန်သူတို့၏ ရှေ့ကင်းလော။

မြင်းကို မြင်ရပြီ။

မြင်းတစ်ကောင်တည်းပင် ဖြစ်သည်။

စောဥမ္မာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မိမိမြင်ရသည်မှာ ဟုတ်မှ ဟုတ်ပါ၏လောဟု သေသေချာချာ ကြည့်သည်။

မြင်းတစ်ကောင်တည်းမှ မြင်းရှည်းသက်သက်။ လူမပါပါ။

စောဥမ္မာ မျက်မှောင်ကုပ်ပြီး စဉ်းစားသည်။ မည်သူ၏ မြင်းနည်း။ လူ ဘယ်မှာ ထွန့်ရစ်သနည်း။ မြင်းကိုဂရုပြုပြီး ကြည့်သည်။ မှုန်ရေးရေး ကွာဝေးဝေးမို့ မသဲကွဲပါ။ မိမိ သိရှိမှတ်မိသော မြင်းတစ်ကောင်တော့ ဟုတ်ဟန်မရှိပါ။

သို့သော် မြင်းကောင်းတစ်စီးဖြစ်ကြောင်းကား သိသာသည်။ အာရဗီမြင်းညိုကြီး ဖြစ်သည်။

မြင်းညိုကြီးသည် ချောင်းအနီးသို့ရောက်ရှိသောအခါ တုန့်နေးသွားပြီး ရေစပ်အနီးတွင် ခေတ္တမျှရပ်နေသည်။ နောက်သို့ လည်ပြန်လှည့်ကြည့်သည်။ တစ်ဖက်ကမ်းသို့လှမ်းမျှော်ကာ ကြည့်သည်။ ထို့နောက် ချောင်းကို ခပ်ဖြည်းဖြည်း ဖြတ်ကူးလာသည်။

စောဥမ္မာကြည့်နေစဉ်မှာပင် မြင်းညိုကြီးသည် ချောင်းကိုဖြတ်ပြီး ကမ်းပေါ်သို့ တက်လာနေပြီဖြစ်သည်။ မြင်းညိုကြီး၏ကျောပေါ်တွင် ကုန်းနှီးရှိသည်။

စောဥမ္မာ သစ်ပင်ရိပ်တွင်မှထွက်သည်။ မြင်းညိုကြီးကိုဖမ်းယူရန် ဖြစ်သည်။ မြင်းညိုကြီးသည် တစ်လှမ်းချင်းလာနေရာမှ စောဥမ္မာ၏အနီးသို့ ရောက်ရှိသောအခါ ဆတ်ခနဲ ရှေ့သို့ခုန်လိုက်သည်။ ကဆုန်ပေါက်ပြီး ထွက်သွားသည်။

စောဥမ္မာ နောက်သို့ ဆုတ်ရှောင်လိုက်ရသည်။ မြင်းညိုကြီးလွန်သွားသောအခါ မိမိရှေ့တွင် တစ်စုံတစ်ခုရှိနေသည်ကို စောဥမ္မာ သတိပြုလိုက်မိသည်။ ထိုတစ်စုံတစ်ခုသည် မြင်းညိုကြီး၏ တစ်ဖက်ဘေးမှ ကျကျန်ရစ်ခဲ့ကြောင်းလည်း စောဥမ္မာ သိလိုက်သည်။



မြင်းညိုကြီး၏တစ်ဖက်ဘေးမှ မဲမဲအရာကြီးတစ်ခု ဘုတ်ခနဲ ကျကျန်ရစ်ခဲ့သည်ကို မြင်လိုက်ရသဖြင့် မည်သည့်အချင်းအရာနည်းဟု ငုံ့ကြည့်လိုက်စဉ်မှာပင် မြေကြီးပေါ်မှ မဲမဲလုံးလုံးအရာကြီး မြင့်ကြွပြီးတက်လာသည်။

ဘုရား..ဘုရား လူတစ်ယောက်ပါလား။

စောဥမ္မာရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ သို့သော် သတိရှိသည်။ ရုတ်ခြည်းဆိုသလိုပင် ခါးတွင်ရှိသော မြင်းစီးသေနတ်ဆီသို့ လက်ရောက်သွားသည်။

သို့ရာတွင် မြင်းညိုကြီး၏ ဘေးတစ်ဖက်မှ ခုန်ချပြီး ကျန်ရစ်သူက စောဥမ္မာ၏လက်ကို သူ၏လက်တစ်ဖက်ဖြင့် အသာထိန်းဖိထားလိုက်သည်။

စောဥမ္မာ နောက်ကျချေပြီ။ မလှုပ်သာတော့။ လက်ကို သေနတ်ဒင်ဆီမှ ပြန်ရုပ်လိုက်ပြီး မိမိ၏ရှေ့မှလူကို ကြည့်လိုက်သည်။

မိမိထက် အရပ်မြင့်မားသူဖြစ်သဖြင့် လည်တိုင်ကို ဆန့်မော့ပြီး ကြည့်ရသည်။ သူ၏ကိုယ်လုံးကြီးကလည်း မိမိထက် နှစ်ဆနီးပါးမျှရှိသည်။ ရင်အုပ်ကျယ်ကြီးဖြစ်သည်။

သန်မာထွားကြိုင်းသော ယောကျ်ားကြီးတစ်ယောက်။

အာရဗီမြင်းညိုကြီး၏ တစ်ဖက်ဘေးတွင် ပုန်းကွယ်ပြီး ချောင်းကို ဖြတ်ကူးလာသူ။

မည်သူနည်း။

သူ့မျက်နှာ တည်ကြည်ခန့်ညားသည်။

စောဥမ္မာ စိတ်တည်ငြိမ်မှုရအောင် ကြိုးစားထိန်းချုပ်ပြီး..

"မောင်ကြီး ဘယ်သူလဲ"

မြင်းညိုရှင် လူထွားကြီးက ခေါင်းကို အနည်းငယ်ညွှတ်လိုက်ပြီး..

"ယင်းတလဲသခင်မလေး ထိတ်လန့်တကြားဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်"

သူ့အသံ တည်ငြိမ်လေးနက်သည်။

"မောင်ကြီး ဘယ်သူလဲ"

စောဥမ္မာက ထပ်မံမေးမြန်းလိုက်သည်။

မြင်းညိုရှင်က..

"မောင်မောင်လတ်၊ တံခွန်တိုင်မောင်မောင်လတ်ပါ"

"အို.."

တံခွန်တိုင်မောင်မောင်လတ်ဟူသောအမည်ကို ကြားလိုက်ရသောအခါ စောဥမ္မာသည် အိုဟု အာမေဋိတ်သံပြုလိုက်ပြီး သူမ၏ရှေ့တွင် ကျားကျားယားယားကြီးရှိနေသော

www.burmeseclassic.com



ခြင်းညီရှင် လူထွားကြီးကို စိတ်ဝင်စားစွာ အံ့အားသင့်စွာနှင့် ငေးမောကြည့်ရှုနေသည်။

တံခွန်တိုင်မောင်မောင်လတ်ဆိုတာ သူကိုး။

စောဥမ္မာ သွေးတိုးနှန်းမြန်ပြီး ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာသည်။ တစ်ကိုယ်လုံးလည်း ရှိန်းရှိန်းမြမြဖြစ်လာသည်။

ယင်းအခိုက်တွင် သူတို့ပတ်ဝန်းကျင်မှ လှုပ်ရှားသံများ ကြားရသဖြင့် စောဥမ္မာ ကြည့်လိုက်သည်။ မိုလ်မှူးလေးစိတ္တနှင့် ရဲမက်များဖြစ်သည်။

ရဲမက်ငါးဦးက မောင်မောင်လတ်ကို ဓားဦးများဖြင့် ချိန်ထားသည်။ အခြားရဲမက်များက နောက်ဖက်မှ ဝိုင်းရံထားကြသည်။

သို့သော် မောင်မောင်လတ် တုန်လှုပ်ချောက်ချားခြင်းမရှိ။ ပကတိ အေးအေးငြိမ်သက်စွာပင်ရှိသည်။

မိုလ်မှူးလေးစိတ္တက ဓားလွတ်ကိုဖွင့်ပြီး မောင်မောင်လတ်ထံ ရှေ့တူရူမှ ဝင်သွားသည်။

စောဥမ္မာ လက်ကာလျက်··

''မိုလ်မှူးလေး အေးဆေးစွာနေပါ၊ ဒီကမောင်ကြီးက တံခွန်တိုင် မောင်မောင်လတ်ပါ''

''သူ ဘာအကြောင်းကိစ္စနဲ့ လာတယ်ဆိုတာ ပြောပလား''

မိုလ်မှူးလေးစိတ္တက သတိရှိသောအသံဖြင့် မေးလိုက်သည်။

''အေးအေးဆေးဆေး မေးကြတာပေါ့''

စောဥမ္မာက မိုလ်မှူးလေးစိတ္တကို ပြောပြီးနောက် မောင်မောင်လတ်ဖက်သို့ လှည့်ကာ··

''မောင်ကြီးလာတဲ့အကြောင်းရင်းကို သိပါရစေ''

''ကုလားဖြူများကို တိုက်ခိုက်မောင်းထုတ်ရန် ယင်းတလဲသခင်ကြီးထံ ဝင်ရောက်လာခြင်းဖြစ်ပါတယ်''

''မောင်ကြီးတစ်ယောက်ထဲလား၊ မောင်ကြီးရဲ့ တပ်ဖွဲ့များကော မပါဘူးလား''

''မောင်ကြီးနဲ့အတူ လူငါးဆယ်ပါပါတယ်''

''သူတို့ဘယ်မှာလဲ''

မိုလ်မှူးလေးစိတ္တက မေးလိုက်သည်။

''ကျုပ်တို့ သည်မှာရှိပါတယ်''

သူတို့၏အထက်ဖက် တောင်ကုန်းများပေါ်မှ တခဲနက်သောဖြေသံ ထွက်ပေါ်လာသည်။ မြေလျှောင် တုန်ဟီးသည်ကဲ့သို့ တစ်တောလုံးတစ်တောင်လုံး သိမ့်သိမ့်တုန်သွားသည်။

မိုလ်မှူးလေးစိတ္တနှင့် ရဲမက်သုံးကျိပ်တို့သည် ထိတ်လန့်တကြား မော့ကြည့်မိကြသည်။ ထွက်ပေါ်လာသော အသံများသည် သူတို့ပတ်ပတ်လည်မှဖြစ်သည်။ သူတို့၏ခေါင်းပေါ်မှဖြစ်သည်။ အမှောင်ထဲမှ ဖြစ်သည်။

မောင်မောင်လတ်ကို ချိန်ရွယ်ထားသောဓားများ အလိုလိုရုပ်သိမ်းပြီး ဖြစ်သွားကြသည်။ မိုလ်မှူးလေးစိတ္တက စောဥမ္မာကို မည်သည့်အဓိပ္ပာယ်နည်းဟူသော အမေးဖြင့် ကြည့်သည်။

စောဥမ္မာက တုန်လှုပ်ဟန်မပြဘဲ··

''နှမတို့ ဒီမှာရှိနေတာကို မောင်ကြီးတို့ ဘယ်လိုသိသလဲ''

''မောင်ကြီးတို့ ဒီကိုအလာလမ်းမှာ ကျောက်မိုင်းမြို့စားလကျာပျံရဲ့လူတွေနဲ့ တွေ့တယ်၊ သူတို့က နှမတို့ရှိနေတာကိုသိလို့ ပြန်လှည့်လာကြတာပဲ''

''သူတို့ဟာ ကုလားဖြူကို သစ္စာခံတဲ့ အမျိုးယုတ်သွေးပုပ်တွေပဲ''

စိတ္တက ပြောသည်။ မောင်မောင်လတ်က··

''ကျုပ်တို့သိပါတယ်''

''မောင်ကြီးတို့ သူတို့နဲ့ ဘယ်လိုရှင်းခဲ့သလဲ''

''သူတို့ရဲ့ဝိညာဉ်တွေကို သွားလိုရာသွားခွင့်ပြုလိုက်တယ်၊ သူတို့ရဲ့ကိုယ်ခန္ဓာကောင်ကြီးတွေကိုတော့ တောရဲတိရစ္ဆာန်တွေ စားဖို့သောက်ဖို့ ထားခဲ့တယ်၊ သူတို့ရဲ့ ဦးခေါင်းနက်တွေကတော့ ကုလားဖြူရဲ့ လက်နက်ကောင်းတွေဖြစ်လို့ ယူခဲ့ကြတယ်''

မိုလ်မှူးလေးစိတ္တနှင့် သူ၏ရဲမက်များ ပါးစပ်အဟောင်းသား ရှိနေကြသည်။

''လူပေါင်းငါးဆယ်ဆိုတဲ့အထဲမှာ မောင်ကြီးရဲ့ညီမတော် တံခွန်တိုင်ခင်ခင်လေး ပါပါသလား''

''ညီမငယ်ခင်ခင်လေးကော သူ့ရဲ့ခင်ပွန်းသည် ကိုနန္ဒကော ပါပါတယ်''

''အင်း··မောင်ကြီးနန္ဒရဲ့ စွမ်းရည်သတ္တိတွေကိုလဲ နှမတို့ ကြားဖူးကြပါတယ်၊ မောင်ကြီးတို့လို သူရဲကောင်းတွေ ပေါင်းဝင်လာကြတဲ့အတွက် နှမတို့ အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်''

''လမ်းမှာ မောင်ကြီးတို့ ကြားလာတဲ့သတင်းတစ်ခု မှန်မမှန် မေးပါရစေ''

မောင်မောင်လတ်က အနည်းငယ်ချင့်ချိန်ဟန်ပြုပြီး မေးသည်။

''မေးပါ မောင်ကြီး''

''နှမတို့ဆီမှာ မောင်ကြီးတို့ရဲ့အစ်မတော်တစ်ယောက် ရောက်ရှိနေတယ်ဆိုတာ ဟုတ်သလား''

www.burmeseclassic.com

www.burmeseclassic.com



''မှန်ပါတယ်၊ မောင်ကြီးတို့ရဲ့အစ်မတော် တံခွန်တိုင်ခင်ခင်ကြီး ရောက်ရှိနေပါတယ်''

မောင်မောင်လတ်၏မျက်နှာ အနည်းငယ်တင်းမာသွားကြောင်း စောဥမ္မာ သတိပြုမိသည်။

''မောင်ကြီးတို့ သူနဲ့ တွေ့ရမည်လား''

''မောင်ကြီးတို့ဟာ ယင်းတလဲနောင်တော်ကြီး မင်းသိင်္ခနဲ့တွေ့မယ်ဆိုရင် တံခွန်တိုင်ခင်ခင်ကြီးနဲ့ တွေ့ရမှာလည်း အမှန်ပါပဲ''

''ဘာဖြုလို့လဲ''

''တံခွန်တိုင်ခင်ခင်ကြီးဟာ ယင်းတလဲသခင်ကြီးရဲ့ ကြင်ယာတော်ဖြစ်ပါတယ်''

''သြော်··ဒီလိုကိုး''

မောင်မောင်လတ်၏အသံ ခြောက်ကပ်သည်။

''နမတို့ဆီမှာ အစ်မတော် ခင်ခင်ကြီးအပြင် မောင်ကြီးတို့ရဲ့ အမျိုးအဆွေတစ်ဦး ရှိနေပါသေးတယ်''

''ဘယ်သူလဲ''

''တံခွန်တိုင်ဉာဏပါ''

''ကိုရင်ဉာဏပါ''

''သူ အခု လူထွက်ပြီး ဗိုလ်မှူးလေးစိတ္တရဲ့ လက်အောက်မှာ လက်ရင်းဗိုလ် တစ်ဦးအဖြစ်နဲ့ အမှုထမ်းဆောင်လျက်ရှိပါတယ်''

မောင်မောင်လတ် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးနောက်··

''အင်း··သံသရာမဆုံးသေးသရွေ့တော့ တွေ့နေကြရဦးမှာပေါ့''

## ၅၀ မုန်တိုင်း [ ဘ

''ခင်ခင်လေးတော့ သဘောမတူဘူး၊ မောင်ကြီးတို့ စဉ်းစားကြပါဦး၊ အစ်မတော် ခင်ခင်ကြီးကို ခင်ခင်လေး နည်းနည်းမှမယုံဘူး၊ သူနဲ့ပူးပေါင်းဖို့ ခင်ခင်လေး လုံးဝ သဘောမတူဘူး''

သည်တစ်ကြိမ်တွင် ခင်ခင်လေး ပြတ်သားသည်။ ခေါင်းမာသည်။

မောင်မောင်လတ်က စောဥမ္မာနှင့် ပြောဆိုညှိနှိုင်းပြီးနောက် မိမိ၏လူများကို စုဝေးကာ အခြေအနေအရပ်ရပ်ကို ပြန်လည်ရှင်းပြသည်။

သူတို့သည် ရန်သူနှင့် အဆက်မပြတ် တိုက်ခိုက်ခဲ့ကြရသည်ဖြစ်၍ အင်အား ပြန်နှုန်းတီးနည်းပါးကာ နယ်မြေသစ် အင်အားသစ် ရှာဖွေရမည့်အခြေအနေရှိသဖြင့် ယင်းတလဲမင်းသား မင်းသိင်္ခနှင့်ပူးပေါင်းရန် ညှိနှိုင်းဆုံးဖြတ်ပြီးမှ လာခဲ့ကြခြင်းဖြစ်သည်။

သို့သော် မိမိတို့၏အစ်မတော် တံခွန်တိုင်ခင်ခင်ကြီး ယင်းတလဲသို့ ရောက်ရှိနေရုံမျှမက ယင်းတလဲမင်းသား၏ ကြင်ယာတော်ဖြစ်နေကြောင်း သိရှိရသောအခါ ခင်ခင်လေးသည် ယင်းတလဲအင်အားစုနှင့် ပူးပေါင်းရေးကိစ္စကို အပြင်းအထန် ဆန့်ကျင်တန့်ကွက်လေတော့သည်။

ညီမငယ်ခင်ခင်လေး၏ ခါးသီးပြတ်သားမှုကို မောင်မောင်လတ် တုန်လှုပ်အံ့သြရသည်။ နန္ဒကလည်း ခင်ခင်လေး ဤမျှ ခေါင်းမာလိမ့်မည်ဟု မထင်မိခဲ့။

''မောင်ကြီးတို့က သူနဲ့ပူးပေါင်းတာမဟုတ်ပါဘူး၊ ယင်းတလဲမင်းသားကြီးနဲ့ ပူးပေါင်းတာပဲ၊ ယင်းတလဲနယ်က ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးကို ချစ်တဲ့သူနဲ့ ပူးပေါင်းတာပဲ''

နန္ဒ ကြားဝင်သည်။

''သူက ယင်းတလဲနယ်ထဲက လူတစ်ယောက်ဖြစ်နေတယ်၊ ယင်းတလဲနယ်သူမှ နိုးရိုးသူတစ်ယောက်မဟုတ်ဘူး၊ ယင်းတလဲမင်းသားကြီးရဲ့ ကြင်ယာတော် တကယ့်အထွဋ်အခေါင်နေရာမှာ ရှိနေတယ်''

ခင်ခင်လေး တုန့်ပြန်သည်။

''ကျုပ်လည်း အစ်မတော်ခင်ခင်ကြီးကို မယုံပါဘူး၊ သူနဲ့ မပေါင်းချင်ပါဘူး၊ ဒါပေမဲ့ ကျုပ်တို့ဟာ အင်္ဂလိပ်ကိုတိုက်ဖို့က အရေးကြီးနေတယ်မဟုတ်လား၊ အင်္ဂလိပ်ကို တိုက်နေတဲ့လူတွေချင်းချင်း ပူးပေါင်းပြီးတိုက်မှ အားရှိနိုင်မယ်မဟုတ်လား''

မောင်မောင်လတ်က ပြောသည်။

''အင်္ဂလိပ်ကို တိုက်တဲ့လူအချင်းချင်း ပူးပေါင်းဖို့လိုတယ်၊ အင်အားရှိအောင် ပေါင်းရမယ်ဆိုရင် တခြားလူနဲ့ပေါင်းမယ်၊ အစ်မတော်ခင်ခင်ကြီးနဲ့တော့ ဘယ်လိုမှ မတော်သက်ဘူး''

ခင်ခင်လေးက အပြတ်ပြောသည်။

အငြိုးကြီးသော တံခွန်တိုင်မောင်နှမများကိုကြည့်ပြီး စောဥမ္မာ အံ့သြနေသည်။ မည်သို့အနေနှင့် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုသင့်မသင့် ချိန်ဆနေသည်။

မောင်မောင်လတ်က စောဥမ္မာကို ကြည့်လျက်··

www.burmeseclassic.com

www.burmeseclassic.com



"နမ မြင်တဲ့ကြားတဲ့အတိုင်းပဲ၊ မောင်ကြီးတို့ဟာ လာတုန်းကတော့ နမတို့နဲ့ ပူးပေါင်းဖို့ပဲ၊ ဒါပေမဲ့ နမတို့အထဲမှာ မောင်ကြီးတို့ရဲ့ ဆူးညှောင့်တစ်ခု စူးဝင်နေတယ်၊ ဒီထိစွကို နမတို့လည်း ဘယ်လိုမှရှင်းနိုင်မှာမဟုတ်ဘူး၊ အကောင်းဆုံးကတော့ မောင်ကြီးတို့အနေနဲ့ တခြားတစ်နေရာကို သွားဖို့ပဲ"

"နမအနေနဲ့ ဘယ်လိုပြောရမယ်မသိဘူး၊ မောင်ကြီးတို့ ရောက်လာတဲ့အတွက် ဝမ်းသာတယ်၊ အခု သွားကြတော့မယ်ဆိုတော့ ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ စိတ်မကောင်းဘူး"

စောဉမ္မာက စိတ်ထဲတွင် ခံစားနေရသည့်အတိုင်း ပြောလိုက်သည်။

မောင်မောင်လတ်က ယင်းတလဲမင်းသမီးလေး၏မျက်နှာကို အမှတ်မထင် ငေးမောပြီးကြည့်နေသည်။

ထို့နောက် သူတို့ ခွဲခွာကြသည်။

[ ၈ ]

နေထွက်တပြုအချိန်တွင် မင်းမနိုင်သစ်နန်းသို့ စောဉမ္မာ ပြန်လည်ရောက်ရှိသွားသောအခါ မင်းသိဒ္ဓိနှင့် ခင်ခင်ကြီးတို့ကို လက်ဖက်ရည်ဆောင်တွင် တွေ့ရှိရသည်။

"ဟော..ညီမတော်ပြန်လာပြီ၊ မုန့်ပွဲများ သုံးဆောင်ရအောင် အတော်ပဲ"

ခင်ခင်ကြီးက ခရီးဦးကြိုပြုသည်။

စောဉမ္မာစိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

နမငယ်မျက်နှာ မကြည်မသာသည်ကို မင်းသိဒ္ဓိ သတိပြုမိသဖြင့်..

"ညက အရေးအခင်းကို ပြောပါဦးညီမတော်၊ ရန်သူတွေနဲ့ တွေ့တဲ့အခါမှာ တို့ဘက်က အထိအရှများ များသလား"

"ညီမတော်တို့ဘက်က အထိအရှ လုံးဝမရှိပါဘူး"

"ဝမ်းသာလိုက်တာကွယ်၊ ရန်သူဘက်ကကော.."

"တပ်လုံးပြုတ်ပါတယ်"

"နမတော်တို့ တယ်တော်ပါလား၊ ဆုတော်လာဘ်တော်များ ပေးရမယ်၊ တိုက်ခြိုက်ကြပုံ ပြောပါဦး"

"ဆုတော်လာဘ်တော် ပေးမယ်ဆိုရင်တော့ ညီမတော်တို့ကို ပေးဖို့မလိုပါဘူး"

"အဘပြုလို့တုန်းကွယ့်"

မင်းသိဒ္ဓိ အံ့သြစွာမေးသည်။ ခင်ခင်ကြီးက စောဉမ္မာကို ဖျတ်ခနဲကြည့်သည်။

"ရန်သူ တပ်လုံးပြုတ်အောင်တိုက်တာ ညီမတော်တို့ မဟုတ်ပါဘူး၊ ညီမတော်တို့ ရန်သူကို တွေ့တောင် မတွေ့လိုက်ရပါဘူး"

"ညီမတော် စကားမရှင်းပါဘူး၊ ရန်သူကို နမတော့် မတိုက်ရင် ဘယ်သူတိုက်သလဲ"

"ယင်းတလဲနယ်ထဲကို ခေတ္တခဏ ဝင်ရောက်လာတဲ့လူများက လမ်းကြိုတုန်းတိုက်ခိုက်နှိမ်နင်းသွားကြတာဖြစ်ပါတယ်"

"ဘယ်သူတွေများလဲကွယ့်"

စောဉမ္မာက ခင်ခင်ကြီးကို တချက်ကြည့်ပြီး..

"တံခွန်တိုင်မောင်မောင်လတ်၊ ဗိုလ်နန္ဒနဲ့ တံခွန်တိုင်ခင်ခင်လေးတို့ လူစုပါ"

ခင်ခင်ကြီး၏မျက်နှာတွင် တုန်လှုပ်ချောက်ချားသည့် အမူအရာများ ပေါ်လွင်လာသည်။

"ဘယ်လိုကွယ့်..တံခွန်တိုင်မောင်မောင်လတ်၊ နောက်ပြီး ဘယ်သူ ဗိုလ်နန္ဒ"

"ဗိုလ်နန္ဒက တံခွန်တိုင်ခင်ခင်လေးရဲ့ ခင်ပွန်းပါ"

မင်းသိဒ္ဓိက ခင်ခင်ကြီးကိုကြည့်လျက်..

"ဒီက မိမိရဲ့မောင်တော်နဲ့ ညီမတော်များပေါ့"

"ဟုတ်ပါတယ်"

စောဉမ္မာက ဖြေသည်။

"ထူးဆန်းလှချည်လား၊ သူတို့က ဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲ"

"သူတို့က လာတုန်းကတော့ ညီမတော်တို့နဲ့ ပူးပေါင်းဖို့ပဲ၊ လက်နက်လူသူငါးဆယ်ပါပါတယ်"

"ဝမ်းသာစရာပေါ့ကွယ်၊ တံခွန်တိုင်မောင်မောင်လတ် စစ်ရေးစစ်ဆင် အင်မတန်တော်တယ်လို့ သတင်းကြီးပေတယ်"

"ဗိုလ်နန္ဒနဲ့ ခင်ခင်လေးတို့ဟာလည်း တိုက်ရေးခိုက်ရေးမှာ အင်မတန် တော်ကြပါတယ်၊ သူတို့ဟာ ညက ကျောက်မိုင်းနယ်ကို ဖြတ်အလာမှာ ကျောက်မိုင်းမြို့စားရဲ့ သူတွေကို တွေ့ပြီး တပ်လုံးပြုတ် နှိမ်နင်းလိုက်ကြပါတယ်၊ ကျောက်မိုင်းလူတွေဟာ ညီမတော်တို့ စောင့်နေတာကို သိပြီး ပြန်သွားကြတာဖြစ်ပါတယ်၊ တံခွန်တိုင်မောင်မောင်လတ်တို့ဟာ ရန်သူတပ်ကို ချေမှုန်းလိုက်ရုံသာမကဘူး၊ ညီမတော်တို့ မောင်တော်နမတော် တောင်ကြားမှာရှိနေတာကိုလည်း ရန်သူတွေဆီကတစ်ဆင့် သတင်းသိခဲ့ပြီး တောင်ကြားထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတယ်"

"ညီမတော်နဲ့ တွေ့တာပေါ့"

စောဉမ္မာ ခေါင်းညိတ်သည်။

www.burmeseclassic.com

"အခု သူတို့ဘယ်မှာလဲ၊ ညီမတော် တစ်ခါထဲ ခေါ်မလာဘူးလား"

"သူတို့ လိုက်မလာပါဘူး၊ သူတို့ဆုံးဖြတ်ချက်ပြောင်းပြီး ယင်းတလဲနယ်ထဲက ပြန်ထွက်သွားကြပါပြီ"

"အလို..ဘာပြုလို့လဲ၊ ညီမတော်က ဘာပြောလိုက်လို့လဲ၊ သူတို့က ဘယ်လို အခွင့်အလမ်းတွေများ လိုချင်ကြလို့လဲ"

"သူတို့က ဘာအခွင့်အလမ်းမှ မလိုချင်ပါဘူး၊ သူတို့ပြန်ထွက်သွားကြတဲ့ အကြောင်းကတော့ အစ်မတော် ခင်ခင်ကြီးကြောင့်ပါပဲ"

မင်းသိဒ္ဓိက ခင်ခင်ကြီးကို ကြည့်လိုက်သည်။ အမျိုးသမီးမျက်နှာ ဖွေးဖွေးဖြူ နေသည်။

"သူတို့က အစ်မတော်ခင်ခင်ကြီးအပေါ်မှာ အတော်ပဲ အငြိုးထားပုံရပါတယ်၊ သူတို့ဟာ မျက်နှာဖြူ မိစ္ဆာဒိဋ္ဌိတွေကို ခုခံတိုက်ခိုက်နေတဲ့လူတွေ ဘယ်သူနဲ့မဆို ပူးပေါင်း တိုက်ခိုက်သွားဖို့ သန္နိဋ္ဌာန်ချထားကြပေမယ့် အစ်မတော် ခင်ခင်ကြီးနဲ့တော့ ဘယ်တော့မှ မပူးပေါင်းဘူးလို့ ပြောကြပါတယ်"

ခင်ခင်ကြီး ရုတ်ခြည်းထ၍ အတွင်းဆောင်သို့ ဝင်သွားသည်။ ယခုအကြိမ် မျက်နှာတစ်ခုလုံး ဖွေးဖွေးဖြူနေသူမှာ ယင်းတလဲမင်းသိဒ္ဓိ။

[ ၀ ]

စောဥမ္မာ ညောင်စောင်းပေါ်တွင် လဲလျောင်းလျက်ရှိသည်။ သူမ၏စိတ်အာရုံတွင် တံခွန် တိုင် မောင်မောင်လတ် စကြိုလျှောက်လျက်ရှိသည်။

အဆောင်တော်တွင်းသို့ အထိန်းတော်ကြီး ဒေါ်မယ်ဖော် ဝင်ရောက်လာသည်ကို စောဥမ္မာ သတိမပြုမိချေ။

"သခင်မကလေး"

"အို.."

ဒေါ်မယ်ဖော်၏အသံကို ကြားသောအခါ စောဥမ္မာ လန့်သွားသည်။ အိပ်ရာမှ ခုန်ထလိုက်သည်။ အဘွားကြီးလည်း လန့်သွားသည်။

"ဒွေးလေးဖော်ကလည်း လန့်လိုက်တာ၊ အသံမပေးဘာမပေးနဲ့ ဘယ်လိုဖြစ်လာ တာလဲ"

"သခင်မကလေး အတွေးလွန်နေလို့ပါ၊ ဘာတွေများ စဉ်းစားနေသလဲ"

"ဘာမှမစဉ်းစားပါဘူး၊ ဒွေးလေးဖော်လာတာ ဘာအကြောင်းရှိလို့လဲ"

"ဟို..ဟို..တံခွန်တိုင်"



ဒေါ်မယ်ဖော် စကားထစ်နေသည်။

"တံခွန်တိုင် ဘာပြုလို့လဲ"

စောဥမ္မာ စိတ်အားထက်သန်စွာ မေးသည်။

"သခင်မကလေးကို ဖူးမြော်ချင်လို့တဲ့"

"ဘယ်သူကလဲ"

"ဟို..တံခွန်တိုင် ကိုရင်လူထွက်"

"သြော်..ကိုရင်ဉာဏလား"

"ဟုတ်တယ်..မောင်ရင်ဉာဏ"

"သူ အခုဘယ်မှာလဲ"

"လက်ဖက်ရည်ဆောင်မှာ"

စောဥမ္မာ လက်ဖက်ရည်ဆောင်သို့ သွားရောက်သည်။

"ခုတင်ပဲ ရောက်ပါတယ်"

"အကြောင်းထူးရှိသလား၊ ဗိုလ်မှူးလေးစိတ္တနဲ့ တွေ့ပြီးပလား"

"တွေ့ပြီးပါပြီ၊ ဗိုလ်မှူးလေးနဲ့တွေ့လို့ နောင်လတ်တို့အကြောင်း ကြားရပါ တယ်"

"နောင်လတ်ဆိုတာ တံခွန်တိုင်မောင်မောင်လတ်ကို ပြောတာလား"

"ဟုတ်ပါတယ်၊ ခင်ခင်လေးဟာ ချီးကျူးစရာပဲ"

"အင်း..ကိုရင်ဉာဏတို့ တံခွန်တိုင်မောင်နှမတွေဟာ တော်တော်တော့ အံ့ဩဖို့ ကောင်းကြတာပဲ"

"နောင်လတ်ဟာ သူ့ညီ အရင်းခေါက်ခေါက် တံခွန်တိုင်မောင်မောင်လေးကို [illegible]ခဲ့တယ်"

"ဘာပြုလို့လဲ"

"မောင်မောင်လေးက သူများသားပျိုသမီးပျိုကို အဓမ္မကျင့်ကြံ ဖျက်ဆီးခဲ့လို့ပဲ"

"ကိုရင်ဉာဏ ဘာပြုလို့ တံခွန်တိုင်မောင်မောင်လတ်တို့ဆီကို မသွားဘဲ ယင်း[illegible]ကို လာသလဲ"

"နောင်လတ်တို့ဆီကို သွားပါတယ်၊ နောင်လတ်တို့ စခန်းပြောင်းကြပြီး ခြေရာ [illegible]သွားကြလို့ ယင်းတလဲကို ရောက်ရှိလာခြင်းပါ၊ အခုလည်း ဗိုလ်မှူးလေးစိတ္တ [illegible]လိုက်လို့ တောင်ငူနယ်ကိုသွားနေတုန်း နောင်လတ်တို့ ရောက်လာကြပြီး လူချင်း [illegible]လိုက်ရတာ တဖူးနာတာပဲ"

"နောင်တစ်နေ့ကျရင် တွေ့ကြမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''သခင်မကလေး ခွင့်ပြုရင် နောင်လတ်တို့နောက်ကို ခြေရာခံပြီး လိုက်သွားချင်ပါတယ်''

ဉာဏကို စောဥမ္မာက အတန်ကြာ စူးစိုက်ပြီးကြည့်နေသည်။ ထို့နောက်..

''ကိုရင်ဉာဏလည်း အစ်မတော်ခင်ခင်ကြီးအပေါ်မှာ အငြိုးမပြေတဲ့ တံခွန်တိုင်အမျိုးအနွယ်တစ်ယောက်ပဲ၊ ကောင်းပြီလေ၊ ကိုရင်ဉာဏ သွားလိုက သွားပါ''

ဉာဏ၏မျက်လုံးများ ဝင်းလက်တောက်ပလာသည်။

[ ဃ ]

ဉာဏ လက်ဖက်ရည်ဆောင်မှ ထွက်ခွာမည်ရှိစဉ် နန်းရင်ပြင်ဆီမှ အုတ်အုတ်သဲသဲအသံများ ကြားရသည်။ လေသာပြတင်းမှ ကြည့်လိုက်သောအခါ စစ်သည်ရဲမက်တွေ ရှုတ်ရှုတ်သဲသဲ ရှိနေသည်။

အကြောင်းချင်းကို လေ့လာစူးစမ်းရန် စောဥမ္မာ ဟန်ပြင်လိုက်စဉ်မှာပင် လက်ဖက်ရည်ဆောင်အတွင်းသို့ ဗိုလ်မှူးလေးစိတ္တ ရေးကြီးသုတ်ပြာ ရောက်ရှိလာသည်။

''သခင်ကြီးက သခင်မကလေးကို အခေါ်တော်ရှိပါတယ်''

စိတ္တက ဉာဏကို တစ်ချက်ကြည့်ပြီးနောက် စောဥမ္မာကို ပြောကြားသည်။

''နန်းရင်ပြင်မှာ စီစီညံညံ အုတ်အုတ်သဲသဲနဲ့ ဘာတွေဖြစ်နေကြတာလဲ''

စောဥမ္မာက မေးလိုက်သည်။

''နယ်ခြားက မြင်းလျှင်များ ယခုပဲ ရောက်ရှိလာပါတယ်''

နယ်ခြားကဟုဆိုသဖြင့် စောဥမ္မာ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ တံခွန်တိုင်မောင်နှမများ တစ်ခုခုပြဿနာပြုချေပြီလား။

''ဘယ်လိုအရေးအကြောင်းလဲ''

''ကျောက်မိုင်းမြို့စား လက်ျာပျံ့ စစ်အင်္ဂါအပြည့်အစုံနဲ့ ချီတက်လာကြောင်းပါ''

စောဥမ္မာ နောက်ထပ် တစ်စုံတရာ မေးမြန်းခြင်းမပြုတော့ဘဲ ညီလာခံခန်းမဆောင်သို့ အလျှင်အမြန် သွားရောက်သည်။

ညီလာခံခန်းမဆောင်အတွင်း၌ မင်းသိင်္ခနှင့်အတူ ခင်ခင်ကြီးလည်း ရှိနေသည်။ တပ်မှူး ဗိုလ်မှူးများလည်း အစုံအလင် ရှိနေကြသည်။

စောဥမ္မာ နေရာယူပြီးသည်နှင့်တစ်ပြိုင်နက် မင်းသိင်္ခက..

''ကျောက်မိုင်းမြို့စား လက်ျာပျံ့ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲပြီး စစ်သည်ဗိုလ်ပါအမြောက်အမြားနဲ့ စစ်ကြောင်းကြီးသုံးကြောင်းခွဲပြီး နယ်ခြားဒေသသို့ ချီတက်ရောက်ရှိလာကြောင်း ယခုပင် မြင်းလျှင်များဖြင့် သတင်းပို့လာကြတယ်၊ ကျောက်မိုင်းမြို့စား



ဟာ ငါတို့နဲ့ ပူးပေါင်းမည့်ဟန် ပရိယာယ်ဖန်ပြီး ကုလားဖြူတွေလက်အောက်ကို ဝင်ရောက်ခဲ့တယ်၊ ငါတို့ရဲ့ လှသူ့အိမ်ခြေနဲ့ လယ်မြေယာမြေတွေကိုပါ ထိပါးဖျက်ဆီးခဲ့တယ်။ ယခုမှ သင်းဟာ အဘယ်မျှ စော်ကားမောက်မာသလဲဆိုရင် ငါတို့ရဲ့ ယင်းတလဲနယ်ကို တိုက်ခိုက် သိမ်းပိုက်မယ့်ဟန်နဲ့ စစ်ကြီးချီလာတယ်၊ ငါတို့ရဲ့ နယ်ခြားတပ်များဟာ အင်မတန် နည်းပါးတဲ့အတွက် လက်ျာပျံ့တို့ကို တားဆီးပိတ်ပင်နိုင်တဲ့ အခြေမရှိဘူး၊ သဟာကြောင့် ငါတို့ဟာ အခုပင် နယ်ခြားဒေသသို့ ချီတက်တိုက်ခိုက်ကြရမယ်၊ လက်ျာပျံ့ကို နယ်ခြားဒေသက မောင်းထုတ်ရုံသာမကဘူး၊ သင်းရဲ့ ကျောက်မိုင်းနယ်တစ်ခုလုံးကို သိမ်းပိုက်ရမယ်''

မင်းသိင်္ခ၏ ကြုံးဝါးသံ မိုးသို့လျှံသည်။

''ယခုစစ်ကို ငါကိုယ်တိုင် ကွပ်ကဲတိုက်ခိုက်မယ်၊ ညီမတော် စောဥမ္မာက နန်းမြို့တော်မှာ အုပ်ချုပ်ပြီးနေရစ်စေ''

ဤတွင် စောဥမ္မာ ကပျာကယာဖြင့်..

''မောင်ကြီးဘုရားထံတွင် ညီမတော် ခွင့်ပန်ပါရစေ''

မင်းသိင်္ခနှင့်တကွ အားလုံးပင် စောဥမ္မာကို ကြည့်ကြသည်။

''ယခုစစ်တွင် ညီမတော်လည်း ပါဝင်တိုက်ခိုက်ပါရစေ၊ နန်းမြို့တော်တွင် ဗိုလ်မှူးလေးစိတ္တကို ထားခဲ့လျှင် သင့်လျော်လှုံလောက်ပါသည်''

ဗိုလ်မှူးလေးစိတ္တ တစ်စုံတစ်ခုပြောလိုဟန်ရှိသည်။ ဤစစ်တွင် သူလည်း ရှေ့တန်းမှ ပါဝင်တိုက်ခိုက်လိုပေသည်။ သို့သော် ထုတ်ဖော်၍ မပြောဆိုရဲသဖြင့် ငြိမ်နေသည်။

မင်းသိင်္ခ ခေတ္တမျှ စဉ်းစားပြီးနောက်..

''ကောင်းပြီ..ညီမတော်လိုက်ပါပြီး စိတ္တ နေရစ်စေ''

''မောင်ကြီးဘုရားတို့နှင့်အတူ နှမတော်လည်း လိုက်ပါတိုက်ခိုက်လိုပါသည်''

ခင်ခင်ကြီးက တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အားလုံးပင် အံ့အားသင့်သွားကြဟန်ရှိသည်။

''နှမတော် ယင်းတလဲသို့ လာရောက်သည်မှာ မိဖုရားဖြစ်ရန်မဟုတ်ပါ၊ စစ်တိုက်ရန်သာဖြစ်ပါသည်၊ ယခု မောင်ကြီးဘုရား၏ ကြင်ယာတော် ဖြစ်နေသော်လည်း စစ်တိုက်ရန်ကိုမူ ခွင့်ပြုတော်မူပါ''

ခင်ခင်ကြီးက တည်ငြိမ်သောလေသံဖြင့် ဆက်လက်ပြောဆိုသည်။

ဉာဏမျက်နှာ တင်းမာလျက်ရှိသည်။

မင်းသိင်္ခက..

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီ..နမတော်ခင်ခင်ကြီးလည်း စစ်တွင် လိုက်ပါစေ၊ ညီမတော် စောဥမ္မာက လက်ဝဲစစ်ကြောင်းကို ကွပ်ကဲပြီး နမတော်ခင်ခင်ကြီး လက်ျာစစ်ကြောင်းကို ကွပ်ကဲစေ၊ ငါကိုယ်တိုင်မူ အလယ်ဗဟိုစစ်ကြောင်းကို ကွပ်ကဲမည်၊ သက်ဆိုင်ရာ တပ်မှူး၊ ဗိုလ်မှူးများ တပ်များအားလုံးကို ချီတက်ရန် အသင့်ပြင်စေ''

[ ၄ ]

မောင်မောင်လတ် ဦးဆောင်သော တံခွန်တိုင်တပ်ဖွဲ့သည် နဂါးပတ်ချောင်းအတိုင်း မြောက်ရူရူသို့ ဆန်တက်သွားကြသည်။ သူတို့၏ဦးတည်ချက်သည် မိုးညှင်း၊ မိုးကောင်း။

ရတနာပုံမြို့တော် ရွှေကြိုးသတ်နယ်မြေ အဝန်းတစ်ပိုက်တွင် ရပ်တည်တိုက်ခိုက်ရန် အခြေအနေကျဉ်းကျပ်လာသောအခါ သူတို့သည် မိုးညှင်း၊ မိုးကောင်းသို့ သွားရမည်လား၊ ယင်းတလဲသို့ သွားရမည်လား၊ အရှေ့ဘက်တောင်ရိုးသို့ တက်ရမည်လားဟု စဉ်းစားခဲ့ကြသည်။

အကောင်းဆုံးဒေသမှာ ယင်းတလဲဖြစ်သည်။ စည်းလုံးတောင့်တင်းသည်။ ရတနာပုံနှင့် နီးသည်။ အခွင့်အလမ်းသာသည်နှင့်တစ်ပြိုင်နက် မြို့တော်ကို စီးနင်းတိုက်ခိုက်နိုင်သည်။

ယင်းကြောင့်ပင် ယင်းတလဲကို ရွေးခဲ့ကြသည်။ ယင်းတလဲသို့ လာခဲ့ကြသည်။

သို့သော် မထင်မှတ်သော အကြောင်းချင်းရာများ ဖြစ်ပေါ်ခဲ့ချေပြီ။ ယင်းတလဲသို့ မပေါင်းဝင်ရန် ဆုံးဖြတ်ခဲ့ကြပြီး ယင်းတလဲမှ ထွက်ခွာခဲ့ကြပြီ။

သူတို့အဖို့ အတော်ဆုံးနှင့် အသင့်လျော်ဆုံးဒေသကား မိုးညှင်း၊ မိုးကောင်းပင် ဖြစ်တော့သည်။ ကောလင်း၊ ဝန်းသို အရံအတားရှိသည်။ ကချင်တောင်တန်းများ နောက်ခံရှိသည်။ တရုတ်နယ်ခြားနှင့် နီးကပ်သည်။

အရှေ့ဘက်ကောင်းကင်၌ နေရောင်ခြည် ဝင်းပလာချိန်တွင် နဂါးပတ်ချောင်းကို သူတို့ဖြတ်ကူးကြသည်။

မောင်တော်နမတော် တောင်ကြားမှ ထွက်ခွာလာကြစဉ်က သူတို့သည် နဂါးပတ်ချောင်းကို ယင်းတလဲဘက် ကမ်းခြေအတိုင်း ပူးတွဲခွာတွဲ ဆန်တက်ခဲ့ကြခြင်း ဖြစ်သည်။

နဂါးပတ်ချောင်းသည် ယင်းတလဲနှင့် ကျောက်မိုင်း နယ်နိမိတ်မျဉ်းကြောင်း တစ်ခုပင် ဖြစ်သည်။

သူတို့သည် ရောဝတီကမ်းခြေသို့ ဆင်းသက်ရန်အတွက် နဂါးပတ်ချောင်းကို ဖြတ်ကျော်ကာ ကျောက်မိုင်းနယ်စပ်အတိုင်း သွားရောက်ကြရမည်ဖြစ်သည်။



ကျောက်မိုင်းတစ်ဖက်ကမ်းသို့ အားလုံးဖြတ်ကျော်မိကြသောအခါ မောင်မောင်လတ်သည် အရှေ့ဖက်ကမ်းခြေကို လှမ်းမျှော်ပြီးကြည့်သည်။

မောင်တောင်နှမတော်တောင်များကို ညိုညိုပြာပြာ တွေ့ရသည်။ ကောင်းကင်အောင်ကား ပုစွန်ဆီသွေး၊ ခရမ်းရင့်စပ်၊ ရွှေဝါဖိတ်ဖိတ်။

နန္ဒက မောင်မောင်လတ်နှင့် မြင်းချင်းယှဉ်ရပ်လျက်..

''ယင်းတလဲမင်းသမီးလေး စောဥမ္မာကို ကျုပ်တစ်ခါမှ စိတ်မဝင်စားဖူးဘူး''

''ရတနာပုံမှာ မင်းသမီးတွေကို ကျုပ်တစ်ခါမှ စိတ်မဝင်စားဖူးဘူး''

မောင်မောင်လတ်က တငြိမ့်ငြိမ့်စီးဆင်းနေသော နဂါးပတ်ချောင်းရေလျဉ်ကို ကြည့်ရင်းပြောသည်။

''စောဥမ္မာကျမှပဲ စိတ်ဝင်စားတော့တယ်ပေါ့ ဟုတ်လား''

''သူ့ကိုကြည့်ရတာ မင်းသမီးတစ်ယောက်နဲ့မတူဘူး၊ စစ်သူကြီးတစ်ယောက် နဲ့တူတယ်''

''ဘာပဲဖြစ်ဖြစ် မင်းသမီးကလေး နုနယ်လှပတာတော့ အမှန်ပဲ''

''ကျုပ်တို့သွားကြစို့၊ ကျောက်မိုင်းနယ်ကို ကနေ့ မွန်းမတည့်မီ ဖြတ်မိရင် ကောင်းမယ်''

မောင်မောင်လတ် မြင်းကိုဒုန်းစိုင်းပြီး ထွက်သွားသည်။

ရဲမက်များကို ကိုယ့်အစုကိုယ့်အဖွဲ့နှင့် စနစ်တကျ ချီတက်လိုက်ပါကြရန် နန္ဒ ကြပ်မတ်စီစဉ်သည်။ ရှေ့ကင်း နောက်ကင်းချထားသည်။

နောက်ကင်းအဖွဲ့နှင့် နန္ဒလိုက်ပါသည်။ ခင်ခင်လေးသည် တပ်အစဉ်၏အလယ် လောင်း လိုက်ပါနေရာမှ နောက်ချန်ပြီး နေရစ်သည်။ နန္ဒနှင့် နှစ်ယောက်တည်းရှိသော အခါ..

''မောင်လတ် ဘာပြောသလဲ''

''ဘာကိုလဲ''

''စောဥမ္မာအကြောင်း''

''ဘာမှမပြောပါဘူး''

''စောဥမ္မာက မောင်လတ်ကို တော်တော်လေး စိတ်ဝင်စားပုံရတယ်''

''ခင်ခင်လေးတို့မောင်ကြီးက လူချောလူခန့်တစ်ယောက်ပဲ''

''မိန်းမတွေနဲ့ပတ်သက်ရင် မောင်လတ် အရှက်အကြောက်ကြီးတယ်၊ စည်းကမ်း ကြီးတယ်၊ စိတ်ဝင်စားခြင်းလည်း မရှိဘူး၊ ဒါပေမဲ့ ခုတစ်ခါတော့ သူစိတ်ဝင်စားပုံ ရတယ်''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်မှာပေါ့''

''မိန်းမတစ်ယောက်ကို အာရုံငြိတွယ်တာနဲ့တစ်ပြိုင်နက် အဆုံးအဖြတ်ပေး မှားသွင်းတော့တာပဲ''

''ဘာပြောတယ်''

''ယင်းတလဲနဲ့ ပူးပေါင်းဖို့ကိစ္စမှာ အစ်မတော်ခင်ခင်ကြီးကို သူထည့်မတွက် တော့ဘူး၊ စောဉမှာကိုပဲ သူ့မျက်စိထဲမှာ မြင်နေတယ်''

''ဒါတော့မဟုတ်ဘူး၊ ခင်ခင်လေးပြောတာ လွန်လွန်းတယ်၊ ယင်းတလဲနဲ့ပူး ပေါင်းဖို့ မောင်ကြီးတို့ ဆုံးဖြတ်ပြီးမှ လာကြတာပဲ''

''ဆုံးဖြတ်တုန်းက ခင်ခင်ကြီးကိစ္စ မပါဘူးလေ''

''ခင်ခင်ကြီးကိစ္စ ခင်ခင်လေးပြောလာတော့ မောင်မောင်လတ် လက်ခံတယ် မဟုတ်လား''

''အမှန်တော့ ဒီကိစ္စမှာ ခင်ခင်လေး ပြောရမှာမဟုတ်ဘူး၊ မောင်လတ် ချက်ချင်း ဆုံးဖြတ်ပြီးဖြစ်ရမယ်၊ အစ်မတော်ခင်ခင်ကြီးနဲ့ပတ်သက်လို့ ခင်ခင်လေးတို့အား လုံး စိတ်ပြတ်ပြီးသားပဲ''

''အခြေအနေက တစ်မျိုးတစ်ဖုံပြောင်းလဲနေတယ်မဟုတ်လား''

''အစ်မတော်ခင်ခင်ကြီးက ခင်ခင်လေးတို့နဲ့ပူးပေါင်းပြီး အင်္ဂလိပ်ကိုတိုက်မယ် လို့ မောင်ကြီးထင်သလား''

''စဉ်းစားစရာပဲ''

''ခင်ခင်လေးတော့ မထင်ဘူး''

နန္ဒ ဘာမျှပြန်မပြောတော့။

ရှေ့မှချီတက်နေသော တပ်အစဉ် ရပ်တန့်သွားသည်။ တိတ်ဆိတ်ငြိမ်သက်မှု ရှိကြရန် အဆင့်ဆင့် အချက်ပြသည်။

နန္ဒ လှမ်းမျှော်ပြီးကြည့်သည်။

တောင်ကမ်းပါးယံအကွယ်တစ်ခုတွင် မောင်မောင်လတ်ကို တွေ့မြင်ရသည်။ သူ့အပါးတွင် ရှေ့ကင်းအဖွဲ့ဝင်တစ်ဦးရှိသည်။

ရှေ့ကင်းအဖွဲ့မှ သတင်းပို့လာခြင်းဖြစ်သည်။

ရှေ့တွင် ရန်သူရှိနေပြီလော။

နန္ဒနှင့်ခင်ခင်လေးတို့ မြင်းကိုထိန်း၍စီးကာ မောင်မောင်လတ်တို့ရှိရာ တောင် ကမ်းပါးယံအကွယ်သို့ ရောက်ရှိသွားကြသည်။

''ရန်သူလား''



နန္ဒက မေးသည်။ မောင်မောင်လတ် ခေါင်းညိတ်သည်။

''ကျောက်မိုင်းလူတွေ''

''ကျွန်တော်တို့နောက်ကို လိုက်လာတာလား''

''မပြောတတ်ဘူး၊ သွားကြည့်ကြရအောင်''

''မြင်းနဲ့သွားလို့ ရပါ့မလား''

''ရနိုင်ပါတယ်၊ ရန်သူက အောက်ဖက်လွင်ထဲမှာလို့ ပြောတယ်''

သို့ဖြင့် မြင်းများကို အပြင်းနှင်သွားကြသည်။

ခင်တန်းတစ်ခုအစပ်တွင် ရှေ့ကင်းကို တွေ့ရှိကြရသည်။ မြင်းပေါ်မှ ဆင်းပြီး လာကြရန် အချက်ပြသဖြင့် မြင်းများကိုထားခဲ့ပြီး ဖွဖွသုတ်သုတ်ကလေး ပြေးသွားကြ သည်။

ခင်တန်း၏တစ်ဖက်တွင် ချောက်ကြီးဖြစ်သည်။ ချောင်းကောကြီးတစ်ခု ဖြစ် သည်။ သစ်ခက်များအကြားမှ ကြည့်လိုက်သောအခါ ချောင်းထဲတွင် စခန်းချရပ်လျက် ရှိသော စစ်သည်များကို တွေ့ရသည်။ စစ်သည်အင်အား များပြားသည်။ လက်နက် အင်အား များပြားသည်။

''သည်လောက်များတဲ့ စစ်သည်ရဲမက်တွေဟာ ကျွန်တော်တို့နောက်ကို လာတာ တော့ ဟုတ်မယ်မထင်ဘူး''

နန္ဒက ပြောလိုက်သည်။ မောင်မောင်လတ်က . . .

''ကျုပ်လည်း အဲဒါစဉ်းစားနေတယ်၊ လက်ျာပျံမှာ အကြံအစည်တစ်ခုရှိပြီ ထင်တယ်''

''ဘာအကြံအစည်ဖြစ်မလဲ၊ ကျွန်တော့်အထင်တော့ သူတို့ ယင်းတလဲကို အလုံး အရင်းနဲ့ ဝင်တိုက်မယ်နဲ့တူတယ်''

''ဖြစ်နိုင်တယ်''

''သေသေချာချာသိရရင် ကောင်းမယ်''

ခင်ခင်လေးက ပြောပြောဆိုဆိုပင် ချောင်းအတွင်းသို့ ပေါ့ပါးသွက်လက်စွာ ဆင်းသွားသည်။

မောင်မောင်လတ် တားမြစ်မည်ပြုသော်လည်း အချိန်မမီတော့။ နန္ဒက အမျိုးသမီး နောက်သို့ လိုက်သွားမည်ပြုပြီးမှ မလိုက်ဘဲနေသည်။

သူတို့ စကားမပြောကြ။ တိတ်ဆိတ်စွာပင် စောင့်စားလျက်ရှိကြသည်။

များမကြာမီ ပြေးလွှားလာသောခြေသံများ ကြားရသည်။ သူတို့ ပုန်းကွယ်လိုက် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်လေး အမောတကောပြေးတက်လာသည်။ သူ့နောက်မှ လူနှစ်ယောက် ပြေးလိုက်လာသည်။ အမျိုးသမီးက လူရိပ်လူယောင်ပြပြီး မျှားခေါ်ခဲ့ခြင်းဖြစ်သည်။

တောကြီးမျက်မည်းထဲတွင် မိန်းမသားတစ်ယောက်ကို တွေ့မြင်လိုက်သဖြင့် အမောတကော ပြေးလိုက်လာကြသူနှစ်ဦးကို မောင်မောင်လတ်နှင့် နန္ဒတို့က အလွယ်တကူပင် တစ်ယောက်စီ ဖမ်းယူလိုက်ကြသည်။

ဖမ်းမိသူနှစ်ဦးကို စစ်မေးသောအခါ သူတို့ထင်သည့်အတိုင်းပင် ဥက္ကာပျံသည် ယင်းတလဲနယ်ကို တိုက်ခိုက်သိမ်းပိုက်ရန် စစ်ကြောင်းကြီးသုံးကြောင်းဖြင့် ချီတက်လာခြင်းဖြစ်သည်။ ယခုစစ်ကြောင်းသည် လက်ဝဲဘက်စစ်ကြောင်းဖြစ်သည်။ ခုန်ဖုံ ထွပ်ကဲသည်။

"အခြေအနေကတော့ တစ်မျိုးဖြစ်လာပြန်ပြီ၊ ကျုပ်တို့ တစ်ခုခုလုပ်ကြရမယ်"

မောင်မောင်လတ်က နိဒါန်းပျိုးလိုက်သည်။

"သူတို့ကို အခုဝင်တိုက်မလား"

နန္ဒက မေးသည်။

မောင်မောင်လတ် ခေါင်းခါသည်။

"နောက်ကြောင်းပြန်ပြီး ယင်းတလဲဘက် ဝင်တိုက်မလား"

ခင်ခင်လေးက မေးသည်။

မောင်မောင်လတ် ခေါင်းကို ထပ်မံရမ်းခါသည်။ ပြီးမှ··

"ကျုပ်တို့ ကျောက်မိုင်းကို တိုက်ယူမယ်၊ ဥက္ကာပျံနဲ့ သူ့လူတွေ ယင်းတလဲတိုက်ခိုက်နေတုန်း ကျုပ်တို့က နောက်ပိုင်းကနေပြီး ကျောက်မိုင်းကို ချက်တဖြုတ် ဝင်တိုက်ကြရမယ်"

## ၆၀ ရန်သူ [ က ]

ယင်းတလဲမင်းသိဒ္ဓိသည် သေနတ်ဝန်တပ်၊ မြင်းစုဝန်တပ်၊ လက်ရွေးတော်တပ်၊ မင်းမချိုင်တပ်၊ လက်ရင်းဗိုလ်များ အုပ်ချုပ်သော ယင်းတလဲရာစုတပ် ဆယ်တပ်၊ စုစုပေါင်း ဆင်နှစ်ဆယ်၊ မြင်းငါးရာ၊ လူသုံးထောင်ကို တပ်မပြုလျက် မောင်တော်နှမတော် တောင်ကြားတွင် တပ်ချသည်။ အရှေ့အနောက် လက်ဝဲလက်ယာတို့တွင် ကင်းတဲ



တင်းရှည်များ ချထားသည်။ နဂါးပတ်ချောင်းကို ဖြတ်ကူးရန် လှေများ ဖောင်များ အသင့်စုရုံး ဖွဲ့စည်းထားသည်။

ကျောက်မိုင်းမြို့စား လက်ျာပျံလည်း နဂါးပတ်ချောင်းတစ်ဖက်ကမ်းတွင် တပ်ကြီးချလျက် ဆင်၊ မြင်း၊ ဗိုလ်ပါ သူရဲသူမက်များ စစ်လှေကျင့်ကာ အင်အားပြနေသည်။

သို့သော် နှစ်ဖက်တပ်များ စစ်ပြိုင်တိုက်ခိုက်ခြင်း မပြုကြသေးချေ။ အရိပ်အခြည်တို့စောင့်ကြည့်ကာ မိမိ၏တပ်ကို လုံခြုံနိုင်ခဲ့အောင် အစီအနင်း အထောက်အထားများ ပြုလုပ်လျက်ရှိကြသည်။

တပ်မကြီးနှစ်ခု မျက်နှာချင်းဆိုင် အရပ်အနေပြုခဲ့ကြသည်မှာ တစ်နေ့နှင့်တစ်ည ရှိသွားပြီဖြစ်သည်။ ဒုတိယညတွင်လည်း တစ်ဖက်ကိုတစ်ဖက် တိုက်ခိုက်မည့်ပုံမရှိဘဲ စောန်ရေးကြွယ်လျက်သာရှိသည်။

နဂါးပတ်ချောင်း တစ်ဖက်ကမ်းတွင် ကျောက်မိုင်းတပ်များသည် ပွဲလမ်းသဘင်များပင် ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်လျက်ရှိသည်။ အငြိမ့်ပွဲမှ ဆိုင်းသံဗုံသံများ ကြားရသည်။ ဆက်ဝှေ့ပွဲ၊ နပန်းပွဲတို့မှ ဟစ်ကြွေးသံများ ကြားရသည်။ ဗျောက်အိုး ယမ်းအိုးဖောက်ခွဲသံများလည်း မိုးသို့ညံလျက်ရှိသည်။

မင်းသိဒ္ဓိသည် အခြေအနေအရပ်ရပ်ကို ဆွေးနွေးညှိနှိုင်းရန် မှူးကြီးမတ်ကြီးများ၊ တပ်မှူး ဗိုလ်မှူးများကို ည,ညီလာခံ ခေါ်ယူကျင်းပသည်။

"ငါတို့ တပ်မကြီးနှစ်ခု မျက်နှာချင်းဆိုင်ရပ်တည်ခဲ့ကြသည်မှာ တစ်ညနဲ့တစ်နေ့ ရှိခဲ့ပြီ၊ ယခု ဒုတိယညသို့ပင် ရောက်ခဲ့ပြီ၊ သူကလည်း မတိုက်လာ၊ ငါတို့ကလည်းမတိုက် ရှိသည်၊ အကြောင်းမည်သို့ ဖြစ်ချေသည်ဟု ဗိုလ်မင်းတို့ စဉ်းစားမိကြသနည်း"

ဤတွင် သေနတ်ဝန်က··

"ကျွန်တော်မျိုးတို့သည် သူ့ကိုတိုက်ရအောင် လာကြသည်မဟုတ်ပါ၊ သူက တိုက်လာသည်ကို ဆီးကြိုခုခံရန်သာ လာကြခြင်းဖြစ်ပါသည်၊ သူက တစ်ဖက်ကမ်းသို့ ကူးကျော်လာခြင်းမရှိသဖြင့် ကျွန်တော်မျိုးတို့က ပိတ်ဆို့ စောင့်စားနေကြခြင်း ဖြစ်ပါသည်"

ထိုအခါ မြင်းစုဝန်က··

"ကျွန်တော်မျိုးတို့ တစ်ခုတော့ ဆင်ခြင်ဖို့ကောင်းပါသည်၊ ရန်သူတို့သည် အကြောင်းမဲ့ ချီတက်လာကြသည်မဟုတ်ပါ၊ ယခုကဲ့သို့ စစ်ဆိုင်းနေခြင်းမှာ အကြောင်းတစ်ခုခုရှိနိုင်ပါသည်၊ လက်ျာပျံသည် ပရိယာယ်များပြားလွန်းကဲပြီး ကောက်ကျစ်စဉ်းလဲသူဖြစ်ပါသည်၊ ကျွန်တော်မျိုးတို့နှင့် ပူးပေါင်းမည်ပြုပြီးမှ ကုလားဖြူလက်အောက်သို့

www.burmeseclassic.com

www.burmeseclassic.com

ဝင်သွားသူဖြစ်ပါသည်၊ သူ၏အကြံအစည်ကို ကျွန်တော်မျိုးတို့ သိအောင် စုံစမ်းသင့်ပါသည်''

မင်းသိင်္ခကလက်ရွေးတော်တပ်မှူးကို ကြည့်သည်။ လက်ရွေးတော်တပ်မှူးက--

''မြင်းစုဝန်ပြောသည်မှာ မှန်ပါသည်၊ စစ်၏သဘောအရ ရန်သူ၏အကြံအစည်ကို ကျွန်တော်မျိုးတို့ သိသင့်ပါသည်၊ သူသည် အချိန်အခါကို စောင့်လင့်နေသည်လည်း ဖြစ်နိုင်ပါသည်၊ စစ်ကူကို စောင့်လင့်နေသည်လည်း ဖြစ်နိုင်ပါသည်၊ နေပြည်တော်မှ ကုလားဖြူတပ်များ ဆိုက်ရောက်လာနိုင်ပါသည်၊ ကျွန်တော်မျိုးတို့သည် ကျောက်မိုင်းမြို့စားနဲ့ ကျောက်မိုင်းလူများကို ရန်သူဟုသဘောထားလျှင် သူက မတိုက်လာခင်မှာပဲ ကိုယ်က အလျင်တိုက်သင့်ပါသည်''

အခြားတပ်မှူးများကလည်း လက်ရွေးတော်တပ်မှူး တင်ပြသည့်အတိုင်း ရန်သူကို ကိုယ်က အလျင်အဦးတိုက်သင့်ကြောင်း အကြံပြုကြသည်။

''တပ်မှူး ဗိုလ်မှူးတို့ပြောတာ မှန်ပေသည်၊ ကျောက်မိုင်းသည် ငါတို့၏ရန်သူဖြစ်သည်၊ ကျောက်မိုင်းသည် အမျိုးကို သစ္စာဖောက်သူဖြစ်သည်၊ ငါတို့သည် ကုလားဖြူများကို နိုင်ငံနယ်ပယ်မှာ တိုက်ခိုက်မောင်းထုတ်ရန် သစ္စာပြုထားကြသည်ဖြစ်၍ သူတို့ရဲ့ကျေးကျွန် ကျောက်မိုင်းသားတို့ကိုလည်း တိုက်ခိုက်ချေမှုန်းကြရပေမည်၊ ရန်သူတို့၏ တပ်အနေအထားနဲ့ အင်အားကို ထပ်မံ၍ စုံစမ်းကြ၊ မနက်ဖန်နံနက် လင်းအားကြီးအချိန်တွင် နဂါးပတ်ချောင်းကိုဖြတ်ကျော်ပြီး ရန်သူများကို တစ်ယောက်မကျန် တိုက်ခိုက်ချေမှုန်းကြရမည်၊ ညဦးကတည်းက ရှေ့ပြေးတပ်အချို့ကို ချောင်းတစ်ဖက်သို့ ထိုးတဆိတ် ဖြတ်ကူးစေ၊ သည်အကြောင်းကိစ္စကို လက်ဝဲစစ်ကြောင်းနဲ့ လက်ျာစစ်ကြောင်းများသို့ ချက်ချင်း မြင်းလျှင်ဖြင့် အကြောင်းကြားစေ၊ ငါတို့တပ်မကြီး တိုက်သည်နှင့် တစ်ချိန်တည်း တိုက်ကြစေ''

ယင်းတလဲမင်းသိင်္ခ၏ ပြတ်သားသောအမိန့်တည်း။

[၈]

တံခွန်တိုင်ခင်ခင်ကြီးသည် တောင်ကုန်းတစ်ခုထက်တွင် မတ်တပ်ရပ်လျက်ရှိသည်။ ညအမှောင်ထုတဝါးတွင် မှိုင်းညို့ညို့ရှိနေသော တောင်တန်းကြီးကို ငေးမျှော်ပြီး ကြည့်နေသည်။

တောင်တန်းကြီး၏ ရှေ့မျက်နှာတွင် မီးရောင်လက်လက်များ နှစ်နေရာသုံးနေရာတွင် တွေ့မြင်ရသည်။ ရန်သူစစ်သားများ မီးလှုံနေကြခြင်းဖြစ်သည်။ သူတို့ကိုမြင်ရသည်မှာ အေးအေးလူလူပင်ဖြစ်သည်။



သည်မှာဘက်ကမ်းတွင် မိမိတို့ရှိနေကြသည်ကို ဂရုပြုပုံမရကြ။

တကယ်တော့ သူတို့အင်အားနှင့် မိမိတို့အင်အား ကွာခြားလှသည်။ သူတို့ဘက်တွင် မြင်း-လူ လေးငါးဆယ်မျှသာ ဖြစ်သည်။ နယ်ခြားစောင့်ကင်းတပ်တစ်ခုမျှသာ ဖြစ်သည်။

မိမိတို့ဘက်တွင်ကား ဆင်တစ်ဆယ်၊ မြင်းနှစ်ရာ၊ လူတစ်ထောင် ဖြစ်သည်။

ကျောက်မိုင်းမြို့စားကိုယ်တိုင် ဗဟိုတပ်မကို ကွပ်ကဲပြီး စစ်ကြောင်းကြီးသုံးကြောင်း ချီတက်လာပြီဆိုသောအခါ စစ်ကြီးတစ်ခု ယှဉ်ပြိုင်ရတော့မည်ဟု ခင်ခင်ကြီး မှတ်ယူခဲ့သည်။

မိမိ၏လက်ျာစစ်ကြောင်းတွင်ပါသော လက်ျာမြင်းစု တောင်နီမြို့စားတပ်နှင့် မင်းဝံတပ်တို့မှ စစ်သည်ဗိုလ်ပါတို့သည် စစ်သွေးစစ်မာန်ကြွလျက်ရှိကြသည်။

သို့သော် ထိုနေ့ညနေ နေဝင်ရီတရောအချိန်တွင် မိမိတို့စခန်းချရပ်ရမည့် အင်ကြင်းတောအရပ်သို့ရောက်ရှိသောအခါ တစ်ဖက်တွင် ရန်သူအနည်းငယ်မျှသာ ရှိသည်ကို တွေ့ရှိကြရသည်။

ရန်သူတို့သည် မိမိတို့ကို ဆီးကြို၍တိုက်ခိုက်ရန်လည်း မကြိုးစား။ တစ်ချိန်ချိန်တွင် မိမိတို့တပ်ကို ဝင်ရောက်တိုက်ခိုက်မည့် အခြေအနေလည်းမရှိ။ မိမိတို့က ဝင်တိုက်လျှင်လည်း ကြံ့ကြံ့ခံနိုင်မည့်အသွင် မရှိချေ။

ခင်ခင်ကြီးသည် ချက်ချင်းပင် မိမိတို့စစ်မျက်နှာအခြေအနေကို ဗဟိုတပ်မသို့ အကြောင်းပို့စေသည်။ မိမိတို့လုပ်ဆောင်ရမည်ကို အမိန့်တောင်းခံသည်။

မြင်းလျှင်သမား ပြန်လည်ရောက်ရှိလာသောအခါ မိမိတို့လက်ျာကြောင်းတွင်သာမက စောဥမ္မာကွပ်ကဲသော လက်ဝဲစစ်ကြောင်းတွင်လည်း ရန်သူအနည်းငယ်မျှသာ ရှိကြောင်း ကြားသိရသည်။

ရန်သူအလုံးအရင်းသည် ဗဟိုတပ်မတွင်သာရှိပြီး တပ်မချင်း ခေါင်းချင်းဆိုင်လျက်ရှိသည်။

တပ်မမှ နောက်ထပ် အမိန့်တစ်စုံတရာမရရှိမချင်း ဆိုက်ရောက်ရာအရပ်ဒေသတွင် တပ်စွဲနေရန် အမိန့်ရသည်။

သို့ဖြင့် ခင်ခင်ကြီးသည် ကင်းတိုကင်းရှည်များ ချထားပြီး မိမိ၏တပ်ကို အင်ကြင်းတောလွင်ပြင်တွင် စွဲရပ်ထားသည်။

ထိုနေ့ညက မည်သို့မျှ အခြေအနေမထူးခြားသလို နောက်တစ်နေ့ တစ်နေ့ခင်းလုံးလည်း ငြိမ်သက်လျက်ရှိသည်။

ညသည် အေးမြခြင်းရှိလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းစွန်များ မှိုင်းဝေစပြုလာပြီ။

ခင်ခင်ကြီးသည် တစ်ဖက်နယ်ထဲမှ တောင်တန်းကြီးကို ငေးစိုက်ပြီးကြည့်နေသော်လည်း နောက်ဖက်မှ လူတစ်ယောက်လာနေသည့်ခြေသံကိုသတိပြုမိသည်။ သို့သော် လှည့်မကြည့်ချေ။ ခြေသံသည် သူမ၏နောက်ဖက် တစ်လှမ်းနှစ်လှမ်းအကွာတွင် ရပ်သွားသည်။

"လက်ျာမြင်းစုမှူးကြီး..ဘာအကြောင်းကိစ္စများ ထူးသလဲ"

ခင်ခင်ကြီးက လှည့်မကြည့်ဘဲ မေးလိုက်သည်။

မိမိ၏ခြေသံကို ခင်ခင်ကြီးမှတ်မိသည့်အတွက် လက်ျာမြင်းစုမှူး အနည်းငယ် တုန်လှုပ်ဟန်ရှိသွားသည်။ ရုတ်တရက် စကားမပြန်နိုင်ဘဲ လည်ချောင်းထဲတွင် တစ်ဆို့နေသော တံတွေးကို ရှင်းပြီးမှ..

"ခုအထိတော့ ဘာအကြောင်းကိစ္စမှ မထူးသေးပါဘူး၊ ယင်းတလဲသခင်မကြီး တပ်မကို လွှတ်ထားတဲ့ မြင်းလျှင်လဲ ပြန်ရောက်မလာသေးပါဘူး၊ ကင်းစခန်းများအားလုံး အေးချမ်းငြိမ်သက်လျက် ရှိကြပါတယ်"

"အဲဒါမကောင်းဘူး"

ခင်ခင်ကြီးက တိုတိုတောင်းတောင်း ပြောလိုက်သည်။

လက်ျာမြင်းစုမှူး ဘာပြန်ပြောရမည် မသိသဖြင့် နှုတ်ဆိတ်နေသည်။

"ငြိမ်နေတာ မကောင်းဘူး"

ခင်ခင်ကြီး ထပ်ပြောသည်။

လက်ျာမြင်းစုမှူး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ခင်ခင်ကြီး ဘာကိုဆိုလို သည်ကို သဘောပေါက်သွားဟန်ရှိသည်။

"သခင်မဘုရားပြောတာ မှန်ပါတယ်၊ စစ်ငြိမ်နေတာ မကောင်းပါဘူး၊ သူတို့ မတိုက်လျှင် ကျွန်တော်မျိုးတို့က တိုက်ဖို့ကောင်းပါတယ်၊ တစ်ဖက်ကမ်းမှာရှိနေတဲ့ မဆိုစလောက်ရန်သူများကို ကျွန်တော်မျိုးတို့ရဲ့ မြင်းတပ်သား နှစ်ဆယ်အစိတ်နဲ့ ချေမှုန်းနိုင်ပါတယ်"

"ဗိုလ်မှူးကသာ မဆိုစလောက် ရန်သူများလို့ ပြောတယ်၊ သင်းတို့ကိုကြောက်ရတာ ခင်ခင်ကြီးတို့ရဲ့ ထောင်တပ်ကြီးကို နည်းနည်းမှ မှုဟန်မရှိဘူး"

"ကျွန်တော်မျိုးတို့က အကြောင်းပြလိုက်ရင် သူတို့ မှုသွားမှာပါ"

"သည်လိုမဟုတ်သေးဘူး ဗိုလ်မှူး"

လက်ျာမြင်းစုမှူး ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်..

"သခင်မဘုရားစိတ်ထဲမှာ ဘယ်လိုများ အတွေးအယူရှိနေပါသလဲ"



"သင်းတို့ဟာ လက်တစ်ဆုပ်စာလောက်ပဲရှိတယ်၊ ထုံးတမ်းအရဆိုရင် ခင်ခင်ကြီးတို့ရဲ့ ထောင်တပ်ကြီးကိုမြင်ရင် တုန်နေအောင် ကြောက်ရမယ်၊ အခုတော့ သူတို့ နေပုံက ဘာမှ ဂရုမစိုက်သလို ပေါ့ပေါ့ဆဆပဲ၊ အဲဒါ ဘာသဘောလဲ"

"ကျွန်တော်မျိုးတို့ကို သူတို့ စစ်မြှူနေတာ ဖြစ်နိုင်ပါတယ်"

လက်ျာမြင်းစုမှူးက စဉ်းစားချိန်ဆပြီး ခပ်လေးလေး ပြောသည်။

"ဟုတ်ပြီ၊ သင်းတို့က စစ်မြှူနေတာဆိုရင် သင်းတို့ရဲ့နောက်မှာ ပုန်းအောင်းနေတဲ့ တပ်မကြီးတစ်ခု ရှိနေရမယ်မဟုတ်လား"

"သခင်မဘုရားပြောတာ မှန်ပါတယ်၊ သည်တောင်တန်းကြီးရဲ့တစ်ဖက်မှာ သင်းတို့ရဲ့တပ်မကြီး ရှိနေလိမ့်မယ်လို့ ကျွန်တော်မျိုးလဲ တွေးမိပါတယ်၊ သေသေချာချာ ဂဃနဏ သိရအောင် ကျွန်တော်မျိုးရဲ့ လူများကို အထောက်အလှမ်း လွှတ်ပါ့မယ်"

ခင်ခင်ကြီး ခေါင်းညိတ်သည်။

လက်ျာစုမှူး လျင်မြန်စွာ ထွက်ခွာသွားသည်။

[ ၈ ]

ယင်းတလဲ သခင်မကလေး ကွပ်ကဲသော လက်ဝဲစစ်ကြောင်းသည် နေ့ညမသိ အပြင်းချီတက်ဘိသော်လည်း ခရီးတလှမ်းကွာသည်တစ်ကြောင်း၊ တောတောင် ထူထပ်ကြမ်းတမ်းသည်ကတစ်ကြောင်းတို့ကြောင့် စခန်းချရပ်ရမည့် ရေမှော်စိမ်းသို့ တစ်နေ့နှင့် တစ်ညလုံးလုံး ချီတက်ကြရသည်။

ဗဟိုတပ်မနှင့် လက်ျာစစ်ကြောင်းတို့သည် သတ်မှတ်သည့်စခန်းများသို့ နေ့ချင်းညချင်း ရောက်ရှိကြသော်လည်း လက်ျာစစ်ကြောင်းသည် တစ်ညလုံးလုံး ပိုမိုချီတက်ရသည်။ နောက်တစ်နေ့နံနက် မိုးစင်စင်လင်းမှပင် ရောက်ရှိသွားကြသည်။

ရေမှော်စိမ်းနယ်ခြားဒေသသည် အသွားအလာခက်ခဲသဖြင့် ရန်သူများ အလုံးအရင်းနှင့် လာရောက်လိမ့်မည်မဟုတ်ဟု စောဥမ္မာ ကြိုတင်တွက်ဆထားခဲ့သည့်အတိုင်း ထိုနယ်စပ်ဒေသသို့ ရောက်ရှိသောအခါ တစ်ဖက်နယ်ထဲတွင် ရန်သူတပ် အနည်းငယ်မျှသာရှိသည်ကို တွေ့ရှိရသည်။

သို့ရာတွင် စောဥမ္မာသည် သတိပေါ့လျော့ခြင်းမရှိဘဲ ကင်းတိုကင်းရှည်များချပြီး တပ်များကို ကတုတ်များ၊ ကျင်း၊ ဥမင်၊ ခံတန်းများပြုကာ အခိုင်အလုံ ပြင်ဆင်သည်။

ရန်သူ၏အင်အားနှင့် အခြေအနေကို သိရှိနိုင်ရန် တပ်ချပြီး မကြာမီမှာပင် အထောက်လှမ်းလွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဥာဏသည် မောင်မောင်လတ်တို့နောက်သို့ လိုက်ပါရန်အတွက် အခွင့်ရပြီဖြစ်သော်လည်း တစ်ပါးကျွန်များနှင့် တိုက်ခိုက်ရန် အခွင့်အလမ်းပေါ်လာသဖြင့် စောဥမ္မာ၏ လက်ဝဲဘက်စစ်ကြောင်းတွင် လိုက်ပါလာခြင်းဖြစ်သည်။

ဥာဏသည် ရန်သူ့နယ်ထဲသို့ တိတ်တဆိတ် ဝင်ရောက်သွားပြီး တစ်နာရီအတွင်းမှာပင် ရန်သူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာသည်။

ထိုလူကို စစ်ဆေးမေးမြန်းပြီးသောအခါ ရန်သူ့အင်အား တစ်ရာကျော်မျှသာဖြစ်ကြောင်း သိရှိကြရသည်။

ထိုအခါ စောဥမ္မာက ဥာဏကို လူတစ်ရာဖြင့် တစ်ဖက်နယ်ထဲသို့ တိတ်တဆိတ်ဝင်ရောက်ရန် ညွှန်ကြားသည်။ ဥာဏ၏တာဝန်သည် ရန်သူများ နောက်ထပ်ရောက်မရောက် စောင့်ကြပ်ကြည့်ရှုရမည်။ ရန်သူ့မြင်းလှည်းများကို ဖမ်းဆီးရမည်။ ညဦးပိုင်းသည်နှင့်တစ်ပြိုင်နက် ရန်သူ့နောက်ပိုင်းမှ လျှပ်တပြက် တိုက်ခိုက်ရမည်။ ရန်သူများ တစစီကလျားရှိစဉ် တပ်အင်အားနှင့်နင်းပြီး ရန်သူတစ်စုံတစ်ယောက်မျှ မကျန်အောင် ချေမှုန်းကြရမည်ဖြစ်သည်။

"သခင်မကလေး စဉ်းစားနိုင်းဆပါဦး၊ သခင်ကြီး အမိန့်တော်ရှိလိုက်သည်မှာ ကျွန်တော်မျိုးတို့ နယ်အတွင်းသို့ ဝင်ရောက်လာသောရန်သူများကို တွန်းလှန်တိုက်ခိုက်ရန် ဖြစ်ပါသည်၊ သူ့နယ်အတွင်းသို့ ဝင်ရောက်ပြီး တိုက်ခိုက်ရန်မဟုတ်ပါ"

လက်ဝဲမြင်းစုမှူးက သတိပေးစကား ပြောကြားသည်။

စောဥမ္မာက..

"ယင်းတလဲသခင်ကြီး၏ အမိန့်အမှာမှာ ရန်သူများကို တိုက်ခိုက်ချေမှုန်းရန်ဖြစ်ပါသည်၊ ရန်သူများ ချီတက်လာသည်ကြားသဖြင့် ကျွန်မတို့ ချီတက်လာခြင်းလည်းမှန်ပါသည်၊ သို့သော် ရန်သူကို မည်သည့်နေရာတွင် တိုက်ခိုက်ပြီး မည်သည့်နေရာတွင် မတိုက်ခိုက်ရဟု မိန့်မှာခြင်းမရှိပါ၊ သို့သော် ဗိုလ်မင်းတို့ တစ်ခုသတိချပ်စေလိုပါသည်။ ကျောက်မိုင်းလူများသည် ကုလားဖြူတို့၏ ကျွန်များဖြစ်ပါသည်၊ အမျိုးနှင့်နိုင်ငံကို သစ္စာဖောက်ဖျက်သူများ ဖြစ်ပါသည်၊ သစ္စာဖောက်များနှင့် ဆေ့စပ်ပြေအေးရန် အကြောင်းမရှိပါ၊ တိုက်ခိုက်နှိမ်နင်းရန်သာဖြစ်သည်၊ ကျွန်မတို့လက်ခုပ်တွင်းသို့ ရောက်ရှိနေပြီဖြစ်သော ရန်သူများကို ယနေ့ည နေဝင်ရီတရောတွင် စစ်နှစ်ဖက်ညှပ်ပြီး မှုန့်မှုန့်ညက်ညက်ချေကြရန် ကျွန်မ အမိန့်ပေးပါသည်"

စောဥမ္မာ၏ ပြတ်သားတိကျသောအမိန့်ကို မည်သည့်တပ်ဗိုလ်တပ်သားမှ မလွန်ဆန်ရဲပါ။

ဥာဏနှင့် လက်ရွေးစင်တပ်သားတစ်ရာ တစ်ဖက်နယ်မြေအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်သွားကြသည်။



သည်ဘက်တွင် ကျန်ရစ်သော မိုင်းပုံတပ်၊ ကေလာသတပ်၊ လက်ဝဲမြင်းစုတပ်နှင့် အခြားလက်ရွေးစင်တပ်များ စစ်ပွဲဝင်ရန် အသင့်ပြင်ဆင် စောင့်ဆိုင်းနေကြသည်။

ညအမှောင် နက်ရှိုင်းလာသည်နှင့်တစ်ပြိုင်နက် ရန်သူ့တပ်အတွင်းမှ အဝီစိပွက်သံများ ထွက်ပေါ်လာသည်။ ဥာဏနှင့် လက်ရွေးစင်တပ်သားများက အလစ်တွင် အတင်းဝင်ရောက် ထိုးခုတ်သတ်ဖြတ်ကြသဖြင့် ထိတ်လန့်တကြား အော်ဟစ်ကာ ကစင့်ကလျားထွက်ပြေးကြသည်။

သည်တွင် စောဥမ္မာ ညွှန်ကြားထားသည့်အတိုင်း ယင်းတလဲစစ်သည်များသည် ဉာသံပေးကာ တပ်အင်အားဖြန့်ပြီး ချေမှုန်းတိုက်ခိုက်ကြသည်။

ယင်းတလဲမင်းသိင်္ခ၏ ဗဟိုတပ်မမှ တိုက်မိန့်ရောက်ရှိလာသောအချိန်တွင် စောဥမ္မာ၏ လက်ဝဲစစ်ကြောင်းသည် ရန်သူစခန်းကို လုံးဝသိမ်းပိုက်ပြီးစီးနေပြီ ဖြစ်သည်။

စောဥမ္မာက ဓားကိုဝင့်ကာ..

"ဗိုလ်မင်းတို့နဲ့ စစ်သည်ရဲမက်အပေါင်းတို့ရဲ့ ရှစ်ရှပ်ချုံချုံတိုက်ခိုက်မှုကြောင့် ကျွန်မတို့ဟာ တပ်မရဲ့အမိန့်ကို ထမ်းဆောင်ပြီးဖြစ်တယ်လို့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ စစ်ရဲ့သဘောအရ ကျွန်မတို့ဟာ ရန်သူကို ဆက်လက်တိုက်ခိုက်ရမှာဖြစ်တယ်၊ ရန်သူကို ရှာပြီးတိုက်ရမယ်၊ ရန်သူရှိရာကို သွားပြီးတိုက်ရမယ်၊ ဘယ့်နယ်လဲ ရဲမက်တို့ တိုက်ကြမယ်မဟုတ်လား"

"တိုက်မယ်..တိုက်မယ်"

စစ်သည်ရဲမက်များ မြေလျှင်တုန်ဟီးသည့်ပမာ ကြွေးကြော်ကြသည်။

"ကောင်းပြီ..သည်လိုဆိုရင် ရန်သူရှိရာကို ချီတက်တိုက်ခိုက်ကြဖို့ ဗိုလ်မှူးတို့က ကိုယ့်တပ်ကို ကိုယ်အသင့်ဖြစ်အောင် စီစစ်စီစဉ်ကြပါ"

ယင်းတလဲသခင်မကလေး စောဥမ္မာ အမိန့်ပေးလိုက်သည်။

"ကျွန်တော်မျိုးတို့ မည်သည့်အရပ်သို့ ချီတက်ကြရမည်နည်း၊ ဗဟိုတပ်မကြီးနှင့်ခု စစ်ပြိုင်ရာသို့ ချီတက်တိုက်ခိုက်ကြရမည်လား"

တပ်မှူးတစ်ဦးက အမေးပြုသည်။

ထိုအခါ စောဥမ္မာက ဓားဦးကိုမြှောက်ထောင်ကာ..

"ယခုအချိန်မှာဆိုရင် ကျောက်မိုင်းမြို့စား ဥက္ကာပျံရဲ့ ဗဟိုတပ်မကို ယင်းတလဲသခင်မကြီးရဲ့ ဗဟိုတပ်မက တောတော့ဆိုင်ဆိုင် ဝှံ့ဝှံ့ရဲရဲ တိုက်ခိုက်နေပြီးပြီဟာ မြေကြီးလက်ခတ်မလွဲ သေချာပါတယ်၊ သည်နေရာမှာ ကျွန်မတို့က ဗဟိုတပ်မကို စစ်ကူသွားနေရာ မလိုပါဘူး၊ ကျွန်မတို့ရဲ့ ဗဟိုတပ်မဟာ ရန်သူကို ဆင်ကိုဆင်ချင်း၊ မြင်းကိုမြင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



လူတိုလူချင်း တိုက်ခိုက်ချေမှုန်းပစ်မယ်ဆိုတာ သစ္စာဆိုပြီး ပြောရဲပါတယ်၊ ကျွန်မတို့ရဲ့ တာဝန်က ဖဟိုတပ်မချင်း ချေမှုန်းတိုက်ခိုက်နေတုန်းမှာ ကျောက်မိုင်းမြို့ကို အရောက်ချီတက်ပြီး ရန်သူမြို့တော်ကို သိမ်းပိုက်ဖို့ပဲဖြစ်တယ်၊ ရန်သူကိုတိုက်တဲ့နေရာမှာ နောက်ကတိုက်ဖို့ မလိုဘူး၊ ရှေ့ကတိုက်ဖို့ဆိုတာ ဗိုလ်မင်းတို့အားလုံး၊ စစ်သည်ရဲမက်များအားလုံး အတိချပ်စေလိုပါတယ်''

စောဥမ္မာ၏ ရဲရင့်ပြတ်သားသောအမိန့်ကို ကြားလိုက်ရသောအခါ တပ်မိုလ်တပ်သားအားလုံးပင် မဖော်ပြနိုင်လောက်အောင် အံ့အားသင့်ကြရကုန်သည်။

ရန်သူမြို့တော်ကို ချီတက်သိမ်းပိုက်ရေး။

| ဃ |

လက်ရွေးတော်တပ်သားတစ်ကျိပ်ကို ခေါ်ဆောင်လျက် လက်ရွေးတော်တပ်မှူးကိုယ်တိုင် ရန်သူ၏အခြေအနေကို စုံစမ်းထောက်လှမ်းရန် နဂါးပတ်ချောင်းကိုဖြတ်ကျော်ကာ ကျောက်မိုင်းနယ်အတွင်းသို့ ညသန်းခေါင်ယံအချိန်တွင် ကူးဝင်သွားကြသည်။

တစ်ဖက်ကမ်းသို့ရောက်ရှိသောအခါ တပ်သားရှစ်ယောက်ကို နောက်စောင့်များအဖြစ် ရန်သူတပ်စခန်းနှင့် မလှမ်းမကမ်းတွင်ထားခဲ့ပြီး လက်ရွေးတော်တပ်မှူးနှင့် တပ်သားနှစ်ယောက်သည် သူ့လူများအယောင်ဆောင်လျက် ပွဲခင်းဆီသို့ အမှတ်မထင် ဝင်ရောက်သွားကြသည်။

ပွဲခင်းသို့ရောက်ရှိသောအခါ လက်ရွေးတော်တပ်မှူးနှင့် နောက်ပါနှစ်ဦးတို့သည် အံ့အားအသင့်ကြီး သင့်သွားကြရသည်။

ပွဲခင်းကို ယင်းတလဲဘက်ကမ်းမှ ကောင်းမွန်စွာ မမြင်ရပါ။ ဆိုင်းသံဗုံသံနှင့် အငြိမ့်မင်းသမီး သီချင်းဆိုသံများသာ ကြားကြရသည်။ ပွဲခင်းအဝန်းအစပ်တွင် မော်တပ်ရပ်ပြီး ကြည့်နေသူများ၊ မမြင်ရသဖြင့် သစ်ပင်များ၊ ကုန်းမြင့်များပေါ်မှ ကြည့်နေသူများကိုသာ တွေ့ကြရသည်။ ယင်းကိုချင့်ချိန်ပြီး အငြိမ့်ပွဲကြီးခံနေသည်။ ရန်သူများ ပွဲခင်းပြည့်မျှ ပွဲကြည့်နေကြသည်ဟု မှတ်ထင်ခဲ့ကြသည်။

သို့သော် ယခု လက်ရွေးတော်တပ်မှူးတို့ မြင်တွေ့ရသည်မှာကား သူတို့ထင်ထားသလိုမဟုတ်ချေ။ ဆိုင်းဝိုင်းကြီးမှ ခြိမ့်သဲစွာ တီးမြဲတီးနေသော်လည်း အငြိမ့်မင်းသမီး တစ်ဦးက အားကြိုးမာန်တက် သီဆိုကပြလျက်ရှိသော်လည်း နဂါးပတ်ချောင်းဘက်ရှိ ပွဲခင်းတစ်လျှောက်တွင် ရန်သူတပ်သားများ ပိတ်ဆို့ကာ ရပ်နေကြသော်လည်း ပွဲခင်းအလယ်တွင်ကား လူတစ်ယောက်မျှ မရှိပါချေ။ ထိုမျှမက လူအများ ပွဲကြည့်သွားကြဟန်လည်း မရှိချေ။ လူအများထိုင်ပြီး ပွဲကြည့်နိုင်ရန်လည်း အခင်းအကျင်း မကောင်းချေ။ ဇာတ်စင်၏အရှေ့ဘက်တွင် ချုံနွယ်ပိတ်ပေါင်းများသာတည်း။



လက်ရွေးတော်တပ်မှူး၏မျက်နှာ တင်းမာသွားသည်။

လက်ဝဲပွဲဆီမှ ဩဘာသံများ လွှံထွက်လာသည်။ ဗျောက်အိုးယမ်းအိုးဖောက်သံများ ဆူညံလျက်ရှိသည်။ နဂါးပတ်ချောင်းတစ်လျှောက်တွင် ရန်သူများ ရောထွေးယှက်တင်သွားလာလျက်ရှိသည်။

သို့သော် အတွင်းဘက်တွင်ကား ရှင်းလင်းလျက်ရှိသည်။

ရန်သူများသည် မိမိတို့ အထင်အမှတ်မှားအောင် ရှေ့မျက်နှာစာတွင် လူဟန်ပြကာ ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပနေခြင်းဖြစ်သည်။

လယ်ကွင်းပြင်အတွင်းရှိ စစ်သည်ရဲမက် တဲအုံကနားများဆီသို့ လက်ရွေးတော်တပ်မှူး လှမ်းမျှော်ပြီးကြည့်လိုက်သည်။

ညအမှောင်ရေးရေးတွင် တဲအုံကနားများ ပျပျဝပ်ဝပ်ရှိနေကြသည်။ ကင်းသမားများမှအပ အခြားသွားလာလှုပ်ရှားမှုမရှိ။ အသံဗလံများမရှိ။

လက်ရွေးတော်တပ်မှူးစိတ်တွင် သင်္ကာမကင်းခြင်းကြီးစွာဖြစ်လာသည်။ ချက်ချင်းပင် သူ့လူနှစ်ယောက်ကိုခေါ်ပြီး တဲအုံကနားတစ်ခုဆီသို့ တိတ်တဆိတ် ချဉ်းကပ်သွားသည်။

သူထင်ထားသည့်အတိုင်းပင် ဖြစ်သည်။

တဲအုံကနားအတွင်း၌ စစ်သည်ရဲမက်တစ်ဦးတလေမျှမရှိ။ အသုံးအဆောင်ပစ္စည်းလည်း တစ်ခုတလေမျှမရှိ။

ရန်သူတပ်မကြီး အဘယ်သို့ ရောက်သွားချေပြီနည်း။ သူတို့၏မျက်စိအောက်မှာပင် မြေလျှိုး၍ မိုးပျံသွားချေပြီလား။

စစ်သည်တို့၏ တဲကနားများအလယ်တွင် ကျောက်မိုင်းမြို့စား၏ သစ်ခက်တဲနန်းရှိသည်။

လက်ရွေးတော်တပ်မှူး၏စိတ်တွင် မသင်္ကာမှုများ ပိုမိုတိုးပွားရသည်။

သစ်ခက်တဲနန်း၏ တံခါးဝတွင် အစောင့်စစ်သည်တစ်ဦး ရှိနေသော်လည်း တဲနန်းသည် ငြိမ်သက်ခြောက်ကပ်လျက်ရှိသည်။ တဲနန်းအတွင်း၌ လူသူလေးပါး ရှိပုံရပေ။ အတွင်းတော်၌ ကျောက်မိုင်းမြို့စားကြီးရှိနေလျှင် အိပ်ဖန်တော်များ လက်ချင်းဆက်ပြီး လူချင်းကပ်နေရမည်ဖြစ်သည်။

ယနေ့နံနက်ကပင် ကျောက်မိုင်းမြို့စား လကျာ်ပျံ မုန်တိုင်းဆင်တော်ကိုစီးပြီး နဂါးပတ်ချောင်းရိုးတစ်လျှောက်ရှိ တပ်များကို လှည့်လည်စစ်ဆေးသည်ကို တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ယခုမူ တပ်များလည်းမရှိတော့။ ကျောက်မိုင်းမြို့စားလည်း မရှိတော့။ မိမိတို့အား ဖျည့်စားသော ပွဲလမ်းသဘင်များနှင့် ဈောက်အိုးယမ်းအိုး ပေါက်ကွဲသံများသာ ရှိတော့သည်။

ရန်သူက မိမိတို့ကို လှည့်စားချေပြီ။

မည်သည့်အကြံအစည်နှင့်နည်း။

အချိန်မလင့်မီ တိတိပပသိရှိဖို့လိုသည်။

လက်ရွေးတော်တပ်မှူးသည် ချက်ချင်းပင် မိမိ၏လူနှစ်ယောက်ကို ခေါ်ဆောင်ကာ သစ်ခက်တဲနန်းဆီသို့ တိတ်တဆိတ် ချဉ်းကပ်သွားသည်။

တံခါးမှူးသည် ဈောက်အိုးယမ်းအိုးများ ပေါက်ကွဲရာသို့ ငေးမျှော်လျက်ရှိသည်။ လက်ရွေးတော်တပ်မှူးသည် မလှမ်းမကမ်းရှိ သစ်ပင်ရိပ်တွင် ကွယ်ပြီးရပ်နေသည်။

လက်ရွေးတော်တပ်မှူး၏ လူတစ်ယောက်သည် သစ်ကိုင်းခြောက်တစ်ခုကို တမင် အသံမြည်အောင် ချောက်ခနဲ ချိုးလိုက်သည်။ တံခါးမှူး လှည့်ကြည့်သည်။

လူရိပ်တစ်ခု လှစ်ခနဲ ပြေးသွားသည်။ သစ်ပင်အကွယ်တစ်ခုတွင် ပျောက်သွားသည်။

"ဟေ့-ဘယ်သူလဲ"

တံခါးမှူးက လှမ်းအော်လိုက်သည်။

တစ်ဖက်မှ မဖြေပါ။ ငြိမ်နေသည်။ တိတ်နေသည်။

တံခါးမှူးသည် အနည်းငယ်မျှ တုန့်ဆိုင်းနေပြီးနောက် ဓားကို စွန်တောင်ဖွင့်ကိုင်ကာ လူရိပ်မြင်လိုက်ရာဆီသို့ ခပ်သုတ်သုတ်ပြေးသွားသည်။

လက်ရွေးစင်တပ်မှူးသည် သစ်ပင်အကွယ်တွင် ပုန်းအောင်းနေရာမှ ရုတ်တရက်ထွက်ပြီး သူ့ရှေ့မှ ဖြတ်ပြေးသွားသော တံခါးမှူးကို ဖမ်းယူလိုက်သည်။ လက်တစ်ဖက်က ခါးကိုဖက်ပြီး အခြားတစ်ဖက်က လည်ပင်းကို လက်မောင်းဖြင့် ဖိညှစ်ထားလိုက်သည်။ တံခါးမှူးသည် သူ့လက်ထဲမှဓားဖြင့် နောက်ပြန်တွက်ရန် ကြိုးစားသေးသည်။ သို့သော် ဆင်နှာမောင်းကဲ့သို့ သန်မာသော လက်မောင်းကြီးက လည်ပင်းကို တင်းကြပ်စွာ ရစ်ပတ်လာသဖြင့် ကော့လန်ကာ လက်ထဲမှဓားသည် မြေပြင်သို့လွတ်ကျသွားသည်။

ထိုအချိန်မှာပင် လက်ရွေးစင်တပ်မှူး၏ လူနှစ်ယောက် ဓားလွတ်များဖြင့် ပြေးလွှားရောက်ရှိလာကြသည်။

တံခါးမှူး ခုခံရန် စိတ်ကူးမထည့်ရဲတော့။

လက်ရွေးတော်တပ်မှူးက တံခါးမှူးကို သစ်ခက်တဲနန်းဆီသို့ ချုပ်ကိုင်ပြီးခေါ်ဆောင်သွားသည်။ သူ့လူတစ်ယောက်က ရှေ့မှသွားပြီး တစ်ယောက်က နောက်မှလိုက်ပါသည်။ ရှေ့မှ သွားသူက သစ်ခက်တဲနန်းတံခါးပေါက်မှနေ၍ အတွင်းသို့ ခေါင်းပြူပြီး ကြည့်လိုက်သည်။ ထို့နောက် ခေါင်းပြန်ထွက်လာပြီး အထဲတွင်ဘာမျှမရှိကြောင်း လက်ခါပြသည်။



လက်ရွေးတော်တပ်မှူးက သူ့လက်ထဲမှ တံခါးမှူးကို တဲနန်းအတွင်းသို့ တအားတွန်းဆောင့်ပြီး တွန်းသွင်းလိုက်သည်။

ရန်သူတံခါးမှူး မြေပြင်တွင် ဖင်လက်လန်လဲကျသွားသည်။

လက်ရွေးတော်တပ်မှူး၏ လူနှစ်ယောက်က တံခါးမှူးကို ဓားများဖြင့် မိုးထားလိုက်ကြသည်။ တံခါးမှူး မလှုပ်ရဲတော့။

"နင်တို့သခင် ဘယ်မှာလဲ"

လက်ရွေးတော်တပ်မှူးက မေးလိုက်သည်။

"ရှိပါတယ်"

တံခါးမှူးက ကတုန်ကယင် ဖြေသည်။

"သယ်..ဘယ်မှာရှိတာလဲ၊ တဲနန်းတစ်ခုလုံး ခွေးတစ်ကောင် ကြောင်တစ်ပြီးမှ မရှိတာ ငါတို့အမြင်ပဲ၊ နင် ဘာညာချင်တာလဲ"

လက်ရွေးတော်တပ်မှူးက ငေါက်ငမ်းလိုက်သည်။

တံခါးမှူး ဘာမျှမပြောဘဲ မျက်လုံး ပေကလပ် ပေကလပ်ရှိနေသည်။

"ဘာကြည့်နေတာလဲ..ပြောလေ"

လက်ရွေးတော်တပ်မှူးက ဖနောင့်နှင့် တစ်ချက်ပေါက်လိုက်သည်။

"အမေရေ..ကယ်ပါဦးဗျ..သေပါပြီ"

တံခါးမှူး အသံပြဲကြီးဖြင့် အော်သည်။

"နင့်မေကလွှားမှပဲ..အော်ပြလိုက်တာ၊ တိတ်စမ်း"

"တိတ်ပါပြီခင်ဗျ"

"နင်တို့သခင်ကြီး ဘယ်မှာလဲ"

"ဟို..ဟို.."

"ဘယ်ဟိုလဲ"

"စစ်ထွက်သွားပါတယ်"

"ဘယ်စစ်ထွက်သွားတာလဲ၊ အခု နင်တို့ ဒီကိုစစ်ထွက်လာတာမဟုတ်လား"

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်"

"ဘာဟုတ်တာလဲ"

"ကျွန်တော်တို့ စစ်ထွက်လာတာပါ၊ သခင်ကြီး ဒီမှာ စခန်းချနားပြီး အခု ခရီးဆက်သွားပါပြီ"

လက်ရွေးတော်တပ်မှူး မျက်မှောင်ကုပ်လိုက်သည်။

"နေပါဦး..ဘယ်ကို ခရီးဆက်သွားတာလဲ"

တံခါးမှူး ရုတ်တရက် မဖြေ။

"ပြောလေ"

ခေါင်းပေါ်တွင် မိုးထားသော ဓားနှစ်လက် နိမ့်ဆင်းလာသည်။ ဓားဦးချွန်များက သူ့လည်ပင်းကို ထောက်ရွယ်လာသည်။

တံခါးမှူး ကြောက်လန့်တကြားဖြင့် လက်နှစ်ဖက်ကိုကာ,ကာ..

"ပြောပါ့မယ်ခင်ဗျာ၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ အင်ကြင်းတောအရပ်ကို သခင်ကြီး ချီတော်မူပါတယ်"

အင်ကြင်းတော။

လက်ရွေးတော်တပ်မှူး၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ အင်ကြင်းတောသည် မိမိတို့တပ် လက်ယာစစ်ကြောင်း စခန်းချထားရာအရပ်။

တံခွန်တိုင်ခင်ခင်ကြီးနှင့် လူတစ်ထောင်။

အရံစစ်ကြောင်းဖြစ်သဖြင့် လူအင်အား၊ ဆင်၊ မြင်းအင်အား နည်းပါးသည်။ လူသူလက်နက်အများသည် မိမိတို့၏ ဗဟိုတပ်မတွင်သာရှိသည်။

ယေဘုယျသဘောတွင် တပ်မချင်းသာ ရင်ဆိုင်ရသည်။

တပ်မနှစ်ခုလည်း ရင်ဆိုင်မိကြပြီဖြစ်သည်။

သို့သော် ရန်သူတပ်မသည် မိမိတို့ရှေ့မှောက်မှာပင် ကိုယ်ယောင်ဖျောက်သွားပြီး မိမိတို့၏ အင်အားနည်းပါးသော လက်ယာစစ်ကြောင်းကို တိုက်ခိုက်ပေတော့မည်။

"နင်တို့တပ်တွေအားလုံး အင်ကြင်းတောကို သွားကြပြီလား"

လက်ရွေးတော်တပ်မှူးလေး၏ အမေးကို တံခါးမှူး ခေါင်းညိတ်သည်။

လက်ျာပျံသည် စစ်ပရိယာယ်ကြွယ်ဝသည်။ ထို့ပြင် အကောက်အကျစ်လည်း များပြားသည်။

ယခုအချိန်ဆိုလျှင် မိမိတို့၏ လက်ယာစစ်ကြောင်းကို ရန်သူများ စီးနင်းသိမ်းပိုက်မိချေပြီလော။

ယင်းတလဲခင်ခင်ကြီးထံ အမြန်ဆုံး ပြန်လည်လျှောက်တင်ချေမှ ဖြစ်တော့မည်။



သို့ဖြင့်..

လက်ရွေးတော်တပ်မှူးသည် ရန်သူတံခါးမှူးကို တစ်ပါတည်းခေါ်ဆောင်လျက် ယင်းတလဲသခင်ကြီးထံ အမြန်ဆုံး အရောက်ပြန်သည်။

ယင်းတလဲမင်းသိင်္ခသည် ကျောက်မိုင်းဥက္ကာပျံ၏ စစ်ပရိယာယ်ကို သိရှိသောအခါ တုန်လှုပ်ခြင်းပြင်းစွာ ဖြစ်လာသည်။

လူအင်အားတစ်ထောင်မျှသာရှိသော လက်ယာစစ်ကြောင်းကို ကျောက်မိုင်းမြို့စားက လူငါးထောင်နှင့် တိုက်ခိုက်လျှင် မည်သည့်နည်းနှင့်မျှ ခံနိုင်မည်မဟုတ်ချေ။ လက်ယာစစ်ကြောင်း ပျက်ပြားပြီး လူသူလက်နက်အားလုံး ရန်သူ့လက်သို့ ရောက်ရှိပေတော့မည်။

တံခွန်တိုင်ခင်ခင်ကြီးကိုလည်း ဥက္ကာပျံ သိမ်းပိုက်ချေတော့မည်။

မိမိတို့ အလျင်အမြန် ချီတက်ချေမှဖြစ်တော့မည်။

တပ်မှူးများအားလုံး စုဝေးကာ..

"ဗိုလ်မင်းတို့ ကြားသိကြတဲ့အတိုင်းပဲ၊ ရန်သူ့လှည့်ကွက်က အကြံဦးချေပြီ၊ ငါတို့က သူ့ခြေကို မီမှဖြစ်ချေမည်၊ ငါတို့ ယခုပင် လက်ယာစစ်ကြောင်းကိုစစ်ကူပြုရန် ချီတက်ကြရမည်၊ တစ်ခုက တစ်ဖက်ကမ်းမှရန်သူများ တိုက်ခိုက်ချေမှုန်းပြီး ရန်သူများ ချီတက်သော လမ်းကြောင်းအတိုင်း အင်ကြင်းတောသို့ ချီတက်ကြရမည်၊ တစ်ခုက ငါတို့ နှစ်စုခွဲ၍ ချီတက်ကြရမည်၊ တစ်ခုက တစ်ဖက်ကမ်းမှ ရန်သူများကို တိုက်ခိုက်ချေမှုန်းပြီး ရန်သူများချီတက်သော လမ်းကြောင်းအတိုင်း အင်ကြင်းတောသို့ ချီတက်ကြရမည်၊ တစ်ခုက ငါတို့ဘက်ကမ်းမှပင် လေ၏အဟုန်ဖြင့် ချီတက်ရမည်၊ သည်စခန်းတွင် ဆင်တပ်ဝန်နှင့် လူတစ်ရာသာ အစောင့်အရှောက်ဖြင့် ရှိခဲ့စေ၊ လက်ရွေးတော်တပ်မှူးနှင့် လူတစ်ထောင်သည် ယခုပင် နဂါးပတ်ချောင်းကို ဖြတ်ကျော်ပြီး တိုက်စေသည့်အကြောင်း ကို မြင်းလျင်လွှတ်ပြီး လက်ဝဲစစ်ကြောင်းသို့ အကြောင်းကြားရမည်၊ ငါနှင့်တပ်များ အားလုံး အင်ကြင်းတောသို့ လေမုန်တိုင်းတိုက်ဘိသို့ ချီတက်ကြမည်၊ ယခုပင် အစီအစဉ် များ စကြရမည်"

တပ်သားများအားလုံး အုံးအုံးကျွက်ကျွက် ရှိတော့သည်။

ယင်းတလဲမင်းသိင်္ခသည် စီးတော်ဆင်ကိုမစီးမူဘဲ လက်စွဲတော် နတ်မြင်းပျံကို စီးကာ အင်ကြင်းတောသို့ တပ်ဦးမှနေ၍ အပြင်းစိုင်းသည်။

မိမိ အနည်းငယ်မျှ နောက်ကျခဲ့လျှင် ကြင်ယာတော် ခင်ခင်ကြီး ကျောက်မိုင်းမြို့စား ဥက္ကာပျံလက်သို့ ကျရောက်ချေတော့မည်ဟု စိုးရိမ်ပူပန်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ထို့နောက်…

ခင်ခင်ကြီးသည် တပ်ဖွဲ့အသီးသီးနှင့် ကင်းစခန်းအလုံးစုံကို လိုက်လံ စစ်ဆေးလျှက်ရှိသည်။ စစ်သည်ရဲမက်များကို အပေါ့အလျော့မရှိရန် မှာကြားသည်။

ညရောင်ဝိုးတဝါးအောက်တွင် ကတ္တီပါမြတဘက်ကြီးကို ခြုံလွှမ်းလျက် တစ်ယောက်တည်း လှည့်လည်သွားလာလျှက်ရှိသော တံခွန်တိုင်ခင်ခင်ကြီးကို စစ်သည်ရဲမက်များ အံ့ဩငေးမောလျှက်ရှိကြရသည်။

ဗိုလ်မှူး တပ်မှူးများက အစောင့်အရှောက်အဖြစ် လိုက်ပါရန် လျှောက်ထားကြသည်ကို အမျိုးသမီးကြီးက လက်မခံပါ။

အမှောင်ရေးရေးတွင် ယောကျ်ားကြီးတစ်ဦးပမာ ဖားဖားလျားလျားကြီး သွားလာလျှက်ရှိသည်။

တံခွန်တိုင်ခင်ခင်ကြီးသည် မိမိတို့အရှင်သခင်၏ ကြင်ယာတော်ဖြစ်သည်တစ်ကြောင်း၊ တစ်နည်းပြောရလျှင် အရှင်သခင် အမြင့်သို့ရောက်လျှင် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်သည်ကြောင့်တစ်ကြောင်း၊ မင်းညီမင်းသားတို့ တတ်အပ်သော အဋ္ဌာရသ တစ်ဆယ့်ရှစ်ပါးသောအတတ်ကို ကောင်းမွန်စွာ တတ်မြောက်သော ဆင်ကျုံမင်းသားနှင့် ၎င်း၏နောက်တော်ပါများကို ပညာစွမ်းပြကာ နှိမ်နင်းထားသော အမျိုးသမီးကြီး တစ်ဦးဖြစ်သည်တစ်ကြောင်းကြောင့် စစ်သည်ရဲမက်များနားကို သိရဲဖို့မဆိုထားနှင့် မော်၍ပင် မဖူးဝံ့ကြပါ။

တံခွန်တိုင်ခင်ခင်ကြီးသည် အလုံးအထည် ပြည့်ဖြိုးလှပသည်နှင့်အမျှ ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံလှသည်ဟု ကျော်ကြားလျှက်ရှိတော့သည်။

တံခွန်တိုင်ခင်ခင်ကြီးသည် မင်းဝံတပ်ကို စစ်ဆေးပြီးနောက် တောင်ကုန်းတစ်ခုထက်တွင် တည်ရှိသော အစေးကင်းတစ်ခုကို စစ်ဆေးရန် တောအုပ်ငယ်တစ်ခုထဲ ဖြတ်သန်းလျှက်ရှိသည်။

တံခွန်တိုင်ခင်ခင်ကြီးသည် ညအခါတွင် ရန်သူနှင့် နီးကပ်လျှက်ရှိသော တောအုပ်ငယ်တစ်ခုအတွင်း၌ သွားလာနေရသည်ဖြစ်သဖြင့် ခြေသံကို လုံနိုင်သမျှ လုံအောင် ထိန်းကာ သွားနေသည်။

မိမိတို့၏ကင်းစခန်းသည် တပ်ဖွဲ့များနှင့် ဝေးကွာလွန်းပြီး ရန်သူနှင့် နီးကပ်လွန်းသဖြင့် အန္တရာယ်များပြားနိုင်သည်ဟု ခင်ခင်ကြီး တွေးတောလျှက်ရှိနေစဉ်မှာပင် မျက်နှာချင်းဆိုင်မှလာသော စစ်သည်တစ်ဦးနှင့် ကျွန်းပင်ကြီးတစ်ပင်အောက်တွင် ပက်ပင်းတိုးမိသည်။



ကင်းစခန်းမှလွှတ်လိုက်သော ခြေမြန်တစ်ဦးဖြစ်သည်ဟု ယူဆပြီး ခင်ခင်ကြီး ရပ်လိုက်သည်။ သို့သော် မျက်နှာချင်းဆိုင်မှ လူသည် မိမိတို့လူ ဖြစ်ဟန်မရှိချေ။ ခါးကြားမှ ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။

"အသင် ဘယ်သူလဲ"

ခင်ခင်ကြီးက တည်ငြိမ်စွာ မေးလိုက်သည်။

ဓားသမားသည် ခင်ခင်ကြီးထံသို့ ပြေးဝင်လာသည်ရှိစဉ် ခင်ခင်ကြီး၏ တည်ငြိမ်သောအသံကြောင့် ဇဝေဇဝါဖြစ်သွားဟန် ရှိသည်။ တုန့်ဆိုင်းတုန့်ဆိုင်းသွားသည်။ သို့သော် ကြောက်သွားဟန်ကား မရှိချေ။ အမှောင်ရေးရေးတွင် မားမားလျားလျားကြီး ရပ်နေသော တံခွန်တိုင်ခင်ခင်ကြီးကို အားစိုက်ပြီးကြည့်နေသည်။ အတန်ကြာမှ··

"ကျွန်ုပ်တို့ သတင်းကြားနေရတဲ့ တံခွန်တိုင်ခင်ခင်ကြီးဆိုတာ အစ်မတော်ပဲထင်တယ်"

သူ့အသံက ပီပြင်ပြတ်သားသည်။

"အသင်တွေးထင်တာ မှန်ပါတယ်"

ခင်ခင်ကြီးက ဝန်ခံလိုက်သောအခါ ဓားသမား ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ သူသည် အရပ်အမောင်း အလုံးအထည်ကောင်းမွန်သော ယောကျ်ားကြီးတစ်ဦးဖြစ်သည်ကို ညအမှောင်မှာပင် ခင်ခင်ကြီး ခန့်မှန်းသိရှိရသည်။

"အစ်မတော်ဟာ ဘယ်လောက်ပဲ လက်သိုင်း၊ ဓားသိုင်းများ ကျွမ်းကျင်သည်ဆိုစေကာမူ ရန်သူတွေဝိုင်းဝိုင်းလည်နေတဲ့ တောအလယ်မှာ ညဥ့်နက်သန်းခေါင် တစ်ကိုယ်တော်တည်း မသွားလာသင့်ပါဘူး၊ ကျောက်မိုင်းသားတွေ စွမ်းပကား ကြီးမားလှသယ်ဆိုတာ အစ်မတော် မကြားမိသေးဘူးထင်တယ်"

တစ်ဖက်လူက မိမိကို ဆုံးမစကားပြောလာသောအခါ ခင်ခင်ကြီး ဟုန်းခနဲ အမျက်ဒေါသဖြစ်သွားသည်။ ကိုယ်အတွင်း၌ ဝှက်ထားသော ကျောက်စီရွှေရိုးတပ် ဓားမြှောင်ကို လျှင်မြန်စွာ ထုတ်ယူလိုက်သည်။

မျက်နှာချင်းဆိုင်မှ သူစိမ်းယောကျ်ား အနည်းငယ် လှုပ်ရှားသွားသည်။ သို့သော် ထိတ်လန့်ခြင်း ရှေ့တိုးခြင်း အလျဉ်းမရှိဘဲ ရပ်မြဲရပ်လျှက်ရှိသည်။

"အသင့်ကိုကြည့်ရတာ ကျောက်မိုင်းမြို့စားရဲ့ လက်ရင်းဗိုလ်တစ်ဦး ဖြစ်ပုံရသယ်၊ စကားပြောပုံ မိုးလုံးလေလုံးကြီးလှတယ်၊ အသင့်နာမည် မည်သူနည်း"

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်··

"ကျွန်ုပ်ဟာ ကျောက်မိုင်းမြို့စားကြီး ဥက္ကာဖျံပဲဖြစ်ပါတယ် အစ်မတော် ခင်ခင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



မိမိအားမှားထဲတွင် မိုးထစ်ချုန်းလိုက်သည်ဟု ခင်ခင်ကြီး ထင်လိုက်သည်။ လုံးဝ မျှော်လင့်မထားသည်ကို ကြားသိလိုက်ရသဖြင့် အနည်းနှင့်အများဆိုသလို တုန်လှုပ်ချောက်ချားသွားသည်။ သို့သော် ချက်ချင်းပင် စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး-

''ဩော်··ကျောက်မိုင်းမြို့စားကြီး ကိုယ်တိုင်ပဲကိုး၊ ကျန်းခန့်သာလို့ မာပါရဲ့လား မြို့စားကြီး''

''အစ်မတော်တို့ ပို့သတဲ့မေတ္တာကြောင့် ကျန်းမာချမ်းသာလျက်ပါ''

''ကျွန်ုပ်တို့ရဲ့ ပိုင်နက်နယ်ပယ်ထဲကို အဘယ်ကိစ္စနဲ့ လာပါသလဲ မြို့စားမင်း''

''အစ်မတော်တို့ရဲ့ ယင်းတလဲနယ်ကို သာယာဝဖြိုးစေရန် သိမ်းပိုက်အုပ်ချုပ်ဖို့ပါပဲ''

''ဩော်··ဟော်··ဟော်··မြို့စားမင်းရဲ့စကားက ကုလားဖြူတွေရဲ့ စကားအတိုင်းပါပဲလား''

''ကျွန်ုပ်တို့ရဲ့ စေတနာအရင်းခံပါ အစ်မတော်''

''ထားပါတော့လေ၊ မြို့စားမင်းတို့ရဲ့ စေတနာပဲ ထားပါတော့၊ နို့ပေမယ့် အခြစ်မှန်က တစ်မျိုးဖြစ်နေတယ် မြို့စားမင်း''

''ဘယ်လိုများလဲ အစ်မတော်''

''ကျွန်ုပ်တို့က မြို့စားမင်းတို့ရဲ့နယ်ကို ဒိဋ္ဌိတွေနဲ့ သစ္စာဖောက်တွေရဲ့လက်ထဲကယ်တင်ပြီး တရားနဲ့အညီအုပ်ချုပ်ဖို့ ဘုရားမှာ သစ္စာပြုပြီးဖြစ်ပါတယ်''

ကျောက်မိုင်းမြို့စား ဝါးလုံးကွဲရယ်မောပြီး··

''ယင်းတလဲကို ကျောက်မိုင်းက သိမ်းပိုက်မလား၊ ကျောက်မိုင်းကို ယင်းတလဲက သိမ်းပိုက်မလားဆိုတာ ဘာမှ ဒွိဟဖြစ်စရာမလိုတော့ပါဘူး အစ်မတော်၊ အခုပဲ အစ်မတော်တို့ရဲ့ တပ်သားတစ်ထောင်ကို ကျောက်မိုင်းစစ်သည် ငါးထောင်က ဝိုင်းရံထားပြီးဖြစ်ပါတယ်၊ အစ်မတော်တို့ သစ္စာခံဖို့ပဲ ရှိပါတော့တယ်၊ အစ်မတော်တို့ဟာ ကျွန်ုပ်တို့လက်ဝယ်သို့ ရောက်ရှိနေပါပြီ''

''ကျွန်ုပ်တို့ရဲ့ တပ်သားတစ်ထောင်ဟာ ရန်သူငါးထောင်ကို မဆိုထားနဲ့၊ ရန်သူတစ်သောင်းကိုပင် စေ့စေ့ညက်ညက်ကြေအောင် ချေမှုန်းပစ်နိုင်ပါတယ် မြို့စားမင်း အမှန်မှာတော့ မြို့စားမင်းတို့သာလျှင် ကျွန်ုပ်တို့လက်ဝယ်သို့ ရောက်ရှိနေခြင်းဖြစ်ပါတယ်''

''အစ်မတော် စိတ်လိုက်မာန်ပါ မပြောဆိုပါနဲ့၊ သတိဉာဏ်နဲ့ဆင်ခြင်ပါ၊ ယခုဝင်လျှင် အစ်မတော်သည် ကျွန်ုပ်၏လက်ဝယ်သို့ ရောက်ရှိနေပါပြီ၊ အစ်မတော် ကျွန်ုပ်၏လက်မှ ထွက်ပြေးလွတ်မြောက်နိုင်ရန် မလွယ်ပါ''

''အင်း··ကျောက်မိုင်းမြို့စားကိုယ်တိုင်က လေလုံးမိုးလုံးကြီးပေတာကိုး၊ ထံ-



ဒီမှာမြို့စားမင်း··အသင့်လက်မှဓားကို မြေမှာချပြီး ကျွန်ုပ်၏ရှေ့မှာ ဒူးထောက်ပြီး ခစားပါ''

''တံခွန်တိုင်မိန်းမရဲ့စကား ရိုင်းစိုင်းစော်ကားလှချည်လား၊ ဒီမှာ ကျွန်ုပ်၏ဓားကို ကြည့်စမ်း၊ အသင်မိန်းမရဲ့ရင်ကို နှစ်ခြမ်းခွဲပြမယ်''

ကျောက်မိုင်းမြို့စားက ခက်ထန်စွာ ကြိမ်းဝါးသံပြုလိုက်ပြီးနောက် ချွန်မြသောဓားဖြင့် ခင်ခင်ကြီး၏ရင်ကို ပက်ကော်လိုက်သည်။

ဓားဝင်လာပုံ မြန်လှသည်။ အရှိန်အဟုန် ပြင်းထန်လှသည်။

ခင်ခင်ကြီး ရှောင်တိမ်းချိန်မရသဖြင့် လက်ထဲမှဓားဖြင့် ရိုက်ထုတ်လိုက်ရသည်။ ဓားသွားနှစ်ခုခတ်မိပြီး မီးပွင့်သွားသည်။

လူချင်းပူးသွားသည်။ လူလုံးချင်း ရိုက်မိသည်။ ခင်ခင်ကြီး တစ်ပတ်လည်ပြီး ကျောက်မိုင်းမြို့စား၏ ရင်ခွင်တွင်းသို့ ရောက်သွားသည်။

ခင်ခင်ကြီး ခြေမဆုတ်နိုင်မီမှာပင် ကျောက်မိုင်းဥက္ကာပျံက လက်ဝဲလက်ဖြင့် သူမ၏ခါးကို နောက်ဖက်မှ ရစ်ပတ်ချုပ်ကိုင်လိုက်သည်။ ခင်ခင်ကြီးက လက်ဝဲတံတောင်ဖြင့်ပင် ကျောက်မိုင်း၏နံစောင်းကို တွက်လိုက်သည်။ ထို့နောက် ခါးမှနေ၍ ကိုယ်အထက်ပိုင်းကို ကိုင်ချလိုက်သည်။ ကျောက်မိုင်းဥက္ကာပျံ သူမ၏ကျောပေါ်သို့ ခြေတစ်ဖက်မြှောက်ပြီး ရောက်လာသည်။ ခင်ခင်ကြီး ဒူးတစ်ဖက်ကိုညွှတ်ကွေးပြီး အရှိန်နှင့်ငိုက်ကျလာသော ကျောက်မိုင်းကို ကျောနှင့်ထမ်းပြီး မြှောက်ပစ်လိုက်သည်။

ကျောက်မိုင်းဥက္ကာပျံကို မြေပုံပေါ်သို့ ကားလျားကျသွားသည်။ ဥက္ကာပျံက လဲကျနေရာမှ ခြေတစ်ဖက်ဖြင့် ခင်ခင်ကြီး၏ခြေစုံကို ရိုက်ပြီးလှဲချလိုက်သည်။ ခင်ခင်ကြီး လဲကျသွားသောအရှိန်ကိုပင် အသုံးပြုပြီး ကျောက်မိုင်းဥက္ကာပျံကို ကျော်ကာတစ်ဖက်သို့ တစ်ပတ်ကျွမ်း ပစ်ချလိုက်သည်။ ဥက္ကာပျံ၏ဦးခေါင်းနှင့် တစ်တောင်ကွာလောက်တွင် ထိုင်လျက်ကျသည်။

နှစ်ယောက်စလုံးပင် လျင်မြန်စွာ ထရပ်ကြသည်။ မျက်နှာချင်းဆိုင်လိုက်ကြသည်။ လက်ထဲမှဓားများကို ချိန်ဆကာ ခြေနှစ်ဖက် အဆုတ်အတက်ပြုကြသည်။

ယခုတစ်ကြိမ်တွင် ကျောက်မိုင်းဥက္ကာပျံ အရမ်းမဝင်တော့။ အငိုက်အလစ်ကို စောင့်စားနေသည်။

ခင်ခင်ကြီးက လက်ထဲမှဓားကို ဝှေ့လိုက်ပြီးနောက် ခြေတစ်ဖက်ဖြင့် ဓားကိုင်ထားသော ကျောက်မိုင်း၏လက်ကို ခတ်လိုက်သည်။ ခင်ခင်ကြီးခြေထောက်ကို အသုံးပြုမည်ဟု ဥက္ကာပျံ လုံးဝမျှော်လင့်မထားပါ။ ကန်ချက်ပြင်းသဖြင့် လက်ထဲမှဓား လွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးက သူမ၏ဓားကို ရန်သူထံသို့သွင်းရန် ပြင်နေသည်။ ကျောက်မိုင်းမြို့စား ဗလာလက်နှစ်ဖက်နှင့် လက်ဖွေ့ရေးပြနေသည်။

ကျောက်မိုင်းမြို့စား ရုတ်တရက်ခုန်ပြီး စုံကန်သည်။ ခင်ခင်ကြီး အသာအယာ ဝင် တိမ်းရှောင်ပေးလိုက်သည်။

ခင်ခင်ကြီးက ဓားကိုင်ထားသောညာလက်ကို ကျောက်မိုင်း၏ရင်ညွှန့်သို့ ထိုးချ ပြီး ထိုးလိုက်သည်။ ကျောက်မိုင်းဥက္ကာပျံ ဓားမိုးကိုရှောင်ပြီး ခင်ခင်ကြီး၏ ညာလက် ကောက်ဝတ်ကို ဖမ်းဆုပ်သည်။ ဤသို့ တုန့်ပြန်လိမ့်မည်ကို ခင်ခင်ကြီး တွက်ထားပြီး သည်။ သူမက ညာလက်ကို ပစ်သွင်းလိုက်စဉ်မှာပင် ဘယ်လက်ဖျားတစ်ဖက်မှ ဓေါ့ဝိုက်လာ ပါသွားပြီး မိမိ၏ညာလက်ကောက်ဝတ်ကို ဥက္ကာပျံ ဖမ်းဆုပ်စဉ် ဓားကို ဘယ်လက်မှ ပြောင်းယူပြီး တစ်ဆက်တည်းမှာပင် ရန်သူ၏ လွတ်နေသောနံစောင်းသို့ ပစ်သွင်းလိုက် သည်။ လက်ရည်တူသော ရန်သူကို လက်ပြောင်းလက်လွှဲနည်းဖြင့် လျှင်မြန်ပိုင်နိုင်စွာ တိုင်လိုက်နိုင်ခြင်းဖြစ်သည်။

ကျောက်မိုင်းမြို့စား နာကျည်းတုန်လှုပ်စွာ တစ်ချက်အော်လိုက်သည်။ ခင်ခင် ကြီးကို ဆုပ်ကိုင်ထားသောလက် ပြေသွားသည်။

ခင်ခင်ကြီး နောက်သို့ဆုတ်လိုက်သည်။

ကျောက်မိုင်းဥက္ကာပျံသည် နံစောင်းအတွင်းသို့ စိုက်ဝင်နေသော ဓားကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း တစ်ပတ်လည်ကာ လဲကျသွားသည်။

ယင်းအခိုက်တွင် ခြေသံတစ်ခုကြားသဖြင့် သစ်ပင်တစ်ပင်တွင် ခင်ခင်ကြီး ကွယ်လိုက်သည်။ အဝေးကင်းဘက်မှ လူတစ်ယောက်ပြေးလာနေသည်။

လက်ျာမြင်းစုမှူး ဖြစ်သည်။

ခင်ခင်ကြီး အကွယ်မှထွက်လိုက်သည်။ လက်ျာမြင်းစုမှူးသည် သူ၏ရှေ့တွင် လူတစ်ယောက် ထွက်ပေါ်လာသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရသောအခါ ဓားကို ဆွဲနုတ်မည်ပြုသည်။ သို့သော် တံခွန်တိုင်ခင်ခင်ကြီးမှန်း မှတ်မိသွားသောအခါ ဓားကို ပြန်သွင်းလိုက်ပြီး အရိုအသေပြုကာ အမောတကော ပြောသည်။

''သခင်မဘုရား··ရန်သူတွေ··ရန်သူတွေ··ကျွန်တော်မျိုးတို့ကို လေးဖက်လေး တန်က ဝိုင်းထားကြပြီ၊ ကျောက်မိုင်းမြို့စား ဥက္ကာပျံကိုယ်တိုင် တပ်ဦးက ကွပ်ကဲတယ် လို့ သိရပါတယ်''

ခင်ခင်ကြီး သိမ်မွေ့စွာ ပြုံးလျက်··

''ကျောက်မိုင်းမြို့စား ဥက္ကာပျံကို ဗိုလ်မှူးတွေ့ဖူးသလား၊ ဟောဟိုကလူကို ကြည့်စမ်းပါ''



လက်ျာမြင်းစုမှူးသည် ခင်ခင်ကြီး လက်ညှိုးညွှန်ပြရာသို့သွားပြီး မြေပြင်ပေါ်မှ သဏ္ဍာန်ကို ကုန်းငုံ့ပြီးကြည့်သည်။ သွေးအိုင်ထဲတွင် လဲနေသော ကျောက်မိုင်းမြို့စားမှန်း သိရှိသောအခါ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ခင်ခင်ကြီးကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် လှည့်ကြည့်သည်။

''ကဲ··ဗိုလ်မှူး သူ့အဖြစ်ကို သူ့လူတွေမြင်အောင် ပြပေတော့''

# ၇ ၀ မဟာမိတ် [ က ]

ကျောက်မိုင်းမြို့သည် ကျောက်ဖြင့်ပြီးသော ရေကျုံး၊ ကျောက်ဖြင့်ပြီးသော မြို့ရိုး၊ ကျောက်ဖြင့်ပြီးသော ကျောက်နန်းတို့ဖြင့် ဖွဲ့စည်းထားသော ကျောက်မြို့တော်တစ်ခုပင် ဖြစ်တော့သည်။ ရန်သူများလုပ်ကြံစီးနင်းရန် ခက်ခဲသည်။ ကျုံးတံတားများသည် အရှင် ဖြစ်ပြီး ညအခါတွင် တင်ထားသည်။ မြို့တံခါးများကိုလည်း အခိုင်အခန့်စီရင်ထားသည်။

ကျောက်မိုင်းမြို့စားသည် ယင်းတလဲကိုတိုက်ခိုက်ရန် ချီတက်သွားသောအခါ မြို့စောင့်အဖြစ် အမြောက်ဗိုလ် အီစွတ် ကွပ်ကဲသော လူနှစ်ရာသာလျှင် ထားခဲ့သည်။

မြို့ရိုးထက်တွင် ဆင်ထားသော အမြောက်များသည် အင်္ဂလိပ်ထံမှရရှိသော အမြောက်ကောင်းများဖြစ်ပြီး အမြောက်တပ်သားများမှာလည်း ပဲ့မလွဲများ ဖြစ်ကြသည်။

အမြောက်ဗိုလ်အီစွတ်သည် ရဲရင့်ကြမ်းတမ်းပြီး အကွပ်အညပ်ကောင်းမွန်သူ ဖြစ်သဖြင့် ဥက္ကာပျံ အထူးအားထားသူတစ်ဦးဖြစ်သည်။ အမြောက်ဗိုလ် အီစွတ်နှင့် အမြောက်တပ်သားတို့၏ဓားကို လူတိုင်း ကြောက်ရွံ့ကြသည်။

ကျောက်မိုင်းမြို့တွင် အီစွတ်နှင့် လူနှစ်ရာအပြင် တပယ်ရွာစား ဗိုလ်ဘယ်ကျော် နှင့် လူနှစ်ရာလည်း ရှိချေသေးသည်။

သို့သော် ဗိုလ်ဘယ်ကျော်နှင့်အဖွဲ့သည် အီစွတ်တို့ကဲ့သို့ မြို့စောင့်တပ်သားများ မဟုတ်ကြချေ။ အချုပ်တန်းတွင် ခြေထိပ်လက်ထိပ် အခွဲခံနေရကြရသော အကျဉ်းသား များသာ ဖြစ်ကြသည်။

တပယ်ရွာသား ဗိုလ်ဘယ်ကျော်သည် ကျောက်မိုင်းသားတစ်ဦးမဟုတ်သလို ကျောက်မိုင်း၏ လက်ရင်းလူတစ်ယောက် မဟုတ်ချေ။ ဗိုလ်ဘယ်ကျော်သည် အင်းဝမှ ဖြစ်သည်။ ဗိုလ်ဘယ်ကျော်သည် အင်းဝမှဖြစ်သည်။ လွတ်တော်၏အမိန့်အရ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ ခုခံခြင်းမပြုရဘဲ အင်းဝခံတပ်ကို စွန့်ခွာကြရသောအခါ ဗိုလ်ဘယ်ကျော်နှင့် လူနှစ်ရာ သည် လက်နက်ချအပ်ခြင်းမပြုဘဲ လက်နက်များကို တစ်ပါတည်း ယူဆောင်ပြီး ထွက်ခွာခဲ့ကြသည်။ ကျောက်မိုင်းမြို့စားထံသို့ ပေါင်းစပ်ခဲ့ကြသည်။

ကျောက်မိုင်းမြို့စားသည် အစကနဦးတွင် အင်္ဂလိပ်ကို ခုခံတိုက်ခိုက်မည့်ဟန် ရှိသည်။ အင်္ဂလိပ်ကို ခုခံတိုက်ခိုက်လိုသူများကို လက်ခံသည်။ စည်းရုံးသည်။ ပူးပေါင်းသည်။ နောက်ဆုံးတွင် ယင်းတလဲမြို့စားက ပေါင်းစပ်မည်ပြုပြီးမှ အင်္ဂလိပ်နှင့် ခေါင်းပူးပေါင်းသွားသည်။

အင်္ဂလိပ်တပ်များ ကျောက်မိုင်းနယ်အတွင်းသို့ ရောက်လာသောအခါ တပ်ဦးတွင် ရှိနေသော ဗိုလ်ဘယ်ကျော်သည် ခုခံတိုက်ခိုက်ရန် အသင့်ရှိနေသည်။ ယင်းအချိန်တွင် ကျောက်မိုင်းမြို့စားက ဗိုလ်ဘယ်ကျော်ကို ဥပါယ်တံမျဉ်ဖြင့် ဖမ်းယူသည်။ သူ့လူများ ကိုလည်း လက်နက်ချအပ်စေသည်။ ထို့နောက် ၄င်းတို့ကို အချုပ်တန်းတွင် ခြေထိပ် လက်ထိပ်များခတ်ပြီး အစောင့်များ ချထားချုပ်နှောင်သည်။ သင့်လျော်သောနေ့တစ်နေ့တွင် ၄င်းတို့ကို အစတုံးချောက်မျက်ရန် အမြောက်ဗိုလ်အီစွတ်လက်သို့ အပ်ထားပြီးဖြစ်သည်။

အမြောက်ဗိုလ်အီစွတ်သည် ၄င်းတို့ကို ညှင်းပြီးသတ်ဖြတ်ရန် အကြံအစည် ရှိသဖြင့် အစာငတ် ရေငတ်ထားကာ အချိန်ဆွဲထားခြင်းဖြစ်သည်။ သို့သော် ကျောက်မိုင်း မြို့စားကြီး ယင်းတလဲကို တိုက်ခိုက်နေချိန်တွင် သုတ်သင်လိမ့်မည်ဟု သတင်းဖြစ်ပွား လျက်ရှိသည်။ အကြောင်းမှာ ကျောက်မိုင်းမြို့စားရှိစဉ် လုပ်ကြံသတ်ဖြတ်မှုများပြုလျှင် ဆရာတော် သံဃာတော်များက ဝင်ရောက်ကာ အသက်ကို အလှူခံဖွယ် မေတ္တာရပ်ခံ ဖွယ်များ ရှိသောကြောင့်ဖြစ်သည်။

မောင်မောင်လတ်တို့သည် ဤသတင်းကို ဖမ်းမိသူနှစ်ဦးထံမှ စစ်ဆေးသိရှိခဲ့ ရသည်။ ထိုမှုသာမက မြို့တံခါးလေးပေါက်တွင်ထားရှိသော အမြောက်ဗိုလ်အီစွတ်၏ လူများ၊ တံခါးမှူးများ၊ အချုပ်တန်းရှိ ပါးကွက်အာဏာသားများ၊ အီစွတ်၏ တပ်စခန်း နှင့် အိမ်တော်အကြောင်းများကို ပြည့်စုံအောင် သိရှိကြရသည်။

မောင်မောင်လတ်တို့သည် လမ်းခရီးတွင် ကျောက်မိုင်းလူများကို ရှောင်ရှားပြီး အပြင်းချီတက်ခဲ့ကြရာ ညဦးယံအချိန်တွင် ကျောက်မိုင်းမြို့အနီးသို့ ရောက်ရှိကြသည်။ မိမိတို့ရရှိထားသော သတင်းများ မှန်မမှန်၊ နောက်ထပ် အပြောင်းအလဲရှိမရှိတို့ကို လူလေးယောက်ကို နှစ်ဖွဲ့ခွဲကာ ထောက်လှမ်းစုံစမ်းစေသည်။

အားလုံးမှန်ကန်ကြောင်း သိရှိရသောအခါ တိုက်ပွဲအစီအစဉ်များ ပြုလုပ်ကြ သည်။ မိမိတို့တွင်ရှိသော လူငါးဆယ်ကို အစုသုံးစုဖွဲ့ကာ အစုတစ်စုစီကို မောင်မောင် လတ်၊ နန္ဒနှင့် ခင်ခင်လေးတို့က ခေါင်းဆောင်ကွပ်ကဲသည်။



မောင်မောင်လတ်ကွပ်ကဲသော အဖွဲ့က မြို့အရှေ့တံခါးကို စီးနင်းပြီး အမြောက် ဗိုလ်အီစွတ်၏ တပ်စခန်းနှင့် အိမ်တော်တို့ကို ဆက်လက်တိုက်ခိုက်ရမည်ဖြစ်သည်။

နန္ဒဦးစီးသောအဖွဲ့က မြောက်တံခါးကို စီးနင်းပြီး အချုပ်စခန်းတွင်ရှိနေသော ဗိုလ်ဘယ်ကျော်တို့အဖွဲ့ကို ကယ်တင်သိမ်းသွင်းရမည်ဖြစ်သည်။

ခင်ခင်လေး အုပ်ချုပ်သောအဖွဲ့က တောင်တံခါးကိုစီးနင်းကာ အနောက်တံခါးမှ ရန်သူများကို ဆက်လက်တိုက်ခိုက်ရမည်ဖြစ်သည်။

ညသန်းခေါင်ယံအချိန်တွင် စာစ်ပြိုင်နက်တည်း စီးနင်းတိုက်ခိုက်ကြရမည်။

[ ၈ ]

နန္ဒနှင့်အဖွဲ့သည် ကျုံးကိုဖြတ်ကူးရန် စောင့်ဆိုင်းလျက် ရှိကြသည်။

သူတို့သည် ကျုံးအရှေ့မြောက်ထောင့် မြောက်တံခါးအလယ်ကြားလောက်တွင် ရှိနေကြသည်။ မြို့တံခါးတစ်ခုတွင် လူသုံးဆယ်မျှချထားသော်လည်း ကင်းတစ်ချိန်တွင် လူသုံးယောက်သာ တာဝန်ယူ စောင့်ကြပ်ရသည်။ တစ်ယောက်က တံခါးမြို့ပြထက်တွင် စောင့်ကြပ်ပြီး နှစ်ယောက်က အရှေ့မြောက်ထောင့်နှင့် အနော က်မြောက်ထောင့်များသို့ သွားချည်ပြန်ချည် လျှောက်နေကြသည်။

အနောက်တံခါး၊ အရှေ့တံခါးတို့မှ ကင်းလှည့်လာသူများနှင့် ထောင့်တွင် ဆုံကြ ရသည်။ အကြောင်းထူးရှိလျှင် မှာကြားပြောဆိုကြရသည်။

နန္ဒတို့နှင့် တစ်ချိန်တည်းလိုမှာပင် မောင်မောင်လတ်နှင့် ခင်ခင်လေးတို့အဖွဲ့ များသည်လည်း အသီးသီး နေရာယူစီရပ်လျက် ရှိကြသည်။

သူတို့ အတန်းခွဲရပ်သည့်နေရာများသည် သစ်ပင်ရိပ်ရှိပြီး မြို့တံခါးနှင့် အလှမ်း ဝေးရာအရပ်များ ဖြစ်ကြသည်။

နန္ဒနှင့် စစ်သည်တစ်ဦးသည် မြို့ရိုးပေါ်မှ ကင်းသမား အလှမ်းဝေးသွားသည်နှင့် တစ်ပြိုင်နက် ကျုံးကို အသံမကြားအောင် ကူးဖြတ်ကြသည်။ ကျုံးတစ်ဖက်သို့ ရောက် သောအခါ ကမ်းပေါ်သို့မတက်သေးဘဲ ရေစပ်မှာပင် လည်ပင်းအထိ ကိုယ်ကိုမြုပ်ပြီး ပုန်းနေကြသည်။ ကျုံးထောင့်မှ ပြန်လျှောက်လာသော ကင်းသမား သူတို့နှင့် တည့် တည့်လောက်အရောက်တွင် နန္ဒက ညဉ့်ငှက်တစ်ကောင်အသံ ပြုလိုက်သည်။

ကင်းသမား ကြားသည်။ ရပ်တန့်သွားသည်။ သူရဲခိုအတွင်း ပုန်းဝင်လိုက်သည်။ အသံကြားရာသို့ ဂရုပြုပြီးကြည့်နေဟန်ရှိသည်။ သို့သော် မည်သည့်ထူးခြားချက်မျှ မတွေ့ရှိရသည့်အတွက် ကင်းသမားသည် သူရဲခိုအတွင်းမှထွက်သည်။ သူရဲခိုနှစ်ခုအကြား ဘှင်ရပ်ကာ ကျုံးဖက်သို့ လှမ်းမျှော်ပြီးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒတို့က သည်အခွင့်အရေးကို စောင့်နေကြခြင်းဖြစ်သည်။ နန္ဒနှင့်အတူ ကူးခတ်လာသူမှာ ကင်းသမား ဒေဝဖြစ်သည်။ ဒေဝသည် လေးကိုညှို့ကာ မြားတံကို ပစ်လွှတ်လိုက်သည်။ မြားတံသည် တစ်ဖြောင့်တည်း ပြေးကပ်သွားပြီး သူ့ရဲပြေးလမ်းပေါ်မှ ကင်းသမားကို ထိမှန်သည်။ လည်ချောင်းတည့်တည့်ကို ဖောက်ဝင်သည်။ ကင်းသမား ပက်လက်လဲကျသွားသည်။

နန္ဒက နောက်တစ်ကြိမ် ညွှန်ငှက်အော်သံပြုလိုက်သည်။

တစ်ဖက်ကမ်းတွင် အသင့်စောင့်ဆိုင်းနေကြသော ရဲမက်များ အလျှင်အမြန် ထွက်ပေါ်လာကြသည်။ သူတို့နှင့်အတူ လှေကားနှစ်စင်းပါလာသည်။

ရဲမက်များအားလုံး ကျုံးကို ဖြတ်ကူးမိသည်နှင့်တစ်ပြိုင်နက် မြို့ရိုးဆီသို့ ပြေးသွားကြသည်။ ကင်းစောင့်သူကစောင့်ပြီး လှေကားနှင့်တက်သူများက တက်ကြသည်။ အပေါ်သို့ အရင်ဆုံးရောက်သွားသူများက ကင်းတစ်လှည့်စောင့်သောအခါ အောက်မှ သူများ တက်ကြသည်။

အချိန်အနည်းငယ်အတွင်းမှာပင် လူအားလုံး မြို့ရိုးပေါ်သို့ ရောက်ရှိသွားကြသည်။

ရဲမက်တစ်ဦးသည် ကင်းသမားဟန်ဆောင်ကာ မြို့တံခါးသို့ သွားသည်။ မြို့တံခါးမှ ကင်းသမားကို သုတ်သင်သည်။ ထို့နောက် အနောက်မြောက်ထောင့်မှ ပြန်လာသော ကင်းသမားကို ရှင်းလင်းသည်။

ကင်းသမားသုံးယောက်စလုံး မရှိသောအခါတွင်မှ မြို့တံခါးကင်းတဲများကို သူတို့ ဝိုင်းရံလိုက်ကြသည်။ အိပ်ပျော်နေသော ရန်သူများကို တစ်ယောက်မျှ မလွတ်မြောက်ရအောင် ထိုးခုတ်ပိုင်းဖြတ်ကြသည်။ ရန်သူများသည် ဓားလှံများ ဆွဲကိုင်လိုက်နိုင်ပင်မရကြဘဲ အတုံးတုံးအရုံးရုံး ဖြစ်ကြရသည်။

မိမိတို့ဘက်မှ တစ်စုံတစ်ယောက်မျှ သွေးထွက်သံယိုမရှိဘဲ မြို့တံခါးကိုစီးသိမ်းကြသည်။ နန္ဒက ရဲမက်ငါးဦးကို မြို့တံခါးတွင်အစောင့်ထားခဲ့ပြီး ကျန်လူများနှင့် အချုပ်ထောင်ဆီသို့ အပြေးချီတက်သည်။ နန္ဒ ရှေ့ဆုံးမှဖြစ်သည်။

အချုပ်ထောင်အနီးသို့ ရောက်ရှိသောအခါ ကျွဲနက်ကြီးတစ်ကောင်ကို မြင်လိုက်ရသဖြင့် နန္ဒ ခြေလှမ်းတုန့်သွားသည်။ ကျွဲနက်ကြီးကို သေသေချာချာ ကြည့်လိုက်သည်။ သူထင်သလို ကျွဲတစ်ကောင်မဟုတ်ပါ။ ကျွဲပေါက်တစ်ကောင်လောက် ကြီးမားသော လူတစ်ယောက်ဖြစ်သည်။

အမြောက်ဗိုလ်က ထောင်မှူးအဖြစ်ခန့်ထားသော ကျွဲပေါက်ကြီး ယာမဆိုသည်မှာ ဤလူပင်ဖြစ်ရလေမည်ဟု နန္ဒ တွက်ဆလိုက်သည်။



ကျွဲပေါက်ကြီးသည် နန္ဒလက်ထဲမှဓားကို တွေ့မြင်သောအခါ ရန်သူမှန်း သိရှိသွားပြီး အနီးတွင်ရှိသော ရာဝင်အိုးကြီးကိုမြောက်ယူပြီး ပစ်ပေါက်လိုက်သည်။ စဉ့်အိုးကြီးသည် နန္ဒထံသို့ တန်းတန်းမတ်မတ်ကြီး ဝင်ရောက်လာသည်။ နန္ဒအနေနှင့် တိမ်းရှောင်ရန် အချိန်မရှိပါ။ သို့ဖြင့် လက်ထဲမှဓားဖြင့် ခံလိုက်ရသည်။

ဓားဖြင့် တအားတွက်ပြီးခံလိုက်သဖြင့် စဉ့်အိုးကြီး ခွမ်းခနဲကွဲပြီး နန္ဒရှေ့တွင် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည်။

ကျွဲပေါက်ကြီးက ဆက်တိုက်ဆိုပင် သစ်တုံးကြီးတစ်တုံးနှင့် ပေါက်လိုက်ပြန်သည်။ နန္ဒတွင် တခြားနည်းမရှိဘဲ ဓားဖြင့်ပင် ဆီးခံရသည်။ ဓားသွားသည် သူ၏ ကိုယ်လုံးလောက်ရှိသော သရက်တုံးအတွင်းသို့ တစ်ဝက်လောက် မြုပ်ဝင်သွားသည်။ သစ်တုံးအရှိန်တန့်ပြီး စဉ့်အိုးကွဲများပေါ်သို့ ကျသွားသည်။ နန္ဒဓားလည်း သစ်တုံးနှင့် အတူ ပါသွားသည်။

နန္ဒက ခါးမှဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ ယခုတစ်ကြိမ်တွင် သူ့ထံသို့ အဟုန်ပြင်းစွာနှင့် ဝင်ရောက်လာသောအရာဝတ္ထုကြီးမှာ စဉ့်အိုးကြီးတစ်လုံးလည်း မဟုတ်ပါ။ သစ်တုံးကြီးတစ်တုံးလည်း မဟုတ်ပါ။ ကျွဲပေါက်ကြီး၏ကိုယ်ခန္ဓာကြီးသာ ဖြစ်ပါသည်။

မိမိထံသို့ ကျွဲပေါက်ကြီးယာမ ခုန်ပျံပြီး ဝင်လာကြောင်း သိလိုက်သည်နှင့် တစ်ပြိုင်နက် နန္ဒလည်း နေရာမှ မြောက်ခနဲနေအောင် ခုန်လိုက်သည်။ ကျွဲပေါက်ကြီးက နန္ဒ၏လက်မှဓားမြှောင်ကို ခြေဖျားဖြင့် ခတ်ပစ်လိုက်သည်။ နန္ဒက ညာဒူးဖြင့် ကျွဲပေါက်ကြီး၏မေးကို လေထဲမှာတင် အားကုန်တိုက်လိုက်သည်။ ကျောက်တုံးကြီးတစ်တုံးကို တိုက်လိုက်ရသည့်အလား ခြေထောက်တစ်ခုလုံး အောင့်သွားသည်။ တစ်ကိုယ်လုံး၏ အရိုးအကြောများ တောင့်တင်းသွားသည်။ ယင်းအခိုက်မှာပင် ကျွဲပေါက်ကြီး၏ လက်ဝါးကြီးတစ်ဖက် မိမိ၏ကုပ်ပိုးပေါ်သို့ အရှိန်ပြင်းစွာနှင့် ကျရောက်လာကြောင်း နန္ဒ သိရှိခံစားလိုက်ရသည်။

နန္ဒ၏မျက်လုံးများ ပြာခနဲ ဝင်းခနဲဖြစ်သွားသည်။ မိမိ၏ရှေ့တွင်ရှိနေသော ညကမ္ဘာသည် ချားရဟတ်ကဲ့သို့ လည်ပတ်သွားသည်။

နန္ဒ မိုက်ခနဲဖြစ်ပြီး မြေကြီးပေါ်သို့ ကျသွားသည်။ နန္ဒ လုံးဝသတိလစ်မသွားပါ။ ... ခနဲဖြစ်သွားခြင်းသာဖြစ်သည်။ ချက်ချင်းပင် သတိရသည်။ ကျွဲပေါက်ကြီး၏မေးကို မိမိက ဒူးဖြင့်တိုက်ခတ်စဉ် သတ္တဝါကြီးက ကုပ်ပိုးကို လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်း ဖြစ်သည်။ မြေကြီးပေါ်သို့ မိမိကျသွားသည်။ ခြေကားယား လက်ကားယား ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲပေါက်ကြီး၏ အခြေအနေကို မိမိမသိပါ။ မိမိ မြေကြီးပေါ်သို့ ကျပြီးနောက် လေးလံသော အရာဝတ္ထုတစ်ခု မြေကြီးပေါ်သို့ ကျသံကြားရသည်။ ကျွဲပေါက်ကြီးပင် ဖြစ်သည်။

နန္ဒက ခါးတစ်ဖက်တွင် ကျန်ရှိနေသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ ကျွဲပေါက်ကြီးက မိမိကိုတိုက်ခိုက်လာလျှင် ခုခံနိုင်ရန် ပြင်ဆင်ထားသည်။ သို့သော် မိမိတစ်ကိုယ်လုံး နာကျင်တောင့်တင်းလျက်ရှိသည်။ လက်များခြေများကို မနည်းပင် အားစိုက်ပြီး ရွေ့လျားရသည်။ မျက်လုံးများကို ဖွင့်ပြီးကြည့်သော်လည်း ကောင်းစွာ မမြင်ရပါ။

ညကလည်း ဝေနေသည်။ မျက်လုံးများကလည်း ဝေနေသည်။

ကျွဲပေါက်ကြီးကို နန္ဒ စောင့်စားနေသည်။ နားထဲတွင် လှုပ်ရှားသံများ ကြားရသည်။ သို့သော် မိမိအပေါ်သို့ သတ္တဝါကြီး ရောက်ရှိလာခြင်းမရှိပါ။

နန္ဒက ဝေဝေဝါးဝါးနှင့်ပင် ဝန်းကျင်ကို ကြည့်လိုက်သည်။ အရိပ်သဏ္ဌာန်တစ်ခု တွေ့ရသည်။ လူတစ်ယောက်ဖြစ်သည်။ ကျွဲပေါက်ကြီးမဟုတ်ပါ။ မိမိ၏စစ်သည်တစ်ဦး ဖြစ်သည်။

နောက်ထပ်တစ်ယောက် မြင်ရသည်။ မိမိ၏လူပင် ဖြစ်သည်။ နန္ဒ ကြိုးစားပြီး ထသည်။ ရဲဘော်တစ်ဦးက သူ့ကိုတွဲထူသည်။

နန္ဒက မြေပြင်တွင်ရပ်မိသောအခါ မိမိအား တွဲဖက်ထားသော ရဲမက်၏လက်များကို တွန်းဖယ်လိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို လှည့်လည်ကာကြည့်သည်။ မြေကြီးပေါ်တွင် ကားယားကြီးဖြစ်နေသော ယာမကို တွေ့ရသည်။ ယာမသည် သစ်တုံးကြီးတစ်တုံးလို မလှုပ်မယှက်ကြီး ရှိနေသည်။ မတ်တပ်ထရပ်ဖို့ မဆိုထားဘိ၊ ရုတ်တရက် လူးလွန့်လှုပ်ရှားနိုင်မည့်အခြေအနေပင်မရှိ။ နောက်သို့လန်ပြီး ခေါင်းတစ်ခုလုံး အရုပ်ကြိုးပြတ် ရှိနေသည်။

"ဟား..ဟား..ဟား"

ရုတ်တရက် ရယ်မောသံကြီးတစ်ခု မိမိ၏နောက်ဖက်မှ ကြားလိုက်ရသဖြင့် နန္ဒ ကပျာကယာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ရယ်မောသံသည် အချုပ်ထောင်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဟား..ဟား..ဟား..ကျွဲပေါက်ကြီး ကျွဲပေါက်ကြီး၊ ကိုနန္ဒရဲ့ မဟာဒုးနဲ့ တွေ့တော့ ဘာတတ်နိုင်သေးသလဲ၊ အင်း..မကြာခင် ဇီဝိန်ချုပ်ရတော့မယ်၊ သနားလိုက်ပါသေးတော့၊ တောက်- နင့်ကို ငါ့လက်နဲ့မသတ်လိုက်ရတာဘဲ နာတယ်"



အချုပ်ခန်းတွင်းမှ အသံရှင်သည် ကျွဲပေါက်ကြီးကို သနားဟန်ဖြင့် လှောင်ပြောင်ပြောဆိုနေရာမှ နာကျည်းခက်ထန်စွာ ကြိမ်းပလိုက်သည်။

နန္ဒက အချုပ်ခန်းတွင်းသို့ကြည့်သည်။ အလင်းရောင် နည်းပါးလှသဖြင့် ရုတ်တရက်မှ ဘာတစ်ခုမျှ ကွဲကွဲပြားပြားမမြင်ရ။

"ကိုနန္ဒတို့ အခုလိုရောက်လာလိမ့်မယ်လို့ ကျွန်တော် လုံးလုံးမမျှော်လင့်ဘူး"

သည်တစ်ကြိမ်တွင် သူ့အသံကြားရာဆီသို့ စူးစိုက်ပြီးကြည့်သည်။ ကားစင်တင်ထားသော လူတစ်ယောက်ကို မြင်ရသည်။ ရောမလူကြီးတစ်ယောက် ဖြစ်သည်။

နန္ဒ ရှေ့သို့ အနည်းငယ်တိုးသွားပြီး..

"ဗိုလ်ဘယ်ကျော် ကျွန်တော့်ကို ဘယ်တုန်းကသိသလဲ"

"ရှမ်းပွဲမှာ တစ်ခါမြင်လိုက်ဖူးပါတယ်၊ တံခွန်တိုင်မောင်မောင်ကြီးနဲ့ ကျွန်တော်နဲ့က ရောင်းရင်းဘက်တွေပဲ"

နန္ဒ ခေါင်းညိတ်လိုက်ပြီး သူ့လူများကို အချုပ်ခန်းဖွင့်ရန် အချုပ်သားများကို ချွတ်ရန် အမိန့်ပေးသည်။

ခဏအကြာတွင် သူ့အနီးသို့ ဗိုလ်ဘယ်ကျော် ရောက်ရှိလာသည်။

"ကိုနန္ဒတို့လူ ဒါအကုန်ပဲလား"

"ကျွန်တော်တို့မှာ လူငါးဆယ်ပါတယ်၊ သုံးစုခွဲပြီး မြို့ကိုစီးကြတယ်၊ ကျွန်တော်တို့အစုက မြောက်တံခါးကိုစီးပြီး ခင်ဗျားတို့ဆီ ရောက်လာတာပါ၊ ဗိုလ်ဘယ်ကျော်မှာ အနှစ်ရာရှိတယ်လို့ ပြောတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့အားလုံး ကိုနန္ဒတို့နဲ့ ပူးပေါင်းဖို့ အဆင်သင့်ပါပဲ၊ ကိုနန္ဒနဲ့ ဘယ်သူတွေပါသေးသလဲ"

"တံခွန်တိုင်မောင်မောင်လတ်"

"သူရဲကောင်းတစ်ယောက်ပဲ၊ အင်းဝခံတပ်ကို သူလာတုန်းက ကျွန်တော် မမြင်လိုက်ဘူး၊ နောက်ကော ဘယ်သူပါသေးသလဲ"

"တံခွန်တိုင်ခင်ခင်လေး"

"ကိုနန္ဒရဲ့ဇနီးမဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"သူ့အစ်မတစ်ယောက်ကော၊ ခင်ခင်လတ်"

"တံခွန်တိုင်တိုက်ပွဲမှာ ကျသွားပြီ"

"အင်း..သတင်းသဲ့သဲ့တော့ ကြားမိတယ်၊ မသေချာလို့ မေးတာ၊ အစ်မအကြီးဆုံး တံခွန်တိုင်ခင်ခင်ကြီးကတော့ ယင်းတလဲမှာရောက်နေတယ်လို့ ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ယင်းတလဲမင်းသိင်္ခရဲ့ ကြင်ယာတော်ဖြစ်နေတယ်''

သူတို့အနီးသို့ ဒေဝ ရောက်ရှိလာသည်။ အကျဉ်းသားများအားလုံး လွတ်မြောက်ကြောင်း သတင်းပို့သည်။

''သည်လိုဆိုရင် ကျွန်တော်တို့ စစ်ကူသွားကြရအောင်၊ ကိုမောင်မောင်လတ်တို့က အရှေ့တံခါးကဝင်ပြီး အီစွတ်ရဲ့အိမ်ကို စီးကြလိမ့်မယ်၊ ခင်ခင်လေးက တောင်တံခါးကိုစီးဖို့ အနောက်တံခါး တက်တိုက်လိမ့်မယ်၊ ကျွန်တော်တို့ နှစ်စုခွဲပြီး သွားကြမယ်၊ ဗိုလ်ဘယ်ကျော်က လူတစ်ဝက်နဲ့ အနောက်တံခါးကိုသွားပါ''

နန္ဒ အမိန့်ပေးသည်။

ဗိုလ်ဘယ်ကျော် အနည်းငယ်တုန့်ဆိုင်းနေသည်။ သူက အမြောက်ဗိုလ်အီစွတ်နှင့် တစ်ပွဲတစ်လမ်းစမ်းချင်သည်။ ခင်ခင်လေးရှိသော အနောက်တံခါးသို့ နန္ဒသွားဖို့ ကောင်းသည်။ သို့သော် ဘာမျှမပြောတော့ဘဲ လူတစ်ဝက်ကိုခေါ်ပြီး အနောက်တံခါးဆီသို့ အပြင်းတက်သွားသည်။

နန္ဒလည်း ကျန်လူတစ်ဝက်နှင့် အမြောက်ဗိုလ်အိမ်သို့ သွားသည်။ သူတို့ရောက်ရှိသောအခါ တိုက်ပွဲပြီးနေပြီဖြစ်သည်။ မိမိတို့ဖက်မှ အကျအဆုံးနှင့် ရန်သူအလောင်းများကို ရှာဖွေစစ်ဆေးလျက်ရှိကြသည်။

ကြေးသွန်း အမြောက်ကြီးတစ်လက်အနီးတွင် မောင်မောင်လတ်တစ်ယောက်တည်းရပ်နေသည်ကို နန္ဒတွေ့ရှိရသည်။ မလှမ်းမကမ်းမှ ရှိက်ဟပ်နေသော မီးတုတ်အရောင်ကြောင့် မောင်မောင်လတ် တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေကြောင်း နန္ဒ သတိပြုမိသည်။

မိမိတို့ဖက်မှ အကျအဆုံးများချေပြီလော။

ရန်သူအများအပြား ထွက်ပြေး လွတ်မြောက်သွားသလော။

မောင်မောင်လတ်အနီးသို့ နန္ဒ ချဉ်းကပ်သွားပြီး··

''ကျွန်တော်တို့ဘက်က အကျအဆုံးများသလား''

''တစ်ယောက်ကျပြီး နှစ်ယောက်ဒဏ်ရာရတယ်''

သည်မျှနှင့်တော့ မကျေမနပ်မဖြစ်တန်ရာ။

''ရန်သူတွေဘက်ကကော လွတ်ထွက်သွားတာရှိသလား''

''အခုအထိ အီစွတ်ရဲ့အလောင်းကို မတွေ့သေးဘူး''

သည်လိုကိုး။

''တိုက်ပွဲဖြစ်နေတုန်းကကော သူရှိရဲ့လား''

''အဲဒါလည်းမသေချာဘူး၊ အသက်မသေဘဲကျန်တဲ့လူတွေကို စစ်နေတုန်းပဲ''



ယင်းအခိုက်မှာပင် သူတို့အနီးသို့ တပ်ဗိုလ်တစ်ဦး ရောက်ရှိလာသည်။

''အမြောက်ဗိုလ်အီစွတ်ဟာ ကျွန်တော်တို့မရောက်ခင်ကလေးဘဲ မြို့တံခါးတွေကို စစ်ဆေးဖို့ဆိုပြီး တောင်ဘက်တံခါးကို ထွက်သွားပါတယ်''

မောင်မောင်လတ်နှင့်နန္ဒ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

အမြောက်ဗိုလ်အီစွတ်နှင့် ခင်ခင်လေးတို့တော့ တွေ့နေကြပြီ။

[ ၈ ]

ခင်ခင်လေးတို့အဖွဲ့သည် တောင်တံခါး၏ အနောက်ဘက်မလှမ်းမကမ်းမှ ကျုံးကို ဖြတ်ကူးသည်။ ပထမဆုံး ခင်ခင်လေးတစ်ယောက်တည်း ကူးဖြတ်သည်။ မြို့ရိုးပေါ်တွင် တင်းလှည့်နေသော ကင်းသမား မိမိနှင့် တည့်တည့်လောက်အရောက်တွင် ကုန်းပေါ်သို့ ခင်ခင်လေး တက်ရောက်သွားသည်။

ကင်းသမားသည် ကျုံးထဲမှ အမျိုးသမီးတစ်ဦး ဆံပင်ဖားလျားချပြီး တက်ရောက်လာသည်ကို တွေ့ရသောအခါ ထိတ်လန့်တုန်လှုပ်သွားဟန်ရှိသည်။ ငေးကြောင်ပြီး ကြည့်နေသည်။ မလှုပ်မယှက်ကြီးရှိနေသည်။

ခင်ခင်လေးက လက်ထဲတွင် အသင့်ရှိနေသော ဓားမြှောင်ဖြင့် ပစ်လိုက်သည်။ ကင်းသမား၏ရင်ညွန့်တွင် ထိမှန်သည်။

မြို့ရိုးပေါ်က မဲမဲအရိပ်ကြီး အနည်းငယ်မျှ ယိမ်းထိုးနေပြီးနောက် လဲကျသွားသည်။ ယင်းကို တွေ့မြင်ကြသည်နှင့်တစ်ပြိုင်နက် ရဲမက်များ ကျုံးကို တစ်ပြိုင်နက်တည်း ကူးဖြတ်သွားကြသည်။

သူတို့အဖွဲ့တွင် လှေကားမပါပါ။ သံချိတ်များ တပ်ဆင်ထားသော ကြိုးခွေများသာ ပါရှိသည်။

ရဲမက်နှစ်ဦးသည် သံချိတ်ကို လွှဲယမ်းပြီးနောက် မြို့ရိုးပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးလျှင် ကြိုးကိုဆွဲပြီး မြို့ရိုးပေါ်သို့ တက်သွားသည်။

ထို့နောက် ခင်ခင်လေးနှင့် တစ်ယောက် တက်သွားသည်။ ဆက်ကာ ဆက်ကာ တက်သွားကြသည်။

မြို့ရိုးပေါ်သို့ ရောက်ရှိသူများ ချက်ချင်းပင် တစ်ဖက်မြို့ရိုးအောက်ခြေသို့ ဆင်းကြသည်။ မြို့ရိုးအောက်ခြေတွင် သစ်ပင်ငယ်များရှိသဖြင့် ပုန်းကွယ်ရန် ကောင်းမွန်သည်။ ဆင်းလာသည့်ရဲမက်များ အားလုံးစုံလောက်သောအခါ ခင်ခင်လေးသည် သေချာတိကျစေရန် ရေတွက်သည်။ သူတို့အဖွဲ့တွင် သူမပါဆိုလျှင် အားလုံး ဆယ့်ရှစ်ယောက်ရှိသည်။

ခင်ခင်လေးကိုယ်တိုင်ပင် လူတစ်ယောက်ချင်းကို လက်ညှိုးထိုးကာ ရေတွက်

www.burmeseclassic.com



သည်။ ဆယ့်ငါး-ဆယ့်ခြောက်-ဆယ့်ခွန်-ဆယ့်ရှစ်။

"ဟဲ··ဟဲ··ကျုပ်ပါဆိုရင် ဆယ့်ကိုးယောက်ပေါ့"

သူတို့နှင့် မလှမ်းမကမ်း သစ်ပင်ရိပ်မှ အသံတစ်ခု ထွက်ပေါ်လာသဖြင့် အားလုံး ဝင် ထိတ်လန့်သွားကြသည်။ အသံကြားရာဘက်သို့ ကြည့်လိုက်ကြသည်။

သစ်ပင်ရိပ်မှ ယောကျ်ားကြီးတစ်ယောက် အေးဆေးစွာထွက်လာသည်။ အရပ် အရှည် တည်ငြိမ်ရဲရင့်သည်။ အရပ်အမောင်းကောင်းသည်။ အလုံးအဖန် တောင့်တင်း သည်။

"အသင် ဘယ်သူလဲ"

ခင်ခင်လေးက မေးလိုက်သည်။

"အမြောက်ဝန် မင်းလှ မင်းကျော် အီစွတ်ပါ"

စစ်သည်ရဲမက်များအားလုံး အကြောအခြင်များ အေးစက်တောင့်တင်းသွားကြ သည်။ ခင်ခင်လေးပင်လျှင် ရင်ကို မ,လိုက်မိသည်။

"သည်ကနမတော်က ဘယ်သူများပါလိမ့်၊ သည်နယ်မှာ နတ်သမီးကလေးလို လှပပြီး ကေသရာဇာမင်းလို ရဲရင့်တဲ့ မိန်းမဆိုလို့ ယင်းတလဲသခင်မကလေး စောဥစ္စာ တစ်ယောက်ပဲရှိတယ်လို့ ကြားဖူးပါတယ်၊ နမတော်ဟာ ယင်းတလဲ သခင်မကလေး မဟုတ်တာတော့ သေချာတယ်၊ နမတော်က ယင်းတလဲမင်းသမီးကလေးထက်လည်း ပိုလှတယ်၊ ပိုပြီးရဲရင့်ပုံလည်းရတယ်"

"ကျွန်ုပ်က တံခွန်တိုင် ခင်ခင်လေးပါ၊ ယင်းတလဲသခင်မကလေးထက် ပိုမလှ ပေမယ့် ယင်းတလဲသခင်မကလေးလိုပဲ ရဲရင့်တယ်ဆိုတာတော့ အမြောက်ဝန်မင်း မှတ် ထားပါ"

ခင်ခင်လေးက တည်ကြည်စွာ တုန့်ပြန်လိုက်သည်။

"သြော်··သြော်··တံခွန်တိုင်ခင်ခင်လေးဆိုတာကိုး၊ မနေ့ညက ကျုပ်တို့နယ်ထဲ ကိုဝင်လာပြီး ကျုပ်တို့လူတွေကို ဓားစာ၊ လှံစာကျွေးသွားတယ်လို့ ကြားလိုက်တယ်။ အခု သည်ကိုရောက်လာတာကတော့ လူစာကျွေးမလို့နဲ့တူတယ်၊ အင်း··ကျွန်ုပ် အီစွတ် ဘိုင်ကလည်း လူသားအင်မတန်ကြိုက်တာနဲ့ တွေ့ကြရောပေါ့၊ စားလိုက်ရရင်တော့ ကျွတ်ကျွတ်ကျွတ်ကျွတ် နေမှာပဲ"

ရဲမက်နှစ်ဦး အီစွတ်ထံ ပြေးဝင်သွားသည်။ အီစွတ် နောက်တစ်လှမ်းဆုတ်ပြီး ဓားကိုထုတ်သည်။

"မောင်ကြီးတို့ အသာနေကြပါ၊ ခင်ခင်လေးအတာထားပါ"

ခင်ခင်လေး ဓားကိုဖွင့်ပြီး ဝင်သွားသည်။



"သည်လိုမှပေါ့"

အီစွတ်က သရော်တော်တော်ပြောသည်။

ခင်ခင်လေးက စင်ရော်တောင်ခွဲလိုက်သည်။ သံကိုသံချင်း ထိခတ်သံ ထွက် ပေါ်သည်။ ထို့နောက် ဖျတ်ခနဲ မီးပန်းများပွင့်သွားသည်။

အမှောင်ရိပ်မှ ရန်သူများပြေးထွက်လာကြသည်။ အီစွတ်ဘိုင်နှင့်အတူပါလာသော ကိုယ်ရံတော်တပ်သားများ ဖြစ်သည်။ တံခွန်တိုင်တပ်သားများနှင့် ဓားချင်းယှက်မိကြ သည်။

အီစွတ်ဘိုင်၏ဓားသည် ဗမာဓားမဟုတ်ပါ။ သိုးဆောင်းမျက်နှာဖြူများကိုင်သော ဓားဖြစ်သည်။ ခင်ခင်လေး၏ ငှက်ကြီးတောင်ဓားထက် ပါးပြီးရှည်သည်။ အတွက် အကွက်များပြုရာတွင် လျင်မြန်လှသည်။ ခင်ခင်လေး အထူးဂရုပြုပြီး ကာကွယ်ရသည်။

ထိုမျှမက··

ရန်သူအမြောက်ဗိုလ်သည် ခင်ခင်လေးကို လျင်မြန်စွာ လှည့်ပတ်ပြီး တိုက်ခိုက် သည်။ အထူးသဖြင့် နောက်ဘက်မှ လျှပ်တပြက် ထိုးခုတ်ရန်ကြိုးပမ်းသည်။

ခင်ခင်လေးက ဓား၏မာကြောမှုနှင့် အလေးချိန်ကို အသုံးပြုပြီး အတင်းဝင် ...င်းခုတ်ပြုလုပ်သောအခါ ရန်သူသည် လွှားခနဲခြောက်ခနဲခုန်ပျံပြီး ရှောင်တိမ်းသည်။ ...င်လေး၏ဓားချက်များသည် လေထဲတွင်သာ အပြန်အလှန်ဝဲနေသည်။

နှစ်ဖက်စစ်သည်များ ထွေးရောယှက်တင် ထိုးခုတ်လျက်ရှိသည်။ သူ့လူကိုယ့်လူ ...ပြားလောက်အောင်ပင် လုံးထွေးလျက်ရှိသည်။ ရန်သူများ အတုံးအရုံး ကျသွားသည် ...ည်း မြင်ရသည်။ မိမိဖက်မှလူများ လဲကျသွားသည်ကိုလည်း သတိပြုမိသည်။ ...သော် ခင်ခင်လေးသည် ဝန်းကျင်ကို အာရုံသိပ်မစိုက်ရဲ။ မိမိနှင့် ရင်ဆိုင်နေရသော ...သူကို အကွက်တစ်ကွက် မမှားရအောင် တိုက်ခိုက်နေရသည်။

သို့တစေ ရန်သူဘက်မှ လူအင်အားပိုများလာပြီဖြစ်ကြောင်း ခင်ခင်လေး တွက် ...မိသည်။ ဓားခုတ်သံများ ကြားရသဖြင့် မြို့တံခါးနှစ်ခုမှရန်သူများ ပြေးလာကြဟန် ...ည်။ ခြေသံများလည်း ကြားရသည်။

ရန်သူ၏ဓားဦး မိမိ၏ရင်ညွှန့်ဆီသို့ ဝင်လာသည်။ ခင်ခင်လေးကိုယ်ကို အနည်း ...မ်းစောင်းပြီး ရန်သူ၏ဓားကို မိမိ၏ဓားဖြင့် တအားခုတ်ထုတ်လိုက်သည်။ ဓား ...ိုင်းချင်းခတ်မိသဖြင့် ရန်သူ၏ဓား လွင့်ထွက်သွားသည်။

ခင်ခင်လေးက အခွင့်အရေးကို အသုံးချသောအားဖြင့် ရန်သူ၏...ကို ချိန်ရွယ် ...ဆွဲသိုင်းလိုက်သည်။

အီစွတ်ဘိုင် ဓားကိုလွတ်အောင်ခုန်သည်။ မြေပြင်သို့ ပြုန်ကျသည်။ ခင်ခင်လေး

www.burmeseclassic.com

www.burmeseclassic.com



အသွားအပြန်ပိုင်းသည်။ အမြောက်ဝန် ခုန်ပြီးရင်းခုန်ရင်း ရှိသည်။ တစ်ကြိမ်ထက် တစ်ကြိမ် ပိုပြီးမြင့်တက်သွားသည်။

ခင်ခင်လေး ဓားကိုဝှေ့ရမ်းပြီး ခုတ်မည့်ဟန်ပြုလိုက်သည်။ အီစွတ်ဘိုင် ခုန်သည်။ ထိုအခါ ခင်ခင်လေးလည်း လိုက်၍ခုန်ပြီး လက်ပြန်ပင့်သည်။ သို့သော် မမီပါ။ ရန်သူက ဆင်တစ်ရပ်ခန့် မြောက်တက်သွားသည်။

ခင်ခင်လေး မြေပြင်သို့ပြန်ကျသည်။ ရန်သူ ပြန်အကျကို စောင့်နေသည်။ သို့သော် အီစွတ်ဘိုင် ပြန်ကျမလာပါ။ သစ်ကိုင်းတစ်ခုကို ကျောဖြင့်ကပ်နေသည်။ ပထမတွင် ခင်ခင်လေး တစ်မျိုးထင်မိသည်။ အီစွတ်ဘိုင်သည် သစ်ကိုင်းကို လက်တစ်ဖက်ဖြင့် သို့မဟုတ် ခြေထောက်တစ်ဖက်ဖြင့် ချိတ်ထားသည်ဟု ထင်သည်။ သို့သော် မဟုတ်ပါ။ သူ၏လက်နှစ်ချောင်းရော ခြေနှစ်ချောင်းရော သစ်ကိုင်းနှင့်လွတ်နေသည်။

သူ အဘယ်ပုံ သစ်ကိုင်းတွင် ကျောနှင့်ကပ်နေနိုင်သည်ကို ခင်ခင်လေး မစဉ်းစားတတ်ရှိနေသည်။

ခင်ခင်လေး မျက်လုံးအပြူးသားဖြင့် ငေးစိုက်ပြီး ကြည့်နေစဉ်မှာပင် အီစွတ်ဘိုင်၏ရင်ညွန့်တွင် အနီကွက်ကြီးတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ သွေးကွက်ကြီးဖြစ်သည်။ သွေးတွေဖြစ်သည်။

ထိုအခါတွင်မှ အီစွတ်၏ရင်ညွန့်ကို တစ်မိုက်ခန့် ဖောက်ထွက်နေသော လှံသွားကို ခင်ခင်လေး ဂရုပြုမိသည်။

တစ်စုံတစ်ယောက်က နောက်ဘက်မှ လှံဖြင့်ပစ်လိုက်ရာ သစ်ကိုင်းကိုဖောက်ပြီး အီစွတ်၏ရင်ကို ထုတ်ချင်းခတ်လာခြင်းဖြစ်သည်။

ကွမ်းသီးပင်လုံးခန့်ရှိသော သစ်ကိုင်းနှင့် လူတစ်ယောက်၏ရင်ကို ဖောက်ထွင်းအောင်ပစ်နိုင်သော လှံရှင်သည် မည်သူနည်း။

သစ်ပင်၏အခြားတစ်ဖက်မှ ခြေသံကြားသဖြင့် ခင်ခင်လေး ကြည့်လိုက်သည်။ လူတစ်ယောက် ဘယ်လက်တွင် လှံလျှင်တစ်ချောင်းကိုင်ပြီး ထွက်လာသည်။

"မောင်ကြီး ပစ်လိုက်တာလား"

ခင်ခင်လေးက မေးသည်။

"ဟုတ်ပါတယ် ခင်ခင်လေး၊ ကျွန်တော်ပစ်လိုက်တာပဲ"

"မောင်ကြီးက ဗိုလ်ဘယ်ကျော်ဆိုတာလား"

"ဟုတ်ပါတယ်ခင်ခင်လေး၊ ကျွန်တော် ဗိုလ်ဘယ်ကျော်ပါပဲ"

"အင်း..ဒါကြောင့်လည်း ဗိုလ်ဘယ်ကျော်တို့ ဟိုးလေးတကျော် နာမည်ကြီးပေတာပဲ"



[ ဃ ]

နက်အာရုဏ်တက်တွင် တစ်မြို့လုံးသိမ်းပိုက်မိသည်။

လက်ရဖမ်းမိသော ရန်သူများအနက် မိမိတို့ထံတွင် အမှုထမ်းလိုသူများကို စစ်ဆေးလက်ခံပြီး အင်မတန် ဆိုးသွမ်းသူများကို အချုပ်ချထားသည်။

မြို့တံခါးများနှင့် မြို့ရိုးများတွင် အစောင့်အကြပ်များ မပြတ်မလပ်ချထားပြီး စစ်ကြီးအတွက် ကောင်းမွန်စွာ ပြင်ဆင်ထားသည်။

မြို့ကို မိမိတို့ သိမ်းပိုက်လိုက်သည့်သတင်းကို ကြားလျှင် ကျောက်မိုင်းမြို့စား စိုင်းပြန်လှည့်လာလိမ့်မည်ဟု မောင်မောင်လတ်တို့ တွက်ထားသည်။ ကျောက်မိုင်းတပ်များနောက်မှ ယင်းတလဲတပ်များ ထပ်ချပ်လိုက်ပါလာဖို့လည်း အကြောင်းရှိသည်။ ကျောက်မိုင်းမြို့စားသည် မြို့တွင်းသို့ အလွယ်တကူ ဝင်ရောက်၍မရလျှင် နောက်ဘက်တွင်လည်း ယင်းတလဲရန်ရှိသည့်အလျောက် ဤအရပ်ဒေသတွင် ကြာရှည်စွာနေရမည်မဟုတ်ချေ။ သူ၏သခင်များရှိသော နေပြည်တော်ဘက်သို့ ဆုတ်ခွာသွားရမည်သာဖြစ်သည်။

မိမိတို့တွင် လူအင်အားနည်းပါးသော်လည်း စစ်သည်ရဲမက်များအားလုံး တိုက်ရည်ခိုက်ရည်ကောင်းပြီး လက်နက်များလည်း ကောင်းသဖြင့် မြို့ကိုစီးကြပ်ပြီး ခုခံရသည့်တိုက်ပွဲတွင် တော်ရုံတန်ရုံ ရန်သူများကို မှုစရာမရှိပါ။ အကယ်၍ ရန်သူများက အစ်လကိုးသီတင်း ဝန်းရံပိတ်ဆို့ထားလျှင်သာ စားနပ်ရိက္ခာပြဿနာ ပေါ်နိုင်သည်။ သို့သော် ရန်သူသည် နောက်ကြောင်းမအေးသဖြင့် ကာလရှည်ကြာစွာ ဝိုင်းရံတိုက်ခိုက်သည့်အခြေအနေမရှိပါ။

မိမိတို့တွင် တစ်မနက် တစ်ရက်လောက် အချိန်ရလျှင် လူသူလက်နက်အင်အားများစွာတိုးပွားလာနိုင်ပေသည်။ အပြင်မြို့မှ မြို့သူမြို့သားများ၊ အနီးဝန်းကျင် ကျေးလက်များမှ ရွာသူရွာသားများ၊ ကျောက်မိုင်းမြို့စားကို မကျေနပ်သူများ၊ အခြားပုဂ္ဂိုလ်များပေါင်းဝင်ရောက်လာကြမည် ဖြစ်သည်။

မောင်မောင်လတ်၊ နန္ဒ၊ ခင်ခင်လေးနှင့် ဗိုလ်ဘယ်ကျော်တို့သည် အခြေအနေအရပ်ရပ်ကို ညှိနှိုင်းသုံးသပ်ပြီးနောက် ကျောက်မိုင်းမြို့ကို အကောင်းဆုံး ခံမြို့တစ်ခုအဖြစ် ပြင်ဆင်တည်ဆောက်လျက်ရှိကြသည်။

ယင်းသို့နှင့်..

အရှေ့ဘက်တစ်ခွင် နီမြန်းစအချိန်တွင်..

မောင်မောင်လတ်တို့ ကျောက်မိုင်းအိမ်တော် လက်ဖက်ရည်ဆောင်၌ စစ်မက်အမတ်များ ဆွေးနွေးတိုင်ပင်နေကြစဉ် တောင်တံခါးမှ ခြေမြန်တစ်ဦး ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



''တောင်တံခါးအနီး မင်္ဂလာဥယျာဉ်ထဲမှာ ရန်သူများ စခန်းချ ရပ်လာကြောင်းပါ''

''ဥက္ကာပျံရဲ့တပ်လား''

မောင်မောင်လတ်က မေးသည်။

''ထင်ရကြောင်းပါ''

''ဥက္ကာပျံကိုယ်တိုင်ပါရှိသလား''

''မသိရသေးပါ''

''ရန်သူအင်အား ဘယ်လောက်များသလဲ''

''စစ်သည်ရဲမက် တစ်ထောင်ထက် နည်းမည်မထင်ပါ၊ ဆင် မြင်း အမြောက်များလည်း ပါရှိတာတွေ့ရပါတယ်''

မောင်မောင်လတ်တို့ ချက်ချင်းပင် တောင်တံခါးသို့ ရောက်ရှိသွားကြသည်။

တံခါးမှူးမှာ ဒေဝဖြစ်သည်။

''ရန်သူတပ်တွေ အရှေ့ဘက်နဲ့ အနောက်ဘက်ကို တောင်ပံဖြန့်နေကြပါတယ်၊ မြောက်ကြောင်းကလည်း တပ်တွေ ထပ်ရောက်လာပါတယ်၊ မကြာမီ မြို့ကိုဝန်းရံပြီး တစ်ပြိုင်နက်တည်း တိုက်နိုက်ကြပါလိမ့်မယ်''

ဒေဝက တင်ပြသည်။

''မြို့တံခါးများအားလုံး အခိုင်အမာပိတ်ဆို့ပြီး စစ်သည်ရဲမက်များအားလုံး အစုအတပ်ခွဲပြီး မြို့ရိုးလေးခုအထက်မှာ သံတိုင်ကျောက်သားလို စွဲရပ်ပြီး ကြံ့ကြံ့ခံကြစေ''

မောင်မောင်လတ်က အမိန့်ပေးသည်။

ခြေမြန်များ၊ အစုံဗိုလ်များ၊ အကြပ်ဗိုလ်များ၊ လက်ရင်းဗိုလ်များ ချက်ချင်းထွက်သွားကြသည်။

မောင်မောင်လတ်က သူနှင့်တကွ နန္ဒ၊ ခင်ခင်လေး၊ ဗိုလ်ဘယ်ကျော်တို့သည် မြို့ရိုးလေးဘက် တာဝန်ခွဲတည်ရှိစဉ် မင်္ဂလာဥယျာဉ်အတွင်းမှ မြင်းနှစ်စီးအပြင်းနှင်ပြီး ထွက်လာသည်ကို တွေ့သဖြင့် လှမ်းမျှော်ပြီး ကြည့်နေသည်။

မြင်းနှစ်စီးနောက်မှ မြင်းတပ်ဖွဲ့နှစ်ဖွဲ့ တောင်ပံဖြန့်ပြီး လိုက်ပါလာသည်။ ... ပေါင်း နှစ်ကျိပ်ခန့်ရှိမည်ဖြစ်သည်။

သူရဲခိုအတွင်း၌ ဒူးထောက်လျက်ရှိသော သေနတ်သမားများသည် သေနတ်ပြောင်းများကို ကာဆွဲပေါက်အတွင်းသို့ ထိုးသွင်းလိုက်ကြသည်။

''ငါ အမိန့်မပေးဘဲနဲ့ မပစ်ကြနဲ့၊ ဗိုလ်ဘယ်ကျော် ကြည့်စမ်းပါ၊ ဘယ်သူ့တပ်လဲ ကျောက်မိုင်းမြို့စား တပ်ပဲလား၊ မြင်းနဲ့ထွက်လာတာ ဘယ်သူတွေလဲ''



''အခုအထိတော့ ဘယ်သူ့တပ်ဆိုတာ မကွဲဘူး၊ ကျောက်မိုင်းမြို့စားတပ်တော့ ဟုတ်ပုံမရဘူး၊ ဗိုလ်မှူးကြည့်စမ်းပါ၊ ရှေ့ကလာတဲ့လူနှစ်ယောက်ဟာ မိန်းမတွေ မဟုတ်လား''

ဗိုလ်ဘယ်ကျော်က မောင်မောင်လတ်၏အမေးကိုဖြေရင်း ရှေ့ဆုံးမှတက်လာသော မြင်းသည်နှစ်ဦးကို လက်ညှိုးထိုးရင်း ပြောလိုက်သည်။

''ဟုတ်တယ်၊ အမျိုးသမီးနှစ်ယောက်ပဲ''

နန္ဒက ထောက်ခံသည်။

မောင်မောင်လတ်က မျက်မှောင်ကုပ်ပြီး ကြည့်နေသည်။

''အို··ယင်းတလဲမင်းသမီးလေး စောဥမ္မာပါလား''

ခင်ခင်လေးက အံ့အားသင့်စွာ ရွတ်ဆိုလိုက်သည်။

ထိုအခါတွင်မှ မြို့ကိုဝိုင်းရံထားသူများသည် ယင်းတလဲတပ်များဖြစ်ကြောင်း သူတို့သိရှိရသည်။

စောဥမ္မာနှင့် မြင်းတပ်ဖွဲ့သည် မင်္ဂလာတံခါးထိပ်တွင် ရပ်လိုက်ကြသည်။ စောဥမ္မာ၏လက်ဝဲဘက်မှ အမျိုးသမီးကြီးမှာ အထိန်းတော်ကြီး ဒေါ်မယ်ဇော် ဖြစ်သည်။

တောင်ပံဖြန့်ပြီး လိုက်ပါလာသောမြင်းစစ်သည်များအနက်မှ မြင်းသည်တစ်ဦးသည် စောဥမ္မာ၏ လက်ျာဘက်ဘေးသို့ ရောက်သည့်အထိ နိုင်းလာပြီး မြင်းချင်းယှဉ်ကာ ရပ်သည်။

''ကိုရင်ဉာဏပဲ''

ခင်ခင်လေး တီးတိုးရွတ်ဆိုသည်။

စောဥမ္မာက အမိန့်တစ်စုံတရာပေးလိုက်သဖြင့် ဉာဏသည် မြို့တံခါး မြို့ရိုးဆီသို့ မျက်နှာမော့ကာ··

''ကျောက်မိုင်းမြို့စောင့် မင်းလှမင်းကျော် အီစွတ်ဘိုင်နှင့်တကွ တံခါးမှူးများ၊ ... ဗိုလ်မှူးများ၊ စစ်သည်ရဲမက်များအားလုံး သိရှိကြရန်မှာ ကျောက်မိုင်းမြို့စားနှင့်တကွ ကျောက်မိုင်းတပ်များအားလုံးကို ကျွန်ုပ်တို့ ယင်းတလဲတပ်သားများက တိုက်နိုက်အောင်ပြီးသည်ဖြစ်၍ သင်တို့နှင့်တကွ မြို့ကို ယင်းတလဲသခင်မကလေး ရှေ့တော်... အရောက် ဒူးထောက်ပြီး အပ်ကြရမည်ဖြစ်သည်၊ အကယ်၍ ယင်းသို့... ခြင်း ... က သင်တို့နှင့်တကွ မြို့တစ်ခုလုံး ပျက်ပြုန်းရမည်ဖြစ်သည်''

ဉာဏ၏အောင်မြင်ခန့်ညားသော အသံကြီး ဟိန်းပြီးတက်လာသည်။

''ကျောက်မိုင်းမြို့ကို ကျွန်တော်တို့ ... ပေးမှန်း သူတို့မသိဘူး''

www.burmeseclassic.com



နန္ဒကပြောသည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ မြို့ကိုအပ်ပြီး သူတို့လက်အောက်ကို ပေါင်းဝင်မလား"

မိုလ်ဘယ်ကျော်က မေးသည်။

"သူတို့လက်အောက်ကို ဘယ်တော့မှမဝင်ဘူး"

ခင်ခင်လေးက ပြတ်သားစွာ ပြောလိုက်သည်။

မောင်မောင်လတ်ထံမှ အမိန့်ကို အားလုံးကပင် စောင့်ဆိုင်းနာခံလျက်ရှိသည်။ မောင်မောင်လတ်သည် စောဉမ္မာကို တစ်ချက်လှမ်းမျှော်ကာ ကြည့်လိုက်ပြီးနောက် မြို့တံခါးကိုဖွင့်ပြီး ခွာထားသော တံတားကြမ်းခင်းများကို ခင်းရန် အမိန့်ပေးလိုက်သည်။

တံခါးမှူးသည် ချက်ချင်းပင် မောင်မောင်လတ်၏အမိန့်ကို နာခံသည်။ မြို့တံခါးကိုဖွင့်ပြီး သူ၏ရဲမက်များအား တံတားကြမ်းခင်းများ ခင်းစေသည်။ ရဲမက်အချို့ မြို့အပြင်ထွက်ပြီး မြို့ရိုးတစ်လျှောက် စီရရီရပ်ကာ စောင့်ကြပ်လျက်ရှိသည်။

မောင်မောင်လတ်၏အမိန့်မှာ မြို့တံခါးကိုဖွင့်ပြီး တံတားခင်းရန်မျှသာဖြစ်သဖြင့် အဓိပ္ပာယ်မသဲကွဲပါ။ မိမိတို့ ဘာလုပ်ရမည်ကို မသိကြပါ။ ယင်းတလဲတပ်များကို ထွက်ပြီး တိုက်ကြရမည်လား။ ယင်းတလဲမင်းသမီးထံတွင် သစ္စာခံကြရမည်လား။

ခင်ခင်လေးသည် မောင်မောင်လတ်ကို တစ်စုံတစ်ခု ပြောလိုဟန်ရှိသည်။ ချီတုံ့ချတုံ့ရှိနေသည်။ ယင်းအဖြစ်ကို သိမြင်သဖြင့် နန္ဒက..

"ကျွန်တော်တို့ မြို့ကိုအပ်ရမှာလား"

"ကျုပ်တို့သိမ်းထားတဲ့မြို့ပဲ"

မောင်မောင်လတ်က ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"သူတို့က မြို့ကိုအပ်ဖို့ ပြောနေတယ်လေ"

မိုလ်ဘယ်ကျော်က ဝင်ပြောသည်။

"သူတို့ပြောတာက အီစွတ်ကိုပြောတာပဲ"

"မြို့ကို ကျွန်တော်တို့သိမ်းထားမှန်း သူတို့မှ မသိသေးဘဲကိုး၊ အီစွတ် မြို့စောင့်တပ်မှူးထင်ပြီး ပြောနေတာပေါ့"

"ဟုတ်တယ်လေ"

"မြို့ကို ကျွန်တော်တို့ သိမ်းထားတာသိပြီး ကျွန်တော်တို့ကို မြို့အပ်ရမယ် ပြောရင်ကော.."

နန္ဒက မေးသည်။

မောင်မောင်လတ် ဘာမျှမပြောတော့ဘဲ မြို့ရိုးပေါ်မှဆင်းသွားပြီး မြို့တံခါးဆီ အသင့်ရှိနေသော မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

အာရပ်စစ်မြင်းကြီး တစ်ဟုန်ထိုး ခုန်လွှားပြီးထွက်သွားသည်။

မောင်မောင်လတ်နောက်သို့ ခင်ခင်လေး လိုက်ပါမည်ပြုရာ နန္ဒက တားထားလိုက်သည်။

ကျောက်မိုင်းမြို့စောင့်များ မြို့တံခါးကိုဖွင့်ပြီး တံတားကြမ်းများ ထွက်ခင်းသည်ကို တွေ့သောအခါ နောက်ဘက်တွင်ဖြန့်ထားသော ယင်းတလဲတပ်များ ရှေ့သို့ တက်လာကြသည်။ သူတို့သခင်မကလေး စောဉမ္မာ၏ဘေးတွင် ဆင်များ၊ မြင်းများ၊ သူရဲဘာက်များ ဝန်းရံသည်။

မြို့တွင်းမှ တစ်စုံတစ်ရာ နှုတ်ဖြင့် အကြောင်းပြန်ကြားခြင်းမပြုဘဲ မြို့တံခါးကို ဖွင့်ကာ တံတားခင်းနေသဖြင့် စောဉမ္မာနှင့်တကွ ယင်းတလဲတပ်သားများ ဇဝေဇဝါ ဖြစ်နေကြသည်။

ကျောက်မိုင်းအမြောက်မိုလ်သည် အကောက်ဉာဏ်များပြားသည်ဟု ကျော်ကြားသဖြင့် မိမိတို့ကို ရုတ်တရက်တွင် တိုက်ချေမည်လား။ အမြောက်ကြီးများဖြင့် တစ်ပြိုင်နက်တည်း ပစ်ခတ်ချေမည်လား။ မိမိတို့ကို မြို့တွင်းသို့ ဥပါတ်မျဉ်ဖြင့် ခေါ်ဆောင်နေမည်လား။

ယင်းတလဲတပ်များ မဝေခွဲနိုင်ရှိနေစဉ် မြို့တံခါးအတွင်းမှ စစ်မြင်းကြီးတစ်ကောင် လျင်မြန်သောအဟုန်ဖြင့် ပြေးထွက်လာသည်ကို တွေ့မြင်ရသောအခါ အသက်ပင် မှန်မှန်မရှူမိကြဘဲ ငေးစိုက်ပြီး ကြည့်နေကြသည်။

မြင်းညိုကြီးသည် ချက်တစ်ပြုတ်အတွင်းမှာပင် တံတားပေါ်သို့ ရောက်ရှိလာသည်။ မြင်းညိုရှင်သည် သန်မာထွားကျိုင်းသော လူရွယ်လူငယ်တစ်ယောက် ဖြစ်ကြောင်းလည်း တွေ့ရှိကြရသည်။

စစ်မြင်းကြီးခန့်ညားသလို မြင်းရှင်လည်း ခန့်ညားလှသည်။

စောဉမ္မာသည် အာရဗီမြင်းညိုကြီးကို ပထမဆုံး မှတ်မိလိုက်သည်။ လွန်လေပြီးသော ညတစ်ညက နဂါးပတ်ချောင်းကို ကူးဖြတ်လာသော မြင်းညိုကြီး။

မြင်းညိုရှင်ကို ကြည့်လိုက်သည်။

ဟုတ်ပါတယ်၊ သူပါပဲ။

တံခွန်တိုင်မောင်မောင်လတ်ပဲ။

သူဘယ်လိုလုပ်ပြီး အမြောက်မိုလ်အီစွတ်ဆီမှာ ရောက်နေရတာလဲ၊ ကျောက်မိုင်းမြို့ရဲ့ သူတို့ ပေါင်းသွားကြပြီလား။

"မောင်ငယ် မောင်မောင်လတ်ပဲ"

www.burmeseclassic.com



ဉာဏာက စောဥမ္မာကို တီးတိုးပြောသည်။

စောဥမ္မာ ခေါင်းညိတ်သည်။

မောင်မောင်လတ်သည် မြင်းကို အပြင်းဒုန်းစိုင်းလာပြီး စောဥမ္မာတည့်တည့် တူရှုသို့ ဝင်လာသည်။

ယင်းတလဲတပ်သားများ စိုးရိမ်စိတ်ဝင်လာပြီး သခင်မကလေးကို ကာကွယ်ရန် ရှေ့သို့တက်လာကြသည်။

စောဥမ္မာက သူမ၏လူများကို လက်ပြပြီး တားထားသည်။

မောင်မောင်လတ်သည် စောဥမ္မာ၏မြင်းကို မိမိ၏မြင်းနှင့် ခေါင်းချင်းဆိုင်မိ တော့မှပင် တုန့်ခနဲရပ်လိုက်သည်။

မြင်းနှစ်ကောင် ပတတ်ရပ်လိုက်ကြသည်။ ရှေ့ခြေများ မြေသို့ပြန်ကျသောအခါ မြင်းနှစ်ကောင် ဘေးချင်းပွတ်တိုက်လျက်ရှိသည်။

မြင်းများပေါ်တွင်ရှိနေကြသော မောင်မောင်လတ်နှင့် စောဥမ္မာတို့ နီးကပ်လျက် ရှိနေကြသည်။ မောင်မောင်လတ်က စောဥမ္မာ၏မျက်နှာကို မမိုတ်မသုန်ကြည့်နေသည်။ သူ့ရင်ထဲတွင် ခုန်နေသည်။ နှမ်းမွှန်နှင့်တုန်းကတစ်ကြိမ် သူ့ရင်ခုန်ခဲ့ရသည်။

ယခုတစ်ကြိမ် ရင်ခုန်ရပြန်ပြီ။

စောဥမ္မာလည်း ကတုန်ကယင်နှင့် မောင်မောင်လတ်ကို အတန်ကြာအောင်စိုက် ကြည့်နေရာမှ သတိဝင်လာပြီး သိမ်မွေ့စွာ ပြုံးလိုက်သည်။

"ဪ..မောင်ကြီးမောင်မောင်လတ်ပါလား၊ မောင်ကြီးကို ကျောက်မိုင်းမှာ တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး"

"ကျောက်မိုင်းမြို့ကို မောင်ကြီးတို့ သိမ်းပိုက်ထားပါတယ်"

"အို..ဝမ်းသာစရာသတင်းပါလား၊ မောင်ကြီးတို့ အဘယ်ပုံ ကျောက်မိုင်းမြို့ ကို သိမ်းပိုက်တယ်ဆိုတာ ပြောပါဦး"

"မောင်ကြီးတို့လည်း မနေ့က နှမတော်တို့နဲ့ မောင်တော်နှမတော်တောင်ကြား မှာ ခွဲခဲ့ကြပြီးနောက် နဂါးပတ်ချောင်းအတိုင်း ဆန်တက်ခဲ့ကြတယ်၊ ကျောက်တန်း အထက်မှာ ရောဝတီမြစ်ဘက်ကို ဆင်းခဲ့ကြတယ်၊ လမ်းမှာ ကျောက်မိုင်းတပ်ကို တွေ့တယ်၊ လူဖမ်းပြီးစစ်မေးတော့ ယင်းတလဲကို တိုက်ခိုက်သိမ်းပိုက်ဖို့ စစ်ကြော လာတယ်လို့ သိရတယ်၊ ပထမတော့ မောင်ကြီးတို့ဟာ နှမတော်လေးတို့ဆီကို ပြန် လာဖို့ပဲ၊ နောက်တော့ နှမတော်တို့ရဲ့အင်အားကို ယုံတာကြောင့် ကျောက်မိုင်းမြို့ နောက်ပိုင်းကနေဝင်ဖို့ ဆုံးဖြတ်ကြတယ်၊ ကျောက်မိုင်းမှာ အမြောက်ဗိုလ်အိစွတ် ချုပ်တဲ့ မြို့စောင့်နှစ်ရာပဲရှိတယ်၊ အင်္ဂလိပ်ကို ကျွန်မခံတဲ့အတွက် ကျောက်မိုင်းမြို့



ချုပ်နှောင်ထားတဲ့ ဗိုလ်ဘယ်ကျော်နဲ့ လူနှစ်ရာရှိတယ်ဆိုတာလည်း သိရတယ်၊ ညသန်း ခေါင်အချိန်မှာ မောင်ကြီးတို့ အစုသုံးစုခွဲပြီး မြို့ကို တိတ်တဆိတ် ဝင်စီးကြတယ်၊ မနက်အာရုဏ်တက်မှာ တစ်မြို့လုံးကို သိမ်းပိုက်မိကြတယ်"

"အမြောက်ဗိုလ်အိစွတ်ကော"

"ဗိုလ်ဘယ်ကျော်ရဲ့လှံချက်နဲ့ အသက်ထွက်သွားပြီ"

"အင်း..မောင်ကြီးတို့ဟာ လူငါးဆယ်နဲ့ မြို့တစ်မြို့ကို သိမ်းပိုက်နိုင်တယ် ဆိုတာ အံ့သြစရာပဲ"

"နှမတော်တို့စစ်ပွဲအကြောင်း ပြောပါဦး"

"နှမတော်လည်း မောင်ကြီးတို့နဲ့ခွဲပြီး မင်းမနိုင်နန်းမြို့ကို ပြန်ခဲ့ပါတယ်၊ ခရီး ဝေးက တာဝန်ထမ်းဆောင်ပြီး ပြန်လာတဲ့ ကိုရင်ဉာဏာက မောင်ကြီးတို့နောက်ကို လိုက်သွားဖို့ ခွင့်ပန်နေတုန်း.."

စောဥမ္မာက ဉာဏာကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ပြောသည်။ မောင်မောင် လတ်က ဉာဏာကိုကြည့်သည်။ ခေါင်းတစ်ချက်ညိတ်သည်။

"ကျောက်မိုင်းတပ်တွေ စစ်ကြောင်းသုံးကြောင်းခွဲပြီး ချီလာကြတဲ့အကြောင်း ကြားရတာနဲ့ ချက်ချင်းပဲ စစ်ထွက်ခဲ့ကြတယ်၊ အစ်မတော်ခင်ခင်ကြီးက လက်ျာစစ် ကြောင်းကိုကွပ်ကဲပြီး နှမတော်က လက်ဝဲစစ်ကြောင်းကို အုပ်ချုပ်ရတယ်၊ နှမတော်လည်း ဆင် တစ်ဆယ် မြင်းနှစ်ရာ လူတစ်ထောင်နဲ့ နယ်ခြားဒေသ ရေမှော်စိမ်းအရပ်ကို ရောက်ပါတယ်၊ ရန်သူနဲ့ စစ်ကြီး ပြိုင်တိုက်ရမယ်လို့ မျှော်လင့်ခဲ့ပါတယ်၊ ဒါပေမဲ့ ရေမှော်စိမ်းမှာ ရန်သူအင်အား တစ်ရာလောက်သာ တွေ့ရတဲ့အတွက် တိုက်ခိုက်ချေမှုန်း ပြီး ကျောက်မိုင်းမြို့ကို သိမ်းပိုက်ဖို့ အပြင်းချီတက်ခဲ့တာပဲ"

"ဗိုလ်မှူးလေးစိတ္တကော"

"မြို့စောင့်တပ်မှူးအဖြစ် ကျန်ရစ်ခဲ့ပါတယ်"

"သည်လိုဆိုရင် ယင်းတလဲမင်းသိဒ္ဓိနဲ့ အစ်မတော်ခင်ခင်ကြီးတို့ဟာ ရန်သူနဲ့ စစ်ကြီးပြိုင်နေကြရပြီပေါ့"

"သည်အတိုင်းပဲ ဖြစ်ပါလိမ့်မယ်"

"နှမတော် စစ်ကူသွားဖို့ မလိုအပ်ဘူးလား"

"မောင်ကြီးမင်းသိဒ္ဓိနဲ့ အစ်မတော်ခင်ခင်ကြီးတို့ဟာ ရန်သူကို တိုက်ခိုက်ချေ မှုန်းနိုင်စွာအမှန်လို့ ယုံကြည်စိတ်ချတာနဲ့ ရန်သူမြို့တော်ကို သိမ်းပိုက်အောင် ချီတက် ခဲ့တာဖြစ်ပါတယ်"

"ကျောက်မိုင်းကို မောင်ကြီးတို့ သိမ်းပိုက်ထားပြီ"

www.burmeseclassic.com

www.burmeseclassic.com

"အလွန်တရာ မင်္ဂလာရှိသောသတင်း ဖြစ်ပါတယ်"

"ကျောက်မိုင်းမြို့ကို နှမတော်ရဲ့လက်ကိုအပ်ဖို့ မတောင်းဆိုဘူးလား"

စောဉမ္မာက သိမ်မွေ့စွာပြုံးလျက်..

"ရန်သူမြို့တော်ကြီးကို မောင်ကြီးတို့သိမ်းပိုက်ထားတာဟာ နှမတော်တို့ သိမ်းပိုက်ထားတာနဲ့ အတူတူပဲဖြစ်ပါတယ်၊ မောင်ကြီးတို့ဟာ ကျောက်မိုင်းမြို့မှာ အခြေစိုက်ရပ်ပြီး နိုင်ငံကိုထိပါးလာတဲ့ ကုလားဖြူတွေကို တိုက်ခိုက်ကြမှာမဟုတ်လား"

"ဟုတ်ပါတယ်"

"မောင်ကြီးတို့နှမတော်တို့ဟာ အတူတွဲရပ်ပြီး ရန်သူကို တိုက်ကြမှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"သည်လိုဆိုရင် မောင်ကြီးတို့ရဲ့ ကျောက်မိုင်းနဲ့ နှမတော်တို့ရဲ့ ယင်းတလဲဟာ မဟာမိတ်ပဲဖြစ်ပါတယ်"

"သည်လိုဆိုရင် နှမတော်တို့ ပြန်ကြမည်လား"

"မောင်ကြီးရဲ့သဘောကို ပြောစေလိုပါတယ်၊ နှမတော်တို့အနေနဲ့ မောင်ကြီးတို့ လိုအပ်တဲ့အတိုင်း ဆောင်ရွက်ပေးဖို့ရှိပါတယ်"

မောင်မောင်လတ် ခေတ္တမျှစဉ်းစားပြီး..

"နှမတော်ရဲ့စစ်သည်ရဲမက်တွေ ပင်ပန်းလှပါတယ်၊ တစ်ရက်တန်သည် နှစ်ရက်တန်သည် တပ်နားကြပါဦး၊ နှမတော်လည်း မြို့တွင်းသို့ဝင်ပြီး အပန်းဖြေနားနေပြီး ညီမတော်ခင်ခင်လေးတို့နဲ့ တွေ့ပါဦး၊ စစ်၏အခြေအနေ မည်သို့ရှိဦးမည်လဲ မပြောနိုင်သေးပါ၊ မောင်ကြီးတို့သည် စစ်ကူသွားတန်လျှင်လည်း သွားကြရမည်၊ ရန်သူများ ဆုတ်ခွာလာလျှင်လည်း တိုက်တန် တိုက်ကြရဦးမည်၊ နှမတော်သဘောကို ပြောပါ"

"မောင်ကြီးပြောတာ သင့်မြတ်လှပါသည်"

ထို့နောက်..

ယင်းတလဲမင်းသမီးကလေး စောဉမ္မာသည် ဗိုလ်မှူးတပ်မှူးများအား တပ်များစခန်းရပ်နားနေရန်၊ ကင်းတိုကင်းရှည်များချထားရန်၊ ဗဟိုတပ်မသို့ ခြေမြန်လွှတ်ရန်၊ ရန်သူများ ဆုတ်ခွာလာလျှင် စောင့်ကြိုတိုက်ခိုက်ရန် စီစဉ်ညွှန်ကြားပြီးနောက် တံခွန်တိုင် မောင်မောင်လတ်နှင့် မြင်းချင်းယှဉ်စီးကာ ကျောက်မိုင်းမြို့တွင်းသို့ ဝင်ရောက်သွားပါသည်။



[ ၄ ]

တံခွန်တိုင်တပ်များက ကျောက်မိုင်းမြို့ကို သိမ်းပိုက်လိုက်ခြင်းအား ယင်းတလဲသခင်မကလေး သဘောတူ အသိအမှတ်ပြုလိုက်သဖြင့် မောင်မောင်လတ်တို့သည် မြို့အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ လူသူလက်နက်စုဆောင်းရေး၊ ရိက္ခာဖြည့်တင်းရေးလုပ်ငန်းများကို တာဝန်ခွဲဝေကာ အလျင်အမြန်လုပ်ဆောင်ကြသည်။

နန္ဒက မြို့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးတာဝန်များကို ခင်ခင်လေးနှင့်အတူ တာဝန်ယူသည်။ ရာထူးများ ခန့်ထားရသည်။ တာဝန်များချထားသည်။

ဗိုလ်ဘယ်ကျော်က လူသူလက်နက်နှင့် စားနပ်ရိက္ခာစုဆောင်းဖြည့်တင်းသည်။ ကျောက်မိုင်းတပ်သားဟောင်းများကို စီစစ်ပြီး သိမ်းသွင်းသည်။ တပ်သားသစ်များ စည်းရုံးလက်ခံသည်။ ရှေ့တန်းမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လည်ရောက်ရှိလာသော တပ်သားတပ်ဖွဲ့များကို စစ်ဆေးစီရင်သည်။

အချို့သည် မြို့တော်သို့ ခြေမြန်အဖြစ် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ အချို့သည် စစ်ပွဲ ကာစဉ်ကလျားဖြစ်ပြီး ဆုတ်ခွာလာခြင်းဖြစ်သည်။

ရှေ့တန်းမှ ပြန်လည်ရောက်ရှိလာသူများထံမှ ကြားသိရသည်မှာ ယနေ့နံနက် ဝေလီဝေလင်းအချိန်မှစတင်ပြီး အင်ကြင်းတောအရပ်တွင် နှစ်ဖက်တပ်များ အပြင်းအထန် တိုက်ခိုက်နေကြသည်။ တံခွန်တိုင်ခင်ခင်ကြီးသည် မြင်းဖြူကြီး တလွှားလွှားဖြင့် တပ်ဦးမှ ကိုယ်တိုင်ကွပ်ကဲတိုက်ခိုက်လျက်ရှိကြောင်း သတင်းကြားသိရသည်။

ညနေဘက်တွင် မြို့တွင်းမြို့ပြင် တပ်စခန်းများကို မောင်မောင်လတ် လှည့်လည်စစ်ဆေးသည်။ သူနှင့်အတူ နန္ဒ၊ ခင်ခင်လေး၊ ဗိုလ်ဘယ်ကျော်တို့အပြင် စောဉမ္မာနှင့် ဉာဏာတို့လည်း ပါရှိသည်။

မြို့အရှေ့ပြင် မဟာနန္ဒာကန်အနီး၌ စွဲရပ်ထားသော ဗိုလ်ဘယ်ကျော်၏ အင်းဝတပယ်တပ်ကို စစ်ဆေးနေစဉ် အရှေ့မြို့တံခါးထက်မှ ရဲမက်များ လှုပ်လှုပ်ရှားရှားရှိကြသည်ကို တွေ့မြင်ကြရ၏။

များမကြာမီ မြို့အတွင်းမှ မြင်းတစ်စီးထွက်လာသည်။ ဗိုလ်ဒေဝ ဖြစ်သည်။ မဟာမြိုင်ဘက်မှ ရန်သူအမြောက်အမြားချီတက်လာသည်ကို တွေ့မြင်ရကြောင်း လျှောက်ထားသည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် အထပ်ထပ်ဖြစ်သည်ဟု ဆိုသည်။

"ကျောက်မိုင်းတပ်တွေ ပြန်ဆုတ်လာပြီနဲ့တူတယ်"

ဗိုလ်ဘယ်ကျော် ခန့်မှန်းသည်။

"ကျောက်မိုင်းတပ်တွေ ဆုတ်လာတယ်ဆိုရင် စစ်ရှုံးလို့ပဲ ဆုတ်လာတာဖြစ်ရမယ်၊ မောင်ကြီးတို့ မစိုးရိမ်ကြပါနဲ့၊ သင်းတို့နောက်က ကျွန်မတို့ ယင်းတလဲတပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထင်ချင်ပါလာမှာပါ''

စောဥမ္မာ အာမခံသည်။

''မည်သို့ဆိုစေ ရန်သူတွေလာပြီဆိုရင် ကျုပ်တို့အလုပ်က တိုက်ကြဖို့ပဲ၊ ရန်သူနဲ့ အားချင်းညီမယ်ဆိုရင် မြို့အပြင်ကပဲ ဆီးကြိုပြီး တိုက်ကြမယ်၊ ရန်သူအင်အား သိပ်များတယ်ဆိုရင် မြို့တွင်းကိုဝင်ပြီး သူ့စစ်ကို ကြံ့ကြံ့ခံတွန်းလှန်ရမယ်၊ ဗိုလ်ဒေဝက ရန်သူအင်အားကို ထောက်လှမ်းကြည့်ပါ၊ ဗိုလ်ဘယ်ကျော်က မြို့အတွင်းက စည်းကြပ်ပါ၊ တိုနနှနဲ့ ခင်ခင်လေးက အပြင်တပ်များကို ကွပ်ကဲပါ၊ ညီမတော်စောဥမ္မာကလည်း မောင်ကြီးတို့နဲ့ ရင်ဘောင်တန်းပြီး ရန်သူကိုတိုက်မယ်ဆိုရင် တပ်တွေကို ခင်းဖြန့်ပါ''

စောဥမ္မာက ချက်ချင်းပင် ဉာဏကို ယင်းတလဲတပ်ဖွဲ့များသို့ စေလွှတ်သည်။

ရန်သူကို တံခွန်တိုင်တပ်များနှင့် လက်တွဲ၍တိုက်စေ။

ဉာဏ မြင်းကိုနှင်သည်။ မင်္ဂလာဥယျာဉ်ဆီသို့ တူရူပြုသည်။ ဒေဝလည်း ရန်သူအင်အားကို ထောက်လှမ်းရန် အပြင်ထွက်ခွာသွားချေပြီ။

ဗိုလ်ဘယ်ကျော်သည် မြို့ကိုစည်းကြပ်ရန် မြို့တွင်းသို့ ဝင်ရောက်သွားသည်။ အမြောက်ဝန်အဖြစ်ပြီးလျှင် ကျောက်မိုင်းအမြောက်များကို ကွပ်ကဲနိုင်သူမှာ ဗိုလ်ဘယ်ကျော်သာလျှင် ဖြစ်သည်။

နနှက မိမိ၏တပ်များကို ရှေ့နောက်ဝဲယာ ခင်းဖြန့်လျက်ရှိသည်။ ခင်ခင်လေးနှင့် စောဥမ္မာတို့သည် မောင်မောင်လတ်နှင့်အတူ တောင်ကမူတစ်ခုထက်တွင်ရပ်လျက် စစ်အခြေအနေကို ကြည့်ရှုနေကြသည်။

မင်္ဂလာဥယျာဉ်တွင်းသို့ ဉာဏ ဝင်ရောက်သွားသည်ကို တွေ့မြင်ကြရသည်။ များမကြာမီမှာပင် ဥယျာဉ်တွင်းမှ မြင်းသုံးစီးထွက်လာသည်ကို တွေ့ကြရသည်။

တစ်ဦးမှာ ဉာဏပင်ဖြစ်သည်။ အခြားနှစ်ဦးကို ရုတ်တရက် မကွဲပြား။

များမကြာမီ မြင်းသုံးစီး သူတို့အနီးသို့ ရောက်ရှိလာသည်။ ဉာဏနှင့် လိုက်ပါလာသူနှစ်ဦးအနက် တစ်ဦးမှာ စောဥမ္မာ၏တပ်မှူးတစ်ဦးဖြစ်သော လက်ဝဲမြင်းစုမှူး

''ရန်သူတွေကို တိုက်ကြရမည်ဗိုလ်မှူး၊ ရန်သူကို အပြင်စည်းမှ ဆီးကြိုပြီး တိုက်နိုင်မလား၊ မြို့တွင်းမှ ခုခံကြရမည်လား၊ ဗိုလ်မှူးရဲ့သဘောကို ပြောပါ''

စောဥမ္မာက ဆီးကြိုပြီးပြောသည်။

လက်ဝဲမြင်းစုမှူး ခေတ္တမျှတုန့်ဆိုင်းနေပြီးနောက်··

''ကမ္ဘာမြေကြီး ပဲ့တင်ဟည်းမတတ် ချီတက်လာသော တပ်များသည် ရန်သူ့တပ်များမဟုတ်ပါ၊ ကျွန်တော်မျိုးတို့၏ ယင်းတလဲတပ်များသာ ဖြစ်ပါသည်၊ ယင်းတလဲသခင်ကြီးနှင့် သခင်မကြီးတို့ကိုယ်တော်တိုင် ကွပ်ကဲချီတက်လာကြခြင်း ဖြစ်ပါသည်''



စောဥမ္မာ၏မျက်နှာ လန်းဆန်းသွားသည်။ မောင်မောင်လတ်တို့ကို တစ်ချက်ဝေ့ရမ်းကာ ကြည့်ပြီးနောက်··

''ဖြစ်မှဖြစ်ရလေ ဗိုလ်မှူးရယ်၊ ကျွန်ုပ်တို့က ရန်သူတွေမှတ်လို့ တိုက်ခိုက်ရန် အသင့်ပြင်ထားကြသည်၊ ကံကောင်း၍ တပ်ချင်းမမှားကြသည်၊ မောင်ကြီးနှင့် အစ်မတော်ခင်ခင်ကြီးတို့ ယခု ဘယ်မှာစခန်းချနေကြသနည်း၊ တစ်စုံတရာ မှာကြားလိုက်သည်များ ရှိပါသလား''

''လက်ျာမြင်းစုမှူးထံတွင် အမိန့်တော် ပါပါသည်''

လက်ဝဲမြင်းစုမှူးက သူ့နောက်မှ ဗိုလ်မှူးကို ညွှန်ပြပြောဆိုလိုက်သည်။ စောဥမ္မာသည် ယခုပင် လက်ျာမြင်းစုမှူးကို မြင်တွေ့သွားဟန်ရှိပြီး··

''အို··ဗိုလ်မှူးပါလာတာကိုး၊ ရုတ်တရက်မို့ ကျွန်ုပ် သတိမထားမိလိုက်ဘူး၊ မောင်ကြီးက ဘာများမှာကြားတော်မူလိုက်သလဲ''

''အင်ကြင်းတောအရပ်တွင် ကျောက်မိုင်းတပ်များနှင့် တိုက်ကြရာ ကျောက်မိုင်းမြို့စား ကျဆုံးပြီး ကျောက်မိုင်းတပ်များအားလုံး ပျက်သုဉ်းပြီဖြစ်ပါသည်''

''မင်္ဂလာရှိသောသတင်းပဲ ဗိုလ်မှူး၊ ကျောက်မိုင်းမြို့စား ဘယ်သူ့လက်ချက်နဲ့ ကျသလဲ''

''ယင်းတလဲသခင်မကြီးရဲ့လက်ချက်နဲ့ ကျဆုံးပါတယ်''

''အံ့ဩစရာပါပဲလား၊ အစ်မတော်ခင်ခင်ကြီးဟာ လက်ရုံးရည် ထက်မြက်လှပါတယ်''

''ယင်းတလဲသခင်မကြီးဟာ အံ့ဖွယ်သူရဲဖြစ်ပါတယ်၊ တပ်မှူးတပ်သားများအားလုံး အလွန်ကြောက်ရွံ့ လေးစားလျက်ရှိကြပါတယ်''

ခင်ခင်လေးမျက်နှာ မှုန်နေသည်။ မောင်မောင်လတ် နဖူးကြောများ တင်းနေသည်။ စောဥမ္မာက အခြေအနေကို ရိပ်မိသွားသဖြင့် စကားစသိမ်းသည့်အနေဖြင့်··

''သည်အတိုင်းဆိုလျှင် ကျွန်ုပ်တို့စစ်နိုင်၍ စစ်ကြီးပြီးချေပြီ''

''စစ်ကြီးမပြီးသေးပါ သခင်မလေး၊ ကျွန်တော်မျိုးတို့ ကျောက်မိုင်းမြို့ကို သိမ်းပိုက်ရန် ကျန်ရှိနေပါသေးသည်''

လက်ျာမြင်းစုမှူးက လျှောက်တင်သည်။

''ကျောက်မိုင်းမြို့ကို တံခွန်တိုင်တပ်များက သိမ်းပိုက်ထားပြီး ဖြစ်ပါသည် မိုင်မှုး''

''ကျောက်မိုင်းမြို့ကို ကျွန်တော်မျိုးတို့ သိမ်းပိုက်ရမည်ဟု သခင်ကြီးက အမိန့်ပေးခဲ့ပါသည်''

www.burmeseclassic.com

www.burmeseclassic.com



လက်ချာမြင်းစုမှူးက ပြတ်သားတိကျစွာ ထပ်မံလျှောက်ထားသည်။

ယင်းတလဲသခင်မကလေး စောဥမ္မာ မျက်နှာတင်းမာသွားသည်။

ထိုစဉ်မှာပင် မင်္ဂလာဥယျာဉ်ဆီမှ အုတ်အော်သောင်းနင်းအသံများ ကြားရသည်။ သူတို့ကြည့်လိုက်ကြသောအခါ ယင်းတလဲတပ်ဖွဲ့များ တပ်အစီအစဉ်အလိုက် ဖြန့်ခင်းပြီး တက်လာသည်ကို တွေ့မြင်ကြရသည်။

ရှေ့ဆုံးမှချီတက်လာသောတပ်မှာ ယင်းတလဲမင်းသိင်္ခ၏တပ်များ ဖြစ်သည်။ တပ်ဦးတွင် မင်းသိင်္ခနှင့် ခင်ခင်ကြီးတို့ကို တွေ့မြင်ရသည်။

တံခွန်တိုင်တပ်များ လှုပ်လှုပ်ရှားရှားရှိသည်။ ဗိုလ်ဘယ်ကျော်က မြို့ရိုးပေါ်မှနေ၍ သူ၏အမြောက်တပ်သားများကို အော်ဟစ် အမိန့်ပေးလျက်ရှိသည်။

မြို့အပြင်ရှိ တပ်ဖွဲ့တပ်စခန်းများအားလုံးသည်လည်း ရန်သူကိုရင်ဆိုင်ရန် အသင့်ရှိနေကြသည်။

ခင်ခင်လေး စိတ်လှုပ်ရှားနေဟန်ရှိသော်လည်း မောင်မောင်လတ်နှင့် နန္ဒတို့ တည်ငြိမ်စွာရှိနေကြသည်။

ယင်းတလဲစောဥမ္မာ ရုတ်တရက် မြင်းကိုအပြင်းနှင်သည်။ မင်းသိင်္ခနှင့် ခင်ခင်ကြီးတို့ထံ ဦးတည်သည်။

မောင်မောင်လတ် ထက်ချပ်လိုက်ပါသည်။ နန္ဒနှင့်ခင်ခင်လေးတို့လည်း လိုက်ပါသည်။

ကိုးမြို့ရှင်နတ်ကွန်းအနီးတွင် ခေါင်းချင်းဆိုင်မိကြသည်။ သူတို့သည် အတန်ကြာစကားမပြောကြဘဲ အပြန်အလှန် စူးစိုက်ပြီးကြည့်နေကြသည်။

"သည်ကမောင်ကြီးက တံခွန်တိုင်မောင်မောင်လတ် ဖြစ်ပါသည် မောင်ကြီး"

အတန်ငယ်ကြာမှ စောဥမ္မာက မောင်မောင်လတ်ကို မင်းသိင်္ခနှင့် မိတ်ဆက်ပေးသည်။

မင်းသိင်္ခက မောင်မောင်လတ်ကို စိတ်ဝင်စားစွာ ကြည့်ရှုပြီးနောက်··

"ဪ··ဪ··"

"သူက တံခွန်တိုင်ခင်ခင်လေးပါ"

"အိမ်း"

"သူကတော့ ကိုနန္ဒပါ"

မင်းသိင်္ခ နန္ဒကို တစ်ချက်ကြည့်သည်။ ဘာမျှမပြော။

"ညီမတော် စောဥမ္မာ၊ ကျောက်မိုင်းမြို့တော်ကို သိမ်းပိုက်ပြီးပြီလား"

ခင်ခင်ကြီးက မေးသည်။



"ကျောက်မိုင်းမြို့ကို မောင်မောင်လတ်တို့ သိမ်းပိုက်ပြီးပါပြီအစ်မတော်"

"သူတို့က မြို့ကို ညီမတော်လက်သို့ အပ်မည်လား"

"သူတို့က မြို့ကို မည်သူ့ကိုမျှ အပ်ရန်လိုမည်မဟုတ်ပါ၊ ညီမတော်တို့ကလည်း မြို့ကိုသိမ်းပိုက်ရန် လိုမည်မဟုတ်ပါ"

"ဘယ်လိုပြောလိုက်တာလဲ ညီမတော်၊ အစ်မတော်တို့ဟာ အင်္ဂလိပ်ကို ခုခံတိုက်ခိုက်နေကြတယ်မဟုတ်လား၊ အင်္ဂလိပ်တွေပိုင်တဲ့နယ်မြေ၊ သူ့ကျွန်တွေပိုင်တဲ့ နယ်မြေတွေကို သိမ်းပိုက်ရယူကြရမယ်မဟုတ်လား၊ ကျောက်မိုင်းဟာ တစ်ပါးကျွန်ရဲ့ နယ်မြေဆိုတာ ညီမတော် မေ့လျော့နေသလား"

"ညီမတော် မမေ့လျော့ပါဘူး၊ ကျောက်မိုင်းမြို့ဟာ ယခုအခါမှာ တစ်ပါးကျွန်ရဲ့လက်ထဲမှာ မဟုတ်တော့ပါဘူး"

"သို့ပေမယ့် အစ်မတော်တို့ရဲ့လက်ထဲမှာ မဟုတ်သေးဘူး ညီမတော်၊ အစ်မတော်တို့ဟာ ရန်သူကိုတိုက်တဲ့နေရာမှာ ကျူပင်ခုတ် ကျူငုတ်မကျန်စေရဘူး၊ ရန်သူရဲ့ပိုင်နက်နယ်မြေအားလုံးဟာလည်း မိမိနဲ့ မိမိသစ္စာခံများလက်ဝယ်သို့ ရောက်စေရမယ်၊ သည်အတိုင်းဖြစ်အောင် ဆောင်ရွက်ကြရမယ်၊ ကျောက်မိုင်းဟာ အစ်မတော်တို့ လက်ထဲမှာ ဟုတ်သလား၊ နောက်ပြီး အစ်မတော်တို့ကို သစ္စာခံတဲ့လူတွေရဲ့လက်ထဲမှာ ဟုတ်သလား၊ မဟုတ်ဘူးဆိုရင်တော့ အစ်မတော်တို့ဟာ မိမိလက်ဝယ်သို့ ရောက်ရှိအောင် တိုက်ခိုက်သိမ်းယူကြရလိမ့်မယ်"

"သည်မယ် အစ်မတော်ခင်ခင်ကြီး"

ရုတ်တရက် ထွက်ပေါ်လာသောအသံသည် ခင်ခင်လေး၏အသံ ဖြစ်သည်။ အားလုံး ခင်ခင်လေးကို ကြည့်လိုက်ကြသည်။ ခင်ခင်လေးက··

"ကျောက်မိုင်းမြို့ကို ခင်ခင်လေးတို့ သိမ်းပိုက်ထားပါတယ်၊ ခင်ခင်လေးတို့ဟာ ဘယ်သူ့သစ္စာကိုမှ မခံပါဘူး၊ ကျောက်မိုင်းမြို့ ဘယ်သူ့လက်ကိုမှ မအပ်နိုင်ပါဘူး"

"ခင်ခင်လေး၏စကား ပြတ်သားလှသည်၊ ကျောက်မိုင်းမြို့ကို အစ်မတော်တို့ အခုပင် သိမ်းယူမည်"

ခင်ခင်ကြီးက ယတိပြတ်ဆိုလိုက်သည်။

"ညီမတော်ပြောပါရစေဦး အစ်မတော်၊ အစ်မတော်ခင်ခင်လေးတို့ဟာ ညီမတော်တို့ရဲ့ သစ္စာခံမဟုတ်ပေမယ့် အင်္ဂလိပ်ကို ညီမတော်တို့လိုပဲ တိုက်ခိုက်နေသူတွေ ဖြစ်ပါသည်၊ ညီမတော်တို့ရဲ့ မဟာမိတ်အကြည်တော်တွေဖြစ်ပါတယ်"

စောဥမ္မာ ကပျာကယာဝင်ပြောသည်။

"ကျောက်မိုင်းမြို့ကို တိုက်ခိုက်သိမ်းပိုက်ဖို့ အစ်မတော်ပြောပြီးပြီ ညီမတော်"

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးက တစ်ချက်လွှတ်ပြောသည်။

စောဥမ္မာ မျက်နှာတပြင်လုံး နီရဲလျှက်··

"အစ်မတော်ခင်ခင်ကြီး စဉ်းစားပါဦး၊ အစ်မတော်ခင်ခင်လေးတို့ဟာ စောဥမ္မာရဲ့ မဟာမိတ်အကြည်တော်များ ဖြစ်ပါတယ်၊ အစ်မတော်ခင်ခင်ကြီးက ကျောက်မိုင်းမြို့ကို တိုက်ယူမည်ဆိုလျှင် ညီမတော်ဟာ အစ်မတော်ခင်ခင်လေးတို့နဲ့အတူ ခုခံတိုက်ခိုက်ရပါလိမ့်မယ်"

ခင်ခင်ကြီး များစွာအံ့အားသင့်သွားဟန်ရှိသည်။ စောဥမ္မာထံမှ ဤမျှ ပြင်းထန်သော တုံ့ပြန်မှုရရှိလိမ့်မည်ဟု မျှော်လင့်ထားဟန်မရှိချေ။

ခင်ခင်ကြီး ခေတ္တမျှစဉ်းစားပြီး··

"ကောင်းပြီလေ၊ ညီမတော်စောဥမ္မာ သည်မျှဖြစ်နေလျှင် အစ်မတော်တို့ မတိုက်တော့ပါဘူး၊ ယခုပင် စစ်ကိုရုပ်သိမ်းပြီး ပြန်ကြပါမည်၊ သို့သော် ညီမတော် သတိကြီးစွာထားဖို့တော့ အစ်မတော် မှာကြားချင်ပါသည်၊ ညီမတော် ဒုက္ခရောက်မည်စိုး၍ အစ်မတော်ပြောခြင်း ဖြစ်ပါသည်"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ခင်ခင်ကြီး နောက်တွန့်ပြန်သည်။ ခင်ခင်လေး ထွေးယ်လောင်စွာရယ်ပြီး ကျွန်ရစ်သည်။

ယင်းတလဲမင်းသမီးကလေး တွေဝေငေးငိုင်လျှက်ရှိတော့သည်။

တံခွန်တိုင်မောင်နှမများ၏ အငြိုးအမာန်အဖွဲ့များသည် မိမိနှင့် တစ်စုံတရာ ရောထွေးယှက်တင်ကာ ရှိချေပြီလား။

## ၈ ○ အနှောင်အဖွဲ့ [ က ]

လပြည့်ညဖြစ်သည်။ တပေါင်းလဖြစ်သည်။

ကန်ရေပြင်သည် ရွှေရည်လူးဘိသို့ တဖျတ်ဖျတ် တလက်လက်။

မိမိ၏အရိပ်သည် ရေလွှာပြင်တွင် လူးလွန့်လှုပ်ခါလျှက်ရှိသည်။ ထို့အတူ မိမိ၏ စိတ်အစဉ်တို့သည်လည်း လူးလာလှုပ်ရှားလျှက်ရှိကြသည်။

စောဥမ္မာ ပင့်သက်ဖြာသည်။

မိမိ၏ရင်အစုံသည် လှိုင်းလုံးကြီးများလို ကြွတက်သွားသည်။ ထို့နောက် တရွေ့ရွေ့အိနိမ့်ပြီးကျသွားသည်။ ဝင်သက်ထွက်သက်များ ယောက်ယက်ခတ်နေသည်။



မိမိ၏ကိုယ်ကို မိမိ ထိန်းချုပ်၍မရနိုင်။

တပေါင်းညသည် လှပါဘိ။

သို့တစေ စောဥမ္မာ အိပ်၍မပျော်နိုင်။ ညောင်စောင်းထက်တွင် တလူးလူး တလိမ့်လိမ့်၊ နေမထိ ထိုင်မထိ၊ တည်ငြိမ်ခြင်းမရှိ။

နောက်ဆုံးတွင် အဆောင်တော်တွင်းမှ အထီးတည်း ထွက်ခဲ့သည်။

ညသည် မွှေးပျံ့လျှက်။

သရဖီရနံ့၊ ကုံကော်ရနံ့။

မိမိ၏ရင်သည် တဆတ်ဆတ် တုန်ခါလျှက်ရှိသည်။

တရွေ့ရွေ့နှင့် မင်္ဂလာကန်တော်သို့ ရောက်ရှိခဲ့သည်။

ကြာတို့သည် ဖူးကာ ငုံကာ ပွင့်ကာနှင့်။

အညို အနီ စိမ်းရွှေရည်နှင့်။

စောဥမ္မာ နှမ်းလျော့စွာထိုင်သည်။

ညသည် တိတ်ငြိမ်လျှက်။ မြို့သည် တိတ်ငြိမ်လျှက်။ ကင်းတာဝန်ကျနေသော ရဲမက်များမှတစ်ပါး အားလုံးလောက်ပင် အိပ်မောကျနေကြသည်။

စောဥမ္မာသည်သာလျှင် မတည်ငြိမ်သော စိတ်အစဉ်များနှင့် လုံးထွေးလျှက်ရှိသည်။

နေ့လည်ကအဖြစ်သည် ယခုတိုင် ရိုက်ခတ်လျှက်ရှိနေသည်။ မိမိကို ဆွဲကိုင်လှုပ်ခါလျှက် ရှိနေသည်။

စောဥမ္မာ ရှန်းထွက်သည်။ မရချေ။

တံခွန်တိုင်မောင်နှမများသည် မိမိကို နှောင်ဖွဲ့လျှက်ရှိကြချေပြီတည်း။

[ ခ ]

အတယ်တော့ မိမိသည် တံခွန်တိုင်ခင်ခင်ကြီးနှင့် ပတ်သက်ခြင်းမရှိလိုသဖြင့် ယခုလို ကောင်နီမြို့တွင် တသီးတခြား လာရောက်နေထိုင်ခြင်းပင် ဖြစ်ပါသည်။

ဤမိန်းမနှင့်ပတ်သက်လာလျှင် မိမိရင်ထဲတွင် တစ်စုံတရာ မတင်မကျဖြစ်ရသည်။ ဘာရယ်လို့တော့လည်း အတိအကျမပြောနိုင်။

ဤမိန်းမကို မိမိ မုန်းသည်ဟုလည်း မဆိုနိုင်။

နှစ်သက်သည်ဟုလည်း မပြောနိုင်။

တံခွန်တိုင်ခင်ခင်ကြီးသည် သာမန်အမျိုးသမီးတစ်ယောက်မဟုတ်ဘဲ ထူးခြားသော မိန်းမတစ်ယောက်ဆိုသည်ကိုတော့ ဝန်ခံရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် မတူခြားနားသော ဣန္ဒြိယအလှများရှိသည်။ ယောကျ်ားများ စွဲ
နေရုံသာမက မိန်းမများပင် ငြိတွယ်စေသည်။

သူသည် ဓားအတတ်၊ မြားအတတ်၊ သိုင်းအတတ်၊ မြင်းစီးအတတ်တို့တွင်သာ
တတ်ကျွမ်းသည်မဟုတ်။ စစ်ဆင်ခြင်း၊ စစ်ထိုးခြင်း၊ စစ်ခံခြင်း၊ စစ်ပရိယာယ်ပြုခြင်း
တို့တွင်လည်း ကျွမ်းကျင်လှသည်။

သို့သော်..

သူ့တွင် အထူးခြားဆုံးကား ဣန္ဒြိယအလှလည်းမဟုတ်ချေ။ တိုက်ခိုက်မှုစွမ်း
ရည်များလည်း မဟုတ်ချေ။

သူ၏အတွင်းစိတ်သာလျှင် ဖြစ်ပေသည်။

ခင်ခင်ကြီး၏အတွင်းစိတ်ကို ဖောက်ထွင်းသိမြင်ရန် ခဲယဉ်းလှသည်။ သို့သော်
သူ၏အတွင်းစိတ်သည် ထူးခြားသော ဂုဏ်သတ္တိများနှင့် ပြည့်လျှံလျက်ရှိကြောင်း
သိသာသည်။

သူ၏အတွင်းစိတ် အလွှာလွှာအထပ်ထပ်သည် လျှို့ဝှက်ဆန်းကြယ်လှသည်။

မိမိသည် သူနှင့် မြင်ဦးသိဦးကပင် သူနှင့် ထိတွေ့ပွန်းတီးလိုစိတ် ရှိခဲ့သ
သူနှင့် ယှက်တင်ငြိတွယ်ရမည်ကိုလည်း အလိုလိုဝန်လေးခဲ့မိသည်။

ယင်းသို့နှင့်ပင်..

သူသည် မိမိ၏ယောင်းမတော် ဖြစ်ခဲ့သည်။ ယင်းတလဲအရှင်သခင်တစ်ဦး
ဖြစ်ခဲ့သည်။ ယင်းတလဲနယ်တွင် သူ၏အာဏာစက် ကျယ်ဝန်းနက်ရှိုင်းခဲ့သည်။

သူ့ကို စစ်သည်ရဲမက်များနှင့် နယ်သူနယ်သားများက အုံ့ဩလေးစားကြရသည်။

ကျောက်မိုင်းမြို့ကို တံခွန်တိုင်မောင်မောင်လတ်တို့လက်မှ တိုက်ခိုက်သိမ်းပိုက်
ရန် ကြိုးပမ်းခြင်းပြုလာသောအခါ သူနှင့်မိမိအကြားတွင် ပြဿနာဖြစ်ပွားခဲ့ရသည်။

တံခွန်တိုင်မောင်နှမများအကြားတွင် မိမိ ကြားဝင်ခဲ့ရသည်။

တကယ်တော့ မိမိသည် မှန်ကန်မှုတွင် ရပ်တည်ခြင်းဟု ပြောနိုင်ပါသည်။
နိုင်ငံအဝှမ်းကို အုပ်စိုးသောမင်းနှင့် နေပြည်တော် ပျက်သုဉ်းရသောအခါ သူ့ထွန်း
လိုသော မင်းညီမင်းသားများ၊ ဗိုလ်မှူးတပ်မှူးများ၊ မြို့စားနယ်စားများ၊ စစ်သည်ရဲမက်
နိုင်ငံသူနိုင်ငံသားများသည် ကိုယ့်အစုအဝန်းနှင့်ကိုယ် တစ်ပါးမင်းကို ခုခံတိုက်ခိုက်
ကြသည်။ အချို့လည်း အချင်းချင်းပူးပေါင်းကြသည်။ အချို့လည်း အချင်းချင်းတိုက်
ခိုက်ကြသည်။ အချို့လည်း မဟာမိတ်ပြုကြသည်။

အချင်းချင်း တိုက်ခိုက်ပျက်ပြုန်းကြရသည်ကို မိမိ မလိုလားပါ။ အချင်းချင်း
ပူးပေါင်းကြရာတွင် ပြဿနာများစွာရှိသည်။ အင်အားကြီးရာသို့ အင်အားငယ်



ပေါင်းဝင်ခြင်းမှာ နည်းလမ်းမှန်ကန်သော်လည်း အင်အားချင်းတူညီနေကြလျှင် ဝတစ်ဝ
တွင် နှစ်ကောင်မအောင်းလိုသည့် ပြဿနာများ ရှိတတ်ပေသည်။

တံခွန်တိုင်မောင်မောင်လတ်တို့မှာမူ မိမိတို့နှင့် အင်အားတူ၍ မပူးပေါင်းလိုသည်
တော့ပါ။

တံခွန်တိုင်ခင်ခင်ကြီးကြောင့်သာ မပူးပေါင်းကြခြင်းဖြစ်သည်။

သို့သော် သူတို့သည် တစ်ပါးမင်းကို တိုက်နေကြသူများ ဖြစ်သည်။ ကျောက်
မိုင်းကို အခြေစိုက်ပြီး မိမိတို့နှင့် ပူးပေါင်းတိုက်ခိုက်မည့်သူများ ဖြစ်သည်။

ခက်ထန်တင်းမာသူက ခင်ခင်ကြီးဖြစ်သည်။ မောင်မောင်လတ်တို့ကို တန်းတူ
ရည်တူမထားလို၊ မဟာမိတ်မပြုလို၊ တိုက်ခိုက်ချေမှုန်းလိုသည်။ သူ၏ခြေဖဝါးအောက်
သာ ရောက်စေလိုသည်။

မိမိက ပြတ်သားတင်းမာစွာ ကြားဝင်တော့မှ ခင်ခင်ကြီး နောက်ဆုတ်သွားသည်။
ခေါက်သွားသည်။ မည်သည့်နည်းနှင့်မျှ ကျေနပ်ခြင်းရှိမည်ကား မဟုတ်ချေ။

နောက်ရက်များတွင် တံခွန်တိုင်ခင်ခင်ကြီးတစ်ယောက် မကျေမနပ်ရှိနေကြောင်း
သိသာထင်ရှားသည်။ အမျိုးသမီးသည် ကျောက်မိုင်းတိုက်ပွဲမှ ပြန်ရောက်ကတည်း
တစ်ယောက်တည်း အဆောင်အောင်းနေခဲ့သည်။

စောဥမ္မာသည် တအုံ့နွေးနွေးမနေတတ်သဖြင့် ခင်ခင်ကြီးနှင့်တွေ့ဆုံရှင်းလင်းရန်
တ်ဆက်တိုက် ကြိုးစားသည်။

မတွေ့ရပါ။ ဒေါ်သဲအုထံမှ ခင်ခင်ကြီး နေမကောင်းပါ၊ ခေါင်းကိုက်နေသည်၊
တ်နေသည်ဟူသော အဖြေများသာ ရရှိခဲ့သည်။

နောက်ဆုံးတွင် စောဥမ္မာသည် မောင်တော်ကြီး မင်းသိင်္ခထံ ဝင်ရောက်သည်။

"အစ်မတော်ခင်ခင်ကြီး နေမကောင်းဟုသိရပါသည်၊ မည်သည့်ရောဂါများနည်း
ကြီး"

"မောင်ကြီးလည်း သူ့ရဲ့အထိန်းတော်ကြီးပြောလို့ သိရတာပဲ"

"မောင်ကြီးနဲ့အစ်မတော်နဲ့လည်း မတွေ့ကြဘူးပေါ့"

"ကျောက်မိုင်းကပြန်လာကတည်းက တစ်ခါမှ မတွေ့ကြသေးဘူး"

စောဥမ္မာ ခေတ္တမျှ စဉ်းစားချင့်ချိန်ဟန်ပြုနေပြီး..

"ညီမတော်ကို အစ်မတော်ခင်ခင်ကြီး စိတ်ဆိုးနေဟန်ရှိပါတယ်"

"ဟုတ်မယ်မထင်ပါဘူး"

င်းသိင်္ခ ခပ်ဆွဲဆွဲဆိုင်းဆိုင်းပြောသည်။

"ညီမတော်က သူနဲ့ ပဋိပက္ခပြောခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမတော်ပြောတာ နည်းလမ်းနိသသယမှန်ပါတယ်"

"ကျောက်မိုင်းမြို့ကို တံခွန်တိုင်မောင်မောင်လတ်တို့လက်က တိုက်ခိုက်သိမ်းယူခြင်းဌာ မသင့်ဘူးဆိုတာ မောင်ကြီး ကြိုက်ညီသဘောတူတယ်ပေါ့"

"သည်အခြေအနေ သည်ကာလမှာ သည်အတိုင်းပဲ ဖြစ်ရမှာပဲ"

"နို့ပေမယ့် အစ်မတော်ခင်ခင်ကြီးကတော့ သဘောတူကြိုက်ညီပုံမရဘူး"

မင်းသိဒ္ဓိ ခေတ္တမျှဆိုင်းနေပြီးနောက်··

"သူတို့မှာက မိသားစုပြဿနာတွေလည်း ရှိနေတယ်ညီမတော်၊ သူတို့ဟာ မောင်နှမအရင်းခေါက်ခေါက် ညီအစ်မအရင်းခေါက်ခေါက်တွေဖြစ်ကြတယ်၊ သူတို့ အချင်းချင်း ချစ်ကြမယ်ဆိုရင်လည်း အာခံတွင်းမှာ ငုံထားမလောက် ချစ်ကြလိမ့်မယ်၊ မုန်းတီးကြမယ်ဆိုရင်လည်း ခါးခါးသီးသီး မုန်းတီးကြပေလိမ့်မယ်"

"မောင်မောင်လတ်နဲ့ ခင်ခင်လေးတို့က အစ်မတော်ခင်ခင်ကြီးကို မယုံကြဘူး"

"ဖြစ်နိုင်ပါတယ်"

"အစ်မတော်ခင်ခင်ကြီးကလည်း မောင်မောင်လတ်နဲ့ ခင်ခင်လေးတို့ကို တော်တော်ကြီး နာကျည်းမုန်းတီးနေပုံရတယ်"

"ဖြစ်နိုင်ပါတယ်"

"သည်အတိုင်းဆို ယင်းတလဲနဲ့ ကျောက်မိုင်းဟာ အစဉ်ညီညွတ်သင့်မြတ်နိုင်ကြပါ့မလား"

"စောင့်ကြည့်ရမှာပဲ ညီမတော်"

"ညီမတော်တော့ စိတ်ထဲမှာလေးနေတယ်"

"ညီမတော်တို့ကို သူတို့မောင်နှမတွေက ချစ်ခင်နားလည်ကြပုံရပါတယ်"

"အစ်မတော်ခင်ခင်ကြီးက အတွေ့မခံဘူး"

"သူနေမကောင်းနေလို့ဖြစ်ပါလိမ့်မယ်"

စောဉမ္မာ စဉ်းစားချိန်ဆနေပြီး··

"ညီမတော်ကို တစ်ခုခွင့်ပြုပါ"

"ဘာများလဲ ညီမတော်"

"ညီမတော် တောင်နီမြို့မှာ နေပရစေ"

မင်းသိဒ္ဓိ အတန်ကြာတိတ်ဆိတ်နေပြီးနောက်··

"ညီမတော် စိတ်ချမ်းမြေ့မယ်ဆိုရင် ညီမတော်ရဲ့ သဘောဆန္ဒအတိုင်းပဲ ဖြစ်ရစေမပေါ့"

ယင်းသို့ဖြင့်··



စောဉမ္မာသည် တံခွန်တိုင်ခင်ခင်ကြီးနှင့် ဝေးကွာသော တောင်နီမြို့တွင် တသီးတခြားနေထိုင်လျက်ရှိသည်။ တောင်နီနယ်လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

တံခွန်တိုင်ခင်ခင်ကြီးနှင့် ပတ်သက်ရခြင်းလည်း မရှိတော့။

တံခွန်တိုင်မောင်မောင်လတ်တို့နှင့် ဆက်စပ်ရခြင်းလည်းမရှိတော့။

တောင်နီသည် ယင်းတလဲမြို့တော်၊ ကျောက်မိုင်းမြို့တော်တို့နှင့် ဗိုခနောက်ဆိုင်တည်ရှိလျက်ရှိသော်လည်း ကျောက်မိုင်းနှင့် နယ်ချင်းထိစပ်ခြင်းမရှိချေ။ အလယ်တွင် ယင်းတလဲနယ်ခံလျက် ရှိသည်။

သို့ဖြင့် တောင်နီနှင့် ကျောက်မိုင်းသည် ပတ်သက်ဖွယ်ရာ အကြောင်းခြင်းရာများမရှိဘဲ ယင်းတလဲနှင့် ကျောက်မိုင်းသာလျှင် ကျောနိုင်းနံစပ်ဖြစ်သဖြင့် နယ်စပ်ပြဿနာများ မကြာခဏဖြစ်ပွားရသည်။

ကျောက်မိုင်းမြို့စား ဥက္ကာပျံလက်ထက်ကတည်းက ယင်းတလဲနှင့်ကျောက်မိုင်းနယ်ခြားပြဿနာ ရှိခဲ့ကြသည်။

ယခု တံခွန်တိုင်မောင်နှမများလက်ထက်တွင်လည်း ကျောက်မိုင်းနှင့် ယင်းတလဲနှင့် နယ်စပ်ပြဿနာ ရှိမြဲပင်ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် အကူးအသန်းအသွားအလာ မရှိကြချေ။ နယ်သူနယ်သားများကိုလည်း သွားလာကူးသန်းခွင့်မပြုကြချေ။

နှစ်ဖက် နယ်ခြားစောင့်ကင်းတပ်များသည် သတိမပြတ်ရှိနေကြသည်။ တစ်ဖက်က ကျူးကျော်တိုက်ခိုက်လာမည်ကို အမြဲသတိမူနေကြသည်။

သည်ကြားထဲကပင် တိုက်ပွဲကလေးများ၊ ပစ်ခတ်မှုများ၊ အငြင်းပွားမှုများ ကြိုကြားဖြစ်ပွားခဲ့ရသည်။

သို့တစေ··

နယ်ခြားပြဿနာများကို သက်ဆိုင်ရာမြို့တော်များက တစ်စုံတရာ အရေးယူဆောင်ရွက်ခြင်းမရှိကြချေ။ ကန့်ကွက်ခြင်း၊ စွပ်စွဲခြင်းများမပြုလုပ်သလို စေ့စပ်ခြင်း၊ ဖြေရှင်းခြင်း၊ ညှိနှိုင်းခြင်းများလည်း မပြုလုပ်ကြချေ။

မသိဘာသာ နေထိုင်လျက်ရှိကြသည်။

စောဉမ္မာသည် ယင်းတလဲနှင့်ကျောက်မိုင်း နယ်ခြားပြဿနာများကို ကြားသိရသောအခါ ရတက်မအေးရှိသည်။ အကျယ်အကျယ်မငြိမ်းဖွယ် ဖြစ်လာလိမ့်မည်ဟု ရှုသည်။ အချိန်မီ ဖြေရှင်းငြိမ်းသတ်နိုင်ခြင်းမရှိလျှင် အမိုက်ကပြီး ပြာသာဒ်အထိ မီးလောင်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်အရေးအခင်းတို့ကို တံခွန်တိုင်ခင်ခင်ကြီးနှင့်သော်လည်းကောင်း၊ တံခွန်တိုင်မောင်မောင်လတ်နှင့်သော်လည်းကောင်း သွားရောက်ပြောဆိုရမည်လားဟု တစ်ကြိမ်မက စဉ်းစားစိတ်ကူးမိသည်။

သို့သော် အထမမြောက်ချေ။

သူမသည် တံခွန်တိုင်ခင်ခင်ကြီးနှင့် မျက်နှာချင်းမဆိုင်ချင်သလို တံခွန်တိုင်မောင်မောင်လတ်နှင့် မျက်နှာချင်းဆိုင်ရမည်ကိုလည်း အဘယ့်ကြောင့်မှန်းမသိ စဉ်းစား လျှက်ရှိသည်။

မိမိက သူတို့ထံသို့ သွားရောက်ခြင်းမပြုသလို သူတို့ကလည်း မိမိထံသို့ တစ်စုံတရာ အဆက်အဆံမပြုကြချေ။ မိမိကို မေ့လျော့ထားကြဟန်ရှိသည်။

ဤအတွင်းတွင် အရေးကြီးသော ပြဿနာတစ်ခု ပေါ်လာသည်။

ယင်းတလဲ၊ တောင်နီနှင့် ကျောက်မိုင်း သုံးမြို့နယ်တို့၏ နယ်စပ်ဒေသဖြစ်သော မြို့ဟောင်းအရပ်တွင် အင်္ဂလိပ်တို့က စစ်တပ်ကြီးတစ်ခုချထားခြင်းပင် ဖြစ်သည်။

အင်္ဂလိပ်တို့သည် မြို့ဟောင်းခံတပ်ကို ပြန်လည်ပြုပြင်သည်။ အမြောက်ထ နက်များ တပ်ဆင်သည်။ ရိက္ခာများ သွင်းသည်။ နေပြည်တော်မှ စစ်သည်ရဲမက် ရောက်လာမစဲရှိသည်။ အနီးဝန်းကျင်ကျေးရွာများကို သိမ်းသွင်းအုပ်ချုပ်သည်။

မြို့ဟောင်းတွင် အင်္ဂလိပ်တပ်စွဲရပ်လာခြင်းသည် မိမိတို့သုံးမြို့နယ်ကို တိုက်ခိုက် ရန် အခြေခံစခန်း တည်ဆောက်ခြင်းပင်ဖြစ်သည်။

စစ်၏သဘောနှင့်ပြောရလျှင် ရန်သူတို့၏ မြို့ဟောင်းခံတပ်ကို မိမိတို့က အရ စီးနင်းတိုက်ခိုက်ရမည်။ ရန်သူ အခြေမခိုင်မီ ချေမှုန်းပစ်ရမည်။

စောဥမ္မာသည် မြို့ဟောင်းတွင် ကုလားဖြူများရောက်လာသည်ဆိုကတည်း သွားရောက်တိုက်ခိုက်လိုခြင်း ဖြစ်ခဲ့ရသည်။

သို့ရာတွင်..

ယင်းတလဲရှိ မိမိ၏မောင်ကြီးနှင့် တံခွန်တိုင်ခင်ခင်ကြီးတို့ကသော်လည်းကောင်း ကျောက်မိုင်းရှိ တံခွန်တိုင်မောင်မောင်လတ်တို့ကသော်လည်းကောင်း ရန်သူကိုတိုက် ခိုက်ရန် တစ်စုံတရာ ပြောဆိုလာခြင်းမရှိချေ။

ဤအရေးတွင် ကြာရှည်စွာ နှောင့်နှေးမနေသင့်။ သူတို့ထံသို့ မိမိက အလျင် အမြန်သွားရောက်ပြောဆိုမှသင့်မည်ဟု စောဥမ္မာ စဉ်းစားစိတ်ကူးနေစဉ် အရေးတ တိုင်ပင်ညှိနှိုင်းရန်ရှိသဖြင့် ယင်းတလဲမြို့တော်သို့ မဆိုင်းမတွလာရောက်ရန် အသင့် ရောက်ရှိလာသည်။

မြို့ဟောင်းကိစ္စပင်ဖြစ်မည်ဟု ယူဆပြီး စောဥမ္မာ အလျင်အမြန်သွား



သည်။ သို့သော် ယင်းတလဲမြို့တော်သို့ ရောက်ရှိသောအခါ အထင်နှင့်အမြင် တက်တတ် စင် လွဲမှားရတော့သည်။

ညီလာခံသဘင်တွင် မှူးကြီးမတ်ကြီးများ၊ ဗိုလ်မှူးတပ်မှူးများ စုံလင်စွာရှိသည်။ တံခွန်တိုင်ခင်ခင်ကြီးလည်း ရှိသည်။

စောဥမ္မာရောက်ရှိသောအခါ ယင်းတလဲမင်းသိဒ္ဓိက အမိန့်တော်မြွက်ရှိသည်။ တံခွန်တိုင်မောင်မောင်လတ်တို့၏ ကျောက်မိုင်းတပ်များသည် မိမိတို့နယ်မြေနှင့် နယ်သူ နယ်သားများကို ထိပါးနှောင့်ယှက်လျက်ရှိသဖြင့် ကျောက်မိုင်းမြို့ကို ချီတက်သိမ်းပိုက် ကြရမည်။

ယင်းတလဲမင်းသိဒ္ဓိ၏အမိန့်ကို ကြားသိကြရသောအခါ စောဥမ္မာတစ်ဦးသာမက ညီလာခံတက်ရောက်သူအားလုံးလောက်ပင် အံ့အားသင့်ကြရသည်။ သူတို့က မြို့ဟောင်း တွင် စွဲရပ်လာသော ကုလားဖြူများကို တိုက်ကြရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

သို့သော် မည်သူကမျှ ကန့်ကွက်စကား မပြောကြားကြ။ တစ်စုံတရာ ထေမ ပြောဆိုခြင်းမပြုကြ။ ငြိမ်သက် တိတ်ဆိတ်နေကြသည်။

ဤအကြံအစည်သည် တံခွန်တိုင်ခင်ခင်ကြီး၏ အကြံအစည်ဖြစ်သည်မှာ သေချာ သော်လည်း အမျိုးသမီးက ညီလာခံသဘင်တွင် တစ်စုံတရာဝင်ရောက်ပြောဆိုခြင်း မပြုချေ။ အခြားသူများကဲ့သို့ပင် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။

စောဥမ္မာ မနေသာတော့ဘဲ ကန့်ကွက်စကားပြောသည်။ ယခုအချိန်သည် ကျောက်မိုင်းကို တိုက်ရမည့်အချိန်မဟုတ်။ မြို့ဟောင်းကို တိုက်ရမည့်ကာလဟု ဆိုသည်။

သည်တော့မှ မှူးကြီးမတ်ကြီးများနှင့်တကွ ဗိုလ်မှူးတပ်မှူးများကလည်း သူမ ဘက်မှ ဝင်ရောက် ထောက်ခံပြောဆိုကြသည်။

တံခွန်တိုင်ခင်ခင်ကြီးမှာမူ တုံ့ဏှိဘာဝေပင်။

သံဃာ့အား ဘုရားမလွန်သာဆိုသလို ညီမတော်နှင့်တကွ ဗိုလ်မှူးတပ်မှူးများ က ကျောက်မိုင်းတိုက်ခိုက်ရေးကို သဘောမတူကြောင်း ပြောဆိုလာသောအခါ မင်းသိဒ္ဓိ လျှော့ရသည်။

ကျောက်မိုင်းတိုက်ပွဲ ရွှေ့ဆိုင်းသည်။

မြို့ဟောင်းတိုက်ပွဲ စဉ်းစားမည်ဟုဆိုသည်။

ညီလာခံသဘင် ပြီးသည်။

စောဥမ္မာ အဦးဆုံး ထပြန်သည်။ သည်တွင် သူမ၏နောက်သို့ ခင်ခင်ကြီး န်းကာတန်းလိုက်လာသည်။

''ညီမတော် ခဏနေပါဦး''

www.burmeseclassic.com

www.burmeseclassic.com

လေသာပြတင်းတစ်ခုတွင် စောဥမ္မာရပ်သည်။ နန်းရင်ပြင်တွင် စစ်သည်ရဲမက်များ ညီလာခံသတင်းကို စောင့်စား နားစွင့်လျက်ရှိကြသည်။

စောဥမ္မာအနီးတွင် ခင်ခင်ကြီး ရပ်သည်။

အမျိုးသမီးနှစ်ယောက် အတန်ကြာစူးစိုက်ပြီး ကြည့်နေကြသည်။

"ညီမတော်စောဥမ္မာဟာ အစ်မတော်ရဲ့ညီမငယ် ခင်ခင်လေးလို အင်မတန်စိတ်ထက်ပါပေတယ်"

စောဥမ္မာ တုံ့ပြန်ခြင်းမပြုပါ။

"တကယ်လို့ အစ်မတော်တို့တပ်တွေ မြို့ဟောင်းကို ချီတက်တိုက်ခိုက်နေကြတုန်း ယင်းတလဲနဲ့ တောင်နီမြို့များကို မောင်မောင်လတ်တို့က နောက်ပိုင်းကနေ ဝင်ရောက်သိမ်းပိုက်သွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"သူတို့ သည်လိုလုပ်မှာ မဟုတ်ပါဘူး"

"ညီမတော် ဘယ်လိုလုပ်ပြီး အာမခံနိုင်မလဲ"

စောဥမ္မာ ခေတ္တမျှ တွေနေသည်။

မိမိ မည်သို့အာမခံနိုင်မည်နည်း။

တကယ်တော့ မောင်မောင်လတ်တို့၏သဘောကို မိမိ ဘာမျှသိသည်မဟုတ်။ သို့သော်··

"ညီမတော်တို့နဲ့အတူ မြို့ဟောင်းကိုတိုက်ဖို့ သူတို့ကို ညီမတော် ပြောပါ့မယ်"

"သူတို့ သဘောတူပါ့မလား"

"ညီမတော်တို့တာဝန်က ပြောဖို့ပဲ"

"အင်းလေ··ညီမတော် စိတ်ထဲမှာရှိနေရင်တော့ ပြောကြည့်ပေါ့၊ အစ်မတော်ကတော့ မထင်ပါဘူး၊ ဒါနဲ့ ညီမတော်ဆီကိုတော့ မောင်မောင်လတ် မကြာမကြာ လာတယ်ပေါ့··ဟုတ်လား"

"အို··မလာပါဘူး··သူမလာပါဘူး"

"တကယ်ပဲလား ညီမတော်"

ခင်ခင်ကြီး မယုံကြည်နိုင်ဟန်ဖြင့် မေးနေသည်။

စောဥမ္မာ တုန်နေသည်။

"သူ ဘာဖြူလို့ လာရမှာလဲ"

"အံ့ဩစရာပဲ၊ ညီမတော်ဆီကို သူလာမှာပဲလို့ အစ်မတော် ကိန်းသေတွက်ထားခဲ့တယ်၊ မလာဘူးဆိုရင်တော့ အံ့ဩစရာပဲ၊ တကယ့်ကို အံ့ဩစရာပဲ၊ ညီမတော်ဆီကို သူလာရမယ်"



"မလာဘူး၊ မလာဘူး၊ ဘယ်သူမှမလာဘူး"

စောဥမ္မာ ဟစ်အော်ပြီး ကတုန်ကယင် ကယိမ်းကနွဲ့ ပြေးထွက်သွားသည်။ ခင်ခင်ကြီးတစ်ယောက်တည်း ငေးမောပြီးကျန်ရစ်သည်။

| ဂ |

မိမိ၏စိတ်အာရုံသည် ဆတ်ဆတ်တုန်နေဆဲ။

တံခွန်တိုင်ခင်ခင်ကြီး၏ စကားများကို စောဥမ္မာ ယခုတိုင် ကြားယောင်နေဆဲဖြစ်သည်။

'ညီမတော်ဆီကို သူလာမှာပဲလို့ အစ်မတော် ကိန်းသေတွက်ထားခဲ့တယ်၊ မလာဘူးဆိုရင်တော့ အံ့ဩစရာပဲ'

အံ့ဩစရာပဲဖြစ်သည်။

မောင်မောင်လတ် လာလိမ့်မည်ဟု မိမိလည်း မျှော်လင့်ထားခဲ့သည်။

သို့သော် မလာပါ။

သူ မလာပါ။

မိမိတို့ ခွဲခွာခဲ့ကြသည်မှာ သီတင်းနှစ်ပတ်ရှိသွားပေပြီ။

ယင်းတလဲမြို့ကို သူမလာသည့်တိုင် တောင်နီမြို့တွင် မိမိတစ်ယောက်တည်း ရှိနေသည်ကို သတင်းကြားလျှင် သူလာဖို့ကောင်းသည်။

ပထမ မိမိမျှော်လင့်သည်။

ဒုတိယ မိမိစောင့်မျှော်သည်။

တတိယ မိမိတမ်းတသည်။

စတုတ္ထ မိမိအံ့ဩသည်။

ပဉ္စမ မိမိဒေါသဖြစ်သည်။

သူ့ကိုလား၊ မိမိကိုယ်ကိုလား။

'တကယ့်ကိုအံ့ဩစရာပဲ၊ ညီမတော်ဆီကို သူလာရမယ်'

သူ၏အစ်မတော်က အာတာပွနဗေဒတတ်ပွန်သည့်အလား တပ်အပ်သေချာပြောသည်။

သူဘာဖြစ်လို့ လာမယ်ထင်သလဲ အစ်မတော်။

အစ်မတော် ဘာပြုလို့ ပြောနိုင်သလဲ။

သူ မလာပါဘူး။

**ညီမတော်ဆီကို သူမလာပါဘူး။**

www.burmeseclassic.com

www.burmeseclassic.com



စောဥမ္မာ မောသိမ့်သိမ့်ခုန်နေသည်။

တန်ရေပြင်တွင် မိမိ၏အရိပ်သဏ္ဍာန်သည် လှုပ်ကာလိမ့်ကာရှိနေသည်။

ရုတ်တရက်ဆိုသလို မိမိ၏အရိပ်တွင် အခြားသောအရိပ်တစ်ခု ပူးကပ်လာသည်။

သူ…။

မောင်မောင်လတ်။

စောဥမ္မာ ကိုယ်ကို ယိမ်းနွဲ့ပြီး ကလျင်ကကျဲ့ ကြည့်လိုက်သည်။

သူ မရှိပြီ။

မိမိ၏စိတ်အထင်မျှသာ။

စောဥမ္မာ ပင့်သက်ဖြာလိုက်သည်။

မိမိ၏စိတ်အစဉ်သည် တစ်ကြိမ်တစ်ခါမျှ နှောင်ဖွဲ့ခြင်းမခံခဲ့ရစဖူး။

ယခုတော့၊

သူ…

တံခွန်တိုင်မောင်မောင်လတ်။

မိမိ၏စိတ်အစဉ်တွင် ငြိတွယ်လျက်ရှိသည်။

မိမိ၏စိတ်အာရုံကို ချုပ်နှောင်လျက်ရှိသည်။

မလာပါနဲ့၊ သွားပါ။

ဟော…သူပေါ်လာပြန်ပါပြီ။

ရွှေရည်ဝင်းဝါတဲ့ရေဇလာမှာ သူ့မျက်နှာပြုံးလဲ့လဲ့ကလေး။

သူ့ကိုယ်ခန္ဓာကြီးက ကျားရရား။

"ဩော်…မောင်မောင်ရယ်၊ တကယ်လာတာလည်း မဟုတ်ဘဲနဲ့"

စောဥမ္မာက ကန်ရေပြင်တွင်းသို့ ကံ့ကော်ပွင့်လေးပစ်ပေါက်လိုက်ရင်း တိုးသဲ့သဲ့ ပြောလိုက်သည်။ ရေဇလာပြင်မှ သူ၏ရုပ်သွင်ပျောက်မသွားပါ။

ကံ့ကော်ပွင့်ကလေးသည် သူ၏နှာခေါင်းဝတွင် ဝေ့နေသည်။

"မောင်မောင်ရယ်…တကယ်များလားဟယ်"

"တကယ်ပါပဲနှမတော်၊ မောင်မောင်တကယ်ပါပဲ"

မိမိ၏နောက်ဘက်မှ အသံတစ်ခု ရုတ်တရက်ထွက်ပေါ်လာသဖြင့် စောဥမ္မာ လန့်ခုန်ပြီးထလိုက်သည်။

မိမိအား ရွှန်းရွှန်းစားစားကြီးကြည့်နေသော မောင်မောင်လတ်ကို တွေ့ရသည်။

"မြတ်စွာဘုရား…တကယ်ပါပဲလား၊ သူကိုယ်တိုင်ပါပဲလား"

စောဥမ္မာ တုန်တုန်ခါခါပြောသည်။



မောင်မောင်လတ် ပြည့်ပြည့်ဖြိုးဖြိုးကြီး ပြုံးလျက်…

"နှမတော်လေးဥမ္မာ အထိတ်တလန့် ဖြစ်သွားတယ်ဆိုရင် မောင်မောင် တောင်းပန်ပါတယ်"

စောဥမ္မာ အထိတ်တလန့်မပြယ်သေးဟန်ဖြင့် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိထားသည်။ အတန်ကြာမှ…

"မောင်မောင်"

"နှမတော်ဟာ လရောင်မှာပွင့်တဲ့ ကြာပွင့်လို လှပတင့်တယ်လှပါဘိတယ်"

"မောင်မောင် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာသလဲ"

"နှမတော်လေးဥမ္မာနဲ့ တွေ့ရအောင် ကျောက်မိုင်းမြို့ကို လာခဲ့တာပေါ့"

"တောင်နီမြို့တံခါးတွေအားလုံး ပိတ်ထားတယ် မောင်မောင်"

"ရတနာပုံနေပြည်တော် နန်းမြို့တွင်းကိုတောင် မောင်မောင် ဝင်နိုင်ပါတယ်"

"ဥမ္မာ ဥယျာဉ်တော်ထဲမှာရှိတယ်ဆိုတာ မောင်မောင် ဘယ်လိုသိသလဲ"

"နှမတော်ရဲ့အိပ်ခန်းဆောင်ထဲကို မောင်မောင်ရောက်ခဲ့တယ်"

"ဘုရား…ဘုရား…"

"သလွန်ညောင်စောင်းပေါ်မှာ နှမတော်မရှိဘူးလေ၊ မြကတ္တီပါအိပ်ရာခင်းတွေ တွန့်ကြေနေတယ်"

"ဘုရား…ဘုရား…တစ်ပင်တိုင်အဆောင်တော်ဆိုတာ မောင်မောင် မေ့နေသလား"

"နှမတော်နဲ့ တွေ့ချင်လို့ပါ"

"ဘုရား…ဘုရား…"

"ဥယျာဉ်တော်ထဲကိုထွက်တဲ့တံခါး ပွင့်နေတယ်၊ မင်္ဂလာကန်ပေါင်ရိုးမှာ ကြာပန်းလေးပွင့်နေတယ်"

"ဘုရား…ဘုရား…"

"နှမတော်လေးဥမ္မာ ဘာတွေများတွေးနေသလဲ"

"အို…ဘာမှမတွေးပါဘူး"

"မောင်မောင်ရောက်လာလိမ့်မယ်လို့များ မထင်မိဘူးလား"

"အို…မထင်မိပေါင်၊ ဘာပြုလို့ထင်ရမှာလဲ"

မောင်မောင်လတ် ပြုံးနေသည်။

မိမိကို စိုက်ပြီးကြည့်နေသည်။

**စောဥမ္မာ စိတ်မလုံ။**

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လှိုင်းတဖျတ်ဖျတ်ခုန်နေသည်။

"မောင်မောင် ပဇာကိစ္စနဲ့လာပါသလဲ"

"နမတော်ကို ပြောစရာတစ်ခုရှိလို့ပါ"

စောဉမ္မာက ဘာမျှပြန်မပြော။ ခေါင်းငုံ့ထားသည်။

"ယင်းတလဲမြို့ကို မောင်မောင်တို့သိမ်းယူရလိမ့်မယ်"

"ဘာ"

"နမတော်ရဲ့ တောင်နီမြို့ကို မောင်မောင်တို့ လုံးဝမထိပါးပါဘူး"

"မြတ်စွာဘုရား··မောင်မောင်တို့ ဘယ်လိုဖြစ်နေကြတာလဲ"

"မောင်မောင်တို့က ယင်းတလဲကိုမသိမ်းရင် ယင်းတလဲက မောင်မောင်တို့ရဲ့ ကျောက်မိုင်းကို သိမ်းလိမ့်မယ်"

"ခက်တော့တာပဲ"

"ကနေ့ပဲ နမတော်တို့ ကျောက်မိုင်းကိုတိုက်ဖို့ စုဝေးညှိနှိုင်းကြတယ် မဟုတ်လား"

"ကျောက်မိုင်းကိုမတိုက်ဖို့ နမတော်ပြောခဲ့ပြီ"

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်၊ ကျောက်မိုင်းကို ယင်းတလဲက မတိုက်ဘူးဆိုတာ မောင်မောင် ယုံပါ"

"အစ်မတော်ခင်ခင်ကြီးကို မောင်မောင်တို့မယုံဘူး"

"သူတစ်ယောက်ထဲသဘောနဲ့ ကျောက်မိုင်းကိုမတိုက်နိုင်ပါဘူး"

"သူတို့ကမတိုက်လည်း မောင်မောင်တို့ကတော့ ယင်းတလဲကို တိုက်ရလိမ့်မယ်"

"အို··မဟုတ်ဘူး"

"ဟုတ်တယ် နမတော်"

"မောင်မောင်တို့ ဘယ်လိုဖြစ်နေကြတာလဲ၊ မြို့ဟောင်းမှာ ကုလားဖြူတပ်တွေ ရောက်နေတယ်ဆိုတာ မောင်မောင်တို့ မသိဘူးလား"

"သိတာပေါ့၊ အစ်မတော်ခင်ခင်ကြီးတို့က ဖိတ်ခေါ်လို့ မြို့ဟောင်းကို ကုလားဖြူ တပ်တွေ ရောက်နေတာပဲပေါ့၊ မကြာခင်မှာ ကုလားဖြူတပ်တွေနဲ့ ယင်းတလဲတပ်တွေ ပေါင်းပြီး မောင်မောင်တို့ကျောက်မိုင်းကို တိုက်ကြလိမ့်မယ်၊ သဟာကြောင့် သူတို့ မတိုက်ခင်မှာ မောင်မောင်တို့က လက်ဦးအောင် အရင်တိုက်ကြရမယ်"

"သည်လိုဆိုရင် ဘာပြုလို့ ယင်းတလဲကိုတိုက်မလဲ၊ မြို့ဟောင်းကို တိုက်ကြ ပါလား မောင်မောင်"



"မြို့ဟောင်းကို မောင်မောင်တို့တိုက်နေတုန်း ကျောက်မိုင်းကို အစ်မတော် ခင်ခင်ကြီးတို့ ဝင်သိမ်းသွားရင် ဘယ့်နှယ်လုပ်မလဲ"

"သူတို့ သည်လိုမလုပ်ပါဘူး"

"နမတော် ဘယ်လိုလုပ်ပြီး တာဝန်ခံနိုင်မလဲ"

သည်မေးခွန်းကို တစ်ယောက်က မေးလာပြန်ချေပြီ။

"နမတော် တာဝန်ခံတယ်၊ နမတော်သိတယ်၊ ယင်းတလဲက ကျောက်မိုင်းကို မတိုက်ဘူး၊ တကယ်လို့ တိုက်မယ်ဆိုရင် နမတော်ကိုယ်တိုင် မောင်ကြီးတို့တပ်ဦးကနေ တိုက်မယ်"

"နမတော်ကို မောင်မောင်ယုံပါတယ်၊ သဟာပေမယ့် အစ်မတော်ခင်ခင်ကြီးကို မယုံဘူး"

"ခက်တော့တာပါပဲ၊ မောင်မောင်တို့ တံခွန်တိုင်မောင်နှမတွေဟာ တကယ့်ကို ခက်တာပဲ"

"နမတော်စောဉမ္မာ ဘေးကင်းရန်ကင်းနေပါ၊ မောင်မောင်တို့ကတော့ ရန်သူကို တိုက်ရမှာပဲ"

"မောင်မောင်တို့ဘာသာ တိုက်ချင်တိုက် မတိုက်ချင်နေ၊ နမတော်ကတော့ နောက်ဖြန်သဘက်မှာပဲ မြို့ဟောင်းကိုတိုက်မယ်"

စောဉမ္မာ ဟစ်အော်လိုက်သည်။

မောင်မောင်လတ် ဘာမျှပြန်မပြော။

တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

မောင်မောင်လတ် ချာခနဲလှည့်ထွက်သွားသည်။

စောဉမ္မာ ပြောလိုက်မည်ပြုပြီးမှ ကျောက်ရုပ်ကြီးလို ရပ်နေသည်။

ငွေလရောင်ဝယ် ကပိုကရို ကန့်ကလျကလေး။

## ၉ ၀ အလှည့်အပြောင်း [ က ]

မြို့ဟောင်းခံတပ်တွင် စွဲရပ်ထားသော အင်္ဂလိပ်တပ်များမှာ အမှတ် ၁၁ ဘင်္ဂလားခြေလျင် ဘက်ရင်းမှ တပ်ခွဲ ၃၊ ဘုံဘေအမြောက်တပ်ရင်းမှ တပ်စု ၁၊ ဓာရပ် မြင်းစီးလှံကိုင်တပ်မှ

www.burmeseclassic.com

www.burmeseclassic.com



အထူးတပ်စိတ် ၂ စိတ်၊ ဆပ္ပားမိုင်းနား တပ်ခွဲ ၁ ခွဲနှင့် ရှေ့တန်းစစ်ဦးစီးအဖွဲ့ရုံးတို့ ပါရှိသည်။ ခံတပ်မှူးမှာ ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်၏ စစ်ဦးစီးအရာရှိတစ်ဦးဖြစ်သော မေဂျာဘတ်ကနီး ဖြစ်သည်။

မေဂျာဘတ်ကနီးသည် ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်၏ စစ်ဦးစီးအရာရှိများတွင် အသက်အငယ်ဆုံးနှင့် အတက်ကြွဆုံးအရာရှိတစ်ဦး ဖြစ်သည်။ သူသည် အာရှတိုက်ဆိုင်ရာ စစ်ပွဲများအတွက် အထူးလေ့ကျင့်သင်ကြားထားသူ ဖြစ်သည်။ အထူးသဖြင့် တပ်ဖျောက်တပ်ပုန်း တိုက်ခိုက်နည်းများတွင် ကျွမ်းကျင်သည်။

မြို့ဟောင်းခံတပ်၏ စစ်ရေးတာဝန်မှာ ရန်သူနယ်မြေကို တက်ရောက်သိမ်းပိုက်ရန်မဟုတ်ချေ။ ရန်သူအခြေအနေကို စုံစမ်းထောက်လှမ်းရန်နှင့် ရန်သူတို့က လာရောက်တိုက်ခိုက်သည်ကို ခုခံရန်သာဖြစ်သည်။ မြို့ဟောင်းခံတပ်တွင် မိမိတို့တပ်များ ချထားလျှင် မြန်မာတပ်များက ပိုင်းဝန်းပိတ်ဆို့ကာ တိုက်ခိုက်လာလိမ့်မည်ဟု စစ်ဌာနချုပ်က မျှော်လင့်တွက်ဆထားသည်။ ရန်သူ၏အင်အားကို တိုက်စစ်ဖြင့်မချေမှုန်းဘဲ ခံစစ်ဖြင့် ချေမှုန်းရန်ဖြစ်သည်။

မေဂျာဘတ်ကနီးသည် မြို့ဟောင်းခံတပ်ကို တည်ကြက်အဖြစ် အသုံးပြုမည် ဖြစ်သဖြင့် ခံတပ်ပတ်ပတ်လည်တွင် ကင်းပုန်းများချထားသည်။ လျှို့ဝှက်ကတုတ်ကျင်းများ တူးထားသည်။ တပ်စိတ်လိုက် တပ်စုလိုက် ဖျောက်ဖြန့်ထားသည်။

မြန်မာတပ်များသည် ညအခါတွင် အလစ်ဝင်ရောက်စီးနင်းတတ်သဖြင့် ညတိုက်ပွဲအတွက် အထူးပြင်ဆင်ထားသည်။ ညအခါတွင် ခံတပ်တွင်း၌ မှုံးယစ်ဆူညံသံများ ဖြစ်စေပြီး ကင်းပုန်းတပ်ပုန်းများကို အထူးသတိရှိစေသည်။

မိမိတို့တပ်များရောက်ရှိပြီး နှစ်ရက်သုံးရက်အတွင်းမှာပင် မြန်မာတပ်များ အလုံးအရင်းနှင့် ဝိုင်းဝန်းတိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်ယူဆထားသော်လည်း တစ်ပတ်တိတိပြည့်သွားသည်အထိ မြန်မာတပ်များ၏ အရိပ်အယောင်ကို မတွေ့ရှိရသောအခါ မေဂျာဘတ်ကနီး အံ့သြရသည်။

နောက်တွင်မှ မြန်မာတို့သည် အချင်းချင်း မညီညွတ် မသင့်မတင့်ရှိနေကြသဖြင့် မိမိတို့ကို မတိုက်ခိုက်နိုင်ဘဲ သူတို့အချင်းချင်း ရန်စောင်လျက်ရှိကြကြောင်းကို တိုင်းရင်းသားအထောက်တော်များထံမှ သတင်းပေးပို့သဖြင့် သိရှိရသည်။

ထိုအခါ မေဂျာဘတ်ကနီးသည် မြန်မာတို့ကို စစ်မြူသည့်အနေဖြင့် တိုက်ကင်းများ စေလွှတ်လျက်ရှိသည်တို့ကို မနက်ဖြန်မှစတင်ပြီး ခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်သည်။ မိမိတို့၏တိုက်ခိုက်မှုကြောင့် သူတို့အချင်းချင်း ပြန်လည်သင့်မြတ်မသွားစေရန်ဖြစ်သည်။



မေဂျာဘတ်ကနီးသည် အခြေအနေအရပ်ရပ်ကို စစ်ဌာနချုပ်သို့ သတင်းပို့လိုက်သည်။ ဆက်လက်ဆောင်ရွက်ရန် အမိန့်တောင်းခံသည်။ သူသည် အောက်စဖို့တက္ကသိုလ်မှ သမိုင်းပညာရပ်များကို သင်ကြားခဲ့သူတစ်ဦးဖြစ်သည့်အလျောက် ယခုလို အခြေအနေမျိုးတွင် စစ်ရေးထက် နိုင်ငံရေး နည်းပရိယာယ်များ အသုံးပြုသင့်သည်ဟု ယူဆသည်။

ထို့ပြင် လသာသောရက်များဖြစ်သဖြင့် မြန်မာတပ်များ တိုက်ခိုက်လာရန် အကြောင်းနည်းပါးသည်။ မြန်မာတို့သည် အမှောင်ကိုအသုံးပြုပြီး မီးတုတ်များဖြင့် တိုက်ခိုက်တတ်ကြသည်။

မနက်ဖြန်ဆိုလျှင် လျှို့ဝှက်ကတုတ်ကျင်းများတွင် ချထားသော တပ်ပုန်းကင်းပုန်းအချို့ကို ပြန်လည်ရုပ်သိမ်းပြီး တစ်ပတ်ခန့် အနားပေးရန် မေဂျာဘတ်ကနီး စိတ်ကူးထားသည်။

[ ၈ ]

ညသည် လရောင်ဖြင့် လင်းဝါလျက်ရှိသည်။

မေဂျာဘတ်ကနီးသည် အမှတ် ၃ အမြောက်စင်တွင် မတ်တပ်ရပ်လျက် အဝေးတွင် ငြိမ်သက်လျက်ရှိသော ကွင်းပြင်ဆီသို့ ငေးမောလျက်ရှိသည်။

မြို့ဟောင်းခံတပ်ဝန်းကျင်သည် မိမိဇာတိမြို့ ကင်းစတာန်နှင့်တူသည်ဟု ခံစားနေမိသည်။ မြို့ဟောင်းခံတပ်သည် ကင်းစတာန်ရဲတိုက်ကြီးလို မြင့်မားခြင်းမရှိသော်လည်း တောင်ကုန်းပေါ်တွင် တည်နေပုံကား တူညီလှသည်။

မိမိငယ်စဉ်က ကင်းစတာန်ရဲတိုက်ကြီးအနီးတွင် ဦးလေးဂျွန်တို့နှင့် ယုန်လိုက်ခဲ့သည့်အဖြစ်ကို မေဂျာဘတ်ကနီး အမှတ်ရနေသည်။

ဘလုးဘယ်ရီခြုံကလေးတွေကို တုတ်နှင့်ရိုက်ပုတ်လိုက်သောအခါ ယုန်ကလေးတွေ ခုန်ထွက်ပြေးကြသည်။ အမဲလိုက်ခွေးကြီး ဂျက်ဒေါ်သည် ယုန်လိုက်ရမည်ဆိုလျှင် ပျော်နေသည်။

မြို့ဟောင်းခံတပ်ဝန်းကျင်တွင်လည်း ယုန်အညိုကလေးတွေ အများအပြားရှိသည်။ ယခုလို လသာသာနှင့် ယုန်လိုက်ရလျှင် အဘယ်မျှ ပျော်ရွှင်ဖွယ်ရာ ကောင်းလေမည်နည်း။

မြန်မာတွေ ယုန်လိုက်သည်ကိုလည်း မိမိမြင်တွေ့ဖူးသည်။ ညဘက်ထွင် ဝါးလုံးထိပ်မှာ ခေါက်ကာ မီးတုတ်ကြီးတွေ ဝှေ့ကာရမ်းကာနှင့်။

မေဂျာဘတ်ကနီး ဆတ်ခနဲ ခါးစန့်သွားသည်။ အဝေးတစ်နေရာတွင် တစ်စုံတစ်ခု အမှတ်မထင် မြင်တွေ့လိုက်ရ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်များနှင့် ယှဉ်လိုက်သည့်အကြောင်းကို စဉ်းစားနေစဉ်မှာပင် ကွင်းအဆုံး သစ်တောစပ်တွင် မီးတုတ်တစ်ခုကို သူတွေ့မြင်လိုက်ရသည်ဟု ထင်သည်။

မေဂျာဘတ်ကနီး သေသေချာချာ ကြည့်သည်။

ဟုတ်သည်။ မီးတုတ်တစ်ခုပင်ဖြစ်သည်။ မီးတောက်သည် လေတွင် လှုပ်ရှား လူးတ်ရှိသည်။ မီးတုတ်သည် ကွင်းပြင်တွင်းသို့ တဖြည်းဖြည်းဝင်ရောက်လာနေသည်။

မေဂျာဘတ်ကနီး မယုံကြည်နိုင်သဖြင့် ထပ်မံပြီး အသေအချာကြည့်လိုက်သည်။

မီးတုတ်မှ မီးတုတ်အစစ်။

တစ်ခုတည်းမဟုတ်ပါ။ နှစ်ခု-သုံးခု-လေးခု…အများကြီး။

ဟိုနေရာသည်နေရာတွင် မီးတုတ်တွေ မြင်ရသည်။ လူရိပ်သဏ္ဍာန်များလည်း ခပ်ရေးရေး မြင်ရသည်။ မြန်မာတွေ မီးတုတ်တွေနှင့်။

ဘာလုပ်နေကြသနည်း။

ယှန်လိုက်ကြမလို့လား။

အရူးတွေပဲ။ စစ်နယ်မြေဆိုတာ သူတို့မသိဘူးလား။ ရှေ့သို့ နောက်ထပ် အနည်း ငယ်မျှတိုးလာလျှင် မိမိတို့၏ကင်းပုန်းများနှင့် သူတို့တွေ့ရှိကြပေတော့မည်။

သနားစရာကောင်းလိုက်တဲ့ တိုင်းရင်းသားတွေ။

မေဂျာဘတ်ကနီး ကြည့်နေသည်။ မီးတုတ်တွေ တော်တော်များသည်။ တော စပ်တစ်ခုလုံးတွင်ဖြစ်သည်။ မီးစက်ဝိုင်းကြီးပမာဖြစ်သည်။

ယခုအထိတော့ ဘာသံမျှမကြားရသေး။

ဝါးလုံးခေါက်သံများလည်း မကြားရ။ ပစ်ခတ်သံများလည်း မကြားရ။ ကင်းပုန်း များသည် လှို့ဖွက်ကတုတ်ကျင်းများအတွင်းမှ သားကောင်ကို ချောင်းသကဲ့သို့ ချောင်း နေကြပေမည်။

ခံစစ်ကြောင်းအတွင်းသို့ နက်ရှိုင်းစွာဝင်လာသည်နှင့်တစ်ပြိုင်နက် ကင်းပုန်းများ က ပစ်ခတ်တိုက်ခိုက်ကြပေလိမ့်မည်။

ရန်သူ သူပုန်များပင်ဖြစ်စေ၊

ယှန်လိုက်သူ ရွာသားများပင်ဖြစ်စေ၊

သူတို့တွင် ပစ်မိန့်ရှိသည်။

မေဂျာဘတ်ကနီး မီးတုတ်များကို ငေးမျှော်ပြီး ကြည့်နေစဉ် သူရှိရာသို့ တစ်စုံ တစ်ယောက် ရေးကြီးသုတ်ပျာလာရောက်နေသည်ကို တွေ့ရသည်။

ရှေ့တန်းမှူး လက်ဖတင်နင် ဖော်ရက်စတာ။

ဖော်ရက်စတာသည် မေဂျာဘတ်ကနီးအနီးသို့ ရောက်ရှိသောအခါ ခြေစုံရိုက်ပြီး အလေးပြုလိုက်သည်။



"မီးတုတ်တွေကို မေဂျာမြင်တွေ့ပြီ ထင်ပါတယ်"

"ဟုတ်တယ်၊ ငါတွေ့ပြီးပြီ၊ သူတို့ယှန်လိုက်ကြမလို့ မဟုတ်လား"

မေဂျာဘတ်ကနီး၏အမေးကြောင့် လက်ဖတင်နင် ဖော်ရက်စတာ အနည်းငယ် ကြောင်အမ်းသွားဟန်ရှိသည်။

ပြီးမှ…

"သူတို့ ယှန်လိုက်ကြတာမဟုတ်ပါဘူး"

"ဒါဖြင့် သူတို့ဘာလုပ်နေကြတာလဲ၊ ဘာသာရေးပွဲတစ်ခုလား"

"မဟုတ်ပါဘူးမေဂျာ၊ သူတို့ ကျွန်တော်တို့ကို တိုက်မလို့ လာရောက်ကြတာ ဖြစ်ပါတယ်"

"ဒမ်ဘလယ်ဒီဖူး"

"သူတို့ လူအင်အားအတော်များပါတယ်၊ သေနတ်ကိုင်တပ်သားတွေလည်း ပါပါတယ်၊ မြင်းတွေ ဆင်တွေလည်း ပါပါတယ်"

"အရူးပဲ၊ သူတို့ အရူးပဲ၊ စစ်တိုက်တာ သူတို့ ဒီလိုတိုက်မလား"

"လူအင်အားနဲ့ အတင်းဝင်ရောက်တိုက်ခိုက်မယ်လို့ ယုံကြည်ရပါတယ်၊ မေဂျာ နားထောင်ကြည့်ပါ၊ မောင်းသံတွေ ကြားနေရတယ်"

ဟုတ်သည်။ အောင်စည်အောင်မောင်းများ တီးလျက်ရှိကြသည်။

"သူတို့တက်လာရင် သူတို့အားလုံးသေမှာပဲ"

မေဂျာဘတ်ကနီးက ပြောသည်။

"အခုတော့ သူတို့ တပ်ချပြီး တပ်နားနေကြပါတယ်၊ ကျွန်တော်တို့က အရင် တိုက်ရမလား"

"နိုး-နိုး…သူတို့ လာပါစေ၊ ထောင်ချောက်ထဲကိုရောက်လာမှ ပစ်ပါ"

ယင်းအခိုက်တွင် ရှေ့ဆုံးကင်းစခန်းမှ ဒုတပ်ကြပ်ကလေး ဟယ်ရီ ရောက်ရှိလာ သည်။

"ရန်သူတွေ တပ်ချပြီး ကတုတ်ကျင်းတွေ တူးနေကြပါတယ်"

"ဘလယ်ဒီဖူး"

"တပ်ဦးချင်းဆိုင်ပြီး တစ်မိုးစီမံ တိုက်ကြမယ်နဲ့တူတယ်"

မေဂျာဘတ်ကနီး စဉ်းစားသည်။ ရန်သူက မိမိတို့ထောင်ချောက်ထဲ ဝင်မလာဘဲ အဝေးမှ တပ်စခန်းတွင် စခန်းအခိုင်အမာချလာလျှင် ဘာလုပ်ရမည်နည်း။

မိမိတို့က သွားရောက်တိုက်ခိုက်ရမည်လား။ ယင်းသို့ဆိုလျှင် စစ်အနေအထား

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားမည်။

ခံစစ်မှ တိုက်စစ်ဖြစ်သွားမည်။

ရန်သူ၏ထောင်ချောက်ထဲသို့ မိမိတို့ ရောက်ရှိသွားနိုင်သည်။

မိမိတို့ ကင်းပုန်းများချထားသည်ကို ရန်သူ သိရှိသွားချေပြီလား။

"ရန်သူအင်အား ဘယ်လောက်ရှိသလဲ"

မေဂျာဘတ်ကနီးက ဒုတပ်ကြပ်ဟယ်ရီကို မေးသည်။

"အတိအကျ မပြောနိုင်ပါ၊ တော်တော်များတယ်"

"ရန်သူတပ်မှူးကို တွေ့ရသလား"

"တွေ့ရပါတယ်"

"ဘယ်သူလဲ၊ ယင်းတလဲ မင်းသိဒ္ဓိလား"

"မဟုတ်ပါဘူး၊ အမျိုးသမီးတစ်ယောက် ဖြစ်ပါတယ်"

"ဒမ်ဘလယ်ဒီဖူး"

မေဂျာဘတ်ကနီး တတိယအကြိမ် ကျိန်ဆဲလိုက်သည်။

"တံခွန်တိုင်ခင်ခင်လေး ဖြစ်မယ်ထင်တယ်"

လက်ဖတင်နှင် ဖော်ရက်စတာက ခန့်မှန်းသည်။ သူတို့သည် ယင်းတလဲမင်းသိဒ္ဓိနှင့် တံခွန်တိုင်မောင်မောင်လတ်တို့၏ သတင်းများကို စုဆောင်းလေ့လာထားပြီး ဖြစ်သည်။

"ယင်းတလဲမင်းသိဒ္ဓိမှာ နမတစ်ယောက်ရှိတယ်၊ သူလည်း တပ်မှူးတစ်ယောက်ပဲ"

ဒုတပ်ကြပ်ဟယ်ရီက ပြောသည်။

"ဒမ်ဖူးဝူးမင်း"

ရန်သူတပ်မှူးသည် အမျိုးသမီးတစ်ယောက်ဟု သိရှိရသဖြင့် မေဂျာဘတ်ကနီး ဒေါပွနေသည်။ သူ့သိက္ခာကို ထိခိုက်သည်ဟု ယူဆနေသည်။

"လာ..သွားကြမယ်၊ ငါကိုယ်တိုင် ကြည့်မယ်"

မေဂျာဘတ်ကနီး စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားသည်။ လက်ဖတင်နှင် ဖော်ရက်စတာနှင့် ကော်ပရယ်ဟယ်ရီတို့ ထိတ်လန့်တုန်လှုပ်စွာ လိုက်ပါသွားကြသည်။

လရောင်လင်းနေသည်။

မီးတုတ်တွေဝင်းနေသည်။

မြို့ဟောင်းခံတပ်နယ်မြေတစ်ခုလုံး လှုပ်ရှားလျက်ရှိချေပြီ။ မြန်မာအမျိုးသမီးတစ်သိုက် ခေါင်းဆောင်သော မျိုးချစ်အင်အားစုများ။



[ ၈ ]

မေဂျာဘတ်ကနီးသည် ခံတပ်အတွင်းမှထွက်ပြီး ရင်ခေါင်းခန့်နက်သော လျှို့ဝှက်ကတုတ်ကျင်းလမ်းအတိုင်း အပြင်ခံစစ်ကြောင်းသို့ သွားရောက်သည်။

ကတုတ်ကျင်းများ ကတုတ်လမ်းများသည် ခံတပ်ပတ်ဝန်းကျင်၌ ဝက်ဘာသဖွယ် မြွေလိမ်မြွေကောက် တူးဖောက်ထားသည်။

မေဂျာဘတ်ကနီးသည် အစွန်ဆုံးကတုတ်ကျင်းသို့ ရောက်ရှိလာသောအခါ မြန်မာတို့၏ လှုပ်ရှားမှုများကို သဲကွဲစွာ မြင်တွေ့ရသည်။

မြန်မာတို့သည် မိမိတို့ ကတုတ်ကျင်းများ တူးထားသည်ကို သိကြဟန်ရှိသည်၊ ရှေ့သို့တိုးမလာဘဲ သေနတ်တစ်ထောက် မြားတစ်ထောက်တွင် ကတုတ်ကျင်းများ တူးလျက်ရှိကြသည်။

မိမိတို့၏ ကတုတ်ကျင်းခံစစ်တို့ကို သူတို့၏ကတုတ်ကျင်းများဖြင့် ဝိုင်းရံကာ ထိတ်ဆိုင်တိုက်ခိုက်ကြမည်လား။

ယင်းသို့ဆိုလျှင် မိမိ မည်သို့ပြုရမည်နည်း။ သူတို့၏ကတုတ်ကျင်းများမပြီးမီ အလျင်တိုက်ခိုက်ရမည်လား။

မေဂျာဘတ်ကနီး ခေါင်းခြောက်စပြုလာသည်။ သူသည် ကတုတ်ကျင်းများ အနီးမှနေ၍ မြန်မာစစ်သားတို့၏ လှုပ်ရှားမှုများကို စူးစိုက်ပြီးကြည့်နေသည်။ နဖူးကြောကြီးများ ထောင်နေသည်။

မြန်မာစစ်သားများ ကတုတ်ကျင်းတူးနေကြသည်ကို လိုက်လံစစ်ဆေးလျက်ရှိသော သူတို့၏ တပ်မှူးအမျိုးသမီးကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ မေဂျာဘတ်ကနီး ဆွေ့ဆွေ့ခုန် ဒေါပွရတော့သည်။

တပ်မှူးအမျိုးသမီးသည် ရှည်လျားတောက်ပြောင်သော တဘက်ကြီးတစ်ထည်ကို ကိုင်ကာ လှည့်လည်သွားလာလျက်ရှိသည်။ သူမ၏အဝတ်အစားများမှာလည်း အလားတူ ပြောင်လက်လျက်ရှိသည်။

အရပ်အမောင်းကောင်းပြီး ကြံ့ခိုင်သော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း မေဂျာဘတ်ကနီး တွေ့ရှိနေရသည်။

သည်မိန်းမ မည်သူနည်း။

မန္တလေးအနီးတစ်ဝိုက် တိုက်ပွဲများတွင် မိမိတို့ကို ဒုက္ခများစွာပေးခဲ့သော တံခွန်တိုင်ခင်ခင်လေးလော။ ယင်းတလဲမင်းသမီးလေး စောဥမ္မာဆိုသူလော။

ယခုတိုင် ကွဲကွဲပြားပြား မသိရသေးပါ။

ထို့ကြောင့် မေဂျာဘတ်ကနီးက တိုင်းရင်းသားစကားပြန် ဦးလူကလေးကို

www.burmeseclassic.com

www.burmeseclassic.com



အခေါ်ခိုင်းသည်။ ဦးလူကလေး ရောက်ရှိလာသောအခါ မေဂျာဘတ်ကနိုးက လရောင်ထဲတွင် တည်ငြိမ်ရဲရင့်စွာ လှုပ်ရှားနေသော အမျိုးသမီးကို လက်ညှိုးထိုးလျက်--

"လူကလေး အဲဒီမိန်းမ ဘယ်သူလဲ"

"တံခွန်တိုင်ခင်ခင်ကြီးပါဘုရား"

"ဘာ"

မေဂျာဘတ်ကနိုး အော်လိုက်သဖြင့် ဦးလူကလေးနှင့်တကွ လက်ဖတင်နှင့်ဖော်ရက်စတာတို့ပါ ထိတ်လန့်သွားကြသည်။

"တံခွန်တိုင်ခင်ခင်ကြီးပါဘုရား"

ဦးလူကလေးက ထပ်ပြောသည်။

မေဂျာဘတ်ကနိုးသည် တံခွန်တိုင်ခင်ခင်ကြီးဟူသော အမျိုးသမီးကို မယုံကြည်နိုင်ဟန်ဖြင့် အတန်ကြာ ငေးစိုက်ပြီးကြည့်နေသည်။

တံခွန်တိုင်ခင်ခင်ကြီးသည် တစ်ချိန်တုန်းက နေပြည်တော်တွင် သူတို့လူဖြစ်ခဲ့သည်။ တံခွန်တိုင်တိုက်ပွဲအတွင်း ပျောက်ဆုံးသွားပြီးနောက် များမကြာမီ ယင်းတပ်ထဲ ရောက်ရှိနေကြောင်း ကြားသိရသည်။ သို့သော် မိမိတို့ကို ဤအမျိုးသမီးကိုယ်တိုင် တွပ်ကဲအုပ်ချုပ်ပြီး တိုက်ခိုက်လာလိမ့်မည်ဟုကား မေဂျာဘတ်ကနိုး မျှော်လင့်မထားခဲ့ပါ။

မြန်မာတပ်များ လက်နက်ချစေရန် ဤအမျိုးသမီးမှတစ်ဆင့် ပြုလုပ်သင့်သည်ဟု မန္တလေးမှအကြံပေးလိုက်သည်။ သူတို့၏အကြံပေးချက်အရ ကတော်ဟောင်းတစ်ယောက်ကို ဤအမျိုးသမီးထံ စေလွှတ်ထားခဲ့သည်။

ယခုမူ ဤအမျိုးသမီးသည် မိမိတို့ကို ဗိုင်းရံပိတ်ဆို့တိုက်ခိုက်ရန် အားထုတ်လျက်ရှိချေပြီ။

မေဂျာဘတ်ကနိုး ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာလိုက်သည်။ ထို့နောက် အနီးတွင်ရှိသော စစ်သားတစ်ယောက်၏လက်မှ ရိုင်ဖယ်သေနတ်ကို ဆွဲယူလိုက်သည်။ ကတုတ်ကျင်းနှုတ်ခမ်းတွင် ပြောင်းကိုတင်ပြီး ရွှေလရောင်တွင် မားမားလျားလျားကြီးရှိနေသော တံခွန်တိုင်ခင်ခင်ကြီးထံသို့ ချိန်ထားလိုက်သည်။

ယင်းအခိုက်တွင် သေနတ်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တိတ်ဆိတ်သောညကို ဖြိုခွင်းပြီး ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းသွားသည်။

သေနတ်သံသည် မေဂျာဘတ်ကနိုး၏ သေနတ်ပြောင်းဝမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။ မြန်မာတပ်များဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မေဂျာဘတ်ကနိုး မှင်သက်မိလျက်ရှိသည်။



မိမိက စတင်ပစ်ခတ်မည်ရှိစဉ် ရန်သူက အလျင်ဦးအောင် ပစ်ခတ်ချေပြီလား၊ မိမိအကြံအစည်ကို မြန်မာမိန်းမ သိချေပလား။

နောက်ထပ် သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

မေဂျာဘတ်ကနိုးမှတစ်ပါး ကတုတ်ကျင်းအတွင်းရှိ လူများအားလုံး ခေါင်းငုံ့ပြီး ဒိုမ်းရှောင်လိုက်ကြသည်။

သို့သော် ပိုရ၍အံ့သြစရာကောင်းသည်မှာ သူတို့ထံသို့ သေနတ်ကျည်ဆံများ ရောက်လာသည်ကို မတွေ့ရပါ။

မြန်မာများက မည်သည့်အရပ်သို့ ပစ်နေကြသနည်း။ မေဂျာဘတ်ကနိုး ရုတ်တရက် စဉ်းစားမရရှိနေသည်။

မြန်မာတပ်များဆီသို့ မေဂျာဘတ်ကနိုး လှမ်းကြည့်သည်။ မြန်မာတပ်သားများ အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ သို့သော် မိမိတို့ထံသို့ သေနတ်များနှင့် ပစ်ခတ်သည့် ပုံပန်းသဏ္ဌာန်မရှိပါ။

တံခွန်တိုင်ခင်ခင်ကြီးကိုလည်း တောင်ကုန်းတစ်ခုထက်တွင် မလှုပ်မယှက် ကျောက်ဆစ်ရုပ်ကြီးလို ရပ်နေသည်ကို တွေ့မြင်ရသည်။

အလှနတ်သမီးရုပ်တုလားဟု ထင်မှတ်မှားရသည်။

လက်ဖတင်နှင့်ဖော်ရက်စတာတို့သည် သူ့ထံမှအမိန့်ကို စောင့်စားနေကြသည်။ သို့သော် မေဂျာဘတ်ကနိုး မည်သည့်အမိန့်မျှ မပေးပါ။

သေနတ်သံများ ဆက်လက်ထွက်ပေါ်နေသည်။ မြန်မာတပ်များ၏ နောက်ဘက်မှ ထွက်ပေါ်နေကြောင်း မေဂျာဘတ်ကနိုး သတိပြုမိသည်။ မြန်မာတို့၏ အော်ဟစ်သံများ ကြားရသည်။ သေနတ်သံများ ပိုမိုများပြားလာသည်။

သိပြီ။ ဖြစ်ရပ်မှန်ကို မေဂျာဘတ်ကနိုး ယခုမှသိရှိသည်။

ညဦးပိုင်းက တိုက်ကင်းအဖွဲ့နှစ်ဖွဲ့ ရန်သူနယ်သို့ စေလွှတ်ခဲ့သည်။ ယင်းတိုက်ကင်းအဖွဲ့များ ပြန်အလာတွင် မြန်မာတို့၏ နောက်ပိုင်းတပ်များနှင့်တွေ့ဆုံပြီး ရှောင်တခင် တိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။

တိုက်ပွဲသည် မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့ချေပြီ။ ယခုမှတော့ တိုက်ပွဲကို တိမ်းရှောင်၍မရတော့။ အချိန်ဆွဲနေ၍မရတော့။ ရန်သူများ ထောင်ချောက်တွင်းသို့ ရောက်အောင် စောင့်စားနေ၍မရတော့။

မိမိတို့၏ တိုက်ကင်းအဖွဲ့များသည် ရန်သူနောက်ပိုင်းကို တိုးမိချေပြီ။ ရန်သူက အရှိန်အဟုန်ပြင်းပြင်းနှင့် နောက်ပြန်နင်းခဲ့လျှင် တိုက်ကင်းအဖွဲ့များ ကြေမွပျက်စီးသွားနိုင်သည်။

မေဂျာဘတ်ကနိုး တိုက်မိန့်ပေးလိုက်သည်။ မိမိ၏လက်ထဲမှသေနတ်ကို ပထမ

www.burmeseclassic.com



ဆုံး ပစ်ဖောက်လိုက်သည်။ မိမိတို့ဘက်မှ သေနတ်သံများ တစ်ပြိုင်နက်တည်း ဟိန်းထွက်သည်။

တမုဟုတ်ချင်းဆိုသလိုပင် မြန်မာတို့က တုန့်ပြန်ပစ်ခတ်သည်။ ကျည်ဆံများ ရောက်ရှိလာသည်။ သူတို့အနီးတွင် ပျားအုပ်ကြီးများ ပျံသန်းလာချေပြီ။

တောင်ကမူထက်တွင် အလှနတ်သမီး ကျောက်တုရုပ်ကဲ့သို့ရှိနေသော တံခွန်တိုင်ခင်ခင်ကြီး ရုတ်တရက်လှုပ်ရှားလာပြီး တစ်စုံတစ်ခုဟစ်အော်ကာ မိမိတို့ဘက်သို့ ပြေးတက်လာသည်ကို မေဂျာဘတ်ကနီး တွေ့မြင်ရသည်။

တံခွန်တိုင်ခင်ခင်ကြီး၏နောက်မှ မြန်မာစစ်သားများ အလုံးအရင်းနှင့် ပြေးတက်လာကြသည်။

မိမိတို့ထောင်ချောက် ကတုတ်ကျင်းများအတွင်းသို့ မြန်မာတပ်သားများ ဆင်းရောက်လာကြပြီ။

မေဂျာဘတ်ကနီးသည် တံခွန်တိုင်ခင်ခင်ကြီးကို ချိန်ရွယ်ကာ သေနတ်ခလုတ်ကို ဆွဲလိုက်သည်။

လရောင်တွင် တဖျတ်ဖျတ်တလက်လက်ရှိနေသော မြန်မာအမျိုးသမီး လဲသွားသည်ကို တွေ့မြင်ရသဖြင့် မေဂျာဘတ်ကနီး ကတုတ်ကျင်းပေါ်သို့ ခုန်တက်လိုက်သည်။ သူ၏တပ်သားများကိုလည်း တက်ဟု အမိန့်ပေးလိုက်သည်။

[ ၁၁ ]

တော့ဥမ္မာ တောင်နီသို့ပြန်သွားပြီး များမကြာမီတွင် လက်ျာမြင်းစုတပ်၊ သေနတ်ခန်းတပ်နှင့် လက်ရွေးတော်တပ်တို့ကို စစ်ထွက်ရန် တံခွန်တိုင်ခင်ခင်ကြီး အမိန့်ပေးသည်။

ဗိုလ်မှူး တပ်မှူးများနှင့်တကွ စစ်သည်ရဲမက်များအားလုံး အံ့အားသင့်ကြသည်။ တံခွန်တိုင်ခင်ခင်ကြီး၏အမိန့်ကို နားမလည်နိုင်ရှိကြရသည်။

ကျောက်မိုင်းတိုက်ခိုက်ရေးကို ရွှေ့ဆိုင်းထားရန် ညီလာခံသဘင်တွင် သူ့အရှင်က အမိန့်တော်ချမှတ်ခဲ့ပြီ မဟုတ်ပါလား။

ယင်းတလဲသခင်ကြီး၏အမိန့်ကို ခင်ခင်ကြီး လွန်ဆန်ချေပြီလား။

သို့သော် ဗိုလ်မှူး တပ်မှူးများသည် သခင်မကြီးကိုလည်း ကြောက်ရွံ့ကြဖြစ်၍ တစ်စုံတရာပြောရဲခြင်းမရှိကြ။ ဗိုလ်မှူးစိတ္တကသာလျှင်..

“ကျွန်တော်မျိုးတို့တပ်တွေ ဘယ်အရပ်ကို ချီတက်ရမှာလဲ သခင်မကြီး”

“ကျောက်မိုင်းနယ်စပ်ကို ချီတက်ကြရမယ်”

“သခင်ကြီးက ညီလာခံသဘင်မှာ ကျောက်မိုင်းတိုက်ရေးကို ရွှေ့ဆိုင်းထား



မဟုတ်လား”

“ကျွန်ုပ်က ကျောက်မိုင်းကိုတိုက်မည်ဟုပြောလို့လား ဗိုလ်မှူး”

ဗိုလ်မှူးစိတ္တ မပြောသာတော့။

ယင်းသို့ဖြင့် တံခွန်တိုင်ခင်ခင်ကြီးသည် လက်ရွေးစင်တပ်သုံးတပ်ကို ကွပ်ကဲကြပ်မတ်လျက် နယ်ခြားဒေသသို့ ချီတက်သွားသည်။ ဗိုလ်မှူးစိတ္တလည်း လိုက်ပါသွားသည်။

ယင်းကိစ္စကို တပ်များ မြို့တော်မှထွက်သွားပြီးသည့်နောက်ပိုင်းတွင်မှ ယင်းတလဲမင်းသိဒ္ဓိ သိရှိသည်။ သို့သော် တစ်စုံတရာပြောဆိုခြင်းမပြုဘဲ ခပ်မဆိတ်သာနေသဖြင့် ဗိုလ်မှူး တပ်မှူးများ သို့လောသို့လော ရှိကြရသည်။ တပ်များကို အသင့်ပြင်ဆင်ပြီး အမိန့်တော်ကို စောင့်ဆိုင်းနေကြသည်။ စစ်ထွက်သွားသော တပ်များအကြောင်း နားစွင့်နေကြရသည်။

လက်ရွေးစင် တပ်သုံးတပ်သည် အနောက်စူးစူးသို့ ချီတက်သွားကြရာ အင်တောကြီးတွင်းသို့ ရောက်ရှိသောအခါ နယ်စပ်ဒေသဖြစ်သော မောင်တော်နှမတော်တောင်များသို့ ဆက်လက်ချီတက်ခြင်းမပြုစေဘဲ တောင်ဘက်သို့ချီတက်ရန် ခင်ခင်ကြီးက အမိန့်ပေးသည်။

ထိုအခါ နယ်ခြားဒေသကို ရေမော်စိမ်းအရပ်မှ ဖြတ်ကျော်လိမ့်မည်ဟု ဗိုလ်မှူးစိတ္တတို့ မှတ်ယူကြသည်။ သို့သော် ရေမော်စိမ်းနှင့်တည့်တည့်သို့ ရောက်ရှိသောအခါ ရေမော်စိမ်းနယ်ခြားဒေသဘက်သို့ မချိုးကွေ့ဘဲ အရှေ့တောင်ယွန်းယွန်းသို့ ချီတက်စေသဖြင့် ဗိုလ်မှူးတပ်မှူးများ မည်သို့မျှ နားမလည်နိုင်ရှိရသည်။

“ကျွန်တော်မျိုးတို့တပ်တွေ ဘယ်အရပ်ကို ချီတက်ကြရမှာလဲ သခင်မကြီး၊ ကျောက်မိုင်းနယ်စပ်ကိုလည်း လွန်လာကြပြီ”

ဗိုလ်မှူးစိတ္တက မေးသည်။

“ကျွန်ုပ်မတို့ အခုအတိုင်း ဆက်သွားကြရင် ဘယ်ကိုရောက်မယ်ထင်သလဲ ဗိုလ်မှူး”

ခင်ခင်ကြီးက ပြန်၍မေးသည်။

ဗိုလ်မှူးစိတ္တ အနည်းငယ်မျက်မှောင်ကုပ်ပြီး..

“မြို့ဟောင်းကို ရောက်ကြပါမည်”

“အဲဒါပဲပေါ့ ဗိုလ်မှူး”

“ကျွန်တော်မျိုးတို့ ယခုမြို့ဟောင်းကို ချီတက်နေကြတာလား”

သေနတ်ဝန်က ထိတ်လန့်တကြားမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါသည် သေနတ်ဝန်မင်း"

ခင်ခင်ကြီးက ပြုံးလဲ့လဲ့ဖြင့် ဖြေကြားသည်။

"ကျွန်တော်မျိုးတို့ မြို့ဟောင်းကို တိုက်ကြရမည်လား"

သေနတ်ဝန်၏အသံ တုန်နေသည်။

"ကျွန်မတို့မြို့ဟောင်းကို အလည်အပတ်သွားကြဖို့ အကြောင်းမရှိပါဘူး"

ခင်ခင်ကြီး၏အသံ မာလာသည်။

သေနတ်ဝန် ခေတ္တမျှ တုန့်ဆိုင်းနေပြီးနောက်..

"မြို့ဟောင်းမှာ ကုလားဖြူကုလားမဲတွေ သုံးရာကျော်ရှိတယ်လို့ ကြားရပါတယ်"

"ကျွန်မတို့မှာလည်း လူသုံးရာကျော်တယ်မဟုတ်လား"

"ခံစစ်နဲ့ တိုက်စစ်ဖြစ်ပါတယ်၊ နောက်ပြီး သူတို့၏လက်နက်များ ကောင်းလှပါတယ်၊ သခင်မဘုရား ရှေ့လောကြီးမှာစိုး၍ လျှောက်ထားရခြင်းဖြစ်ပါတယ်"

"ကိစ္စမရှိပါဘူး သေနတ်ဝန်မင်း၊ စစ်တိုက်သည့်နေရာတွင် လူနှင့်လက်နက်တချည့် အဆုံးအဖြတ်ပေးသည်မဟုတ်ပါ၊ အခြားအရာများ ရှိပါသေးသည်"

သေနတ်ဝန်မင်းက ဗိုလ်မှူးစိတ္တတို့ကို ကြည့်သည်။ မည်သူကမျှ ဘာမျှမပြောပါ။ သူတို့၏မျက်နှာများတွင် တစ်စုံတရာပြောဆိုဟန်များ ရှိနေကြသော်လည်း ထုတ်ဖော်ပြောဆိုခြင်းမပြုကြပါ။

တပ်များ ဆက်လက်ချီတက်ခဲ့ကြသည်။

နေဝင်ရီတရောအချိန်တွင် မြို့ဟောင်းနှင့် တစ်တိုင်ကွာသို့ ရောက်ရှိကြသည်။

တပ်သုံးတပ်ကိုဖြန့်ပြီး ရပ်နားစေသည်။

ရှေ့ကင်းများမှ သတင်းပေးပို့သည်ကို စောင့်ဆိုင်းကြားနာပြီးနောက် ခင်ခင်ကြီးက ဗိုလ်မှူးတပ်မှူးများကို ပြောသည်။

"ဗိုလ်မှူးတပ်မှူးတို့..ကျွန်မတို့ အခုစစ်ထွက်ခဲ့ခြင်းဟာ အထူးပင် လျှို့ဝှက်ပါတယ်၊ မြို့ဟောင်းခံတပ်ကို ချီတက်မယ်ဆိုတာ တစ်ပါးသူများ မဆိုထားဘိ၊ ဗိုလ်မှူးတပ်မှူးတို့ပင်မသိခဲ့ကြပါ၊ ရန်သူများဆိုလျှင်ကား ပြောဖွယ်ရာမရှိပါ၊ ကျွန်မတို့ ယခုရောက်ရှိနေသည်ကိုလည်း ရန်သူများ မည်သည့်နည်းနှင့်မျှ သိရှိကြဦးမည်မဟုတ်ပါ။ သို့သော် ကျွန်မတို့သည် ရန်သူခံတပ်ကို တိုက်တဆိုင် တိုက်ခိုက်ရန်ကား မဖြစ်နိုင်ပါ။ ရန်သူတို့သည် ကျွန်မတို့က တိုက်တဆိုင်တိုက်လာမည်ကို တွက်ဆပြီးဖြစ်သဖြင့် ခံတပ်ပတ်ပတ်လည်တွင် လျှို့ဝှက်ကတုတ်ကျင်းများ တူးဖောက်ပြီး လျှို့ဝှက်တပ်များ ချထားကြပါသည်၊ ကျွန်မတို့သည် ရန်သူတပ်ကို အတင်းတရကြမ်းနင်းလိုလျှင် ထောင်တော်



သောင်းတပ်များနှင့်နင်းမှ ရချေမည်၊ ယခုမှ ကျွန်မတို့တွင် အဆယ်အရာမျှသာ ရှိသေးသည်၊ တိုက်တဆိုင်ပင်ဖြစ်စေ ရန်သူတို့ကို စီးနင်းတိုက်ခိုက်ခြင်းမပြုနိုင်ပါ၊ ကျွန်မတို့ လုပ်သင့်လုပ်ထိုက်သည့်အရာ တစ်ခုသာရှိပါသည်"

ခင်ခင်ကြီး စကားကို ခေတ္တဖြတ်နားပြီးမှ ဆက်ပြောသည်။

"ရန်သူခံတပ်ကို ကျွန်မတို့ ဝန်းရံထားရန်သာ ဖြစ်သည်၊ ဝန်းရံသည့်နေရာတွင် ရန်သူများက ထိုးဖောက်တိုက်ခိုက်ခြင်း မပြုနိုင်ရန် ကျွန်မတို့ကလည်း သင်းတို့နည်းတူ ကတုတ်ကျင်းများ တူးကြရပါမည်၊ တပ်များကို လျှို့ဝှက်ထားကြရပါမည်၊ ကျွန်မတို့ ယခုစွဲရပ်ထားသောနေရာများတွင် သဲကတုတ်များ အခိုင်အခန့်ပြုပြီး ရှေ့ကင်းများအဖြစ် ရန်သူကတုတ်ကျင်းနှင့် သေနတ်တစ်ထောက်အကွာတွင် ကတုတ်ကျင်းများ တူးကြရပါမည်၊ သည်အခါတွင် နှစ်ဖက်စလုံး ကတုတ်ကျင်းများအတွင်းမှသာ တိုက်ခိုက်ကြရပါမည်၊ ကျွန်မတို့က ဝန်းရံထားသူဖြစ်သဖြင့် တစ်ပန်းသာပါသည်၊ ရန်သူမှာ အလယ်တွင်ပိတ်မိနေသော ယုန်သတ္တဝါကလေးသာ ဖြစ်ရပါမည်၊ ကတုတ်ကျင်းများ ခံတပ်များကို ယနေ့ညအပြီး တည်ကြဆောက်ကြရမည်၊ တပ်သားအားလုံး တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရမည်"

ဤသို့ဖြင့်..

သူတို့သည် နောက်ပိုင်းခံတပ်များ ကတုတ်ကျင်းများကို အရင်တူးဖောက် တည်ဆောက်ပြီးနောက် ရှေ့ကင်း ကတုတ်ကျင်းများကို ညသန်းခေါင်ကျော်အချိန်တွင် တစ်ပြိုင်နက်တည်း တက်ရောက်တူးဖော်ကြသည်။

သည်အခါတွင်မှ သူတို့ရောက်ရှိနေကြောင်း ရန်သူများ သိရှိသွားကြသည်။ ရန်သူများအချင်းချင်း အဆင့်ဆင့်သတင်းပို့ကြသည်။ ထပ်မံ ထောက်လှမ်းကြသည်။ သွားလာလှုပ်ရှားကြသည်။

ခင်ခင်ကြီးသည် ရန်သူများ၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်ရှုရင်း မိမိ၏ရဲမက်များက ကတုတ်ကျင်း တူးဖောက်ကြသည်ကို လိုက်လံကြပ်မတ်လျက်ရှိသည်။

ဤစဉ်တွင် မိမိ၏အနီးကပ်ဆုံးဖြစ်သော ရန်သူကတုတ်ကျင်းအတွင်းသို့ ရန်သူများ ထပ်မံရောက်ရှိလာသည်ကို ခင်ခင်ကြီး တွေ့မြင်ရသည်။

ရန်သူတစ်ဦး၏ဦးထုပ်ကို တွေ့မြင်ရခြင်းဖြင့် ထပ်မံရောက်ရှိလာသူများသည် ရန်သူစစ်ဗိုလ်များဖြစ်ကြောင်း ခင်ခင်ကြီး တွက်ဆမိသည်။

ရန်သူခံတပ်မှူး ဘာတ်ကနီးဆိုသူ ဖြစ်ချေမည်လားဟု ခင်ခင်ကြီး စဉ်းစားမိပြီး တောင်ကုန်းငယ်တစ်ခုထက်သို့တက်ကာ ရန်သူကတုတ်ကျင်းကို စူးစမ်းကြည့်ရှုမိသည်။

ကတုတ်ကျင်းအတွင်း၌ မြန်မာတစ်ဦးကိုလည်း တွေ့မြင်ရသည်။ သူမှာ…

www.burmeseclassic.com

www.burmeseclassic.com



တောသြမ်တစ်ဦး ဖြစ်ပေသည်။ အင်္ဂလိပ်စစ်ဗိုလ်က သစ္စာဖောက်ကို မေးမြန်းလျှက်ရှိသည်။ မိမိရှိရာသို့လည်း မကြာမကြာ လှမ်းမျှော်ပြီး ကြည့်ကြသည်။ မိမိကို သူတို့တွေမြင်ကြဟန်ရှိသည်။ အင်္ဂလိပ်စစ်ဗိုလ်သည် မိမိအကြောင်း စုံစမ်းနေဟန်ရှိသည်။

တံခွန်တိုင်ခင်ခင်ကြီးသည် ခါးကြားတွင်ဝှက်ထားသော ပြောင်းတိုသေနတ်အလေးကိုလည်းကောင်း၊ လက်တစ်ဖက်တွင်ဆုပ်ကိုင်ထားသော ကျောက်စီရွှေချွန်းကိုလည်းကောင်း အာရုံပြုလိုက်မိသည်။

အင်္ဂလိပ်စစ်ဗိုလ်၏လက်ထဲတွင် ရိုင်ဖယ်သေနတ်တစ်လက် ရှိနေသည်ကို ခင်ခင်ကြီး တွေ့မြင်ရသည်။ ယင်းအခိုက်မှာပင် သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ အင်္ဂလိပ်စစ်ဗိုလ်ထံမှ ပစ်ခတ်ခြင်းမဟုတ်ပါ။ သေနတ်သံသည် မိမိ၏နောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ခင်ခင်ကြီး နားမလည်နိုင်ရှိသွားသည်။ မိမိ၏အမိန့်မရဘဲ မိမိ၏လူများက စတင်ပစ်ခတ်ချေပြီလား။

ကတုတ်ကျင်းအတွင်းရှိ အင်္ဂလိပ်စစ်ဗိုလ်လည်း အံ့အားသင့်နေဟန်ရှိသည်။

နောက်ဘက်မှ သေနတ်သံများ ထပ်မံထွက်ပေါ်လာသည်။ မိမိ၏တပ်သားများ အော်ဟစ်ပြောဆိုကြသည်ကို ကြားရသည်။

မိမိတို့၏နောက်ဘက်တွင် ရန်သူများ။

ခင်ခင်ကြီး မျက်လုံးပြူးသွားသည်။ ရန်သူများက မိမိတို့ရောက်ရှိနေသည်ကို တစ်နည်းတစ်ဖုံ ကြိုတင်သိရှိသွားပြီး နောက်ဘက်မှ ဝန်းရံထားချေပြီ။

မိမိတို့က ရန်သူကို ဝန်းရံထားမည်ရှိစဉ် ရန်သူက မိမိတို့ကို ညှပ်ပူးညှပ်ပိတ် မြှုလုပ်ချေပြီ။

ယခုမှတော့ အထွေအထူး စဉ်းစားနေဖွယ်ရာမရှိတော့။ ရန်သူကို တိုက်ရုံသာရှိတော့သည်။ ခင်ခင်ကြီး တိုက်မိန့်ပေးမည်ရှိစဉ် ရန်သူဘက်မှ စတင်ပစ်ခတ်သည်။ မိမိတို့ဘက်မှလည်း ချက်ချင်းတုန့်ပြန်သည်။

ရန်သူများကို တက်ရောက်တိုက်ခိုက်ရန် ခင်ခင်ကြီး တအားဟုန် ဟစ်အော်အမိန့်ပေးလိုက်သည်။ လေ၏အဟုန်ဖြင့် တောင်ကုန်းပေါ်မှ ပြေးဆင်းသွားသည်။ မိမိ၏ရဲဘော်များ မိမိနှင့်အတူ လိုက်ပါလာသည်ကို တွေ့ရသည်။

ရန်သူကျည်ဆံများ မိုးသီးမိုးပေါက်ပမာဖြစ်သည်။

ခင်ခင်ကြီး တစ်စုံတစ်ခုကို ခလုတ်တိုက်မိပြီး မြောင်းတစ်ခုထဲသို့ လဲကျ သည်။ ယင်းစဉ်မှာပင် မိမိ၏အပေါ်မှ ကျည်ဆံတစ်တောင့်ဖြတ်သွားသံ ကြားလိုက သည်။ အကယ်၍သာ ခလုတ်တိုက်ပြီး လဲကျခြင်းမရှိလျှင် ယင်းကျည်ဆံသည် မိမိ၏



ကိုယ်တွင်းသို့ ထွင်းဖောက်သွားမည်မှာ အမှန်ပင်။

ခင်ခင်ကြီး လဲကျသွားစဉ်မှာပင် ရန်သူစစ်ဗိုလ် ကတုတ်ကျင်းပေါ်သို့ ခုန်တက်လာသည်ကို ရိပ်ခနဲမြင်တွေ့လိုက်ရသည်။

ရဲမက်များသည် အကြောက်အလန့် အဆုတ်အဆိုင်းမရှိ တစ်ဟုန်ထိုး ပြေးတက်လျက်ရှိကြသည်။

ခင်ခင်ကြီးလည်း လဲကျရာမှ ရုတ်တရက်ထမည်ပြုသည်။ သို့သော် ခြေထောက်တစ်ဖက် မျက်သွားသဖြင့် ချက်ချင်းမထနိုင်ပါ။

နာသောခြေထောက်ကို စစ်ဆေးကြည့်ရှုသည်။ ကျိုးတော့ မကျိုးပါ။ အကြောတင်သွားသလား၊ အဆစ်လွဲသွားသလား မပြောနိုင်ပါ။

ခင်ခင်ကြီး အားတင်းပြီး ခြေထောက်ကို ဆန့်ခါလိုက်သည်။ ဖျောက်ခနဲမြည်ပြီး တစ်ကိုယ်လုံး ထုံကျင်သွားသည်။

ယခုမှ တကယ်ကျိုးသွားပြီလား။

ခြေထောက်ကို ခပ်ဖြည်းဖြည်း လှုပ်ကြည့်သည်။ လှုပ်၍ရသည်။ နာတော့ နာသည်။ ကွေးကြည့်သည်။ ဆန့်ကြည့်သည်။ အားလုံးရသည်။ ကောင်းသွားပြီ။

နာတော့ နာနေသည်။

သေနတ်သံများ ဆူညံနေသည်။ ညာသံများ ဘဝင်လှုံနေသည်။

အင်္ဂလိပ်စစ်ဗိုလ်ကြီးသည် ကတုတ်ကျင်းပေါ်သို့ ခုန်တက်ပြီး မိမိရှိရာဘက်သို့ ပြေးလာသည်ဟု ခင်ခင်ကြီးထင်သည်။ သို့သော် မိမိအနီးသို့ မည်သူမျှရောက်မလာပါ။

မိမိအနီးမှဖြတ်ပြီး ပြေးသွားကြသည်။ မိမိအပေါ်မှ ကျော်လွှားပြီး ပြေးသွားကြသည်။ မိမိကို သတိပြုမိကြဟန်မရှိပါ။

ရန်သူများ နောက်သို့ဆုတ်ပေးကြရဟန်ရှိသည်။ မိမိတို့ဘက်မှအသံများ ခံတပ်ဘက်သို့ ချဉ်းကပ်သွားနေသည်ကို ကြားရသည်။

ခင်ခင်ကြီး အားတင်းပြီး ထလိုက်သည်။ ခါးစောင်းလောက်နက်သော မြောင်းငယ်အတွင်းမှ အပေါ်သို့ ကြိုးစားပြီး တက်သည်။

လရောင်ဖွေးဖွေးတွင် နှစ်ဖက်တပ်သားများ ရောထွေးလျက်ရှိသည်။ ယခုအခါ ပြောင်းရှည်သေနတ်များကို အသုံးမပြုနိုင်တော့ဘဲ ပြောင်းတိုသေနတ်များ၊ လှံစွပ်များ ဓားရှည်များကိုသာ အသုံးပြုတိုက်ခိုက်နေကြသည်။

ခံမြို့အတွင်းမှ ရန်သူတပ်သားများ ပြေးထွက်လာကြသည်ကိုလည်း ခင်ခင်ကြီး မြင်ရသည်။

**ခင်ခင်ကြီးသည် မြောင်းနှုတ်ခမ်း**ထက်တွင် မတ်တပ်ရပ်ပြီး **အခြေအနေကို**

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှ ကြည့်ရှုသုံးသပ်နေသည်။

ထို့နောက် အင်္ဂလိပ်စစ်ဗိုလ်ကြီးကို ကြည့်ရှုရှာဖွေသည်။ တစ်နေရာတွင် ရဲမက်တစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို တွေ့ရသည်။ ရန်သူစစ်ဗိုလ်က သေနတ်ထိပ်တွင်တပ်ထားသော လှံငယ်ကိုအသုံးပြုပြီး မြန်မာရဲမက်က တစ်ထွာမျှသာရှိသော ဓားမြှောင်ငယ်လေးဖြင့် ခုခံနေရသည်။ အင်္ဂလိပ်စစ်ဗိုလ်က ရှည်လျားသော သေနတ်ကြီးကို တုတ်အဖြစ်လည်း အသုံးပြု တိုက်ခိုက်လျက်ရှိသည်။ မြန်မာရဲမက်ကလေး အခြေအနေမဟန်ကြောင်း တွေ့မြင်သဖြင့် ထိုနေရာသို့ ခင်ခင်ကြီး ပြေးသွားသည်။

သို့သော် နှစ်လှမ်းသုံးလှမ်းမျှသာပြေးပြီး ကိုယ်ရှိန်တုန့်လိုက်ရသည်။ မိမိ၏ရှေ့တွင် ရန်သူတစ်ယောက် ပေါ်လာသည်ကို ခင်ခင်ကြီး ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ခင်ခင်ကြီးက ဓားအိမ်မှဓားကို ဆွဲချွတ်လိုက်ပြီး ရန်သူကို ရင်ဆိုင်လိုက်သည်။ ရန်သူ၏လက်ထဲတွင်လည်း ဓားတစ်လက် ဖွေးဖွေးလက်နေသည်။

မိမိ၏ရင်ညွန့်ဆီသို့ ရန်သူ၏ဓားဦး ဝင်လာသည်။

မိမိနှင့်ရင်ဆိုင်လာသော ရန်သူမှာ ငယ်ရွယ်ဖျတ်လတ်သော အင်္ဂလိပ်စစ်ဗိုလ်လေးတစ်ဦးဖြစ်ကြောင်း လျှပ်တပြက်အတွင်းမှာပင် ခင်ခင်ကြီး သိမြင်လိုက်သည်။

ရန်သူ၏ဓားကို ဘယ်လက်ထဲမှ ဓားရိုးနှင့် ရိုက်ထုတ်လိုက်ပြီး ညာလက်မှဓားဖြင့် ရန်သူ၏ကိုယ်ကို စလွယ်သိုင်းချလိုက်သည်။

ရန်သူစစ်ဗိုလ်ကလေး လျင်မြန်စွာတိမ်းရှောင်သည်။ တစ်ဆက်တည်းမှာပင် သူ့ဓားဝဲပြီး ဝင်လာသည်။ မိမိဓားဖြင့် ဆီးခံရသည်။

မီးပန်းများ ပွင့်သွားသည်။

| ၄ |

မောင်မောင်လတ် ထွက်ခွာသွားပြီးနောက် စောဥမ္မာတစ်ယောက် လရောင်အောက်တွင် အတန်ကြာ ငြိမ်သက်စွာရပ်နေသည်။ သူမ၏မျက်လုံးများပင် မှေးမှိတ်လျက်ရှိသည်။ သူမ၏ရင်သာလျှင် မြင့်ချည်နိမ့်ချည်ဖြစ်နေသည်။

သူမ၏နားထဲတွင် ခြေသံတစ်ခုကြားမိသဖြင့် မျက်လုံးစုံကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ သူများ ပြန်လာသလား။

မောင်မောင်လတ်လေများလား။

မဟုတ်ပါ။

အထိန်းတော်ကြီး ဒေါ်မယ်ဇော်ဖြစ်သည်။



"သခင်မကလေး ညဥ့်လေသွေးလို့ မအေးဘူးလား"

စောဥမ္မာ အိပ်မက်လန့်ပြယ်ဟန်ဖြင့်..

"ဒွေးလေးဇော်"

"သခင်မကလေး"

"ကျွန်မမြင်းကို ယူခဲ့ပါ"

ဒေါ်မယ်ဇော် နားမလည်ဟန်ဖြင့် စောဥမ္မာကို ကြည့်နေသည်။

"ကျွန်မဓားကိုလည်း ယူခဲ့ပါ"

"သခင်မကလေး မောင်မောင်လတ်ကို လိုက်သတ်မလို့လား"

"အို..သည်အမယ်ကြီး ဘာတွေ ပေါက်တတ်ကရပြောနေတာလဲ၊ ကျွန်မပြောတာကိုသာ လုပ်စမ်းပါ"

"ဒွေးလေးဇော်ကော လိုက်ခဲ့ရမလား"

စောဥမ္မာ ခေတ္တမျှစဉ်းစားပြီး..

"နေရစ်ခဲ့ပါ"

ခဏကြာသောအခါ စောဥမ္မာ မြင်းကို အပြင်းစိုင်းနှင်လျက်ရှိသည်။

မြို့ဟောင်းတွင် အင်္ဂလိပ်တပ်များ ရောက်ရှိလာကတည်းက မိမိ၏တပ်များကို မြို့ဟောင်းနယ်ခြား ဇလုတ်ပြင်တွင် ချထားခဲ့သည်။ အရေးအကြောင်းရှိလျှင် မြို့ဟောင်းကို အလျှင်အမြန် ချီတက်တိုက်ခိုက်နိုင်ရန်ဖြစ်သည်။ တပ်မှူးတပ်သားများအားလုံးကို အဆင်သင့်ရှိစေသည်။

သူတို့ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မိမိကတော့ မနက်ဖြန် သဘက်တွင် မြို့ဟောင်းကိုတိုက်မည်ဟု မောင်မောင်လတ်ကို စောဥမ္မာ ပြောလိုက်သည်။

မောင်မောင်လတ်ထွက်သွားပြီး ဒေါ်မယ်ဇော် ရောက်ရှိလာသောအခါ မြို့ဟောင်းကို ယနေ့ညပင် ဝင်ရောက်တိုက်ခိုက်ရန် စောဥမ္မာ ဆုံးဖြတ်လိုက်သည်။

စောဥမ္မာ ဒေါသဖြစ်နေသည်။

မည်သူ့ကိုနည်း။

မပြောတတ်ပါ။

ခင်ခင်ကြီးကိုလား၊ မောင်မောင်လတ်ကိုလား၊ အင်္ဂလိပ်ကိုလား။

မိမိတို့ကို တိုက်ခိုက်ချေမှုန်းရန် ရန်သူအင်္ဂလိပ်များ လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေချိန်တွင် အချင်းချင်း မသင့်မတင့်ဖြစ်နေသည်ကိုတော့ စောဥမ္မာ နည်းနည်းမျှ သဘောမကျပါ။

ဘယ်လို တံခွန်တိုင်မောင်နှမတွေလဲ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကို တကယ်ပဲတိုက်ကြမှာလား။

ဘာပဲဖြစ်ဖြစ် မိမိကတော့ တိုက်မည်။

စောဥမ္မာ မြင်းကိုဒုန်းရိုက်သည်။

မိမိတို့တပ်စခန်းများသို့ သခင်မကလေး စောဥမ္မာ ညဥ့်အချိန်မတော်တွင် ရောက်ရှိလာသောအခါ ပြဿနာတစ်ခုခုတော့ရှိပြီဟု တပ်မှူး တပ်သားများအားလုံး နားလည်လိုက်သည်။

"သခင်မကလေး မည်သည့်အရေးတော်ပုံရှိလို့ပါလဲ"

လက်ဝဲမြင်းစုမှူးက ဆီးကြိုပြီးမေးသည်။

"တပ်တွေအားလုံး စစ်ထွက်ဖို့ပြင်ပါ"

စောဥမ္မာက အမိန့်ပေးလိုက်သည်။

"ကျောက်မိုင်းနဲ့ စစ်ဖြစ်ကြပြီလား သခင်မကလေး"

"ကျောက်မိုင်းနဲ့ ဘာမှမဖြစ်ပါဘူး၊ မြို့ဟောင်းကို အခုပဲတိုက်ကြမယ်"

မြို့ဟောင်းကို တိုက်ကြမည်ဟု ကြားရသောအခါ အနီးရှိ တပ်မှူးတပ်သားများအားလုံး မျက်နှာဝင်းလက်သွားကြသည်။

"မြို့ဟောင်းကိုတိုက်ဖို့ ယင်းတလဲတပ်တွေနဲ့ ကျောက်မိုင်းတပ်တွေ သဘောတူကြပြီပေါ့ ဟုတ်လား"

နန်းပုံတပ်မှူးက အားတက်သရောမေးသည်။

"ယင်းတလဲနဲ့ ကျောက်မိုင်းတပ်တွေ မြို့ဟောင်းကို တိုက်တာ မတိုက်တာ ကျွန်မတို့နဲ့မဆိုင်ပါဘူး၊ ကျွန်မတို့အလုပ်က ဘယ်သူတိုက်တိုက် မတိုက်တိုက် မြို့ဟောင်းကို တိုက်ကြဖို့ပဲ၊ ဗိုလ်မှူးတို့အထဲကလည်း အင်္ဂလိပ်ကို မတိုက်ချင်တဲ့လူတွေ နေရစ်ခဲ့နိုင်ပါတယ်၊ တိုက်ချင်တဲ့လူတွေ မြို့ဟောင်းကို အရင်ဆုံးရောက်အောင် ချီတက်ပါ"

ချက်ချင်းပင် တပ်များချီတက်ကြသည်။

မည်သူမျှ မနေရစ်ခဲ့ပါ။

မည်သူမျှမတိုက်ခင် မြို့ဟောင်းကို သူတို့ အရင်ဦးအောင်တိုက်မည်။

သို့သော်..

မြို့ဟောင်းသို့ရောက်သောအခါ သူတို့အားလုံး အံ့သြရသည်။

တိုက်ပွဲဖြစ်နေပြီ။

အင်္ဂလိပ်များကို မြန်မာများက တိုက်ခိုက်နေကြပြီ။

မည်သူတွေနည်း။

ခင်ခင်ကြီးအုပ်ချုပ်သော ယင်းတလဲတပ်များဖြစ်ကြောင်း သိရှိရသောအခါ



စောဥမ္မာတို့ မယုံကြည်နိုင်အောင် အံ့သြကြရသည်။

သို့သော် များစွာအံ့သြချိန် မရရှိပါ။

ခံမြို့အပြင်ကွင်းထဲတွင်ရှိနေသော မိမိတို့၏မြန်မာတပ်များကို အင်္ဂလိပ်တို့ စစ်ကြောင်းနှစ်ဖက်ညှပ်ပြီး တိုက်ခိုက်နေကြောင်း သိရှိရသောအခါ ရန်သူ နောက်ဘက်စစ်ကြောင်းကို အတင်းထွင်းဖောက်တိုက်ခိုက်ရန် စောဥမ္မာ အမိန့်ပေးသည်။

နောက်ကိုတစ်ယောက်မျှ ပြန်မဆုတ်ရ၊ ဆုတ်လျှင် ခုတ်သတ်စေ။

[ ၈ ]

ရေမှော်စိမ်းတပ်စခန်းသို့ နန္ဒနှင့် ခင်ခင်လေးတို့ ရောက်ရှိလာကြသည်။ ရေမှော်စိမ်းတပ်မှူးမှာ ဗိုလ်ဘယ်ကျော်ဖြစ်သည်။

ယင်းတလဲနှင့် မသင့်မတင့်ရှိသည်တစ်ကြောင်း၊ မြို့ဟောင်းတွင် အင်္ဂလိပ်တပ်များ ရောက်ရှိနေသည်တစ်ကြောင်းတို့ကြောင့် ရေမှော်စိမ်းတွင် လက်ရွေးစင်တပ်များ ချထားပြီး တပ်မှူးအဖြစ် ဗိုလ်ဘယ်ကျော်ကို ခန့်ထားခြင်းဖြစ်သည်။

ရေမှော်စိမ်းသို့ နန္ဒနှင့်ခင်ခင်လေးတို့ ရောက်ရှိလာရခြင်းအကြောင်းမှာ မောင်မောင်လတ် ကျောက်မိုင်းမြို့မှ ရုတ်တရက်ထွက်ခွာသွားသောကြောင့် ဖြစ်သည်။

နေ့လည် ညီလာခံတွင် သူတို့ သဘောထားကွဲလွဲခဲ့ကြသည်။ မြို့ဟောင်းသို့ အင်္ဂလိပ်စစ်တပ်များ ရောက်ရှိလာခြင်းသည် ခင်ခင်ကြီးပယောဂမကင်းဟု မောင်မောင်လတ် ယူဆသည်။ ယင်းတလဲကို တိုက်ခိုက်သိမ်းပိုက်ရမည်ဟု ဆိုသည်။

ခင်ခင်လေးကလည်း ထို့အတူပင် သဘောရသည်။

သို့သော် နန္ဒက သူတို့အယူအဆကို ဆန့်ကျင်သည်။ သူ့အနေနှင့် ခင်ခင်ကြီးအား ယုံကြည်ခြင်းမရှိသော်လည်း မြို့ဟောင်းသို့ အင်္ဂလိပ်တပ်များ ရောက်ရှိလာခြင်းသည် ခင်ခင်ကြီးနှင့်ပတ်သက်ခြင်းမဖြစ်နိုင်။ သူတို့သဘောနှင့်သူတို့ လာရောက်ခြင်းဖြစ်သည်ဟု ယူဆသည်။ သူက မြို့ဟောင်းကို တိုက်ခိုက်လိုသည်။

နောက်ဆုံးတွင် ခင်ခင်လေးက ကြားဖြန်သည်။ ယင်းတလဲကိုလည်း မတိုက်နှင့်ဦး၊ မြို့ဟောင်းကိုလည်း မတိုက်နှင့်ဦး။ အခြေအနေကိုစောင့်ကြည့်ပြီးမှ တိုက်ကြမည်ဟုပြောသည်။

မောင်မောင်လတ် ကျေနပ်ပုံမရ။

သို့ဖြင့် ညဘက်တွင် မောင်မောင်လတ်တစ်ယောက်တည်း ထွက်ခွာသွားကြောင်း သိရှိရသောအခါ နန္ဒနှင့်ခင်ခင်လေးတို့ ရေမှော်စိမ်းတပ်စခန်းသို့ ချက်ချင်းလိုက်ကြသည်။ [illegible]ကို မြို့စောင့်တပ်မှူးအဖြစ် ထားခဲ့သည်။

www.burmeseclassic.com



သို့သော် ရေမှော်စိမ်းသို့ရောက်ရှိသောအခါ မောင်မောင်လတ်ကို မတွေ့ရှိကြရ။ မောင်မောင်လတ် မလာဟုဆိုသဖြင့် သူတို့အံ့ဩရသည်။ အစဉ်းစားရခက်နေသည်။

မောင်မောင်လတ် ဘယ်ကိုသွားသနည်း။

"အစ်မတော်ခင်ခင်ကြီးဆီကို သွားပြီထင်တယ်"

ခင်ခင်လေး တီးတိုးရွတ်ဆိုသည်။

နန္ဒ ဘာမျှမပြော။

မိုလ်ဘယ်ကျော်က..

"ယင်းတလဲသခင်မကလေး စောဥမ္မာဆီကို အလည်အပတ်သွားတာ ဖြစ်ပါလိမ့်မယ်"

ခင်ခင်လေး ဒေါသဖြစ်ဟန်ဖြင့်..

"မိုလ်ဘယ်ကျော် စကားကို ဆင်ခြင်ပြီးပြောပါ၊ တံခွန်တိုင်မောင်မောင်လတ်ဟာ သည်လိုလူမဟုတ်ဘူး၊ ယခုအချိန်ဟာ အလည်အပတ်သွားရမယ့်အချိန် မဟုတ်ဘူး"

ယင်းအချိန်မှာပင် အဝေးဆီမှ မြင်းတစ်စီး ခုန်းစိုင်းလာသံကြားရသည်။ မကြာမီ မောင်မောင်လတ် ရောက်ရှိလာသည်။

မောင်မောင်လတ်သည် နန္ဒနှင့် ခင်ခင်လေးတို့ကို တွေ့မြင်ရသောအခါ..

"သြော်..ကိုနန္ဒတို့လည်း ရောက်နေသကိုး"

"မောင်လတ် အခု ဘယ်ကပြန်လာတာလဲ"

ခင်ခင်လေးက မေးသည်။

"တောင်နီ"

မောင်မောင်လတ် တုံးတိတိဖြေသည်။

ကဲ-မဟုတ်ဘူးလားဟူသောအနေဖြင့် ခင်ခင်လေးကို မိုလ်ဘယ်ကျော် ကြည့်သည်။

"စောဥမ္မာဆီက ပြန်လာတယ်ဟုတ်လား"

ခင်ခင်လေး အနည်းငယ်အသံတုန်နေသည်။

"ဟုတ်တယ်"

မောင်မောင်လတ် ဘယ်သူ့ကိုမှမကြည့်ဘဲ ဖြေသည်။

"ဘာသွားလုပ်တာလဲ"

ခင်ခင်လေးစကား ရိုင်းပျသည်။

"ယင်းတလဲကိုတိုက်မယ့်အကြောင်း သွားပြောတာ"

"သြော်..သူက မောင်လတ်ကို ကူပြီးတိုက်မယ်လို့ ကတိပြုလိုက်သလား"



ခင်ခင်လေး၏မျက်လုံးများ သရော်နေသည်။

"အေး..တို့တိုက်တိုက် မတိုက်တိုက် သူကတော့ တိုက်မှာပဲ"

"ဘာ..သူကတိုက်မယ် ဟုတ်လား"

"ဟုတ်တယ်"

"ယင်းတလဲကို တိုက်မှာလား"

"မဟုတ်ဘူး၊ မြို့ဟောင်းကိုတိုက်မှာ"

"အို.."

"သူက တို့တိုက်ချင်တိုက် မတိုက်ချင်နေ၊ အစ်မတော်ခင်ခင်ကြီးတို့ တိုက်ချင်တိုက် မတိုက်ချင်နေ၊ သူကတော့ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ မြို့ဟောင်းကို တိုက်မယ်တဲ့"

"ဒါဆိုရင်တော့ မဟုတ်သေးဘူး"

နန္ဒဝင်ပြောသည်။

"ဘာပြုလို့လဲ"

မိုလ်ဘယ်ကျော် မေးသည်။

"ကျုပ်တို့မှာ အားသုံးအားရှိတာ တစ်အားတည်းနဲ့ အင်္ဂလိပ်တွေကို သွားတိုက်မယ်ဆိုရင် ဘယ်ဟုတ်မလဲ"

နန္ဒ ချင့်ချင့်ချိန်ချိန်ပြောသည်။

"ဟုတ်တယ်၊ မဟုတ်ဘူး"

မောင်မောင်လတ်၏အသံ။

ခင်ခင်လေးက မောင်မောင်လတ်ကိုကြည့်လျက်..

"ဘာလဲ-မောင်လတ်က စောဥမ္မာနဲ့ပေါင်းပြီး မြို့ဟောင်းကိုတိုက်ဖို့ ဆုံးဖြတ်ပြီလား"

"ကျုပ်တို့ သေသေချာချာစဉ်းစားရမယ်"

မောင်မောင်လတ်က ပြောသည်။

"ကျွန်တော်တို့ အားသုံးအားပေါင်းပြီး မြို့ဟောင်းကို တိုက်ကြရင်တော့ ကောင်းဆုံးပဲ"

မိုလ်ဘယ်ကျော်က ဝင်ပြောသည်။

"အစ်မတော်ခင်ခင်ကြီးတို့ကတော့ ဘယ်နည်းနဲ့မှ မြို့ဟောင်းကို တိုက်မှာမဟုတ်ဘူး"

ခင်ခင်လေးက အခိုင်အမာဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒက တစ်စုံတစ်ခုပြောမည်ရှိစဉ် မြင်းခွာသံကြားရသည်။

သူတို့အားလုံး နားစွင့်ကြသည်။

မိမိတို့၏ မြင်းလျှင်တစ်ဦးဖြစ်သည်။

မကြာမီ သူတို့ရှေ့မှောက်သို့ မြင်းလျှင်သမား ရောက်ရှိလာသည်။

"ဘာအကြောင်းထူးသလဲ ဒေဝ"

ဗိုလ်ဘယ်ကျော်က မေးလိုက်သည်။

"မြို့ဟောင်းကို ယင်းတလဲတပ်တွေ ဝင်ရောက်တိုက်ခိုက်လျက် ရှိပါသည်"

"ဘယ်တန်းက တိုက်တာလဲ"

မောင်မောင်လတ်က မေးသည်။

"မကြာမတင်ကပင် ဖြစ်ပါသည်"

"အင်း..နက်ဖြန်သဘက်ဆိုပြီး အခုပဲတိုက်တော့တာပဲ၊ ယင်းတလဲတပ်တွေကို စောဥမ္မာကိုယ်တိုင် ခေါင်းဆောင်တယ်မဟုတ်လား"

"မဟုတ်ပါ၊ တံခွန်တိုင်ခင်ခင်ကြီး ခေါင်းဆောင်ပါသည်"

"ဘာ"

မောင်မောင်လတ် ဝုန်းခနဲခုန်ထပြီး မေးလိုက်သည်။ မြင်းလျှင်တော် ဒေဝ မျက်နှာလေးငယ်သွားသည်။ နန္ဒနှင့် ခင်ခင်လေးတို့လည်း မယုံကြည်သည့်အမူအရာများ ဖြစ်ကြသည်။

"ယင်းတလဲတပ်များကို တံခွန်တိုင်ခင်ခင်ကြီးကိုယ်တိုင် ခေါင်းဆောင်ပြီး တိုက်ခြင်းဖြစ်ပါသည်"

ဒေဝက ထပ်မံပြောကြားသည်။

"အံ့သြစရာပဲ"

နန္ဒက ရေရွတ်သည်။

"မဖြစ်နိုင်ဘူး..ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ခင်ခင်လေး တီးတိုးရွတ်ဆိုသည်။

"နင်ပြောတာ သေချာရဲ့လား ဒေဝ"

ဗိုလ်ဘယ်ကျော်က ထပ်မေးသည်။

"သေချာကြောင်းပါ"

"ယင်းတလဲအင်အား ဘယ်လောက်ရှိသလဲ"

"လက်ျာမြင်းစုတပ်၊ သေနတ်ဝန်တပ်နဲ့ လက်ရွေးတော်တပ်တို့ ပါရှိကြပါသည်"

"မင်းသိင်္ခကော ပါသလား"



"မပါကြောင်းပါ"

"စောဥမ္မာကော"

မောင်မောင်လတ်က မေးခြင်းဖြစ်သည်။

"မပါကြောင်းပါ"

"မဟုတ်ဘူး..မဟုတ်ဘူး"

မောင်မောင်လတ် ခေါင်းကို ရမ်းခါပြီးပြောနေသည်။

"သေချာအောင် ကျွန်တော် သွားကြည့်လိုက်မယ်"

ဗိုလ်ဘယ်ကျော်က ပြောသည်။

"ဗိုလ်ဘယ်ကျော် ဒီမှာပဲနေပါ၊ ကျွန်တော်တို့သွားမယ်၊ တပ်တစ်ဝက်ယူသွားမယ်၊ သတိဝီရိယနဲ့ နေပါ၊ ယင်းတလဲတပ်တွေဟာ မြို့ဟောင်းကို ကိုယ်ဟန်ပြပြီး နောက်ပိုင်းကနေ ကျောက်မိုင်းကို ဝင်တိုက်နိုင်တယ်၊ ဉာဏဆီကိုလည်း လူလွှတ်ပြီး ပြောပါ၊ ကဲ-သွားကြမယ်၊ အချိန်လင့်နေလို့မဖြစ်ဘူး"

[ ၁၀ ]

ယင်းတလဲတပ်များသည် အင်္ဂလိပ်တို့၏ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ခြင်းကို ခံနေရစဉ်တွင် စောဥမ္မာကိုယ်တိုင်ဦးစီးသော တောင်နီတပ်များ စစ်ကူရောက်ရှိလာကြောင်း သိရှိရသောအခါ အားတက်ပြီး အားသွန်ကာ တိုက်ခိုက်ကြသည်။

မြန်မာစစ်ကူများရောက်ရှိလာကြောင်း သိရှိရသောအခါ ခံတပ်အတွင်းမှ အင်္ဂလိပ်တပ်များ မြို့တံခါးပေါက်နှစ်ခုမှ စစ်ကြောင်းနှစ်ခုဖွင့်ပြီး ထွက်လာကြသည်။ ယင်းတလဲတပ်များနှင့် တောင်နီတပ်များကို တောင်ပံနှစ်ဖက်မှ စစ်မျက်နှာသစ်ဖွင့်ပြီး တိုက်ကြသည်။

သို့ဖြင့်..

တိုက်ပွဲ ပိုမိုပြင်းထန်လာပြီ။

စစ်မျက်နှာများ ရှုပ်ထွေးလာသည်။

မည်သူက မည်သူ့ကို ဝိုင်းထားမှန်းမသိရတော့ဘဲ ကွင်းပြင်ကျယ်ကြီးနှင့် ပတ်ချာကျင်တောတန်းများတွင် နှစ်ဖက်တပ်များ ရောထွေးယှက်တင်ကာ လက်တစ်ကမ်း တိုက်ခိုက်နေကြရတော့သည်။

အင်္ဂလိပ်တို့သည် မြို့ရိုးပေါ်မှ အမြောက်များကို အသုံးမပြုနိုင်ရှိသည်။ အပြင်ဘက်ရောက်ရှိနေသော အင်္ဂလိပ်များ အတွင်းသို့မဝင်နိုင်ဘဲ အတွင်းမှ အင်္ဂလိပ်များသော အပြင်သို့ တစ်သုတ်ပြီးတစ်သုတ်ထွက်ကာ တိုက်နေကြရသည်။

www.burmeseclassic.com



ယင်းတလဲတပ်များနှင့် တောင်နီတပ်များလည်း တစ်တပ်ကိုတစ်တပ် အော်ဟစ်အားပေးကာ နီးရာရန်သူကို ချေမှုန်းတိုက်ခိုက်နေကြသည်။

ခင်ခင်ကြီးသည် တပ်ဖွဲ့တပ်သားများကို အော်ဟစ်အမိန့်ပေးရင်း သူမနှင့် အလှမ်းမီရာသို့ဝင်ရောက်လာသော ရန်သူများကို မလွတ်တမ်း ထိုးခုတ်တိုက်ခိုက်လျက်ရှိသည်။

သို့သော် အင်္ဂလိပ်စစ်ဗိုလ်ကြီးနှင့်မူ ယှဉ်ပြိုင်တိုက်ခိုက်ခွင့်မကြုံချေ။ ရန်သူစစ်ဗိုလ်ကြီးသည် ပေါ်လာလိုက်ပျောက်သွားလိုက်ရှိနေသည်။ စစ်ဗိုလ်ကြီးရှိရာသို့ သူမသွားရောက်မည်ပြုတိုင်း ရန်သူတစ်ယောက် ကြားဝင်လာတတ်သည်။

အင်္ဂလိပ်စစ်ဗိုလ်ကြီးကလည်း သူမထံသို့လာရောက်ရန် အကြိမ်ကြိမ်ကြိုးပမ်းလျက်ရှိကြောင်း ခင်ခင်ကြီး သိမြင်ရသည်။ သို့သော် မိမိရှိရာသို့ ရန်သူစစ်ဗိုလ် ဦးတည်လာတိုင်း လမ်းခုလတ်တွင် မိမိ၏စစ်သည်တစ်ဦးဦးနှင့် တွေ့ဆုံ တိုက်ခိုက်ရသည်ချည်းဖြစ်သည်။

စောဉမ္မာကိုလည်း ခပ်လှမ်းလှမ်းတွင် တစ်ကြိမ် လှမ်းမြင်လိုက်ရသည်။ တစ်ယောက်ကိုတစ်ယောက် ဓားများမြှောက်ပြပြီး နှုတ်ဆက်ရသည်။ ထို့နောက် နီးရာရန်သူကို တိုက်ခိုက်ရင်း မျက်ခြည်ပြတ်သွားကြသည်။

အင်္ဂလိပ်များ ခံတပ်တွင်းသို့ ပြန်လည် ဆုတ်ဝင်ခြင်းမပြုနိုင်သလို မြန်မာတို့လည်း ခံတပ်တွင်းသို့ ဝင်ရောက်စီးနင်းခြင်း မပြုနိုင်ချေ။ ရန်သူတို့သည် မြို့ရိုးများပေါ်မှ မပြတ် စောင့်ကြည့်နေပြီး မြို့တံခါးများကို အခိုင်အခံ့ စီးကြပ်ထားကြသည်။

မိမိရဲမက်များအား မြို့တံခါးကိုစီးနင်းတိုက်ခိုက်ရန် ခင်ခင်ကြီး ကွပ်ညှပ် အမိန့်ပေးလျက်ရှိစဉ် မြို့ရိုးအတွင်းမှ သေနတ်သံများ ကြားလိုက်ရသည်။

ခင်ခင်ကြီး အမိပ္ပာယ်နားမလည်ရှိသည်။

အရှေ့တံခါးကို မိမိတို့ မသိမ်းပိုက်နိုင်သေးသလို တောင်တံခါးနှင့် မြောက်တံခါးအနီးသို့လည်း ယင်းတလဲတပ်များ၊ တောင်နီတပ်များ မချဉ်းကပ်နိုင်ကြသေးချေ။

ခံတပ်တွင်းသို့ မိမိတို့တပ်များ ဝင်ရောက်မည်ဆိုလျှင်လည်း အနောက်တံခါးကို စီးနင်းပြီး ဝင်ရောက်ခြင်းသာ ဖြစ်ပေလိမ့်မည်။

မိမိတို့တပ်များ အနောက်တံခါးကို ရုတ်တရက် ရောက်ရှိရန်မလွယ်ချေ။

ခံမြို့တွင်းမှ သေနတ်သံများ အဆက်မပြတ်ထွက်ပေါ်လျက်ရှိသည်။ မြို့ရိုးပေါ်မှ ရန်သူများလည်း သေနတ်ပြောင်းများကို မြို့တွင်းသို့လှည့်ချိန်ကာ ပစ်ခတ်လျက်ရှိသည်။

"ကျောက်မိုင်းတပ်တွေ ရောက်လာပြီ"

ရဲမက်တစ်ဦး၏အော်ဟစ်သံကို ခင်ခင်ကြီး ကြားလိုက်ရသည်။

"ကျောက်မိုင်းတပ်တွေ မြို့ကိုစီးမိပြီ၊ တိုက်ကြဟေ့ တိုက်ကြ"



ဗိုလ်မှူးစိတ္တ၏အသံဖြစ်ကြောင်း ခင်ခင်ကြီး မှတ်မိသည်။ လူကိုတော့ မမြင်ရ။ သို့သော် လရောင်တွင် လူတစ်ယောက်ပြေးတက်သွားသည်ကို မြင်ရသည်။ စောဉမ္မာဖြစ်သည်။

ခင်ခင်ကြီးသည် ဓားကိုဝင့်လျက် မြို့တံခါးဆီသို့ ပြေးတက်သည်။

မြို့ရိုးထိပ်တွင် ဒေါင်းအလံတစ်ခုလွှင့်တက်လာသည်ကို ခင်ခင်ကြီး မြင်ရသည်။ မြန်မာ့ဒေါင်းအလံကို နယ်ချဲ့ခံတပ်ပေါ်တွင် စိုက်ထူနေသူမှာ အခြားသူမဟုတ်။ တံခွန်တိုင်မောင်မောင်လတ်ဖြစ်သည်။

ခင်ခင်ကြီးသည် မြို့ရိုးပေါ်မှ ဒေါင်းအလံကိုကြည့်ရင်း တိုင်းတစ်ပါးတပ်သားများ ရဲရဲလှုပ်နေသော ခံတပ်ဆီသို့ တစ်ဟုန်ထိုးပြေးလျက်ရှိသည်။

ဒဟတ်ချုံအကွယ်မှ မည်းမည်းရှည်ရှည်အရာတစ်ခု ရုတ်တရက် ထိုးထွက်လာသည်ကို ခင်ခင်ကြီး အားကုန်ပြေးလွှားနေရာမှ မြင်လိုက်ရသည်။ ယင်းအရာဝတ္ထုသည် မိမိ၏လမ်းကြောင်းရှေ့တွင် ကန့်လန့်ဖြတ် ပေါ်ထွက်လာကြောင်းသိရသဖြင့် ပြေးနေသော အရှိန်ကို တုန့်ခနဲရပ်လိုက်သည်။

သို့သော် မရတော့။ နောက်ကျချေပြီ။

မိမိ၏ပေါင်လယ်လောက်တွင် ကန့်လန့်ဖြတ်ပြီးပေါ်လာသောအရာဝတ္ထုကို အရှိန်နှင့်တိုက်မိပြီး တစ်ပတ်ကျွမ်း လည်ကျသွားသည်။

မိမိတိုက်မိသောအရာကို ခင်ခင်ကြီး ကြည့်လိုက်သည်။ ရှည်လျားသော သေနတ်တစ်လက်ဖြစ်သည်။ သေနတ်ထိပ်ရှိ လှံစွပ်ငယ်သည် မြေကြီးထဲတွင် စိုက်ဝင်နေပြီး သေနတ်ဒင်ကို တစ်စုံတစ်ယောက်က ခိုင်မြဲစွာကိုင်ထားသဖြင့် သူမ ဤမျှ အကျနာရခြင်းဖြစ်သည်။

ချုံအကွယ်တွင် လူတစ်ယောက်ရှိနေသည်။ ထိုသူက မိမိပြေးလာသည်ကို ချောင်းမြောင်းစောင့်နေပြီး ချုံပုတ်အနီးသို့ မိမိရောက်ရှိလာချိန်တွင် သေနတ်ကို ရှေ့မှကန့်လန့်ဖြတ်ပြီး မြေတွင် ထိုးစိုက်လိုက်ခြင်းဖြစ်သည်။

အကယ်၍ မိမိ၏ရှေ့မှဖြတ်မစိုက်ဘဲ လှံသွားငယ်ကို မိမိ၏နံရိုးကြားသို့ ဖြတ်ထိုးလိုက်လျှင်ကော မဖြစ်ဘူးလား။

ကောင်းစွာဖြစ်ပါသည်။ ယခုလောက်ဆိုလျှင် မိမိသည် တမလွန်တွင် ရောက်ရှိနေပေပြီ။

မိမိကို ချောင်းမြောင်းကာ တစ်ကြိမ်တည်း လုပ်ကြံခြင်းမပြုဘဲ တားဆီးရုံမျှသာ တားဆီးလိုက်သူကား အဘယ်သူနည်း။

သေနတ်ဒင်ကို မြဲမြဲစွာကိုင်ပြီး သစ်ခက်များအကြားတွင် ရပ်နေသူကို ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကြည့်လိုက်သည်။ ရုတ်တရက် သူ မည်သူမှန်းမသိကွဲ။ အရပ်အမောင်းကောင်းသော လူတစ်ယောက်ဟုသာ သိမြင်ရသည်။

သို့သော် ချက်ချင်းပင် ရန်သူတစ်ယောက်မှန်း သိလိုက်ရသည်။ အင်္ဂလိပ်စစ်သားတစ်ယောက် ဖြစ်သည်။

ခင်ခင်ကြီး မတ်တပ်ထရပ်လိုက်သည်။

သစ်ခက်များအကြား၌ ပုန်းကွယ်နေသောရန်သူ အပြင်သို့ထွက်လာသည်။

ခင်ခင်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ရန်သူမှာ မိမိရှာဖွေနေသော အင်္ဂလိပ်စစ်ဗိုလ်ကြီး ဘတ်ကနီး။

ခင်ခင်ကြီး အကွက်နင်းပြီး ဓားကိုဖွင့်ခင်းလိုက်သည်။

မေဂျာဘတ်ကနီး ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ့လက်ထဲမှသေနတ်ကို ပစ်လိုက်သည်။ ထို့နောက် သူ့ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

ကြိုက်ပြီ၊ တွေ့ချင်နေတာနဲ့ အတော်ပဲ။

ခင်ခင်ကြီး တိုက်စစ်ဆင်သည်။ အထိုး၊ အခုတ်၊ အပင့်၊ အသိုင်း၊ အဝိုင်းအဝိုက်။

အကွက်များကို လျင်မြန်စွာ ရွေ့ပြောင်းကစားသည်။ ပရိယာယ်များ အသုံးပြုသည်။

မေဂျာဘတ်ကနီး အကွက်စေ့ခဲ့သည်။ ဓားအနှုတ်အသိမ်း အဖွင့်အလှတ် လျင်မြန်လှသည်။ မြန်မာဓားကွက်များကိုလည်း သိရှိကျွမ်းကျင်ဟန်ရှိသည်။

ခင်ခင်ကြီးမှာလည်း အင်္ဂလိပ်ဓားအကြောင်းနှင့် အနောက်တိုင်းဓားကွက်များကို သင်ကြားထားသူဖြစ်သဖြင့် အရှေ့အနောက်ပေါင်းစပ်ပြီး တိုက်နိုင်သည်။ ခံနိုင်သည်။

လက်ရည်ချင်းလည်း ညီသည်။ ကြံ့ခိုင်ခြင်း၊ သွက်လက်ဖျတ်လတ်ခြင်းလည်း ညီသည်။ ယင်းအတွက် တိုက်ပွဲရှည်ကြာသည်။

တစ်ဦးကိုတစ်ဦး ပိုပြီးသတိထားလာရသည်။

တစ်ကြိမ်တွင် ဓားချင်းယှက်ပြီး လူချင်းပူးသွားသည်။ ခင်ခင်ကြီး တစ်ပတ်လှည့်ပြီး ခွာထွက်သည်။ မေဂျာဘတ်ကနီးက ဘက်ဖက်လက်ဓားဖြင့် သူမ၏တင်ပါးကို ဖျန်းခနဲရိုက်ထည့်လိုက်သည်။ ခင်ခင်ကြီး ရှက်သွေးမွှန်ပြီး မျက်နှာတစ်ခုလုံး နီရဲသွားသည်။

အလိုက်သည်းလိုက် ရယ်မောသံတစ်ခု ထွက်ပေါ်လာသည်။ မေဂျာဘတ်ကနီး ရယ်မောခြင်းမဟုတ်ပါ၊ အခြားတစ်ယောက်ဖြစ်သည်။ သူတို့နှင့်မလှမ်းမကမ်းမှဖြစ်သည်။

ရယ်သံကြားရာသို့ ခင်ခင်ကြီး ဖျတ်ခနဲကြည့်လိုက်သည်။



အလို..ခင်ခင်လေးပါလား။

ဟုတ်ပါသည်။ ခင်ခင်လေးပါ။ ကမူတစ်ခုထက်တွင် မတ်တပ်ရပ်နေသည်။ ကိုယ်ကိုလှုပ်ခါပြီး ရယ်မောနေသည်။

ခင်ခင်ကြီး ဒေါသမိုးမွှန်ပြီး မျက်နှာတစ်ခုလုံး ထပ်မံနီရဲသွားသည်။

မေဂျာဘတ်ကနီးလည်း ရယ်မောသံကြားသဖြင့် ခင်ခင်ကြီးနှင့်တစ်ပြိုင်တည်းလိုပင် အသံကြားရာဆီသို့ ကြည့်လိုက်သည်။ မြန်မာမိန်းကလေးတစ်ဦး အားရပါးရ ရယ်မောနေသည်ကို တွေ့မြင်ရသည်။ ရယ်မောနေသော မိန်းကလေးနှင့် မိမိနှင့် ဓားချင်းယှဉ်ခုတ်နေသော မိန်းကလေးတို့မှာ ရုပ်ရည်ချင်းလည်း တူညီလျက်ရှိသည်ကို တွေ့ရသောအခါ အံ့ဩမိသည်။

ကေန္တ တံခွန်တိုင်ခင်ခင်လေးဆိုတာ ဖြစ်မှာပဲ။

ခင်ခင်ကြီးသည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် မာန်ဟုန်သွင်းကာ ရန်သူထံသို့ လွှားခနဲခုန်ဝင်လိုက်သည်။

မေဂျာဘတ်ကနီးသည် ခင်ခင်လေးကို စက္ကန့်ပိုင်းမျှ ငေးမောအံ့ဩနေစဉ် မိမိထံသို့ ခင်ခင်ကြီး ခုန်ပျံပြီး ဝင်လာသည်ကို တွေ့မြင်ရသည်။ လျင်မြန်စွာ တိမ်းရှောင်လိုက်သည်။ ဓားကိုပင့်တင်ပြီး ကာလိုက်သည်။ နောက်ကျချေပြီ။

ခင်ခင်ကြီး၏လက်မှ ဓားသည် မေဂျာဘတ်ကနီး၏ရင်အုံတွင်းသို့ အရှိန်ပြင်းစွာ စိုက်ဝင်သွားချေပြီတည်း။

မေဂျာဘတ်ကနီး မျက်ဖြူလန်သွားပြီး ပါးစပ်မှ ဗလုံးဗထွေးရေရွတ်လိုက်သည်။

"မိုင်လော့ဒ်ဂေါ့ဒ်"

ခင်ခင်ကြီး ဓားကို ဆွဲနှုတ်လိုက်သည်။

မေဂျာဘတ်ကနီး ယိမ်းထိုးပြီး လဲကျသွားသည်။

အမျက်ချောင်းချောင်းထွက်နေသော မျက်လုံးများဖြင့် ခင်ခင်လေးကို ခင်ခင်ကြီး ကြည့်လိုက်သည်။ ခင်ခင်လေး၏မျက်နှာ ယခုအခါ တင်းမာလျက်ရှိသည်။

အမျိုးသမီးနှစ်ယောက် အတန်ကြာ စူးစိုက်ပြီး ကြည့်နေသည်။

ခဏအကြာတွင် ခင်ခင်လေး လွှားခနဲခုန်ဝင်လာသည်။ ခင်ခင်ကြီးနှင့် နှစ်လှမ်းသုံးလှမ်းကွာတွင် ကျရောက်သည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ နှစ်ယောက်စလုံးပင် အသံက်ရှူရှိုက်ဟန်မရှိကြ။

လရောင်အောက်မှာ ညီအစ်မနှစ်ယောက်။

သူတို့လက်ထဲမှာ ဓားကိုယ်စီနှင့်။

ကျုံးကျော်သူနှင့် ခုခံသူတို့၏ ညတိုက်ပွဲကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဓားလွှတ်တိုင် အမျိုးသမီးနှစ်ယောက် တုန့်ခနဲဖြစ်သွားကြသည်။ သူတို့၏ ထည်ဝင်များ ရန့်သွားကြသည်။ တစ်စုံတစ်ခုကို ကြားသဖြင့် နားစွင့်လိုက်ကြခြင်း ဖြစ်သည်။

ပြေးလွှားနေသော စစ်ဖိနပ်သံ။

သူတို့ထံသို့ ကြေးစားစစ်သားနှစ်ဦး ပြေးလာနေကြသည်။

လှံစွပ်များ ချိန်ရွယ်လျှက်။

ညီအစ်မနှစ်ယောက် ပြိုင်တူ လှုပ်ရှားလိုက်ကြသည်။

လေထဲတွင် ဓားများဝဲသွားသည်။

ဓားချင်းထိခတ်သံများ ဖြစ်ပေါ်လာသည်။

လှံစွပ်များဖြင့် ချိန်ရွယ်ကာ ပြေးလာသော ကြေးစားစစ်သားနှစ်ယောက် တုန့် ဆိုင်းသွားကြသည်။

ဓားချင်းယှဉ်နေကြသော မြန်မာမိန်းမနှစ်ယောက်ကို ငေးမောပြီး ကြည့်နေကြ သည်။

ရုတ်တရက် သူတို့ဘာလုပ်ရမည်မသိ။

အမျိုးသမီးနှစ်ယောက် ဓားကစားနေကြသည်မှာ ကြည့်၍ကောင်းသည်။ တော် ပါသည်။ အသည်းယားစရာကောင်းသည်။

လရောင်အောက်မှ ဓားပွဲကို အင်္ဂလိပ်တပ်သားနှစ်ဦး အေးဆေးစွာပင် ကြည့် နေကြသည်။

အမျိုးသမီးနှစ်ယောက် ဓားချင်းယှက်သွားသည်၊ လူချင်းပူးသွားသည်။ ၎င်း နောက် ညာသံပေးပြီး လူချင်းခွာလိုက်ကြသည်။

အမျိုးသမီးနှစ်ယောက် ဖက်ရွက်ကလေးများလို လေထဲတွင်လွင့်သွားပြီး ကြေး စားဓားသမားနှစ်ဦးထံသို့ ရောက်ရှိသွားကြသည်။

ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ရှိနေကြသော ရန်သူနှစ်ဦးသို့ တစ်ပြိုင်တည်း ခုတ်ပိုင်းလိုက်ကြသည်။

တီခနဲ၊ တုံးခနဲ။

အမျိုးသမီးနှစ်ယောက် မျက်နှာချင်းဆိုင်လိုက်ကြသည်။ ခေတ္တမျှ ငေးစိုက်ပြီး ကြည့်နေကြသည်။ ထို့နောက် တစ်ဦးထံသို့ တစ်ဦးပြေးသွားကြသည်။

လူချင်းဆုံမိကြသည်နှင့်တစ်ပြိုင်နက် အားရပါးရ ဖက်ထားလိုက်ကြသည်။

တစ်ဦးကိုတစ်ဦး မွှေ့ရမ်းလှုပ်ခါရင်း··

ပြိုင်တူ ရယ်မောလိုက်ကြသည်။



မြန်မာ့ဓါးသည် လရောင်တွင် ကြွားဝင့်လျက်။

တံခွန်တိုင်ခင်ခင်ကြီးနှင့် တံခွန်တိုင်ခင်ခင်လေးတို့ရယ်လေ။

## ၁၀ ○ မှတ်ကျောက် [ က ]

ဥုံ သန သန မဟာသန သောင်းသောင်းကြေ ဟုံ ဟုံ။

ဖြူဖွေးသောပေါင်တွင် ဆေးနက်များ စွန်းထင်းလျက်ရှိသလို ဆေးနီများ စွန်း ထင်းနေသည့်အလား သွေးချင်းချင်းနီလျက်ရှိသည်။

သူတို့ပတ်ဝန်းကျင်တွင် လူအားလုံးသည် သေးငယ်သော ခါးတောင်းကျိုက်များ မှတစ်ပါး ကိုယ်တုံးလုံးချွတ်ချည်း ဖြစ်သည်။

ချွန်လှသော စုတ်တံကို တစ်ချက်ချင်း မှန်မှန်ပေါက်သွင်းလျက်ရှိသည်။

အင်းသွားပုံသည် ရှေပတ်သွား။

တဖြည်းဖြည်းနှင့် ဗျည်းဘီလူးပုံ ပေါ်လာသည်။

ဗိုလ်ဘယ်ကျော်နှင့် ဉာဏတို့သည် ရဲမက်များ အင်းချ အင်းသွင်းလျက် ရှိကြ သည်ကို ခေတ္တမျှကြည့်ရှုပြီးနောက် အရှေ့တံခါးဆီသို့ လျှောက်ခဲ့ကြသည်။

"ကိုရင်ဉာဏ"

"ခင်ဗျား"

"အင်း အိုင် မန္တရားအကြောင်း ပြောစမ်းပါ"

"အင်း၊ အိုင်၊ လက်ဖွဲ့၊ ခါးလှည့်၊ ဂါထာမန္တန်၊ မန္တရား၊ ဆေးဝါးဆိုတာတွေဟာ သိဒ္ဓိအမျိုးမျိုးကို ပြီးမြောက်ပြီး ဝိဇ္ဇာအဖြစ်ကိုရောက်နိုင်တယ်လို့ ယုံတဲ့လူတွေက ယုံနေ ကြတဲ့ ဂန္ဓာရီအတတ်ပညာတွေပဲ၊ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီဆိုပြီး ဂန္ဓာရီ နှစ်မျိုးရှိတယ်၊ ဒုတ်ကြီး ၄၀၊ ကဝေ ၉၉ နဲ့ ၃၇ မင်းနတ်များ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ စတဲ့ နတ်တွေ တိုအစွဲပြုပြီး စီရင်တဲ့ အင်းအိုင်လက်ဖွဲ့၊ ခါးလှည့်၊ ဂါထာမန္တန်မန္တရား၊ ဆေးဝါး မှော်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာတွေဟာ စူဠဂန္ဓာရီတွေပဲ၊ သူရဿတီ ဗယ်တော်ကြီးအပါအဝင် ဒေဝီ ၂၁ ပါး၊ သာသနာစောင့်နတ်ကြီး ၅ ပါး၊ စတုလောက ပါလနတ်မင်းဘကီး ၄ ပါး၊ သိကြား စတဲ့ အထက်နတ်များကို အစွဲပြုပြီး စီရင်တဲ့ ဘုယ်ငန်းများ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများကတော့ မဟာဂန္ဓာရီတွေပဲ"

"ကိုရင်ဉာဏ ယုံသလား"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဘယ်ကျော်က ရုတ်တရက်မေးသည်။

"ကျွန်တော့်ကိုယ်မှာတော့ ဆရာတော် ထိုးပေးထားလို့ ဆေးစက်တွေ အင်းကွက်တွေရှိနေတာပဲ"

"ကျုပ်မှာတော့ ဘာမှမရှိဘူး၊ ဆေးတစ်စက် အင်းတစ်ကွက် မရှိဘူး၊ ကျုပ်လက်နဲ့ ကျုပ်ဓားကိုပဲ ကျုပ်ယုံတယ်"

"အရေးကြီးတာကတော့ ကိုယ်ကိုယ်တိုင် တတ်ကျွမ်းတဲ့ နှလုံးရည်နဲ့ လက်ရုံးရည်ပဲပေါ့၊ တချို့လူတွေဟာ သိုင်းတစ်ကွက် ဓားတစ်ချက်မတတ်ဘဲနဲ့ ဆေးတစ်စက် အင်းတစ်ကွက်ကို အားကိုးပြီး မိုက်ရူးရဲလုပ်လို့ ဒုက္ခရကြရတာ အများကြီးပဲ"

"ဟုတ်တယ်၊ ကျုပ်တို့နယ်မှာ ကုလားတွေတက်လာတော့ ဘုန်းကြီးက ရွာသားတွေကို အင်းတွေ၊ လက်ဖွဲ့တွေထိုးပေးပြီးတိုက်စေတယ်၊ ဒီက မောင်းကြီးထုပြီး လယ်ကွင်းထဲမှာ အတင်းပြေးတက်သွားတော့ ကုလားတွေက အကြိုက်ပေါ့၊ သေနတ်တွေနဲ့ ပစ်ချတာ အတုံးအရုံးပဲ"

"ကုလားတွေကို ဒီလိုတိုက်လို့မရဘူး၊ သူတို့သေနတ်တွေက အင်မတန် ရှုပ်တယ်၊ ကျွန်တော်တို့ရဲ့ စစ်ဆင်,စစ်တက်,စစ်ဆုတ်ပရိယာယ်တွေကို အများကြီး ပြင်ရမယ်"

"သူတို့က စစ်တိုက်တဲ့နေရာမှာသာ ပရိယာယ်ကြွယ်ဝတာမဟုတ်ဘူး၊ အုပ်ချုပ်တဲ့နေရာမှာလည်း ခေဝုစ်များတယ်၊ ဥပါယ်သုံးတယ်၊ သူတို့ဖျားယောင်းလို့ ကျုပ်တို့ရွာတွေ ဘယ်လောက်ပါကုန်ပလဲ၊ သူတို့ကို ပြင်းပြင်းထန်ထန်တိုက်လေ သူတို့က ရာထူးကြီးကြီး အသပြာများများ ပေးလေပဲ"

"ကျွန်တော်တို့ဟာ ကုလားဖြူတွေရဲ့ ကျွန်မခံဘူးလို့ သံန္နိဋ္ဌာန် မြဲမြဲချထားရင်တော့ မှတ်ကျောက်တင်ခံနိုင်ရမှာပေါ့၊ ခြောက်လို့လည်း မကြောက်ဘူး၊ ချော့လို့လည်း မပျော့တတ်ဘူး၊ ဘယ်လိုပဲခြောက်ခြောက်၊ ဘယ်လိုပဲချော့ချော့ တစ်ရွေးသားမှ မရွေ့စေရဘူး"

"ကိုရင်ဥာဏပြောတာ မှန်ပါတယ်၊ နို့ပေမယ့် မှတ်ကျောက်တင် ခံနိုင်တယ် မခံနိုင်ဘူးဆိုတာ တကယ် မှတ်ကျောက်တင်ကြည့်တဲ့အခါကျမှပဲ သိနိုင်တယ်၊ ရောယိမ်းလိုက် ဘသားယိမ်းလိုက်ဆိုတဲ့အခါမှာတော့ လူတွေအားလုံးဟာ မှတ်ကျောက်တင်နိုင်မယ့်ပုံတွေပဲ၊ အဲ··တကယ့်သေရေးရှင်ရေး အကျဉ်းအကြပ်ထဲရောက်ပြီဆိုတဲ့အခါကျ ဦးလည်မသုန်တဲ့လူတွေလည်း တွေ့ရတယ်၊ သစ္စာဖောက် ဒူးထောက်သွားတဲ့လူတွေလည်း တွေ့ရတယ်၊ အသပြာထုပ်ကြီးတွေ ရာထူးဋ္ဌာနန္တရကြီးတွေနဲ့ တွေ့ရတဲ့အခါမှာလည်း တစ်ပါးကျွန်ဖြစ်သွားတတ်ကြတယ်"



"ရန်သူတွေနဲ့ အကြိတ်အနယ်တိုက်နေရတဲ့အချိန်မှာ ကိုယ့်အသွေးအသားထဲက သစ္စာဖောက်သွားတဲ့လူတွေဟာ မူလရန်သူထက် ပိုပြီးကြောက်စရာကောင်းတယ်"

"အမှန်ပဲပေါ့၊ ရန်သူကတော့ ရန်သူဆိုတာရှင်းနေတယ်၊ ကိုယ်ကလည်း သူ့သတ်မှာပဲ၊ သူကလည်း ကိုယ့်သတ်မှာပဲ၊ သစ္စာဖောက် အကောက်ကြံတဲ့လူကတော့ ကိုယ့်မိတ်ဆွေဟန်ဆောင်နေပြီး အရေးကျမှ နောက်ကျောကို ဓားနဲ့ထိုးသွားမှာကိုး"

"ကိုယ့်အသွေးအသားထဲက သစ္စာဖောက် ကပေါက်တစ်ယောက်ဖြစ်သွားတဲ့လူကို အရေးယူတဲ့နေရာမှာတော့ မောင်လတ်ဟာ အင်မတန်ပြတ်သားတယ်၊ အညှာအတာ ကင်းတယ်"

"သူ့ညီကို သူကိုယ်တိုင်သတ်ခဲ့တာပဲ၊ အင်း···သူတို့အစ်မတော်ကြီးနဲ့တော့ ပြေပြစ်ညီညွှတ်သွားကြပြီနဲ့တူတယ်"

ဉာဏ ခေတ္တမျှ တွေးဆနေပြီးနောက်··

"အစ်မတော်ခင်ခင်ကြီးဟာ မြို့ဟောင်းတိုက်ပွဲမှာတော့ ကုလားဖြူတွေကို တကယ်ပဲ ရှုပ်ရှုပ်ချုံချုံတိုက်ခဲ့တာပဲ၊ သူ ဒီလိုတိုက်လိမ့်မယ်လို့ ဘယ်သူကမှ မထင်ခဲ့ဘူး"

"ကောင်းပါတယ်၊ ခင်ဗျားတို့ တံခွန်တိုင်မောင်နှမတွေ အခုလို တစ်စိတ်တစ်ဝမ်းတည်းနဲ့ ကုလားဖြူတွေကို တိုက်ကြမယ်ဆိုရင်··"

"အစ်မတော်ခင်ခင်ကြီးဟာ အံ့သြဖို့ကောင်းတယ်၊ ကျွန်တော် သူ့ကို နားမလည်ဘူး ဘယ်တော့မှလည်း နားလည်မှာမဟုတ်ဘူး"

ဉာဏက အဝေးသို့ငေးမောရင်း ပြောနေသည်။

သူတို့နှစ်ယောက် စကားတပြောပြောနှင့် မြို့တံခါးအနီးသို့ ရောက်ရှိလာကြပြီဖြစ်သည်။ တံခါးစောင့်များ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်ကို တွေ့ရသည်။

အဝေးဆီမှ မြင်းခွာသံများကိုလည်း ကြားရသည်။

"ကိုနန္ဒတို့ ပြန်လာကြပြီနဲ့တူတယ်"

"သူတို့ အခုမှ ရောက်ရုံလောက်ပဲရှိဦးမယ်"

ယင်းအခိုက်တွင် သူတို့အနီးသို့ တံခါးမှူးရောက်ရှိလာသည်။

"ယင်းတလဲသခင်မကလေး ဆိုက်ရောက်လာကြောင်းပါ"

ဗိုလ်ဘယ်ကျော်နှင့် ဉာဏ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။ ထို့နောက် ယင်းတလဲသခင်မကလေးကို ခရီးဦးကြိုပြုကြသည်။

စောဥမ္မာက ဗိုလ်ဘယ်ကျော်ကို နှုတ်ဆက်စကားပြောပြီးနောက်··

"တံခွန်တိုင်ဉာဏကော ကျန်းခန့်သာလို့ မာပါစ"

"ကျွန်တော်က တံခွန်တိုင် အများအနားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်ဉာဏဟာ တံခွန်တိုင်သွေးတစ်ယောက်ပဲ ဖြစ်ပါတယ်"

"ကျွန်တော့်သွေးဟာ နီရဲတာတော့ အမှန်ပါပဲ"

"တံခွန်တိုင်သွေး နီရဲတယ်ဆိုတာ ရပ်ရွာပြည်သူ အားလုံးသိကြပါတယ်"

"တံခွန်တိုင်သွေးဟာ နည်းနည်းလေး နီကြောင်ကြောင်ဖြစ်လာရင်လည်း ဖောက်ထုတ်ပစ်လေ့ရှိပါတယ်"

ဉာဏ၏ မာန်စကားကြောင့် စောဥမ္မာပြုံးလိုက်ပြီး··

"အခုတော့ တံခွန်တိုင်သွေးဟာ ဖောက်ထုတ်စရာမလိုတော့ပါဘူး၊ အစ်မတော်ခင်ခင်ကြီးရဲ့သွေးဟာလည်း ပတ္တမြားလို နီရဲတယ်ဆိုတာ သာဓကပြသွားပါပြီ၊ ဒါနဲ့ ကိုဉာဏကို ပြောစရာတစ်ခုရှိပါတယ်"

"ပြောပါ အစ်မတော်"

"မြို့ဟောင်းခံတပ်ကို ဗိုလ်မှူးစိတ္တ ကြီးကြပ်ကွပ်ကဲဖို့ ရှိပါတယ်"

"ဗိုလ်မှူးစိတ္တနဲ့ ထိုက်တန်တဲ့တာဝန်ဖြစ်ပါတယ်"

"ကိုဉာဏတို့ကျောက်မိုင်းမှာ သူရဲကောင်းတွေ ပေါလှပါတယ်၊ မောင်ကြီးမောင်မောင်လတ်၊ မောင်ကြီးနန္ဒ၊ အစ်မတော်ခင်ခင်လေး၊ ဗိုလ်မှူးဘယ်ကျော်၊ ဗိုလ်မှူးလေးဉာဏ"

"အစ်မတော် ပဏာကိုပြောချင်လို့ပါလဲ"

"မောင်ကြီးမောင်မောင်လတ်တို့ဆီကို ကိုဉာဏ သွားချင်တယ်ဆိုလို့ အစ်မတော် ခွင့်ပြုခဲ့ပါတယ်၊ ခုအခါမှာ အခြေအနေတွေလည်း ပြောင်းလဲလာပါပြီ၊ ကျောက်မိုင်းယင်းတလဲနဲ့ တောင်နီနယ်တို့ဟာ တစ်နယ်ထဲ တစ်ကြောထဲပဲ ဖြစ်ပါတယ်၊ တောင်နီမှာ အစ်မတော်နဲ့အတူ ကွပ်ကဲအုပ်ချုပ်ဖို့ သူရဲကောင်းတစ်ဦးလိုပါတယ်၊ ကိုဉာဏ အစ်မတော်ဆီ ပြန်လာပါလို့ အစ်မတော် ဖိတ်ခေါ်ပါတယ်"

"အစ်မတော်ထံမှာ ကျွန်တော် အမှုထမ်းဆောင်ဖို့ အသင့်ရှိပါတယ်၊ သို့သော် သည်အရေးကို နောင်လတ်နဲ့ အစ်မတော် ပြောပါဦး"

စောဥမ္မာ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"မောင်ကြီးမောင်မောင်လတ်ကို အစ်မတော် အခုပဲပြောပါ့မယ်"

"နောင်လတ်တို့ မရှိကြပါဘူး"

"အို··ဘယ်ကိုသွားကြသလဲ"

"အစ်မတော်ခင်ခင်ကြီးက အခေါ်ရှိလို့ ယင်းတလဲကို သွားကြပါတယ်"

"မောင်ကြီးနန္ဒနဲ့ အစ်မတော်ခင်ခင်လေးတို့ကော ပါသွားကြသလား"

"သူတို့အားလုံးပဲ သွားကြပါတယ်၊ အစ်မတော်က အထူးစားသောက်ဖွယ်များ စီမံထားတယ်လို့ သိရပါတယ်"



"ဟုတ်တယ်၊ ဆရာတော်များကို မုန့်ဆွမ်းကပ်တယ်"

"အစ်မတော်ကော မသွားဘူးလား"

"သည်က အပြန်မှာသွားရမယ်၊ မောင်ကြီးမောင်မောင်လတ်တို့ လာမယ်မထင်တာနဲ့ ကိုဉာဏအရေးကိုပြောရအောင် အစ်မတော် လာခဲ့တာပဲ"

"အစ်မတော် မြို့တွင်းသို့ဝင်ပြီး အပန်းဖြေပါဦး"

"အစ်မတော် မနားတော့ဘူး၊ ယင်းတလဲကို အခုပဲလိုက်သွားမယ်၊ မောင်ကြီးမောင်မောင်လတ်က ခွင့်ပြုရင်သာ ကိုဉာဏ အမြန်ဆုံးလာခဲ့ပါ"

"စိတ်ချပါ အစ်မတော်"

စောဥမ္မာနှင့် နောက်ပါရဲမက်များ ထွက်ခွာသွားသောအခါ··

"ယင်းတလဲသခင်မကလေးဟာ သူရသတ္တိနဲ့ပြည့်စုံသလို လှပချောမောတာလည်း အမှန်ပဲ၊ ကိုဉာဏရဲ့နောင်တော် မောင်မောင်လတ်နဲ့ မလိုက်ဖက်ဘူးလား၊ သူတို့ချင်းချင်းလည်း စိတ်ကူးရှိကြပုံရတယ်"

"သူတို့ချင်းချင်းစိတ်ကူးရှိကြရင် ကျွန်တော်က ဘာပြောစရာရှိဦးမလဲ"

"မောင်မောင်လတ်နဲ့ စောဥမ္မာတို့သာ လက်ထပ်ကြမယ်ဆိုရင် ယင်းတလဲနဲ့ ကျောက်မိုင်းတို့ရဲ့ ညီညွတ်စုစည်းမှုဟာ ပိုမိုခိုင်မာလာမှာအမှန်ပဲ"

"ယင်းတလဲကို အုပ်ချုပ်တာက အစ်မတော်စောဥမ္မာ မဟုတ်ဘူး၊ ယင်းတလဲမင်းသိဒ္ဓိနဲ့ အစ်မတော်ခင်ခင်ကြီးပဲဖြစ်တယ်၊ အမှန်တော့ ရာဇနည်းပရိယာယ်တွေမှာ ကြယ်ဝတာက အစ်မတော်ခင်ခင်ကြီးပဲ"

[ ၈ ]

တစ်ချိန်က မိမိတို့စုဝေးတိုင်ပင်ရာ ညီလာခံခန်းမဆောင်သည် ယခုအခါတွင် မမှတ်မိနိုင်လောက်အောင်ပင် အသွင်အပြင် အဆင်အထားများ ပြောင်းလဲလျက်ရှိသည်။

ရွှေရောင်အိအိဝင်းဝင်း။

ကျောက်မျက်ရတနာများ ပြိုးပြိုးပြက်ပြက်။

အဆန်းဆန်းအကြွယ်ကြွယ် အံ့ဘနန်း။

ရွှေနန်းဆောင်ကြီးထဲတွင် စောဥမ္မာတစ်ယောက်တည်း ရှိနေသည်။

မာရဘင်တံခါးကို ကပ်လျက် ခြသေ့်ရုပ်၊ ဆင်ပျံ၊ လောကနတ်၊ ခေါင်းချိုးဆယ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္ဘာဒေဝ၊ မြူး၊ ဥ‌ဒေါ၊ ဦးဆောက်ပန်း ကြံ့ခြင်ပြီးသော ပလ္လင်တော်။

www.burmeseclassic.com

www.burmeseclassic.com



ထီးရွက်ကိုးဆင့်၊ ထီးရိုးဆယ်တောင်၊ ရွှေညောင်ရွက် ၁၀၈၊ ရွှေညောင်ရွက်တို့အကြား၌ မြ၊ ပတ္တမြား၊ သန္တာ စသော ပန်းပွားများ။

ဩော်..ထီးဖြူအောက်၌၊ တောက်သားမီးနယ်၊ လျှပ်စစ်နွယ်သို့၊ စလွယ်သင်းထျစ်၊ ဦးရစ်ရွှေပေါင်း၊ နတ်ရုပ်ဆောင်းလျက်ဆိုသည့်သဘောလား။

မိမိ၏နောက်ဘက်မှ ခြေသံရှပ်ရှပ်ကြားသဖြင့် စောဥမ္မာ စောင်းငဲ့ပြီး ကြည့်လိုက်သည်။

တံခွန်တိုင်ခင်ခင်ကြီး။

ရွှေဘူးယကင်၊ ကွမ်းလျှင်မြိတ်လွတ်၊ သွယ်ညွတ်ကြက်တောင်၊ သုံးပြောင်ရံရွှေ--

"ညီမတော်ရောက်သည်မှာ ကြာများကြာချေပြီလား"

ခင်ခင်ကြီးက ပြုံးလဲ့လဲ့ဖြင့်မေးသည်။

စောဥမ္မာက ခင်ခင်ကြီး၏အမေးကို မဖြေဘဲ ရွှေရောင်ညီးသော ခန်းမဆောင်ကြီးကို ဝေ့ဝိုက်၍ကြည့်ကာ..

"ရွှေနန်းတော်ကြီးထဲကို အစစားရောက်နေရသလိုပါပဲလား အစ်မတော်၊ ပလ္လင်တော်တွေ ထီးဖြူတော်တွေနဲ့ ထူးခြားဆန်းကြယ်လှချည့်လား"

"ဆရာတော်ကြီးတွေကို မုန့်ဆွမ်းကပ်တယ်လေ၊ ညီမတော် မေ့နေပြီလား"

"ရာဇပလ္လင်ရဲ့လက်ဝဲလက်ယာမှာ ထီးဖြူတော်တွေ ခင်းကျင်းထားပုံက ဘိသိက်သဘင် ဆင်ယင်ကျင်းပမယ့်ပုံမျိုးပါလား အစ်မတော်"

"ဆရာတော်ကြီးများက ဩဝါဒပေးပါတယ် ညီမတော်၊ ရဟန်းတွင် သိက္ခာမင်းတွင်ဘိသိက်တဲ့၊ တိုင်းသူပြည်သားများကို တရားနဲ့အညီ စီရင်အုပ်ချုပ်၍ တိုင်းကြီးပြည်ကြီး ဝပြောသာယာစေရန်.."

"ရာဇဘိသိက်ခံပြီး မင်းလုပ်ရမယ်ဆိုပါတော့"

"ညီမတော်ရဲ့မောင်ကြီး ဘိသိက်ခံမင်းတရားဖြစ်မည်ကို ညီမတော် မလိုလားဘူးလား"

"ဘယ့်နှယ်ပြောပါလိမ့် အစ်မတော်ရယ်၊ မောင်ကြီး အထွတ်အထိပ်ရောက်သည်ကို ညီမတော် လိုလားရမှာပေါ့၊ နောက်ပြီး ကစ်ခါ အစ်မတော်ခင်ခင်ကြီး မဟေသီဘိသိက်ခံယူတော်မူပြီး အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဖြစ်သည်ကိုလည်း ညီမတော် လိုလားရမှာပေါ့"

ခင်ခင်ကြီးက စောဥမ္မာကို စူးစူးစိမ်းစိမ်းကြည့်နေပြီးနောက်..

"ညီမတော်ဟာ ယင်းတာလဲနိုင်ငံတော်ရဲ့ ပင်တိုင်စံမင်းသမီးကလေး ဖြစ်ပါတယ်"



"ဩော်..ဩော်.."

"ဥပရာဇာဘိသိက်ကိုလည်း တစ်ခါထဲဆင်ယင်ဖို့ ရှိပါတယ်"

"ဩော်..ဩော်.."

"မောင်မောင်လတ်ကို အိမ်ရှေ့ဥပရာဇာထားဖို့ အားလုံး တညီတညွတ်တည်း ရှိကြပါတယ်"

"သည်လိုလား"

"ညီမတော်ရဲ့သဘောကကော"

"ညီမတော် ဘာမျှပြောစရာမရှိပါ"

ခင်ခင်ကြီး ခေတ္တမျှ စဉ်းစားချိန်ဆနေပြီးနောက်..

"အစ်မတော်ရဲ့စိတ်ထဲမှာ နောက်ထပ် ဆန္ဒတစ်ခုရှိပါသေးတယ် ညီမတော်"

"ဘာများလဲ အစ်မတော်"

"ဒေဝီပါဟာဘိသိက်ကိုလည်း တစ်ခါထဲ ဆင်ယင်ချင်ပါတယ်"

စောဥမ္မာ နားမလည်ဟန်ဖြင့် ကြည့်နေသည်။

"မောင်မောင်လတ်နဲ့ ညီမတော်ကို လက်ထပ်ထိမ်းမြားရလျှင် များစွာ သင့်ပါမည်"

စောဥမ္မာ မျက်နှာတစ်ခုလုံး ရဲရဲနီသွားသည်။

တစ်စုံတရာမပြောဘဲ ခန်းမဆောင်အတွင်းမှ ရှာခနဲလှည့်ထွက်သွားသည်။

သူမတစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိသည်။

မျက်စိအမြင်တွင် အရာရာသည် ထွေပြားဝိုးဝါးလျက်ရှိသည်။

ခန်းမဆောင်အပြင်ဘက်သို့အရောက်တွင် လူတစ်ယောက်နှင့် တိုက်မိမည် ရှိသည်။

ယောကျ်ားကြီးတစ်ယောက်။

သူ့ရင်အုပ်က အကျယ်ကြီး၊ သူ့အရပ်ကြီးက မိမိအပေါ်မိုးနေသည်။

ဘုရား..ဘုရား..မောင်မောင်လတ်များလား။

စောဥမ္မာ မော့ကြည့်လိုက်သည်။

တော်ပါသေးရဲ့။

မောင်မောင်လတ်မဟုတ်ပါ။

မောင်ကြီးနန္ဒရယ်။

သို့တစေ..

စောဥမ္မာ ရင်တဒိတ်ဒိတ်ခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမတော် ဘာဖြစ်လို့လဲ"

နန္ဒ စိုးရိမ်ဟန်ဖြင့်မေးသည်။

"အို··ဘာမှမဖြစ်ပါဘူး"

သူမ၏အဖြေကို နန္ဒမကျေနပ်။ သို့သော် စကားကိုလွှဲလျက်··

"ညီမတော် ဘယ်တုန်းကရောက်သလဲ"

"ခုတင်ပဲရောက်တယ်"

"မောင်ကြီးတို့ရောက်နေတာ ကြာသွားပြီ"

"ညီမတော် နည်းနည်းနောက်ကျသွားတယ်"

ကျောက်မိုင်းကိုဝင်နေသဖြင့် နောက်ကျရကြောင်းကိုမူ ထည့်မပြော။

"မောင်မောင်လတ်တို့နဲ့ တွေ့ပြီးပလား"

"ဟင့်အင်း··ဟင့်အင်း··မတွေ့ဘူး"

စောဉမ္မာ ကသောကမျော ဖြေသည်။

သူမ၏မျက်နှာ နီမြန်းသွားသည်ကို နန္ဒ ငေးစိုက်ပြီးကြည့်နေမိသည်။

"ခင်ခင်လေးလည်း ဘယ်ရောက်နေသလဲမသိဘူး"

"အထဲမှာ အစ်မတော်ခင်ခင်ကြီး ရှိတယ်"

စောဉမ္မာ အသံတုန်နေသည်။

နန္ဒ တစ်စုံတစ်ခုပြောဦးမည်ပြုပြီးမှ မပြောတော့ဘဲ ခန်းမဆောင်အတွင်းသို့ ဝင်သွားသည်။

စောဉမ္မာလည်း ထိုနေရာမှ သုတ်သီးသုတ်ပြာ ထွက်သွားသည်။

အဆောင်တစ်ခုအတွင်းမှ ခင်ခင်လေး ထွက်လာသည်။ စောဉမ္မာကို လှမ်းခေါ်သည်။ စောဉမ္မာ မကြားဟန်ပြုပြီး လျှင်မြန်စွာလျှောက်သွားသည်။

အကွယ်တစ်ခုတွင် လူရိပ်ဖျောက်လိုက်သည်။

မိမိနှင့် မောင်မောင်လတ်ကို ဝိပါဟဘိသိက် တစ်ခါတည်းဆင်ယင်လိုသည့်အ သည့်ကိစ္စကို သူတို့အားလုံး တိုင်ပင်ပြီးကြချေပြီလား။

မောင်ကြီးနန္ဒကိုကြည့်ရတာ သိနေပုံပဲ။

အစ်မတော်ခင်ခင်လေးကကော မိမိကို ဘာပြောမည်နည်း။

စောဉမ္မာ ခြေလှမ်းများ မကြာခဏမှားသည်။

သူများတွေက အရေးမကြီး။

မောင်ကြီး မောင်မောင်လတ်ကော သိပလား၊ သူ့သဘောက ဘယ်လိုလဲ၊ သူ ငါ့ကို ဘယ်လိုသဘောထားသလဲ။



သူ ကြည့်ပုံကတော့··

ဟင်း···

စောဉမ္မာ မောနေသည်။

နှမတော်ရဲ့ရင်ထဲမှာ တစ်မျိုးကြီးပါပဲလား မောင်ကြီးမောင်မောင်လတ်ရယ်။

[ ၈ ]

စောဉမ္မာတစ်ယောက်တည်း တောင်နီသို့ ပြန်ခဲ့သည်။

ဘယ်ကနေ ဘယ်လိုစိတ်ကူးပေါက်ပြီး ပြန်ခဲ့မိသည်မသိ။ တောင်နီသို့ တစ်ယောက်တည်း ပြန်ခဲ့မိသည့်အဖြစ်ကိုပင် တော်တော်ကလေး ခရီးပေါက်မှ စောဉမ္မာ သတိပြုမိသည်။

ဟင်··ယင်းတလဲမှ မိမိပြန်ခဲ့ပါပကောလား။

သူတို့ ငါ့ကို ဘာများပြောကြလေမလဲ။

ငါ့နောက်ကိုများ သူတို့လိုက်လာမလား။

ယခုအထိတော့ မည်သူမျှ လိုက်မလာပါ။

သူမ၏ နောက်ပါအခြွေအရံများမှာမူ သူမ မခေါ်ဘဲနှင့် လိုက်ပံ့ကြသည်မဟုတ်။

ယခုလောက်ဆိုလျှင် မိမိ ရုတ်တရက်ရောက်လာပြီး ရုတ်တရက် ပြန်သွားသည့်အဖြစ်ကို မောင်ကြီး မောင်မောင်လတ် သိချေပြီလား။

ဟင်··သူများလိုက်လာရင် ဘယ်လိုပြောရမလဲ။

မျက်နှာကို ဘယ်လိုထားရမလဲ။

စောဉမ္မာသည် အတွေးများဖြင့် လုံးထွေးရစ်ပတ်ရင်း မြင်းကို မနှေးမမြန် စိုင်းနှင်သွားနေသည်။

မကြာမကြာ နောက်သို့လှည့်ကြည့်သည်။

မောင်မောင်လတ် လိုက်မလာပါ။

သူမ၏ရင်ထဲတွင် မတင်မကျကြီးဖြစ်နေသည်။

ယင်းတလဲမှ ထွက်ပြေးလာခဲ့မိသည့်အဖြစ်ကို ဒေါသဖြစ်နေသည်။

ဘာဖြုလို့ ထွက်ပြေးရမလဲ။

ဘယ်သူကပဲ မိမိတို့ကို လက်ထပ်ထိမ်းမြားချင်သည် ပြောပြော၊ အဓိက မိမိတို့သဘောပါ။

မိမိသဘောပါ။

မိမိ သဘောတူချင်တူမည်၊ သဘောမတူချင် မတူဘူး။

www.burmeseclassic.com

www.burmeseclassic.com

မောင်ကြီးမောင်မောင်လတ်လည်း သူ့သဘောနဲ့သူပေါ့။

သည်ကိစ္စအတွက် မိမိတို့နှစ်ယောက်တွေ့လိုက်ရလျှင် ကောင်းမည်။

ရှင်းသွားမည်။

ဘာမျှ တအုံနွေးနွေးဖြစ်နေစရာမလိုတော့။

စောဥမ္မာ နောက်ကြောင်းပြန်လှည့်ရန် နှစ်ကြိမ် သုံးကြိမ် စိတ်ကူးသည်၊ ဆုံးဖြတ်သည်၊ ကြိုးစားသည်။ မအောင်မြင်။

မောင်မောင်လတ်နှင့် မျက်နှာချင်းဆိုင်ဖို့ စဉ်းစားမိတိုင်း တစ်ကိုယ်လုံး တုန်ခါ ဆိမ်းရှိန်းရသည်။

ယင်းသို့ဖြင့်..

တောင်နီသို့ စောဥမ္မာတစ်ယောက်တည်း ပြန်လည်ရောက်ရှိလာရသည်။

ရင်ထဲတွင် ဟာတာတာ မောတောတောနှင့်။

အထိန်းတော်ကြီးဒေါ်မယ်ဇော် ဆီးကြိုလျက်ရှိသည်။

အဖွားကြီး၏မျက်နှာကို ကြည့်ရသည်မှာ တစ်စုံတစ်ခုပြောလိုဟန်ရှိနေကြောင်း စောဥမ္မာ သတိပြုမိသည်။ သူများ သိနေပလား။

မဖြစ်နိုင်ပါဘူး။

စောဥမ္မာ မျက်နှာထားတည်တည်ထားပြီး လေသံငြိမ်ငြိမ်ဖြင့်..

"ဘာတွေများ အကြောင်းထူးဖြစ်သေးသလဲ ဒွေးလေးဇော်"

အဖွားကြီး မျက်နှာမချိုမချဉ်ဖြင့်..

"ဧည့်သည်တော်တစ်ဦး ရောက်နေပါတယ်"

"ဘယ်က ဧည့်သည်တော်လဲ၊ နေပြည်တော်ကလား"

"မဟုတ်ပါဘူး၊ ကျောက်မိုင်းကပါ"

"ဘယ်လို..ကျောက်မိုင်းက..ဟုတ်လား၊ ဘယ်သူလဲ"

ဉာဏာတော့ ဟုတ်ဦးမည်မထင်။ ဗိုလ်ဘယ်ကျော်များလား။ အဘယ်ကို...

"တံခွန်တိုင်မောင်မောင်လတ်ပါ"

စောဥမ္မာ တုန်သွားသည်။

ပြီးတော့..

ဒေါ်မယ်ဇော်ကို ပုဇွန်မျက်လုံးများဖြင့် ကြည့်နေသည်။

စကားတစ်ခွန်းမျှ မပြော။

"သခင်မကလေး"

ဒေါ်မယ်ဇော် ထိတ်လန့်တုန်လှုပ်စွာ ခေါ်လိုက်သည်။



"ဒွေးလေးဇော်"

"သခင်မကလေး ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ"

"တစ်ကိုယ်လုံးတုန်ပြီး ရဲနေတယ်"

စောဥမ္မာ ဘာမျှမပြော။

"သခင်မကလေး တစ်ခုခုဖြစ်နေတာတော့ အမှန်ပဲ"

"ဒွေးလေးဇော်"

"သခင်မကလေး"

"သူရောက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"တကယ်ပဲလား ဒွေးလေးဇော်"

"တကယ်ပဲပေါ့ သခင်မကလေး"

"ဘုရား..ဘုရား..ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ သခင်မကလေး"

"သူရောက်နေတာ ကြာပလား"

"အတန်ငယ် ကြာသွားပါပြီ"

"ဘာအကြောင်းကိစ္စ ရှိလို့တဲ့လဲ"

"သခင်မကလေးကို တွေ့ချင်လို့ပဲ ပြောပါတယ်"

"ဘုရား..ဘုရား..သူနဲ့တွေ့ရမယ် ဟုတ်လား"

စောဥမ္မာ ပြောနေပုံက အိပ်မက်ထဲတွင် ယောင်ယမ်းနေသလို။

"သခင်မကလေး သူ့ကိုမတွေ့ချင်ဘူးဆိုရင် သခင်မကလေး မအီမသာဖြစ် ...ယ်လို့ ပြောလိုက်မယ်လေ"

"အို..အို..မပြောပါနဲ့"

ဒေါ်မယ်ဇော်က စောဥမ္မာကို ထူးဆန်းအံ့ဩစွာ ကြည့်နေသည်။

"သူ အခုဘယ်မှာလဲ"

"ပြာသာဒ်ဆောင်မှာပါ"

စောဥမ္မာ ရုတ်တရက်ထွက်ခွာသွားသည်။ ပြာသာဒ်ဆောင်သို့မဟုတ်ပါ၊ သူမ၏ ...ဆောင်ဆီသို့ ဖြစ်သည်။

ဒေါ်မယ်ဇော် ငေးငိုင်ပြီးကျန်ရစ်သည်။

ဘတုန်ကယင်ဖြစ်နေသော ယင်းတလဲသခင်မကလေး စောဥမ္မာ..။

www.burmeseclassic.com

www.burmeseclassic.com



ကြောခုံပြင်တွင် သူမ၏ရုပ်သွင်ကို ကြည့်သည်။

ဆံနွယ်တလေးများ ရစ်ခွေသည်။

အမွှေးနံ့သာ ထုံသင်းစေသည်။

အိပ်ခန်းဆောင်ထဲမှ ထွက်ခဲ့သည်။

တုန့်ဆိုင်းသော ခြေလှမ်းများဖြင့် ပြာသာဒ်ဆောင်သို့သွားသည်။

တံခါးဝတွင် ခေတ္တမျှရပ်နေပြီးနောက် အဆောင်တွင်းသို့ မင်းသမီးကလေး ဝင်ရောက်သွားသည်။

ဟော··သူနဲ့တွေ့ရပြီ။

ခန်းမဆောင်ရဲ့အလယ်မှာ သူတစ်ယောက်တည်း မားမားကြီးရပ်နေသည်။

ပိုးရည်တောင် ခါးခြယ်အင်္ကျီဖြူလွှလွှ။

ယှန်းလက်ချိတ်ရွှေကြိုးကိုက် ပုဆိုးဝါစိမ်းစိမ်း။

တည်ငြိမ်သောအပြုံး။

စောဥမ္မာ သူ့ရှေ့မှာ ခြေစုံရပ်လိုက်သည်။

ရှိုးရှိုးကလေး။

"နှမတော်ကို အရေးကြီးတဲ့ စကားတစ်ခွန်းပြောစရာရှိလို့"

စောဥမ္မာ ဖြည်းဖြည်းချင်း မော့ကြည့်သည်။

မျက်နှာတော် ဝါရွှေရွှေနီလျှက်။

"ယင်းတလဲကို နှမတော် မလာဘူးလား၊ အစ်မတော်ခင်ခင်ကြီး မုန့်ဆွမ်းကပ်တယ်"

"ခုတင်ပဲ ယင်းတလဲက ပြန်ခဲ့ပါတယ်"

"နှမတော်ကို မတွေ့ပါဘူး"

"ကျောက်မိုင်းကိုဝင်နေလို့ နောက်ကျသွားတယ်"

"အို··ကျောက်မိုင်းကို ဝင်ခဲ့တယ်ဟုတ်လား၊ ဘာအရေးများလဲ"

"ကိုညဏ်ကို တောင်နီမှာထားဖို့ မောင်ကြီးကို ပြောမလို့ပါ"

"ဟုတ်ပေသားပဲ၊ မိုလ်မှူးစိတ္တက မြို့ဟောင်းမှာ ရောက်နေပြီပဲ"

"ကိုညဏက မောင်ကြီးကိုပြောပါလို့ ပြောတယ်"

"သူ့ဆန္ဒအတိုင်း ရှိပါစေ"

ခေတ္တမျှ တိတ်ဆိတ်သွားကြသည်။

"မောင်ကြီးမှာ အရေးကြီးတယ်ဆိုတဲ့စကား ပြောစရာရှိတယ်ဆို"

စောဥမ္မာ တိုးညင်းစွာ သတိပေးသည်။

"ဟုတ်တယ်၊ နှမတော်ကို ခင်ခင်လေး ဘာမှမပြောလိုက်ဘူးလား"

"သူနဲ့မတွေ့ပါဘူး"

မောင်မောင်လတ် ထူးဆန်းစွာကြည့်သည်။ စောဥမ္မာ မျက်လွှာချသွားသည်။

"နှမတော် ယင်းတလဲကို ရောက်ခဲ့တယ်ဆို"

"အစ်မတော်ခင်ခင်ကြီးနဲ့ပဲ တွေ့ခဲ့တယ်"

"ရာဇဘိသိက်ခံဖို့ လုပ်နေတာ တွေ့ခဲ့သလား"

စောဥမ္မာ ခေါင်းညိတ်သည်။

"နှမတော်ရဲ့မောင်ကြီးမင်းသိဒ္ဓိ မင်းအဖြစ်သို့ရောက်တော့မယ်"

"အစ်မတော်ခင်ခင်ကြီးက အဂ္ဂမဟေသီမိဖုရားကြီးပါ"

"နှမတော် ဘယ်လိုသဘောရသလဲ"

စောဥမ္မာ သူ့ကိုငေးကြည့်သည်။

"ခုအချိန်က မင်းလုပ်ဖို့အချိန်မဟုတ်သေးဘူး၊ မောင်ကြီးအထင်တော့ အချိန်စောသေးတယ်၊ အရေးကြီးတာက တိုင်းတစ်ပါးရန်သူတွေကို မောင်းထုတ်ဖို့ပဲ"

"သူတို့က မောင်ကြီးကို အိမ်ရှေ့ဥပရာဇာအဖြစ် လျာထားတယ်"

"ခက်တာပဲ၊ မောင်ကြီးလည်း ဘာမှမပြောချင်ဘူး၊ ပြောရင်လည်း စကားတွေများကုန်မယ်၊ ဒါကြောင့် နှမတော်ဆီကို လာခဲ့တာပဲ"

"သူတို့က မောင်ကြီးကို လက်ထပ်ထိမ်းမြားပေးဖို့လည်း စီစဉ်နေကြတယ်"

"ခက်တာပဲ၊ ဒါတွေအားလုံးဟာ အစ်မတော်ခင်ခင်ကြီးရဲ့ အကြံအစည်တွေပဲ၊ ကဲလေ··ဒါတွေ ခဏထားပါဦး၊ နှမတော်ကို ပြောစရာရှိတဲ့စကား ပြောပါဦးမယ်"

စောဥမ္မာ ခေါင်းငုံ့ပြီး နားစွင့်နေသည်။

"မောင်ကြီးတို့ရဲ့နယ်ပယ် ကျဉ်းမြောင်းသေးတယ်၊ လက်နက်လူသူအင်အားလည်း နည်းပါးသေးတယ်၊ မောင်ကြီးတို့ကို ရန်သူတွေတိုက်လာရင် တွန်းလှန်နိုင်ဖို့လိုတယ်"

စောဥမ္မာ တစ်စုံတရာမတုန့်ပြန်။

"မောင်ကြီးတို့ရဲ့နယ်ပယ် ကျယ်ဝန်းအောင်လုပ်ရမယ်၊ လက်နက်လူသူ များပြားအောင် ကြံဆောင်ရမယ်"

စောဥမ္မာ ခေါင်းမော့ပြီးကြည့်သည်။

"မြို့ဟောင်းကို မောင်ကြီးတို့ ရခဲ့ပြီ၊ နို့ပေမယ့် ရွာသစ်မှာ ရန်သူတွေအများကြီးရှိနေတယ်၊ မောင်ကြီးတို့ကို အချိန်မရွေး လာတိုက်နိုင်တယ်၊ ရွာသစ်ကိုရမှ မောင်ကြီးတို့ လုံခြုံမယ်၊ နှမတော် ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟို-ဟို-ဟုတ်ကဲ့"

"ရွာသစ်ကို မောင်ကြီးတို့တိုက်ဖို့ သံနှို့ဒွာန်ချပြီးပြီ၊ အစ်မတော်ခင်ခင်ကြီးနဲ့ တိုင်ဝင်နိုရာ ဘီသိက်ကိစ္စတွေ ရှုပ်နေလို့ မတိုင်ပင်ခဲ့ရဘူး"

စောဉမ္မာ တစ်စုံတရာပြောရန် ကြိုးစားသည်။ နှုတ်မှ အသံထွက်မလာ။

"မောင်ကြီးတို့နဲ့အတူ ရွာသစ်ကို နှမတော် တိုက်မယ်မဟုတ်လား"

စောဉမ္မာ ခေါင်းညိတ်သည်။

"ချီတက်တိုက်ခိုက်မယ့်အချိန်နဲ့ အစီအစဉ်တွေကို ကိုရင်ဉာဏနဲ့ မှာကြားလိုက်မယ်"

စောဉမ္မာ ထပ်မံခေါင်းညိတ်သည်။

"ဒါဖြင့် မောင်ကြီးပြန်မယ်"

"ဟုတ်ကဲ့"

မောင်မောင်လတ် ခြေလှမ်းရန်ပြင်လိုက်ပြီး တစ်စုံတစ်ခုကို သတိရဟန်ဖြင့်--

"နေပါဦး၊ မောင်ကြီးကို လက်ထပ်ထိမ်းမြားပေးဖို့ သူတို့စီစဉ်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး၊ ဘယ်သူနဲ့များလဲ"

"နှမတော်နဲ့ပါ"

"ဗုဒ္ဓေါ..မြတ်စွာဘုရား"

မောင်မောင်လတ်သည် ကယောင်ကတမ်းဖြင့် စောဉမ္မာကို လက်ျာရစ်လှည့်ပတ်တာ ခန်းမဆောင်အတွင်းမှ ကမန်းကတန်းထွက်ခွာသွားသည်။

[ ဃ ]

"တောင်နီက ပြန်လာတာမဟုတ်လား"

မောင်မောင်လတ် ကျောက်မိုင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ခင်ခင်လေးက ဆီးကြိုပြီးမေးသည်။

"ဟုတ်တယ်"

"တောင်နီကိုသွားမယ်ဆိုရင် ပြောပါဦးလား၊ ခင်ခင်လေးတို့လည်း လိုက်မှာပေါ့"

"ဘီသိက်ပွဲအတွက် အရေးကြီးနေကြတယ်မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် တိုင်တိုင်ပင်ပင်ပေါ့"



"ရှင်ဘုရင်လုပ်ချင်ကြတာ မိဖုရားလုပ်ချင်ကြတာ မစောလွန်းဘူးလား"

"မောင်လတ်ကို ဥပရာဇာအဖြစ် လျာထားကြတယ်"

"ဒို့မလုပ်ဘူး"

"စောဉမ္မာနဲ့ လက်ထပ်ထိမ်းမြားဖို့လည်း စီစဉ်နေကြတယ်"

"အဲဒါကို တို့လုံးလုံးမသိဘူး"

"မောင်လတ် တောင်နီကို ဘာကိစ္စသွားတာလဲ"

"ခင်ခင်လေး မေ့နေပြီလား"

"ရွာသစ်ကို သိမ်းပိုက်ဖို့လား"

"ဒါပဲပေါ့"

"စောဉမ္မာက ယင်းတလဲကို လာမယ့်ဥစ္စာပဲ"

"စောင့်နေတာပဲ၊ သူမလာနိုင်တာနဲ့ မလာတော့ဘူးဆိုပြီး လိုက်သွားရတာပဲ"

"သူက ဒီကိုဝင်နေတာကိုး"

"ကိုရင်ဉာဏကိစ္စပါ"

"သူ ယင်းတလဲက ချက်ချင်းပြန်သွားတယ်"

"ဟုတ်လား"

"ခင်ခင်လေးနဲ့တောင် စကားမပြောလိုက်ရဘူး၊ သူထွက်သွားတာပဲ တွေ့လိုက်ရတယ်၊ နောက်ကနေလှမ်းခေါ်တာ မကြားဘူး"

"ဟုတ်လား"

"သူ ကမူးရှူးထိုးထွက်သွားတာ ကိုနန္ဒနဲ့တောင် ဝင်တိုက်မိတော့မလို့"

"ဟုတ်လား"

"အစ်မတော်ခင်ခင်ကြီးက သူနဲ့ မောင်လတ်နဲ့ ထိမ်းမြားဖို့ပြောလိုက်တော့ ရှက်စိတ်မွန်သွားတယ်နဲ့တူတယ်"

"ဟုတ်လား"

"မောင်လတ်ကို သူဘာပြောသလဲ"

"ရွာသစ်ကိုတိုက်မယ်ဆိုရင် အသင့်ပါပဲတဲ့"

"မဟုတ်ပါဘူး၊ သူနဲ့မောင်လတ်ကိစ္စ"

"အစ်မတော်ခင်ခင်ကြီးက စီစဉ်နေတယ်လို့ပြောတယ်"

"သူက သဘောတူသတဲ့လား"

"မသိဘူး"

"မောင်မောင်လတ်က မမေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ် ခေါင်းခါသည်။

''မောင်လတ်ကရော သဘောတူသလား''

''မသိဘူး''

''မြင်းသမီးကလေးကို မေတ္တာတော်မရှိဘူးလား''

''မသိဘူး''

''မောင်လတ်မသိပေမယ့် ခင်ခင်လေး သိတယ်၊ မောင်လတ်တို့ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေကြတယ်၊ မောင်လတ်တို့ လက်ထပ်ထိမ်းမြားမှာကို ခင်ခင်လေးတို့လည်း သဘောတူပါတယ်၊ နို့ပေမယ့်..''

ခင်ခင်လေး ခေတ္တစကားဖြတ်ထားပြီးမှ ဆက်ပြောသည်။

''အစ်မတော်ခင်ခင်ကြီးရဲ့ အစီအစဉ်တွေကိုတော့ သတိထားရမယ်၊ နိုင်ငံနယ်ပယ်ကျယ်ဝန်းလာတာနဲ့အမျှ စီရင်အုပ်ချုပ်ဖို့ အရေးကြီးပါတယ်၊ အုပ်ချုပ်သူအကြီးအကဲအဖြစ် ဘိသိက်ခံ မင်းလုပ်ရတယ်ဆိုတာ ရှေးထုံးအစဉ်အလာပါပဲ၊ မောင်လတ်ကို ဥပရာဇာအဖြစ်လျာထားတာလည်း သင့်မြတ်တယ်လို့ပြောရပါမယ်၊ စောဥမ္မာနဲ့ စုလျားရစ်ပတ်မှာလည်း လျော်ကန်ပါတယ်၊ နို့ပေမယ့်..''

ခင်ခင်လေး စကားဖြတ်ထားပြန်သည်။ မောင်မောင်လတ်ကို ကြည့်သည်။ မောင်မောင်လတ် ဘာမျှမပြော။ ခင်ခင်လေး ဆက်ပြောသည်။

''စောဥမ္မာနဲ့ ဖူးယောင်းပြီး မောင်လတ်ကို သူတို့ သိမ်းသွင်းသွားမယ်ဆိုရင်တော့ ခင်ခင်လေးတို့ ဝါးအစည်းပြေသွားမှာပဲ''

''စောဥမ္မာနဲ့ ဖူးယောင်းမယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ စောဥမ္မာက ဘယ်တော့မှ အမျိုးနဲ့ နိုင်ငံကို သစ္စာဖောက်မယ့်သူမဟုတ်ဘူး၊ သူဟာ တို့နဲ့ အမြဲတမ်းလက်တွဲနေမယ့်လူတစ်ယောက်ပဲ''

မောင်မောင်လတ်က ရဲတင်းစွာ အာမခံလိုက်သည်။

''မောင်မောင်လတ်က အခုပဲ စောဥမ္မာရဲ့လူဖြစ်နေပြီ''

''ဘာ''

မောင်မောင်လတ် ကျယ်လောင်စွာ ဟစ်အော်သည်။

ခင်ခင်လေး ခပ်မြည့်မြည့်ပြုံးလျက်..

''မောင်လတ်က တယ်ဒေါသကြီးတာကိုး၊ သဟာကြောင့်လည်း မယားထိမ်းကြည့်လို့ ပြောကြတာကိုး၊ အခု မယားမဖြစ်သေးဘူး၊ လျာထားရုံပဲ ရှိသေးတယ်''

''တော်..ငါတို့က အမှန်ကိုပြောနေတာ၊ သည်မယ် ခင်ခင်လေး..သည်နေ့ပြီး သုံးရက်အတွင်း ရွာသစ်ကို တိုက်မယ်၊ အခုပဲ ဉာဏကိုလွှတ်ပြီး စောဥမ္မာဆီ အကြောင်းကြားမယ်၊ ရွာသစ်ကို တိုက်တဲ့အချိန်မှာ စောဥမ္မာ ရောက်မလာဘူးဆိုရင် ငါတို့လည်ပင်းကို ဖြတ်''

| င |

သုံးရက်ပြည့်မြောက်သောနေ့တွင် စောဥမ္မာ ရောက်ရှိမလာပါ။ သို့သော် မောင်မောင်လတ်၏လည်ပင်းကိုဖြတ်ရန် အကြောင်းမရှိပါ။

အကြောင်းမှာ..

ထိုနေ့ညက..

ကျောက်မိုင်းရှိ မောင်မောင်လတ်တို့၏ တပ်ဖွဲ့များအားလုံး ရွာသစ်သို့ ချီတက်တိုက်ခိုက်ရန် အဆင်သင့်ရှိနေပြီဖြစ်သည်။

တောင်နီမြို့မှ စောဥမ္မာနှင့် သူမ၏တပ်ဖွဲ့များ ရောက်ရှိလာလျှင် ချီတက်တိုက်ခိုက်ရုံပဲဖြစ်သည်။

တောင်နီတပ်များရောက်သင့်သည့်အချိန်တွင် ရောက်ရှိမလာသောအခါ မောင်မောင်လတ် ဆောက်တည်မရ ရှိလာသည်။ ခင်ခင်လေးတို့နှင့် မျက်နှာချင်းမဆိုင်ဘဲ တစ်ယောက်တည်း စကြံလျှောက်နေသည်။

ကင်းစခန်းများမှ ခြေလျင်၊ မြင်းလျင်များ ရောက်လာမည်ကို စောင့်ဆိုင်းလျက်ရှိသည်။

ညသန်းခေါင်အချိန်လောက်တွင် ကင်းမှူးတစ်ဦး ရောက်ရှိလာသည်။ မောကြီးပမ်းကြီးနှင့်ဖြစ်သည်။ အပြေးအလွှားရောက်ရှိလာခြင်းဖြစ်သည်။

''လာကုန်ပြီ..လာကုန်ပြီ''

ကင်းမှူးအသံ တုန်နေသည်။

''ဘာလာတာလဲ၊ တောင်နီတပ်တွေလား''

''မဟုတ်ဘူး၊ ကုလားတွေ..ကုလားတွေ''

မရှေးမနှောင်းဆိုသလိုပင် အခြားကင်းခစန်း တပ်စခန်းများမှ ခြေလျင်၊ မြင်းလျင်များလည်း ရောက်ရှိလာကြသည်။

ကျောက်မိုင်းကို အင်္ဂလိပ်စစ်တပ်များ လေးဖက်လေးတန်မှ ဝိုင်းထားပြီ။ ရွာသစ်သို့ချီတက်ရန် တပ်များစဉ်ထားသည်ကို ချက်ချင်းပြန်ဖျက်ပြီး စစ်လေးမျက်နှာဖြန့်ရသည်။ ယင်းတလဲနှင့် တောင်နီသို့ မြင်းလျင်များ စေလွှတ်သည်။

''စောဥမ္မာတို့ ရောက်မလာပုံထောက်ရင်တော့ တောင်နီကိုလည်း အင်္ဂလိပ်စစ်တပ်တွေ ဝိုင်းထားပြီနဲ့တူတယ်''

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လတ် စိုးရိမ်ကြောင့်ကြဟန်ဖြင့် ပြောသည်။

"အင်္ဂလိပ်တွေက ကျွန်တော်တို့ကို တကယ်တိုက်ပြီဆိုရင်တော့ ကျောက်မိုင်း တစ်ခုတည်း၊ တောင်နီတစ်ခုတည်း ကွက်ပြီးတိုက်မှာမဟုတ်ဘူး၊ တစ်မြို့တည်းကို ထွက်ပြီးတိုက်ရင် တခြားမြို့တွေက စစ်ကူရောက်လာမယ်ဆိုတာ သူတို့သိတယ်၊ ကျွန်တော်တို့ကို ဝိုင်းထားပြီဆိုရင် တောင်နီ၊ ယင်းတလဲ၊ မြို့ဟောင်း အားလုံးကို ဝိုင်းထားမှာပဲ၊ မြို့လေးမြို့ကို တစ်ပြိုင်တည်းတိုက်မှာပဲ"

နန္ဒက ပြောသည်။

သူ့စကားကို မောင်မောင်လတ်၊ ခင်ခင်လေးနှင့် တပ်မှူးများအားလုံးက လက်ခံသည်။

"ကောင်းပြီလေ..လောလောဆယ် အခြေအနေမှာတော့ ကျွန်တော်တို့ကို ဝိုင်းထားတဲ့ရန်သူတွေကို တိုက်ထုတ်ချေမှုန်းနိုင်ဖို့ပဲ၊ တခြားမြို့တွေကလည်း သူတို့ရဲ့အန္တရာယ်ကို သူတို့ကာကွယ်ကြပါလိမ့်မယ်"

မောင်မောင်လတ် အဆုံးအဖြတ်ပေးသည်။

မောင်မောင်လတ်၊ နန္ဒ၊ ခင်ခင်လေးနှင့် ဗိုလ်ဘယ်ကျော်တို့ စစ်မျက်နှာလေးခု ထို ခွဲဝေကွပ်ကဲကြသည်။

နံနက်လေးနာရီတွင်မှ တိုက်ပွဲစတင်ဖြစ်ပွားသည်။

အင်္ဂလိပ်စစ်တပ်များက မြို့ကို အမြောက်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြသည်။ မိုးချုန်းသည့်ပမာ၊ မြေငလျင်တုန်ဟီးသည့်ပမာ။

အမြောက်ဖြင့်သာ အဝေးကပစ်နေသည်။ ခြေလျင်တပ်၊ မြင်းတပ်များ မြို့အနီးသို့ ချဉ်းကပ်လာခြင်းမရှိ။

မြန်မာတို့ကလည်း ရန်သူများရှိသည့်နေရာကို အမြောက်များဖြင့်သာ ပြန်လည်ပစ်ခတ်နေရသည်။ ညအမှောင်ရှိနေသဖြင့် ထွက်မတိုက်။

မောင်မောင်လတ်နှင့် မလှမ်းမကမ်းတွင် ရန်သူအမြောက်ဖုံးတစ်လုံး ကျကွဲသည်။ ရဲမက်တစ်ဦး နေရာတွင် ပွဲချင်းပြီးသေဆုံးပြီး သုံးဦး ဒဏ်ရာပြင်းထန်စွာရရှိသွားသည်။

အခြားစစ်မျက်နှာများတွင်လည်း ရန်သူအမြောက်ဒဏ်သင့်သဖြင့် ရဲမက်များ ထိခိုက်ကျဆုံးကြောင်း ကြားသိရသည်။

ရန်သူတို့၏အမြောက်များသည် ဖုံးမိုးရွာချနေဘိသကဲ့သို့ တရစပ် ပစ်ခတ်လျက် ရှိသည်။ ရဲမက်များ အရှုအနများသဖြင့် တပ်များအားလုံး မြို့တွင်းသို့ ဝင်ရောက်ရန် မောင်မောင်လတ် အမိန့်ပေးရသည်။

နံနက်မိုးလင်းသောအခါ မိမိတို့တပ်များအားလုံး မြို့တွင်းသို့ ရောက်ရှိသည်။



မြို့တံခါးများနှင့် မြို့ရိုးများ ခိုင်ခံ့စွာ စီးကြပ်စေသည်။

ရန်သူများသည် မြို့အနီးသို့ချဉ်းကပ်လာခြင်းမရှိ။ မြို့ကို အလျင်စလို စီးနင်း တိုက်ခိုက်မည့်ပုံစံမရှိ။ မိမိတို့၏အမြောက်များမှ လွတ်ကင်းရာတွင် တပ်အခိုင်အမာ ချလျက်ရှိသည်။ ကတုတ်ကျင်းများ တူးနေကြသည်။ သစ်ဝါး၊ သဲအိတ်တို့ဖြင့် ခံတင်များ ဆောက်နေကြသည်။

ရန်သူ၏စစ်ဗျူဟာကို သိရပေပြီ။ အမြောက်များကို အသုံးပြုလျက် မိမိတို့ကို ဝန်းရံပိတ်ဆို့ထားပေပြီ။

မောင်မောင်လတ်သည် ချက်ချင်းပင် ခင်ခင်လေး၊ ဗိုလ်ဘယ်ကျော်နှင့် တပ်မှူးများကိုခေါ်ပြီး ညှိနှိုင်းတိုင်ပင်သည်။

မိမိတို့ မြို့တွင်းမှထွက်တိုက်၍ မဖြစ်နိုင်ပါ။ ရန်သူ၏ဖုံးမိုးကို မလွန်မြောက်နိုင်ပါ။ မိမိတို့ဘက်မှ အကျအဆုံးအားကြီးသည်။

ရန်သူ၏ဝန်းရံပိတ်ဆို့ခြင်းကို မည်မျှခံနိုင်သနည်း။ မိမိတို့တွင် စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက် အထိုက်အလျောက်ရှိသည်။ ချွေချွေတာတာနှင့် စေ့စေ့ ပေါက်ပေါက်သုံးစွဲလျှင် တစ်လတော့ ကောင်းကောင်းခံနိုင်သည်။

ရန်သူကို မိမိတို့ တိုက်နိုင်ခိုက်နိုင်သည့်နည်းမှာ ညအချိန်တွင် အမှတ်မထင် ထွက်ပြီး လျှပ်တပြက် တိုက်ခိုက်ခြင်းသာ။

မိမိတို့၏ အမြောက်ကျည်အားကို မဖြုန်းတီးရန် ထိန်းချုပ်သည်။ ရန်သူ အလုံး အရင်းနှင့် တက်ရောက်လာမှသာလျှင် အမြောက်များကို သုံးရမည်။ ရန်သူတစ်ဦးချင်း တစ်စုချင်း သွေးတိုးစမ်းချဉ်းကပ်လာလျှင် သေနတ်များကိုသာ သုံးရမည်။ အခြေအနေ ပေးအပ်လျှင် လှုချင်းထွက်ပြီး လုံးထွေးတိုက်ခိုက်ရမည်။

ထိုနေ့အဖို့ တစ်နေ့ခင်းလုံး ငြိမ်သက်လျက်ရှိသည်။

အမြောက်များကို နှစ်ဖက်စလုံးက အသုံးမပြုကြတော့။

ရန်သူများကလည်း မြို့အနီးသို့ ချဉ်းကပ်လာခြင်းမပြု။ မိမိတို့ကလည်း မြို့ အပြင်သို့ အလျှဉ်းထွက်ခြင်းမရှိ။

တစ်ဖက်နှင့်တစ်ဖက် အရိပ်အခြေစောင့်ကြည့်နေကြသည်။

ယင်းသို့ဖြင့် နေ့၏အလင်းရောင် ကုန်ဆုံးချေတော့မည်။ လမိုက်ရက်ဖြစ်သဖြင့် အမှောင်ထုသည် နက်ရှိုင်းလှပေသည်။

သည်ည သန်းခေါင်ယံတွင်..

နန္ဒနှင့် လက်ရွေးစင်တပ်သားတစ်ကျိပ်က တောင်တံခါးမှထွက်၍လည်းကောင်း ဗိုလ်ဘယ်ကျော်နှင့် လက်ရွေးစင်တပ်သားတစ်ကျိပ်က အရှေ့တံခါးမှထွက်၍

www.burmeseclassic.com



လည်းကောင်း၊

ရန်သူကို လျှပ်တပြက်တိုက်ခိုက်ပြီး အရဏ်မတက်မီ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ကြရန်ဖြစ်သည်။

တစ်စတစ်စနှင့် သန်းခေါင်ယံအချိန်သို့ နီးကပ်လာချေပြီ။

လက်ရွေးစင်တပ်သားများ စိတ်အားတက်ကြွလျက်ရှိကြသည်။

[ ၈ ]

စောဥမ္မာတို့သည် ကျောက်မိုင်းသို့ ထွက်ခွာခဲ့ကြပြီဖြစ်သည်။

မြို့စောင့်တပ်အဖြစ် သေနတ်ဝန်၏ တပ်တစ်တပ်ကိုသာ ထားခဲ့ပြီး လက်ရွေးစင်တပ် ငါးတပ်ကို ရှေ့နောက်ဝဲယာ ခင်းကျင်းကာ နေဝင်ရီတရောအချိန်တွင် မြို့မှထွက်ခဲ့သည်။

ဥဒေါင်းမင်းတောသို့အရောက်တွင် စခန်းချရပ်ထားသော မဒရပ်မြင်းစီးလှံကိုင်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။

အမှန်မတော့ တပ်နှစ်တပ် ထိပ်တိုက်တွေ့ဆုံကာ မလွဲသာမရှောင်သာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရခြင်းမျိုးမဟုတ်။

ညသန်းခေါင်အချိန်တွင် တောင်နီမြို့သို့ ချီတက်တိုက်ခိုက်ရန်ဖြစ်သော မဒရပ်မြင်းစီးလှံကိုင်တပ်သည် ဥဒေါင်းမင်းတောတွင်းတစ်နေရာတွင် တပ်ဖျောက် တပ်ချထားခြင်းကို မိမိတို့ဘက်မှ ကင်းဖျားတစ်ခုက တွေ့ရှိခြင်းဖြစ်သည်။

မိမိတို့တပ်မကြီးနှင့် အရံတပ်များ တောစပ်အနီးမှ ဖြတ်သွားသည်ကို ရန်သူများမသိရှိချေ။ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ကျောက်မိုင်းသို့ တိတ်တဆိတ် ဆက်လက်ချီတက်သွားမည်ဆိုလျှင် ဖြစ်နိုင်သည်။

သို့သော် စောဥမ္မာက အခွင့်ကောင်းတစ်ခုကြုံကြိုက်သည်ဟု ယူဆပြီး ရန်သူကိုတိုက်ရန် အမိန့်ပေးသည်။

ဉာဏ ကန့်ကွက်သည်။

"အစ်မတော် စဉ်းစားပါဦး၊ တိုက်ဖို့မသင့်ဘူးလို့ ထင်ပါတယ်၊ ကျွန်တော်တို့တာဝန်က သည်ည သန်းခေါင်မတိုင်မီမှာ ကျောက်မိုင်းကိုရောက်ဖို့ဖြစ်ပါတယ်၊ လမ်းခုလတ်မှာတွေ့သော ရန်သူကို ရှောင်ကွင်းသွားလို့ရပါလျက်နဲ့ တိုက်နေမယ်ဆိုရင် ကြန့်ကြာစရာအကြောင်း ရှိပါတယ်"

"ကိုဉာဏ ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်လက်ခုပ်ထဲကို မျက်စိလည် လမ်းမှားပြီး ရောက်လာတဲ့ရန်သူကို ဘာပြုလို့ လွှတ်ပစ်လိုက်ရမှာလဲ၊ သည်ရန်သူတွေကို



တိုက်ခိုက်ချေမှုန်းတဲ့အတွက် အချိန် အထူးကြန့်ကြာစရာမရှိပါဘူး၊ အကွယ်အကာမရှိတဲ့ ရန်သူအင်အားတစ်ရာလောက်ကို အစ်မတော်တို့ရဲ့ ဖဲပ်ငါးတပ်နဲ့ ဝိုင်းပြီးနင်းလိုက်ရင် အချိန်အနည်းငယ်အတွင်းမှာ ခြေစေ့ညက်ညက် ကြေမွှန့်သွားမှာအမှန်ပဲ"

"စစ်ရဲ့သဘောမှာ ထောင့်တစ်ထောင့်ထဲကနေ တရားသေ တွက်ဆလို့မရပါဘူး ရန်သူအင်အား တစ်ရာလောက်သာရှိပေမယ့် ကျွန်ုပ်တို့တိုက်ရမယ့်နေရာက ရှုပ်ထွေးပွတ်သိပ်တဲ့ တောအုပ်ထဲမှာဖြစ်ပါတယ်"

"ရန်သူကိုတိုက်ရမှာ ကိုဉာဏ ကြောက်တယ်ထင်တယ်၊ အစ်မတော်တို့ဟာ ရန်သူကို တမင်တကာရှာပြီးမှတောင် တိုက်ရဦးမယ်၊ အခုဟာက မရှာရဘဲနဲ့ တွေ့နေတာမဟုတ်လား"

"ကျွန်တော့်မှာ ကြောက်တယ်ဆိုတဲ့စကား မရှိပါဘူး၊ စစ်ရဲ့သဘောကိုသာ ပြောနေတာပါ၊ နောက်ဆုံး ကျွန်တော်တို့ဟာ ရန်သူကို တိုက်တော့မယ်ဆိုရင်တောင် ဒီရန်သူဟာ ဘယ်လိုရန်သူမျိုး ဘယ်ကိစ္စနဲ့ ဒီနေရာကိုရောက်နေတာဆိုတာ ထောက်လှမ်းသင့်ပါတယ်"

"ရန်သူရဲ့အခြေအနေကို ထောက်လှမ်းနေဖို့ အချိန်မရှိဘူး၊ စစ်ရဲ့သဘောမှာ ရုတ်တရက်ဆောင်ရွက်နိုင်တာနဲ့ အလျင်အမြန်လုပ်ဆောင်နိုင်တာဟာ အရေးအကြီးဆုံးပဲ၊ ရန်သူကို အမြန်ဆုံးတိုက်ကြဖို့ပဲ၊ ကိုဉာဏရဲ့တပ်က ရန်သူရဲ့ညာဘက်က ပိတ်ဆို့ပါ"

စောဥမ္မာက အမိန့်ချမှတ်လိုက်ပြီဖြစ်သဖြင့် ဉာဏ စောဒကမတက်သာတော့။

အေးအေးဆေးဆေး အနားယူလျက်ရှိသော ရန်သူတပ်ကို မိမိတို့၏တပ်များ လေးဖက်လေးတန်မှ ဝန်းရံပြီး မုန်ယိုသောဆင်ပမာ တရကြမ်းနင်းပြီး တိုက်ခိုက်သည်။

ရန်သူများ အငိုက်မိသဖြင့် အဆုံးအပါး အထိအရှုများပြားသည်။ ကစင့်ကလျားပြေးလွှားကြသည်။ ဖရိုဖရဲ တကွဲတပြား ခုခံတိုက်ခိုက်ကြသည်။

မြန်မာတို့က မီးတုတ်များထွန်းညှိကာ တောနင်းပြီး တိုက်ခိုက်သည်။

ရန်သူများ ပြုတ်ပြုတ်ပြန်းလုပြီဖြစ်သည်။ စောဥမ္မာ အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။ ဉာဏကို တွေ့တယ်မဟုတ်လားဟူသည့်အကြည့်ဖြင့် ကြည့်သည်။ ဉာဏက တစ်စုံတရာပြောဆိုခြင်းမပြု။ တစ်ခုခုကို လေးနက်စွာ စဉ်းစားနေဟန်ရှိသည်။

"ကိုဉာဏ ဘာတွေစဉ်းစားနေတာလဲ၊ သည်တိုက်ပွဲကို အစ်မတော်တို့ နိုင်ပြီမဟုတ်လား၊ ခုအတိုင်းဆိုရင် အချိန်အခါလင့်စရာလည်း အကြောင်းမရှိတော့ဘူး"

"မဟုတ်သေးဘူး အစ်မတော်၊ ရန်သူတွေဟာ တပ်ထွက်လာလို့ ခဏတဖြုတ်နားနေတာမျိုးမဟုတ်ဘူး၊ တမင်တကာ တောနက်ထဲမှာ တပ်ဖျောက်ပြီးနားနေတာ အကြောင်းတစ်ခုတော့ ရှိရမယ်၊ နောက်ပြီး ယုံယုံကြည်ကြည် စိတ်ချလက်ချနေပုံထောက်

www.burmeseclassic.com

www.burmeseclassic.com





ရင် သူတို့ချည်းပဲဟုတ်ပုံမရဘူး၊ သူတို့မှာ ရှေ့ကာနောက်ကာ အရံတပ်တွေရှိလိမ့်ဦးမယ်''

''သုန့်လူတစ်ယောက်ဖမ်းပြီး စစ်မေးချင်သလား''

''မေးရရင်တော့ ကောင်းမယ်''

ယင်းအခိုက်မှာပင် ကျယ်လောင်မြည်ဟိန်းသော ပေါက်ကွဲသံတစ်ခု ကြားလိုက်ရသည်။ သစ်ကိုင်းသစ်ခက်များ ကျိုးပြတ်ပြီး ကျလာသည်။ မြေစိုင်မြေခဲများ လွင့်စင်သည်။ သူတို့နှစ်ယောက်စလုံး တုန်သွားသည်။ မလှမ်းမကမ်းရှိ ရဲမက်အချို့ လဲကျသွားသည်။

အဝေးဆီမှ အင်္ဂလိပ်တို့၏စစ်ခရာသံများ ကြားရသည်။

အမြောက်ဆံများ တစ်လုံးပြီးတစ်လုံး ကျလာသည်။

တစ်မုဟုတ်ချင်းမှာပင် အခြေအနေပြောင်းလဲသွားချေပြီ။ စောစောက ရန်သူများကို မိမိတို့က ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။ ယခု ရန်သူများက မိမိတို့ကို ဝိုင်းဝန်းတိုက်ခိုက်ချေပြီ။

ရန်သူတို့၏အမြောက်ဒဏ်ကို မခံနိုင်သဖြင့် ရဲမက်များ တောတွင်းမှ ထွက်ကြသည်။ ရန်သူများက အပြင်မှဆီးပစ်သည်။

''ရန်သူတွေဟာ ကျွန်တော်တို့တောင်နီကို ဝိုင်းဝန်းတိုက်ခိုက်ဖို့ ချီတက်လာကြတာဖြစ်မယ်၊ အချိန်းအချက် အချိန်မကျသေးလို့ မြို့နဲ့ မလှမ်းမကမ်းနေရာတွေမှာ တပ်ပျောက်ပြီး နေကြတာဖြစ်မယ်၊ ကျွန်တော်တို့ တပ်ထွက်တာကို သူတို့မသိဘူး''

ဉာဏ ခေတ္တမျှစဉ်းစားပြီး-

''မဖြစ်နိုင်ဘူး၊ သူတို့သိရမယ်၊ ကျွန်တော်တို့က လူလေးငါးဆယ်မဟုတ်၊ လူလေးငါးရာ စစ်ထွက်တာပဲ၊ သူတို့သိရမယ်၊ ကျွန်တော်တို့ကို တမင်တကာမတိုက်ဘဲ လွှတ်ပေးတာဖြစ်ရမယ်၊ ကျွန်တော်တို့မရှိမှ အစောင့်အရှောက်နည်းနည်းပါးပါးသာရှိတဲ့ မြို့ကို ဝင်သိမ်းမယ်''

''ကိုဉာဏပြောတာ ဟုတ်တယ်၊ ရန်သူက အစ်မတော်တို့ကို တွေ့တယ်၊ နိုပေမယ့် အစ်မတော်တို့က သူတို့ကိုတွေ့မယ်မထင်လို့ အငိုက်မိတာပဲ''

''အခုတော့ ရန်သူက ကျွန်တော်တို့ကို ဒီတောထဲမှာ ပိတ်ဖမ်းဖို့ ကြိုးစားနေပြီ၊ ဓားကိုဓားချင်း လှံကိုလှံချင်းတိုက်ရင် ကိစ္စမရှိဘူး၊ အခုတော့ အမြောက်ဗုံးတွေပဲ လာနေတယ်''

''အစ်မတော့်တို့ ရန်သူအဝိုင်းခံနေရတဲ့သတင်းကြားရင် မောင်ကြီးမောင်မောင်လတ်တို့ စစ်ကူလာမှာပဲ၊ ယင်းတလဲနဲ့ မြို့ဟောင်းကလည်း လာမှာပဲ''

''ကျွန်တော်တော့ သိပ်မထင်ဘူး''

''ဘာဖြုလို့လဲ''

''သူတို့ကိုလည်း ရန်သူက တစ်ပြိုင်တည်းတိုက်လိမ့်မယ်လို့ ထင်တယ်''

''ဘာပဲဖြစ်ဖြစ် မြင်းလျင်တွေလွှတ်ရမယ်၊ ကျောက်မိုင်း၊ ယင်းတလဲနဲ့ မြို့ဟောင်းကို လက်ရွေးစင် လူကိုးယောက်ရွေးပြီး လွှတ်ပါ၊ တစ်မြို့ကို သုံးယောက် တစ်ယောက်တစ်လမ်းစီ သွားပါစေ၊ တောအုပ်တစ်ခုလုံးကို ရန်သူတွေဝိုင်းထားပေမယ့် တစ်ယောက်မဟုတ် တစ်ယောက်တော့ ဖောက်ထွက်နိုင်ရမယ်''

စောဉမ္မာ၏အစီအစဉ်ကို ဉာဏသဘောတူသည်။ လက်ရွေးစင် လူကိုးယောက် ရွေးချယ်ပြီး လွှတ်သည်။

အမြောက်သံများ နရီမှန်မှန် မြည်ဟိန်းလျက်ရှိသည်။ တောအုပ်တစ်ခုလုံး ယမ်းငွေ့များ ထုံမွှမ်းပြီး သွေးနံ့သင်းနေသည်။

မိမိတို့ဘက်မှ အကျအဆုံး အထိအရှများပြားသည်ကို စောဉမ္မာ စိတ်မချမ်းမြေ့စွာနှင့် တွေ့နေရသည်။

တောအုပ်ပတ်ပတ်လည်မှလည်း သေနတ်သံများ ပေါ်ထွက်လျက်ရှိသည်။ တောအုပ်အပြင်ဘက်သို့ ဖောက်ထွက်ရန် ကြိုးစားသော မိမိတို့၏ရဲမက်များကို ကုလားစစ်သားတို့က ဆည်ဝမှစောင့်သော ဖျိုင်းပမာ စောင့်ဆိုင်းပစ်ခတ်လျက်ရှိသည်။

ရန်သူ၏ အထက်စီးတိုက်နေမှုကြောင့် ထိရောက်စွာ ပြန်လည်တိုက်ခိုက်ခြင်း မပြုနိုင်ရုံသာမက ရဲမက်များ ကစင့်ကလျားဖြစ်နေသဖြင့် တပ်ဖွဲ့များကိုလည်း စည်းကျကျ အုပ်ချုပ်နိုင်ခြင်းမရှိ ဖြစ်နေသည်။

နောက်ဆုံးတွင် စောဉမ္မာသည် တောအုပ်တွင်းမှထွက်ရန် ဆုံးဖြတ်လိုက်သည်။

''ကိုဉာဏ-အစ်မတော်တို့ တောထဲကထွက်မှဖြစ်မယ်''

''တောအုပ်ကို ရန်သူတွေ အထပ်ထပ်ဝိုင်းထားတယ်''

''တရကြမ်းနင်းပြီး ထွက်ရမှာပဲ၊ နေ့လယ်ရောက်လာရင် အခြေအနေ ပိုဆိုးလာလိမ့်မယ်''

''ကျွန်တော့်သဘောတော့ တောထဲကပဲ ခံစစ်ဆင်တာကောင်းမယ်ထင်တယ်၊ ကျွန်တော်တို့ ကတုတ်ကျင်းတွေတူးပြီး သစ်တုံးတွေကို အမိုးအခံလုပ်ထားရင် အမြောက်ဒဏ်က လွတ်ဖို့ရှိတယ်၊ အမြောက်ကို မကြောက်ရတော့ဘူးဆိုရင် ဘာမှကြောက်စရာ မရှိတော့ဘူး၊ ရန်သူဟာ ဘယ်နည်းနဲ့မှ တောထဲကို ဝင်မတိုက်ရဲဘူး၊ တိုက်ရင်လည်း သူတို့နာမှာပဲ''

''ရန်သူက ရက်နဲ့လနဲ့ချီပြီး ဝိုင်းထားရင် အစ်မတော်တို့ ခံနိုင်ပါ့မလား၊ ခဲယမ်းမီးကျောက်အား ထပ်ဖြည့်ဖို့ လမ်းမရှိဘူး''

www.burmeseclassic.com



''ကျွန်တော်တို့မှာ ဓားရှိသားပဲ၊ တောထဲကိုဝင်လာတဲ့ ရန်သူကို ကျွန်တော်တို့ တစ်ယောက်ချင်း တိုက်နိုင်ပါတယ်''

''ဓားနပ်ရိက္ခာကော၊ စပါးကျီက တစ်ကျီမရှိဘူး''

''ဆန်စပါးမရှိလည်း သစ်ဥသစ်ဖုနဲ့ အရွက်အသီးတွေ ရှိပါတယ် အစ်မတော်''

''အစ်မတော်ကတော့ ရန်သူကို တစ်နေရာတည်းကနေ အလုံးအရင်းနဲ့ ဖောက်ထွက်ချင်တယ်''

''ဖောက်ထွက်ပြီး ဘယ်ကိုသွားမလဲ''

''မြို့တွင်းကိုပြန်ဝင်မယ်၊ မြို့ထဲကနေ ရန်သူကို ခုခံရမယ်ဆိုရင် တစ်နွေလုံး တစ်မိုးလုံးခံရလည်း ခံနိုင်တယ်''

''အစ်မတော်ရဲ့သဘောပဲ''

ဉာဏ အလျှော့ပေးလိုက်သည်။

သို့ဖြင့် နံနက်အရုဏ်တက်အချိန်တွင် ရန်သူတံတိုင်းကို အလုံးအရင်းနှင့် ဖောက်ထွက်ကြသည်။ ရဲမက်များ အသက်ကို ပဓာနမထား အတင်းအလျှင် ဝင်ရောက်ထိုးခုတ်ပြီး တိုက်သဖြင့် ရန်သူတပ်ပေါက်သည်။ နှစ်ဖက်အကျအဆုံး များလှသည်။

နေ ထန်းတစ်ဖျားခန့်တွင် မသေမပျောက်ရှိသော တပ်များအားလုံး တောင်နီမြို့ အရှေ့တံခါးသို့ ရောက်ရှိကြသည်။ အင်္ဂလိပ်တပ်များ နောက်မှ ထက်ချပ်လိုက်ပါလာသည်။

စောဥမ္မာတို့ မြို့တွင်းသို့ဝင်ရန်ဖြစ်သည်။ သို့သော် တံခါးမှူးက မြို့တံခါးကို ဖွင့်မပေးချေ။ မြို့တံခါးနှင့် မြို့ရိုးပေါ်တွင် မိမိတို့၏လူများနှင့်အတူ ကုလားစစ်သားများကို တွေ့မြင်ရသည်။

စောဥမ္မာ ကိုယ့်မျက်လုံးကိုကိုယ် မယုံဖြစ်ရသည်။

''အစ်မတော်ရဲ့တောင်နီမြို့ ရန်သူ့လက်ထဲကို ရောက်သွားပြီ''

ဉာဏက ပြောသည်။

''မဟုတ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ အစ်မတော်တို့ရဲ့ ရဲမက်တွေ ရှိနေတာ မတွေ့ဘူးလား''

''သူတို့တွေဟာ အစ်မတော်ရဲ့လူ မဟုတ်တော့ဘူး၊ ရန်သူ့လူဖြစ်သွားပြီ''

''မဟုတ်ဘူး··မဟုတ်ဘူး''

စောဥမ္မာ ဟစ်အော်သည်။ မြို့တံခါးဖွင့်ရန် အမိန့်ပေးသည်။

မြို့ရိုးပေါ်တွင် သေနတ်ဝန်နှင့် အင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ဦး ပေါ်လာသည်။

''သခင်မကလေး စောဥမ္မာနှင့်တကွ ဗိုလ်မှူး တပ်မှူး အကြပ် သွေးသောက်



စစ်သည်ရဲမက်များအားလုံး လက်နက်ချအပ်ကြပါ၊ အင်္ဂလိပ်စစ်ဗိုလ်ကြီးက အသက်ကို ခွင့်လွှတ်ရုံမက လက်ရှိရာထူးဌာနန္တရများကို ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်၊ ကျွန်ုပ်နှင့် စစ်သည်ရဲမက်များအားလုံးလည်း အင်္ဂလိပ်ဘုရင်မကြီး၏ ဘုန်းတော်အောက် ခိုလှုံပြီး ဖြစ်ကြပါသည်''

သေနတ်ဝန်က ဟစ်ဆိုသည်။

စောဥမ္မာ အမျက်ပြင်းပြင်းရှူကာ မြို့ရိုးအနီးသို့ မြင်းကိုစိုင်းသွားပြီး ရိုင်ဖယ်သေနတ်ကို လက်တစ်ဖက်တည်းဖြင့် ကိုင်တွယ်ချိန်တွယ်ကာ ပစ်သည်။

သေနတ်ဝန်နှင့် အင်္ဂလိပ်စစ်ဗိုလ်ကြီးတို့ ပုသွားကြသည်။

မြို့ရိုးပေါ်မှ ပစ်ခတ်သောကျည်များ စောဥမ္မာအနီးတွင် မိုးသီးမိုးပေါက်ပမာ ကျသည်။ စောဥမ္မာ နောက်မဆုတ်ဘဲ ဆက်လက်ပစ်ခတ်နေသည်။

ဉာဏလည်း စောဥမ္မာကဲ့သို့ပင် လက်တစ်ဖက်တည်းဖြင့် ပစ်ခတ်ရင်း စောဥမ္မာရှိရာသို့ မြင်းကို အပြင်းစိုင်းသွားသည်။ စောဥမ္မာကို ကျည်နှင့်လွတ်ရာသို့ ခေါ်ခဲ့ရန် ဖြစ်သည်။

မြို့၏အရှေ့တောင်ဘက်တွင် ဩဝါဒဆရာတော်ကြီး၏ မင်္ဂလာအုတ်ကျောင်း ရှိသည်။ ကျောက်အုတ်များဖြင့် တည်ဆောက်ထားသဖြင့် ထုထည်ကောင်းမွန်ပြီး ခိုင်ခန့်လှသည်။ ဉာဏ၏စိတ်ကူးမှာ မင်္ဂလာအုတ်ကျောင်းသို့ တပ်များအားလုံးဝင်ပြီး ထိုမှ ရန်သူကို ခုခံရန်ဖြစ်သည်။ သင့်လျော်သည့်အချိန်တွင် ရန်သူကို ထွင်းဖောက်ပြီး တောနက်ရာ လုံခြုံရာသို့ တိမ်းရှောင်နိုင်အောင်းကြရမည်။ ထို့နောက်တွင်မှ မောင်မောင်လတ်တို့နှင့် အဆက်အသွယ် ပြန်လည်ရယူရမည်။

ဉာဏ ကျည်များပစ်ဖောက်ပြီး မြင်းကိုဒုန်းစိုင်းကာ တက်သွားသည်ကို မြင်တွေ့သောအခါ စစ်သည်ရဲမက်များအားလုံး ညာသံပေးကာ နောက်မှလိုက်ပါလာကြသည်။

ဉာဏနှင့်ရဲမက်များ နောက်မှ မြေလျှင်တုန်ဟည်းသည့်ပမာ အရှုံးအကြောက်မရှိတက်လာသည်ကို မြင်သောအခါ စောဥမ္မာလည်း မြင်းဇက်ကိုဖွင့်ပြီး မြို့တံခါးဆီသို့ အတင်းဝင်လေတော့သည်။

ဉာဏသည် မည်သို့မျှ မလုပ်သာတော့။ တပ်ဆုတ်ရန်လည်း မဖြစ်တော့။ ရန်သူ၏ပါးစပ်တွင်းသို့ အတင်းဝင်ရောက်ပြီး တိုက်ခိုက်ရန်သာရှိတော့သည်။

မြို့တံခါးကို စီးနင်းမိသည့်တိုင် မြို့တစ်မြို့လုံးကို သိမ်းပိုက်နိုင်ရန် အကြောင်းမရှိတော့။ ရန်သူနှင့် အင်အားချင်း အဆမတန် ကွာခြားနေချေပြီ။

မိမိတို့ မြို့တံခါးကို အတင်းဝင်ရောက်တိုက်ခိုက်သည်ကို တွေ့သောအခါ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်ရှိသော ရန်သူတပ်တို့သည်လည်း အလုံးအရင်းနှင့် လိုက်ပါလာတော့သည်။

မြန်မာတို့သည် မြို့တံခါးအနီးတွင် တုန့်ရပ်ကာ ရှေ့မှရန်သူကိုလည်း တိုက်ရမည်။ နောက်မှရန်သူကိုလည်း ပြန်တိုက်ရသည်။ မြို့ရိုးထက်မှ ရန်သူတို့၏ တိုက်ခိုက်ခြင်းကိုလည်း ခံရသည်။

ရှေ့ကိုလည်း တိုးစရာမရှိ၊ နောက်လည်း ဆုတ်စရာမရှိ။

ဘယ်တော့မှလည်း လက်နက်ချမည်မဟုတ်။

သေသည်အထိ တိုက်ခိုက်ကြရုံသာဖြစ်သည်။

တစ်ယောက်မှမကျန် သည်အတိုင်း တိုက်ခိုက်ရန်သာဖြစ်သည်။

စောဥမ္မာသည် မားကို စကြာလှည့်ကာ ပတ်ပတ်လည်တွင် ဝိုင်းရံနေသော ရန်သူများကို ထိုးခုတ်တိုက်ခိုက်လျက်ရှိသည်။

မိမိ၏ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အထည်များ မြင်မကောင်းအောင် စုတ်ပြဲလျက်ရှိသည်။ ဓားချက်၊ လှံချက် ထိရှထားသည်များလည်း တစ်ကိုယ်လုံးပင် ဖြစ်သည်။

သူလည်း မောပန်းလှချေပြီ။ ခြေများလက်များသည် ဆိုင်းတွဲ့လျက်ရှိသည်။

ဉာဏသည် ရန်သူလေးယောက်က လှံစွပ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်သည်ကို ထာကွယ်တိုက်ခိုက်နေရာမှ ရန်သူများ ဝိုင်းဝိုင်းလည်နေသော စောဥမ္မာရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

သူကြည့်လိုက်စဉ်မှာပင် စောဥမ္မာ လဲကျသွားသည်ကို မြင်လိုက်ရသည်။

ဉာဏသည် ရန်သူတစ်ယောက်ကို ပိုင်းချလိုက်သည်။ ရန်သူသုံးယောက် အနည်းငယ်ရှဲသွားစဉ် စောဥမ္မာ လဲကျသွားရာသို့ ပြေးသွားသည်။

ဉာဏပြေးသွားနေစဉ် တုန့်ခနဲဖြစ်သွားသည်။ သူ၏ရင်ညွန့်တွင် မီးစနှင့် အထိုး ခံရသလို ပူခနဲဖြစ်သွားသည်။

ကျည်သင့်ပြီဟု ဉာဏ နားလည်လိုက်သည်။

စောဥမ္မာထံသို့ လှမ်းကြည့်သည်။ အရိပ်သဏ္ဍာန်များ ရှုပ်ထွေးနေသည်ကိုသာ မြင်ရသည်။ မသဲကွဲပါ။

မျက်လုံးများ ပြာဝေလာသည်။ ခေါင်းတစ်ခုလုံး မူးနောက်လာသည်။

ဉာဏသည် စိတ်ကိုတင်းကာ ပြေးသွားသည်။ နှစ်လှမ်းသုံးလှမ်းမျှ ပြေးမိလျှင် ယိမ်းထိုးပြီး လဲကျသွားသည်။

မှောင်သွားသည်။ တစ်လောကလုံး မှောင်သွားသည်။



[ ၃၀ ]

အမှောင်ထုသည် ကြီးစိုးလျက်။

လခြမ်းဝါဝါကွေးကွေး ဝင်သွားပြီဆိုကတည်းက အမှောင်ကမ္ဘာ လွှပ်ရှားလာတော့သည်။ အရိပ်မည်းမည်းများ အမှောင်ထဲတွင် ရွေ့လျားနေကြသည်။

အရှေ့တံခါးသို့ နန္ဒရောက်ရှိသွားသည်။

တံခါးမှူးနှင့်တကွ ကင်းသမားများအားလုံး နိုးနိုးကြားကြားရှိနေကြသည်။ သူတို့၏ကိုယ်လုံးများကို အကွယ်များတွင် မှီကွယ်ကာ ဆန့်ကျင်ဘက်အရပ်တွင် တစ်ပြန် လှုပ်ရှားမှုများရှိမရှိကို အာရုံပြုပြီး ကြည့်နေကြသည်။

"ခွေးမသားတွေ..ငြိမ်ချက်သားကောင်းလှချည့်လား၊ မနေ့ညကလည်း တစ်ယောက်မှ မလာကြဘူး၊ ကနေ့လည်း ဘာအရိပ်နိမိတ်မှ မတွေ့ကြဘူးမဟုတ်လား"

နန္ဒက လေသံဖြင့်ပြောဆိုသည်။

"ကနေ့ည ကျွန်တော်တို့ဘက်က ထွက်မလား"

ကင်းမှူးက မေးသည်။

"သည်တစ်ညတော့ အခြေအနေစောင့်ကြည့်ဦးမယ်၊ မနက်ဖြန်ကျရင်တော့ တစ်မျိုးတစ်ဖုံစဉ်းစားရမယ်"

"မြို့ကို သူတို့ဝိုင်းထားတာ တစ်ပတ်ရှိသွားပြီ"

"ရှစ်ရက်"

"အရင်ညတွေကမှ ကိုယ်က ထွက်တိုက်လိုက်၊ သူက လာတိုက်လိုက်နဲ့ စိုစို ပြည်ပြည်ရှိသေးတယ်၊ မနေ့ကနဲ့ ကနေ့ကတော့ ကိုယ်ကလည်းမထွက် သူကလည်း မလာနဲ့ ပျင်းစရာကြီးပဲ"

ကင်းမှူးက ညည်းတွားသည်။

"ကျုပ်တို့မထွက်တာကတော့ ထွက်ရေးမကိုက်လို့ဘဲ၊ သူတို့ မြေမြှုပ်ဗုံးတွေ များတာက ကျုပ်တို့မြို့ရိုးထက် လုံသေးတယ်"

"သူတို့ ဘာပြုလို့မလာသလဲဆိုတာ စဉ်းစားစရာပဲ၊ စစ်ကူတွေလည်း အများကြီးအပ်ရောက်လျက်သားနဲ့ ဘာမှမလုပ်ဘူးဆိုတာ အံ့သြစရာပဲ"

"သူတို့တပ်တွေ အထပ်ထပ်ဝိုင်းထားတာ မြို့တွင်းကို လူတစ်ယောက်ဝင်လာဖို့ မြို့ထဲက လူတစ်ယောက်ထွက်သွားဖို့မပြောနဲ့၊ ကြွက်တစ်ကောင်တောင် ဝင်ဖို့ထွက်ဖို့ မလွယ်ဘူး၊ သူတို့ကိုကြည့်ရတာ အနာခံပြီးမတိုက်တော့ဘဲ ကျုပ်တို့ကို အမှည့်ချွေ ချွေမယ့်ပုံမျိုးပဲ"

"သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ကျွန်တော်တို့ကို ထွက်တိုက်ခွင့်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခေတ္တတော့ သည်းခံကြပါဦး၊ သူတို့ပိုင်းထားတာကို ရက်ရှည်လများတော့ ငြိမ်ခံမနေပါဘူး၊ ဘယ်ပုံဘယ်နည်းနဲ့ ပြန်တိုက်ရမလဲဆိုတာပဲ ကျုပ်တို့ စဉ်းစားနေတယ်"

"ယင်းတလဲ၊ တောင်နီ၊ မြို့ဟောင်းတို့နဲ့ အဆက်အသွယ်မရတာ ဆိုးတယ်"

"ဟုတ်တယ်၊ သူတို့လည်း ဘယ်အခြေအနေရှိကြသလဲမသိဘူး၊ ကျုပ်တို့ဆီက လွှတ်လိုက်တဲ့လူတွေလည်း မရောက်ဘူးထင်တယ်၊ သူတို့ဆီကလည်း လူတစ်ယောက်မှ ရောက်မလာဘူး၊ သူတို့လည်း လူလွှတ်မှာတော့အမှန်ပဲ၊ မရောက်လို့သာဖြစ်မယ်"

"ဗိုလ်မှူးတို့ သတိပြုပါ၊ ရန်သူတွေ လာနေကြပြီ"

ရဲမက်တစ်ဦးက ပြောသည်။

နန္ဒနှင့် ကင်းမှူးတို့ ကြည့်သည်။ ဘာမျှမတွေ့ရပါ။ မှောင်နေသည်။ ငြိမ်နေသည်။ စိတ်ရှည်စွာ စောင့်ကြည့်နေကြသည်။

လှုပ်ရှားမှုမရှိပါ။

"ဘာမှလည်းမတွေ့ပါလား၊ နင့်စိတ်ကထင်လို့ ဖြစ်ပါလိမ့်မယ်"

"ထန်းသုံးပင်ကုန်းနဲ့ တည့်တည့်ကိုကြည့်ပါ၊ လူတစ်ယောက် ကုန်းကုန်းကွကွ လာနေတာကို သေသေချာချာ မြင်လိုက်ရပါတယ်၊ ခေတ္တမျှ လဲလျောင်းငြိမ်သက်နေတာ ဖြစ်ပါလိမ့်မယ်"

ထန်းသုံးပင်ကုန်းတွင် ယခင်က ထန်းသုံးပင်ရှိခဲ့သည်။ ယမန်နှစ် မိုးတွင်းက မိုးကြိုးစသဖြင့် ထန်းတစ်ပင် ခါးပြတ်ခဲ့သည်။ ယခုတိုက်ပွဲတွင် အမြောက်ကျည် သင့်သဖြင့် နောက်ထပ်တစ်ပင် အမြစ်အခြေမှ လဲသည်။ ထန်းပင်တစ်ပင်တည်းသာ ကျန်ရှိတော့သည်။

နန္ဒတို့ကြည့်နေစဉ်မှာပင် မြေပြင်တစ်နေရာ မြင့်တက်လာပြီး လှုပ်ရှားရွေ့လျားသည်ကို မြင်ရသည်။

"ဟုတ်တယ်...ဟုတ်တယ်၊ ဟိုမှာ ခွေးမသားတစ်ကောင်"

ကင်းမှူး လက်ညှိုးထိုးပြီး ပြောသည်။ သူ့အသံ အနည်းငယ်ကျယ်သွားသဖြင့် နန္ဒက သတိပေးရသည်။

"ရှူး...တိုးတိုးသာသာ ကြည့်နေကြပါ၊ ကျုပ် အမိန့်မပေးဘဲနဲ့ ဘာမှမလုပ်ပါနဲ့"

မည်းမည်းသဏ္ဌာန်သည် ဝက်သိုးကြီးတစ်ကောင်ကဲ့သို့ ယိမ်းထိုးလှုပ်ရှားပြီး တက်လာနေသည်။

"သူတစ်ယောက်တည်းပဲ၊ ကျုပ်တော့ နောက်ထပ်တစ်ယောက်မှ မမြင်ဘူး"



ကင်းမှူးက ပြောသည်။

ဟုတ်သည်။ ရန်သူမှာ တစ်ဒယောက်တည်းဖြစ်သည်။ အခြားတစ်စုံတစ်ယောက်မျှ ပါသည်မတွေ့ရပါ။

"သူ့လက်ထဲမှာ ဘာကြီးလဲမသိဘူး၊ ရှည်ရှည်ကြီး"

"သေနတ်နေမှာပေါ့"

"မဟုတ်ဘူး"

"တော်တော်ရှည်တယ်"

"လှံဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ တော်တော်ကိုရှည်တယ်"

"ဝါးလုံးနဲ့တူတယ်"

ရဲမက်တစ်ဦးက ထင်မြင်ချက်ပေးသည်။

သူတို့ ဝေဖန်ပြောဆိုနေကြစဉ်မှာပင် ရန်သူသည် ကျုံးတွင်းသို့ဆင်းပြီး အသံမကြားအောင် ဖြတ်ကူးလာနေသည်။

သည်ဘက်ကမ်းသို့ ရောက်ရှိသောအခါ အတန်ကြာမျှ ငြိမ်သက်နေသည်။ အမောအပမ်းဖြေနေသည်လည်း ဖြစ်သည်။ အရိပ်အခြေကြည့်နေသည်လည်း ဖြစ်သည်။

"သေသေချာချာကြည့်ကြပါ၊ ရန်သူမဟုတ်ဘဲ ကျုပ်တို့လူဖြစ်နိုင်တယ်"

နန္ဒက သတိပေးသည်။

ရုတ်တရက်ဆိုသလို ကျုံးထဲမှလူ ကုန်းပေါ်သို့ ရောက်လာသည်။ အမှောင်ထဲတွင်ဖြစ်သော်လည်း လူပုံပန်းသဏ္ဌာန်ကို ပေါ်လွင်စွာ မြင်တွေ့ရသည်။

ရန်သူတစ်ယောက်ပင်ဖြစ်သည်။ ရန်သူအဝတ်အစား ဘောင်းဘီအင်္ကျီနှင့် ဖြစ်သည်။ သူ့လက်ထဲမှ အရာဝတ္ထုမှာလည်း ဝါးလုံးတစ်လုံးပင် ဖြစ်ဟန်ရှိသည်။ သူ့အရပ် အမောင်းထက် တစ်ပြန်ခန့်ရှိသည်။

သေနတ်ပြောင်းများအားလုံးသည် ကျုံးစပ်မှ ရန်သူထံသို့ ချိန်ရွယ်လျက်ရှိသည်။ နန္ဒထံမှ အမိန့်ရသည်နှင့်တစ်ပြိုင်နက် ပစ်လွှတ်ကြမည်ဖြစ်သည်။

နန္ဒ မည်သည့်အမိန့်မျှ မပေး။ ဝါးလုံးနှင့်ရန်သူကို မျက်မှောင်ကုပ်ပြီး ကြည့်နေသည်။ တစ်စုံတစ်ခု စဉ်းစားနေဟန်ရှိသည်။

ချက်တဖြုတ်အတွင်းမှာပင် မြို့ရိုးဆီသို့ ရန်သူပြေးလာသည်။ ရန်သူ၏ကိုယ် လေထဲသို့ မြောက်တက်လာသည်။

သူ့လက်ထဲတွင်ပါရှိလာသော ဝါးလုံးကိုထောက်ပြီး ခုန်လိုက်ခြင်းဖြစ်သည်။ လေထဲသို့ မြောက်တက်လာသော ကိုယ်ခန္ဓာကြီးသည် ဝါးလုံးထိပ်ဖျားမှ လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး မြို့ရိုးကိုကျော်ကာ သူတို့နှင့်မလှမ်းမကမ်းတွင် လွှားခနဲကျသည်။

ချက်ချင်းပင် ရဲမက်စစ်သည်များက သူ့ကို ဝိုင်းထားလိုက်ကြသည်။

''ဗိုလ်မှူးစိတ္တက ကျန်စစ်သားသေလို့ ဝင်စားတာထင်တယ်၊ မြို့ရိုးကိုလွှတ်အောင် ခုန်နိုင်တယ်ဆိုတာ တောက်ပြားတစ်ယောက်ပဲ ရှိဖူးသေးတယ်''

နန္ဒက နေရာမှမလှုပ်ရှားဘဲ လှမ်းပြောလိုက်သည်။

''ဟား..ဟား..ဟား..ဒါဆိုရင် ကျုပ်က တောက်လုံးပေါ့''

ဗိုလ်မှူးစိတ္တ၏ အသံသြသြကြီးကို ကြားရသောအခါ သူတို့အားလုံး အံ့သြကြသည်။ ဝမ်းမြောက်ကြသည်။ ဗိုလ်မှူးစိတ္တမှန်း ချက်ချင်းသိရှိနိုင်သော နန္ဒကိုလည်း သူတို့စိတ်ထဲမှ ချီးမွမ်းကြသည်။

[ ● ]

မိမိတို့ မျှော်လင့်ထားသည့်အတိုင်းပင် ဗိုလ်မှူးစိတ္တထံမှ သတင်းကောင်း မကြားရပါ။ ကြားရသည့်သတင်းများသည် မျှော်လင့်တွက်ဆထားသည်ထက်ပင် ပိုမိုဆိုးရွားလျက်ရှိသည်။

မြို့ဟောင်းကို အင်္ဂလိပ်တပ်များ ဝန်းရံလာသည်ကို ဗိုလ်မှူးစိတ္တတို့ ညဦးပိုင်းကတည်းကပင် သိရှိခဲ့သည်။ သို့သော် အင်အားမမျှသဖြင့် ထွက်မတိုက်ချေ။ မြို့တံခါးများနှင့် မြို့ရိုးတို့ကိုသာ အခိုင်အခန့်စီးကြပ်သည်။

အင်္ဂလိပ်တို့ကလည်း ရောက်မဆိုက် တိုက်ခိုက်ခြင်းမပြု။ တပ်များချရပ်ပြီးနေသည်။

ဗိုလ်မှူးစိတ္တသည် ရန်သူများ ဝန်းရံလာသည်ကို သိလျှင်သိချင်း ယင်းတလဲ၊ တောင်နီနှင့် ကျောက်မိုင်းမြို့များသို့ မြင်းလျင်များ စေလွှတ်သည်။

နောက်တစ်နေ့နံနက်တွင် အင်္ဂလိပ်တို့က လက်နက်များစွန့်လွှတ်ပြီး မြို့ကိုအပ်ရန် တောင်းဆိုသည်။ ဗိုလ်မှူးစိတ္တ တပ်တစ်ဝက်နှင့် ထွက်တိုက်သည်။ နှစ်ဖက်အကျအဆုံးများပြားသည်။ မွန်းတည့်ချိန်တွင် မြို့တွင်းသို့ တပ်များပြန်ဝင်သည်။

ညနေဘက်တွင် ရန်သူတို့က မြို့တွင်းသို့ အမြောက်များဖြင့် ပစ်ခတ်သည်။ အပျက်အစီး အထိအခိုက်များရှိသည်။ ညမိုးချုပ်မှပင် အမြောက်သံစဲသွားသည်။

ညဥ့်ဘက်တွင် မိမိတို့စေလွှတ်လိုက်သော မြင်းလျင်များ ပြန်လည်ရောက်ရှိလာသည်။

ကျောက်မိုင်းတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားနေပြီ။ မြင်းလျင်သည် မြို့တွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိသဖြင့် သတင်းများ ထောက်လှမ်းစုံစမ်းပြီး ပြန်ခဲ့သည်။

ယင်းတလဲကိုလည်း အင်္ဂလိပ်တပ်များ အထပ်ထပ် ဝန်းရံထားသည်။ သို့သော် တိုက်ပွဲဖြစ်ပွားခြင်း မရှိသေးချေ။ စကားကမ်းလှမ်း ပြောဆိုနေကြဟန်ရှိသည်။ မြင်းလျင်သည် မြို့တွင်းသို့ မဝင်နိုင်သဖြင့် ပြန်ခဲ့သည်။

တောင်နီ၏အခြေအနေမှာ အဆိုးဝါးဆုံးဖြစ်သည်။ မြင်းလျင်ရောက်သွားချိန်သည် စောဥမ္မာတို့ တောအုပ်တွင်းမှ ဖောက်ထွက်ချိန်ဖြစ်သည်။ မြင်းလျင်သည် ရှုပ်ထွေးသော တိုက်ပွဲအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ရပြီး တောင်နီသို့ ပါရှိသွားသည်။ တိုက်ပွဲပြင်းထန်ရှုပ်ထွေးလှသဖြင့် စောဥမ္မာထံ သတင်းပို့ရန် အခွင့်မသာခဲ့။ တိုက်ပွဲအတွင်း သခင်မကလေးကို လိုက်လံရှာဖွေရသည်မှာ မလွယ်ချေ။ မြို့တံခါးတိုက်ပွဲတွင် စောဥမ္မာနှင့် ဗိုလ်မှူးလေးဉာဏတို့ကို တွေ့ရှိသဖြင့် သတင်းပို့ရန် ကြိုးစားသော်လည်း ရန်သူများ ကြပ်ညပ်နေသဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းမြင်နေရသော်လည်း အနီးသို့ရောက်ရှိရန် မလွယ်ချေ။

ယင်းသို့ဖြင့် မြင်းလျင်သည် သခင်မကလေး စောဥမ္မာနှင့် ဗိုလ်မှူးဉာဏတို့ ထိခိုက်လဲကျသွားသည်ကို မျက်စိဖြင့် မြင်ခဲ့ရသည်။ စစ်သည်ရဲမက်များလည်း စောဥမ္မာနှင့် ဉာဏတို့ လဲကျသည်ကို တွေ့မြင်ရသောအခါ ဖရိုဖရဲဆုတ်ခွာကြရသည်။ ရန်သူ အထပ်ထပ်ကို ဖောက်ထွက်ရသဖြင့် အနည်းအကျဉ်းသာ လွတ်မြောက်သည်။ မြင်းလျင်လည်း ဒဏ်ရာဒဏ်ချက်ပေါင်းများစွာဖြင့် မြို့ဟောင်းသို့ ခက်ခဲပင်ပန်းစွာ ပြန်လည်ရောက်ရှိလာရသည်။

စောဥမ္မာနှင့် ဉာဏတို့၏ကံကြမ္မာကို သူတို့မတွေးဆရဲတော့။

မောင်မောင်လတ်၏မျက်နှာ တင်းမာခက်ထန်လျက်ရှိသည်။ နန္ဒနှင့်ခင်ခင်လေးတို့လည်း စိတ်မကောင်းဟန်ရှိကြသည်။

ဗိုလ်မှူးစိတ္တ ဆက်လက်ပြောဆိုသည်များကို ကြားရသောအခါ သူတို့တစ်တွေ၏ အမျက်ဒေါသ အထွတ်အထိပ်သို့ ရောက်ရှိရသည်။

ဒုတိယနေ့ နံနက်တွင် ဗိုလ်မှူးစိတ္တသည် ယမန်နေ့ကအတိုင်း မြို့ပြင်သို့ထွက်ပြီး ရန်သူများကို တိုက်ခိုက်မည်ရှိစဉ် ယင်းတလဲမှ မြင်းလျင်များရောက်ရှိလာသည်။

ယင်းတလဲတပ်ဖွဲ့သည် မြို့ကိုဝန်းရံထားသော အင်္ဂလိပ်များ၏ သဘောတူခွင့်ပြုချက်အရ မြို့တွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ သည်ကတည်းက ဟိုခုခုတော့ အခြေအနေပြောင်းလဲပြီဟု ဗိုလ်မှူးစိတ္တ နားလည်လိုက်သည်။

ယင်းတလဲ မြင်းလျင်တပ်ဖွဲ့ကို လက်ျာမြင်းစုမှူးကိုယ်တိုင် ဦးဆောင်လာခြင်းဖြစ်သည်။ ယင်းတလဲမင်းသိဒ္ဓိ၏ အရေးကြီးသော အမိန့်စာပါရှိသည်။

www.burmeseclassic.com



*ဗိုလ်မှူးစီတ္တာ နာခံရမည်။ မြို့ဟောင်းခံမြို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးလက်သို့ လွှဲပြောင်းပေးအပ်ရမည်။ ဗိုလ်မှူးစီတ္တာနှင့်တကွ တပ်ဗိုလ်တပ်သားများအားလုံး မူလအတိုင်း အမှုတော် ဆက်လက်ထမ်းရွက်ရမည်။ အမိန့်တော် မနာခံသူများကို ကွပ်မျက်စေ။ ယင်းတလဲ မဟာရာဇာမင်းသိင်္ခ၏အမိန့်တော်။*

"ဘယ်လိုဖြစ်ရတာလဲ လက်ျာမြင်းစုမှူးကြီး"

ဗိုလ်မှူးစီတ္တာက ယင်းတလဲမင်းသိင်္ခ၏အမိန့်စာကို ဖတ်ရှုပြီးနောက် လက်ျာမြင်းစုမှူးကို မေးသည်။

"ကျွန်ုပ်တို့အားလုံး အင်္ဂလန်ပြည့်ရှင်ဘုရင်မကြီး ဘုန်းတော်အောက်ကို ခိုလှုံကြရပြီဗိုလ်မှူး၊ အင်္ဂလိပ်တပ်များဟာ တမြန်နေ့ညကတည်းက ယင်းတလဲမြို့တော်ကို အထပ်ထပ် ဝန်းရံခဲ့ကြတယ်၊ တစ်ချိန်တည်းမှာပဲ မြို့ဟောင်း၊ တောင်နီ၊ ကျောက်မိုင်းမြို့များကို ဝန်းရံခဲ့တယ်ဆိုတာ ဗိုလ်မှူးအသိပဲ၊ တောင်နီမြို့ကို ညတွင်းချင်းပဲ အင်္ဂလိပ်တွေက သိမ်းပိုက်ခဲ့တယ်၊ ကျောက်မိုင်းမှာလည်း တိုက်ပွဲ သည်းသည်းလှုပ်လှုပ်ဖြစ်နေတယ်၊ ကနေ့ နက်ဖြန်ဆိုသလိုပဲ၊ အင်္ဂလိပ်တပ်တွေက မြို့ကို သိမ်းယူမှာဖြစ်တယ်။ ဗိုလ်မှူးရဲ့ခံမြို့ကို ဝန်းရံထားတဲ့ အင်္ဂလိပ်တပ်တွေဟာလည်း ဗိုလ်မှူးရဲ့တပ်တွေထက် လူအင်အားလည်းများတယ်၊ လက်နက်အင်အားလည်း သာလွန်တယ်၊ သခင်ကြီးနဲ့ သခင်မကြီးတို့ဟာ သည်အရေး သည်ကိစ္စတွေကို အမြော်အမြင်ကြီးကြီးနဲ့ ချင့်ချိန်တွေးပြီး အင်္ဂလိပ်စစ်ဗိုလ်ကြီးတွေနဲ့ အရေးဆိုခဲ့တယ်၊ နောက်ဆုံးမှာ ကျွန်ုပ်တို့က မြို့များကို အပ်ပြီး ဝိတိုရိယဘုရင်မကြီး ဘုန်းတော်အောက်ကို ဝင်မယ်ဆိုရင် သခင်ကြီး သခင်မကြီးတို့ကအစ ဗိုလ်မှူး တပ်မှူး စစ်သည်ရဲမက်အားလုံးကို မူလရာထူးဌာနန္တရအတိုင်း အမှုတော်ထမ်းရွက်ခွင့်ပြုမယ်လို့ အင်္ဂလိပ်စစ်ဗိုလ်ကြီးတွေက အခွင့်အရေးပေးသနားတယ်၊ ကျွန်ုပ်တို့ရဲ့သခင်ကြီး မင်းသိင်္ခကို ရှမ်းပြည်စော်ဘွားကြီးများနည်းတူ ကုလားစော်ဘွားကြီးများနည်းတူ ပဒေသရာဇ်ငယ် နေဝင်ဘုရင်အဖြစ် အုပ်စိုးခွင့်ပြုတယ်၊ ဗိုလ်မှူးကိုလည်း မြို့ဟောင်းမြို့ဝန်အဖြစ် ခန့်ထားမှာဖြစ်တယ်"

"တောက်–ရာဇဝင်ရိုင်းလိုက်လေ၊ သူ့ကျွန်မခံချင်လို့ အသက်တွေစတေးပြီး တိုက်ခဲ့ကြပြီးမှ လက်နက်များစွန့်လွှတ်ပြီး မြို့ကိုအပ်ရမယ်လို့၊ ဒီမယ် လက်ျာမြင်းစုမှူးကြီး၊ ဗိုလ်မှူးတို့ အညံ့ခံပြီး သူ့ကျွန်ဖြစ်သွားပေမယ့် ကျုပ်တို့ ဘယ်တော့မှ အညံ့မခံဘူး သူ့ကျွန်မခံဘူး၊ ဗိုလ်မှူး အခုပြန်ပါ၊ ဗိုလ်မှူးဟာ ကျုပ်တို့ရဲ့ ရန်သူဖြစ်သွားပြီ၊ ယင်းတလဲမင်းသိင်္ခနဲ့ တံခွန်တိုင်ခင်ခင်ကြီးတို့ဟာ ကျွန်ုပ်ရဲ့သခင်များ မဟုတ်ကြတော့ဘူး၊ ရန်သူတွေပဲဖြစ်တယ်လို့ ပြောလိုက်ပါ၊ ဗိုလ်မှူးတို့ရဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးတွေကို ပြောလိုက်ပါ



ကျုပ်တို့ကို အချိန်မရွေးတိုက်နိုင်ပါတယ်၊ ကျုပ်တို့ကလည်း အချိန်မရွေး တိုက်ပါမယ်"

လက်ျာမြင်းစုမှူးကြီးပြန်သွားပြီး မကြာမီမှာပင် အင်္ဂလိပ်တို့က အမြောက်ဆံများ လက်ဆောင်ပေးကြသည်။

ခံမြို့တွင်း၌ တအုံးအုံးပေါက်ကွဲသည်။

နေမွန်းတည့်အချိန်တွင် အမြောက်ဒဏ်ကြောင့် မြောက်ဘက်မြို့ရိုး ကျိုးပေါက်သည်။ အင်္ဂလိပ်တပ်များ အလုံးအရင်းနှင့် မြို့ကို စီးနင်းတိုက်ခိုက်သည်။ ခံမြို့တွင်း၌ တစ်ညနှင့်တစ်နေ့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသည်။

စတုတ္ထညတွင် မြို့ဟောင်းခံမြို့တစ်ခုလုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်မိသည်။ မြန်မာစစ်သည်ရဲမက်အချို့သာ လွတ်မြောက်သည်။

ဗိုလ်မှူးစီတ္တာလည်း ရန်သူစစ်သားဟန်ဆောင်ပြီး မြို့မှထွက်ခဲ့ရသည်။ အခွင့်မသာသဖြင့် ကျောက်မိုင်းမြို့အနီးတွင် သုံးညမျှကုန်လွန်ခဲ့ရပြီး ယနေ့ညတွင်မှ မြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

"ဒါကြောင့်မို့လို့ ခင်ခင်လေးပြောတယ်မဟုတ်လား၊ အစ်မတော်ခင်ခင်ကြီးတို့ မယုံပါဘူးလို့၊ မင်းသိင်္ခကလည်း အစ်မတော်ကြိုးဆွဲရာကရတဲ့ ရုပ်သေးရုပ်ပဲ"

ခင်ခင်လေးက ပြောသည်။

"မောင်ကြီးတို့လည်း သူ့ကိုမယုံပါဘူး၊ ဒါပေမယ့် လူတွေဟာ ကိုယ့်အမှားကို မြင်လို့ ပြင်ပြီး တစ်နေ့မှာ အမှန်ကိုရောက်လာတတ်တယ်ဆိုတဲ့ သဘောအရ ခင်ခင်ကြီးဟာ အမှန်ကို ရောက်လာပြီလား ထင်ခဲ့ကြတာပဲ၊ မြို့ဟောင်းတိုက်ပွဲမှာလည်း သူက ရှုပ်ရှုပ်ချွံချွံ တိုက်ပြခဲ့တယ်မဟုတ်လား"

နန္ဒက ပြောသည်။ သည်တွင် ဗိုလ်ဘယ်ကျော်က..

"မှတ်ကျောက်အတင်ခံနိုင်ဖို့က အရေးကြီးတယ်ဆိုတာ ဒါပဲပေါ့၊ လူတွေဟာ အကျဉ်းအကြပ် ရောက်လာပြီဆိုရင်လည်း သစ္စာဖောက်တတ်ကြတယ်၊ မမျှော်လင့်ဘဲ ရာထူးဌာနန္တရနဲ့ လာဘ်လာဘတွေ့ရင်လည်း သစ္စာဖောက်တတ်ကြတယ်"

"အင်း..ယင်းတလဲ၊ တောင်နီနဲ့ ကျောက်မိုင်းမြို့တွေကို ရသွားပြီးတဲ့နောက်ပိုင်းမှာတော့ ရန်သူဟာ ကျုပ်တို့တစ်မြို့တည်းကိုပဲမဲပြီး အားသွန်ပြီးတိုက်ဖို့ပဲ ရှိတော့တယ်၊ ယခုလည်း ရန်သူတပ်တွေ ထပ်ပြီးတဖွဲဖွဲရောက်လာတာ မြို့ပတ်ပတ်လည်မှာ ခြေချစရာတောင် မရှိတော့ဘူး၊ ကျုပ်တို့ဟာ အခုအတိုင်း မြို့တွင်းမှာ ပိတ်ပြီး ခံနေရင်တော့ အစာရေစာပြတ်ပြီး နောက်ဆုံးတစ်နေ့မှာ လူမမာလို သေကြရမှာပဲ၊ သည့်အတူတူတော့ အားခွန်ရှိတုန်း ရန်သူကိုတိုက်ရင်း သေကြရတာက မြတ်လိမ့်မယ်၊ တနေ့ပဲ ရန်သူကိုတိုက်ပြီး ဖောက်ထွက်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လတ် ပြတ်သားစွာပြောသည်။

သူ့စကားကို အားလုံးကပင် လက်ခံကြဟန်ရှိသည်။

တိုက်ရင်း သေကြမည်။

သူ့ကျွန်မခံဘူးဆိုလျှင် တခြားနည်းလမ်းမရှိပြီ။

ဗိုလ်ဘယ်ကျော်က တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့်..

"မော်ဟိန်းမြို့ဝန်ထံမှာ စစ်ကူတောင်းရရင် မကောင်းဘူးလား"

မော်ဟိန်းမြို့ဝန်မှာလည်း အင်္ဂလိပ်ထံတွင် သစ္စာမခံဘဲ တသီးတခြား ရပ်တည်နေသူဖြစ်သည်။ အင်္ဂလိပ်တို့ကလည်း ယခုထက်တိုင် မော်ဟိန်းနယ်သို့ ချီတက်တိုက်ခိုက်ခြင်းမရှိသေးသဖြင့် ထိုနယ်တွင် တစ်စုံတရာဖြစ်ပွားခြင်းမရှိသေးပေ။

သို့သော် အင်္ဂလိပ်တို့သည် အနီးပတ်ဝန်းကျင်နယ်များကို သိမ်းသွင်း၍ မပြီးသေးသဖြင့်သာ မိမိနယ်ကို မတိုက်ခိုက်သေးခြင်းဖြစ်ကြောင်း၊ အခြားနယ်များကိုရပြီးလျှင် မိမိနယ်ကိုလည်း တိုက်ခိုက်လာမည်အမှန်ဖြစ်ကြောင်း မော်ဟိန်းမြို့ဝန် ခံယူနားလည်ထားသဖြင့် အင်္ဂလိပ်များတက်လာလျှင် ခုခံတိုက်ခိုက်နိုင်ရန် အဖက်ဖက်မှ အသင့်ပြင်ဆင်ထားသည်။ အကူအညီရရှိနိုင်မည့်နေရာများကိုလည်း ကြည့်ရှုဆက်သွယ်ထားသည်။

အထူးသဖြင့် မော်ဟိန်းနယ်ကို အင်္ဂလိပ်တို့၏ဘေးရန်မှ ခံတပ်သဖွယ် ကာကွယ်ထားသည့်နယ်များမှာ ကျောက်မိုင်း၊ ယင်းတလဲနှင့် တောင်နီနယ်များဖြစ်သဖြင့် ယင်းနယ်များ အင်္ဂလိပ်လက်အောက်သို့ မရောက်သေးသမျှ မိမိစိုးရိမ်ဖွယ်ရာ မရှိကြောင်း၊ အကယ်၍ အဆိုပါနယ်များ အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိသွားလျှင်လည်း မိမိတွင် အန္တရာယ်နီးကပ်လာပြီဟု မော်ဟိန်းမြို့ဝန် နားလည်ထားသည်။

ထို့ကြောင့် လွန်ခဲ့သည့် သီတင်းတစ်ပတ်အတွင်းက မော်ဟိန်းမြို့ဝန် ကျောက်မိုင်းနှင့်ယင်းတလဲမြို့များသို့ ရောက်ရှိလာပြီး မဟာမိတ်ပြုသည်။ အင်္ဂလိပ်များ တိုက်ခိုက်လာလျှင် တစ်နယ်နှင့်တစ်နယ် ကူညီစတမ်းဟု ကတိထားခဲ့ကြသည်။

ဗိုလ်ဘယ်ကျော်က ယင်းအချက်ကို သတိရသဖြင့် မော်ဟိန်းမှ စစ်ကူတောင်းရန် ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဗိုလ်ဘယ်ကျော်ပြောမှပင် မော်ဟိန်းကို အားလုံးက သတိရလာသည်။ ယခုအချိန်မျိုးတွင် မော်ဟိန်းမှ စစ်ကူရလျှင် အကောင်းဆုံးပင်ဖြစ်သည်။ မော်ဟိန်းတပ်များ ဝိုင်းရံထားသော အင်္ဂလိပ်တပ်များကို နောက်ဘက်မှ အမှတ်မထင် ဝင်တိုက်ချိန်တွင် မိမိတို့က အတင်းတိုက်ခိုက် ဖောက်ထွက်ကြရမည်ဖြစ်သည်။

"ဟုတ်တယ်၊ မော်ဟိန်းက စစ်ကူရရင်ကောင်းမယ်၊ နို့ပေမယ့် စစ်ကူ ဘယ်သူ



လုပ်ပြီးတောင်းမလဲ၊ ဘယ်သူသွားပြီး တောင်းမလဲ၊ ရန်သူတပ်ကို ဖောက်ပြီးထွက်ဖို့မှာ မလွယ်တဲ့အလုပ်ဖြစ်နေတယ်"

ခင်ခင်လေးက ညည်းတွားသလိုပြောသည်။

"လွယ်ပါတယ်"

ဗိုလ်ဘယ်ကျော်က ဗိုလ်မှူးစိတ္တကိုကြည့်လျက်..

"သူတောင် ဝင်လာနိုင်သေးတာပဲ၊ သူ့လိုပဲ ရန်သူအဝတ်အစားနဲ့ ထွက်သွားရင် ရမှာပါ"

"ရန်သူအဝတ်အစားပဲဝတ်ဝတ်၊ ဘာအဝတ်အစားပဲဝတ်ဝတ်၊ မြို့တွင်းက ထွက်လာတဲ့လူကိုတော့ ရန်သူက ဆီးပစ်မှာပဲ၊ ဗိုလ်မှူးစိတ္တကို ရန်သူတွေမပစ်တာက သူတို့လူတစ်ယောက် သတင်းထောက်လှမ်းရအောင် မြို့တွင်းကို ဝင်သွားတာပဲဆိုပြီး ကြည့်နေကြတာဖြစ်မယ်၊ သူ့တပ်က လွှတ်လိုက်သလိုလို ကိုယ့်တပ်က လွှတ်လိုက်သလိုလိုပေါ့"

ခင်ခင်လေးက အကျိုးအကြောင်းပြကာ ပြောဆိုသည်။

အားလုံးငိုင်သွားကြသည်။

စဉ်းစားကြသည်။

မောင်မောင်လတ် အကြံတစ်ခုရရှိသွားဟန်ဖြင့် ခေါင်းထောင်လိုက်ပြီး..

"ဟုတ်ပြီ၊ သည်လိုဆိုရင် သည်လိုလုပ်မယ်၊ ရန်သူအဝတ်အစား သုံးလေးစုံရှာမယ်၊ ဗိုလ်ဘယ်ကျော်နဲ့ ရဲမက်နှစ်ယောက် သုံးယောက် အင်္ဂလိပ်လိုဝတ်ကြ၊ ကျုပ်တို့လူသုံးလေးဆယ် ထွက်မယ်၊ သည်ထဲမှာ သူတို့ရောပြီး လိုက်ခဲ့ကြ၊ ရန်သူတွေနဲ့ ပွဲတွေ့ပြီး တိုက်ကြမယ်၊ သည်အချိန်မှာ ဗိုလ်ဘယ်ကျော်တို့က ရန်သူတွေဘက်ကို ရောပြီးဝင်သွားပေါ့ ဟုတ်လား"

အားလုံးပင် ခေါင်းညိတ်ကြသည်။ ဤအကြံအစည်သည် သူတို့အတွက် နောက်ဆုံးထွက်ပေါက်ပင် ဖြစ်သည်။

ရန်သူအလောင်းများမှာ အဝတ်အစားများ ချွတ်ယူကြသည်။ ဗိုလ်ဘယ်ကျော်နှင့် လိုက်ပါသည့်သူများကို အင်္ဂလိပ်စကား၊ ကုလားစကား အနည်းငယ်သင်ကြားပေးသည်။ အင်္ဂလိပ်စစ်တပ်စည်းကမ်းများ ပြသပေးသည်။

နောက်တစ်နေ့ညတွင် လူသုံးဆယ်ကို နန္ဒခေါင်းဆောင်ပြီး ထွက်သည်။ အင်္ဂလိပ်တပ်များအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားသည်။ မြေမြုပ်ဗုံးများ ရှောင်ရှားပြီး ရန်သူများကို အတင်းဝင်ရောက်ထိုးခုတ်သည်။

ခဏတဖြုတ်တိုက်ခိုက်ပြီး တပ်ပြန်ဆုတ်ခဲ့သည်။ ဗိုလ်ဘယ်ကျော်နှင့် ရဲမက်တို့ ရန်သူများအကြားတွင် ရောပြီးကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁ ○ ညောင်ပင်တစ္ဆေ [ က ]

အမှောင်တိုက်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေကြောင်း စိတ်ဝယ်သိရှိသည်။

မိမိ၏ပတ်ဝန်းကျင်တွင် အမှောင်များရှိနေသည်။ သို့ဖြင့် မိမိဆိုသည်မှာ တစ်နေရာတွင်ရှိနေကြောင်း ဉာဏ နားလည်သည်။

မိမိသည် မရှိတော့ဟုတော့မဟုတ်။ ရှိနေသည်။ ရှိနေသေးသည်။

မည်သည့်နေရာတွင် ရှိနေသနည်း။ အမှောင်တိုက်တစ်ခုအတွင်း၌ ရှိနေသည်။

တမလွန်ဆိုသည်များလား။

မရဏကမ္ဘာဆိုသည်များလား။

ဉာဏ စူးစမ်းသည်။ ဉာဏ စဉ်းစားသည်။ မိမိတွင် အသိစိတ်ရှိနေသည်။ မိမိ၏စိတ်အစဉ် မှန်ကန်စွာ ဖြစ်ပေါ်လျက်ရှိသည်။

မိမိကိုယ်မိမိ ဉာဏဆိုသူမှန်း သိသည်။

မိမိ၏အဖြစ်ကို ပြန်လည်စဉ်းစားသည်။

မိမိသည် ဤကမ္ဘာလောကကြီးက လက်မခံဘဲနှင့် ရောက်ရှိလာသူတစ်ဦးဖြစ်သည်။ ဤကမ္ဘာလောကကြီးအတွင်းသို့ မိမိမရောက်ရန် တားမြစ်သူများက တားမြစ်ခဲ့ကြသည်။

နောက်ဆုံးတွင် ဤကမ္ဘာကြီးအတွင်းသို့ လူတစ်ယောက်အဖြစ်နှင့် မိမိ ရောက်ရှိခဲ့သည်။

မိမိသည် သန္ဓေဇမဟုတ်ပါ။

မိမိသည် ဥကြီးတစ်လုံးအတွင်း၌ အလိုအလျောက် သန္ဓေတည်ခဲ့သည်မဟုတ်ပါ။

မိမိကို သန္ဓေတည်စေသော ဖခင်ရှိခဲ့သည်။

တံခွန်တိုင်မြို့စားကြီး ဦးကျောက်လုံး။

ယခုတော့ မရှိပြီ။

မိမိ၏သန္ဓေကို လွယ်ပိုက်ခဲ့သော အမိဝမ်းဗိုက်ရှိခဲ့သည်။

တံခွန်ရွာသူ မယ်ဂျိုးဖြူ။

အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏စေခိုင်းချက်အရ အထူးထူးအထွေထွေ ဆန်းကြယ်သော တံခွန်တိုင်အိမ်ကြီးကို ဆောက်လုပ်စဉ်က ပန်းရံဆရာကြီးဦးစနေ၏ သမီး မယ်ဂျိုးဖြူ၏ဝမ်းဗိုက်တွင် တံခွန်တိုင်မြို့စားကြီး၏သန္ဓေသားလည်း တည်ခဲ့သည်။

မိမိကို လက်မခံလိုသဖြင့် မိမိ၏ 'သတ္တဝါဖြစ်တည်မှု' ကို တားမြစ်ခဲ့ကြသည်။ မိမိသည် အလိုက်ကမ်းဆိုးမသိဘဲ လူ့လောကကြီးထဲသို့ ရောက်ရှိခဲ့သည်။



မိခင်သည် မိမိကိုမွေးဖွားပြီး လူ့လောကကြီးမှ ထွက်ခွာသွားသည်။

ဖခင်သည် မိမိကို အသိအမှတ်ပြုခြင်း မရှိချေ။

တံခွန်တိုင်ဆရာတော် ဦးဣန္ဒထံတွင် မိမိကြီးပြင်းခဲ့ရသည်။

ကိုရင်ဉာဏ။

မိမိ ရှိနေသည်။

ဤလောကထဲမှာပင် ရှိနေသည်။

မိမိ၏ဘဝသည် အစီအစဉ်အတိုင်း ရှိနေသည်။

ထီးကျိုးစည်ပေါက်ကာလတွင် သာသနာ့ဘောင်မှ မိမိထွက်ခဲ့သည်။

မိမိကိုငြင်းပယ်ခဲ့သော မိသားစုအတွင်းသို့ ဝင်ရောက်ခဲ့သည်။

တံခွန်တိုင်ဉာဏ။

တံခွန်တိုင်ခင်ခင်ကြီးကို မိမိကျေနပ်ခြင်းမရှိပါ။

တံခွန်တိုင်မောင်မောင်လတ်နှင့် တံခွန်တိုင်ခင်ခင်လေးတို့နှင့် မိမိ၏ဘဝကို ပေါင်းဖွဲ့ခဲ့သည်။

ယင်းတလဲသခင်မကလေး စောဥမ္မာထံသို့ မိမိရောက်ရှိခဲ့သည်။

မိမိသည် တံခွန်တိုင်ဉာဏ။

မိမိ ရှိနေသည်။

မိမိကို လက်မခံလိုသော လူ့လောကကြီးထဲမှာပင် ရှိနေသည်။

အမှောင်တိုက်အတွင်းသို့ မိမိ အဘယ်ပုံ ရောက်ရှိခဲ့သနည်း။

ဥဒေါင်းမင်း တောအုပ်တွင်း၌ ရန်သူများနှင့်တိုက်ခဲ့သည်။

ရန်သူကို မိမိတို့က ဝိုင်းခဲ့သည်။

ရန်သူက မိမိတို့ကို ဝိုင်းခဲ့သည်။

မိမိတို့ဖောက်ထွက်ပြီး တောင်နီမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့တံခါးအနီးတွင် တိုက်ပွဲ ပြင်းထန်စွာဖြစ်သည်။

စောဥမ္မာကို ရန်သူများ ဝိုင်းတိုက်သည်။

မိမိကို ရန်သူများဝိုင်းတိုက်သည်။

စောဥမ္မာ လဲကျသွားသည်။

မိမိလည်း စောဥမ္မာထံသို့ သွားရောက်ရင်း..

ဘာဖြစ်သနည်း။

အမှောင်တိုက်အတွင်းသို့ ရောက်ရှိနေသည်။

မိမိကိုယ်ကို သေနတ်မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိ သေပြီလော။

မိမိ၏ဘဝသည် ပြတ်တောက်သွားခြင်း မရှိသေးပါ။

မိမိ မသေသေးပါ။

တစ်စုံတစ်ခုသော အမှောင်တိုက်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေသည်။

အထည်ဒြပ်မရှိသော အမှောင်စကြာဝဠာပေလော။

မဟုတ်တန်ရာ။

မိမိတွင် ထိတွေ့မှုများ ရှိနေသည်။ ဝေဒနာများ ရှိနေသည်။ နာကျင်သည်၊ ကိုက်ခဲသည်၊ မူးဝေသည်။

မိမိတစ်ကိုယ်လုံး နာကျင်လျက်ရှိသည်။ ကိုက်ခဲလျက်ရှိသည်။ မူးဝေလျက်ရှိသည်။

ဉာဏ အားယူပြီးလှုပ်ရှားသည်။

ကိုယ်ခန္ဓာရွေ့လျားသည်။ မာကြောသောအရာတစ်ခုပေါ်တွင် မိမိရှိနေသည်။

လက်များကို လှုပ်ရှားသည်။ ခြေများကို လှုပ်ရှားသည်။

စမ်းသပ်စူးစမ်းသည်။

မိမိ၏အောက်တွင် ကျောက်သားများရှိသည်။

ဥယျာဉ်တော်အတွင်းမှ ကျောက်ဖျာတော်တော့ မဟုတ်တန်ရာ။

အမှောင်တိုက်ထဲမှာ ရှိနေသည်။

ကျောက်သားနံရံတစခုကို လက်ဖြင့်စမ်းမိသည်။

ကျောက်သားကြမ်းခင်း ကျောက်သားနံရံ။

ကျောက်ဖြင့်ပြုလုပ်ထားသော အခန်းတစ်ခုဖြစ်ရာသည်။

သိပြီ။

မကြာမီတစ်လောကပင် ယင်းတလဲသခင်မကလေး စောဥမ္မာက မိမိကို တောင်နီ မြေအောက်အကျဉ်းထောင် အခန်းများကို လိုက်လံပြသခဲ့ဖူးသည်။

ဟုတ်ပါပြီ။

အလင်းရောင်ကင်းမဲ့သော မြေအောက်အကျဉ်းတိုက်ထဲတွင် မိမိ ရောက်ရှိနေသည်။

မိမိကို ချုပ်နှောင်ထားကြသည်။

မည်သူကနည်း။

အင်္ဂလိပ်များပင် ဖြစ်သည်။

တောင်နီမြို့ကို သူတို့ သိမ်းပိုက်ပြီးချေပြီ။



သေနတ်ဝန် သစ္စာဖောက်သည်။

ယင်းတလဲ သခင်မကလေးရော··

သေဆုံးချေပြီလား။

ရှိချေသေးသည်လား။

မိမိကဲ့သို့ပင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရချေသလား။

ဉာဏ ထိုင်သည်။

မိမိကိုယ်တွင် အဝတ်များ စီးနှောင်ထားသည်။

အံ့သြစရာပင် ဉာဏ စူးစမ်းသည်။

မိမိ၏ဒဏ်ရာများကို ဆေးထည့်ထားသည်။ ကျပ်စီးထားသည်။

အဘယ့်ကြောင့်နည်း။

မိမိကို အဘယ့်ကြောင့် မသတ်ကြသနည်း။

ဉာဏ ထသည်။

ဟုတ်ပါသည်။ မိမိသည် ကျောက်ဖြင့်ပြုလုပ်ထားသော အခန်းကျဉ်းတစ်ခု အတွင်း၌ရှိနေသည်။ မြေအောက်အကျဉ်းခန်းတစ်ခုပင်။

ကျောက်သားဖြင့် ပြုလုပ်ထားသည်။ တံခါးမှာလည်း ကျောက်တံခါးပင်ဖြစ်သည်။ အပြင်ဘက်တွင် သံတံခါးတစ်ထပ်ရှိသေးသည်။ ကျပ်လုံးခန့်ရှိသော သံတိုင်များကို တစ်မိုက်ခန့်စီ ချပြီးစိုက်ထားသော သံတံခါးဖြစ်သည်။

မြေလျှိုး၍ မိုးပျံနိုင်မှပင် ဤအခန်းထဲမှ လွတ်မြောက်နိုင်ပေမည်။

ဤအခန်းထဲသို့ မိမိရောက်ရှိနေသည်မှာ အဘယ်မျှကြာချေပြီနည်း။

တစ်ရက်နှစ်ရက်ထက် မပိုနိုင်။

ဉာဏ ထိုင်သည်။ ကျောက်နံရံကို ကျောမှီသည်။ ခေါင်းမူးဝေသဖြင့် မျက်လုံးများမှိတ်ထားသည်။ ဖွင့်ထားလျှင်လည်း ဘာမျှမမြင်ရပါ။

ဉာဏ အိပ်ပျော်သွားသည်။

နားထဲတွင် အသံကျိုးကျိုးကျည်ကျည်ကြားသဖြင့် လန့်နိုးသည်။ မျက်လုံးများ အလိုလိုပွင့်သွားသည်။ စူးရှသော အလင်းရောင်တစ်ခုကြောင့် မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။

လူတစ်ယောက်၏ခြေသံ။

ဉာဏ မျက်လုံးပြန်ဖွင့်သည်။ ကျောက်တံခါးကို ဖွင့်လိုက်သဖြင့် အလင်းရောင် တိုးဝင်နေခြင်းဖြစ်သည်။

သံတံခါး၏အပြင်ဘက်တွင် လူတစ်ယောက်ရပ်နေသည်။

www.burmeseclassic.com



ကုလားမဲတစ်ယောက်၊ စစ်သားအဝတ်နှင့်မဟုတ်။ သူ့လက်ထဲတွင် လင်ပန်းတစ်ခုနှင့် ကရားတစ်ခု ပါရှိသည်။

မိမိအတွက် ရေနှင့်အစားအစာ။

ကုလားမဲသည် ကြေးလင်ပန်းနှင့် ကြေးကရားတို့ကို သံတံခါးအောက်ခြေ ကျောက်ခင်းပေါ်သို့ချထားပြီး ပြန်ထွက်သွားဟန်ရှိသည်။

''ဟေ့-နေပါဦး''

ကုလားမဲ ရပ်နေသည်။

''သခင်မကလေးကော''

ကုလားမဲ ဘာမျှမဖြေဘဲ ပြန်ထွက်သွားသည်။

စားစရာများကို ကြည့်သည်။ ဂျုံဖြင့်လုပ်သော မုန့်ပြားသလက်၊ အရည်ကျဲသော ဝဲဟင်း။ ဉာဏ ဆာဆာနှင့်စားသည်။ ပြီးတော့ ရေအဝသောက်သည်။

ထို့နောက် အိပ်သည်။

နောက်တစ်ကြိမ် အစားအစာများလာပို့မှ နိုးသည်။

ဉာဏ မေးသည်။ အဖြေမရ။

ယင်းသို့ဖြင့် ငါးရက်တိတိကုန်ဆုံးသည်။

ဉာဏ၏ကိုယ်မှဒဏ်ရာများ အတော်အတန် ပျောက်ကင်းသက်သာပြီဖြစ်သည်။

မှန်မှန်စားပြီး မှန်မှန်အိပ်သဖြင့် အားအင်လည်း အတော်ပြည့်လာပြီ ဖြစ်သည်။

သို့သော် ဤမြေအောက်တိုက်ခန်းအတွင်းမှ မည်သို့ လွတ်မြောက်နိုင်ပါမည်နည်း။ အစားအစာလာပို့သော ကုလားမဲ၏ခါးတွင် ဓားမြှောင်ကောက်ကောက်တစ်ခု ပါရှိသည်။

ကုလားမဲသည် တံခါးကို သတိထားပြီးဖွင့်သည်။ တံခါးအနီးတွင် ဉာဏ ရပ်နေလျှင် နောက်သို့ အဆုတ်ခိုင်းသည်။ အလင်းရောင်ထဲတွင် ဉာဏကို မတွေ့ရလျှင် အလင်းရောင်တွင် ရပ်နေရန်ပြောသည်။

သူက ဉာဏမေးသည်ကို မဖြေသော်လည်း သူပြောစရာရှိသည်ကိုတော့ ပြောသည်။ မြန်မာစကား ကောင်းစွာတတ်ပုံရသည်။

သူ့အနားသို့ ဉာဏအကပ်မခံပါ။

အထူးသတိထားသည်။

ဉာဏစဉ်းစားသည်။ တစ်နည်းနည်းဖြင့် ကုလားမဲကို ဖမ်းချုပ်နိုင်လျှင် လွတ်မြောက်ဖို့ လမ်းစရှိသည်။

နေ့နှင့်ညကို ဉာဏ မှန်းဆပြီး မှတ်သားထားသည်။



မနက်ဖြန်မနက် ကုလားလာလျှင်··

တစ်ခုခုလုပ်ရမည်။

အခန်းထောင့်တစ်နေရာတွင် ကျင်ကြီးကျင်ငယ်စွန့်ရန် မြောင်းပေါက်ငယ်တစ်ခု ရှိသည်။ ရေများ စီးဆင်းနေသည်။ သို့သော် ယင်းအပေါက်ငယ်က ကြွက်တစ်ကောင် ဝင်သာထွက်သာရုံသာ ဖြစ်သည်။

ဉာဏ စိတ်ကူးသည်။ နောက်ဆုံးတွင် အကြံတစ်ခုရသည်။ သူ့ကိုယ်တွင် အဝတ်အထည်များရှိသည်။ ကြိုးကျစ်လျှင် ရနိုင်သည်။

ဉာဏသည် ခါးတွင်စည်းရန် နံငယ်ပိုင်းတစ်ခု ချန်ထားပြီး ကျန်အဝတ်များ အားလုံး ဆုတ်ဖြစိတ်မွှာပြီး ကြိုးကျစ်သည်။

မနက်ဖြန် ကုလားလာလျှင် ကြိုးနှင့်ပစ်ဖမ်းမည်။ ထို့နောက် သော့ကိုယူကာ သံတံခါးကိုဖွင့်မည်။ ကုလား၏အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကာ မြေအောက် အတွင်းမှ ထွက်ရမည်။

ဉာဏ သတိထားပြီး အိပ်သည်။ သူတစ်ရေးနိုးလျှင် သန်းခေါင်၊ နောက် တစ်ရေးနိုးလျှင် တစ်မိုးသောက်ချေပြီ။

ကုလား လာရောက်မည့်အချိန်တွင် တံခါးပေါက်နှင့်တည့်တည့်တွင် ရပ်နေမည်။ တံခါးဖွင့်လိုက်လျှင် ကျရောက်မည့် အလင်းရောင်တန်းအဆုံးတွင် ရပ်နေမည်။ ကျော ပေးပြီး ရပ်နေမည်။

သူ့လက်ထဲတွင် ကြိုးခွေရှိသည်။ တံခါးဖွင့်သည်နှင့် ဆတ်ခနဲလှည့်ပြီး ကြိုးကို ပစ်လွှတ်လိုက်မည်။ ကြိုးသည် ကုလား၏လည်ပင်းနှင့် သံတိုင်ကို ရစ်ပတ်ထားပေလိမ့် မည်။

သူနှင့် တံခါးအကွာအဝေး၊ ကုလား၏ အရပ်အနေအထားတို့ကို သူ ချိန်ဆ တွက်ချက်ပြီးဖြစ်သည်။

ဟော··တံခါးဖွင့်ပြီ။ ပထမ အသံကြားရသည်။ ထို့နောက် အလင်းရောင် ကျလာသည်။ ဉာဏ ဆတ်ခနဲလှည့်လိုက်သည်။ သူ့လက်ထဲမှ ကြိုးခွေသည် ပါးပြင်း ထောင်လိုက်သော မြွေတစ်ကောင်ကဲ့သို့ လျင်မြန်စွာ ခုန်ထွက်သွားသည်။

ဆရာတော်ဘုရားထံတွင် နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားခဲ့သော ကြိုး ပစ်အတတ်ပညာ (၂၁)ပါးမှ ဆဋ္ဌမမြောက်အတတ်ပညာ။

ဗုံးလည်ဆစ်ကြိုးထုံးသည် သံတိုင်အကြားမှထွက်သွားပြီး ကုလားမဲ၏လည်ပင်း ကိုပတ်ကာ အတွင်းသို့ပြန်ဝင်လာပြီး ကြိုးတန်းကိုရစ်ပတ်ကာ တစ်ပတ်ထုံးမိသည်။

ဉာဏက ကြိုးစကို ဆောင့်ဆွဲလိုက်သောအခါ ကုလားမဲ၏လည်ပင်းနှင့်သံတိုင်

www.burmeseclassic.com

www.burmeseclassic.com



ကပ်သွားသည်။ ဉာဏ ကြိုးစကိုဆွဲကာ သံတိုင်ဆီသို့သွားမည်အပြုတွင်..

"ကြိုးကိုလွှတ်လိုက်ပါ ကိုရင်ဉာဏ"

ဉာဏ လန့်သွားသည်။ တုန်သွားသည်။ ကြည့်လိုက်တော့ ကုလားမဲ၏နောက်ဘက်တွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

တံခွန်တိုင်ခင်ခင်ကြီး။

ဉာဏ ကျောက်ရုပ်ဖြစ်နေသည်။ ကြိုးကို မလွှတ်ပါ။ ကြိုးကိုတင်းလိုက်လျှင် ကုလားမဲ လျှာထွက်ပြီးသေဆုံးမည်။ သို့သော် မိမိရည်မှန်းချက် မပေါက်တော့။ တံခွန်တိုင်ခင်ခင်ကြီး ရှိနေသည်။

ခင်ခင်ကြီးက ကုလားမဲ၏ခါးမှ ဓားကောက်ကိုနှုတ်ယူလိုက်ပြီး ကြိုးကို ဖြတ်လိုက်သည်။

သည်တော့မှ ကုလားမဲ နာကျင်စွာ ရေရွတ်မြည်တမ်းနိုင်သည်။ ခင်ခင်ကြီးက ကုလားမဲကို ဘေးသို့တွန်းပစ်လိုက်ပြီး သံတံခါးရှေ့တွင် ရပ်လိုက်သည်။ ကုလားမဲ၏လက်မှ အစာရေစာများ ဖိတ်စင်သည်။

ဉာဏက ပြတ်ကျနေသော ကြိုးစကို ဆောင့်ဆွဲလိုက်သည်။ သူ့လက်ထဲတွင် ရစ်ပြီးသားဖြစ်သွားသည်။ ရှေ့တစ်လှမ်းတိုးပြီး ကြိုးကိုပစ်လိုက်သည်။

ကြိုးစသည် သံတိုင်ကြားမှထွက်သွားပြီး ခင်ခင်ကြီး၏လည်ပင်းကိုပတ်ကာ အတွင်းသို့ပြန်ဝင်လာသည်။ ကြိုးတန်းကိုရစ်ပတ်ပြီး တစ်ပတ်ထုံးမိသည်။

သို့သော် ထုံးမိသည်နှင့်တစ်ပြိုင်တည်းမှာပင် ကြိုးကွင်းပြတ်ကျသွားသည်။ အကြောင်းမှာ ခင်ခင်ကြီးက ဓားကောက်ကို သူမ၏လည်ပင်းတွင် အနောင့်ကပ်ကာ ထောင်ထားသဖြင့် ကြိုးကွင်းပစ်သည်နှင့်တစ်ပြိုင်နက် ထောက်ခနဲ ပြတ်ကျသွားခြင်းဖြစ်သည်။

ခင်ခင်ကြီး ပြုံးလိုက်သည်။

ဉာဏ ဒေါသဖြင့် လက်ထဲမှကြိုးကို လွှင့်ပစ်လိုက်သည်။

"ကိုရင်ဉာဏ ကျွန်းခန့်သာလို့ မာပါရဲ့လား"

ခင်ခင်ကြီးက ဓားကောက်ကို ကုလားမဲအား ပြန်ပေးရင်း ဉာဏကို မေးသည်။

"ကျုပ်ကို ဘာပြုလို့ မသတ်သေးတာလဲ အစ်မတော်"

"ကိုရင်ဉာဏကိုသတ်မယ်လို့ ဘယ်သူပြောသလဲ"

"ကျုပ်ကိုမသတ်ရင် ဘာလုပ်ကြမလဲ"

"ကိုရင်ဉာဏလို သူရဲကောင်းတစ်ယောက်ကို ဝိတိုရိယဘုရင်မကြီး ဘုန်းတော်အောက်မှာ အမှုတော်ထမ်းရွက်ဖို့ အားလုံးကပဲ လိုလားဆန္ဒရှိနေကြတယ်"



"ကုလားဖြူတွေအောက်မှာ ကျုပ် ဘယ်တော့မှဒူးမထောက်ဘူး"

ဉာဏ တီကျပြတ်သားစွာပြောသည်။

"ကိုရင်ဉာဏ စဉ်းစားပါ၊ အစ်မတော်တို့ နိုင်ငံတစ်ခုလုံး သူ့လက်အောက်ကို ရောက်နေပြီ၊ ထောင်ထားခြားနားတဲ့ လူတွေအားလုံးလည်း ရှုံးနိမ့်ကုန်ပြီ၊ ကိုရင်ဉာဏ ဘာပြုလို့ ခေါင်းမာနေသလဲ၊ ကိုရင်ဉာဏကို ရာဇဝတ်ဝန်ထောက်ခန့်ထားဖို့ အစ်မတော် ပြောထားပြီးပြီ"

"အစ်မတော် သည်စကားတွေမပြောပါနဲ့၊ ကျုပ်ကိုသာ သတ်ထားပါ၊ အစ်မတော်က မသတ်ရင် တစ်နေ့မှာ အစ်မတော်ကို ကျုပ်က သတ်လိမ့်မယ်"

ခင်ခင်ကြီး ပြုံးပြန်သည်။

"ကိုရင်ဉာဏ ခေါင်းအေးအေးထားပြီး စဉ်းစားပါဦး၊ ဝိတိုရိယဘုရင်မကြီးရဲ့ အမှုတော်ကိုထမ်းရွက်ဖို့ ဆုံးဖြတ်ပြီးတဲ့အခါမှာ အစ်မတော်ကို သတင်းပါးပါ"

ခင်ခင်ကြီး လှည့်ထွက်မည်ပြုသည်။

"အစ်မတော်"

ခင်ခင်ကြီး တန့်ရပ်သည်။

"သခင်မကလေး စောဥမ္မာကော"

ဉာဏကို ခင်ခင်ကြီး စူးစိုက်ပြီးကြည့်နေသည်။

ထို့နောက် ဘာမျှမပြောဘဲ လျင်မြန်စွာ ထွက်ခွာသွားသည်။

ကုလားမဲလည်း ကျောက်တံခါးကို ကမန်းကတန်းပိတ်သည်။

ယင်းသို့ဖြင့် ဉာဏသည် အမှောင်တိုက်အတွင်းဝယ် အထီးတည်းရှိနေရပြန်တော့သည်။

## [ ၈ ]

ညောင်ပင်တစ္ဆေ
ဝေလေလေ
နင်ဘယ်ကိုင်းမှာနေ
ညောင်ကိုင်းမှာနေ
နင် ဘာသီးစား
ညောင်သီးစား
နင် ဘာရေသောက်
ညောင်ရေသောက်

www.burmeseclassic.com

www.burmeseclassic.com



နင်သေရင် ဘယ်သူ့ချောက်
ညောင်ပင်အောက်က နင့်ချောက်။

[ ၈ ]

ဗိုလ်ဘယ်ကျော်တို့ ထွက်ခွာသွားကြသည်မှာ သုံးညရှိသွားပြီဖြစ်သည်။ မော်ဟိန်းတပ်များ စစ်ကူရောက်လာမည်ဆိုလျှင် ကနေ့နက်ဖြန် ရောက်ရှိလာနိုင်သည်။

သည်ရက်ပိုင်းအတွင်း ရန်သူကို အတွင်းအပြင် ညှပ်တိုက်ရလျှင် အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ ရန်သူတပ်များ လျော့နည်းနေခိုက်ဖြစ်၍တည်း။

ယမန်နေ့က မြို့ကိုဝိုင်းရံထားသော အင်္ဂလိပ်တပ်အများအပြားကို ပြန်ဖြုတ်သွားသည်။ ယင်း၏အဓိပ္ပာယ်ကို သူတို့ အမျိုးမျိုးတွက်ဆကြသည်။

"ရန်သူတပ်တွေ ရုပ်ကုန်ပြီ၊ မြို့ကိုဝိုင်းထားတာ လက်လျှော့သွားပြီနဲ့တူတယ်" တစ်ယောက်က ပြောသည်။

"တပ်တွေ အကုန်ရုပ်မှာမဟုတ်ပါဘူး၊ တခြားအကြောင်းရှိလို့ တပ်တချို့ကို ပြန်ရုပ်တာပဲဖြစ်မယ်"

"တစ်နေရာမှာ စစ်ကူလိုလို့ ပို့ရတာနဲ့တူတယ်"

"မော်ဟိန်းကိုများ သူတို့တိုက်ကြမလားမသိဘူး"

"မိုးကောင်းမိုးညှင်းဘက်မှာ အပြင်းအထန်တိုက်နေကြတယ်၊ ရွှေဘိုမှာလည်း တိုက်နေကြတယ်၊ သူတို့မှာ နောက်ထပ်ပို့စရာ တပ်တွေမရှိတော့ဘူး"

"အခုလို မြို့ကိုဝိုင်းထားတဲ့ ရန်သူတပ်အင်အား နည်းပါးတုန်း ကျွန်တော်တို့ တိုက်ရရင်ကောင်းမယ်"

"ဗိုလ်ဘယ်ကျော်တို့ ကနေ့နက်ဖြန်ဆိုသလို ပြန်ရောက်လာတော့မှာပဲ"

"မော်ဟိန်းက စစ်ကူမလာဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"ကျုပ်တို့ဘာ ကျုပ်တို့ တိုက်မှာပေါ့"

"ဗိုလ်ဘယ်ကျော် ပြန်ရောက်မလာဘူးဆိုရင်ကော"

"သူ့ကို နောက်ထပ် သုံးရက်စောင့်မယ်၊ နောက်သုံးရက်ကြာလို့မှ မလာရင် လာပဲဖြစ်ဖြစ် တိုက်ကြမယ်"

နောက်တစ်နေ့ညတွင် မော်ဟိန်းမှ စစ်ကူတပ်များ ရောက်ရှိလာသည်။

ညသန်းခေါင်လောက်တွင် အမြောက်သံတစ်ချက် စပြီးကြားရသည်။ သည်နောက်တွင်ကား အမြောက်သံ သေနတ်သံများ မိုးလုံးညံသွားသည်။

စစ်ကူအင်အား များပြားလှဟန်ရှိသည်။ ဆင်သံ၊ မြင်းသံ၊ လူသံများ ဘက်



လျှံနေသည်။ အင်္ဂလိပ်တပ်များ အငိုက်မိသဖြင့် ယောက်ယက်ခတ်သွားသည်ကို မြို့ရိုးပေါ်မှ တွေ့မြင်ကြရသည်။ ရန်သူတပ်စခန်းများ မီးဟုန်းဟုန်းတောက်လောင်သည်။

မြို့တွင်းရှိ မြန်မာတပ်များ စိတ်အားတက်ကြွပြီး ညာသံပေးကာ မြို့တွင်းမှ ထွက်နိုင်သည်။ မြို့တံခါး လေးဖက်စလုံးမှမထွက်ဘဲ အချိန်းအချက်ရှိထားသည့်အတိုင်း မြောက်တံခါးမှ ထွက်ကြသည်။

ရန်သူကိုဖောက်ထွက်ပြီး မြောက်အရပ်သို့ ချီတက်ကြရသည်။

မောင်မောင်လတ်၊ နန္ဒ၊ ခင်ခင်လေး၊ ဗိုလ်မှူးစိတ္တတို့ကိုယ်တိုင် တပ်ဦးမှကွပ်ကဲပြီး ထွက်တိုက်ကြသည်။ ရန်သူများ ကြောက်လန့်ပြီး ပရမ်းပတာ ထွက်ပြေးကြသဖြင့် မြို့တွင်းမှထွက်သူများ အထူးမတိုက်ရဘဲ စစ်ကူတပ်များနှင့် ပေါင်းဆုံမိသည်။

စစ်ကူတပ်များသည် မြို့၏မြောက်ဘက်မှ ရန်သူများကို မောင်းထုတ်ပြီး အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ရန်သူတပ်များကို စည်းကြောင်းတားပြီး ကိုယ်ကာထားသည်။ ရန်သူများကလည်း မြန်မာတပ်များကို တန်ပြန်ထိုးစစ်ဆင်ရဲခြင်းမရှိဘဲ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ကတုတ်ကျင်းများအတွင်း၌သာ ကြောက်လန့်တကြား ရမ်းသမ်းပမ်းသမ်း ပစ်ခတ်လျက်ရှိသည်။

မြို့မြောက်ဘက်ရှိ သုဓမ္မာဇရပ်အနီးတွင် ဗိုလ်ဘယ်ကျော်နှင့် မောင်မောင်လတ်တို့ တွေ့ရှိကြသည်။ ဝမ်းသာအားရ ပွေ့ဖက်ကြသည်။

"မော်ဟိန်းတပ်တွေကို ဘယ်သူအုပ်ချုပ်သလဲ၊ ဗိုလ်မှူးသီဟလား"

မောင်မောင်လတ်က မေးသည်။

သည်တော့မှ ဗိုလ်ဘယ်ကျော် မျက်နှာအမူအရာပြောင်းသွားပြီး··

"မဟုတ်ဘူး၊ မြို့ဝန်မင်းကိုယ်တိုင် အုပ်ချုပ်တယ်"

သူ့အသံတိုးသွားသည်။ စိတ်ထိခိုက်ဟန်ရှိသည်။

မောင်မောင်လတ်တို့လည်း စိုးရိမ်မကင်းဖြစ်သွားပြီး··

"မြို့ဝန်မင်းကော··"

ဗိုလ်ဘယ်ကျော် ရုတ်တရက်မဖြေ။

"မြို့ဝန်မင်းကော··"

ထပ်မေးကြသည်။

ကျဆုံးချေပြီလား။

ဗိုလ်ဘယ်ကျော် သက်ပြင်းတစ်ချက်ချပြီး··

"မြို့ဝန်မင်း တိုက်ပွဲစစချင်း ရန်သူကျည်သင့်လို့ ရန်သူစစ်တဲတစ်ခုထဲမှာ ဘုန်းပ်တို့ ရဲမက်တွေမသိအောင် လျှို့ဝှက်ထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို..ဖြစ်မှဖြစ်ရလေ"

"စိုးရိမ်ရသလား"

"ဘယ်နားက စစ်တဲမှာလဲ"

စိုးရိမ်တကြီးဖြင့် အလုအယက်မေးကြသည်။

"ဝမ်းဗိုက်ကိုထိတာပဲ၊ သွေးအထွက်များတယ်၊ သမားတော်ကြီးများနဲ့ ကြပ်မတ်ကုသဖို့ မှာထားခဲ့တယ်"

"လာ..လာ၊ သွားကြည့်ကြရအောင်"

မောင်မောင်လတ်က ဆိုသည်။

ဗိုလ်ဘယ်ကျော် ဘာမှမပြောတော့ဘဲ နောက်ဘက်သို့လှည့်ပြီး ခပ်သုတ်သုတ်လျှောက်သွားသည်။ နောက်မှ ထက်ချပ်ဆိုသလို သူတို့လိုက်ပါသွားသည်။

မောင်မောင်လတ်တို့ တဲအတွင်းသို့ ဝင်မည်ပြုသောအခါ အစောင့်ရဲမက်များက လက်နက်များထားခဲ့ရန် ပြောသည်။ မော်ဟိန်းစစ်သည်များသည် သူတို့၏မြို့ဝန်အတွက် အထူးပင် ပူပန်စိုးရိမ်နေကြဟန်ရှိသည်။

မောင်မောင်လတ်တို့လည်း လက်နက်များကိုထားခဲ့ပြီး တဲအတွင်းသို့ တိတ်ဆိတ်စွာ ဝင်ရောက်သွားကြသည်။

တဲအတွင်း၌ ရှင်းနေသည်။ တစ်ဖက်ထိပ်တွင် ငါးစပ်စောင်ကြီးများဖြင့် ကန့်လန့်ကာ ကာထားသည်ကို တွေ့ရသည်။

ကန့်လန့်ကာ၏တစ်ဖက်တွင် သေနတ်ဒဏ်ရာများဖြင့် မိန်းမောနေသော မော်ဟိန်းမြို့ဝန်မင်း ရှိပေလိမ့်မည်။

ကန့်လန့်ကာဆီသို့ သူတို့ တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်သွားကြသည်။ ခြေလှမ်းကို ခပ်သွက်သွက်ကလေး လှမ်းသွားကြသည်။

မြို့ဝန်မင်း၏အသက်ကို မီမှ မီပါတော့မည်လား။

ကန့်လန့်ကာနှင့် မလှမ်းမကမ်းတွင် သူတို့ရပ်လိုက်ကြသည်။ စစ်တဲတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အပြင်တွင်ကား သေနတ်သံများ ကြိုကြား ကြားနေရဆဲဖြစ်သည်။

ဗိုလ်ဘယ်ကျော်က သူတို့ကို ခေတ္တစောင့်ဆိုင်းရန် လက်ရိပ်ပြပြီးနောက် ကန့်လန့်ကာအနီးသို့ လျှောက်သွားသည်။ ထို့နောက် ကန့်လန့်ကာကြိုးကို ဆွဲလိုက်သည်။

ကန့်လန့်ကာကြီး ထက်ခြမ်းကွဲပြီး ပွင့်သွားသည်။

တံခွန်တိုင်မောင်မောင်လတ်တို့ ကိုယ့်မျက်လုံးကိုယ် မယုံကြည်နိုင်လောက်အောင် အံ့သြကြရသည်။



ကန့်လန့်ကာပွင့်သွားသောအခါ သူတို့မျှော်လင့်ထားသလို သေနတ်ဒဏ်ရာဖြင့် မိန်းမောနေသော မော်ဟိန်းမြို့ဝန်မင်းကိုမတွေ့ရဘဲ အဂ္ဂမဟေသီမိဖုရားကြီးပမာ တည်ငြိမ်စွာရပ်လျက်ရှိသော တံခွန်တိုင်ခင်ခင်ကြီးကို တွေ့လိုက်ကြရသောကြောင့် ဖြစ်သည်။

ခင်ခင်ကြီး၏ဝဲယာတွင် သေနတ်ကိုင် စစ်သည်ရဲမက်များ ခြံရံလျက်ရှိသည်။ သေနတ်ပြောင်းများက သူတို့ကို ချိန်ရွယ်ထားကြသည်။

ဘေးနှစ်ဘက်နှင့် နောက်ဘက်မှ လှုပ်ရှားသံများကြားသဖြင့် ကြည့်လိုက်ကြရာ သေနတ်ကိုင်စစ်သည်များ ပုန်းကွယ်ရာမှ အလျှိုအလျှို ထွက်လာကြသည်ကို တွေ့မြင်ရသည်။

"ဒါက ဘယ်လိုသဘောလဲ ဗိုလ်ဘယ်ကျော်"

မောင်မောင်လတ် ဒေါသဖြင့် မေးလိုက်သည်။

ဗိုလ်ဘယ်ကျော် ဘာမျှမပြော။

ခင်ခင်ကြီးက..

"မောင်မောင်လတ်တို့ ဒုက္ခရောက်နေတယ်ဆိုလို့ စစ်ကူပေးရအောင် အစ်မတော် လာခဲ့တာပဲ၊ အင်္ဂလိပ်တပ်များ ဝိုင်းရံတိုက်ခိုက်နေလို့ မော်ဟိန်းတပ်များ မလာနိုင်တာနဲ့ ကြေးတိုင်စစ်ကဲကြီးရဲ့ တပ်တွေကို ခေါ်လာရတာပဲ"

ကြေးတိုင်စစ်ကဲမှာ အစောကြီးကတည်းက အင်္ဂလိပ်လူဖြစ်သွားသူ ဖြစ်သည်။ သစ္စာဖောက်တပ်များဖွဲ့ပြီး ကိုယ့်အချင်းချင်း သတ်ဖြတ်နေသူဖြစ်သည်။

"အသားထဲက လောက်ထွက်ပြီး သစ္စာဖောက်နေကြမှတော့ ကျုပ်တို့သေတာ ဆန်းပါဘူး၊ အချိန်ဆွဲမနေပါနဲ့၊ ကျုပ်တို့ကို အခုပဲ ပစ်သတ်လိုက်ပါ"

မောင်မောင်လတ်က ရဲရင့်စွာ ပြောလိုက်သည်။

"အစ်မတော်လာတာ မောင်မောင်လတ်ကို သတ်ဖို့မဟုတ်ပါဘူး၊ သူကောင်းမြှောက်ဖို့ပါ"

"ခင်ခင်လေးတို့ ဘယ်တော့မှ ဒူးမထောက်ဘူးဆိုတာ အစ်မတော် မသိသေးဘူးလား"

ခင်ခင်လေးက မေးလိုက်သည်။

နန္ဒ လှုပ်ရှားမည်ပြုသည်။ ဝိုင်းရံထားသော လက်နက်ကိုင်စစ်သည်များ ရှေ့သို့ တိုးလာသည်။

"စိတ်လိုက်မာန်ပါမလုပ်ကြပါနဲ့၊ အချိန်ကြာကြာ စဉ်းစားကြဦး"

ခင်ခင်ကြီးက သူ့အနီးမှ တပ်မှူးတစ်ဦးအား..

"ဗိုလ်မင်း..သူတို့ စံမြန်းရမည့်ဌာနသို့ ခေါ်ဆောင်သွားပါ၊ ကောင်းမွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးစောင့်ရှောက်ထားပါ၊ သူတို့ရဲ့ အသက်အန္တရာယ် မဆုံးပါးပါစေနဲ့”

ယင်းသို့မှာကြားပြီး ခင်ခင်ကြီး လှည့်ထွက်သွားသည်။

သူတို့စံမြန်းရမည့်ဌာနမှာ မြေအောက်အကျဉ်းတိုက်မှတစ်ပါး အခြားဖြစ်စရာ မရှိပါ။

ရန်သူက ရန်သူပီသသော်လည်း မိမိတို့က ရန်သူကို ရန်သူလို သဘောမထား ခဲ့ကြသည့်အတွက်…

[ ဃ ]

သည်နေ့ ယင်းတလဲဈေးနေ့ဖြစ်သည်။ အဖိတ်နေ့နှင့်လည်း ကြုံကြိုက်သည်မို့ စည်ကား သည်။ သည်အထဲတွင် ဈေးသို့လာရောက်သူများကို ရတ်တရက်မပြန်ရန် ယင်းတလဲ စစ်သည်များက တားမြစ်ပိတ်ပင်ထားသဖြင့် ကြက်ပျံမကျဖြစ်နေသည်။ ဈေးအရှေ့ ကွက်လပ်ကြီးထဲတွင် လူတွေ စုဝေးလျက်ရှိသည်။

ယင်းကွက်လပ်ကြီးကို ပွဲဈေးတန်းဟုလည်းကောင်း၊ ပွဲခင်းပြင်ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ အကြောင်းမှာ ဈေးဘုရားပွဲကျင်းပသောအခါ ဤကွက်လပ်ကြီးထဲ တွင် ပွဲဈေးသည်များ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ လက်ဝှေ့ပွဲရုံများ ပြည့်ပြည့်ကြပ်နေသောကြောင့် ဖြစ်သည်။

သည်ကနေ့လည်း ပွဲခင်းပြင်ထဲတွင် ပွဲကြီးပွဲကောင်းတစ်ခု ရှိသည်။ ယင်းတလဲ စစ်သည်များက ဈေးလာသူများကို ပွဲကြည့်ရန် စုရုံးလျက်ရှိသည်။

ပွဲက ကြိုးပေးပွဲ။

သည်ရက်များအတွင်း ယင်းတလဲတွင် ကြိုးပေးပွဲ မကြာခဏပြုလုပ်သည်။

ယင်းတလဲမင်းသိဒ္ဓိသည် ယခုအခါ ယင်းတလဲ၊ တောင်နီ၊ ကျောက်မိုင်းနှင့် မြို့ဟောင်းမြို့ (၄)မြို့ကို ပိုင်စိုးရသည့် မဟာရာဇာစော်ဘွားကြီး ဖြစ်သည်။ အင်္ဂလိပ် အစိုးရက စီအိုင်စီ အိန္ဒိယမဟာရဋ္ဌသဟာယဘွဲ့ ချီးမြှင့်ပေးအပ်ပြီး ထွက်တော်မူ ဝင်တော်မူတိုင်း အမြောက်(၁၀)ချက် ပစ်ဖောက်နိုင်ခွင့်ပြုသည်။ မြန်မာဘုရင်လက်ထက် က စော်ဘွားများသုံးစွဲရသော မင်းခမ်းမင်းနားများအတိုင်း သုံးစွဲခွင့်ရှိသည်။

တံခွန်တိုင်ခင်ခင်ကြီးမှာလည်း ယင်းတလဲ မဟေသီခင်ခင်ကြီး ဖြစ်တော့သည်။

မြို့ဟောင်း၊ တောင်နီနှင့် ကျောက်မိုင်းမြို့များကို သိမ်းပိုက်ရရှိပြီး တံခွန်တိုင် မောင်နှမများကို ဖမ်းဆီးရရှိပြီးသည့်နောက်ပိုင်းတွင် ယင်းတလဲမြို့နယ်အတွင်း၌ အငြိုး အရင်းနှင့် ဆန့်ကျင်ခြားနားသူများ မရှိတော့သော်လည်း ဇာတိမာန်ပြင်းထန်သူများသည် တစ်ဦးချင်းနှစ်ဦးချင်းသော်လည်းကောင်း၊ အစုငယ်ကလေးများအဖြစ်နှင့်သော်လည်း



ကောင်း ခုခံတိုက်ခိုက်လျက်ရှိနေကြသည်။ တောမီးလောင် တောကြောင် လက်ခမောင်း ခတ် ဟူသည့်အတိုင်း ဆိုးသွမ်းတိုက်ခိုက်နေသူများလည်း ရှိကြသည်။

မိမိ၏ပိုင်နက် နယ်ပယ်အတွင်း ဆူပူလှုပ်ရှားလျက်ရှိသော သူပုန်သူကန်များနှင့် တကွ သူခိုးဓားပြများကို ယင်းတလဲမဟေသီ ခင်ခင်ကြီးကိုယ်တိုင် ကွပ်ကဲလျက် အပြင်းအထန် တိုက်ခိုက်နှိမ်နင်းလျက်ရှိသည်။ ဖမ်းဆီးရမိသူများကို လည်ပင်းကြိုးကွင်း စွပ်ကာ မြို့တွင်းသို့ လှည့်လည်ပြသစေသည်။ လူစည်ကားရာအရပ်တွင် ကြိုးပေး သတ်ဖြတ်သည်။

မဟေသီခင်ခင်ကြီး၏ ရက်ရက်စက်စက် နှိမ်နင်းအုပ်ချုပ်မှုကြောင့် တစ်နယ် လုံး ဖိန့်ဖိန့်တုန် ထိတ်လန့်စိုးရွံ့လျက် ရှိကြရသည်။ စကားကိုပင် ကျယ်ကျယ် မပြောရဲ သလောက် ဖြစ်ကြရသည်။ သူပုန်သူကန်များနှင့် ဆွေမျိုးတော်စပ်သူများ၊ အားပေး ကူညီသူများ၊ ထောက်ထားစာနာသူများ အားလုံးကို ချေမှုန်းခြင်းပြုသည်။

သည်တစ်နေ့လည်း သူပုန်သုံးဦးကို ကြိုးပေးမည်ဖြစ်သဖြင့် မြို့သူမြို့သားများ ကို ပွဲခင်းပြင်တွင် စုရုံးထားသည်။

လူအများသည် ညှိုးငယ်သောမျက်နှာများဖြင့် ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေကြ သည်။ လူငယ်လူရွယ်များ၏မျက်နှာတွင် မခံချင်သောအမူအရာများ ပေါ်လွင်လျက် ရှိသည်။

ကြာပွတ်သံများ တရွမ်းရွမ်းပေါ်ထွက်လာသဖြင့် ငြိမ်သက်တိတ်ဆိတ်နေသော လူအုပ်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ကြိုးပေးမည့် သူပုန်သုံးဦးကို လက်ပြန်ကြိုးများ တုပ်နှောင်ခေါ်ဆောင်လာပါပြီ။

အင်္ကျီမပါ ကိုယ်ဗလာနှင့် ခါးတောင်းမြှောင်အောင် ကျိုက်ထားသော ပါးကွက် အာဏာသားများသည် ကြာပွတ်များကို တရွမ်းရွမ်းရိုက်ချကာ လမ်းရှင်းလျက်ရှိသည်။

ကြိုးပေးခံရမည့် သူပုန်သုံးဦးသည် ကြိုးစင်ပေါ်သို့ တည်ငြိမ်သောခြေလှမ်း များဖြင့် တက်လာကြသည်။ သူတို့သည် ဦးပြည်းကတုံးများနှင့် ဖြစ်ကြသည်။ သူတို့၏ မျက်လုံးများသည် တောင်တောင်မြောက်မြောက် ကြည့်ရှုခြင်းမရှိဘဲ စက္ခုအိန္ဒြေ ချထား သည်။

“အလို··အလယ်ကဟာ ပေါက်မြိုင်ဘုန်းကြီးနဲ့ တူလိုက်တာ”

အဘွားကြီးတစ်ယောက် လူအုပ်အတွင်းတိုးဝင်၍ ခြေဖျားထောက်ကာ ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

“ဒီအဘွားကြီး ဘာတွေပြောနေတာလဲ၊ ပေါက်မြိုင်ဘုန်းကြီးပါဆိုမှ ပေါက် မြိုင်ဘုန်းကြီးနဲ့ တူလိုက်တာ လုပ်နေ”

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးခြုံနှင့် ယောကျ်ားကြီးတစ်ယောက်က စိတ်တိုဟန်ဖြင့် ပြောသည်။

''သူတို့ ပေါက်မြိုင်ဘုန်းကြီးကို ဘာပြုလို့ ကွပ်မျက်ကြရတာလဲ၊ သည်နယ်မှာ ကျွမ်းကျင်အနှံ့စပ်ဆုံး ဆရာတော်တစ်ပါးမဟုတ်လား၊ မင်းတရားကြီးကတောင် ဘွဲ့တံဆိပ် တပ်လှူထားရှိတယ်ဆိုတာ သူတို့မသိကြဘူးလား''

အဘွားကြီး ဗျစ်တောက်ဗျစ်တောက် ပြောသည်။ သူမ၏စကားကို ကြားရသူများအားလုံးက သူမကို ထူးဆန်းထိတ်လန့်စွာ ကြည့်ကြသည်။

အဘွားကြီးသည် အသက်ခြောက်ဆယ်ကျော်အရွယ်၊ ပိန်ပိန်ပါးပါး၊ ခေါင်းတွင် တဘက်ဖြူကြီး ပေါင်းထားသည်။

''ဒီအဘွားကြီး ဘယ်ရွာကလဲ၊ လည်ပင်းယားတယ်နဲ့တူတယ်၊ သူပုန်သူကန်တွေကို ကြိုးကွင်းစွပ်ပြီး သတ်ဖြတ်နေတယ်ဆိုတာ မသိဘူးလား''

ပုဆိုးခြုံနှင့်လူကြီးက ပြောသည်။

''ပေါက်မြိုင်ဘုန်းကြီးက ဘယ်လိုလုပ်ပြီး သူပုန်ဖြစ်သွားရတာလဲ၊ ကျုပ်ကို ပြောစမ်းပါ၊ ကျုပ်ဖြင့် ဘာမှမကြားလိုက်ပါဘူး''

အဘွားကြီးက မကျေမချမ်းဟန်ဖြင့် မေးနေသည်။

''သူပုန်ဗိုလ်ဒေဝကို ရပေါက်မြိုင်ကျောင်းမှာ ဖမ်းမိတယ်ဆိုတာ အဘွားကြီး မကြားဘူးလား၊ ဟိုဘက်က အရပ်ရှည်ရှည်နဲ့ဟာ ဗိုလ်ဒေဝပေါ့၊ အမှန်တော့ ဆရာတော်ဟာ ဒုက္ခဆင်းရဲရောက်လာတဲ့ လူတစ်ယောက်ကို မဂ်လာတရားနဲ့အညီ ကူညီစောင့်ရှောက်တာပဲ၊ အစာရေစာပြတ်ပြီး ရောက်လာလို့ ဆွမ်းကျန်ကွမ်းကျန်လေးတွေ ကျွေးတာပဲ၊ ဗိုလ်ဒေဝကလည်း ဆရာတော်ကို ဘာမှဒုက္ခမပေးပါဘူး၊ ထမင်းစားပြီး သွားတော့မယ်လုပ်တုန်း စစ်သည်တွေရောက်လာပြီး ဖမ်းကြဆီးကြတာပဲ၊ ဆရာတော်နဲ့ ဦးပဉ္စင်းတစ်ပါးကိုလည်း ဖမ်းကြတယ်၊ ဗိုလ်ဒေဝကရော ရွာထဲက ဒကာဒကာမတွေကရော ဆရာတော် ဘာမှမသိတဲ့အကြောင်း ဝိုင်းပြောကြပေမယ့် မရဘူး၊ သူပုန်အားပေးဆိုပြီး ကွပ်မျက်ဖို့ အမိန့်ချမှတ်ကြတာပဲ''

မိန်းမကြီးတစ်ယောက်က ကြားဝင်ပြောသည်။

''ဟိုအမယ်ကြီး ဘာတွေပြောနေတာလဲ''

အဘိုးကြီးတစ်ယောက်က ငေါက်ငမ်းတားမြစ်သည်။

''အို..ဟုတ်တာတွေပြောတာ၊ ကျုပ်ပြောတာတွေ မဟုတ်ဘူးလား''

မိန်းမကြီးက တုန့်ပြန်သည်။

''မဟုတ်ဘူး..မဟုတ်ဘူး၊ သင်းလုပ်တာတွေ မဟုတ်တော့ဘူး၊ တိုင်းသူပြည်သားတွေလည်း ဒုက္ခရောက်ကုန်ပြီ၊ ရဟန်းသံဃာတွေလည်း ဒုက္ခရောက်ကုန်ပြီ၊ သင်းအပယ်လားတော့မယ်''

www.burmeseclassic.com



တဘက်ဖြူနှင့် အဘွားကြီး တဖျစ်တောက်တောက်ပြောပြီး လူအုပ်ထဲမှ တိုးထွက်သွားသည်။

''အဲဒါ ယင်းတလဲမဟေသီ ခင်ခင်ကြီးရဲ့ အထိန်းတော်ကြီး ဒေါ်သဲအုပဲပေါ့''

လူရွယ်တစ်ယောက်က ပြောသည်။

''အောင်မယ်လေး..ဒုက္ခပါပဲ၊ ရာဇဝတ်အိုး တုတ်နဲ့ထိုးမိပါပြီ''

သတင်းစကားပါးမိသော မိန်းမကြီး ကြောက်လန့်တကြား ရွတ်ဆိုသည်။

''လာ..လာ အမယ်ကြီး သွားကြစို့''

စောစောက ဟန့်တားခဲ့သော အဘိုးကြီးက မိန်းမကြီး၏လက်ကို ဆွဲခေါ်ပြီး လူအုပ်တွင်းမှ အတင်းတိုးထွက်သွားသည်။

ပုဆိုးခြုံနှင့် လူကြီးနှင့်တကွ ထိုအနီးတစ်ဝိုက်မှ လူများလည်း ရှောင်ရှားသွားကြသည်။

ထိုအချိန်တွင်..

ဒေါ်သဲအုသည် ပွဲဈေးခင်းအတွင်းမှ ခပ်သုတ်သုတ် ထွက်ခွာသွားလျက်ရှိသည်။

''ဟိုအဘွားကြီး၊ ဘယ်တုန်း၊ ရပ်လိုက်စမ်း''

ဒေါ်သဲအုကို အစောင့်စစ်သည်တစ်ဦးက သေနတ်ဖြင့် ချိန်ရွယ်ပြီး ရပ်နိုင်းလိုက်သည်။

''ပွဲပြီးမှ ပြန်ရမယ်ဆိုတာ မသိဘူးလား၊ ဟိုမှာကြည့်စမ်း၊ ကြမ်းခင်းဖြတ်တော့မယ်''

''ဖယ်စမ်း..ငါသွားမယ်''

ဒေါ်သဲအု သေနတ်ကိုတွန်းဖယ်ပြီး သွားမည်ပြုသည်။

''အောင်မယ်..အဘွားကြီး စကားပြောရင့်သီးလိုက်တာ၊ ပစ်လိုက်ရင် သေရောမယ်''

အစောင့်စစ်သည်က ဒေါ်သဲအု၏လက်မောင်းကို လက်တစ်ဖက်ဖြင့် ကြမ်းတမ်းစွာ ဆွဲယူလိုက်သည်။

''သယ်..ငါဘယ်သူလဲဆိုတာ ငါ့မျက်နှာကြည့်စမ်း''

ဒေါ်သဲအုက သူမ၏မျက်နှာကို လက်ညှိုးထိုးပြကာ ပြောသည်။ သူမ၏ခေါင်းနှာ တဘက်ကြီးကို ဖြုတ်ပစ်လိုက်သည်။

''အို..မဟေသီသခင်မကြီးရဲ့ အထိန်းတော်ကြီးပါလား၊ ကျွန်တော်မျိုး မသိလို့ပါ၊ အမိုက်အမှားကို သည်းခံပါ''

www.burmeseclassic.com

www.burmeseclassic.com

စောစောက မာန်ဝင့်ခက်ထန်ခဲ့သောစစ်သည် လက်အုပ်ချီပြီး တောင်းပန်သည်။

ဒေါ်သဲအူ ဘာမျှမပြောဘဲ ခပ်သုတ်သုတ်ထွက်သွားသည်။

ယင်းအခိုက်တွင် လူအုပ်ကြီးအတွင်းမှ ထိတ်လန့်အော်ဟစ်သံများ ပေါ်ထွက်လာသည်။ ပေါက်မြိုင်ဘုန်းကြီး၊ ဦးပဥ္စင်းတစ်ပါးနှင့် ဗိုလ်ဒေဝတို့ လည်ပင်းတွင် ကြိုးတန်းလန်းဖြင့် အသက်ပျောက်သွားကြရပြီဖြစ်သည်။

ဒေါ်သဲအူ နောက်ကို လှည့်မကြည့်တော့ပါ။ တစ်ချိုးတည်း သုတ်ခြေတင်သည်။ ယင်းတလဲပေါ်နန်းသို့ရောက်ရှိသောအခါ ခင်ခင်ကြီး၏အဆောင်တော်သို့ တောက်လျှောက်သွားရောက်သည်။

"ဒွေးလေးဒေါ်သဲအူ မောကြီးပမ်းကြီးနဲ့ ဘယ်က ပြန်လာတာလဲ၊ တစ်ကိုယ်လုံးလည်း ချွေးတွေသံတွေနဲ့ပါလား"

ခင်ခင်ကြီးက စူးစမ်းသောအကြည့်ဖြင့် မေးသည်။

ဒေါ်သဲအူက တဘက်ဖြူကြီးနှင့် မျက်နှာမှ ချွေးများကိုသုတ်ပစ်ရင်း..

"ခင်ခင်ကြီးတို့လုပ်တာတွေ မဟုတ်ဘူး၊ တရားလွန်နေပြီ"

ခင်ခင်ကြီး အံ့အားသင့်ဟန်ဖြင့်..

"ဒွေးလေးဒေါ်သဲအူ ဘာတွေပြောနေတာလဲ၊ ခင်ခင်ကြီး ဘာလုပ်လို့လဲ"

"ခင်ခင်ကြီးတို့ အခုလုပ်နေကြတာတွေဟာ အပြစ်မရှိတဲ့ တိုင်းသူပြည်သားတွေကို နှိပ်စက်ညှဉ်းပန်းတယ် ဖြစ်နေကြတာပဲ၊ ကလေးတွေလည်း ချမ်းသာမပေးဘူး။ မိန်းမတွေလည်း ချမ်းသာမပေးဘူး၊ ရဟန်းသံဃာတွေလည်း ချမ်းသာမပေးဘူး"

"ဒွေးလေးဒေါ်သဲအူ ဘာတွေပြောနေတာလဲ၊ ခင်ခင်ကြီး ဘာလုပ်လို့လဲ"

"ခင်ခင်ကြီးတို့ အခုလုပ်နေကြတာတွေဟာ အပြစ်မရှိတဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ညှဉ်းပမ်းတယ် ဖြစ်နေကြတာပဲ၊ ကလေးတွေလည်း ချမ်းသာမပေးဘူး။ မိန်းမတွေလည်း ချမ်းသာမပေးဘူး၊ ရဟန်းသံဃာတွေလည်း ချမ်းသာမပေးဘူး"

"ဒွေးလေးဒေါ်သဲအူပြောနေတာတွေ ခင်ခင်ကြီးနားမလည်ပါဘူး၊ ဒွေးလေးဒေါ်သဲအူ စိတ်မှန့်သေးရဲ့လား"

ဒေါ်သဲအူက ခင်ခင်ကြီးကို စူးစူးဝါးဝါးကြည့်ပြီး..

"မနက်ကအထိတော့ ကျုပ်စိတ်ကောင်းတာ အမှန်ပဲ၊ နို့ပေမယ့် ဈေးထဲမှာ စိတ်မချမ်းမြေ့ဖွယ်ရာတွေ မြင်ခဲ့ရတော့ သွေးပျက်ပြီး ရူးချင်သလိုလိုပဲ"

"ဒွေးလေးဒေါ်သဲအူ ဘာတွေမြင်ခဲ့သလဲ"

"ပေါက်မြိုင်ဘုန်းကြီးကို ခင်ခင်ကြီးတို့ ကြိုးကွင်းစွပ်ပြီး ကွပ်မျက်လိုက်ကြပြီမဟုတ်လား"



"နေပါဦး..ဒွေးလေးက ဘယ်လိုလုပ်ပြီး ဈေးထဲကိုရောက်သွားရတာလဲ"

"ကျုပ်မနက်က ဆုတောင်းပြည့်ဘုရားကို ပန်းသွားကပ်တယ်၊ အပြန်မှာ ဈေးနားကဖြတ်လာတော့ ရဲမက်တွေက လမ်းသွားလမ်းလာတွေအားလုံးကို ပွဲဈေးခင်းထဲ ကျွဲအုပ်နွားအုပ်တွေလို မောင်းသွင်းနေတော့ ကျုပ်လည်းပါသွားတာပေါ့"

"ဒွေးလေးဒေါ်သဲအူက ဝေါတော်နဲ့မသွားဘဲ ဘာပြုလို့ခြေလျင်ခရီး တစ်ယောက်တည်းသွားရတာလဲ"

"ကျုပ်တစ်ယောက်တည်းသွားရတာပဲ စိတ်ချမ်းသာတယ်၊ ဝေါတွေ အခစောင့်အရှောက်တွေနဲ့သွားရတာ စိတ်ကျဉ်းကျုပ်တယ်"

"ဒွေးလေးဒေါ်သဲအူက တယ်ခက်ပါကလား"

ခင်ခင်ကြီး ညည်းတွားသည်။

"မခက်ပါဘူး၊ အခုတော့ တိုင်းပြည်ကြီးမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိရတာပေါ့၊ ဒါကြောင့်လည်း ရှေးတုန်းက မင်းကောင်းမင်းမြတ်တွေ ရုပ်ဖျက်ပြီး စနည်းနာထွက်ကြတာပဲ"

"ပွဲဈေးခင်းမှာ သူပုန်သူကုန်တွေနဲ့ သူခိုးဓားပြတွေကို နောက်လူတွေ ကြောက်ရွံ့အောင် လူအများရဲ့ရှေ့မှာ ကွပ်မျက်စီရင်နေတယ်ဆိုတာ ဒွေးလေး အရင်ကမသိဘူးလား။ တစ်ကြိမ်တစ်ခါမှ မကြားမိဘူးလား"

"ဟိုတုန်းက ကြားနေသိနေတာကတော့ တကယ့်လူဆိုးသူခိုးတွေကို စီရင်သတ်ဖြတ်နေတယ်လို့ ထင်ခဲ့မိတာကိုး၊ အခု ကိုယ်ကိုယ်တိုင်မြင်ရတော့မှ လူကောင်းသူကောင်းတွေ ရဟန်းသံဃာတွေကို သတ်ဖြတ်နေကြမှန်း သိရတော့တယ်၊ လောကကြီးဟာ တယ်ကြောက်စရာကောင်းပါကလား၊ မြဟ္မစိုရ်တရားတွေ ကွယ်ပျောက်ကုန်ကြပြီလား"

ဒေါ်သဲအူ ညည်းတွားသည်။

ခင်ခင်ကြီး မျက်မှောင်ကုပ်လိုက်ပြီး..

"ဒီမယ် ဒွေးလေးဒေါ်သဲအူ၊ ဒေဝဟာ သူပုန်တစ်ယောက်ဆိုတာ ဒွေးလေးမသိဘူးလား၊ သူပုန်ကို ကူညီတဲ့လူဟာ သူပုန်ပဲ၊ ပေါက်မြိုင်ဘုန်းကြီးဟာ ဒေဝကို ကျွေးမွေးစောင့်ရှောက်ပြီး ဝှက်ထားခဲ့တယ်၊ ဒါကြောင့် သူ့ကို သိက္ခာချပြီး အာဏာဒဏ်ခတ် သတ်ဖြတ်ရတာပဲ"

"မောင်ဒေဝကို ပေါက်မြိုင်ဘုန်းကြီးမသိဘူး၊ သူသိတာက ဒုက္ခရောက်လာတဲ့ သူတစ်ယောက်ပဲ၊ တရားတော်နဲ့အညီ ကျွေးမွေးထောက်ပံ့တာပဲ၊ ဒုက္ခရောက်နေတဲ့လူ တစ်ယောက်ကို ထမင်းတစ်နပ်ကျွေးတာနဲ့ပဲ သူပုန်ဖြစ်ရမယ်ဆိုရင်တော့ တို့တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ လူတွေသတ်လို့ ကုန်တော့မှာမဟုတ်ဘူး''

''ဒုက္ခရောက်နေတဲ့လူတစ်ယောက်ကို လူဆိုးလား လူကောင်းလား ခွဲခြားပြီးမှ ကူညီစောင့်ရှောက်မှပေါ့၊ ရာဇဝတ်ဘေး မကင်းတဲ့လူတစ်ယောက်ကို ကူညီစောင့်ရှောက်မိရင် ကိုယ်လည်း ရာဇဝတ်ဒဏ်သင့်မှာပဲ ဒွေးလေး''

''ကာလဒေသပယောဂလည်း ကြည့်ဦးမှပေါ့၊ ပေါက်မြိုင်ဘုန်းကြီးဟာ ဘယ်တုန်းကများ ရာဇဝတ်တွေမှာ ရှုပ်ထွေးခဲ့ဖူးလို့လဲ၊ ဘုရားသာသနာကို အကျင့်သိက္ခာရှိရှိနဲ့ ထမ်းဆောင်ခဲ့တာပဲ၊ အခုတော့ ထားပါတော့၊ ရာဇဝတ်ဘေးသင့်လာတဲ့ လူတစ်ယောက်ကို မသိလို့ ကရုဏာစေတနာထားလို့ ထမင်းတစ်နပ်ကျွေးမိတာနဲ့ အသက်ကိုအဆုံးစီရင်တော့မှာလား၊ ခင်ခင်ကြီးတို့လုပ်တာတွေဟာ လွန်လွန်းနေပြီ၊ ဒွေးလေးနားထဲမှာ မကောင်းသတင်းတွေ သိုးသိုးသန့်သန့်ကြားနေတာ ကြာပြီ၊ ခင်ခင်ကြီးတို့ရဲ့စစ်သည်သူရဲကောင်းတွေဟာ ရွာတွေကို မီးနဲ့တိုက်တယ်၊ ပစ္စည်းတွေကို လုယက်သိမ်းယူတယ်၊ သားပျိုသမီးပျိုတွေကို ဖျက်ဆီးတယ်၊ စိတ်ထဲမှာမထင်ရင် မထင်သလိုရက်ရက်စက်စက် သတ်ဖြတ်ပစ်နေကြတယ်''

''တော်''

ခင်ခင်ကြီး ဟစ်အော်သည်။

''ခင်ခင်ကြီး ရာဇမာန် သိပ်တက်နေတယ်၊ သတိထားပါ၊ ခုဘဝမှာလည်း မကောင်းဘူး၊ နောင်ဘဝမှာလည်း မကောင်းဘူး''

ခင်ခင်ကြီး ရယ်မောသည်။

''မောင်မောင်လတ်တို့ ခင်ခင်လေးတို့ကိုလည်း ချုပ်နှောင်ထားတယ်''

''အို..ဒွေးလေးဒေါ်သဲအုံ ဘယ်လိုပြောလိုက်တာလဲ၊ သူတို့ဟာ သူပုန်အရင်းအမာကြီးတွေလေ၊ သူတို့ကို မသတ်တာပဲ တော်လှပြီ''

''သူတို့ကိုမသတ်တာက သူတို့ကို နှိပ်စက်ညှဉ်းပမ်းပြီး ခင်ခင်ကြီးရဲ့ ခြေဖဝါးတော်အောက်ကိုဝင်အောင် လုပ်နေတာမဟုတ်လား''

ခင်ခင်ကြီး ကြောက်မက်ဖွယ်ရာ ရယ်မောသည်။

''ခင်ခင်ကြီးရဲ့ ခြေဖဝါးတော်အောက်ကို သူတို့ဝင်ရောက်ကြမယ်လို့ ဒွေးလေးဒေါ်သဲအုံ ထင်သလား''

ဒေါ်သဲအုံ ဘာမျှမပြောဘဲ ရုတ်တရက်လှည့်ထွက်သွားသည်။



## ၁၂ ○ သွေးစွန်းသောမျိုးဆက် [ ထ ]

အပြင်ဘက်ကမ္ဘာတွင် မိုးဖြိုင်ဖြိုင်သွန်းနေပြီဟု ခင်ခင်လေး နားလည်သည်။ သို့သော် မိုးစက်မိုးပေါက်များကို မမြင်ရပါ။ မိုးသံလေသံ မကြားရပါ။

နွေမှာတုန်းကလည်း သည်ကျောက်နံရံများသာ။

မိုးမှာကျတော့လည်း သည်ကျောက်နံရံများပင်။

သို့သော် နွေမှာတုန်းက ငကျောက်သားများ ခြောက်သွေ့ပူပြင်းသည်။

မိုးမှာကျတော့ စွတ်စိုထိုင်းမှိုင်းသည်။

နောက်ပြီးတော့ သည်အခန်းထဲကိုရောက်ကတည်းက အပြင်လောကကြီးနှင့် အဆက်ပြတ်ရတော့မည်ကို နားလည်ခဲ့သည်။

တစ်နေ့တစ်ညနှင့် ပြီးမည်မဟုတ်။

တစ်လနှစ်လနှင့် ဆုံးအုံမထင်။

တစ်နှစ် နှစ်နှစ်ပင် မကတန်ရာ။

တစ်သက်တစ်ဘဝ ဖြစ်နိုင်သည်။

မိမိတို့ကိုသတ်မည်ဆိုလျှင် ချက်ချင်းသတ်ပေမည်။

မိမိတို့ကို ရှည်ရှည်မျှင်းမျှင်း ညှင်းဆဲလိုသဖြင့်သာ ချုပ်နှောင်ထားခြင်းဖြစ်သည်

မိမိတို့ကလည်း ကြောက်ရွံ့ဒူးထောက်ချေမည်မဟုတ်။

တောင်နီ မြေအောက်ထောင်သည် နာမည်သတင်းကြီးလှသည်။ သည်ထောင်တွင်းသို့ရောက်ရှိသွားလျှင် ဖောက်ထွက်နိုင်ရိုးမရှိ၊ ပြန်လည်လွတ်မြောက်ရိုးမရှိ။

စိတ်ဆင်းရဲလူဆင်းရဲဖြင့် အရိုးပြိုင်းပြိုင်းကျကာ သေဆုံးကြရသည်ချည်း ဖြစ်သည်။

သို့ဖြင့် မိမိရောက်ရှိနေသည့် နေ့ရက်များနှင့် နှစ်လများကို သိရှိနိုင်ရန် တစ်နေ့ချင်း တစ်ရက်ချင်း နံလုံးသွင်းမှတ်သားခဲ့သည်။

မိမိတို့ရောက်ရှိရသည့်နေ့က တပို့တွဲလဆန်း ၁၂ ရက်။

တစ်ရက် နှစ်ရက် သုံးရက်၊ လပြည့်ပြီ။

တစ်ရက် နှစ်ရက် သုံးရက် လေးရက် ငါးရက်...လကွယ်ပြီ။

တပေါင်းလဆန်းပြီ။

တပေါင်းပြီးလျှင် တန်ခူး၊ ထို့နောက် ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊

ဝါခေါင် ရက်မစုံ ၂၉။

တစ်လတော့ဖြင့် ကွယ်ပြန်ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့..

တော်သလင်းလဆန်း ၁ ရက်။

မြေအောက်ထောင်ထဲတွင် အချုပ်အနှောင်ခံခဲ့ရသည်မှာ ၆ လနှင့် ၁၇ ရက်များတောင် ရှိချေပြီကော။

ခင်ခင်လေး မကြောက်ပါ။

ဘယ်တော့မှ ဒူးမထောက်ပါ။

သို့သော် မိမိက မည်သို့မျှမတုန့်ပြန်နိုင်ဘဲ ငုတ်တုတ်ခံနေရသည်ကိုသာ မကျေနပ်ပါ၊ စိတ်မရှည်ပါ၊ သည်းမခံနိုင်ပါ။

လွတ်မြောက်နိုင်သည့် နည်းလမ်းကို ခင်ခင်လေး စဉ်းစားသည်။

ကျောက်နံရံများကို ဖွင့်ဖောက်ပြီး ထွက်နိုင်ရန်ကားမလွယ်။ တူးဆွဖြိုဖျက်ရန် မည်သည့်လက်နက်မျှမရှိချေ။

အစောင့်အရှောက်များကို တိုက်ခိုက်ပြီးထွက်ရန်ကော။

ရှိးရှိးအချိန်တွင် မည်သည့်အစောင့်အရှောက်ကိုမျှ မမြင်တွေ့ရပါ။ ကျောက်တံခါးကြီးကို အလုံအလဲ အနိုင်အခန့် ပိတ်ထားသည်။

အပြင်ဘက်တွင် သံတိုင်တံခါးတစ်ထပ် ရှိသေးသည်။

တစ်နေ့လျှင် ထမင်းပို့ နှစ်ချိန်လာသည်။ မနက်တစ်ချိန်။ ညနေတစ်ချိန်။

တစ်ယောက်တည်း လာလေ့မရှိ။

နှစ်ယောက်လာသည်။

ထောင်အမှုထမ်း ပါးကွက်အာဏာသားတစ်ဦးနှင့် အစောင့်စစ်သည်တစ်ဦး။

ပါးကွက်အာဏာသား တစ်လ တစ်ယောက်လဲသည်။

အစောင့်စစ်သည် နေ့စဉ်လဲသည်။

အချိန်မှန်မှန် လူလဲနေခြင်းသည် လာဘ်လာဘထိုးပြီး မသိမ်းသွင်းနိုင်ရန်ဖြစ်သည်။

ပါးကွက်အာဏာသားက ကျောက်တံခါးကိုဖွင့်သည်။ ထမင်းပန်းကန်နှင့် ရေခွက်ကို ချထားသည်။ အစောင့်စစ်သည်က သတိမလစ် စောင့်ကြည့်နေသည်။ သေနတ်ပြောင်းကို မိမိရင်ညွန့်တည့်တည့်သို့ ချိန်ထားသည်။

သူတို့ပြောချင်တာရှိလျှင် ပြောသည်။

မိမိကမေးလျှင်မူ ဘာမျှပြန်မပြောပါ။

နောက်ပြီး သူတို့တွင် ကျောက်တံခါး သော့တစ်ချောင်းသာလျှင် ပါရှိသည်။ သံတံခါးသော့ ပါရှိဟန်မတူ။



သံတံခါးသော့ကို လုံခြုံရာတွင် သိမ်းဆည်းထားဟန်ရှိသည်။ တစ်စုံတစ်ယောက်၏လက်ထဲတွင် ရှိပေလိမ့်မည်။

ထောင်မှူး၏လက်ထဲတွင်လည်း ဖြစ်နိုင်သည်။

ခင်ခင်ကြီးကိုယ်တိုင်၏ လက်ထဲတွင်လည်း ဖြစ်နိုင်သည်။

ထမင်းလာပို့သူနှစ်သီးကို တိုက်ခိုက်နိုင်ရုံ စည်းရုံးနိုင်ရုံဖြင့် လွတ်မြောက်ရန်လွယ်ချေ။

သံတံခါးကို ဖွင့်နိုင်မည်မဟုတ်ချေ။

တစ်ခါတစ်ခါတော့လည်း ခင်ခင်လေး အားလျော့သလိုဖြစ်သည်။

သည်တစ်သက်တွင် လွတ်မြောက်နိုင်ရန် လမ်းမရှိတော့။

သည့်အတူတူတော့ သူ့အချုပ်အနှောင်ကို ကြာရှည်စွာမခံ။

ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်သည်ပဲ ကောင်းသည်။

အဖန်ငါးရာ ငါးကမ္ဘာ။

နောက်ပြီး..

ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်းသည် သူ့ကို အရှုံးပေးခြင်းဖြစ်သည်။

မိမိ မသေသေးသရွေ့ လွတ်မြောက်နိုင်သည်။

ဗိုလ်တစ်လှည့် ငါးပျံတစ်လှည့်တော့ ရှိရပေဦးမည်။

သစ်ငုတ်မြင့်တုံ့ မြက်မြင့်တုံ့ ဟူသောစကားကို ဘယ်မှာသွားထားမည်နည်း။

နောက်ပြီး..

မိမိတစ်ယောက်တည်းမဟုတ်။

နှစ်ယောက်။

မိမိ၏ကိုယ်တွင် အသက်နှစ်ခုရှိနေသည်။

မိမိ၏ရင်သွေး။

မောင်ကြီးနန္ဒ၏ သန္ဓေသား။

မိမိတို့၏ မျိုးနွယ်ဆက်။

ခင်ခင်လေးသည် အချုပ်အနှောင်ခံရသည့်နေ့ရက်ကို သတိမလစ် ရေတွက်ခဲ့ [illegible] ကိုယ်ဝန်ဆောင်ရက်ကိုလည်း မမှားမယွင်းရအောင် မှတ်သားခဲ့သည်။

ကိုးလတင်းတင်း ပြည့်ခဲ့ပြီ။

မီးဖွားရန် ရက်ပိုင်းမျှသာလိုတော့သည်။

သည်အချုပ်ခန်းထဲမှာပင် မွေးဖွားရမည်။ မိမိတစ်ယောက်တည်း မွေးဖွားရမေ

www.burmeseclassic.com

www.burmeseclassic.com



သားယောကျ်ားလေး ဖြစ်ချေမည်လား။

သမီးမိန်းကလေး ဖြစ်ချေမည်လား။

သားဖြစ်စေ သမီးဖြစ်စေ မိမိတို့၏အဆက်အနွယ် သတ္တိသွေးအစဉ်ကို ထိန်းသိမ်းပေလိမ့်မည်။

မိမိမီးဖွားလျှင် သူတို့ မည်သို့ပြုမူဦးမည်မသိ။

မိမိ၏ရင်သွေးကို အတင်းအကြပ် ယူဆောင်သွားလျှင်ကား··

ခင်ခင်လေး အံကို တင်းတင်းကြိတ်သည်။

မိမိ ကိုယ်လေးလက်ဝန်ရှိသည်ကို သူတို့သိသည်။ မိမိ၏အရိပ်အခြေကို သူတို့နေ့စဉ်ဂရုပြုလျက်ရှိသည်။

မိမိကိုယ်ဝန် ခြောက်လပြည့်သည့်နေ့က ဗိုလ်ဘယ်ကျော် လာသည်။ ကာကီအင်္ကျီလက်တို၊ ကာကီဘောင်းဘီတို၊ ဖော့ဦးထုပ်၊ ဘွတ်ဖိနပ်နှင့် ဖြစ်သည်။ ခါးတွင် သားရေအိတ်နှင့် ပြောင်းတိုသေနတ် ပါရှိသည်။ လက်ထဲတွင် တစ်တောင်ခန့်သော တုတ်တိုတစ်ခုကို ဟန်ပါပါကိုင်ထားသည်။

ရာဇဝတ်ဝန်ထောက်မင်း ဗိုလ်ဘယ်ကျော်။

သစ္စာဖောက်တွေနှင့် မျက်နှာချင်းမဆိုင်ချင်ပါ။ သင်းတို့မျက်နှာကို မကြည့်ချင်ပါ။ ခင်ခင်လေး မျက်နှာလွှဲနေသည်။

''ခင်ခင်လေးကို ကျွန်တော် ဘာကူညီရမလဲ''

ခင်ခင်လေး ဘာမျှမပြော။

''ခင်ခင်လေး ခုလို ဒုက္ခဆင်းရဲရောက်နေတာ ကျွန်တော်စိတ်မကောင်းပါဘူး''

''ရှင်တို့လို ကျွန်သဘောက်စည်းစိမ်ခံနေရတာထက် အများကြီးချမ်းသာတယ်''

''ခင်ခင်လေး ကိုယ်လေးလက်ဝန်ရှိနေတယ်ကြားလို့ ကျွန်တော်လာတာပါ။ အစ်မတော်ခင်ခင်ကြီးဆီမှာ အသနားခံပြီး အပြင်မှာ ဝမ်းဆွဲလက်သည်တွေနဲ့ မီးဖွားရင်ကောင်းပါတယ်''

''ထောင်ထဲမှာနေတဲ့လူဟာ ထောင်ထဲမှာပဲ မီးဖွားရမှာပေါ့''

''ခင်ခင်လေးရဲ့ရင်သွေး ရှေ့ရေးအတွက် စဉ်းစားပါ''

''ဘာမှစဉ်းစားစရာမလိုပါဘူး၊ သူပုန်ကမွေးရင် သူပုန်ပဲပေါ့''

''ကျွန်တော် မနေ့က ကိုနန္ဒနဲ့တွေ့တယ်''

ခင်ခင်လေး ဖျတ်ခနဲလှည့်သည်။

''မောင်ကြီးနန္ဒ နေကောင်းသလား''

''သူ့ကိုမြင်တော့ ချက်ချင်းတောင်မမှတ်မိဘူး၊ ပါးရိုးတွေကျ ပါးအရိုးပေါ်နေတယ်''

''သူနေမကောင်းဘူးထင်တယ်''

''ကိုနန္ဒ စိတ်သိပ်ကျနေတယ်''

''မဟုတ်ဘူး၊ သူ ဘယ်တော့မှစိတ်မကျဘူး''

''ခင်ခင်လေးမှာ ကိုယ်ဝန်ရှိနေတဲ့အကြောင်း သူ့ကိုပြောပြလိုက်တယ်''

''သူဘာပြောသလဲ''

''အစ်မတော်ခင်ခင်ကြီးကို သူတွေ့မယ်လို့ပြောတယ်''

''မဟုတ်ဘူး၊ ရှင် ညာတာ''

ခင်ခင်လေး ဟစ်အော်သည်။

''သူ့ရင်သွေးအတွက် ဘာမဆိုလုပ်မယ်ပုံပဲ''

''မဟုတ်ဘူး··မဟုတ်ဘူး''

''မနက်ကျရင် သူ့ကို သွားတွေ့ဦးမယ်''

''ရှင်··ခွေး··ခွေး··ရှင် မဟုတ်မဟပ်တွေပြောပြီး လုပ်ဇာတ်ခင်းနေတာ၊ ရှင် ဘာပြောပြော ကျွန်မ မယုံဘူး၊ မောင်ကြီးနန္ဒလည်း မယုံဘူး၊ ကျွန်မတို့ ဘယ်တော့မှ ဒူးမထောက်ဘူး''

ဗိုလ်ဘယ်ကျော် ခြောက်သွေ့စွာရယ်မောပြီး ထွက်သွားသည်။

နောက်တစ်လခန့်အကြာတွင် ခင်ခင်လေးထံသို့ သေနတ်ဝန် ရောက်လာသည်။ ယင်းတလဲမဟောသီ ခင်ခင်ကြီးထံ မောင်မောင်လတ် အသနားခံကြောင်းပြောသည်။ ခင်ခင်လေးကို အသနားခံရန်ပြောသည်။

ခင်ခင်လေး ခါးသည်းစွာ ငြင်းဆန်အော်ဟစ်သည်။

သေနတ်ဝန် တပ်ခေါက်ရသည်။

သည့်နောက်တွင် မည်သူမျှ မလာတော့။

နေ့စဉ်လာနေကျဖြစ်သော ပါးကွက်အာဏာသားနှင့် အစောင့်စစ်သည်တစ်ဦးသာ။

ခင်ခင်လေး ပြောစရာရှိသည်။

မီးဖွားလျှင် လိုအပ်သည့်ပစ္စည်းများရှိသည်။ အနှီးလိုသည်၊ ဖျင်စများ လိုသည်။ မိခင်အတွက် နံ့နွင်းနှင့် မီးမကင်ဆေးများ လိုသည်။

ပေးလိုက ပေးစေ။

မပေးလျှင်လည်း အရေးမကြီးပါ။ ကလေးကိုတွေးရန် မိမိမှာ တဘက်တစ်ထည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လိုအပ်သည်ကိုတော့ ပြောရမည်။ အသနားခံသည်မဟုတ်ပါ။

သည်ကနေ့နံနက် ထမင်းပို့လာလျှင် ပြောမည်။ သည်ကနေ့ ဘာနေ့နည်း။ တော်သလင်းလဆန်း တစ်ရက်နေ့။ ပါးကွက်အာဏာသား လူသစ်လဲသည်။

ပါးကွက်အာဏာသား ခြောက်ယောက်လဲခဲ့ပြီ။ သေချာသည်။ အစောင့်စစ်သည်ထား တစ်နေ့တစ်ယောက်လဲသည် မှန်သော်လည်း လူပေါင်းနှစ်ရာနီးပါး ရှိချေပြီလား။ သို့မဟုတ် အချို့အစောင့်များသည် တစ်ပတ်ခြား နှစ်ပတ်ခြား ပြန်လည်အလှည့်ကျသလားမှ မပြောတတ်ပါ။

အကြောင်းမှာ ပါးကွက်အာဏာသားများ အစောင့်စစ်သည်တို့၏မျက်နှာများကို ခင်ခင်လေး မြင်တွေ့ရသည်မဟုတ်။ သူတို့၏မျက်နှာများကို ခေါင်းစွပ်နက်ကြီးများ စွပ်ထားကြသည်။ မျက်စိနေရာနှင့် ပါးစပ်နေရာတို့တွင်သာ အပေါက်သုံးပေါက် ဖောက်ထားသည်။ သူတို့၏ အရပ်အမောင်းနှင့် အလုံးအဖန်ကို ကြည့်ရှုပြီး လူများ ပြောင်းလဲနေကြောင်း ခန့်မှန်းရခြင်းဖြစ်သည်။

ပါးကွက်အာဏာသားများနှင့် အစောင့်စစ်သည်များကို ခင်ခင်ကြီးနှင့် ဗိုလ်ဘယ်ကျော်တို့ စိစစ်ရွေးချယ်ပြီး အထူးခန့်ထားသူများ ဖြစ်သည်။ ထိုအထဲတွင် မိမိတို့၏ တပ်သားဟောင်းများ၊ မိမိတို့အပေါ်တွင် သံယောဇဉ်ရှိသူများ ပါဝင်စရာ အကြောင်းမရှိပါ။ မိမိတို့နှင့် ကင်းရှင်းသူများကိုသာ ရွေးချယ်ခန့်ထားပေလိမ့်မည်။ မိမိတို့နှင့် နီးစပ်သူများကို အကျဉ်းထောင်အနီးသို့ပင် ကပ်ခွင့်ပြုမည်မဟုတ်ပါ။

အခန်းတွင် လေဝင်ပေါက်ဟူ၍ အမိုးအနီးတွင်ရှိသော လက်သီးဆုပ်ခန့် အပေါက်ဝိုင်းတစ်ခုသာရှိသည်။ ယင်းမှ အလင်းရောင်ဖျော့ဖျော့ရသည်။ အပြင်မှအသံများထိုတိုးဘိုးသဲ့သဲ့ကြားရသည်။ ယင်းအပေါက်သို့ ရောက်အောင်တက်ရန် မလွယ်ပါ။ ယင်းအပေါက်မှ အပြင်သို့ မြင်တွေ့နိုင်ခြင်းမရှိပါ။ ယင်းအပေါက်မှ လွတ်မြောက်ရန်ကားလုံးဝမဖြစ်နိုင်ပါ။

အသက်မသေရုံ လေဝင်ပေါက်ကလေးမျှသာ ဖြစ်သည်။

ခင်ခင်လေး နားကို အကျင့်လုပ်ထားသဖြင့် အပြင်တွင် အသွားအလာရှိလျှင် ခြေသံကြားရသည်။ လူတစ်ယောက်၏ခြေသံ။ လူနှစ်ယောက်၏ခြေသံ၊ လူအများ၏ ခြေသံ။

ဟော··ခြေသံများကြားရပြီ။

လူနှစ်ယောက်။ ပါးကွက်အာဏာသားနှင့် အစောင့်စစ်သည်။

သူတို့လာကြပြီ။

ခင်ခင်လေး မတ်တပ်ရပ်သည်။



ကျောက်တံခါးကြီးပွင့်လာသည်။ သံတံခါး၏အပြင်ဘက်တွင် လူနှစ်ယောက် ရပ်နေသည်။ ခေါင်းစွပ်နက်ကြီးတွေ ဆောင်းထားသည်။ အစောင့်စစ်သည်၏ သေနတ်ပြောင်းသည် ခင်ခင်လေး၏ရင်ညွှန့်ဆီသို့ ချိန်ရွယ်ထားသည်။

ပါးကွက်အာဏာသား အသစ်လဲသည်။ မနေ့ကအထိ တစ်လတိတိ လာရောက်သွားသူက ပုပုဝဝကြီး။ ယနေ့လူက ရောမ လူ့ဘီလူးကြီးဖြစ်သည်။ အရပ်အမောင်းလည်း မြင့်သည်။ ကိုယ်လုံးကိုယ်ဖန်လည်း ကြီးသည်။ နပမ်းသမားကြီးနှင့် တူသည်။ ခြေတန်လက်တန်ကြီးတွေက လက်ဖွေ့ထိုးသတ်ဖို့ကောင်းသည်။

သည်လိုခန္ဓာမျိုး မြင်ဖူးပါသည်ဟု ခင်ခင်လေး တွေးမိသည်။ ဘယ်မှာတုန်းကလဲ။ ယင်းတလဲနှင့် ကျောက်မိုင်းမှာတော့မဟုတ်။ ရတနာပုံမှာတုန်းကလား။

ပါးကွက်အာဏာသားသည် မျက်လုံးပေါက်နှစ်ခုအတွင်းမှနေ၍ ခင်ခင်လေးကို ခေတ္တမျှကြည့်ပြီးနောက် သူ့လက်ထဲမှာပါလာသော ထမင်းပန်းကန်နှင့် ရေခွက်ကို ကျောက်ခင်းပြင်ပေါ်သို့ ချသည်။

''ကျွန်မိမီးမွှားဖို့ရက်နီးပြီ၊ အနီးနဲ့ အဝတ်အထည်စတွေ လိုချင်တယ်၊ နနွင်းနဲ့ မီးမကင်ဆေးလည်း လိုချင်တယ်၊ ဝမ်းဆွဲလက်သည်တစ်ယောက် ရှာပေးရင်ကောင်းမယ်၊ ကျွန်မ ထောင်ထဲမှာပဲ မွေးမယ်လို့ပြောပါ၊ ကျွန်မပြောတာတွေပဲ လိုချင်တယ်၊ ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး''

ခင်ခင်လေးက သူမပြောချင်သည်များကို တစ်လုံးချင်း ပြတ်သားစွာပြောသည်။

ထုံးစံအတိုင်းပင် ပါးကွက်အာဏာသားနှင့် အစောင့်စစ်သည်တို့က ဘာမျှပြန်မပြောပါ။ မိမိပြောသည့်စကားများကို သူတို့၏ထောင်မှူးနှင့် တပ်မှူးတို့ကို ပြန်လည်တင်ပြပေလိမ့်မည်။

ပါးကွက်အာဏာသားသည် ကုန်းငုံ့ပြီး ထမင်းခွက်နှင့် ရေခွက်များကို ချထားနေရာမှ ခါးကို ပြန်မတ်လိုက်သည်။ သူ၏အင်္ကျီလက်တစ်ဖက် သံတိုင်နှင့်တိုက်ပြီး အပေါ်သို့ ကန့်တက်သွားသည်။

ခင်ခင်လေး၏မျက်လုံးများ ပြူးဝိုင်းသွားသည်။

သူ့လက်မောင်းတွင် သိန်းနီရုပ်ကြီး၊ ယင်းအခိုက်မှာပင် ကျောက်တံခါးကြီး ပိတ်သွားသည်။ ခင်ခင်လေး၏စိတ်အစဉ် ရှုပ်ထွေးလှုပ်ကျွန်ရစ်သည်။

သူ···သိန်းနီကြီး။

ဘဘုရား၏လက်စွဲတော် လက်ဖွေ့ကျော်နှစ်ဦး သိန်းနီကြီးနှင့် သိန်းနက်ကြီး၊

သိန်းနက်ကြီးကားမရှိပြီ။ မောင်မောင်လေးနှင့် သိန်းနက်ကြီးတို့ကို တံတားဦးတွင် မောင်မောင်လတ် အဆုံးစီရင်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သိန်းနီကြီးကိုလည်း မရှိတော့ပြီဟု မိမိတို့ထင်ခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ကျော်ကာလက တံခွန်တိုင်အိမ်ကြီးမှ ပျောက်ဆုံးသွားခဲ့သည်။ ဘဘုရားကိုယ်တိုင် အဆုံးစီရင်လိုက်သည်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ခင်ခင်ကြီးက အဆုံးစီရင်လိုက်သည်လည်း ဖြစ်နိုင်သည်။

သိန်းနီကြီး ပျောက်သွားခဲ့သည်။ ဘယ်လိုပျောက်သွားသည်ကို မည်သူမျှမသိ။ မည်သူ့ကိုမျှ မေး၍မရ။ သိနိုင်သူ နှစ်ဦးမှာ တံခွန်တိုင်မြို့စားကြီး ဦးကျောက်လုံးနှင့် ခင်ခင်ကြီးတို့နှစ်ဦးသာဖြစ်သည်။ သူတို့ကလည်း သိန်းနီကြီး မရှိသည့်နောက်ပိုင်းတွင် သူ့အကြောင်းကို တစ်စုံတရာပြောဆိုခြင်းမရှိ။

သိန်းနီကြီးဆိုသော လက်ဝှေ့သမားသည် သူတို့နှင့် မည်သို့မျှမပတ်သက်သော တော့ဟန်။

ယခုသိန်းနီကြီး အဘယ်ပုံရောက်ရှိလာသနည်း။

ခင်ခင်ကြီးနှင့် မည်သို့ပတ်သက်ပြန်ချေသနည်း။

တစ်ကြိမ်တုန်းကမူ သူသည် ခင်ခင်ကြီးနှင့် ပတ်သက်မိသဖြင့် တံခွန်တိုင်အိမ်ကြီးမှ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရသည်။

သူနှင့်ခင်ခင်ကြီး။

ခင်ခင်ကြီးနှင့်သူ။

သူတို့ချင်း မည်သို့ပတ်သက်ခဲ့ကြသနည်း။ တကယ်ပင် မေတ္တာသက်ဝင် ချစ်ခင်ခဲ့ကြသလော။ အခိုက်အတန့်တွင် ကာမမှောင်တွင်း သက်ဆင်းမှားယွင်းခဲ့ကြသလော။

သို့မဟုတ်··

ခင်ခင်ကြီးက ဖျားယောင်းသွေးဆောင်ခဲ့ခြင်းလား။

သိန်းနီကြီးက ဗလက္ကာယပြုကျင့်ခြင်းလား။

မပြောနိုင်ပါ။

သူတို့နှစ်ယောက်အကြောင်း ဘဘုရားသိရှိခဲ့ပြီး အမျက်ဟုန်းဟုန်းထခဲ့သည်။ တံခွန်တိုင်တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားခဲ့သည်။

သည့်နောက်တွင် သိန်းနီကြီး ပျောက်သွားသည်။

ဒါပဲ။

နောက်ဆုံးတွင် သိန်းနီကြီးကို သူတို့အားလုံး မေ့လျော့ခဲ့ကြသည်။ သိန်းနီကြီး အကြောင်း တံခွန်တိုင်အိမ်ကြီးတွင် စကားစပ်၍မျှ ထည့်သွင်းပြောဆိုခြင်း မပြုကြ။

ယခုမူတဖန်··

သိန်းနီကြီး ဘွားခနဲပေါ်လာပြန်သည်။



တောင်နီ မြေအောက်ထောင်တွင် ပါးကွက်အာဏာသားကြီးအဖြစ်နှင့်။

မည်သည့်သဘောနည်း။

သူမှန်းသိရှိအောင် မိမိကို သူ့လက်မောင်းမှ သိန်းနီရုပ်ကြီးကို အဘယ့်ကြောင့် လှစ်ပြသွားချေသနည်း။

ခင်ခင်လေး မတွေးတတ်။

သိန်းနီကြီး ရက်စက်တတ်ကြောင်းကိုကား မိမိ ကောင်းကောင်းသိသည်။

[ ၁ ]

ရတနာပုံမြို့ စကြဲသိင်္ဂီရပ် မယ်တော်ကြီးဝင်းနှင့် ကျောခိုင်းနံစပ်ဖြစ်သော အုပ်ဆိုင်း ဝေဆာသည့် ဝင်းကြီးသည် ယင်းတာလဲဝင်းပင် ဖြစ်တော့သည်။ ယင်းတာလဲ အဆက် အနွယ်များအား ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးကိုယ်တော်တိုင် ပေးသနားတော် မူခဲ့သည့် ဝင်းတော်ဖြစ်သည်။

သရက်၊ မန်ကျည်း၊ မရမ်း၊ မာလကာပင်များ အုပ်ဆိုင်းသည်။

စပယ်၊ မြတ်လေး၊ ခတ္တာ၊ ကြက်ရုံးတို့ဖြင့် ဝေဆာသည်။

ခုနစ်ရက်ခုနစ်လီရွာသွန်းခဲ့သော မိုးကြီးကြောင့် သစ်ပင်ပန်းမာလ်များ စိမ်းလန်း နီပြေလျက်ရှိသည်။

ယနေ့နံနက် နေခြည်ပွင့်သဖြင့် ရွှေရည်မြရည် ဝင်းနေသည်။

မြက်ခင်းပြင် စိမ်းညက်နေသည်။

တောင်ဥယျာဉ်အတွင်း တံတိုင်းမွေးရုံကြီးအနီးတွင် အမျိုးသမီးငယ်တစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ရှိနေကြသည်။

ယင်းတာလဲမင်းသမီးကလေး စောဥမ္မာနှင့် အထိန်းတော်ကြီး ဒေါ်မယ်ဇော်တို့ပင် ဖြစ်သည်။

စောဥမ္မာသည် တောင်နီတိုက်ပွဲတွင် သေနတ်ဒဏ်ရာ ဓားဒဏ်ရာပေါင်း မြောက် မြားစွာဖြင့် သတိလစ်မေ့မျောသွားခဲ့သည်။

သုံးရက်တိုင်တိုင် သတိမရတစ်ချက်ရတစ်ချက် ဖြစ်ခဲ့သည်။

စောဥမ္မာ သတိကောင်းစွာရရှိသောအခါ ရတနာပုံနေပြည်တော်ရှိ အိမ်တော်တွင် ရောက်ရှိနေကြောင်း သိရသည်။

မင်းသိဒ္ဓိနှင့် ခင်ခင်ကြီးတို့က သူမကို ချက်ချင်းပင် နေပြည်တော်သို့ပို့ကာ ဆေးဝါးကုသစေခဲ့သောကြောင့် ဖြစ်သည်။

စောဥမ္မာတို့ စစ်ထွက်စဉ် မြို့တွင်ကျန်ရစ်ခဲ့သော ဒေါ်မယ်ဇော်သည် မြို့ကို

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်များလက်သို့ သေနတ်ဝန်က အပ်ရန်ကြိုးစားနေကြောင်း သိရှိသောအခါ ထော တွယ်တားဆီးရန် အားထုတ်ခဲ့သည်။ သို့သော် သစ္စာဖောက်တို့က လက်ဦးသ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်။ ထို့နောက် နေပြည်တော်သို့ပို့ပြီး ဒဏ်ရာပြင်းထန် ရရှိနေသော စောဥမ္မာကို ပြုစုစောင့်ရှောက်စေသည်။

စောဥမ္မာသည် ဒဏ်ရာဒဏ်ချက်များ လုံးဝပျောက်ကင်းအောင် သမားတော် ကြီးများ၏ ကြပ်မတ်ကုသခြင်းကို သုံးလတိုင်တိုင် ခံခဲ့ရသည်။

ဒဏ်ရာများပျောက်ကင်းသောအခါ စောဥမ္မာသည် ယင်းတလဲ လေးမြို့နယ်သို့ မပြန်တော့ဘဲ ရတနာပုံမှာပင် ဆက်လက်နေထိုင်သည်။

အကြောင်းမှာ ယင်းတလဲသို့ပြန်၍လည်း အကြောင်းမထူးတော့ပြီမို့ ဖြစ်သည်။

ယင်းတလဲ၊ ကျောက်မိုင်း၊ တောင်နီနှင့်မြို့ပြောင်း မြို့လေးမြို့စလုံး အင်္ဂလိပ် လက်အောက်သို့ရောက်ရှိပြီး မောင်တော်ကြီးမင်းသိဒ္ဓိက မဟာရာဇာစော်ဘွားကြီးအဖြစ် နှင့် အုပ်ချုပ်လျက်ရှိချေပြီ ဖြစ်သည်။ တံခွန်တိုင်ခင်ခင်ကြီးက ယင်းတလဲမဟေသီ ခင်ခင်ကြီး။

မိမိတို့ကို သစ္စာဖောက်ဖျက်ပြီး အင်္ဂလိပ်လက်အောက်သို့ ဝင်ရောက်သွားသော မောင်တော်ကြီးမင်းသိဒ္ဓိနှင့် ခင်ခင်ကြီးတို့ကို မိမိ မျက်နှာချင်းမဆိုင်လိုပါ။

အသက်သွေးနှင့်စတေးပြီး အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ခဲ့ကြသူများလည်း အချင်း ချင်း သစ္စာဖောက်မှုကြောင့် တိုက်ပွဲတွင် ကျသူကျ၊ ဖမ်းမိပြီး ကြိုးကွင်းစွပ်ခံရသူ စွပ်ခံရဖြစ်သည်။

တံခွန်တိုင်မောင်မောင်လတ်၊ မောင်ကြီးနန္ဒ၊ ကိုရင်ဉာဏနှင့် တံခွန်တိုင်ခင်ခင် လေးတို့ တိုက်ပွဲတွင်ကျဆုံးခဲ့ကြပြီဟု ကြားသိရသဖြင့် စောဥမ္မာ မျက်ရည်မဆည်နိုင် ရှိခဲ့ရသည်။

အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ခဲ့သော မျိုးချစ်သူရဲကောင်းများကို နေ့စဉ်နှင့်အမျှ ညှဉ်းဆဲသတ်ဖြတ်လျက်ရှိကြောင်း ကြားသိရသဖြင့် စောဥမ္မာ စိတ်မချမ်းမြေ့ရပါ။

ယင်းတလဲသို့ မပြန်လိုတော့ပါ။

မကြားလို မမြင်လိုသည်များကို မကြားလို မမြင်လိုတော့ပါ။

မြင်ရ ကြားရလျှင်လည်း စိတ်ကို ထိန်းချုပ်နိုင်လိမ့်မည်မဟုတ်ပါ။ ပြဿနာ အသစ်အသစ်တွေ ဖြစ်ပွားရပေမည်။

မျက်စိကွယ်ရာ နားကွယ်ရာမှာပဲ ဆွေးမြေ့တမ်းတနေရတော့မည်။

မင်းသိဒ္ဓိနှင့် ခင်ခင်ကြီးတို့ကလည်း သူမကို ယင်းတလဲသို့ပြန်လာရန် မခေါ်။ ရတနာပုံမှာပဲ နေစေသည်။



သူမကို မင်းသားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ရန် နားဖောက်သည်။ စောဥမ္မာ ယတိပြတ် ငြင်းဆန်သည်။

သည်တစ်သက်တွင် မိမိ အိမ်ထောင်ပြုတော့မည်မထင်ပါ။

မိမိ၏စိတ်အာရုံတွင် မောင်မောင်လတ်၏မျက်နှာသည် အစဉ်ငြိတွယ်လျက် ရှိပါသည်။ သူ..သူ..မောင်မောင်လတ်။

မိမိတို့ နောက်ဆုံးတွေ့ကြတုန်းက..

တစ်ခါတစ်ခါတော့လည်း စောဥမ္မာ ယင်းတလဲသို့ ပြန်ချင်သည်။ မောင်မောင် လတ်နှင့် တွေ့ခဲ့ ဆုံခဲ့ရသည့်နေရာများကို အမှတ်ရနေသည်။ တမ်းတနေသည်။

ပထမဆုံး တွေ့ကြရသည်က မောင်တော်နှမတော် တောင်ကြား၊ နဂါးပတ်ချောင်း အနီး။ မြင်းတစ်ကောင် ရေထဲကတက်လာပြီး သူ ဘွားခနဲပေါ်လာခဲ့သည်။

ကောလာဟလ သတင်းစကားများလည်း ကြားရသည်။ မောင်မောင်လတ် မသေ ဟု ဆိုသည်။ မိုးထိတောင်တွင် လူသူလက်နက် စုရုံးလျက်ရှိသည်ဟု ဆိုသည်။ တချို့ ကတော့လည်း တောင်နီ မြေအောက်ထောင်အတွင်း၌ အကျဉ်းကျနေသည်ဟု ပြောသည်။

"ခွေးလေးဖော်"

"သခင်မကလေး"

"ယင်းတလဲကို ပြန်ကြရအောင်"

"ဘာပြုလို့ ပြန်ချင်ရတာလဲ သခင်မကလေး၊ စိတ်ဆင်းရဲရရုံပဲရှိမယ်"

"မဟုတ်ဘူး ခွေးလေးဖော်၊ မောင်ကြီး မောင်မောင်လတ် တကယ်သေမသေ ကျွန်မကိုယ်တိုင် စုံစမ်းချင်တယ်၊ တောင်နီ မြေအောက်ထောင်ကို ကျွန်မ ဝင်ကြည့်မယ်"

"သခင်ကြီးနဲ့ သခင်မကြီးက ခွင့်ပြုကြမှာမဟုတ်ဘူး"

"သူတို့ ကျွန်မကို မတားနိုင်ဘူး၊ မောင်ကြီးမောင်မောင်လတ် မြေအောက် ထောင်အတွင်းမှာ မရှိဘူးဆိုရင် ကျွန်မကို ဘာမှုတားမြစ်စရာမရှိဘူး"

"မဟုတ်သေးဘူး သခင်မကလေး၊ တောင်နီ မြေအောက်ထောင်ထဲမှာ မောင် မောင်လတ်တို့မရှိလည်း တခြားမျိုးချစ်သူရဲကောင်းတွေ၊ အပြစ်ကင်းမဲ့တဲ့ ပြည်သူ ပြည်သားတွေ အများကြီးရှိနေတယ်"

"ယင်းတလဲနယ်မှာ မတရားမှုတွေဖြစ်နေတာကို တားမြစ်ဖို့ ကျွန်မမှာ တာဝန် ရှိတယ်"

"စဉ်းစားပါ သခင်မကလေး၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ အခုအချိန်မှာ သခင်မကလေးနဲ့ အထိန်းတော်ကြီးနှစ်ဦးသာ ရှိပါတယ်၊ သည်အမှုမျိုးဆိုတာ နောက် လိုက်နောက်ပါများရှိမှ ဆောင်ရွက်သင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မတို့ လူသူလက်နက်စုရုံးမယ်၊ လောကကြီးမှာ မတရားမှုကို တိုက်ခိုက်ဖယ်ရှားမယ့်လူတွေ အများကြီးရှိတယ်''

စောဥမ္မာ ကြုံးဝါးပြောဆိုသည်။

ဒေါ်မယ်ဇော် ခေတ္တမျှ ငြိမ်သက်နေပြီးနောက်··

''အချိန်အခါစောင့်ပါဦး သခင်မကလေး၊ ကျုပ်လည်း စုံစမ်းထောက်လှမ်းပါဦးမယ်''

''မိုးကောင်းမိုးညှင်းနဲ့ ကောလင်း ဝန်းသိုနယ်တွေကို သင်းတို့အင်္ဂလိပ်တွေကို ရှမ်းတွေ မြန်မာတွေ ကချင်တွေက တစ်စည်းတစ်လုံးတည်း ပေါင်းဖွဲ့တိုက်ခိုက်နေကြတယ်၊ သင်းတို့တပ်တွေ နေပြည်တော်က ပို့မစဲရှိတယ်၊ သင်းတို့ အထိနာလှတယ်လို့ သိရတယ်၊ မိုးကောင်းမိုးညှင်းဟာ တောတောင်ထူထပ်ပြီး တရုတ်ပြည် ကုလားပြည်တို့နဲ့လည်း နီးစပ်လို့ ရန်သူကို ခုခံတိုက်ခိုက်ဖို့ အင်မတန်ကောင်းတယ်၊ ကျွန်မတို့ မိုးကောင်းမိုးညှင်းကို သွားကြမယ်၊ သူ့ကျွန်အဖြစ်နေရတာထက် သေရတာက မြတ်ပါတယ် ဒွေးလေးဇော်၊ တကယ်လို့ ဒွေးလေးဇော် မလိုက်ပါချင်ဘူးဆိုရင်လည်း နေရစ်ပါ၊ ကျွန်မတော့ သွားဖို့ဆုံးဖြတ်လိုက်ပြီ''

''သခင်မကလေး သွားမယ်ဆိုရင် ကျုပ်မနေရစ်ပါဘူး၊ သည်တစ်ရက်နှစ်ရက်အတွင်း သတင်းစကားနားထောင်ပြီး သွားကြတာပေါ့''

ယင်းအခိုက်တွင် ခြံစည်းရိုးကို မြင်းတစ်စီးခုန်ကျော်ပြီး ဝင်လာသည်ကို သူတို့ တွေ့ရသည်။ ခြံစည်းရိုးသည် လူ့တစ်ရပ်ကျော်ကျော်မြင့်သဖြင့် မြင်းရောလူရော ခုန်ဝင်လာသည့်အတွက် သူတို့အံ့သြရသည်။

မြင်းစီးယောက်ျားသည် သာမန်ကျေးတောသားတစ်ဦး ဖြစ်ပုံရသည်။ ပင်နီဖျင်ကြမ်းအဝတ်အထည်များနှင့်ဖြစ်သည်။ ခေါင်းတွင် တဘက်ညစ်ညစ် ပေါင်းထားသည်။ မျက်နှာတွင်လည်း ကျောက်ပေါက်အမာရွတ်များနှင့်ဖြစ်သည်။

လုလုံးလူဖန်လည်း ခန့်ထယ်ကြီးမားလှသည်မဟုတ်။ သာမန် ရွက်ကြမ်းရေချိုထဲက ဖြစ်သည်။

စောဥမ္မာတို့ အံ့သြငေးမောနေစဉ်မှာ မြင်းပိန်ပိန်ကလေး သူတို့အနီးသို့ ရောက်ရှိလာသည်။ မြင်းစီးယောက်ျား မြင်းပေါ်မှ ခုန်ဆင်းသည်။

''အသင်ဘယ်သူလဲ၊ အဘယ်ကိစ္စနဲ့ ခြံဝင်းထဲကို ကျူးကျော်ဝင်ရောက်လာရတာလဲ''

''ယင်းတလဲသခင်မကလေးကို တွေ့ရန်ဖြစ်ပါသည်''

''ကျွန်ုပ်ပင်ဖြစ်သည်''



မြင်းစီးယောက်ျားက ဒေါ်မယ်ဇော်ကို ကြည့်သည်။

''ကျွန်ုပ်၏အထိန်းတော်ကြီး ဒေါ်မယ်ဇော်ဖြစ်သည်''

''သည်အဘွားကြီး မြင်းစီးတတ်ပါ့မလား''

မြင်းစီးယောက်ျားက ဒေါ်မယ်ဇော်ကိုကြည့်ပြီး အထင်သေးဟန်ဖြင့် ပြောသည်

''သယ်··ငမိုက်သား၊ သင့်ကိစ္စကိုသာ သခင်မကလေးကို လျှောက်တင်ပါ''

ဒေါ်မယ်ဇော်က ကြိမ်းမောင်းလိုက်သည်။

''သည်အဘွားကြီး ဓားရေးကောင်းဆိုတာလည်း မဖြစ်နိုင်ပါဘူး''

ကျောက်ပေါက်မနှင့်လူ မဲ့ကာရွဲ့ကာပြောသည်။

''သယ်··နင် ဘာစကားတွေပြောနေတာလဲ၊ ကဲကွယ်''

ဒေါ်မယ်ဇော် လှုပ်ရှားလိုက်သည်။ သူမ၏လက်ထဲတွင် ဓားပါလာသည်။ ဖွေးလက်သော ဓားမြှောင်ကလေးဖြစ်သည်။ ခါးကြားမှ ဆွဲနှုတ်လိုက်ခြင်းဖြစ်သည်။

မြင်းစီးယောက်ျားလည်း ခုန်လိုက်ပြီး ကိုယ်တွင်းမှ ဓားငယ်တစ်စင်း နှုတ်ယူလိုက်သည်။

''နေကြပါဦး''

စောဥမ္မာ အသံမာမာဖြင့် တားမြစ်သည်။ ထို့နောက် မြင်းစီးယောက်ျားကို ကြည့်လျက်-

''အသင် ကျွန်ုပ်တို့ကို ရန်ပြုရအောင်လာတာလား''

''မဟုတ်ပါ''

''မဟုတ်လျှင် ဓားကိုပြန်သိမ်းပါ၊ ဒွေးလေးဇော်လည်း သိမ်းပါ''

စောဥမ္မာ၏အမိန့်ကို သူတို့နာခံကြသည်။

''အသင် ဘယ်သူလဲ''

စောဥမ္မာက မေးသည်။

''ကျွန်ုပ် မပြောနိုင်ပါ''

''အသင့်ကို ဘယ်သူလွှတ်လိုက်သလဲ''

''ကျွန်ုပ် မပြောနိုင်ပါ''

စောဥမ္မာ အမျက်ဒေါသဖြစ်လာဟန်ဖြင့်··

''အသင် ဘာကိစ္စလာသလဲ''

''သခင်မကလေးကို လာခေါ်တာပါ''

''ဘာကိစ္စလဲ''

''တံခွန်တိုင်မောင်နှမများကို ကယ်တင်ရန်ဖြစ်ပါသည်''

www.burmeseclassic.com

www.burmeseclassic.com



''အလို''

ဒေါ်မယ်ဇော် အာမေဋိတ်သံပြုလိုက်သည်။

စောဉမ္မာက စိတ်အားထက်သန်စွာဖြင့်..

''မောင်ကြီးမောင်မောင်လတ်တို့ ယခုဘယ်မှာနည်း''

''တောင်နီ မြေအောက်အကျဉ်းထောင်တွင် ရှိပါသည်''

''အသင် ကျွန်ုပ်တို့ကို လှည့်ဖျားရန်လာသည်လား''

''မဟုတ်ပါ''

''အသင် မည်သူလူနည်း''

''ကျွန်ုပ် မပြောနိုင်ပါ''

''ကျွန်ုပ်တို့ ဘယ်ကိုလိုက်ရမည်နည်း''

''တောင်နီမြို့ကို သွားရပါမည်''

''အသင့်ကို ဘယ်သူက စေလွှတ်သနည်း''

''ခရီးဆုံးလျှင် သိရပါမည်''

''ကျွန်ုပ်တို့ သင့်ကို မည်သို့ယုံရမည်နည်း''

''ကျွန်ုပ်၏အသက်ကို အစ်ပါသည်''

''သင်၏အမည်ကို ပြောပါ''

''တံခွန်တိုင်မြင်းဖောင်းမှူး ဖိုးလုံးဖြစ်ပါသည်''

''အို..''

''ကျွန်ုပ်တို့ အလျင်အမြန် သွားကြရပါမည်''

''ကောင်းပြီ..ဒွေးလေးဇော် ခရီးထွက်ရန်ပြင်ပါ''

''သူဆင်းရဲမများအသွင် ရုပ်ဖျက်၍လာကြရန် မှာကြားလိုက်ပါသည်''

''ကောင်းပြီ''

တံခွန်တိုင်မြင်းဖောင်းမှူးဆိုသူကို စောဉမ္မာ မယုံလှပါ။ သို့သော် သေရေးရှင်ရေးဖြစ်ပြီး လျှို့ဝှက်အပ်သည်ရှိ၍ အသက်ကို ပဓာနမထားဘဲ စွန့်စားရပေမည်။

[ ၈ ]

မြေတိုက်ဝန် ဘုံပျံသည် စာရေးတော်ကြီးဦးဗေဒါနှင့် ကြွေအံကစားလျက်ရှိသည်။ မြေတိုက်ဝန်ဆိုသည်မှာ နောက်ပြောင်ပြီးခေါ်သည့် အမည်ဖြစ်သည်။ အမှန်မှာ တောင်နီထောင်မှူးဖြစ်သည်။ တောင်နီထောင်သည် မြေအောက်တွင် တိုက်ပြုလုပ်ထားသဖြင့် မြေတိုက်ဝန်ဟု ခေါ်ခြင်းဖြစ်သည်။



မြေတိုက်ဝန်ဘုံပျံသည် ကြွေအံကစားဝါသနာပါလှသော်လည်း မည်သူနှင့်ကစားကစား ရှုံးသည်သာများသည်။ စာရေးတော်ကြီး ဦးဗေဒါကို တစ်ခါမျှ နိုင်ဖူးသည်မရှိ။

ယခုလည်း တစ်ဗာယာလိုသဖြင့်ပစ်လိုက်ရာ တစ်လုံးမျှမလန်ဘဲ ကြွေခြောက်စေ့စလုံး မှောက်သွားသဖြင့် တစ်ခြောက်ဖြစ်သွားသည်။

မြေတိုက်ဝန်ဘုံပျံ ဒေါသချောင်းချောင်းထွက်ပြီး ညစ်ညမ်းစွာ ဆဲရေးလိုက်စဉ်တွင် အခန်းတွင်းသို့ လူနှစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရသည်။

ပါးကွက်သား ဆင်ပြောင်ကြီးနှင့် အဘွားကြီးတစ်ယောက် ဖြစ်သည်။

''ဟေ့..ဒီသေကာနီးကြီးခေါ်လာတာ ဘာမှုလဲ၊ သူပုန်လား..ဓားပြလား''

အသံပြဲကြီးဖြင့် မေးလိုက်သည်။

''သည်အမေကြီးက ရာဇဝတ်သားမဟုတ်ပါဘူး၊ ဝမ်းဆွဲလက်သည် ဖြစ်ပါတယ်''

''သယ်..လက်သည် ဘာလုပ်ရအောင်လဲ၊ ငါ ကလေးမွေးမှာမို့လား''

''အချုပ်သား ခင်ခင်လေးအတွက် စေလွှတ်လိုက်ခြင်း ဖြစ်ပါတယ်''

ခင်ခင်လေးဟူသောအမည်ကို ကြားလိုက်ရသဖြင့် ဘုံပျံ မျက်လုံးပြူးသွားသည်။

''ဟော..ဘယ်သူက စေလွှတ်တာလဲ၊ တောက်..ဘယ်လိုတွေများလဲ၊ ငါတို့က အချုပ်ထောင်စောင့်ရမှာလား၊ မီးနေခန်း စောင့်ရမှာလား''

''ယင်းတလဲမဟေသီ သခင်မကြီးက စေလွှတ်လိုက်တာပါ''

''အလိုလေးလေး..သည်အဘွားကြီး သူ့ဟာသူ လာသလား၊ ဘယ်သူများ လိုက်ပို့သလဲ''

''အထိန်းတော်ကြီး ဒေါ်သဲအုံ လာပို့ပါတယ်''

''အလို..အထိန်းတော်ကြီး ပါလာတယ်ဟုတ်လား၊ သည်အဘွားကြီးက ယင်းတလဲနဲ့ တောင်နီတော့ အိမ်ဦးနဲ့ ကြမ်းပြင်ပဲ၊ ဒါနဲ့ ကျုပ် ကြွေအံကစားနေတာကိုများ သိသွားသေးသလား''

''သိမယ်မထင်ပါဘူး၊ အချုပ်ထောင်တံခါးဝမှာ သူစောင့်နေပါတယ်''

''အို..သူ မပြန်သေးဘူးလား''

''လက်သည်ကို သူကိုယ်တိုင် အချုပ်ထောင်အတွင်း လိုက်ပို့မယ်လို့ ပြောပါတယ်၊ သူ့ထံမှာ သံတံခါးသော့များ ပါရှိလာပါတယ်''

''ဟုတ်ပေသားပဲ၊ သံတံခါးသော့များ မပါဘဲနဲ့ ကျုပ်တို့ သည်အဘွားကြီးကို ဘယ်လိုလုပ်ပြီး အလုံခန်းထဲကို သွင်းနိုင်ပါ့မလဲ၊ ကျုပ်ကို ဘာလုပ်ဖို့ မှာလိုက်သလဲ''

''လက်သည်ကြီးကို တွေ့မြင်ရန် ထောင်မှူးထံ လွှတ်ပြခြင်းဖြစ်ပါတယ်၊

www.burmeseclassic.com



ထောင်မှူးက သွင်းစေအမိန့်ရလျှင် ကျွန်တော်မျိုးတို့က အချုပ်ထောင်တွင်းသို့ ခေါ်ဆောင်သွားကြရန် ဖြစ်ပါတယ်''

''အိမ်း..ဒုက္ခပါပဲ၊ ညကြီးမင်းကြီး အချိန်မတော်ကြီးမှာ သည်ကိစ္စ ကျုပ်သဘောနဲ့ပြီးလို့ ဖြစ်မယ်မထင်ဘူး၊ ဗိုလ်မှူးဘယ်ကျော်ထံ လျှောက်ထားဦးမှဖြစ်မယ်''

''မဟာသီသခင်မကြီးအမိန့်နဲ့ အထိန်းတော်ကြီးကိုယ်တိုင် ယင်းတလဲဟော်နန်းက အတွင်းသော့များကို ယူဆောင်ကာ လာခြင်းဖြစ်ပါတယ်၊ ဗိုလ်မှူးဘယ်ကျော်ထံ လျှောက်တင်ရန် လိုမည်မထင်ပါ၊ အချိန်ရှည်ကြာနေလျှင် ကျွန်တော်မျိုးတို့ကို သခင်မကြီးက အမျက်တော်ရှနိုင်ပါတယ်''

ပါးကွက်သားက ရဲတင်းစွာ ပြောကြားလိုက်သည်။ မြေတိုက်ဝန်ဘုံပျံ ဇဝေဇဝါဖြင့် ပါးကွက်သား ဆင်ပြောင်ကြီးကို ကြည့်နေသည်။

မိမိ၏လက်အောက်ငယ်သား တစ်ယောက်က မိမိကို အမိန့်ပေးနေဟန်ရှိသည်။ သူ့စကားမှန်သော်လည်း တခြားသူများဆိုလျှင် မိမိကို ပြန်ပြောရဲမည်မဟုတ်ချေ။ ဤသကောင့်သားက ဗိုလ်မှူးဘယ်ကျော်၏လူဖြစ်သဖြင့် ပြောရဲခြင်းဖြစ်သည်။ သင်းက မည်သူ့ကိုမျှ ကြောက်ရွံ့ပုံမရှိ။ ဗိုလ်မှူးကလည်း သင်းကို အရေးပေးမြှောက်စားလွန်းလှသည်။

တကယ်တော့ သင်း မင်းမှုထမ်းဖြစ်သည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ တစ်ခုတော့ရှိသည်။ ဗိုလ်မှူးဘယ်ကျော်သည် လက်ဝှေ့ပွဲ ဝါသနာပါသည်။ လက်ဝှေ့သမားကောင်းများကို လက်သတ်မွေးလေ့ရှိသည်။

တမြန်နေ့ကမှ ကျင်းပပြီးစီးသွားသော အလံတစ်ရာဘုရားပွဲတွင် လက်ဝှေ့ကြီး ခြိမ့်ခြိမ့်သဲ ပါရှိသည်။ ဗိုလ်မှူးဘယ်ကျော် နေ့တိုင်းသွားရောက်ရှုစားသည်။ အောက်အရပ်မှ လာရောက်ထိုးသတ်သော ဆင်ပြောင်ကြီးကို မျက်စိတွေ့ပြီး အမှုထမ်းရန် ခေါ်ဆောင်လာခြင်းဖြစ်သည်။

ဆင်ပြောင်ကြီး၏ လက်မောင်းနှစ်ဖက်တွင် ဆေးနီဖြင့်ထိုးထားသော သိမ်းငှက်ရုပ်ကြီးများရှိသည်။ ဆင်ပြောင်ကြီး မာန်ဝင်လာပြီဆိုလျှင် သိမ်းငှက်ကြီးများ အတောင်ထပျံတော့မည့်အလား ကြွတက်လာကြသည်။

ဘုံပျံ ခေတ္တမျှ စဉ်းစားနေပြီးနောက်..

''အထိန်းတော်ကြီးကိုယ်တိုင် လိုက်ပို့တယ်ဆိုရင်တော့ သွင်းရတော့မှာပေါ့၊ ကျုပ်လည်း လိုက်ဦးမှဖြစ်မှာပါ၊ အမှုတော်လစ်လပ်သွားရင် မကောင်းဘူး''

အချုပ်ထောင်ဝသို့ သူတို့ရောက်ရှိသွားသောအခါ အထိန်းတော်ကြီးက..

''ဩော်..မြေတိုက်ဝန်ကိုယ်တိုင် လိုက်လာတာကိုး''



''အထိန်းတော်ကြီး ပါလာတယ်ဆိုတော့ မနေသာပါ''

''လက်သည်ကြီး ဒေါ်ဂျမ်းစိန်ကို ခင်ခင်လေးရဲ့အခန်းထဲမှာ သွင်းထားဖို့ သခင်မကြီးက အမိန့်တော်ရှိတယ်၊ သခင်မကြီးထံမှ အမိန့်မရဘဲ လက်သည်ကြီး အပြင်ကို ပြန်မထွက်စေရဘူး''

''စိတ်ချတော်မူပါ၊ ကျွန်တော်တို့လက်မှာ သံတံခါးသော့များ မရှိသဖြင့် အထုတ်အသွင်းများ ပြုလုပ်နိုင်ခြင်းမရှိပါ''

''ကဲ..သွားကြစို့''

အချုပ်ထောင်တံခါးကို အစောင့်စစ်သည် ဖွင့်သည်။ ပါးကွက်သား သိန်းနီကြီး ရှေ့ဆုံးမှဝင်သည်။ သူ့နောက်မှ မြေတိုက်ဝန်၊ ဒေါ်သဲအူ၊ လက်သည်ကြီးနှင့် အစောင့်စစ်သည်။

ခင်ခင်လေး၏အခန်းရှေ့သို့ ရောက်သောအခါ ကျောက်တံခါးကို သိန်းနီကြီး ဖွင့်သည်။

အစောင့်စစ်သည်က ထုံးစံအတိုင်း အခန်းတွင်းသို့ သေနတ်ဖြင့် ချိန်ရွယ်ထားသည်။

ခင်ခင်လေး မတုန်မလှုပ်လုပ်နေပြီး အခန်းရှေ့တွင်ရပ်နေသူများကို စူးစိုက်ပြီး ကြည့်နေသည်။

ဒေါ်သဲအူနှင့် လက်သည်ကြီးတို့ကို တွေ့မြင်လိုက်ရသဖြင့် အနည်းငယ် အံ့ဩသွားဟန်ရှိသော်လည်း မျက်နှာအမူအရာမပျက်ချေ။ တည်ငြိမ်စွာရှိသည်။

ဒေါ်သဲအူ ခေတ္တမျှ တုန့်ဆိုင်းနေပြီးနောက် သံတံခါးသော့ကိုဖွင့်သည်။ သံတံခါးပွင့်သွားသောအခါ လက်သည်ကြီးကို အခန်းတွင်းသို့ မြေတိုက်ဝန်က တွန်းထည့်လိုက်သည်။

ပါးကွက်သား ဆင်ပြောင်ကြီးက ကျောက်တံခါးကို အရင်ပြန်ပိတ်သည်၊ ဒေါ်သဲအူက သံတံခါးကို နောက်မှပိတ်သည်။ သူမ၏လက်များတုန်နေသဖြင့် သံတံခါးသော့တွဲ လွတ်ကျသည်။ ဆင်ပြောင်ကြီးက သော့တွဲကို ကောက်ယူပြီးပေးသည်။

သို့သော် ဆင်ပြောင်ကြီးပေးလိုက်သော သော့တွဲသည် အတုဖြစ်ပြီး သော့တွဲအစစ်သည် သူ့ခါးကြားထဲသို့ ရောက်ရှိသွားသည်ကို မြေတိုက်ဝန်နှင့် အစောင့်စစ်သည်တို့ မတွေ့မြင်လိုက်ကြ။

ထို့အတူ..

ခင်ခင်လေး၏အခန်းတွင်းသို့ လက်သည်ကြီး ဒေါ်ဂျမ်းစိန်အဖြစ် ဝင်ရောက်သွားသော အဘွားကြီးမှာလည်း ရုပ်ဖျက်ထားသော ဒေါ်မယ်ဓော်ဖြစ်ကြောင်း သူတို့ စိုးစဉ်းမျှ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မိခြင်းမရှိကြချေ။

မြေတိုက်ဝန်နှင့်အဖွဲ့ ပြန်ထွက်သွားကြသည်။

မြေတိုက်ဝန်သည် ကြွေအံပွဲကို စိတ်စောလျက်ရှိသော်လည်း အမှုတော်မလစ်ဟင်းစေရန် အထိန်းတော်ကြီးကို အချုပ်ထောင်ဝင်းတံခါးဝအထိ လိုက်ပို့သည်။

ဝင်းတံခါးဝတွင် ရဲမက်အများအပြားရှိသည်။ အချုပ်ထောင်ဝင်းအတွင်းသို့ အမိန့်တစ်စုံတရာမရရှိဘဲနှင့် မည်သူမျှ ဝင်ရောက်ခွင့်မရှိချေ။ ဝင်းတံခါးမကြီးကို အထူးလုံခြုံစွာ စောင့်ကြပ်သည်။ နောက်ဘက်ရှိ မလွယ်ပေါက်တွင်လည်း ကင်းချထားသည်။

ဝင်းအလယ်ရှိ အချုပ်ထောင်ဆီသို့ ကင်းတာဝန်ကျသော အစောင့်ရဲမက်နှင့် ပါးကွက်သားမှတစ်ပါး အခြား ရဲမက်များ သွားလာခြင်းမပြုရ။

ဒေါ်သဲအုံ မြင်းကိုဒုန်းစိုင်းထွက်ခွာသွားသောအခါ မြေတိုက်ဝန်ဘုံပွှသည် ကင်းတာဝန်ကျ ရဲမက်များအား အထူးသတိရှိရန် မှာကြားပြီးနောက် အချုပ်ထောင်အထက်တွင် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားသော အိမ်တောင်သို့ အလျင်အမြန် ပြန်သွားသည်။

သည်တစ်ပွဲတွင် စာရေးတော်ကြီး ဦးဗေဒါကို အနိုင်ကစားပြလိုက်မည်။

သိန်းနီကြီးသည် မြေတိုက်ဝန်ကို အိမ်တော်လှေကားရင်းအထိ စောင့်ကြပ် ပို့ဆောင်ပြီးနောက် မြေတိုက်ဝန်လှုပ်ပုံ ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် လှေကားရင်းမှ ခပ်သုတ်သုတ်ထွက်ခွာသွားသည်။

သို့သော် သိန်းနီကြီးသည် သူတာဝန်ကျရာ အချုပ်ထောင်တံခါးဝဆီသို့ သွားသည်မဟုတ်ဘဲ အိမ်တော် နောက်ဘက် မလွယ်ပေါက်ဝင်းတံခါးငယ်ဆီသို့ သွားရောက်ခြင်းဖြစ်သည်။

"ဟော့-ဘယ်သူလဲ"

ကင်းသမားက မေးသည်။

"ဆင်ပြောင်ကြီး"

"တော်ပါသေးရဲ့ဗျာ၊ သရဲမှတ်လို့ လန့်သွားတာပဲ"

"ကိုယ့်လူက သရဲကြောက်သလား"

သိန်းနီကြီးက ကင်းသမားဆီသို့ ချဉ်းကပ်သွားရင်း မေးသည်။

"ဘယ့်နှယ်ပြောပါလိမ့်ဗျာ၊ ဟောဒီ ကညင်ပင်ကြီးမှာ သရဲရှိတယ်လို့ ပြောတယ်၊ ညသန်းခေါင်ဆိုရင် သစ်ပင်ပေါ်က လျှာကြီးတန်းလန်းနဲ့ ဆင်းလာပြီး ကင်းသမားတွေကို ကုပ်ချိုးတတ်သတဲ့"

"ကုပ်ချိုးတာများ အဆန်းလုပ်လို့ဗျာ"



သိန်းနီကြီးက ပြောပြောဆိုဆို ကင်းသမား၏ကိုယ်ခန္ဓာကို လက်တစ်ဖက်နှင့် ရစ်ပတ်လိုက်ပြီး ကျန်လက်တစ်ဖက်က ခေါင်းကို နောက်စေ့မှ တွန်းနှိမ့်ချလိုက်သည်။ ဖျတ်ခနဲမြည်ပြီး ကုပ်ကျိုးသွားသည်။ သိန်းနီကြီး လွှတ်လိုက်သောအခါ ကင်းသမား မြေကြီးပေါ်သို့ လဲကျသွားသည်။ သူ့မျက်လုံးများ ပြူးထွက်နေသည်။ သူ့အလောင်းကို မနက်တွင် တွေ့ရှိလျှင် သရဲကုပ်ချိုးသွားသည်ဟုပင် ပြောကြပေလိမ့်မည်။

သိန်းနီကြီးသည် ကင်းသမားကို ခဏမျှ ငုံ့ကြည့်နေပြီးနောက် ငှက်အော်သံပြုလိုက်သည်။ ထို့နောက် မလွယ်တံခါးကို ဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် အသင့်စောင့်ဆိုင်းနေသော ရဲမက်နှစ်ဦး ထောင်ဝင်းအတွင်းသို့ လျင်မြန်စွာဝင်ရောက်လာကြသည်။

စောဥမ္မာနှင့် ဖိုးလုံးတို့ဖြစ်ကြသည်။

ဖိုးလုံးသည် ကုပ်ကျိုးလျက်ရှိသော ကင်းသမားကို တွေ့ရသောအခါ တုန်သွားသည်။

"အားလုံးအဆင်ပြေရဲ့လား"

စောဥမ္မာက သိန်းနီကြီးကို တီးတိုးမေးသည်။

"ပြေပါတယ်၊ ဒွေးလေးဒေါ်မယ်ဇော်ကို အချုပ်ခန်းထဲ အရောက်ပို့ပြီး ဒွေးလေးဒေါ်သဲအုံ အခုပဲ ပြန်သွားပါပြီ"

"ထောင်မှူးဘုံပွှကော"

"အိမ်တော်ထဲမှာ စာရေးတော်ကြီး ဦးဗေဒါနဲ့ ကြွေအံကစားနေပါတယ်"

"ဒါဖြင့် သွားကြစို့၊ ကိုဖိုးလုံး သတိချပ်ချပ်ထားပြီး စောင့်နေပါ"

စောဥမ္မာနှင့် သိန်းနီကြီးတို့ ထွက်ခွာသွားမည်ရှိစဉ် ဖိုးလုံးက..

"သခင်မကလေး"

စောဥမ္မာ လှည့်ကြည့်သည်။

"ကျွန်တော်တစ်ယောက်တည်း မနေရဲဘူး"

"ဘာပြုလို့လဲ"

"သစ်ပင်ပေါ်က သရဲကြီးဆင်းလာရင် ဘယ့်နှယ်လုပ်မလဲ"

"သယ်..ငါကုပ်ချိုးပြီး သတ်လိုက်ရရင်"

သိန်းနီကြီးက လက်နှစ်ဖက်ဖြင့်ရွယ်ပြီး ကြိမ်းဝါးလိုက်သည်။

"အောင်မယ်လေးလေး..မလုပ်ပါနဲ့"

"ကိုဖိုးလုံး သတ္တိမွေးစမ်းပါ၊ ကိုဖိုးလုံးကြောင့် အားလုံးဒုက္ခရောက်ကုန်လိမ့်မည်။ ..လက်ထဲမှာ ဓားလည်းရှိတယ်၊ သေနတ်လည်းရှိတယ်၊ ဘာကြောက်စရာ

www.burmeseclassic.com

ရှိသလဲ''

''ဟုတ်··ဟုတ်ကဲ့''

''သေနတ်ရှိတယ်ဆိုလို့လည်း အရမ်းမပစ်နဲ့ဦး၊ အစီအစဉ်တွေအားလုံး ပျက်တုန်မယ်''

''ဟုတ်··ဟုတ်ကဲ့''

ဖိုးလုံးကို စိတ်မချသော်လည်း အခြားရွေးရန် နည်းလမ်းမရှိသဖြင့် မြေအောက်အချုပ်ထောင်ဆီသို့ စောဥမ္မာနှင့်သိန်းနီကြီးတို့ လျင်မြန်စွာထွက်သွားကြသည်။

အချုပ်ထောင်တံခါးအနီးသို့ ရောက်ရှိသောအခါ စောဥမ္မာ ကျောက်နံရံအကွယ်တစ်ခုတွင်ပုန်းနေခဲ့ပြီး သိန်းနီကြီးတစ်ယောက်တည်း အစောင့်စစ်သည်ထံသို့သွားသည်။

''လက်ဖွေ့ကျော်ကြီး ဘယ်သွားတာလဲ''

''ဝန်မင်းက မလွယ်တံခါးဘက်ကို တစ်ခေါက်သွားကြည့်ပါဦးဆိုလို့''

''မလွယ်တံခါးစောင့် ဘယ်သူလဲ၊ အလယ်ရွာပုတိုလား''

''မဟုတ်ဘူး၊ ကြက်သမားဖိုးဆောင်''

''တစ္ဆေသရဲ ကြောက်တတ်တဲ့အကောင်နဲ့ မလွယ်ပေါက် ကညင်ပင်နဲ့တော့တွေ့ကြပြီပေါ့၊ ဖိုးဆောင်က သရဲသိပ်ကြောက်တတ်တာ''

''ကိုယ့်လူကကော တစ္ဆေသရဲ မကြောက်တတ်ဘူးလား''

''ဘာကြောက်စရာရှိသလဲ၊ နာနာဘာဝ ကွိကွာကွာကွဆိုတာတွေ တကယ်ရှိတာမှမဟုတ်ဘဲ''

''ကျုပ် ဒီကိုလာတုန်း ဘီလူးရုပ်ကျောက်နံရံနားမှ ညည်းသံလိုလိုကြားလို့သတ်ခြေတင်ခဲ့ရတယ်''

သိန်းနီကြီးက စောဥမ္မာပုန်းကွယ်နေရာ ကျောက်နံရံဆီသို့ ညွှန်ပြရင်းပြောသည်။

''မဟုတ်တာဗျာ''

''ဟော··ဟော··ကြားလား၊ နားထောင်စမ်း၊ အဲဒါ ညည်းသံမဟုတ်လား''

ကျောက်နံရံအကွယ်မှ တကယ်ပင် ညည်းသံထွက်ပေါ်လာသဖြင့် အစောင့်စစ်သည် ခေါင်းနပမ်းကြီးသွားဟန်ရှိသည်။

''ကိုယ့်လူ ကြောက်သွားပြီမဟုတ်လား''

''ဘာပြုလို့ကြောက်ရမှာလဲ၊ ခွေးနာတစ်ကောင်ပဲ ဖြစ်ရမယ်၊ လာ··သွားကြည့်ရအောင်''

''ကျုပ် မလိုက်ရဲပေါင်''

''ခင်ဗျားကြောက်ရင် နေရစ်ခဲ့၊ ကျုပ် သွားကြည့်မယ်''



အစောင့်စစ်သည် ခပ်သုတ်သုတ် ထွက်သွားသည်။ သိန်းနီကြီး အသင့်ယူထားသော ကွမ်းတစ်ယာထုတ်ယူပြီး ပါးစောင်တွင်ဝါးသည်။ ဘီလူးရုပ်ကျောက်နံရံဆီမှ လှုပ်ရှားသံများ ကြားရသည်။

ခဏအကြာတွင် နံရံအကွယ်မှ လူတစ်ယောက်ထွက်လာသည်။ ရဲမက်စစ်သည်တစ်ဦး ဖြစ်သည်။ သိန်းနီကြီး ယုံကြည်စိတ်ချထားသည့်အတိုင်းပင် စောဥမ္မာဖြစ်ကြောင်းတွေ့ရှိရသည်။

''သော့ယူခဲ့သလား''

''သိန်းနီကြီးက မေးသည်။ စောဥမ္မာ ခေါင်းညိတ်သည်။ အကျဉ်းထောင်တံခါးမကြီးသော့ကို အစောင့်စစ်သည်က ကိုင်ရသည်။

စောဥမ္မာနှင့် သိန်းနီကြီးတို့သည် ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်ပြီးနောက် တံခါးမကြီးကိုဖွင့်ကာ မြေအောက်က အကျဉ်းထောင်အတွင်းသို့ လျင်မြန်စွာ ဆင်းဝင်သွားကြသည်။

မြေအောက်ထောင်စင်္ကြံလမ်းများတွင် ကညင်ဆီမီးတိုင်များ စိုက်ထူထားသည်။

သံတံခါးတစ်ခုရှေ့တွင် သိန်းနီကြီးရပ်လိုက်သည်။ စောဥမ္မာက သိန်းနီကြီးကိုကြည့်သည်။ မည်သူ့အခန်းနည်းဟု မေးခြင်းဖြစ်သည်။ သိန်းနီကြီးက ဘာမျှမပြောဘဲ ခါးကြားထဲမှ သော့တွဲနှစ်တွဲကိုထုတ်ပြီး ပထမ သံတံခါးကို ဖွင့်သည်။ ထို့နောက် ကျောက်တံခါးကို ဖွင့်လိုက်သည်။

ကျောက်တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် သိန်းနီကြီးသည် အခြားအခန်းတံခါးတစ်ခုဆီသို့ လျင်မြန်စွာ ကူးသွားသည်။ ပွင့်သွားသော တံခါးပေါက်ဝတွင် စောဥမ္မာတစ်ယောက်တည်း ကျန်ရစ်သည်။

အခန်းတွင်း၌ လူတစ်ယောက်ရပ်နေသည်ကို မြင်ရသည်။ ကိုယ်ခန္ဓာကြံ့လှီနှံ့ချုံးပြီး အဝတ်အစားများ စုတ်ပြတ်ပေရေလျက်ရှိသော်လည်း မိမိတွေ့ချင်နေသော မောင်မောင်လတ်ဖြစ်ကြောင်း စောဥမ္မာ ချက်ချင်းသိရှိလိုက်သည်။

မောင်မောင်လတ်သည် ညအချိန်မတော်ကြီးတွင် တံခါးနှစ်ထပ်စလုံးပွင့်လာကာ သိန်းနီကြီးကို ရိပ်ခနဲမြင်လိုက်ရပြီး အခန်းတံခါးဝတွင် ရဲမက်တစ်ဦးရပ်နေသည်ကို တွေ့ရသောအခါ အဓိပ္ပာယ်နားမလည်သည့်အနေဖြင့် ငေးကြည့်နေသည်။

မိမိကို အကျဉ်းထောင်မှ တိတ်တဆိတ်ထုတ်ယူကာ ဖျောက်ဖျက်ကြတော့မည်လော။ သိန်းနီကြီး မည်သည့်အကြံအစည်ဖြင့် ရောက်ရှိနေကြောင်း သူစဉ်းစား၍မရခဲ့ပါ။ ဘော်ခင်ခင်ကြီး၏ အကောက်ဉာဏ်တစ်ခုဖြစ်နိုင်သည်။ သို့သော် သိန်းနီကြီးသည် သစ္စာသည်းခြေရှိသူတစ်ဦးဖြစ်သည်။ အစ်မတော်၏လှည့်ဖြားခြင်းကို နှစ်ကြိမ်ခံမည့်သူ

www.burmeseclassic.com



မဟုတ်ချေ။ မောင်မောင်လတ် မတွေးတတ်ရှိခဲ့ရသည်။

မောင်မောင်လတ် ငေးငိုင်နေစဉ်မှာပင် တံခါးဝတွင်ရပ်နေသော ရဲမက် အခန်းတွင်းသို့ ပြေးဝင်လာသည်။ မောင်မောင်လတ် ဆီးကြိုတိုက်ခိုက်တော့မည်ရှိစဉ် မယုံကြည်နိုင်ဖွယ်ရာသော အသံတစ်ခုကို ကြားလိုက်ရသည်။

"မောင်ကြီးမောင်မောင်လတ်"

အမျိုးသမီးသံဖြစ်သည်။ သူကြားဖူးသောအသံ ဖြစ်သည်။ ယင်းတလဲသခင်မကလေး စောဥမ္မာ၏ ချိုလွင်သာယာသောအသံ။

မိမိထံသို့ပြေးဝင်လာသော ရဲမက်၏မျက်နှာကို ဂရုပြုပြီးကြည့်လိုက်သည်။ ယင်းအချိန်မှာပင် ရဲမက်က သူ့ခေါင်းမှ မောက်တိုကို ချွတ်ပြလိုက်သည်။

"အို··နှမတော်"

ဟုတ်ပါသည်။ စောဥမ္မာ။ မိမိရဲ့စောဥမ္မာ။

တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ထားလိုက်ကြသည်။

မည်မျှကြာသွားသည်မသိ။ အခန်းတံခါးဝဆီမှ လှုပ်ရှားသံများကြားရမှ နှစ်ယောက်စလုံး သတိပြန်ဝင်သည်။ လူချင်းခွာပြီး ကြည့်လိုက်ကြသည်။

လူတွေအများကြီးရပ်နေသည်။ သိန်းနီကြီး၊ နန္ဒ၊ ခင်ခင်လေး၊ ဒေါ်မယ်ဇော်၊ ဉာဏ။

"အချိန်မလင့်ခင် သွားကြမှသင့်မယ်"

သိန်းနီကြီးက သတိပေးသည်။

သည်တော့မှ မောင်မောင်လတ်နှင့် စောဥမ္မာတို့ အခန်းတွင်းမှ ပြေးထွက်သွားကြသည်။ စောဥမ္မာက ခင်ခင်လေးကို ညင်သာစွာဖက်လျက်··

"အစ်မတော် နေကောင်းရဲ့လား"

"ကောင်းပါတယ် ညီမတော်"

"သူလိုက်လို့မဖြစ်ဘူး၊ သူနေရစ်ခဲ့မှဖြစ်မယ်"

ဒေါ်မယ်ဇော်က ခင်ခင်လေးကို ရည်စူးပြီးပြောသည်။

"ဘာဖြစ်လို့လဲ"

နန္ဒ စိုးရိမ်တကြီးမေးသည်။

"သူ အခုပဲမီးဖွားတော့မယ်၊ သူသွားနိုင်မှာမဟုတ်ဘူး"

"အို··ဖြစ်ပါတယ်၊ ခင်ခင်လေး သွားနိုင်ပါတယ်"

ခင်ခင်လေးပြောသည်။

"လမ်းမှာတင်မွေးမှာပဲ၊ လိုက်လို့မဖြစ်ဘူး"



"ဒွေးလေးဇော်ကလည်း ဘာတွေပြောနေတာလဲ၊ အခုပဲမွေးမွေး လမ်းမှာပဲမွေးမွေး နေရစ်ခဲ့လို့ဖြစ်ပါ့မလား၊ အစ်မတော်ကို ညီမတော်တို့ ချီပိုးပြီးခေါ်သွားမှာပေါ့"

စောဥမ္မာက ပြောလိုက်ခြင်းဖြစ်သည်။

"ခင်ခင်လေး လမ်းလည်းလျှောက်နိုင်ပါတယ်၊ မြင်းလည်း စီးနိုင်ပါတယ်"

ခင်ခင်လေး အံကြိတ်ပြီးပြောသည်။

မောင်မောင်လတ်က··

"ကျုပ်တို့ အခု ဘယ်သွားကြမှာလဲ"

"နှမတော်တို့မှာ လူသူလက်နက်အင်အားမပါလို့ အမြန်ဆုံးထွက်နိုင်ကြမှ သင့်ပါမယ်၊ ရန်သူအစောင့်စစ်သည်များ ရောက်မလာမီ မလွယ်ပေါက်က တိတ်တဆိတ်ထွက်ကြရပါမယ်၊ မလွယ်ပေါက်မှာ ကိုဖိုးလုံးစောင့်နေပါတယ်၊ မြင်းများကို မြို့ပြင်သရက်တောထဲမှာ ဝှက်ထားပါတယ်၊ တောတောင်ထူထပ်ပြီး မိုးကောင်းမိုးညှင်းဘက်ကို ထွက်နိုင်မယ့် ရေတံခွန်တောင်နယ်စပ်ကို နံနက်မိုးမလင်းမီ အရောက်သွားကြပါမယ်"

စောဥမ္မာ ရှင်းပြသည်။

ခင်ခင်လေး ဝမ်းနာဟန်ရှိသည်။ ပုံ့ဝန်းသော ဝမ်းဗိုက်ကို လက်တစ်ဖက်ဖြင့်ဖိပြီး အောက်နှုတ်ခမ်းကို အထက်သွားဖြင့် နာနာကိုက်ထားသည်။

အားလုံးကပင် သူမကို စိုးရိမ်စွာ ငိုင်းကြည့်နေကြသည်။

ခင်ခင်လေး အားယူပြီး ရှေ့ဆုံးမှထွက်သွားသည်။ နန္ဒနှင့်စောဥမ္မာ ဘေးတစ်ဖက်စီမှ လိုက်တွဲသည်။ သိန်းနီကြီး သူတို့ကိုဖြတ်ကျော်ပြီး အကျဉ်းထောင်အပြင်ဘက်သို့ အရင်ဆုံးထွက်သွားသည်။ အခြေအနေ အေးဆေးငြိမ်သက်ကြောင်း တွေ့ရှိတော့မှ သူတို့အားလုံး အပေါ်သို့တက်ခဲ့ရန် လက်ပြသည်။

မလွယ်ပေါက်ဆီသို့ သူတို့ သုတ်သုတ်သွားကြသည်။ ဘီလူးရုပ်ကျောက်နံရံအနီးသို့ရောက်သောအခါ ဉာဏ ခလုတ်တိုက်ပြီး လဲကျသည်။ အစောင့်စစ်သည်၏ အလောင်းကို တိုက်မိခြင်းဖြစ်သည်။

ဉာဏ ပြန်ထလိုက်ပြီး ရှေ့မှလူများနောက်သို့ လိုက်မည်ပြုစဉ် ကျောက်လှေကားဘက်မှ လူတစ်ယောက်ဆင်းလာသည်ကို တွေ့ရသဖြင့် ကျောက်နံရံတွင် ကွယ်လိုက်သည်။

ကျောက်လှေကားမှ ဆင်းလာသူမှာ မြေတိုက်ဝန်ဘုံပွဲဖြစ်သည်။ ဘုံပွဲသည် မလွယ်ပေါက်ဆီသို့ သွားနေသူများကို မြင်တွေ့ဟန်ရှိသည်။ ကမန်းကတန်း ပြေးဆင်းလာပြီး လှမ်းအော်မေးသည်။

"ဟော့-ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မောင်လတ်တို့ ပြန်မဖြေဘဲ အမှောင်ရိပ်အတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားကြသည်။ မြေတိုက်ဝန်ဘုံပျံ ခါးတွင်ထိုးထားသော ပြောင်းတိုသေနတ်ကို ထုတ်ယူလိုက်သည်။

သေနတ်သံပေါ်ထွက်လာလျှင် အကျဉ်းထောင်တစ်ခုလုံး နိုးကြားသွားပြီး ရန်သူစစ်သည်များ ရောက်ရှိလာကြပေလိမ့်မည်။

မိမိတို့လွတ်မြောက်နိုင်ရန် အကြောင်းမရှိတော့။

ဉာဏ မှောင်ရိပ်မှခုန်ထွက်လိုက်သည်။ သေနတ်ကိုင်ထားသော ဘုံပျံကို ဝင်လုံးသည်။ နစ်ယောက်စလုံး လဲကျသွားသည်။

ဘုံပျံ လည်ပင်းကို ဉာဏ ညှစ်မိသည်။ တအားညှစ်သည်။ ဘုံပျံ ရုန်းကန်သည်။ ဉာဏတွင် ခွန်အားနည်းပါးလှသည်။ သူ့လက်များ တုန်နေသည်၊ ပျော့နေသည်။ ရန်သူ၏သေနတ်ပြောင်း မိမိရင်ညွှန့်ကို ထောက်လာသည်။

ရန်သူက သေနတ်မောင်းကိုဖြုတ်ရန် ကြိုးစားနေသလို မိမိကလည်း ရန်သူအား အသက်ရှူလမ်းကြောင်းပိတ်သွားရန် ကြိုးပမ်းလျက်ရှိသည်။

သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။

ဉာဏ ရင်ကော့သွားသည်။ ထို့နောက် အရုပ်ကြိုးပြတ်ကျသွားသည်။ ဘုံပျံ၏ လည်ပင်းကို ရစ်ပတ်ထားသောလက်များ ပြေလျော့သွားသည်။

သို့သော် ဘုံပျံလည်း လှုပ်ရှားခြင်းမရှိတော့။

[ ဃ ]

ခင်ခင်ကြီး အိပ်ရာမှလန့်နိုးသည်။ ကြောက်မက်ဖွယ်ရာ အော်သံများကြားသဖြင့် နိုးလာခြင်းဖြစ်သည်။ ရင်ထဲမှာ မောနေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ခင်ခင်ကြီး နားစွင့်သည်။ ဘာသံမှ မကြားရပါ။ စောစောက မိမိအိပ်ပျော်ရင်း ကြားခဲ့သောအသံများ ဘယ်ရောက်သွားကြချေပြီနည်း။

ယခုတစ်လော မိမိကို ကြောက်မက်ဖွယ်ရာအသံများက ခြောက်လှန့်လျက်ရှိသည်။ ထိတ်လန့်ဖွယ်ရာ အသံနက်ကြီးများကြောင့် အိပ်ရာမှ ခဏခဏ လန့်နိုးရသည်။

ခင်ခင်ကြီး လဲလျောင်းနေရာမှ ထသည်။ ရေတံခေါင်းမှ ရေတစ်ဖလား […] သောက်သည်။ အမောကောင်းစွာ မပြေတတ်သေး။

ခင်ခင်ကြီး အိပ်ရာပေါ်တွင် ပြန်လည်လဲလျောင်းသည်။ မျက်လုံးများကို […] မှိတ်ထားသည်။ မိမိကို ခြောက်လှန့်ဖမ်းစားနေသော အသံများအကြောင်း စဉ်းစားသည်။



ခင်ခင်ကြီး မှေးခနဲ ပြန်လည်အိပ်ပျော်သွားမည်ရှိစဉ် ကျယ်လောင်သော အသံတစ်ခုကြောင့် ဝုန်းခနဲ ထထိုင်မိသည်။ တစ်စုံတစ်ခုကျသည့်အသံ။

သလွန်ညောင်စောင်းအနီးတွင် ဒေါ်သဲအူ ရပ်နေသည်ကိုတွေ့ရသည်။

"လန့်လိုက်တာ ဒွေးလေးဒေါ်သဲအူရယ်"

ခင်ခင်ကြီး မောပမ်းစွာဆိုသည်။

ဒေါ်သဲအူ ဘာမျှမပြော။ လက်နှစ်ဖက်ကို နောက်ပစ်ပြီး ကျောက်ရုပ်ကြီးလို ရပ်နေသည်။

"ဒွေးလေးဒေါ်သဲအူ တစ်ခုခုနဲ့ တိုက်မိသလား"

"ဘာနဲ့မှ မတိုက်မိပါဘူး"

အဘွားကြီး၏အသံ ခြောက်ကပ်သည်။

"ကျွန်မနားထဲမှာ အသံတစ်ခုခု ကြားလိုက်သလိုလိုပဲ"

"ခင်ခင်ကြီးထင်လို့ပါ"

"တစ်ခုခု အောက်ကိုကျတဲ့အသံမျိုးပဲ"

"ခင်ခင်ကြီး ထင်လို့ပါ"

"ကျွန်မ အခုတစ်လော အသံဆိုးအသံနက်ကြီးတွေကြားပြီး အိပ်ရာက လန့်လန့်နိုးနေတယ်"

"ခင်ခင်ကြီးစိတ်က ချောက်လို့ပါ"

ခင်ခင်ကြီး ခေတ္တမျှငြိမ်နေသည်။ စဉ်းစားနေဟန်ရှိသည်။ ထို့နောက် မိမိကိုယ်မိမိပြောသလို ခပ်တိုးတိုးပြောသည်။

"ငရဲသားတွေအော်တဲ့အသံမျိုးလည်း ပါတယ်၊ ကယ်ပါယူပါ တစာစာ ငိုကြွေးကြတဲ့ အသံတွေလည်း ပါတယ်၊ ကြုံးဝါးကြိမ်းမောင်းတဲ့ အသံမျိုးတွေလည်း ပါတယ်၊ ကျွန်မ ဘာလုပ်ရမလဲ"

"ခင်ခင်ကြီး စဉ်းစားပေါ့"

"ကျွန်မ ဘုန်းကြီးတွေ ဆွမ်းကျွေးချင်တယ်"

"ကျွေးပေါ့"

"ဘုရားတည်ရရင် ကောင်းမလား"

ဒေါ်သဲအူ ရယ်မောသည်။

"ဒွေးလေးဒေါ်သဲအူ ဘာရယ်တာလဲ"

"ရှေးတုန်းက ဘုရင်တွေလည်း ဒီအတိုင်းပဲ၊ တိုင်းသူပြည်သားတွေကို နှိပ်စက်ညှဉ်းပန်း၊ ညီအစ်ကိုမောင်နှမတွေ သတ်ဖြတ်ဖျောက်ဖျက်ပြီးမှ ထိတ်လန့်ကြောက်ရွံ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးဆွမ်းကပ်ကြ၊ ဘုရားတည်ကြပဲ၊ မင်းဆိုးမင်းညစ်တွေ သွားရာလမ်းပဲပေါ့"

ခင်ခင်ကြီး သလွန်ညောင်စောင်းပေါ်မှ လှားခနဲ ခုန်ဆင်းသည်။ ဒေါ်သဲအုနှင့် မျက်နှာချင်းဆိုင်ရပ်ပြီး..

"ခင်ခင်ကြီးကို မိန်းမဆိုး မိန်းမညစ်တစ်ယောက်လို့ ပြောတာလား"

"ကိုယ်လုပ်ခဲ့တဲ့အမှုတွေကို ပြန်စဉ်းစားပေါ့"

ဒေါ်သဲအု တည်ငြိမ်စွာ ပြောသည်။

ခင်ခင်ကြီးတစ်ကိုယ်လုံး ဒေါသဖြင့် တုန်လာသည်။

"လတ်စသတ်တော့ ဒွေးလေးဒေါ်သဲအုက သူများလူပဲ"

ဒေါ်သဲအု၏မျက်လုံးများ ကြမ်းပြင်တစ်နေရာသို့ ရောက်သွားသည်။ ဒေါ်သဲအု ကြည့်ရာသို့ ခင်ခင်ကြီး လိုက်ကြည့်သည်။

ကြမ်းခင်းပြင်ပေါ်တွင် တစ်စုံတစ်ခုရှိနေသည်။ ခင်ခင်ကြီး ကောက်ယူလိုက်သည်။ မြေအောက်ထောင် သံတံခါးသော့တွဲ။

"စောစောက ကျွန်မကြားတာ ဒီသော့တွဲလွတ်ကျတဲ့အသံပဲ"

ဒေါ်သဲအု ဘာမျှမပြော။

"ဒွေးလေးဒေါ်သဲအု သော့တွဲကို ဝင်ယူတာပေါ့..ဟုတ်လား"

ဒေါ်သဲအု နှုတ်ဆိတ်နေသည်။

ခင်ခင်ကြီး သော့တွဲကို ခေတ္တမျှ စူးစိုက်ကာကြည့်နေပြီးနောက်..

"ဒီသော့တွဲ ဘယ်ကသော့တွဲလဲ၊ မြေအောက်ထောင်သံတံခါးသော့တွေ မဟုတ်ပါဘူး၊ တူတော့ အတော်တူတယ်"

ကမန်းကတန်းဆိုသလိုပင် ကတ္တီပါခေါင်းအုံးများကို ခင်ခင်ကြီး လှန်လှော ရှာဖွေသည်။ ထားနေကျနေရာတွင် သော့တွဲမရှိပါ။

ဒေါ်သဲအုထံသို့ ခင်ခင်ကြီး ပြန်သွားပြီး..

"ကျွန်မသော့တွဲကော"

ဒေါ်သဲအုမျက်နှာ တင်းမာလာသည်။

"ဒွေးလေးဒေါ်သဲအု ယူတာယ်မဟုတ်လား"

"ဟုတ်တယ်"

"အခုဘယ်မလဲ..ပေးပါ"

"မရှိဘူး"

"ဘယ်ရောက်သွားပလဲ"

"သိန်းနီကြီးကို ပေးလိုက်ပြီ"



"ဘာ..ဘယ်က သိန်းနီကြီးလဲ"

ခင်ခင်ကြီး ဟစ်အော်သည်။

"ဘယ်က သိန်းနီကြီးရမလဲ၊ ခင်ခင်ကြီးရဲ့ သိန်းနီကြီးပေါ့"

"သူမသေဘူးလား၊ သူဘယ်မှာလဲ"

"သူမသေပါဘူး၊ လက်ဗွေ့ကျော် ဆင်ပြောင်ကြီးဆိုတာ ခင်ခင်ကြီး မကြားဖူးဘူးလား"

"အဲဒါ သူလား"

"ဟုတ်တယ်"

"ဆင်ပြောင်ကြီးကို ဗိုလ်ဘယ်ကျော်က မြေအောက်ထောင်မှာ ပါးကွက်အာထား ခန့်ထားတယ်မဟုတ်လား"

"ဟုတ်တယ်"

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ကျူပ်သွားခေါ်တာ"

"ဘာ"

"သိန်းနီကြီးဟာ မိန်းမတစ်ယောက်နဲ့ လောကကြီးကို စိတ်နာသွားပြီး မိုးကောင်းမိုးညှင်းနယ်ထဲမှာ လက်ဗွေ့သတ်နေတယ်၊ သူ့ဆီကို ကျူပ်သွားပြီး မောင်မောင်လတ်တို့ ဒုက္ခရောက်နေတဲ့အကြောင်းပြောတော့ သူ ချက်ချင်းပဲလိုက်လာတယ်"

ဒေါ်သဲအုကို ခင်ခင်ကြီး ပြူးကြောင်ပြီးကြည့်နေသည်။

"ဖိုးလုံးတစ်ယောက်လည်း သည်လိုပဲ၊ ခင်ခင်ကြီးလည်း သိသားပဲ၊ သည်အကောင်က ကြောက်တတ်တယ်၊ တံခွန်တိုင်အိမ်ကြီး မီးလောင်ပြီး လူတွေသေကုန်ကတည်းက သူလည်း ခြေဦးတည့်ရာထွက်ပြေးတာပဲ၊ ရေဦးနယ်ထဲမှာ ပုန်းပြီး လယ်လုပ်နေတယ်၊ ဒါပေမဲ့ မောင်နန္ဒနဲ့ ခင်ခင်လေးတို့ ဒုက္ခရောက်နေတယ်ဆိုတော့ သူလည်း မနေဘူး၊ လိုက်လာတာပဲ"

ခင်ခင်ကြီး ရှေ့သို့ တစ်လှမ်းတိုးလာသည်။ ဒေါ်သဲအု နောက်တစ်လှမ်း ဆုတ်ပြီး..

"ယင်းတလဲမင်းသမီးကလေး စောဥမ္မာနဲ့ သူ့အထိန်းတော်ကြီး ဒေါ်မယ်ဇော်တို့လည်း မောင်မောင်လတ်ကို မြေအောက်ထောင်ထဲမှာ အကျဉ်းအချုပ်ချထားကြောင်း သိတာနဲ့ တစ်ပြိုင်နက် တောင်နီကို ချက်ချင်းပြန်ရောက်လာတာပဲ"

"ဒွေးလေးဒေါ်သဲအု ရူးနေပလား၊ ဘာတွေလျှောက်လုပ်တာလဲ"

ခင်ခင်ကြီး ဟစ်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မရူးပါဘူး၊ ခင်ခင်ကြီးသာ အာဏာရူးပြီး ကိုယ့်နိုင်ငံ ကိုယ့်အမျိုးနဲ့ ကိုယ့်သာသနာကိုဖျက်ပြီး ကိုယ့်သွေးသားတွေကို ညှဉ်းပန်းနှိပ်စက်နေတာပါ၊ ခင်ခင်ကြီး တို့လုပ်နေတာကို လူတွေ သည်းမခံနိုင်တော့ဘူး၊ နောက်ဆုံးမှာ ကျုပ်လည်း သည်းမခံ နိုင်တော့ဘူး"

"ဒွေးလေးဒေါ်သဲအုကို ကျွန်မ သတ်ရလိမ့်မယ်"

ခင်ခင်ကြီးက စီရင်ချက်ချသည့်ပမာ ပြောလိုက်သည်။ သူမ၏မျက်နှာ တင်းမာ ခက်ထန်လျက်ရှိသည်။ မျက်လုံးများ မီးရဲရဲတောက်နေသည်။

ဒေါ်သဲအု ခပ်မြေ့မြေ့ပြုံးလိုက်ပြီး…

"သည်တစ်ခါတော့ ညည်းနောက်ကျသွားပြီ ခင်ခင်ကြီး၊ ကျုပ် အခု ညည်းကို သတ်ရအောင် လာခဲ့တာပဲ"

ဒေါ်သဲအု ရှေ့တစ်လှမ်းတိုးသည်။ ရုတ်တရက်မှု ခင်ခင်ကြီး တုန်လှုပ်သွားဟန် ရှိသည်။ နောက်တစ်လှမ်း ပြန်ဆုတ်လိုက်သည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည် လိုက်ပြီး ဒေါ်သဲအုကို ရင်ဆိုင်ရန် ပြင်လိုက်သည်။

ဒေါ်သဲအု၏လက်နှစ်ဖက် ကျောဘက်တွင် ရောက်ရှိနေသည့်အကြောင်း ခင်ခင် ကြီး သိပါပြီ။ မိမိကိုသတ်ဖြတ်ရန်ဖြစ်သည့် လက်နက်တစ်ခုကို ဝှက်ထားခြင်းဖြစ်သည်။ ဓားမြှောင်တစ်လက်ဖြစ်မည်ဟု ခင်ခင်ကြီး ခန့်မှန်းလိုက်သည်။

ဒွေးလေးဒေါ်သဲအုသည် ငယ်စဉ်ကတည်းက မိမိ၏ဖခင်နှင့်အတူ ဓားရေး၊ လှံရေးများ သင်ကြားခဲ့သူဖြစ်သည်။ လေသိုင်း၊ လက်သိုင်းများကျွမ်းကျင်သည်။ ပညာ အရာတွင် မိမိတို့ထက်သာသည်။ တစ်ခုပဲရှိသည်။ အသက်အရွယ်ကြီးသွားပြီ။ သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်လျှင် ခွန်အားနှင့်လျင်မြန်ဖျတ်လတ်မှုကို အဓိကပြုရပေမည်။

"ကဲ… ဒွေးလေးဒေါ်သဲအု၊ ကျွန်မကို သတ်မယ်ဆိုရင် သတ်လေ၊ ဒွေးလေးက မသတ်ရင် ကျွန်မက သတ်ရလိမ့်မယ်"

ခင်ခင်ကြီး၏ စကားမဆုံးမီမှာ ဒေါ်သဲအု၏လက်တစ်ဖက် ကျောဘက်တွင် ဝှက်ထားရာမှ မြွေတစ်ကောင်လို ခုန်ထွက်လာသည်။ ခင်ခင်ကြီး တွက်ဆထားသည့် အတိုင်းပင် ဓားမြှောင်တစ်လက် ပါလာသည်။

ချွန်မြသော ဓားမြှောင်သွားသည် ခင်ခင်ကြီး၏ဝမ်းဗိုက်ဆီသို့ တောင်ကျချောင်း လို ပြေးဝင်လာသည်။ သည်အဖြစ်နှင့် သည်အကွက်ကို ခင်ခင်ကြီး တွက်ဆထား ဖြစ်သည်။ ဒေါ်သဲအု၏ ဓားကိုင်ထားသောလက်ကို ဖမ်းဆုပ်လိုက်သည်။ အရှိန် ဆွဲလိမ်ကာ ချိုးလိုက်သည်။

ဒေါ်သဲအု တစ်ပတ်လည်ပြီး ခင်ခင်ကြီး၏ရင်ကို ကျောဖြင့်ကပ်မိသည်။ ဒေါ်



အုက သည်အကွက်ကို တမင်ဖန်တီးယူခြင်းဖြစ်သည်။ သူမ၏လက်ဝဲဖက်လက်တွင် ဓားတစ်ချောင်း ရှိလေသည်။ ခင်ခင်ကြီးကို ကျောဖြင့်ကပ်မိသည်နှင့်တစ်ပြိုင်နက် နောက်ပြန်ထိုး တွက်လိုက်သည်။ သို့သော် အတွက်အဆ အနည်းငယ်မှားသွားသဖြင့် ခင်ခင်ကြီး၏ဝမ်းဗိုက်ကို မထိုးမိဘဲ ဝမ်းဗိုက်ရှေ့ ကွယ်ထားသလိုရှိနေသော ခင်ခင်ကြီး လက်ကို ထိုးမိသည်။

ခင်ခင်ကြီး နာကျင်စွာဖြင့် ဒေါ်သဲအုကို အားနှင့် ခါထုတ်လိုက်သည်။ ဒေါ်သဲ အု လွင့်သွားပြီး လဲကျသည်။ ခင်ခင်ကြီး ခြေကိုသုံးလိုက်သည်။ ဒေါ်သဲအု၏ မေးဖျား ကို ခတ်မိသည်။ အသွားကြီး သတိလစ်သွား၏။ ဓားများလွတ်ကျသည်။ ခင်ခင်ကြီး ဓားတစ်လက်ကို ကောက်ယူလိုက်ပြီး သတိလစ်နေသူ၏ ရင်ညွန့်ကို စိုက်ချလိုက်သည်။

ဆူညံညံအသံများကြောင့် မင်းသိဒ္ဓိနှင့်တကွ အိပ်ဖန်စောင့်များ၊ တံခါးမှူးများ အပြေးအလွှား ရောက်ရှိလာကြသည်။

ရင်ညွန့်တွင် ဓားတန်းလန်းနှင့် သေဆုံးနေသော ဒေါ်သဲအုနှင့် လက်မောင်းမှ သွေးတစက်စက်ကျနေသော ခင်ခင်ကြီးတို့ကို အဓိပ္ပာယ်နားမလည်သော မျက်လုံးများ ဖြင့် တစ်လှည့်စီကြည့်နေကြသည်။

"ဘယ်လိုဖြစ်တာလဲ နှမတော်"

ခင်ခင်ကြီးအနီးသို့ တိုးကပ်သွားရင်း မင်းသိဒ္ဓိက မေးသည်။

"သစ္စာဖောက်"

"ဟင်"

"သူက သတ်ရင်သတ်၊ သူက မသတ်ရင် ကိုယ်ကသတ်"

ခင်ခင်ကြီး အရူးလို ရွတ်ဆိုနေသည်။

"ဘယ်လိုတွေဖြစ်ကုန်တာလဲ နှမတော်၊ တူအရီးအရင်းတွေပါကလား"

မင်းသိဒ္ဓိ စိုးရိမ်ပူပန်စွာ မေးသည်။

တူအရီးအရင်းတွေပါဟူသော မင်းသိဒ္ဓိ၏စကားကြောင့် ခင်ခင်ကြီး တုန်လှုပ် သွားသည်။ မောင်နှမအရင်းများဖြစ်ကြသော မောင်မောင်လတ်နှင့် ခင်ခင်လေးတို့ကို သတိရရှိသွားဟန်တူသည်။ မင်းသိဒ္ဓိနှင့်တကွ ဝယာမှလူများကိုကြည့်ကာ…

"မြန်မြန်သွားကြမှဖြစ်မယ်၊ တောင်နီမှာ သိန်းနီကြီး ရောက်နေပြီ၊ ဖိုးလုံးလည်း ရောက်နေပြီ"

"ဘယ်က သိန်းနီကြီးလဲ၊ ဖိုးလုံးဆိုတာ ဘယ်သူလဲ"

မင်းသိဒ္ဓိ နားမလည်ဟန်ဖြင့် မေးသည်။

"မောင်ကြီးရဲ့ညီမတော် စောဥမ္မာလည်းရောက်နေပြီ၊ ဒွေးလေးဇော်လည်း ပါ

www.burmeseclassic.com



တယ်''

''ဟင်..သူတို့ ဘာလုပ်ကြမလို့လဲ''

''မြေအောက်ထောင်သံတံခါးသော့လည်း သူတို့လက်ထဲ ရောက်သွားပြီ၊ အခု ဆိုရင် တောင်နီမြို့ကို သူတို့ စီးမိပလားမသိဘူး၊ မြန်မြန်လိုက်ကြမှဖြစ်မယ်''

''ဘုရား..ဘုရား..ဒုက္ခပါပဲ၊ သူတို့မှာ လူသူလက်နက်အင်အား ဘယ်လောက် များသလဲ''

မင်းသိင်္ခ ပျာယာခတ်သွားပြီး မေးသည်။

ခင်ခင်ကြီး ခေတ္တမျှ တွေဝေစဉ်းစားနေပြီးနောက်..

''ဟုတ်တယ်၊ သူတို့မှာ လူသူလက်နက် ဘယ်လောက်ပါသလဲမသိဘူး၊ သူတို့ တောင်နီကို စီးနင်းတိုက်ခိုက်မှာလား၊ မြေအောက်ထောင်ကို တိတ်တဆိတ် ဖောက်ကြ မှာလားဆိုတာလည်း နှမတော်တို့ မသိဘူး၊ သည်တော့ မြင်းနှစ်ရာနဲ့ နှမတော် လိုက် သွားမယ်၊ မောင်တော် မြို့တွင်ပဲ ရှိရစ်ပါ၊ နှမတော်တို့ တောင်နီလိုက်သွားစဉ် သူတို့ မြို့တော်ကို စီးချင်စီးမယ်၊ ကျောက်မိုင်းနဲ့ မြို့ဟောင်းကို တိုက်ချင်တိုက်မယ်၊ မောင်မောင် လတ်၊ ကိုနန္ဒနဲ့ ခင်ခင်လေးဟာ စစ်ရေးပရိယာယ် ကြွယ်ဝတယ်၊ မောင်တော်ရဲ့ နှမ တော် စောဥမ္မာလည်း ထို့အတူပဲ၊ ကျောက်မိုင်းနဲ့ မြို့ဟောင်းကိုလည်း အထူးသတိရှိ ကြဖို့ မြင်းလျှင်များ လွှတ်ရပါ့မယ်''

ယင်းတလဲမဟေသီ စစ်မှုရေးရာ စီမံခန့်ခွဲသည်။

သူတို့သည် ညဥ့်အချိန်မတော်တွင် ရုတ်တရက် လူသူလက်နက် စုရုံးပြင်ဆင် ရသဖြင့် ချက်တစ်ဖြုတ် ထွက်ခွာနိုင်ခြင်းမရှိပါ။ အဖင့်အလေးများ ရှိသည်။

အရုဏ်တက်လောက်တွင်မှပင် ယင်းတလဲမှ ထွက်ခွာနိုင်ပြီး ဝေလီဝေလင်း အချိန်တွင်မှ တောင်နီမြို့သို့ ရောက်ရှိကြသည်။

တောင်နီသို့ ရောက်ရှိမှပင် ရန်သူများသည် မြို့ကို စီးနင်းခြင်းမဟုတ်ဘဲ အကျဉ်း ထောင်ကို တိတ်တဆိတ်ဖောက်ခြင်းဖြစ်ကြောင်း ခင်ခင်ကြီး သိရှိရသည်။ သို့သော် ရန်သူများ ထောင်ထားသော မြေမြုပ်ဗုံးကိုနင်းမိပြီး မိမိ၏ရဲမက်များ သေဆုံးသည် မြေတိုက်ဝန်ဘုံပျံနှင့် ဉာဏတို့ တစ်နေရာတည်းတွင် သေဆုံးနေသည်ကို တွေ့ရသည် သွေးလေချောက်ချားနေသော ရဲမက်များအချင်းချင်း မှားယွင်းပစ်ခတ်သဖြင့် လူနှစ်ဆယ် ခန့် သေဆုံးသည်တို့ကို တွေ့ရသည်။

ထိုအချိန်များအတွင်းက တောင်နီနယ်ပိုင် ဝန်ထောက်မင်း ဗိုလ်မှူးဘယ်ကျော် အချင်းဖြစ်ပွားရာ ဒေသများတွင် မရှိချေ။ မယားငယ်တစ်ဦးအိမ်တွင် အိပ်ပျော်နေသ

ပထမပိုင်းက ဗိုလ်မှူးဘယ်ကျော်သည် ကျောက်မိုင်းနယ်ပိုင်ဝန်ထောက်



သည်။ သို့သော် တောင်နီတွင် အရေးကြီးသော ရာဇဝတ်သားများ ချုပ်နှောင်ထားသဖြင့် တောင်နီမြို့ဝန်ထောက်ကြီး သေနတ်ဝန်မင်းလှ အာဏာနှင့် လူချင်းလဲထားခြင်းဖြစ်သည်။

ဗိုလ်မှူးဘယ်ကျော်သည် နောက်ပိုင်းတွင် အသောက်အစားများလှပြီး မိန်းမ များလည်း မှိုပေါက်အောင် ယူထားသည်။ တစ်ရွာတစ်ယောက်ဖြစ်သည်။ အချင်းဖြစ် ပွားချိန်က မြို့နှင့် နှစ်တိုင်ခန့်ဝေးသော ရွာတစ်ရွာရှိ မယားငယ်အိမ်တွင် အမူးလွန်ကာ အိပ်ပျော်နေသည်။ အိမ်သူအိမ်သားများနှင့် ရဲမက်များကနှိုးကြသော်လည်း တော်တော်နှင့် မနိုးနိုင်ဘဲရှိသည်။

ယင်းသို့ဖြင့် ဗိုလ်မှူးဘယ်ကျော်သည် အချင်းဖြစ်ပွားရာ အကျဉ်းထောင်ဝင်း အတွင်းသို့ ခင်ခင်ကြီးထက် အချိန်အနည်းငယ်ကလေးမျှသာ စောပြီး ရောက်ရှိခဲ့သည်။ ခင်ခင်ကြီး ရောက်ရှိလာချိန်တွင် အခြေအနေအရပ်ရပ်ကို သုံးစမ်းစစ်ဆေးဆဲ ဖြစ်သည်။

ခင်ခင်ကြီး ယမ်းပုံမီးကျဖြစ်နေသည်။

''ဘယ့်နယ်ရှိစ၊ အထူးအာဏာရ နယ်ပိုင်ဝန်ထောက်ကြီး၊ မိန်းမထဘီခြုံထဲ ဝင်နေတုန်း ရန်သူက ထိပ်ပုတ်သွားပြီမဟုတ်လား၊ တယ်တော်ကြတာပဲ၊ ကြွေအံကစား နေတဲ့သူနဲ့၊ ထန်းရည်သောက်တဲ့သူနဲ့၊ ထဘီခြုံထဲဝင်နေတဲ့သူနဲ့၊ တစ်မြို့လုံး တစ်ဆွေလုံး မီးလောင်တိုက်သွင်းပစ်ဖို့ကောင်းတယ်''

[ ၄ ]

ဒီတို့နောက်တွင် ဉာဏကျွန်ရစ်ကြောင်း မောင်မောင်လတ်တို့သိရှိသောအခါ နောက်တွ ပြီး ကျောက်လှေကားထက်တွင် လူတစ်ယောက်တွေ့ရသည်။ မြေတိုက်ဝန်ဘုံပျံ ထွက်ပေါ်လာသည်။

မောင်မောင်လတ်တို့ အမှောင်ရိပ်အတွင်းသို့ ပုန်းဝင်ရသည်။ ဉာဏနှင့် ဘုံပျံ လွားလဲကျသွားသည်ကို မြင်ရသည်။ သိန်းနီကြီး ပြေးသွားကူညီမည်ရှိစဉ် သေနတ် ထွက်ပေါ်လာသည်။

သူတို့အားလုံး မလွယ်ပေါက်မှ ထွက်ခဲ့ကြသည်။ စောဥမ္မာ တင်ကူးကြံစည် အတိုင်း မလွယ်ပေါက်တွင် မြေမြုပ်ဗုံးထောင်ထားခဲ့သည်။

မြင်းများဝှက်ထားသော သရက်တောအတွင်းသို့ ရောက်ရှိသော် မလွယ်ပေါက် မြုပ်ဗုံးပေါက်ကွဲသံ ကြားရသည်။

''သကောင့်သားတွေ ကြွကုန်ပြီ''

သိန်းနီကြီးက ဝမ်းသာအားရ ဟစ်ကြွေးလိုက်သည်။

ကောင်မှ ဟစ်အော်ဆူညံသံများ ကြားရသည်။ မြင်းတွေဝှက်ထားရာသို့

www.burmeseclassic.com



သူတို့ အလျင်အမြန်သွားရောက်ကြသည်။

''မြင်းဘယ်နှစ်ကောင်ရှိသလဲ၊ နှစ်ယောက်တွဲပြီး စီးကြရမှာလား''

မောင်မောင်လတ်က မေးသည်။

''မြင်း ၂၁ ကောင်ရှိပါတယ်၊ လူက ၇ ယောက်တည်းမို့ တစ်ယောက်ကို ၃ ကောင်ယူပြီး စီးနိုင်ပါတယ်''

ဖိုးလုံးက ဝင့်ကြွားစွာပြောသည်။

''မြင်းတွေ များလှချည်လား''

နန္ဒ အံ့သြစွာပြောသည်။

''မောင်ကြီးရဲ့မြင်းဓောင်းမှူးကြီး ကိုဖိုးလုံးရဲ့အကြံအစည်ပဲဖြစ်ပါတယ်''

စောဥမ္မာ ဝင်ပြောသည်။

ဟုတ်ပါသည်။ မြင်းတွေ ဤမျှများပြားနေရခြင်းမှာ ဖိုးလုံး၏အကြံအစည်ပင် ဖြစ်သည်။

စောဥမ္မာ၊ ဒေါ်မယ်ဇော်နှင့် ဖိုးလုံးတို့ နေပြည်တော်မှ နံနက်ဝေလီဝေလင်းအချိန်တွင် အမှတ်မထင် ရုပ်ဖျက်ပြီး ထွက်ခဲ့ကြသည်။ မိမိတို့တွင် အသုံးလိုမည်ကိုသိသဖြင့် စောဥမ္မာသည် ရွှေငွေ ကျောက်သံပတ္တမြားတို့နှင့်တကွ ပြောင်းတို ပြောင်းရှည်လက်နက်များကို ဝှက်ပြီးသယ်ဆောင်ခဲ့သည်။

တောင်ပေါ်မှဆင်းလာသော မြင်းကုန်သည်တစ်စုနှင့် မတ္တရာနယ်ထဲတွင် တွေ့သည်။ မိမိတို့တွင် မြင်းများလိုအပ်မည်ဖြစ်သဖြင့် မြင်းများဝယ်သွားရန် ဖိုးလုံးက ပြောသည်။ မြင်းကုန်သည်များတွင်ပါလာသော မြင်း ၁၈ ကောင်စလုံးကို ဝယ်ရန်လည်း အကြံပြုသည်။ သူ၏စိတ်ကူးမှာ သူတို့သုံးဦးသည် မြင်းကုန်သည်များဟန်ဖြင့် ခရီးသွားကြရန်ဖြစ်သည်။ ဖိုးလုံး၏အကြံအစည်ကို စောဥမ္မာနှစ်သက်သဖြင့် မြင်း ၁၈ ကောင်ကို လက်ဝတ်ရတနာအချို့နှင့် လဲလှယ်သည်။ မိမိတို့တွင် ရတနာများစွာပါရှိသည်ကိုသိသဖြင့် မြင်းကုန်သည်များ အကောက်ကြံမည်ရှိရာ စောဥမ္မာတို့ မလွဲသာမရှောင်သာ နှိမ်နင်းခဲ့ရသည်။

သူတို့တွင် မြင်းတွေသာ အပိုအလျှံရှိနေသည်မဟုတ်၊ လက်နက် ခဲယမ်းမီးကျောက်များလည်း အလျှံပယ်ဖြစ်သည်။ စောဥမ္မာသည် တောင်နီသို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက် တစ်ချိန်က ဝှက်ထားမြှုပ်နှံထားခဲ့သော လက်နက်ခဲယမ်းမီးကျောက်သေတ္တာကြီးတစ်ခုကို တူးဖော်ခဲ့သည်။

မြင်းကောင်းမြင်းသန့်များနှင့် လက်နက်ကောင်းများကို တွေ့ရှိရသောအခါ မောင်မောင်လတ်တို့ များစွာ အားရကျေနပ်ဖြစ်ကြသည်။



''ကျုပ်တို့နောက်ကို ခြေရာကောက်ပြီး လိုက်လာတဲ့ ရန်သူတွေကတော့ မြင်းခွာရာတွေကိုကြည့်ပြီး ကျုပ်တို့မှာ လူအင်အားအများကြီးလို့ တွက်မှာပဲ''

နန္ဒက ပြောသည်။

''မြင်းတွေ ဘယ်လောက်များများ မောင်ကြီးနန္ဒနဲ့ အစ်မတော်ခင်ခင်လေးတို့ကတော့ မြင်းတစ်စီးတည်း အတူစီးမှဖြစ်မယ်၊ အစ်မတော်တစ်ယောက်တည်း စီးနိုင်မှာမဟုတ်ဘူး''

စောဥမ္မာက ပြောသည်။

''မောင်မောင်လတ်ကော တစ်ယောက်တည်းစီးနိုင်ပါ့မလား၊ အားအင်ချိနဲ့မနေဘူးလား''

ဒေါ်မယ်ဇော်ကပြောလိုက်သဖြင့် စောဥမ္မာရော မောင်မောင်လတ်ပါ မျက်နှာများ နီရဲသွားကြသည်။

''ကျွန်တော် စီးနိုင်ပါတယ်''

မောင်မောင်လတ် ကမန်းကတန်းပြောသည်။

ဒေါ်မယ်ဇော်ကို စောဥမ္မာ မျက်စောင်းချိတ်သည်။

အထိန်းတော်ကြီး မျက်နှာကွယ်ပြီး ပြုံးမဲ့သည်။

ခဏအကြာတွင် သရက်တောအတွင်းမှ မြင်းအုပ်ကြီးထွက်ခွာသွားသည်။ မြင်းခွာရာများ များစေရန် ဖြန့်ကာခွဲကာ ချီတက်သွားကြသည်။

ရန်သူများနောက်မှ ထက်ချပ်လိုက်ပါလာမည့် အန္တရာယ်ရှိသော်လည်း မြင်းများကို သူတို့ အပြင်းဒုန်းစိုင်းပြီး မသွားနိုင်ပါ။

ခင်ခင်လေးကို ငဲ့ညှာရသောကြောင့် ဖြစ်သည်။ အမျိုးသမီး၏အခြေအနေမှာ အထူးပင် ဆိုးဝါးလျက်ရှိသည်။ မီးဖွားရန် ဝမ်းနာနေပြီဖြစ်သည်။ ခဏခဏ နာနေပြီဖြစ်သည်။ အနာစိတ်လာသည်။ အနာပြင်းလာသည်။

လမ်းခရီးမှာပင် မီးဖွားလိမ့်မည်ဖြစ်ကြောင်း သူတို့အားလုံး တွက်ဆထားကြပြီးဖြစ်သည်။ အမျိုးသမီးသည် ခြောက်လကျော်မျှ အမှောင်တိုက်ထဲတွင် အကျဉ်းခံခဲ့ရသဖြင့် အင်အားချိနဲ့ ပင်ပန်းလျက်ရှိသည်။ မီးဖွားရာတွင် အခက်အခဲရှိမည်ကို သူတို့ စိုးရိမ်ပူပန်နေကြသည်။

သို့သော် ကာယကံရှင်ခင်ခင်လေးသည် တတ်နိုင်သမျှ အားတင်းထားသည်။ မျက်နှာတစ်ချက်မပျက်ချေ။ စိတ်ပျက်အားလျော့သည့်စကား တစ်ခွန်းမျှမဆိုချေ။ ဝမ်းနာသည့်ဝေဒနာကို ကြိတ်မှိတ်ပြီးခံနေသည်။

လဆန်း ၈ ရက်ညဖြစ်သဖြင့် လဝင်သွားပြီဖြစ်သည်။ သူတို့အတွက် အမှောင်

www.burmeseclassic.com



အရေးပင်ဖြစ်သည်။ ရန်သူများသည် ညအမှောင်ထဲတွင်ဖြစ်သဖြင့် သူတို့နောက်သို့ အလောတကြီး တိုက်ရဲမည်မဟုတ်ချေ။ မြေမြုပ်ဗုံးဖောက်ခွဲခဲ့သည့်အတွက်လည်း ကြောက်ရွံ့တုန့်ဆိုင်းလျက် ရှိကြပေမည်။ ထို့ပြင် သူတို့၏ဗိုလ်မှူး ဗိုလ်ဘယ်ကျော် တစ်နေရာတွင် ရောက်ရှိလစ်ဟာလျက်ရှိသည်ကိုလည်း စောဉမ္မာတို့ သိရှိသည်။ မြေတိုက်ဝန်ဘုံပျံလည်း ဉာဏ၏လက်ချက်ဖြင့် မရွေ့မလှုပ်ဖြစ်နိုင်ကြောင်း သူတို့တွက်ဆသည်။

တောင်နီမြို့စောင့်တပ်သားများသည် အကြီးအကဲ အုပ်ချုပ်သူမရှိဘဲနှင့် မိမိတို့နောက်သို့ လိုက်လာမည်မဟုတ်ချေ။

မိမိတို့သတင်းကို ယင်းတလဲမြို့တော်မှလည်း နံနက်မိုးလင်းချိန်လောက်မှ သိရှိပေလိမ့်မည်။ မိမိတို့သည် မိုးမသောက်မီတွင် ရေတံခွန်တောင်စခန်းသို့ ရောက်ရှိနိုင်လျှင် လုံခြုံစိတ်ချရပြီဖြစ်သည်။ ရေတံခွန်တောင်နယ်ကို ဖြတ်ဝင်ပြီး ရေဝေချောင်းအတိုင်းလိုက်သွားလျှင် ဝန်းသိုနယ်ပင်ဖြစ်သည်။

ဝန်းသိုနယ်သို့ရောက်ရှိလျှင် စိတ်ချရပြီဖြစ်သည်။ ဝန်းသိုစော်ဘွားကြီးသည် အင်္ဂလိပ်များနှင့် မပူးပေါင်းဘဲ တသီးတခြားရှိနေသည်။ ဝန်းသိုနယ်ကိုဖြတ်ပြီး မိမိတို့သည် အင်္ဂလိပ်များကို ခုခံတိုက်ခိုက်နေသော မိုးညှင်းမိုးကောင်းနယ်သို့ ပေါင်းဝင်ရန်သာ ရှိတော့သည်။

မြင်းကောင်းကောင်းနှင့် အပြင်းသွားရလျှင် ရေတံခွန်တောင်နယ်ခြားကို နံနက်မိုးမလင်းမီ ရောက်ရှိနိုင်သော်လည်း ခင်ခင်လေးပါရှိနေသဖြင့် အသားကျမှန်မှန်သာ စီးသွားနေကြရသဖြင့် နံနက်အရုဏ်တက်သောအခါ သူတို့သည် ရင်ချင်းဆက်တောင်ကြားသို့သာ ရောက်ရှိသည်။

ခရီးတစ်ဝက်မျှသာဖြစ်သည်။

ဤအတိုင်းဆက်သွားနေလျှင် နေမွန်းတည့်ချိန်လောက်တွင် ရေတံခွန်တောင်သို့ ရောက်ရှိကြပေမည်။

နံနက် မိုးလင်းချိန်တွင် တောင်နီမှထွက်လာသော ရန်သူများသည် မိမိတို့ကို ရေတံခွန်တောင်မရောက်မီ လမ်းခုလတ်တွင်မီလာပြီး တိုက်ကြပေလိမ့်မည်။

ရင်ချင်းဆက်တောင်ကြားနှင့် ရေတံခွန်တောင်စပ်ကြားသည် သစ်ကြီးဝါးကြီး များမရှိသော လွင်တီးခေါင်ကြီးသာဖြစ်သဖြင့် ရန်သူကို ခုခံတိုက်ခိုက်ရန် မကောင်းချေ။ အင်အားများပြားသောရန်သူကို အင်အားနည်းနည်းဖြင့် ခုခံနိုင်ရန် အကြောင်းမရှိချေ။

မိမိကြောင့် ခရီးဖင့်လေပြီး အားလုံးဒုက္ခရောက်ကြရမည့်အခြေအနေကို သိရှိသဖြင့် ခင်ခင်လေးက..

''ခင်ခင်လေးကိုထားခဲ့ပြီး မောင်မောင်လတ်တို့အားလုံး သွားကြပါ''



''အို..မဟုတ်တာဘဲ အစ်မတော်''

စောဉမ္မာက ပြောသည်။ ခင်ခင်လေး ခေါင်းခါလျက်..

''အသက်တစ်သက်ပဲ အဆုံးခံပါ၊ တစ်သက်အတွက် ခုနစ်သက်စလုံး မဆုံး ပါစေနဲ့''

''ခင်ခင်လေးမှာလည်း နှစ်သက်ဖြစ်တယ်''

ဖိုးလုံးက လက်နှစ်ချောင်းထောင်ပြပြီး ပြောသည်။

''ဘာပဲဖြစ်ဖြစ် သွားကြပါ၊ ခင်ခင်လေးကို ငဲ့မနေကြပါနဲ့''

နန္ဒကိုကြည့်လျက်..

''မောင်ကြီးတို့ အသက်ရှင်နေတယ်ဆိုရင် ရန်သူတွေကို တစ်နေ့မဟုတ် တစ်နေ့မှာ ချေမှုန်းတိုက်ခိုက်နိုင်ကြမှာပဲ''

နန္ဒ ဘာမှမပြောဘဲ အံကြိတ်ထားသည်။

သူတို့ မည်သို့ဆုံးဖြတ်ကြရမည်မသိ။ ယခုအတိုင်း သွားနေလျှင် လမ်းခုလတ်တွင် အားလုံးပျက်ပြုန်းကြရမည်။ ခင်ခင်လေးကိုထားခဲ့ရန်လည်း သူတို့မချိ။

နန္ဒ ရုတ်တရက် စိတ်ကူးရဟန်ဖြင့်..

''ကျွန်တော်ပြောမယ်၊ သည်တောင်ကြားဟာ အင်မတန်ကျဉ်းတယ်၊ တစ်ယောက်ချင်း ခဲရာခဲဆစ်ဖြတ်ကျော်ရတယ်၊ သည်တောင်ကြားကနေ ရန်သူတွေကိုခုခံရင် အင်မတန် တာသွားမယ်''

''ဟုတ်တယ်၊ ကိုနန္ဒပြောတာ ဟုတ်တယ်၊ ကျွန်တော်တို့ ဒီကပဲ ရန်သူကို ခံတိုက်မယ်''

သိန်းနီကြီးက ဝင်ပြောသည်။ နန္ဒ လက်ကာပြလျက်..

''မဟုတ်သေးဘူး၊ ကျွန်တော်တို့မှာရှိတဲ့အင်အားနဲ့ ရန်သူကို ဘယ်နှစ်ရက် ခံနိုင်မလဲ၊ အလွန်ဆုံး တစ်ရက်နှစ်ရက်ပေါ့၊ တစ်မနက် တစ်ညနေလောက်လည်း ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်ပြောတာ ကျွန်တော်တို့အားလုံး ဒီကနေ ခံဖို့မဟုတ်ဘူး၊ ရေတံခွန်တောင်ကို ဆက်ပြီးသွားတဲ့လူတွေက သွားကြပါ၊ ဒီမှာ တစ်ယောက်နှစ်ယောက် ကျန်ခဲ့ပြီး ရန်သူကို ခေတ္တခဏတားထားမယ်''

''အဲဒါကောင်းတယ်''

မောင်မောင်လတ် သဘောတူသည်။

နန္ဒက မည်သူ့ကိုမျှမကြည့်ဘဲ..

''မောင်မောင်လတ်တို့ သွားကြပါ၊ ခင်ခင်လေးကို ခေါ်သွားကြပါ၊ ကျွန်တော် နဲ့သိန်းနီကြီး သည်ကနေပြီး ရန်သူကို တားထားမယ်၊ မောင်မောင်လတ်တို့ ရေတံခွန်

www.burmeseclassic.com

www.burmeseclassic.com



တောင်ရောက်လောက်မယ့် မွန်းတည့်ချိန်အထိ တားမယ်''

ခင်ခင်လေး တစ်စုံတစ်ခုပြောမည်ရှိစဉ် မောင်မောင်လတ်က..

''အားလုံး ကျုပ်ပြောတာကို နားထောင်ပါ၊ ဘယ်သူမှ စောဒက မတက်ပါနဲ့၊ အလကားအချိန်လင့်နေမယ်၊ ကျုပ်နဲ့ သိန်းနီကြီး သည်မှာစောင့်ရစ်မယ်၊ အားလုံးသွားကြပါ၊ ရန်သူလာရင် ကျုပ်တို့တားထားမယ်၊ ရန်သူမလာရင်လည်း အားလုံး ရေတံခွန်တောင်ကို ရောက်လောက်မယ့် မွန်းတည့်အချိန်မှာ ကျုပ်တို့လိုက်ခဲ့မယ်''

သည်တွင် စောဥမ္မာက..

''နှမတော် စောဒကတက်တာမဟုတ်ပါဘူး၊ မောင်ကြီးကို တောင်းပန်မေတ္တာရပ်ခံတာပါ၊ နှမတော်လည်း မောင်ကြီးတို့နဲ့အတူ နေရစ်ခဲ့ပါရစေ''

မောင်မောင်လတ် ငြင်းဆန်ကန့်ကွက်သေးသော်လည်း အားလုံးကပင် စောဥမ္မာကို မောင်မောင်လတ်တို့နှင့်အတူ နေရစ်ရန် ဆန္ဒပြုကြသည်။

မောင်မောင်လတ် မငြင်းသာတော့။

''ရန်သူတွေ တိုက်ခိုက်လာသည်ကို ခုခံရသည့်တိုင်လည်း မွန်တည့်ချိန်နီးလျှင် ရေတံခွန်တောင်သို့ ဆုတ်ခွာခဲ့ကြပါ''

နန္ဒက ခွဲခွာကာနီးတွင် ပြောသည်။

မောင်မောင်လတ် ခေါင်းညိတ်သည်။

နန္ဒ၊ ခင်ခင်လေး၊ ဒေါ်မယ်အော်နှင့် ဖိုးလုံးတို့ လေးလံဆိုင်းတွဲစွာဖြင့် ထွက်ခွာသွားကြသည်။ မောင်မောင်လတ်တို့ ခေတ္တမျှ တွေဝေငေးကြည့်နေပြီးနောက် ရန်သူများလာလျှင် ခုခံတိုက်ခိုက်ရန် နေရာရွေးချယ်ပြင်ဆင်ကြသည်။

ရင်ချင်းဆက်တောင်ကြားသည် မတ်စောက်သော ကျောက်တောင်ကြီးနှစ်ခု လက်ချင်းယှက် ထပ်ဆက်နေခြင်းဖြစ်သည်။ လူတစ်ကိုယ် မြင်းတစ်စီး ကွေ့ပတ်သွားရုံသာရှိသည်။

အနောက်ဘက် ကျောက်တောင်တွင် သိန်းနီကြီးနေရာယူပြီး အရှေ့ဘက် ကျောက်တောင်တွင် မောင်မောင်လတ်နှင့် စောဥမ္မာတို့ နေရာယူကြသည်။

[ ၈ ]

နံနက်ခင်းနေခြည်နုနုထွေးထွေးသည် အရှေ့ဘက် ကျောက်ကမ်းပါးယံပေါ်သို့ ဝင်းဝင်းအိအိ ကျရောက်လျှက်ရှိသည်။

မိုးရိပ်ငွေသော လေချိုအေး သုန်သုန်ဖြူးနေသည်။

ရွှေအဆင်းရှိသော ပါးပြင်နှင့် နဖူးပြင်တို့တွင် ဆံစဆံနွယ်များ လွင့်ပါးယိမ်းနွဲ့



လျက်ရှိသည်။

မောင်မောင်လတ် သက်ပြင်းရှည်ကြီးချသည်။

စောဥမ္မာ ပြုံးလဲ့လျက်..

''မောင်လတ်က နှမတော် နေရစ်ခဲ့တာကို မကြည်သာဘူးပေါ့ ဟုတ်လား''

''နှမတော် အသက်အန္တရာယ်ရှိမှာစိုးလို့ပါ''

''ဩော်..နှမတော်အတွက် စိုးရိမ်လို့ပေါ့ ဟုတ်လား''

''အင်း''

''မောင်လတ်အတွက်တော့ နှမတော်က မစိုးရိမ်ရဘူးလား''

အမျိုးသမီး၏မျက်နှာကို သူ ငေးစိုက်ပြီးကြည့်နေသည်။

''နှမတော်ရယ်''

''ဟုတ်ကဲ့''

''မိုးညှင်းမိုးကောင်းကိုရောက်ရင် လက်ထပ်ကြရအောင်''

စောဥမ္မာ ခေါင်းငုံ့နေသည်။

''နှမတော်စိတ်ဆိုးလို့လား''

စောဥမ္မာ ခေါင်းမော့ပြီးကြည့်သည်။ မျက်လုံးတွင် မျက်ရည်လဲ့နေသည်။

''နှမတော် ငိုနေတယ်လား''

အမျိုးသမီး တရိပ်ရိပ်ပြုံးသည်။

''လှလိုက်တာပါလား နှမတော်ရယ်၊ ချစ်စရာကောင်းလိုက်ပါဘိ''

အမျိုးသမီး၏မျက်နှာ နီမြန်းနေသည်။

''နှမတော်ရယ်..''

သူ့ရင်ခွင်တွင်းသို့ အမျိုးသမီး ခေါင်းတိုးဝင်သည်။

မောင်မောင်လတ်တစ်ကိုယ်လုံး ရှိန်းမြသွားသည်။ သူ့လက်များက အမျိုးသမီး၏ တစ်ရစ်သော ကိုယ်လုံးကလေးကို တင်းကြပ်စွာ ဖက်ထားလိုက်မိသည်။

ဒိုင်းခနဲ..

ကျယ်လောင်သော သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။

သူတို့ လူချင်းခွာပြီး တောင်ကြားလမ်းသို့ ကြည့်လိုက်သည်။

မြင်းတစ်စီးပေါ်မှ ရန်သူစစ်သည်တစ်ဦး ကျသွားသည်။

နောက်ထပ် သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။ ရန်သူတစ်ယောက် ထပ်ကျသည်။ ရန်သူစစ်သားသုံးယောက် တောင်ကြားအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိသောရန်သူစစ်သား နောက်ဘက်သို့လှည့်ပြီး စိုင်းပြေးသည်။ သေနတ်သံတစ်ချက် ထပ်မံပေါ်ထွက်လာပြန်သည်။ ရန်သူစစ်သားကို မထိပါ။ အနီးရှိ ကျောက်တုံးတစ်ခုကို ထိမှန်သည်။ မီးပွင့်သွားသည်ကို တွေ့ရသည်။

နောက်ထပ် သေနတ်သံမကြားရတော့ပါ။ ရန်သူစစ်သားကို သေနတ် မထောက်မိတော့ပါ။ ရန်သူစစ်သား ဖုံလုံးကြီးများထအောင် ပြေးနေသည်။ မြင်းနှင့်လူကိုပင် မမြင်ရတော့ပါ။

ဖုံလုံးကြီးပျောက်သွားသည်။ ရန်သူကိုမြင်ရသည်။ ရပ်နေသည်။ သူနှင့်မျက်နှာချင်းဆိုင်မှ မြင်းအုပ်ကြီးတစ်အုပ် လာနေသည်။

မြင်းအုပ်ကြီးသည် ရန်သူစစ်သားအနီးတွင် ရပ်လိုက်သည်။ ရန်သူစစ်သားက တောင်ကြားဆီသို့ ညွှန်ပြပြီး အကျိုးအကြောင်းရှင်းပြနေသည်။

မြင်းအုပ်ကြီးမှာ များပြားလှသည်။ နှစ်ရာခန့်ရှိသည်။ မြားဦးသဏ္ဍာန် ချီတက်လာခြင်းဖြစ်သည်။ သေသေချာချာကြည့်လိုက်သောအခါ မြင်းအုပ်ကလေးတွေ စုဖွဲ့ထားခြင်းဖြစ်သည်။

မြင်းတစ်အုပ် ပြေးတက်လာသည်။

မောင်မောင်လတ်နှင့်စောဥမ္မာ သေနတ်များဖြင့် အသင့်ချိန်ရွယ်ပြီး ကြည့်နေသည်။ မြင်းအုပ်သည် ဖြန့်ပြီး တက်လာရာမှ တောင်ကြားအနီးသို့ရောက်သောအခါ စုပြီးဝင်ရန် ရှေ့နောက်စီထားသည်။

မြင်းအုပ်၏ အလယ်လောက်အထိ သေနတ်ထောက်မိပြီဖြစ်သည်။ မြင်းအုပ်ထိပ်ဦးသည် တောင်ကြားတွင်းသို့ ဝင်တော့မည်။

မောင်မောင်လတ်နှင့်စောဥမ္မာ တစ်ပြိုင်တည်း ပစ်ခတ်လိုက်ကြသည်။ သိန်းနီကြီးထံမှ သေနတ်သံလည်း သူတို့နှင့် မရှေးမနှောင်းပင် ပေါ်ထွက်လာသည်။

ရန်သူနှစ်ယောက်ကျသည်။ ကျည်တစ်မှုလွဲသည်။ မည်သူလွဲနေသနည်း။

နောက်ထပ် သေနတ်သံသုံးချက် ထွက်ပေါ်လာသည်။ ဤတစ်ကြိမ်တွင်တော့ ရန်သူသုံးယောက် မြင်းပေါ်မှကျသည်။

မြင်းအုပ် နောက်သို့ပြန်ဆုတ်သွားသည်။

မောင်မောင်လတ်တို့ မပစ်ပါ၊ နောက်တစ်ကြိမ် ပြန်တက်လာမည်ကို စောင့်နေကြသည်။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ မြင်းအုပ်ကြီးတစ်ပြိုင်နက် တပ်ဖြန့်တက်လာသည်။ သေနတ်တစ်ထောက်ခန့်အရောက်တွင် မိမိတို့ထံသို့ လှမ်းပစ်သည်။ ကျည်ဆံ ... ကောင်နံရံကျောက်သားများကို ထိမှန်သည်။ မောင်မောင်



လတ်တို့က ပစ်ခတ်ခြင်းမပြုရမီ မြင်းအုပ်ကြီး ပြန်ဆုတ်သွားသည်။

ဤအတိုင်းပင် မြင်းအုပ်ကြီးသည် နှစ်ကြိမ်သုံးကြိမ် ပြေးတက်လာပြီး သေနတ်တစ်ထောက်လောက်နေမှ ပစ်ခတ်ကာ ပြန်ဆုတ်သွားသည်။

မောင်မောင်လတ်တို့အနီးမှ ကျည်ဆံများ ဖြတ်သန်းသွားသော်လည်း သူတို့ကိုထိမှန်ရန် မလွယ်ပါ။

သူတို့၏ပစ်ခတ်မှု မထိရောက်။ ရန်သူများ သိရှိသွားဟန်တူသည်။ နောက်တစ်ကြိမ် ပြေးဝင်ပစ်ထွက်ခြင်းမပြုတော့။

ရန်သူများ ရပ်နားနေသည်။ မိမိတို့ကိုတိုက်ခိုက်ရန် နည်းပရိယာယ် ရှာဖွေကြံဆနေခြင်းပင် ဖြစ်သည်။

မောင်မောင်လတ်တို့ စောင့်ဆိုင်းနေသည်။

ရန်သူမြင်းအုပ်ကြီးအတွင်းမှ မြင်းတစ်စီးတည်း ပြေးထွက်လာသည်။ မိမိတို့ သေနတ်ထောက်မိရာ စည်းကြောင်းပေါ်တွင် လူးလာခေါက်တင်ပြေးနေသည်။

''ခင်ခင်ကြီးပဲ''

စောဥမ္မာ တီးတိုးရွတ်ဆိုသည်။

မောင်မောင်လတ် သေနတ်မောင်းဖြုတ်လိုက်သည်။ ရန်သူကို ကောင်းစွာ ကျည်မထောက်မိပါ။

ခင်ခင်ကြီး မြင်းကိုရပ်လိုက်ပြီး သေနတ်သံထွက်ပေါ်လာရာဆီသို့ မော့ကြည့်သည်။

အနောက်ဘက်တောင်ကမ်းပါးယံမှ သေနတ်သံထွက်ပေါ်လာသည်။ သိန်းနီကြီးက ပစ်ခတ်လိုက်ခြင်းဖြစ်သည်။ သေနတ်ကျည်ဆံသည် ခင်ခင်ကြီး၏ရှေ့နား မြေကြီးပေါ်သို့ ကျရောက်သည်။

ခင်ခင်ကြီးက အနောက်ဘက်တောင်ကမ်းပါးယံနှင့် အရှေ့ဘက်တောင်ကမ်းပါးယံတို့ကို အသွားအပြန် နှစ်ကြိမ်ခန့် ကြည့်ပြီးနောက်··

''ယင်းတလဲမဟောသီ ခင်ခင်ကြီးတစ်ယောက်တည်း လာပါတယ်၊ ခန့်ငြားသူရှိရင် သစ္စာခံလှည့်ပါ၊ မခန့်ငြားရင် စီးချင်းထိုးရအောင်ထွက်ခဲ့ပါ၊ စီးချင်းထိုးရအောင် ထွက်ခဲ့ပါ၊ မမြင်ကွယ်ရာကနေ ပေထုပ်ဖောက်နေတာ သူရဲဘောကြောင်လှတယ်''

ခင်ခင်ကြီး၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် အနောက်ဘက် တောင်ကမ်းပါးယံခါးလယ်လောက်တွင် သိန်းနီကြီးပေါ်လာသည်။ သိန်းနီကြီးသည် တစ်ကောက်နှစ်ဆတ်ချိုးကွေ့ကာ ပြေးဆင်းသွားပြီးနောက် အောက်သို့ လွှားခနဲခုန်ချလိုက်သည်။

''သိန်းနီကြီး မသွားနဲ့··မသွားနဲ့''

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ် မတ်တပ်ထရပ်ကာ ဟစ်အော်သတိပေးသည်။ သိန်းနီကြီး နောသူ၊ ဒေါသမွှန်နေပြီဖြစ်သည်။ ခင်ခင်ကြီးထံသို့ ပြေးလွှားလျက်ရှိသည်။

ခင်ခင်ကြီးသည် ရုတ်တရက်ဆိုသလို တောင်ကြားဆီသို့ မြင်းကိုစိုင်းဝင်သွားပြီး သိန်းနီကြီးကိုပစ်သလိုနှင့် အရှေ့ဘက်တောင်ကမ်းပါးယံထက်တွင် ရပ်နေသော မောင်မောင်လတ်ကို လှမ်းပစ်သည်။

မောင်မောင်လတ် တုန့်ခနဲဖြစ်သွားသည်။ မိမိကိုယ်တွင်းသို့ ကျည်ဖောက်ဝင်သွားပြီဟု သိလိုက်သည်။ သို့သော် မောင်မောင်လတ်သည် လက်ထဲမှသေနတ်ကို ပြောင်းစိုက်ကာ ချိန်ရွယ်ပြီး ခင်ခင်ကြီးကိုပစ်လိုက်သည်

ခင်ခင်ကြီး မြင်းပေါ်မှ ကျွမ်းပြန်ပြီးကျသွားသည်။

မောင်မောင်လတ်လည်း ရှေ့နောက်ယိမ်းထိုးပြီး နောက်ဘက်သို့ လဲကျသွားသည်။ စောဥမ္မာက ဖမ်းယူပွေ့ဖက်ထားလိုက်ရသည်။

မြင်းအုပ်ကြီးအတွင်းမှ မြင်းဆယ်စီး ပြေးထွက်လာသည်။ သိန်းနီကြီးကို ဝိုင်းကြသည်။ သိန်းနီကြီးက သူ့ကိုဝိုင်းရံလာသော ရန်သူများကိုပစ်သည်။

ရန်သူဆယ်ယောက်က သူ့ကို ဝိုင်းကြီးပတ်ချာလှည့်ပြီး ပစ်ခတ်လျက်ရှိသည်။ သိန်းနီကြီးလက်တစ်ဖက်ကို ထိမှန်သွားဟန်ရှိသည်။ သို့သော် ခုခံတိုက်ခိုက်လျက်ပင်ရှိသည်။

စောဥမ္မာက သွေးအလိမ်းလိမ်းရှိနေသော မောင်မောင်လတ်ကို ကျောက်ကမ်းပါးယံတွင် မှီထားလိုက်ပြီး သိန်းနီကြီးကိုဝိုင်းပစ်နေသော ရန်သူများကို ပစ်သည်။ ရန်သူနှစ်ယောက်ကျသည်။ ရန်သူများက ဆုတ်ခွာသွားကြသည်။

သိန်းနီကြီးတစ်ယောက်တည်း ကျန်ရစ်သည်။ မလှုပ်မယှက်ကြီး ရပ်နေသည်။

ခင်ခင်ကြီးထံသို့ စောဥမ္မာကြည့်သည်။ မြင်းပေါ်မှကျသွားသည့်နေရာမှာပင် ငြိမ်သက်စွာရှိနေသည်။

လှုပ်ရှားခြင်းမရှိတော့။

ယင်းတလဲမဟောသီခင်ခင်ကြီး။ မိမိ၏မောင်အရင်းခေါက်ခေါက်ကို ပစ်ခဲ့သော ခင်ခင်ကြီးသည် မောင်က ပြန်ပစ်လိုက်သော ကျည်သင့်ပြီး ဤကမ္ဘာလောကကြီးမှ အပြီးအပိုင်ထွက်ခွာသွားချေပြီတည်း။ စောဥမ္မာ ပင့်သက်ဖြာလိုက်ပြီး သိန်းနီကြီးထံသို့ ကြည့်လိုက်ပြန်သည်။ ကျောက်ရုပ်ကြီးလိုရပ်နေသော သိန်းနီကြီး ရုတ်တရက်ဆိုသလို အရုပ်ကြိုးပြတ် လဲကျသွားသည်။

စောဥမ္မာ ခေါင်းကိုရမ်းခါလိုက်သည်။ ကျောက်ကမ်းပါးယံတွင်မှီထားသော မောင်မောင်လတ်ကို ကြည့်သည်။



မောင်မောင်လတ် ငြိမ်နေသည်။

စောဥမ္မာ သူ့လက်ကိုစမ်းကြည့်သည်။ သွေးမတိုးတော့ပါ။ သူ့ရင်ဘတ်ကို စမ်းကြည့်သည်။ သွေးမခုန်တော့ပါ။

“အို..မောင်တော်ရယ်”

စောဥမ္မာ၏ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ လိမ့်ဆင်းလာကြသည်။ အသက်ကင်းမဲ့နေပြီဖြစ်သော မောင်မောင်လတ်ကိုယ်ခန္ဓာကို အတန်ကြာအောင် သတိလက်လွှတ်ဖက်ထားလျက်ရှိသည်။

မြင်းခွာသံများကြားသဖြင့် မောင်မောင်လတ်၏အလောင်းကို စောစောကနေရာတွင်မှီထားလိုက်ပြီး တောင်ကြားဆီသို့ ကြည့်လိုက်သည်။ ရန်သူတစ်အုပ်တက်လာသည်။ စောဥမ္မာ ဆီးကြိုပြီးပစ်သည်။ သေနတ်ကောင်းငါးလက်ကို တစ်လက်ပြီးတစ်လက် လဲပစ်သည်။ ရန်သူသုံးလေးယောက်ကျသည်။

ရန်သူများ ပြန်ဆုတ်သွားကြသည်။

သို့သော် ရန်သူများ နောက်တစ်ကြိမ်တက်လာဦးမည်ဖြစ်သည်။ ဤမျှ များပြားသော ရန်သူများကို မိမိတစ်ယောက်တည်းဖြင့် မတားဆီးနိုင်ပါ။

စောဥမ္မာ ခေါင်းပေါ်သို့ မော့ကြည့်သည်။ နေလုံး အတော်မြင့်နေပြီဖြစ်သည်။ သို့သော် မွန်းတည့်ဖို့လိုသေးသည်။ ခင်ခင်လေးတို့ လုံခြုံရာစခန်းသို့ မရောက်သေးပါ။ မိမိအနေနှင့် ရန်သူများကို အချိန်ကြာနိုင်သမျှကြာအောင် တားဆီးထားနိုင်ဖို့လိုသည်။

စောဥမ္မာ အံတင်းလိုက်သည်။

ထို့နောက် ပဆစ်တုပ်ကာ မောင်မောင်လတ်၏အလောင်းကို ကန်တော့သည်။ ပါးပြင်ချင်းထိကပ်ပွတ်သပ်ပြီးနောက် ထိုနေရာမှ ထွက်ခွာခဲ့သည်။

မြင်းခွာသံများ ကြားရသည်။

စောဥမ္မာ ချိုးကာကွေ့ကာနှင့် တောင်ကြားလမ်းအတွင်းသို့ ခုန်ဆင်းသွားသည်။ နောက်ဆုံးအနေနှင့်ပြုလုပ်ရန် အဖြစ်နှင့် တောင်ကြားထဲတွင် ယမ်းဘီလူးများ မြှုပ်နှံထားခဲ့သည်။ ရန်သူများ တောင်ကြားထဲသို့ ရောက်လာစဉ်တွင် အသက်ကို စတေးပြီး ဖောက်ခွဲရန်ဖြစ်သည်။ ရန်သူအများအပြား သေဆုံးပြီး တောင်ကြားလမ်း ပိတ်ဆို့သွားမည် ဖြစ်သဖြင့် ရန်သူများ တောင်ကြားကို တော်တော်နှင့် ကျော်ဖြတ်နိုင်မည်မဟုတ်ပါ။

မောင်မောင်လတ်ရေ..စောဥမ္မာ လိုက်ခဲ့ပါပြီ။

ရန်သူမြင်းတပ်ကြီး တောင်ကြားအတွင်းသို့ ဝင်ရောက်လာသည်။ မြေမှုန့်တိုက်များ နှင်းမိမည်းစိုးသဖြင့် ဂရုစိုက်ပြီးတက်လာကြသည်။ ကျင်းများ၊ ချိုင့်များ၊ ကြိုးတန်းများကို ရှာဖွေကြည့်ရှုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် လှိုဏ်ခေါင်းပေါက်တစ်ခုအတွင်း၌ ယမ်းဘီလူးများ မြှုပ်နှံထားပြီး သေသေချာချာ ပေါက်ကွဲစေရန် သက်ရှိလူတစ်ယောက် အသေခံ စောင့်ဆိုင်းလျက် ရှိသည်ကိုကား သူတို့မသိကြချေ။

[ ဆ ]

မှုန်းတည့်ချေပြီ။

ရေတံခွန်တောင်သည် လှပသာယာသော ရေကျသုံးဆင့်ရှိသဖြင့်လည်းကောင်း၊ တောင်ခြေကို ထုတ်ချင်းခတ်သော ဥမင်လှိုဏ်ခေါင်းရှိသဖြင့်လည်းကောင်း ထင်ရှားကျော်ကြားသည်။

နန္ဒနှင့်ဖိုးလုံးတို့သည် ရေတံခွန်တောင်ခြေအနီးတွင် ဂဏှာမငြိမ်ရှိနေကြသည်။ ရင်ချင်းဆက်တောင်ကြားဆီသို့ လှမ်းမျှော်သည်။ နေမှုန်းတည့်ပြီဖြစ်သော်လည်း မောင်မောင်လတ်တို့ မရောက်လာကြသေး။ ရန်သူတွေနှင့်တွေ့နေကြပြီလော။ ဘေးအန္တရာယ်ကြုံနေပြီလောဟု စိတ်ပူပန်နေရသည်။

အကယ်၍ ရန်သူများ ရောက်ရှိလာလျှင် စစ်တိုက်ခိုက်နိုင်ရန်လည်း ပြင်ဆင်ထားကြရသည်။ ဖိုးလုံးကို တောင်ကမူစပ်မှနေ၍ အဝေးသို့ စောင့်ကြည့်စေသည်။

ရေတံခွန်၏ ဥမင်လှိုဏ်ပေါက်ဆီသို့လည်း မကြာခဏဆိုသလို သမင်လည်ပြန်ကြည့်မိကြသည်။

ဥမင်အတွင်း၌ ခင်ခင်လေးမီးဖွားရန် အားထုတ်လျက်ရှိသည်။ အထိန်းတော်ကြီးဒေါ်မယ်ဖော်သည် တကယ်ပင် ဝမ်းဆွဲလုပ်ရပေတော့မည်။

ကလေးငိုသံ ကြားရချေမည်လားဟု နားစွင့်ရသည်။ ကလေးငယ်ကိုချီပြီး ဒေါ်မယ်ဖော် ထွက်လာမည်လားဟု စောင့်မျှော်ရသည်။

သို့သော် ကလေးငိုသံလည်းမကြားရ၊ ဥမင်အတွင်းမှ မည်သူမျှလည်း ထွက်မလာသဖြင့် စိတ်ပူနေကြရသည်။

''ကိုနန္ဒ··ကိုနန္ဒ၊ ဖုံတွေထနေတာ တွေ့ရတယ်၊ မောင်မောင်လတ်တို့ လာကြပြီထင်တယ်''

ဖိုးလုံးဟာစ်အော်သဖြင့် တောင်ကမူပေါ်သို့ နန္ဒ ကမန်းကတန်းပြေးတက်သွားပြီးကြည့်သည်။ ဖုံတထောင်းထောင်း ထနေသည်ကို တွေ့ရသည်။

မြင်းတွေကိုမြင်ရပြီ။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်၊ အများကြီးပဲ။ မောင်မောင်လတ်တို့ မဟုတ်ပါ။ ရန်သူတွေဖြစ်သည်။

နန္ဒနှင့်ဖိုးလုံးတို့၏ မျက်နှာများတွင် စိတ်မကောင်းသည့်အသွင်များ ပေါ်လာကြသည်။ မောင်မောင်လတ်တို့၏ ကံကြမ္မာကို မတွေးရဲကြတော့ပါ။



မည်သို့ဆိုစေ လတ်တလော အလုပ်ကတော့ ရန်သူများကို ခုခံရန်ဖြစ်သည်။

''ရန်သူတွေလာနေပြီလို့ ခင်ခင်လေးတို့ကို ပြောရမလား''

ဖိုးလုံးက မေးသည်။

''မပြောနဲ့''

နန္ဒ တောင်ကမူပေါ်မှ ဆင်းသွားသည်။ သစ်ပင်ကြီးတစ်ခုတွင်ကွယ်ပြီး သစ်ပင်ခွကြားတွင် သေနတ်ပြောင်းတင်ကာ ''ရန်သူလာမည့်ဘက်သို့ ချိန်ထားသည်။

ဖိုးလုံးလည်း ကျောက်တုံးကြီးတစ်ခုကို အကာအကွယ်ယူလိုက်သည်။

ရန်သူမြင်းအုပ်ကြီး တစ်စထက်တစ်စ နီးလာပြီ။

ရေတံခွန်တောင်ဥမင်အတွင်း၌···

ဒေါ်မယ်ဖော် ချွေးပြန်သည်။

ခင်ခင်လေးသည် မီးမဖွားနိုင်သဖြင့် အံကြိတ်ကာ ညည်းညူလျက်ရှိသည်။ တစ်ကိုယ်လုံး ချွေးတွေနစ်နေသည်။ အကြောတွေ ထောင်နေသည်။

မီးဖွားလုဆဲဆဲအချိန်တွင် ခရီးကြမ်းနှင်လိုက်ရသဖြင့် ကလေးတစ်စုံတစ်ခု ဖြစ်ချေပြီလောဟု ဒေါ်မယ်ဖော် တွေးပူလျက်ရှိသည်။

ခင်ခင်လေးအံကိုတင်းတင်းကြိတ်လိုက်ပြီး ဒေါ်မယ်ဖော်၏လက်မောင်းကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။ အားကုန်ညှစ်ကာ ဆုပ်ကိုင်လာသဖြင့် မိမိလက်မောင်းကျိုးပြတ်ချေတော့မည်လောဟု ဒေါ်မယ်ဖော် ထင်မိသည်။

အပြင်ဘက်တွင် မြင်းခွာသံများ ပွဲတင်ထပ်နေသည်။

နန္ဒနှင့်ဖိုးလုံး အသက်မှန်မှန်မရှူမိကြ။

ယင်းအချိန်တွင်··

ရေတံခွန်ဥမင်အတွင်းမှ ကလေးငိုသံ ထွက်ပေါ်လာသည်။

သည်တော့မှ ဒေါ်မယ်ဖော် အလုံးကြီးကျသွားသည်။

ကလေး အသက်ပါသည်။

လူကြီးကောင်းမွန်သည်။

''ခွေးလေးဖော် ဘာကလေးလဲ''

''ယောကျ်ားလေး''

''ဟုတ်လား၊ ကျွန်မကို ပြစမ်းပါ''

ခင်ခင်လေး ဝမ်းသာအားရပြောသည်။ ဒေါ်မယ်ဖော်က ခင်ခင်လေးကို ကလေးပေးသည်။

www.burmeseclassic.com



''ဒွေးလေးဇော်ရေ..ကြည့်စမ်းပါဦး၊ ကလေးမျက်နှာက သူ့အဖေနဲ့ တူလိုက်တာ၊ မောင်ကြီးနန္ဒကို အကြောင်းကြားပေးပါဦး''

ခင်ခင်လေး၏စကားအဆုံးတွင် သေနတ်သံတစ်ချက် ပေါ်လာသည်။

ဟော...

သေနတ်သံတွေ ဆက်ကာဆက်ကာ ပေါ်လာသည်။

ခင်ခင်လေးက ကလေးကို ဒေါ်မယ်ဇော်လက်သို့ ပြန်ပေးလိုက်သည်။

''ဒွေးလေးဇော်''

''ဘာလဲ မိန်းကလေး''

''ဒွေးလေးဇော် သားသားလေးကိုခေါ်ပြီး သွားတော့၊ ဝန်းသိုနယ်ထဲကို အမြန်ဆုံးရောက်အောင် သွားပေတော့''

''ခင်ခင်လေးကော..''

''ကျွန်မပါနေရင် ကလေးရော၊ ဒွေးလေးဇော်ပါ ရန်သူလက်ထဲ ရောက်သွားမယ်၊ သားသားလေး အသက်ရှင်ဖို့ အရေးကြီးတယ်၊ ဒွေးလေးဇော် အချိန်ဆွဲမနေနဲ့၊ အခုပဲသွားတော့၊ မောင်ကြီးနန္ဒနဲ့ ခင်ခင်လေးတို့ ရန်သူတွေကို တတ်နိုင်သမျှ အချိန်ဆွဲပြီး တိုက်ထားမယ်၊ ခင်ခင်လေးတို့ သေတဲ့အထိ တိုက်သွားမယ်''

ဒေါ်မယ်ဇော် မျက်ရည်ဖြိုင်ဖြိုင်ကျသည်။

''ကျွန်မပြောတာ ကြားလား၊ သားသားလေးကို ဒွေးလေးဇော်မွေးပါ၊ သူကြီးလာရင် သူ့မိဘတွေအကြောင်းပြောပါ၊ သူ့ဖေဖေနဲ့ သူ့မေမေဟာ နိုင်ငံနဲ့လူမျိုးအတွက် သေတဲ့အထိ တိုက်သွားကြတယ်လို့၊ သူတို့ဟာ ရန်သူဆီမှာ ဘယ်တော့မှ ဒူးမထောက်ဘူးလို့၊ သစ္စာမဖောက်ဘူးလို့''

ဒေါ်မယ်ဇော်ထံ ကမ်းသည်။ ကလေးငယ်ကို တဘက်ဖြင့် ထွေးပတ်သည်။

''ကနေ့ ဘာနေ့လဲ ဒွေးလေးဇော်''

''ကြာသပတေး''

ခင်ခင်လေး ခေတ္တမျှစဉ်းစားပြီးနောက်..

''သားသားကို မောင်မျိုးဆက်လို့ နာမည်ပေးပါ၊ မောင်ကြီးနန္ဒနဲ့ ကျွန်မရဲ့ အမျိုးအနွယ်ကို ဆက်ခံနိုင်အောင် ဒွေးလေးဇော် သင်ကြားပေးပါ၊ ကဲ..ဒွေးလေးဇော် သွားတော့..ရန်သူတွေ ရောက်လာတော့မယ်''

ဒေါ်မယ်ဇော်သည် ခေတ္တမျှ တုန့်ဆိုင်းနေပြီးနောက် ရုတ်တရက်ဆိုသလိုပင် ကလေးငယ်ကိုပွေ့ချီလျက်နှင့် ဝန်းသိုနယ်ဘက်သို့ ထွက်သွားသည်။

ခင်ခင်လေးသည် မောင်မျိုးဆက်နှင့် ဒေါ်မယ်ဇော် ထွက်ခွာသွားသည်နှင့်တစ်



ပြိုင်နက် သေနတ်ကိုဆွဲပြီး ဥမင်ထဲမှထွက်ခဲ့သည်။

ရန်သူတွေ ဥမင်လိုဏ်ခေါင်းဝသို့ ရောက်နေပြီဖြစ်သည်။ နန္ဒတစ်ယောက်တည်း ရန်သူတွေကို ပိတ်ဆို့ပြီးတိုက်နေသည်။

ဖိုးလုံးကို ခင်ခင်လေး မတွေ့မြင်ရတော့ပါ။ ဖိုးလုံးမရှိတော့ပြီ။ ခင်ခင်လေး နားလည်လိုက်သည်။

နန္ဒနှင့် ဗိုလ်ဘယ်ကျော် ဓားချင်းယှဉ်ပြီး ခုတ်နေကြသည်။ ခင်ခင်လေး ပြေးထွက်သွားသည်။ နန္ဒ၏ဓားချက်ဖြင့် ဗိုလ်ဘယ်ကျော် လဲကျသွားသည်ကို မြင်ရသည်။ နန္ဒထံသို့ ရန်သူနှစ်ယောက်ပြေးဝင်လာသည်။ ခင်ခင်လေး သေနတ်ဖြင့်ချိန်ရွယ်ပြီး ပစ်သည်။ ရန်သူတစ်ယောက် လဲကျသည်။ သို့သော် ရန်သူတစ်ယောက်က နန္ဒ၏နံကြားထဲသို့ ဓားဖြင့် တအားထိုးသွင်းလိုက်သည်။

မောင်ကြီးနန္ဒရယ်..သားသားကလေးကိုတောင် မြင်မသွားရတော့ပါလား။

ခင်ခင်လေး မိုက်ခနဲဖြစ်သွားသည်။ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသည်။ ခင်ခင်လေ၊ လဲကျသွားသည်။

ခင်ခင်လေး ဘာကိုမျှမမြင်ရတော့။ ဘာကိုမျှ မကြားရတော့။ အမှောင်တိုက်ထဲတွင် လွင့်မျောလျက်ရှိသည်။

ရုတ်တရက်ဆိုသလို သူမ၏စိတ်အာရုံတွင် မောင်မျိုးဆက် ပေါ်လာသည်။ သူတစ်ယောက်တည်းမဟုတ်ပါ။ စစ်သည်တော်တွေ အများကြီးနှင့်ဖြစ်သည်။

ဆင်သည်တော်တွေ၊ မြင်းသည်တော်တွေ..

ရဲတံခွန်တွေ..

လေကစား ကြွေးတလူလူဝေ...။ ။

နတ်နွယ်
၁.၄.၇၇

www.burmeseclassic.com